ဓလ ဒဂုန်ကို လုပ်ကြံမည်။ ယင်းသည်ကမှ ပဲခူးကို လုပ်ကြံမည်။ မှန်ပြည် အုတ်မြို့ကို မဆိုနှင့် သံမြို့သော်လည်း ကျွန်တော်လက်တွင် ခံနိုင်မည်လော လျှောက်၍၊ ကြည်းရှစ်ထပ်မှာ တိုက်ဆင် ရှစ်ရာ၊ မြင်း နှစ်ထောင်၊ စစ်သည် သုံး ရှစ်သောင်း။ ရေကြောင်းမှာ ရဲလှေကြီး (၁၈) စင်း၊ ရဲလှေငယ် ငါးရာ၊ သံလှေ ရှစ်ရာ၊ ကုန်လှေ ငါးရာ၊ ဗိုလ်တစ်သိန်းသုံးထောင်နှင့် ချီတော်မူသည်။ ခံပေါင်သို့ ရောက်လျှင် ရေကြောင်းငါးရက် လုပ်ကြံသည်၊ မရ၍ ငဲ့ဝသို့ ဆုတ်တော်မူ၏။ ကြည်းတပ် အရောက်ညီလျှင် ခံပေါင်သို့ချဉ်း၍ နက်ဖြန် ငါတို့ဝင်တော့မည်၊ နင်တို့ ကြပ်ကြပ်ခံလော့ ဟစ်၍ ဆိုသည်ကို ရဲသင်း ကြားလျှင် သူရဲတို့ကို သေသည်စားကျွေးမွေးစေ၍ တံခါးတိုင်း ဒိုင်းရေး လူအ ရေးစားလျက် စည်မောင်းတီးရ၏။ အထိန်းဘော်သား စစ်ကဲချက်သူလည်း နက်ဖြန် ဆင်သည် မြင်းသည် ကျူးနှုတ်သို့ မရောက်သော် ခြေသည်လှံအား သောင်၍ မဘက်သော် အပေါင်အလက်ကို ဖျက်၍ ပစ်မည်၊ ကြည့်လော့ တပ်တိုင်းလှည့်၍ ဝေးသွားပြ၏။ မိုးသောက်လျှင် ကြည်းတပ်၊ ရေတပ် နှစ်တက်ညှိ၍၊ ကျူးရေကိုပေါက်၍ လှေအားထောင်၍ တက်ကြသည်၊ မြို့တွင်းက အုတ်ကျောက်လုံးကန်ချသောကြောင့် ရှ-နု သေပျောက်သည်များ၏။ တယ်ကိုလုံ ကြားလျှင် တပ်ကိုသိမ်း၍ ခည်းတော်ဘုရားကို သံတော်ဦးတင် သောအခါ ခံပေါင်ကသည်— ဓလ၊ ဒဂုန်၊ ပုသိမ်၊ မြောင်းမြကို လုပ်ကြံပြီးမှ ပဲခူးကိုယူမည် လျှောက်ခဲ့သည်။ ခံပေါင်ကိုမျှ မရချေ၊ ဘယ်သို့ ကြံကြမည် မိန့်တော်မူလျှင် ရာဇဿကြီးက ငဲ့ဝသို့ ဆုတ်၍ချက်တစ်ဖြတ်သာ ဝင်ရမှ သင့်မည်၊ လျှောက်သည်အရေးကို ကြိုက်တော်မူ၍ ငဲ့ဝသို့ ဆုတ်တော်မူသည် တွင်၊ မှန်ထိုက ဟယ်—မြန်မာမင်းသားငယ် တို့မြို့ကို နှစ်ကြိမ် သုံးကြိမ် တိုက်၍ မရ ပြန်လေသည်၊ မျက်ပါလော—နှင့်ကို ထဘီနှင့်ယပ်၍ ပို့လိုက်၏။ ဂ သမေ၍၊ ပြဿကက ထဘီနှင့် ယပ်လိုက်သည်။ ဓကောဘီးလိုက်သည်များကို မင်းခဲ့ကျော်စွာ မြင်လျှင် မင်းငကေရာင်သား မာန်တက်၍ ဆင် တော် ချစ်နိုင်သို့ တက်စီးပြီးလျှင် ဆင်မြွှေ့ထုံ့ ရှစ်ထောင်နှင့် ဆင်ဦးလှည့်တော် မူလျှင် ရဲက စစ်ကချင်သူလည်း မြို့ကိုမတက်သသူ၊ ဆင် မှ ဆင်းသသူကို ဖြတ်၍ ပစ်မည်ဟု ဗိုလ်မင်း၊ တပ်မင်းတို့ကို ခေါ်မြှ၍ ဆင်းသည်ကို ဆောင်တွင်းမင်း တပ်သား ပတ်ဝန်းမသေ၍ အပြင်းလုပ်ကြံသော်— နေသည်ကို စစ်ကချင်လှ ဆင်ထက်သို့ တက်သည်၊ ကျူးနှုတ်မရောက်ခင် တည့်၍ ယင်းသည်ဆင်နှင့် မင်းခဲ့ကျော်စွာ ရွှေ ပင်လေသည်ကို ခုတ်ချပြီးလျှင် အစ်ကောက်မှုမနေပဲ၊ အစုံဝင်၍ အညှို မိတိုက်သည်၊ အညှို တပ်ကို

ဖြတ်သည်၊ အချို့ ကူးသည်၊ တစ်နာရီလောက်နှင့်၊ တစ်ပျက်၍ ဝင်မိလျှင် – ရဲသင်ရုံ သေလေ၏။ ညီကောင်းသိန်မှုကား၊ ရဟန်းပြုသည်နောက်မှ ကွမ်းရေ ကိုင်၊ မြန်မာသူငယ်ချပြာ၍ ရလေ၏။ ။ရာဇဝင်ကြီးမှာ ပေါက်ပြင်မြို့ကို လုပ်ကြံတော်မူသည် ဆိုသည်။ ရာဇဝင်သစ်မှာ ခဲပေါင်မြို့ကို လုပ်ကြံသည် ဆိုသည်။ မှန်ရာဇဝင်၊ အရေးတော်ပုံနှင့်လည်း ညီသည်ဖြစ်၍ ခဲပေါင်သာ၊ ပုန်သည်ဟု ယူရမည်။

ခဲပေါင်ပျက်ကြောင်းကို ရာဇာဓိရာဇ် ကြားတော်မူလျှင် အမူ၊ အမက်တွင် ဖြစ်က၊ ငါစိတ်အဆင် မြို့နှင့်ခံသော– ရဲသင်ရုံကို တန်သူမရှိ၊ သူ့ဗိုလ်အင်ကို ကိုက်ရမည်ဖြစ်လျှင် ဗိုလ်မင်းဖြတ်စနှင့် လကျွန်းအိမ်ကို တူသူမရှိ ဟူတော်မူ၏။ မင်းရဲခကျော်စွာသည်၊ ကင်းစောင့်ကင်းနေထား၍၊ ခဲပေါင်တွင် အမိုင်နေတော် မူ၏။ ။ဗညားမွေ့ဆာဇ၊ အမတ်ဒိန်တို့ အင် မြင်း လှေတက်အများနှင့် ပဲခူးတွင် နေလာသောကြောင့် လက်ဝဲယော်ခလက်ယာထောင်မှူးတို့–ခဲပေါင်သို့ လာခဲ့ သည်ကို ဗညားမွေ့ဆာဇ၊ အထိန်း ဗိုလ်သင်ရုံလိုက်၍လက်ယာထောင်မှူးလှေကို မိလျှင် လက်ဝဲယော်ခမြန်၍ တိုက်သည်တွင် ဗိုလ်သင်ရုံနှင့်အကူ လှေကိုရခဲ့၏။ မှန် တို့လည်း ခဲပေါင်သို့ မတက်ဝံ့၍၊ ပဲခူးတွင်– ချောင်းတွင်းကို ထိုင်တို စိုက်ကား၊ ကြည်း ရေ ကြပ်လျက်နေ၏။ ဟသ်ာတမှာ ဥပါကောင်းခံ မင်းလှ ကျော်ခေါင်ကို အင်းဝက၊ ဗိုကွာမပေါက်အောင် အစောင့်ခန့်၍ ဗိုကွာ မပေါက်နိုင် ရှိချေ၍၊ တောင်ငူကြောင်း မှန်တို့ ချီလေရာမှာ တောင်ငူစား စောလူးသခ်ယာ ဆီးကြိုတိုက်သည်၊ ကြည်းတပ်ပျက်လျှင် ရေအပ်ကို ဖိ၍ တိုက်သည်၊ ရပ်စား သမိန်မောခွင်နှင့်အမတ်တစ်ကျိပ်ကျော် ရလိုက်၏။ သမိန် စောပိုက်ကား– သေလေ၏။ ရာဇာဓိရာဇ် ကြားလျှင် ကိုယ်တိုင်သည် ငါနှင့် ခေါင်းရင်းဘက် အရေးရှင်းချည်း၊ သို့စင် မှားရလေသည်ဟု သက်သာတော် မမူ၊ မင်းရဲခကျော်စွာလည်း ဗိုကွာပြတ်၍ ရဲမက်တော်တို့ ငတ်မွတ်လျှင် သမည်းတော်ဘုရားကို ရေမိကျောင်းကဲ့သို့ ကျင်မည်၊ လျှောက်ခဲ့ပေသည်။ ယခု မိကျောင်းကြည်းတင် ပို့ချေပြီ၊ လှေတက်ကို မီးတိုက်၍ ကြည်းကြောင်း မြန်ခတော်မူမည်၊ တိုင် ပင်လီဆယ်၍ပြီးမှ ဗိုလ်သင်ရုံတို့ကို လက်ဝဲယော်ခ ရာအသည်းကာင် မှန်သို့ ကြောက်ရွံ့လှသည် ဆိုသည်၊ ယခု မြန်ချေသော် ငါတို့ နိုင်သအရှုံးအလုံး အချည်းနှီး ဖြစ်ချေတော့မည်၊ ရေတပ်၊ ကြည်းတပ်၊ တစ်ကြိမ်တစ်လီမ်း၍ မရမှုမြန်သင့်မည်ဟု မိန့်တော်မူ၏။

ဘုရင်မင်းခေါင်လည်း သားတော် သီဟသူကို ခေါ်တော်မူ၍ မင်းနေဘော် တော်တို့မှာ ရှားပါး ဝတ်မှတ်လှသည်၊ မွန်တို့ ပဲခူးဝတွင် နေသည်၊ မွန်မင်း ယန်းလှိုင်မှာ နေသည်၊ ကြားတော်မူသည်။ ဘောင်းနှင်းစား မင်းတုန်းစား၊ နတ်တောင်းစား၊ အလုံစားတို့ ဘောက်မြို့စားတို့နှင့် ဟသ်ာတက နေ၍ ဝိုက်သိမ်းမည်ဟု ခန့်တော်မူ၍၊ ရေ ကြည်းချီရသည်ကို မွန်မင်းသား ဗညားယုသိန့်ကိုလာသည်၊ ဆယကာတွင်တွေ့၍ မင်းတုန်းစားလှေကို ဥပါကောင်း လှောက်နှင့်တို့ တိုက်သည်၊ မင်းတုန်းစား ဆုံးလေ၏။ တရုပ်ယော်ခေ၊ နတ်တောင်းစားတို့ကို သုံးရလေ၏။ သီဟသူ တိုက်မည် အပြင်၊ စုန်လာသည်၊ ရောက်မိတွင် လှေတင်၍၊ ကြည်းကြောင်း ပြန်ခဲ့ရ၏။ မင်းရဲကျော်စွာမှာလည်း မိုးသောက်လျှင် ပဲခူးသို့ ချီတော်မူ၍ ရောက်လျှင် မတိုက်ကြဘဲ စစ်ဆိုင်ကြကာ တစ်နှစ်ခန့် နေပြီး၍ ရည်တော်တီးလျှင် ကြည်းတပ်နှာ ကြည်းတပ်ချင်း အမြင်းလယ်ကြသည်၊ ရေတပ်မှာ စလင်းစားနော်ရထာကို လက်ဆုတ်ပုဝါနှင့် သပ်လျှင် နော်ရထာလည်း မွန်မင်း သမက် သမိန်ပရမ်းလှေ ဘာဇာမှာ နည်းမေး၍ သမိန်ပရမ်းလည်း မကြံ့ဘက်မရှိ ငါသည်မှာဟု ကြိုးနှင့်သည်ကို နော်ရထာ ရည်မောင်းတီးလျက် အပြင်းခတ်၍ သမိန်ပရမ်းလှေကို လိုက်သည်။ တိုင်တိုမှူးကိုလိုက်၍ ဝင်မိလျှင် လှေစီး မွန်တို့ ပဲခူးသို့ချည်း ဆုတ်ကြလေ၏။ မြန်မာတို့သည် မွန်တို့လှေကိုတက်၍ ကြော်ငြာကြ၏။

အရေးသည်သူတို့လှေသည်။ တိုင်ဆိုကြားကို တိုက်ဖောက်၍ သမိန်ပရမ်းလှေနံ ကို တိုက်ပြန်လေသည်။ လှေတစောင်းရှိလေ၏။ မွန်မင်းသား ဗညားဓမ္မ ရာဇာ၊ ဗညားသိမ်တို့လည်း သမိန်ပရမ်းကို ကူသလာဟူ၍ ဆိုသည်။ မကွဲ ကြည့်ကာနေကြ၏။ မင်းရဲကျော်စွာလည်း ဆင်တော်ကသက်၍ ရဲလှ ရှမ်း မွန်တက် တို့ရွှေကမ္ဘာနန်းမြိုင်လျက် ခေါင်းမြီးနှစ်ဘက် မြှောက်တပ်၍ ရွှေ လှ၊ ရွှေလိုင်၊ ရွှေကာ၊ ရွှေလုံ ထုံနှံဝိုက်၍ ဘောင်ဝမောင်းတီးလျက် အမြင်း ရှိသောသည်မြိုင်လျှင် လှေတစ်စင်းမျှမနေစေ့၊ မင်းရဲကျော်စွာ ရှေ့ချည်း တိုင်ဘို များကို လျှက်ပီး ခုံပြ၍ ဝင်ကြလျှင် မွန်တို့သလှ အမြင်း ခုကြလေ၏။ သမိန်ပရမ်းလည်း ကြည်းတပ်သို့ တက်၍ ဆင်ပကမဟတ်နှင့် တပ်က ထွက်လေ သော်၊ တိုက်ဆင်နှစ်ဆာကျော်နှင့် မြင်းတော်မူလျှင် မြင်းဘော်နက်ပေးကိုစီး၍ မြင်းသုံး ကြောင့် ဆင် မာန်တုံ့ရေး မြင်းသည်တို့သာ ဝန်းရံ၍ လိုက်ထပ်ကြ၍ သိမ်းလုံတွင် ပကမဟတ်ကို ဝန်းရုံမိလျှင် မသေစေနှင့်ဆို၍ ပကမဟတ်နှင့် တကွ

သမိန်ပရမ်းကို ဖမ်းမိ၏၊ ဆင်မရေခံ နှစ်စီးနှင့်တိုက်သူ သမိန်ပွန်၊ ဥရိန်တို့နှင့် နောက်ပါလူတစ်ထောင် ကျော်မြင်းသည်တို့သက်တွင် ဆုံးလေ၏။ ပဲခူးတပ်ကို ရလျှင် ရဲမက်တော်တို့ ဝပြော ရွှင်လန်းသည်နှင့် ပုသိမ်သို့ ချီတော်မူ၍ ကြည်း၊ ရေ၊ အပြီးအနိုင်ရံသောကြောင့် မပြတ်ထွက်၍ ဝင်စားလာကုန်၏။ ကြောက်၍ လန့်ထိတ်သူတို့ကို အမတ်ဒိန် ကုပ်ညှပ်လေသောကြောင့် မရနိုင်ရှိလျှင် မင်းရဲကျော်စွာလည်း မှူးတော်၊ မတ်တော်တို့ကိုခေါ်၍ ငါတို့ခံပေါင်ကို အပြင်းလုပ်ကြံ၍မှကာ ရ၏။ လူသူတို့ သေပျောက်လှသည်နှင့် ယခု ပုသိမ်သားတို့ ထွက်၍မတိုက်၊ ယခုအရေးနှင့် စေသော်ကောင်းမည်ဟု တိုင်ပင်တော်မူလျှင် ဇာသကြီးက သင့်လှပြီလျှောက်၏။

အလွန်တရာ ချစ်ကြည်လေးမြတ်၍ မင်းရဲကျော်စွာ မှာတော်မူလိုက်သည် အမတ်ကြီး အရေးရှင်— ရှင်သင်ရှိသည် အရေးကိုမလိုက် မြို့ကိုသာ ရှုံး၍ ခံလေသောကြောင့်၊ ငါလုပ်ကြံတော်မူလျှင် ကိုယ်လည်းဆုံး၊ မြို့သားအလုံးလည်း သုံ့ပန်းဖြစ်လေအံ့သည်။ ယခု အမတ်ကြီး အရေးရှင်လည်း မြို့ကိုရှုံး၍ မြို့နှင့်ခံသည်၊ မြို့တပဲကောင်းသည်ဖြစ်စေ၊ ရိက္ခာမရှိသော် မြို့ကောင်းနိုင်မည်လော။ ယင်းသို့ဖြစ်လျှင် အရေးတတ် အရေးရှင်ဆိုသည်နှင့် ညီတော့မည်လော။ ကိုယ်ကိုလည်း သူမချစ်ပေပြီ။ အမတ်ကြီးသည် အမတ်တကာတွင် အရေးရှင်ဖြစ်တော့သည်။ ငါစိတ်အထင်သော်ကား၊ ရွှေနန်းရှင် ကျွန်တော်ခံသော် သင့်မည်ထင်သည်။ ဘကြီးတော်ရာဇာဓိရာဇ်ပေးသည့် စည်းစိမ်ထက် လွန်၍ ပေးစိမ့်မည်ဟု တရွတ်ချည်ထုပ်တစ်စုံနှင့်တကွ၊ လက်ကိုင်စေလိုက်၍ စာကို ကြားလျှင် ရွှေဖဝါးတော်အောက် ကျွန်တော်အမတ်ဒိန် ရှိခိုးအသနားတော်ခံ လျှောက်ပါသော ရွှေနန်းသခင်သားတော်—ကျွန်ုပ်သခင် ရာဇာဓိရာဇ်သည် ပင်းဇကရာဇ် မည်ကာမဟုတ်၊ ကျွန်ုပ်မြို့ကို သူရှိလာသည်ကို အရုံမပြေလာ မနေတန်၊ ကျွန်ုပ်သခင် အရုံမပြေလာသော်သည်း ကျွန်ုပ်တို့အမတ်ကြီးအရေးရှင်ဖြစ်သည်ဟု ယုံကြည်တော်မူ၍ မြို့ခံထည့်တော်မူသည်။ သူ့ကျွန်ခံစိမ့်မည် မထား၊ ရန်ပြုစိမ့်မည်သာ ထားတော်မူသည်။ ယင်းသို့ကို ရွှေနန်းသခင် ကျွန်တော်ခံသော် သင့်မည်ထင်သည်။ မိန့်တော်မူရာမှာ ရွှေနန်းသခင် သားတော်ငယ်တော် မူသောကြောင့်သာ ဆိုတော်မူသည်။ ကျွန်ုပ်တို့သခင် ကျွန်ုပ်ကို ပေးတော်မူသည့် ပုသိမ်မြို့တစ်နှစ်သော်ကြေးခုနစ်သောင်း၊ စမြင်းထုံးမြို့တစ်နှစ်သော် ကြေးသုံးသောင်း၊ နှစ်မြို့ကို ကြေးပေါင်းတစ်သိန်းစင် ပေးတော်မူသည်။ ကျွန်ုပ်သခင် ပေးသကဲ့သို့ ပေးနိုင်မည် သူမထင်ဟု ပုဆိုးကိုယ်တွင်းပြည့် ကောန်

တစ်ထုပ်၊ ကတ္တီပါ ခေါင်းအုံးဝိုင်းတစ်ဆည်နှင့် ဖောက်ကိုလည်း ပုဆိုးတစ်လိပ်၊ ကြက်ခြ
တစ်ထုပ်၊ ကတ္တီပါ ခေါင်းအုံးဝိုင်းတစ်ဆည်နှင့်
ဝါသာ ရွှေလားပေး၍ လွှတ်လိုက်၏။

အမတ်ဒိန်သို့ရောက်၍ အလေးမလျှင် မြောင်းမြသို့ချီတော်မူသည်။ မြောင်းမြ တွင် သမိန်စောထွတ်ဝံသည်၊ ခံဆင်သောကြောင့် ပြန်တော်မူခဲ့မှ လှိုင်ကဝ တွင် သမိန်စောထွတ်ဝံသည်၊ ဖမ်းဆီးရသည်။ ပုသိမ် ကျေးလက်သား အသွက်တွင်နေ၍ သုံ့ပန်း လူသူ ဝင်လာ၏။ ထုတဘိဇုတ်မှကား ဒလမြို့ လှုစ်ထောင်ချိတ်လည်း၊ ကျွန်တော်ခံ ဝင်လာ၏။ ထုတဘိဇုတ်မှကား ဒလမြို့ တွင် ကျုံး မြောင်း ပြင်ဆင်၍ သားတော် ဗညားဒလ၊ သမိန် အင်းဝနိုင်၊ အမတ်တော် ရည်သူ၊ သံလိုက်ထိုက်ညီ၊ မဟာသမှုတို့နှင့် အမတ် ခုနစ်ကျိပ်ကို ချီတော်မူ၍ ပဲခူးမြို့သို့ပြန်လေ၏။ မင်းရဲကျော်စွာလည်း တပ်မှူး၊ စစ်ကဲဘိုကို မြို့စောင့်ခန့်၍ ပဲခူးမြို့သို့ပြန်လေ၏။ မင်းရဲကျော်စွာလည်း တပ်မှူး၊ အမတ် အညီ၊ အကြွယ်ချိုထားခဲ့ ရသည့် မှန်မင်း အမတ် သမိန်ပရမ်းနှင့် အမတ် အညီ၊ အကျွပ်ချိုထားခဲ့ ရသည့် လှော်ကားရှစ်စင်းနှင့် ဆန်တော်မူသည်။ နှင်ဆယ်ကျော်သူ၍ အရပ်ပုံ အင်းသို့ လှော်ကားရှစ်စင်းနှင့် ဆန်တော်မူသည်။ တစ်ဆယ်နှစ်ရက်နှင့် ရောက်၍ စစ်တုရင်သူ၊ လက်ဝဲယော်ခဲ့ထို ပွဲရကြောင်းကို လျှောက်၍ ကြားတော်မူလျှင် အားရတော်မူ၍ စစ်တုရင်သူကို နန္ဒသူရိယ အမည်နှင့် လေမြို့စား လက်ဝဲယော်ခဲ့ကို နန္ဒကျော်သူအမည်နှင့် ကင်းတားမြို့ ကို သနားတော်မူသည်။ သားတော် မင်းရဲကျော်စွာလည်း အင်းဝတွင် ခုနစ် ရက်နေတော်မူပြီးလျှင် မြောက်သားတော် စေမင်းလှကိုသွား၍ ဒလမြို့သို့ ရုန် တော်မူပြန်သည်။ လေညှင်းခြောက်နှင့် ဒလမြို့သို့ ရောက်တော်မူ၏။

ယင်းသောအခါ မှန်မင်း ထုတဘိဇုတ်သားတော် ဗညားဒလနှင့် သမိန် အင်းဝနိုင်တို့ကို ဒလမှာ ခန့်ထားခဲ့၍ သံလျင်မှာ သားတော် ဗညားရံကိုစောင့် နေစေပြီးလျှင် ပဲခူးသို့ထက်တော်မူ၏။ ရောက်လျှင် သမိန်ဗမာခွင်ကို ပုသိမ်မှာ အစောင့်ခန့်တော်မူ၍ အမတ်ဒိန်ကို ခေါ်တော်မူ၏။ လက်ခိုင်ကြောင်း၊ လသျှို မြို့စိုးတော်သို့ ရောက်လျှင် ထုတဘုရားဟိတ်ကို ခေါ်၍ ဓာတာတော် မြင်၏။ ထုတဘုရားဟိတ်သည် ဓာတာတော်အသွင် ဟူ၍ နားတော်လျှောက်၏။ အမတ် ဒိန်လည်း ဓာတာတော် မသန့်သည်ကို သုမေဓိနေနှင့် စစ်သည်တော် ရုံးမည် ဟူ၍သော မိန့်တော်မူ၊ မှတ္တမသို့ ကူးတော်မူ၍ ဓာတာတော်သန့်၍ ပြန်တော် မူမည်ဟု လျှောက်လျှင် အမတ်ကြီး လျှောက်ထားသော အရေး ပြီးလည် သားတော် ဗညားရုံကို ပဲခူးတွင် အစောင့်ထားခဲ့သည်။ မင်းမိဖုရား ကတော် စိမ်း၊ မှူးတော်၊ မတ်တော် တို့နှင့် အတူ မုတ္တမသို့ ကူးတော်

မူ၏။ ။ပုသိမ်မှာ စောင့်နေသော သမိန် မောခွင်လည်း ဆုတော် မိရောင် မှတ္တမသို့ကူးသည်ဟု ကြားလျှင် ပုသိမ်မြို့က သူဌေး၊ သူကြွယ်တို့နှင့် ကျွန်တော်ခံမည် တိုင်ပင်ကြ၏။ မင်းရဲကျော်စွာလည်း သီရိပျံချီ တစ်တပ်၊ စလင်းစေား နော်ရထာ တစ်တပ်၊ ရှမ်းတစ်တပ် သည် သုံးတပ်ကို ပုသိမ်သို့ ချီစေလျှင် လက်ဆောင်အများနှင့် ကျွန်တော်ခံဝင်လာ၏။ တရုသိန်းစည်းနှင့် စောဘဲ ဗညားသားကို မြို့စောင့်ထားခဲ့၍ သုံးတပ်လုံး မြောင်းမြသို့ ချီလေ၏။ မြောင်းမြသားတို့လည်း လက်ဆောင် ပဏ္ဏာ အများနှင့် ကျွန်တော်ခံ ဝင်လာလျှင် မြောင်းမြကို မလောင်ယိုးမ ရပ်ခံသူ အစောင့်ထားခဲ့၍ ဒလသို့ သုံးတပ်လုံး ရောက်လျှင် အနောက်တစ်လွှာလုံးလည်း လက်နက် နိုင်ငံတော်ဖြစ်ပြီ၊ ပဲခူးမြို့လည်း၊ လက်နက် နိုင်ငံတော် ဖြစ်တော့မည်ဟု မင်းရဲကျော်စွာကို လျှောက်ကုန်၏။ ။ထိုအခါ သူရဲတော်တို့ အလွန်ဝမ်းမြောက် ကြုံးဝါးကုန်၏။

ဒလတွင်လည်း မင်းရဲကျော်စွာ လှော်ကားနှစ်စင်း လုပ်တော်မူသည်ကား၊ တစ်စင်းတစ်ဆယ့်ခုနစ်လံ၊ တစ်စင်းတစ်ဆယ့်ခြောက်လံ၊နှစ်စင်းပြီးလျှင်တစ်ဆယ့်ခုနစ်လံတွင် ပဲ့ပေါင်းတင်၍၊ ရွှေအပြည့်ထည့် ရသည်၊ အောင်သား လည်း ဦးပဲ့ရွှေကြိုးနှင့် ဆွဲ၏။ ရွှေတံခွန်တစ်စင်းတင်၍ ပေးလင်းဟူသော အမည်ကို သမုတ်တော်မူ၏။ တစ်စင်းတစ်ဆယ့်ခြောက်လံကို အေးဒန်းသုတ်၍ ဦးပဲ့ ရွှေကြိုးနှင့် အောင်ဆွဲပြီးလျှင် ရွှေတံခွန်လည်းတင်သည်။ ယာဉ်လျှင်ဟူသော အမည်ကို သမုတ်တော်မူ၏။ ကုန်လှေကြီး၊ လေးစင်းကိုလည်း ဖောင်လယ်တော် မူ၏။ ။ထိုအခါ ပုသိမ်၊ မြောင်းမြသော အနောက်ဘက်တစ်လွှား မြို့ကျေးရွာတို့သည်၊ ပဏ္ဏာကာရအများဆက်၍ ကျွန်တော်ခံဝင်ကြကုန်၏။ ။ဒဂုန်မြို့၊ သန်လျင်မြို့ကိုမူကား၊ အညွှန်မခံချင်ချေသောကြောင့် ရောက်၊ ကြည်းတပ်၊ ပတ်လည်းဝန်းရံ ဆီးဆို့ ရပ် ခံနေတော်မူရချေသည်။

---

## ဟင်းဝသူရဲကောင်း သမိန်ပရမ်းနှင့် တရုတ်ဂါမဏိတို့ မြင်းစီးချင်း တိုက်သည့်အကြောင်း

ဟင်းဝမနုဂြည်တော်မှာလည်း ယယက်ကာ၊ သားတော် မင်းရဲကျော်စွာ ပါ့ကိရာတွင် မေသုံ မောက်ကယ်စားတို့ ရှုံး၍၊ သင်းတို့ သားမယားကို သားပေါ်

မင်းရဲကျော်စွာ သိမ်းယူခဲ့၍ ထင်းဝမှာ ရှိသည်နှင့် မော်တုံ၊ မော်ကယ်စား ညီအစ်ကိုသာ မြင်းနှင့်တကွ တရုတ်ပြည်သို့ ပြေးလေ၏။ လွတ်လေသောကြောင့် မော်တုံ၊ မော်ကယ်စား ညီအစ်ကိုတို့ တရုတ်ဥတည်ဘွားသို့သွား၍၊ ကျွန်တော် သားမယားကို နေထွက်ဘုရင်လုံမှာ သိမ်းယူထားရှိရလေသည်။ နေထွက်ဘုရင်မှာ ဆောင်၍ သနားတော်မူပါမှ သား မယားကို ရပါမည်ဟု တောင်းပန်ကြလေ သောကြောင့်၊ တရုတ်ဥတည်ဘွားက အဝေးအနီး၌ ရှိနေကုန်သော စော်ဘွား တို့ကို ခေါ်တော်မူ၍၊ နေထွက်ဘုရင်မှာ မော်တုံ၊ မော်ကယ်စား သားမယားကို ဆောင်းနေ၍ မပေးလျှင် တိုက်လေဟူ၍၊ တိုက်ဆင် နှစ်ရာ၊ မြင်း နှစ်ထောင်၊ မြေသည်သုံးလေးသောင်း ချီလာ၏။ ရောက်လျှင် ယောဝကသည် တယ်ကြီး၊ ကြေးမြင်တို့၊ ဘောင်ပလုံးတော်ပေါက်တိုင်အောင် တပ်တည်၍ နေလေ၏။ ဘုရင်မင်းခေါင်လည်း ပုံနည်း မင်းရဲကျော်စွာနှင့် အမှူး အမတ် စစ်သည် တို့ရှေသောကြောင့် သူ့ စစ်ဆင်ကြီးလေ၍၊ မြို့ပြ ကျုံး မြောင်း မြင်ဆင်၍ ခံ၏၊ တရုတ်တို့လည်း မြို့ကိုဝိုင်း၍နေလေ၏။ တစ်လခန့်ရှိလျှင် မျိုးရိက္ခာကုန်၍မြို့တွင်းသို့ လေလာ၏။ လေလန်ကာ မော်တုံ၊ မော်ကယ်စား သား မယားတို့ကို သော်လည်း မေးထုတ်၍ သော်လည်း မထိုက် နေသည်၊ သို့ပင် နေသော်—သုံးနှစ်လည်အောင် နေ၍ လုပ်ကြည်၊ ထွက်၍ အရေးမဆိုလျှင် တိုက်မြင်းတစ်စီး၊ နေထွက်ဘုရင်က မြင်းတစ်စီး သုံးကစ်ယောက်ချင်းထွက်လာစေ၊ ထိုသူရဲနှင့် မြင်းစီးချင်းတိုက်၍ ထိုသူရဲရှုံးလျှင်လည်း ပြန်တော့မည်၊ ရှေ့နန်းသခင်က ရှုံးလျှင်လည်း မော်တုံ၊ မော်ကယ်စားတို့ သားမယားကိုပေးပါတော့ဟူ၍စေလာ၏။ တရုတ်တို့စကားကို ဘုရင်မင်းခေါင် ကြားတော်မူလျှင် ဆင်စီး၊ မြင်းစီး သူရဲကောင်းတို့သည် သားတော် မင်းရဲကျော်စွာနှင့် မှန်ပြည်မှာချည်း ရှိလေသောကြောင့် သူရဲ ကောင်းကောင်းကို မေးတော်မူသော်၊ တစ်ယောက်မျှ ထွက်ဝံ့ သည့် မတိုလျှင် မည်သို့မျှ မိန့်တော်မမူ တိတ်တိတ်နေ၏။ ထိုအခါ ပေါင်းတည်စား သည် နားတော်လျှောက်၏၊ ဒုဇာသိဒုင်သမက် သမိန်ပရမ်းသည် လက်ပံ တစ်လုံးတည်း ထိုသူကို သားတော်ရ၍ ဆက်လာသည်ကို သံခြေကျဉ်းခတ်၍ ထားသည် မဟုတ်လော၊ ယင်းသည် သူကိုမေးတော်မူ၍ စုံစမ်းသော် သင့်မည် ဟူ၍ လျှောက်သည်ကို ကြားတော်မူလျှင် သမိန်ပရမ်းကို မေးရလေ၏၊ သမိန်ပရမ်းလည်း ကျွန်ုပ်ကျွန်ကို သံခြေကျဉ်းနှင့် ထားတော်မူသည်။ ဆင်နှဲ ဝေးတစ်စင်း၊ လှေတစ်စင်းချင်း ညီနှုန်းသောကြောင့်သာ ဆိုသည်။ သူရဲချင်းတွင် ရှေ့သော် ကျော်ပ်မြင်ပြည်ဟယ် ဆင်စီးချင်း၊ မြင်းစီးချင်း၊ တစ်ယောက်ချင်း၊ ကျွန်ုပ်တွင်ခံနိုင်မည်လော၊ ကြောက်ရွံ့သည်ဟူ၍

မရှိဟု သမိန်ပရမ်းလျှောက်၏။ ကြားတော်မူလျှင် သံခြေကျဉ်းကို ချွတ်စေ၍ ခေါ်တော်မူပြီးလျှင် ခေါင်း ဆေး စေ၍ ကျွေးမွေးတော်မူပြီးလျှင်၊ တရုတ်တို့ သူရဲကို မြင်းစီးချင်းနိုင်လျှင် ရာဇာဘိသိက်ခံပေးသည့်ထက်ပေးတော်မူ၍ ဆုကောင်း ပြုမည်ဟု မိန့်တော်မူ၏။ သမိန်ပရမ်းလည်း ဦးခိုက်၍အာမခံ၏။ တရုတ်သူရဲဂါမဏိ လည်း ဆင်စီးချင်း၊ မြင်းစီးချင်း၊ ခြေကျင်ချင်း၊ ယောကျ်ား သူရဲချင်းတူလျှင် အဖက်မရှိပြီသည်၊ မြင်းနီကြီးကို ရွှေကထိုး၍ စီးသည်၊ သံချပ်ဝတ်သည်၊ မျက်နှာ မည်းခေါင်းကို ပတ္တမြားအပြည့်စီ၍ စွဲသည်၊ ရွှေလှံအောင်း ခုနစ်ဆင့်နှင့် ကိုင်သည်၊ နတ်မြင်းသည်နှင့်အတူ တရုတ်တို့မှတ်သည်၊ ဘုရင်မင်းခေါင်လည်း သမိန်ပရမ်းကို အင်းဝမြို့တွင် ရှိသည့် မြင်းကိုယူ၍ ပြသည်၊ သမိန်ပရမ်း ကြိုက်သည့်မြင်းတစ်စီးမျှ မရ၊ နောက်မှကျုံးနားတွင်စား၍နေသော မြင်းနီမန်ကျည်းစေ့တစ်စီးကိုမြင်မှ ကြိုက်၍ယူ၏။ အသက် အသံသိအောင် ခုနှစ်ရက်လည် စီးရင်းပြီးမှ ရှေ့ခုနှစ် ရက်ရောက်လျှင် ယောကျ်ားကောင်းချင်း တွေ့စိမ့်မည်ဟူ၍ တရုတ်တို့ကို ဆိုလေ စေ၏။ တရုတ်တို့သူရဲ ဂါမဏိကြားလျှင်၊ သောက်စား ကြုံးဝါး၍ နေနှင့်၏။ ချိန်းချက်သည့် နေ့ရောလျှင် သမိန်ပရမ်းကို ဘုရင်မင်းခေါင်၊ သုံးသပ်၍ မိန့် တော်မူ၏။ သူရဲအမှုအမတ်တွင် တန်ခိုးသတင်း အရဲအရင့် နှလုံးကြီးဝမ်းကြီး၊ ကြားသည်နှင့် ညီလှပေသည်ဟု မိန့်တော်မူ၏။ ဘုရင်မင်းခေါင်လည်း သမိန် ပရမ်းကို စီးတော်မူသော ပတ္တမြားက လက်သုံးတော်စွဲ ပတ္တမြားခေါင်းကို ပေးတော် မူသည်။ ယင်းသောအခါ သမိန်ပရမ်းကို ငါ့သား၊ သည်တစ်ခါကို မြဲမြဲအောင် နှလုံးပြုပါ မိန့်တော်မူသည်။ သမိန်ပရမ်းလည်း နိုင်စိမ့်မည်၊ ကျွန်ုပ်အဖို့ထား ဟူ၍ အာမခံ၏။ခြင်းတစ်လုံးကိုမြင်းတွင်ဆွဲ၍ ကျွန်ုပ်ထိုး၍ ကျလျှင် ခေါင်းကို ချွန်းနှင့် ချိတ်ငင်ဖြတ်၍ ယူမည်၊ ချိတ်စရာ ချွန်းနှင့် ဆွဲစရာခြင်း ပေးတော် မူပါဟူ၍ လျှောက်၏။ မြန်မာတို့ ကြားလျှင်“ယန်မရခင်က သံပုရာရှာသော်” ဟုဆို၏။ သမိန်ပရမ်းလည်း ဘုရင်မင်းခေါင်ကို ဦးခိုက်၍ထွက်မည်ပြု၏။ တရုတ် ဘာသာ တတ်သောသူတို့ကို ဝန်းရံစေ၍ ထွက်ရ၏။ မြို့ထက်ကလည်း ရဟန်း ရှင်လူပြည့်မျှ ကြည့်ကြကုန်၏။

သမိန်ပရမ်းလည်း မြင်းနီ မန်ကျည်းစေ့ကို စီး၍ ရွှေတံခါးက ထွက်သည်ကို မြင်လျှင်၊ တရုတ်ဂါမဏိလည်း မြင်းနီကြီးကို ရွှေကတင်၍ တပ်ကသည် မြင်၍ ရွှေတံခါးပြင် ကျုံးနားတိုင်အောင်လာ၏။ ယင်းတွင်မှ သမိန်ပရမ်းနှင့် ဆိုင်၍ စကားပြောကြ၏။ ငါတို့နှစ်ယောက် အမူအမတ် သူရဲကောင်း ဖြစ်ကြသည်၊ ခြေကာ၊လက်ကာ၊ စနေ့ဝင့်စနင်းမပြုနှင့် အမျှား ကြည့်ပစေဟုဆို၏။ ယင်းသို့မှ

သမိန်ပရမ်းလည်း ကိုယ်ကို ချုံ၍ မြင်းအလျင်စီးသည်၊ ဂါမဏိလည်း တဖြဲ လည်းကောင်းစီး၏။ သမိန်ပရမ်းလည်း ရပ်၍ စီးပြန်၏။ ဂါမဏိလည်း တဖြဲ စီးပြန်၏။ သမိန်ပရမ်းလည်း လက်နှစ်ဘက် ဆန့်၍ စီးပြန်၏။ ဂါမဏိလည်း ထို့ စီးပြန်၏၊ ယင်းသို့စီးရာတွင် ချပ်တစ်ဘက်၊ ကြိုးပြတ်သည်ကို သမိန်ပရမ်း မြင်လျှင်သို၏။ ငါတို့နှစ်ယောက် စီးကြသည် သုံးကြိမ်ရှိပြီ၊ ယခုသော်ကား ရှုံးအောင်ပြုတော့မည်ဆိုလျှင်၊ သမိန်ပရမ်းလုံကို နောက်ထား၍ လက်တစ်ဘက်ဆန့်၍စီးသည်။ ဂါမဏိလည်းလက်ကိုဆန့်၍လိုက်၏။ သမိန်ပရမ်းလည်း အပါးသို့ရောက်လျှင် မြင်းကို ရုတ်ခြည်း လှည့်၍လက်ယာကို ပတ်ပြီးသော် တရုတ်ဂါမဏိလည်း ဒေါကို မြှောက်၍ ခုတ်မည်ပြုရာတွင် ဆန့်သည့် လက်ဆောက် ချပ်ကြိုးပြတ်၍ နံ့စပ်အသား လေးသစ်ခန့်မျှ လပ်သည်ကို ထိုးပါလျှင် လက်ဝဲသည်လက်ယာသို့ ပေါက်၍ ကျလေ၏။ သမိန်ပရမ်းလည်း ချွန်းနှင့် ချိတ်၍ ဂါမဏိအလောင်းကို ငင်ပြီးလျှင် ခေါင်းကိုဖြတ်၍ မြင်းဘွင်းသို့ ထည့်၍ မြို့တွင်းသို့ ဝင်ခဲ့၏။ တရုတ်တို့လည်း လူမဟုတ်ပြီ နတ်ကဲ့သို့ ဖြစ်ပလေသည်တကား အံ့ဩကုန်၏။ ဘုရင်မင်းခေါင်လည်း အားရတော်မူ၍ ဆုလာဘ်များစွာ ပေးပြီးလျှင်၊ တရုတ်ရာဇသူ သမီးအငယ်နှင့် စုံဖက်တော်မူ၍ မင်းညီ မင်းသားတို့ အဆောင်အယောင် အကုန်နှင့် လယ်ကိုင်းမြို့ကို ပေးတော်မူ၏။ ပြည်သူ အပေါင်းတို့လည်း များစွာသော ဆုလာဘ် ပေးကြကုန်၏။ တရုတ်တို့လည်း ဆိုသည့်စကား ကတိအတိုင်း သမိန်ပရမ်းကို ဂါမဏိရှုံးလျှင် ပြန်ကြလေကုန်၏။

မင်းရဲကျော်စွာလည်း ခမည်းတော် ဘုရင်မင်းခေါင်သို့ စာဆက်ရလေ၏။ စာတွင်ပါသည်ကား။ ။ ရွှေဖဝါးတော်အောက် ရှိခိုးနားတော် လျှောက်ဝံ့သော ဘုန်းတော်ကြီးလှသောဘဝရှင်ဘုရား၊ ယခုဘကြီးတော် ဗညားနွယ်သည် ကျွန်ုပ်ကို မတွေ့ရ၍ မျှော်မတို့ ပြေးလေသည်။ ကျွန်ုပ်ကို ကြောက်လန့်၍ ရေတွင် ဆင်းသော်လည်း တံငါတို့ကို ကွန်နှင့် ရှာစေ၍ အကောင်ကို သင်္ဂြိုဟ်ရမှနေမည်၊ ပဲခူးကို လုပ်ကြံ၍ ရမှုကား အကျွန်ုပ် လက်ရ ဖြစ်တော့သည်။ ဘုန်းသည်အရှင် အရာတော် ရတနာ ဆင်၊ မြင်း၊ ကတော် ဦးမင်းတို့ကို စီစစ်၍ စာရေးမည် ဘုရား လာသ ပစေတော့ဘုရားဟု၍၊ သည်စာနှင့် လေတ်ကို ပေး၍ ဆက်ရလေ၏။ ဘုရင် မင်းခေါင်လည်း လေတ် ရောက်လာ၍ စာကို ကြားတော်မူလျှင် လက်စုံ လက်ဘက်တီး၍ ရယ်ပေါ်တော်မူပြီးမှ မိန့်တော်မူ၏။ ငါ့သားတော် သည်၊ မဟုတ်သည့်စကားကိုဆိုသည်။ ရာဇာဓိရာဇ်သည် မင်းကိုပင်းချင်း၊ တိုင် ဆင်ချင်း၊ မြင်းချင်း၊ လှေချင်း၊ သူ့ကို ဆိုဖွယ်မရှိ ဓါတာ မသန့်၍ အရှေ့ဘက်သို့

ကျ၍နေသည့်အခါဖြစ်မည်၊ ဇာတာ ပေတာသန့်က သွားနေဘိမည်လော၊ ယင်းသို့ ဖြစ်သောကြောင့် ငါ့သားနှင့်ဗိုလ်မင်းတပ်မင်း အားလုံးသည် မလျင်စေနှင့်၊ ကြည့်ရှု၍ အရေးနှင့် ညီအောင် မြေ တင်းပြီးလျှင် လုပ်ကြံလော၊ ငါ့သား သီဟသူနှင့် သအိုး တို့သည်း ကောင်ငှကြောင်း၊ ချီလာစေ၍ စရပ် မြို့ကို လုပ်ကြံ လာစိမ့်သည့် မိန့်တော် မူပြီးလျှင်၊ လေတ်ကို နင်အလျင် သွားလေ ဟူ၍ မိန့်တော်မူ၏။ လေတ်လည်း ဒလသို့ ရောက်လာလျှင် ခမည်းတော် မှာသမျှကို လျှောက်၏။ ပင်းရဲကျော်စွာလည်း၊ စလင်းစားကို မိန့်တော် မူသည်။ ပေါ်ငယ်သည်း ဝင်လာသည်ဟူ၍ ပြုပြီးလျှင် ဆင်မြီးကိုဆုတ်၍ မြို့သို့ ပြေးဝင်ပြန်လေသည်။ ယခု မြန်မာတို့ သုံးလေးယောက်သော်လည်း မှန့်တို့ တစ်ရာ ငါးကျိပ်ကိုမျှ မတွေ့လို မိန့်တော်မူ၏။ စလင်းမင်းသည်း စစ်သည်များကို ရှိစိမ့်မည်ရည်၍ နားတော်လျှောက်၏။ ယခု ညီတော် သီဟသူကို ချီလာစေ၍၊ စရပ်မြို့ကို လုပ်ကြံသာစိမ့်မည်ဟူ၍ စီရင်သည်ကို လေတ်နားတော် လျှောက်သည် မဟုတ်လော၊ ယခု ဘုန်းကြီးသည့်အရှင် အကြာအမြင့်နေ၍ လုပ်ကြံတော်မူသည့် အလုပ်အကြံသည် ညီတော် ရောက်လာလျှင် ညီတော် အလုပ်အကြံလည်းကောင်း ဖြစ်ပြန်လတ်မည်၊ လူတို့ပုံဆိုသည် "ညှဉ့်ဦးငိုနှင့် မိုးသောက်ငို" အတူတူ ဖြစ်ချေတော့မည်ဟု လျှောက်၏။ ၊မင်းရဲကျော်စွာ ကြားတော်မူလျှင် အလွန် ရယ်ပေါ်တော်မူ၏။

---

## ရာဇာဓိရာဇ်က မင်းရဲကျော်စွာကို<br>နိုင်မည့် နေ့ရက် အချိန်အခါ ဟောချက်

ယင်းသောအခါ ပဲခူးသည်၊ တော်မှတ်သည်၊ ဒလဘွင်လည်း ဟင်းရွက်မျှ ရှာ၍ မစားရသောကြောင့် အလွန်ပင် ငတ်ချေသည်။ ရာဇာဓိရာဇ်လည်း တန်ဆောင်မုန်းလတွင် အရှေ့ဘက်သို့ ကူးတော်မူသည်။ ထိုပိတ်လမှ ပဲခူးသို့ ပြန်သည်။ ရောက်တော်မူလျှင် ဟူးရားဘတ်၊ ရာဇပုရောဟိတ်တစ်ယောက်၊ မဟာသမိန်တစ်ယောက်၊ ဘုန်းတော်ကြီးတစ်ပါး၊ ရှင်မထေရ်တစ်ပါးသည်လေးယောက်ကို ဇာတာပြ၏။ ဘဇာလသည် မြန်မာမင်းသားကို နိုင်မည်နည်းဟူ၍မေးတော်မူ၏။ ရှင်မထေရ်လည်း ဇာတာတော်သန့်ပြီ၊ တန်ခူးလဆန်းလေးရက် ဗုဒ္ဓဟူးနေ့ကို တိုက်တော်မူလျှင် နိုင်၏။ မဟာသမိန်ကလည်း ယင်းသည့် တန်ခူးလဆန်း

[illegible]

[illegible]

[illegible]

သည်အတိုင်း မင်းရဲကျော်စွာကို နားတော်လျှောက်လေ၏။ မင်းရဲကျော်စွာလည်း အဲမှန်တရားလူတို့ကို သပေးတော်မူ၏။ တစ်နေ့လျှင် အဲမှန်တရားကို ဆင်ဦးစီးရှေ့ စလင်းမင်းမှ ကုန်းလယ်စီးရသည်၊ တပ်ကသည် မြို့ကျုံးနားသို့ လာသည်ကို မြို့က မှန်တို့ထွက်၍ တိုက်လေလျှင် စလင်းမင်းတွင် ပါသည့် မှန် မြန်မာအားလုံး ပြေးလျှောသည်ကိုမြင်လျှင် အဲမှန်တရားက၊ ငါ့ခါးလွှား ကိုင်၍ ဆင်း၍ ခုတ်မည်ဟူ၍ စလင်းမင်းကို ဆိုပြီးလျှင် ဆင်ကသက်၍ ခုတ်မည် အဟန်ပြ၍ ကျန်နှင့်တကာ မှန်တို့ကို ခုတ်မည်အဟန် လိုက်လေလျှင် မခုတ်ဘဲ ဘေးသူ့သူ့ပစ်၍ တလမ်းတွင်းသို့ ပြေးဝင်လေ၏။ စလင်းမင်းလည်း အဲမှန်တရား ဝင်လေသည်ကို နားတော်လျှောက်၏။ မင်းရဲကျော်စွာ ကြားတော်မူလျှင် လက်ခုပ်တီး၍ မသက်မသာ ရှိတော်မူ၏။

ထင်းသို့မှ မင်းရဲကျော်စွာက ရှင်ဘုရင်သားတော် ဗညားဒလကို ဟစ်၍ ဆိုရသည်။ အဲမှန်တရားလည်း ဥပါယ်နှင့် မဟုတ်သော စကားကိုဆို၍ ငါတို့က မလေးမစားပြု၍ ဝင်ရလေသည်၊ အဲမှန်တရားသည် ပြို့ကထွက်၍ ဘကြီး တော်သို့ ရောက်အောင်ပြန်နိုင်သော် ငါက အဲမှန်တရားကို ဆုသဘက်များစွာ ပေးမည်ဟူ၍ ဟစ်၍ဆိုရ၏။ ဗညားဒလလည်း မြန်မာတို့က သို့ဆိုသည်ဟူ၍ အဲမှန်တရားကိုဆို၏။ အဲမှန်တရားလည်း ဘုန်းကြီးသည့် အရှင်သားတော် နက်ပြန်သည်–အဲမှန်တရ ဘဲဒုံးသို့ တက်လေတော့မည်ဟု ဟင်၍ ဆိုစေ၏။ မြန်မာ တို့လည်း အဲမှန်တရ နင်အတောင်ရှိ၍ ပျံမည်လော၊ နဂါးမှ၍ မြေလျှိုး မည်လော၊ ဥပါယ်နှင့် ပြုသောကြောင့်သာ နင်ဝင်ရလေသည်ဟု မြန်မာတို့ ဟစ်၍ ဆိုပြန်၏။ အဲမှန်တရားသည်၊ ငါထွက်မည် နင်တို့ မည်သို့ စောင့်မည် ဟူ၍သာ စောင့်တော့ဆိုပြန်၏။ မြန်မာတို့လည်း ကြည်းကြောင်း၊ ရေကြောင်း၊ အထပ်ထပ် စောင့်၏။ မင်းရဲကျော်စွာလည်း တပ်မင်း စစ်ကဲဟူသမျှကို နက်ပြန်သည် အဲမှန်တရားထွက်မည်ဆိုသည်၊ ရဲအောင်စောင့်ဟု လှည့်၍ဆိုရ၏။ အဲမှန်တရားလည်း ပေးတော်မူလိုက်သည့် ရွှေငါးပိဿာကို ရှင်ဘုရင်သားတော် ဗညားဒလကိုဆက်၍ အမှုး အမတ် မြို့သားတို့ကို ဝေစေပြီးလျှင် မိုးမသောက်ခင် ငှက်ပျောစောင်တုံ့စေ၍၊ မိမိစီးသည့်ခေါင်းကို ငှက်ပျောကုံးတွင်လျှို၍ အဲမှန် တရားကို လူသေကောင် အဟန်ပြု၍ နံနက် ပါးနားလိမ်း၍ သပေါ့ဆိုးနှင့်လိမ်း၍ ငိုရ၏။ သူ့များအတင်မှုကား၊ သားမယားနှင့် ကောင်းအတူ မကောင်းအတူ သို့ဆည်စစ်ကြီးတွင် ဝေါ်ခြင်း၊ မှုတ်ခြင်း၊ ခံသည်၊ ယခုမင်းမှာ ငါတို့ကို

ပစ်၍ သွားခဲ့သည်၊ သို့သည်စစ်ကြီး မက်ကြီးရ၍ တော်မှတ်ခြင်းကို ငါတို့ သားမယား ဘယ်သို့တတ်နိုင်ပါမည်နည်းဟု ဖက်၍ ငိုရ၏။ ယင်းသို့ ငိုသည်ကို ရှမ်းသေ တံခါးအပါးအနီးတွင် နေသည့် မြန်မာတို့လည်း ကြည့်၍ နေကြကုန်၏။ အဲမွန်တရာကို ငှက်ပျောဖောင်တွင် အသာတင်ပြီးလျှင် မြေပန်းကန်နှင့် ဆန်တစ်ခွက်၊ ကြက်သယ်တစ်ခု ခေါင်းရင်းကထား၍၊ ဆီမီးညှိပြီးလျှင် ဖောင်ကို ချောင်းလယ်သို့ တွန်းလိုက်၏။ မိန်းမများလည်း ငါတို့ကို မောင်မင်း ပစ်၍ သွားလေတော့မည်လောဟူ၍ ရင်တီးလက်ခတ် ဟစ်၍ ငိုလိုက်၏။ ဖောင်မျော၍ မြန်မာတို့ လှေရာနီးသို့ရောက်လျှင် လှေကောင်း တမ့်ဟူ၍ ဝါးနှင့်ချည်း မြန်မာတို့ တွန်းလိုက်သော်၏။ ရေလည်းတက်သည် မြင်းသည်နှင့် ဖောင်မျောလေ၍ တပေါ့ တငေါက်သို့ ရောက်လျှင်၊ မြန်မာတို့ လှေသမ်ကို လှန်ပြီဖြစ်သောကြောင့် ငှက်ပျောတုံးတွင် ခေါ်ကိုယှ၍ အဲမွန်တရာ ပဲခူးသို့ တက်ခဲ့၏။ နေမြင့်လျှင် မြန်မာတို့က အဲမွန်တရာ ထွက်မည်ဆိုသည်၊ ထွက်လာ စေဟော့လော၊ ဘသို့မှ၍ မထွက်သနည်း ဟစ်၍ ဆိုပြန်၏။ မြို့တွင်းကလည်း အဲမွန်တရာ နံနက်ကပင် ပဲခူးသို့တက်လေပြီဟူ၍ ဟစ်၍ ဆိုပြန်၏။ မြန်မာတို့လည်း မယုံ၊ အသွမ်းသွေးကုန်၏။ မိုးချုပ်လျှင် မင်းရဲကျော်စွာက ရှင်ဘုရင် သားတော် ဗညားဒလနှင့် သမိန်အင်းဝနိုင်သို့ လှမ်း၍ ဆိုလာရသည်။ အဲမွန်တရာပဲခူးသို့ တက်မည့် ဟူ၍ ငါတို့ မိုးချုပ်အောင်ပင် စောင့်၍ နေသည်၊ ဘသို့ကြောင့် မတက်ပဲ နေသနည်းဟု မေးရ၏။ ရှင်ဘုရင် သားတော် ဗညားဒလလည်း၊ နောင်တော် မင်းရဲကျော်စွာ မသိသလော၊ မိုးသောက်လျှင်ပင် အဲမွန်တရာ ပဲခူးသို့တက်လေပြီဟူ၍ မှာလိုက်၏။

မင်းရဲကျော်စွာ ကျွန်လည်း မင်းရဲကျော်စွာကို လျှောက်၏။ ကြားလော်ပုလျှင်အံ့၏။ မယုံ၍ လက်ယာ ထောင်မှူးကို စာနှင့် ပဲခူးသို့ စေ၏။ စာကား အလွန်တရာ ချစ်လေးမြတ်၍ ကြားရောက်အပ်သော ဘကြီးတော် ရာဇာဓိရာဇ် ဘကြီးတော်သည်၊ မုတ္တမသို့ ပြေးလေသည် ဟူ၍ ကြားသည်၊ ယခုဘကြီးတော် မြန်လာသည်။ ငါ၏ အလို အတိုင်း ဘကြီးတော်ကို ဆင်စီးချင်း တိုက်ရတော့မည် မှတ်သည်။ ဘကြီးတော် ပြေးလေသောကြောင့် ဒလတွင် ငါ နေသည်၊ ဘကြီးတော်သည် တက်လည်းမတက်ဝံ့ သက်လည်း မသက်ဝံ့၊ မင်း ကောရောင်သည် စစ်ကိုမြင်လျှင် နှလုံး ဝမ်းငယ်သည်၊ ဘကြီးတော်ကဲ့သို့ မျိုးမြို့ ငါတို့ကို တက်ဆိုလည်း၊ ပဲခူးတိုင်အောင် တက်လာမည်၊ သက်လျှင်လည်း ငါကြိုနှင့်မည်၊ သည်စာနှင့် မြင်းကောင်း တစ်စီး ရွှေကနှင့် ပတ္တမြား လက်ကောက်

တရန်၊ မင်းရဲကျော်စွာက ရှင်ဘုရင် ရာဇာဓိရာဇ်သို့ပေးလိုက်၏။ လက်ယာ ထောင်မှူးကိုလည်း အဲမှန်တရားကို မင်းကြည့်ခဲ့မြင်လျှင် သည့်မြင်း၊ ငွေထုပ်ထက္က ကတ္တီပါ ဝတ်လုံကို အဲမှန်တရားကို ဆုပေးခဲ့ဟူ၍ ပေးတော်မူလိုက်သည်။ လက်ယာ ထောင်မှူးလည်း ပဲခူးသို့ ရောက်လေ၏။ ယင်းသောအခါ ရှင်ဘုရင် ရာဇာ ဓိရာဇ်လည်း သုံ့ချောင်းမှ နေတော်မူစဉ်၊ လက်ယာ ထောင်မှူး လာသည်ကို ကြိုရ၏။ ရောက်လျှင် မင်းရဲကျော်စွာက ပါးလိုက်သည့် စာနှင့် လက်ဆောင်ကို ဆက်၏။ စာကို ကြားတော်မူလျှင် လက်ယာထောင်မှူးတို့ မှာတော်မူ၏။ ငါ့ဘုတော် ဆိုပါလေ ပဲခူးသို့ မတက်လာနိုင်တော့၊ ငါ့ကို ခံနိုင်မည်ကိုသာ အသင့်စီရင်၍ နေနိုင်တော့၊ ဒလသို့ ငါ သက်လာတော့မည် မိန့်တော်မူ၏။ ယင်းသို့ လက်ယာ ထောင်မှူးက ရာဇာဓိရာဇ်ကို နားတော် လျှောက်၏။ ကျွန်တော် အဲမှန်တရားသည်၊ မြေရင်းတော်သို့ ရောက်လေပြီဟူ၍ ကြားသည်၊ ရောက်မှန်းကို တူတော်သိလိုသည်ဟူ၍ လျှောက်၏။ ကြားတော် မူလျှင် အဲမှန်တရားကို ခေါ်၍ မြတော်မူ၏။ လက်ယာ ထောင်မှူးလည်း၊ အဲမှန် တရားကို မြင်လျှင်၊ မင်းရဲကျော်စွာက ပေးလိုက်သည့် မြင်းငွေကနှင့် ကတ္တီပါ ဝတ်လုံကို အပေးခဲ့၏။ ရှင်ဘုရင် ရာဇာဓိရာဇ်က မင်းရဲကျော်စွာကို ကတ္တီပါ ဝတ်လုံ အစိမ်းပုဆိုး ကိုယ်တွင်းပြည့် ကောနံ ငါးအုပ် ပေးတော်မူလိုက်၏။ လက်ယာ ထောင်မှူးကိုလည်း ပုဆိုးကောင်း ငွေဖလားပေးတော်မူ၏။ လက်ယာ ထောင်မှူးလည်း ဒလသို့သက်လေ၏။

ဆင်းဖြူ ဘုရင်မင်းခေါင်လည်း မုတ္တမက ရာဇာဓိရာဇ် ပဲခူးသို့ပြန်၍ရောက် တော်မူသည်ကို ကြားတော်မူလျှင် သားတော်သီဟသူ တစ်တပ်၊ သတိုးတစ်တပ်၊ တရင်ကျော်တစ်တပ် သည်သုံးတပ်တွင်ပါသည့် တိုက်ဆင်ငါးဆယ်၊ မြင်းငါးရာ သူရဲကောင်းနှင့် စရပ်ကို လုပ်ကြရသည်။ ယင်းသောအခါ စရပ်ကို သမိန် ဗြဲသူဗေသည်၊ လူရှစ်ထောင်၊ တိုက်ဆင် ငါးစီး မြင်းသုံးဆယ်နှင့် မြို့ကခံ၏။ ရာဇာဓိရာဇ်လည်း ကျောက်စနားတွင် တန်ဆောင်း ဆောက်၍ တပေါင်းလပြည့် ကြာသပတေးနေ့ ခေါင်း ဆေးတော် မူသည်၊ သားတော် ဗညား ဓမ္မ ရာဇာ သားတော် ဗညားရံ့ အမှူး အမတ် များနှင့်တကွ ခေါင်းဆေးရ၏။ ယင်းသို့ ဆင်နှင့် သူရဲသူခက် ရှိသမျှကို ခေါင်းဆေးရ၏။ ဆင်ကောင်း ဟူသမျှကို ရှုစ မျက်လည်ထောင် အစွယ်ချွန်ရ၏။ အမှူးအမတ်၊ ကျေးစား သင်းမှူး သူရဲသူခက် ရှိသမျှကိုလည်း ရွှေငွေ ဆုများစွာ ပေးတော်မူ၏။ ကျေးမွေး စားသောက် စေ၏။ တပေါင်းလပြည့်ကျော် ရှစ်ရက် သောကြာနေ့ ဒလသို့ ချီတော်မူ၏။

ရာဇာဓိရာဇ် တပ်တော်တွင် အမတ်ဒိန် တပ်မင်း ရဲကမန်စစ်ကဲ သားတော်ဗညား ဓမ္မရာဇာ တပ်မင်း၊ ဗိုက်ကမန် စစ်ကဲ၊ သားတော် ဗညားရံ တပ်မင်း၊ ဇေယနုတ္တိစစ်ကဲ သားတော် ဗညားပရံ၊ ဆင်လမုတ်ပသူယိမုန်နှင့် ကို စီးသည်။ ကနီကတောင်နီ၊ တံခွန်နီ ဥရန်းနီ၊ ဆင်ခြေဖုံး လုံနီတပ်သား၊ ဆင်နှစ်ဆယ် လူငါးထောင်နှင့် ရွှေဖျားချီရသည်။ သားတော် ဗညားဓမ္မရာဇာ ဆင်ရာဇပေါက်သားကိုစီး၍ ရွှေက ရွှေကတောင်၊ ရွှေဥရန်း ရွှေတံခွန်၊ ရွှေလွှားသင်ခြေဖုံး မိုးနဲ့ရွှေလုံ၊ ဆင်တက်တွင်၊ ထီးဖြူကက္ကဒန်ဖြန့်၍ ချီရသည်။ တပ်သားဆင်သုံးဆယ်၊ လူလက်နက်ကိုင်သူရဲတစ်သောင်း၊ ရာဇာဓိရာဇ်မှာ ရန် ပုသောဆင်ကို စီးတော်မူသည်။ ဆင်ကအနက်၊ ကတောင်ကအနက်၊ ဆင်ခြေဖုံး လုံအနက်၊ ထီးဖြူအုပ်၍ ချီတော်မူသည်။

မင်းရဲကျော်စွာလည်း ရာဇာဓိရာဇ် ချီတော်မူလာသည်ကို ကြားလျှင် တပ်မင်းစစ်ကဲ အမှူးအမတ်များတို့ကို ခေါ်တော်မူ၍ တိုင်ပင်တော်မူသည်ကို ရာဇသင်္ကြံနားတော်လျှောက်၏။ ရာဇာဓိရာဇ်သည် နှလုံးဝမ်းကြီးသည်။ စစ်တွင်းကို ခွါခဲ့သည်။ သည်မင်း ယခုချီလာလတ်ပြီ ကျွန်ုပ်တို့ မြို့အရံမဖြုတ်ပဲ သို့ပင်နေသော် ရာဇာဓိရာဇ်ကလည်း တိုက်လတ်မည်။ ဒလမြို့ကလည်းထွက်၍ တိုက်လတ်မည်။ ယင်းသို့နှစ်ဘက်ညှပ်၍တိုက်သော် မခက်လော။ ကျွန်ုပ်တို့ လျှောက်သောအရေးကိုယူတော်မူသော် မြို့ကိုအရံဖြုတ်၍ ရေတပ်၊ ကြည်းတပ် ဟူသရွေ့ စည်းရုံးပြီး တပ်အခိုင်လုပ်၍ နေရမည်။ သူရောက်လာ၍ အရေးကိုသိမှ သူတိုက်လာလျှင်လည်း တို့ခံမည်။ သူမတိုက်လာလျှင်လည်း တို့ထွက်၍ တိုက်မည်။ သည်အရေးသင့်မည်ဟူ၍ ရာဇသင်္ကြံလျှောက်သည်ကို ကြားတော်မူလျှင် သင့်ပေ၏ဟူ၍ မိန့်တော်မူပြီးမှ မြို့အရံကိုဖြုတ်၍ ရေတပ်၊ ကြည်းတပ် ရုံး၍ ဒုံသက်တွင် လုပ်၍ အခိုင်နေတော်မူ၏။ ရာဇာဓိရာဇ်လည်း-ဒလသို့ ရောက်တော်မူလျှင်ကျုတ်တလည်းတွင် တပ်ချ၍နေတော်မူ၏။ ယင်းသို့မှ ဆင်ပေါက် စီးတော်မူ၍ သူရဲတစ်ထောင်လောက်နှင့် ဒလမြို့တွင်းသို့ ဝင်တော်မူ၏။ ရှင်ဘုရင်သားတော်—ဗညားဒလ၊ သမိန်အင်းဝနိုင်၊ အမှူးအမတ် မြို့သူ မြို့သားတို့လည်း ရောက်တော်မူသည်ကို အလွန်အားပါးရကုန်၏။ ရဲမက်တို့ကို ဆုလာဘ်ပေးတော်မူပြီးမှ သမိန်အင်းဝနိုင်ကို မေး၏။ သည်မြန်မာမင်းသားသူငယ်သည် တပ်ကထွက်၍ တိုက်လိုမှု လိုက်မှု ရှိစမ့်ဟူ၍-မေးတော်မူ၏။ သမိန်အင်းဝနိုင်လည်း၊ သည် မြန်မာမင်းသားသည် နိုင်ချင်ကြက်နှင့်အတူ ကြက်ဖတစ်ပါးမြင်က အလွန်လိုလားသကဲ့သို့၊ အလွန်လိုလားလှသည်ဟူ၍ လျှောက်၏။ ယင်းသို့သော်ကား မြန်မာမင်းသားကို ငါတို့

အလျှင်ရတော့မည်ဟူ၍ မိန့်တော်မူ၏။ ယင်းသို့မှ စားတော် ကွမ်းရေကိုင် သူယ်လကျွန်းဆန်ကို မိန့်တော်မူ၏။ မင်းဆင်ပေါက်လှသည်သူ့ရဲသုံးထောင်လောက်နှင့် မင်းရဲကျော်စွာတပ်ပါးသို့သွား၍မြူချေ။ သူထွက်၍ တိုက်လျှင်-မကျိုးနှင့် ရောက်ရောက်ခွါခဲ့ဆို၏။ သူယ်လကျွန်းဆန်လည်း ရှင်ဘုရင်ကိုဦးခိုက်၍ ဆင်စီးသူ သုံးထောင်လောက်နှင့် သွားလေ၏။ မင်းရဲကျော်စွာ မြင်တော်မူလျှင် ကလေး မင်းကိုမြင်းတစ်ထောင်လောက်နှင့်တပ်ကထွက်၍ လိုက်စေ၏။ သူယ်လကျွန်းဆန် လည်း မြင်းကိုမြင်လျှင် ပြန်ခဲ့၏။ မြင်းထပ်၍ လိုက်လေ၏။ မြင်းမီ လျှင် မြန်၍ တိုက်လေ၏။ ထယ်ပြန် ညာပြန် ကျီစားသာတွင် ဆင်ကိုလုံ့ အချက်တစ်ရာလောက် ရှုနေချေ၏။ မြင်တော်မူလျှင် အမျက်တော်ထွက်၍ လက်ခုပ်တီး၍ ပေါ်ငါကိုခေါ် တော်မူ၏၊ သူယ်လကျွန်းဆန်ရောက်လာလျှင်ငါ့အမိန့်တော်ကိုလွန်သည်။ အပေါ်ငါ့ အလက်ကိုဖျက်၍ပစ်လေဟူ၍ အမှန်တရာကို-အပ်တော်မူသည်ကိုသမိန်အင်းဝနိုင် နားတော်လျှောက်သည်။ ကျွန်တော်—သူငယ်ဖြစ်သောကြောင့်၊ မလိမ္မာ၍ မှား သည်။ အသက်ကို ဘုရားနှလုံးသုံးတော်မူပါဟူ၍ တောင်းပန်မှ သံခြေကျင်း ခတ်၍ထားစေ၏။ ရာဇာဓိရာဇ်လည်း တပ်သို့ပြန်တော်မူ၏။ တပ်သို့ရောက်လေလျှင် ပကာမတ်ဦးစီး ငပြန်ကိုခေါ်၍ မိန့်တော်မူ၏။

ယခု-ငါတို့ဆင်ပကာမတ်ကို သူက ရလေသည်။ ငါတို့ဆင်အလုံးတွင် ပကာမတ် ကိုအက်မည့် ဆင်မရှိ၊ ဘယ်သို့စီရင်သော်-သင့်မည်နည်းဟူ၍ တိုင်ပင် တော်မူ၏။ ဦးစီးငပြန်လည်း ကျွန်ုပ်စိတ်တွင်သော်- ဆင်မလေးစီးတွင်-သူကောင်းသားမေး ချက် ထုံချက်နှုသူကိုတင်မည်။ ကျွန်ုပ်အသံကိုကြားလျှင် ဆင်မကို မခေါ့ပြီး သို့လျှင်-ဆင်မနှင့်ချင်း၍ ပကာမတ်ကို စီးသည့်ဆင်သည် အခတ်တို့ကို ထိုးချေ ပြီးလျှင် ယူ၍ကျွန်ုပ်သက်မည်။ သည်အရေးကိုကြိုက်တော်မူလျှင် မြန်မာတို့ ဘိပ်ပျော်ရင်ကို မသိရအောင် ကျွန်ုပ်ကရောက်ဝင်၍ ပကာမတ် ဗိနပ်နှစ်ဘက် ကို တပ်က မထွက်နိုင်အောင် မယ်နှုက်ချိမ့်မည်။ သည်အရေး နှစ်ချက်ကို ကြိုက်တော်မူသည်ကို မေးတော်မူဟူ၍ ပကာမတ်ဦးစီးငပြန်၊ နားတော်လျှောက် ဆို၏။ ဦးစီးငပြန်ကိုလည်း-သုလဘ်အများပေးတော်မူမှ ငပြန်နှင့်အတူ ဗော ကိုရမည့်သည့်သုံးယောက်အရောက်ဝင်မည် သွားလေ၏။ ငပြန်လည်း၊ ကြံသုံး ယောက် တပ်တွင်းသို့ ရောက်လေ၍၊ ပကာမတ်ကိုချည်သည့်တင်းကုပ်သို့ ဝင်လေ ၏၊ ပကာမတ်လည်း၊ လေအနံ့ ပူ၍ အထိန်းဟောင်း အနံ့ ကိုသိ၍နားမတတ်ဘဲ

နေလေ၏။ ငပြန်ကလည်း ယူလေသည့် ကြံသုံးချောင်းကို ပကာမတ်ကို ပေး၍မှ ဆို၏။

ယခု ငါရောက်လာသည့် အကြောင်းသည် မင်းဖိနပ်ကို မယ်နနက်ချေ၊ ရှင်ဘုရင်စေတော်မူ၍ ရောက်သည်၊ ယခုမင်းကို ငါမြင်လျှင် မှာတော်မူတိုင်း မင်းကို ငါမပြုပြီ၊ မင်းသည် ငါနှင့် မင်းညီနှစ်ယောက်ချစ်သော် နက်ဖြန်သည် မြန်မာတို့ဘက်၍ တိုက်မည်၊ ကလျှင်—အကမ္ဘဲဘဲ တပ်တွင်းတွင် ဆင် မြင်း လူသူတို့ကို လိုက်လံ၍ ဝေ့ပါ၊ ငါတို့သုံးယောက်ကို မင်းချစ်၍ သည်အတိုင်း ကျင့်ပါမှ ငါတို့သုံးယောက်အသက်ကို ရပါမည်ဟူ၍ ငပြန်ဆိုလျှင် ပကာမတ် လည်း လည်ညိမ့်၏၊ မျက်ရည်လည်းယို၏၊ ဗောဂရိုးနှင့်မပို့လည်း မင်းနှင့် ငါတို့ကို ရှင်ဘုရင် စေတော်မူသည့်အကြောင်းသည် နက်ဖြန် တိုက်တော်မူမည် ဖြစ်သောကြောင့် ပကာမတ်ကို မဆုတ်တတ်အောင် ဖိနပ်ကို ဖျက်ချေဟူ၍ စေသည်၊ ယခု မင်းမဖျက်သော် မင်းကိုယ်ကို မင်းသာသိတော့သည်၊ ငါတို့နှင့် ကင်းပါစေဟူ၍ ဆို၏။ သို့ဆိုပြီးလျှင် ထွက်၍ ပြန်ခဲ့၏။ ရာဇာဓိရာဇ်လည်း ကိုယ်တို့သုံးယောက် အရောက်ဝင်လေသောကြောင့် စက်တော်မခေါ်ဘဲ စံ၍ နေတော်မူ၏။ ထိုသုံးယောက်လည်း ညဉ့်သုံးချက်တီးကျော်တွင် တပ်တော်သို့ ရောက်လာ၏။ ရှင်ဘုရင်လည်း အမိန့်တော်အတိုင်း ပြီးခဲ့၏လော-ဟူ၍ မေးတော်မူ၏။ ဦးစီး ငပြန်လည်း ပကာမတ်ကို ဆိုခဲ့သည်အတိုင်းကို နားတော်လျှောက်၏။ ကြားတော်မူလျှင် ပါးကိုပုတ်ရ၏။ “နင်သည် ငါ၏အမိန့်တော်အတိုင်းကို ကျင့်သော် ငါ သူကောင်းပြုမည် ကြံတော်မူသည်။ နင့်ဆင်သည နင်ဆိုသည့် အတိုင်းကို မကျင့်သော အခါမှ နင့်ကို သားမယားနှင့်တကွ မီးတိုက်မည်” မိန့်တော်မူ၍ အကျဉ်းထား၏။ တန်ခူးလဆန်း လေးရက်၊ ဗုဒ္ဓဟူးနေ့ကို တိုက်တော့မည်ဟူ၍ စစ်အင်ကျင်း၍ စီရင်တော်မူ၏။

ရှင်ဘုရင်သားတော် ဗညားဓမ္မရာဇာရဲ့က မိန့်-ဟူသော ဆင်ကို စီးတော်မူသည်၊ ဆင်ခြေဖုံး လုံ့အနက် တစ်သောင်း၊ လွှား တစ်ထောင်၊ စစ်ဝတ်မှာ အနက်ချည်း ဝတ်တော်မူသည်၊ သားတော် ဗညားဓမ္မရာဇာ ရွှေကနေ့ရသည်၊ ရာဇာဓိရာဇ်မှာ ရံ-ဟူသည့် ဆင်ကို စီးတော်မူသည်၊ ရွှေက၊ ပတ္တမြား ကတောင်၊ ရွှေတံခွန်၊ မိုးနဲ့ရွှေလုံ့တစ်သောင်း၊ ရွှေလွှားတစ်ထောင်၊ ထီးဖြူဖွင့်၍ အထိန်းတော် သမိန်ပိုက်ကမန်ကို ကုန်းလယ် တင်တော်မူသည်၊ အောင်စည် တီး၍ နတ်စစ် ... ရှင်ဘုရင်သည်နှင့် အတူ၊ မော်ဂနိုင်အရပ်တွင် စစ်အင်ကျင်း၍ နေတော်မူသည်။

လက်ယာတော်က အမတ်ဒိန်သူရဲတစ်ထောင်ကျော်နှင့် ရာဇပေါက်သားကိုစီးသည်၊ ရှင်ဘုရင် လက်ဝဲတော်က အမတ်မဟာသမ္ဘန် သူရဲ ရှစ်ရာလောက်နှင့် မဟာ ဝဲကို စီးသည်၊ ရှင်ဘုရင် သားတော် ဗညားရံ သူရဲတစ်ထောင်ကျော်နှင့် ပုဏ္ဏယ်လမန်ကို စီးသည်၊ အဲမွန်တရားလည်း ရွှေဘေးနှင့် သားတော် ဗညားရွှေတွင် ထမ်းရသည်၊ ရှင်ဘုရင်သားတော် ဗညားဒလလည်း သူရဲတစ်ထောင်ကျော်နှင့် သိရိမင်္ဂလာကို စီးသည်၊ ထီးဖြူကနက္ကဒန်မြန်၍ ဒလမြို့ပါးက နေသည်၊ အမိန့်သင်းဝန်နိုင်လည်း သူရဲနှစ်ထောင်နှင့် ဆင်ငရက်နွယ်ကို စီးသည်၊ သားတော် ဗညားဒလ အပါးတော် နေရသည်၊ မင်းရဲကျော်စွာလည်း ရှင်ဘုရင် ရာဇာဓိရာဇ် ကျပ်တလည်းတွင် နေသည်ဟူ၍ ကြားလျှင် တိုင်ပင်ပွဲ တန်ဆောင်းကြီးတွင် နေတော်မူ၍ အမှူး အမတ် အများနှင့် တိုင်ပင်တော်မူသည်မှာ ရာဇသကြံ နားတော်လျှောက်၏။ စစ်ရေးတို့သဘောသည် ကြက်ဥတွင် ကြက် သငယ်နှင့် အတူ၊ အသည်း အဆူ မသိသာ ဖြစ်သောကြောင့် တိုလ်မင်း တပ်မင်း စစ်ကဲများနှင့် တိုင်ပင်တော်မူပါ၊ အရေးကို ပလ္လင်ပါနိုင် ဟူ၍ နားတော် လျှောက်၏။

တောင်းမင်း တုရင်သိန်းစည်းတို့လည်း ရာဇသကြံ လျှောက်သည့် အရေးသည် သင့်လှသည် ဟူ၍ ထပ်၍ နားတော်လျှောက်၏။ မင်းရဲကျော်စွာလည်း အမှူး အမတ် များနှင့် ဘောက်စား၍ နေ၏။ ရာဇာဓိရာဇ်လည်း စစ်အင်ကျင်း၍ နေတော်မူပြီးလျှင် အမတ်ဒိန် မင်းရဲကျော်စွာကို ထွက်စိမ့်မည်ဟူ၍ အာမခံသည် အတိုင်း ထွက်အောင် စီရင်လော ဟူ၍ မိန့်တော်မူ၏။ ကြားလျှင် အမတ်ဒိန် ဆင်မ ရွှေက ပေါင်းဝန်းစီး၍ ထီးနီမြန်၍ နေရာကသည် ဆင်မလေးစီး၊ ငါးစီး လှ ခုနစ်ရာ၊ ရှစ်ရာကို ခြင်းကျွင်း၊ ဘေးဝါးကိုးနှင့်တကွ ယူလေ၍၊ ဒုပဲသက်တွင် မင်းရဲကျော်စွာတပ်သို့ အမတ်ဒိန် သွားလေ၏။ တပ်နှင့် မနီးမဝေးတွင် ရပ်၍ တာထိုး၍ ကြိုးနှင့် တန်းစေပြီးလျှင် ပန်က်တိုင်စိုက်စေ၏။ မင်းရဲကျော်စွာ တန်ဆောင်းကမြင်လျှင် "ဟယ်—တာသိုင်း၊ နင်တို့ အဘယ်ပြုလာကုန်သနည်း" ဟူ၍ မေးတော်မူ၏။ မွန်တို့ကလည်း "အမတ်ကြီးသေနာပတိအရေးရှင်ကိုရှင်ဘုရင် စေတော်မူ၍လာရသည်၊ မင်းရဲကျော်စွာတပ်ကိုရုံမည်၊ အစီရင်ကိုတာဝေလာသည်" ဟူ၍၊ မွန်တို့ဆိုသည်ကိုမင်းရဲကျော်စွာကြားတော်မူလျှင် အမှူးအမတ် များကို မိန့်တော်မူ၏။ "မွန်မင်းကိုယ်သာ ငါတို့လာ၍ လုပ်ကြံလာသည်၊ ယခု တို့တပ်ကို ရုံမည်ပြုသည်ကိုအတို့အရှုံ ပေးတော့မည်နည်း၊ ထွက်၍တိုက်တော့ မည်" ဟူ၍ မိန့်တော်မူ၏။ ဆင်တော်ချစ်နိုင်ကို ကစေပြီးလျှင် အမှူးအမတ်

များကိုလည်း မင်းတို့တပ်သို့ သွားလေကုန်တော့၊ ဆင်မြင်းကချ၍ ငါ့ကိုမီအောင် လိုက်လှည့် ဟူ၍ မိန့်တော်မူ၏။ အမှူး အမတ်တို့လည်း တပ်သို့ ပြန်ကုန်၏။ ဆင်တော် ငချစ်ခိုင်ကို နေ့တိုင်း အရက် နှစ်အင် တိုက်သည်၊ ယင်းသည့်နေ့ သုံးအင် တိုက်သည်၊ မင်းရဲကျော်စွာလည်း နေ့တိုင်းထက်လွန်၍ သောက်တော်မူသည်၊ မင်းရဲကျော်စွာ ထွက်တော်မမူမီတွင် မိဖုရားစောမင်းလှကို သုံးသပ်၍ မှာတော်မူ၏။ ငါ့မြောက်သား— မင်းဘကြီးတော် မှန်မင်းပိုင်သခွေ့ကို ငါ လက်နက်သွင်းတော့မည်၊ ငါ့ဆင်တော် ငချစ်ခိုင်သည် စစ်တွင် ကြီးကြသံမြည်က စစ်ကို ငါ အောင်တော့သည်၊ မိုးညှင်းတွင် ကြီးကြသံမြည်လျှင် မိုးညှင်းတွင် ငါ့ အလိုတော် ပြည့်သည်၊ ရခိုင်တွင်လည်း ရဲမြတ်စွာ ကြီးကြသံမြည်လျှင် ငါ့ အလိုတော် ပြည့်သည်၊ ယခုလည်း ငချစ်ခိုင် ကြီးကြသံမြည်သည်၊ ပဲခူးသည် ငါ့သက်ဘွင်းက မလွတ်နိုင်ပြီ ဟူ၍ မိဖုရားစောမင်းလှကို မှာခဲ့ပြီးလျှင် ပြင်သို့ ထွက်တော်မူ၏။ မြေဒူးစားကို ပကမဟ်ကို တင်တော်မူသည်။

တပ်မင်းစစ်ကဲ အမှူး အမတ် တို့ကိုလည်း ဆင်မြင်းကချ၍ အလျင်ထွက်၍ မီအောင်လိုက်လှည့် ဟူ၍လည်း ဆိုးစေ၏။ ဆင်တော် ငချစ်ခိုင်ကိုလည်း အရက်ထပ်၍ တိုက်ပြန်၏။ မင်းရဲကျော်စွာသည်း ကြုံး၀ါးတော်မူပြီးမှ ဆင်ထက်သို့ တက်၍ စီးတော်မူ၏။ အထိန်းတော် နန္ဒသူရိယကို ကုန်းလယ်တင်တော်မူသည်၊ ရှမ်းကလေးသား တစ်ထောင်ကို သင်တိုင်းမည်းလက်တို အနက်ချည်းဝတ်စေ၍ ဆင်ခြေဖုံး မိုးနဲ့ရွှေလှံကိုင်ရသည်၊ ရှမ်းမိုးညှင်းသား ရွှေဒိုင်းတစ်ထောင်ကို လှံဘိုသုံးစင်းစီ ကိုင်စေရသည်၊ မြန်မာ တစ်ထောင်မှာလည်း ရွှေမောက်တို ရွှေချပ်ဝတ် မြင်းသည် သူရဲသုံးထောင်နှင့် စည်တော်ကို သုံးခါတီးမှ ဆင်တော် ငချစ်ခိုင်လည်း ပေါ်လာသည်နှင့် တပ်က ဘွက်သော်မူလျှင် အပြင်းလာ၍ မတန့်ဘဲ သူရဲစစ်သည်နှင့်တစ်စုတည်းရုံး၍လွတ်သည်မင်းရဲကျော်စွာ ထွက်သော် မူလေလျှင် ကလေးမင်းလည်း ရဲသော်တုံ့ဟူသော ဆင်ကိုစီး၍ တပ်သားဆင် ငါးဆယ်၊ မြင်း ခုနစ်ရာ၊ စစ်သည်သူရဲ ငါးထောင်လောက်နှင့် ထွက်သည်၊ ရခိုင်မင်းလည်း ချစ်မြတ်ကဲကိုစီး၍၊ တိုက်ဆင် ငါးဆယ်၊ မြင်း ငါးရာ၊ စစ်သည်သူရဲ ခုနစ်ထောင်နှင့် ထွက်သည်၊ စလင်းမင်း နော်ရထာလည်း ရဲမြတ်စွာ ဟူသော ဆင်ကိုစီး၍၊ တိုက်ဆင် ငါးဆယ်၊ မြင်း ငါးထောင်၊ စစ်သည်သူရဲ တစ်သောင်းနှင့် တပ်ကထွက်၏။ သည့်ပြင် တပ်မှူး၊ စစ်ကဲ၊ အပေါင်းတို့လည်း ဆင်မြင်းကချ၍ အလုံးအရင်းနှင့်ချည်း အပြင်းထွက်၏။ မြေဒူးစား သက်တော်

ရှည်လည်း ဟာမယ်ကို ကန့်ကီးသည်၊ လည်ဘက်တိုင်ကကျော်လျှင် ဆင်ခြ ကျေချေ၏။ ဟာမယ်သည်း မြေကြီးကအကျလျှင် ထပ်တုင်းတွင်ရှိသော ဆင် ကုလားတို့ကို လိုက်၍ ရှု၍ ပမ်းသော ပြိုကွဲ၍ ရှိချေ၏။ သည် ပုံမယောက်တို့ မင်းရဲကျော်စွာကိုမူ တန်၍ ရှိချေ၏။

---

## ရာဇာဓိရာဇ် ဆင်ဦးကင်းထက်တွင် သစ္စာဓိဋ္ဌာန်သည့် အကြောင်း

ရာဇာဓိရာဇ်သည်၊ ရွှေဝသားနှင့် ဆင်ဦးကင်းထက်တွင် ဓိဋ္ဌာန်တော်မူ၏။ သားအနုအတော် ငါသေသင့်သော်သည့် နတ်မြတ်— သည်တိုင်းနိုင်ငံ ခမည်းတော် ဆင်မှုသင် နိုင်ငံအောင်မြင်သည်၊ ခမည်းတော် ဆင်မှုသင် မင်းရဲကျော်စွာကိုလည်း သံလျှင်တွင် သစ္စာပြုကြ၍ အရေးတော်ပြီး မင်းရဲကျော်စွာနှင့် ငါနှင့်လည်း ပြည်ခွဲဝေတော်ရွှေဝယ် သစ္စာပြုကြသည် သည်အတိုင်းမှန်ပါလျှင် သည်စစ်ကို ငါအောင်မြင်၍ မင်းရဲကျော်စွာ ငါနိုင်စေသော်— သည်အတိုင်း မဟုတ်ချေလျှင်လည်း မင်းရဲကျော်စွာကို ငါ နိုင်စေ ဟူ၍ နတ်ရေသွန်းတော်မူ၏။ ယင်းသို့စဉ် မင်းရဲကျော်စွာရွှေ လှန် လျှင် ကလေးကျေးတောင်ညီလည်း မိမိတပ်သားနှင့် မင်းရဲကျော်စွာကို ဆင် လိုက်သည်၊ ကလေးကျေးတောင်ညီစီးသော ဆင်ရဲသော်တို့ မှန်မြင်းလှသော ကြောင့် နောက်မှ မြင်းကတောင်သံကို ကြားလျှင် နောက်သို့ပြန်၍ ဝှေ့ သောကြောင့် အသေအလှရှိကြသော်တွင် ခြေသည် မြင်းသည် ကွဲအောကြောင့် မင်းရဲကျော်စွာကိုမူ စစ်သည်တော်တို့ ပျက်၍ ရှိချေ၏။ မင်းရဲကျော်စွာသည် ပါသည့် အလုံးအရင်းနှင့်သာ မှန်တို့ ခြောက်စုခွဲ၍ နေသည်ကို အလုံ ရည်တော်စီးရွေ၍ ဆင်တော် ချစ်နိုင်ကို ချွန်းပွင့်၍ ဗညားဓမ္မရာဇာသို့ တိုက်တော်မူသည်၊ ပျက်လေ၏။ ယင်းကသည် ဗညားရံ အပ်ကို တိုက်တော်မူသည် ပျက်ပြန်လေ၏။ ယင်းကသည် ဗညားကျန်းတပ်ကို တိုက်သည်၊ ပျက်ပြန်လေ၏ ယင်းကသည် ရာဇာဓိရာဇ်အပ်ကို တိုက်သည်၊ ပျက်လေ၏။ သားတော် သုံးပါ လည်း ထပ်ပျက်လျှင် တောသို့ဝင်၍ နေ၏။ ယင်းကမှ သမိန်အင်းဝင် ကပ်ကို တိုက်တော်မူသည်၊ ဆင်တော်လည်း ပန်းကုသည်နှင့် နောက်တော်က ဆင်ကု အမတ်တို့ မလိုသောကြောင့် ဆင်တော် ရပ်ချေ၏။ ထို

ဆင်စနိုင်လည်း၊ သုံ့ရဲသုံးထောင်နှင့်ခံ၍ တိုက်လေ၏။ ရာဇာဓိရာဇ် သားတော်
သုံးပါးလည်း၊ ရဲမက်တော်တို့ နောက်တစ်ပ မပါသည်ကိုသိလျှင်၊ တောကလှုက်၍
မင်းရဲကျော်စွာ စီးသောဆင်ကို အစီး သုံးဆယ်ခန့် ဝိုင်းညီ၍တိုက်လေ၏။ မင်းရဲ
ကျော်စွာလည်း၊ ဆင်တော်ပန်းသည်နှင့် စစ်ကူမမီ၍၊ဆင်တော်ကိုလုံ ချက်တစ်ရာ
လေးဆယ်ကျလျှင် နာလှ၍၊ ဆင်တော်ခါလျှင်၊ ဆင်တော်ထက်က လျှောကျ၍
ပေါင်တော်ကို ဆင်လိမ်ချေ၏။ ရပ်တော်မမူနိုင်၊ တားချ၍ ရေကန်နား ညောင်ပင်
အောက်သို့ ဝင်၍ နေတော်မူ၏။ ကုန်းလယ်တင်သော အထိန်းတော်သား
နှစ်ယောက်ရှိလည်းဆုံးလေ၏။ နောက်တော်တွင်ပါသော၊ မြင်းသည် ခြေသည် တို့
လည်း ထိပါးသေပျောက်သည်များ၏။ မွန်တို့လည်း၊ ဆင်တော်ထက်တွင်
မင်းရဲကျော်စွာကို မမြင်မှ ဆင်တော်ကို ဝန်းရံ၍ ဖမ်းလေ၏။ ရလျှင်-ဆင်တော်
နောက်ထိုင် ငနတ်တော်ကို စစ်မေးသော်၊ ကျွန်ုပ်တို့အရှင်ကို ရှာသော်လည်း
မရ၊ ကျွန်ုပ်လည်းမသိ ဟူ၍ဆို၏။ ရာဇာဓိရာဇ်လည်း ငါ့တူတော်ကို အပြစ်မရှိ
သားပြုမည် ဟူ၍မိန့်တော်မူလျှင်၊ ကျွန်ုပ်တို့အရှင်ကို တွေ့တော်မူလိုလျှင်၊ သစ်
ဝတ်သစ်ပင်တိုင်းကို ကြိုးနှင့်ပတ်၍ ရှာတော်မူဟူ၍ လျှောက်လျှင် ရှာရ၏။ မင်းရဲ
ကျော်စွာလည်း၊ ဆင်လိမ်တော်မူသည့်အရာ နာလှသောကြောင့် သွားတော်မမူ
နိုင်ချေ။ ညောင်ပင်အောက်တွင်-နေတော်မူသည်ကို၊ မွန်တို့တွေ့လျှင် ဖမ်း
ယူ၍ ဆက်လေ၏။ ရာဇာဓိရာဇ်လည်း၊ မင်းသားသူငယ်ဖြစ်သသူကို ငါမိမသော
ဘူး။ အစ်ကို သည်-ဆေးဝါး ထမင်းကိုသာစားပါ၊ လွတ်အောင်ကုမည်၊ လွတ်
လျှင်၊ သည်တွင်နေလိုလည်း- ငါ့သမီးတော်နှင့်စုံဖက်၍ အိမ်ရှေ့အရာကို ငါပေး
တော်မူမည်။ အင်းဝသို့ သွားလိုသောစိတ်ရှိလျှင်လည်း၊ ငါက-အမှုးအမတ်တို့
ကို ပို့စေမည်။ ကိုယ်ကိုသာကျန်းအောင်ပြုပါဟူ၍၊ ဆေးလည်းပေးတော်မူ၏။
မင်းရဲကျော်စွာလည်း၊ မွန်ဘို့ ထမင်းဆေးဝါးကို ငါမစားပြီ။ ဟံသာဝတီကို
မရသဲ-မပြန်ပြီဟူ၍ ငါ ခိုင်ခွန်ရင်းရှိသည်။ ယခု ငါသို့စဉ်-ဖြစ်ခဲ့ပြီးသော်-သူ့
ကျွန်ဟူသောအမည်ကို ငါမခံပြီ။ ငါအသက်ရှင်သော်ထက်-သေသော် မြတ်၏။
ငါ့ကို သတ်မည်ကိုသာ စီရင်တော့ဆိုလျှင်၊ ရာဇာဓိရာဇ်လည်း၊ မင်းရဲကျော်စွာ
သောနှိုးတိုင်အောင်မှ စိတ်ကိုမလျှော့၊ နောင်သော် ငါ့ကိုပင် ကြံပြန်ချိမ့်မည်
ဟူ၍ ထိုညဉ့်တွင်ပင် လုပ်ကြံ၍၊ မိုးသောက်လျှင်-ဆင်လိမ်တော်မူသော အနာသည်း
၍ အနိစ္စရောက်သည် အပြန် ကောင်းမွန်စွာ သင်္ဂြိုဟ်လေ၏။ မင်းရဲကျော်စွာ
ဆုံးသောသက္ကရာဇ်ကား- (ခုနစ်ရာ့ခုနစ်ဆယ့်ရှစ်ခု တန်ခူး လဆန်းလေးရက်၊
ဗုဒ္ဓဟူးနေ့ ဆုံးတော်မူသည်)မင်းရဲကျော်စွာ ဆုံးတော်မူသည့်ညဉ့်တွင် အင်းဝမှာ
ကုက္ကိုပင်စောင့်သောနတ်သည် ကိုယ်ထင်ပြ၍၊ မင်းရဲကျော်စွာ ဆုံးချေပြီ ဟူ၍

ခုံသေးဟူ၏။ ထေပ်မှုစစ်က အပေါင်းတို့လည်း မင်းရဲကျော်စွာ သုံးတော်မူ၍ မိုးသောက်လျှင် သုံးတော်မူကြောင်းကို စာရေး၍ ပင်လယ်ကျေး-သည် ရာဇသေးသော လင်းတလည်တွင် စာခွေ့ချုပ်၍ လွှတ်လိုက်သည်။ အင်းဝသို့ သုံးချက်တီးချိန်ကို ရောက်လာ၍ ဘုန်းတော်ကြီးက ဘုရင်မင်းခေါင်သို့ သက်ဆ သေးသူ၏။

ရာဇာဓိရာဇ် ဆင်ပဟာမတ်လည်း မြေဦးစားကို ခ ချုပြီးလျှင်၊ တပ်ရှောင်းတွင် မှီသည် ဆင်မြင်း လူသူကို လိုက်လံစေ့ ပက်၍ တပ်ကသွက်၍၊ မှန်တိုတယ် သို့သွားလေ၏။ ရာဇာဓိရာဇ်မြင်လျှင် ဦးစီးပြေန်ကို သံခြေကျဉ်းခတ်၍ ထားရာ လှလျှိုကြိုရ၏။ ဟာမတ်လည်း ဦးစီးပြေန်ကို မြင်လျှင်၊ နှာမောင်းနှင့် ပိုက်ပြီး တယ်သို့ဝင်လေ၏။ ရာဇာဓိရာဇ်လည်း အားရတော်မူ၍ ကြံငုက်ပျော ကျေးမွေ ပြီးလျှင် စပ်တောင်းကျေးတကောင်း၍သာကို ပေးတော်မူ၏။ ပြေန်ကို နာဂပတ္တိ ဟူသော အမည်နှင့် ဇာသလမ် ဟူသော၍သာကို ပေးတော်မူ၏။ ( မှန်ရာဇဝင် မှာပုံတိုက်တွင် ဟာမတ်ဦးစီးပြေန်ကို မြင်းသည်တော်တို့လှ ထိုးမိ၍ ကျစေ သည်ဆိုပြီး အသတ္တင် ပြေန်ကို မယ်နဝိုက်ချေ စေကြောင်း၊ နာဂပတ္တိ အမည် နှင့် ဇာသလမ်၍သာကို ပေးကြောင်းများကို ဆိုပြန်လေသည်။ စကားသည် ရှ နေသင်ပြီ ပြေန် ပဲခူးတိုက်ရာတွင် မကျ။ နာဂပတ္တိ အမည်နှင့် ဇာသလမ်၍သာ ပေးသည်သာ၊ ရာဇဝင်ကြီးနှင့်အညီ အမှန်ယူသင့်သည်)။ ရာဇာဓိရာဇ် လည်း ဟန်နရဲကို ခေါ်တော်မူ၍၊ မင်းသား ရေပ်စား၊ သမိန်မောခွင်ကို၊ သီဟသူနေ နေသည်ကို ရုံတယ်ကို ခြေချစေတော်မူ၏။ ဟန်နရဲလည်း၊ ကျွန်ုပ်ကျွန်တွင် အလုံးအရင်းရှိအသုံး၊ အသို့ပြေနိုင်မည်နည်းဟု လျှောက်၏။ ရာဇာဓိရာဇ် လည်း နတ်တောင်စားကိုခေါ်လေ။ တပ်မည်သို့မရောက်ခင်၊ နတ်တောင်စားကို အလျင်လွှတ်လိုက်၊ နတ်တောင်စားကို သီဟသူမေးလော၊ အစ်ကိုသေသည်ကို ခိုလိုမည်ကိုအသည့် မိန့်တော်မူ၏။ ဟန်နရဲလည်း နတ်တောင်စားကိုခေါ်၍ သွားလေ၏။ ရောက်ခါနီးတွင် နတ်တောင်စားကို သီဟသူတပ်သို့ စေလွှတ် ရှိရောက်လျှင် နောင်တော်လှန်၍ ပျက်ကြောင်းကို ဆိုသဖြင့် ရေပ်ကို အပ် ပြီး၍ သာဆောင် သီဟသူလည်း ပြန်တော်မူခဲ့၏။

ထိုတွင် မင်းရဲကျော်စွာကို ရာဇာဓိရာဇ်မှတော်မူ၍ ကျန်တော်မူသော်လည်း ရေပ် ကြည့်တော် မင်းတို့သည် ရုံးဝ၍ အနိုင်ပင် နေကုန်၏။ ရှင်ဘုရင် ရာဇာ မိရှင်က နှုတ်ကြီး သုံးကြိမ်လုပ်ကြသည်၊ မနိုင်ချေ သောကြောင့် အမတ်ကြီ

လျှောက်သည်။ ကျွန်ုပ်တို့ပြည်ရွာကို မြန်မာမင်းသားသည် အကြိမ်ကြိမ်ချီလာ၍ ဖျက်ဆီး နှိပ်နင်းလေ၍ ပျက်စီး ရိုပွတ်လှချေသည်။ မင်းသား မင်းရဲကျော်စွာလည်း ဗိုလ်မင်းတပ်မင်း မှူးကြီး မတ်ကြီးများလျှောက်သည်ကို မယူ၊ ကိုယ်လိုတူပြုသောကြောင့်သာ ရတော်မူချေသည်၊ ယခု မင်းသားမရှိလျှင် ဗိုလ်မင်း တပ်မင်း များသည်လည်း အရေးအရာရှင်ချည်း ဖြစ်ချေသည်။ လုပ်ကြံတော်မူသော်လည်း ရခက်ချိမ့်မည်၊ ကျွန်တော် ပြောင်းပြစားသား၊ စလင်းစားကို ဟမရာနှင့် စေတော်မူ၊ စလင်းစား ကျွန်ုပ်တို့ကို စိတ်ညီက အလုံးစုံကို အလွယ်နှင့် အောင်မတော်မူမည်ဟူ၍ လျှောက်၏။ အမတ်ကြီး အရေးသည် သင့်လှပေ၏ ဟူ၍ စာနှင့် စေတော်မူ၏။ စာတွင် ပါသည်ကား။ ။ငါ မိန့်တော် မူသော စလင်းစားငါ့သား — မင်းရဲကျော်စွာသည် မင်းတို့ မကူမညီ ပါသောကြောင့် ဆုံးရလေသည်။ မင်းတို့ အလုံးစုံသည်။ ငါ့လက်တော်က လွတ်နိုင် မည်လော၊ မင်းတို့ အလျှင် ခွါလေ၍ လွတ်လေ သော်လည်း၊ ရွှေနန်းသခင် သားတော် တစ်စီးတည်းသာ ဖြစ်သောကြောင့် ပျက်၍ ငါရတော်မူသည်။ မင်းတို့ အမှူး အမတ်လည်း မကူမညီဟူ၍ ရွှေနန်းသခင် ကွပ်တော် မူလိမ့်မည်။ ခွါနိုင် မည်လည်း ခက်၍၊ ခွါနိုင်၍ လွတ်လျှင် ထိုသို့ ရောက်လည်းခက်၏။ ယင်းသို့ ဖြစ်သောကြောင့် မကွပ်မျက်ခင် မင်းတို့ ငါ့သို့ ဝင်ခဲ့သော် မြောင်းမြို့လည်း မင်းဘူမြို့ဖြစ်သည်။ မြောင်းမြို့ကို ပေးတော်မူ၍ သူကောင်း ပြုတော်မူမည်။ သည်စာနှင့် ရွှေဖလားတစ်ဆယ်ခုတ်၊ ပုဆိုး ကိုယ်တွင်းပြည့် လေးအုပ်နှင့် စလင်းစားကို စေတော်မူသည်။ စလင်းစားသို့ ရောက်၍ သံတော် စာပွဲစားကို ကျေးမေးပြီးလျှင် မြန်မာ ခမောက် ဆောင်းစေ၍၊ တပ်တွင်းတွင် အစီအမံကို လှည့်၍ မြင်၏။ မင်းမြင်သည်အတိုင်း မင်းသခင်ကို ပြောလေဟူ၍လည်း မှာလိုက်၏။ သို့မှ စလင်းစားဆိုသည်။ ငါတို့သခင် သားတော် မင်းရဲကျော်စွာသည်၊ မင်းသား သူရဲမည်ကာမဟုတ်၊ အရေးကို လည်းကောင်း၊ လက်ရုံးကို လည်းကောင်း၊ မည်သည်ကိုမျှ ဆိုစရာမရှိ၊ ငါတို့သခင်သားတော်အရေးမှား၍ လက်တော်သို့ရောက်၏ဟူသည်ကို ငါတို့မယုံ မဟုတ်တန်၊ စစ်သည်မက်သည်တစ်ထောင်နှစ်ထောင် ယှဉ်လျှင်ယှဉ်မည်သာ၊ ကျေးတော် ကျွန်တော်တို့ ပွဲကြီးလို၍ မင်းရဲကျော်စွာကို ရပြီဟူ၍ လျှောက်သည်ကို ယုံတော် မမူနှင့်ဦး စုံစမ်းတော်မူဦး၊ မင်းရဲကျော်စွာကို ရတော်မူသော်လည်း၊ ငါတို့ ဗိုလ်မင်း၊ တပ်မင်း စီရင်စည်းကြပ်၍ နေသည်ကို မင်းမြင်ပြီးသည်။ ရှင်ဘုရင် ကြီးကုတ်၍ လုပ်ကြံတော် မူသော်လည်း၊ ရနိုင်မည်မဟုတ်၊ ယခုလသည် ငါတို့သခင် ဘုရင်မင်းခေါင် အလုံး အရင်းနှင့် ချီတော်မူလာပြီ ရောက်တော်မူလာတော့မည်။ ငါတို့သခင် ရောက်တော် မူလာလျှင်

ပုံရသည် ငါတို့လက်ထက် လှည်နိုင် မည်လော ပုသိမ်မြေခြင်းမြသည်၊ ငါတို့ မွှားအား မှန်၏၊ မြန်မာသင်း ထမင်းကိုစား၍ ရေကိုငါတို့ သောက်ရ ပုသိမ်မြေခြင်းမြကို ငါတို့မမြင်လိုပြီ၊ ငါတို့သခင် ရှင်ဘုရင် ရာဇာဓိရာဇ် ငါတို့သခင် ဆင်ဖြူရှင် သားတော်၊ ငါတို့လည်း ကျွန်သား၊ ငါတို့ [illegible] မြည့်ခအို ဖူးဆီးတော် မူသောအခါ အရပ်အနေ မသင့်၍ လက်တော် ရောက်သမျှသည် အသက်မလွတ်၊ ယင်းသို့ကြောင့် ငါတို့သခင် ရွှေနန်း ကျွန်တော်ခံသည်။ အရည်အလိုက် စည်းစိမ် ကြီးစွာ ပေးတော်မူ၍ [illegible] ထမင်း ခံတော်မူလျှင် ငိုလ်ထုကို စီရင်၍ အမှုတော်ကို ထမ်းရပေသည်၊ ကျေးဇူး တော်ကို မဆပ်နိုင် နာညီအောင် မိန့်တော်မူနိုင်ဟူ၍ ဆိုလိုက်၏။ လက်ရုံး တောင်း နှုတ်မြည်လည်း ဆက်လိုက်၏၊ စေသသူ သံစာ ပွဲစားကိုလည်း ကျေး မွေး၍လွှတ်လိုက်၏၊ စေသူရောက်၍ ဝလင်းစား စကားကို ကြားတော်မူလျှင် လျှင်ယံသည် ရွှေနေ့သင်းပင် အရေးခိုင်မာစွာ ဆိုတတ်သည်ဟူ၍ [illegible] ရာဇာဓိရာဇ်လည်း သုတ္တံတပ်မှူး စစ်ကဲအပေါင်းတို့သည်၊ အလွန် နှလုံး [illegible] သည်ဟူ၍ မိန့်တော်မူ၏၊ မင်းရဲကျော်စွာက အစောင့်ထားသည့် တောင်းခု စားလည် မင်းရဲကျော်စွာ လှန်သည်ကြားလျှင် ပုသိမ်က ခွါ၍ ဘိုးဒေါ် ကြောင်းသွား၍ မြည်သို့ ရောက်လေ၏။

---

## ဘုရင်မင်းခေါင်းထံ မှူးမတ်များ စာဆက်သသည့်အကြောင်း

အလကျင်နေသည့် ငိုလ်မင်း တပ်မင်းများလည်း ရှင်ဘုရင်မင်းခေါင်သို့ စာ ဆက်ရလေ၏၊ စကား ရွှေအဝါးတော်အောက် ကျွန်ုပ်ကျွန်တစ်စု ရှိဦး၊ နာ တော် လျှောက်ထံ့သော ဘုန်းတော် ကြီးလှသော ဘဝရှင်ဘုရား– အရှင် သားတော်သည်၊ ကျွန်ုပ်တို့ ငိုလ်မင်း တပ်မင်း၊ အမှူး အမတ် စကား မဝင်ရ ကိုယ်လိုတုသော ကျင့်တော် မူသောကြောင့် ရန်သူ လက်သို့ ရောက်ရလေ ယာ၏၊ ကျွန်ုပ်တို့ ကြံကြံခဲ့လျှင် ကျွန်ုပ်တို့ကို နှစ်ကြိမ် သုံးကြိမ်တိုင် မပါမယုံးသပါဘုရား၊ ဘုန်းကြီးသည့်အရှင်– ကျွန်ုပ်တို့တွင် ပည်သည့် မှုနိုင်ချိန်မည်ဘုရား၊ သည်စာနှင့် ချီလာတော်မူပါမှ ကျွန်ုပ် အမတ်နှစ်ယောက် လျှော်ကာအနှင့်

မင်းသမီး ရှင်မင်းလှကို တင်ဆောင်၍ သွားရ၏။ ။( မှန်နန်းရာဇဝင်တွင် မင်းသမီး ရှင်မင်းလှ လှော်ကားသို့ တက်တော်မူရာ လှော်ကားနစ်၍၊ ကြည်းသို့ တက်ပြန်သည်တွင် ဗညားဒလ ကျွန်တို့တွေ့၍၊ ဗညားဒလသို့ ဆက်လျှင် ဝှက်ထားသည်နှင့် ရာဇာဓိရာဇ် သိတော်မူလျှင် ဗညားဒလ ဆက်ရသည်၊ နောက်မှ အမတ်ဒိန် မကြိုက်၊ မဟာသမန်တို့လျှောက် ဗညားဒလနှင့် စုံဖက် ကြောင်းများကို ဆိုလေသည်။ ။မိဖုရား ရှင်မင်းလှအား မင်းရဲကျော်စွာ လွန်တော်မူသည့်နောက် အင်းဝရွှေမြို့တော်သို့ လှော်ကားနှင့် တင်ဆောက်၍ သားတော် သီဟသူနှင့် စုံဖက်တော်မူပြန်သည်၊ နောက်လည်း တန်ဆောင်း ရှင်ခံကြောင်းကို ရာဇဝင်ကြီး- ရာဇဝင်သစ်၊ ကျောက်စာ အစောင်စောင် ထုတ်ရှိသည်၊ မှန်နာဇဝင်မှာ ထိမ်ရွှေမိဖုရား စောမင်းလှ ကို ရကြောင်းနှင့် တင်လွှား၍ ဆိုလေသည်)။ ။ဘုရင်မင်းခေါင်လည်း နှလုံးမသာတော်မူသည် ဖြစ်၍ လှေတက်ခန့်၍ ကြိုလာစေသည်၊ တရုတ်မော်တွင် မင်းသမီး ရှင်မင်းလှနှင့် လျှောက်လာသည့်အမတ်ဘိုကိုတွေ့၍ အလျှင်အမြန် ဆန်တက်သည်နှင့် အင်းဝ ရွှေမြည်တော်သို့ ရောက်၍ ကြားတော်မူပြန်လျှင် အသွန် နှလုံးမသာ ရှိတော်မူ၏။

ရာဇာဓိရာဇ် လည်း အမတ်ဒိန်ကို ခေါ်တော်မူ၍၊ အရေးတတ်သော အမတ်ကြီးသဘောသည် အရှင်မင်းကောရာင်နှင့် ကွဲ၍ မတင့်တယ်၊ ဆင်ရဲတို့ လည်း ဆင်တံခွန်နှင့် ကင်း၍ မတင့်တယ်။ ။အရေးတတ် အမတ်သည် အရှင် မင်းကောရာင်နှင့် ကွာခသော် မင်းနှင့် အမတ်သည် သူအဖြစ်တင်မသွတ်၊ ယင်းသို့ ဖြစ်သောကြောင့် သူ အဖြစ်မဆိုရစေနှင့် အမတ်ကြီး ငါ့ အပါးတော်တွင် နေခဲ့၊ မြန်မာ မင်းမယားကို ပန်းကျော်ဘယ်တွင် မြန်မာမင်းဖျက်လေ၍ ငါရတော်မူလိုက်သည်၊ နောက်အားကြီး၍ ချီပြန်လာသည်လည်း သားတော်ကို ငါရ၍ လွန်လေသည်၊ မြန်မာမင်းချက်တစ်ဖြုတ်ရောက်လတ်သော် အမတ်ကြီး နီးမှ ငါ တိုင်ပင်တော်မူရမည် မိန့်တော်မူ၏။ ။အမတ်ဒိန်လည်း ခြေရင်းတော် တွင် မြဲမည်ဟူ၍ လျှောက်၏။ ကြားတော်မူလျှင် အမတ်ကြီးကို စစ်တောင်း မြို့ကို ပေးတော်မူ၏။ သမိန်အင်းဝနိုင်ကို ပုသိမ်မြို့ကို အစောင့်ခန့်တော်မူ၏။ သမိန်သံလိုက်ကို မြောင်းမြမြို့ကို အစောင့်ခန့်၍ နေရ၏။ သားတော် ဗညားရံနှင့် ဗညားဒလကို ဒလမြို့တွင် နေစေ၏။ သားတော် ဗညားကျော်ကို ဒဂုန်တွင် နေစေ၏။ ယင်းသို့မှ ဘုရင်မင်းခေါင်ရောက်လျှင် စစ်နွှဲဖက် ညှိမ်နိုမည်ဖြစ်၍ ရှင်ဘုရင် ရာဇာဓိရာဇ် ပဲခူးသို့ပြန်ခလ၏။ ။ဘုရင်မင်းခေါင်လည်း သားတော် မရှိ၍၊ ရဲမက်ဒေတာ်ဘိုကို သုတ်ိုက်၍ လဲကြောင်းကို ကြားတော်မူလျှင် ဆင်လုံး မြင်းရင်း အများစီရင်တော်မူ၍ ရေအား၊ ကြည်းအား၊ ဟံသာဝတီသို့ နေ့ညဉ့်

စုန်တော်မူ၏။ စလင်းစား နေ်ရှာသ၊ ကလေးစား ကျေးတောင်ညိုတို့ကို အလုံးအရင်း ဆင် မြင်း တို့ကို ငါးစု စု၍ မကွဲမပြိုရအောင် ကြပ်မကျပ် ကြည်းရောက်၍ မြန်လာ၏။ လှိုင်မြို့သို့ ရောက်လာလျှင် ဘုရင်မင်းခေါင် ချီတော်မူလာသည်နှင့်တွေ့၍ သားတော် သုံးကြောင်းကို စေ့စုံစွာလျှောက်လျှ အလွန် ကြောက်ကြတော်မူ၏။ ယင်းသို့မှ ငါ့သားတော် သင်းချိုင်းယာကို ငါ ကြည့်တော်မူမည်ဟူ၍၊ ရေအား ကြည်းအားနှင့် ခလည်သို့ စုန်တော်မူ၏။ ခလည် အစောင့်အနေခံသော မှန့်မင်းသား ဗညားရံနှင့် ဗညားဒလတို့သည် မြန်မာတို့ မြန်လေပြီ ဟူ၍ မြို့မြင်ဘယ်ခွင်မှာ အမှတ်မဲ့သည့်အခိုက် လှေဝင်း ကိုလည်း ပုသိမ်သားတို့ လာသည်ထင်၍ အမှတ်မပြုကြ၊ ဘုရင်မင်းခေါင် လှေကပ်သားတို့ ရောက်လျှင် ဗညားရံနှင့် ဗညားဒလမှာသား၊ မြင်းစီး၍ ပြေးလေ သောကြောင့် လွတ်လေ၏။ ရံမက်တော်တို့ကို လိုက်လံဖမ်းဆီး၍ သုံ့ပန်း လုသွား— အများရတော်မူလိုက်၏။ ဘုရင်မင်းခေါင်လည်း ခလည်သို့ ရောက် တော်မူလျှင် အလုံးအရင်း ဆင် မြင်း ဝန်းရံ၍၊ သားတော် သင်းချိုင်းရာ သို့ သွားတော်မူ၏။ သားတော် အရိုးကိုလည်း ရာဇာဓိရာဇ်မြှုပ်ရာမှ ဖော်ပြီးလျှင် ထိန်ရှုပ်ရပ်၍ အမွှေး အမတ် တကာ အသပေါင်းတို့ ပူဇော်စေပြီး ရွှေအိုးတွင် ထည့်ပြီးလျှင် လှော်ကားတွင် တင်၍ မဟာအဝမှာ ချရ၏။ ။သက္ကရာဇ် (ခုနစ်ရာ ခုနစ်ဆယ့်ရှစ်ခု တန်ခူးလဆန်း လေးရက် ဗုဒ္ဓဟူးနေ့) မင်းရဲကျော်စွာ သေတွင် မှုတ်သည်ကို ဆိုသောစကား—ပြီး၏။

ရာဇာဓိရာဇ်လည်း သက္ကရာဇ် ခုနစ်ရာ ခုနစ်ဆယ့်ကိုးခုတွင် စုယ်ရဝတီသို့ ဆင်ရဲ သွားတော်မူ၏။ ဘုရင်မင်းခေါင်လည်း လှေတပ်အများနှင့် မြန်လာ၏။ ယင်းသို့ အချိန်တွင် မြောင်းမြို့သို့ ချီ၍ လုပ်ကြံတော်မူ၏။ မြောင်းမြို့အား သိမ်းသင့်ကြီးကြလည်း မမိ၍ တောသို့ ပြေးလေ၏။ သုံ့ပန်း ဆင် မြင်း လူသူ အများ ရတော်မူပြီး ယင်းကမှ ပုသိမ်သို့ ချီတော်မူသည်၊ ပုသိမ်တွင် သမိန် ဆင်းဝနိုင် နေသည်။ ကုလားတုရင့်ကို အသမြောက်ဘက်၊ အနောက်ဘက်၊ လက်ရက် ကိရိယာ ထုတ်ကြသည်ကို မြင်လျှင် အရေး ဆိုတော်မူ၏။ နောင်တော် ဆက်တော် မင်းကြီးကို ကျော်ဆောင်သည်ဖြစ်သောကြောင့် ငါ မြင်တော် မူနိုင်သည်၊ ထွက်ပါ ဟူ၍ စေတော်မူ၏။ (နောင်တော် ဘမက်တော်သို့ သည်မှာ မြို့ ရာဇဝင်တွင် သမိန်ဘရင်းဝနိုင် သမီး မည်တလတ်နှင့် ရာဇာဓိရာဇ်သားတော် ဗညားမွေ့ရာတို့ စုံဖက်ကြောင်းကို ဆိုသည်။)

သမိန်အင်းဝနိုင်လည်း ရွှေနန်းအခင်သည့် ဘုန်းအာနုဘော် ကြီးတော်မူသည်။ မင်းကောရာဇ်စင် မြင်တော်မူချင်သည်ဟု ခေါ်တော်မူသည်ကို မထွက်ပဲ နေသည်လည်း မလျောက်ပတ်၊ ခြေရင်းတော်သို့ ထွက်တုံလျှင်လည်း အမှု့ နေခင်တော်ကို ကြောက်လှပါသည်၊ အပြစ်ပြုတော်မမူပါမည့် အကြောင်းကို ခွင့်တောင်း၍၊ ခွင့်ရမှ ပဏ္ဏာကာရများစွာယူ၍ ထွက်လာ၏။ ဘုရင်မင်းခေါင်လည်း ရွှေလောင်းစီးတော်မူ၍ ထီးဖြူလေးစင်း ဖြန့်တော်မူလျက် လေ့ကတား သံလေ့သုံးရာကျော်နှင့် ပေါ်တော်ထိပ်တွင် ရွှေလောင်းတော် ဦးစွန်းပေါ်တွင် နေတော်မူ၏။ သမိန်အင်းဝနိုင်လည်း ဆက်သရန် အများနှင့် ထွက်လာ၍ ဖောင်တော်သို့ ရောက်လျှင် ကြည်သာစွာ ပြောဟော၍နေစဉ် မင်းရဲကျော်စွာ သားတော် မင်းငယ်ကျော်ထင် ကျွန်မြတ်တော်သည်၊ သမိန်အင်းဝနိုင်ကို ဟင်းရမ်ဘုးလုံ့နှင့် ထိုးသည်၊ ဝေးသောကြောင့် မထိုးမိ၊ ရေတွင် ကျလေ၏။ သမိန်အင်းဝနိုင်လည်း သက်ရှအောင် ဥပါယ်တံမျဉ်းနှင့် ခေါ်သည် အမှတ်ရှိ၍ ဦးချပြီးလျှင် ထ၍သွားလေ၏။ သမိန်အင်းဝနိုင် ရုတ်ခြည်းထ၍ လာသည်ကို မြို့စားကုလားတို့မြင်လျှင် ဓိန်ခပြောင်းနှင့် မြို့ထိပ်က လှေတော်ကိုပစ်လေသည်၊ လှေတော်ခြေကြေးစည်တိုင်ကိုမှန်၍ ကျိုးချေ၏။ သမိန်အင်းဝနိုင်လည်း မြို့တွင်းသို့ ရောက်လျှင် ခွင့်ပေးတော်မူ၍၊ ခြေရင်းတော်ဦးအိုက် ကျွန်တော်ထွက်ပါသည်ကို လူဆိုး လူသွမ်း လုံ့နှင့်ထိုးလေသောကြောင့် ရှည်ကြာစွာ ခြေတော်ကို ဦးမခိုက်ပါရရှိသည်ဟု၍ ဆက်ဖွယ် ကပ်ဖွယ် အများနှင့်လာ၍ လျှောက်လာရ၏။ ဘုရင်မင်းခေါင်လည်း မြေးတော် မင်းငယ်ကျော်ထင်ကို ခေါ်၍ မင်းက ထိုးစေသည်လော ဟူ၍ မေးတော်မူ၏။ ကျွန်ုပ်က မခိုင်း သင်း အလိုလိုသာ ထိုးလေသည် ဟူ၍ လျှောက်၏။ ကြားတော်မူလျှင် မြေးတော်ငယ်ကို မျက်မှောင်ကြီးဖြင့် နေခင်၍ ကြိုက်ရာသွားလော ဟူ၍ အပ်တော်မူလိုက်၏။ သမိန်အင်းဝနိုင်လည်း မြေးတော်ငယ်ကို စစ်မေးသော် မည်သူမျှ ငါ့ကို မတိုက်တွန်းပေ၊ ငါ့အရှင် မင်းရဲကျော်စွာကို မင်းကြီးတိုက်၍ ဆုံးရသောကြောင့် နှလုံးနာ၍ လုံ့နှင့်ထိုးသေသည်၊ ငါ့ကို သတ်လိုရာသတ်တော့ မကြောက် ဟူ၍ ဆိုလျှင်၊ သမိန်အင်းဝနိုင်လည်း သင်းသည် သူရဲကောင်း၏ လက္ခဏာ ရှိသည်၊ အရှင်ကို ချစ်သည့် ကျွန်လည်းဖြစ်သည်၊ မသေလေကောင်း၊ ဟူ၍ ဆိုပြီးလျှင်၊ သမိန်အင်းဝနိုင်လည်း မင်းကောရာဇ်သည် မြင်သည်ဟူ၍ ခေါ်သောကြောင့် မျက်နှာမပြသော် မလျောက်ပတ် ဟူ၍ ထွက်၍ မျက်နှာပြပါသည်ကို သို့စဉ် ပြုကျင့်ဘိသော် မင်းကောရာဇ်ကိုသာ မသင့် ဟူ၍ အပြစ်ဆိုပေသည်၊ ယခုမူကား၊ မင်းကောရာဇ်က စေတော်မူသည်မဟုတ် မြေးတော် ကိုယ်တိုင်သာ

ပြီသည် ဟူ၍ ဆိုတော်မူလာသော် အကျွန်ုပ်သာ ဆင်ဖြင်ကောင်းချေသော သည် မြို့ထက်က အမြောက်ပစ်ပြောင်းလွတ်ရာမှာလည်း အကျွန်ုပ်သည် မှာ လုံးဝထိ၍ ကျွန်ုပ်အပေါ်တွင် ကျသည်ကို မြို့ထက်က နေသသူတို့ မြင်သော ကြောင့်သာ အမြောက်ပစ်ပြောင်းလွတ်ထည့်လေသည်၊ အမြောက်ပစ်သူတို့ အပြစ်မရှိသာသည်၊ လူ အကျင့်ကြောင့် အကျွန်ုပ် ပစ်စေသကဲ့သို့ ရှိချေသည် ရှေ့နန်းသခင်ကို ကျွန်ုပ် ယုံတော့သည်ဟူ၍ ဆိုပြီးမှသည်၊ လူစွမ်းကို ရွေးနန်းသော လည်း သိတော်မူပြီ၊ အကျွန်ုပ်လည်း သိရပြီ၊ သည်လူအသက်ကို ကျွန်ုပ် တောင်းနိုင်တော့သည် ဟူ၍ ချည်သောကြိုးဖြေစေ၍ လက်ဆောင်လက်နက် အများနှင့် အင်းသည် အရှင်ကို ချစ်သည့် ကျွန်လည်းဖြစ်သည်၊ အသက်ကို ချမ်း တော်မူပါ လျှောက်၍ ဆက်လာ၏။ ဘုရင်မင်းခေါင်လည်း နှလုံးတော်မြဲ၍ ငမြတ်ဆောင်ယက်ကိုမသတ်ပဲ လွှတ်တော်မူ၏။ သမိန်အင်းဝနိုင်သို့လည်း ကျွန်ုပ် လက်ဆက်အံ့၊ တကောင်းဟုံပွဲရလေ၏ ပုသိန်တွင် သုံးချက် နေတော်မူ၍ လေ့ရှား၊ ကြည့်အား၊ ပြုတော်မူ၏။ မွန်တို့လည်း ငတ်မွတ်ရှားပါး၍ သည်နှင့် ဆောက်တိုကြ၏။

သာဝတ္ထိ နှစ်ရာနှစ်ဆယ်ရှစ်ခုတွင် ရာဇာဓိရာဇ်က သားတော် ငညာ ရာဇာကို ပဲခူးနေ၍ ခုနစ်ထပ်ကို တိုက်ဆင် သုံးရာ ငါးဆယ်၊ မြင်း ငါးထောင်၊ စစ်သည်သုံးသိန်း ခုနစ်သောင်းနှင့် တောင်ငူမြို့ကို လုပ်ကြံချေ၍ ချီလာ၏။ ထိုအကြောင်းကို ဘုရင်မင်းခေါင် ကြားတော်မူလျှင် သားတော် ပြည်စား သီဟသူကို တောင်ငူသို့ အလျင်ချီလေ အမိန့်တော်ရှိ၍ ချီရ၏၊ ဘုရင်မင်းခေါင်လည်း ခုနစ်ထပ် စီရင်တော်မူ၍ တိုက်ဆင်သုံးရာ၊ မြင်း လေး ထောင်၊ စစ်သည်သုံးသိန်းသောင်း၊ အလျင် တောင်ငူသို့ ချီလာ၏။ ရောက်လျှင် မွန်တို့သည် တိုက်သည်၊ အလျင်မြန်တော်တို့ ဆုတ်ချေ၏။ နောက်တိုက် ရာတွင် မွန်တို့ ခုနစ်ထပ်တုံးမှုက်၍ သူ့ သုံးထောင်ကျော် သေလေ၏၊ တိုက်ဆင်သုံးသည်၊ မြင်းငါးရာ၊ လူသုံးထောင်ကျော် ရလိုက်၏။ မွန် တို့ ဒေါ်တော်မူ၍ ပြန်ရ၏။ ရောက်လျှင် သားတော် သီဟသူက၍ တပ်မှူး စစ်ကဲ အပေါင်းတို့ အပေတော်မူ၍ နှင်းတော် မင်းရှိကျော်ရာ မိဖုရား စောမင်းလှနှင့် ငွေတို့ ပေးတော်မူ၏၊ ထိုကျိုးသယ်တိုက်၊ ရဲလှအာဃင် ပေးတော်မူသည်။ ပြည်မြို့ကို မှကား ယင်း ဆောင်ရွက်ကို ပေးတော်မူသည်။

သက္ကရာဇ် ခုနစ်ရာ့ခုနစ်ဆယ့်ကိုးခုတွင် စလင်းစား နော်ရထာ လျှောက်၍ ဟံသာဝတီသို့ ရေအား၊ ကြည်းအား၊ ချီမှ၏၊ ကြည်းတပ်၊ ခုနစ်တပ်တွင်ပါသည့် တိုက်ဆင်လေးရာ၊ မြင်းခုနစ်ထောင်၊ စစ်သည်သူရဲ ခုနစ်သောင်းနှင့် သာယာဝတီကြောင်းချီရ၏။ ရေတပ်ခုနစ်တပ်တွင် ပါသည့် ရဲလှေကြီးသုံးဆယ်၊ ရဲလှေငယ် လေးရာ၊ လှော်ကားသံလှေ ငါးရာ၊ မိကျောင်းကုန်လှေခုနစ်ရာ၊ စစ်သည်သူရဲ ကိုးသောင်းနှင့် သားတော် အိမ်ရှေ့မင်းကို ဗိုလ်မှူးခန့်၍ ချီရသည်။ ဒလသို့ရောက်လျှင် မြို့ကို လုပ်ကြံတော်မူသည် မရချေ။ မွန် မင်းသားတော် ဗညားဒလ၊ ဗညားကျန်းတို့ ခံသည်။ နိုင်ခံသောကြောင့် ဒဂုံသို့ ချီတော်မူ၍ လုပ်ကြံတော်မူသည်။ ဒဂုံမျက်၍ ဒဂုံစား မွန် မင်းသားတော် ဗညားဓက်နှင့်တကွ တစ်မြို့လုံးကို ရတော်မူ၏။ ယင်းသို့ရလျှင် စစ်ရေးသူကို အလုံးအရင်းနှင့် အစောင့်အနေခန့်ပြီးလျှင် သံလျင်သို့ချီ၍ လုပ်ကြံတော်မူသည် မရချေ။ သမိန်အင်းဝနိုင် ခံသည်၊ နိုင်ခံလှသောကြောင့် အမြောက်၊ သေနတ်ထုတ်ပစ်လှသည်နှင့် မော်ဘီသို့ချီ၍ လုပ်ကြံတော်မူသည်။ ကလေးကျေးတောင်ညို ဆင်မဲ့ဘုန်းကိုစီး၍ တိုက်သည်။ မြို့သစ်တပ်ပို့၍ မြို့စား သမိန် ဖြတ်စနှင့်တကွ တစ်မြို့လုံးကို ရတော်မူ၏။ မော်ဘီကိုရလျှင် ဒပိုင်ဒပ်လုံးတည်၍ တစ်မိုးတွင်း နေတော်မူ၏။ ရာဇာဓိရာဇ်ကား မုတ္တမသို့သွား၍ နေတော်မူ၏။ မွန်တို့လည်း မြို့ကိုသာ အခိုင်အလုံပြု၍ခံသည်။ ထွက်၍မတိုက်ဝံ့ကြ၊ ဒိုလတ်သော်— ဆင်မြင်း ဗိုလ်ပါ ဉောင်းညာသည်နှင့် ရတော်မူသည့် မွန်မင်း သားတော် ဗညားဓက်နှင့်တကွ အမှူး အမတ် လူသုံးထောင်ကျော်ကို ယူ၍ ပြန်တော်မူ၏။ ရောက်လျှင် ဘုရင်မင်းခေါင် အားရတော်မူ၍ စားတော် ကွမ်းတော်၊ စားတော် လက်ဖက်အိုး ၊ သောက်ရေတော် တကောင်းဖုံးအစုံ အိမ်ရှေ့မင်းကို ပေးတော်မူ၏။ မွန်မင်း သားတော် ဗညားဓက်ကိုလည်း မရှုတ်မချ အဝတ်အစား အစေအပါး ပေးတော်မူ၍ မပြတ်ခစားရ၏။ ဘုရင် မင်းခေါင်လည်း ရာဇာဓိရာဇ်သားတော် ဗညားဓက်ကိုရ၍ ငါနိုင်လုံးတော် ပြေတော့သည်။ မွန်နှင့် ငါနှင့် တိုက်ရန်မပြုပြီဟု၍ မိန့်တော်မူ၏။ ရာဇာဓိရာဇ်လည်း မုတ္တမက ပြန်၍ ပဲခူးသို့ ရောက်တော်မူမှ သားတော် ဗညားဓက်ကို မြန်မာတို့ ရလေသည်ဟု၍ လျှောက်လျှင် ဒလသို့ ချီတော်မူပြန်၏။ သီဟသူတို့ အင်းဝသို့ပြန်လေပြီ ဟု၍ ကြားလျှင် ပဲခူးသို့ပြန်တော်မူပြန်၏။ ။သက္ကရာဇ် ခုနစ်ရာ့ရှစ်ဆယ့်သုံးခုတွင် အမတ်ပညာရှိ မင်းရာဇာကြီးမှာ ကုန်၏။ ရွှေနန်းသခင် ဘုရင် မင်းခေါင်ကား နောက်လျှင် စစ်မက်ကို မစီရင်၊ ကောင်းမှုကုသိုလ်ကိုသာ ဆည်းပူး၍နေတော်မူ၏။ ပညာရှိလျှောက်သောစကားကို ယူတော်မူ၍ ပြည်ရွာဝပြော သာယာ၏။

ပြည်ထဲအရေးကိုမှုသာဖြင့်လုပ်ကြသည်။ သူတို့မှည်ကို ကြောက်ရွံ့သဖြင့်လည်း ပြည်သူများကို ကြက်တော်မူ၏။ ကောင်းမှုတော်ကား ပင်းယ ရန်အောင် မြင်ဘုရား ပုညာနုဘော် ကြက်တော်မူ၏။ ကျောင်းတော်သိမ်လည်း တည်တော်မူ၏။ ဖယ်မိဖုံး နှစ်ဆယ့်ရှစ် မည်းမိန် နှင့် ကျောင်းတော်သိမ်လည်း တည်တော်မူ၏။ အနိစ္စရောက်တော်မူ၏။ ရောက် နှစ်ဆယ့်တစ်ဆောင်တော်လေးဆယ့်ကိုးနှစ်သော် အနိစ္စရောက်တော်မူ၏။ ကြာသပတေး ကြယ်၊ သိဖြ လိုသော် ဆင်းစာ ရွှေစည်းပော် ငြိမ်းတနင်္ဂ၏။ ကြာသပတေး ကြယ်၊ သိမ်း နှင့် ကမ္ဘာတွင် လားလာမူ၏။ စနေကြယ်၊ သောကြာကြယ်၊ လတွင်ချင်း၏။ နံတော် ဆင်းသွားတည်း။

---

## ဘုရင်မင်းခေါင်နှင့် ရာဇာဓိရာဇ် လူ့ပြည်ငြိမ်း၍ နတ်ထီးကြွနန်း ကြမြန်းတော်မူကြသည့် အကြောင်း

ဘုရင် ရာဇာဓိရာဇ်လည်း ဘုရင်မင်းခေါင် လွန်တော်မူသည်ကို ကြားလျှင် ငယ်ကျော်နှင့် ငမြန်တွေ့ဖက်ဖြစ်ကြသည်။ ငညိုတော် အနိစ္စတရားသို့ လိုက် ရလေပြီ၊ ငသော ကြွင်းသေးတော့သည်။ သင်္ခါရ တရားသည် အတည် မရှိ အနိစ္စတကား—ဟူ၍ နှလုံးမသာ မိန့်တော်မူသည်ကို မိဖုရားများ ကြားလျှင် "ဘုရင်မင်းခေါင်သည် ရှင်ဘုရင်ယောက်ဖလည်း တော်သည်၊ ယောက္ခမလည်း တော်သည်။ ယခု ဘုရင်မင်းခေါင် မရှိပြီးသော်၊ စစ်မက်ဆင်၍ မိဖုရားကတော် ရှိမင်း၊ ကိုယ်လုပ်မောင်းမများကိုယူတော့" ဟူ၍ ပြည်သူယ်ကြကုန်၏။ ရာဇာဓိရာဇ်လည်း ညဲတိုးပြည်သူယ်ကောင်းပလေ၏။ ယခု သူ့ကိုစစ်မက်မပြုပြီ၊ ငါလည်း အသက်အရွယ်ကြီးပြီ၊ ငါပုံးတစ်ဖက်ကား ညဲတို့ကိုထမ်း၍ မေးမည်၊ ပုံးတစ်ဖက်ကားကုသိုလ်ကောင်းမှု သံသရာ စီးပွါးကို ရှာမည်ဟူ၍သာ ငါကြံ တော့မည်ဟူ၍ မိဖုရားများကို မိန့်တော်မူ၏။ ယင်းသည် နေ့ကစ၍ စစ်မက်ကို မရိုင်ပဲ ဘုရားစေတီ ရုပ်တုတော်၊ ဆင်းတုတော်၊ ဂူကျောင်း၊ ဇရပ်၊ တန်ဆောင်း စသော ပိဋကတ် သုံးပုံ သာသနာတော် စီးပွါးကိုသာ ဆောင်ရွက်တော်မူ၏။ သည့်နောက် တစ်နှစ်လျှင် လယ်တိသလွတ်တောမှာ ဆင်တစ်စီးသည် လုပ ရောင်တင်ရှိသောကြောင့် ဘုရင်ရာဇာဓိရာဇ်၏ လက်တော်နှင့် လွန်ကြောင်းတော် မူသည်။ ဆင်ကို ကြော့မိလျှင် ငင်၍ ထုတ်ရာတွင် ပေါင်တော်ကို လွန်ချုပ် မိလေ၏။ ပေါင်ကိုလွန်ရှစေသည်။ ထိုးသို့ ထိလေ၏။ အနာ ကိုက်လှသော ကြောင့် တဲရှင်တော် ဆလျှင်လုပ်ကြ၍ တဲရှင်တော်တွင် တင်ပြီးလျှင် ထမြန်

ယမံး၍ ပြန်ခဲ့၏။ ပဲ့ပူးသို့ အပျင်ရောက်သောအခါ တောသမ်း အမဲရှာသူကို မှာ၍
မျှော ဆင်သယ်စေ၏။ ဘိုးတော်၍ သွားစေ၏။ ထမ်းစေသည့် ဟံရှင် ထက်တွင်
ဆေးသမား လေးယောက်ကို တင်၍ အနာညှဲစေသော် မနိုးမှတ် စေ၏။ ။
ထိုသည့်အနာ သည်းစွာ လူသေသကြောင့် ခရီးလမ်းတွင်ပင် လွန်ပေါ်မူ၏။
အလောင်းတော်ကို ဝေါနိုင်တင်၍ လာခဲ့သည်။ ကပသမိန်ဂိုက် အရပ်သို့
ရောက်လျှင် မိဖုရားများလည်း ကြိုလာ၍ ဂုံဇရပ်တွင် သင်္ဂြိုဟ်လေ၏။ ။
အရိုးတော်ကို ကောင်းမှန်စွာ ရွှေအိုးတွင် ထည့်၍ ယူခဲ့ပြီးလျှင် သင်္ဂြိုဟ် အသစ်
လုပ်ရာတွင် မြှုပ်၏။

---

## သီဟသူ မင်းအကြောင်း

(၁) သက္ကရာဇ် ခုနစ်ရာ့ရှစ်ဆယ့်သုံးခုတွင် သားတော် အိမ်ရှေ့မင်းသီဟသူ
သည်၊ သီဟသူရ မဟာ ဓမ္မရာဇာ ဟူသော တံဆိပ်ကို ခံတော်မူ၍ မြောက်
သားတော် တန်ဆောင်းရှင် စောမင်းလှနှင့် ရွှေနန်း စံတော်မူ၏။ ခမည်းတော်
မိဖုရား စောဘိုးမယ်ကိုလည်း မိဖုရား မြှောက်တော်မူ၏။

(ရာဇဝင်ကြီးတွင်ကား သီဟသူနှင့် ဘကြီးတော် ဆင်ဖြူရှင် ပေါ်
တရားဖျား သမီးတော် မင်းလှထွတ်ကို ခမည်းတော် ဘုရင်မင်းခေါင်
စုံဖက်တော်မူသည်။ နောက် မကြည် ရှိတော်မူကြ၍ ရှင်းကွာလျှင်
အိမ်ရှေ့မင်း သီဟသူကို မရီးတော် စောမင်းလှနှင့် စုံဖက်တော်မူသည်။
မင်းလှထွတ်ကိုလည်း မင်းရဲကျော်စွာခံ စောရွှေခက်နှင့် စုံဖက်တော်
မူသည် ဟူ၍ ဆိုလေသည်။ မင်းလှထွတ်ကား ခုနစ်ရာ ငါးဆယ်ဘွား
ဖြစ်၍ စောရွှေခက်နှင့် စုံဖက်လျှင် ခုနစ်ရာ ခြောက်ဆဲ့ ငါးခု၊ သမီး
တော် မယ်ယွန်းကို ဖွားသည်ကာလ ဆင်ဖြူရှင် သီဟသူကား
သက်တော် ကိုးနှစ်သာ ရှိတော်မူသေးသည်။ ဆင်ဖြူရှင် သီဟသူကား
သက္ကရာဇ် ခုနစ်ရာ ငါးဆယ့်ခြောက်ခုဖွားတည်း။ သက္ကရာဇ် ခုနစ်ရာ
ခုနစ်ဆယ့်ခုနစ်ခု တန်ဆောင်း မိဖုရားသမီးတော် ပြည်မိဖုရား သမီးဖြစ်
သော ငယ်မည် မယ်ယွန်းဆင်ကတော် သမီးပေါင်နှံ မင်းမဟာတို့သည်
ဟူ၍ တန်ဆောင်း ကျောက်စာ ရှိသည်ကို ထောက်၍လည်း ဆင်ဖြူရှင်
သီဟသူနှင့် မင်းလှထွတ်ကို စုံဖက်တော်မူသည်။ ရာဇဝင်ကြီးတွင်

ဘိုသော စကားသည်၊ ယုတ္တိမတန်လေ။ ၊မင်းလှကွတ်ကို စောလူ
ဖက်နှင့် ရုံးဖက်တော် မှုသည် အမှန် ယူရမည်။ မင်းလှကွတ်ကို စော
မင်းမြို့ ယူ၍လည်း ရာဇဝင်သစ်က နှစ်မည် တွင်သည်ဟု ဆိုသည်)

ဆင်ဖြူရှင် သီဟသူ သားတော်၊ သမီးတော်ကား တန်ဆောင်၊ မိဘုရား
စောမင်းလှ တွင် နောင်တော်မင်းရဲကျော်စွာ သားတော် မင်းရဲကျော်သူ
တစ်၊ မြို့ကောင်း မင်းသမီးတစ်၊ တောင်ငူစား စည်သူကျော်ထင်ဘို့နှင့် သင်္ခ
သို့အခါ ဥဒိန်အမည်နှင့် လက်ရွေးကြီး မြင်းကိုမူးရသည်။ မင်းရဲသော်မြိုင်
တစ်၊ ဒလတွင် ဆုံးသည်နှစ်၊ မြင်သည့် သမီးတော်အငယ်တစ်၊ သားတော်နှစ်
သမီးတော်နှစ်၊ ပေါင်းလေးပါးတည်း။ ဆင်ဖြူရှင် သီဟသူနှင့် စောမင်း
သင့်သည်တွင်မှ မြင်သည့်သားတော် မင်းလှငယ်တစ်၊ နှမတော် စောမြို
ချမ်းသာတစ်၊ မြောက်သားတော်ကား မိုးညှင်းမင်းတရားတူတော် တောင်တွင်း
သို့ ပေးလိုက်ရတည်း။ ညီမတော် ရွှေပြည်ရှင်မယ် တစ်၊ သားတော် တစ်
သမီးတော်နှစ်၊ ပေါင်း သုံးပါးတည်း။ ။မိဖုရား ရှင်ဘိုမယ်၊ ရှင်စောပုတို့တွင်
သားသမီး မိုသည်မဆို၊ သီဟသူ မင်းဖြစ်တော်မူလျှင် အထိန်းတော် မြေဖူးစား
ဉာဏ သို့ ပေးသူရ နေ့်ရထာက မူးမြစ်တွင် မျော၍ ရသည့် ဆင်ဖြူ
ပေးတော်မြည့် ဆက်လာသည်တစ်စီးပြည်စား စောရွှေခက်က ရ၍ဆက်သည်
တစ်စီး ထိုကြောင့် ဆင်ဖြူရှင်တွင်သည်။ ။ထိုနှစ်ပြည်စား မင်းရဲကျော်စွာ
စောရွှေခက်ကို ပြည်မြို့ကနုတ်၍ သာယာဝတီကို ပေးတော်မူလျှင် စောရွှေခက်
သမက် မင်းမဟာကို ပြည်မြို့ပေးတော်မူ၏။

(ရာဇဝင်ကြီးတွင်မူကား ပြည်စား စောရွှေခက် မရှိ၍ မင်းမဟာကို
ပေးတော်မူသည် ဆိုလေသည်၊စောရွှေခက် ပြည်ဇုန်မင်းတရားလက်ထက်
တော်တိုင် ရှိကြောင်းကို ရှင်ထွေးညီဆို ပြည်ဇုန်မော်ကွန်းဟောင်း-(ပြည်ဇုန်
မင်းညီတော်၊အတော် လိုသီး၊ဦးရိုးတော်ကျော်စွာ၊ကျေးဥသာနှင့်)တည်
ဆိုသည်ကိုထောက်၍ ပြည်ဇုန်မင်းတရား လက်ထက်တော်တိုင် စော
ရွှေခက် ရှိကြောင်းကို သိသာသည် ဖြစ်၍၊ ရာဇဝင်သစ် ပြည်ဇုန်
မော်ကွန်းတို့နှင့်အညီ အမှန်ယူသင့်သည်။)

ကျွန်တော်မျိုး မြို့တောင်စားကိုလည်း ရဲကျော်ငယ်စင်းနှင့်တကွ ပဒိုမြို့ကို
ပေးတော်မူသည်၊ မိုးညှင်းသတို့သားတော်အငယ် ယင်းသေသောအခါ အသက်
ကိုးနှစ်ရှယ်ရှိသော သူကိုလည်း အင်းဘဲမြို့ကို ပေးတော်မူ၍၊ မားတော်
ကျမရောက်ပိုင်ရ၏။

ယင်းသေသာအခါ ဟံသာဝတီကိုလည်း မွန်မင်း ရာဇာဓိရာဇ်မရှိလျှင် သားတော် ဗညားဓမ္မရာဇာ မင်းပြုတော်မူသည်၊ ညီတော် ဗညားရံနှင့် ဗညားကျန်းမှုကား၊ နောင်တော်ကို သောင်းကျန်း၍ဒဂုန် သံလျင်မြို့မှာ နေလေသည်၊နောင်တော်ဗညားရံနှင့် ကြည်သာတော်မူ၍ နောင်တော်ကအခါ ၍ အိမ်ရှေ့ ပေးတော်မူသည်၊ ညီတော် ဗညားကျန်းမှုကား၊ နောင်တော်ကို ပုန်စား၍၊ ဒဂုန်တွင် အခိုင်နေသည်၊ ယင်းသေသာအခါ ဗညားကျန်းက လက်ဆောင် လက်နက် အများနှင့် ဦးရီးဘော်ရှိစဉ်က ပေးပါသည်။ဒသမြို့ကို ဗညားဓမ္မရာဇာမင်းဖြစ်လျှင် လုယူ၍ ဒဂုန်မြို့မှာ နေသည်၊ ရှေးနှစ်းသခင်က ဒလမြို့ကို ကူညီ၍ လုပ်ကြံတော်မူ ၂ ါမှ ညီတော်ချပါမည်ဟူ၍ အမတ်နှစ်ယောက် လျှောက်လာချေ၏။ ။ဆင်ဖြူရှင် သီဟသုလည်း ရာဇသင်္ကြံနှင့် တရင်ပုညာကို ရဲလှ လွှန်းကြင် အစင်းနှစ်ရာ၊ စစ်သည်သူရဲ တစ်သောင်းနှင့် စစ်ကူချီစေ၏။ ဒဂုန်သို့ ရောက်လျှင် ဗညားကျန်းနှင့် တစ်ချက်တည်း ပေါင်း၍ ရေကြောင်း၊ ကြည်းကြောင်း၊ ဒလသို့ ချီ၍ လုပ်ကြံ၏။ ဒသမြို့တွင်ခံသော သမိန်မောဒွင် သမိန်ပွန်စသည်တို့လည်း မခံနိုင်ချေ၍ ပျက်လျှင် တစ်မြို့လုံးကိုရ၏။ ဗညားကျန်းလည်း သမိန်မောဒွင်နှင့် သမိန်ပွန်စည်ကို သတ်လေ၏။

ရာဇသင်္ကြံ၊ တရင်ပုညာတို့လည်း မြို့တွင်းရှိသော ဆင်၊ မြင်း၊ လက်နက် ကိရိယာတို့ကို သိမ်းယူသည့်ပြင် သူခွေး သူကြယ် တို့ကိုသည်၊ ဥစ္စာနှင့်တကွ ဖျက်ဆီး၍၊ မြို့နေ မိန်းမ၊ ယောကျာ်း၊ တို့ကို လှေသို့ချည်း တင်လေ၏။ ဗညားကျန်းမြင်လျှင် လက်နက်ကိရိယာ ဥစ္စာရွှေငွေကိုသာ သိမ်းယူရမည်၊ လူကို ပသိမ်းသာဟူ၍ ဆီးတားရာတွင် အချင်းတများရှိကြ၍ ဗညားကျန်း ဟံသာဝတီမှာ စစ်ကူခေါ်မြန်၍ တိုက်လေသည်။ ရာဇသင်္ကြံလည်း ဆုံးချေ၏။ စစ်သည်တော်တို့လည်း အများအင် ထိပါး ယိုယွင်းကြကုန်၏။ တရင်ပုညာနှင့် ရဲမက်တော် တစ်ဝက်ခန့်သာ ပြန်လာ၏။ ။မိဖုရား စောမင်းလှလည်း ဆင်ဖြူရှင် သီဟသုသည်၊ မိဖုရား ဘို့မယ်နှင့်သာ ပျော်ပါးတော့သည်၊ ငါသာ မိဖုရားဖြစ်သည်ကို မေ့ကျန်လေသည် ဟူ၍ နန်းတွင်မနေ၊ ရွှေစေတီအနောက်က တန်ဆောင်းကြီး ဆောက်၍ နေတော်မူ၏။ ယင်းတွင်မှ မိဖုရား စောမင်းလှကို တန်ဆောင်းရှင် ဟူ၍ တွင်သည်၊ ဟံသာဝတီမှာသည်း ဒဂုန်စား ဗညားကျန်းသည် မုတ္တမသို့ ကူး၍နေလျှင် ဗညားကျန်းနောင်တော် ဗညားရံ အိမ်ရှေ့မင်းသည်၊ ဟံသာဝတီက ဒဂုန်သို့ ချီလာ၏။ နောင်တော် ဗညားဓမ္မရာဇာကို ပုန်ကန်သောင်းကျန်း လေ၏။

ယင်းသို့ မှန်သုံးရပ်သုံး အရုရှိကြောင်းကို ကြားတော်မူလျှင် မင်းမဟာ ထင်းသို့ တစ်တပ်၊ သီဟပတေ တစ်တပ်၊ ညောင်သူတစ်တပ်၊ နေဘုရားတစ်တပ်၊ ဘယကျော် တင်တစ်တပ်၊ သရေသစ်ဟာတစ်တပ်၊ ရာဇသင်္ကြံတစ်တပ်၊ မိုးညှင်းသတိုးတစ် တပ်၊ သည်ရှစ်တပ်ကိုတိုက်ဆင်သုံးရာ၊ မြင်းငါးထောင်၊ စစ်သည်သူရဲရှစ်သောင်း နှင့် ကြည်းကြောင်း၊ မိုးညှင်းသတိုးကို ဝိုလ်မှူးခန့်၍ ချီရသည်။ ။ရေတပ်မှာ သရေနန္ဒသူတစ်တပ်၊ ဘယဂါမဏိတစ်တပ်၊ ဘယသင်္ကြံတစ်တပ်၊ တရဘျားတစ် တပ်၊ ကျေးဘောင်ညိုတစ်တပ်၊ သည်ငါးတပ်ကို တိုက်လှေငါးရာ၊ လှော်ကား သံလှေနှစ်ရာ၊ ဒိုက္ကာတင် ကုန်လှေနှစ်ရာ၊ စစ်သည်သူရဲ ခြောက်သောင်းနှင့် ကလေးတောင်ညိုကို ဗိုလ်မှူးခန့်၍ သက္ကရာဇ် ခုနစ်ရာ့ရှစ်ဆယ့်လေးခု နတ်တော် လဆုတ် ပံ့သာဝတီသို့ ချီတော်မူ၍ ခဲပေါင်မြို့ကို လုပ်ကြံသည်၊ ရလျှင် ဘုရား တကာဆိုသူကို မြို့စားခန့်တော်မူခဲ့၍ ပုသိမ်ကိုလည်း လုပ်ကြံတော်မူ၍ ရလျှင် တကာဆိုသူကို မြို့စား ခန့်တော်မူခဲ့သည်။ ။ထိုကြောင့် ဖုံ စလင်းစား နေဘုရားကို မြို့စား ခန့်တော်မူခဲ့သည်။ ။ထိုကြောင့် ဖုံ ရွှေကျောင်း ရွှေပေ မင်းရေးသမိုင်းတွင် သက္ကရာဇ်ခုနစ်ရာ့ရှစ်ဆယ့်လေးခု၊ မဟာ သီဟသူရ တရားမင်းကြီးသည် ရွှေလက်ရုံးတော်အား မှန်ပြည် ဒလ ပုသိမ်ကို နိုင်တော်မူ၍ ပုသိမ်ကိုအား၊ စလင်းသူကြီးကိုအစား ခဲပေါင်ကိုအား ဘုရား တကာကိုအစား တည့်တော်မူသည်ဟု ဆိုလေသည့်၎င်းလည်း ညီလေသည်။

ပုသိမ်ကသည် ဒလသို့ကို လုပ်ကြံတော် မူမြန်သည်၊ အောင်တော်မူလျှင် ဒဂုန်မြို့ကို ကြည်းရေ ဝန်းရံ၍ လုပ်ကြံတော်မူသည် မရချေ၊ တစ်လခန့်ရှိလျှင် ဒဂုန်မင်း ထူးလဲသည် နမတော် ရှင်စောပုကို ဆက်ပါတော့မည် ဟူ၍ အရေး စကားဖြင့် တပ်သို့ စေလာ၏။ မိုးညှင်းသတိုးလည်း အတပ် အကြပ် အရေး စကားဆိုပြီးလျှင် ဆင်ဖြူရှင် သီဟသူသို့ လျှောက်လာ၏။ ။ဆင်ဖြူရှင် သီဟသူ လည်း ရေကြောင်း၊ ငါးတပ် စီရင်တော်မူ၍၊ ကတ္တူလှန်းကြင် ငါးရာ၊ လှော်ကားသံလှေ နှစ်ရာ၊ ဒိုက္ကာတင်ကုန်လှေ သုံးရာ၊ စစ်သည်သူရဲ ခုနစ်သောင်း နှင့် ရွှေဘောင်စီးတော်မူ၍ ချီတော်မူသည်၊ လှိုင်မြို့သို့ ရောက်တော်မူလျှင် ကြည်းရေဖက်၍ နေတော်မူသည်၊ ဒဂုန်စား ငညားရဲ ခံ့ညားသည်ဖြစ်၍ နမတော် ရှင်စောပုကို ဆက်ပါမည် လျှောက်ထား၍၊ ပြဿဒ် သုံးဆောင် ဆောက်ပြီးလျှင် နမတော် ရှင်စောပုကို သီရိတြိဘဝနာဒိတျပဝရ အတုလ အဂ္ဂမဟာ ဓမ္မရာဇဒိရာဇ မဟာဒေဝီ ဟူသောအမည်နှင့် မိဖုရားကြီးတို့၏ အဆောင် အယောင်နှင့်တကွ ကိုယ်လုပ် အမတ်သမီး သုံးကျိပ်၊ အထိန်း အချီ ခန့်ရုံ၍၊ ရွှေဝေါနှင့် ဆင်ဖြူရှင်ရှိရာ ဖောင်တော်သို့ မှန် အမတ် မြန်မာ

အမတ်တို့ ဝန်းရံ၍ ပို့လာရ၏။ ။(ရာဇဝင်ကြီးတွင်ကား၊ မိုးညှင်းသတိုးကို ဆင်ဖြူရှင်ကိုယ်တော်ပြု၍ ထိမ်းမြားပြီးမှ ငွေဝေါနှင့် ပို့လာရသည်ဟု ဆိုသည်မှာ ယုတ္တိလည်းမတန်၊ မှန်နန်းရာဇဝင် ရာဇဝင်သစ်တို့၌လည်းမပါ၊ ပထွက်ဖြစ်၍ မိုးညှင်းသတိုးကို ဆင်ဖြူရှင်ကိုပြု၍ ထိမ်းမြားသည်ဆိုသော စကားကို မယူသင့်။)

ဆင်ဖြူရှင် သီဟသူသည်း ဖောင်တော်ထက်တွင် ခရီးဦးကြိုဆီး၍ လက်လှမ်းတော်မူနှင့်၏၊ ရှင်စောပုကား— မှန် မင်း ရာဇာဓိရာဇ် မိဖုရား သုဒ္ဓမာယာတွင် ဗညားရံနှင့် ရှင်စောပုကိုမြင်သည်၊ ခမည်းတော်ရှိစဉ်ကပင် တူတော်နှင့် စုံဖက်တော်မူသည်တွင် သမိန်ဒကာတော် ညီမ နဲ့ဒကာသင်၊ မောင်–သမိန်မရွှတို့ကို မြင်သည်၊ ရှင်စောပု အသက်နှစ်ဆယ့်ငါးနှစ်တွင် မြောက်သားတော် ကံကုန်၍၊ မောင်ဘော် ဗညားရံနှင့်အတူ နေသည်၊အသက်နှစ်ဆယ့်ကိုးနှစ်တွင် ဆင်ဖြူရှင် သီဟသူကို ဆက်သည်၊ ဆင်ဖြူရှင် သီဟသူသည်လည်း အပြင်အလျာ အရောင်အဆင်း ကောင်းမြတ်လှသောကြောင့် အလွန်ချစ်မြတ်တော်မူသည်။ ခုနစ်ရက်ဘိုင်အောင်လည်း မြန်မာအမတ်၊ မွန်အမတ်တို့ကို ကျွေးမွေးတော်မူ၍၊ ရေအား ကြည်းအား ပြန်တော်မူသည်၊ သာယာဝတီသို့ ရောက်တော်မူလျှင် ဆင်ကောင်း ပေါ်သည်ဟူ၍ လျှောက်လာသောကြောင့် ဆင်အစီး တစ်ဆယ်ကျော်ကို အမှူးအမတ်တို့ကိုစီးစေ၍၊ ၊ ရဲမက် ပိုလ်ပါနှင့် ဆင်ဖမ်းမည်ဟူ၍ သွားတော်မူသည်၊ တောသို့ ရောက်လျှင် ဆင်ကောင်းတစ်စီးကို ကြော့မည်ဟူ၍ စီရင်တော်မူရာတွင် အကြော့မခံ ထွက်ပြေးလေသည်ကို ဆင်နှင့် လိုက်တော်မူသည်၊ အကွဲကွဲ လိုက်ရာတွင် ဆင်ဖြူရှင် သီဟသူနှင့် သမိန်ပရမ်း နှစ်စီးသာ တောနက်ရာသို့ ရောက်လျှင် သမိန်ပရမ်းလည်း ကျွန်တော် အမှုတော်ကို ထမ်းသည် များပါလေပြီ၊ ကျွန်တော် သားမယားကို မြင်ချင်ပါသည်၊ သွားပါတော့မည် လျှောက်၍ ဆင်ဖြူရှင် မြစ်သော်လည်းမနေ၊ ဟံသာဝတီသို့ ဆင် တစ် စီး နှင့် သာ ပြေး လေ ၏။ နောက် လိုက် စေ သော် မ မီ သည် နှင့် နေပြည်တော်သို့ ပြန်တော်မူ၏။

ဆင်ဖြူရှင်လည်း မင်းသမီး ရှင်စောပုကို ရတော်မူလျှင် မိဖုရား ဘိုမယ်ကို မချစ်မနှစ်သက်လို ပြုတော်မူ၏။ မိဖုရား ရှင်ဘိုမယ်လည်း နှလုံးနာ၍ အုန်းပေါင်လယ် သံဘွားသို့ စေ၏။ သီဟသူသည် အောင်ပင်လယ်အရပ်၌ လယ်ချောင်းလုပ်၍ ကိုယ်လုပ် မောင်းမနှင့် ပျော်ပါး၍သာ နေသည့် အခိုက် အမေ့

သီဟသုမရှိလျှင် အင်းဝမြေနှန်းကိုဘက်၍ အလျော့ကို ကြည့်ရှု၍ လုပ်ကြံလော၊ သိဟသုမရှိလျှင် အင်းဝရွှေနန်းကိုဘက်၍ မင်းပြုစိမ့်မည် ဟု၍ စေဆိုလေ၏။ အုန်းပေါင်လယ် သိဘွားလည်း အလုံး အရင်းနှင့် ချီလာ၍ ညှဉ့်ကိုတောကနေ၍ သီဟသု အမေ့ အလျော့ကို ကြည့်၍ ဆင်နှင့် တိုက်လေသည်၊ သီဟသုလည်း ရဲခက်စံလှ ဟူသော ဆင်ကိုစီး၍ စံတော်မူသည်။ မခံနိုင်ချေ၍ ဆင်တော် ရွှံ့သွန်သို့ ကျလျှင် ကိုယ်တော်ကိုလည်း မြားသုံးချက် သင့်ချေသည်၊ စားတော် ကွမ်းရေကိုင် အင်းဘဲစားလည်း ရဲသော်တုံဟူသော ဆင်ကိုစီး၍ ကူမည်လာသည်ကို အရေးမသာပြီ၊ မင်းကိုယ်ကို အလှတ်သာခွါလော၊ မိန့်တော်မူလျှင် ဆင်ပုံက ထွက်ခဲ့၍ အင်းဝသို့ ရောက်လျှင် တန်ဆောင်းမိဖုရားတွင် ကွမ်းခွက်တော်ကိုင်သော မိလှညက်ကိုယူ၍ ခမည်းတော် ရှိရာ မိုးညှင်းသို့ သွားလေ၏၊ ရောက်လျှင် ခမည်းတော်က ဝန်းသိုမြို့ကိုပေး၍ စားရ၏၊ ဆင်ပြုရှင် ဆုံးခဲ့လျှင် အမူး အမတ်တို့ စည်းရုံး၍ ရှမ်းတို့ကို တိုက်သည်၊ ရှမ်းတို့လည်း မခံ၍ ပြေးလေ၏။ သီဟသုကား-အရှောင်အဆင်၊ လှ၏၊ နှလုံးတော် ကောင်းမှုနှင့်၏၊ မိန်းမ ကြူးတော်မူ၏၊ ပွဲတော်မူသော ကောင်းမှုတော်ကား၊ တပက်ထွဲအရပ်၌ စည်းခုံနှင့် ကျောင်းတော်ကို တည်တော်မူ၍၊ စဉ္စုကုံမိုးမြေ လူတော်မူ၏။ အိမ်နိမ့်မှနှစ်ဆယ့်ခုနစ်နှစ်၊ စည်းစိမ်လေးနှစ်၊ သက်တော်သုံးဆယ့်တစ်နှစ်၊ တော်သလင်းလတွင်အနိစ္စရောက်တော်မူ၏။ အနိစ္စ ရောက်လိုသော် ဆင်ရဆိပ်တွင် မိကျောင်းနှစ်ခု ဘောင် မြောက် လူးလာ ပြေး ကြ၏။ ပင်းယသိမ်တော်သို့ သမင်နှစ်ခု ဝင်၏။ ပင်းယ ဂူတော်သစ်ဘုရား ပြိုကျဟာပြ၏။ ပင်းယ ရွှေစည်းခုံထက်လင်းတနား၏နံတော် ဗုဒ္ဓဟူးသားတည်း။

---

## ဘုရင်မင်းလှငယ်-အကြောင်း

(၂) အက္ကရာဇ်-ခုနစ်ရာ့ရှစ်ဆယ့်ခုနစ်ခု၊တော်သလင်းလတွင် တန်ဆောင်း မိဖုရား သားတော် မင်းလှငယ် မင်းပြုတော်မူ၏။ မိဖုရား ဘွဲ့မယ်လည်း အထက်ကပင် ကလေးကျေးတောင်ညိုနှင့် ရည်ငံရင်း ရှိသည်ဖြစ်၍ အလျင် ချိန်းခဲ့ဟု စေခိုင်းလေ၏၊ ကလေးကျေးတောင်ညိုလည်း ဆင်လုံး မြင်းရင်းစီရင်၍ အလျင် ချီလာ၏၊ တန်ဆောင်မုန်းလ ရောက်လျှင် မင်းလှငယ်ကို ဆေးမြင်း အနုတ္တယ်ပြု၍၊ ကလေးကျေးတောင်ညိုကို နန်းတင်လေ၏။ မင်းလှငယ်ကား-အိမ်နိမ့် ကိုးနှစ်၊ မင်းစည်းစိမ် သုံးလ၊ သက်တော် ကိုးနှစ်နှင့် သုံးလသော် အနိစ္စ ရောက်တော်မူ၏၊ နံတော် တနင်္လာသားတည်း။

---

## ကလေးကျေးတောင်ညိုမင်း—အကြောင်း၊

(၃) သက္ကရာဇ် ခုနစ်ရာ ရှစ်ဆယ့်ခုနစ်ခု၊ နတ်တော်လတွင် ကလေးကျေး တောင်ညို နန်းတက်သည်။ တပေါင်းလ မိုးညှင်းမင်းတရား ရေအား ကြည်း အား မိုးညှင်းက ချီတော်မူသည်။ ကလေးကျေးတောင်ညိုလည်း ပုခန်း တရာ မျှားကို မင်းသမီး ရှင်စောပုကိုပေး၍ အင်းဝမြို့က ခံရသည်၊ တောင်ငူစား စောလူးသခ်ယာ၊ တောင်တွင်း သီဟပတေ၊ ဘယ၊ ါမဏိ ရာဇသင်္ကြံတို့ကိုလည်း ဆုလာဘ်များစွာပေး၍ ခံရသည်၊အုန်းပေါင်လယ်သံဘွားကိုလည်း လက်ဆောင် လက်နက် အများပေး၍ အင်းဝမြို့ အရှေ့ဘက် တပ်ကြီးက တိုက်ဆင်ရှစ်ဆယ်၊ မြင်း နှစ်ထောင်၊ စစ်သည်သူရဲ နှစ်သောင်းနှင့် ခံရသည်။ ။သရေစည်သူ၊ သရေပုညာ၊ ဘယကျော်ထင်တို့ကိုလည်း တိုက်လှေ ငါးရာ၊ ဗိုလ်နှစ်သောင်းနှင့် သစ်ဆိမ့်အရပ်က ဆီးကြို၍ ခံရသည်။ ။မိုးညှင်းမင်းတရား သားတော် မိုးရှေစား၊ ဝန်းသိုစားတို့လည်း အင်းဝက ခံလာသည့် လှေတပ်ကို တွေ့လျှင် ရှုပ်ရှုပ် ချုံချုံ လုပ်ကြံလေလျှင် အင်းဝက လှေတပ်ပျက်ချေ၏။ လှေရှစ်ဆယ် လူနှစ်ထောင်ကျော်ခန့် ရလေ၏။ သစ်ဆိမ့်တွင် ခံသောတပ် ပျက်၍ ပြန်လာ လျှင် ရဲမက် ဗိုလ်ပါလောင်းစွက်၍ ဘယကျော်ထင်၊ နန္ဒသင်္ကြံ၊ ရက္ခတေး၊ သရေစည်သူတို့ လေးတပ်ကို တိုက်လှေ သုံးရာ၊ စစ်သည်သူရဲ သုံးသောင်းနှင့် ဝတ်ချက်က ဆီးကြို၍ ခံပြန်ရသည်။

မိုးရှေစား ဝန်းသိုစားတို့လည်း ခမည်းတော် ကြည့်ကြောင်း ချီတော် မူသည်၊ မရောက်လာသည်နှင့် ဆယ်ရက်ခန့် သစ်ဆိမ့်တွင် ငုံ့ဆိုင်း၍ နေတော် မူသည်၊ ခမည်းတော် ရောက်လာလျှင် မှူးမတ် ဗိုလ်ပါတို့ကို ငါးပတ်ချောင်း အရပ်တွင် သစွာပေးတော်မူပြီးလျှင် ရေအား ကြည်းအား ချီတော်မူ၍ ဝပ် ချက်တွင်ခံသော လှေတပ်ကို တိုက်တော်မူသည်၊ ပျက်ပြန်ချေ၏။ တိုက်လှေ တစ်ရာ၊လူတစ်ထောင်ကျော်ရတော်မူပြန်၏။ ယင်းကမှ ရေလမ်းတွင် မနေမယ်း မူ၏။ ယင်းကမှ စစ်ကိုင်းတောင် ရန်အောင်မြင် အရပ်ကိုပတ်၍ ဝပ်ကြီး တည်၍ နေတော်မူပြန်၏။ မိုးညှင်းမင်းတရားကလည်း အုန်းပေါင်စော်ဘွားသို့ စေ၏။ ကျေးတောင်ညိုပေးသော လက်ဆောင်ထက် ကြီးသောလက်ဆောင်ကို ခံ၍ သူ့မှာလည်း မကူ၊ တို့မှာလည်း မကူ၊ အရေးကို မြော်၍တည်း နေမည် လော—ဟူ၍ စေလိုက်၏။ အုန်းပေါင်လယ်သံဘွားလည်း သွေးသောက်။ ငွေသားများစေတော့ မည်သူကိုမျှ မကူ နေတော့မည်ဟူ၍ စေလိုက်၏။ မိုးညှင်း

မင်းတရားလည်း ရွှေသုံးဆိုသာနှင့် ငွေအစွက်ငါးဆယ် ပို့ရလေ၏။ လက်ဆောင် ရလျှင် အုန်းပေါင်စေဘိသွားသောယ်ကိုနှုတ်၍ အုန်းပေါင်သို့ ပြန်လေ၏။

မိုးညှင်း မင်းတရားလည်း သားတော်နှစ်ပါးကို အလုံးအရင်း အများနှင့် ရွှေကြုံးယက်က ကူးစေ၍ အင်းဝအရှေ့ဘက်က တပ်နိုင် တပ်လုံ တည်ပြီးလျှင် နေစေ၏။ မိုးညှင်းမင်းတရားမူကား- မင်းသားကျွန်းတာသည်- လုံးတော်ပေါ်က် ထိုင်အောင် လှေတပ်နှင့် အခိုင်အလုံ နေတော်မူ၏။ ယင်းသို့ လုပ်ကြံ စီရင်တော် မူလျှင် အင်းဝမြို့တွင်ခံသော တောင်ငူ စော်လူးသခ်ယာ၊ တောင်တွင်း သီဟ ပတေ့တို့လည်း အလုံး အရင်းကိုယူ၍ ပြန်ကြလေ၏။ ပုခန်း တရားဗျာလည်း ရှင်စောပုကိုယူ၍ ပုခန်းသို့ ပြန်လေ၏။ ရောက်လျှင် တောင်ငူ၊ တောင်တွင်း၊ ပုခန်း ခြားနေသလေ၏။

ယင်းသို့လျှင် အင်းဝအားနည်း၍ ကျေးတောင်ညိုလည်း ဘယဂါမဏိ ရာဇသကြံ့တို့ကို ခေါ်၍ တိုင်ပင်တော်မူ၏။ ယင်းသောအခါ ဘယဂါမဏိ လျှောက်သည်၊ ယခု တောင်ငူစား၊ တောင်တွင်းစား၊ ပုခန်းစားတို့မရှိလျှင် အားနည်းရှေ့သည်၊ သူကလည်း ကြည်းတပ် ရေတပ် အလုံးအရင်း များလှသည်၊ အင်းဝတွင် ခံသော်လည်း မနိုင်ရာ၊ ရခိုင်သို့ ချီတော်မူ၍ ရခိုင် မင်းကို အရယ်မပြီးမှ ရခိုင်အားနှင့် လုပ်ကြံတော်မူမှ မိုးညှင်း သတို့ ၏ အစုရှင်၍ ပုန်ကန်လေသော မြို့ပြ တို့ကို သိမ်းယူ ရချိမ့်မည် ဟု၍ လျှောက်၏။ ကျေးတောင်ညိုလည်း ဘယဂါမဏိ လျှောက်သောအရေးကို ကြိုက်တော် မူ၏။ ဘယဂါမဏိကို ရွှေတည် စေပြီးလျှင် အလုံး အရင်း ဆင်မြင်းနှင့် တကွ၊ မိဖုရား ဘိုမယ်ကိုယူ၍ ညဥ့်ကို မြို့ကထွက်၍ ပြေးတော် မူလေ၏။ တလုပ်မြို့သို့ ရောက်မှ ရွှေလှော်ကားစီး၍ စုန်လေ၏။ စလင်းမြို့သို့ ရောက်လေ၏။ ယင်းကမှ ရခိုင်သို့ တက်တော်မူသည်၊ မရောက်ခင် ပဒေသ တောင်သို့ ရောက်လျှင် ချက်တစ်ပြုတ်နှ၍ အိမ်နိမ့် လေးဆွဲတနှစ်၊ မင်းစည်သိပ် ခုနှစ်လ၊ သက်တော် လေးဆဲ့နှစ်နှစ်သို့ အဝင်တွင် အနိစ္စ ရောက်တော် မူ၏။ ရောက်လိုသော် ကြာသပတေးကြယ်၊ သီဟစာပြု၏။ နံတော် အင်္ဂါသားတည်း။

မိဖုရားဘိုမယ်လည်း ရခိုင်သို့ မဝင်ပြီ၊ မှန်ပြည်သို့ ဝင်တော်မူမည် ဟု တော်မူသည်ကို ဘယဂါမဏိက၊ ရာဇာဘိသေက ခံသော မိဖုရားကို နောက် ဆက်၍ ပြုသော မင်းတို့သည် မမွတ်မချုပ်းလော။ သည်တွင်ပင် ပြည်ထဲ

ရေးကို မြော်တင်း၍ နေတော်မူသင့်သည် လျှောက်လျှင် မန်းဇက်တော်ရာတွင် တပ်တည်၍ အလုံးအရင်းနှင့် နေတော်မူသည်၊ ဘယဂါမဏိညီ ရာဇသင်္ကြံနှင့် ရန်လိုကြဲ့တို့ နှစ်ယောက်မှကား၊ ကလေးကျေးတောင်ညိုနှင့် မလိုက်၊ အင်းဝတွင် အမိခံ၍ နေရစ်သည်။

---

## မိုးညှင်း မင်းတရားအကြောင်း

(၄) မိုးညှင်းမင်းတရားလည်း သက္ကရာဇ်ခုနစ်ရာ့ရှစ်ဆယ့်ရှစ်ခုနှယုန်လဆန်း တွင် ရွှေထီး ရွှေနန်းကို အုပ်စိုးတော် မူသည်။ ။သီရိတြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတဓမ္မရာဇာ၊ ဟူသောအမည်ကိုလည်း ခံတော်မူသည်။ သားတော် အကြီး မိုးရွှေစားကိုလည်း မင်းရဲကျော်စွာ ဟူသောအမည်နှင့် အိမ်ရှေ့ပေးတော်မူသည်၊ စကု စလင်း လယ်ကိုင်း၊ သုံးခရိုင်ကို ကံကျေးခံ ပေးတော်မူသည်။ အိမ်ရှေ့ မိဖုရားကား ခမည်းတော် နှမတော် ရှင်မြတ်လှနှင့် မယ်တော် မိဖုရားကြီး မောင်တော် ပုခန်း သီရိဇေယသူရတို့ သင့်ရာတွင် မြင်သည့် သမီးတော် မင်းလှ ညက်တည်း။ ။သားတော်အငယ် ဝန်းသိုစားကိုလည်း နော်ရထာ၊ ဟူသော အမည်နှင့် ကန္နီမြို့ကို ကံကျေး ပေးတော်မူသည်။ မြောက် သားတော်ကား ပုဂံသခ်ယာ သမီးရှင်မိညက်တည်း။

(ရာဇဝင်ကြီးတွင်ကား ပြည်စား မင်း မဟာ သမီးတော်ဟု ဆိုလေ သည်။ ။ရာဇဝင်သစ် ဧချင်းတို့နှင့်မညီ။)

နှမတော် မင်းလှမြတ်ကိုကား မယ်တော်မိဖုရားကြီး တူတော် မြင်စည်မင်း သီဟပတေနှင့် စုံဖက်တော်မူသည်။ ။သားတော် နှစ်ပါး၊ သမီးတော်တစ် ပေါင်းသုံးပါးတည်း။ မိုးညှင်းမင်းတရား အကြောင်း တော်ကား ပုဂံနရပတိ စည်သူ မိဖုရားငယ်တွင် မြင်သော သမီးတော် ကျောင်းတော်သည်နှင့် အနန္တ သူရိယနှင့် စုံဖက်တော်မူရာတွင် သိင်္ဃကာ ကိုမြင်သည်။ သိင်္ဃကာ သားတော် ဘဲကြီးရတနာ၊ သားတော် ဘဲငယ်ရတနာ၊ ဘဲငယ်ရတနာ သားတော် လမ္ဘူ ရန္တသူသားတော် ပေါက်မြိုင် မင်းပုလဲနှင့် နှမတော် စောချစ်ကဲကို မြင်သည်။ မင်းပုလဲနှင့် ဆင်ဖြူ ငါးစီးရှင် သမီးတော် ရွှေအိမ်သည်နှင့် စုံဖက်တော်မူရာတွင် မြေနဲ့စောဒိကာကို မြင်သည်။ စောဒိကာနှင့် ညောင်ရမ်း စောမွန်နှစ်ကြီး၊ သမီး

တော်ကို စုံဖက်တော်မူရာတွင် မင်းနံစီကို မြင်သည်။ နေ့ဘက် ဥဒိန်အမည်နှင့် အင်းသဲကိုစားရသည်။ မင်းခေါင် အလွတ်အမြတ်သို့ ရောက်တော်မူလျှင် သတို့ အမည်နှင့် မြို့လှကို စားရသည်။ နေ့ဘက်မိုးညှင်းကို စားရသည်။ ညီတော် မြောက်ဘက် မြင်းမူ၊ နေ၍ရထားခဲ့သည် တစ်ပါး၊ နှမတော်ပုခန်း မင်းသမီး တစ်ပါး၊ ပေါင်းသုံးပါးတည်း။

မိုးညှင်း မင်းတရားသားတော်၊ သမီးတော်ကား မိဖုရားကြီးတွင် သားတော် မင်းရဲကျော်စွာ၊ သားတော် ပြည်မင်း သီဟသူ၊ သမီးတော်ပုခန်းစားရှင်လှမြတ် ညီမတော်ပုဂံစားသီဟဒေဝီသူနှင့် သင့်သည်။ စောလှထွတ်တစ်ပါး၊ သားတော် နှစ်၊ သမီးတော်နှစ်၊ ပေါင်းလေးပါးတည်း။ သားတော် တပယင်းစား ဥတ္တမ သိရီဒေဝီ နေ၍ရထားကား မယ်တော် မည်သူဖြစ်သည် မဆို၊ မိဖုရား ရှင်ဘို မယ်နှင့် တန်ဆောင်းနန်းနေသော မိဖုရားရှင်မြတ်လှတို့တွင် သားတော် သမီး တော် ရှိသည်မဆို။ မိဖုရားကြီး ရှင်မြတ်လှကား၊ သရေစည်သူသား သီဟ ပတေ့နှင့် တစ်ရှင်သမက် မြင်စိုင်း သက်တော်ရှည် သမီး သင့်ရာတွင် မွေးမြင် သည်။ တောင်တွင်းမင်း သီဟပတေ့သမီးတည်း။ ထိုကြောင့် ပုဂံရွှေကျောင်း ရွှေပေ မင်ရေး မော်ကွန်းတွင်—

"အမှာသော်လည်း၊ သူတော်အမျိုး၊ ချစ်ဘိုးဖြစ်ခြင်း၊ မင်းကား သရေ စည်သူတည်း။ မိမှာသော်လည်း၊ သူတော်စင်စစ်၊ ကောင်းစွာဖြစ်၍၊ မိချစ်မြည်ရှင်၊ တိုင်ပင်ခံရင်း၊ ကိုယ်စားနှင်းသည်၊ ဘိုးရင် သက်တော် လည်းသည်တည်း။ သိကြားရင်၍၊ အောင်မြင်တန်ခိုး၊ လွှမ်းမိုး မူကား၊ ရွှေပြည်တော်တွင်၊ နိုင်ငံစိုးသိမ်း၊ ထိုမင်းကြီးကား၊ ချစ်ဘတည်းဟု၊ မိုးသည်နှင့် အညီပင်တည်း"။ ချစ်ဘဘိုးရာ၌၊ မည်သူဟူ၍ အမည်မပါ သည်ကို သီဟပတေ့ဟု သိစေလို၍၊ သမက်တော်ဖြစ်သော တုတော်သီဟ ပတေ့ကျောင်း ကျောက်စာတွင်၊ "တောင်တွင်းပြည်၌၊ မည်ရည် တပ်ခြင်း၊ သတင်းလည်းတော၊ သီဟပတေ့၏ မြေးရင်းတည်း။ စမ္မတ လျှင်၊ ချစ်နှစ်အကိုယ်၊ အလိုမဆန့်၊ တောင်ဂူန်းအဖျား၊ မိဖုရား၏တူပင် တည်း။ ချစ်ဘိုးချစ်ဘေး၊ ရွှေးကတွင်မြေ့၊ သီဟပတေ့"ဟု ရေးသား ထွက်ရှိသည်။

ထို သီဟပတေ့ကား၊ သပုံးမင်းမျှားလက်ပယ်၍ တောင်တွင်းကို သိးခြား၍ သစရှင်သက်တော်ရှည် သီဟပတေ့အမည်ကို ခံ၏။ မင်းခေါင်ကြီးလက်ထက်

အကျွှရာင် ခုနစ်ရာ ခြောက်ဆယ့်လေးခု၊ ကျောက်ပန်းတောင်း မြစည်းခုံ ကို တည်၍၊ ဝတ်ပိုးဝတ်မြေ ကျွန်သိမ်းလှူကြောင်းကို ကျောက်စာသမိုင်း ထွက်ရှိသည်စာတိုင်း ရာဇဝင်သစ်စကားတို့နှင့်လည်း ညီသည်။

မိုးညှင်းမင်းတရား အင်းဝရွှေနန်းကိုတက်သော သက္ကရာဇ်ကား၊ ခုနစ်ရာ ရှစ်ဆယ့်ရှစ်တည်း။ မိုးညှင်းမင်းတရား နန်းတက်တော်မူလျှင် ရဲမက်တော်ကို မဟာဂီရိနတ် ပသမည် ဟူ၍ မြင်းသည် နွားသည် သေ၍၊ အရေဆုတ်ပြီးမှ ထ၍ ခုနစ်ကြိမ်တွန်သော ဟူ၏။ ထိုအကြောင်းကို မင်း ကြားတော်မူလျှင် သူတစ်ပါးမဖတ် နှင့် ငါဖတ်တော်မူမည် ဟူ၍ မိန့်တော်မူ၏။ ရွှေပုဂံကောင်း သောအခါ ဘေးလောင်းတော်တို့ကို မဟာဂီရိကိုယ်အင်ပြ၍ စကားဆိုသော ဟူ၏။ ယခု နိမိတ်လည်း ငါ၏ သားတော်အစဉ် မြေးတော်အဆက် ခုနစ်ဆက် တိုင်အောင် မင်းချည်းနှင်နှင် ဖြစ်မည်ဟူ၍ ဖတ်တော်မူ၏။ ။ထိုသက္ကရာဇ် တော်သလင်းလ၊ ပုခန်းတရုတ်များကို လုပ်ကြံတော်မူမည် ဟူ၍ သားတော် အိမ်ရှေ့မင်း မင်းရဲကျော်စွာတို့မှာ တိုက်ဆင် တစ်ရာ၊ မြင်းတစ်ထောင့်ငါးရာ၊ စပ်သည်သူရဲ တစ်သောင်းနှင့် တောင်ဘက်ကြောင်းချီ၍ တသုပ်မြို့—မင်းကုန်း ဆိပ်က ကူးရသည်၊ သားတော်အငယ် သီဟသူမှာ တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင့်ငါးရာ၊ဗိုလ်လေးသောင်းနှင့်မြောက်ဘက်ကြောင်းချီ၍ အနိမ့်ဆိပ်က ကူးရသည်၊ မိုးညှင်းမင်းတရားမှာ တိုက်လှေ လေးရာ၊ ဗိုလ်လေးသောင်းနှင့် ရေကြောင်း ချီတော်မူသည်။ ပုဂံစား၊ စလေစား၊ စကုစား၊ ပုခန်းငယ်စား၊ စလင်းစား၊ မြည်စားတို့ကိုလည်း ခေါ်ရလေသည်။ ဆင် မြင်း အသုံးအရင်းနှင့် ချည်း ရောက်လာသည်။ မြောင်းတုဝသို့ ရောက်တော်မူလျှင် ရာဇသင်္ကြံကို သူရဲသုံးရာနှင့် ပုခန်းမြို့မှာ စုံစမ်းချေ ဟူ၍ ညွှန်ကို စေတော်မူသည်။

ပုခန်းစားတို့လည်း လူနည်းသည်ကိုသိလျှင် လိုက်၍ တိုက်လေသည်၊ ပျက် ချေ၏။ အကွဲကွဲရှိရာတွင် ရာဇသင်္ကြံကို ဝန်းမိလေ၏။ ရာဇသင်္ကြံလည်း လယ်မောင်းသွန်းသည့်တွင်းသို့ ဆင်း၍နေသည်ကို ပုခန်းသား သူရဲသုံးယောက် တွေ့လေလျှင် ငါခေါင်းကို ယူမည်၊ သူခေါင်းကို ယူမည် ဟူ၍ ဆိုကြသည်၊ ရာဇသင်္ကြံလည်း ငါ တွင်းကတက်မှ မင်းတို့သုံးယောက်ခေါင်းကို ယူကြ၊ ငါ တက်မည်၊ လှံကမ်းပါဆိုလျှင် သုံးယောက်သားလည်း လှံကမ်းလေ၏။ကမ်းသည့် လှံကို ရာဇသင်္ကြံ ဆောင့်၍ဆွဲလျှင် လူတစ်ယောက် တွင်းသို့ ဦးစောက်ကျလာ၏။ ရာဇသင်္ကြံလည်း ထိုသူခေါင်းကို ဖြတ်၍ တွင်းထက်သို့ ရာဇသင်္ကြံ ခေါင်းပျ ပစ်လိုက်လျှင် တွင်းပေါ်က လူနှစ်ယောက် လုကြလေ၏။ ယင်းသို့ စဉ်တွင်

ရာဇကြို့လည်း လုံလောက်ပြီးလျှင် တိုင်းတစ်ခုနက်တာ်၍ ပြောခဲ့၏။ ရောက်၍ အကြောင်းမျိုးကို လျှောက်လျှင် မိုးညှင်းမင်းတရားလည်း အားရတော်မူ၍ ဆုလာဘ်များစွာ ပေးတော်မူ၏။ ပင်းတမူ သားတော်နှစ်ပါး အရောက်ညီလျှင် ခုနစ်ရက်နှင့် ပုဂံမြို့ကို ရတော်မူ၏။ ပုဂံမြို့ကိုရှင်း၍ လုပ်ကြံတော်မူသည်။ မြို့ကို ရတော်မူလျှင် ယောက်ဖတော် သီရိဇေယသူကို မြို့စားထည့်တော်မူ၍ တရုတ်များနှင့် မင်းလယ်ကျွန်ထင်တို့ကိုယူ၍ ပြန်တော်မူ၏။ ရောက်တော်မူလျှင် တရုတ်များကို ရွှေညောင်ပင်တောင် ဆင်ကျုံးအရပ်တွင် အိမ်ပေး၍နေရ၏။ မြို့ မင်းသမီး ရှင်စောပုကိုလည်း နန်းတွင်းတွင် သာယာစွာ အိမ်ဆောက်၍ နေရ၏။ မင်းလယ်ကျွန်ထင်ကိုလည်း သင်္ချိုင်းကိုပြု၍ နေရ၏။ ပုဂံကြီးမြို့ကိုလည်း တူတော် သီရိဇေယသူကို ပေးတော်မူ၏။

တောင်ငူ စောလူးသမ်ယာ၊ တောင်တွင်း သီဟပတေ့ကိုလည်း ပေးစွယ် ထမ်းလှယ် အများပေးတော်မူ၍ ခေါ်ရလေ၏။ စောလူးသမ်ယာလည်း ငါနှင့် အဆက်ကင် ဆိုလျှင် ဆိုချင်၊ ကောင်းလျှင် ကောင်းချင်း ဖြစ်ကြသည် ဟူ၍ သစ္စာရှိသောကြောင့် ခေါ်လာသည်အမှတ်ရှိ၍ အလုံးအရင်း အများနှင့် ရောက်လာ၏။ တောင်တွင်း သီဟပတေ့လည်း တောင်ငူ စောလူးသမ်ယာ လာလျှင် နေသာ၍ အလုံး အရင်း ဆင် မြင်း လူသုံးထောင်နှင့် ရောက် လာ၏။ မိုးညှင်းမင်းတရားလည်း စောလူးသမ်ယာကို နန်းတော်သို့ ခေါ်တော် မူ၍ အလှန်တော်တွင် အတူ နေရ၏။ ကွမ်းခွက်တော်တွင်လည်း ကွမ်းကိုယူ၍ စားရ၏။ နေ့ဘက်လျှင် စောလူးသမ်ယာကျွန် မြေဖြတ်လှလည်း ငါတို့ အရှင် ကား—ငါတို့မှသာဖြစ်ပြီ၊ ငါတို့ကား—ငါတို့ကျွန်မှ သာ ဖြစ်ပြီ ဟူ၍ ဆိုလေ၏။ စောလူးသမ်ယာလည်း ပြန်ရအောင် နာကျွန်ပြု၍ သွားရမည်အကြောင်းကို လျှောက်လေ၏။ ထို အကြောင်းကို သားတော် အိမ်ရှေ့မင်း ကြားလျှင် စောလူးသမ်ယာကို လွှတ်တော်မူလျှင် တောကျားကို တောမှာလွှတ်သကဲ့သို့ ရေမိကျောင်း ရေမှာ လွှတ်သကဲ့သို့ ရှိတော့မည် ဟူ၍ လျှောက် ၏။ မိုးညှင်းမင်းတရားလည်း မောင်လျှောက်သည်အတိုင်း မှန်၏။ စောလူးသမ်ယာ သည် အဆောင်ပုန်းရင်း ဖြစ်သည်ဟူ၍ မိန့်တော်မူပြီးလျှင်၊ အဆောင်အယောင် ဆုလာဘ်ပေး၍ လွှတ်တော်မူ၏။

စောလူးသမ်ယာလည်း တောင်ငူသို့ရောက်လျှင် ခရိုင်၊ ဒသပါင်း၊ ပေါင်း ထောင်းတစ်ရုံးကို အစိုးရတော်မူသော စောလူးမြတ်စွာ သမ်ယာ ကြားနောက်

လိုက်သည်။ ညီတော် မိုးညှင်းမင်းတရားဟု ဆက်စကမ်း၍ ခြားနားလေ၏။ မင်းငယ် ကျော်ထင်ကိုလည်း သစ်ဆိမ့်မှာထားသည်ဟု တောင်ငူ ပဒွင်းညိုရှင် မှန်ပိုတို့ကြားလျှင် စနေသားကို အင်္ဂါနံအများ၊ သောကြာနံ အရင်းအရပ်၌ ထားသည်ကား မှားလေ၏။ သောကြာအရပ်သို့ဝင်၍ ပုန်စားလေသည်ဆိုသည် နှင့်အညီ သစ်ဆိမ့်အရပ်မှသည် ရေနံ့သာကိုဝင်၍ ပုန်ကန်လေ၏။ မိုးညှင်း မင်းတရားလည်း သီဟပတေ့ ရာဇသကြံ ညီတော်၊ မြောက်ဘက် မြင်းမှူးတို့ သုံးတပ်ကို တိုက်ဆင်တစ်ရာငါးဆယ်၊ မြင်းတစ်ထောင်နှစ်ရာ၊ စစ်သည် သူရဲ တစ်သိန်းငါးသောင်းချီစေ၍၊ ရေနံ့သာမြို့ကို လုပ်ကြံခဲ၏။ ရေနံ့သာမြို့ပျက် လျှင် မင်းငယ်ကျော်ထင် မြောက်သားတော်ကိုယူ၍ ဆုန်ပေါင်းသို့ ပြေးလေ၏။ စစ်ကူတောင်းပြီးလျှင် အလုံးအရင်းနှင့် ချီလာ၍ လယ်တွင်း တစ်ဆယ့် တစ်ရွာကို ထိပါးလာ၏။

မိုးညှင်းမင်းတရားသည်။ တောင်တွင်းမှာ မလုံလောက်၍ သီဟပတေ့ကို လွှတ်တော်မူ၏။ သီဟပတေ့လည်း တောင်တွင်းသို့ရောက်လျှင် တောင်ငူနှင့် တစ်ချက်တည်းပြ၍ခြားနားလေ၏။ နောက်လည်း ရမ်းဘောင့် နောင်မှန်နှင့် ပေါင်းရေလ ငါးသိုင်ကို ထိပါးလာ၏။ ထိုသီဟပတေ့ကား မင်းကြီးစွာ သမက်တော် မြင်စိုင်းကသည်၊ တောင်တွင်းကိုစားသော စည်သူကြီးညီတည်း။ မိုးကောင်း စော်ဘွားလည်း အင်းဝတွင် ရှစ်လခန့်နေ၍ မိုးညှင်း မင်းတရားက ဆုလာဘ်များစွာပေးပြီးမှ မိုးကောင်းသို့ ပြန်လေ၏။ မိုးညှင်းမြို့ကိုလည်း မိုး စစ်စား သားကို ပေးတော်မူသည်နောက်၊ ကလေးနှင့် တစ်ချက်တည်းပြ၍မြို့ရွာ ကို ထိပါးလာ၏။ စောလုံး သခင်ယာညီ ပေါင်းတည် စားလည်း သမီးကို လက်ဆောင်ပြု၍ မှန်မင်း ပညားရုံသို့ဝင်လေ၏။ ပညားရုံသည်။ သာယာ ဝတီကို ကြံလေ၍ ရလျှင် ပေါင်းတည်စားကို ပေးလေ၏။

မိဖုရား ဘုံမယ်နှင့် ဘယဂါမဏီလည်း စကုအနောက် မန်းစက်တော်ရာမှာ အလုံးအရင်းနှင့် နေလေသည်ကို သားတော် နော်ရထာ၊ တူတော် သီဟသူတို့ အလုံးအရင်းနှင့် ယူလေ၏။ ရောက်လျှင် မိဖုရားဘုံမယ်ကို ဝေါနှင့် ဆောင်ယူ ခဲ့သည်။ ဘယဂါမဏီကိုလည်း သံခြေကျဉ်းနှင့် ဆောင်ယူခဲ့သည်။ စကုဆိပ်သို့ ရောက်လျှင် ရှင်ဘုံမယ်ကို ရွှေစလျှနှင့်ဆောင်ယူသည်။ မိုးညှင်း မင်းတရားလည်း ကြိုနှင့်သည်။ ရွာသစ်ကြီးသို့ ရောက်လျှင် ရွှေတော်မူ၍ မိဖုရား ရှင်ဘုံမယ် ကိုယ်တော် မကျန်းသည်ကို စမ်းသပ်၍ မေးတော်မူသည်၊ မိဖုရား ရှင်ဘုံမယ်

လည်း ကျွန်တော်နံသည်လှ၍ ထိုသည်။ ဆင်းဝသို့ရောက်လျှင် နန်းတွင်းတွင်
သာယာစွာ သိမ်းသောကာလ၍ နေတော်မူရသည်။ မိုးညှင်း မင်းတရားလည်း
အထက်နန်းတော် ဟောင်းနွမ်းသောကြောင့် သက္ကရာဇ် ခုနစ်ရာ့ရှစ်ဆယ်ကိုးခု
တွင် နန်းတော်သစ် ဆောက်တော်မူသည်။

ထိုသက္ကရာဇ်တွင် မင်းငယ်ကျော်ထင် ပင်လယ်ကိုရှုံ၍ ဘုန်းပေါင်ဆွာနှင့်
တကွ ကိုးထောင်ချီလာ၍ တပက်သွဲအရပ်တွင် နေသည်ကို ဘယဂါမဏိကို
သံချေကျွန်းနှင့် ထားရာကာလ၍ ဆင်တော်စေရန်နှင့်ကို စီးစေပြီးလျှင် သည်
ဆင်ခြေရုံးတစ်ကောင်နှင့်ထွက်စေသော်၊ ဘယဂါမဏိလည်း ဆင်တံခွန်လုံ၍
ထွက်လေ၏။ ရှမ်းတို့က ဘယဂါမဏိကို ခြေကျဉ်းနှင့် ထားသည်ဟု သိသည်။
ယခုလည်း ဆင်တံခွန်လုံ၍ လာသည်။ ငါတို့သို့ ဝင်လာမည် ဖြစ်မည်ဟု
အမှတ်မဲ့နေစဉ် တိုက်လေသည်။ ရှမ်းတို့တပ်လုံးပျက်၍ ပြေးလေ၏။ မင်းငယ်
ကျော်ထင်လည်း ရှုံးမိအပျသော ရဲမက်နှင့် ပင်လယ်သို့ပြန်၍ နေလေ၏။ မိုးညှင်း
မင်းတရားလည်း ဘယဂါမဏိကို အာရဝတော်မူ၍ ရွှေကိုပုံစေပြီးလျှင် ခုနစ်ရက်
သည်အောင်တစ်နေ့တစ်ကြိမ်ကျူးရစေ၏။ အယောင်အဆောင်နှင့်တကွ စော်ဘွားမြို့
ကိုလည်း ပေးတော်မူသည်။ ထိုသို့ရသော ဆုလာဘ်နှင့် တပက်သွဲအရွေ့ ပြည်
နှင့်ချွန်ဟုသော ဘုရားကိုတည်၏။ ထိုဘုရားကို တတိယ ရတနာ ပုရမြို့တည်
ဆင်ဖြူရှင်မင်းတရား လက်ထက် ရှမ္ဗသီဟိုတို့ မိုးညှင်း မင်းတရား ကောင်းမှုဟု
ကျောက်စာထိုး မှားလေ၏။

(ရာဇဝင်ကြီး ရာဇဝင်သစ် တို့တွင် ဘယဂါမဏိ၊ ကောင်းမှုဟု
ထွက်ရှိသည်အတိုင်း အမှန်ယူသင့်သည်။ ဘယဂါမဏိကား ပွဲသုံးဆယ်
ရသောဟူ၏။ အခါတစ်ပါး စစ်ရှုံး၍ အပြန်တွင် အခြားသူ လင်မယား
နှိုက်ရှုံးဖြစ်၍ လင်ထွက်ပြေးသည်ကို မယားက မိန်းမကြောက်လာ၏ဟု
ဟစ်လျှင် ငါ့ကိုထား၍ အရပ်အနေ မသင့်သော ဘယဂါမဏိမျှ စစ်ရှုံး
ရသေး၏ဟု ယောကျ်ားဆိုသည်ကို ကြားသဖြင့် ရှက်စနိုး၍ ယနေ့မှ
သည် စစ်ပွဲကျင် မနိုင်အမှုကို မပြန်ပြီဟု မိန့်ဆွါန်ပြုသော ဟူ၏။)

တစ်ကြိမ်ကည်းစစ်ထွက်၍ နှစ်ခေါင်းရောက်မှ မယားကို မယုံသောကြောင့်
ရုပ်ဖျောက်၍ တပ်ကာသည့်ကို ပြန်၍ကြည့်ရှုသော် လင်ငယ်နှင့်အတူ အိပ်၍
တိုက်တွင် အိပ်နေသည်ကို မြင်လျှင် ဓားကိုနှုတ်၍ ခုတ်မည်ကြံပြီးမှ စိတ်ကို
ချုပ်၍ စစ်ပွဲကပြန်မှ စည်းစိမ်နှင့်တကွ ထိုလင်ငယ်နှင့် ဆောင်နှင်း၏။

အပွဲပွဲတို့တွင် ဤမယားပွဲသည်သာ အလွန်သောပွဲဟု ဆရာတို့ ချီးမွမ်းကုန်၏။ မိုးညှင်း မင်းတရားလည်း သက္ကရာဇ် ခုနစ်ရာ့ရှစ်ဆယ့်ကိုးခုတွင် နန်းတော် ဟောင်းနွမ်းသောကြောင့် နန်းတော်သစ် ဆောက်တော်မူ၏။ ဘယဂါမဏိ ကား၊ အစ်ကိုအကြီး ရာဇသင်္ကြံကား—ညီအလတ်၊ ရန်လိုကျွံကား—ညီအငယ် တည်း။ ရာဇသင်္ကြံ သုံးဆယ့်ငါးပွဲရသောဟူ၏။ ထိုသို့ ရသော ဆုလာဘ်နှင့် စစ်ကိုင်း အနောက် မဟိရဂ်နှ ဘုရားကို တည်၏။ မိုးညှင်း မင်းတရားလည်း သားတော် နော်ရထာကို သီဟသူ ဟူသော အမည်ကို ပေးတော်မူသည်။ ညီတော် မြောက်ဘက်မြင်းမှူးကို နော်ရထာ ဟူသော အမည်ကို ပေးတော် မူသည်။

သက္ကရာဇ် ခုနစ်ရာ့ ကိုးဆယ်တွင် ပင်လယ်ကို ဝင်၍နေသော မင်းငယ် ကျော်ထင်ကို လုပ်ကြံချေဟု သားတော် အိမ်ရှေ့မင်းကို ဗိုလ်မှူး ပြု၍ ငါးတပ်ကို တိုက်ဆင် နှစ်ရာ၊ မြင်း သုံးထောင်၊ စစ်သည်သူရဲတစ်သောင်း ငါးထောင်နှင့် ချီ၍ လုပ်ကြံရသည်။ ရောက်လျှင် ဘယဂါမဏိနှင့် ငပယင်း ဆိုသောသူ ဆင်စီးချင်းတိုက်ရာတွင် ငပယင်း ခေါင်းကိုဖြတ်ရသည်၊ မင်းငယ် ကျော်ထင်၊ ဆင်ရဲသော်တုံကို ထိန်းသော ဦးစီးကိုလည်း တံစိုးကြေးငွေပေးလျှင် ဆင်နှင့်တကွ ဝင်လာ၍ ရတော်မူလေ၏။ မင်းငယ်ကျော်ထင်လည်း ရဲသော်တုံ ဦးစီးနှင့် အသွင်တူသောသူကိုမြင်လျှင် ထောင်းပြီးလျှင် ကိုယ်တို့တွင် အပြစ် မရှိပေဆို၍ ငွေသုံးဆယ် ပေးလိုက်မြတည်း။ ယင်းသို့မှ ဝန်းရံ၍၊ အကြိမ်ကြိမ် လုပ်ကြံသည် မရချေ၊ သုံးလခန့်ရှိလျှင် ခေါ်တော်မူ၍ ပြန်ရသည်။

ယင်းသောအခါ ရာဇသင်္ကြံ လျှောက်သည်၊ မင်းငယ် ကျော်ယင်သည် အုန်းပေါင်အားကို အမှီပြု၍၊ ပင်လယ်မြို့ကို အခိုင်နေနိုင်လေသည်။ ရမည်း သင်းစား၊ တောင်ကျွင်းစားတို့လည်း ရမ်းစောက်နှောင်မွန်ကို အမှီပြုရသော ကြောင့် ထောင်ထားနိုင်လေသည်။ သည်မြို့များကို စေတော်မူ၍၊ မဟာမိတ် ပြုတော်မူသည်ဖြစ်မှ အရေးတော် ပြီးလွယ်မည် ဟူ၍ လျှောက်၏။ မိုးညှင်း မင်းတရားလည်း၊ ရာဇသင်္ကြံလျှောက်သောအရေးကို ကြိုက်တော်မူ၍ အုန်းပေါင် မုပ်စောက်၊ နှောင်မွန်သို့ ဝဏ္ဏာကာရ အများနှင့် စေတော်မူ၍ မဟာမိတ် ပြုတော်မူ၏။ သက္ကရာဇ် ခုနစ်ရာ့ကိုးဆယ့်တစ်ခုတွင်၊ မွန်မင်း သမီးတော် ရှင်စောပုကို မပူညား ဖမ္မရတို့ခိုး၍ ပြေးလေသည်။ နိုးဟန်ကား မိုးညှင်း မင်းတရားသည်၊ ချစ်မျစ်ခင်ခင် မပြုပါသောကြောင့် မွန်ပြည်က စသင်

လာသော ဓမ္မညာဏ ဓမ္မရံသီကို ရွှေ ငွေ အများ ပေးပြီးလျှင်၊ ထိုဥစ္စာကို ကာကျွေးပြီး၊ လှူအက် လှူသူဝယ်စေပြီးလျှင် မိဖုရား ရှင်စောပု နှာကျွန် ပြုလေ၏။ မိုးညှင်း မင်းတရားလည်း ဆေးသမားတို့ကို ခေါ်၍ ပြုစုတော်မူလေ၏။

ရှင်စောပုလည်း ချိုင်ကိုအရည်ဖျော်၍ သောက်လေ၏။ ယင်းသို့ သောက်လေလျှင် ဝမ်းက အနီ အဝါ ကြွသည် ကျလတ်၍ ယင်းသို့မှ ဆေးဝါးကုမှ မလွတ်လို ချွတ်လွှဲ မည်ဟူ၍ မိုးညှင်းမင်းတရားကို လျှောက်လေ၏။ မင်းကြီးလည်း ယုံကြည်တော်မူ၍ ခွင့်ပေးတော်မူသည်။ ရှင်စောပုလည်း ဇဟာန်းနှစ်ပါးနှင့် တိုင်ပင်၍ အပြီးရှိပြီးဖြစ်၍၊ မြို့အနောက် လုံးတော်ပေါက်မှာ ချွတ်လွှဲမည်ဟူ၍ သွားလေ၏။ ရောက်လျှင် စီရင်၍ထားသော လှေကိုစီး၍ စုန်ပြေးလေ၏။ ဇဟာန်းနှစ်ပါးလည်း ခရီးအကြားတွင် အထွေထွေ ပရိယာယ်ဝေဝုစ်စီရင်၍၊ မိုးညှင်းမင်းတရားက အမတ်ငါးယောက်ကို လှော်ကားငါးစင်းနှင့် လိုက်ပြည့်လှော်စေ၍ လိုက်စေသော်လည်း မတွေ့ရ၊ နေ့ကို တောတွင်းပုန်း၍ ညဥ့်ကိုမှသာ စုန်၍ မွန် ပြည်သို့ ရောက်လေ၏။ မွန် မင်း ဗညားရံသည် နှမတော် ရှင်စောပုရောက်လျှင် ဝမ်းမြောက် ဝမ်းသာ ရှိ၏။ နန်းတွင်းကျင် အိမ်ဆောက်၍ နေရ၏။ ရှင်စောပုသား ဗညားပရူးလည်း မယ်တော်သည် အဝမှာ ရှည်ကြာလေသောကြောင့် အမိမှန်းမသိ ဟူ၏။ ရှင်စောပုကား နှစ်ဆယ်ကိုးနှစ်တွင် ဆင်ဖြူရှင် သီဟသူသို့ ဆက်သည်၊ ဆင်ဖြူရှင် လက်ထက်တော်က သုံးနှစ်၊ မင်းလှငယ် သုံးလ၊ ကျေးတောင်ညို ခုနစ်လ၊ မိုးညှင်းမင်းတရား လက်ထက်တော် သုံးနှစ်ဖြစ်၍၊ အင်းဝရွှေမြို့တော်တွင် ခုနစ်နှစ်နှင့်သော် ဟံသာဝတီသို့ ရှင်စောပု၊ ရုန်သည်ကာလ၊ အသက် သုံးဆယ့်ခြောက်နှစ်သာရှိသည်။

ထို အတွင်းတွင် မှူးတော် မတ်တော်တို့ကို ခေါ်တော်မူ၍ ပြည်ရေးရွာမှုကို တိုင်ပင်တော် မူသည်။ ရာဇသကြီး လျှောက်သည်ကား၊ ယခုအညာပြည်ထဲရေးကို ဆောက်သော်— မငြိမ် မဝပ် ချေသေး၊ တောင်ငူ၊ တောင်တွင်း၊ ရမည်းသင်း၊ ပင်လယ်၊ အညီမြို့များသည် အစုစုခွဲ၍ ရှိချေသည်။ ပြည်မြို့လည်း၊ တောင်ငူ၊ တောင်တွင်း၊ ရမည်းသင်းနှင့် နီးလေသည်။ မွန်ပြည်နှင့်လည်း၊ အနီးအစပ် ဖြစ်သည်။ ရခိုင်နှင့်လည်း နီးသည်။ ပြည်စားမဟာလည်း၊ အသက်အရွယ် ကြီးပြီဖြစ်သည်။ မဟာကို အခြားမြို့ရွာ ပေးတော်မူ၍ သားတော် အငယ် သီဟသူကို ပြည်မြို့ကို၊ ပေးတော်မူမှ သင့်မည်။ ပုဂံကြီးမြို့ လယ်ရာမှာလည်း၊ သမက်တော် ပြင်စည်စား သီဟပတေ့ကို ပေးတော်

မူမှ သင့်မည်။ မြောက်ဘက် မြေဒူးမှာလည်း ညီတော် မြောက်ဘက် မြင်းမှူး နော်ရထာကို အစိုးနေစေမှ သင့်မည်ဟူ၍ လျှောက်လျှင်၊ ပြည်စားကို ကျော်မြို့ကို ပေးတော် မူသည်။ ပြည်မြို့ကို သားတော် သီဟသူကို ပေးတော် မူသည်။ သမက်တော် သီဟပတေ့ကို ပုခန်းမြို့နှင့် ဖန့်ကျိဆယ်တိုက်၊ ခဲလှေဆယ်စင်းကို ပေးတော်မူသည်။ ညီတော် နော်ရထာကိုလည်း မြောက်ဘက် မြင်းကိုးသင်းကို မှူးစေ၍ မြေဒူးမြို့ကို အစိုးနေရသည်။

ထိုသက္ကရာဇ်တွင် လင်္ကာဒီပ သီဟိုဠ်ကျွန်းက သီရိသဒ္ဓမ္မာလင်္ကာမှ သီဟဠ မဟာသာမိ အမည်တော်ရှိသော မဟာထေရ် နှစ်ပါးသည်၊ သရီရဓာတ်တော် ငါးဆူကို ပင့်ဆောင်တော်မူခဲ့၍ သင်္ဘောနှင့် ပုသိမ်ဆိပ်သို့ ရောက်လာသည်။ ဗညားရံကား ချုပ်သော်လည်း နေတော်မမူ၊ သာယာ စွာသော ဖောင်နှင့် မွန် ဗညားရံက ပြည်မြို့သို့ ပို့လာရသည်။ ကြားတော်မူလျှင် လှော်ကား ကြော့လှေ၊ လေးဆယ်နှင့် ပြည်မြို့တိုင်အောင် ဆီးကြို၍ ပင့်ဆောင် ရသည်။ ဆန်လာ၍ ရွာသစ်ကြီးသို့ ရောက်လျှင် မိဖုရား မောင်းမ မိဿံ၊ မှူးတော် မတ်တော် အပေါင်း ခြံရံလျက် ရွှေဖောင်တော်နှင့် ကြိုသည်။ အင်းဝသို့ ရောက်၍ ဆိုက်လျှင် မြေကြီး လျှင် ပဲ့တင်ထပ်မျှ လှုပ်သည်။ ထိုနိမိတ်ကို ဖတ်တော်မူသည်။ သာသနာတော်ကို ချီးမြှောက်မည် ဟူ၍ သရီရဓာတ် ငါးဆူကို ပင့်၍ လာရောက်တော်မူသည်။ မြေလှုပ်ခြင်းသည်၊ သာသနာတော် မြင့်ရှည်စွာ ပွင့်လင်း ထွန်းပစွာဖြစ်မည် မိန့်တော်မူ၏။ မင်းကြီးလည်း သရီရ ဓာတ် ငါးဆူကို စစ်ကိုင်းအနောက် သာယာစွာသော မြေအပြင်၌ သက္ကရာဇ် ခုနစ်ရာ့ ကိုးဆယ့်နှစ်ခု တပေါင်းလပြည့်စနေနေ့ ရတနာစေတီ ဘုရားရှင်ကို တည်တော် မူသည်။ ဘုရား အနောက်ကလည်း အုတ်ရွှေကျောင်း၊ ကျယ်သရေ သုံးတိုက် နှင့်ပင်တံခါး ခုနစ်ဆယ့်ရှစ်တံခါးထည့်၍ သီရိသဒ္ဓမ္မာလင်္ကာရ သီဟဠ မဟာ သာမိထေရ်အားလှူတော်မူသည်။

သက္ကရာဇ် ခုနစ်ရာ့ကိုးဆယ့်ငါးခုတွင် သားတော် အိမ်ရှေ့မင်းနှင့် ငါးတပ်ကို တိုက်ဆင် တစ်ရာ့နှစ်ဆယ် မြင်းသုံးထောင်၊ စစ်သည်သူရဲ ငါးသောင်းနှင့် ပင်လယ် မြို့၊ ရမည်းသင်းမြို့၊ တောင်တွင်းမြို့ များကို လုပ်ကြံချေ ဟူ၍ စေတော်မူသည်။ ပင်လယ်သို့ ရောက်လျှင် ဝန်းရံ၍၊ မြို့ကိုလုပ်ကြံသည် မရချေ။ ယင်းသို့ မရလျှင် ပင် လယ်ကသည် ရမည်းသင်းမြို့ကို ချီ၍ လုပ်ကြံတော်မူသည်။ ရှမ်းတို့နှင့် ခံလေ သောကြောင့် မြို့ကို မရချေ၊ သို့ပန်းဆင်မြင်းသော်ကား ရတော်မူ၏။ ယင်းကာ

သည့် တောင်တွင်းရှိ၍ လုပ်ကြံတော်မူသည်မှပြီ ကျူး ချေခြင်း နိုင်ခံ့လှသော ကြောင့် မေရှေ ခန့်ကျွဲသော နေတော်မူရမေသည်။ ထိုသို့ ရုံရင် ဘသာ ဂါဝါ ရာဇသင်္ဂြိ ရန်လိုကျူ ညီအစ်ကို သုံးသောက် ကျူးထိပ်တွင် ပွဲဘည့်၍ ဘဝင်တစ်ခြားသော မြို့တွင်းက လှန့် လှည့်သည်။ ပွဲလယ်တွင် ကျူလသ၏ ဘသာဂါဝါ ထ ဆောင်၏၊ ရာဇသင်္ဂြိ ထက်ကို ရှုပ်ယောင်၏။ ရန်လိုကျူ သုံးလနှစ်ရှိလျှင် ပေါ်တော်မူ၍ ပြန်ရသည်။ ဘား ယခင်ဘေ ရှောက်ပြီး၊ တန်ဆောင်းမိဖုရား ဝေခမင်းလှခမင်ကို ဖုတ်ကို ဘေသော တရားစျာကြီးသော ပေးတော်မူ၏။ တန်ဆောင်း မိဖုရား ဝေ အရှာသူသေမည်နှင့် အမြဲမြဲကို ပေးတော်မူ၏။ သင့်သော နှမတော် ပုခန်းစေ၊ သားကို မင်းလုပ်ထီး တော်ပြည် ချစ်သောနှင့် ပြင်ရည်မြို့ကို ပေးတော်မူ၏။ သမီးတော် ပုခန်းမိဖုရား အမိဝေသာရှ အမည်နှင့် မြေတော်ကို သင်္ဃာ အမည် ပေးတော် မူသည်။ ပြည်မင်းဘေးရာ ရှိနောက် သားတော် မင်းရဲကျော်စွာ သမီးတော် နှင့် ရုံတင်သည်။ ညီတော် နရပတိ ထက်တွင် နောင်တော် မင်းရဲကျော်စွာ သမီးရှိ ဖြစ်၍ ဥဇနာ အမည်ပေး၍ သမီးတော် ရွှေအိမ်သည်နှင့် စုံဖက်တော် မူသည်။ ရွှေအိမ်သည် မရှိနောက် သီဟပတိ အမည်ပေး၍ သမီးတော် မင်းမြတ် ထွတ်နှင့် စုံဖက်၍ ပေးနန်းမြို့ကို ပေးတော်မူသည်။

ထို့ကြောင့် ကျောက်စာ ဆရာတို့လည်း (သီဟပတိ အမည်ရှိသော မင်းကြီးသည် သားတော်အကြီး မင်းရဲကျော်စွာ သမက်တော် ဖြစ်၍ ညီတော် နရပတိ အမည်တော်ရှိသော စကေဆုင်မင်း၏ သမက်တော် လည်းတောင်း နှစ်ကြိမ် ဖြစ်၏ဟု ဆိုကုန်၏။ ရတနာ ဗိမာန် ကျောက်စာ တွင်၊ သမီးတော်ကိုယ်တိုင် လက်ဝ ကံကျူးအပ်၍ ထုပ ခိုံအာဒရှကျောင်း တော်ကို ကုသိုလ်ရှင်၊ ဥဇနာ လုပ်ခဲ့ကြောင်းကို ထင်ရှားရှိလျက် သမီးတော်ရှင်း တော်ရှင်း နှစ်ပါးသည်၊ "စည်းစိမ် တည်ကြည်မှုသည် သောက်၊ ရှန်းရှန်းတောက်၍၊ တလျက်မီးသည် အမှန်တည်း။ သားတလည်း မြဲလေသင်း၊ တောင်ကျွေရောင်းသို့ ဘုန်းကြမ္မာကာ၊ မကြာခဏ ဝေးသ်၍ စဲ့ ဟင်းလင်း၊ ကျော်စောခြင်း မျှဟု" ရှင်သီလဝံသ ဆိုသောကြောင့်၊ သမီး သမက် နှစ်ပါး သေသည် ဟု ယူကြသည်မှာ ဥဇနာ ထင်ရှားရှိသည်ဖြစ်၍၊ နှစ်ပါးသေသည် မဟုတ်သင့်၊ သမီးမောင်နှံ စည်းစိမ်အရ မခံစားသည်ကို ရည်ရွယ်ဆိုသည်ဟု ရာဇဝင်သစ် ဖွဲ့ ရှိသည်နှင့် တည်း အမှန်မှုသင့်သည်။)

သက္ကရာဇ် (၇၉၂) ခုတွင် တောင်ငူ—စောလူးသမ်ယာနှင့်ညီ-ပေါင်း၊ တည်
စားသည်၊ မွန်မင်း-ဗညားရံသို့ သမီးကိုပေး၍ ပြည်မြို့ကိုလုပ်ကျွေးတော်မူ၏
လျှောက်လျှင် ဗညားရံသည်၊ တိုက်ဆင်သုံးရာ၊ မြင်းတစ်ထောင်၊ စစ်သည် သူရဲ
ငါးသောင်းနှင့် သမိန်ပရမ်းကို ဗိုလ်မှူးခန့်၍ သာယာဝတီကြောင်း၊ ပြည်သို့ ချီရ
လေသည်။ ရေကြောင်းမှာ တိုက်လှေငါးရာ၊ လှော်ကားသံလှေနှစ်ရာ၊ ဝန်တင်နှစ်ရာ၊
စစ်သည်သူရဲ ငါးသောင်းနှင့် ဗညားရံမှာ ကရဝိတ် ရွှေဖောင်စီး၍ ချီသည်၊
ရောက်သွင်—ဗညားအိမ်နံကို ဗိုလ်မှူးခန့်တော်မူသည်။ ဗညားရံ—ရေ၊ အသားကြည်း
သား၊ လာကြောင်းကို ပြည်မင်း သိဟသူကြားလျှင် မြို့ရိုးကွာသင်း၍ခံသည်။
မွန် မင်းဗညားရံ ရောက်လျှင် ကြည်းရေတံ့သို လုပ်ကြံသည်။ မြို့စီးပြီး မှား
သည်နှင့် လက်နက်ကိရိယာ ထုထယ်လှသောကြောင့် အဝေးကခု၍ ကြည်း
ရေဝန်းရံ၍နေသည်။ ထိုအကြောင်းကို မိုးညှင်းမင်းတရား-ကြားလျှင် မှူးတော်
မတ်တော်အပေါင်းတို့ကိုခေါ်၍ တိုင်ပင်တော်မူသည်။ ထိုအခါ ရာဇသင်္ကြံ
လျှောက်သည်။ "ယခု သည်တောင်ငူ၊ တောင်တွင်း၊ ရမည်းသင်း၊ ပင်လယ် စား၊
တို့နှင့်လည်း အရေးတော် မပြီးချေသေး။ အငြ ရှမ်းပြည်တို့နှင့်လည်း၊ အရေး
တော် မပြီးချေသေး။ ပြည်ထဲအရေးကို ပေါက်ရှသော် ကလိမ်ခြုံတွင် လက်
ရှစ်ကသော သကဲ့သို့ ဖြစ်ချေသည်။ မွန် မင်း ဗညားရံ ချီလာရာမှာလည်း၊
အလုံးအရင်း-များလှသည် ဆိုသည်။ မွန် မင်းကို အချစ်ကိုယ်တူ ပြုတော်မူ၍
မွန် မင်းနှင့် ရွှေတစ်ပြားတည်းကဲ့သို့ဖြစ်မှ အရေးတော် သင့်မြတ်မည်" ဟု၍
လျှောက်၏။ မင်းကြီးလည်း ရာဇသင်္ကြံလျှောက်သောအရေးကို ကြိုက်တော်မူ၍
တုရင်ပိုလ် ဟူသောအမတ်ကို စေတော်မူသည်။ မှာတော်မူသည်ကား "အထက်
က—ဒဂုံတွင် တူတော်နေသည်ကာလ အရေးကို ငါ ပြီးအောင် ပြုသောကြောင့်
ချမ်းသာစွာ မင်းအဖြစ်သို့ ရောက်ရသည်။ သို့သည် ကျေးဇူးကို မအောက်မေ့၊
ငါ့ကျွန် ပေါင်းတည်စား စကားကိုနားယံ၍ ပြည်မြို့ကို ဝန်းရံလေသည်။ ယင်းကို
သာလည်းမဟုတ်၊ တောရောင်ဟူက ကောရောင်ချင်းသာ အမျိုးအနွယ်ဆက်ရမည်
ကို တူတော်သည်—ပေါင်းတည်စားသမီးကို မိဖုရား မြှောက်လေသည်။ နှလုံး
ငယ်သည်ဖြစ်တော့သည်ဟု၍ များစွာစီကုံး၍—မှာတော်မူ၏။ ပဏ္ဏာကာရလည်း
များစွာပေးတော်မူလိုက်၏။ တုရင်ပိုလ်ရောက်၍ မှာသည်ကို ဗညားရံ ကြား
တော်မူလျှင် မင်းနှစ်ပါး ညီညွတ်စွာ ဖြစ်ချင်သည်အရာ မှာတော်မူလိုက်သည်
မေးတော်မူ၏။ တုရင်ပိုလ်သည် ဘုရားမည်းတော် ရာဇာဓိရာဇ်တွင် လည်း၊
ရွှေနန်းသခင် ဘုရင်မင်းခေါင်နှမတော် သုဘာဒေဝီနှင့် စုံဖက်တော်မူ၍ နှစ်
ပြည်ထောင်ရွှေတစ်ပြားတည်းကဲ့သို့ဖြစ်ကြသည်။ ဆင်ဖြူသခင်သီဟသူဘုရင်လည်း၊

[illegible]

[illegible]

လိုသော်လည်း မရ။ အလှူခံသော်လည်းမပြီး" ဟူ၍ တုနှစ်ကိုယ်ကို စေတော်မူ၏။ မှန်မင်းကလည်း "အရေးပြီးလျှင် ပေါင်းတည်စားကို ပြည်ခံဘက်သို့ ပို့လာမည်" ဟူ၍ မှာတော်မူ၏။

ယင်းသေသောအခါ သမိန်ပရမ်းလည်း အသက်ရှင် အင်းဝတွင် နေသောအခါ ရာဇသင်္ကြံနှင့် အလေးအမြတ် ပြုကြသည့်ဖြစ်၍ ရာဇသင်္ကြံအိမ်သို့ မပြတ်သွားလာ၍ သေလက်တော်ကြ၏။ မိုးညှင်းမင်းတရားလည်း ရာဇသင်္ကြံကို ခေါ်တော်မူ၍၊ မှန်မင်းသည် ငါ့ကျွန် ပေါင်းတည်စားကိုလည်း မပေး၊ အရေးကို သော်လည်း ပြီးအောင်မပြု ဖြစ်သောကြောင့် သမိန်ပရမ်းလာလျှင် ဖမ်း၍ အမြဲထား၊ ငါ့ကျွန် ပေါင်းတည်စားကို ပေးမှ သမိန်ပရမ်းကို လွှတ်မည်ဟူ၍ မိန့်တော်မူ၏။ ရာဇသင်္ကြံလည်း သမိန်ပရမ်းလာလျှင် ဖမ်း၍ ထားလေ၏။ သမိန်ပရမ်းလည်း "ကျွန်ုပ်တော်အရည်ကိုတစ်ကိုယ်ဝင်ဖမ်း၍ ထားတော်မူသော်လည်း ဟူတော် ပညာရှိမှာ အားနည်းလှ၍ ... အရေးတော်ပြီးလွှတ်မှ သင့်မည်၊ ရှည်ကြာလျှင် အရေးတော်ပျက်ချိမ်မည်" ဟု လျှောက်၏။ မိုးညှင်းမင်းတရားလည်း ကုလားကိုယ်ကို ခေါ်တော်မူ၍ ငါ့ကျွန် ပေါင်းတည်စားကိုပေးမှ ငါလွှတ်မည်ဟူ၍ မှန်မင်းသို့ စေ၏။ မှန်မင်း ပညာအရုံလည်း ဦးမိုးတော် အသက်ရှ ကတိရှိသည့်အတိုင်း တုမတော်နှင့် ရုံးဖက်တော်မူလျှင် ပေါင်းတည်စားကို ဆက်ပါမည် ဟူ၍ မှာလိုက်၏။ ကုလားကိုယ်ပြန်၍ မှန်မင်းစကားကို ကြားတော်မူလျှင် ဖမ်း၍ထားသော သမိန်ပရမ်းကို လွှတ်တော်မူ၏။ ကုလားကိုယ် နှင့် အပြီးအစီး အရေးစကားကို ဆိုရလေ၏။ ယင်းသို့မှ မှန်မင်းက ခွေးမှန် ဒိုင်၊ ခွေးနန်းဒိုင်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ အသွေးသွေးသော လည်မျိုး၊ အုပ်မျိုးနှင့် ကန်တော့လာရ၏။ မိုးညှင်းမင်းတရားလည်း ပြာသာဒ်သုံးဆောင် ဆောက်စေပြီးလျှင် တုမတော်ကို ဦးသေးစေ၍ ပြုစေ၍၊ (သီရိပဝရမဟာ ဓမ္မရာဇာဒေဝီ) ဟူသော အမည်ကို ခံတော်မူစေ၍ မိဖုရားကြီးတို့၏ အဆောင် အယောင်၊ ကြိုးရွှေချက် ရှစ်ကင်း၊ ရွှေဝေါ ပေးတော်မူ၍၊ မှန်အမတ် မြန်မာအမတ် ဝန်ရံလျက် မှန်မင်း ပညာအရုံ ဆောင်တော်မှာ သိမ်းမြား ရလေ၏။

တုမတော် သီရိပဝရမဟာဓမ္မရာဇာဒေဝီ အကြောင်းကား၊ မင်းခေါင်ကြီး အရွယ်တော် ပုဂံစား သင်္ဃာနှင့် ဝတီကလေးတော် စောမင်းပုသမီတို့ သင့်ရာတွင် မြင်သည်။ သား မင်းခဲ၊ကျော်စွာခံ စောရွှေခက် တစ်၊ ဥစ္စနာခံ ထောင်အက်

[illegible] နေတော် ဝိုင်းဝန်းလာသော တမ်း [illegible]
မြင်းမူး တမ်း ကျော [illegible] တမ်း [illegible] ငါးပါး [illegible] ဝိုင်းဝန်းလာသောအစီး
[illegible] တမ်း [illegible] ဝိုင်းဝန်းလာသော [illegible] ဓာတ်တော်
မှန် [illegible]
[illegible]

(မင်းခေါင်ကြီး အသေ့ဆေးတော် [illegible] သင်္ချိုင်းလာသည်။ မြန်မာ့
မင်းခေါင် [illegible] ဖြစ်ကြသည်။ ရာဇာဓိရာဇ် [illegible] ငွေ့မနိုင်ကြသည်
များကို လာသည်။ [illegible] မိဖုရားမယ်တော် [illegible] မိဖုရားတကျော်သည်
[illegible] သားတော် သုံး၊ သမီးတော် နှင့်
[illegible] ဟံသာဝတီမင်း မိဖုရား ဖြစ်ကြသည်
ငိုကြွေးသည်။ သမီးတော်ကြီး [illegible] သင်းကြီး မင်းသမီးသည်
များကို ဂါထာ [illegible] ရာဇဝင်ကြီး၊ ရာဇဝင်သစ်တို့
တွင်ကား၊ မည်သူ့ သမီးကြွယ် အသေအချာမလာ။)

ဗညားရံလည်း စစ်တော်က သင်္ချိုင်းကြီးသို့၍ လက်ကောက်ကို လုပ်နှင့်၏။ ဖက်လည်အောင် မြန်မာအမတ်၊ မွန်အမတ်တို့ကို ကျေးမွေး၍ သောက် ကြီးစွာ ခံတော်မူသည်။ ပဏ္ဏာကာရအများနှင့် ပေါင်းတည်စား အသက်ကို ခွင့်ပြုပါကြ၍ တောင်းပန်လာ၏။ မိုးညှင်းမင်းတရားလည်း ပေါင်းသည်စား ငယ်သည်-အခြားမဟုတ်၊ ငါ၏ ဆွေတော် မျိုးတော် ဖြစ်သည်၊ ရှိခိုးမြဲမလေ သောကြောင့်သာ တောင်းသည်ဟု မှာတော်မူလိုက်၏။ ယင်းသို့မှ ပေါင်း တည်စားကို သားမယားနှင့်တကွ ပို့လာ၏။ မိုးညှင်းမင်းတရားလည်း ပေါင်း တည်စားကို စီးနင်းဆောင်ယောင်မြဲကို မရွတ်မချ ပေးတော်မူ၍ အမှုးအမတ် တို့နည်း မြဲစေ၏။ ဤသို့ မင်းကျောင်းနှစ်ပါး အရေးတော် ပြီးကြလျှင် သစ္စာ ပြုတော်မူကြ၍ နိုင်ငံအပိုင်းအခြားကို မှတ်သားရ၏။ မွန်မင်း ဗညားရံ လည်း ရေအားကြည်းအားမြန်တော်မူ၍ ဒဂုန်သို့ရောက်လျှင် မင်း မိဖုရား နှမ ပါးတက်တော်မူ၍ ဖူးမြင်တော်မူ၏။ ဟံသာဝတီသို့ရောက်လျှင် မိဖုရားကြီးအရာ ထားတော်မူ၏။ နောက်လည်း--လိပ်မတ်ဖော--ဟူသော မင်းသားကိုမြင်သည်၊ စောလူးသမီးသလည်း အရေးတော် ပြီးကြလျှင် မနေဝံ့၍ တောင်ငူသို့ အလျင် ခွါလေ၏။ မိုးညှင်းမင်းတရားလည်း သားတော်မြည်စား သီဟသူကို သုလာ များစွာ ပေးတော်မူ၍ ရေအား၊ ကြည်းအား ပြန်တော်မူသည်။

ပထမ္ဗူစော်ဘွား၏ သဏ္ဍရာဇ်ဖြိုသည့် အကြောင်း၊

သဏ္ဍရာဇ်ခုနစ်ရာကိုးဆယ့်ကိုးခုနှစ်ပြည့်ရာတွင် ရောက်တော်မူသည်။ ရွှေနန်းတော်သို့ ရောက်တော်မူလျှင် ပြည်သူပြည်သားများကိုကြိုပ်ရွက် ပေါင်းလက်သော သရောတော်အပေါင်းနှင့် တိုင်ပင်တော်မူသော် နောက်ဆုံးတွင် မင်းကျောင်းသူကြီးက "ယခုသည် ပထမ္ဗူစော်ဘွားကြီး ရောက်ရှိမည့် သည်မပြီးသေးသော်သော် လျှောက်သည်ကိုပိုလည်း မင်းတရားကြီး" သဏ္ဍရာဇ် ဖြိုကိန်းရောက်ရှိမည့်သော်အမြဲမဲ့အစီအစဉ်ရှိသနည်း" ဟု မေးတော်မူ၏။ ပညာရှိ တို့သည်လည်း ဖြိုကိန်းရောက်ရှိမည်ပြည့်သော်မြန်မာ သဏ္ဍ ကြီးမျှမူ၍ သာကူနဲ့ လျှောက်ထားကြ၏။ ယင်း သောအခါ ရာဇသင်္ကြိလျှောက်သည်။ "အထက်က သဏ္ဍရာဇ်ဖြိုသောမင်းတို့ သည်သက်တော်မရှည်ချေ၊ ဖြိုသည့်နှစ်တွင်ပင် အနိစ္စရောက်တော်မူသည်" ဟု၍ လျှောက်၏။ မိုးညှင်းမင်းတရားလည်း ဆင်ခြင်သော သဏ္ဍ ၇ အပေါင်းကို ချမ်းသာခြင်းသို့ ရောက်မည်ကို သိမြင်လျက် ငါသို့သော မင်းသည် သေသော်ကို ကြောက်၍ ကိန်းရောက်လျက် မဖြိုချေသော် ကမ္ဘာအကျော်၍ ဥပါယ်မဲ့ ကန်းဖြစ်လေတော့မည်ဟု၍ မိန့်တော်မူပြီး၍ ပိဋကတ် တောင်တတ်သော ပညာရှိ အပေါင်းတို့နှင့် တိုင်ပင်တော်မူ၍ တောင်ပယ်ရောက်၊ သင်္ဃတို့တော်လအစ ပြင် ငွေစင်ရွှေအရပ်၌ မဏ္ဍပ်ကြီးရှာဆောက်တော်မူ၍ မင်းပိုလ္လာ မင်းသား မင်းမြေး မင်းဆွေ မင်းမျိုးစသော မှူးမတ် ပိုလ်ပါတို့နှင့်တကွ ယဉ်ကြေးမှုကျ ကျင်းပလျက် ရွှေငွေရတနာ၊ ဆင်မြင်းကျွန်ကျေး၊ ကျွဲနွားသစ်တော၊ ပေါ ဆန်ရေ လှူဒါန်းတော်မူ၍ အဓိမာသပေါင်း၊ သဏ္ဍရာဇ်ဖြိုပြည့်တွင် ခုနစ်ရာ ကိုးဆယ့်ရှစ်ခုကိုဖြိုလျှင် နှစ်ရာပြည့်၍ ထားတော်မူ၏။

မိုးညှင်းမင်းတရားကား–ရတနာသုံးပါးနှင့် ပကြည်တော်မူ၏။ မင်းကိစ္စ ယယ်ပါးနှင့်လည်း ပြည့်စုံတော်မူ၏။ ပြည်သူရေးကို မြော်မြင်တော်မူ၏။ ဘာသာကျေးဇူးတော်လည်းရှိ၏။ အတိတ် အနာဂတ်ကိုလည်း မြင်၏။ ပေးကမ်းသော လည်း၊ လေ့လေ့ ရယ်ရယ်၊ ပေးကမ်းတော်မူ၏။ သဒ္ဓါရောင်၏။ လယ် ဖွယ် ကြံ့ခိုင်ကို မနာမနေ လုံ့လ ဝီရိယရှိ၏။ အဓိဌာန် ခွန်အားနှင့်လည်း ပြည့်စုံတော်မူ၏။ ထိုမင်းကား–သူရဲ့စုတ်တွင်ပင် မင်းဖြစ်သတည်း။ ကောင်းမှု ပြည့်စုံတော်မူ၏။ ထိုမင်းကား–စစ်ကိုင်း တော်ကား-စစ်ကိုင်းအရပ်၌ ရတနာစေတီနှင့် ရွှေကျောင်းတော်ထပ်၊ ညောင်ရမ်းပြီ ယမ္မတွင်-ရွာ ရန်အောင်မြင်ဘုရားနှင့် ရွှေကျောင်းတော်နှစ်၊

တော်မူသောအရပ်၌ စည်းခုံနှင့် ရွှေကျောင်းတော်သုံး၊ အမြင့် ပဲ်တော်ရာတွင် စည်းခုံနှင့် ရွှေကျောင်းတော်လေး၊ အညာဘန်းပြင် အရပ်၌ စည်းခုံနှင့်ရွှေ ကျောင်းတော်ငါး၊ မိုးမောအရပ်၌ စည်းခုံနှင့် ရွှေကျောင်းတော်ခြောက်၊ မြောက်ဘက်မြို့ဂူအရပ်၌ စည်းခုံနှင့် ရွှေကျောင်းတော် ခုနစ်၊ မင်းဓေါ်ကြီး ဘုရား ပင်းယရန်အောင်မြင်တွင် ကျောင်းတော်ရှစ်၊ မြေနံအရပ်၌ စည်းခုံနှင့် ရွှေကျောင်းတော်ကိုး၊ ဆူကြိုက်အရပ်၌စည်းခုံနှင့် ရွှေကျောင်းတော် တစ်ဆယ်၊ ပုန်းကြီးအရပ်၌စည်းခုံနှင့်ကျောင်းတော်တစ်ဆယ့်တစ်၊ သစ်ဆိမ့်အရပ်၌တဲတော် ရာတွင်စည်းခုံနှင့် ကျောင်းတော်တစ်ဆယ့်နှစ်၊ တောင်ကျည်းအရပ်၌ စည်းခုံနှင့် ကျောင်းတော်တစ်ဆယ့်သုံး၊ဝါးရင်းတုတ်အရပ်၌လည်းစည်းခုံနှင့်ကျောင်းတော် တစ်ဆယ့်လေး၊ပြည်မြို့၌စည်းခုံနှင့် ကျောင်းတော်တစ်ဆယ့်ငါး၊ ပုဂံညောင်နွယ်၌ စည်းခုံနှင့် ကျောင်းတော် တဆယ့်ခြောက်၊ ခံတောအရပ်၌ စည်းခုံနှင့် ကျောင်း တော်တစ်ဆယ့်ခုနစ်၊ အင်းဝမြစ်ငယ်တွင်စည်းခုံနှင့် ကျောင်းတော်တစ်ဆယ့်ရှစ်၊ မြင်းမြို့၌ စည်းခုံနှင့် ကျောင်းတော် တစ်ဆယ့်ကိုး၊ လျှောင်ခွဲအရပ်၌ စည်းခုံနှင့် ကျောင်းတော်နှစ်ဆယ်၊ တောင်ပလုအရပ်၌ စည်းခုံနှင့် ကျောင်းတော် နှစ်ဆယ် တစ်၊ကူမ်းစည်းကျယ်၌ စည်းခုံနှင့်ကျောင်းတော်နှစ်ဆယ့်နှစ်၊ပင်းယ၌ စည်းခုံနှင့် ကျောင်းတော်နှစ်ဆယ့်သုံး၊ ပင်းယအရွှေကျောင်းတော်နှစ်ဆယ့်လေး၊ မြင်းခုံ တိုင်ကျောင်းတော် နှစ်ဆယ့်ငါး၊ ပြင်စည်မြို့၌ ကျောင်းတော်နှစ်ဆယ့်ခြောက်၊ ထန်းတောကျောင်းတော်နှစ်ဆယ့်ခုနစ်၊ သည်နှစ်ဆယ့်ခုနစ်ဌာနအရပ်မှာ တည် တော်မူသည်ကိုဆိုသည်။ထိုမှတစ်ပါး နိုင်ငံတော်၌ကောင်းမှုတော် ဟောင်းနွမ်း ပြိုပျက်လေသည်များကို လုပ်တပ်တော်မူသည်ကားများ၏။ ထိုမှတစ်ပါးလည်း ကြေးတော်ငွေတော်ထုတ်၍မှူးမတ်တို့ကလည်း ကြေးငွေသဒ္ဓါသမျှ ထုတ်ချေ၍ အင်းဝ၊ ပုဂံ၊ညောင်ဦးမြို့များတွင်ပြည့်တန်ဆာမတို့သည် ကိုအမှု၌မမွေလျော်၊ လွတ်လိုသသူတို့ကို အဖိုးရင်းတိုင်းပေး၍ လင်အလျောက်နေစေ၏။ ကိုယ်လုပ် တော်အမျိုးတော်တို့ယောကျ်ားနှင့် တိမ်းယိမ်းမှားယွင်းလျှင် အပြစ်မပြု၊ သည်းခံ တော်မူ၍ သာကြည်စွာဆုလာဘ်ပေးပြီးလျှင် ထိမ်းမြားတော်မူသည်။ တစ် ဆယ့်ငါး ယောက် မိယား။ မြို့သစ်ကတော်တစ်ယောက်၊ သူခိုးဒဏ္ဍာ အပြစ် ကြီးစွာရောက်သောသူတို့အား အသက်စည်းစိမ်ပေးတော်မူသည်၊ အကြိမ်တစ် ရာငါးဆယ်တည်း။ ဤသို့အစရှိသောကောင်းမှုတို့ကို တစ်ဆယ့်သုံးနှစ်ပတ်လုံး မင်းဖြစ်၍ ဆည်းပူးတော်မူသည်။ တာဝရအရှည်ဖြစ်အောင် များစွာ သောဝတ္ထု ကံမိုးမြေတို့ကို လှူတော်မူသည်။ အိမ်နိမ့်လေးဆယ့်ခုနစ်၊ စည်းစိမ်တစ်ဆယ့် သုံးနှစ်သို့အဝင် သက်တော်ခြောက်ဆယ်တွင် အနိစ္စရောက်တော်မူ၏။ ထိုနို့

ရောက်တော်မူလိုသော်၊ ကြာသာပတေး ဂြိုဟ်ကရကဋ်ရာသီက မေထုန်ရာသီသို့ ဗျူဟစရိယာပြု၏။ ရတနာစေတီ အခိုးထွက်၏။ နံတော် တနင်္ဂနွေသားတည်း။

အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းများသခင် ရွှေတွင်း ငွေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းတွင်းစသော ရတနာပေါင်းတို့၏အရှင်၊ စတုဒ္ဒ ရတနာပုရမြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင်းသခင် အသျှင် ဘဝရှင်မင်းတရားကြီး လက်ထက်တော် တစ်ထောင့်တစ်ရာ့ ကိုးဆယ့်တစ်ခု၊ နယုန်လဆန်းတစ်ရက် နေ့ကစ၍၊ ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့် အထူးထူးသော ရတနာတို့ဖြင့်ဆန်းကြယ်သော မှန် နန်း တော် ဆောင် တော် ဦး နန်းမစနှဲ့၌ နှိုင်းညှိ၍ အသင့်ယုတ္တိကျမ်းဂန်အာဂုံများနှင့်အညီ သုတ်သင်စီရင်တော်မူသော မဟာရာဇဝင်တော်ကြီး အဌမတွဲပြီး၏။

မှန်နန်း မဟာ ရာဇဝင်တော်ကြီး (ဂ-တွဲ) ဤတွင် ပြီးပြီ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

---

# နဝမတွဲ

## မင်းရဲကျော်စွာ-အကြောင်း

သက္ကရာဇ်-ရှစ်ရာ့တစ်ခု၊ သက္ကရာဇ်တို-သုံးခုတွင် သားတော် မင်းရဲကျော်စွာ သည် ခမည်းတော် အရိုက်အရာဖြစ်သော ရွှေထီး ရွှေနန်းကို စိုးအုပ်တော် မူသည်။ နန်းတက်တော်မူသောအခါ၊ "ဟယ်တရိတရင်း ဟူးရားသမားတို့ အခါ တန်ပြီလော" ဟူ၍ မေးတော်မူ၏။ ထိုစကားကို ပညာရှိတို့ကြားလျှင် သည့် မင်းကား- သုံးနှစ်သာ မင်းပြုရမည်ဟု ဆိုစကုန်၏။ ပညာရှိတစ်ဦး လျှောက် သည်ကား၊ တရိတရင်း ဟူသော စကားကို မိန့်တော်မူ၍ နန်းတက်တော် မူသောကြောင့် သုံးပြည်လုံးကို အစိုးရတော်မူမည်ဟူ၍ လျှောက်၏။ လျှောက် သူကို ဆုပေးတော်မူ၏။

ယင်းသောအခါ ကလေးနှင့် မိုးညှင်းတိုက်ကြ၍၊ ရန်စစ်ကြီးစွာ ဖြစ်ကြ၏။ အရှင်မင်းရဲကျော်စွာလည်း ယောက်ဖတော် သီဟပတေ့ကို ဗိုလ်မှူး ခန့်တော် မူ၍ ကိုးတပ်ချီရသည်။ ကိုးတပ်တွင်ပါသည့် တိုက်ဆင် သုံးရာ၊ မြင်း ငါးထောင်၊ စစ်သည်သူရဲ ကိုးသောင်းနှင့် ချီရသည်။ မြေဒူးအလွန်သို့ ရောက်လျှင် မိုးညှင်း စော်ဘွားလည်း ကလေးက ညီ၍ လုပ်ကြံမည်ကို ခိုညားသောကြောင့် သား မယားကိုယူ၍ လက်ဆောင်၊ လက်နက် အများနှင့်ဝင်၍ ကျွန်တော် ခံလာ၏။ ကလေးစော်ဘွားလည်း မိုးညှင်းစော်ဘွား ဝင်လေပြီကြားလျှင် ညီ၍ လုပ်ကြံ မည်ကို ခိုညားသောကြောင့် လက်ဆောင်၊ လက်နက် အများနှင့် သားမယားကို ယူ၍ ကျွန်တော်ခံလာသည်။ အရှင် မင်းရဲကျော်စွာလည်း စော်ဘွားနှစ်ဦးကို ခြေရင်းတော်သို့ ခေါ်ပြီးမှ ယောက်ဖတော်အကြီး သီဟပတေ့ကို ပုခန်းကြီး၊

မြို့နှင့်တကွ ပိုးညွှင်းကို ပေးတော်မူသည်။ ယောက်ဖတော်အငယ် သီရိဇေယျသူရကိုလည်း ပြင်စည်မြို့နှင့်တကွ ကလေးမြို့ကို ပေးတော်မူ၏။

ဘုရင်မဟာသီဟသူရလည်း ငါကျန်သည် သစ္စာတော်ကိုစောင့်ကျင့်မည် မဟုတ်၊ မင်းတို့ မယုံလျှင် ငါက ဦးသျှောင်ကို ကိုင်၍ ယူစေလိမ့်မည်။ မလိုက်မှ တစ်ယောက်ကို တောင်ငူစား ဦးသျှောင်ကိုကိုင်၍ ယူချေစေ။ မင်းချင်း လျှင် ဦးသျှောင်ကိုကိုင်၍ ယူခဲ့ အမိန့်တော်ရှိကြောင်းကို မြန်၍ စည်သူကျော် ထင်လည်း ငါအရှင် အမိန့်တော်တည်အောင် ဦးသျှောင်ကိုကိုင်၍ အိမ်က ချပါဆို၏။ မင်းချင်းတို့လည်း အမိန့်တော်အတိုင်း တည်အောင် စီရင်ပြီးလျှင် မြင်းလျှင်စီး၍ အခြွေအရံ သုံးရာနှင့် ရောက်လာ၏။ ဘုရင်မဟာသီဟသူရလည်း အိမ်ရှေ့မင်း စသော မှူးတော် မတ်တော်တို့ကိုခေါ်၍ ငါကျန်ကို မင်းတို့ မယုံ မကြည် လျှောက်ကြသည်။ ယခု စည်သူကျော်ထင် ရောက်ပြီ၊ အသို့ လျှောက် ကြမည်နည်း မိန့်တော်မူ၏။ သားတော် အိမ်ရှေ့မင်း တို့လည်း မည်သို့မျှ မလျှောက်ဝံ့၊ ဦးချ၍သာ နေကုန်၏။ ယင်းသို့မှ အစဆောင် အယောင် စားခက် စားယောက် ပေးတော်မူ၏။ စည်သူကျော်ထင်လည်း ပြန်ရလေ၏။ စည်သူ ကျော်ထင် မြောက် သားတော်ကား၊ ဘုရင်မဟာသီဟသူရမိဖုရား ညီမတော် သီဟပတေ့ သမီးတည်း။

ထိုသက္ကရာဇ်တွင် မိုးညှင်းစော်ဘွားနှင့် မိုးကောင်းစော်ဘွားတို့ ဆယ်ဖြစ်ကြ၍ နှစ်မြို့လုံးက စစ်ကူတော်မူပါဟု နားတော် လျှောက်လာ၏။ ဘုရင်မဟာသီဟ သူရလည်း သားတော် အိမ်ရှေ့မင်းကို မြို့စောင့် ခန့်တော်မူ၍၊ သားတော်အငယ် ရမည်းသင်း ပင်းရဲကျော်စွာတို့ ငါးတပ်ကို တိုက်ဆင် သုံးရာ၊ မြင်း ခြောက် ထောင်၊ စစ်သည်သူရဲ ခုနစ်သောင်းနှင့် ကြည်းကြောင်း ချီရသည်။ ဘုရင်မဟာ သီဟသူရမှာ ရေကြောင်းတစ်ဆယ့်နှစ်တပ် စီရင်တော်မူ၍၊ စစ်သည်သူရဲ ခုနစ် သောင်းနှင့်ရေ ရှေဖောင်တော်စီး၍ချီတော်မူ၏။ ကသာသို့ ရောက်တော်မူလျှင် မိုးညှင်းသို့ ချီတော်မူသည်။ ရောက်တော်မူလျှင် မိုးကောင်း စော်ဘွားတို့သည် မခံဝံ့၍ လက်ဆောင် လက်နက်အများနှင့် ဝင်လာ၏။ ဘုရင်မဟာသီဟသူရလည်း မိုးညှင်းစော်ဘွားကို ယူတော်မူခဲ့၍ တကောင်းမြို့ကို ပေးတော်မူ၏။ မိုးညှင်း မြို့ကိုမူကား၊ မိုးကောင်းစော်ဘွားညီကို ပေးတော်မူ၏။ ထိုသက္ကရာဇ်တွင်ပင် ပြန်တော်မူခဲ့၏။

## မှန်မင်း-ဓမ္မစေတီအကြောင်း

တလိုင်းပြည် ဟံသာဝတီမှာလည်း ဓမ္မစေတီ နန်းတက်လျှင် လက်ဖွဲ့တစ်လုံးတည်း ဖြစ်သော သူရဲကောင်း ငညီတုံးကို သမိန်ပရမ်း—ဟူသော အမည်နှင့် စစ်ကောင်းမြို့ကို ပေးတော်မူ၏။ စစ်ကောင်းစား သမိန်ပရမ်းလည်း ဤသို့ ဓမ္မစေတီမင်းကို လျှောက်သည်။ ဇမ္ဗူဒိပ်မြေပြင်ဝယ် သူရဲကောင်း ဟူ၍ ကျွန်တော်မကြောက်ယခုလည်း သူကောင်းပြုတော်မူသည်၊ ကျေးဇူးတော်လည်း ဆပ်၍မပိုင်နိုင်ဖြစ်သည်။ ယင်းသို့ဖြစ်သောကြောင့် ဆင်တော်ချစ်နှောင်ရင်းနှင့် သူရဲကောင်းလေးယောက်ပေးတော်မူပါ၊ တရုတ်ပြည် ကျေးစပ်ဖြစ်သော ခန္တီး တိုင်ကောင်ချို၍ မြေခြားသံတိုင်စိုက်မည်၊ တရုတ်ဥတည်ဘွားကပင် ချီလာသော်လည်း ကျွန်တော် နိုင်အောင်တိုက်မည်။ ယင်းသို့ မြေခြား သံတိုင် စိုက်ရသည်ဖြစ်မူ သားတော်အစဉ် မြေးတော်အဆက် တိုင်အောင် ဥဒါန်းမော်ကွန်း ဖြစ်ရမည် ဟူ၍ နားတော် လျှောက်၏။ ဓမ္မစေတီမင်းလည်း သည်အရေး သင့်လှသည် ဟူ၍ ဧတော်မူ၏။ သမိန်ပရမ်းလည်း အရပ် ခုနစ်တောင်ရှိသော ဆင်တော် ချစ်နှောင်ရင်းကိုစီး၍ သူရဲကောင်း လေးယောက်နှင့် သက္ကရာဇ် ရှစ်ရာသုံးဆယ့်ကိုးခုတွင် ချီသည်။ သမိန်ပရမ်း ဟံသာဝတီ ကျေးစပ်က လှန်၍ တောင်ငူကျေးသို့ ရောက်လျှင် တောသို့ ချီရသည်။ တောင်ငူက လှန်၍ ရမည်းသင်းကျေးသို့ ရောက်လျှင်လည်း၊ အထိအပါးမရှိ တောသို့သာ ချီ၍ ဆင်းတားရွှင်သို့ တက်လေ၏။ ယင်းကမှ သုံးဆယ်၊ မိုင်းလုံ၊ မိုးမိတ်ကိုချီ၍ ခန္တီးသို့ ရောက်လျှင် မြေခြားသံတိုင် စိုက်လေ၏။ ခန္တီးစားလည်း မဆီးမတားဝံ့ချေ၊ ဟံသာဝတီက မြေခြားသံတိုင်စိုက်လာကြောင်းကို မိုးစစ်စားသို့ လျှောက်ရလေ၏။ မိုးစစ်စားလည်း ဥတည်ဘွားသို့ လျှောက်ရလေ၏။ ဥတည်ဘွား ကြားလျှင် မြေခြားသံတိုင်ကိုနုတ်၍ ပစ်ချေဟူ၍ တောင်စစ်သူကြီးကို ခန့်၍ မြင်း နှစ်သိန်း၊ စစ်သည်သူရဲ တစ်သန်းနှင့် ချီလာ၍ သံတိုင်ကို နုတ်လာရ၏။ သမိန်ပရမ်းလည်း မြေခြားသံတိုင်စိုက်ပြီးလျှင် ကြုံးဝါး၍ ပြန်လာ၏။

ထိုအကြောင်းကို အရင်မဟာသီဟသူရ ကြားတော်မူလျှင် သားတော် ထိပ်ရွှေမင်း သားတော် အလတ် သတိုးဓမ္မရာဇာ သားတော် အငယ် မင်းရဲကျော်စွာတို့ကို အလုံးအရင်းအများနှင့် ရမည်းသင်းက ဆီးကြို၍ သမိန်ပရမ်းကို တိုက်ရလေ၏။ သမိန်ပရမ်း စစ်သည်တို့လည်း နာချား ပေါ်သည်နှင့် မတိုက်ဝံ့ကြ၊ သမိန်ပရမ်းမှကား ဆင်ချစ်နှောင်ရင်းကိုစီး၍ မိမိသူရဲ လေးယောက်နှင့်

ခံလာ၏။ ယင်းသောအခါ သတိုးဓမ္မရာဇာ ဆင်ချစ်နောင်ရင်းကို စီး၍ လိုက်တော်မူသည်။ ဆင်သုံးဆယ်ကျော် အုံညီ၍တိုက်လျှင် သမိန်ပရမ်း မခံနိုင်၍ ဆင်တစ်စီးနှင့်သာပြေးလေ၏။ မြင်းသုံးထောင်နှင့်လိုက်ဖမ်းရသည်၊ သမိန်ပရမ်း စီးသောဆင် ပင်ပန်းလှ၍ အင်းကြီးတစ်ခုကိုတွေ့လျှင် ရေကိုဆင်း၍ နေလေ၏။ လိုက်စေသော မြင်းသုံးထောင်သားတို့လည်း အင်းကိုဝန်းရံ၍ နေလေ၏။ အိမ်ရှေ့မင်းတို့ နောက်ထပ် ချီလာ၍ ရောက်လျှင် မထွက်ရအောင် အင်းကို ဝန်းရံ၍ စောင့်ရ၏။ သမိန်ပရမ်းလည်း ထမင်းသုံးနပ်မစားရသည်နှင့် ညိုးနွမ်းရှာ၍ရှိသည်ကို အိမ်ရှေ့မင်းမြင်လျှင် သမိန်ပရမ်းသည် ယခုမှကို ငါ့လက်မှ ထွက်လွတ်နိုင်မည်မဟုတ်၊ သည်ထမင်းကိုစား၍ ကျွန်တော်ခံလာတော့ ခမည်းတော်ဘုရားကို လျှောက်၍ သူကောင်းပြုတော်မူမည်ဟု၍ လှေငယ်တစ်စင်းနှင့် လူနှစ်ယောက်ကို စေတော်မူ၏။ သမိန်ပရမ်းလည်း ထမင်းသုံးနပ်မစားရသည်နှင့် ဆာလှတ်လှ၍ ထမင်းကိုစားပြီးလျှင် ကျွန်တော် ခံလေ၏။ အိမ်ရှေ့မင်းလည်း သမိန်ပရမ်းကို ရတော်မူလျှင် ခမည်းတော်ကို ဆက်လေ၏။ ဘုရင်မဟာသီဟသူရလည်း မသတ်မချ အဝတ်အစား ပေးတော်မူ၍ မြဲ့ရ၏။

---

## တရုတ်အမတ် စလုံကျော်ခေါင်နှင့် သမိန်ပရမ်း မြင်းစီးချင်းတိုက်သည့်အကြောင်း

တရုတ်ဥတည်ဘွားက မြေခြားသံတိုင် နုတ်ချေစေသော တရုတ်စစ်သူကြီးတို့လည်း ခန္တီးသို့ ရောက်လျှင် မြေခြားသံတိုင်ကိုနုတ်၍ အင်းဝသို့ အမတ်တစ်ယောက်ကို မြင်းတစ်ထောင်နှင့် စေလာ၏။ စေဟန်ကား– ရှေးပုဂံပယ် နော်ရထာမင်းစောလက်ထက် ရွှေပေါင်းချောင်၊ ငွေပေါင်းချောင် ဆက်ဖူးသည်။ အစဉ်အတိုင်း ဆက်ကောင်းသည် စေလာ၏။ ဘုရင်မဟာသီဟသူရလည်း၊ ခမည်းတော် ဘုရင်နရပတိ လက်ထက်တော်တွင်လည်း အစဉ်အဓိ၊ မရှိကြောင်းကို ဆို၍ နေရလေပြီးသည်။ ငါပေးတွက် မရှိဟု မိန့်တော်မူ၏။ တရုတ်သံတို့လည်း ရှေ့နန်းသခင် သည်ကဲ့သို့ မိန့်တော်မူလျှင်၊ ရန်စစ်ကြီးစွာ ဖြစ်လတ်တော့မည်။ ရှေ့နန်းသခင်က သူရဲကောင်းမြင်းတစ်စီး၊ ငါတို့က သူရဲကောင်းမြင်းတစ်စီး စီးချင်းတိုက်စိမ့်မည်။ ရှေ့နန်းသခင်နိုင်လျှင်လည်း၊ ငါတို့ပြန်တော့မည်။ ငါတို့ကနိုင်လျှင်လည်း ငါတို့အရှင် တောင်းသည်ကို ပေးရမည်

ဟူ၍ လျှောက်လေ၏။ ဘုရင်မဟာသီဟသူရလည်း သားတော် အိမ်ရှေ့မင်း၊ မှူးတော် မတ်တော်တို့ကို ခေါ်၍ တိုင်ပင်တော်မူ၏။ ထိုအခါ အိမ်ရှေ့စံသော မှူးတော် မတ်တော်တို့က မင်းလျှောက်သည်၊ လှေတက်၍မြင်းစီးအရာ၌ နိုင်နင်းလှသည်၊ ကျွန်တော်တို့က မည်မည်ဝ၀ ခြိမ့်ညီ မောင်ရွှေ၊ ဆင်းအနင်းကျင်လည်၍ အရေးအရာတတ်သော သမိန်ပရမ်းကိုခေါ်၍ စုံစမ်းတော်မူပါဟူ၍ လျှောက်မှ သင့်မည်။ မှန်အမတ် နားတော်လျှောက်၏။

ဘုရင်မဟာသီဟသူရသည်သမိန်ပရမ်းကိုခေါ်၍စုံစမ်းတော်မူသော် ဇမ္ဗူဒိပ်မြေအပြင်လယ်သင်လျှင်လည်းတစ်စီးချင်းမြင်းလျှင်လည်းတစ်စီးချင်း၊ ခြေလျှင်လည်းတစ်ယောက်ချင်း ကျွန်တော် ကြောက်သည်မရှိ၊ ကြိုက်သည့်မြင်းကိုသာ သနားတော်မူ၍ အရေးတော် လုအောင် အမှုတော် ထမ်းပါမည် ဟူ၍ နားတော်လျှောက်၏။ ဘုရင်မဟာသီဟသူရလည်း ဇောင်းတော်တွင်ရှိသည့် မြင်း၊ ဒုန်လာကျော့နှင့် မှူးတော် မတ်တော်တို့တွင်ရှိသည့် မြင်းများကို ပြတော်မူသော် ထိုသို့ ကျွန်တော်ကြိုက်သည့်မြင်းကို ရွေးပါပြီးမည်ဟု နားတော်လျှောက်၏။ ထိုသို့ လျှောက်၍ကြည့်ရှုသော် မုဆိုးမတစ်ယောက်မှာ မြင်းနီတစ်စီးသည် ကြမ်းကြုတ်လှသောကြောင့် မစီးဝံ့လွှတ်ထားသည်ကို ကျုံးနားတွင်တွေ့လေ၏။ သမိန်ပရမ်းလည်း မြင်းမနီကျည်းတော့ကို ရအောင်ဖမ်းပါ၊ စီးနင်းရမည် ထင်သည် ဟူ၍ ဆို၏။ အမှုအမတ်တို့လည်း သည်မြင်းသည် ကိုက်တတ်လှသည်၊ မဖမ်းဝံ့ ဟုဆိုကုန်၏။ သမိန်ပရမ်းလည်း ဇက်ကိုကိုင်၍ ချည်လေ၏။ မြင်းသည်ကိုက်မည်လိုက်သည်ကို မြင်းအာခံကို ကိုင်ပြီးဇက်ကို ခွံ့ထည့်၍ မြင်းသို့ တက်စီးလေ၏။ မြင်းလည်းအကျန်ပြေးထွက်လေ၏။ သမိန်ပရမ်းလည်း မြင်းလိုသို့ လိုက်၍ စီးလေ၏။ ပင်ပန်းနွမ်းနယ်လှမှ ယူ၍ ဤသို့ နားတော်လျှောက်၏။ သည်မြင်းကို ကျွန်တော်ရက်လည်အောင် စီးပါပြီးမည်။ မည်သည့်နေ့ရက်ကို စီးချင်းတိုက်စိမ့်မည်ဟု မှာတော်မူတော့ နားတော်လျှောက်၏။

ဘုရင် မဟာသီဟသူရလည်း အားရတော်မူ၍ တရုတ် စလုံကျော်ခေါင်ကို ရအောင်ဖမ်းနိုင်လျှင် ခြေရင်းတော်တွင် မျှော်လည်း မှူးကြီး မတ်ကြီးတို့အဆောင် အယောင် အစီးအနင်းနှင့်တကွ ခန့်ထားမြှောက်စား၍ ငါသူကောင်းပြုတော်မူမည်။ ယင်းသို့မကြိုက် ပင်သာ၀တီသို့ သွားလိုလျှင်လည်း ငါလွှတ်တော်မူမည်၊ မိန့်တော်မူ၏။ သမိန်ပရမ်းလည်း ဘုန်းတော်ကြောင့် စလုံကျော်ခေါင်ကို ရပါလိမ့်မည်ဟူ၍ နားတော်လျှောက်၏။ ယင်းသို့မှ—မည်သည့်နေ့ရက် မြင်းစီးချင်း

တိုက်စိမ့်မည်ဟူ၍ တရုတ်တို့တပ်သို့ စေတော်မူ၏။ ချိန်းချက်သည့် နေ့ရက်သို့ ရောက်လျှင် ဘုရင် မဟာသီဟသူရ ပေးတော်မူသောပတ္တမြားမောင်းကင်း၊ ပတ္တမြားနား၊ တရုတ်တပ်သော ရွှေမျှင် ဝတ်လုံထည်များကို စီးတော်မူသော ဆင်ယင်ဝတ်စားရ၏။ သမိန်ပရမ်းလည်း ဆင်ယင် ဝတ်စားပြီးလျှင် ဘုရင် မဟာသီဟသူရကို ဦးသုံးကြိမ်ချ၍ တရုတ်ဘာသာတတ်သူတို့ကို ခေါ်၍ တိုက်ပွဲသို့ထွက်လေ၏။ တရုတ်အမတ် စလုံကျော်ခေါင်လည်း မြင်းဖောင်းဝတ်ကို စီး၍ အမောင်းအချိန်၊ သုံးပိဿာကို ကိုင်၍တပ်ထွက်လာ၏။ သမိန်ပရမ်းမြင်လျှင် အစ်ကိုလည်း-အမတ်သူရဲကောင်း၊ ငါလည်း အမတ်သူရဲကောင်းဖြစ်သည်။ သုံးကြိမ်စေအောင် မြင်းရေးစီးကြဦးမည်။ ယင်းသို့မှ အရတိုက်ကြမည်ဆို၏။ စလုံကျော်ခေါင်လည်း အရေးအရာ သုံးကြိမ်စီးပြီးလျှင် လက်ဝါးကိုပြ၍ အရတိုက်တော့မည်၊ စလုံကျော်ခေါင်ကဆို၏။ သမိန်ပရမ်းသည် တိုက်တော့ ဆိုပြီးလျှင် မြင်းကို အကုန်လွှတ်၍ နှီးလျှင် စလုံကျော်ခေါင်လည်း မိမိစွဲသော ဓားရှက် လက်ဝါးလောက်ကို ကိုင်၍ ခုတ်မည်မှိုး၏။ လက်ကိုကြွရာတွင်-သံချပ်ကြိုးပြတ်သည်ကို သမိန်ပရမ်းမြင်၍ လှံနှင့်ထိုးသည်။ စလုံကျော်ခေါင် မြင်းထက်ကကျလေ၏။ သမိန်ပရမ်းလည်း ကျရာမှာခေါင်းကိုဖြတ်ရလျှင် မြင်းကို အကုန်လွှတ်၍ မြို့တွင်းသို့ဝင်လာ၏။ မြို့ထိပ်ကျုံးနားက နေသောလူရဟန်း အပေါင်းတို့လည်း ကြော်ငြာ၍ ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းကြကုန်၏။ ဘုရင်မဟာသီဟသူရလည်း-အားရတော်မူ၍ ဤသို့မိန့်တော်မူ၏။ ရွှေနန်းသခင်ဘုရင်မင်းခေါင်လက်ထက်တော်၌ တလိုင်းမင်း ရာဇာဓိရာဇ်သမက် သမိန်ပရမ်းကို သားတော်မင်းရဲကျော်စွာရ၍ ဘုရင်မင်းခေါင်သို့ ဆက်လာသည်။ယင်းသော အခါမော်တုံ-မော်ကယ်စား သားမယားကို ဆောင်းလာသော တရုတ်တို့နှင့် အရေးအရာကိုဆိုပြီးလျှင်တရုတ်အမတ်ဂါမဏိနှင့်သမိန်ပရမ်းမြင်းစီးချင်း တိုက်ရသည်။ယင်းသောအခါတရုတ်ဂါမဏိခေါင်းကိုဖြတ်ရသည်ဟူ၍ ကြားရသည်သာ မမြင်ရချေ။ယခုကား-သမိန်ပရမ်းသည် အမတ်သူရဲကောင်းဖြစ်၍ စလုံကျော်ခေါင်ခေါင်းကို ရသည်ကို ငါမြင်ရပေသည်။ ငါ့ခြေရင်းတော်တွင် မျော်လည်း မွန်မင်းခမ္မစေတီက-သူကောင်းပြုသကဲ့သို့ ငါသူကောင်းပြုတော်မူမည်။ ဟံသာဝတီသို့သွားလိုသော စိတ်ရှိလျှင်လည်း ငါကလော့်ကာနှင့် ပို့စိမ့်မည်ဟူ၍ မိန့်တော်မူ၏။ သမိန်ပရမ်းလည်း ကျွန်တော်တွင်-သား၊ သမီးအများ ရှိပါသည်။ ကျွန်တော်ကို သနားတော်မူ၍ လွှတ်တော်မူပါလျှင် သားသမီး မျက်နှာကို မြင်ရပါမည်ဟူ၍ နားတော်လျှောက်၏။ ဘုရင်မဟာသီဟသူရ လည်း အဆောင်အယောင်၊ အခမ်းအနားများစွာပေး၍ လော့်ကာလက်ပြည့်

နှင့် ပင်အသတိုးရှိရှိလေ၏၊ ရောက်လျှင် မှန်မင်းဝမ္မစေတီလည်း အာ[illegible]
တော်မှ၍ ဥယျာဉ်ရှည်အတွဲ့ကို အသာဘာဝပြီးလျှင် ဘုရင် မဟာသီဟ[illegible]
ဤ အရေးရေးသော ဘုရ်မျိုး၊ ဆည်မျိုး၊ မှုအစုသက်လိုက်၏။

ဘုရင် မဟာသီဟသူရကား ဘုန်းတော်အာဏာတော်နှင့်ပြည့်စုံ၏။ မြို့တော်[illegible] မှုသော တောင်မှုတော်ကား သင်္ချိုင်းအရပ်၌ ပဥ္စမသင်္ဂါ ရတနာမြေ့ပြည်[illegible] ရွှေကျောင်းတော်၏၊ ရွှေသိမ်တော်နှစ်၊ ပုဂံတွင် စေတာဝန် ကျောင်းတော်[illegible] ရွှေစည်းခုံဒေါက် နန်းတောင်မြို့ ရွှေကျောင်းတော်လေး၊ ရတနာ[illegible] ဆုံ ရွှေစည်းခုံဒေါက် ရွှေကျောင်းတော်ငါး၊ ထုပ် မြို့တွင်းဝယ် ရွှေကျောင်းတော်ခြောက်[illegible] တွင်းဝယ် ရွှေကျောင်းတော်၊ စစ်ကိုင်းမြို့တွင်းဝယ် ရွှေကျောင်းတော်နှစ်၊ ချောင်းပေါ်[illegible] တွင်တော်မူသော ရွှေကျောင်းတော်ရှစ်၊ သိမ်ခိုမ္မာဝေသာက မင်း[illegible] အရပ်၌ ရတနာ ဘုရားနှင့် ရွှေကျောင်းတော်ရှစ်၊ သိမ်ရှိမှုဝေသာက [illegible] ဆည် ဘုရားရှင်ဓာတ်တော်တို့ကို တည်တော်မူသော အနန္တ လေးဘုရားသည်[illegible] လည်း အလှူ ဆုပ်တော်မူသည်၊ ကြည်ညိုသောကောင်းမှုတော်တို့ကို ဝတ္ထုကံ[illegible] မင်းမှုအစုံ ထွက်တော်မူ၏၊ ကိုယ်တော်ဆေးမှုသော ရှိတော်မူသောအခါ တော်[illegible] ည်ဆုံအချိန်ကို ခေါ်တော်မူ၍ သားတော်အကြီးကို သားတော်အ[illegible] တိုင်မှုဝေ၊ သားတော်အငယ် မင်းရဲကျော်စွာတို့သည်၊ မကျွီးမနိုး ပြည်[illegible] သားတော်ကြီးအား ကူညီ၍ ဆုံးမရ၏၊ သားတော်အငယ်၊ အလတ်တို့သည်၊ နေ့[illegible] တော်အကြီးကို ကျိုးနွံသမ်းလျက်ကို ငါသားအိမ်ရှေ့မင်းသည်၊ ငါအမိန့်တော်[illegible] ကို မကျည်း ညှဉ်းပဲ နှိပ်စက်လျှင် သားတော်အလတ် သားတော် အငယ်[illegible] ညီမှုံလုံ၍ မှာတော်မူ၏၊ အိမ်နှိပ် သုံးဆယ့် ရှစ်နှစ်၊ စည်းစိမ်တစ်ဆယ့်[illegible] နှစ်၊ သက်တော် ငါးဆယ်သော် အနှစ် ရောက်တော်မူ၏။ ရောက်လေသော်[illegible] နေပြည် ကြာသပတေးကြယ် လကွင် ချဉ်း၏၊ အင်္ဂါကြယ် လသွင်တို့[illegible] ထိုအတွင်း ထုံနှိမ်၏၊ ဘုရားပင်း ပြဒိုဟပြု၏၊ ဂြိုဟ်သမ္မ အခိုးထွက်[illegible] နန်းတော်အင်္ဂါ သားတည်း။ နတ်ပြည်စံတော်မူလျှင် တောင်ငူစည် သူကျော်[illegible] လည်း ငါအရှင် အရိုးတော်ကို ငါလယ်၌ ရေမှာချမည် ဆိုပြီးလျှင်၊ အရိုး[illegible] တော်ကိုထုပ်၍ ရွှေလှော်ကားနှင့် မြစ်မှာ ချလေ၏။

---

### ဒုတိယ မင်းခေါင်—အကြောင်း

သက္ကရာဇ် ရှစ်ရာလေးဆယ် နှစ်တွင် သားတော်အကြီး အိမ်ရှေ့မင်းသည် (သိမ်ခိုမ္မ ရာဇာဓိပတိ) ဟူသော အမည်ကိုခံ၍ မင်းပြုတော်မူ၏။ ရှင်မိမုဖုရား[illegible]

ကတုလ သီရိဓမ္မဒေဝီ ဟူသောအမည်နှင့် ဘိသိက်ခံရသည်၊ သားတော် အကြီး ယင်းသောအခါ သက်တော် ခုနစ်နှစ်အရွယ်သာ ရှိသော သူကိုလည်း မဟာသုရ ဟူသော အမည်နှင့် အိမ်ရှေ့ အရာကို ပေးတော်မူ၏။ ။အတုလ သီရိဓမ္မဒေဝီ ရှင်မိဖုရား အကြောင်းတော်ကား ထုပါရုံ ဂါထာ နရပတိ သမီးတော် တွင်းသင်း မင်းသမီး ရွှေအိပ်သည်နှင့် ပုခန်းမင်း သီဟသူတို့ စုံဖက်ရာတွင် မြင်သည့် သမီးတော်ကို အသယ်နှစ် ရွယ်ကပင် ဘိုးတော် နရပတိ မြေးတော် နှစ်ပါးကို စုံဖက်တော်မူ၍ နေ့်ရသော ဟူးသောအမည်ကို ပေးတော် မူသည်၊ စုံဖက်၍ မျှားမကြာ ယောက္ခမတော် ပုခန်းမိဖုရား လွန်တော်မူသည်၊ ပုခန်းမိဖုရား ဆင်ယင် ဝတ်စားသော တန်းဆာကို ရောင်း၍ ထိုဝတ္ထုနှင့် ကုပါရုံ ဘုရားအရှေ့ မြောက်ယွန်း၌ ရတနာဝိမာန်ကျောင်းကို သမက်တော်နေ့်ရသာကို ဝန်ပြု၍ တည်လုပ်ရသည်။ ကျောင်းမှုတော်ပြုပြီးလျှင် ဘုရင်နရပတိ ခို၀င်ကပင် မိဖုရား နှစ်ပါးကူး၍ ရှင်မဟာ တေဇဝန္တအား လှူတော်မူသည်၊ အတုလ သီရိဓမ္မဒေဝီ ရှင်မိဖုရား သားတော် သမီးတော်ကား၊ သားတော်အကြီး မဟာ သီဟသူရအမည်နှင့် အိမ်ရှေ့နေရသည် တစ်ပါး၊ မြောက်သားတော်ကား ခမည်းတော် နှမတော် စလင်းမိဖုရား သမီးတော်အကြီးတည်း။ ။ညီတော်မင်းဆွေတစ်ပါး မျောက်သားတော်ကားနောင်တော်မိဖုရားညီမတော်အေးတော်နှမ တည်း။ ။နှမတော် စိုးမင်းတစ်ပါး၊ မျောက်သားတော် စလင်းသိရိဇေယ နေ့်ရသော သားတော် ဦးတည်တည်း။ ။ညီမတော် မင်းဘွား စော အိမ်တော်င် မကျတစ်ပါး၊ သားတော်နှစ်၊ သမီးတော်နှစ်၊ ပေါင်းလေးပါး တည်း။ ။တောင်နန်းမိဖုရား ညီမတော် တန်ဆောင်း မိဖုရားတွင် မြင်သော သားတော် သမီးတော်ကား သားတော်သိခ်ံသူ တစ်ပါး ညီတော် မင်းကြီးလတ် တစ်ပါး၊ ညီတော်မင်းကြီးဆွေတစ်ပါး၊ နှမတော်မင်းလှမြတ်မျောက်သားတော် ကား တောင်တွင်းမင်းကြီး မင်းသိရိဇေယသူရသားတော် စစ်သားမြင်းကြီးနှင့် ရွှေနန်းရှင်နရပတိမင်းဖြစ်မှ စုံဖက်တော်မူသည်တစ်ပါး။ ။ညီမတော် မြတ်စိုး မင်းတစ်ပါး၊ ညီမဘုန်းထွတ်တစ်ပါး၊ သားတော်သုံးပါး၊ သမီးတော်သုံးပါး ပေါင်း ခြောက် ပါး တည်း။

(ရာဇဝင်သစ်မှာ ညီမတော် မြတ်စိုးမင်းကို မင်းအထွေးဟု ဆိုသည်။ ပြည်မင်းကြီးစော သမီး မိဘုန်းကြီး မည်သော မိဖုရားတွင် သမီးတော် ငယ်ကလွန်သည်တစ်ပါး၊ ဒုတိယမင်းခေါင်မိဖုရားသုံးပါးတွင် မြင်သည် သား တော် ငါး ပါး၊ သ မီး တော် ခြောက် ပါး၊ ပေါင်း တစ်ကျိပ် တစ်ပါးတည်း။)

ဒုတိယမင်းခေါင် နန်းတက်တော်မူလျှင် တောင်ငူ စည်သူ ကျော်ထင်ကို အဂ္ဂမဟာ သေနာပတိခန့်တော်မူ၍ ပြည်အလုံးကို စီရင်ရသည်။ တောင်ငူသို့ ဝမည်းတော် လက်ထက် ချီသည်ကာ၊ စည်သူ ကျော်ထင်နှင့် တောအရပ်ဝယ် နှစ်ပါးတည်းသွားပြီး၍ ထမင်းတစ်ပွဲတည်း စားသောဟူ၏။ ထိုအခါ ယောကျ်ား တစ်ယောက်သည် သူငယ်တို့ကို မင်းကြီးသတိုးစေပင်ကာ ချီလာသည်ဟူ၍ မြက် ရယ်ခြိမ်းခြောက်၏။ ထိုစကားကို တစ်ယောက်ကသည် တစ်ယောက်စကားပွား များရှိတပြိုလုံးဆုတ်ဆုတ်ကျက်ကျက်ထိတ်လန့်ကုန်၏။ စည်သူကျော်ထင်လည်း လန့်ရင်းကို စစ်မေးလေ၏ ပြည်သူတို့လည်းယောကျ်ားတစ်ယောက်သည် သူငယ် ထိုကိုကျီစယ်ရာမှာ မြက်ရယ်ခြိမ်းခြောက်ရာတွင်ထိတ်လန့်လေသည်ဟူ၍ လျှောက် လေကုန်၏၊ စည်သူကျော်ထင်လည်း ထိုယောကျ်ားကို စစ်၍ရလျှင် “ ပျားတစ် စက်ကြောင့် ပြည်ပျက်သည်၊ ။ဆန်ကောတစ်ချပ်ကြောင့် ပြည်ပျက်သည်” ကို နင် မကြားဖူးသလော ဆိုပြီးလျှင် ထိုသူကိုကွပ်လေ၏။

ဒုတိယ မင်းခေါင်ကား အိမ်ရှေ့စံတော်မူကတည်းကပင် ဘုရားတည်မည်ဟူ၍ ဆုတ်ကျောက်ရသည်နှင့် ခမည်းတော် နတ်ပြည်စံတော်မူ၍၊ အထွတ် အမြတ် ရောက်တော်မူလျှင်နန်းတက်တော်မူသော နှစ်သက္ကရာဇ်၏ ရှစ်ရာ့လေးဆယ့်နှစ်ခု တွင် တံတားဦးအရပ်၌ မင်္ဂလာစေတီဘုရားကို တည်တော်မူသည်။

(ရာဇဝင်သစ်မှာ ရှစ်ရာ့ငါးဆယ့်ရှစ်ခု၊ မင်္ဂလာစေတီတည်ကြောင်း။ မင်္ဂလာစေတီသမိုင်းတွင် “မြတ်ခေတ်လျှင်၊ ပြည်ကြီးနိဗ္ဗာန်၊ လွန်သည် နှစ်မှု၊ ကာလမြင့်ခေါင်၊ တက်ကျုံးဆောင်သော်၊ နှစ်ထောင်လေးဆယ်၊ ရောက်ကြိုက်ဝယ်၌၊ အလယ်ဌာပနာ၊ ပြုခါမူမူ—” ဟူ၍ ရှင်ရဋ္ဌသာရဆို ကြောင်းကို အထောက်အထားပြု၍ ဆိုသည်၊ မင်္ဂလာစေတီကျောက်စာ သမိုင်းတွင် ဒုတိယမင်းခေါင်းနန်းတက်နှစ် သက္ကရာဇ် ရှစ်ရာ့လေးဆယ့် နှစ်ခုတွင် မင်္ဂလာစေတီတည်သည်။ ရှစ်ရာ့ငါးဆယ့်ရှစ်ခု၊ အလယ်ဌာပနာ သည်။ ရှစ်ရာ့ခြောက်ဆယ့်တစ်ခု အပြီးသို့ ရောက်တော်မူသည်ဟု တွက်ရှိ သည်ဖြစ်၍ ရှစ်ရာ့လေးဆယ့်နှစ်ခု၊ မင်္ဂလာစေတီကို တည်တော်မူသည် ဟူ၍၊ သမိုင်းနှင့်အညီ အမှန်ယူသင့်သည်။ ရာဇဝင်သစ် ထောက်သည် စကားလည်း၊ တည်သည့်နှစ်ကိုမဆို အလယ်ဌာပနာဟူ၍သာ ဌာပနာ သည်ကာလကို ဆိုသောနှစ်သာ ဖြစ်သည်။ တည်တော်မူသည်က အပြီး တိုင်တစ်ဆယ့်ကိုးနှစ်ကြာသည်မှာလည်း မေတော်ခေတ်မြတ် ရှာတော် မူသည်ဖြစ်၍ရှင်တော်မှုကို ရှာသောအားဖြင့် ရှည်လျားသည်ဟူ၍၊ငင်း

သမိုင်း၌ ဆိုသည်ဖြစ်သောကြောင့် မဟာရာဇဝင်ကို ရာဇဝင်ကြီးတို့နှင့် အညီရှစ်ရာ့လေးဆယ့်နှစ်ခု နန်းတက်တော်မူသည်နှစ် တည်တော်မူသည် ရှစ်ရာ့ငါးဆယ်ရှစ်ခု၊ အလယ်ဌာပနာတော်မူသည်၊ ရှစ်ရာ့ခြောက်ဆယ့် တစ်ခု အပြီးသို့ ရောက်တော်မူသည်၊ အမှန်ယူရမည်။)

သက္ကရာဇ် ရှစ်ရာ့လေးဆယ့်သုံး၊ စလင်းနှင့် ဆယ်မြို့ကိုစားသော ညီတော် အသတ် သတိုးမေ့ရာဇာနှင့် ရမည်းသင်းနှင့် ရေလွှဲငါးခရိုင်ကို စားသော ညီတော် အထွေး မင်းရဲကျော်စွာတို့ သောင်းကျန်း ပုန်ကန်လေ၏။ ဤသို့ ခြားနားရိုင်းပြလေသော အကြောင်းကို ကြားတော်မူလျှင် တောင်ငူစည်သူ ကျော်ထင်သို့ စေတော်မူ၏။ စေဟန်ကား၊ ခမည်းတော် အမိန့်တော်အတိုင်း မစည်ရ၊ စလင်းစား ရမည်းသင်းစားတို့ ခြားနားလေသည်၊ ထစ်ကိုက အလုံး အရင်းနှင့် ရမည်းသင်းသို့ ချီ၍ ရေလွှဲငါးခရိုင်ကို ဖျက်ဆီးလေ၊ ခြေရင်းတော် ကလည်း ရာဇသင်္ကြံ သက်တော်ရှည်တို့ကို ဆင်လုံး မြင်းရင်းနှင့် ချီလာစိမ့် မည်ဟူ၍ စေတော်မူ၏။ စည်သူကျော်ထင်လည်း ငါအရှင်မှာခဲ့သည်အမိန့်တော် ရှိချေသည် ဟူ၍ အလုံး အရင်း စီချင်၍ ရမည်းသင်းသို့ ချီလာ၏။ ရမည်း သင်းသို့ ရောက်လျှင် အင်းဝကဘပ်ကို မငံ့ဘဲ၊ မင်းရဲကျော်စွာက ခံသော တပ်ကို တိုက်သည် ပျက်လေ၏။ မင်းရဲကျော်စွာလည်း ခံသောတပ် ပျက်လျှင် ရဲလုလင် ဟူသော ဆင်ကိုစီး၍ ဆင်ကူအမတ် သုံးကျိပ်၊ စစ်သည်သူရဲ ခုနစ် သောင်းနှင့် မြို့ကထွက်၍ တိုက်လေသည်။ စည်သူကျော်ထင် တပ်ပျက်၍၊ စည်သူ ကျော်ထင်ကို သူကရလေ၏။ ။အင်းဝက ချီလာသော ရာဇသင်္ကြံတို့ ရမည်း သင်းသို့ ရောက်လျှင် မင်းရဲကျော်စွာလည်း အားကုန်သောကြောင့် မြို့က ထွက်၍ မတိုက်ဝံ့၊ မြို့ကို အခိုင်အလုံပြု၍ ခံလေ၏။ ရာဇသင်္ကြံ တို့လည်း ပြောင်း လေးသေနတ် ထူထပ်လှသောကြောင့် မြို့ကိုချဉ်း၍ မတိုက်ဝံ့ချေ၊ အဝေးကသာ ဝိုင်း၍နေရချေသည်။ နှစ်လခန့်ရှိလျှင် ခေါ်တော်မူ၍ ပြန်ရသည်။ စည်သူ ကျော်ထင် ဆုံးခဲ့လျှင် တောင်ငူမြို့ကို စည်သူကျော်ထင်သား စည်သူငယ်ကို ထိုသက္ကရာဇ်တွင် ပေးတော်မူသည်။

သက္ကရာဇ် ရှစ်ရာ့လေးဆယ့်လေးခုတွင် ပြည်ကိုမင်းပြုသော အထွေးတော် မင်းကြီးစွာ အနိစ္စရောက်တော်မူ၍၊ အထွေးတော်အငယ် သတိုးမင်းစောသည် သာယာဝတီကလာ၍ ပြည်မြို့ကို မရီးတော်ကိုပင် မိဖုရားမြှောက်၍ မင်းပြုတော် မူသည်။ ထိုနှစ်တွင် မကွေးတိုင်အောင် ရေအား၊ ကြည်းအား ဆန်လာ၍ ထိပါး

လာ၏။ ထိုအကြောင်းကို ဒုတိယမင်းခေါင်ကြားတော်မူလျှင် မှူးတော် မတ်တော် တို့ကို ခေါ်၍ တိုင်ပင်တော်မူသည်။ ယင်းသောအခါ ဆက်တော်ရှည် လျှောက် သည်ကား။ ယခု သည်နိုင်ငံတော်ဖြစ်သော မြေဒူးရေနံကို ရှမ်းတို့က အထိအပါး အရှုံး များလှသည်။ ညီတော် သတိုးမှူးရာဇာ၊ ညီတော် မင်းရဲကျော်စွာတို့ လည်း ခြားနားလေသည်။ ယခုလည်း အဆွေတော် ပြည်မင်းက ကျေးစွန်ရွာ နယ်ကို ထိပါးဖြန့်လာသည်။ သည်အရေးကို ထောက်သော် မှူးတော် မတ်တော် တို့ကိုသာ ခန့်တော်မူ၍ မသင့်ချေ၊ ရေတပ်၊ ကြည်းတပ်၊ ဆင်လုံး မြင်းရင်း [illegible]အများ ဝိုင်းခန့်ရန်တော်မူ၍၊ ဘုန်းကြီးသည့်အရှင် ချီတော်မူပါမှ တစ်ဖက်သားရန်သူကြောက်၍ ခံသားမည်ဟူ၍ လျှောက်၏။ ဒုတိယ မင်းခေါင် လည်းဆက်တော်ရှည်လျှောက်သည့် အရေးကို ကြိုက်တော်မူ၍ ကြည်းတစ်ဆယ့် ငါးတပ်မှာ တိုက်ဆင်သုံးရာ၊ မြင်းခြောက်ထောင်၊ စစ်သည် သူရဲခုနစ်သောင်း နှင့်မင်းကြီးသင်ခသူကို ဗိုလ်မှူးခန့်တော်မူ၍ ကြည်းကြောင်းချီရသည်။ ရေတပ် တစ်ဆယ့်ငါးတပ်မှာ ကတ္တူလှုန်းကြင်သုံးရာ၊ လှော်ကားသံလှေသုံးရာ၊ တန့်စက် လှေငယ်တစ်ရာ၊ စစ်သည်သူရဲခုနစ်သောင်းနှင့် ရတနာ ရွှေဖောင် တော်စီး၍ ချီတော်မူသည်။ မလွန်သို့ရောက်တော်မူလျှင် ရေတပ်၊ ကြည်းတပ် ဖက်၍ နေတော်မူသည်။ အဆွေတော် ပြည်ဘုရင် သတိုး မင်းစောကလည်း ရေ တပ်၊ ကြည်းတပ်ဖက်၍ အခိုင်အလုံနေတော်မူသည်။ တစ်လတိုင်အောင် တစ်ပါး ကိုတစ်ပါး မတိုက်ကြ။ အရေးအရာ-စေပါးတော်မူကြ၍ အရေးပြီးတော်မူ ကြလျှင် မင်းနှစ်ပါး ပဏ္ဏာကာရ-ပေးတော်မူကြ၍ နေပြည်တော်သို့ ပြန် တော်မူကြ၏။

သက္ကရာဇ်–ရှစ်ရာလေးဆယ့်ငါးခုတွင် စလင်းနှင့်ဆယ်မြို့ကို စားသော ညီ တော်သတိုးမှူးရာဇာ အနိစ္စရောက်တော်မူ၍၊ ထိုမင်းကျန် ကျပင်းစား စပယ် လှစားတို့ ခြေရင်းတော်သို့လာ၍ ညီတော်အလုံးအရင်း ဆင်မြင်း ဗိုလ်ပါတို့ကို သိမ်းယူတော်မူပါဟု၍ လျှောက်လာ၏။ ဒုတိယမင်းခေါင်လည်း ရေအား၊ ကြည်းအား၊ ရတနာရွှေဖောင်တော်နှင့် စလင်းသို့ ချီတော်မူ၍ ညီတော် သမီး တော် မင်းရွှေကျူ၊ ညီမတော်မင်းလှထွတ်၊ ညီမတော် နေချင်းဘွဲ့ခံ ရှင်ထွေး သည်၊ သမီးတော်သုံးပါးနှင့်တကွ ညီတော် အလုံးအရင်း ဆင်မြင်းဗိုလ်ပါတို့ကို သိမ်းယူတော်မူ၍ ပြန်တော်မူသည်။ ညီတော် သမီးတော် သုံးပါးကိုလည်း ရင်တော်၌ ဖြစ်သော သမီးတော် အရင်းအတူ၊ ချစ်မြတ်နိုးတော်မူ၍ ရွှေနန်း တော်ထက်တွင် မွေးတော်မူသည်။ ။မင်းရွှေကျူကို ကသား၊ မြောက်ဘက်

နေ့်ရထာနှင့် သင့်သည်၊မင်းလုလ္လတ်ကို ရွှေနန်းရှင် နရပတိသက်ထက်၊တောင်ငူ မင်းကြီးညိုကို ပေးတော်မူသည်။ စလင်းမြို့ကိုမူကား မယ်တော်မိဖုရား၊ ညီမတော်နှင့် သင့်သော ဘထွေးတော်မင်း သီရိဇေယနေ့်ရထာကို ပေးတော်မူသည်။ မင်းသီရိဇေယနေ့်ရထာ သားတော်ကား-မင်းဦးထည်တည်း။

ထိုသက္ကရာဇ်တွင် သက်ဘော်ရှည်, ဟူသော အမတ်ကို အလုံးအရင်းနှင့်တကွ မြေဒူးမြို့ကို ပေးတော်မူ၏။ သက္ကရာဇ် ရှစ်ရာ့လေးဆယ့်ခြောက်ခုတွင် ညီတော် ရမည်းသင်း မင်းရဲကျော်စွာက ညောင်ရမ်းမြို့တွင် အခိုင်အလုံခံ၍ နေသည်ကို လုပ်ကြံတော် မူမည်ဟူ၍ တစ်ဆယ့်ငါးတပ် စီရင်တော်မူ၍ တိုက်ဆင် သုံးရာ၊ မြင်းလေးထောင်၊ စစ်သည် သူရဲ ရှစ်သောင်းနှင့် ချီတော်မူ၏။ ညောင်ရမ်းသို့ မရောက်ခင် နှစ်စခန်းတွင် ဘယကျော်ထင်ကို တိုက်ဆင်နှစ်ဆယ်၊ စစ်သည် သူရဲတစ်သောင်းနှင့်ညောင်ရမ်းတွင်ခံသောမင်းရဲကျော်စွာ ရဲမက်တို့ကို တိုက်လေ အမိန့်တော်ရှိ၍ အလျင်ချီရသည်။ ဘယကျော်ထင်လည်း ညောင်ရမ်းသို့ရောက်လျှင် တောတွင်နေ့ကို ပုန်း၍ နေပြီးမှ ညဉ့်သုံးချက်တီးကျော်ကို တောကချီ၍ မိုးလည်း ရွာသည်နှင့် ညဉ့်မိုက်၊ မိုက်တွင် ရဲဘုန်းစုံဟူသော ဆင်ကို စီး၍ ညောင်ရမ်းမြို့တံခါးကို တိုက်လေ၏။ တံခါးပွင့်လျှင် စစ်သည်ဗိုလ်ပါ အလုံးဝင်၍ တစ်မြို့လုံးကို ရတော်မူ၏။ ညောင်ရမ်းကို ရတော်မူလျှင် ယူကောင်းသော ဆင်မြင်းဗိုလ်ပါတို့ကို ထုတ်၍ ယူတော်မူ၏။ ညောင်ရမ်းမြို့ကို အလုံးအရင်းနှင့် တကွ ဘယကျော်ထင်ကို ပေးတော်မူခဲ့၍ ပြန်တော်မူသည်။

သက္ကရာဇ်-ရှစ်ရာ့ လေးဆယ့်ခုနစ်ခုတွင် ရွှေသောအခါ ဘဂိနိယမင်း သားတော်ဖိမ္ပသာရဆယ့်ငါးနှစ်အရွယ်သို့ ရောက်သောအခါ ချစ်မြတ်လေးတော်မူ၍ မင်းမြှောက်ဖူးသော အစဉ်စကားကို ကြားတော်မူ၍သက်တော်တစ်ဆယ့် နှစ်နှစ်ရွယ်သာရှိသော သားတော်အိမ်ရှေ့မင်း မဟာသီဟသူရကို ချစ်မြတ်လေး တော်မူ၍ ဘုရင်မဟာသီဟသူရ, ဟူသော အမည်နှင့် မင်းမြှောက်တော်မူ၍ မင်းပြိုင်ပြုတော်မူရသည်။ မင်းပြိုင်ပြုတော်မူသည်လည်း နန်းခြား မထား၊ တစ်နန်းတည်းသာ စံတော် မူကြောင်းကို၊—

(တပယ်မြို့၊ မုဋ္ဌောဂုကျောက်စာတွင်သက္ကရာဇ်ရှစ်ရာ့လေးဆယ်ကိုးခု အဘနှင့် သား၊ ရွှေနန်းတော်ထက်တွင် ထီးပြိုင်တစ်ယောက် တစ်စင်း ဆောင်းလျက် စံတော်မူစဉ် ဆင်ကဲရာဇသူ၊ မြေပန်းကြောင်းနှင့် ထွက်ရှိ သည်ဖြစ်၍ နန်းခြားမထား တစ်နန်းတည်းစံတော်မူသည်ဟူ၍ ရာဇဝင် သစ်နှင့်အညီ ယူသင့်သည်။)

သက္ကရာဇ်ရှစ်ရာလေးဆယ့်ရှစ်ခုတွင်တော့တော်ကြီးညွှင်း မင်းတရားပြည်တော်မှသည် ရာဇာဓိရာဇ်တို့ ကျွဲသမိုင်း ကျောင်းတိုက်၌ ပြည်ဖျက်သည်ကို မယ်တော်အရှင်ကြီးမှ လွှတ်တော်မူ၍ ပင်ထိုင်း မဟာရာဇ်တွင် ဆင်ရုပ်အများအရံ့သျက်လှလေသောကြောင့် ရာဇာဓိရာဇ် ဆင်ဖြူစွန်ပြုတို့ နေ့ဖက်သားတို့ ဆိုကြန်၏။ထို သက္ကရာဇ်တွင် စစ်ကုန်သူအပေါင်းကြီး မကျိုးမနွဲ့ပြည့်လေသောကြောင့် အပြစ်တော် တင်သည်ကို လွှတ်တော်မူ၍ ညီတော်ရမည်သင်း၏။ မင်းရဲ့ကျော်စွာသို့ ဝင်လေ၏။ ဒုတိယ ကျွန်မင်းခေါင်လည်း အမျက်တော်ရှိ၍ တိုက်ဆင် သုံးရာ၊ မြင်း လေး သောင်းစစ်သည်ကျွန်ရှစ်သောင်းနှင့် ရမည်းသင်းသို့ ချီတော်မူသည်။ရောက်တော်မူလျှင် ရမည်းသင်းမြို့ကို အကြိမ်ကြိမ် လုပ်ကြံတော်မူသည်။မြောင်းလေးသေနတ် လက်နက်တို့ကြောင့် မရချေ။ဝန်ရံ၍သာ နေရချေသည်။ သုံးလနေ၍ မှ လျှင် မိုးကျမည့်ဆိုကြောင့် ပြန်တော်မူသည်။

ထို သက္ကရာဇ်တွင် တောင်ငူစား စည်သူငယ်ကို ဂူတော် မင်းကြီးညို လုပ်ကြံ၍ မင်းပြုလေသည်။ ဒုတိယ ကျွန်မင်းခေါင်သို့လည်း ဆင်ပေါက် နှစ်စီးနှင့်တကွ လက်ဆောင် လက်နက်အများ ဆက်လာ၏။ ဒုတိယဘုရင် မင်းခေါင်လည်း ရာဇာဓိရာဇ် လိမ်မာတော်မူသော မင်းဖြစ်တော်မူ၍ မည်သို့မျှ အမိန့်တော်မျိုး တောင်ငူမြို့ကို ၎င်း ပေးတော်မူသည် ဟူ၍ အပ်တော်မူ၏။ သက္ကရာဇ် ရှစ်ရာလေးဆယ့်ရှစ်ခုတွင် စလင်းမြို့ကိုစားသော ဘထွေးတော်သီရိ စေတနာ်ရှာ အနိဋ္ဌရောက်၍ ယောက်ဖစည့်ကူစားသိခ်သူကို ဘထွေးတော် အလုံးအရင်းနှင့်တကွမြို့ကိုပေးတော်မူသည်။ သက္ကရာဇ် ရှစ်ရာ ငါးဆယ့်နှစ်ခုတွင် ယောက်ဖတော် စလင်းမင်းသိခ်သူ သမီးအကြီးနှင့် သားတော် ဘုရင်မဟာ သီဟသူနှင့် စုံဖက်တော်မူသည်။ သည်နှစ်ပေါ်တွင် သားတော် ရွှေနန်းရထာကို မြင်သည်။ သက္ကရာဇ်ရှစ်ရာ ငါးဆယ့်လေးခုတွင် သားတော်အငယ် မင်းခေါင်နှင့် ယောက်ဖတော် စလင်းစား သိခ်သူ သမီးတော်အငယ်နှင့် စုံဖက်တော်မူ၍ ရမ်းဘြို့ကို ပေးတော်မူသည်။

သက္ကရာဇ်ရှစ်ရာ ငါးဆယ့်လေးခုတွင် ဟံသာဝတီမှာ မှန်မင်း ဓမ္မစေတီ အနိစ္စရောက်၍ သားတော် ဗညားရံ မင်းပြုတော်မူသည်။ ထိုအကြောင်းကို ဒုတိယမင်းခေါင် ကြားတော်မူလျှင် မှန်ပြည်ကျေးစပ်သို့ ချီ၍ စုံစမ်းချေမှု တောင်ငူစား မင်းကြီးညိုကို စေတော်မူ၏။ တောင်ငူစားလည်း မှန်တို့ ကျေး လယ်ကြေးချောင်းများကို လုပ်ကြံမည်ဟူ၍ ဆင်လေးဆယ်၊ မြင်း သုံးရာ၊

စစ်သည်သူရဲ တစ်သောင်းနှင့် ချီ၍ လုပ်ကြံသည်တွင်၊ ကျောက်ဂူအမြို့စား ညိုတိုင်ဘွား၊ ဝံနှင့်သည်ကို တောင်ငူစား ညည့်မိုက်မိုက်တွင် ဆင်မရွေကျေးနှင့် ယှဉ်၍ သူ့ဆင်ကို ခုနစ်တက်ပြီးလျှင် ခုတ်သည်။ ချပ်နှင့်တကွ ပြတ်၍ ဆင်ကတွင် သက်ပြုတ်လေသည်။ ညိုတိုင်ဘွားသေလျှင် ဆင်ကိုရ၏။ ထိုကြောင့် တောင်ငူ မင်းကြီးညိုကို မင်းကိုရ ဟု တွင်၏။ ။သို့ ပန်း ဆင် မြင်းလည်း အများရ၏။ ထိုအကြောင်းကို လျှောက်လာ၍ ဒုတိယ ဘုရင်မင်းခေါင် ကြားတော်မူလျှင် အားရတော်မူ၍ ကွမ်းခွက် လက်ဖက်ထိုး၊ ထကောင်းလုံး၊ ဆုပေးတော်မူ၏။ ။ ယင်းသောအခါ၊ သက်ရှည်ကျော်ထင် လျှောက်သည်။ ဒွါရာဝတီမြို့ကိုလည်း တည်သည်။ သို့ ပန်း ဆင် မြင်း ရသမျှကိုလည်း မဆက်၊ ရွှေသို့ ပြေးနေး လမည်မချွတ် ဟူ၍ နားတော်လျှောက်၏။ ဒုတိယ ဘုရင်မင်းခေါင်လည်း တောင်ငူစားမျှ ဝံ့မည်လော ဟူ၍ မိန့်တော်မူ၏။

မွန်မင်း ဗညားရံလည်း တောင်ငူစားသည်၊ ကျေးရွာနွှနားကို ဖျက်ဆီးလေသည်။ ဒွါရာဝတီမြို့ကို ဝန်းရံလေ ဟူ၍ အမတ် လေးကျိပ်၊ တိုက်ဆင် တစ်ထောင်၊ စစ်သည်သူရဲတစ်သိန်းခြောက်သောင်းနှင့် ဒွါရာဝတီမြို့ကို ဝန်းရံလာ၏။ တောင်ငူစားလည်း ဟံသာဝတီက ချီလာသည်။ အင်အားများလှသည်။ စစ်ကူအလျှင် ချီလာပါစေ ဟူ၍ လျှောက်လာရ၏။ ဒုတိယ ဘုရင်မင်းခေါင်လည်း စစ်ကူချီစိမ့်မည် ဟူ၍ စီရင်တော်မူသည်နှင့် မချိခင်၊ တောင်ငူမှာလည်း စည်သူကျော်ထင်ကို ဗိုလ်မှူးခန့်၍ တိုက်ဆင် ငါးဆယ်၊ စစ်သည်သူရဲတစ်သောင်းနှင့် ဒွါရာဝတီ အနောက်တံခါးကိုဖွင့်၍ မွန်တို့ ရုံးထံကို တိုက်ရသည်။ တောင်ငူစားမှာလည်း ဆင်တော် ဝေနာဂကိုစီး၍ ဆင်ကသုံးဆယ်၊ စစ်သည်သူရဲတစ်သောင်းနှင့် တောင်တံခါးကထွက်၍တိုက်သည်။ ယင်းသို့လျှင်တစ်ဆယ့် ခြောက်တပ်လုံးပျက်၍ ပြေးလေ၏။ ဆင် ခုနစ်ဆယ်၊ သို့ ပန်းလူ သုံးထောင်ကျော် ရ၏။ သေလေသည်လည်းများ၏။ မွန်ကိုအောင်မြင်၍ သို့ ပန်းရကြောင်းကို လျှောက်လာ၏။ ကြားတော်မူလျှင် မဟာသီရိဇေယသူရ ဟူသော အမည်နှင့် ငါးပါးနှင့်တကွ ဆုပေးတော် ထီးဖြူဆောင်းလေ ဟူ၍ မင်းမြှောက်တန်းဆာ ငါးပါးနှင့်တကွ ဆုပေးတော် မူသည်။ ။သက္ကရာဇ် ရှစ်ရာ ငါးဆယ့် ခုနစ်ခုတွင် ညီတော် ရမည်းသင်းမင်း တောင်ငူ ကျေးရွာနွှနားကို ဖျက်ဆီးလေ ဟူ၍၊ တောင်ငူသို့ စေတော်မူသည်။ တောင်ငူ မဟာသီရိဇေယသူရလည်း တိုက်ဆင် ငါးဆယ်၊ မြင်း သုံးရာ၊ စစ်သည်သူရဲ ငါးထောင် နှစ်သောင်းနှင့် တောင်ငူကချီ၍ လုပ်ကြံ၏။ ရမည်းသင်းကျေး၊ တောင်ငူသို့ ဆိုင်မှုသည် ကျေးများကို ရလျှင် လူသူ ကျွဲ နွားများကို ယူ၍

ပြီလေ၏။ ဖုရည်းသင်း မင်းရဲကျော်စွာသည်။ အလုံးအရင်းစီရင်၍ တိုက်သည်။ အသေအပျောက်များ၍ မဟာသီရိဇေယသူရ ဆုတ်ရလေ၏။ ဗလ ါးတောင် ထိုင်းပုန်သားကို ရကြောင်းကို လျှောက်လေ၏။ ဒုတိယ ဘုရင်မင်းခေါင်ကြားလျှင် အားရတော်မူ၍၊ လက်တော် နှစ်ဖက်၌ ဝတ်တော်မူသော လက်ကောက်၊ လက်စွပ် ဆုပေးတော်မူ၏။ ဒုတိယ ဘုရင်မင်းခေါင်ကား—သီလ သမာဓိနှင့် ပြည့်စုံတော်မူ၏။ အရွယ်သ ပုသမျှကို မတော်ဟု၍ မျှ၊ တတ်ဆုတ္တင်လည်း လေးအတတ်နှင့် မြင်းအတတ်ကို အတုမရှိ တတ်တော်မူ၏။

---

## ဒုတိယမင်းခေါင် မြင်းစီးခြင်းတစ်ဆယ့်ခုနစ်ပါး တတ်တော်မူသည့် အကြောင်း

မြင်းပြေး စဉ်တွင်ပင် မြေစိုက်ရှိ၍ စီးတော်မူ၏။ မြေတစ်ဖက်သာ ရှိ၍ စီးတော်မူ၏။ မြင်းပြေး စဉ်တွင် မောက်ငုံ အလျား ကတွင်ဝပ်၍ ကဦးက ရှောင်း ပြောင်းတော်မူ၏။ မြင်းပြေးစဉ်ပင် က တစ်ဖက် က၊ လက်ပြ၍လည်း အညီသာ ပြောင်းတော် မူ၏၊ မြင်းပြေးစဉ်တွင် ချုပ်ဝတ်တော်မူ၏။ ဓားကိုလည်း လှည့်ယမ်းတော် မူ၏။ အသုရာ တည်ဟန်ပြု၍၊ မြင်းပြေးစဉ်တွင်ပင် မြေကို မိုးမြှောက် ခေါင်းငိုက် ပြုတော်မူ၏။ မြင်းပြေးစဉ်တွင် လက်နှစ်ဖက် ကကို ကိုင်၍ မြင်းနံတောင်းသို့ ကိုယ်တော်ကို တွဲချ လွှားဟန်ပြုတော်မူ၏။ မြင်းပြေးစဉ်တွင် တက်ဝယ်ပြု၍ စီးတော်မူ၏။ မြင်းပြေး စဉ်တွင် မြင်းမိတောင်ကို နဂါးပတ်ဟန်ပြု၍ မြင်းလည်ကို ဦးခေါင်းပြုလျှို၍ ခရုက်လျှိုလျှက်၊ တစ်ဖက်ကသည် တစ်ဖက်သို့ လည့်လျှက် စီးတော် မူ၏။ မြင်းပြေးစဉ်တွင် မြင်း တင်းပို့၌ ရပ်၍ စီးတော်မူ၏။ မြင်းပြေးစဉ်တွင် မြင်းမအောက်၌ တစ်ဖက်ကနံ့တက်သို့ ဖောက်ပြန် မိ၏။ မြင်းပြေးစဉ်တွင် ဆံမြွက်ဟန် ရောက်မြဲမြဲဟန်တောင်းကင်းသို့ တက်၏။ ရှုဟန်ပြခြေသုံးပေါ်ခါ ပိုဟန်၊ စီးတော်မူ၏။ မြင်းပြေးစဉ်တွင် မြေကို အောက်၌ လက်ဝဲကသည်လက်ယာသို့ လက်ယာကသည် လက်ဝဲ နံတက်၌ မြေမှုတ်ပြီး ကျတော်မူ၏။ လျင်မြန်းကိုလည်း၊ မှုတေ၏။ လျင်မြန်းကိုလည်း လျှော်စေ၏။ ဗိသုကာဟန်၊ အသုရာတည်ဟန်၊ ဤသို့စီးခြင်း တစ်ဆယ့်ခုနစ်ပါးကိုပြုတော်မူ၏။ ပညာတော်ကြီး ကိုယ်တော်ပင် အတော့အပြား ကြီးတော်မူ၏။ ထိုမှတစ်ပါးလည်း ရေမှု၊ သာမှု၊ ပွတ်မှု၌လည်း၊ အလွန် တတ်

တော်မူ၏။ ဆင်အတက်ကိုလည်း၊ အမြဲတိုင်စေ၍ ထက်မြက်တော်မူ၏၊
အတိုင်အဖင် အကြံအစည်၌ ဉာဏ်ပညာနှင့်ပြည့်စုံတော်မူ၏။ ပညာရှိ ဖြစ်၍
တော်မူ၏။ ပိဋကတ် ကျမ်းဂန်ကို ပြုသသင်ကြားသော အရိယာကိုလည်း
ချီးမြှောက်တော်မူလေ့ရှိသည်ဖြစ်၍၊ ပါဠိအဋ္ဌကထာ ဋီကာ ကျမ်းဂန်များသော
ပုဂ္ဂိုလ်များ၏။ တောင်တွင်းအရပ်မှ ရောက်လာသော ရှင်မဟာသီလဝံသ
အား ထုပါရုံ ဘုရားအရှေ့ မြောက်ဖက်။ ရတနာ ဝိမာန်ကျောင်းကို ဆောက်
မူ၍ ကျမ်းဂန် ပြုသစေတော် မူသည်။ ပြုတော်မူသော ကောင်းမှုတော်ကား
တံတားဦးအရပ်၌ မင်္ဂလာ စေတီတော်နှင့်ရွှေကျောင်းတော် တစ်ဆက်တိုင်းအရပ်၌
ဘိုးတော် နရပတိ ကန့်အ တော်ရာတွင် ရတနာ ပုံနှင့် ရွှေကျောင်းတော်
နှစ်၊ ရွှေနန်းတော်အရှေ့ မြို့ထိပ်တွင် ရွှေစေတီဘုရားနှင့် ရွှေကျောင်းတော်သုံး၊
သင်ပုန်းအရပ်၌ ခမည်းတော် ကောင်းမှုတော် ရတနာ မြေညီ တိုင်းဝေး
ရွှေစည်တော်လေး၊ ဤသို့ ကောင်းမှုတော်တို့ကို အညီအမျှတော်မူ၍၊ ကျွန်ုပ်တို့
မြေကြီးမက် များစွာ လှူတော်မူ၍ ပု နက္ခတ်အကျွတ်သ မပြည့်ခင်၊ နှစ်ဆယ်
ကြွင်း၌ ထိမ်နိမ့်သုံးဆယ့်လေးနှစ်၊ စည်းစိမ်နှစ်ဆယ့်တစ်နှစ်၊ သက်တော်ငါးဆယ့်
လေးနှစ်သော အနိစ္စ ရောက်တော်မူ၏။ ရောက်လေသော လျှင်ကြီး ခုနှစ်
တိုင်တိုင် လှုပ်၍ ဘုရား ပုထိုး ဂူကျောင်း၊ ပြိုပျက်နှံလည်း၊ အသေအပျက်
များ၏။ လတိုင်း လကို ပျောက်ဆိပ်ချင်၏။ မြို့အရှေ့မြောက်ထောင့် မြေကြီး၌
ရေထွက်၏။ ဘုရားရုပ်တုတော်ထက်၌ ချွေးသည်ဟု ကျော်စော၏။ နံတော်
စနေသားတည်း။ ။သားတော် မင်းပြင်ကား၊ ခမည်းတော် အလျှင် ရှစ်ရာ
မြောက်ဆယ့်နှစ်ခု တပေါင်းလပြည့်ကျော် တစ်ရက်နေ့ အနိစ္စရောက်တော်မူ၏။
သက်တော်နှစ်ဆယ့်ရှစ်နှစ်ရှိတော်သောကြောင့်သားတည်း။ ။ဝတီးမင်းလေ ငါး
ကား ရှစ်ရာ့မြောက်ဆယ့်နှစ်ခုတနေ့၊ လပြည့်ကျော် ငါးရက်ရှစ်ရာ့မြောက်ဆယ့်
သုံးခု တန်ခူးတွင် အနိစ္စရောက်တော်မူ၏။

---

## ရွှေနန်းကြော့ရှင် နရပတိ–အကြောင်း

သက္ကရာဇ်ရှစ်ရာ့မြောက်ဆယ့်သုံးခု ကဆုန်လဆုတ်ကိုးရက် ကြာသပတေးနေ့
သားတော် အငယ် မင်းခေါ်သည်၊ သီရိကြီးဘဝနာဒိတျာ နရပတိ ပဝရမဟာ
ရာဇာဓိပတိ ဟူသော အမည်ကို ခံတော်မူ၏။ နောင်တော် မင်းပြင် အရှင်

မဟာသီဟသူရ မိဖုရားကို တောင် မိဖုရားအရာ ထားတော်မူ၍ ဘိသိက်ခံတော် မူသည်။ ။နန်းတက်တော် မူသော သက္ကရာဇ် ဝါဆို လတွင် ဘထွေးတော်ရမည်းသင်း မင်းရဲကျော် အနှိုင်ရောက်တော်မူ၍၊ မင်းရဲကျော်စွာ သမီးတော် အငယ် မင်းတရား နှမတော်က လျှောက်၍ အလုံး အရင်းနှင့် ဘထွေးတော် အမွေ ဆင်မြင်း ရွှေငွေတို့ကို သိမ်းယူ ရလေသည်။ ရောက်လျှင် မင်းရဲကျော်စွာ သမီးတော် အငယ်ကို ဝေါနှင့် ဆောင်ယူခဲ့ရသည်။ အင်းဝသို့ ရောက်လျှင် မင်းတရား နှမတော်ကို မိဖုရားမြှောက်တော်မူသည်။ နန်းတက်တော်မူသော သက္ကရာဇ် နတ်တော်လတွင် နောင်တော် မင်းတရား သားတော် ရွှေနော်ရထာ ကျွန် ငသောကြာသည် ရွှေနန်းရှင် နရပတိ အမှတ်မဲ့ နေတော်မူသည် အခိုက်တွင် ဓားနှင့် လုပ်ကြံလေသည်။ ထီးဖြူ အရိုးကို ခုတ်မိ၍ ကိုယ်တော်ကို ထီးဖြူအုပ်သကဲ့သို့ ရှိလေ၏။ ယင်းသို့ စဉ်တွင် ရွှေနန်းရှင် နရပတိ အထိန်းတော်သား ရေနံ့သာစား ငွေကျိုင်းထ၍ ငသောကြာကို ဖက်လေ၏။ ငသောကြာလည်း ဓားနှင့်တကွ ရုန်းရင်းရာတွင် အထွေးထွေး ဖက်လျက် လဲကျလေ၏။ ရေနံ့သာစားလည်း ငသောကြာ လွတ်လျှင် နရပတိကို လုပ်ကြံမည်ရှည်၍ ငသောကြာငယ် လွတ်လျှင် အရေးပျက်ချေတော့မည်။ ကျွန်တော်နှင့်တကွပင် လုပ်ကြံတော်မူတော့ ဟု၍ ရွှေနားတော်လျှောက်၏။ ရွှေနန်းရှင် နရပတိလည်း ရေနံ့သာစားကိုလွတ်အောင် ငသောကြာငယ်ကိုသာ ထက်သုံးတော် ဓားနှင့် ကွပ်တော်မူသည်။ နန်းထက်တွင်ပင် သေလေ၏။ ယင်းသို့မှ ရေနံ့သာစားကို ရွှေနော်ရထာကို ရအောင် ဖမ်းချေဟု မိန့်တော်မူ၏။ ရွှေနော်ရထာလည်း ယင်းသောအခါ အသက်နှစ်ဆယ်ရှယ်ဖြစ်၍ မယ်တော် တောင် မိဖုရားနှင့်အတူ နန်းထက်တွင် နေသည်ကို ဖမ်း၍ ဆက်လေလျှင် စစ်ကြ၍ ရွှေနော်ရထာကို ဖြားယောင်း သွန်သင်သူတို့ကို ဖျောက်တော်မူ၏။ ရွှေနော်ရထာကိုလည်း ရေမှာ ဖျောက်တော်မူ၏။

(ရတနာ့ဗိမာန် ကျောက်စာတွင် ရွှေနော်ရထာကို နော်ရထာ မင်းစောဟု ရေးသားသည်။ မင်္ဂလာစေတီ သမိုင်းတွင်လည်း "အနော်ရထာ၊ နတ်သညာနှင့်" ဟု ရှင်ရဋ္ဌသာရ ဆိုတော်မူသည်။)

ယင်းသောအခါ မဟာသီဟသူရ၊ ကျွန်တော်ရှင်ထွေး နသိန်နှံပင်းတလဲစား မင်းတရားကျွန်၊ သီးမှူး ဝေးမှူး ရဲမြတ်လုလင် ငါးယောက်သည် အသက်သေမည်စိုးရိမ်၍၊ အငြိအရံ ရှမ်းရာကျော်ခင်နှင့် တောင်ငူသို့ ပြေး၍ ကျွန်ခံလေ၏။

နန်းတက်တော်မူသော သက္ကရာဇ် တခပါင်းလောင် နှမတော် မြတ်ရိုမင်းနှင့် တကွ ဘွားတော် တောင်မိဖုရား၊ ညီမတော်သား မင်းဦးတည်နှင့် နှမ၍ ဂမည်းသင်းမြို့ကို ပေးတော်မူသည်။ ပုခန်းကြီးနှင့် မြဲလှ စသော စုံဖက်တော် ဆယ်တိုက်ကိုစားသော ဘိုးတော် သီဟပတေ့ သမီးတော် မယ်တော်ချစ်ဘွား ကိုလည်း ဓမ္မဒေဝီ—ဟူသော အမည်နှင့် မိဖုရား မြှောက်တော် မူသည်။ တောင်တွင်းမင်းသီရိဇေယသူရ သမီးကိုလည်း မိဖုရား မြှောက်တော် မူသည်။ မိထွေးတော် တန်ဆောင်းမိဖုရားတွင် မြင်သော နှမတော် မင်းမြတ်လှကိုလည်း တောင်တွင်း မင်းသီရိဇေယသူရသားတော် စစ်သားမင်းကြီးနှင့် စုံဖက်တော် မူ၍ တောင်တွင်းမြို့ကို ပေးတော်မူသည်။ စစ်သားမင်းကြီး ညီတော် မင်းကြီး ရွှေမြတ်မှုကား၊ တောင်ငူ မဟာသီရိဇေယသူရ သမီးတော်နှင့် ဆင့်တေသည်။

သက္ကရာဇ် ရှစ် ရာ့ ခြောက် ဆယ့် လေး ခု တွင် မှူးတော်၊ မတ်တော်တို့ကို ခေါ်တော်မူ၍၊ ပြည်ရေးရွာမှုကို တိုင်ပင်တော်မူသည်ကို သက်တော်ရှည် လျောက်သည်ကား၊ ယခုနိုင်ငံတော်ဖြစ်သော မြေပူး၊ ရေနက်လည်း မိုးညှင်းစသော အထိအပါးပြုဖန်များလှသည်။ ဘိုးတော်ပြည်ဘုရင်သတိုးမင်းစောကိုလည်း အရေး မယုံသာချေ၊ တောင်ငူ မဟာသီရိဇေယသူရလည်း ဆင်လုံး မြင်းရင်းများသည်၊ ကျေးငှး သစ္စာကို မစောင့်၍ ခြားနားသော်လည်း ခြားနားနိုင်လေသည်။ ယင်းသို့ ဖြစ်သောကြောင့် မရှိုင်းမပြုရအောင် ဆွေတော် မျိုးတော် အရင်းနှင့် စုံဖက်၍ သူကောင်းပြုတော်မူသည်ဖြစ်မှ အရှည် အမှုတော်ကို ထမ်းဆောင် နိုင်မည်ဟူ၍ နားတော်လျှောက်၏။ ရွှေနန်းရှင် နရပတိလည်း၊ သက်တော်ရှည် လျှောက်သည့် အရေးကို ကြိုက်တော်မူ၍၊ စလင်းနှင့် ဆယ်မြို့ကို စားသော ဘထွေးတော် သတိုးဓမ္မရာဇာ သမီးတော် မင်းလှထွတ်ကို မဟာသီရိဇေယသူရ နှင့် စုံဖက်တော်မူ၍ တလိုင်းသေ ဟူသော အရပ်ကသည်၊ ရေပုံငါးဆိုင်နှင့် တကွ မင်းပြုလေ အသိန္နဘော်မူ၍၊ သက္ကရာဇ် ရှစ်ရာ့ခြောက်ဆယ့်လေးခုတွင် မင်းထီးပြုရသည်။

ထို သက္ကရာဇ်တွင် မိုးညှင်းစလုံသည် ဆင်လုံး မြင်းရင်း အများနှင့် ချီလာ၍ နိုင်ငံတော် မြေဘူးကို တိုက်လေသည်။ မြေဘူးစား သက်တော်ရှည်လည်း စစ်ကူ ရောက်ခဲသည်နှင့် မခံနိုင်၍ ညဉ့်ကို မြို့ကထွက်၍ ဆုတ်ခဲ့ရလေသည်။ ဒီပဲယင်းသို့ ရောက်မှ ဒီပဲယင်းစားနှင့် ပေါင်း၍ ခံပြန်သည်။ မြေဘူးမြို့ကိုမူကား၊ မိုးညှင်းစလုံ ရလေ၏။ ထို သက္ကရာဇ်တွင် ဝ ပင်းမြို့ကိုစားသော ဝေဘဂ္ဂမတော် မင်းသိင်္ခ

အနိစ္စရောက်လျှင် မင်းသိပ်သူ မိဖုရားနှင့် ပြည်ခမင်းကြီးစွာ သားတော် မင်းတရား ဦးရိုးနှင့်သင့်၍ ရွှေနန်းရှင် နရပတိကို ခြားနားလေ၏။

သက္ကရာဇ် ရှစ်ရာ့ခြောက်ဆယ့်ငါးခုတွင် စလင်းမင်း သိင်္ခသူ ကျွန်များနှင့် မကြည်ရှိကြ၍ ဖမ်းမည်ပြုရာတွင် ပြည်မင်းသားတော် မင်းတရား ဦးရိုးနှင့် စလင်းမင်း ကျွန်များလည်း ပြေးလေ၏။ မင်းတရားဦးရိုး ပြည်သို့ ပြေးလေကြောင်းကို ဘုရင်နရပတိသို့ လျှောက်လာ၏။ ဘုရင်နရပတိလည်း ရေတပ် ကြည်းတပ် စီရင်တော်မူ၍ ရွှေဖောင်တော်နှင့် စလင်းသို့ စုန်တော်မူ၏။ ယောကမူးတော်ကို ဆင်မြင်း လူသူနှင့်တကွ သိမ်းယူတော်မူခဲ့သည်။ အင်းဝသို့ ရောက်တော်မူလျှင် နန်းတော်တွင်းတွင် အိမ်နှင့်ထား၍ လုပ်ကျွေးတော်မူသည်။ စလင်းမြို့ကို မှူးအား ပုဂံကိုစားသော သတိုးညီ အထိန်းတော် စည်သူကို အလုံး အရင်းနှင့်တကွ ပေးတော်မူသည်။ ထို သက္ကရာဇ်တွင် ညောင်ရမ်းကို စားသော ဘယကျော်ထင်မရှိလျှင် သား ဘယကျော်ထင်ခံ ငတုံးတာညီ ဘယနန်းသူခံ ပြေညှ်ဝတို့ တောင်ငူကို အမှီပြု၍ ယင်းတော် သျှစ်သျှားကာပုန်ကန် သောင်းကျန်းလေ၏။ တောင်ငူမင်း မဟာသီရိဇေယသူရလည်း ငတုံးတာကို သမီးနှင့် ဆောက်နှင်းလေ၏။ ။ဘုရင်နရပတိလည်း ဆင်လုံး မြင်းရင်းဗိုလ်ပါ ခန့်၍ ရာဇသင်္ကြံကို ချီစေသည်။ ညောင်ရမ်း သာဂရတွင် တောင်ငူမင်းတပ်နှင့် တွေ့၍ တိုက်ကြလျှင် အင်းဝစစ်သည်တော်တို့ ဆုတ်ရချေသည်။ ပေါက်မြိုင် မြို့တိုင် လိုက်ထပ်လာ၍ ရာဇသင်္ကြံ ရပ်ခံ တိုက်ပြန်လျှင် တောင်ငူသားတို့ ဆုတ်လေသဖြင့် ဖိ၍လိုက်ရာတွင် တောင်ငူမင်းက ကူလာ၍ ရာဇသင်္ကြံနှင့် ငတုံးတာ စီးချင်း တိုက်ကြသည်တွင် ရာဇသင်္ကြံ ဆုံးချေ၏။ ။သက္ကရာဇ် ၈၆၆-ခု တော်သလင်းလဆန်းရှစ်ရက် စနေနေ့၌ ဖွားတော်မူသည်က ရွှေနန်း ကက်ကျင် ကင်း၍ မွေးတော်မူပေသော ဘိုးတော် ဘွားတော်တို့ ကျေးဇူးတော်ကို သိသည် ဟူ၍ နေတော်မူသော တဲနန်းတော်ရာ သင်ပန်း၌ နိဂြောဓကုလား ကျောင်း ဆောက်၍ လှူတော်မူသည်။

သက္ကရာဇ် ရှစ်ရာ့ခြောက်ဆယ့် ခုနစ်ခုတွင် ငတုံးတာ ပြေညှ်ဝတို့သည် တောင်ငူမင်း၊ ပြည်မင်းတို့ကို ချီပင့်၍ နိုင်ငံတော်ဖြစ်သော စလေမြို့ကို ဝန်းရံလေ၏။ ရွှေနန်းသခင် ဘုရင်နရပတိလည်း မှူးတော် မတ်တော်တို့ကို ခေါ်တော်မူ၍ ယခု ပြည်မင်း၊ တောင်ငူမင်းတို့နှင့်တကွ စလေမြို့ကို ရံလေသည်။ အင်အား များလှသည် ကြားတော်မူသည်။ ဤသို့ လုပ်ကြံသော် သင့်မည်နည်း-မေးတော်မူ၏။ နေမျိုးကျော်ထင်လျှောက်သည်။ ယခု ငတုံးတာ၊ ပြေညှ်ဝတို့သာမဟုတ်

ပြည်မင်း၊ တောင်ငူမင်းနှင့်တကွ ဖြစ်ချေသောကြောင့်၊ အလုံး အရင်း ဆင် မြင်းများလှချေသည်။ နိုင်ငံတော် မြောက်ဘက်အရပ်၌ရှိသော ရည်ပတ္တရား ရည်သာ၊ ဒီပဲယင်းဘွင်ရှိသော ရဲမက်တော်တို့လည်း မိုးညှင်းမှမ်းတို့နှင့် နီးသော ကြောင့် ခုါခြံမလာချေ၊ စစ်တို့၏ သဘောသည်ကား၊ စစ်ဦးဘက်ယူပါနိုင်၍ တစကောင်းသည်ဖြစ်မှ သူရဲ သူခက်၊ ရဲမက်ဗိုလ်ပါတို့ နှလုံးရွှင်လန်း၍ လုပ်ကြ တော် မူလိုရာရာ အောင်မြင်တော်မူဖန်များသည်။ ယင်းသို့ ဖြစ်သောကြောင့် ဘုန်းတောင်စော်ဘွားကို စစ်ကူခေါ်မှ သင့်မည်ဟူ၍ နားတော်လျှောက်၏။ ရွှေနန်းရှင် ဘုရင်နရပတိလည်း နေမျိုးကျော်ထင် လျှောက်သောအရေးကို ကြိုက်တော်မူ၍ လက်ဆောင် လက်နက် အများနှင့် မြို့လုလင်ကို စေတော်မူ၏။ ဘုန်းတောင်စော်ဘွားလည်း ညီကို တိုက်ဆင် ခြောက်ဆယ်၊ မြင်း သုံးထောင်၊ စစ်သည်သူရဲ လေးသောင်းနှင့် အလျင် ချီလာစေ၏။ အင်းဝသို့ ရောက်လျှင် ဘုရင်နရပတိလည်း ကတ္တူလွန်းကြင် သုံးရာ၊ လှော်ကားသံလှေ နှစ်ရာ၊ စစ်သည် သူရဲ ခုနစ်သောင်းနှင့် ရတနာ ရွှေဖောင်တော်စီး၍ ရေကြောင်း ချီတော် မူသည်။ ကြည်းတပ် ငါးတပ်မှာ တိုက်ဆင် သုံးရာ၊ မြင်း ခြောက်ထောင်၊ စစ်သည် သူရဲ ငါးသောင်းနှင့် ပုဂံ သတိုးကို ဗိုလ်မှူး ခန့်၍ ချီလာရသည်။ ဘုန်းတောင်သားတို့လည်း တစ်ချက်တည်းချီသည်။ စလေပုံတောင်သို့ရောက်လျှင် လှေက တက်တော်မူ၍ စစ်ပြိုင်တော်မူသည်။ ယင်းသောအခါ ဘုရင်နရပတိမှာ ဆင်တော် စောရန်နင်းကို စီးတော်မူ၍ တိုက်တော်မူသည်၊ ပြည်မင်း တောင်ငူ မင်းတို့ တပ်ပျက်ချေ၏။ ငတုံးတာ တပ်ကိုလည်း ဘုန်းတောင်စော်ဘွားညီ တိုက်၍ ပျက်လေ၏။ ဆင် ခြောက်ဆယ်၊ မြင်းတစ်ထောင် လူသုံးထောင်ကျော် ရတော်မူ၏။ ငတုံးတာကိုလည်း ဆင်နှင့်တကွ ရတော်မူ၏။ သေလေသည်လည်း များ၏။

ပုဂံမြို့မှာ ပြည်မင်းချီလာပဉ့် နှန်းဆောက်မည် ဖုံးထားသည့် သစ်ဝါးကိုမှ၍ ငပဉ့်ကူ တဲတော်ရာတွင် ရန်အောင်မြင်ကျောင်း သမုတ်၍ ဆောက်လုပ်တော် မူပြီးမှ ဆန်တော်မူသည်။ ပုဂံမြို့သို့ ရောက်တော်မူလျှင် ဘုန်းတောင်စော်ဘွားညီ နှမယောက်နှင့် ရှမ်း မှူးမတ် သားတို့ကို ဆုလာဘ်ပေးတော်မူ၍ ရွှေစည်းခုံစသော ဘုရားပုထိုးများကို ပူဇော်တော်မူစဉ် သျှစ်သျှားမြို့မှာ ပြေညွှဲဝနေလာကြောင်း ကို ကြားတော်မူ၍ သျှစ်သျှားသို့ ချီတော်မူသည်။ ညောင်ရွှေ စော်ဘွား မိုးနဲ စော်ဘွားဟို့ကလည်း တိုက်ဆင် ငါးဆယ်၊ မြင်းသုံးထောင်နှင့် စစ်ကူလာရောက်၍ တောင်ကလည်း စစ်ကူနီးသည်။ ကန်ကြီးလည်း ရေပြည့်၍ အရပ် အနေခက်

သည်။ လျှောက်ပါသော် လည်း ထုတော်မူ၊ သုဓမ္မာသို့ အနော်ရထာမင်း ပြည်သူတကာ တစ်မြို့လုံးကို မုံတော်မူသည်နှင့် မြို့တွင်းသားတို့ ထပ်မံ၍လျှင် စားစေ၏။ ရတော်မူ၏။ ပြည့်ကို အနုရုဒ္ဓ်တော်လေ၍ သုဓမ္မာသို့ကိုပင် ဘယကျော်သူ ကိုလည်း ထံတော်ကိုလည်း ကျောင်းတော်၌ ထုတော်မူ၍ စားသော နတ်မောက်မြို့တွင် ပွဲတော် မူအပ်သည်ဟု ထီးလှမ်းနှင့် တကွ စားသော နေပြည်တော်သို့ ပြန်တော် ဆင်မြင်းဗိုလ်ပါ လောင်းရက် သနားတော်မူ၍ မူ၏။ ယင်းကာလ၌ ပြည်မင်း တောင်ငူမင်းတို့ ခံ့ညားကြ၏။

သက္ကရာဇ် ရှစ်ရာ့ ခြောက်ဆဲ့ရှစ်ခုနှစ်တွင် ဒီပဲယင်းမြို့တွင် ခံသော ရဲမက်တော်တို့ကို မိုးညှင်း လေ့ကာ၊ ဆင်မြင်း အလုံး အရင်း အများနှင့် တိုက်လေ၍၊ ဒီပဲယင်းမြို့ကို ရှမ်းတို့က ရလေသည်ဟု ကြားတော်မူလျှင် ဗိုလ်သတိုးတို့ ခြောက်ထောင်ကို တိုက်ဆင်နှစ်ရာ၊ မြင်းသုံးထောင်၊ စစ်သည်သူရဲ ခြောက်သောင်းနှင့် အလျင် ချီစေ၍ ဒီပဲယင်းသို့ ရောက်လျှင်၊ ငါတို့အရှင် နိုင်ငံတော် ဖြစ်သော မြေဒူး ရေနဲကို တိုက်ယူ လေသည်ကိုလည်း ငါတို့အရှင်က ရန်စစ် မရှယ် နေတော်မူသည်။ ယင်းသို့ကိုပင် ဒီပဲယင်းမြို့ကို တိုက်၍ အနိုင် အလုံ နေပြန်သည်မှာ မြို့ကိုလည်း ပေးမည်လော၊ စစ်လည်း ပြိုင်မည်လော ဟူ၍ စေ၏။ မိုးညှင်း စလုံလည်း ငါသည် ဆင်မြင်း ဗိုလ်ပါ များသော ကြောင့် ဖြစ်သည်။ တိုက်မည်ဆိုလည်း ငါမကြောက်၊ အရေးလည်း ငါမကြောက်၊ ငါ တွေ့ကြိုက်နှစ်သက်လျှင် တိုက်မည်ဟူ၍ မှာလိုက်၏။ ဘုရင် နရပတိ ဗိုလ်မှူး တို့ကလည်း မြေဒူး ရေနဲတိုင်အောင် ရှင်စောဘွားနိုင်ငံ ဖြစ်စေ၊ ယင်းသည်မှ ကြွင်းသရွေ့ ငါတို့အရှင် နိုင်ငံ ဖြစ်စေဟူ၍ စေပြန်၏။ မိုးညှင်းစော်ဘွားလည်း အစ်ကိုတို့ဆိုသည့် အရေးအတိုင်း မှန်စေတော့ဟူ၍ ဆိုပြီးလျှင် ဒီပဲယင်းမြို့ကို ပေးတော်မူပြန်၏။

သက္ကရာဇ် ရှစ်ရာ့ခြောက်ဆယ့်ကိုးခုတွင် ပုခန်းကြီးကို စားသော ဘိုးတော် သီဟပတေ့ အနိစ္စ ရောက်၍ ပုခန်းကြီးမြို့လာလျှင် ညီတော်သီခံသူ၊ ညီတော် မင်းကြီးစော၊ ညီတော်မင်းကြီးတွေး ညီနောင်သုံးပါး ဆင် မြင်း ဗိုလ်ပါ ရုံးမိသမျှနှင့် ပုခန်းကြီးမြို့သို့ ဝင်၍ နောင်တော် ရွှေနန်းရှင် နရပတိကို ပုန်ကန်သောင်းကျန်း လေ၏။ ထိုအကြောင်းကို ကြားတော်မူလျှင် ကြည်းကြောင်း၊ ရှစ်တပ်ကို တိုက်ဆင် နှစ်ရာ၊ မြင်းငါးထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် ချီရသည်။ ဘုရင်နရပတိမှာ တိုက်လှေ သုံးရာ၊ စစ်သည်သူရဲ သုံးသောင်းနှင့် ရေကြောင်း ချီတော်မူ၍ မြောင်းတူးသို့ ရောက်တော်မူလျှင်၊ ကြည်းကြောင်း ချီစေသော ရဲမက်တော်တို့နှင့် ပေါင်း၍ ပုခန်းကြီးမြို့ကို ဝန်းရံတော် မူ၏။

ခုနစ်ရက် မြို့လျှင် မြို့တွင်းက ယက်နက် ကိုရိုးသာ နည်းသည့်ကို မပြိုလို ဖျက်လေ၏။ ပုဒန်းမြို့ ဖျက်လျှင် ညီတော် သုံးပါးကို ရွှေတော်သို့ ပေါ်၍ ပူဇော် မယ်တော်တို့ရှေ့တွင် ဤသို့ မိန့်တော်မူသည်။ ခမည်းတော် ဘုရား နေ့သင်တော် ဘုရားတို့ နတ်ပြည် စံတော်မူလျှင် ရွှေထီးရွှေနန်းကို ငါ မှတ်စံပါ၍ အုပ်စိုးလိုက်သည်။ မရှိ၍ သိမ်းအုပ် စိုးဆောင်တော်မူသည်။ ယခုလည်း မြည် တောင်ငူ၊ မိုးညှင်း၊ ကအလိုအပ ၊ မြို့ဖန် များသောကြောင့်၊ နယ်တော် နေ့ညွှန်းလိုက်ရာတွင် ငါနှင့်အတူသည် မြည်ရေးရွာကို ကြည့်၍ ဆောင်ရွက် ရမည်ကို ယင်းသို့ကား မပြု၊ ငါကို တစ်ဖက်ပြု၍ ပုန်ကန်သောင်းကျန်းသည်။ ငါ့မှုကား ငါ့သားတော်ရှိလျက် အိမ်ရှေ့ အရာကိုမှ မခန့် မရန်း မိမိတို့အပေါ်ကို ကြီးစေ၊ အားထုတ်၍ ထမ်းလျှင် ထမ်းသည့်အလျောက် သူကောင်း မြှောက် မှုသည်ဟု၍ အကြံတော်ရှိသည်။ ယခုမှကား သူတို့မချစ်သည်ကို ငါ့သားတော် မှုသမည်မဟုတ်ပြီ မိန့်တော်မူပြီးလျှင်၊ ညီတော် သုံးပါးကို ကွပ်မျက်တော် မူလေ၏။ ညီတော်တို့နှင့် တစ်ချက်တည်း ပြုသသူ ခေါင်းအကြီး တို့ကိုလည်း ကွပ်မျက်တော်မူ၏။

သက္ကရာဇ်ရှစ်ရာ့ ခုနစ်ဆယ်တွင် နိုင်ငံတော်မကျေးမြို့ကို ဘိုးတော်ပြည့်ဘုရင် သတိုး မင်းစောက တိုက်၍ ရလျှင် အနိုင်အလုံ နေလေ၏။ ထိုအကြောင်းကို ကြားတော်မူလျှင် သက်တော်ရှည်သတိုးတို့ကို တိုက်ဆင်သုံးရာ၊ မြင်းငါးထောင် စစ်သည်သူရဲ နှစ်သောင်းနှင့် ကြည်းကြောင်း ချီရသည်။ ဘုရင် နရပတိမှာ ကတ္တူလှေနှင်းကြင် သုံးဆယ်၊ လှော်ကား သုံးလှေနှစ်ရာ၊ စစ်သည် လေးသောင်းနှင့် ရွှေဖောင်တော်စီး၍ ရေကြောင်း ချီတော်မူသည်။ မကျေးသို့ ရောက်တော် မူလျှင် ပြည်က ခံလာသော လှေတပ်တို့ကို တိုက်တော်မူသည်။ ပြည်သားတို့ ပျက်၍ ရှုံးပြေးလေ၏။ ယင်းသို့မှ မကျေးမြို့ကို ရေတပ် ကြည်းတပ် ဝန်းရံ၍ လုပ်ကြံတော်မူသည်။ မြို့ပျက်၍ တိုက်ဆင် သုံးဆယ်၊ မြင်းခြောက်ဆယ်၊ လူ နှစ်သောင်းကျော် ရတော်မူ၏။ မကျေးမြို့ကို ရတော်မူလျှင် ဘုရင် ပူညာကို အလုံးအရင်းနှင့် ပေးတော်မူ၍ ပြန်တော်မူ၏။ ။သက္ကရာဇ်ရှစ်ရာ့ခုနစ်ဆယ့် တစ်ခုတွင် ရွှေနန်းတော် ဟောင်းနွမ်းသောကြောင့် ရွှေနန်းအသစ် တည်တော် မူသည်။ ရွှေနန်းကား အလုပ်အဆောင် ချောမော ပြေပြစ်၊ ကျစ်လျစ် ထူးဆန်းလှသောကြောင့် ရွှေနန်းကြော့ရှင် ဘုရင် နရပတိဟု တွင်သည်။ ။

သက္ကရာဇ် ရှစ်ရာ့ ခုနစ်ဆယ့်နှစ်ခု၊ ရွှေ နန်း တော် ပြီး သည့် နှစ်၊ ရွှေစာတိုင် ဆင်တော်ရောက်သည်။

သက္ကရာဇ် ၈၇၃–ခု၊ မိုးညှင်းစော်ဘွားစလုံသည် ရွှေနန်းရှင် နရပတိနှင့် အုန်းဘောင်စော်ဘွား၊ အဆွေခင်ပွန်း ဖြစ်၍ ချစ်ကြသည်ကို ရန်ငြိုးထား၍ အုန်းဘောင်ကျေး ဗန်းမော်ကို အလုံးအရင်းများနှင့်ချီ၍ ရုံလေ၏။ အုန်းဘောင်စော်ဘွားလည်း ရွှေနန်းရှင် နရပတိသို့ မြေဒူးတွင် မိုးညှင်းသားတို့ ခံ၍နေသည်ကို အလုံးအရင်းနှင့်ချီ၍ ရုံတော်မူပါဟု စေလာ၏။ ရွှေနန်းရှင် နရပတိသည် ၁၂–တပ် စီရင်တော်မူ၍ တိုက်ဆင်သုံးရာ့ငါးဆယ်၊ မြင်းခြောက်ထောင်၊ စစ်သည်သူ တစ်သိန်းနှစ်သောင်းနှင့်ချီ၍ မြေဒူးသို့ရောက်တော်မူလျှင် မြို့ကို တိုက်စေသည်။ မြောင်းသောနက် ထုထပ်လှသောကြောင့် မတိုက်နိုင်ချေ။ အဝေးကခွါ၍ ရုံတော်မူရချေသည်။ ယင်းသို့ ရုံတော်မူစဉ်တွင် မိုးညှင်းစော်ဘွား ကျွန်ဖြစ်သော တောင်တွင်း ချောင်စား၊ မင်းခင်းစား၊ ကလေးစား တို့သည် တိုက်ဆင်တစ်ရာ၊ မြင်းနှစ်ထောင်၊ စစ်သည် သူရဲလေးသောင်းနှင့် ညဥ့်နှစ်ချက်တီးကျော်တွင် မိုးရွာ၍ မိုးမဲသည်အခိုက် တိုက်လေသည်။ ဘုရင်နရပတိ တစ်ဆယ်နှစ်တပ်လုံးပျက်ချေ၏။ ရွှေနန်းရှင် နရပတိလည်း ဒီပဲရင်း၊ စည်ပုတ္တရာမြို့ကို ဆင်မြင်းလူသူလောင်းထပ်၍ ပြန်တော်မူသည်။ ထိုနှစ်ပင် ရွှေနန်းတက်တော်မူသည်။ ။သက္ကရာဇ်ရှစ်ရာ့ခုနစ်ဆယ့်ငါးခုတွင် ဘုရင်မဟာသီဟသူရမိဖုရားကို တောင်နန်းမိဖုရားမြောက်ဆောင်မြင်သော သမီးတော်၊ သားတော်၊ နှမတော်ကို နားထွင်းတော်မူသည်။

ထိုသက္ကရာဇ်တွင် စကုမြို့ကို စားသောသီရိဇေယနော်ရထာ သောင်းကျန်းလေ၏။ ကြားတော်မူလျှင် ရေကြောင်း၊ ကြည်းကြောင်း၊ ချီတော်မူမည်ကို စီရင်ခန့်ရန်တော်မူသည်။ နန္ဒသူရိယ နေမျိုးကျော်ထင်တို့ ရှစ်တပ်ကို တိုက်ဆင်သုံးရာ့ငါးဆယ်၊ မြင်းငါးထောင်၊ စစ်သည်သူရဲရှစ်သောင်းနှင့် ကြည်းကြောင်းချီမှသည်။ ဘုမ္မိန်နရပတိမှာ ကတ္တူလှေနှင်ကြင်သုံးရာ၊ လှော်ကားသံလှေနှစ်ရာ စစ်သည် သူရဲလေးသောင်းနှင့် ရွှေဖောင်တော်စီး၍ ချီတော်မူသည်။ စကုသို့ ရောက်တော်မူလျှင် ရေတပ်သားတို့ကို ကြည်းတပ်ပွဲ၍ စကုသို့ ချီတော်မူသည်။ ရောက်တော်မူလျှင် ရှပ်ရှပ်ချွံချွံ လုပ်ကြံတော်မူသည်။ စကုပျက်၍ တစ်မြို့လုံးကို မှုတော်မူလျှင် စကုမြို့ကို သခံယာကို ပေးတော်မူသည်။ သီရိဇေယ နော်ရထာကိုမူကား လူ၏ရခဲခြင်းကို ထောက်တော်မူ၍ ကုပ်မျက်တော်မမူ၊ အခြေအရုံကို မှုပ်တော်မူ၍ ကိုယ်တစ်ခုတည်းသာ ယူ၍ ပြန်တော်မူ၏။

သက္ကရာဇ်၈၇၇–ခုတွင် ကြည်းကြောင်းရှပ်တပ်မှာ တိုက်ဆင်သုံးရာ၊ မြင်းငါးထောင်၊ စစ်သည် သူရဲရှစ်သောင်းနှင့် ရေတပ်မှာ ကိုက်လှေသုံးရာ၊ လှော်

ကားသံလေးနှစ်ရာ၊ စစ်သည် သူရဲငါးသောင်းနှင့် ရွှေတောင်တော်စီး၍ မြေထဲ
သို့ ကြွတော်မူသည်။ မြေထဲစား၊ ပြည်ဘုရင် သားတော်သိဒ်သု သဘာဝေ
ငှာ လက်ဆောင်လက်နက် အများနှင့် သီးကြို၍ လျှောက်လာလျှင် ဘုရား
တော်ပြီး၍ မြေထဲစားတစ်သားတစ်မြေးနှင့် ပူးတွေ့တော်မူ၏။ ယင်းကပ ပြည်
ကျေးဖျင်တစ်မြို့ကိုရုံတော်မူ၏။ ပြည်စားက—မြို့ပြ၊ ကျုံး၊ မြောင်း၊ လုပ်သည်
သောချွန်ခိုင်ခံ့သောကြောင့် အကြိမ်ကြိမ် လုပ်ကြံတော် မူသော်လည်း မရ
ချေ။ မိုးကျလျှင်ပြန်တော်မူ၏။ သက္ကရာဇ် ရှစ်ရာ့ခုနစ်ဆယ့်ကိုးခုတွင် မိုးညှင်း
စလုံသည် ကိုက်ဆင်သုံးရာ၊ မြင်းရှစ်ထောင်၊ စစ်သည် သူရဲရှစ်သောင်းနှင့်ချီလာ
၍ နိုင်ငံတော်မြေဒူး၊ ကျေးစပ်များကို တိုက်လေ၍ ရဲမက်တော်တို့ဆုတ်ရချေ
၏။ ထိုအကြောင်းကို ကြားတော်မူလျှင် တိုက်ဆင် သုံးရာ့ငါးဆယ်၊ မြင်း
ခြောက်ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ချီတော်မူသည်။ စည်
သာ၊ အရပ်တွင် တပ်ခိုင်၊ တပ်သုံ့တည်၍ နေတော်မူ၏။ ထိုကသည်—ရေနဲ့သို့
ချီတော်မူသည်။ ရွှေဖျားချီသော မြင်းတပ်ချင်းတွေ့၍ တိုက်ကြသည်။ မြင်း
တော်သည်တို့ ရှေ့ချေသည်။ ယင်းသို့ ရှေ့သည်ကိုမြင်လျှင် ရာဇသင်္ကြံမြင်း
တပ်ဖိ၍ တိုက်သည်။ ရှမ်းတို့ဆုတ်၍ ရေနဲ့မြို့က ခံလေ၏။ ဘုရင် နရပတိသည်
ရဲမက်တော် တစ်ဆယ့်နှစ်တပ်သားတို့နှင့် လုပ်ကြံတော်မူသည်။ ရှမ်းတို့ မခံနိုင်၍
ရေနဲ့သို့ ထွက်ပြေးလေ၏။ ရေနဲ့ကို ရတော်မူလျှင် ရာဇသင်္ကြံကို ရဲမက်နှင့်တကွ
မြေဒူးတွင် အစောင့်အနေ၊ ဘာယခေယာ်ခကို ရဲမက်နှင့်တကွ ရေနဲ့တွင် အစောင့်
အနေ ခန့်တော်မူ၍ ပြန်တော်မူခဲ့၏။

သက္ကရာဇ် ၈၈၀—တွင် စစ်ကိုင်းအရပ်၌ တည်တော်မူသော ကောင်းမှုတော်
မဟာစေတီကို ထီးတင်တော်မူသည်။ အရညဝါသီ၊ ဂါမဝါသီ၊ နိုင်ငံတော်
အသုံးတွင်ရှိသော ပုဂ္ဂိုလ်တို့အား ပင့်တော်မူ၍ တစ်လတိုင်တိုင် ဆွမ်းလုပ်ကျွေး
တော်မူသည်။ ပရိက္ခရာရှစ်ပါး အစုံသုံးရာလည်းလှူတော်မူသည်။

(ရာဇဝင်သစ်တွင် မဟာစေတီကို ထီးတင်တော်မူသည် ဆိုသော
စကားကို ပစ္စယာသုံးဆင့်သာ ပြီးသည်။ ထီးတင်သည် ဆိုသောစကား
မသင့်ဟုဆိုလေသည်မှာ ရွှေနန်းကြော့ရှင် နရပတိမင်းတရားသည် စေတီ
တော်ကိုထီးတင်၍ လှူဒါန်းပြီးသည်နောက် ငါးထပ်ဒါယကာမင်းတရား
လက်ထက်တော်တွင်မှ ထပ်၍ တည်တော်မူသည်။ ပစ္စယာသုံးဆင့်သာ
ပြီးကြောင်းကို သာသနဝံသ မည်သော စာဟောင်းထွက် ရှိသည်နှင့်
အညီ ဇာခု ထင်ရှား ရှိတော်မူသော စေတီတော်၏ ပစ္စယာသုံးဆင့်

အသက်တွင် စေတီတော်ငယ် ထီးတော်နှင့်ပင် ရှိသည်ကို တောက်၍ ရှေးနန်းကြေးတွင် ဘုရင့်နရပတိ မင်းတရားသည် မဟာစေတီတော်ကို ထီးတင်၍ ပြီးသည်ဆိုသော ရာဇဝင်ကြီး၊ ရာဇဝင်လတ်တို့နှင့် အညီ ယူသင့်သည်။)

သက္ကရာဇ် ၈၈၁-ခုတွင် ကလေးစော်ဘွားနှင့် မိုးညှင်းစလုံကို တိုက်ကြသည်။ ။ထိုသက္ကရာဇ်တွင် မိဖုရား နန်းဘိဘွင့်မြင်သော သားတော် မင်းကြီးညိုကို နှောင်တော် မိဖုရားတွင်မြင်သော သမီးတော် ဘေးတော်နှမနှင့် စုံဖက်တော်မူ၍ အိမ်ရှေ့ပေးတော်မူသည်။ ။မိဖုရားနန်းဘိတွင်မြင်သော သားတော် သတိုး မင်းကြီးထွေးကိုလည်း ပြင်စည်မြို့ကို ပေးတော်မူသည်။

ထိုသက္ကရာဇ်တွင် မှူးတော် မတ်တော်တို့ကို ခေါ်တော်မူ၍ ပြည်ထဲအရေးကို တိုင်ပင်တော်မူသည်။ နန္ဒသူရိယ လျှောက်သည်ကား၊ ယခု မိုးညှင်းနှင့် ကလေး တိုက်ကြသည်။ အားတူအင်ရှိမြစ်၍ ရှစ်လကျော် ကိုးလတိုင်အောင် တစ်ဦးကို တစ်ဦးမတိုးရှေ့နိုင်ရှိကြသည်။ ယင်းသို့စဉ်တွင် ခြေရင်းတော်က ဆင်လုံးမြင်းရင်း အများ စီရင်တော်မူ၍ သားတော် အိမ်ရှေ့မင်းကို ချီစေသော် နှစ်မြို့လုံးကို ရတော်မူမည် ဟူ၍ နားတော်လျှောက်၏။ ဘုရင်နရပတိလည်း နန္ဒသူရိယ လျှောက်သောအရေးကို ကြိုက်တော်မူ၍ တစ်အသယ့်နှစ်တပ် စီရင်ခန့်ရန်တော်မူ၍ တိုက်ဆင် နှစ်ရာ့ငါးဆယ်၊ မြင်း ခြောက်ထောင်၊ စစ်သည်သူရဲ ကိုးသောင်းနှင့် အိမ်ရှေ့မင်းကို ချီစေသည်။ မင်းခင်းသို့ ရောက်တော်မူလျှင် ကလေးစော်ဘွား လည်း လက်ဆောင် လက်နက် အများနှင့် အိမ်ရှေ့မင်းကို ဆက်၍ ကျွန်တော် ခံပါတော့မည် သားကို လျှောက်စေ၏။ စော်ဘွားကိုလည်း ခြေရင်းတော်သို့ ရောက်လာရ၏။ ထိုနှစ်တွင် လယ်ပြောင်းပြ ကန်ကန် သည်မြို့များ နိုင်ငံတော် ဖြစ်ပြန်၏။ ကလေးကိုပိုင်လျှင် ဗန်းကျိုဆယ်ရွာလည်း လက်နက်နိုင်ငံ ဖြစ်ပြန်၏။

သက္ကရာဇ် ၈၈၂-ခုတွင် မှူးတော် မတ်တော်တို့ကို ခေါ်တော်မူ၍ ယခုသည် ပျက်လေပြီးသော နိုင်ငံကို ပြုပြန်သည်။ ရှေ့သို့ နိုင်လုံအောင် အဘယ်သို့စီရင်ရသော် သင့်မည်နည်း ဟူ၍ မိန့်တော်မူ၏။ ယင်းသောအခါ အထိန်းတော် ပုဂံသတိုး လျှောက်သည်ကား၊ မိုးညှင်းစလုံသည် ဆင်လုံး မြင်းရင်းလည်း များသည်။ လုပ်ရည် ကြံရည်နှင့်လည်း ပြည့်စုံသည်။ ရှေ့သို့ကို ချီလာမည်မချွတ်ပြီ၊ ယင်းသို့ ဖြစ်သောကြောင့် မင်းခင်းကို မြို့ပြကျုံးမြောင်း၊ ခိုင်လုံအောင်လုပ်၍ ဆင်လုံး မြင်းရင်းနှင့် ခံနေကိုမည်။ မြေဒူး၊ ဝေနဲ၊ စည်ပုတ္တရာ၊ ဗီပဲယင်း၊ သည်မြို့များ

ကိုလည်း အလုံး အရင်း သွင်း၍ အနိုင် အလုံ နေစေသည်ဖြစ်မှ ဆင့်မည်ဟု နားတော်လျှောက်၏။ ရွှေနန်းရှင် နရပတိသည်း သတိုးလျှောက်သော စကားကို ကြိုက်တော်မူ၍ မင်းခင်းမြို့ကိုလည်း ခိုင်ခံ့အောင် လုပ်စေပြီးလျှင် အလုံးအရင်းနှင့် ရာဇတမန်ကို အစောင့်အခန ခန့်တော်မူ၏။ မြေဒူးမြို့ကိုလည်း အလုံးအရင်းနှင့် သက်တော်ရှည်ကို မြို့စောင့် ခန့်တော်မူသည်။ ငရဲမြို့ကိုလည်း စလိုင်ငမဲကို အလုံးအရင်းနှင့် စောင့်နေရသည်။ စည်ပုတ္တာရာမြို့မှာလည်း အလုံးအရင်းနှင့်တာရာ ဇသင်္ကြံ အခိုင် အလုံ နေရသည်။ ဒီပဲယင်းမြို့မှာလည်း အလုံး အရင်းနှင့် ဘသဂ ငမိုကို အခိုင်အလုံ နေရသည်။ ကလေးစော်ဘွားကို အမြင့်မြို့ကို ပေးတော်မူသည်။

သက္ကရာဇ် ၈၈၅-ခုတွင် မိုးညှင်းစလုံလည်း တိုက်ဆင် နှစ်ရာ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ချီလာ၍ မင်းခင်းမြို့ကို ဝန်းရံသတည်း။ ထိုအကြောင်းကိုကြားတော်မူလျှင်မြင်းတပ်နှင့် တပ်ပေါင်းတစ်ဆယ့်ငါးတပ်တွင် ပါသည့် တိုက်ဆင် သုံးရာ၊ မြင်းခြောက်ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှင့် ချီတော်မူသည်။ မြေဒူးသို့ ရောက်တော်မူလျှင် မိုးညှင်းစလုံလည်း မင်းခင်းမြို့ကို ရှုပ်ရှုပ်ချုံချုံ လုပ်ကြံ၍ ရလေ၏။ ယင်းကမှ မြေဒူးသို့ ချီလာ၍ စစ်ကြီးတွေ့ကြလေ၏။ ရှေ့ဖျား မြင်းတပ်ချင်းတွေ့၍ တိုက်ကြသည်၊ ရှမ်းတို့ ဆုတ်ကြလေ၏။ ဆုတ်သည်ကိုမြင်လျှင် ရှမ်းတို့ ဆင်တပ်ဖိ၍ တိုက်လေသည်။ မြင်းတော်သည်တို့ ဆုတ်ပြန်ချေ၏။ မိုးညှင်းစလုံလည်း မြန်မာတို့ဆုတ်သည်ကိုမြင်လျှင် တပ်ပေါင်း ဖိ၍ တိုက်လေသည်။ ရွှေနန်းရှင်နရပတိတစ်ဆယ့်ငါးတပ်လုံး အဆီးအတားမရှိ ပျက်ချေ၏။ မြေဒူးမြို့ကိုရလျှင် ငရဲကိုတိုက်ပြန်လေသည်၊ ပျက်ပြန်ချေ၏။ ယင်းကသည်–စည်ပုတ္တာရာကို တိုက်ပြန်လေသည်။ မြို့စားရာဇသင်္ကြံနှင့်တကွတစ်မြို့လုံးကို ရလေ၏။ ဘုရင်နရပတိလည်း ဂဲမက် ဗိုလ်ဘဲကို မရုံးစုနိုင်၍ အပြင်းခုခံအောင် မရချေသည်။ ရှမ်းတို့လည်း အင်းဘဲ သရိုင်တိုင်အောင် လိုက်၍ သုံ့ပန်း ဆင် မြင်းတို့ကို ဖမ်းယူလေသည်။ ဒီပဲယင်းတွင်ခံသော ဘသဂငမိုသည်း မြို့တွင် မခံ၍ ခြေရင်းတော်သို့ ပြေးလာ၏။ ထိုအခါ ဟတ္ထိပါလပြီးသည်နှင့်ဖြစ်၍ ဟတ္ထိပါလနိဂုံးတွင် "အဝှန်းငါခု၊ ဗသျှူး အင်္ဂ၊ ဒီသသက္ကရာဇ်" ဆိုသည်နှင့်လည်း ညီလေသည်။ ။ရှမ်းတို့လည်း မြောက်ဘက်တစ်လွှားတွင်ရှိသော လူသူ ကျွဲနွား တို့ကို သုံ့ပန်းဖမ်းယူလေ၏။

ပိုးညွင်းစလုံသည်း မြေဒူးတွင် တစ်မိုးတွင်းလုံးနေသည်။ သက္ကရာဇ် ၈၈၆-ခု တွင် စစ်ကိုင်းသို့ချီလာ၍ [illegible] ကျောင်းကန် သိမ်သာချီကို ဖိုးတိုက်

[illegible]

မျိုး အုပ်ချုပ်လိုက်၍ ရွှေလှော်ကာနှင့် မိုးညှင်းစလုံနေရာ မြေ့သဲသို့ ဆန်၍ ရေလှော်တော်မူကြ၏။ ဝင်းနော်ကိုလည်း သာယာစွာချော့ပြောလေဟု၍ ကာတိသစ္စာ ပြုလျှင် ပြည်ဘုရင်က ဆောင်ယူ၍စေ၍ မိုးညှင်းစလုံ၊ ဆင်မြင်း၊ ဗိုလ်ပါ တို့ကို အရှောက်သို့ ပို့၏။ မိုးညှင်းစလုံလည်း သွေးသောက်မှုကား ရေကြောင်း ချီလေ၊ ငါမှုကား ကြည်းကြောင်း၊ အင်းဝတိုင်အောင် ချီမည်။ အင်းဝဘုရင် နရပတိ ငါ့ကို ခံပုံမည်လော။ ယင်းသို့ မခံ၍ အင်းဝကိုရလျှင် ငါကိုင်၍ နန်း တင်ခံမည်။ ဆင်တော်၊ မြင်းတော်ကိုသာ ငါယူမည် ဟူ၍ ဆို၏။ ပြည် ဘုရင်ကလည်း သွေးသောက်အစီအရင်ကို ငါခံမည် ဟူ၍ ဆို၏။

ယင်းသို့မှုပြည်ဘုရင်မှာတိုက်လှေသုံးရာ၊ လှော်ကားသုံးလှေတစ်ရာ၊ ရိက္ခာတင် ကုန်လှေ တစ်ရာ၊ စစ်သည်သူရဲ လေးသောင်းနှင့် ရေကြောင်း ချီတော်မူသည်။ မိုးညှင်းစလုံမှာ တိုက်ဆင် နှစ်ရာ၊ မြင်း ရှစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်း ငါးသောင်းနှင့် အရှောက်ကြောင်း ချီသည်။ ယင်းသော အခါ တောင် တစ်လွှားတွင်ရှိသောတောင်တွင်းကြီး၊ ရမည်းသင်းစသော မြို့စားတို့သည် မခံဝံ့ ၍ ပြေးပုန်းနေ၏။ အချို့လည်း ခြေရင်းတော်သို့ ရောက်လာ၏။ တစ်မြို့မျှ မခံဝံ့ချေ။ ထိုအကြောင်းကို မိုးညှင်းစလုံသိလျှင် ချီလာ၍ ဆင်မြင်း၊ ကျွဲနွား ရသမျှကို သိမ်းယူ၍ အင်းဝသို့ ရောက်လာ၏။

ရွှေနန်းရှင် ဘုရင် နရပတိလည်း မိုးညှင်းစလုံ၊ ပုခန်းကြီးမြို့ကို ကုန်း အနောက်ဘက်တစ်လွှားတွင်ရှိသောမြို့ရွာတို့ကို သိမ်းယူကာဘည်း၊ ကပင်၊ မှူးတော် မက်တော်တို့ကို ခေါ်၍ တိုင်ပင်တော်မူသည်ကို နန်းသူရိယ လျှောက်သည်ကား။

ကြိုးဝင်းကျော်သည် ကျွန်တော်တို့နိုင်ငံအလုံးကို ဖျက်ဆီး၍ ယူလေသည်။ သူ၏ သား မောင်ချွဲအလော ကျွန်တော်တို့လည်း ဝေဿက်ခွဲတော်မူပါသည်။ ထို ကို မြော်ထင်၍ မသိပြီ။ ဆင်လုံ မြင်းရင်း စီရင်တော်မူ၍ အလေ ဆောင်မှုတ် ရှမ်းရဲ တာအဆန် ထုတ်၍ လုပ်ကြံရသည်ဖြစ်၍ အသက်ကို စောင့်လည်း။ မှူးတော် မတ်တော် အပေါင်းတို့လည်း အရှင်ကျွန်တော် တော်နှစ်ပါးနှင့်တူညီ ဖြစ်သည်။ ယခု အရေးတော် ခံတော်သည်တွင် အရှင်ကျွန်ကျွန်တော် တော်ရွှတ်တစ်ခြမ်းမျှမတ်၍ အရှင်ကျေးဇူးတော်ကို ဆပ်မည်ကြံ၍ အသက်ကို လျှောက်၏။ နန္ဒသူရိယလျှောက်သော စကားကိုကြားလျှင် နားတော် ဆတ်၊ လျှောက်ပြန်၏။ နန္ဒသူရိယလျှောက်သော အရေးသည်၊ စစ်ရေးပါ်ဖြစ် လေသည်။ သို့သော်လည်း ကိန်းခန်းအလျှောက် သူတို့ကို တိုက်လေမျှ သည် ရှယ်သည်ဟူ၍ မရှိ၊ ကျွန်တော်တို့က ကြိုးစားအားထုတ်၍ ခံသော်လည်း ဖျက်သည်သာ များချေသည်။ ယင်းသို့ ဖျက်ဆီးများလေသော် ရဲမက်တော် တို့မှာ ရှုး၍ ကျိုးလန့်စားစားသကဲ့သို့သာ ဖြစ်ချေသည်။ သူတို့လည်း နိုင်ရ လျှင် စစ်ဦးကိုလူပေါ် လုပ်ကြံလေ၍ နိုင်ချင် ကြံကဲ့သို့ ဖြစ်ချေသည်။ တစ်ကြောင်းမှာသည်ဆင်လုံ၊ မြင်းရင်း၊ စစ်သည် ဗိုလ်ပါ များပြားသည်ကင်း၍ ဖြစ်သောကြောင့် ရဲမက်တော်နှင့်သာ မလို၊ အုန်းဘောင်စော်ဘွားသို့ စေတော် မူ၍ စော်ဘွားကိုယ်နှင့် တကွ လုပ်ကြံရသည် ဖြစ်မှအရေးတော် လှမည်ဟူ၍ နားတော် လျှောက်၏။ ဘုရင် နရပတိလည်း ထိုသို့ လျှောက် သော စကားကို ကြိုက်တော်မူ၍ အုန်းဘောင်စော်ဘွားသို့ လက်ဆောင် လက်နက် အများနှင့် နန္ဒသကြိုကို စေတော်မူ၏။ စော်ဘွားသို့ ရောက်၍ အကြောင်း မျိုးကို ကြားလျှင် မိုးညှင်းစလုံမှသည် ပနိုင်းမှတ် ငါးသွယ်သောနိုင်ငံကို တိုက်လှန် ဖျက်ဆီးရမည်လော ဟူ၍ ဆိုပြီးလျှင် ခုံမင်မင် အလောတလျှင် ဆင်မြင်းရှ၍ တိုက်ဆင်တစ်ရာ၊ မြင်း ခြောက်ထောင်၊ စစ်သည်သုံးသိန်းထောင်နှင့် အမြင်းချီလာ၏။ အင်းဝသို့ ရောက်လျှင် မြစ်ငယ်ကို တံတားခင်း၍ ကူးစေ ပြီးလျှင် တောင်ပလ္လူအရပ်ကသည် လယ်ကြီးတိုင်အောင် တပ်ချ၍ နေ၏။ ရွှေနန်းရှင် နရပတိလည်း ခရီးဦးကြိုဆို၍ ရွှေနန်းတော်သို့ ခေါ်တော် မူပြီးလျှင် မှူးနာလင်ပန်းနှင့် စားတော်ပြင်၍ တစ်ချက်တည်း စားတော် ခေါ်ကြ၏။ ရွှေနန်းရှင် နရပတိလည်း ဤသို့ မိန့်တော်မူ၏။ မင်းတို့၏ ပြဿနာတရား နှစ်ပါးလျှင် “ပြည်လည်ရှင်မင်းလည်း တစ်ပါး၊ အရှင်အလိုသို့လိုက်၍ အမှု ထမ်းသော အမတ်လည်း တစ်ပါး၊ ကျုံး၊ မြောင်း၊ မြို့ပြ မှုင်း ရုပ်လျှောက် နိုင်ခံသည်လည်း တစ်ပါး၊ သူတော်ကောင်းရှိသော စာပုဂ္ဂိုလ်လည်း တစ်ပါး၊ အမြဲ

နှင့်လှေ ဖောင်လုံးရံလျှင်အညီဖက်ပေးသည့်တည်းတစ်ပါး၊ ရွှေငွေကြေး၊ သံ၊ နှမ်း၊ ငါး၊ ဆပ်နှင့် ပြည့်စုံသော စံကျိုက်ကိုကြီးများသည်လည်းတစ်ပါး၊ ပြည်သော ဘက်ရှင်း၊ မင်းအဆွေတော်ရှိန်၊ နိုင်သည်လည်းတစ်ပါး၊ ရှေ့စစ်ပါးတည်း ညီတို့ [illegible] သွေးသောက်သည် ဘုရားလောင်းတော်မှုသော တရားတော်ကို လောက်သော်၊ ရှေ့စစ်မှု ပျက်ဆီး တိုက်လှန် သောသ မောသိပ် အနေရှင်ပွန်းကောင်းဖြစ်၍ ယခု ဖျက်ဆီး တိုက်လှန် လေသည့်ကို ကြည့်မည် ဟု၍ ဆင်လုံး ပြင်ရင်း အများနှင့် လာရောက်ပေသော လေသည့်ကို ကြည့်မည် ဟု၍ မိန့်တော်မူ၏၊ ကျေးဇူးသည် အလွန် ကြီးမြတ်လှလေသည် ဖြစ်တော့သည် ဟု၍ မိန့်တော်မူ၏။

ယိုမှာသကို အုန်းတောင်ဝေတော်ဖြတ်သ ကြားလျှင် "သွေးသောက်–ငါသည် အနေရှင်ပွန်းကောင်း ဖြစ်ကြသည် တင်ဦးတွင် အခန့်ရှိလျှင် တစ်ဦးကူညီရမည် ဖြစ်သည်၊ ပြည်တောင်ချင်းမင်းဟု သမုအောင်း ပါအင်းရောက်၍ မိန့်တော်မူ၏၊ ယင်းသို့ ကြည့်သောစွာ ပြောလော်သော် မှကြားဉ်တွင် ယောက်ဖတော် ရမည်းသင်း ပင်ညီးတည်း မြည့်သံနှင့် ပြည်ဘုရင် သတိုးမင်းစောသည် သစ္စာကတိပြုကြ၍ မိုးညှင်းလုံ အစွမ်းကောက်ကြောင်း၊ ပြည်ဘုရင် သတိုးမင်းစော ရေကြောင်းချီလာ၍ မြစ်ဝတစ်လျှောက်မြောက်ဘက်တစ်လွှားတွင်ရှိသော မြို့ရွာ အပေါင်း ပျက်စီးကြောင်းကို လျှောက်လာ၏။ ရွှေနန်းရှင် နရပတိအကြောင်းကို ကြားတော်မူလျှင် အုန်းတောင်သို့မြင်းနှင့် တိုင်ပင်တော်မူ၍ တက်မျှော်ချောင်း ကသည်၊ တောင်ပတ်ကြမ်း၍ လုံး တော ပေါက် တိုင် အောင် တပ်တည်၍ အုန်းတောင်နှင့် ခံတည်မှုတည်၏ သက်ရှည်ကျော်ထင်၊ နေမျိုးကျော်ထင်တို့ကို လည်း တိုက်လှေ သုံးရာနှင့် [illegible] အမြောက်၊ သေနတ်၊ တင်စေ၍ စစ်သည် သုံး သုံးသောင်းနှင့် ကျောက်ထုလုံးက ဆီးကြို ခံရသည်။ မိုးညှင်းလုံလည်း အလျင်ချီလာ၍ ရောက်လျှင် [illegible] ကျူးတို့ဆိပ်ခေါင်းကဲ့သို့ ပတ်၍ တယ်ဆောက်ရစ်တိုင်အောင် တပ်ချ၍ နေလေ၏။ ငါးရက်ရှိလျှင် မိုးညှင်း လုံးသား သိုဟန်ဘွားလည်း ဆင်စီး၍ တောင်ပလှတပ်ကို တိုက်လာ၏။ ရွှေနန်းရှင် ကျွန်တော်–ဘယကျော်သူလည်း ငံမြတ်လှ ဟူသော ဆင်ကိုစီး၍ တိုက်သည်။ သိုဟန်ဘွားစီးသောဆင် ရှုံးနသည်၍ ပြေးလေ၏။ ဘယကျော်သူ လိုက်လေ၍ တိုက်သည်ကို စလုံဟု-စမေခံမိုးကျ၍ တိုက်လေသည်။ ဘယကျော်သူ စီးသောဆင် ရှုံးနသည်ချေ၏။ ယင်းသို့ ဧဉ်တွင် သူကလှတ်လိုက်သော သေနတ်သင့်၍ ဘယကျော်သူ ဆင်ဦးတွင် ဆုံးချေ၏။ (ဘယကျော်သူကား– ရှင်အဂ္ဂသမာဓိ ခမည်းတော် နတ်မောက်စားတည်း။) ဘယကျော်သူ ဆုံးလျှင် နန္ဒကျော်ထင်၊ မဲဘုန်းစုံ၊ ဟူသော ဆင်ကိုစီး၍ မိုးညှင်းပေါးတု-စမေခံနှံကို

ကိုယ်သည်၊ ဝမော်ခန်းမီးသောဆောင် လည်း၍ပြေးလေ၏။ ဝမော်ခန်းပြေးသည်ကို မိုးညှင်းစလုံ မြင်လျှင် တပ်မှူး ဆယ်ကဲ အပေါင်းတို့ကို ဓားချွတ်၍ မြ၏။ မှန်းအမတ်ဘို့လည်း အရှင်စသုံက ဓားပြသည်ကိုမြင်လျှင်တပ်တွင်တစ်ယောက်မျှ မနေ့၊ ဆင်သည်လည်း ဆင်နှင့်၊ မြင်းသည်လည်း မြင်းနှင့် တိုက်လေသည်။ ဆင်းဝက တပ်ပျက်၍ မြို့ရင်းတိုင်အောင် ပြေးလာ၏။ ရဲမက်တော်တို့လည်း အများပင် ထိပါးချေ၏။ ယင်းသို့လျှင် ရွှေနန်းရှင် နရပတိနှင့် ဘုန်းဘောင် ပြင်းလည်း မြို့တွင်းတွင် မခံဝံ့၍ ညဉ့်ကိုထွက်၍ အရွှေ-ဆင်ကောင်း၊ ဝက်ဝင်သို့ ဘုတ်၍ နေရချေသည်။ အင်းဝကထွက်၍ ဘုရင်နရပတိ ဆုတ်လေကြောင်းကို သက်ရှည်ကျော်ထင်၊ နေမျိုးကျော်ထင်တို့ ကြားလျှင် ကျောက်တလုံးတွင်ခံ၍ မသင့်ချေပြီ၊ ငါတို့အရှင်ရှိရာ ပေါင်းမှသင့်မည် စီရင်ကြပြီးလျှင် မြောက်ဘက် ကြောင်းဆန်၍ ဝတ်ချက်ကမှ အရှေ့ဘက်သို့ ကူး၍ ရွှေနန်းရှင် နရပတိရှိရာ ဆင်ကောင်း ဝက်ဝင်သို့ ပေါင်းကြလေ၏။ ပြည်ဘုရင် သတိုးမင်းစောတို့ လေတပ်လည်း သက်ရှည်ကျော်ထင်သို့ ဆန်သွား၍ မိုးသောက်မှ ရောက်လာသည်။ ပြည်ဘုရင် သတိုးမင်းစောရောက်လျှင် မိုးညှင်းစလုံလည်း သုံ့ပန်း ဖမ်းသမျှကို လွှတ်၍၊ ပြည်ဘုရင် သတိုးမင်းစောကို နန်းတင်လေ၏။ သုံးရက် ရှိလျှင် ဆင်ကောင်း မြင်းကောင်းတို့ကို သိမ်းယူ၍ ဇစ်ကိုင်းဆိပ်ကိုကူး၍ ပြန်လေ၏။ ပြည်ဘုရင် သတိုးမင်းစောလည်း မိုးညှင်းစလုံ ပြန်လေလျှင် အင်းဝတွင်ရှိသော လူကြီးတို့ကို သိမ်းယူ၍ ရုန်တော်မူ၏။ ယင်းသော အခါ ရွှေနန်းရှင် နရပတိ မိဖုရား မမှဒေဝီတွင် မြင်သော သမီးတော် သိရိ ဘုန်းလွှတ် သက်တော်ရှစ်နှစ်အရွယ်သာရှိသော ၊င်းသမီးသည် အထိန်းတော်နှင့် ကဲ့ရစ်သည်ကို တွေ့၍ ယူတော်မူ၏။ ရှင်မဟာရဋ္ဌသာရ ဘုန်းကြီး ကိုလည်း ပင့်တော်မူ၏။ ။ရှင်မဟာရဋ္ဌသာရ ဘုန်းကြီးကား၊ သံဝရမျိုကို ပြည်မြို့သို့ ရောက်မှ စပ်တော် မူသည် ဖြစ်၍ နိဂုံးတွင်။ ။"ရှစ်ရာအစ၊ နဝအလယ်၊ နောက်ဆွယ် ကော"ဟု ဆိုတော်မူသည်။

မိုးညှင်းစလုံလည်း၊ မြေဒူး၊ ငရန်၊ စည်ပုတ္တရာ၊ ဒီပဲယင်းမြို့တို့ကို ဆင်လုံး မြင်းရင်းနှင့် ကျေးစားချည်း ထည့်လေ၏။ ရွှေနန်းရှင် နရပတိနှင့် ဘုန်းဘောင် ခံ့မှိုင်းလည်း၊ ဆင်ကောင်း ဝက်ဝင်တွင် နေ၍၊ ဗိုလ်ပါ ဆင်မြင်းတို့ကို သိမ်း ဆည်း၍ ရေတွက်သော် တိုက်ဆင် နှစ်ရာ့ငါးဆယ်၊ မြင်းလေးထောင်၊ စစ်သည် သုံးရှိ ရှစ်သောင်းရ၏။ ဘုန်းဘောင်ခံ့မှိုင်းမှာလည်း ဆင်မြင်း ဗိုလ်ပါ ယိုယွင်း ချေ၏။ တိုက်ဆင် ရှစ်ဆယ်၊ မြင်းငါးထောင်၊ စစ်သည် သုံးရှိ ခုနစ်သောင်းရ၏။

ရွှေနန်းရှင် နရပတိနှင့် အုန်းဘောင် ခုံမှိုင်းလည်း ပြည်ဘုရင် သတိုးမင်းစော ပြည်သို့ ရောက်လျှင် ဆင်တောင်းက ဆင်းဝသို့ ဆင်းတော်မူ၏။ ရောက်တော် မူလျှင် အုန်းဘောင် စော်ဘွားကို ဘုရင်နရပတိ ကြည့်၍ မိန့်တော် မူ၏။ ယခု သည် ကျိန်းစား တသာ အလျှောက် အရပ်အနေ မသင့်၍ သုတ်ရ ချေသော ကြောင့် နယ်လုံး ညှိနှိုင်း နှိမ့်ချေသည်ဟူ၍ မိန့်တော်မူသည်ကို အုန်းဘောင် ခုံမှိုင်း ကြည့်၍ မိန့်တော်မူ၏။ လျှောက် အရှင်တော်ပါ သာသာတင်ကြိမ်" ရှိမှ ဖြစ်သည်။ သွေးသောက် နိုင်ငံအလုံးကို ငါ ခံနေ တစ်နှစ်တစ်ဝါ ဆင်မြင်း ဝိုလ်ပ ါဘိုကို ပြည် တင်၍ မိမိ ညောင်ရွှေ လေသော နိုင်ငံအလုံးနှင့်ချီ၍ လုပ်ကြံမည်။ စိုးရိမ်တော် မူနှင့်လှ ဆို၏။ တောင်ငူဘုရင် မဟာ သီရိ ဇေယသူရလည်း၊ အင်းဝကို မိုးညှင်း မှူးကို ဖျက်ကြောင်းကို ကြားလျှင်၊ တိုက်ဆင် တစ်ရာ၊ မြင်း လေးထောင်၊ စစ်သည်သူရဲ တစ်သောင်းနှင့် ချီလာ၍ အောင်ဘက်တစ်လွှားတွင် မြို့ရွာ တို့ကို သိမ်းယူလေ၏။

ထိုအကြောင်းကို ယောက်ဖတော် ရမည်းသင်း မင်းဦးတည်က လျှောက် လာ၍ ကြားတော်မူလျှင်၊ ရွှေနန်းရှင် နရပတိနှင့် အုန်းဘောင် ခုံမှိုင်းလည်း တိုက်ဆင် သုံးရာ၊ မြင်းခြောက်ထောင်၊ စစ်သည်သူရဲ တစ်သိန်း နှစ်သောင်းနှင့် ရမည်းသင်းသို့ အလျင် ချီတော်မူကြ၏။ တောင်ငူ မဟာသီရိဇေယ သူရလည်း ဆုတ်၍ တောင်ငူသို့ သုတ်၏။ ရွှေနန်းရှင် ဘုရင် နရပတိနှင့် အုန်းဘောင်ခုံမှိုင်း လည်း တောင်ငူတိုင်အောင် လိုက်တော်မူကြ၏။ ရောက်တော်မူလျှင်၊ တောင်ငူ မြို့ကို အကြိမ်ကြိမ် လုပ်ကြံတော်မူသည်။ မြောင်း၊ လေး၊ သေနတ်၊ ထုံးထည် လှုနည်းနှင့် မြို့ရိုး မြင်း များသောကြောင့် မရချေ၊ တစ်လခန့်ရှိလျှင် အင်းဝမှာ မင်းမပင်သေးသည်နှင့် ပြန်တော်မူသည်။ ရောက်တော်မူလျှင်၊ အုန်းဘောင် စော်ဘွားက အရေး အရာရှိလျှင် ကြားလာ ပါစေ။ ယခု မိုးရေကျမတော့ မည် နီးပြီဖြစ်သောကြောင့် ပြန်ဦးတော့မည် ဆို၏။ ရွှေနန်းရှင် နရပတိလည်း အုန်းဘောင်စော်ဘွား ကျေးဇူးရှိသည်ကို အောက်မေ့တော်မူ၍ ရွှေငါးပိဿာ၊ ငွေသုံးဆယ်၊ ဆင်တစ်ဆယ်၊ အထူးထူးသော တည်မျိုး၊ အုပ်မျိုးတို့ကို ပေးတော် မူသည်ကို အုန်းဘောင် ခုံမှိုင်းက ငါ့ခြေသွေးသောက်ကို ငါကမျှ ပေးရဦးမည်။ ဆိုလျှင် လက်ဆောင်ကို ငါမယူဟူ၍ ဆို၏။ ရွှေနန်းရှင် နရပတိလည်း ပယင်းက ယောင်နှင့်အတူ ငံတော်မူသော ပတ္တမြားကကို မျက်နှာကို မြင်ရသကဲ့သို့ သည်မြင်းကိုစီး၍ ပတ္တမြားချပ်နှင့်တကွပေးတော်မူ၏။ အုန်းဘောင်စော် ဘွားလည်း မြင်းကောင်းတစ်ဆယ်၊ ငွေမီးပေါက်တစ်ဆယ်ပေး၍ အုန်းဘောင်

သို့ တော်လေ၏။ ယင်းသောအခါ သားတော် ထိမ်ရွှေမင်း ရွှေနန်းရှင် ဘုရင်နရပတိလည်း နိုင်ငံတော် အလုံးတွင် ရှိသော မြို့ရွာ ရွာစားသူကို ခေါ်တော်မူ၍ ကျေးဇူး၊ သစ္စာတော် အလုံးတွင် အပြစ်၍ မသေမပျက်ပြည် အမှုတော်ကို ထမ်းရမည်ဟု သစ္စာတော် နှင့်တကွ ဆုလာဘ်များစွာ ပေးတော်မူ၏။

သက္ကရာဇ် ၈၈၈-ခုတွင် မိုးညှင်းစလုံသား၊ ခမည်းတော်တို့သည် တိုက်ဆင်သုံးရာ၊ မြင်းတစ်သောင်း၊ စစ်သည်သူရဲ တစ်သိန်းငါးသောင်းနှင့် ချီလာ၍ ဟန်လင်းမှက်ထိသို့ ရောက်မှ သိတော်မူ၍ ကျေးစား မြို့စား အပေါင်းတို့ကို ခေါ်ရလေ၏။ အုန်းဘောင်ခံ့မှိုင်းကိုသည်၊ ချီပင့်ရလေ၏။ သားတော် ထိမ်ရွှေမင်းကိုလည်း တိုက်ဆင်ရှစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်သူရဲ နှစ်သောင်းနှင့် ပုခန်းကြီးက ခံသေဟူ၍ လွှတ်တော်မူ၏။ ထိမ်ရွှေ မင်းသည်၊ ပုခန်းကြီးသို့ ရောက်တော်မူလျှင် နန္ဒင်းကိုင်းကို ကူး၍ အမြင့်တွင် ခံသော ရှမ်းတို့ကို တိုက်တော်မူသည်၊ ပျက်လေ၏။ အမြင့်တွင် နှစ်ရက်ခန့် နေတော်မူ၍ ထုံသို့ချီ၍ လုပ်ကြံမြန်သည် ပျက်လေ၏။ ယင်းကသည် ကန်ကိုကူး၍ လုပ်ကြံ မြန်သည် ပျက်လေ၏။ သုံးမြို့ကို အောင်မြင် တော်မူသွင် တိုက်ဆင်တစ်ဆယ်နှင့် မြင်းတစ်ရာ ခြောက်ဆယ်၊ လူတစ်ထောင်ကျော် ရတော်မူ၏။ ကုန်းတွင် နေတော်မူ၍ ညဉ့်ချင်းဖျား၍ အနိစ္စရောက်တော်မူ၏။ ထိမ်ရွှေမင်း မရှိလျှင် မှူးတော် မတ်တော်တို့လည်း ဆင် မြင်း ဗိုလ်ပါတို့ကို ရုံး၍ ပုခန်းကြီးမြို့သို့ ပြန်ကြလေ၏။

မိုးညှင်းစလုံသည်၊ ဟန်လင်းကသည် စစ်ကိုင်းသို့ ချီလာ၍ တောင်ပန်းလုပ်ပြီးလျှင် ဆင် မြင်း၊ ဗိုလ်ပါတို့ကို ကျောက်တင်လုံးကူးစေ၍ အင်းဝမြို့ကို ဝန်းရံလေ၏။ ရွှေနန်းရှင် နရပတိလည်း အုန်းဘောင်စော်ဘွား မရောက်သေးသည်နှင့် အင်အားမတန်၍ ထွက်၍ မတိုက်ဝံ့ချေ။ အမြောက်၊ သေနတ် မြို့ထိပ်ဝန်းကျင် စီစဉ်၍ ခံတော်မူရချေသည်။ မြို့ကို ဝန်းရံ၍ ရှစ်ရက်ရှိလျှင် မိုးညှင်းစလုံလည်း တပ်မှူး စစ်ကဲ အပေါင်းတို့ကို နက်ဖြန် မြို့ကိုတိုက်မည် အညီအညွတ် မတက်သသူကို သည်ခါးနှင့် သတ်မည် ဟူ၍ ခေါ်ပြရ၏။ တပ်မှူး စစ်ကဲ အပေါင်းတို့လည်း စလုံက ခေါ်ပြလျှင် မိမိတို့အသက်ကို အသက်မမှတ်၊ မြို့ထိပ်က လွှတ်သော ပြောင်းလေးသေနတ်ကို ပမာဏ မပြု၊ အချို့ မြို့ကို တူးကုန်၏။ အချို့ မြို့ကို လှေကားထောင်၍ တက်ကုန်၏။ ထိုအခါ မြို့ထိပ်က အမြောက်သေနတ် ပစ်၍ သေသည်။ တုံးနှင့်ချ၍ လုံးနှင့်ထိုး၍ သေသည်ကား များ၏။ ထိုသို့

သေကြားသော်လည်း သေသည်ဟူ၍ မမှတ်၊ မြို့ကို တက်သည်၊ တက်နိုင်လေ၏၊ ရွှေနန်းရှင် နရပတိလည်း ရွှေတောင်ကိုင် ဟူသော ဆင်ကို စီး၍ မြို့တံခါးကိုဖွင့်၍ ထွက်တော်မူ၏။ ကျွန်းဦးကသည် အနောက်သို့ ကူးမည်ဟူ၍ သွားတော်မူရာတွင် မိုးညှင်းစလုံသား သိုက်နဘွား ဆင်နှင့် ခံသည်ကို တိုက်တော်မူရာတွင် သူက လွှတ်သော အမြောက်ဆေးသင့်၍ ဆင်ဦးတွင်ပင်တန်ခူးလဆန်းတစ်ဆယ့်နှစ်ရက် အတာအတားသည့်နေ့—ဆုံးတော်မူလေ၏။

ဘုရင်နရပတိ မင်းဖြစ်လိုသော် ခမည်းတော် ဘုရင်မင်းခေါင် လက်ထက် သိုးခေါင်မှာ ဆင်ဖြူပေါ်သည်ဟု ကြားသောအခါ စလင်းသို့ရောက်၍ မြန်မာဝယ် ပုဂံရွှေစည်းခုံကိုဝင်၍ ရှိခိုးတော်မူလှင့် ရွှေစည်းခုံဘုရားရှင် ပြာဋိဟာပြသော အခါလည်း မင်းကြီးထွေနွား ဟူ၍ အမည်ပေး၍ ဟူ၏။ နွားမျိုးသေသေသာအခါလည်း လှတ်သော ဟူ၏။ နရပတိ သုံးတော်မူခဲ့လျှင် မင်းသေ သည့်လျှင် မသေ၊ သတ္တဝါဆိုသည် သရေခေတ္တာသို့ စုန်ရာ၊ ကေတုမတီသို့ မင်းမျိုး၊ အမှုးအမတ်အပေါင်းတို့သည် အချို့လည်း မိုးညှင်းစလုံနှင့် အသင့် စုန်ရာ၊ အခြွေအရံနှင့်တကွ ဝင်ကြလေ၏။ ကျွန်၍ စားမြဲသော ကျေး ရွာကို စားရ၏။

ရွှေနန်းရှင် နရပတိ မိဖုရား ခြေတော်ပါတွင် မြင်သော သားတော် သမီးတော် ကား၊ လေင်းမင်း သမီးတော် အတော်နှင့် ခမည်းတော် ဒုတိယ မင်းခေါင် စုံဖက်တော်မူသည်။ မိဖုရားကား၊ နန်းတက်တော်မူ၍ မျှားမကြာ အနိစ္စ ရောက်တော်မူ၏။ သည်မိဖုရားတွင် သားတော် သမီးတော် မမြင်၊ နောင်တော် မဟာသီဟသုရ မိဖုရားကို မိဖုရားခြေတော်မူရာတွင် သမီးတော် ဘေးတော် နမကို မြင်သည်။ မောက်သားတော်ကား၊ ခမည်းတော်၊ သားတော် အိမ်ရှေ့ မင်းတည်း၊ ပခန်းနှင့် ဆိုက်ကျီသယ်တိုက်၊ ရဲလေ့သယ်စင်းကို စားသော သီဟသေတ သမီးတော်— မယ်တော် ချစ်ဘွားကို ဓမ္မဒေဝီ ဟူသော အမည်နှင့် မိဖုရား ခြေတော်မူရာတွင် မြင်သည့် သမီးတော် သီရိဘုန်းထွတ် မင်းသမီး ပြည် ဆင်ဖြူရှင် သတိုးမင်းစောအ၍ မြေးတော် နရပတိနှင့် စုံဖက်တော်မူသည်။ နရပတိ အနိစ္စရောက်လျှင် ညီတော် မင်းခေါင် မိဖုရား ခြေတော်မူသည်။ မင်းခေါင်ခံ ရှင်သရက်ကို မင်းတရားရွှေတီး လုပ်ကြံ၍၊ အလိုတော်ပြည့်လျှင် တောင်ငူမှာ နေရသည်။ ဆင်ဖြူများသခင် အမြတ်အထွတ်သို့ ရောက်တော် မူလျှင် မင်းခေါင်ခံ ရှင်သရက်ကို ဟံသာဝတီမှာ နေရသည်။ နောက်— ကြည်တော်မမူ၍ မင်းခေါင်ခံ ရှင်သရက်ကို ကွပ်မျက်တော်မူလျှင် သီရိ ဘုန်းထွတ်ကို ဓမ္မဒေဝီ ဟူသော အမည်နှင့် မိဖုရား ခြေတော်မူသည်။

မင်းခေါင်သားတော်တစ်ပါးမြင်တော်မူသည်။ဆင်ဖြူများအစ်ကိုသမီးတော် ဆောင်၍ ရွှေနန်းတည် မိဖုရား ခင်မောက်ကို မြင်သည်။ ရေမည်းအင်းနှင့် ရေလုံးပါးခွိုင်ကိုစားသော ဘခင်တွေးတော်မင်းရဲကျော်စွာ သမီးတော်မင်းတရား နမ့်တော်ကို မိဖုရားမြှောက်ရာတွင် သားတော် သမီးတော် မမြင်ဘောင်တွင်မင်း သို့ပေးသူ၍ သမီးတော်ကို မိဖုရားမြှောက်ရာတွင်လည်း သားတော် သမီးတော် မမြင်၊ မိဖုရား နန်းဘိတွင် မြင်သည့် သားတော် အိမ်ရှေ့မင်းတစ်ပါး၊ မျှော် သားတော်ကား၊ ခမည်းတော် သမီးတော် တောင်တော် နှမတော်၊ ညီတော် မင်းကြီးထွေး မြင်စည်ကို စားသည် တစ်ပါး၊ သားတော် နှစ်ပါး၊ သမီးတော် နှစ်ပါး၊ ပေါင်း–လေးပါးတည်း။

ရွှေနန်းရှင် နရပတိကား၊ ကုသိုလ်ကောင်းမှုကိုလည်း ပြုတော်မူ၏။ သီဘင်းဥုယျာဉ်လည်း ဆောက်တည်၏။ စစ်ကိုင်းမြို့ တောင်၌ မဟာစေတီဘုရားနှင့် ကျောင်းတော် တစ်၊ နိဗ္ဗာနရုံဘုရားနှင့် ရွှေကျောင်းတော် နှစ်၊ ခမည်းတော် ကောင်းမှုတော် ထံဘားဦးအရပ်၌ ရွှေကျောင်းတော် သုံး၊ ဆင်ပန်းအရပ်၌ ဘိုးတော်ကောင်းမှုတော် ရတနာမြစည်းခုံတွင်းဝယ် ရွှေကျောင်းတော် လေး၊ ပုဂံ လောကနန္ဒာအရပ်၌ ရွှေဥမင်နှင့် ရွှေကျောင်းတော် ငါး၊ ဆင်ကြီးမိုက်သော အရပ်၌ ရွှေကျောင်းတော် ခြောက်၊ စစ်ကိုင်းမြို့ရွှေ ရန်အောင်မြင် ရွှေကျောင်းတော် ခုနစ်၊ ဤသို့သော ကုသိုလ်ကောင်းမှုတို့ကို အညီးပုံတော် မူ၍ များစွာသော ဝတ္ထုကံ မိုးမြေ လှူတော်မူ၏။ အိမ်နိမ့်နှစ်ဆယ့်ငါးနှစ်၊ မင်းစည်းစိမ်နှစ်ဆယ့်ငါး၊ သက်တော်ငါးဆယ်၊ တန်ခူးလဆန်း တစ်ဆယ့်နှစ်ရက်၊ အင်္ဂါသားသည့်နေ့ အနိစ္စရောက်တော်မူ၏။ နံတော် အင်္ဂါသားတည်း။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင်၊ ရွှေတိုင်းငွေတိုင်း ပတ္တမြားတွင်း ပယင်းတွင်း စသော ရတနာအပေါင်းတို့၏ အရှင်၊ စက္ကာ ရတနာပုရ၊ မြို့တည်နန်းဘည်၊ အဒ္ဒနိဆင်မင်းသခင်၊ ဆင်ဖြူများရှင် အသျှင်အဝရှင် မင်းတရားကြီးဘုရား လက်ထက်တော် ၁၁၉၁-ခု နယုန်လဆန်း တစ်ရက်နေ့ကစ၍ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့် အထူး ထူးသော ရတနာတို့ဖြင့် အန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး နန်းမစ၍ ငိုင်းညို၍ အသင့်ယုတ္တိ ကျမ်းဂန် အဝင်များနှင့် အညီ သုတ်သင် ရေးတော်မူသော ပဟာရာဇဝင်တော်ကြီး နဝမတွဲ ပြီး၏။

မှန်နန်း မဟာ ရာဇဝင်တော်ကြီး (၉-တွဲ) ဤတွင် ပြီးပြီ။

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

---

# ဒသမတွဲ

သက္ကရာဇ် ၈၈၈-ခုအင်းဝပျက်သည့်နှစ်တွင် သရေခေတ္တရာ ပြည်မြို့မှာလည်း၊ ဆင်ရှင် သတိုးမင်းစော အနိစ္စ ရောက်တော် မူ၍၊ သားတော် ဘုရင်ထွေး မင်းဖြစ်တော်မူသည်။ ။ထိုနှစ်တွင် ဟံသာဝတီမှာလည်း မွန် ဗညားရံ အနိစ္စရောက်တော်မူ၍ သားတော် သုရှင်တကာရွတ်ပိ မင်းဖြစ်တော်မူသည်။

---

## သိုဟန်ဘွားမင်း—အကြောင်း

သက္ကရာဇ် ၇၂၆-ခု၊ အင်းဝမြို့တည် သတိုးမင်းဖျားကစ၍ ရွှေနန်းသခင် ဘုရင်နရပတိတိုင် မင်းတစ်ဆယ်လေးပါးတွင် မင်းစဉ်ပြတ်၍ မိုးညှင်းစလုံသား သိုဟန်ဘွား အင်းဝရွှေနန်းကိုတက်၍ မင်းပြုတော်မူသည်။ သိုဟန်ဘွားကို အဖ စလုံ ပေးသော အလုံးအရင်းကား၊ တိုက်ဆင် နှစ်ရာ၊ မြင်း လေးထောင်၊ စစ်သည်သူရဲ ခြောက်သောင်း ပေးသောဟူ၏။ ရွှေနန်းကြော့ရှင် နရပတိ ဘုတော် မင်းကြီးရန်နောင်သည် အင်းဝ ပျက်သောအခါ မြို့သစ်ပြင်သာ အရပ်မှာ ရှောင်ရှား၍ နေသည်ကို မိုးညှင်းစလုံက ခေါ်၍ ငါ့သား သိုဟန်ဘွားသည် မြန်မာအမှု၌ မလိမ္မာပါ။ မင်းကြီး ဘုန်သင်ပဲ့ပြင်၍ စီရင်ခန့် စီရင်ဘွယ် ရှိသောအခါ ငါ့သားနှင့် တိုင်ပင်၍ စီရင် ကွပ်ညှပ်ပါဟု ဆို၏။ မြင်စည် မြို့ကိုလည်း ပေး၍ စားရ၏။ စလုံလည်း အင်းဝနိုင်ငံ အလုံးကို စီရင်တော် မူပြီးလျှင် မိုးညှင်းသို့ ပြန်လေ၏။ ။သိုဟန်ဘွားလည်း စလင်းမြို့ကို စည်သူ ကျော်ထင်ကို ပေး၏။ ပုဂံကို သတိုးကို ပေး၍ စားမြဲ စားရ၏။ ကမ္ဘြို့ကို

နော်ရထာကို ပေး၏။ ပေါင်းတည်ကို ပုံချီကို ပေး၏။ အမြင့်ကို ဆက်တော်ရှည်ကို ပေး၏။ ဤသို့ နိုင်ငံတော်အဂုံးတွင်ရှိသော ကျေးရွာ မြို့ပြတို့ကို မြန်မာအမတ် မှူးအမတ်တို့အား အလုံးအရင်းနှင့်ချည်း ကျေးစား ရွာစား ထည့်လေ၏။

အင်းဝဘုရင် သိုဟန်ဘွားလည်း ပြည်၊ တောင်ငူသို့ ချီ၍ သိမ်းယူမည့် အကြောင်းကို မင်းကြီးရန်နောင်ကို တိုင်ပင်တော်မူသော်၊ မင်းကြီးရန်နောင် လည်း သည် စော်ဘွားချီ၍ လုပ်ကြံချေက ပြည် တောင်ငူ မှုသည် ချိန်မည်မဟုတ်၊ ယင်းသို့ မခံနိုင်၍ ပျက်ခဲ့လျှင် မြန်မာနိုင်ငံ ဟူ၍ မရှိ၊ ရှမ်းတို့သာ မြန်မာအဂုံးကို အစိုးရတော့မည်။ ကြွင်းပါသည့် မြန်မာ–ကြွင်း ပါစေ–အမှတ်ရှိ၍ ဤသို့ လျှောက်၏။ ပြည် တောင်ငူကို ချီ၍ လုပ်ကြံတော် မူမည်။ မိန့်တော်မူရာမှာ ဆင်၊မြင်း၊ဗိုလ်ပါသာ ပင်ပန်းတော့မည်။ ဘုန်းတော် ကြောင့် အလိုလိုပင် ညွတ်လာလမည်။ အင်းဝမြို့ကို အလိုတော် ပြည့်စေပြီး သည်ကို နေဝံ့မည်လောဟူ၍ လျှောက်၏။ သိုဟန်ဘွား ကား– ကောင်းမှု မကောင်းမှုကို မသိ၊ ရတနာသုံးပါးကိုလည်း မရိုသေ၊ ချီ၍လုပ်ကြံက ပျက်ချေ တော့မည် အယူရှိ၍ ပြည်မင်း၊ တောင်ငူမင်းသို့ လက်ဆောင်လက်နက် အများ နှင့်ပို့သ၍ စော်ဘွားနှင့် ချစ်ကြည်လေးမြတ်မှု အရှည်သင့်မည် အကြောင်းကို ပြည် တောင်ငူ မြို့သို့စေ၏။ ပြည်မင်း တောင်ငူမင်း တို့လည်း ပဏ္ဏာကာရ ပို့ကြ ၍ အချစ်ကိုယ်တူ ပြုကြ၏။ တောင်ငူကျေးစပ်နှင့် အင်းဝကျေးစပ်တွင် ရှမ်းတို့ နေလာမည်ကိုစိုး၍ ကန့်ချောင်း၊ ဆည်၊မြောင်းရှိသမျှကိုလည်း တောင်ငူ မဟာ သီရိဇေယသူရက ဖျက်ဆီးရ၏။ ။သက္ကရာဇ် ၈၉၂–ခုတွင် တောင်ငူမြို့မှာ လည်း မဟာသီရိဇေယသူရ အနိစ္စရောက်တော်မူ၍ သားတော် မင်းတရား ရွှေထီး မင်းဖြစ်တော်မူသည်။

သက္ကရာဇ် ၈၉၃-ခု တွင် ဟင်းဝဘုရင် သိုဟန်ဘွားကို ပညာရှိကိုသည် ချင်းတွင်းမြစ်ဆုံမှာ သကြန်ခေါ်သင့်သည်ဟူ၍ လျှောက်ကြ၏။ သိုဟန်ဘွား လည်း အမှတ်မဲ့သာ သွား၍ သကြန်ခေါ်ချင်သည့် နှလုံးတော်ရှိသည်။ ယင်း သောအခါ အမတ်သား အတွင်းမြဲ နှစ်ကျိပ်တို့သည် ကျွန်တော်တို့ ရွေးတည်၍ မြင်းအစီး နှစ်ဆယ်နှင့် သွားမည်။ ကြွတော်မူ၍ သကြန် ခေါ်တော်မူပါ ဟူ၍ လျှောက်လျှင် ထိုသူတို့ကို ရွေးတည်စေ၍ အခြေအရံ စုံရှုနင့်သာ သွား၍ သကြန်ခေါ်လေ၏။ ခေါ်ပြီး၍ နန်းတော်သို့ ရောက်လျှင် သည်သူကောင်းသား နှစ်ကျိပ်တို့သည် ရဲရင့်လှပေသည်ဟူ၍ ဆုလာဘ်ပေးပြီးလျှင် ဝံ့ဆော် မြင်းအစီး၊

ယင်းသောအခါ မိုးညှင်းစလုံသား၊ ခမည်းပြုံ
နှစ်ဆယ် မှဲ့တော်မူသည်။ ယင်းသောအခါ မင်းတို့သည် ခုံညားရှုံ့ရှားကြရှေသည်။ သက္ကရာဇ်
အပြည်ပြည်ထောင်သော မင်းတို့သည် ခုံညားရှုံ့ရှားကြချေသည်။ သက္ကရာဇ်
၇၉၄—ခုတွင် မိုးညှင်းစလုံ ချီလာ၍ အင်းဝသို့ရောက်လျှင် သားသိုဘနီဘွား
ကိုခေါ်၍ တိုက်ဆင်သုံးဆူ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲတစ်သိန်းနှစ်သောင်း
နှင့်ပြည်သို့ချီလေ၏။ ပြည်ဘုရင်ထွေးလည်း မိုးညှင်းစလုံ ချီလာသည်ကို ကြား
တော်မူလျှင် မြို့ပြ ကျုံးမြောင်း၊ ပြင်ဆင်ပြီးလျှင် မိဖုရား သားတော် သမီး
တော်တို့ကို အနောက်ဘက် တလည်းစီးသို့ပို့၍ မြို့တွင်းက ခံရ၏။ ။မိုးညှင်းစလုံ
သား ခမည်းလည်း ပြည်မြောက်၊ နဝင်းချောင်းကသည် ပြည်မြို့တိုင်အောင်
တပ်စဉ်အတိုင်းချ၍ နေ၏။ ပြည်ဘုရင် ထွေးလည်း အရေးကို မြော်တင်းပြီး
လျှင် လက်ဆောင် လက်နက် အများနှင့် မိုးညှင်းစလုံတပ်သို့ ထွက်နှင့်ရလေ၏။
မိုးညှင်းစလုံလည်း အစ်ကိုသည် အထက်က အင်းဝကိုညီ၍ လုပ်ကြံပါ၊ အရေး
ပြီးလျှင် အမှုကိုညီညာ၍ ထမ်းမည်ဆိုသည်နှင့် မထမ်းနေသည်။ အမှုကိုဘည်း
ထမ်းမည်လော၊ စစ်တည်းပြိုင်မည်လောဟူ၍ မှာလိုက်၏။ ပြည် ဘုရင်လည်း
မိုးညှင်းစလုံ သား အပချီလာသည်။ အင်အား များလှသည်။ ခံသော်လည်း
မခံနိုင်ရာ၊ သာယာချေင်ဆို၍ အရေးပြီးမှသာ သင့်မည်။ အကြံတော်ရှိ၍ အထူး
ထူးသော ပုဆိုးကောင်း၊ ခါသာကောင်းကိုယူ၍ အခြွေအရံလူတစ်ထောင်ကျော်
ခန့်နှင့် မိုးညှင်းစလုံတပ်သို့ ထွက်လေ၏။ စလုံလည်း ဘုရင်ထွေး ထွက်လာလျှင်
အိန်းအည်းမဆို၊ အခြွေအရံနှင့်တကွ သိမ်းပြီးလျှင် ယူ၍ပြန်လေ၏။ အင်းဝသို့
ရောက်လျှင် အင်းဝတွင်-စီရင်ခန့်ထား၍ ပြန်လေ၏။ ဒီပဲယင်းသို့ ရောက်လျှင်
ပြည်ဘုရင်ထွေးကို အခြွေအရံနှင့် တကွ လွှတ်၍ ပြန်လာရသည်။ မိုးညှင်းစလုံ
လည်း မြေဒူးအလွန်သို့ရောက်လျှင် အတွင်းရှမ်း၊ ပြင်ရှမ်း အချင်းတများရှိရာ
တွင် မိမိကျွန်အမတ်တို့ လုပ်ကြံ၍ အနိစ္စရောက်လေ၏။ ပြည်ဘုရင် ထွေး-
သားတော်-ဘိုးတော်သခင်လည်း ခမည်းတော်ကို မိုးညှင်းစလုံယူ၍ သွားလျှင်
နရပတိ၊ အမည်နှင့် ပြည်မြို့ကို မင်းပြုလေ၏။ ၎င်းလခန့်ရှိလျှင် ခမည်းတော်
ဘုရင်ထွေးကို လွှတ်လိုက်၍ ·ပြန်ရောက်လာလျှင် မြို့တွင်းသို့ မဝင်ရ၊ တံခါးပိတ်
၍ ထားလေ၏။ ခမည်းတော်လည်း မြို့တွင်းသို့ မဝင်ရလျှင် ကိုယ်တော်မကျန်း
နှိအည်နှင့် တစ်လခန့်ရှိလျှင် နဝင်းချောင်းတစ်ဖက်က တဲတော်တွင် အနိစ္စရောက်
တော်မူ၏။ သားတော် နရပတိလည်း ခမည်းတော် အလောင်းကို ကောင်းမွန်
စွာ သင်္ဂြိုဟ်တော်မူ၏။ ပြည်ဘုရင် နရပတိ မိဖုရားကား-အင်းဝရွှေနန်းကြော့ရှင်
နရပတိသမီးတော်-သီရိဘုန်းထွတ်တည်း။

## တောင်ငူဘုရင် မင်းတရားရွှေထီး-အကြောင်း

သက္ကရာဇ် ၉၀၀-ပြည့်တွင် တောင်ငူမင်းတရား ရွှေထီးသည် ဟံသာဝတီကို လုပ်ကြံတော်မူသည်။ မွန်မင်း သုရှင် တကာ ရွတ်ပိ မခံနိုင်၍ ယောက်ဖတော်-ပြည်ဘုရင် နရပတိသို့ ပေါင်းလာ၏။ ပြည်ဘုရင် နရပတိလည်း မင်းတရား ရွှေထီးသည် လုံ့လည် ကြံရည်နှင့် လည်း ပြည့်စုံသည်၊ မူးကောင်း၊ မတ်ကောင်း၊ ဆင်ကောင်း၊ မြင်းကောင်း လည်း များသည်။ ယခုလည်း မွန်မင်း သုရှင်တကာရွတ်ပိ ငါ့သို့ပေါင်းလာသည်။ ရွှေသို့ကို ပြည်မြို့တိုင်အောင် ချီမည်မချွတ်၊ ယင်းသို့ဖြစ်သောကြောင့် အခြား ပြည်တောင်ဖက်ကို ချီပင့်ရမှ သင့်မည်ဟူ၍ အင်းဝဘုရင် သိုဟန်ဘွားသို့ လက်ဆောင် လက်နက်အများနှင့် စေ၏။ အင်းဝဘုရင် သိုဟန်ဘွားလည်း ရေတပ် ခြောက်တပ်၊ စီရင်၍၊ ကတ္တူ လှေနံကြင် နှစ်ရာ၊ လှော်ကား သုံးလေ တစ်ရာ၊ စစ်သည်သူရဲ ငါးသောင်းနှင့် ချီလာ၍ ပြည်သို့ ရောက်လျှင် ပြည်ဘုရင် နရပတိလည်း ခရီး ဦးကြိုဆို၍ များစွာ ထွက်နှင့်၏၊ ယင်းသို့မှ အင်းဝမင်း၊ ပြည်မင်း၊ ဟံသာဝတီမင်း၊ သုံးပါး သစ္စာကတိ ဆိုတော် မူပြီးမှ ရေတပ်၊ ကြည်းတပ် အခိုင်အလုံခံ၍ နေကြ၏။

မင်းတရား ရွှေထီးလည်း ဟံသာဝတီကို ရအောင်ယူလျှင် ရေအား ကြည်း အား၊ ပြည်သို့ ဆန်လာ၏။ ရောက်တော်မူလျှင် ရေတပ်ချင်း တိုက်ကြသည်၊ ပြည်က လှေတက်ပျက်၍ အင်းဝဘုရင် သိုဟန်ဘွားစီးတော်မူ ကန့်စား နေ့ရထား ပေါင်းတည်စားပျံချီတို့ကို လှေနှင့်တကွ မင်းတရားရွှေထီးကရလေ၏၊ တိုက်လှေ လည်း တစ်ရာကျော်ခန့်ရလေ၏။ မင်းသုံးပါး စစ် သည် တစ် ထောင် ကျော် ကိုလည်း ရလေ၏။ မင်းတရား ရွှေထီးလည်း လှေတပ်ကို အောင်မြင်တော် မူပြီးလျှင်၊ ဟံသာဝတီသို့ ပြန်လေ၏။ ။မင်း သုံးပါးလည်း ဟံသာဝတီ တိုင်အောင် လိုက်၍ လုပ်ကြံမည်၊ မြို့ကိုရလျှင် သုရှင်တကာရွတ်ပိ ကို နန်းတင် မည်ဟူ၍ တိုင်ပင်ကြ၏။ ထိုသို့ တိုင်ပင်တော်မူကြပြီးလျှင် မွန်သုရှင်တကာ ရွတ်ပိလည်း ရဲမက်ဗိုလ်ပါ ရုံးစုမည်ဟူ၍ ပြည်မြို့ကသည် အင်္ဂပုရေတပ်သို့ပြန်သည်။ ရောက်လျှင် တပ်ကသည်၊ တောသို့ ဆင်ရှာမည် သွားရာတွင် ညင့်ချင်း ဖျား၍ အနိစ္စရောက်တော်မူ၏။ ပြည်ဘုရင် နရပတိနှင့် သိုဟန်ဘွားလည်း၊ သုရှင် တကာရွတ်ပိ အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးလျှင် မွန် မင်း သားတော်နှစ်ပါး၊ သမီးတော် တစ်ပါးကို သိုဟန်ဘွားယူ၍ အင်းဝသို့ ပြန်လေ၏။ အလုံးအရင်းမှုကား ပြည်ဘုရင် နရပတိ သိမ်းလေ၏။ နရပတိလည်း

ထိုသက္ကရာဇ်တွင်ပင်နှင့်၍ သေသည်။ နရပတိ အနိစ္စ ရောက်လျှင် ညီတော် ရှင်သရက်သည်၊ မင်းခေါင်၊ ဟူသော အမည်ကိုခံ၍၊ နေပြည်တော် မိဖုရား သိရိဘုန်းထွတ်ကို မိဖုရား မြှောက်၍ မင်းပြုတော်မူ၏။

---

## အင်းဝဘုရင် သိုဟန်ဘွား ဘုန်းကြီးအများကို သတ်သည့် အကြောင်း

အင်းဝဘုရင် သိုဟန်ဘွားကား၊ ရက်စက် ကြမ်းကြုတ်၏။ သူ့အသက်ကိုလည်း မသနား၊ ရတနာ သုံးပါးကိုလည်း မရိုသေ၊ စေတီ ပုထိုး များကိုလည်း ဘုရား ပဟုတ်၊ မြန်မာတို့ ဥစ္စာ ရွှေငွေထားသည့်တမင့် ဟူ၍ တူးဖြိုပြီးလျှင် ဌာပနာ များကို ယူလေ၏။ အရိယာ သံဃာတို့ကိုလည်း မယားမရှိ သားမရှိဘဲလျက် တပည့်တပန်းထား၍ အခြွေအရံကို ဆည်းပူးကြသည်၊ ပုန်ကန် သောင်းကျန်း သော်လည်း သောင်းကျန်း ပုန်ကန်နိုင်လေဖွယ်ရှိသည်။ ရဟန်းတို့ကို ဖမ်း၍ သတ်မှ သင့်မည် ကြံပြီးလျှင် တောင်ပလူ လယ်ပြင်၌ မဏ္ဍပ် အဆောင်ဆောင် ဆောက်စေပြီးလျှင် ကျွဲ၊ နွား၊ ဝက်၊ ကြက် သတ်စေ၍ ဆွမ်းလုပ် ကျွေး မည်အဟန်နှင့် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ ပတ်လည်တွင် သီတင်း သုံးသော အရိယာသံဃာတို့ကို တပည့်သံဃာနှင့်တကွ ပင့်စေ၍ မဏ္ဍပ် အဆောင်ဆောင် တွင် နေစေပြီးလျှင် ဆင်မြင်း၊ ဗိုလ်ပါ ဝန်းရံ၍ သတ်လေ၏။ အချို့သော ရဟန်းတို့ကို ရှမ်းတို့သနား၍ လွှတ်လျှင်၊ ပြည်၊ တောင်ငူသို့ ပြေးသွား၍ နေကြ၏။ ယင်းသောအခါ ၁၃၀၀-ကျော်သောဟူ၏။ ၁၃၀၀-အနက် သေလေ သော ရဟန်းကား၊ ၃၆၀-ကျော်သော ဟူ၏။ ထိုရဟန်းအနက် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန် ကျွန်တော်မူသော အရိယာ သံဃာတော်မြတ် (၃၀) ကျော်ပါသောဟူ၏။ ။အရိယာသံဃာတို့ကို သတ်ပြီးလျှင် ကျောင်းကန်တွင် ရှိသော စာပေတို့ကိုယူ၍ မီးတိုက်လေ၏။ ။အရိယာသံဃာတို့ကို သတ်လေသော သက္ကရာဇ်ကား၊ ၉၀၁ ခုတွင်တည်း။ သတ်လိုသော် ကြယ်တံခွန်ထန်းတစ်ပျားနှင့် မြင်သောဟူ၏။ ရွှေစည်းခုံ ဘုရားလည်း မျက်ရည်ယိုသောဟူ၏။

သက္ကရာဇ် ၉၀၃-ခုတွင် မင်းတရား ရွှေထီး၊ ဟံသာဝတီက၊ ရေအား ကြည်းအား ချီလာ၍၊ ပြည်မြို့ကို ဝန်းရံလေ၏။ ပြည်ဘုရင် မင်းခေါင်လည်း၊ အင်းဝဘုရင် သိုဟန်ဘွား၊ ထုန်ဘောင်ခုံမှိုင်း၊ မိုးမိတ် သိုချည်ဘွား၊ မိုးညှင်း၊

စလုံးယံ ထိုသို့ လက်ဆောင် လက်နက် အများနှင့် စစ်ကူ တောင်းလာ၏၊ သိုဟန်ဘွားလည်း စောဘွားသုံးဦးတို့ အရောက် ညီလျှင် ဆင် မြင်း ဗိုလ်ပါ ခန့်အပ်သည်။ တိုက်ဆင် ရှစ်ရာ၊ မြင်း ခြောက်ထောင်၊ စစ်သည် သုံးရဲ ခြောက်သောင်းနှင့် ပြည်သို့ ချီလာ၏။ ။မင်းတရားရွှေထီးလည်း နှောင်တော် ကျော်ထင် နော်ရထာကို တိုက်ဆင် သုံးဆူ၊ မြင်း နှစ်ထောင်၊ စစ်သည်သူရဲ နှစ်သောင်းနှင့်ပြည်မြို့ကခွာ၍ တစ်စခန်းလောက်မှာဆီးကြိုခံလာရ၏။ယင်းသော အခါ ရွှေပျား မြင်းတပ်ချင်းတွေ့၍ တိုက်ကြသည်။ မင်းတရားရွှေထီး မြင်းတပ် ပျက်၍ ဆုတ်ခဲလေ၏။ မြင်းတပ် ပျက်သည်ကို မြင်လျှင် ဆင်တပ်ပိတ်၍ လိုက် သည်ကို ဘုရင့်နောင် ကျော်ထင်နော်ရထာ တိုက်ဆင် ငါးဆယ်နှင့် ချွန်းပွင့်၍ ပုံကိုလွှတ်သည်။ စော်ဘွားတို့ တပ်ပျက်၍ အပြင်း ခွါရချေ၏။ ဘုရင့်နောင် ကျော်ထင် နော်ရထာတို့ သုံးကြောင်းလုံးထပ်၍ တိုက်လေသည်။ စော်ဘွား လေးဦး အဆီး အတားမရှိ ပျက်ချေ၍ ကစဲကသီ ကစင့်ကလျား ရှိချေ၏၊ သုံးဆယ်စား၊ ရောက်စောက်စား၊ နှောင်မှန်စားတို့ကိုလည်း ဆင်နှင့်တကွ သုံ ရလေ၏။ ဆင် ခြောက်ဆယ်၊ မြင်း သုံးရာ၊ လူနှစ်ထောင်ကျော်လည်း သုံ ရလေ၏။ စော်ဘွား လေးပါးလည်း စစ်ပျက်၍ အင်းဝသို့ ရောက်လျှင် ဤသို့ တိုင်ပင်ကြ၏။ ယခုသည် ဗန်းမော်စော်ဘွား၊ မိုးကောင်းစော်ဘွားတို့ကို မဲ့ပဲ ချီချေသောကြောင့် ပျက်စီးရချေသည်။ ငါတို့တွင် ၂၂ ါသည့် ရဲမက်များလည်း သူအမှုဖြစ်၍ ကြိုးကြိုး ပမ်းပမ်း အမှုကို မထမ်းကြဖြစ်သည်၊ ငါတို့တွင်လည်း ကြည်းတပ်သာ၊ ချီချေသည်။ ရေတပ်မပါချေ၊ ယင်းသို့ ဖြစ်သောကြောင့် စော်ဘွားခုနစ်ဦးက လူသူခန့်၍ အင်းဝတွင် တိုက်လှေအများ လုပ်စိမ့်မည်၊ ဗိုက္ကာတင်စရာ ကုန်လှေလည်း အများလုပ်စိမ့်မည်။ ယင်းသို့မှ မိုးမိတ်စော်ဘွား၊ မိုးညှင်းစော်ဘွားတို့ကို တိုက်လှေနှင့် ရေတပ်၊ ရေကြောင်း ချီစိမ့်မည်၊ စော်ဘွား ငါးဦးမှာလည်း ဆင်၊ မြင်း အလုံးအရင်းအများနှင့် ကြည်းကြောင်း ချီစိမ့်မည်၊ ယင်းသို့ စီရင်၍ ပြည်မြို့ကို လုပ်ကြံမည်။ ရလျှင် လှေတပ်ကို အနိုင် အလုံ နေ စေ၍ တောင်ငူသို့ ချီ၍ လုပ်ကြံမည်။ တောင်ငူကို ရလျှင် ဟံသာဝတီသို့ ရေကြောင်း၊ ကြည်းကြောင်း ချီ၍ လုပ်ကြံမည်။ ဘုရင်ရွှေထီး ငါတို့လက်က လွတ်ရမည်လော ဟူ၍ တိုင်ပင်ကြပြီးလျှင် စော်ဘွားတို့ မြန်ကြလေ၏၊ ပြည်မြို့ မှာလည်း မင်းတရားရွှေထီး လုပ်ကြံတော်မူ၍ ပျက်ခဲ့လျှင်၊မင်းခေါင်ခံရှင်သရက် နှင့် မိဖုရား သီရိဘုန်းထွတ်ကို တောင်ငူသို့ ပို့၍ နေရံလေ၏။ ။ပြည်မြို့ကို မှကား၊ မင်းတရားရွှေထီး၊ အထိန်းတော် သတိုးဓမ္မရာဇာကိုပေး၍ မင်းပြုရ၏။

---

## အင်းဝမင်း သိုဟန်ဘွားကို သတ်သည့်အကြောင်း

အင်းဝတွင်လည်း သိုဟန်ဘွားကျွန် ရှမ်းတို့သည် မြန်မာတို့ကို ညှဉ်းပန်းနှိပ်စက် ပြုလေ၏။ မြန်မာ မှူးသား မတ်သား တို့လည်း အတွင်းတော်မှာ အိပ်ရှုသည် အိပ်ပန်နှင့် စုံမြဲရ၏။ ထိုသို့ စုံမြဲရသော သူကောင်းသားတို့ကိုလည်း အတွင်းမြဲ ရှမ်းတို့သည် ဟန်ပန်လုံကျူးပြု၍ မြန်မာတို့ ပေါင်းထုပ်ကို ဖျက်ဆောင် အကြိမ်ကြိမ် အဖန်ဖန် များစွာပြုလေသော် သည်းမခံနိုင် ပြုလေ၏။ ယင်းသို့ အကြိမ်ကြိမ်ကြ၍ မင်းကြီးရန်နောင်ကို ဤသို့ လျှောက်ကြကုန်၏။ ယခုလည်း ကျွန်တော်တို့ကို ရှမ်းတို့သည် ညှဉ်းဆဲနှိပ်စက်လှသည်၊ မင်းကြီး မကြံပါက ကျွန်တော်တို့ သေရတော့မည် လျှောက်သည်ကို မင်းကြီးရန်နောင်လည်း သိုဟန်ဘွားသည် ရတနာသုံးပါးကို မရိုသေ၊ သူ့အသက်ကိုလည်း မနှမြော၊ သူ့သားမယားကို လည်း ဖျက်မှုန်း ကျိုးတတ်သည်၊ ဘုရားသခင် သာသနာတော် ကိုလည်း ဖျက်ဆီးသူ ဖြစ်သည်။ သို့ရာတွင် အပြီးသို့ ရောက်အောင် ကြံနိုင်သော် ကောင်း၏။ မကြံနိုင်သော် အမျိုး ခုနစ်ဆက် တိုင်အောင် ပျက်စီးခြင်းသို့ ရောက်ချိမ့်မည်၊ မိန့်တော်မူ၏။ အတွင်းမြဲ သူကောင်းသားတို့လည်း ကြံနိုင်အောင် ကြံတော်မူပါဟု လျှောက်ကြကုန်၏။

သက္ကရာဇ် ၉၀၄-ခုတွင် ယာယီပြုသင့်သည်။ ပညာရှိတို့လျှောက်၍ မနေသမျှ ဥယျာဉ်မှာ ယာယီနန်းဆောက်ရ၏။ မင်းကြီးရန်နောင်ကလည်း မင်းတို့စွဲသည့် ဓားကို ကိုယ်နေရာတွင် မှတ်သား၍ မြှုပ်ကြ၊ ယာယီနန်း နေသည့်ကာလ ကိုယ်သားသည့် ဓားပေါ်တွင်ချည်း နေကြရမည်။ ငါထလျှင် ဓားကိုနုတ်၍ ရှမ်းအမတ်တို့ကို ခုတ်ကြရမည် စကားထား၍ ယာယီနန်းပြီးလျှင် သိုဟန်ဘွားလည်း မြန်မာတို့ထုံးသည် ယာယီနန်းမှာ မည်ကဲ့သို့ နေသည်ဟု မင်းကြီးရန်နောင်ကို မေးသော် ကျွန်ုပ်တို့ မြန်မာမင်းတို့မှာ မြန်မာတလိုက်၊ ရှမ်းတလိုက်၊ မှူးမတ် သူတို့သည် အာသာအလိုက် ဝတ်စားဆင်ယင်၍ လက်နက်မပါ အယဉ် အကျေး လိုက်၍ နေရသည် လျှောက်လျှင်၊ ထိုအတိုင်း ခင်းကျင်းစီရင်၍ မြန်မာအမတ်တို့ လည်း မိမိတို့ မြှုပ်ထားသည့် ဓားပေါ်တွင်ချည်းနေ၍ ခစားကြ၏။ မင်းကြီး ရန်နောင်လည်း ဓားလက်တွင် မရှိ၍ ဓားရအောင်ကို သိုဟန်ဘွားနှင့် ဓားကောင်းစကားကို စပ်လျဉ်း၍ ပြောကြစဉ်တွင် သိုဟန်ဘွားက မင်းကြီး ရန်နောင် အစ်ကို အရှင်နှမတော်ဓားသည် ဆင်ပေါ်မှာ လူကိုခုတ်လျှင် ဆင်ကနှင့် တကွ ပြတ်၍ ဆင်ကိုထိသည် ဆိုသည်။ ထိုဓားကို သိပါပြည်လော- မေးသော်

မင်းကြီးရန်နောင်က ကျွန်ုပ်တို့ အချင်း ခေါင်းကို ကျွန်ုပ် နိုင်ရမည် ဖြစ်သည်။
မြင်ရသော် သိပါ၏ဟု လျှောက်သဖြင့် မင်းစဉ်လာဘိသုံးခေါင်းကို ဟုတ်မြှချင်
မင်းကြီးရန်နောင်လည်း ရွှေနန်းကြော့ရှင်ခေါင်းကို ပုံတွင်ကောက်၍ အညီအဘယ်
ဖြစ်ပါသည်ဟု ညွှတ်၍ ကမ်းဟန်နှင့် ခုတ်သည်။ ဝါပိုးတိုင်နှင့် ကြမ်းပေါ်ရှေ့ချောင်း
ပြတ်သောဟူ၏။ ရှမ်းအမတ်တို့ သောသောထသည်ကို မြန်မာအမတ်တို့ မြှပ်သည့်
ခေါင်းကို နုတ်၍ ခုတ်ကြသည်။ အတွင်းရှမ်းတို့ သေလေကုန်၏။ မြင်ရှမ်းတို့
ဝင်ကုန်သည်ကို မြန်မာတို့ ခုတ်ကြသျှင် ထွက်ပြေးလေကုန်၏။

(ရာဇဝင်ကြီးတွင် သိုဟန်ဘွားကို မည်သည့် အရပ်မှာ လုပ်ကြံ
သည်ဟု မဆို၊ ရာဇဝင်သစ်၌ မနောရမ္မာဥယျာဉ်တွင် ဟသံနန်း
နေခိုက် သိုဟန်ဘွားကို လုပ်ကြံသည်ဆိုသည့် စကားသည် အသင့်ဖြစ်၍
ဤ ရာဇဝင်တော်တွင် ရေးသတည်း။ သိုဟန်ဘွားကို လုပ်ကြံသော
သက္ကရာဇ်ကား ကိုးရာ့လေးခုကဆုန်လ ဘည်း။ ။ရာဇဝင် သစ်၌ကား
သက္ကရာဇ် ကိုးရာပြည့်တွင် လုပ်ကြံကြောင်းကို ဆိုသည်။ ထို
စော်ဘွားကား၊ စနေသား ဘည်း။ အင်းဝကို စားသောအခါ အသက်
၂၂-နှစ်တည်း။ ။အင်းဝကိုစားသည် ၁၅-နှစ်ပေါင်း—၃၇-နှစ်တွင်
သုံးလေ၏။ ။ရှမ်းတို့ကို လုပ်ကြံသောအခါ မင်းကြီးရန်နောင် အသက်
၃၆-နှစ်တည်း။)

---

## အုန်းဘောင်ခုံမှိုင်း-အကြောင်း

သိုဟန်ဘွား အနိစ္စရောက်၍ ရှမ်းတို့ ပြေးလေလျှင် အင်းဝတွင်ရှိသော
အမှူး အမတ်တို့သည် မင်းကြီးရန်နောင်ကို မင်းပြုတော်မူပါ ဟူ၍ တောင်းပန်
ကြကုန်၏။ မင်းကြီးရန်နောင်လည်း ငါသည် မင်း၏ ဆည်းစိမ်ကို အလိုမရှိ
ဟူ၍ ပယ်၏။ အုန်းဘောင်မှာလည်း ခုံမှိုင်းကြီး အနိစ္စရောက်၍ သား ခုံမှိုင်းငယ်
မင်းပြုတော် မူသည်။ ခုံမှိုင်းငယ်ကလည်း မင်းကြီးရန်နောင်သို့ စေသ၏။
မင်းကြီးရန်နောင်သည်၊ ငါတို့ ရွှေနန်းရှင်— နရပတိ ဆွေတော် မျိုးတော်
ဖြစ်သည်။ သို့ဖြစ်သောကြောင့် အင်းဝ ရွှေနန်းတက်၍ မင်းပြုတော်မူတော့၊
အမှုအခင်း ရှိသမျှကို မစိုးရိမ်နှင့် ဟူ၍ စေသ၏။ မင်းကြီးရန်နောင်ကား—

သစ္စာစောင့်၏၊ တော်မြောင်၏။ သူကျေးဇူးကို သိတတ်သသူဖြစ်၍ ကျွန်ုပ် မင်းစည်းစိမ်ကိုအလိုမရှိ၊ ရှင်စော်ဘွားမှကား၊ ငါ့တို့အရှင် နရပတိနှင့် အဆော ဝင်ပုန်းဖြစ်၍ အမူအခင်း ရှိသမျှကို ဆိုးတု ကောင်းဘက် ကြည်းဆောင်သော ဖြစ်ပေသည်။ ရှင်စော်ဘွား၊ အင်းဝရွှေနန်းကို တက်၍ မင်းပြုတော်မူတော့ ဟူ၍ ပေပြန်၏။ အုန်းဘောင်ခုံမှိုင်းလည်း ညီကို အုန်းဘောင်ကို ပေးသည်၊ သားကို မိုးဗြဲတိုပေး၍ အလုံးအရင်းနှင့် အင်းဝသို့ ချီလာ၍၊ သက္ကရာဇ် ၉၀၄-ခု ဝါဆိုလတွင် အင်းဝ ရွှေနန်းကို တက်၍ မင်းပြုတော်မူသည်။ နန်းတက်သော ဆင်ပါသည့် အလုံး အရင်းကား၊ တိုက်ဆင် တ၆ ၊ မြင်း လေးထောင်၊ စစ်သည် သူရဲ ငါးသောင်း ပါသော ဟူ၏။ အုန်းဘောင်ခုံမှိုင်း၊ နန်းတက်တော် မူလျှင် မင်းကြီးရန်နောင်ကို ပြည်အလုံးကို ချုပ်၍ စီရင်ပါ တောင်းပန်၏။ တလုပ်မျိုးကိုလည်း ပိုင်စား ပေးတော်မူ၏။ မင်းကြီးရန်နောင်လည်း တစ်နှစ်သုံး နှိုးလျှင် ပဉ္စလ္လာ ရခဲခြင်း အကြောင်း ငါးပါးကို ဆောက်၍ မကွာရာအရပ်၌ တောဝင်၍ ရဟန်းပြုလေ၏။

အုန်းဘောင်ခုံမှိုင်း နန်းတက်သော သက္ကရာဇ်၊ တော်သလင်းလတွင် စော်ဘွား နှစ်ပိုင်းတို့သည် တိုင်ပင်ရင်း ရှိကြသည်နှင့် တိုက်လှေအများ အင်းဝတွင် လုပ်ရ၏။ လှေတက်လုပ်ပြီး၍ ပြီးလျှင် စော်ဘွားအပေါင်းတို့ ချီလာ၍ ခန့်ထား စီရင်သည်ကား၊ တိုက်လှေတစ်ထောင့်သုံးရာ၊ လှော်ကားသံလှေသုံးရာ၊ ရိက္ခာတင် ကုန်လှေငါးထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် မိုးမိတ်စော်ဘွား၊ မိုးညှင်းစော်ဘွားတို့ ရေကြောင်းချီသည်။ အင်းဝဘုရင်ခုံမှိုင်း၊ အုန်းဘောင် စော်ဘွား၊ ဗန်းမော်စော်ဘွား၊ ညောင်ရွှေစော်ဘွား၊ မိုးနဲစော်ဘွားတို့မှာ တိုက်ဆင်တစ်ထောင့်နှစ်ရာ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းခြောက် သောင်းနှင့် သက္ကရာဇ်ကိုးရာငါးခု နတ်တော်လဆန်းရှစ်ရက်နေ့၊ ကြည်းအား၊ ရေအား ပြည်မြို့သို့ ချီသည်။ ရေကြောင်း ချီလေသော မိုးမိတ်စော်ဘွား၊ မိုးညှင်းစော်ဘွားတို့ မြေထဲသို့ ရောက်လျှင် ကြည်းကြောင်း၊ ချီလာသော စော်ဘွားတို့ မရောက်၍ ဆယ်ရက်ခန့် ငံ့၍ နေသည်။ ကြည်းကြောင်းသားတို့ အရောက်ညီလျှင် ပြည်သို့ ချီ၍ ကြည်း၊ ရေ ဝန်းရံ၍ လုပ်ကြသည်။ လက်နက် ကိရိယာ ထုတပ်လှသည်နှင့် မြို့စီး မြို့ရိုး များသောကြောင့် မရချေ၊ အခဝါက ဒုရှိသော ဝန်းရံ၍ နေရချေသည်။ ပြည်ဘုရင် သတိုးဓမ္မရာဇာလည်း အင်အား မနည်းသောကြောင့် ထွက်၍ မတိုက်ဝံ့၊ မင်းတရား ရွှေထီးသည်၊ ရေအား ကြည်းအား၊ ဆင်ထုံးမြင်းရင်း အများနှင့် ဟံသာဝတီက ချီလာ၏။ စော်

ဘုရားတို့သည်။ စစ်နှစ်ပက်ညှပ်၍ ရှိမည်ကိုရည်၍ အရံကို ဖြတ်ပြီးလျှင် မြည်မြောက်-သုံးတိုင်ကျော်လောက်ဘုင် ရေတပ်ကြည်းတပ်၊ ဖက်၍ နေကုန်၏၊ ပင်းဘရားရွှေထီးလောက်သာ၍ ပိုးသောက်လျှင် လေ့ဘပ်ချင်း တိုက်ကြသည်။ မင်းတရားရွှေထီးက တိုက်လေ့ ကြီးမားသည်။ စော်ဘွားတို့က တိုက်လေ့ ယ်သည်။ အမြောက် မြှားပုကြီးလည်း စော်ဘွားတို့ဘုင် မရှိချေ။ မင်းတရားရွှေထီးက အမြောက်ကြီးမြှားပုနှင့် လွှတ်လျှင် စော်ဘွားတို့ တိုက်လေ့ နစ်ကုန်ချေ၍ လှေတပ်ပျက်ချေသည်။ ယင်းသို့ လှေတပ်ပျက်ခဲ့လျှင် ကြည်းတပ်သို့ပေါင်း၍ နေရချေသည်။ စစ်သည် ဗိုလ်ပါလည်း အများအပြင် သေပျောက်ချေသည်။ လှေတက်တို့ကိုလည်း မင်းတရား ရွှေထီးက ရတော်မူသည်။ လှေတပ်ပျက်လျှင် မင်းတရားရွှေထီး လှေတပ်သားတို့ အညာ မြေသဲ သရက်တိုင်အောင် ဆန်၍ နေလေသည်။

ယင်းသို့လျှင် အညာ စကာ၊ စလင်းက ရိက္ခာပို့လေ့ မရောက်နိုင်၍တစ်လခန့်ရှိလျှင် စော်ဘွားတို့-စစ်သည် ငတ်မွတ်ချေ၏။ ငတ်မွတ်လျှင် အမှူး အမတ် စစ်သည် သူရဲတို့လည်း စော်ဘွားတို့ကို ဤသို့ လျှောက်ကုန်၏။ ယခုလည်း တစ်ရက်နှစ်ရက်သာ ရှိချေတော့သည်။ အလျင် ဆုတ်တော်မူ၍ ကျေးစုနေရွာနားမှာ ရှာကြံရသည်ဖြစ်မှ စားကြရမည်။ အကြောင်းမှာလည်း ဝမ်းတွင် အစာရှိသည်ဖြစ်မှ အမှုတော်ကို ထမ်းနိုင်ကြမည်။ ဝမ်းတွင် အစာမရှိက အမှုတော်ကို ထမ်းနိုင်ကြမည် မဟုတ်ဟု၍ လျှောက်ကြကုန်၏။ စော်ဘွားတို့သည်း သည်တစ်ကြိမ်ကိုပြန်၍ လှေတက်စီရင်ဦးတော့မည်။ ယခု ငါတို့တွင် ပါသည့် လှေတက်များလည်း သူ့လှေကို မတန်ချေ။ သူတို့ လှေက အမြောက် မြှားပုကြီးနှင့်လွှတ်လျှင် ငါတို့လှေငယ်၊ တက်ငယ်သာဖြစ်၍ ကွဲချေ မှောက်ချေသည်။ လှေတက်ပျက်လျှင် သူတို့ အညာသို့ဆန်၍ လှေတက်နှင့် ဆီးဆို့လေသောကြောင့် ပျိုးရိက္ခာ မရောက်နိုင်ချေသည် ဖြစ်သောကြောင့် သည်တစ်ခါကို ပြန်ဦးတော့မည်။ နောက်တစ်ကြိမ်ချီရလျှင် မင်းတရားရွှေထီး-ငါတို့လက်က လွတ်ရတော့မည်လော ဟူ၍ ကြုံးဝါးပြီးလျှင် တပ်ကို နုတ်၍ ပြန်လေ၏။

စော်ဘွားတို့ ပြန်လေကြောင်းကို မင်းတရားရွှေထီးက သိတော်မူလျှင်၊ ဘုရင့်နောင် ကျော်ထင်၊နော်ရထာနှင့်တကွ ငါးတပ်လုံး ဆင်ပေါ် မြင်းပေါ်လိုက်၍ တိုက်လေသည်။ စော်ဘွား ခုနစ်ဦးတို့ တပ်ပျက်ချေ၍ ဆင်မြင်း လူသူအများ ယိုယွင်းချေ၏။ မင်းတရား ရွှေထီးလည်း ဘုရင့်နောင် ကျော်ထင် နော်ရထာတို့ ကြည်းကြောင်းကို မ၍ လိုက်တော်မူ၏။ ယင်းသို့လျှင် စလင်းကိုစား

သည့်-စည်သူကျော်ထင်၊ ပုဂံကိုစားသည့် သဟိုးတို့လည်း မိမိဘို့မြို့ကို မဝင်နိုင် ရှိ စေဘူးတို့နှင့်အတူ အင်းဝသို့ ပါသာ၏။ မင်းတရားရွှေထီး ရေကြောင်း သည့် စေဘူးတို့နှင့်အတူ အင်းဝသို့ ပါသာ၏။ မင်းတရားရွှေထီး ရေကြောင်း ချီတော်မူလသည်။ စလင်းဆိပ်သို့ ရောက်တော်မူလျှင် လှေဘယ်ကို ကြည်း ချီတော်မူလသည်။ စလင်းမြို့ကို ဝန်းရံ၍ လုပ်ကြံတော်မူသည်၊ ရတော်မူလေ၏။ စသင်းကို တပ်၍ စလင်းမြို့ကို ဝန်းရံ၍ လုပ်ကြံတော်မူသည်၊ ရတော်မူလေ၏။ ရတော်မူလျှင် မိုးညှာနှင့်အတူ ထုဘ်ကောင်း ယူကောင်းသော ဆင်မြင်းလူသူ တို့ကို ထုတ်ယူတော်မူ၍ စလင်းမြို့ကို အထိန်းတော် စည်သူ ကျော်ထင်ကို အလုံးအရင်းနှင့် ကျေးစားထည့်တော်မူလေ၏။ ယင်းသို့မှ ရေအား ကြည်း အား ဆန်တော်မူ၍ ပုဂံသို့ ရောက်တော်မူလျှင် ပုဂံမြို့ကို စုက္ကတေး ဟူသော အမတ်ကို ကျေးစား ထည့်တော်မူလေ၏။သရေခေတ္တရာခရိုင်၊ ကျောက်ပန်း တောင်း၊ ဋ္ဌသာ၊ စလေ၊ ရွှေကူ၊ ပုခန်းငယ်၊ မကွေး၊ မလွန်၊ ပဋ္ဌနဂိုရ်၊ စကု လင်း၊ တောင်းလင်း၊ လယ်ကိုင်း၊ သည် အင်းဝကျေးမျှားကိုလည်း မင်းတရား ရွှေထီးက ဆင်လုံး မြင်းရင်းနှင့် ကျေးစားချည်း ထည့်လေ၏။ ။အင်းဝ ဘုရင်မှိုင်းလည်း ပုဂံစားသတိုးသည်၊ သူကောင်းနှလုံး ပြောင့်မတ်သည် ဟူ၍ ရေနံ့သာမြို့ကို ပေးလေ၏။ သက္ကရာဇ်—ကိုးရာ့ ခြောက်ခုတွင် စလင်းမြို့ကို စားသော မင်းတရားရွှေထီး ကျွန်တော်-စည်သူကျော်ထင်ကို အင်းဝ စည်သူ ကျော်ထင်ကျွန် လုလင်ကျော်မှူးတို့က တိုက်ပြန်၍ ပဲခူး စည်သူ ကျော်ထင် ပြေးရလေ၏။ ။စည်သူကျော်ထင်ပြေးလျှင် လုလင်ကျော်မှူးတို့က မိမိတို့အရှင် စည်သူကျော်ထင်ကို အင်းဝမှာ ချီပင့်၍ ထိုနှစ်တွင်ပင် စလင်းကို စားရပြန်၏။ ထိုသက္ကရာဇ်တွင်ပင် ဟံသာဝတီက စည်သူ ကျော်ထင်သည် တိုက်ဆင်တစ်ထူး မြင်းမှစ်ထောင်၊ စစ်သည် သူရဲငါးသောင်းနှင့် စလင်းသို့ ချီလာ၏။ ရောက် လျှင် စလင်းစား စည်သူကျော်ထင်နှင့် ပဲခူးစည်သူကျော်ထင်၊ ဆင်စီးချင်းတိုက် ကြသည်။ အားမတန်၍ စလင်းစည်သူကျော်ထင်၊ ဆင်တစ်စီးနှင့်သာ အလွတ် ခွါရချေသည်။ ယင်းသို့လျှင် စလင်းမြို့ကို ပဲခူးစည်သူကျော်ထင်မှု၍ စားပြန် ရလေ၏။

စလင်း စည်သူ ကျော်ထင် မှုကား—ဆင် တစ်စီးနှင့်သာ လောင်းရှည် ကြောင်း၊ ချင်းတောင်သို့ ပြေးလေ၏။ ခရီးတွင် ရေငတ်သောကြောင့် ရေ ဆိုင် တစ်ခုတွင် ဆင်က ဆင်း၍ ရေသောက် ရာတွင် ဆင်မှန် နှင့် ဝေ့လျှင် ဝါးရုံပင် ကြားသို့ ဝင်၍ နေလေ၏။ ဆင်လည်း အဖမ်းမခံပြီ၊ တောသို့ ဝင်လေ၏။ စည်သူကျော်ထင်လည်း ကိုယ်တစ်ခုတည်း ထိုတောတွင်နေသည်ကို ချင်းတို့ ဖမ်း၍ မိုးညှင်း စလုံကြီးသား စလုံငယ်သို့ ဆက်လေ၏။ မိုးညှင်း

ဇေယျလည်း စည်သူကျော်ထင်ကို မြင်လျှင် ငါသွားသောက် အယ်ကြောင့် ကိုယ်တစ်ခုတည်း ချင်းတို့လက်သို့ ရောက်လေသနည်း ဟူ၍ မေး၏။ စည်သူ ကျော်ထင်လည်း ပဲခူးသားတို့နှင့် တိုက်ခလေသည်။ အားမတန်၍ သူတို့ ချင်းကို ဖမ်းလေသည် ဟူ၍ အကြောင်းမဲ့ ပြန်၏။ မိုးညှင်းဇေယျလည်း သွားသောက် မတိုးရိမ်နှင့် အင်းဝကို လုပ်ကြ၍ နန်းတင်မည်။ သို့ရာတွင် အင်းဝဘုရင် မိုး သည် အလုံး အရင်း ဆင် မြင်း များသည်ဖြစ်သောကြောင့် စစ်ကိုင်းက အလုပ် အနေပြု၍ ပိုလ်ဝင်ခံလေ၊ ယင်းသို့မှ အင်းဝကို လုပ်ကြလေ ဟူ၍ ဆို၏။ စည်သူကျော်ထင်လည်း အလုံး အရင်းသာ သွားသောက်က ပေးပါ။ အင်းဝကို လုပ်ကြမည်ဆို၏။ မိုးညှင်းဇေယျလည်း ဆင် ခြောက်ဆယ်၊ မြင်း ရှစ်ရာ၊ စစ်သည် သူရဲ ငါးသောင်းပေး၍၊ သက္ကရာဇ် ကိုးရာ့ခုနစ်ခုတွင် ယခု စစ်ကိုင်းမြို့ကိုတည်၍ မင်းပြုသည်။ ။ထို သက္ကရာဇ်တွင် အင်းဝကို မင်းပြုသော မိုး အနိစ္စ ရောက်တော်မူ၏။ အုန်းဘောင်ခိုမိုး အင်းဝကို ရွှေနန်းထက်သောအခါ၊ သက်တော် လေးဆယ့်ငါးနှစ်၊ ရွှေနန်းထက် စည်းစိမ် လေးနှစ်၊ သက္ကရာဇ် ကိုးရာ့ခုနစ်ခု၊ အသက်တော် လေးဆယ့်ကိုးနှစ်သော်အနိစ္စ ရောက်တော်မူ၏။ နံ့တော် အင်္ဂါသားတည်း။

## မိုးဗြဲ နရပတိမင်း-အကြောင်း

သက္ကရာဇ် ၉၀၇-ခုတွင် ထိုမင်းသား မိုးဗြဲမင်းဖြစ်သည်၊ နရပတိ ဟူသော အမည်နှင့် အင်းဝ ရွှေနန်းကို တက်တော်မူ၏။ မိုးဗြဲ နရပတိလည်း အင်းဝ ရွှေနန်းကို တက်လိုသော် တောကြက်အများဝင်၍ အိမ်မိုးခေါင်တွင် နားကုန်၏။ စစ်ကိုင်း စည်သူကျော်ထင်နှင့်လည်း .စစ်မက်မပြတ် ဖြစ်ကြသည်။ မိုးဗြဲ နရပတိ အင်းဝ ရွှေနန်းကို တက်လျှင် အုန်းဘောင်၌ ဆွေကြီး မျိုးကြီးတို့ကို လည်း မဆက်ဆံ၊ ရှမ်းတို့ အသုံးအဆောင် အကျင့်အာစာရကိုလည်း မကြိုက်၍ မင်းတရား ရွှေထီးသို့ စေပါး၍ မဟာမိတ် အဆွေ ခင်ပွန်း ပြုတော်မူ၏။ စစ်ကိုင်း၊ စည်သူကျော်ထင်ကိုလည်း မပြတ် လှုပ်ချောက်ရန်၊ ချစ်ကျွန်လည်း ပြု၏။

တစ်ရံရောအခါ မုန့်နှသလင်ပန်းနှင့် စားတော် မြင်၍ စစ်ကိုင်း စည်သူ ကျော်ထင်သို့ ပို့ရလေ၏။ စစ်ကိုင်း၊ စည်သူကျော်ထင်လည်း ပို့လာသည့် ထမင်းကို စားတော်ခေါ်မည် ပြုသည်ကို အမှူး အမတ်တို့က ရန်သူမင်းက

ပို့လာသည့် ထမင်းကို စားတော်ခေါ်၍ မသင့်၊ လျှောက်ကြကုန်၏။ စစ်ကိုင်း ညီသူကျော်ထင်လည်း ပြည်ထောင်မင်းတို့ သဘောသည် တိုက်လံကြရာမှာ အခြားဖြစ်သည်၊ ရှုံးသူ ဟူ၍ မှတ်ရမည်လော။ ချစ်မေတ္တာရှိရာမှာ အခြား ဖြစ်သည်။ မစားနေ၍ သင့်မည်မဟုတ်၊ ဆိုပြီးလျှင် စားတော် ခေါ်လေ၏။ တစ်ရံရောအခါ အင်းဝ နရပတိ ရဲမက်ဗိုလ်ပါ အများနှင့် စစ်ကိုင်းသို့ ကူး၍ လုပ်ကြံရ၏။ စစ်ကိုင်း ညီသူကျော်ထင်ကလည်း ရဲမက်ဗိုလ်ပါတို့ကို အထောက် တော် အသင့်နေစေ၍ တိုက်ရသည်။ ဤသို့လည်း မှာတော်မူသည်။ ထိုသို့ နိုးလည်း သူ့ကျွန်ဖြစ်၍ သူ့အမှုကို ထမ်းရသည်။ ငါသို့နိုးလည်း ငါ့ကျွန် ဖြစ်၍ ငါ့အမှုကို ထမ်းရသည်။ သူ့ကျွန်ကိုရလျှင် သေအောင်မပြုပါနှင့် ဟူ၍ မှာတော်မူ၏။ အင်းဝ စစ်သည်နှင့် တိုက်လံကြရာတွင် ထိပါးရှန်၍ ရလျှင် သိမ်းယူပြီးမှ တရင်းမှတ်သား၍ မျိုးရိက္ခာနှင့် တကွ သမား ဟူးရား အပ်၍ ဆေးဝါးကုရ၏။ အနာသွတ်လျှင် သားမယားတို့ရှိရာ သွားစေလော့ ဟူ၍ အင်းဝသို့ရှည်း ကူးရလေ၏။ သည်အကြောင်းများကို မိုးညှင်းစလုံ ကြားလျှင် အမျက်ထွက်၍ အပြင်းချီလာ၏။ ထောက်လျှင် ပုညရှင်ဘုရားသို့ တက်၍ ရှပ်တင် နေမှ ညီသူကျော်ထင်ကို ပင့်ရလေ၏။ ညီသူကျော်ထင်လည်း ကွမ်းကိုင် ရေကိုင် အခြွေ အရံ စုံလျှင်နှင့် သွားလေ၏။ ထောက်လျှင် စသုံလည်း ဤသို့ဆို၏။

ရှေးသောအခါ လုလင်တစ်ယောက်သည် တက္ကသိုလ်ပြည်မှာ အတတ်သင်မည် သွားလေ၏။ တက္ကသိုလ်ဆရာလည်း အသက်သွင်းတတ်သော အတတ်ကို သင်လေ၏။ တတ်ပြီးလျှင် ဆရာကိုပူဇော်၍ ပြန်လာ၏။ ခရီးအကြား တောသုံ တစ်ခုတွင် သေသောကျားတစ်ကောင်တွေ့၍ အသက်သွင်းလေ၏။ ကျားရှင်လေလျှင် ထိုလုလင်ကိုပင် ကိုက် သတ် ၍ စား လေ ၏။ ယခုလည်း ထိုအတူရှိမည်ဟု ထင်သည်ဟု ဆို၏။ စစ်ကိုင်း ညီသူကျော်ထင်လည်း ဤသို့ဆို၏။ သူ့ ကျေးဇူးကို သိမှ နတ်ရွာသို့ခွာနိုင်ချမ်းသာကို ရရာချေသည်။ ။ရှေးသောအခါ သိန်းခိုကျွန်း၌ [illegible] အမည်ရှိသော မင်းသည်၊ ကျည်းမိစ္ဆာတို့ ချီလာ၍ မြို့ရင်းသို့ ရောက်လျှင် ခံသိမ်းသော သတ္တဝါ အပေါင်းတို့ ချမ်းသာကြ ပါစေ ဟူ၍ ရေစင်တိုက်ကိုသာ ယူတော်မူ၍ နန်းကဆင်း၍ သွားလေ၏။ တောသို့ ရောက် တော်မူလျှင် သုံးရက်တိုင်တိုင်စားတော်မခေါ် ရှိသည်နှင့် တစ်ပနေသည့်လယ်လုပ် သော ယောက်ျားတစ်ယောက်သည်၊ စားမြိန်စာထုပ်ကို ယူ၍ လာသည်ကို [illegible] မင်းမြင်လျှင် ထိုလုလင်ကိုခေါ်၍ ငါသည် ထမင်း မစားရသည်

သုံးရက်ရှိပြီ၊ မင့် စားမြိန်စားထုပ်တွင် တစ်ဝက်သော ထမင်းကို ငါ့အား ပေးပါ၊ ကျေးဇူးဆပ်ပါမည်ဆို၍ မိန့်တော်မူ၏။

ထိုလုလင်လည်း မိမိတွင်ပါသော စားမြိန်စားထုပ်ကို မင်းကြီးအား ဆက်လေ၏။ သံဃာဗောဓိမင်းလည်း ထမင်း သုံးရက် စားတော် မခေါ်ရသည်ဖြစ်၍ မြိန်ရှက်စွာစားတော် ခေါ်လေ၏။ စားတော်ခေါ်ပြီးလျှင် မင့် ကျေးဇူးကြီးလှပေသည်။မင်းကို ကျေးဇူး ဆပ်စရာ အခြားမရှိပြီ၊ ငါ့လည်ကို ဖြတ်၍ ငါ့ဦးခေါင်းကို ကျည်းမင်းအား သံဃာဗောဓိမင်း၏ ဦးခေါင်းကို ကျွန်တော် ရသည်ဟူ၍ ဆက်လေတော့၊ ယင်းသို့လျှင် မင်းကို တစ်သက်ပန်လုံး စားလောက်အောင်သောဆုကို ပေးလိမ့်မည်ဟူ၍ မိန့်တော်မူ၏။ လယ်လုပ်သား ယောက်ျားလည်း၊ ကျွန်တော် မဖြတ်ပါပြီဟူ၍ဆို၏။ သံဃာဗောဓိမင်းလည်း၊ သဗ္ဗါသီလ၊ သုတ၊ စာဂနှင့် ပြည့်စုံသော မင်းဖြစ်၍ ငါ့ဦးခေါင်းသည် တစ်ခေါင်းပြတ်၍ ဆည် လုလင် ကျေးဇူးကို ဆပ်ရသည် ဖြစ်စေသောဟူ၍ စိတ္တာန်ပြုလျှင် ဦးခေါင်း အလိုလို ပြတ်လေ၏။ ထိုလုလင်သည်၊ ဦးခေါင်းကို ယူ၍ ကျည်းမင်းအား ဆက်လေ၏။ ကျည်းမင်းလည်း အားရတော်မူ၍ များစွာသော ဆုလာဘ်ကို ပေးပုံးလေသည်။ ထိုကဲ့သို့ ယခုလည်း သွေးသောက် ကျေးဇူးသည်၊ နှစ်နှစ်သို့ မရောက်သေးသ၍ ကာလပတ်လုံး ဆပ်ငြားသော်လည်း မပိုင်နိုင်ရာ ရှိပေသည်။ ယင်းသို့ကို ယောက်ဖသည် လူဆိုး လူသွမ်း စကားကို နား၍ ဆက်ဆံလျှင် မကောင်းမှုသာ များလေတော့မည်ဟူ၍ ဆို၏။ စလုံလည်း သွေးသောက်နှလုံးကို သိလို၍သာ စမ်းသည်။ ယခုသိရပြီ ဟူ၍ ဆိုပြီးလျှင် ဆင် မြင်း၊ ဗိုလ်ပါ ထပ် လောင်း၍ မိုးညှင်းသို့ ပြန်လေ၏။ စစ်ကိုင်း စည်သူ ကျော်ထင်လည်း ပြည်သူ လူ ရဟန်းအပေါင်းတို့ကို ပေးကမ်း ပိုက်ထုပ်တတ်သောကြောင့် ဗိုလ်ပါတခွေ တခွေများလေ၏။

သက္ကရာဇ် ၉၀၁—ခု၊ တန်ခူးလတွင် ဟံသာဝတီမှာ မင်းတရား ရွှေထီးကို စစ်တောင်းစား သမိန်စောထွတ် လုပ်ကြံ၍ သမိန်စက္ကဝေ ဟူသော အမည်ကို ခံ၍ မင်းပြုလေ၏။ ဘုရင့်နောင် ကျော်ထင် နော်ရထာမှုအား ဒေါကသည်၊ တောင်ငူကို ရတော် တောင်ငူသို့ ချီတော်မူ၍ ညီတော်ကို လုပ်ကြံတော်မူသည်။ တောင်ငူကို ရတော် မူလျှင် ပြည်မြို့ကို လုပ်ကြံတော် မူသည်။ ပြည်မြို့ကို အလိုတော် ပြည့်လျှင်၊ ပြည်မြို့တွင် နေတော်မူစဉ်၊ သက္ကရာဇ် ၉၁၃—ခုတွင် စစ်ကိုင်းစည်သူကျော်ထင် အလုံးအရင်း၊ ဆင်မြင်း၊ အများနှင့် အင်းဝ နရပတိကို တိုက်မည်ဟူ၍ ဆင် မြင်းဗိုလ်ပါ ကူးစရာ ဖောင်ပန်း လုပ်ရ၏။ အင်းဝဘုရင် နရပတိလည်း

စည်သူကျော်ထင်ကို လုပ်ရည် ကြံရည် မပြီးချသည်နှင့် အင်းဝတွင် မခံလို၍ ပြည်မှာ ဆင်မြှင့်မင်းဘုရား ရှိရာ အလုံး အရင်းနှင့် တကွ ဝင်၍ ကျွန်တော်ခံလေ၏။ ပိုးမြို့နရပတိကား အသက် သုံးဆယ်တွင် အင်းဝရွှေနန်းကို တက်တော်မူ၏။ နန်းတက် စည်းစိပ် ခြောက်နှစ်၊ အသက် သုံးဆဲ့ခြောက်နှစ်သော် နန်းကျတော်မူ၏။ နံတော် ဂနေသားကည်း။

---

## စစ်ကိုင်း စည်သူကျော်ထင်မင်း-အကြောင်း

သက္ကရာဇ် ၉၁၃-ခုတွင်၊ စစ်ကိုင်း စည်သူကျော်ထင်သည်၊ နရပတိဟူသော အမည်နှင့် အင်းဝရွှေနန်းကို တက်၍ မင်းပြုတော်မူ၏။ ထိုမင်းကား သဒ္ဓါ သတိ ဟိရီ ဩတ္တပ္ပနှင့် ပြည့်စုံတော်မူ၏။ သစ္စာစောင့်၏။ မှန်ကန်တော် ဖြောင့်၏။ ပုံ့မှန်သတ္တိ ရှိ၏။ အမြော် အမြင်နှင့် ပြည့်စုံ၏။ သင်အဘတ်ကိုလည်း အပြီး တိုင်အောင် တတ်တော်မူ၏။ ။တစ်ရံရောအခါ စစ်ကိုင်း အရပ်၌ မိန်းမငယ် တစ်ယောက်သည်၊ ရက်ကန်းစင် တွင်းတူး ရာတွင် စဥ့်အိုးနှင့် ရွှေငါးပိဿာ ရသည်ကို မင်းကြီးအား ဆက်မည်ဟူ၍ ရွှေအိုးကို ယူ၍ လာ၏။ မင်းကြီးကား ဥဒေတယံကို နံနက်တစ်ထောင်၊ အပေတယံကို ညတစ်ထောင် သရဇ္ဈာယ်တော်မူ၏။ မိန်းမငယ် ရွှေအိုးဆက်သောအခိုက်တွင် ဥဒေတယံကို ရွတ်တော်မူသည်။ တစ်ထောင်မပြည့်သေးသောကြောင့် မည်သို့ဟူ၍ အမှုးအမတ်တို့ မလျှောက် ထုံ၍ ကြာသောကြောင့်၊ ဝန်အစီအရင် အမတ်တို့သည် မိန်းမငယ်လည်းကြာပြီ၊ တစ်ဝက်ကို အရာတော်သား၍ တစ်ဝက်ကို ယူလေဟုပေးလျှင်၊ မိန်းမငယ်လည်း ဝမ်းမြောက် ဝမ်းသာဟူ၍ သွားလေ၏။ နရပတိလည်း ဥဒေတယံကို ရွတ်တော်မူသည် ပြီးလျှင် အမှုးအမတ်တို့ ရွှေအိုးကို ဆက်လေ၏။ မင်းကြီးလည်း အဘယ် ရွှေနည်းဟု မေးတော်မူသည်ကို စစ်ကိုင်းအရပ်၌ မိန်းမငယ်တစ်ယောက်သည် ရက်ကန်းစင် တွင်းတူးရာတွင် ရသည်ဟူ၍ အစီရင် ခံလာသောကြောင့် အရာတော်ရွှေတစ်ဝက်သိမ်းယူပါသည်ဟူ၍ နားတော်လျှောက်၏။ နရပတိလည်း မှုးတော် မတ်တော်တို့ကို အစ်ကိုတို့သည်၊ ယောကျ်ား ကောင်းသော် ရွှေမြို့တော် ပတ်လည်တွင် တစ်နေ့ကို တွင်းတစ်ထောင် တူးသော်လည်း ရမည်မဟုတ် သူ၏ ဘုန်းကံကြောင့် ရလေသည်၊ တစ်ဝက်သိမ်းယူ၍ မသင့်ချေ၊ မိန်းမငယ်ကို ခေါ်၍ ရွှေအိုးကို အပ်ပေ ဟူ၍ မိန့်တော်မူ၏။ အမှုး အမတ် တို့လည်း ရွှေအိုးကို အပ်လေ၏။

တစ်ရံရောအခါ နရပတိ မိဖုရားသည် မင်းကြီးစိတ်တော်ကို သိလို၍ စားတော်ချက်ရာ ဆန်တစ်ပြည်အနက်၊ စပါးတစေ့သာ ရော၍ ချက်ရာလေ၏။ စားတော်ကျက်ပြီးလျှင် မနေ့လင်ပန်းနှင့် ပြင်၍ စားတော် တည်လေ၏။ နရပတိသည် စားတော်ကို မြင်တော်မူလျှင်၊ စပါးလုံး များလှသည် ဟူ၍သာ မိန့်တော်မူသည်။ ရှင်မိဖုရားကား၊ စားတော်သည်တို့ကို မကြည့်မရှု ပြုသည်။ နောက်လောက်အောင် ကွပ်မျက်တော်မူမည် ဟူ၍ တိုင်ပင်တော်မူသည်ကို နရပတိက ကျွန်တို့ မည်သည်ကား၊ အရှင်ကို မျက်နှာရချင်သည်သာ၊ အရှင်ကို မလိုအပမပြုရာ၊ စင်ကြယ်စွာ တီးပြာ၍ ထားသော ဆန်နှင့် စပါး ထားသည်နှင့် နီးရာတွင် ကျေးငှက်တို့ယက်၍ ဝင်မှန်းမသိ ဝင်လေသည်သာ ဖြစ်ရာသည် ဟူ၍ မိန့်တော် မူသည်သာ၊ အပြစ် ပြုတော်မမူ၊ ဤသို့ မြတ်သောနှလုံးနှင့် ပြည့်စုံတော်မူသည် ဖြစ်၍ မှူးတော် မတ်တော်တို့မှ စ၍ ပြည်သူ လူ ရဟန်း အပေါင်း တို့သည်၊ ဘုန်းတော်ကြီး၍ သက်တော် ရှည်ပါစေသော ဟူ၍ မြတ်သော ဆုတောင်း ဆုယူ ပြုကြကုန်၏။

တစ်ရံရောအခါ မှူးတော် မတ်တော်တို့ကို ခေါ်တော်မူ၍ ပြည်ရေး ရွာမှုကို တိုင်ပင်တော်မူသော် ဘယရန္တသူ ဟူသော အမတ် လျှောက်သည်။ ယခုသည် မှန်ပြည် ဟံသာဝတီကို ဘုရင့်နောင် ကျော်ထင်နော်ရထာ လုပ်ကြံတော်မူ၍၊ မွန်သုံးရပ်နှင့်တကွ ပြည်၊ တောင်ငူကို သိမ်းယူခသေးသောကြောင့် အလုံး အရင်း ဆင် မြင်း များလှချေသည်။ ရွှေသို့ကို ကျွန်တော်တို့ အင်းဝကို ချီလာမည် မချွတ် ဖြစ်သောကြောင့် ဘုန်းတောင်သိသပါသို့ စေပါးတော်မူမှ သင့်မည်။ မိုးကောင်း၊ မိုးညှင်းတို့သည်၊ သတိမလျော့အောင် စေပါးတော်မူရမည်။ ရွှေပြည်တော်တွင် ရှိသော ဆင် မြင်း ဗိုလ်ပါတို့ကိုလည်း ပြည့်အင်း ကျေးမွေးတော် မူရမည်။ တိုက်လှေကြီးများ ဟောင်းနွမ်း ပျက်စီးလေသည်တို့ကိုလည်း လုပ်ဆောင် ပြင်ဆင်ရမည်။ လက်နက် ကိရိယာ ဆေးကျည် စေ့တို့ကိုလည်း များအောင် စီရင်တော် မူရမည်။ သို့မှ ရန်သူ လာသောအခါ မပင် မပန်း သူ့ကို လုပ်ကြံရမည် ဟူ၍ နားတော် လျှောက်၏။ အင်းဝဘုရင် နရပတိလည်း ဘယရန္တသူ လျှောက်သောအရေးကို ကြိုက်တော်မူ၍ ဘုန်းတောင် သိပေါစေသော ရှမ်းပြည်တစ်လွှားသို့လည်း လက်ဆောင် လက်နက် အများနှင့် စေပါးတော်မူသည်။ ဆင် မြင်း ဗိုလ်ပါ ဆေးကျည်စေ့တို့ကို ပြည့်အင်းဖုံးစုတော်မူ၏။ ဟံသာဝတီသို့လည်း လက်ဆောင် လက်နက် အများနှင့် စကား တောင်စားကို စေတော်မူ၍ စုံစမ်းရလေ၏။

## စကားတောင်စား ဟံသာဝတီသို့ ရောက်ကြောင်း

ယင်းသောအခါ စကားတောင်စား လာသည်ကို ဆင်ဖြူများရှင် ကြားတော်မူလျှင် ငါတို့ မြန်မာတို့၏ ဂုဏ်ကျေးဇူးကို မှန်တို့သည် မယုံကုန်၊ အရှင်ဖြစ်၍သော မလျှောက်ဝံ့သည်၊ ဘုန်းရည် ကံရည်သော မြန်မာက သာသည်၊ ဉာဏ်ရည် ကြံရည် ငါတို့ကို မတုဟူ၍ မှန်တိုက ထင်သည်။ စကားတောင်စားလာသည်ကို ငါဝမ်းမြောက်သည်ဟူ၍ မိန့်တော်မူ၏။ ရောက်လျှင် ကောင်းမွန်စွာနေရ၏။ တနေ့သ၌ ဗညားဒလကို ခေါ်တော်မူ၍ စကားတောင်စားကို မင်းအိမ်သို့ လာလတ်စိမ့်မည်။ မင်းခပြာဟော စုံစမ်းရမည်။ အမူး အမတ် အားလုံးကိုလည်း ကွမ်းခွက် စားသော သူတို့နှင့် ရှိသမျှကို ဗညားဒလအိမ်သို့ တက်စိမ့်မည်ဟူ၍ မိန့်တော်မူ၏။ ကွမ်းခွက်စားပြင်၊ မင်းမှူး မင်းမတ်၊ မြို့စား ရွာစား အားလုံးကို ဗညားဒလ အိမ်သို့ချည်း တက်ရ၏။ အိမ်ဘွင်လည်း ဗညားဒလနေစရာ ဖတိုင်တစ်တောင်သာသာထက် အုံးဝန်းနှင့် ထား၏။ ဖတိုင်ခြေရင်းကလည်း စကားတောင်စားနေစရာ သင်ဖြူးခင်း၍ ထား၏။ ဘဝရှင် မင်းတရားကြီးကလည်း စကားတောင်စားကို ဗညားသေနာပတိအိမ်သို့ တက်စေ ဟူ၍ အမိန့်တော်ရှိသောကြောင့် ပုဆိုး၊ အင်္ကျီ၊ ပေါင်းထုပ်၊ အနီချည်း ဝတ်၍ လာ၏။ မှူးပ်မတ်ပေါင်းတို့၏ အလယ်၌ ခင်းကျင်း၍ ထားသော သင်ဖြူးတွင် ပေါင်တောင်၍ မဖွဲ့မရွားနေ၏။ ဗညားဒလလည်း တံခါးကြားက ချောင်း၍ကြည့်သော် အုံ့ဖွယ်သရဲ ပိုင်၏ဟု အောက်မေ့မှ မင်းဝတ် မင်းစား ကောင်းစွာဝတ်ရင်၍ ဝတ်ပြီးလျှင် ထွက်၍တစ်ဖန် ဖတိုင်သို့တက်၍နေလေ၏။ စကားတောင်စားလည်း ရှုတ်ခြည်းထ၍ တက်မည်ပြုလျှင် ဗညားဒလလည်း လက်လှမ်းလင့်၏။ စကားတောင်စားလည်း လက်ကိုမပေးဘဲ တက်၍နေ၏။ ဗညားဒလလည်း ထူးဆန်းလှ၏ဟု အောက်မေ့ပြီးမှ ငါတို့သခင်နှင့် မိမိသခင်ကို ပဟက်စေမူ၍ ငါနှင့်သာ နရပတိကို ဖက်၍ ဆိုမည်ဟု အောက်မေ့ပြီးမှ အင်းဝမင်း နရပတိစည်သူ ကျန်းတော့တော်မူ၏ ဟူ၍ မေး၏။ စကားတောင်စားလည်း ငါတို့သခင် ကျန်းတော်သာယာတော်မူသောကြောင့် ဆင်ဖြူရှင်သခင် ကျန်းတော့ သာယာကြောင်းကို သိတော်မူလို၍ စေတော်မူသည်ဟူ၍ ဆို၏။ ငါနှင့်သာ မိမိသခင်ကိုဖက်၍ ဆိုမည်ဟူ၍ အောက်မေ့သည်ကို ရှုတ်ခြည်း တို့ဘုရားနှင့်ဖက်၍ ဆိုလေသည်။ အုံ့ဖွယ်သရဲဟု အောက်မေ့၏။ သာယာစွာ ပြောဟောပြီးမှ စကားတောင်စားလည်း တဲသို့ ပြန်လေ၏။ ဗညားဒလလည်း ဝင်၍ သံတော်ဦး တင်လေ၏။ ဘုန်းတော်ကြီးလှသော ဘုရား—စကားတောင်စားသည် အုံ့ဖွယ်သရဲ အတတ် အလိမ္မာ လွန်လှ၏

ဟူ၍ ယကြောင်း အမျိုးကို သံတော်ဦး တင်သော်၊ အရှင် ဘဝရှင်မင်းတရားကြီး ပြုံးတော်မူ၏။

ဗညားဒလလည်း ဘုန်းတော်ကြီးလှသော အရှင်-ကျွန်တော် စကားတောင်စားသည်၊ ဂုဏ်ကျေးဇူး အတတ် အလိမ္မာနှင့် ပြည့်စုံလှ၏။ ခေါ်တော် မူ၍ မေးမြန်းတော် မူသော်လည်း၊၊ မျှ၍သာ မေးမြန်းတော်မူပါဟူ၍ လျှောက်၏။ ဗညားဒလလည်း စကားတောင်စား၊ ဂုဏ်ကျေးဇူး ကိုကား သိချို၊ အကျင့် အလျှစ်ကို သိချင်သည် ဖြစ်သောကြောင့်၊ နက်ဖြန်သည် ရွှေလှော်တော်၌ မူးတော် မတ်တော်တို့၏ အလည်တွင် ကျွန်ုပ်ကျွန် ထမင်းကျွေးမည် ဟူ၍ လျှောက်၏။ မိုးသောက်သနေ့၌ မှူးကြီးမတ်ကြီး ဗေါဓညား အပေါင်းတို့နှင့် ရုံးစု၍ ပြောဟော နေကြသည်။ အနောက်မြောက်ထောင့် အရပ်ဘွင် သင်ဖြူးခင်း၍ ထား၏။ အပေါ်တွင်လည်း ရွှေကရားနှင့် ရေအပြည့်ထည့်၍ ထား၏။ ရွှေဖလား လတ်လည်းတစ်လုံး၊ ငွေဖလား လတ်လည်းတစ်လုံး ထား၏။ ထမင်းပွဲကိုလည်း ငွေလင်ပန်းကို အနားမမြင်အောင် ထမင်းထည့်ပြီးမှ အပေါ်တွင် အမဲပေါင်း၊ အကျစ်၊ အကြော်၊ အကင် စသော အရသာတို့ကို အထပ်ထပ် ထမင်းကို မမြင် ရအောင် အသင့်ထည့်၍ ထား၏။ ဟင်းခွက် တွင်လည်း ဟင်း လေးတစ်ကို အထပ်ထပ် အရည်မမြင်သာအောင် ထည့်၍ အသင့်ထား၏။ ယင်းသို့မှ နရပတိမင်း သံတော် စကားတောင်စားကို ခေါ်၍ သင်ဖြူးတွင် နေစေ၍ ပြောဟော ပြီးမှ၊ ဘဝရှင် မင်းတရားကြီး ဘုရားက စားတော် အုပ်ကို ကျွေးဘိဟူ၍ အမိန့်တော် ရှိသည်ဟူ၍ ဆို၏။ ယင်းသို့မှ စီရင်၍ ထားသော ပွဲအားလုံးကို ရှေ့တွင် တည်၏။ စကားတောင်စားလည်း မြင်လျှင် ငါ့ကို စမ်းသည် ဟူ၍ အောက်မေ့မှ ရွှေကရားက ရေကို ရွှေဖလားတွင် ထည့်၍ ကရားကို အညာထည့်၍ ထားပြီးမှ လက်ငါးချောင်း ဆန့်ရုံ အမဲသားကို မြင်ပို ဟ၏။ အမဲပေါင်း၊ အမဲကျစ်တို့ကို ပြင်အပေါ်က မယူဘဲ အထဲကသာ ထမင်း ပြင်ဟန်ပြု၍ စား၏။ ဟင်းလေးတစ်ကိုလည်း အပေါ်က မယူဘဲ လက်နှစ်၍ အထဲကသာ ယူ၍ စား၏။ စားများလတ်သော် ထမင်းသည် မပေါ်ဘဲ တရွေ့ တရွေ့ နိမ့်၍ကျ၏။ ယင်းသို့မှ ရွှေဖလားတွင် ရေကိုသောက်၍ ငွေဖလားတွင် ဆေးကျော၍ ပြီးမှ ပြောဟော၍ နေ၏။ ဗညားဒလသည်၊ ထမင်းပွဲကို ကြည့်သော် အမဲပေါင်း၊ အမဲကျစ်၊ အစရှိသော ခဲဖွယ်တို့သည် အောက် ထမင်းသီက တစ်ခြမ်းစီ ကုန်၍ အပေါ် တစ်စီတစ်စမျှမလစ်သည်ကို မြင်၏။ စကားတောင်စားသည်၊ ထဲသို့ပြန်ပြီးမှ ဗညားဒလ ဝင်၍ သံတော်ဦး တင်

လေ၏။ ဘုရားကျွန်တော် စကားတောင်စားသည်၊ အစားအသောက်ကသည်၊ ဆိုဖွယ်မရှိ၊ အံ့ဖွယ်သာရှိ ကျစ်လျစ်လှ၏ ဟူ၍ သံတော်ဦးတင်၏။

ထင်းသို့မှ ထီးဆောင်းမင်း အပေါင်း၊ မင်းဆွေ မင်းမျိုး၊ မှူးကြီး မတ်ရာ၊ မှူးခေါင် မတ်ရွာ၊ ပေါ်ဘုရား၊ အစရှိသော မရေတွက်နိုင်သော ဗိုလ်ပါ အပေါင်းနှင့် လေးနန်းငါးရက်နေ ဆင်ဖြူသခင် ဘဝရှင် မင်းတရားကြီး ဘုရား သည် သတင်းကြီးစွာ ခံတော်မူ၏။ စေတီ ထီးတော် တင်ပွဲကိုလည်း ထွက်တော် မမူမကြည့်ရှု၏။ ထွက်တော်မူလျှင် အင်းဝ နရပတိစည်သူ ကျွန်းတော်ခံနိုင်ပါ ဟူ၍ မေးတော်မူ၏။ ရတနာသုံးပါး ဂုဏ်တော်ကြောင့် ကျွန်ုပ်တို့သခင် ကျွန်းတော် သာယာ၏ဟူ၍ နားတော်လျှောက်၏။ ယခု ငါ့သဘင် ခံတော်မူသော ပွဲကဲ့သို့ အင်းဝမှာ ပွဲလမ်းသဘင် ရှိပါသလောဟု မေးတော် မူ၏။ စကားတောင် စားလည်း အရှင် ဘဝရှင်မင်းတရားကြီး ဘုရား။ ဗျာဒိတ်တော် အတိုင်း အင်းဝ ရွှေနန်းတော်တွင် ဖြစ်သော သဘင်ကား များပေါ၏။ ထူပါရုံ မြတ်စွာဘုရားကို ထီးတော် တင်ပြီး၍ ပွဲခံသည်ကို ပြောဆို ကြသည် မျှနှင့် ယခု ပွဲတော်တူပါ၏ဟု သံတော်ဦး တင်လေ၏။ အင်းဝ ရွှေနန်း ရင်ပြင်သည်၊ ကျယ်စွာ့ဟု မေးတော် မူ၏။ ရှင်ပင် ဘုရား ရွှေနန်းတော် ရင်ပြင်ထက်တစ်တာ ကျယ်၏ဟုလျှောက်၏။ တစ်တာလွန်ကြောင်းကို အဘယ်ကြောင့် သိရ သနည်းဟု မေးပြန်၏။ ကျွန်ုပ်ကျွန် အလုပ်တွင် တာပါသောကြောင့် သိသည် ဟူ၍ လျှောက်၏။ သွား၍ အလျင် တိုင်းရလေသော် ပဲခူး ရွှေနန်း ရင်ပြင်ထက် အင်းဝ ရွှေနန်း ရင်ပြင် သည်တစ်တာလွန်သည် မှန်၏။ ဤအရာ၌ စကားတောင် စားသည်၊ ဆင်ဖြူရှင် မင်းတရားကြီးကို လျှောက်သောစကားကို ခက်တင်မောင်းနင်းဟူ၍ ပညာရှိ တို့ဆိုကုန်၏။ အရှင်ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဆုလာဘ်များစွာ ပေး၍ သုံးလခန့်ရှိလျှင် လွှတ်တော်မူ၍ ဟံသာဝတီက ပြန်လာ၏။ စကား တောင်စားရောက်၍ အကြောင်းမျိုးကို လျှောက်လျှင် အားရတော်မူ၍ ဆု လာဘ်များစွာ ပေးတော်မူသည်။

---

အင်းဝကို သိမ်းယူသည့်အကြောင်း

သက္ကရာဇ် ၉၁၅-ခုတွင်၊ ဟံသာဝတီ ဆင်ဖြူများရှင် ပင်းတရားကြီးက သားတော် မဟာဥပရာဇာ၊ ညီတော်ဘုရင် အတိုးမေမ့ရာဇာတို့ကို ရေကြောင်း၊

ညီတော် တောင်ငူ ဘုရင်မင်းခေါင်နှင့် နေ့်ရထားတို့ကို ကြည်းကြောင်း ဆင် မြင်းရင်း လှေအက်အများနှင့် ဟံသာဝတီက ချီလာ၏၊ ထိုအကြောင်း ကို အင်းဝဘုရင် နရပတိ ကြားတော်မူလျှင် ပိုးညင်း၊ ပိုးကောင်း၊ အုန်းဘောင် တို့ကို စစ်ကူ အလျင်လာပါ စေတော်မူ၏။ အင်းဝတွင် ရှိသော တိုက်ခရ ဆုံရာကျော်ကိုလည်း အမြောက်သေနတ် တင်စေ၍ သင်္ဘောနှင့် ဘယကျော်သူ တို့ ရှမက် ငါးသောင်းနှင့်ကျောက်တစ်လုံးက နေ၍ခံရ၏။ အုန်းဘောင် စော် ဘွား၊ သီပေါစော်ဘွားတို့ ရောက်လျှင် အင်းဝတွင်ရှိသည့် အလုံး အရင်းနှင့် တကွ ရောက်သော် တိုက်ဆင် သုံးရာ၊ မြင်းခြောက်ထောင်၊ စစ်သည် သုံး တစ်သိန်းနှစ်သောင်းရှိသောဟူ၏။ ထိုသို့သော အလုံး အရင်းနှင့် စော်ဘွား လေးဦးတို့သည် တံတားဦးကသည့် ကူးတို့ဆိပ်၊ ခေါင်ကဲ့ တိုင်အောင် တပ်ခိုင် တပ်လုံတည်၍ ခံတော်မူ၏။ ။ဟံသာဝတီက ချီလာသော တောင်ငူဘုရင် မင်းခေါင်တို့ ရွှေဖျားမြင်းတပ်နှင့် အင်းဝမြင်းတပ်တွေ့၍ တိုက်ကြလေသော် ဟံသာဝတီ မြင်းတပ်ပျက်၍ ဆုတ်လေ၏။ အင်းဝ မြင်းတပ် ဖိ၍ လိုက် သည်ကို ဟံသာဝတီ၊ ဆင်တပ်က ဖိ၍ လိုက်လာ၏။ အင်းဝ ဆင်တပ်များ လည်း ခံ၍ တိုက်လေ၏။ ထိုသို့ တိုက်ကြရာတွင် ဟံသာဝတီ ဆင်တပ် ရှေ့လေ ၏။ ယင်းသို့ ရှေ့လျှင် ဟံသာဝတီသားတို့ စကားအရပ်ဘွင် တပ်ခိုင် တပ်လုံ တည်၍ နေလေ၏။ ဟံသာဝတီက ရေကြောင်းချီလာသော ဥပရာဇာတို့လည်း ကျောက်တစ်လုံးတွင် ခံစေသော သင်္ဘော၊ ဘယကျော်သူတို့ လှေတပ်ကိုတွေ့လျှင် စိန်ပြောင်း မြတပူနှင့် တစ်ဖက်တစ်ချက် လွှတ်ကြသည်။ အင်အား မတန်၍ ဥပရာဇာတို့ ဆုတ်၍ နေလေ၏။ တောင်ငူဘုရင် မင်းခေါင်လည်း ဥပရာဇာ လှေတပ်သို့ ယခု အင်းဝမှာ စုံစမ်းစေသော် စော်ဘွားတို့ ကူညီလေသော ကြောင့် ရေတပ် ကြည်းတပ် ခိုင်လုံသည်။ ရှေးကဲ့သို့ မဟုတ်ချေ။ သတိ ဝီရိယ ပြု၍ လုပ်ကြံရချိမ့်မည်ဟူ၍ စေ၏။ ဥပရာဇာလည်း ယခု စမ်းချိသော ချီလာရ သည်ဖြစ်သည်။ အရေးသာလျှင်လည်း တိုက်မည်။ မသာလျှင်လည်း ဆုတ်မည်။ ခမည်းတော် ဘုရား-အမှာတော်မှာလည်း စော်ဘွားတို့က ကူညီ၍ အလုံးအရင်း ဆင်မြင်းများသည့် အဟန့် ရှိလျှင် အရေးအရာဆို၍ ပြန်ခဲ့အမှာတော်ရှိသည်။ ယခုလည်း အုန်းဘောင် စော်ဘွားသည် ကတိပျက်၍ အင်းဝက ကူညီလေသော ကြောင့် အင်အား များလေသည်။ အမှာတော်အတိုင်း ပြန်ဦးတော့မည်ဟူ၍ မှာတော်မူ၏။ ဘုရင်မင်းခေါင်လည်း သင့်လှပြီ ဟူ၍ မှာတော်မူပြီးလျှင် ရေ တပ်၊ ကြည်းတပ် ပြန်လေ၏။ ။အင်းဝဘုရင် နရပတိလည်း ဟံသာဝတီက

ချီလာသောရေတပ်ကြည်းတပ် ပြန်လေလျှင် စော်ဘွားတို့သို့ များစွာ ပန္နက်နှပ်
၍ ပြန်လေတော်။

သက္ကရာဇ် ၉၁၆-ခုတွင်၊ ဟံသာဝတီက ဆင်ဖြူများရှင် ဘဝရှင်မင်းတရားကြီး
ဘုရား ရေကြောင်း ကြည်းကြောင်း ဆင်လုံး မြင်းရင်း လှေတက် အများနှင့်
ချီတော်မူလာသည်။ ထိုအကြောင်းကို အင်းဝဘုရင် နရပတိ ကြားတော်
မူလျှင် ရမည်းသင်း၊ ဝတီး၊ ယင်းတော်၊ ညောင်ရမ်း၊ ပင်းတလဲ မြို့များကို
ဆင်မြင်း ဗိုလ်ပါ လောင်းထည့်၍ အခိုင် အလုံ နေရလေ၏။ မိုးကောင်း၊
မိုးညှင်း၊ အုန်းဘောင်၊ သိပေါသို့လည်း စစ်ကူ အလျင်လာ ဟူ၍ စေတော်
မူ၏။ ဟံသာဝတီက ချီလာသော ဆင်ဖြူများရှင် ညီတော် ဘုရင် မင်းခေါင်၊
ညီတော် မင်းရဲ ကျော်ထင်တို့လည်း ဆင်လုံး မြင်းရင်း အများနှင့် ရမည်းသင်း၊
ယင်းတော် စသော တောင်ဘက်တစ်လွှားတို့ကို လုပ်ကြံလေသည်။ မခံနိုင်၍
အင်းဝသို့ချည်း ပေါင်းလာ၏။ ဆင်ဖြူများရှင် မှကား-အနောက်ဘက်ကြောင်း
ချီတော်မူ၍ လက်ထပ်ကသည် ကျွမ်းရွာသို့ကူး၍ ပုခန်းကြီးစားကို လုပ်ကြံ
လေသည်။ မခံနိုင်၍ ပုခန်းကြီး ပျက်ချေ၏။ ပုခန်းကြီးစားမှုကား၊ မြို့က
ထွက်၍ မိုးညှင်းသို့ ဝင်လေ၏။ ဆင်ဖြူများရှင် ညီတော် သတိုး ဓမ္မရာဇာတို့
လှေတပ်မှုကား၊ မြောင်းတူးကို ဝင်၍ ပုခန်းကြီးကို နောင်တော်နှင့်အတူ လုပ်ကြံ
သည်။ ပုခန်းကြီးပျက်လျှင် အမြင့်ကို လုပ်ကြံလေသည်၊ ပျက်လေ၏။ အမြင့်မြို့
ကသည်၊ ဗဒုံကနီကို လုပ်ကြံကြသည်၊ ပျက်ပြန်ချေ၏။ မြို့စားနှင့်တကွ ရလေ၏။
ယင်းကမှ ချင်းတွင်းကထွက်၍ ဆေဝတီကြောင်းချီလာ၏။ ဆင်ဖြူများရှင်လည်း
ပုခန်းကြီးက သည်-နန္ဒင်းကိုင်းကို ကူး၍ မြောက်ဘက်ကြောင်း စစ်ကိုင်းသို့
ချီတော် မူလာ၏။ စစ်ကိုင်းစားလည်း မြို့တွင် မခံဝံ့၍ ပြေးထွက်ချေ၏။
ဟံသာဝတီက ကြည်းကြောင်း ချီလာသော ဘုရင်မင်းခေါင် မင်းရဲကျော်ထင်
တို့လည်း စကားပင်ကြား၌ တပ်ခိုင် တပ်လုံ တည်၍ နေသည်ကို အင်းဝကသွား၍
တိုက်စေသည်၊ ပျက်ချေ၏။ ဟံသာဝတီက ချီလာသည့် ရေတပ် ကြည်းတပ်
အရောက်ညီလျှင် ဆင်လုံး မြင်းရင်း ဝန်းရံ၍ လုပ်ကြံလေသည်။ အင်းဝမြို့
ပျက်လေ၏။ အင်းဝပျက်ခဲ့လျှင် နရပတိစည်သူလည်း အခြွေအရံ ကျေးကျွန်
ဝိုရာနှင့် အုန်းဘောင်က စစ်ကူလာသော စော်ဘွားတို့တပ် ဆင်ခေါင်းမှာ
မှီရာသို့ ပေါင်းမည် ဟူ၍ သွားတော်မူသည်ကို ဆင်ဖြူများရှင် ဘဝရှင်မင်းတရား
ပသင်၊ အသင်းတို့ ကျွေလျှင် ဖမ်း၍ ဆက်လေ၏။ ဆင်ဖြူများရှင် ဘဝရှင်
မင်းတရားကြီးဘုရားလည်း သနားတော်မူ၍ ကျေး ကျွန် အဆွေ အပေါင်းနှင့်တကွ

ထားတော်မူ၏။ ဟံသာဝတီသို့ ရောက်တော်မူလျှင် ဓားပ ဥယျာဉ်ရှေ့ သာယာလှပစွာသော သုံးဆောက်အိမ်ဆောက်၍ နေရ၏၊

---

## သတိုးမင်းစော-အကြောင်း၊

သက္ကရာဇ် ၉၁၆-ခု တပို့တွဲလပြည့်ကျော် ၃-ရက်နေ့ အင်းဝကို ဆင်ဖြူများ သခင် အလိုတော် ပြည့်လျှင် မြောက်ဘက် တောင်ဘက်ဝယ်ရှိသော မြို့ပြ တို့ကို သိမ်းယူတော်မူသည်။ မြို့ပြတို့ကို သိမ်းယူတော်မူ၍ ကျေးစားအသစ် ထည့်တော်မူသည်။ ကျေးစားဟောင်းတို့ကိုလည်း ထပ်၍ သနားသင့်သော မြို့ရွာကို ထပ်၍ သနားတော်မူသည်။ ရောဂတီမြစ်ကြောင်းအညာတစ်လွှားဆွင် ရှိသော မြို့ပြတို့ကိုလည်း ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာကို လုပ်ကြံစေ၍ ရတော်မူလျှင် ဆင်လုံး၊ မြင်းရင်းနှင့်ချည်း မြို့စား ထည့်တော်မူသည်။ အင်းဝ မြို့ကိုမူကား— ညီတော်အငယ် မင်းရဲကျော်ထင်ကို သတိုးမင်းစော အမည်နှင့် အင်းဝတွင် ရှိသော အလုံး၊ အချင်း ဆင်၊ မြင်းနှင့်တကွ ပေးတော်မူသည်။ အင်းဝသို့ ပါကောင်းလေသော မြို့ရွာကိုလည်း ပေးတော်မူသည်။ ။အင်းဝ နရပတိစည်သူကား၊ သက်တော်ငါးဆယ့်တစ်နှစ်တွင် စစ်ကိုင်းမြို့ကိုစည်တော် မူသည်။ စစ်ကိုင်းမြို့တွင် ခြောက်နှစ် နေတော်မူ၍ သက်တော်ငါးဆယ့်ခုနစ် နှစ်တွင် အင်းဝ ရွှေနန်းကို တက်တော်မူသည်။ ရွှေနန်းတော်ဆက် သုံးနှစ်နေ၍ သက်တော် ခြောက်ဆယ်ပြည့် သက္ကရာဇ် ၉၁၆-ခု၊ ပြာသိုလဆန်း ဆယ်ရက် တနင်္ဂနွေနေ့ နက္ခတ် နှစ်ဆယ့်ခြောက်လုံး မဟာရေလက်တွင် ကောသိရုတ်၌ နန်း ကျတော်မူသည်။ တပို့တွဲလပြည့်ကျော် သုံးရက်နေ့ အင်းဝပျက်သည်။ နရပတိ စည်သူကား၊ နံတော် ဗုဒ္ဓဟူးသားတည်း။ ။ရာဇာနဝုရ အင်းဝပြည်ကြီးဝယ် သတိုးမင်းဖျားမှ စ၍ သတိုးမင်းစောတိုင် ၁၉-ပါးကို ဆိုသည် ဘား-ပြီး၏။

## ဇေယျဝဓနတိုင်း တောင်ငူပြည်တွင် စံနေသော မင်းတို့-အကြောင်း

ရာဇာနဝုရ အင်းဝကသည် သရေခေတ္တရာပြည်၌ မင်းတို့ကို ဆိုပြီး၍ ဇေယျဝဓနတိုင်း ကေတုမတီ တောင်ငူပြည်မင်းတို့ အကြောင်းကို ဆိုသတည်း။ ။

ဘုရားသခင်သည် ရှင်အာနန္ဒာ၊ ရှင်သီဝလီ၊ ရှင်ဂဝံပတိထေရ်တို့နှင့် ဒေသစာရီ လည်တော်မူသော် ထိုအရပ်သို့ ရောက်တော်မူ၍ အာသာဝတီ မည်သော ပေါင်းလောင်းမြစ်ကို ကူးတော်မူ အရှေ့သို့ ကြွတော်မူ၍ အင်တိုင်းတောတွင် ရပ်တော်မူလျှင် သီဝလီထေရ် ခြေရာ ထားတော်မူခဲ့၏။ ခြေတော်ရာ တွင်၏။ ထိုက အနောက်တောင်သို့ ကြွတော်မူ၍ ခြေတော်ဆေးလိုသော နှလုံးတော် ရှိလျှင် ချောင်းမြောင်းက ထွက်သည့်ရေကို ခြေတော်ဆေး၏။ ခြေဆေးချောင်း တွင်၏။ ထိုက အရှေ့သို့ လည်တော်မူ၍ ကုန်းပြင်အက် ရပ်လျက် ပြုံးတော် မူသည်ကို အရှင်အာနန္ဒာလျှောက်၍ အာနန္ဒာ-ဤအရပ်၌ သင်နှင့်ငါ ကြက်ဖြူ ညီနောင် ဖြစ်ဖူးသည်။ ကြက်ဖြူတို့ အိပ်ရာတည်း။ ထိုအရှေ့ ချောင်းနှင့် ကြက်ဖြူညီနောင် မနီးမဝေးနေ၍ ကျက်စားကြသည်ဟု မိန့်တော်မူ၏။ ထိုသို့ ပြုံးတော်မူရာအရပ်တွင် ချောင်းကိုလည်း ပြုံးချောင်း တွင်၏။ နရာတိစည်သူ ရှေ့ကြောင်းလည်သောအခါ ထိုချောင်းသို့ ရောက်၍ ရေကြည့်သည်ကား- မြနှင့် တရတည်ပင် ဆိုသောကြောင့် တရတည် တွင်၏။

ဆုချောင်းနှင့်၊ ကမ်းပေါ်မြင့်ရွာသည် ထက်ဝန်းကျင် ချုံစေး ပျစ်ထပ်သောကြောင့် မှန်တို့ ကြံ၍ မရနိုင်ရှိလျှင်၊ ထိုရွာပတ်လည် စေးပျစ်တော၌ ရွှေ၊ ငွေစ အခံယ်များစွာ ကြဲလာ၍ ရွှေ၊ ငွေ များကို ရွာသားတို့ တောကို ထွင်ယူလေသဖြင့် လွင်ပြင်မှ ရွာသား အလုံးနှင့်တကွ ကမ်းပေါ်မြင့်ရွာသားကို မှန်တို့ယူ၍ ဗျူရွာတွင် ထားလေ၏။ ကမ်းပေါ် မြင့်စားသည်း သားသဝန်ကြီး၊ သဝန်ငယ်တို့ကို "ငါသားတို့ ညီနောင် လွတ်သာသော် ငါ့ကို ကမ်းပေါ်မြင့်ရွာကား ပေါင်းလောင်းကို ဆန်သွားလျှင် လက်ဝဲဘက်က ချောင်းတက် ရှိ၏။ ထိုချောင်းတက်သို့ လိုက်သော် တောင်ငယ် အငူ ရှိ၏၊ ယင်းသည့် အရပ်တွင် ရွာတည်လေ" မှာထားခဲ့၍၊ အဖ သေလွန်သည်နောက် သဝန်ညီနောင်တို့သည် မှန် ကျေးဗျူရွာက ထွက်ခဲ့၍ ပေါင်းလောင်းမြစ်ကို ဆန်ကြလေသည်။ ပေါင်းချောင်းပေါက်ကို ရောက်လျှင် ခပေါင်းသို့ ဝင်လေ၍ ဆန်လတ်သော် တောင်ငယ် အငူ တွေ့၍ ဤတောင်ငူကား၊ ငါတို့အဖ မှာခဲ့သော အရပ်တည်းဟု တောင်ငယ်ကို တည်လေ၏။ အဖကား၊ ဆုချောင်းနှင့် ကမ်းပေါ်မြင့်ရွာကို ရည်၍ မှာထားခဲ့သတည်း။ ထိုအခါ ထီးလှိုင်ဆင်သက်တွင် အသည်သားတစ်ယောက် ယာထွန်သော် အင်္ဂါကို စုထားရာ မြွေငန်းကြီး အငုံ့ ပြုပြီးလျှင် တောင်သို့ သွားလေ၏။ ထိုအကြောင်းကို ထီးလှိုင်ကျောင်း သူမြတ်ကို ပြန်ပြောသော်၊ ဧ ယကာ တောင်အရပ်မှာ ကောင်းစားလိမ့်မည်။ တောင်အရပ်

သို့ သွားလေဆို၍ မယားနှင့် သွား၍ ကင်းသာတွင် နေ၏။ ကင်းသာတွင် မိဘ သေသော ကရင်မယ်ကို မွေးသောကြောင့် ကရင်အပေါင်းကြ၏။ ထိုရွာသူ— ရှမ်းသန်၏။ လေးတတ်၏။ ကွန်တတ်၏။ မြင်းတတ်၏။ ကင်းသာတွင် နေရ သည့်အဘော်အပေါင်းများလျှင် ထီးလိုင်သို့မြတ်က၊ တောင်မှာမှ ကောင်းမည် ဆိုသည် မြစ်၍ သွားဦးမည်ဟု ကင်းသာကသည်၊ ကဲသင်းရွာ အရှေ့တောင်၊ ပေါင်းလောင်း အရှေ့ဘက် ကမ်းယံတွင် ရွာတည်၍ နေ၏။ ထိုရွာစည်ပင် သည်ကို သဝန်ကြီး ကြားလျှင် ငါနှင့် ပေါင်းလာလည့်ဟု အပေး အကမ်းမြင်း ပေး၍ တောင်ငူငယ်မှာ နေလာလျှင် ထောင်မှူးထည့်၏။ တောင်ငူက မြို့ဟောင်းမှာ နတ်ကရာ ကန္တားသို့ ပြင်းမှတ်သွားသည်၊ နေချင်းရောက်သော ဟု၏။ နတ်သာအင်း အနောက်တွင် ကျောက် ပုပ်လုံးရှိ မကာ ကောက်၍ သွားသည်။ လမ်းတွင်မှ—လေးပျင်းနှင့် ကုဘ်ခဲ့၍၊ ဒေါပေါင်းချောင်းနားတွင်မှ ဆောက်ထားခဲ့သည်ကို ကျောက်ဆောက် တွင်၏။

ထောင်မှူးနှင့် သဝန်ကြီး သဝန်ငယ်တို့သည် "ယခု ငါတို့နေသည့် တောင်ငူ ငယ်သည် ကျဉ်းစွာခဲ့သည်ဟု လူအများ နေလောက်အောင် မြို့ရာရှာကြသော် အရှေ့ဘက်၌ တရထည်ညီနောင်နှင့် မြို့ဟောင်းရာ မြောက်အရပ်၌ မင်းဝန် တောင်ရိုး အနောက်အရပ်၌ ကျောက်ဆောက်ဘုရား အရှေ့တောင်၌ ဒေါပေါင်းနှင့် ပေါင်းလောင်းမြစ်ဆုံတွေ့၍ မြို့တည်မည်။" နတ်ရကာ ပ သ ခင်းကျင်းပြီးလျှင် နောင်တော် သဝန်ကြီးတစ်ယောက်တည်းအနောက်သို့ လှည့်ပတ်သော် ညီတော် သဝန်ငယ် သစ်ပုပ်ပင်ကြီးက ပုန်းကွယ်၍ နောင်တော်ကို ရှာဖြည်းမြောက်လှန့် ဘိ၏။ သဝန်ကြီးလည်း ဤအရပ်ကား တစ်ယောက်ကိုတစ်ယောက်သတ်၍ မင်းမှု လုတ္တံ့ဟု နိမိတ် ဖတ်ပြီး၍—

"သက္ကရာဇ် ၆၄၁-ခု၊ ကဆုန်လဆန်း ကိုးရက် နက္ခတ်ခုနစ်သုံး နှစ်ယတ် ပြီးသလင်္ဂ ကရကဋ်စဉ်အခါတွင် တောင်ငူမြို့ကို တည်၍ သဝန်ငယ် မြောက်လှန့် ရာ သစ်ပုပ်ပင်တွင်လည်း ဘုရားတည်သည်။ သစ်ပုပ်တောင်ဘုရား တွင်၏။ မြို့တွင်း အရှေ့နားတွင် ရွှေဂူဝမြောက်ပါး၊ မြောက်သို့ ဦးခေါင်းမူလျက် နိဗ္ဗာန် ယူဟန်၊ နေရဟန်ဘုရား၊ အရှေ့တောင်တုံ စရဲဘုရား၊ တောင်တွင် ရှေးက ရှိနှင့်သည့် ဂူကြီးဘုရားတို့ကိုလည်း ကိုးကွယ်ပူဇော်တော်မူ၏။" ။သဝန်ကြီးကား ဝါတွင်းကို လဆန်း၊ လဆုတ် သီတင်းကိုင်၊ ဘုရားတရထည်ညီနောင်သို့ အဝင် သွားမြဲတည်း။ ဘုရားရှင်သို့ သွားရာ လှေဆိုက်ထားသည့် ဆိပ်တွင် သဝန်ငယ်က ကျွန်တို့ကို စေ၍မြုပ်ထားစေ၍ သဝန်ကြီးလည်း လှေဆိုက်၍ ဘုရားရှင်သို့

တက်လေသော် သဝန်ငယ်ကျန်တို့ လုပ်ကြံ၍၊ သက္ကရာဇ် ၆၇၉-ခုတွင် အနိစ္စ ရောက်လေ၏။ သဝန်ကြီး စည်းစိမ်သုံးဆယ့်ရှစ်နှစ်။ ။သက္ကရာဇ် ၆၇၉-ခုတွင် ညီတော် သဝန်ငယ် မင်းပြုလျှင် နောင်အရေးကို မြော်တင်း၍ ပင်းယတစ်စီးရှင် မင်းကြီး၏ သားတော် ဥဇနာကျော်စွာတို့ကို တောင်ငူသို့ လုပ်ကြံစေသည်။ သဝန်ငယ်လည်း မခံ၍ အမတ် လက်ယာသောက်လျောကားတို့ ထွက်၍ သစ္စာ ခံရ၏။ သက္ကရာဇ် ၆၈၆-ခု၊ သဝန်ငယ် အနိစ္စရောက်၏။ စည်းစိမ် ခုနစ်နှစ်တည်း။

သက္ကရာဇ် ၆၈၆-ခု၊ သဝန်ငယ်မယား စောစလော စောကုမာ နှစ်ယောက် တွင် မယားကြီး စောစလောသည် သားစောနှစ်ကို မင်းလျှာထား၍ မိမိမင်းပြု၏။ စောစလောကား တောင်မှူး ကရင်ဘ ခွန်အား ကြောက်ခြားသည်ကို ခံ့ညား၍ မြို့မြောက်မှာ ဘုရားတည်သည်။ တံခါးတစ်ခုသော် ဘုရားတစ်ဆူတစ်ဆူထား၍ တံခါးအများ လုပ်၏။ ဘုရားတွင်း၌ ပွဲကြီးခံ၍ ဆွမ်းလှူ၏။ ဘုရားတွင်းသို့ တောင်မှူး ဝင်လျှင် ခုတ်ရမည်ဟု ဓားကိုင်လျက် တံခါးတိုင်း လူနေရ၏။ စောစလောလည်း တောင်မှူး ကောင်းမှုကိုဝင်၍ ရှိခိုးပါလော ဆိုသဖြင့် ဝင်မည် ပြုလျှင် လုံချေအတ်နှင့် ကာကာဖြစ်၍ ကြည့်စေသော် ဓားနှင့်ချည်း လူအများ တွေ့၍ တောင်မှူးကို ပြောလျှင် ငါကား သခင်မ မိသားကို အတွေ့အရာမရှိ၊ သခင်မပင် ငါ့ကို ကြံလေသည်ဟု လူအများနှင့် မြို့တွင်းသို့ ဝင်လေ၏။ တနေ့ ရောက်လျှင် သား စောနှစ်ကို တောင်မှူး လုပ်ကြံလေ၏။ မိဖုရား စောစလာ ဆင်မ စီး၍ တောင်တွင်းသို့ ပြေးလေသည်။ မြို့လှ အနောက် ကညင်တောင်ထိပ် ရောက်လျှင် လွန်လေ၏။ စည်းစိမ် တစ်နှစ်သာတည်း။

သက္ကရာဇ် ၆၈၇-ခု၊ တောင်မှူးကရင်ဘ မင်းပြုလေ၏။ ထိုမင်းသက်ထက် တောင်ငူမြို့ စည်ပင်စ ဖြစ်သတည်း။ ကဲလင်းရွာ၊ ကွမ်းအုံရွာ၊ ကနီရွာ၊ သစ်ရင်ရွာ၊ ငယယ်အင်းရွာများ ဖြစ်၏။ တောင်မှာကား၊ အရက်ချောင်းကန် လည်း ရေနိုးတည်း။ ထိုမင်း၌ဆင်တစ်ရာငါးဆယ်ရှိ၏။ ရှေးက ကျေးဇူးပြုဖူး ပေသော ထီးလှိုင်ကျောင်း သူမြတ်ကို မြို့မြောက်တွင် ကျောင်းဆောက်၍ ဝတ်မိုး ဝတ်မြေနှင့်တကွ လှူ၏။ ထီးလှိုင်ကျောင်းတွင် ကန်ကြီးလည်းဆည်၏၊ တုံစဲ့ နေရာဘန်ဂူကြီး သစ်ပုပ်တောင် ဘုရားရှင်များတွင် ကျောင်းဆောက်၍ သူမြတ်တို့အား ဝတ်မိုး၊ ဝတ်မြေနှင့် လှူ၏။ ကျောင်းဆောက် ဘုရားရှင်ကို လည်း ထပ်လုပ်၍ ထီးတင်၏။ ထို ဥပါး ကျောင်းဆောက်၍ ဝတ်မိုး ဝတ်မြေ နှင့် လှူ၏။ သိင်္ဂပါကို အကျွပ်အညှပ်ထား၏။ တောင်မှူးကရင်ဘ ကား၊ အသက်

ကိုးဆယ်တွင်လွန်၏ စည်းစိမ်တစ်ဆယ့်ခုနစ်နှစ်၊ နံတော် တနင်္ဂနွေ သား၊ အရိုးကို ဆင်တစ်ရာငါးဆယ်နှင့် ပွဲကြီးဖွဲ့၍ ပေါင်းလောင်းမှာ ချ၏၊

သက္ကရာဇ် ၇၀၄–ခု၊ သမက်တော် လက်ယာစကြာ မင်းပြု၏။ နှစ်နှစ်ရောက်သော် လက်ယာစကြာကို ညီထောက်လှေကားသတ်၍ မင်းပြုလေ၏။ နှစ်နှစ်ရှိလျှင် ထောက်လှေကားကို သိင်္ဂပါ သတ်၍ သက္ကရာဇ် ၇၀၈–ခု၊ သိင်္ဂပါ မင်းပြု၏။ ထိုမင်းကား၊ တတ်သိ လိမ္မာ၏။ မြန်မာမင်း၊ မွန်မင်း၊ ယွန်းမင်းတို့ကို ချစ်လေးမြတ်အောင် ကျင့်၍၊ ကုန်စလယ် သွားလာသူတို့ ခရီးပေါက်သဖြင့် ပြည်ရွာစည်ပင်လျှင် သက္ကရာဇ် ၇၂၀–ခု တွင်၊ သိင်္ဂပါ မြေးနှာ၍ မင်းထီးပြုလေ၏။ ရေလွဲ ငါးခရိုင်ကို ထိုး၍ သုံ့ပန်း ယူလေ၏။ ငွေယ်ကုန်းအနောက်တွင် ငွေယ်တောသားတို့ နေစေသည်။ နန္ဒင်းတော တွင်၏။ သစ်ကညင်တောင်တွင် နတ်အိမ်တည်၍ တီထွင်သည်။ နတ်ရွာတွင်၏၊ ကြို့ပင်ကြီးပါးတွင် မင်းတဲဆောက်၍ နေသည်။ ကြို့ပင်တဲ တွင်၏။ သက္ကရာဇ် ၇၂၉–ခုသို့ အတက်၊ တန်ခူး လဆန်း သကြန်နေ့၊ သိင်္ဂပါ အနိစ္စ ရောက်၏။ စည်းစိမ်နှစ်ဆယ့်တစ်တည်း၊ ထိုနှစ် သားပျံချီကြီးပဲခူးကလာ၍ မင်းပြုသည်။ အစေမြတ်စွာ နေဝံရထာ အမည်ခံ၏။ မွန်မင်း၊ မြန်မာမင်းတို့နှင့် အသင့်ကျင့်၍ သာသနာတော် ၁၉၁၅–နှစ်၊ သက္ကရာဇ် ၇၃၃–ခုတွင်၊ ပုဂံရွှေစည်းခုံ ဘုရားရှင် အထွတ်အောက်၊ ကြာခံ၊ ကြာပတ်၊ ထီးပြု၊ ကျွန်သီး လှူသည်။ ထိုမင်းကား ရတနာသုံးပါးကို ကြည်ညို၏။ အလှူကောင်းမှု၌ မမေ့လျော့၏။ ချောင်းဆုံကျောင်းကိုလည်း ဆောက်သည်။ ခပေါင်းချောင်းနားတွင် တန်ဆောင်းဆောက်၍ ဘုရားရှင် ရုပ်တုတော်ကို ကိုးကွယ်ထား၏။ ဆုံနှင့် ကျည်ပွေ့ကို မြင်မက်၍ ပညာရှိတို့အား မေးသော်၊ ချောင်းဆုံဖြစ်သော ခရိုင်နှင့် ခပေါင်းတွင်တည်ပြီး ကျည်ပွေ့အတူ ပုပ်ပဲဆုံတွင် တည်စေလို၍ နတ်တို့ ပြသည် ဆိုလျှင် တောင်ငူမြို့ကြီးနှင့် ကုလလေးတာ ပြန်ငါးရာ၊ ပုပ်ပဲချောင်းတစ်ခက်တွင် ဝေဠုဝန်ကျောင်းဟု ဝါးတောခုံစိုက်လျက် ဆောက်၏။ ထန်းလည်း အများစိုက်၏။ တောင်ငူတွင် မင်းဖြစ်ပြန်လို၍ ဆုတောင်းသော် မိဖုရား စိုးမင်းလည်း၊ မင်းနှင့်အတူ စိုးမင်းအမည်နှင့် ဖြစ်လို၏ဟု ဆုတောင်း၏။ ပျံချီကြီး မင်းပြုသည်နှစ်၊ မင်းကြီးစွာ အင်းဝ ရွှေနန်းကို မင်းပြု၏။ ပျံချီကြီးကား မွန်မင်းကို အဆွေဖွဲ့၍ မွန်တို့ မြို့စောင့်လာကုန်၏။ ကောင်းမှုကျောင်း နှစ်ရပ်ကို ကျေးမက်၊ လယ်မြေ လှူ၏။ တရထည် ဘုရားနှစ်ဆူကိုလည်း ထပ်၍ တည်သည်။ အင်းဝမှာ ရှမ်းစစ် အနှောင့်အယှက်ရှိသည်နှင့် မွန်ကို အားပြု

၌ မညွတ်နေသောကြောင့် မင်းကြီးစွာက နောင်တော် ပြည်မင်းကို တောင်ငူ ပျံချီကို လုပ်ကြံလေလျှင် ပြည်မင်းက လှည့်ဖြား သွေးခေါ်၍ ပြည်သို့ လာလေသော် ဖမ်း၍ သတ်လေ၏။ သားနှင့် သမက်ကား ထွက်ပြေး၍ လွတ် လေ၏။ တောင်ငူ မှာလည်း မြို့စောင့် မှန် မစိန်-မင်းမူ နှင့်၏။ ပျံ၍ ရှစ်နှစ်တည်း။

သက္ကရာဇ် ၇၇၇-ခု၊ ပျံချီသားနှင့် သမက်ဂုဏ္ဏတေး ကျေးရွာသားတို့နှင့် လုပ်ကြံလျှင် မြို့တွင်းသား တံခါးဖွင့်ပေး၍ ညဉ့်ကို ဝင်ရလေသော် သုံးလနှင့် ၌ မှန်မင်း-မစိန်ကို သတ်၍ ထိုနှစ် ပျံချီကြီးသား ပျံချီအမည်နှင့် မင်းပြု၏။ ထိုမင်းကား၊ အလုပ် အကြံမရှိ၊ အပျော် အရွှင်နှင့်သာ နေ၏။ သက္ကရာဇ် ၇၉၁-ခုမြောက်သော ဂုဏ္ဏတေး လုပ်ကြံ၍ ပျံချီအငယ် အနိစ္စရောက်၏။ စည်းစိမ် လေးနှစ်တည်း။ ထိုနှစ် ဂုဏ္ဏတေး မင်းပြုသည်။ ထိုမင်းသည် မှန်မင်း၊ မြန်မာ မင်းတို့နှင့် အသင့်မကျင့်သောကြောင့် ရွာပြည် တထိတ်လန့်လန့်ရှိ၏။ သက္ကရာဇ် ၇၉၅-ခုသော် ဂုဏ္ဏတေးကို မင်းဘောင်းကား လုပ်ကြံ၍ အနိစ္စ ရောက်၏။ စည်းစိမ် လေးနှစ်တည်း။

ထိုနှစ်တွင် မင်းဘောင်းကား မင်းပြု၏။ ထိုမင်းကို ပင်းယ အနောက် ဘောင်းကားရွာတွင် မွေးသောကြောင့် ရွာမည် တွင်၏။ တောင်ငူသို့ ရောက် လေ၍ အရည်အသွေး ကောင်းသောကြောင့် မြောက်မြားလေသည်။ အင်းဝ ဘုရင် မင်းကြီးစွာသို့ ခစားတ်၍ ကျွန်ခံလေ၏။ မှန် မင်းကိုလည်း အသင့် ကျင့်၏။ အလှကောင်းမှု မွေလျော်၏။ တောအုံ တီထွင်၍၊ လယ်ချောင်း ဖြစ်စေ၏။ တုံစဲ ဘုရားရှင် မြောက်တွင် တန်ဆောင်း ဆောက်၍ ဘုရား ဆင်းတုတော် လေးဆူအုတ်ကို လုပ်၍ ကိုးကွယ်၏။ အင်းဝသို့-နန်းတော်သတင်း မီသွားသည်မြို့လုသို့ ရောက်လျှင် ရှမ်းများ ဝင်နိုင်၍ မင်းပြုနိုင်သောကြောင့် မြို့လုက မြင်၍ ညဉ့်တွင်းချင်း ဖမ်းပြီးလျှင် မြို့ရှေ့ ဆင်ကျုံး ကျောင်း ရာတွင် သတ်၏။ တန်ဆောင်း ဘုရားရှင် လေးဆူကို ဝတ်မြေ လယ်ယာနှင့် ပေါင်း တောင်ဘက်၊ ကျောက်ဆောက် ကရင်များကို လှူ၏။ မိဖုရား စောစလာ၊ တောင်မှူး ကရင်ဘကို သတ်မည်ပြုသည်။ ဘုရားတိုက် အနောက် မြောက်တွင်၊ အုတ်ရိုး ဆင်းတုတော်လေးဆူ ကိုးကွယ်၍ ပြာသာဒ်နှင့် ထားသည်၊ ပြာသာဒ်ကျောင်း တွင်၏။ ထိုမင်း၊ တီထွင်သော ချောင်းသရဲတခွင် လယ် မြေကိုလှူ၏။ သက္ကရာဇ် ၇၁၉-ခု အနိစ္စ ရောက်၏။ စည်းစိမ်တစ်ဆယ်လေးနှစ် တည်း။ ။ထိုနှစ်တွင်-သားစောဦး မင်းပြု၏။ နှစ်နှစ်ရှိလျှင် လူငယ် ဖြစ်သည်၊

ပြည်၌ မအုပ်နိုင်ရာဟု သက္ကရာဇ် ၇၆၁–၌ မင်းကြီးဝှာက မင်းနေမိကို
သင်ခြောက်ဆယ်နှင့် တောင်ငူကိုပေး၍ ရှာကျ စောဦးဟု တွင်၏။

သက္ကရာဇ် ၇၇၀–ခုတွင်၊ မင်းခေါင်ကြီးက အထိန်းတော် ခေင်ညိုကို
လက်ယာကြီး ဟူသည့် အမည် ဆင်ခြောက်ဆယ်နှင့် တောင်ငူကို ပေးတော်မူ၏။
မင်းလက်ယာကား တောင်ငူအနီးအပါး ရှမ်းတို့ကို သာယာသော စကားနှင့်
ပေးကမ်းသဖြင့်၊ စည်ပင်သာယာ၏။ သုံးနှစ်ရှိလျှင်၊ ငါကျွန် အသက် အရွယ်
ကြီးသည်။ ရှာစွန်နှင့် မတန်ဟု မြင်စည်ကိုပေး၍၊ စကု သခ်ယာအား တောင်ငူကို
ပေး၏။ လေးနှစ်ရှိလျှင် သခ်ယာလွန်၍၊ သားကို သခ်ယာ အမည်နှင့် ပေး၍
သုံးနှစ်ရှိလျှင် အရှေ့ ရှမ်းတို့ လုပ်ကြံလေသောကြောင့် သုံးချေ၏။ စကု
သခ်ယာ တွင်၏။ တောင်ငူ တစ်နှစ်လပ်သည်နောက်၊ ပန်းတောင်းမင်းကို ပေး၏။
တစ်နှစ်လျှင် နုတ်၍ မင်းတုံးလက်ဝဲ ဦးချောင်လှဲသား စောလူးကို သခ်ယာ
အမည်နှင့် မင်းခေါင်ကြီးပေး၍ သားစောဦးကို ရန်အောင် မြို့စား ပေး၏။
တောင်ငူမြို့ မြောက်တွင် မဟာဝန်ကျောင်း မှည့်၍ ဘုရားစေတီ နှစ်ကျောင်း
ဆောက်၍ ကျေးမက် လယ်ယာ သခ်ယာ လှူ၏။ မြောက်တစ်လွှားကိုသာသနာ
ပိုင်ထား၏။ မြေတ်လှကို လက်ရုံးရည်နှင့် တကွ လုပ်ရည်ကြံရည် ထက်သိလိမ္မာ
သောကြောင့် ထောင်မှူးခန့်ထား၏။

စောလူး သခ်ယာကား၊ ကုသိုလ်ကောင်းမှု၌ မွေ့လျော်၏။ အမြော်အမြင်
ပညာနှင့် လုပ်ရည် ကြံရည် လက်ရုံးရည် ကောင်း၏။ လေးနှစ် ရှိလျှင်၊ ဘုရင်
မင်းခေါင်ကြီး အနိစ္စရောက်၍၊ သားတော် ဆင်ဖြူရှင် သီဟသူ သားတော်
မင်းလှငယ်ကို နောက်ကလေးမင်း နန်းတက်လျှင် စစ်သူကြီးညီ တောင်တွင်း
သီဟပတေ့နှင့် အင်းဝသို့လာ၍ ကူညီကြ၏။ သက္ကရာဇ် ၇၈၈–၌ မိုးညှင်း
မင်းတရား အင်းဝကိုရလျှင် သွေးသောက်ကို မြင်ချင်သည်ဟုခေါ်၍ အင်းဝသို့
လာသော်၊ ထောင်မှူး မြေတ်လှက တို့သခင်ကား ငါတို့မျှသာ၊ ငါတို့အား
ထိုကျွန်မျှသာ ဆိုလျှင်၊ သခ်ယာ ဝမ်းသွန်ဟန် တင်လဲကို ပုဆိုးတွင်ဖြန့်၍ သွားရ
ကြောင်း ပန်လျှင် အခွင့်ပေး၍ တောင်ငူသို့ လာခဲ့သည်။ တောင်ငူသို့ရောက်လျှင်
ခရိုင် ခပေါင်း ပေါင်းလောင်း တစ်ရိုး အစိုးရသော စောလူးမြတ်စွာ သခ်ယာ
မိန့်မှာလိုက်သောငါ့ညီ မင်းတရားဟု စာပေး၍ ခြားလေ၏။ ရေလို့ ငါ့ခရိုင်ကို
ထိုး၍ သုံ့ပန်းယူလေ၏။ သက္ကရာဇ် ၇၉၀–တွင်၊ ပေါင်းလောင်း တစ်ဖက်၌
တောဆင်ကို ဖြဲရသည်၊ သနီးသုံးဆုပ် ရ၏။ ဆင်ဖြူပေါက် လေးထောင်ကျော်
ပါ၍ မိဖုရား၊ သား၊ သမီး၊ မြေး၊ မြွေးမတို့နှင့်တကွ ငါ့ဖယ်အင်းတွင်တစ်ညည်

နေ၍ ပွဲကြီးခံ၏။ ဟူးရားတတ် ရှင်မုန်ယို တောင်ညို ပဍ္ဍင်းတို့ ညီနောင်က ဟူရားမင်းကြီး ညှပ်သွင်း၍ စီးလိုက်ဆိုလျှင် သခ်ယာစီး၏။ မိုးသောက်လျှင် ဆင်မြှ ပျောက်သည်ကား၊ ကြိုးလွန်းအကွင်းပင် ရှိရစ်၏။ ဆင်ခြံ့ပြီး၍ ကင်း မသေလိုသော် တောင်မူး ငမြတ်လှက ကျွန်ုပ်ကို မျက်မှောင်ပြု၍ လည်စေ ပြီးမည်သို့၍ ဆိုတိုင်းမြှ ဆင်ခြံ့ပြီး၍ ကင်းသေသေသောဟူ၏။ စေလွှတ်သော ကား၊ တောင်ငူတွင် ဆင်များရလျှင် နန်းဆောက်၍ ဝက်ခြုပ်အပင် ရှေ့တည် သောဟူ၏။ ထီးဖြူမဆောင်းတုံ၊ စဏ္ဍူကို ရွှေသင်းချော ကျုံဆောင်းသည်ဟူ၏။ စစ်မက်ထွက်ရာ၊ သွားလာရာ ခံ့နိုင်ထက္ကအကြင် အချင်း၊ မိုင်းစိုင်း ဆယ်သွား တုရင်ကမောင်း၊ အစုံပါ၍ ရွှေနန်းနှင့်နေသောဟူ၏။

ထိုအခါ တောင်ငူစည်ပင်သည်ကား၊ ဆေဝတီကသည် ကျောက်မော်ယိုင် မြစ်နှင့်ဘက် မြင်းတလားခြား–နှစ်လားခြားသော အချို့ဘုတစ်စပ်တည်း လူနေ ပို၏။ ဆေဝတီမှာ ကျားခုတ်သည်ကို ကျောက်မော်က နေ့ချင်း ကြားသော ဟူ၏။ လယ်တွင်းကိုလည်း ထိုး၏။ ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း ကိုလည်း သုံ့ပန်းယူ၏။ တောင်တွင်းကို ချစ်ဘုံ မုန်တုံမှု၍ သုံ့ပန်းခတ်၏။ သာယာဝတီ နေ့ရာအနှင့် ပေါင်း၍၊ မွန်မင်းသို့ သမီး စောမင်းအောင်ကို ပေး၍ မိတ်ပြု၏။ ကိုယ့်လူများ ပြေးကြလေလျှင်လည်း ငစိုင် ကန့်ကလားနှင့် ဆွာလူးကို လွှမ်းက လာပြန်လမည်ဆိုသော ဟူ၏။ တောပန်း လှိုင်ခါသော် အနောက် တောအရပ်သို့ တောကစားသည်။ ထိုအရပ် ပန်းလှိုင် တွင်သည်၊ နောက် ပနိုင် ခေါ်ကြသည်။ မင်းငယ်ကျော်ထင် ပင်လယ်ကလာ၍ ရောက် လာသည်ကို သခ်ယာကိုယ်တိုင်ပင် လင်ပန်းနှင့် ထမင်းခံ၍ ကျွေး၏။ ဆင်ရဲ သော်တုံး အကြောင်းကိုလည်း ပေးလိုက်၏။ သခ်ယာကား၊ ရုံခါပင်းကျွားဟင်း ရုံနှံ ပင်းကျွားဈေးတွင် မုန်ကျစ်ကို လွှမ်းလှ၏ ဆိုသော ဟူ၏။ ထိုမင်းတွင် ဆင်ပေါက်မ သုံးရာရှိ၏။ မွန်ပြည် ထရယ်ဖြင့်မှာ တောကစားရာ ခဏချင်း နာ၍ လွန်လေ၏။ စည်းစိမ်တစ်ဆယ့်ငါးနှစ်တည်း။ ။သခ်ယာတွင် သမီး နှစ်ယောက်၊ တစ်ယောက် ဥစနာမယား၊ တစ်ယောက်ကို မွန်သို့ ပေးသည်။ သား စောဦးကား၊ ရန်နောင်မြှစားတည်း။

သက္ကရာဇ် ၇၉၇-ခုတွင်၊ သားကဲ ဥစနာ မင်းပြု၏။ မွန်မင်းက ကြားလျှင် ပေါင်းလောင်းမြစ်ကို ဆန်လာ၏။ ခပေါင်းချောင်းဟုံ ကင်းကနေ၍ ဥစနာကို ခေါ်၏။ ဥစနာထွက်လျှင် ငါ့အစ်ကိုကို တောင်ငူနှင့် တူသည့် ကျေးကို ပေးမည်ဟု ချုပ်ထား၍ တောင်ငူကို စောဦးဝင်၍ မင်းမူစေ၏။ ဥစနာကို

မှန် မင်းက ကျောက်မော်သံဆိပ် ကပ်ကျည်းကြောင်း ပြောမြောင်း၊ ကျုံး
ဆောင်ကောက် ဂန္ဓာဝိဘ်ကို ပေး၏။နောက် မှန်ပြည်က ဥစ္စာပြေမှုသည်၊
မှန်တမိုမြောက်ဘူင် မိပြန်၍ ကောလိယ တွင်သော သင်္ကာညင် မင်းမဲ့လု၊
ကျောက်စရစ်၊ မှန်တရိ၊ ရန်မစွဲ၊ ရရည်ဝင်ပုံကို ပေးပြန်၏။ ဥစ္စာ သာသာဝတီ
ကြောင်း ပေးပြန်လာ၏။ ။စောဦးကား၊ ချောင်းရှည်တစ်ခုင်ကို ထိုလှိုင်၍
ရှာတည်၏။ မိုးညှင်းမင်းတရား အနိစ္စရောက်လျှင် သားတော် မင်းမဲ့ကျော်စွာက
အမြင့်စား တရားဖျားကို ရန်နေခင်မြို့စား ပေး၏၊ ရန်နေခင်တွင် တရားဖျား
ညီးဝုံတည်၍ မြေမိုးလှူ၏။

(စောဦး မယားကား၊ တရားဖျား နှမတော် တန်ဆောင်းရှင်
စောမင်းလှတွင် လက်ပါးစေဖြစ်စဉ်၊ တရားဖျားနှင့် ရည်းသည်ဖြစ်၍
စောဦး နာကြိုက်မယား ညီ၍လုပ်ကြံသဖြင့် တရားဖျား တောင်ငူကို
ရသည်ဟု တောင်ငူရာဇဝင် ဆိုသည်။ ရာဇဝင်ကြီးက ရာဇသကြီးတို့
လုပ်ကြံ၍ စောဦးကို သတ်ရသည်။ ဥစ္စာ တစ်နှစ်၊ စောဦး လေးနှစ်၊
သက္ကရာဇ် ၈၀၂-ခု၊ တရားဖျား တောင်ငူကို ရ၏။)

တရားဖျားက ရှင်မုန်ယိုတောင်ညီပဉ္စင်းတို့အား နောက်ခါ တောင်ငူမည်သို့
ဖြစ်မည် မေး၏။ နောင်သော် အရှေ့ သစ်ရင်းတောအရပ်မှာ ပြည်ကြီးဖြစ်၍
ဗုဒ္ဓဟူးသား သုံးဆက် ဘုန်းတန်း ကြီးလတ်မည် ဟော၏။ သိုက်ဟောသည်၊
"သစ်ရင်းတောကြီး၊ စည်တစ်တီးကား၊ ရပ်သီးမင်းလျှင်၊ တည်လတ္တံ့၊ ဆင်ဖြူ
သုံးစီး၊ ဆင်ကြီးခရီး၊ တွင်လတ္တံ့—ဟု ရှိသည်။" ထိုမြို့တည်နှစ်လည်း အမြို့တွင်
ကောလိစုတ်ဖြစ်၍ တည်လတ်မည် ဆို၏။ တရားဖျားလည်း "အရှင်တို့ ၄ါ
သက်ပိုင်းကို ဆိုလော"ဟု ဇာတာကို ပြလျှင် ယခုနှစ်ကသည်—သုံးနှစ်၊ တပို့တွဲ
လဆန်း ၄ါးရက် သန်းခေါင်အခါတွင်ဟု ဆိုသော်၊ ၄ါကို သို့မဟုတ် ဆိုဘိ၏ဟု
ရှင်ညီနောင်ကို အကျဉ်းထား၏။ ထိုဟောသည့်အခါ ရောက်သော် ၄ါတို့ကို
လွှတ်တော့ ဆိုသော ဟူ၏။ တရားဖျားလည်း သန်းခေါင်အခါ ရေအိမ်ဝင်၍
ရေချိုးဆုံး၌ လည်း၍ လွန်လေ၏။ စည်းစိမ် ၄ါးနှစ်၊ သောကြာသားတည်း။ ။
သက္ကရာဇ်ရှည် ၈၀၇-ခု၊ သက္ကရာဇ်တို့—ကိုးခုတွင် သား မင်းမှု၏၊ မင်းခေါင်
တွင်သည်။ ။မိုးညှင်း မင်းတရားသည် မင်းငယ်ကျော်ထင်ကို အစ်ဆိမ့်မှာ
ထားသည်ကြား၍ လွှတ်လိမ့်မည်ဆိုတိုင်း လွှတ်၍ ရေနံ့သာ ပင်လယ်ရမည်းသင်း
ကင်းသာကသည်— ကြယ်တောင်၌ နေလာ၏။ ။ရှင်မုန်ယို တွင်သည်ကား၊
ဗမြို့တွင် မုန်တွင်းနှင့် ဆင်ကဲ့သို့ ရုံခါယိုသော ဟူ၏။ ရှင်ညီနောင်တို့သည်

ဟူးရားအပွန့် အပြီးတိုင်တက်၍ သက်ပိုင်းကို နာခံမလွှတ် ဇာတာကိုမြင်လျှင် တရားသိသော ဟူ၏။ တောင်ငူ မင်းခေါင်နှင့် မင်းငယ်ကျော်ထင်ကား၊ မျှားကြီး မြေးချည်း ဖြစ်ကြသည်နှင့် မပြက်စေပါး၍ ကုန်စလာပ် သွားလာလျက် တောင်ငူက ပေါ်းဆန် ပို့ရ၏။ တောင်မြေသို့ လှည့်၍ ...

မင်းငယ်ကျော်ထင် တောင်ငူကို လုပ်ကြံလိုသော် တောင်ငူသား ကုန်သည်တို့ အရောရော ရှိသောကြောင့် သိမည် စိုး၍ သင်ထိန်း ကျော်လှနှင့် မင်းငယ်ကျော်ထင်တို့ သား ငါးပစ်ရန် မြွားသတ်ကျွန်ပြုလျက် မျက်နှာလွဲ နောက်ပိုတကိုင်းနေ၍ တိုင်ပင်ကြ၏။ မင်းငယ်ကျော်ထင် ကျွန်တို့ ဘောင်ငူမှာ ဆန်ဝယ်လှည့်လျှင် ဆင်ဝင်တံခါး၌သာ တဲကြံရမြဲသည်း။ မင်းငယ်ကျော်ထင် ဆင်က အများလုပ်သည်ကို မိဖုရားက ဆင်ဟိုင်းတစ်စီးသာရှိသည်။ ဆင်က များစွာ လုပ်အံ့သည် ဆိုလျှင် ယောကျ်ားတို့ဘန်းကို အသူ သိနိုင်မည်နည်းဟု ဆို၏။ လုပ်ကြံမည့်အခါ မြို့တွင်းက ကျွန်အချို့ကို စကားအချက်နှင့် ဝင်နေနှင့်စေ၍ ဝါးပေါင်နှင့်ချည်း စုန်ကြသည်။ မင်းငယ်ကျော်ထင်မှာ ပေါင်ပုံကျွန်ပြု၍ မျက်စိတစ်ဖက်မှိတ်ကန်းလေဟန်နှင့်စုန်သည်ကို မိုးစိပ်ဖိပ်တွင် ကွန်စွန့်၍နေသော ယွန်းတစ်ယောက်မြင်လျှင် မျက်စိတစ်ဖက်ကန်းလေ၍သာ မင်းငယ်ကျော်ထင်နှင့်တူသည်ဟု ဆို၏။ ပေါင်းလောင်းကသည်—ခပေါင်းသို့ဆန်မှ ပေါက်ပင်ရှေးသို့ ရောက်လျှင် တင်းတိမ်ကိုဖြန့်၍ ထမင်းခူးပြီးလျှင် ကျွန်ခုနစ်ကျိပ်၊သူကောင်းသားအမှုထမ်းများနှင့်ကမင်းတစ်ပွဲတည်းစား၍သစ္စာပြုကြ၏။ မိုးသောက်ခါနီးသော် မြို့တွင်းက ချွားတွ ရှောင်တုံးပွဲက အောင်ပြီဟု ဆိုသံကို ဆီးအုပ်စား ကြား၍ သွားလေလျှင် မုန့်နှင့် ကြက်ပေါင် ရခဲ့၍ ဆီးအုပ်စားက မင်းကြီး ကုန်အောင် စားတော်ခေါ် သူ့ကိုမပေးနှင့် သည့်ငှက်ထက်ကောင်းသည် မရှိဟု ဆိုလျှင် မင်းငယ်ကျော်ထင် စားလေ၏။ မြို့တွင်းက ထားသည့် ကျွန်တို့ တံခါး ဖွင့်နှင့်လျှင် ဝင်၍ တုံစရဲဘုရားသို့ ရောက်သော် ညဥ့်မိုက်သဖြင့် မင်းအိမ်ထင်၍ တက်မှား၏။ ယင်းသို့မှ နောက် မင်းအိမ်ဟု ပြောကြ၍ တက်ကြလေ၏။ မင်းငယ်ကျော်ထင်ကား၊ ဆင်တင်းကုပ်က ဆင်စီး၍ နေနှင့်၏။ မင်းကျွန်တို့ မင်းခေါင်ကို လုပ်ကြံလေ၏။ မင်းခေါင်—စည်းစိမ် ခြောက်နှစ်တည်း။

သက္ကရာဇ် ၈၁၃ ခု၊ သက္ကရာဇ်တို့တစ်ဆယ့်ငါးခု၊ တောင်ငူကိုမင်းငယ်ကျော်ထင်မင်းပြု၏။ တစ်နှစ်ရှိမှမိဖုရားကို ကြယ်တောင်မှာယူချေ၍ ရောက်လျှင် မိဖုရား ဆင်က လုပ်သည်ကို ဆိုသည်။ ငါတွင် ယခု ဆင်များ၍ က မျှမလောက်နိုင်ဟု ဆို၏။ ပင်လယ်ကိုစားသည်၊ မင်းဘုန်းကန်ရိုးတွင် စစ်တွေ့၍ ရဲသော်တုံး

ဆင်နှင့်တစ်ပွဲ အောင်ဖူးသည်။ ထိုဆင်နှင့် မိုးညှင်းမင်းတရားသို့ ဝင်လေသည်။ ဦးစီးလူနှီကို အငြိုးမူ၍ လူနှီတွေ့လျှင် ထောင်းစေပြီးသော် မင်းမှာ အပြစ်မရှိပေ၊ ငါ ကျွန်ပျက်နှင့် တူ၍သာဟု ငွေသုံးဆယ် ပေးလိုက်ပြတည်း။ မင်းငယ်ကျော်ထင်ကား၊ တောင်ငူကိုရမှ အင်းဝကို စိတ်ချသတည်း။ နေလသော် နေလယ်ကို အချွှတောင် ပြကြီးထက် နေ၍ ဈေးမှာ ငှက်ပျော၊ ပိန်းနဲ၊ ကနစိုး၊ သည်ကို ဝယ်ခဲ့၍ ကျွန်များနှင့် စားကြ၏။ မင်းတရားလည်း ယင်းသည် ပြထက်တွင် ဆင်းသတည်း။ ကွမ်းဖိုး သင့်သူသည် တို့သင်မှာ ဆင်တော် တစ်ထောင်ကျော်စေသောဆိုက ကွမ်းဖိုး လွတ်သော ဟူ၏။ မြို့သို့ သွားသော အခါ ကျိုင်းကိုင်၊ ကွမ်းရေကိုင် သုံးယောက်နှင့်သာ ဈေးတိုင်း သွား၏။ တစ်နေ့သော် တောရွာသားတောင်သူ သူကြွယ်သည် မြို့သို့လာကြ၍ ဈေးတွင် မင်းမှန်းမသိ၍ တိုးမိလေသည်ကို မင်းကြီးက မင်းစေ တိုက်နှင့်၏မင်းကြီးနေရာ ပြထက်သို့ သူကြွယ်လာ၍ အရှင်သူကြီးမှန်းမသိဟု လျှောက်လျှင် တရားသူကြီးတို့က အိမ်ထောင် ပျက်စကောင်းပြီ ဆို၏။ မင်းကြီးမူကား၊ ဟယ်—တောင်သူ နွားငယ်တစ်ခုသာ ဆက်လှည့်ဟု ဆိုလျှင် နွားပျိုတစ်ရှုံးယ်၍ ဆက်သည်။ ကျွန်ကျေးများ ပြထက်တွင်ပင် စားသောက်ကြ၍ လျပ်စားငယ်ကား— ချိုလှ ကောင်းလှ၏ဟု ဆို၏။ ထိုပြထက်နေစဉ် ခေါင်းမြစ်တွင် ဝါးဖောင်မျှော၍ ဖောင် သားတို့ သီချင်းသီသည်ကို ကြားလျှင် မင်းကျွန်တို့ ခေါ်မကို ဟုချေ၍ ဝါးဖောင်ရှင်တို့က ကျွန်ုပ်တို့၌ အပြစ်မရှိ လျှောက်လျှင် နင်တို့သည် ဦးကသည်လည်း ပဲ့က နေပါလော၊ ပဲ့ကသည်လည်း ဦးကနေပါလော—ဆို၍ ဝါးကို ပေးပြန်၏။ ထိုမင်းသည် အရှက်အကြောက်ကို မစောင့်၊ စကားပေါ့ဆိုတတ်၏။ မိန်းမကြူး၏။ သစ်ယာခံ စောလူးမြေးကား၊ အာသရေ စောင့်သည်။ ယောကျ်ားကောင်း ငတန်စီဟု ရှိ၏။ အခါတစ်ပါး ငတန်စီကို ဝေးထမ်းသည်၍ တန်စီနှမသို့ ညကို မင်းသွားလေသော် ငတန်စီ ရှက်နိုး၍ မင်းကို ဓားနှင့်ခုတ်လျှင် သက္ကရာဇ်ရှည် ၈၂၀ သက္ကရာဇ်တို နှစ်ဆယ့်နှစ်ခု၊ မင်းငယ်ကျော်ထင် ဆုံးလေ၏။ တောင်ငူတွင် စည်းစိမ် ခုနစ်နှစ်တည်း။ ။ထိုမင်းကား၊ ရတနာသုံးပါးကို မရိုမသေ၊ ကောင်းမှု ကုသိုလ်လည်း မပြု၊ မင်း၏ ဆွေမျိုးများကား၊ ထုံးရဲ မြောက်တွင် ကြေးဆင်းတုများနှင့် မင်းမိဖုရား သား အရုပ်၊ ကြေးကိုသွန်း၍ ဥာသနာပြီးလျှင်စေတီတည်ရစ်၏။ မိဖုရားကား၊ အပြင် အလျှော ကောင်း၏။ နေ့တိုင်း နန္ဒင်းတပန်ဝ ကွမ်းစားသောကြောင့် ကွမ်းရည်မျိုလျှင် ရိပ်ရိပ် မြင်သော ဟူ၏။ သားသမီးကား၊ သားတော် မင်းရဲတိဿ အင်းဝသို့ ပါသည်။ သမီးတော်ကား၊ ပြည် မင်းကြီးစွာဝ်ံ မင်းဆင်ပျား မြူစေးနှင့် သင့်သည်။

မောင်တော် မင်းရဲခေါင်နိုင်ကား၊ မွန်မင်း ဗညားဓမ္မရာဇာသည် စလင်း ပုသိန်တွင်သော နေ့်ရထာသမီးကို ပိုမှားမြောက်ရာတွင် မြင်သည့် မွှန် ပင်းသမီး—မွေးကြီးနှင့် သင့်၏။

သက္ကရာဇ် ၈၂၁-ခု၊ တောင်ငူတွင် မင်းသိရိ ဇေယသူရကို တောင်တွင်း နှင့် တကွ ထူပါရုံ ဒါယကာ မင်းတရားကြီး ပေးတော်မူ၏။ ထိုမင်းကား-သီဟသူ စောင်ပြင်း အလိုရှိ၏။ ။သက္ကရာဇ် ၈၂၈— ခုတွင်၊ အတုလ မိဖုရား အသိန်တော်သား၊ မြေထဲစား-လက်ယာ ဇလသင်္ကြံကို ပေးတော်မူ၏။ ထိုမင်း ကိုယ်၌ ပေးခဲ့သောကြောင့်မင်းပေး တွင်၏။ အင်းဝတွင် ဆင်ကဲခန့်စဉ် ဆင် ကျုံးတွင် ဆင်ရိုင်းကျော့သည့် ချိုင့်တွင် ကွန်ရက် ပြုမည်၊ ဆင်သားတို့ ကြိုး အပ်ကို တောင်းသော် အိမ်မှာ သံအပ်ကို ယူချေစေ၍ ရောက်လျှင် ရယ်ကြ ကုန်၏။ ထိုကြောင့် ဆင်ကဲ အပ်တောင်းလည်း တွင်၏။ ယင်းသို့လျှင် ဆင်ပ မကျွမ်း၊ ဆင်နှင့်မတန်ဟု မြေထဲမြို့ကို ပေးတော်မူ၏။ မြေထဲကမှ တောင်ငူကို စားရ၏။ ထိုမင်းကား၊ တောကစားကြူး၏။

သက္ကရာဇ်ရှည် ၈၃၀—ခု၊ သက္ကရာဇ်တိုသုံးဆယ့်နှစ်ခု၊ ထူပါရုံ ဒါယကာ မင်းတရားကို မြေးတော်လုပ်ကြံ၍ အနိစ္စ ရောက်တော်မူသည်။ နောက် နှမ်နှမ် သားတော် ပြည်စုန်မင်းတရား လက်ထက် ပြည်က မယ်ခေတ် မိဖုရားကြီး တောင်ငူမင်းကို အင်းဝသို့ မဆည်တန်နိုင်မှာ၍ လက်ယာ ဇလသင်္ကြံ သည် န် မင်းကို ချိုပင့်၍ အဖော်ရလျှင် ခြားလေ၏။ မင်းတရားက ညည်း ကျော်ဆင်ကို စစ်ကဲခန့်၍ သားတော်အိမ်ရှေ့မင်းနှင့် သားတော် သတိုးကျော်တို့ ချီရသည်။ တောင်ငူမြို့မြောက် ကင်းငယ်တွင် ချနေ၏။ မွန်မင်းက တောင်ငူ မြို့တောင် ခေါင်း နွားက မြို့စောင့် ရှစ်တပ် ထားသည်ကို သားတော် သတိုးကျော် ဆင်တော် ချစ်ချင်းကို စီး၍ ဆင်ခြေပုံနှင့် တကွ သားတော် တောင်ငူမြို့ရှေ့ ကုမ်းဆိပ် ကမ်းပေါ်မြင့်ကို ဆင်းပြီးမှ ခပေါင်းချောင်းကို ကူး၍ တိုက်လျှင် ဆင်သည် မြင်းသည် အလုံး တစ်ပြိုင်နက်တည်းကူး၍ တိုက်လေသည်။ မွန် ရှစ်တပ်လုံး ပျက်၍ ပြေးလေလျှင်၊ ချောင်းဆုံ သယ်ရာဇာကို အသက် လွတ်ပါမည် အကြောင်းနှင့် မင်းသားတို့သို့ မေတ္တာရပ်ခံ စေသည်။ မင်းသား တို့က တောင်ငူစားသည် အခြားမဟုတ်၊ ဆွေကျွန် မျိုးကျွန် ဘွားတော် အတုလ နှစ်ပါးဆရာ မေတ္တာရပ်ခံသည်ကို၊ ငါတို့ မင်းညီနောင် လျှောက်ပါမည်ဆိုလိုက်၍ လက်ယာ ဇလသင်္ကြံ ထွက်လာလျှင် ချမ်းသာရအောင် ခမည်းတော် ဘုရားကို သားမယားနှင့်

တကူ အင်းဝသို့ ယူလေ၍ တောင်ငူကို စည်သူကျော်ထင် စားစေ၏။ အင်းဝသို့ ရောက်လျှင် ပုတက်နှစ်ရာပြုကို ပေးသည်။ ချောင်းဆုံးသယ်ရာဇာကား ပိဋကတ်ပေဒင်၊ ပြည်ရေး ရွာမှုမှ စ၍ တတ်၏။ ရှင်မုန့်ယို၊ တောင်ညို ပမွှင်းတို့၏ တပည့်တည်း။ ပြည်စုန်မင်းတရား အိမ်ရှေ့နေစဉ် မင်းငယ်ကျော်ထင် လုပ်သည်နောက် တောင်ငူကို သိမ်းရသည်ကာလ သားတော် အိမ်ရှေ့မင်းနှင့် သတိုးကျော်ကို ချောင်းဆုံး သယ်ရာဇာတွင် ရှင်သာမဏေ ခုနစ်ရက် ပြု၍၊ မင်းသား နှမ်းပါးဆရာဟု မင်းတရား ခေါ်တော်မူသည်။ ထိုသယ်ရာဇာကား ပုံချိုကြီး မိုးရှားဘိုးမင်းတို့ဆင်ကဲကြီး သားတည်း။

သက္ကရာဇ် ၈၃၂–ခု၊ ညောင်ရမ်းနှင့်တကွ၊ တောင်ငူကို စည်သူကျော်ထင် စားရ၏။ ထိုမင်းကား မင်းကြီးစွာ သမက်တော် ပေါက်မြိုင်ကသည် မြင်စိုင်း တောင်တွင်းကို စားသော စည်သူကြီး သားတည်း။ ရမည်းသင်း စည်သူနှင့် စည်သူ ကျော်ထင်ကား ညီအစ်ကိုတည်း။ အလျှင်ဥဒိန် ခံ၏။ ဘလဆုံး မင်းရဲကျော်စွာ သမီးတော် မြကောင်း မင်း သမီးနှင့် သင့်သည်။ ထိုအခါ လက်ရွေးကြီးမြင်းကို မူးရ၏။ သားကား တောင်ငူမင်းစည်သူ၊ သမီးကား မင်းလှသက်နှင့် မင်းအထွေးတည်း။ နောက်မယားကား၊ ပြည်စုန်မင်းတရား ခယ်မတော်၊ ပုန်းသိဟပတေ့ကြီး သမီးတည်း။ ထိုမင်းကား ရက်စေ ကြမ်းကြုတ်၏။ လူကို သတ်များ၏။ စားကြူးသည်ကား၊ လူသား၊ ငွင်းတသားမှ အပ မရှောင်၊ ဝက်သူငယ် အမိဝမ်းက ဖွားခါနီးကို ပြတ်၍ အရက်ပြန်နှင့်မြည်းလေ့ရှိ၏။ လူသားကိုမျှ ကင်၍ စားချင်ဖွယ်ဟု နမ်းသောဟူ၏။ မှန်ပြည် ကောသိယကိုထိုး၍၊ သုံ့ပန်း ယူ၏။ တောင်ငူမြို့ကို မြောက်သို့ချဲ့၍ တည်သည်ကြားလျှင် သားတော် တို့က တောင်ငူစား ရွှေသို့ ခြားလမည် လျှောက် ကြလျှင်၊ ငါ့ ကျွန်ကို သက်ဘရှိကြလေသော်၊ သူငယ် တစ်ယောက်သာ ဦးချောင်ငင်ချေ စိမ့်မည်ဟု သူငယ်တစ်ယောက်ကို စေတော် မူလိုက်သည်။ ထိုသူ သွား၍ အမိန့်တော် ပြန်လျှင် ငါ့ဦးချောင်ကို ကိုင်ပလှည့်ဆို၍ မင်းသံ ကိုင်ရ၏။ မင်းတရားကား ကျော်သူခေါ် စလေ့မူ၏။ မင်းတရား အနိစ္စ ရောက်၍၊ သားတော် ဒုတိယ မင်းခေါင် မင်းဖြစ်လျှင်၊ စစ်သူကြီးအရာနှင့် တိုင်းပြည်ကို ကုပ်ရ၏။ ညီတော် မင်းရဲကျော်စွာတို့ ပေါက်ပြန်လျှင် စည်သူကျော်ထင်ကို တောင်ငူ စည်သူ သက်တော်ရှည်ကို တောင်တွင်းက နေစေရ၏။ တောင်ငူ မင်းရဲကျော်စွာ ကျေးရွာ များကို လုပ်ကြံရ၏။ ရေလွှဲပျဉ်းမနား ကျေးရွာဝတွင် အင်းဝတပ် မရောက်ခင်၍ သူကရလေ၏။ တောင်ငူတွင်တစ်ဆယ့်တစ်နှစ်၊

နံတော် တရုတ်နေသား၊ ဘောင်းမှုပြုသည်ကား ညောင်ရမ်းတွင် ဂူကြီးဘုရားရှင်အရှေ့တစ်ကျောင်း၊ တောင်ငူမှာ မြို့ကြီးအရှေ့မြောက်တွင်တစ်ကျောင်း၊ ဆောက်လှူသည်။ ဘိုးတော် ဆရာကျောင်းတွင်၏။ ။သက္ကရာဇ် ရှည် ၈၄၁-ခု၊ သက္ကရာဇ်တို့ ထော်ဆယ်ငါးနှ သား၊ မင်းစည်သူ တောင်ငူကို စားရ၏။ ထိုမင်းကား- မှန်မင်းနှင့် သင့်အောင်မှု၍ သား၊ မယားနှင့် ပဲခူးသို့ သွားသည်။ မှန်မင်းက ဆင်မြင်းပုဆိုး ပိတ်အပ်များစွာ ပေးလိုက်၏။ မယားကား တကြီးတော် ရမည်းသင်းစည်သူ သမီးတည်း။

သက္ကရာဇ် ၈၄၇-ခုတွင်၊ မဟာသီရိဇေယသူရ အမည်တော်ရှိသောမင်းသည်၊ ဦးရိုးတော် မင်းရည်သူကို လုပ်ကြံ၍ မင်းပြုတော်မူသည်။ အင်းဝဘုရင် ဒုတိယ မင်းခေါ်လည်း၊ ထိုပြုသောင်း၍ မင်းထီးပြုလေ ဟူ၍ မင်းမြောက် တန်းဆာ ငါးပါး ပေးတော်မူသည်။ မဟာသီရိဇေယသူရ အကြောင်းတော်ကား၊ ပုဂံ နန်းကျကျော်စွာ သားတော် ပင်းယ တကားခုနစ်ကျောင်း ဒါယကာ၊ ဥဇနာ သားတော်၊ စည်သူ မင်းဦး သားတော်၊ စည်သူ သမ္ဘဝသားတော်၊ ပေါက်မြှင့် စည်သူ သားတော်၊ ရမည်းသင်း စည်သူနှင့်ညီတော်တောင်ငူ စည်သူ ကျော်ထင် ကို မြင်သည်။ သည်နှစ်ပါးတွင် နောင်တော် ရမည်းသင်း စည်သူနှင့်၊ မိုးညှင်း မင်းတရား ညီတော် ဝပါနော်ရထာ သားတော် မြောက်ဘက် နော်ရထာ၊ သမီးတော်နှင့် စုံဖက်ရာတွင် မြင်သည့် သားတော်၊သမီးတော်ကား-သားတော် ဥါရာဝတီ အိမ်ရှေ့ရှင် ဘယရန္တမိတ် တစ်ပါး၊ ညီတော်နန္ဒယောဓာကြီးတစ်ပါး၊ နှမတော် စည်သူငယ် မိဖုရားတစ်ပါး၊ သားတော် နှစ်၊ သမီးတော် တစ်၊ ပေါင်း သုံးပါး မြင်သတည်း။

(ရာဇဝင်သစ်တွင် ရမည်းသင်း မင်းစည်သူကို ထုပါရုံ ဒါယကာ မင်းတရားလက်ထက် ထိုးမှတ်သည့် ကျောက်စာ၌၊ဘဝရှင် အတွေးတော်ဟု ရေးသည်ကို မိုးညှင်းမင်းတရား ညီတော် မြောက်ဘက် မြင်းမှူး နော်ရထာ၏ သား၊ နော်ရထာ သမီးနှင့် သင့်သည်ဟု ရာဇဝင်ကြီး ဆရာတို့ ဆိုမှား လေသည်ဟု ဆိုသည်။ ။ရမည်းသင်း မင်း စည်သူသည် မိုးညှင်း မင်းတရားနှင့် ညီတော်စပ် သည်ဖြစ်၍ သားတော် ထုပါရုံ ဒါယကာ မင်းတရားလက်ထက် ထိုးမှတ်သည့် ကျောက်စာတို့၌ ဘဝရှင် အတွေးတော်ဟု ရေးသည်။ ။မိုးညှင်းမင်းတရား ညီတော် မြောက်ဘက် မြင်းမှူး နော်ရထာ၏ သားတော်-နော်ရထာ သမီးနှင့် ရမည်းသင်၊

မင်းစည်သူ သင့်သည်ဖြစ်၍ လည်း၊ ရာဇဝင်ကြီး၌ မှားသည့် ဆိုသော စကားသည် မမှား အမှန်ဖြစ်သည်။)

ရမည်းသင်း စည်သူ ညီတော်တောင်ငူ စည်သူ ကျော်ထင်နှင့် ပြကောင်းမင်းသမီး မင်းလှထွတ်နှင့် စုံဖက်ရာတွင် မြင်သည့် သားတော် သမီးတော်ကား။ သားတော် စည်သူငယ် တစ်ပါး၊ နှမတော် မင်းလှညက် တစ်ပါး၊ ညီမတော် မင်းထွေးတစ်ပါး၊သားတော်တစ်၊ သမီးတော်နှစ်၊ ပေါင်း-သုံးပါးမြင်သည်။ ရမည်းသင်း စည်သူ သမီးတော် မင်းလှမြတ်နှင့် တောင်ငူ စည်သူ သားတော် စည်သူငယ်နှင့် စုံဖက်ရာတွင် မြင်သည့် သားတော် သမီးတော်ကား၊ သမီးတော် စိုးမင်းတစ်ပါး၊ မောင်တော် မင်းဇနာတစ်ပါး၊ညီတော် မင်းလှ သည်းတော် တစ်ပါး၊သားတော် နှစ်၊ သမီးတော်တစ်၊ ပေါင်း- သုံးပါး မြင်သည်။ ပင်းယ ငါးစီးရှင် မြောက်နန်းမိဖုရား မွေးမယ်တော်တွင် မြင်သည်။ သား စည်း ကျော်မင်း၊ လက်ဝဲ သား-သက်တော်ရှည်နှင့် မင်းလက်ယာ သမီး စောမင်းလှ သင့်ရာတွင် မဟာသခ်ယာကို မြင်သည်။ မဟာသခ်ယာနှင့် ရာဇသူရ သမီး မင်းရွှေပန်း သင့်ရာတွင်၊ သား မဟာသခ်ယာကို မြင်သည်။ မဟာသခ်ယာနှင့် မဏ္ဍလာစောနှောင်း သမီး သင့်ရာတွင်၊ တောင်ငူ မဟာသခ်ယာကို မြင်သည်။ မဟာသခ်ယာနှင့် စည်သူ ကျော်ထင် သမီး မင်းလှညက် စုံဖက်ရာတွင် မြင်သည့် သားတော် သမီးတော်ကား၊ သားတော် ကေတုမတီမြို့တည် တစ်ပါး၊ နှမတော် မင်းလှမြတ်တစ်ပါး၊ ညီမတော်မင်းပန်းတစ်ပါး၊ သားတော်တစ်၊ သမီးတော်နှစ်၊ ပေါင်း-သုံးပါးတည်း။ယခု ဆိုခဲ့သော အနွယ်အစဉ်သည်ကား၊ မင်းတရားရွှေထီး တဝေးမပြား၍ မျိုးတော်စဉ်နှင့် အညီတည်း။

(ရာဇဝင်သစ်တွင် သက်တော်ရှည်နှင့် မြင်စိုင်းရွှေနန်းရှင် သမီး သင့်ရာတွင် မဟာသခ်ယာကို မြင်သည်။ မဟာသခ်ယာနှင့် မယားကြီး ရွှေပန်းအဘ မထင်ရှားသော မယားငယ်တွင် တောင်ငူ မဟာသခ်ယာကို မြင်သည် ဆိုသည်။မင်းတရား ရွှေထီး မျိုးတော်စဉ်နှင့် မညီ၊ ရာဇဝင်ကြီးမှာ မြင်စိုင်းရွှေနန်းရှင် သားတော်၊ သက်တော်ရှည် သားတော် သရေဝစုနာ၊ သားတော် သရေ စည်သူ၊ သားတော် သရေသခ်ယာ၊ သားတော် မဟာသခ်ယာနှင့် စည်သူ ကျော်ထင် သမီး မင်းလှညက် စုံဖက်ရာတွင် ကေတုမတီမြို့တည်မင်းကို မြင်သည် ဆိုသည်။ မျိုးတော် စဉ်နှင့် မညီ၍ ပညာရှိတို့ မနှစ်သက်ကုန်သတည်း။)

စည်သူငယ် သားတော် မင်းဇေနခနှင့် မဟာ သမ်ယာ သမီးတော် မင်းလှမြတ်နှင့် စုံဖက်တော်မူသည်။ ။မင်းဇေနခညီ မင်းခမည်း နှင့် မင်းလှမြတ် ညီမတော် မင်းပန်းနှင့် ညီအစ်ကို ညီအစ်မ မျောက်သား စုံဖက်တော်မူသည်။ ။စည်သူငယ် သမီးတော် စိုးမင်းကိုမူကား၊ တူတော်မြို့တည် မင်းကြီးညီနှင့် စုံဖက်တော်မမူ၊ အကြိမ်ကြိမ် စုံဖက်ပါမည့် အကြောင်းကို လျှောက်သော်လည်း မသင့် ဟူ၍သာ မိန့်တော်မူသည်။ ယင်းသို့ မစုံဖက် လိုလျှင် နှလုံးနာ၍ ညည်းအချိန်ကိုကျွန်တစ်ရာကျော်နှင့် ဦးရိုးတော် အိမ်တော်သို့ ဝင်၍ လုပ်ကြံလေသည်၊ ဆိုးချေ၏။ ။ဦးရိုးတော် စည်သူငယ် မရှိ၊ ဦးရိုးတော် သမီးတော် စိုးမင်းနှင့်တကွ ကေတုမတီမည်သော တောင်ငူပြည်ကြီးကို သက္ကရာဇ် ရှစ်ရာ့လေးဆယ် ခုနစ်ခုတွင် မင်းပြုတော်မူသည်။ ။(တောင်ငူ ရာဇဝင်မှာ မင်းကြီး ခမည်းတော် မဟာသမ်ယာကို တောင်ငူ စည်သူကျော်ထင်သား ဟူ၍ ဆိုသည်။ စည်သူကိုလည်း ရမည်းသင်း စည်သူသား ဟူ၍ ဆိုလေသည်။

ကေတုမတီမြို့တည် မဟာသီရိဇေယသူရကား၊ သက်တော်နှစ်ဆယ့်ခြောက်နှစ် တွင် မင်းဖြစ်တော်မူသည်။ မင်းဖြစ်တော်မူလျှင် ဦးရိုးတော် စည်သူငယ် အိမ်တော်ရာကို ညောင်းချုံကြီး တည်တော်မူ၏။ တောင်ငူမြို့ မြောက် အတော တစ်ထောင်မျှ လောက်သော ပုပ်ပဲချောင်း၌ အရပ်ကို မြဝတီဟု သမုတ်တော်မူ၍ မိဖုရားနှင့်တကွ အိမ်ပြုဆောက်၍ နေတော်မူသည်။ မဟာသီရိဇေယသူရကား၊ တောင်ငူကို အလိုတော်ပြည့်လျှင် ရေလှဲ့မြစ်မနားကို အလျှင်တိုက်၍ မြို့အလုံးကို ယူတော်မူ၏။ မြစ်မနားကို ရလျှင်ကြက်သားစား‌တို့တစ်သားတစ်မြေးကျွန်တော် ခံလာသည်။ ဘုန်းလက်ရုံးအာဏာနှင့် ပြည့်စုံတော်မူကြောင်းကို မှန်မင်း၊ ယွန်းမင်းတို့က ကြားလေသော်၊ ခုံညား ရှုံရှားသည် ဖြစ်၍ ထီးဖြူ မြောက်စည် စသော မင်းမြောက် တန်းဆာ ငါးပါးနှင့်တကွ၊ ဆင်ကောင်း၊ မြင်းကောင်း၊ သမီးကညာ၊ ရတနာတို့ကို ပို့ဆက်လာသည်။

သက္ကရာဇ် ၈၅၃-ခု၊ နတ်တော် လဆန်း တစ်ဆယ့်နှစ်ရက်၊ သောကြာနေ့ ကြာသပတေး မြေခံ၊ နက္ခတ်နှစ်ဆယ့် ခြောက်လုံး၊ သင်္ချိုနှစ်ဆယ်၊ တနင်္ဂနွေ သောကြာ၊ ရာဟု၊ ပြိဿာတွင် လက်နှင့်အတူ အင်္ဂါ၊ တူတွင် ဗုဒ္ဓဟူး၊ မေနတွင် စနေ၊ မကာရတွင် ကြာသပတေး၊ မိန်၌စင့် မိုးသောက်ရောင်ပြူ မလာမီတွင် ဒွါရာဝတီမြို့ကို တည်တော်မူသည်။ တောင်ငူမြို့ကို မူကား၊ ငါ့လက်ရုံးဖြင့် အသက်စွန့်၍ ရတော်မူသည့်မြို့ ဟူ၍ ခမည်းတော် မင်း မဟာ သမ်ယာကို

ဆောက်နှင်းတော်မူ၍ စံနေတော်မူသည်။ ။မဟာသိရိဇေယသူရကား ပုဂံချောင်းနား မြဝတီကသည်—ဒွါရာဝတီသို့ ပြောင်း၍ နေ၏။ ထိုသက္ကရာဇ်တွင်ပင် ရပည်းသင်းနှင့် ရေလွှဲငါးခရိုင်ကို မင်းပြုတော်မူသော ဒုတိယဘုရင်မင်းခေါင် ညီတော် မင်းရဲကျော်စွာ ကျေးလက် စပါးတောင်းထိုင်၍၊ ငါးစိန်းအင်းတာန်ထိ သည်ရွာများကို လုပ်ကြံတော်မူ၍၊ သုံ့ပန်း ကျွန်များကို သိမ်းယူတော်မူသည်။ ယင်းကမှ မွန်တို့ ကျေးစွန်ဖြစ်သော ကပ်ကျည်းကြောင်းရွာကို လုပ်ကြံတော်မူသည်။ ယင်းသောခါ ကျောက်မော် ရှမ်းကြောင်းရွာသား သိုက်ဘွား ဆင်နှင့် ဆီးကြို၍ ခံလာသည်ကို ညွှန့်မိုက်တွင် စီးတော်မူသော ဆင်တော် ရွှေကျေးကသည်၊ သူ့ဆင်သို့ ခုန်ပက်တော်မူ၍၊ သိုက်ဘွားကို ခုတ်သည်။ သိုက်ဂိုင်၊ သံချပ်နှင့်တကွ ပြတ်၍ သုံးလေ၏။ ဆင်ကို ရတော်မူသည်။ ထိုဆင်ကို မင်းကိုယ်တိုင်ရ ဟူ၍ မှည့်တော်မူသည်။ မွန်မင်း ဗညားရံလည်း အမျက်ရှိ၍ ဒွါရာဝတီမြို့ကို ရံလေ ဟူ၍ အမတ် လေးကိုပ်၊ ဆင်တစ်ရာ၊ စစ်သည် သူရဲတစ်သိန်းခြောက်သောင်းနှင့် ချီလာ၍ ဒွါရာဝတီမြို့ကို ရံသတ်၏။ မဟာသိရိဇေယသူရလည်း မင်းကြီး စည်သူကျော်ထင်ကို တိုက်ဆင် ရှစ်ဆယ်၊ စစ်သည် သူရဲ နှစ်သောင်းနှင့် အနောက်တံခါးကို ထွက်၍ တိုက်ရသည်။ မဟာသိရိဇေယသူရမှာ ဆင်ကု သုံးဆယ်၊ စစ်သည် သူရဲ တစ်သောင်း နှစ်ထောင် တံခါးကိုထွက်၍တိုက်တော်မူသည်။ မွန်တို့ တစ်ဆယ့်ခြောက်တပ်လုံးပျက်၍ ပြေးလေ၏။ ဆင် ခုနစ်ဆယ်၊ သုံ့ပန်းလူ သုံးထောင်ကျော် ရတော်မူ၏။ သေလေသည်လည်းများ၏ ။ မွန်တို့ တစ်ဆယ့်ခြောက်တပ်လုံးကို အောင်တော်မူလျှင် ဆင်၊ မြင်း၊ သုံ့ပန်း အများရကြောင်းကို ဒုတိယ ဘုရင်မင်းခေါင်သို့ လျှောက်လေ၏။ ။ဒုတိယ ဘုရင်မင်းခေါင်လည်း အားရတော်မူ၍ သိရိဇေယသူရ ဟူသော အမည်ရင်းတွင် မဟာတပ်၍ မဟာသိရိဇေယသူရ၊ ဟူသော အမည်နှင့် မင်းမြောက် တန်းဆာငါးပါး ဆုပေးတော်မူ၏။ ရမည်းသင်း၊ ကျေးမှုအကိုလည်း ဖျက်ဆီးလေ မှာတော် မူသောကြောင့် လုပ်ကြံတော် မူသည်။ ကျောက်ချက်ကို ရတော်မူ၏။ ကြောင်းပြာသို့ တစ်ကြိမ် ချီတော်မူသည်လည်း ဆင် မြင်း သုံ့ပန်း အများ ရတော်မူသည်။ ။မဟာသိရိဇေယသူရကိုယ်တော် ဆင်တော် ဒေဝနာဂကို စီးတော်မူ၍ တိုက်ဆင် ရှစ်ဆယ်၊ မြင်း ခြောက်ထောင်၊ စစ်သည် သူရဲ လေးသောင်းနှင့် ပြည်ခကျေးသို့ ချီ၍ လုပ်ကြံတော်မူသည်။ သုံ့ပန်း ဆင်မြင်း အများ ရတော်မူသည်။ ဆင်အောက်မလည်း တစ်သင်းရတော်မူသည်။

သက္ကရာဇ် ၆၆၃-ခု၊ တော်သလင်းလ၊ ရမည်းသင်းနှင့် ရေလှဲ ငါးခရိုင်ကို စားသော မင်းရဲကျော်စွာ အနိစ္စရောက်တော်မူလျှင် မင်းရဲကျော်စွာ ကျွန် ကိုယ်ရံတော် ထင်ဆောင်ကျော် ကျွန်ခံလာသည်။ ။အင်းဝမှာလည်း ထို သက္ကရာဇ် နတ်တော်လ၊ ရွှေနန်းရှင် နရပတိကို နောင်တော် သားတော် ရွှေနော်ရထာကျွန်း၊ သောကြာ မုန့်စား လေသေသောကြောင့်၊ ရွှေနော်ရထာကို ကွပ်မျက်တော်မူသည်။ ရွှေနော်ရထာ ခမည်းတော် ဘုရင် မဟာသီဟသူ ကျွန်တော် ရှင်တော့နေ့ဘာသိန်. ပင်းတလဲစား၊ မင်းတရား ကျွန်သီးမှူး လေးမှူး ရှိမြတ်လှသည် ပေါက်သည် အခြွေ အရံ ဆင်မြင်း လူ ခုနစ်ရာကျော်နှင့် အသက်သေမည်ကို ကြောက်၍ ပြေးထွက်လာ၏။ ကျွန်တော် ခံလာသည်။ မဟာသီဟသူရလည်း ရှင်တော့နေ့ဘာသိန်ကို ယောက်ဖတော် မင်းငနောသည် ဖြစ်၍ နှမတော် မင်းမြတ်လှနှင့် စုံဖက်တော်မူသည်။ သည့်ပြင် ဝင်လာသော တို့ကိုလည်း အထိုက်အလျောက် သူကောင်းပြုတော်မူသည်။

သက္ကရာဇ် ၆၆၄-ခုတွင်၊ အင်းဝ ရွှေနန်းကြော့ရှင် နရပတိ ဘခွေးတော် စလင်းနှင့် ဆယ်မြို့ကိုစားသည့် သတိုးဓမ္မရာဇာ သမီးတော် မင်းလှထွတ်နှင့် စုံဖက်တော်မူ၍ ရေလှဲ ငါးခရိုင် နှင့်တကွ ပြခကောင်း၊ ကင်းသာ၊ ရွှေမြို့ တောင်ညို၊ တလိုင်းသော၊ ပက်ဦး၊ စသုန်၊ မြို့လှ၊ အင်းဘဲ၊ အင်းပေါက်ကျုပ်၊ သံတုက်၊ ပါကုး၊ သပိတ်၊ အင်းချုံ၊ သည်ကျေးမက်များကို ပေးတော်မူ၍ မင်းသီး ပြုရသည်။ မြို့ကျေးရွာများကို ရတော်မူလျှင် ရွာနေ လူတို့ကို ဒိုင်ရာဝတီသို့ ချည်း သွင်းတော်မူ၏။ မြို့ရွာများကို တောဖြစ်စေသည်။ ။ထို သက္ကရာဇ် တွင်၊ ရွှေနန်းရှင် နရပတိကို ခြားနားတော်မူသည်။

သက္ကရာဇ် ၆၆၅-ခုတွင်၊ ညောင်ရမ်းစား မင်းကျော်ထင် အနိစ္စရောက်လျှင် ညောင်ရမ်း သင်းကြီး၊ ယင်းတော်၊ မိတ္ထီလာ၊ မြစ်ညောင်၊ သာဂရ သည် ခြောက်မြို့နှင့်တကွ မင်းကျော်ထင်ကြီး သား၊ ဘယကျော်ထင်၊ မင်းတုံးတာ၊ မင်းပြည့်ဝတို့ ကျွန်တော် ခံသာ၏။ ။ကျွန်ခံကြောင်းကို ရွှေနန်းရှင် နရပတိ ကြားတော်မူလျှင် ဆင်လုံး မြင်းရင်း အများနှင့် ရာဇသကြံကို ဗိုလ်မှူး ခန့်၍ မြစ်ညောင် သာဂရကို ရုံလာ၏။ ထိုအကြောင်းကို တောင်ငူဘုရင် မဟာသီဟသူရ ကြားတော်မူလျှင် တိုက်ဆင်တစ်ရာနှစ်ဆယ်၊ မြင်း ခြောက်ထောင်၊ စစ်သည် သူရဲ ငါးသောင်းနှင့် ချီတော်မူ၍ အင်းဝစစ်သည် မြို့တွင်း ဝင်နှင့် သည်ကို ဆင်တော် လက်ယာဘည် ဒေဝနာဂကို စီးတော်မူ၍ တိုက်တော်

မူသည်။ အင်းဝစစ်သည် ပျက်လေ၏။ ယင်းသို့မှ ပေါက်မြိုင်ကို ဖျက်တော်တို့ကို ဖျက်ချေစေ၍ အပြန်တွင် အင်းဝက စစ်သည် အများ လိုက်၍ တယ်လတ်သည်ကို စစ်သူကြီး ရာဇသင်္ကြံ သည် ဆင်တော် ရန်ခေါင်နိုင်နှင့် စီး၍ လိုက်လတ်သည်ကို တောင်ငူဘုရင် သမက်တော် ယင်းတော်မင်း မင်းတိုးတာ နာဂဝရ-ဟူသော ဆင်ကို စီး၍ တိုက်သည်။ ရာဇသင်္ကြံဆင် ဆုန်၍ ပြေးလေ၏။ လိုက်ဆပ်၍ တိုက်သည်။ ရာဇသင်္ကြံခေါင်းကို မင်းတိုးတာ ဖြတ်ရ၏။ သုံ့ပန်း ကျွဲနွားလည်း အများ ရတော်မူ၏။ ယင်းကသည် မြင်စည်ကျေး၊ မိတ္ထီလာ ကျေးများကို ဖျက်ချေ၍ များစွာသော ဆင်၊မြင်း၊ကျွဲ၊နွား သုံ့ပန်းရတော်မူ၏။ သက္ကရာဇ် ရှစ်ရာ့ခြောက်ဆယ့်ခြောက်ခုတွင်၊ သူကောင်း သားမြေးတို့ကို မြင်းစု ဆင်းတောင်စွန်နား၊ လက်ဝဲမီးတိုက်၊ ရဲခေတ္တခွေး၊ ရန်အောင်၊ ငယောကာ၊ မြင်းရည်မှန်းရှုံးသောသည်၊ လက်ဝဲမြင်းကို စီးပွဲတော်မူသည်။ လက်ယာမြင်းမင်းများ၊ ရန်နှစ်ငယ်၊ ကမ်သရီ၊ ငွေယ်ကုန်၊ နတ်မြင်း၊ တခဆင်းမြင်း၊လက်ယာမီးတိုက်သည်။ လက်ယာမြင်း ခုနစ်ပိ၊ နှစ်ပုခေါင်း-တစ်ဆယ့်ခြောက်စီး ဖွဲ့တော်မူသည်။

ထိုသက္ကရာဇ်တွင်၊ ပြည် ဆင်ဖြူရှင် သတိုးမင်းစော ပြည်က ဆန်လာ၍ စစ်ကြီး ဆိုင်ကြသော် စွယ်ကြို ဘုရားရှေ့တွင် မင်းနှစ်ပါး သစ္စာ ပြုတော်မူကြ၍ အရေးတော် ပြီးလျှင် ယင်းကသည်၊ ကြည်းကြောင်း ချီတော် မူ၍ စလေကို လွန်၍ စဥ့်ကူကို တိုက်တော်မူသည်။ ပြည် ဆင်ဖြူရှင် သတိုးမင်းစောမှကား၊ စကြိုကသည် စဥ့်ကူသို့ ရွှေဖောင်တော်နှင့် ဆန်၍ စဥ့်ကူဘုရင် တောင်ငူမင်း မဟာသီရိဇေယသူရကို ဖောင်သို့ ခေါ်တော်မူ၍ မုန့်လဘန်းနှင့် စားတော်အတူ ခေါ်ကြသည်။ ယင်းကမှ ပုံကို လုပ်ကြံတော်မူသည်၊ မရချေ။ စလေသို့ ဆုတ်ပြန်၍ ပြည်အား၊ တောင်ငူအား၊ ယင်းတော် ဆင်ကြီးအားနှင့် ရုံတော်မူသည်။ အင်းဝဘုရင် နရပတိလည်း အနန်းဆောင် စော်ဘွားနှင့်တကွ ရေအား ကြည်းအား ချီလာ၍ ပုံတောင်တွင် စစ်ကြီး တွေ့ကြ၏။ ယင်းသောအခါ အရပ်အနေ မသင့်သောကြောင့် ပျက်တော်မူချေသည်။ မဟာသီရိဇေယသူရလည်း ဆင်တော်ရွှေကျေး တစ်စီးတည်းနှင့်သာ လူအပေါင်းတို့ကို ကယ်တော်မူ၍ လွတ်စေ၏။ စဥ့်ကူမြို့တွင်းမှာ မှူးတော်၊ မတ်တော်၊ ဆွေတော်၊ မျိုးတော်၊ ရဲမက်တော်တို့ကို သူရလေသည်ကိုလည်း ကိုယ်တိုင်တော် ဆင်စီး၍ ထုတ်တော်မူပြီးလျှင် ပုခန်းငယ်သို့ ချီတော်မူ၏။ ယင်းသောအခါ ပြည်ဘုရင် သတိုးမင်းစောဆင်တော် ဇာတိသူ ၇ ၊၊ သွားနိုင်၊ ခြေကုန်၍ ပစ်ခဲ့သည်ကို တွေ့တော်

မှ၍ သိမ်းယူတော်မူခဲ့၏။ ယင်းကမှ ပင်း နတ်မောက်သို့ ချီတော်မူ၏။ အရပ် အနေ ပြုပြီးမှ ကျောက်ပန်းတောင်း၊ တူရွင်းတိုင်မြို့ကို လုပ်ကြံစေသည်။ သို့ပန်း လူသူ ကျွဲနွား အများ ရတော်မူ၏။ ။သက္ကရာဇ်ရှစ်ရာ့ခြောက်ဆယ့်ခုနစ်ခုသို့ ရောက်သောအခါ စလေပုန်တောင်တွင် နယုန်လ ပျက်ချေသည်။

ယင်းသို့မှ သက္ကရာဇ် ၈၆၉-ခု၊ ရောက်လတ်သောအခါ ရွှေနန်းကြော့ရှင် နရပတိ မိထွေးတော် သားတော် ပင်းကြီး သိခ်သူ၊ မင်းကြီးထွေးသည် မင်းညီနောင် သုံးပါးသည် ဆင်လုံးမြင်းရင်းနှင့် ပုခန်းကြီးသို့ ဝင်၍ နေခင်တော် နရပတိကို ပုန်ကန် သောင်းကျန်းလေ၏။ ကေတုမတီ သို့လည်း ကိုယ်တိုင်ချီ၍ လုပ်ကြံတော်မူပါ ကျောက်လာသောကြောင့် ဆင်လုံး မြင်းရင်း စီရင်တော် မူ၍ ချီတော်မူသည်။ ကျောက်ပန်းတောင်း၊ ပုပ္ပါး၊ ငသရောက်၊ တူရွင်းတိုင်၊ စဥ့်ကူ၊ ရွာသာ၊ ကျားအို၊ သည်မြို့များကို ဖျက်ဆီးခဲ့၍ ရေနံချောင်းမြို့တွင် အရေးကို မြော်တင်း၍ နေတော်မူသည်။ ယင်းကမှ မကွေးတွင် နေတော်မူ၏။ ထိုသို့စဉ် ပြည်ဘုရင် သတိုးမင်းစောလည်း ပုခန်းမင်းက ကူညီမည် ဟူ၍ ရေအား၊ ကြည်းအား ဆန်တော်မူလာသည်။ မကွေးတွင် တွေ့တော်မူကြလျှင် ငါ့သားတော်ကို မြင်ချင်သည် ဟူ၍ ရွှေလှော်ကားနှင့် ခံလာရသည်။ မဟာ သီရိဇေယသူရလည်း စားတော် ကွမ်းရေကိုင် အခြွေ အရံနှင့်သာ လိုက်တော် မူ၍ ဖောင်တော်သို့ ရောက်တော်မူလျှင် မှနော်လင်ပန်းနှင့် စားတော် အတူ ဆေါ်ကြ၍၊ သစ္စာကတိ ထပ်တော်မူပြန်သည်။ ယင်းသို့မှ ချီတော်မူ၍ ကင်းပိန် နဂါးသို့ ရောက်တော်မူလျှင် ရေမရှိသောကြောင့် ဗိုလ်ပါ ဆင်၊ မြင်း ငတ်သည်ကို မိုးနှင်းသစ္စာ ပြုတော်မူသည်။ တစ်ခဏချင်း ရေကြီးလာ၍ ဗိုလ်ပါ ဆင်၊ မြင်း သောက်ရ၏။ ထိုအရပ်တွင် အရေးကို မြော်တင်း၍ နေတော်မူစဉ်၊ ပုခန်းကြီး ပျက်၍ မင်းညီနောင် သုံးပါးကို ဘုရင် နရပတိ ကွပ်မျက်လေကြောင်းကို ကြားလျှင် ပြန်တော်မူ၍၊ သက္ကရာဇ် ရှစ်ရာ့ ခုနစ် ဆယ်တွင် ယင်းတော်စား မင်းပြည့်ဝ ပြည်သို့ ဝင်မည် ဟူ၍ ကြားတော်မူသောကြောင့် အလုံး အရင်းနှင့် ချီတော်မူသည်။ ကလိမ်ကျည်၊ ဟန်ရွာ၊ မုန်ရွာ၊ မင်းလှ၊ ကုန်းတောင်၊ ကန်တောင်၊ ဘောက်လောက်၊ သည်ရွာများကို ဖျက်ဆီးတော်မူ၍၊ ယင်းတော် အနောက် မခိုင်တောင်မှတွင် နေတော်မူ၍ တောင်တွင်းကြီးကို စုံစမ်း၏။ သို့မှ တောင်တွင်းမင်းကြီးနှင့် စကားပြီးကြ၍ တောင်တွင်းမင်းကြီး သားတော် အငယ်၊ မင်းကြီးရွှေမြတ်နှင့် စိုးမင်း မိပုရားတွင် မြင်သော သမီးတော်နှင့် စုံဖက်တော်မူမည် အကြောင်းကို တောင်တွင်း မင်းကြီးက ဆို၍ အရေးပြီး

ကြာလျှင် ပြန်တော် မူ၏။ ။ကေတုမတီသို့ ရောက်တော် မူလျှင် တောင်ငူ ပြည်သူ ပြည်သား အလုံး မြို့တည်စရာ အုတ်ချည်း ဖုတ်ရ၏။ သက္ကရာဇ် နှစ်ရာ့ ခုနစ်ဆယ့်တစ်ခုတွင်၊ တောင်တွင်းမင်းကြီး သား ရွှေမြတ်ကို မြိုသချိုင်း သမီးတော်ကို တောင်တွင်းမင်းကြီးသား ရွှေမြတ်နှင့် စုံဖက်တော်မူသည်။

ယင်းသို့မှ သက္ကရာဇ် ၈၇၂-ခု၊ တန်ဆောင်မုန်း လပြည့် အင်္ဂါနေ့ နှစ်ဆယ့်ခြောက်လုံး၊ မိန်စည်း၊ ပြိစ္ဆာလက်၊ အင်္ဂါ၊ ရာဟု၊ ကြာသပတေး၊ မကာရ ကျင် သောကြာ၊ ဗုဒ္ဓဟူး၊ တနင်္ဂနွေ၊ တုတွင်စနေ၊ သိဟ်၌ နံနက်အခါတွင် ကြာအင်းကို အတွင်းသွင်း၍ အရှေ့အနောက် အတာ ခုနစ်ရာ၊ တောင်မြောက် အတာ တစ်ထောင်ရှိသော ကေတုမတီ မည်သော တောင်ငူမြို့ကို တည်တော် မူသည်။ ကြာအင်းတစ်ဘက်ကိုလည်း ပိန်းနဲ၊ သရက်၊ အစရှိသော သီးမျိုး၊ ဥယျာဉ်၊ စမွှါယ်၊ ကြက်ရုံး အစရှိသော ပန်းမျိုးဥယျာဉ်တို့ကို စိုက်လုပ်ရသည်။ ရေအင်းအလယ် သာယာလှစွာသော အိမ်တော်ကို ဆောက်စေသည်။ အင်း တစ်ဘက်၊ တန်ဆောင်းမင်း တဲ ဆောက်စေပြီးလျှင် သဘင်မပြတ် ခံတော်မူ၍ စံတော်မူသည်။ မြို့လယ် နန်းတော်ရာ၌လည်း မဏ္ဍပ်ဆောက်စေ၍ မြို့ပတ်လည် ဝန်းကျင်တွင် သီတင်းသုံးသော အရိယာ သံဃာ၊ အဝေးအနီးမှ ရောက်သော အရိယာ သံဃာတို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ဆွမ်းတော်၊ မဟာသင်္ဘန်းကို ဆွမ်းမပြတ် လုပ်ကျွေးစေရသည်။ မဝတ် မစားရ အထီးကျန်သော သူဆင်းရဲ တို့အားလည်း အဝတ်၊ ပုဆိုး၊ ကြေး၊ ဆန်၊ မပြတ် စွန့်ကြဲတော်မူသည်။ ပုဏ္ဏားတို့ အားလည်း ငွေပုဆိုး လှူတော်မူသည်။

---

## တပင်ရွှေထီး ပင်္ဂိုသခွေ့ တည်နေကြောင်း

တစ်ရံရောအခါမိုးကြီးသည်းထန်စွာရွာရာတွင် ကန်တော်ပေါက်၍ဆည်တော် မူရည်ဟူ၍ ဝေါနှင့် ကျက်တော်မူရာတွင် ငွေယ်ကုန်းသူကြီး သမီးသည် အဆင်း အင်္ဂါလက္ခဏာနှင့် ပြည့်စုံသည်ကို မြင်တော်မူလျှင်၊ ထိုသူးယ်မ ရေ့ဦး၌ မူးသော ကုသိုလ်ကံ အကျိုးပေးချိန်သို့ ရောက်ပြီဖြစ်၍ အလွန် တိမ်းမယ်တော်မူ၍ သည် သူငယ်မသည်၊ အဘယ်သူ သမီးနည်းဟု မေးတော် မူသည်ကို ကျွန်တော်မ ငွေယ်ကုန်းသူကြီး သမီးဟု လျှောက်လျှင် ယူ၍ နန်းတင်လေ၏။ တစ်ရံရောအခါ

မင်းကြီးကို ယပ်ခပ်၍ နေရာတွင် ခြေတော်ကိုဖက်၍ အိပ်ပျော်နေစဉ် လန့်၍ ကျည်ကျည်ကျာကျာ ထစ်၏။ မင်းကြီး လည်း လန့်၍ နိုးတော်မူရာတွင် အဘယ် နည်းဟူ၍ မေးတော်မူ၏။ သူငယ်မလည်း ကောင်းကင်က နေမင်းသည် ဆင်း လာ၍ ကျွန်တော်မ ဝမ်းကိုခွဲ၍ဝင်မက်သောကြောင့် လန့်၍ဟစ်ယောင်သည်ဟု နားတော်လျှောက်၏။ မင်းကြီးလည်း နင့်တွင် ပဋိသန္ဓေ နေလာသသူသည် နေလ ကဲ့သို့ ဘုန်းကြီးမည်။ ယောကျ်ားဖွားလျှင်လည်း ငါမိဖုရား မြှောက် တော် မူမည်ဟူ၍ ဆို၏။ နေ့ လ စေ့၍ သက္ကရာဇ် ၈၇၈–ခု၊ ကဆုန်လပြည့်ကျော် တစ်ရက်ဗုဒ္ဓဟူးနေ့ည လေးချက်တီးကျော်တွင် သားတော် တပင်ရွှေထီးကို ဖွား သည်။ ဖွားသောအခါ မိုးကြီး သည်းထန်စွာ ရွာ၍ မိုးသီးရှောက် လုံးခန့် သည်း ရွာကျ၏။ တောတောင်မြို့ရွာတို့လည်း မီးလျှံကဲ့သို့ တောက်သည်။ မင်းကြီး ဆရာ တော်လည်း ယနေ့ တိတ်နိမိတ် ကြီးသည်။ တရားမင်းမြတ်မှာ တစ်စုံတစ်ခုသော အကြောင်းရှိမည်ဟူ၍ မိုးသောက်လျှင် အိမ်တော် တွင်းသို့ ဝင်တော် မူ၏။ မင်းကြီးလည်း သားတော် ဖွားကြောင်းကို ကြားလေ၏။ ဆရာတော်လည်း အမည် ပေးလေပြီ လောဟူ၍ မေးတော်မူ၏။ တပင်ရွှေထီး သမုတ်ပေးသည်ဟု လျှောက်၏။ ဆရာတော်လည်း မင်းဆက်ပြတ်ခဲ့ပြီ မိန့်တော်မူ၏။

သားတော် တပင်ရွှေထီးကို မျက်နှာ မြင်လျှင် မယ်တော်ကို ရာဇဒေဝီ ဟူသော အမည်နှင့် မိဖုရားမြှောက်တော်မူ၏။ ။သတိုးဓမ္မရာဇာ သမီးတော် မင်းလှထွတ်ကို ရွှေနန်းရှင် နရပတိက ပေး၍ မိဖုရားမြှောက်ရာတွင် သားတော် မြင်သည် ဟူ၍ စာပေမတွေ့။ ။ဝတီးမိဖုရားတွင်လည်း သားတော် သမီးတော် မြင်သည်ဟူ၍ စာပေမတွေ့။ ။မိုးဗြဲစားသမီး ခင်နှယ်ကို နန်းတင် ရာတွင် ဆင်ဖြူများသခင် အဝရှင်မင်းတရားကြီး မိဖုရားခင်ကြီးကို မြင်သည်။ သားတော် တပင်ရွှေထီးကို မျက်နှာမြင်လျှင် မင်းပေါင်း မင်းလက် မင်းဆွေစုံမျိုး တို့ကို အမ အစ ပေးတော်မူမည်ဟူ၍ ရွေးချယ်တော်မူသည်ကား၊ တောင်ငူ မင်းကြီး သား မင်းကြီးဆွေ တစ်ပါး၊ ကြက်ရိုးပင် မင်းကြီးသား ရှင်နိတာတစ်ပါး၊ ရှင်သီဟတစ်ပါး၊ ပတ္တမြားတစ်ပါး၊ ရှင်နတ်တော်တစ်ပါး၊ မိန်းမမှာ ပြကောင်း ကတော်တစ်ပါး၊ စံရန်အောင် ကတော်တစ်ပါး၊ ယောကျ်ားငါး၊ မိန်းမနှစ် ပေါင်း-ခုနစ်ပါး မ စ ရသည်။ သက္ကရာဇ် ၈၈၄–ခုတွင်၊ တောင်ငူနှင့် ရယ်ကို အောင်မြင်တော်မူ၍ ဆင်မြင်း သုံ့ပန်း အများရတော်မူ၏။ ရှမ်းတို့ ကိုလည်း အများယူတော်မူခဲ့ရ၏။ ။သက္ကရာဇ်-ရှစ်ရာ့ရှစ်ဆယ့်ငါးခုတွင် ပင်းနှင့် နတ် မောက်ကို သိမ်းယူတော်မူသည်။

သက္ကရာဇ် ၈၈၆–ခုတပေါင်း လပြည့်ကျော် တစ်ဆယ့်လေးရက် မနေ့ရေ ပြည်ပေါ်တိုက်၍ အင်းဝ ရှေးဦးစွာ ပျက်သည်။ အင်းဝ ပျက်ကြောင်းကို ကြားတော်မူလျှင် အင်းဝမြို့ရွာ တောင်ဘက် များကို ယူတော် မူမည် ဟူ၍ ဆင်လုံး မြင်းရင်းအများနှင့် ချီတော်မူ၍၊ လုလင် ကွမ်းစိကတွင် အရောက် မြှုတော်မူခိုက်၊ ရွှေနန်းရှင် နရပတိ ကျွန်တော် အမြင့်မင်း၊ ညောင်ရမ်းမင်း၊ ဝတီးမင်း၊ ပင်လယ် မြင်းမင်း၊ ပင်းယမြင်းမင်း၊ ရှမ်းဘိုက်တောင် မင်း ပင်လာ၍ ထောက်ကြံ့ဘိုင်တွင် မင်းများနှင့် အတွေ့ ခံတော်မူ၏။ ဝင်လာသော ပေါင်းကား၊ တိုက်ဆင် နှစ်ဆယ်၊ မြင်းခြောက်ရာနှင့် အခြွေအရံ မိန်းမ ယောကျ်ား တစ်သောင်းကျော်ကိုယူ၍ ကျွန်တော်ခံလာ၏။ မဟာသိရိ ဇေယ သူရလည်း ကေတုမတီကို တည်တော်မူစကာ၊ တံတား ပြအိုးတိုင်ကို များကြီးချည်း များစွာ စုံလာသည်ကို ကေတုမတီသို့ချည်း လေးမျက်နှာ အရပ်မှ လူအပေါင်း တို့ ရုံးစုဝင်လာလိမ့်မည်။ ငါဖတ်တော်မူသည့်အတိုင်း မှန်သည်ဟူ၍ မိန့်တော် မူ၏၊ ယင်းကမှ သင်းကြီး မိတ္ထီလာကို လုပ်ကြံတော်မူ၍ သုံ့ပန်း ယူတော် မူလေ၏။ ယင်းတော်မြို့ကို ရံတော်မူစဉ် ရွှေနန်းရှင် နရပတိ အင်းဝ ရွှေနန်း တော်ကို ရပြန်၍၊ ရွှေနန်းရှင် နရပတိနှင့် အုန်းဘောင် စော်ဘွား၊ ဆင်လုံး သုံ့ပန်းမြင်းရင်း အများနှင့်ချီ၍ ယင်းတော်က ခွါခဲ့လေ၏။ ရတော်မူသည့် ကိုလည်း ယူ၍ ပြန်တော်မူ၏။

ဘုရင် နရပတိနှင့် အုန်းဘောင် စော်ဘွား အတူ ချီလာ၍၊ ကေတုမတီသို့ ရောက်လျှင် မြို့မြောက်ဆင်ကျုံးက တပ်ချနေတော်မူ၏။ ယင်းကမှ မြို့ကို အကြိမ် ကြိမ် လုပ်ကြံသည်၊ မရနိုင်၍ ပြန်တော်မူ၏။ သက္ကရာဇ် ၈၈၈-ခုအင်းဝပျက်လျှင် ဘုရင်နရပတိလည်း ရှမ်းစစ်တွင် ဆုံးချေ၏။ ဘုရင်နရပတိဆုံး၍ အင်းဝနောက် ပျက်သော သက္ကရာဇ်ကား၊ ၈၈၈–ခု၊ အတာစားသည့်နေ့ပင် ပျက်ချေသည်။ ။ ဘုရင်နရပတိ ဆုံးလျှင် တောင်ငူသို့ ရောက်လာသည်ကား– ပင်းယမင်း၊ အင်းခန်းမင်း၊ မြစ်သားမင်း၊ လှိုင်းတက်မင်းတို့သည် မြို့သူ ရွာသားတို့နှင့်အတူ ကျွန်တော် ခံလာ၏။ ။ထိုသက္ကရာဇ်တွင် အလုံး အရင်း၊ ဆင် မြင်း အများနှင့် မှန်ပြည် ကျေးစပ်၊ ကပ်ကျည်းချောင်းများသို့ တစ်ကြိမ်ချီ၍ လုပ်ကြံတော် မူသည်။ ဆင် မြင်း သုံ့ပန်းအများ ရတော်မူ၏။ ပြန်တော်မူလျှင် အင်းဝ တောင်တစ်လွှား မြို့ပြ တို့ကိုလည်း ဖျက်ရ၏။ ကန် ချောင်း သည် မြောင်း နိုတိုင်းကိုလည်း အလုံး အရင်းနှင့် ခန့်၍ ဖျက်ဆီးရ၏။ တောင်ငူနှင့် စစ်ဝေး

ခိုမည် ဟူ၍ ဖျက်ဆီးရသည်။ ထိုအခါ မိုးညှင်းသား ရှမ်းတို့ကို အပြည်ပြည်ထောင်သားတို့ ခံ့ညား ရွှေ့ရှားချေ၏။

မဟာသီရိဇေယသူရကား၊ ဘုန်းလက်ရုံး အာဏာနှင့် ပြည့်စုံတော် မူ၏၊ မင်းကြီးထိပ်တော်တွင်ရောက်သောဆံတစ်ချောင်းသည်ချည်တစ်ပျားခန့်ရှိသော ဟူ၏။ မင်းကြီးကား၊ လေးအရာ၊ ချွန်းအရာ၊ ဆင်အရာ၊ တတ်တော်မူ၏၊ စားမှု စားရာ အထွေအရာ စီရင်တတ်၏။ မင်းမှုမတ်၊ မင်းဆွေ စိုးမျိုးသို့လည်းကောင်း၊ သူကောင်း မိန်းမ သက်ကြီး အိမ်ထောင်မဲ့သို့လည်းကောင်း၊ ရဟန်း ဘုန်းကြီးသို့ လည်းကောင်း၊ နေ့တိုင်း စားမှု စားရာ အထွေ အပြား များကို မင်းနှုတ်တော်နှင့် စီရင်၍ ပွဲနှင့် လူတစ်ယောက် တစ်ဖက်ထမ်း၍ ပို့ရ၏။ ထို မင်းကား၊ လုပ်ရည် ကြံရည် ရှိ၏။ ပြည်ထဲရေးရာ နောင်လာနောဂတ် မြင်တတ်၏၊ လက်ရုံးပညာ ရှိ၏၊ မင်းကြီး အနိစ္စ ရောက်တော်မူလိုလျှင် မြို့တွင်း၌ ဆင်ကျုံး တည်တော်မူ၏။ မြို့နား ဝန်းကျင် လက်ပံပင်လည်း မြို့တွင်းက စိုက်၏၊ ဆရာတော် မဟာသိန်းခိုရောက် ဘုန်းတော်ကြီးလည်း မသင့် မထင် ဟူ၍ မြစ်တော်မူသော်လည်း မနိုင်၊ ဆင်ကျုံးကို တည်တော်မူလေ၏။ ဆင်ကျုံး၌ လည်း လက်ပံပင် စိုက်လေ၏။ ထိုမင်း ဆင်ကျုံးတွင် အိမ်တော် ဆောက်၍ နေလေ၏။ ထိုအိမ်တော်၌ သုံးလခန့် ရှိလျှင် သက္ကရာဇ် ၈၉၂-ခု၊ နတ်တော် လဆန်း ၄ ရက်၊ ကြာသပတေးနေ့ ညဥ့်သူငယ်အိပ်ဆိတ်တွင် အိမ်နိမ့်နှင့်ဆယ် ခြောက်၊ မင်းညီးစိမ် လေးဆယ့်ခြောက်၊ သက်တော်ခုနစ်ဆယ့်နှစ်နှစ်တွင် အနိစ္စ ရောက်တော်မူ၏။ နံတော် ဗုဒ္ဓဟူးသားတည်း။ အနိစ္စ ရောက်တော် မူလိုသော်၊ ကြာသပတေး၊ စနေ၊ ဗုဒ္ဓဟူး၊ သိဟဇာသွား၏။ ပြုတော်မူသော ကောင်းမှုတော် ကား၊ တောင်ငူမြို့ကြီး အလယ်တွင် စည်းခုံကြီးနှင့် ကျောင်းတော်၊ ကေတုမတီ အရှေ့ မြောက်ထောင့် မြို့ထိပ်၌ ဘုရားစေတီနှင့် ကျောင်းတော်၊ ကေတုမတီ အရှေ့ တောင်ထောင့်၌လည်း ဘုရားစေတီနှင့် ကေတုမတီ သဿဆာဇာ ကျောင်း တော်ဟု တည်တော်မူ၏။ ဒွါရာဝတီမြို့ တောင်၌ ဆရာတော် ရှင်မဟာသိန်းခို ရောက် ဘုန်းတော်ကြီးကို ကျောင်းဆောက်၍ ဆွမ်းနိစ္စဘတ် လှူတော်မူ၏၊ ဆရာတော် ကျောင်းတွင်လည်း သိမ်တော်၌ ကြေးကို ကိုယ်ခလေးတော်ဘုရား သွန်း၍ ထားတော်မူ၏။ ဝါကျွတ်လျှင် ပုဆိုးဟူသမျှတို့ကိုလည်း ကထိန်သင်္ကန်း သင်္ခါတော်မူရာ ပုဂ္ဂိုလ်တို့အား လှူတော်မူကုန်၏။ မြို့တောင် မြို့နောက်တို့၌လည်း ကန်တူးစေပြီးလျှင် ဆည်၍ ထား၏။ ဥယျာဉ်ဖြစ်ကောင်းရာ—ဥယျာဉ်ဖြစ်စေ၏။

လွှန်တော်မူသော သက္ကရာဇ် ၈၉၂-ခု၊ နတ်တော် လဆန်း၊ ငါးရက်၊ ကြာသပတေးနေ့၊ ညဉ့် တစ်ချက်တီးကျော်တွင် သားတော် လဆန်း၊ ငါးရက်၊ နန်းတက်တော်မူသည်။ အထွတ် အမြတ်သို့ ရောက်တော်မူလျှင် မင်းတရားရွှေထီး၊ ခမည်းတော် အရင်းကဲ့သို့ အရိုအသေ အလေးအမြတ် ပြုတော်မူသည် ဖြစ်၍ မင်းရဲသိခ်သူ ဟူသော အမည်နှင့် ရွှေချက်၊ ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး ပေးတော်မူသည်။ ။အထိန်းတော် ရှင်နီတာကိုလည်း သတိုးမေ့ရာဇာ ဟူသော အမည်နှင့် ရွှေချက်၊ ကွမ်းခွက်၊ ကွမ်းကျုပ်၊ လက်ဖက်အိုး၊ တကောင်းဖုံး ၊ ပေးတော်မူသည်။ ။အထိန်းတော် ရှင်သီဟကိုလည်း စည်သူကျော်ထင် ဟူသော အမည်နှင့် ရွှေကျုပ်၊ လက်ဖက်အိုး ပေးတော်မူသည်။ ။အထိန်းတော် ရှင်နတ်တော်ကိုလည်း ဘယနန်သူ ဟူသော အမည်နှင့် ရွှေကျုပ်၊ လက်ဖက်အိုး၊ တကောင်းဖုံး ပေးတော်မူသည်။ ။အထိန်းတော် ပတ္တမြားကို မှုကား၊ စာပေမတွေ့။ ။မင်းရဲသိခ်သူ သားတော် ရှင်ရဲထွတ်ကိုလည်း ကျော်ထင်နော်ရထာ ဟူသော အမည်နှင့် ရွှေကျုပ်၊ မြင်းမိုး၊ လက်ဖက်အိုး၊ ကျောက်တရစ်စီ ပေးတော်မူသည်။ နောက်လည်း နှမတော် မင်းသမီး ခင်ကြီးနှင့် စုံဖက်တော်မူသည်။ ။ထိုမှတစ်ပါး မင်းဆွေ စိုးမျိုး၊ မှူးတော် မတ်တော် အပေါင်းတို့ကိုလည်း အရည် အသွား အလျောက် အမည် အရည်၊ အဆောင် အယောင်၊ စားကျေး၊ စားလက်၊ ပေးတော်မူသည်။

မင်းတရားရွှေထီး နန်းတက်တော်မူသည့် သက္ကရာဇ် ၈၉၄-ခုတွင်၊ သက်တော် တစ်ဆယ့်ခုနစ်နှစ်သို့ရောက်ပြီဖြစ်၍ နားထွင်းတော်မူသင့်ကြောင်း၊ ဦးသျှောင်တော်ထုံးသင့်ကြောင်းကို မှူးကြီးမတ်ကြီးတို့ လျှောက်ကြသော်၊ "ငါ၏ဟံသာဝတီ ရွှေမော်ဓောဘုရားမှာ နားထွင်းတော်မူမည်" ဟူ၍ မိန့်တော်မူ၏။ မှူးတော် မတ်တော်တို့ကလည်း ဟံသာဝတီသည် ရန်သူတို့မြို့ ဖြစ်သည်၊ ရွှေမော်ဓော ဘုရားမှာ နားထွင်းတော်မူမည် အမိန့်တော်ရှိရာမှာ မသင့်ချေ ဟူ၍ လျှောက်ကြသည်ကို "ငါ့ကို ဝံ့မည်လော" မိန့်တော်မူပြီးလျှင် သတ္တရုဇေယ ဟူသော မြင်းတော်ကို ပတ္တမြားကနှင့် စီးတော်မူ၍ အမတ် လေးကျိပ်၊ မြင်းရဲ ငါးရာနှင့် ဟံသာဝတီသို့ ချီတော်မူသည်။ ရောက်တော်မူလျှင် မြင်း ငါးရာကို ဘုရားကို ဝန်းရံ၍ နေစေပြီးလျှင် တက်တော် မူ၍ ပူဇော်တော် မူပြီးမှ ဦးသျှောင် တော် ထုံး၍ နားထွင်းတော် မူသည်။ ။ မွန်မင်း သုရှင်တကာရွတ်ပီလည်း မင်းတရားရွှေထီး ရွှေမော်ဓောဘုရားသို့ အဖူးအမြင်လာသည်ဟူ၍ ကြားလျှင် ယခု မင်းတရားရွှေထီးကို ဖမ်းလေ ဟူ၍ အမိန့်တော် ရှိသောကြောင့်

အထိန်းတော် ဗညားလော၊ ဗညားကျန်းတို့ အလုံး အရင်း၊ ဆင် မြင်းအများနှင့် ရွှေမော်ဓောဘုရားကို ဝန်းရံကြသည်။ ထိုအကြောင်းကို အမှူး၊ အမတ်တို့ သိ၍ လျှောက်ကြသော် မင်းတရားရွှေထီးလည်း နားကိုသာ ဆည့်အောင်ထောင်၍ မွန်တို့ကို ငါတိုက်တော်မူမည် ဟူ၍ မိန့်တော်မူသည်။ နားထောင်း၍ပြီးလျှင် မြင်းတော် သတ္တရုဇေယသို့ တက်တော်မူ၍ "ငါမင်းတရားရွှေထီး—နင်တို့ ဝံ့မည်လော" ဟူ၍ မိန့်တော်မူပြီးလျှင် မြင်းတော်ကို အကုန်လှုပ်၍ မြင်းရုံငါးရာနှင့်တကွ ထွက်တော်မူသည်။ ဘုန်းကြီးသောမင်းဖြစ်၍ မွန်တို့ တစ်ယောက်မျှ မထွက်ဝံ့ကုန်၊ အုံကြွ၍သာ နေကြကုန်၏။ မင်းတရားရွှေထီးလည်း သုံးညဉ့် လေးရက်နှင့် ကောက္ကမတီသို့ ရောက်တော်မူသည်။

မင်းတရားရွှေထီး အကြောင်းတော်ကား၊ ဓမ္မစေတီမင်း၊ သားတော် မင်းရဲကျော်စွာကို အိမ်ရှေ့မင်း အကြံအစည်နှင့် ဣန္ဒဇိတ်၊ သတ်လေသည်။ သတ်သော အခါ မင်းရဲကျော်စွာ ဆုတောင်းသည်ကား— "ငါတွင် အပြစ်မရှိပါပဲကို ယခု အသက်ကုန်ခြင်းသို့ ရောက်ရတော့မည်၊ အပြစ်မရှိသည် မှန်ပါလျှင် ဤ ဘဝမှ စုတေသော် မြန်မာမင်းတို့၏ဝမ်း၌ ဝင်၍ အရွယ်သို့ရောက်လျှင် မွန် သုံးရပ်ကို နှိပ်နင်းညှဉ်းဆဲ၍ အစိုးရသည် ဖြစ်စေသော်" ဟူ၍ ဆုတောင်းပြီးမှ ဆင်ယင် ထက်စားသမျှ တန်းဆာတို့ကို ရွှေမော်ဓောဘုရားကို ပူဇော်လေသည်။ မင်းတရားရွှေထီးကို ပဋိသန္ဓေနေမည်သောခါလည်း ဓမ္မစေတီမင်း သားတော် မင်းရဲကျော်စွာ ဖြစ်လာသည် ဟူ၍ အိပ်မက်ပေးသော ဟူ၏။

(ရာဇဝင်ကြီးတွင် ဓမ္မစေတီမင်းသည်၊ သားတော် မင်းရဲခကျော်စွာ တွင် အပြစ်မရှိပဲလျက် သူရန်ပြု၍ လျှောက်သည်စကားကို ယူတော်မူ၍ ကွပ်မျက်တော်မူသည်ဟု ဆိုသည်။ မွန် ရာဇဝင်တွင် သားတော် မင်းရဲကျော်စွာ ကျေးကျွန် အကြီးတို့နှင့် မြို့က ထွက်သွားသည်ကို ဣန္ဒဇိတ်ကို လိုက်လံဖမ်းစေ၍ မိလျှင် ခမည်းတော် ဓမ္မစေတီမင်းက ငါ့ကို မမြင်လို၍ ထွက်သွားလေသည်။ ငါလည်း မမြင်လိုပြီဟု အမိန့်တော် ရှိသည်ကို ဣန္ဒဇိတ် အိမ်ရှေ့မင်းအား လျှောက်ထားလျှင် သတ်လေဟု အိမ်ရှေ့မင်း အမိန့်တော်ရှိ၍ ဣန္ဒဇိတ် မင်းရဲကျော်စွာကို သတ်သည်၊ မယ်တော်ငိုး၍ လျှောက်ထားသည်ကာလ ငါမသတ်စေရ၊ အိမ်ရှေ့မင်းက ဣန္ဒဇိတ်ကို စေ၍ သတ်လေသည်ဟု အမိန့်တော် ရှိကြောင်း မိုးရှိမ် ကြီးစွာဖြစ်၍ ဆရာတော်တို့ကို လျှောက်ထားသည်တွင် ဆရာတော် တို့က မင်းကြီးမှာ အပြစ်မရှိကြောင်းများကို ပြောဟော၍ သားတော်

ကိုယ်စား၊ လူ့ဒါန်းကြောင်းများကို လာရှိသည် ဖြစ်၍၊ မည်းတော် ဓမ္မစေတီမင်း သူတစ်ပါး လျှောက်ထားသည့် စကားကို ဟုဖြင့် ကိုယ်မျက် တော်မူသည် ဆိုသော စကားသည် မသင့်၊ ထိမ်းရှမ်း အကြံအစည် နှင့်သာ မင်းရဲကျော်စွာကို ကွန့်ဒိတ် သတ်ရသတည်း။)

သက္ကရာဇ် ၈၉၆-ခုတွင်၊ မင်းဆွေ စိုးမျိုး သူကောင်းသားတို့ကို မြင်းရည် တက် နှစ်ဆယ့်ရှစ်စီးဖွဲ့တော်မူသည်။ ထိုသက္ကရာဇ်တွင်ပင် တိုက်ဆင်လေးသယ်၊ မြင်း လေးရာ၊ စစ်သည် သူရဲ လေးသောင်းနှင့် ကျော်ထင်နော်ရထာကို ရွှေဘယ် နန်းတော်မူ၍၊ ဟံသာဝတီသို့ ချီတော်မူသည်။

---

## ဟံသာဝတီ မင်းစဉ် အကျဉ်းချုပ် ဖော်ပြချက်

ဟံသာဝတီ မင်းစဉ် အကျဉ်းကား၊ သမလကျွမှာရ အမည်ရှိသော မင်းသည် ရာမညတိုင်းဖြစ်သော ဟံသာဝတီသုံးဆယ့်နှစ်မြို့ကိုတည်ထောင်စပြုသည်၊ သမလ ကျွမှာရမင်းမှစ၍ တိဿမင်းတိုင်အောင် တစ်ဆယ့်ခုနစ်ဆက်တွင် မင်းဆက်ပြတ်၍ နိုင်ငံဖြစ်လေသည်။ သက္ကရာဇ် ၇၁၃-ခုတွင်၊ မုတ္တမ ဆင်ဖြူရှင် ဗညားဦး တည် ထောင်စပြုတော်မူပြန်သည်။ ဗညားဦးစည်းစိမ်တစ်ဆယ့်လေး သားတော်ရာဇာ ဓိရာဇ်စည်းစိမ် လေးဆယ်၊ သားတော် ဗညားဓမ္မရာဇာ စည်းစိမ် သုံးနှစ်၊ ညီတော် ဗညားရံ စည်းစိမ် နှစ်ဆယ်၊ တူတော် ဗညားပရူ စည်းစိမ်လေးနှစ်၊ ညီတော် ဗညား ကျန်းစည်းစိမ်သုံးနှစ်၊ လိပ်မှုတ်ထောစည်းစိမ်တစ်နှစ်၊ ရှင်စောပုစည်းစိမ် တစ်ဆယ့် ခုနစ်၊ ဓမ္မစေတီစည်းစိမ်နှစ်ဆယ့်တစ်နှစ်၊ သားတော်ဗညားရံ စည်းစိမ်လေးနှစ်၊ သက္ကရာဇ် ၈၈၈ ခုတွင်၊ အနိစ္စရောက်တော်မူ၍၊ သားတော် သုရှင်တကာရွတ်ပိ မင်းဖြစ်တော်မူသည်။ မင်းဖြစ်၍ရှစ်နှစ်၊ သက္ကရာဇ် ၈၉၆ ခုတွင် ဇေယျဝဍ္ဎနတိုင်း ကေတုမတီပြည်ကြီးကို အစိုးရတော်မူသောမင်းတရားရွှေထီး၊ ယင်းသောအခါ သက်တော်တစ်ဆယ့်ကိုးနှစ်တွင်ချီတော်မူသည်။ ဟံသာဝတီသို့ရောက်တော်မူလျှင် ဆင်မြို့တွင်တပ်ချ၍ မြို့ကိုအကြိမ်ကြိမ် လုပ်ကြံတော်မူသည်၊ သုရှင်တကာရွတ်ပိ အထိန်းတော် ဗညားလော၊ အချီတော် ဗညားကျန်းတို့ အစီအမံ နိုင်ခံ့ လှသောကြောင့် မရချေ။ အရေးကို မြော်တင်း ထောက်ရှုသော်လည်း လျင်လျင်ဆောဆောရမည်အကြောင်း မရှိချေဟု၍ ခုနစ်ရက်သာ နေတော်မူ၍ ကေတုမတီသို့ ပြန်တော်မူသည်။

သက္ကရာဇ် ၈၉၇-ခုတွင်၊ တိုက်ဆင်ခြောက်ဆယ်၊ မြင်းရှစ်ရာ၊ စစ်သည် သူရဲ ခြောက်သောင်း စီရင်တော်မူ၍ ဟံသာဝတီသို့ ချီတော်မူပြန်သည်။ ရောက်တော်မူလျှင် ဟံသာဝတီမြောက် ကျက်ကတိုးဟူသော အရပ်တွင် ချ၍ နေတော်မူသည်၊ ဆင်ပါ မြင်းပါ မြို့ကို အကြိမ်ကြိမ် လုပ်ကြံတော်မူသည်။ ကုလားပန်းသေးတို့ စိန်ပြောင်း မြထူနှင့် မြို့ထိပ်ကနေ၍ လွှတ်လေသည်။ အထိအပါး အရှအနမျှ၍ မထက်နိုင်ချေ။ သုံးလခန့်ရှိလျှင် မိုးလေကျတော့မည် နီးသည်နှင့်ကေတုမတီသို့ပြန်တော်မူသည်။ ။ယင်းသောအခါ ဟံသာဝတီတွင် နိမိတ်ပေါ်သည်ကား၊ ကောင်းကင်က ကြယ်တို့သည် မိုးရွာသကဲ့သို့ ခုနစ်ရက်တိုင် ကျလတ်၍ မြေသို့ ရောက်လျှင် ပျောက်လေသည်။ ထိုမှတစ်ပါး-အစုတ်အကြေတွင် ငါးကြီးတစ်ခုတင်၍ ရှိလာသည်။ အထု အတောင် နှစ်ဆယ်ကျော်၊ အလျားအတောင် လေးဆယ်ကျော်ရှိသော ဟူ၏။ အိပ်ပူးတောင် အလိုလို ပြို၏။ ကုန်းတောင်ပို့တို့သည်လည်း အရာမှ ရွေ့ကုန်၏။ မြေကြီး တို့သည်လည်း ကွဲအက်ကုန်၏။ ကျီးတစ်ခုသည်လည်း မင်း၏ ဥက္ကင်သ ရာဇပလ္လင်၌ ကျီးတကာ အံ့၍ နေသည်ကို ထိုကျီးကို ကျော၍ရလျှင် ရွှေမော်ဓောဘုရားမှာ လွှတ်ရလေသည်။ ထိုမှ တစ်ပါးလည်း ဇမလနိမိတ် ကျောက်တိုင်လည်း အလိုမှ ပ် လဲလေ၏၊ မြစ်ရေလည်း ဒီတိုင်အောင် တစ်မြစ်လုံး နောက်၏။ သည့်ပြင်လည်း များသော နိမိတ်တို့သည် ထင်ကုန်၏။

သက္ကရာဇ် ၈၉၈-ခုတွင်၊ မင်းတရားရွှေထီး တိုက်ဆင် နှစ်ရာ၊ မြင်း ရှစ်ရာ၊ စစ်သည် သူရဲ ခုနစ်သောင်းနှင့် ကျော်ထင် နော်ရထာကို ရွှေတပ်၊ သတို့ဓမ္မရာဇာကို နောက်တပ်အုပ် ခန့်တော်မူ၍၊ ဟံသာဝတီသို့ ခုနစ်တပ် ချီတော်မူသည်။ မင်းရဲသိမ်သူကို မြို့စောင့်ခန့်တော်မူသည်။ ကောလိယသို့ ရောက်တော်မူလျှင် မွန်မင်း သူရှင်တကာရွတ်ပိက ခံလာသည်တပ်နှင့် မြင်းတပ်ချင်း တွေ့၍ တိုက်ကြသော် မွန်တပ်ပျက်၍ အမတ်ကြီး သမိန်ပရူနှင့်တကွ ဆင်မြင်းသုံ့ပန်း အများ ရတော်မူ၏။ ယင်းကမှ ဟံသာဝတီတိုင်အောင် ထပ်၍ လိုက်တော်မူသည်။ တနက်ခုံးတွင် အရပ်အနေပြု၍ ဟံသာဝတီကို လုပ်ကြံတော်မူသည်။ မြို့စီး ပြစီး ထုထပ်လှသည်။ စိန်ပြောင်း အမြောက် မြတ္ထုထုထပ်လှသောကြောင့် မထက်နိုင်ချေ။ ယင်းသို့မှ ဟံသာဝတီမြို့အနောက်တစ်လွှားကို ချီတော်မူ၍ ဒဂုန်တွင် တပ်ချ၍ နေတော်မူလျှင် မှူးတော် မတ်တော် ရံမတ်တော်တို့ကို အစုစု၍ ပုသိမ်၊ မြောင်းမြ၊ သရိုင်သရာ၊ ခဲပေါင်၊ ဒေးပဿုယ် သည်မြို့များကို လုပ်ကြံတော်မူသည်။ ဆင်မြင်းသုံ့ပန်း အများရတော်မူသည်။

ယင်းကာမှ ဟံသာဝတီသို့ ချီတော်မူပြန်၍ မြို့ကို အကြိမ်ကြိမ် အပန်များစွာ လုပ်ကြံတော်မူပြန်သည်။ အထိန်းတော် ဗညားလော၊ အချီတော် ဗညားကျန်းတို့ အစအမ် လုပ်ရည်ကြံရည် နိုင်နှံ့လှသောကြောင့် မရချေ။ မိုးကျလျှင် ပြန်တော်မူသည်။

---

## မွန်မင်း သုရှင်တကာရွတ်ပိ-အကြောင်း

သက္ကရာဇ် ၇၉၉-ခုတွင် မွန်မင်း သုရှင်တကာရွတ်ပိသာ မင်းတရားမွယ်သီးသို့ သံစေ၍ ရောက်လာသည်။ ဗညားလော၊ ဗညားကျန်း တို့ကလည်း မင်းရဲသိခသူ၊ သတိုးမွေ့ရာဇာတို့သို့ သံ ဖက်လိုက်သည်။ ရာဇသံတွင် မှာတော်မူသည်ကား။ ။ရာမညတိုင်း-ဟံသာဝတီပြည်ကြီးကို အစိုးရသော မဟာသုရပဝရ သုမ္မရာဇာ ကြားလိုက်အပ်သော ဇေယဝဓနတိုင်း ကေတုမတီပြည်ကြီးကို အစိုးရတော်မူသော ညီတော်မင်းတရား။ ရာမညတိုင်းနှင့် ဇေယဝဓနတိုင်းသည် ဘားလောင်းတော်၊ ဘိုးလောင်းတော်တို့ လက်ထက် ရေကိုသားသော် အခြားမမြင်သကဲ့သို့ မီးမသေ၊ ရေမကြည် ဖြစ်လေသည်။ ယခုလည်း ရွှေကဲ့သို့ နှစ်ပြည်ထောင် ရွှေတစ်ပြားတည်းကဲ့သို့ ဖြစ်မှ တိုင်းကားနိုင်ငံ၌ နေကုန်သော ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့သည် ချမ်းသာခြင်းသို့ ရောက်ကြ၍ ပရိယတ္တိ ပဋိပတ္တိ သာသနာတော် အစဉ်ရှည်စွာ တည်မည်ဟူ၍ ရွှေပေတွင် ရေး၍ မှာတော်မူသည်။ လက်ဆောင်တော်-မှာလည်း အထူးထူးသော အပ်မျိုး၊ ထည်မျိုးတို့ကို ပါးလိုက်သည်။ သံတို့ ရောက်လျှင် သင့်တင့်သော အရပ်တွင် နေစေပြီးမှ ခေါ်တော် မူ၍၊ ရာဇသံတွင် ပါသည်စာကို ကြားတော် မူလျှင် မည်သို့မျှ မိန့်တော်မမူ၊ သံတို့ကို ကျွမ်းတစ်ရာညက်ခန့် နေစေပြီးလျှင် လွှတ်တော်မူ၍ ငုံးတို့ပြင်သို့ ရောက်မှ ဗညားလော၊ ဗညားကျန်းတို့ သံကို ခေါ်တော်မူ၍ ဦးရိုးတော် ဗညားလော၊ ဗညားကျန်းတို့ကို သည်ပန်းကို ပေးပါလေဟု ရွှေသစ္စာပွင့် နှစ်ပွင့်ကို ပေးတော်မူလိုက်၏။ သုရှင်တကာရွတ်ပိ သံတို့လည်း သံကကို ရောက်နှင့်လေသည်။ နောက်မှ ဗညားလော၊ ဗညားကျန်းတို့ သံရောက်လာ၍ ပသို့ အမိန့်တော်ရှိသနည်းဟု မေးသော်၊ မည်သို့မျှ အမိန့်တော် မရှိ၊ ရွှေသစ္စာပွင့် နှစ်ပွင့်ကိုသာ ဦးရိုးတော်နှစ်ပါးကို ပေးပါလေ ဆို၍ ပေးလိုက်သည်ဟူ၍ ပြော၏။ သုရှင်တကာရွတ်ပိ သံလည်း မဟုတ်ရာ ဟူ၍ မယုံ မကြည်

ဆိုဘိ၏။ သံတို့ မသွားမချင်းလည်း ဗညားလေ၊ ဗညားကျန်းတို့ သံကိုသာ ခေါ်၍ မပြတ်ကျွေးမွေးတော်မူ၏။ သံတို့ကို လွှတ်တော်မူ၍ ဟံသာဝတီသို့ ရောက်လျှင် ကေတုမတီမှာ အကြောင်းမျိုးကို စေစုံစွာ လျှောက်၏။ မှန်မင်း သူရှင်တကာချွတ်ပါလည်း အထိန်းတော် အချီတော်တို့ကို မယုံမကြည် ရှိတော်မူ၏။

မင်းတရားရွှေထီးလည်း ဤသို့ ကြံတော်မူ၏။ ကြံဟန်ကား၊ ရွှေပေတွင် စာရေး၍၊ ဗညားလေ၊ ဗညားကျန်းတို့သို့ ပို့ရသည့် အဟန် စီရင်တော်မူ၏။ စာတွင် ပါသည်ကား၊ "ဇေယျဝဍ္ဍနတိုင်း ကေတုမတီပြည်ကြီးကို အစိုးရသော တော် မင်းတရား ကြားလိုက်သည်။ ဦးရီးတော်နှစ်ပါး၊ ဦးရီးတော်တို့ မှာသည့်စာတွင် အရေးတော်ပြီးလျှင် ဦးရီးတော် ဗညားလေ ဟံသာဝတီမြို့ကို စားပါမည်၊ ဦးရီးတော် ဗညားကျန်းမှာ မုတ္တမမြို့ကို စားပါမည်။ မှာသည့်အတိုင်း အရေးတော်ပြီးလျှင် သူကောင်းပြုရမည် ဖြစ်သည်။ ငါအမှုတော်ကိုသာ ကြိုးစား အားထုတ်ပါ" ဟူ၍ ရေးစေပြီးလျှင် သင်္ကုလတ်အိတ်တွင် ထည့် လင်းယာနှင့် သွတ်ပြီးမှ ပုတာတွင် ထည့်သည်။ စာပေါ်တွင် ကတ္တီပါ မော်ရော် မိုင်းလုံ ရွှေလျှင် အမျှား သွတ်၍ လူမောက်၊ လူမာ နှစ်ယောက်ကို သံအကြီး ခန့်တော်မူ၍၊ လူသုံးကျိပ်ကျော်နှင့် သွားရလေ၏။ သံတို့ကို မှာတော်မူသည်ကား၊ ဟံသာဝတီကျေးသို့ ရောက်လျှင် ဝန်စည်ပို့စေ၊ နှစ်စခန်း သုံးစခန်းရောက်လျှင် ရွာတစ်ရွာတွင် ရွာသားတို့နှင့် အချင်းအများရှိအောင် ချည်ခနှောင်၍ သပိုင်အနိုင် ပြုကျင့်လေ၊ ယင်းသို့ ပြုလျှင် ရွာသားတို့ မခံနိုင်၍ ခြေလက် ထုလိမ့်မည်၊ ယင်းသို့ လက်ခြေထုမှ ဝန်ပို့ ဝန်တာကို ပစ်ခဲ့၍ ကိုယ်ကိုသာ အလွတ်ပြေး၍ ဟူ၍ မှာတော်မူ၏။ ။သံတို့လည်း မှန်တို့ ကျေးစပ်သို့ ရောက်လျှင် မှာတော်မူတိုင်း ထမင်း ဟင်း အရက်သေစာ နည်းသည် ဟူ၍ ရွာသူကြီးတို့ကို ပြင်းပြစွာ ချည်နှောင် တုပ်ဆွဲ၍ ထောင်းလေ၏။ ရွာသားတို့လည်း မခံနိုင်၍ လုယက်ရာတွင် အတွေးတွေး သတ်ကြလေ၏။ သံတို့လည်း ပုတာခေါင်းယက်ကို ပစ်ခဲ့၍ အားမတန်၍ ပြေးခဲ့သည့်အဟန် ထွက်လာခဲ့၏။ ရွာသားတို့လည်း ပစ်ခဲ့သည့် ပုတာခေါင်းယက်ကို ယူ၍ မှန်မင်း သူရှင်တကာချွတ်ပါကို ဆက်လေ၏။ မင်းကြီးလည်း ဆက်လာသည့် ပုတာခေါင်းယက်တွင် ပါသည်ကို ကြည့်ရှုတော်မူသော်၊ သင်္ကုလတ်အိတ်တွင် စာကို တွေ့လေ၏။ ဖတ်စေ၍ စာတွင် ပါသမျှကို ကြားတော်မူလျှင် ပညာတော်ဖြင့် ထောက်ရှုတော် မမူ၊ အထက်က ယုံကြည်ရင်း မရှိသည်နှင့် အထိန်းတော် ဗညားလေ၊ အချီတော် ဗညားကျန်းတို့ကို နန်းတွင်းသို့ ခေါ်တော်မူ၍ သတ်လေ၏။ သည် အမတ်ကြီးနှစ်ယောက်

မှိုမျှင် ဟံသာဝတီ အားလျော့ချေ၏။ သူရှင်တကာဗ္ဗတ်ပိလည်း ကျွတ်မော် မြို့ကို အသစ်လုပ်၍ နေတော်မူ၏။

ဗညားလော၊ ဗညားကျန်းတို့ မရှိပြီ ဟူ၍ ကြားတော် မူလျှင် မှူးမတ် မတ်တော်တို့ကို ခေါ်တော်မူ၍ တိုင်ပင်တော် မူသည်ကို ယောက်ဖတော် ကျော်ထင်နော်ရထာ လျှောက်သည်။ ဟံသာဝတီ မှန်ပြည်ဝယ် ရှေး မဖြစ် ဖူးသော တိတ်နိမိတ်သည် ထင်ရှားစွာ ဖြစ်သည်။ ယခုလည်း ဗညားလော၊ ဗညားကျန်းတို့ကို ကွပ်မျက်လေသောကြောင့် ဟံသာဝတီ အားလျော့လေပြီ သည်။ ဘုန်းကြီးသည့် အရှင်— ဆင်လုံး မြင်းရင်း အများ စီရင်တော် မူ၍ ချီလျှင်၊ မွန်မင်း ဟံသာဝတီတွင် ခံဝံ့မည်မဟုတ်၊ ယင်းသို့လျှင် ဟံသာဝတီ မြို့ကို ဓားမကျိုး လှံမကျိုး ရတော်မူမည်။ ဟံသာဝတီသုံးဆယ့်နှစ်မြို့ကိုရတော် မူလျှင် မုတ္တမသုံးဆယ့်နှစ်မြို့၊ ပုသိမ်သုံးဆယ့်နှစ်မြို့တို့သည် လက်နက် နိုင်ငံတော် ချည်း ဖြစ်ရလိမ့်မည်" ဟူ၍ နားတော် လျှောက်သည်။ မင်းတရားရွှေထီးလည်း ယောက်ဖတော် ကျော်ထင်နော်ရထာ လျှောက်သည့် အရေးကို ကြိုက်တော်မူ၍ တုရင်ရာဇာ၊ တုရင်ဗလ၊ စစ်တုရင်္ဂသူ၊ တုရင်ယောဓတို့ မြင်းလေးတပ်ကို ရွေးချယ် ရသည်။ယင်းကမှတပ်မတော်နှင့်တကွကိုးတပ်ချီတော်မူသည်။ ပေါင်းတစ်ဆယ် သုံးတပ်တွင်ပါသည့် တိုက်ဆင်တစ်ရာ့နှစ်ဆယ်၊ မြင်းရှစ်ရာ၊ စစ်သည်သူရဲ နှစ်သောင်းပါသည်။ ရေတပ်မှာ တိုက်လှေ နှစ်ရာကျော်ကို အမြောက်ကြီး မြတပူနှင့် ရိက္ခာဆန်ရေတင်၍ မင်းမဟာနှင့် ဘယကျော်သူကို စစ်သည်သူရဲ တစ်သောင်းနှင့် ရေကြောင်းချီသည်။ သက်ရှည်ကျော်ထင်နှင့် သမ်ယာကို မြို့စောင့် ခန့်တော်မူသည်။ ကေတုမတီကချီတော်မူ၍ သုံးစခန်းရောက်လျှင် မွန် မင်းသူရှင်တကာပိလည်း ဟံသာဝတီတွင်ခံသော်လည်းမခံနိုင်ရာ အမတ်ပြု၍ ဗညားဗလ၊ မင်းရဲ အောင်နိုင်၊ အံပြည်၊ ရဲသင်ရဲ၊ ပိုက်ကမြင်တို့ ငါးတပ်ကို တိုက်ဆင် နှစ်ရာ၊ မြင်းရှစ်ရာ၊ စစ်သည် သူရဲ ရှစ်သောင်းနှင့် ကြည်းကြောင်း ချီရသည်။ မွန် မင်း သူရှင်တကာဗ္ဗတ်ပိမှာ ရေကြောင်း ရွှေဟောင်တော် စီး၍ အမှန်တရာ၊ သမိန်စည်သူ၊ သမိန်သံကျယ်၊ ပိုက်နရဲ၊ ညီကံကောင်း၊ အံနရဲ သည်ခြောက်တပ်တွင် ပါသည့် ဇလာကပင်း လှော်ကား သံလှေ နှစ်ရာကျော် စစ်သည် သူရဲ လေးသောင်းနှင့် ယောက်ဖတော် မြည်ဟုရင် နရပတီသို့ ပေါင်းမည် ဟူ၍ ဟံသာဝတီက သရေခေတ္တရာသို့ ဆန်တော်မူသည်။

မင်းတရားရွှေထီးလည်း၊ သူရှင်တကာဗ္ဗတ်ပိ ပြည်သို့ ဆန်လေပြီ ကြားလျှင် ဟံသာဝတီသို့ ဆလျှင်ချီ၍ မြို့ကို ရတော်မူလျှင်၊ မှူးတော် မတ်တော် အပေါင်း

တို့ကို ခေါ်တော်မူ၍ ပြည်သို့ ချီ၍ လုပ်ကြံရသော် သင့်မည်လော၊ မုတ္တမသို့ ချီ၍ လုပ်ကြံရသော် သင့်မည်လော" ဟူ၍ တိုင်ပင်တော်မူသည်ကို အထိန်းတော် သတိုး ဓမ္မရာဇာ လျှောက်လေသည်။ "ဘုန်းတော်ကြောင့် ဟံသာဝတီပြည်ကြီးကို ဓား မကျိုး၊ လှံမကျိုး အလိုတော် ပြည့်လေပြီးသည့် မြို့ပြကိုသာ နိုင်လုံအောင် စီရင် တော်မူ၍ မြို့ရှန်ရွာနားတွင် ရှိသော လူသူတို့ကို ရုံးစု၍ မျိုးရိက္ခာကိုလည်း မြို့တွင်း သို့ သွင်းထားမည်။ ယင်းသို့မှ သူလာလျှင်လည်း တိုက်မည်။ သူမလာလျှင် လည်း တစ်နှစ်တစ်ဝါကို ဆင်မြင်းဗိုလ်ပါတို့ကို ဖြည့်တင်း၍ ရွှေ မိုးစဲလေသော် မုတ္တမသို့ ချီ၍ လုပ်ကြံမည်။ မုတ္တမကို ရတော်မူလျှင် မုတ္တမအားနှင့် ပြည်သို့ ချီ၍ လုပ်ကြံတော်မူသည် ဖြစ်မှ အရေးတော် အလျှင် ပြီးလွယ်မည်" နားတော် လျှောက်သောစကားကို ကျော်ထင် နော်ရထာ ကြားလျှင် ဤသို့ နားတော် လျှောက်ပြန်သည်။ "မင်းကြီးလျှောက်သော အရေးသည်၊ စစ်ရေးပင် ဖြစ်တော့ သည်။ သို့ရာတွင် မှန်မင်း သူရှင်တကာ ရွှတ်ပီသည် မိမိမြို့တွင်မှ မခံ၍ ပြေးလေပြီးသည်ကို ပြည်မြို့နှင့်ပေါင်း၍ ခံသော်လည်း အလုံးအရင်းသာ များ လိမ့်မည်။ လုပ်ရည်၊ ကြံရည်၊ အရဲအစွမ်း၊ ကျွန်ုပ်တို့ကို မတန်၊ ယင်းသို့ ဖြစ် သောကြောင့် ပြည်မြို့တိုင်အောင် စမ်း၍ ချီတော်မူသင့်သေးသည်။ သာလျှင် လည်း သာလျှောက် ရှုပ်ရှုပ်ချုံချုံ လုပ်ကြံမည်။ အထက် စော်ဘွားတို့ ကူညီ မသာလျှင်လည်း အလျှင်ပြန်၍ မုတ္တမကို လုပ်ကြံမည်။ ယင်းသို့ဖြစ်သောကြောင့် ဘုန်းကြီးသည့် အရှင်မှာ ရေကြောင်း ချီတော်မူ၊ သို့ရာတွင် မှန်တို့သည် ဥပါယ်တံမျဉ် ပရိယာယ်ဝေဝုစ် များလှသည်။ ရေတပ်၊ ကြည်းတပ်ကို မကွာ ချီရမည်။ ကျွန်ုပ်တို့မှာလည်း ကြည်းတပ်၊ သုံးတပ် စီရင်၍ ဗညားဒလ၊ မင်းရဲ အောင်နိုင်တို့ တပ်ကို အမီလိုက်မည်" ဟူ၍ နားတော်လျှောက်သည်။ မင်းတရား ရွှေထီးလည်း ယောက်ဖတော် ကျော်ထင် နော်ရထာ လျှောက်သော အရေး ကို ကြိုက်တော်မူ၍ "သည်အတိုင်းစီရင်" အမိန့်တော်ရှိ၍ ကျော်ထင် နော်ရထာ စီရင်ရသည်။ ဟံသာဝတီတွင် ဝက်ကဲ့၍ ထားသော တိုက်လှေများကို ဝင်လာ သောသူတို့ကို ဆုလာဘ်ပေး၍ ယူစေပြီးလျှင် ဘယကျော်သူ၊ နန္ဒကျော်သူ၊ သမိန်ပရူ၊ မင်းမဟာသီရိဇေယ ကျော်ထင်၊ ပိုက်နရဲ၊ လက်ယာဘုံချိ၊ ယင်းကမှ ဘဝရှင်မင်းတရားကြီး ချီတော်မူသည်။ လှေတပ်ခုနစ်တပ်တွင် ပါသည့် ဗလာ ကပင်း၊ ကတ္တူလှုန်းကြင် သုံးရာ ငါးဆယ်၊ စစ်သည် သူရဲ သုံးသိန်းငါးသောင်း နှင့် ရေကြောင်း ချီတော်မူသည်။ လှေတပ်နှင့် မကွာချီရသော ကြည်းတပ်မှာ သတိုးဓမ္မရာဇာ၊ ဘယနန္ဒသူ၊ သမိန်လောက်ရှိန်၊ နန္ဒသူရိယ၊ သည်လေးတပ်ကို တိုက်ဆင် ခုနစ်ဆယ်၊ မြင်းသုံးရာ၊ စစ်သည် သူရဲ သုံးသောင်း ငါးထောင်နှင့်

လေးတပ်နှင့် မကွာ ချီရသည်။ ယောက်ဖတော် ကျော်ထင် နော်ရထာမှာ တိုက်ဆင် ငါးသယ်၊ မြင်းငါးရာ၊ စစ်သည် သူရဲတစ်သောင်း၊ ဆင်စီး အမတ် ငါးကျိပ်နှင့် ကုန်းကြောင်း နောင်မြို့ကို ချီရသည်။ ဟံသာဝတီမြို့ကို မှာထား မင်းရဲသိင်္ခသူနှင့် စစ်သည်သူရဲတစ်သောင်းကျော်ကို ကဗောင် အဝန ခန့်အပ် မှုသည်။

ကျော်ထင် နော်ရထာတို့ ချီတော်မူ၍ နောင်းရိုသို့ ရောက်လျှင် သူရှင်တကာရွတ်ပိ အမတ်ဗညားဒလတို့ နောင်ရိုး တစ်ဘက်မှာ တပ်ချ၍ နေသည်ကို တွေ့လျှင် လူတစ်ယောက်ကို သစ်ပင်ထက်သို့ တက်စေ၍ ဆင်မြင်း ဗိုလ်ပါတို့ကို ရမ်းရော်စေသော်၊ တိုက်ဆင် နှစ်ရာကျော်၊ မြင်း ရှစ်ရာကျော်၊ ဗိုလ်ရှစ်သောင်းခန့် ရှိမည် ဟူ၍ လျှောက်လျှင် ဖောင်ပန်း အလျင် ဖွဲ့စေ၍ ချောင်းကို ဆင်မြင်း ဗိုလ်ပါ တို့ကို ကူးရ၏။ တစ်ဘက်သို့ ရောက်လျှင် အမှုထမ်းတို့ကို စိတ်နှစ်ခွ မရှိအောင် ဖောင်ကို ဖျက်ရ၏။ တပ်မှူးစစ်ကဲ အသင်းတို့လည်း ကျွန်တော်တို့မှာ ဆင်မြင်း ဗိုလ်ပါ နည်းလှချေသည်၊ သူတို့မှာ ကျွန်တော်တို့ထက် ဆယ်ဆခန့် များလေသည်။ သူကို အောင်မြင်နိုင်သော် ကောင်း၏၊ မအောင်၍ ဆုတ်ခဲ့ရသော် ဖောင်ပန်းမရှိက မသက် ချေပြီလော ဟူ၍ လျှောက်ကုန်၏။ ကျော်ထင်နော်ရထာလည်း ဘုန်းတော်ကြောင့် အောင်မြင်လိမ့်မည်။ အစ်ကိုတို့ မစိုးရိမ်နှင့်ဟု မိန့်တော်မူသည်။ ယင်းသို့စဉ်တွင် မင်းတရားရွှေထီးက သူ့လူကို တွေ့လျှင် မတိုက်နှင့်၊ ငါရောက်တော်မူမှ တိုက်တော် မူမည် ဟူ၍ တုခင်ရာဇာ မြင်းဆယ်စီးနှင့် စေတော်မူ၍ ရောက်လာ၏။ ကျော်ထင်နော်ရထာလည်း ဘုန်းတော်ကြောင့် အောင်မြင်လေပြီ ဟူ၍ လျှောက်လိုက်၏။ ယင်းသသာအခါ ကျွန်တော် မိုင်းရဲဟူသော အမတ် လျှောက်သည်။ ကျွန်တော်တို့ သူ့ကို မအောင်မြင် ချေသေး၊ သူ့ကို အောင်မြင်တော်မူပြီ လျှောက်ရာ-အရပ်အနေ မသင့်၍ မအောင်မြင်ခဲ့သော် ကျွန်တော်တို့ အပြစ်တော် တင်ကို မခံရချေလေဟူ၍ လျှောက်၏။ ထိုစကားကို ကြားတော်မူလျှင် ကျော်ထင်နော်ရထာက ဤသို့ ဆို၏။ သည် စစ်ကို ငါတို့ အောင်မြင်လျှင်လည်း အသက် ရှည်မည်၊ မအောင်မြင်ခဲ့လျှင်လည်း ငါတို့ သေရမည်၊ သေလေပြီးသည် ကိုလည်း အဘယ်သူကို အပြစ်တော် တင်မည်နည်းဟု တပ်မှူးစစ်ကဲ အသင်းတို့ကို စိတ်နှစ်ခွ မရှိအောင်မိန့်တော်မူ၏။ ယင်းသို့မှ တော်မိုင်းရဲနှင့် ဆင်စီးအမတ်တစ်ဆယ်ငါး၊ မြင်း နှစ်ရာ၊ စစ်သည်သူရဲ သုံးထောင်ကို လက်ယာကြောင်းခွဲ၍ တိုက်ဟူ၍ မိန့်တော်မူသည်။ ဘယသကြံ့ဆင်စီးအမတ်တစ်ဆယ့်ငါး၊ မြင်းနှစ်ရာ၊ စစ်သည်

သူရဲ သုံးထောင်ကို လက်ယာကြောင်း ဝင်၍တိုက် မိန့်တော်မူသည်။ ကျော်ထင် နော်ရထာမှာ စွယ်လမန်ဟူသော ဆင်ကို စီးတော်မူ၍ ဆင်စီးသပတ် နှစ်ဆယ်၊ မြင်းတစ်ရာ၊ စစ်သည်သူရဲလေးသောင်းနှင့် အလယ်ကြောင်း ဝင်၍ တိုက်မည် စီရင်တော်မူ၏။ ယင်းသောအခါ မိန့်တော်မူသည်ကား၊ စစ်တိုက်၍ သာသည် အင်အား နည်းသည်၊ များသည် ဟူ၍ မရှိ၊ လုပ်ရည် ကြံရည် အရဲ စွမ်းသော အရင်းဖြစ်သည်၊ တစ်ကြောင်းမှာလည်း ဘဝရှင် မင်းတရားကြီး ကျေးဇူးတော် သစ္စာတော်နှစ်ပါးကို ဦးထိပ်ရွက်၍ သည်ပွဲတွင် အစ်ကိုတို့ အသက်စွန့်၍ ဆင် ရမည်ဟူ၍ မိန့်တော်မူပြီးလျှင် စစ်သုံးကြောင်းဖြန့်၍ ချီတော်မူ၏။ သူရင် တကာချွတ်ပိ အမတ် ဗညားဒလနှင့် မင်းရဲအောင်နိုင်တို့လည်း မြန်မာတို့ စစ်သည် နည်းသည်ကို မြင်လျှင် မကြောက်မရွံ့ စစ်မျက်နှာ ဖြန့်၍ ကြိုလာ၏။ ။ယင်းသို့ စဉ်တွင် ကျော်ထင်နော်ရထာ စီးတော်မူသော စွယ်လမန် ဟူသော ဆင်ကို ချွန်းဖွင့်၍ လွှတ်တော် မူသည်။ မွန်တို့ ဆင်ပုံ မြင်းပုံသို့ ရောက်တော် မူလျှင် ဗညားဒလ စီးသောဆင်ကို တိုက်တော် မူလေ၏။ ဗညား ဒလသည် ဆင်ကသည့် မြင်းသို့ ဆင်းသက်၍ အလွတ် ခုါလေ၏။ လက်ဝဲ၊ လက်ယာ ကြောင်းချီသည်းသူ ဆင်အခတ်ဘို့လည်း ချွန်းဖွင့်ကာ လွှတ်ကြသည်။ မွန် တို့ လေးစု ကွဲ၍ ပျက်လေ၏။ မင်းရဲအောင်နိုင်လည်း ဆင်ဦးတွင်ပင် ဆုံးလေ၏၊ ရဲမက် ဗိုလ်ပါလည်း အများပင် သေခပျောက် လေ၏။ ဆင် မြင်း သုံ့ပန်း အများ ရတော်မူ၏။

မွန်မင်း သူရင်တကာချွတ်ပိလည်း နေခင်ရိုးတွင် ခံ၍ နေစေသောတပ် ပျက်လျှင်၊ ပန်းမထီးဝတွင် မနေဝံ့၍၊ ပြည်ဘုရင် နရပတိသို့ ပေါင်းမည် ဟူ၍ ပြည်သို့ ဆန်တော်မူလေ၏။ ။အင်္ဂပုရသို့ ရောက်လျှင် အင်္ဂပုရတွင် ဆင် မြင်း ဗိုလ်ပါ ထားခဲ့၍ မိဖုရား သားတော် သမီးတော်နှင့် တကွ ပြည်မြို့သို့ အပူးအမြင် သွားတော်မူ၏။ ပြည်ဘုရင် နရပတိသည်၊ ခင်ခင် မင်မင် ကြိုဆို တော်မူနိုင်၏။ အညာမှာ စော်ဘွားများကို ချီပင့်ရလေသည်။ စော်ဘွားလည်း ရေအား ကြည်းအား အလုံး အရင်း ဆင်မြင်း ဗိုလ်ပါနှင့် ရောက်လာ၏။ ပြည်သို့အရောက်ညီကြလျှင်၊ ပြည်မင်း၊ အင်းဝမင်း၊ ဟံသာဝတီမင်းတို့ ဟံသာ ဝတီ တိုင်အောင် ချီ၍ သူရင်တကာချွတ်ပိကို နန်းတင်မည် တိုင်ပင် ကြ၍ ရေတပ် ကြည်းတပ် စီရင်ကြ၏။

မင်းတရား ရွှေထီးလည်း နေခင်ရိုးတွင် စစ်အောင်၍ တစ်နေ့မှ ရောက်တော် မူသည်။ ရောက်တော်မူလျှင် ကျော်ထင် နော်ရထာကို ခေါ်တော်မူ၍ ငါ့ကို

မင်းပါကို တိုက်နိုင်သည်။ ငါ့ပွဲခတော်ကို ဖျက်ရာသလောဟု မိန့်တော်မူလေသည်ကို
ကျော်ထင်နေဘ်ရထာ လျှောက်သည်။ “ဘုန်းတော်ကြီးသည့် အရှင်နှင့် မတိုက်
တန်၊ ကျွန်တို့နှင့်သာ တိုက်တန်သည့် ပွဲဖြစ်၍ လုပ်ကြံရဦးမည်သည်။ များသော
သည်နှင့် တိုက်တန် ပေသည်” ဟူ၍ နားတော် လျှောက်သည်။ မင်းတရား
ရွှေထီးလည်း ရသည့် ဆင် မြင်း ဗိုလ်ပါ လက်နက် ကရိယာတို့ကို ဆက်လျှင်
အားရတော်မူ၍ လက်တော်နှစ်ဘက်တွင် ဝတ်တော်မူသော လက်စွပ်၊ ပတ္တမြား
လက်ကောက်ကို ပေးတော်မူသည်။ ယင်းသို့မှ ဘုရင့်နောင် အမည်ကို ခံဟု အမိန့်
တော်ရှိ၍ ခံရသည်။ လှိုင်မြို့ကိုသည်း ကံ့ကျေးခံ ပေးတော်မူသည်။ အညီမှ
တစ်ပါးပွဲသမ်း ရသသူဘို့ကိုသည်း အသိုက်အလျောက်၊ အဆောင် အယောင်
စားကျေး စားသောက် ပေးတော်မူသည်။ ယင်းသို့မှ ရေအား၊ ကြည်းအား ပြည်သို့
ချီတော်မူသည်။ အင်းပြောကျွန်းသို့ ရောက်တော်မူလျှင် တပ်ခိုင် တပ်လုံစည်၍
ကြည်းရေ ဖက်၍ နေတော်မူ၏။ ပြည်ဘုရင်၊ အင်းဝဘုရင်၊ ဟံသာဝတီ
ဘုရင်တို့လည်း မင်းတရားရွှေထီး ချီလာပြီ ဟူ၍ ကြားလျှင် စစ်သည် ဗိုလ်ပါ
ရုံးစု၍ ရေအား၊ ကြည်းအား ပြည်မြို့က ခံ၍ နေကြသည်။ မင်းတရားရွှေထီး
လည်း အင်းပြောကျွန်းသို့ ရောက်တော်မူ၍ သုံးရက်ရှိလျှင် ဘုရင့်နောင်
ကျော်ထင်နေဘ်ရထာကို “ဘယ်သို့ စီရင်ရသော် သင့်မည်နည်း” ဟူ၍ မိန့်တော်
မူသည်ကို ဘုရင့်နောင် ကျော်ထင်နေဘ်ရထာ လျှောက်သည်ကား။ “တိုက်လှေ
အပေါင်းတို့တွင် စိန်ပြောင်း မြတပူများကို တင်စေ၍၊ အင်းပြောကျွန်းအောက်
မြစ်နားနှစ်ဘက်တွင် အသင့် နေစေပြီးမှ ညဉ့်မိုက်မိုက်ကို စစ်ရေးဝင်စိမ့်မည်။ သူက
လှေတပ်ထပ်၍လိုက်လျှင် မြစ်နားတစ်ဘက်တစ်ချက်က နေစေသော တိုက်လှေ
များကို သူကျလာလျှင် ထွက်၍ တိုက်စိမ့်မည်။ ယင်းသို့ စီရင်ရလျှင် သူ့
ရေတပ် ပျက်လိမ့်မည်” ဟူ၍ နားတော် လျှောက်၏။

ဘုရင့်နောင် ကျော်ထင်နေဘ်ရထာ လျှောက်ထားသော အရေးကို ကြိုက်
တော်မူ၍ “သည်အတိုင်း စီရင်လေ၊ ငါ စစ်ရေး ဝင်တော်မူမည်” ဟူ၍ မိန့်တော်
မူသည်။ ဘုရင့်နောင် ကျော်ထင်နေဘ်ရထာလည်း တိုက်လှေများကို အနေ
အထား သင့်အောင် စီရင်ပြီးလျှင် အကြောင်းကို နားတော် လျှောက်၏။
မင်းတရားရွှေထီးလည်း ရွှေလှေ်ကားနှစ်စင်းနှင့် ပုံမောင်း၊ နဲ့ရေဘင်၍ ည
လရောင်ဝိုးဝင်းကို ပုံမောင်း ပတီးစေပဲ ကိုယ်တိုင်တော် ပြည်မြို့ရင်းတိုင်အောင်
ဘန်တော်မူ၍ ပြည်မြို့ရင်းသို့ ရောက်မှ စည်မောင်း နဲ့ခရာတို့ကိုတစ်ပြိုင်နက်
တီးစေ၍ ကြော်ငြာရ၏။ ပြည်က လှေသည်သားတို့သည် မင်းတရားရွှေထီးက

လှေတပ်မပါသည်ကို မြင်လျှင် အကြောက်အရွံ့မရှိ၊ မြစ်လုံးပြည့်မျှ လိုက်ကုန်၏၊ ယင်းသော၀ါ ခေါင်းတည်၍ လိုက်သောလှေကား၊ အင်း၀ဘုရင်ကျွန် ကန့်ဓား နော်ရထာ၊ ပေါင်းတည်စား ပျံချီ၊ ပြည်ဘုရင်ကျွန် ပန်းတောင်းစား၊ ကျွန်း စား၊ မှန်မင်း ဗညားဒလ၊ ပိုက်ကမြင်၊ သည်အမတ် ခြောက်ဦးတို့သည် အထူးထူးသော တိုက်လှေများနှင့် ခေါင်းတည်၍ လှေတော်ကို အမီလိုက်သည်။ မင်းတရားရွှေထီးလည်း မကြောက် မရွံ့ မချဉ်း မကွာ လှော်စေ၍ စင်းရ ငင်တော်မူသည်။ အင်းပြောကျွန်းသို့ ရောက်တော်မူလျှင် စီရင်၍ထားသော လှေအပေါင်းတို့ ပြည်က လှေတပ်အကျုံကို ထွက်၍ တိုက်သည်။ ပြည်က လှေတပ် ပျက်လေ၏။ ခေါင်းတည်၍ တိုက်သော လှေကြီး ခြောက်စင်းကိုလည်း လှေစီးအမတ် ခြောက်ယောက်နှင့်တကွ ရတော်မူ၏။ တိုက်လှေ အစင်း နှစ်ရာ ကျော်၊ သုံ့ပန်းလူ မှန်၊ မြန်မာ၊ ရှမ်း ငါးထောင်ကျော် ရတော်မူ၏၊ သေလေသည်လည်း များ၏။ လှေကသည် ကြည်းသို့ တက်၍ ပြေးသောသူတို့ ကိုလည်း ကြည်းတပ်သားများ ဆီးဆို့၍ လုပ်ကြံသည်။ အထိ အပါး အရှ အနာ များလေ၏။ မင်းတရားရွှေထီးလည်း ရေတပ်ကို အောင်မြင်တော်မူပြီးလျှင် ဟံသာဝတီမှာ အနေအထား မကျသေးသည်နှင့် အလျင် ပြန်တော်မူသည်။

(ရာဇဝင်သစ်မှာ သိုဟန်ဘွား အနိစ္စ ရောက်သည် နောက် သုန်းဘောင်စော်ဘွား အင်း၀ နန်းတက်၍ မင်းဖြစ်ပြီးမှ အခြား စော်ဘွားတို့နှင့် ပြည်မြို့သို့ စစ်ကူချီပင့်ရာ ပါကြောင်းများကို ၆ ချင်း စာဟောင်းအထောက်အထား သာကေပြ၍ ဆိုသည်။ ။ရာဇဝင်ကြီး မှာ အင်း၀မင်း သိုဟန်ဘွား၊ သုန်းဘောင်စော်ဘွားတို့နှင့် ပြည်မြို့သို့ စစ်ကူချီပင့်ရာမှာပါကြောင်း၊သက္ကရာဇ် ကိုးရာ့လေးခုနှစ်မှ သိုဟန်ဘွား အနိစ္စရောက်၍ သုန်းဘောင်ခုံမှိုင်း အင်း၀နန်းကို တက်၍ မင်းဖြစ် ကြောင်းများကို ဆိုသည်။ ရာဇဝင်ကြီး စကားသာ သက္ကရာဇ်နှင့် ညီညွတ်သည်။ ။ရာဇဝင်သစ်၌ ဆိုသော ၆ ချင်း စာဟောင်း အထောက် အထား စကားများကိုလည်း သုန်းဘောင် ခုံမှိုင်း အခြား စော်ဘွားတို့နှင့် ပြည်မြို့သို့ စစ်ကူချီပင့်ရာ ပါသည်ကို ဆိုသည်ဟု ပညာ ရှိတို့ ယူကုန်၏။)

## သူရှင်တကာဒွတ်ပိ နတ်သမီးနှင့် တွေ့သည့် အချက်

မွန်မင်း သူရှင်တကာဒွတ်ပိလည်း မင်းတရားရွှေထီး ပြန်တော်မူလေလျှင် ပြည်အား၊ အင်းဝအားနှင့် ဟံသာဝတီ တိုင်အောင် ချီ၍ လုပ်ကြံမည်။ ရလျှင် သူရှင်တကာဒွတ်ပိကို နန်းတင်မည် ဟူ၍ တိုင်ပင်ကြ၏။ မွန်မင်း သူရှင်တကာဒွတ်ပိလည်း ရဲမက်ဗိုလ်ပါ ရုံးစုမည် ဟူ၍ ပြည်မြို့ကသည်—အင်္ဂုရတယ်သို့ ပြန်တော် မူသည်။ ရောက်လျှင် ဆင်ကောင်းပေါ်သည် ကြားသောကြောင့် ဆင်ကျော့မည် ဟူ၍ တိုက်ဆင် ခုနစ်ဆယ်၊ ဗိုလ်ပါတစ်ထောင်နှင့် တောသို့သွား၍ ဆင်ကို တွေ့သော်၊ တောဆင်သည် အကျော့မခံတစ်စီးတည်းသာ ထွက်၍ ပြေးလေ၏။ သူရှင်တကာဒွတ်ပိလည်းစီးတော်ဆင်တစ်စီးတည်းနှင့်သာ လိုက်သည်၊ မရချေ။ သိမ်းတောသို့ ရောက်လျှင် ရေတော်တော်မှ၍ ဆင်ကသက်၍ အိုင်တစ်ခု၌ရေသောက်တော် မူရာတွင် ကိုယ်တွင် အဝတ်မရှိသော နတ်သမီးတစ်ယောက်သည် မင်းကို လှည့်ပတ် ဖြားယောင်း၍ ကာယသံသဂ္ဂ မှီပြီးလျှင် ကွယ်လေ၏။ မင်းကြီးလည်း ထိတ်လန့်ခြင်း ပြင်းပြစွာ ဖြစ်၍ အင်္ဂုရတယ်သို့ ပြန်တော်မူသည်။ ထိုညဉ့်၌ ဖျား၍ အနိစ္စရောက်တော်မူ၏။ ပြည်ဘုရင် နရပတိနှင့် အင်းဝဘုရင် သီဟနဘွားလည်း အလုံး အရင်းနှင့်တကွ အင်္ဂုရ တယ်သို့ သွား၍ သင်္ဂြိုဟ်တော် မူပြီးလျှင် သူရှင်တကာဒွတ်ပိအမွေ၊ ဆင် မြင်း လူသူတို့ကို သိမ်းယူ၍၊ ပြည်မြို့သို့ ပြန်တော်မူကြသည်။ ရောက်လျှင် အင်းဝဘုရင် သီဟနဘွားသည် ကောင်းနိုးသော ဆင် မြင်း ရွှေ ငွေနှင့် သူရှင်တကာဒွတ်ပိ သမီးတော်တစ်ပါး၊ သားတော် နှစ်ပါးကို ငါ့တွင် သားသမီး မရှိ၊ သားသမီး ပြုပါမည်''ဟု ယူ၍ အင်းဝသို့ ပြန်တော်မူ၏။ ။ပြည်ဘုရင် နရပတိလည်း သက္ကရာဇ် ၉၀၀-ပြည့်တွင်၊ ဝမ်းကို အနာပေး၍ အနိစ္စရောက်တော်မူသည်။ ။ နရပတိ အနိစ္စ ရောက်လျှင် ညီတော် ရှင်သရက်သည် မင်းခေါင် ဟူသော အမည်နှင့် မရိုးတော် သီရိဘုန်းထွတ်ကို မိဖုရားမြှောက်၍ သရေခေတ္တရာပြည်မြို့ကို မင်းပြုတော် မူသည်။ ။ပြည်ဘုရင် မင်းခေါင်လည်း နောက်နောင် မှုရမည်ကို အရည်ရှိ၍ နှမတော် ပဲခူးမိဖုရားကို ရခိုင်သို့ ပို့လေ၏။ ရခိုင်ဘုရင်လည်း ပြည်ဘုရင် နှမတော်ကို မိဖုရား မြှောက်လေ၏။ ရခိုင်သို့ ရောက်မှ တန်ဆောင်းမိဖုရား တွင်သည်။

(ရာဇဝင်ကြီးတွင် ပြည်ဘုရင် နရပတိလက်ထက် နှမတော် ပဲခူး မိဖုရားကို ရခိုင်သို့ ပို့လေသည် ဆိုသည်။ ။ရာဇဝင်သစ်မှာ နရပတိ

အနိရုဒ္ဓရောက်သည် နောက် မင်းခေါင်ရှင်သရက်လက်ထက် နှမတော်
ပဲခူးမိဖုရားကို ရခိုင်သို့ ပို့ကြောင်းကို ဆိုသည်။ ရာဇဝင်သစ်စကားသည်
တန်ဆောင်းမိဖုရား ၏ အထောက် အထားနှင့် ညီသည်ဖြစ်၍ ရာဇဝင်
သစ်အတိုင်း အမှန်ယူရမည်။)

မွန်မင်း သုရှင်တကာရွတ်ပိ အနိရုဒ္ဓရောက်တော်မူလျှင် မွန်မင်း
အမျိုး အမတ် အပေါင်းတို့သည် ဟံသာဝတီသို့ လာ၍ ကျွန်တော်ခံလာကုန်၏။
မင်းတရားရွှေထီးလည်း ကျွန်တော်ခံ လာသမျှ အမျိုး အမတ် တို့ကို မမွေ့
မချ၊ အမည် အရည် အဆောင် အယောင် စားကျေး စားလက် ပေးတော်
မူသည်။ သူရဲသူခက် ခြေသည် အပေါင်းတို့ကို ဆန် ရေ စပါး ရိက္ခာ ပျိုးခေ့
ငွေ ငွေ အဝတ်ပုဆိုး အရည် အသွား အလျောက် ဆုပေးတော်မူသည်။ ယင်း
သို့မှ မွန်ပြည် အနောက်တစ်လွှားပုသိမ်သုံးဆယ့်နှစ်မြို့ကို အနှောင့်အယှက်
မရှိရအောင် အလုံး အရင်းနှင့် ကျေးစား ထည့်တော်မူ၍ ကင်းရှည် ကင်းတို
ထားတော်မူသည်။ ။သက္ကရာဇ် ၉၀၁-ခုတွင်၊ ဟံသာဝတီမြို့ တောင်ကို
ဆက်၍ ရွှေမော်ဓောဘုရား အနောက်ကို ပတ်၍ မြို့တည်တော် မူသည်။
ဘုရင့်နောင် ကျော်ထင်နော်ရထာကိုလည်း ပြည်အလုံးကို ချုပ်၍ အစိုးရ
စေတော်မူသည်။ ။သက္ကရာဇ် ၉၀၂-ခုတွင်၊ မင်းရဲသိခ်သူကို ခမည်းတော်
အရင်းနှင့် အတူ မှတ်တော်မူ၍ မင်းရဲသီဟသူ ဟူသော အမည်နှင့် မင်းမြောက်
တန်ဆာ ငါးပါး ပေးတော်မူ၍ ကေတုမတီ ပြည်ကြီးကို ဘုရင်ခံမင်း ပြုတော်
မူရသည်။ အလုံး အရင်း ဆင် မြင်းလည်း အများ ပေးတော်မူသည်။

ယင်းသောခါ မုတ္တမသုံးဆယ့်နှစ်မြို့ကိုမင်းပြုသော မင်းကား၊ သုရှင်တကာ
ရွတ်ပိ နှမတော် အကြီး ငယ်မည် တလာကမူ ဟူသော မင်းသမီးလင် စောဗညား။
ထိုမင်းကို မင်းတရားရွှေထီးက အရေးအရာ မစပါးတော်မူသော်လည်း ဆင်လုံး
မြင်းရင်းများသည်ကို အကြောင်းပြု၍ အခိုင်နေလေ၏။ မင်းတရားရွှေထီးလည်း
မုတ္တမသို့ ချီတော်မူမည်။ ဆင် မြင်း ဗိုလ်ပါတို့ကို အလျင် စီရင်စေ အမိန့်တော်
ရှိ၍၊ ဘုရင့်နောင် ကျော်ထင်နော်ရထာ စီရင်တော်မူသည်ကား— စစ်တုရင်သူ၊
အင်းယည်းတုရင်၊ ဧယတမန်တို့ မြင်းသုံးတပ်ကို ရှေ့ချီရသည်။ သည့်နောက်
နန္ဒကျော်သူ၊ ဘယာနန္ဒသူ၊ ဗညားပရူ၊ နန္ဒယောဓ၊ သီရိဇေယကျော်ထင်၊
နန္ဒသကြီ၊ ဆက်ရှည်ကျော်ထင်တို့ ခုနစ်တပ်ကို နောက်ချီရသည်။ သည့်နောက်
မင်းတရားရွှေထီး တပ်တော်တွင် ဆင်စီးအမတ် လေးကျိပ်၊ တိုက်ဆင် လေးဆယ်၊
မြင်း လေးရာ၊ စစ်သည် သုံးရာ လေးသောင်း။ သည့်နောက်မှ ဘုရင့်နောင်

ကျော်ထင် နော်ရထာ နောက်တုပ်ရသည်။ ဟံသာဝတီမြို့ကို အထိန်းတော် သတိုးဓမ္မရာဇာကို မြို့စောင့် ခန့်တော်မူသည်။

သက္ကရာဇ် ၉၀၂ ခုတွင် မြင်းတပ်သုံးတပ်နှင့်တကွ တပ်ပေါင်း တစ်ဆယ့်နှစ်တပ်တည်ပါသည့် တိုက်ဆင်တစ်ရာ့သုံးဆယ်၊ မြင်းနှစ်ထောင့်တစ်ရာ၊ စစ်သည်သူရဲ တစ်သိန်းသုံးသောင်းနှင့် မုတ္တမသို့ချီတော်မူသည်။ မုတ္တမသို့ရောက်လျှင် မုတ္တမစားစောဗညားတွင် သူရဲသူခက်လည်း များလှသည်။ သဘောသင်္ဘောဆိပ်ဖြစ်၍ လက်နက်ကိရိယာ စိန်ပြောင်းမြတပူလည်း ထူထပ်လှသည်။ မြို့တွင်းနေသောကုလားပန်းသေးတို့လည်း အချို့ မြို့ပြ စီးကုန်သည်။ အချို့ သဘောသင်္ဘောစင်းနှင့် လက်နက်ကိရိယာ အပြည့်အစုံတင်၍ မြို့ရှေ့က ကျောက်ဆူးချ၍ နေကုန်သည်။ မုတ္တမမြို့လည်း တောင်လျှား မြောက်လျှား ဖီလာ ဖြစ်သည်။အနောက်က မြင့်၍ အရှေ့က နိမ့်သည်။ အရှေ့ဘက်ကလည်း မြစ်၊ အနောက်ဘက်ကလည်း တောင်ထိပ်တွင် မြို့တည် လေသောကြောင့်၊ အမြောက် သေနတ် လွတ်အောင် အဝေးကသာ ရံတော်မူရချေသည်။ ရံတော်မူ၍တစ်လခန့်ရှိလျှင်တိုက်လေ့ မပါသောကြောင့် ဟံသာဝတီမှာ ရှိသော တိုက်လှေကြီး သုံးရာကျော်ကို သွား၍ ယူရသည်။ ရောက်လျှင် ရေပေါ် ကြည်းပေါ် လုပ်ကြံတော် မူသည်။ ကုလားတို့ သဘောထက်က အမြောက် စိန်ပြောင်းနှင့် ပစ်လျှင် တိုက်လှေများ ကွဲချေ နစ်ချေ၍ မြို့ကို မတက်နိုင်ချေ၊ ကြည်းကြောင်းကလည်း ဆင်မြင်း ဗိုလ်ပါ များနှင့် အကြိမ်ကြိမ် လုပ်ကြံ စေသော်လည်း မြို့စီး၊မြို့စီး များသည်နှင့် လက်နက် ကိရိယာ ထူထပ်လှသောကြောင့် ရဲမက် တော်တို့ အထိအပါး၊ အရှုံးအနများလျှင် ဆုတ်၍ နေရချေသည်။ မုတ္တမကို အကြံအညာ မျိုးရိက္ခာ၊ မပြတ်သွင်းရလေသောကြောင့် အစား အသောက် ပြန့်ပြောလေသည်။ ထိုအကြောင်းများကို ကြားတော်မူလျှင် မျိုးရိက္ခာ မသွင်းရအောင် ရေတပ်၊ ကြည်းတပ် ဝန်းရံစေ၊ ဘုရင့်နောင် ကျော်ထင် နော်ရထာကို အမိန့်တော် ရှိသည်။ ဘုရင့်နောင် ကျော်ထင် နော်ရထာလည်း အမိန့်တော် အတိုင်း စီရင်လျှင် မျိုးရိက္ခာ မသွင်းရ၍ ထတ်လေ၏။ ထိုသို့ ငတ်ပြေး သော်လည်း လက်မချ၊ မြို့ကိုသာ နိုင်လုံအောင် စီရင်၍ ခံသည်။

မင်းတရား ရွှေထီးလည်း ရှည်လျာ်သော် မုတ္တမဗား ယောက်ဖ ဓော်လပြိုင် စား ကူညီချိမ့်မည် မချွတ် အမှတ်တော်ရှိ၍ ပော်လပြိုင် စားသို့ သံစေသည်၊ ရာဇသံတွင် မှာတော်မူသည်ကား၊ဇေယဝဒ္ဓနတိုင်း၊ရာမညတိုင်း၊စသော တိုင်းကြီး ပြည်ကြီးကို အစိုးရတော် မူသော ဘဝရှင် မင်းတရား ကြားလာ စေသည်။

မော်လမြိုင်စား— မွန်မင်း သုရှင်တကာရွတ်ပိသည် မွေးကောင်း မတ်ကောင်း
သူရဲ သူခက်ကောင်း ဆင်ကောင်း မြင်းကောင်း များသော်လည်း ငါ၏
ကြံတော် မူလျှင် ဟံသာဝတီတွင်မျှ မနေဝံ့၊ ပြည်ဘုရင် နရပတိသို့ ပေါင်းလာ
သည်။ ယင်းသို့လျှင် ဟံသာဝတီကို ငါရတော်မူသည်။ ဟံသာဝတီက ပြည်သို့
ချီသော အခါ၌လည်း သုရှင်တကာရွတ်ပိနှင့် ပြည်ဘုရင်၊ အင်းဝဘုရင်မင်း သုံး
ပြည်ပေါင်း၍ ခံကြသည်ကို ငါအောင်မြင်တော်မူ၍ ဆင်မြင်းသုံ့ပန်း အများ
ရတော် မူသည်။ နောက် သုရှင်တကာရွတ်ပိ မရှိလျှင်လည်း အမှုအမတ်
ဘေ့ဖြူ၊ အပေါင်းတို့သည် ရွှေဖဝါးတော်အောက် ရောက်လာ၍ ကျွန်တော်
ခံလာသော အမှုးအမတ်တို့ကိုလည်း မရွတ်မချ အထိုက်အလျောက် သူကောင်း
ပြုတော်မူသည်။ မုတ္တမစား စောဗညားကိုလည်း ငါကစေ၍ အရေးအရာ စုံမံ
စေသည်ကို မည်သို့မျှ မချောက် လေသောကြောင့်၊ ယခု ငါချီတော်မူ၍
ဆင်လုံးမြင်းရင်း အများနှင့် ဝန်းရံတော် မူသည်ကိုလည်း မြို့ခိုင်သည်ကိုသာ
ယုံ၍နေသည်၊ ငါလုပ်ကြံတော် မူသည်ကို မုတ္တမ မြို့မျှသည် ခံနိုင်မည် မဟုတ်၊
ယခုလည်း မြှုံးတွင်း ငါးကဲ့သို့ ရှိလေပြီ၊ မော်လမြိုင်စား ဗညားဦး ကိုလည်း
လူရေးလူရာနှင့် ပြည့်စုံသည်ဟူ၍ ငါကြားတော်မူသည်။ မော်လမြိုင် စား
အပျက်အစီးသို့ မရောက်စေလို၍ အမိန့်တော် စာနှင့် စေတော်မူသည်" ဟူ၍
ရေးစေပြီးလျှင် သက္ကလတ်အိတ်တွင် သွတ်၍ မြို့လှစားနှင့် ဧဋ္ဌိစားကို စေတော်
မူသည်။

မော်လမြိုင်သို့ ရောက်၍ အမိန့်တော် စာကို ကြားလျှင် ဗညားဦး ဦးချ၍
ဤသို့ စာဆက်လိုက်သည်။ "ကျွန်တော် ဗညားဦး သံတော်ဦး တင်ဝံ့သည်၊ ဘုန်း
တော် ကြီးလှသော ဘဝရှင် ဘုရား—ဟံသာဝတီကို အလိုတော် ပြည့်စ ကယ်
အလျှင် ရောက်မှ သင့်မည်ဟု ကျွန်တော်က စေပါသည်ကို မုတ္တမစား စော
ဗညားသည်၊ ပမာဏ မပြု၊ ကုလား ပန်းသေးများ စကားကို နား၍ အရေးတော်
မပြီး ရှိလေသည်၊ ယခုလည်း ချီလာပြီဟူ၍ ကြားလျှင် သူများအလျှင် ရွှေဖဝါး
တော်အောက်သို့ ရောက်ပါမည် အကြံရှိသည်ကို ကျွန်တော် တွင်လည်း သားသို့
ယနေ့ အမျိုး များသည်ကိုယ် ဖြစ်သည်။ တစ်ကြောင်းမှာလည်း မုတ္တမနှင့်
မော်လမြိုင်သည် မုတ္တမမှာ သားရှိလျှင် မော်လမြိုင်မှာ အဖ ရှိသည်။ အကို
မုတ္တမမှာ ရှိလျှင် ညီ မော်လမြိုင်မှာ ရှိသည်။ ကျွန်တော်သည်၊ မြို့သားတို့
အာဏာကို ဆန်ချေသော် ကိုယ်မျှ လွတ်မည် ခက်သည်။ ထိုကြောင့် ရွှေဖဝါး

တော်အောက်သို့ ပရောက်ရ ရှိသည်။ ဘုန်းတော်ကြီးသော ဘဝရှင် မင်းတရား– မုတ္တမကို အလိုတော်ပြည့်လျှင် ကျွန်တော်မှာ အထူးအထူးပရိပြီ၊ ကျွန်တော် အရှင် ဖြပ်တော့သည်"ဟူ၍ စာနှင့် လျှောက်လိုက်၏။ လက်ဆောင်တော်လည်း အထူးထူးသော ထည်မျိုး အုပ်မျိုးတို့ကို များစွာ ဆက်လိုက်သည်။

သံတို့ရောက်၍ ဗညားဦး လျှောက်သော စာကို ကြားလျှင် သမိန်ပရူကို ခေါ်တော်မူ၍ "မုတ္တမ မြို့ကို အကြိမ်အဖန် များစွာ လုပ်ကြံစေသော်လည်း မရ ချေ၊ သမိန်ပရူ-အရေးကို ပသို့ ထင်သနည်း"ဟုမိန့်တော်မူသည်ကို သမိန်ပရူဦးချ၍ ဤသို့ နားတော် လျှောက်သည်။ "မုတ္တမ မြို့သည် တောင်ရိုးတွင် တည်သော ကြောင့် တောင်ပင်မြို့ တံတိုင်းကဲ့သို့ ဖြစ်လေသည်။ မြို့ရိုး ပြစီးလည်း များသည်။ လက်နက် ကိရိယာလည်း ထူအပ်သည်။ ထို့ကြောင့် ရဲမက်တော်တို့ အသက်ကို အသက်မမှတ် လုပ်ကြံသော်လည်း အောင်ခြင်းသို့ မရောက်နိုင်ချေ၊ အထိအပါး၊ အရှုအနသာ များချေသည်။ အရွေ့ မြို့နိမ့်ရာက တက်ရမည်လည်း ကုလားတို့ သင်္ဘော ခုနစ်စင်း၊ ရှစ်စင်းနှင့် လေး သေနတ် အပြည့်တင်၍ နေလေ သောကြောင့် ရှတ်ရှက် ချဉ်း၍ မြို့ကို မတက်သာချေ၊ ချဉ်းသမျှလည်း သင်္ဘောထက်က စိန်ပြောင်း မြတပုနှင့် လွှတ်လျှင် ကျဲချေ နှစ်ချေသည်။ တစ်ကြောင်းမှာလည်း မြို့တွင်းသို့ မျိုးရိက္ခာ မသွင်းရအောင် ဆီးဆို့ရသော် လည်း မြစ်ချောင်း ကျယ်လှသည်ဖြစ်၍ ညဉ့်ကို အမှတ်မဲ့ သွင်းရလေသည်။ သို့လျှင် မြို့တွင်းသားတို့ ရိက္ခာထောက်ရ၍ ရဲမက်တော်တို့သာ ညောင်းညာ ချေသည်။ ယင်းသို့ ဖြစ်သောကြောင့် ကျွန်တော် အကြံသော်ကား၊ ကုလားတို့ ခံ၍ နေသည့် သင်္ဘောကို တစ်စုံတစ်ခုသော ပယောဂဖြင့် စီရင်ဖျက်ပြီးလျှင် သင်္ဘောပယောဂဖြင့် စီရင်ပြန်၍ အရှေ့မျက်နှာက လှေတပ်ကို ချဉ်းပြီးလျှင် တက်ရအောင် တက်မည်၊ သို့ စီရင်ရသည်ဖြစ်မှ အလိုတော် ပြည့်လွယ်မည်"ဟူ၍ နားတော် လျှောက်သည်။ မင်းတရားရွှေထီးလည်း သမိန်ပရူ လျှောက်သော အရေးကို ကြိုက်တော်မူ၍ "သမိန်ပရူ သင့်အောင် စီရင်လေ"ဟူ၍ အမိန့်တော် ရှိပြီးလျှင် လှေတပ်ကို ဝန်ချုပ် ခန့်တော်မူသည်။ သမိန်ပရူလည်း လှေတပ်သား အပေါင်းနှင့် မုတ္တမမြစ်ညာ လက္ခန်းပျည်းသို့ သွား၍ သစ်ဝါး ခုတ်စေပြီးလျှင် ဖောင်ဝ အလံငါးဆယ်၊ အလျား အလံတစ်ရာပွဲစေ၍ မီးရှူးဝါးကို ညှပ်၍ အထပ်ထပ် အတောင် နှစ်ဆယ်ကျော်ခန့် ဖောင်ထက်တွင် စုပုံစေပြီးလျှင် ညဉ့်ကို မျှောခဲ့စေ၍ မုတ္တမအညာ မနီးမဝေးတွင် ဖောင်ကို ဆိုက်၍ ထား လေ၏။ ။ တစ်ဖောင်မှလည်း အဝအလံငါးဆယ်၊ အလျား အလံသုံးရာကို

နိုင်ခံ့အောင် လုပ်စေပြီးလျှင် မုတ္တမမြို့ထက် မြင့်အောင် သစ်တပ် ကျည်း
ပြုလက်ရန်း၊ သူရဲဘပြု ခိုင်ခံ့အောင် လုပ်စေ၍ အမြောက် သေနက် အပြည့်
စီစဉ်၍ မုတ္တမမြစ်ညာက တိုက်ထားရသည်။

ယင်းသို့ စီရင်၍ ထားသော ဖောင်နှစ်ဖောင်တွင် မီးစာတင်သော
ဖောင်ငယ်ကို ဒီရေတက်သောခါ ဖောင်ကိုလည်း မ၍ ထားသည်။ မီးသော
ထ ဒီရေကျလျှင် မီးရှူးပုံကို မီးညှိ၍ တစ်ပြိုင်နက် မီး ရှူးပုံ မီးတောက်၍ အ
တန်းတစ်ဖျားခန့်ရှိမှ ဖောင်ကို သင်္ဘောနှင့် ဆီတည့် မျှောလိုက်လျှင် ဖောင်
မီး၍ သင်္ဘောကို မီးစွဲလေ၏။ မြို့တွင်းသားတို့လည်း သင်္ဘောကို မီးစွဲသည်ကို
မြင်လျှင် မြို့ကထွက်၍ လှေကြီး၊ လှေငယ်နှင့် ကူကြသည်ကို ရဲမက်တော်
လှေတပ်သားတို့ လိုက်၍ တိုက်လျှင် မီးကို မသတ်ဝံ့၊ မြို့တွင်းသို့ ဝင်လေ၏၊
မီးရှူးဖောင်လည်း သင်္ဘောကြီးသုံးစင်း ကျောက်ဆူးချ၍ နေသည်ကို မီး
လောင်လျှင် ကျောက်ဆူးကြိုးပြတ်၍ သင်္ဘောကြီးက သင်္ဘောငယ်လေးစင်းကို
မီး၍ လောင်လေကုန်၏။ သင်္ဘောသားတို့ အချို့ မီးလောင်၍ သေလေကုန်၏၊
အချို့ ရေကိုဆင်း၍ ကူးသည်ကို ရဲမက်တော်တို့ ထိုးခုတ်လျှင် အချို့ သေလေ၏၊
အချို့ကိုလည်း ရတော်မူသည်။ သင်္ဘောခုနစ်စင်း မရှိ၍ အရှေ့ မျက်နှာက
ထပ်လျှင် အပြီးလုပ်၍ ထားသော ဖောင်ကြီးကို လက်နက် ကိရိယာ ဆေး
ကျည်စေ့ သွတ်၍ သူရဲ သူခက် အပေါင်းတို့ကို အသင့်နေစေပြီးလျှင် ဒီရေ အကျ
ဖောင်ကို မျှောခဲ့၍ မုတ္တမမြို့ ရှေ့တွင် ကပ်၍ ထား၏။ မြို့က ပြုလက်ရန်းထက်
ဖောင်က ပြုလက်ရန်း မြင့်သောကြောင့် ရဲမက်တော်တို့ စီးနင်း၍ ပစ်ခတ်လျှင်
မြို့တွင်းသားတို့ မြို့ထိပ်တွင် မနေဝံ့ကုန်၊ မြို့က ဆင်း၍ ပြေးလေ ကုန်၏၊
ယင်းသို့လျှင် ရဲမက်တော် လှေတပ်သားတို့ မြို့သို့ချဉ်း၍ တက်ပြိုလေ၏။ မြို့ပြိုလျှင်
ပြိုရာက ရဲမက်တော်တို့ ဝင်၍ အိမ်ရာ ကျောင်းကန်တို့ကို မီးထင်း တိုက်လေ၏၊
ကြည်းတပ်သား တို့လည်း မြို့စီး ပြီး မရှိသည်ကို မြင်လျှင် မြို့ကို တိုက်ဖောက်၍
ဆင် မြင်း ဗိုလ်ပါ အလုံး မြို့တွင်းသို့ ဝင်၍ လက်ခြေ ထွာသမျှကို သတ်ညှစ်
လေ၏။ မုတ္တမသား စောဗညားလည်း လက်မချပဲ ရုံးမိသမျှသော ရဲမက်
ဗိုလ်ပါနှင့် ဆီး၍ တိုက်သည်ကို နန္ဒကျော်သူ ဆင်နှင့် စီးချင်း တိုက်ကြလေ၏၊
မနည်းကြာ တွေ့ကြလျှင် စောဗညား ဆင်လည့်၍ ပြေးလေ၏။ လိုက်ထပ်၍
တိုက်လျှင် ဆင်နှင့်တကွ စောဗညားကို ရ၍ မင်းတရားရှေ့တော်သို့ ဆက်လေ၏၊
ရဲမက်တော်တို့လည်း ရွှေငွေကြေးသံ အဝတ်အစားတို့ကို လုယက်ဖျက်ဆီး၍
ယူကုန်၏။ လက် ခြေ ထွာသမျှကိုလည်း သတ်ညှစ်ကုန်၏။ သေပျောက်သည်

များသည် ဟူ၍ ကြားတော် မူလျှင် သမိန်ပရူကို မသတ် မညှစ် ရေနံ့သာတော်ဘိ အမိန့်တော် ရှိ၍ ပေါင်း ကြေးနင်း ခတ်၍ ထီးတားဆောင်မှ ထသော အပျော်ကမ်မရှိ ငြိမ်းချမ်းကုန်၏။ ရပက် တော်တို့ ရွှေ ငွေ ရသည် များကို ရသသူ ယူစေ၊ အမိန့်တော် ရှိပြီးလျှင် ဘုရင့်နောင် ကျော်ထင် နော်ရထာမှစ၍ မှူးတော် မတ်တော် အပေါင်းတို့ကို ထဲတော်ဦးသို့ ခေါ်တော်မူ၍ ညီလာခံရာတွင် သမိန်ပရူ အစီအမံ သင့်တင့် ပေးသောကြောင့် မုတ္တမမြို့ကို အလျှင် အလိုတော် ပြည့်ခဲ့တော်မူပေသည်ဟု ချီးမွမ်းတော် မူပြီးလျှင် စောဗညား အဆောင် အဆယောင် အစီးအနင်းနှင့်တကွ မြောင်းမြမြို့ကို ပေးတော်မူသည်။ နေရာလည်း လက်ဝဲတော်ဦး နေရသည်။ ပြည်ရေးရွာမှု ရှိသောအခါ ဘုရင့်နောင် ကျော်ထင် နော်ရထာနှင့် တိုင်ပင်၍ စီရင်ဟူ၍ အမိန့်တော်ရှိသည်။ ဆင်မြင်း ဘဏ်းစုလည်း ပေးတော်မူသည်။

ထင်းသို့မှ မုတ္တမမြို့စား စောဗညားကို ပသု ဆင်စီးချင်းနိုင်သနည်း မေးတော်မူသည်ကို ကျွန်တော် တိုက်၍ စောဗညားဆင် လည်၍ ပြေးလေသည် ဟူ၍ ကသီးအသီး အမှူး အမတ်တို့ လျှောက်ကြသည်။ အဝရှင်မင်းတရားကြီးလည်း ငါ ဆုံးတော် မမူသေး၊ စောဗညားကိုပင် စစ်ဦး အမိန့်တော် ရှိ၍ ဘုရင့်နောင် ကျော်ထင် နော်ရထာ စစ်သော် စောဗညား လျှောက်သည်။ ကျွန်ုပ်ကို ဆင်ဆိုင်၍ တိုက်သောသူကား၊ အသား ခပ်နီ၊ ပါးစပ်မုန်းနှင့် ဆင်မှာလည်း အစွယ်ကောက်နှင့် ဟူ၍ လျှောက်သည်။ ဘုရင့်နောင် ကျော်ထင် နော်ရထာလည်း လူကိုမြင်သော် အမှတ်ရမည်လော ဟူ၍ မေးပြန်၏။ မျက်နှာကို မြင်လျှင် အမှတ်ရပါ၏ ဟူ၍ လျှောက်သည်။ မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်၍ပြ အမိန့်တော်ရှိ၍ ပြလျှင် သည်သူသည် ကျွန်ုပ်ကို ဆင်စီးချင်း နိုင်ပေသသူဟူ၍ နန္ဒကျော်သူကို ပြ၏။ မင်းတရားကြီးလည်း သို့သည် ဆင်ပုံ မြင်းပုံ အထွေးအထွေးတွင် အမှတ်ရပေသည်။ သတိ ကောင်းလှသည် ဟူ၍ ချီးမွမ်းတော်မူသည်။ နန္ဒကျော်သူကိုလည်း ရဲမင်းကျော်ထင်ဟူသော အမည်နှင့် ကွမ်းခွက်၊ လက်ဖက်အုံး၊ သောက်ရေဘင်၊ ကွမ်းအိုးပျစ်၊ ရွှေမှုတ်ထားရွှေထီးခံ၊ ဆင်ရွှေကု၊ လှေချင်းပိတ်၊ ပုံပေါင်း၊ လှေမှတ်၊ အကုန် ပေးတော်မူသည်။ ဆင်ပေါက် ငါးစီး၊ မြင်းငါးဆယ်၊ ကျွန်တစ်ရာလည်းပေးတော်မူသည်။ မုတ္တမမြို့တွင် ရှိသော အသည်အလာ သူဌေး သူကြွယ်တို့သည်လည်း ငါးရက်တိုင်တိုင် လက်ဆောင် ရသည်။ ။အမှူးအမတ် ပုံလမ်းရသသူ များကိုလည်း အရည်အသွေး အလျောက် အမည်အရည်၊ အဆောင်အယောင်၊ ကျေးရွာ ပေးတော်မူသည်။ ။မုတ္တမမြို့ကို အလိုတော်ပြည့်လျှင် မော်လမြိုင်စား ဗညားဦးလည်း ဆွေတကာ မျိုးတကာ

အပေါင်းနှင့် လက်ဆောင်လက်နက် အများယူ၍ ဘဝရှင် မင်းတရားကြီး ခြေရင်းတော်သို့ ရောက်လာ၏။ လက်ဆောင်တော်ကို သိမ်းယူတော်မူပြီးလျှင် ဘဏ္ဍာကော်ပေး၍ ဆောင်မြဲသော အဆောင် အယောင် အစီးအနင်းနှင့် တကွ မော်လမြိုင်မြို့ကိုပင် ပေးတော်မူသည်။ အရှေ့ဘက်တစ်လွှားမြို့စား များလည်း ဆင်ကြီး မြင်းကြီး သားသမီးကို လက်ဆောင်တော် ဆက်၍ ကျွန်တော်ခံလာကုန်၏။ ထိုသူ တို့ကိုလည်း သစ္စာတော် ပေးပြီးလျှင် မိမိတို့ ဆောင်မြဲသော အဆောင်အယောင် စီးမြဲ နင်းမြဲ မိမိတို့စားသည့် မြို့ကိုပင် ပေးတော်မူသည်၊ မုတ္တမမြို့ကိုမူကား၊ သူရှင်တကာ ဒွတ်ပိ ဝရီးတော်သား သူရှင် တကာဒွတ်ပိ နှမတော်အငယ် လင် စောလကွန်းအိမ်ကို မင်းဆောင် မင်းယောင်နှင့် တကွ ပေးတော်မူသည်။ ယင်းသို့မှ ယိုးဒယားစပ်၊ ဇင်းမယ် စပ်တို့ကို ကင်းတံကင်းရှည် ထားတော်မူသည်။ ဤသို့ မုတ္တမသုံးဆယ့်နှစ်မြို့ကို စီရင် ခန့်ရုံတော်မူပြီးလျှင် ရေအားကြည်အား ဟံသာဝတီသို့ ပြန်တော်မူသည်။ ရောက်တော်မူလျှင် ချောင်းတောင် အနောက် မဘိဘိုက်၊ ဉယျာဉ် ရာဘွင် အိမ်တော် မုတ်ဘီဆောက်၍ ရာဇာဘိသေက ခံတော်မူသည်။ ယင်းသောအခါ မြန်မာ အမတ်၊ မွန်အမတ်၊ ရှမ်းအမတ်တို့ကို အပည်အရည် အဆောင် အယောင် ကျေးရွာ ပေးတော် မူသည်။ ။တောင်ငူဘုရင် မင်းရဲ သီဟသူ ကိုသည်း ခမည်းတော်ရင်းနှင့်အတူ မှတ်တော်မူ၍ ကေတုမတီ နန်းတော်ရာတွင် အိမ်မြို့ ဒဝယ် သုံးဆောင် ဆောက်၍ နေစေ အမိန့်တော်ရှိ၍ နေရသည်။ ထွက်ဧည့် ဝင်ဧည့်လည်း ပေးတော်မူသည်။ အလုံးအရင်း ဆင်မြင်းလည်း အများပေး တော်မူသည်။

သက္ကရာဇ် ၉၀၇–ခု၊ မင်းရဲသီဟသူ တောင်ငူကို မင်းပြု၏။ မင်းရဲသီဟသူ လက်ထက် ပြည်ရွာ ဝပြောသာယာ၏။ ကုသိုလ်ကောင်းမှု ပြုသသူ များ၏။ မြို့တွင်းဝယ် မြစည်းခုံဘုရားကို တည်တော်မူသည်။ သတိခတောင် တံခါးတောင် ဝယ်လည်း ဘုရား တည်တော် မူသည်။ တချထည် ဘုရား ညီနောင်ကိုလည်း သဘင်ကြီးခံ၍ ထီးတင်တော် မူသည်။ ရွှေရင်မြော် ဘုရား သခင်ကိုလည်း အရှေ့လည်း၊ ရှမ်းရန်သူ မြောက်လည်း၊ အင်းဝရန်သူ၊ ရှိလျက်ကို စစ်ဆင် လေးပေါ်နှင့် ချီတော်မူ၍ ထီးချရားသီးအောက်၊ ကြာပန်း ကြာစည်း များကို မြင်လုပ် တင်လှူတော်မူသည်။ မွန်ဘုရားကိုလည်း လုပ်တော်မူ၍ ထီးတင် တော်မူသည်၊ ကေတုမတီ မြို့ရှေ့တွင်လည်း သုံးထပ် ဇေတဝန်ကျောင်း ဆောက် တော်မူ၍ ဝိနည်းဖို့ ဆရာတော် ဘုရားအား တင်လှူတော်မူသည်။ ပိဋကတ်

သုံးပုံကိုလည်း ရေးကူးစေပြီးလျှင် များစွာသော အလှူဝတ္ထုကို စီရင်တော်မူ၍ သာဓု ခေါ်တော်မူသည်။ အဘမှူအနှစ်ကိုလည်း လွှတ်တော်မူသည်။ နှစ်တိုင်းလည်း အရည ၀ါသိပ္ပိုလ်၊ ဂါမ၀ါသီပုဂ္ဂိုလ်တို့ကို ပံသုကူသင်္ကန်း၊ အစေ့အနှံ လှူတော်မူသည်။ ဤသို့ ကေတုဓာတီပြည်ကြီးကို မင်းပြုတော်မူ၍ များစွာသော ကုသိုလ်ကောင်းမှုကို ဆည်းပူးတော်မူ၍ ချမ်းသာစွာ စံတော်မူရသည်။

မင်းတရားရွှေထီး၊ မွန်သုံးရပ်ကို အလိုတော်ပြည့်လျှင် မင်းကျေးငတ်တို့၏ တင့်တယ်စမွယ်တော် မူခြင်းဖြင့် အလုံးအရင်း၊ မြဲရံလျက် ရေအား၊ ကြည်းအား သတ္တရောင် ကိုးရာသုံးခု၊ ဒဂုန်ဘုရားရှင်သို့ ချီတော်မူ၍ မကိုဋ်တင်လှူတော်မူသည်။ ယင်းသောအခါ အရိယာသံဃာတို့အား ရက်လည်အောင် ဆွမ်းလုပ်ကျွေး တော်မူသည်။ သဘင်ကြီးစွာလည်း ခံတော်မူသည်။ ပြန်တော်မူ၍ ဟံသာဝတီသို့ ရောက်တော်မူလျှင် ဘုရင့်နောင် ကျော်ထင် နော်ရထာကို မွေ့ သီတင်း၀ါလ ကျွတ်လျှင် သခေရခေတ္တရာသို့ ချီတော်မူမည်၊ မြို့စား၊ ပြည်စား အပေါင်းတို့ကို ဆင်မြင်း ဗိုလ်ပါ ပြည့်ဘင်းစေ၊ စစ်ဝတ်တန်ဆာ၊ လက်နက် ကိရိယာ၊ ဆေး ကျည်ဆံ များရိက္ခာ ပြည့်စုံစေ၊ အမိန့်တော်ရှိ၍ ဘုရင့်နောင် ကျော်ထင် နော်ရထာက မြို့စား အပေါင်းတို့သို့ စေတော်မူသည်။ မြို့စား အပေါင်းတို့သည်း သီတင်း၀ါလကျွတ်လျှင် ဆင်မြင်းဗိုလ်ပါ အပေါင်းတို့နှင့် ခြေရင်းတော်သို့ချည်း ရောက်လာကြကုန်သည်။ အရောက်ညီလျှင် ရေတပ် ကြည်းတပ် ချီတော်မူသည်ကား၊ ရေတပ်မှာ ပုသိမ်စား ပြည်ကိုက်တစ်တပ်၊ မြောင်းမြစား သမိန်ပရှုတစ်တပ်၊ ဒေးဒုန်စား ရဲသင်ရဲတစ်တပ်၊ ဒလစား သီရိဇေယ နော်ရထာ တစ်တပ်၊ သမြင်တုံးစား နန္ဒယောဓ တစ်တပ်၊ လက္ခန်းချည်းစား နန္ဒသူရိယတစ်တပ်၊ သည်ခြောက်တပ်ကို ရွှေချီရသည်။ ယင်းနောက် ဘဝရှင်မင်းတရားရွှေထီးမှာ ဘုံတစ်ဆယ့်တစ်ဆင့်ရှိသောပြာသာဒ်သုံးဆောင်နှင့်တကွရထားမှာ ရွှေဖောင်တော် စီးတော်မူ၍ ဇပ်တော်တွင် နန္ဒသကြံ စစ်ကဲ၊ ဘယနန်သူကို တပ်မှူးခန့်တော်မူသည်။ ဖောင်တော် လေးမျက်နှာကို ဝင်းမှူးလေးဦး၊ မိမိတို့ ကို သနားတော်မူသည့် လှော်ကားလှေမှတ်နှင့် လိုက်ရသည်။ ဝင်းတော် လေးမျက်နှာကိုလည်း တိုးရှုပ်စသော သားလှေ၊ ငှက်လှေ အပေါင်းတို့တွင် အမြောက် သေနတ် လက်နက်ကိရိယာ တင်စေ၍ ရွှေကိုင်း ရွှေလှာ ရွှေကာနှင့် မှိုနဲရွှေလုံစိုက်စေ၍ လက်ဝဲ လက်ယာ ရွှေနောက် လိုက်ရသည်။ ဖောင်တော် ကိုလည်း ရွှေလှော်ကား ရှစ်စင်း ငင်ရသည်။ ရွှေလှော်ကား တစ်ဆယ့်နှစ်စင်း တွင် ရွှေဝေါ၊ ရွှေခင် တုရင်စသော မင်းဆောင်၊ မင်းယောင်၊ မင်းခမ်း

မင်းနားထင်၍ ရွှေတက်နှင့်ချည်း လှော်၍ လိုက်ရသည်။ ဓောင်တော်ရှေ့က ချီရသည်တပ်ကား၊ ဇမ္ဗုဒိပ်စား သီရိဇေယကျော်ထင် တစ်တပ်၊ သံလျင်စား နန္ဒကျော်ထင်တစ်တပ်၊ မုတ္တမစား စောလကွန်းအိန် တစ်တပ်၊ ဒဂုံစား သမိန်သံကျယ်တစ်တပ်၊ အစုတ်မြို့စား သမိန်အဲနရဲ တစ်တပ်၊ စစ်တောင်းစား မဟာကြီးတစ်တပ်၊ တပ်မတော်နှင့်တကွ ရေတပ် တစ်ဆယ်သုံးတပ်တွင်ပါသည့် ဇလာကပင်ကြီး နှစ်ဆယ်၊ ဇလာကာပင်ငယ် ငါးဆယ်၊ ကတ္တူလှေနှင့်ငါးရာ၊ လှော်ကား သံလှေ ရှစ်ရာ၊ စစ်သည် သူရဲ ကိုးသောင်းနှင့် ချီတော်မူသည်။ ကြည်းတပ်မှာ ပေါင်းတည်စား သရေစည်သူတစ်တပ်၊ ကောလိယစား တောဂမ်ကီတစ်တပ်၊ ဝန်မြို့စား အဲနရဲ တစ်တပ်၊ တိုက်ကုလား သမိန်ဓော်ကျော်တစ်တပ်၊ မော်ဗီစား ဘယယောဓာတစ်တပ်၊ ယင်းကမှ ဘုရင့်နောင် ကျော်ထင်နော်ရထာ တပ်မပြု၍ ချီတော်မူသည်။ မြင်းတပ်မှာ စစ်တုရင်သူတစ်တပ်၊ လက်ယာ ရဲတိုင် တစ်တပ်၊ တုရင် ရာဇာ တစ်တပ်၊ အင်းယည်း တုရင်တစ်တပ်၊ တုရင်ကိတ္တိ တစ်တပ်၊ သည်မြင်းတပ် ရှေ့ချီရသည်။ မြင်းငါးတပ်နှင့်တကွ တပ်ပေါင်းတစ်ဆယ့်တစ်တပ်တွင်ပါသည့် တိုက်ဆင်သုံးရာ၊ မြင်းနှစ်ထောင်ငါးရာ၊ စစ်သည် သူရဲ ရှစ်သောင်းနှင့် သင်္ကြန်ရာဇ်ကိုးရာ့သုံး ခု၊ တန်ဆောင်မုန်းလ သရေ ဓော္တရာသို့ ရေအား၊ ကြည်းအား ချီတော်မူသည်။ ဟံသာဝတီကိုမူကား သတိုးဓမ္မရာဇာနှင့် သက်ရှည်ကျော်ထင်ကို မြို့စောင့် ခန့်တော်မူသည်။

—

## ပြည်ဘုရင်မင်းခေါင်-အကြောင်း

ပြည်ဘုရင် မင်းခေါင်လည်း မင်းတရားရွှေထီး ချီလာပြီ ကြားလျှင် မြို့ကျုံးမြောင်း၊ ဇဗုတ်ရင်တား စီရင်ပြင်ဆင်၍ အမြောက်သေနတ် လက်နက် ကိရိယာ စီစဉ်၍ ဆင်ခံလုပ်ထားတော်မူသည်။ မျိုးရိုက္ခာလည်း သွင်းထားတော်မူသည်။ အထက် အညာ စော်ဘွားတို့သို့ လည်း ချီပင့်ရ လေသည်။ ရခိုင်မင်းသို့လည်း စစ်ကူ အလျှင် ချီလာပါ ဟူ၍ ချီပင့်ရလေသည်။ မင်းတရား ရွှေထီးသည်း ပြည်မြို့သို့ ရောက်တော်မူလျှင် ရေအား ကြည်းအား လုပ်ကြံကြောင်း အထိအပါး အရှအနပျားလျှင် ဆုတ်၍ အဝေးက ခု၍ ကြည်းရေ ဝန်းရံ၍ နေတော်မူသည်။ ။အင်းဝဘုရင် သိုဟန်ဘွား၊ ဘုန်းတောင် စော်

ဘုရားတို့လည်း စော်ဘွား အပေါင်းနှင့် ရှုံးရှုတိုင်ပင်၍ တိုက်ဆင် ရှစ်ရာ၊ မြင်း တစ်သောင်းစစ်သည် သူရဲတစ်သိန်းခြောက်သောင်းနှင့်၊ စစ်ကူချီလာသည်။ ထို အကြောင်းကိုမင်းတရားရွှေထီးကြားတော်မူလျှင် မှူးတော်မတ်တော် အပေါင်း တို့ကို တဲတော်ဦး၌ ခေါ်တော်မူ၍ တိုင်ပင်တော် မူသည်ကို ဘုရင့်နောင် ကျော်ထင်နော်ရထာ လျှောက်သည်။ ယခုသည် စော်ဘွားအပေါင်း ချီလာ ရာမှာ ဆင်လုံး မြင်းရင်း များလှသည် ကြားသည်။ ထိုသို့ များသော်လည်း ဆင်စီးအရာ၌ ကျွန်ုပ်တို့ကို မတန်၊ မြေသည်ချင်းလည်း ကျွန်ုပ်တို့ကို မတန်၊ မြင်းစီးမှာမူကား၊ ရှမ်းတို့ ကျင်လည်လေသည် ဖြစ်သောကြောင့် ဆင်ကို အား ပြု၍ ချီမည်၊ တစ်ကြောင်းလည်း စော်ဘွားများ ချီလာသည်ကို ပြည်မြို့တွင်းက မသိရအောင် ညဥ့်ကို ချီ၍ တစ်ခန်းအလွန်မှာကြို၍ တိုက်မည်။ ရှမ်းတို့ ခံနိုင် မည်လော ပျက်အောင် တိုက်မည် ဟူ၍ နားတော် လျှောက်၏။ မင်းတရား ရွှေထီးလည်း "ဘုရင့်နောင် သင့်အောင် စီရင်" အမိန့်တော်ရှိသည်။ ဘုရင့်နောင် ကျော်ထင်နော်ရထာလည်း ဆင်ကောင်း၊ မြင်းကောင်း သူရဲ သူခက်ကောင်း တို့ကို တပ်တိုင်း ရွေးကောက်၍ စစ်တုရင်သူ မြင်းတပ်၊ လက်ယာခြံတိုင် မြင်းတပ် သည်မြင်းတပ် နှစ်တပ်ကို ရွှေချီစေ၍၊ နန္ဒယောဓ တစ်တပ်၊ သမိန်ဗြသမိုက် တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ စောလကွန်းအိန် တစ်တပ်၊ မြင်း နှစ်တပ်နှင့် တပ်ပေါင်း ခြောက်တပ်တွင် ပါသည့် တိုက်ဆင် ငါးဆယ်၊ မြင်း ခုနစ်ရာ၊ စစ်သည်သူရဲ သုံးသောင်းနှင့် လက်ယာကြောင်း ချီရသည်။ ။တုရင်ရာဇာ မြင်းတပ်၊ အင်းယည်းတုရင် မြင်းတပ် သည်မြင်းတပ် နှစ်တပ်ကို ရွှေချီစေ၍ ဘယကျော်သူတစ်တပ်၊ သမိန်အဲနုရဲ တစ်တပ်၊ သမိန်ဇော်ကရုတ်တစ်တပ်၊ သီရိ ဇေယကျော်ထင်တစ်တပ်၊ မြင်းနှစ်တပ်နှင့် တပ်ပေါင်း ခြောက်တပ်တွင်ပါသည့် တိုက်ဆင် ငါးဆယ်၊ မြင်း ခုနစ်ရာ၊ စစ်သည်သူရဲ သုံးသောင်းနှင့် လက်ဝဲကြောင်း ချီစေသည်။ ။တုရင်ယောဓ မြင်းတပ်၊ ရာဇတမန် မြင်းတပ်၊ သည်မြင်း တပ်ကို ရွှေချီစေ၍ မဟာကြီး တစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ သမိန်အဲနုရဲ တစ်တပ်၊ ဘုရင့်နောင် ကျော်ထင်နော်ရထာတစ်တပ်၊ မြင်း နှစ်တပ်နှင့် တပ်ပေါင်း ခြောက်တပ်တွင် ပါသည့် တိုက်ဆင် ငါးဆယ်၊ မြင်း ခုနစ်ရာ၊ စစ်သည် သူရဲ သုံးသောင်းနှင့် အလယ်ကြောင်း ချီတော်မူသည်။

ပြည်မြို့ကထွက်၍ တစ်ခန်းရောက်လျှင် ဆင်များကို မြစ်တွင် ရေစိမ်စေ၍ မြင်း ခြောက်ထပ်ကို အစုံအစမ်း ချီလေစေ၏။ မြင်းတပ်သားတို့လည်း၊ စော်ဘွား တို့က ချီလာသည့် မြင်းတပ်ကို တွေ့လျှင် တွေ့ကြောင်းကို အလျင် လျှောက်

လာရ၏။ စော်ဘွားတို့လည်း မြန်မာ မြင်းသည်တို့ကို မြင်လျှင် ဆင်ပါ မြင်းပါ ရှိပါ၍ အပြင်း လိုက်လာ၏။ စစ်ဘုရားသူ လက်ယာခံတိုင်တို့ မြင်း ခြေအင် ကုလားလည်း စစ်ရေးင်ခဲ့၍ လက်ဝဲ ယက်ယာ နှစ်ဖြာခွဲ၍ နေလေ၏။ ဘုရင့်နောင် ကျော်ထင်နော်ရထာတို့ စစ်သုံးကြောင်း သွားလည်း မြင်းကောင်း စီးစေသော ဆင်များကို ထက်စေ၍ ကာပြီးလျှင် ကျီးခြေတင် အမြောက်များကို ရွှာ လှုပ်၍ စော်ဘွားတို့ စစ်သည် နီးလျှင် အမြောက် စိန်ပြောင်းတို့ မိုးရွာသကဲ့သို့ ပစ်၏။ ရှမ်းတို့ ဗိုလ်ပါ ဆင် မြင်း အထိအပါးများလျှင် စစ်နှင့်ဖြိမ် သုံးကြိမ် ပျက်လေ၏။ သို့လျှင် စော်ဘွားတို့က ဆင်ပါ မြင်းပါ ရှိ၍ တိုးလိုက်လာ၏။ ဘုရင့်နောင် ကျော်ထင်နော်ရထာတို့လည်း တိုက်ဆင်တစီး ငါးဆယ်နှင့် စစ်မျက်နှာ သုံးကြောင်းဖြန့်၍ ဆင် ချွန်းဖွင့်ကာ လွှတ်ကြလျှင် ရှမ်းတို့က ဆင်ငယ်သာ ဖြစ်၍ အရွယ်ယုတ်ခံသော ဆင်များ ယင်ကောင်း လေ၏။ အချို့လည်း ဆင်ဦး ယှဉ်မိလျှင် ဟောင်ဟောင် ကျည်ကျည် မြည်၍ ပြေးလေ၏။ ဆင်တပ်ပျက်လျှင် မြင်းတပ်လည်း ပျက်၍ ပရမ်းပတာ ပြေးလေ၏။ စစ်ဘုရားသူ လက်ယာခံတိုင်တို့ မြင်း ခြောက်တပ်သား ထပ်၍ လိုက်သည်။ သုံးဆယ်စား၊ ဆောက်စေကစား၊ နောင်မွန်စားတို့ကို စီးသည့် ဆင်နှင့်တကွ ရတော်မူသည်။ ဆင် ခြောက်ဆယ်၊ မြင်း သုံးရာကျော်၊ သို့ပန်းလှ နှစ်ထောင် ကျော်သည်။ ရတော်မူသည်။ သေလေသည်လည်း များ၏။ ယင်းသို့ အောင်မြင် တော်မူလျှင် ဘုရင့်နောင် ကျော်ထင်နော်ရထာသည်း ရုံတပ်နှင့် ဝေးသည်ကို ညဉ့်၍ စစ်ကို ရုပ်ပြီးလျှင် ရုံတပ်သို့ ပြန်တော်မူ၏။ ရောက်တော်မူ၍ ရသည့် သို့ပန်း ဆင် မြင်းတို့ကို ဆက်လျှင် ဘုရင့်နောင် ကျော်ထင်နော်ရထာကို အားရတော် မူ၍ မင်းညီ မင်းသားတို့ အဆောင် အယောင် အစီး အနင်း အကျန်နှင့် ခြေမဆုပ်လက်မဆုပ်၊ ရွှေချက်နှစ်စင်း၊ မိုအုန်းဝန်း၊ ဆင်နှစ်ဆယ်၊ မြင်း ငါးဆယ်၊ သို့ပန်းလှ နှစ်ထောင်ကျော်တို့ကို ပေးတော်မူသည်။ အမှူး အမတ် ပွဲသမီး ရသူတို့ကိုလည်း အမည် အရည်၊ အဆောင် အယောင်၊ စားကျေး စားလက်၊ အတိုက် အလျောက် ဆုပေးတော်မူသည်။

စော်ဘွားတို့ စစ်ကုလားသည်ကို အောင်မြင်တော် မူလျှင် အောင်မြင်း ကြောင်းကို စာရေး၍ ပြည်မြို့တွင်းသို့ သွင်းရလေသည်။ ပြည်ဘုရင် မင်းခေါင် လည်း အရေးအရာ မထို နေလေ၏။ ဘဝရှင် မင်းတရား ရွှေထီးလည်း မှူးတော် မတ်တော် အပေါင်းတို့ကို တဲတော်ဦးသို့ ခေါ်တော် မူ၍ ပြည် မင်းလည်း မြို့ခိုင်သည်နှင့် ငယ်နက် ကိုရိုယာ များသည်ကို ယုံ၍ အရေးအရ

ဆို နေလေသည်။ မြို့ရိုးသည်နှင့် လက်နက်ကိရိယာ များသောလည်း၊ မြို့
ရှိသော ပရိသည်ကို တက်နိုင်မည်လော၊ မြို့တွင်းမှလည်း ကိုကြ အကျွန်ုပ်
လည်း ဝင်သည် ဗိုလ်ပါမှကား များသည်။ မြို့ပြင်ကလည်း ဟင်းရွက်တစ်ချပ်မျှ
မရှိ ဖြစ်သည်။ မိုးကျလျှင် ငါတို့ ရမက်တို့သယ်လုပ်စိမ့်မည်။ ငါတို့ကျေး
ရာ မြို့ကလည်း ပိုစိပ်မည်။ သို့လျှင် ငါတို့ရံမက်မှာ ဝမ်းမြော သောက်စားရ
ရည်၊ သည်ကဲ့သို့ လုပ်ကြီးကြံ၍ စီရင်တော်မူသော်၊ ပြည်မြို့သည် ငါတို့လက်က
လွတ်နိုင်မည်လော ဟူ၍ မိန့်တော်မူပြီးလျှင် မှန်သုံးရပ် အမြို့မြို့တွင်ရှိသော
သူ့ သူ့ဘက်တို့ကို ခေါ်ချေ တော်မူ၍ တပ်တိုင်း လောင်းထပ်တော်မူသည်။
မြို့ရိုးလည်း အမြို့မြို့က လှေတက်နှင့် ပို့လာရသည်။

ပြည်ဘုရင်က ချီပင့်လေသော ရခိုင်ဘုရင်က ညီတော် သံတွဲစားကို ဗိုလ်မင်း
ပြု၍ တိုက်ဆင် တစ်ရာ၊ မြင်းနှစ်ရာ၊ စစ်သည် သုံးရာ ငါးသောင်းနှင့် ကြည်း
ကြောင်း ချီလာရသည်။ ရခိုင်ဘုရင် သားတော် ဥပရာဇာမှာ ကတ္တူလှန်းကြင်
နှစ်ရာ၊ စစ်သည် သုံးရာ ခုနစ်သောင်းနှင့် နဂါးရစ်တောင်ကို လှည့်၍ မော်ကတ်
ဘက်ကြောင်း ချီလာသည်။ ရခိုင်က ရေကြောင်း ကြည်းကြောင်းချီလာကြောင်း
ကို ရခိုင်ဘုရင် ညီက စာရေး၍ ပြည်မြို့ ကျေးနေ လုလင်ယောက်တို့ကို ပြည်မြို့
တွင်းသို့ စာသွင်း ပို့လာရသည်။ ထိုသူ ငါးယောက်တို့သည်၊ ပြည်မြို့တွင်းသို့
စာသွင်းမည် ဟူ၍ ညဉ့်အလာသည်ကို ရံမက်တော်ဘို့ တွေ့လျှင် ဖမ်း၍ ဆက်
သည်။ ပါသည့်စာကို ကြားတော်မူလျှင် ပုသိမ်စား သမိန်ဗြာအိုက်၊ မြောင်းမြ
စား သမိန်ပရူ၊ ခဲပေါင်စား သမိန် သံကျယ်၊ ဒလစား သိရိဇေယ နော်ရထာ
သည်မြို့စား လေးဦးတို့ကို အစ်ကိုတို့စားသည့် မြို့ပြာ အနိုင်အသုံ ပြောင်း
အနက် တင်၍နေလေ၊ အမိန့်တော်ရှိသောကြောင့် လှေကား လက်ပြည့်နှင့်
အလျင် ရရှိရသည်။ မင်းတရားရွှေထီးလည်း မှူးတော် မတ်တော်တို့ကို ခေါ်
တော်မူ၍''ယခု ရခိုင်က ရေကြောင်း ကြည်းကြောင်း ချီလာသည်။ အင်အား
များလှသည် ဆိုသည်။ ရံတပ်ဖြုတ်၍ ရံမက်တော်အလုံးနှင့် ဆီးကြို၍ တိုက်ရ
သော်လည်း သင့်မည်လော၊ ရံတပ်ကို မဖြုတ်ပဲ ရံမက်တော်တို့ကိုခွဲ၍ စော်ဘွား
တို့ကို တိုက်သကဲ့သို့ တိုက်ရသော်လည်း သင့်မည်လော''ဟူ၍ အမိန့်တော်ရှိသည်
ကို ဘုရင့်နောင် ကျော်ထင် နော်ရထာ၊ ညီတော် သိရိဇေယကျော်ထင်လျှောက်
သည်။ ''ရခိုင်က ချီလာရာ စစ်အင်ကြီးလှသည်။ ရံတပ်ကို မဖြုတ်ပဲ အချို့
ခွဲ၍ တိုက်သော်၊ အောင်နိုင်သော် ကောင်း၏။ မအောင်နိုင်သော် ရံတပ်
တွင် ရံမက်တော်တို့သည် စစ်ဘက်ညှပ် ရှိမည်။ ယင်းသို့ ဖြစ်သောကြောင့်

ရခိုင်က ချီလာသည်ကို ရေတပ်ကို ရေတပ်ချင်း၊ ကြည်းတပ်ကို ကြည်းတပ်ချင်း၊ ရှုပ်ရှပ်ချုံချုံ လုပ်ကြံမည်။ ရခိုင်သားတို့ ခံနိုင်မည်လော၊ ရခိုင်သားကို ဖျက်လျှင် ပြည်မြို့ကို ရုံမြဲ့ဖြုန်မည်၊ ပြည်မြို့လက်အောက်က လွတ်နိုင်မည်လော”ဟု နားတော်လျှောက်သည်ကို တပ်မအောက် တပ်မှူး နန္ဒသကြံ ဤသို့နားတော်လျှောက်ပြန်သည်။

“ရှေးသောခါ မျောက်တို့သည် တောင်ခြေရင်းတွင် အရပ်အနေပြု၍ နေကြသည်။ ထိုတောင်နှင့် မနီးမဝေး အရပ်တစ်ခု၌ ရွာတစ်ရွာရှိသည်။ ထိုရွာ၏ မနီးမဝေးသောအရပ်၌ ဥယျာဉ်တစ်ခုရှိသည်။ ထိုဥယျာဉ်၌ တည်ပင်ကြီးတစ်ပင် အသီးမှည့်သောအခါ မျောက်တို့သည် ညဉ့်ကို လာ၍ တည်သီးကို စားလာသည်။ ရွာသားတို့လည်း တည်ပင်အောက်မှာ မျောက်တို့ ရှိကြောင်းကို ကြားလျှင် လက်နက်လေးမြားကိုင်ဘာ ရွာကဆွက်၍ တည်ပင်ကို ဝန်းရံကြသည်။ တည်ပင်သို့ မပါသော မျောက်တို့သည်လည်း ပိမိတို့ အဆောင်အချင်းမျောက်တို့ကို ရွာသားတို့ ဝန်းရံသည်ကို သိလျှင် သေဘေးမှ လွတ်စေခြင်းငှါ ရွာတွင်းသို့ဝင်၍ အိမ်များကို မီးတိုက်လေ၏၊ ရွာသားတို့သည်း အချို့ တည်ပင်ကို ရံ၍ အချို့မီးသတ်သည်ရှိသော် မီးလည်း သေမည်။ မျောက်အသုံး ကိုလည်း ရမည်ကို ယင်းသို့ကား မဟုတ်၊ အားလုံးသွား၍ မီးကို သတ်လေသောကြောင့် မျောက်များအားလုံး လွတ်ရလေသကဲ့သို့ ယခုအရေးတော်မှာလည်း ပြည်မြို့ကို ရုံတော်မူသည်ကို အရုံဖြတ်၍ တိုက်မည်။မင်းကြီးတို့ လျှောက်ရာမှာ အရုံကိုဖြတ်ချေသော်၊ ပြည်သားတို့သည် မျောက်တစ်တွေလုံး လွတ်သကဲ့သို့ ပြည်သားတို့သည် ကျေးလက်သားတို့နှင့် တစ်ချက်တည်းဖြစ်၍ ကြံ ကြိုက်ရာရာ၊ မကြံရလေလော၊ တစ်ကြောင်းလည်း ပြည်မြို့က ခုခံ၍ ချိချေသော် ပြည်သားတို့နောက်ထပ်၍ ချိချေသော် စစ်နှစ်ဘက်ညှပ် မရှိချေပြီလော၊ ငါးလ ခြောက်လ၊ အညောင်း အညာခံ၍ ရုံတော်မူသည်၊ အရေးလည်း အကျိုးမရှိ ရှိမည်”နားတော် လျှောက်သည်။ မင်းနှစ်ဦး၊ လျှောက်သည့် အရေးကို ဘုရင့်နောင်ကျော်ထင်နော်ရထာ ကြားလျှင် ဤသို့ မိန့်တော်မူသည်။ “ယခု မင်းနှစ်ဦး လျှောက်သည့်အရေးသည် စစ်ရေးပင် ဖြစ်တော့သည်။ သို့ရာတွင် ပြည်ကိုရုံသည့် အရုံကိုလည်း အနိုင်အလုံရုံစိမ့်မည်။ဆီးကြို၍ တိုက်ရာမှာလည်း သူ့ကိုနိုင်လောက်အောင် ဆီးကြို၍ တိုက်မည်။ ရခိုင်ဘုရင်သားနှင့် ညီချီလာရာလည်း မိမိတို့ကိုယ်မှုမဟုတ်၊ သူ့အမှုသာ ဖြစ်သည်။ သာလျှင်လည်း ကြိုးကုတ်မည်၊ မသာလျှင်လည်း အလျှင် ဆုတ်လိမ့်မည်။ သို့ရာတွင် ရခိုင်သားတို့သည် စစ်မှုရေ

အရပ်၌ ကျင်လည်လေသည်။ ထိုသို့ ကျင်လည်သော်လည်း တိုက ပုသိမ်၊ မြောင်းမြ၊ ဒလ၊ ဒဂုန်၊ သည်မြို့များသည် အလုံးအရင်း လက်နက် ကိရိယာ နည်းများ ဖြစ်သည်။ စစ်လေ့ လွန်းကြင် ခုနစ်ရာနှင့် ရခိုင်ဘုရင်သား၊ သည်သို့ လှန်၍ လာနိုင်မည်လော၊ ရခိုင်ဘုရင်ညီ သံတော်စား ကြည်းတပ် ဥယျာဉ်ပုံကြောင်း၊ ရှိလာရာမှာလည်း ဆင်ချင်း၊ မြင်းချင်း၊ ခြေသည်ချင်းတို့ကို မတန်၊ ယင်းသို့ ဖြစ်သောကြောင့် မြည်မြို့ကို ရံစေသော လှေတပ်ကို ရံမြဲအတိုင်း ရံစေ၍ နေစိမ့်မည်။ ကြည်းတပ်ကို ဆင်ကောင်း မြင်းကောင်းတို့ကို ရွေးယူ၍ တိုက်မည်။ အစားကို ရေတပ် သူရဲကို ယူ၍ ကြည်းတပ်သို့ ဖြည့်မည်။ ဘုန်းကြီးသည့် အရှင်လည်း ရံတပ်တွင် စံနေတော်မူ၊ ကျွန်ုပ်တို့ အမှူး အမတ်တို့သာ ဆီးကြို၍ လုပ်ကြမည်" လျှောက်သည်။ မင်းတရားရွှေထီးလည်း နောင်တော်လျှောက်သော အရေးကို ကြိုက်တော်မူ၍ ဘုရင့်နောင် ကျော်ထင်နော်ရထာ "သင့်အောင် စီရင်" အမိန့်တော်ရှိသည်။ ဘုရင့်နောင် ကျော်ထင်နော်ရထာလည်း လျှောက်ရင်းအတိုင်း စီရင်၍ ဘယကျော်ထင်နှင့် နန္ဒကျော်ထင်ကို ကြည်းတပ်မှာ ဝန်ခံတော်မူသည်။ သမိန်ပရူနှင့် နန္ဒယောဓကို လှေတပ်မှာ ဝန်ခံတော်မူသည်။

ချီရသော တပ်စဉ်ကား၊ စစ်တုရင်္ဂသူ မြင်းတပ်၊ လက်ယာရံတိုင် မြင်းတပ်၊ သည်မြင်းတပ်နှစ်တပ်ကိုရွှေချီစေ၍ သရေစည်သူတစ်တပ်၊ သမိန်ရဲသင်ရံတစ်တပ်၊ သမိန်မောဓွင်တစ်တပ်၊ ဘုရင့်နောင် ကျော်ထင်နော်ရထာတစ်တပ်၊ မြင်းနှစ်တပ်နှင့် တပ်ပေါင်း ခြောက်တပ်တွင် ပါသည့် တိုက်ဆင်ငါးဆယ်၊ မြင်းရှစ်ရာ၊ စစ်သည် သူရဲ နှစ်သောင်းနှင့် အလယ်ကြောင်း ချီတော်မူသည်။ တုရင်ရာဇာ မြင်းတပ်၊ အင်းယည်းဘုရင် မြင်းတပ်၊ သည် မြင်းနှစ်တပ်ကို ရွှေချီစေ၍ တောဂါမဏိတစ်တပ်၊ နန္ဒသကြံတစ်တပ်၊ သမိန်အဲနရဲတစ်တပ်၊ သမိန်ဇော်ကရုတ်တစ်တပ်၊ မြင်း နှစ်တပ်နှင့် တပ်ပေါင်း ခြောက်တပ်တွင် ပါသည့် တိုက်ဆင် ငါးဆယ်၊ မြင်း ရှစ်ရာ၊ စစ်သည် သူရဲ နှစ်သောင်းနှင့် လက်ယာကြောင်း ချီရသည်။ ။တုရင်ယောဓ မြင်းတပ်၊ ရာဇတမန် မြင်းတပ်၊ သည်မြင်းထပ်နှစ်တပ်ကို ရွှေချီစေသည်၊ သီရိဇေယကျော်ထင် တစ်တပ်၊ မဟာကြီးတစ်တပ်၊ သမိန်အဲနရဲတစ်တပ်၊သမိန်ပရမ်းတစ်တပ်၊ မြင်း နှစ်တပ်နှင့် တပ်ပေါင်း ခြောက်တပ်တွင် ပါသည့် တိုက်ဆင် ငါးဆယ်၊ မြင်း ရှစ်ရာ၊ စစ်သည် သူရဲ နှစ်သောင်းနှင့် လက်ဝဲကြောင်း ချီရသည်။ ။ချီသောခါ မြည်မြို့တွင်းသားတို့ မသိရအောင် ချီသည်။ မြည်မြို့က ခွါ၍ တစ်ခနဲ့ ရောက်လျှင် တပ်ချ၍ နေတော် မူသည်။ ရခိုင်ဘုရင် ညီ သံတော်စားလည်း မြည်မြို့မှ အခင်းကို မသိသောကြောင့် အလျင်

[illegible]

[illegible]

ဘုရင့်နောင် ကျော်ထင်နော်ရထာသည်၊ ထက်ဝယ်ဆိုင်ကို မြင်းမြွေကြောက်လမ်းကို မြင်၍ စစ်ပွဲကြောင်းကို စစ်ချင်လှ၍ ကြီး၍ ထိုမြို့ကိုလှန်၏။ ထက်ဝယ မင်းကို ခိုလှလသည့် မြင်းမြွေဆင်ထမင်း ရုပ်သာသည် မှုမှု ၁ ချိုလှသည့် မြင်းထိုင် ကျော်နာသော် ထက်ဝယ်ဆိုင်၍ နောင်ကို ဘုရှိ ရှုပ်၍ မှုမှု မိုးထိုင် ရုပ်သာသည် မြင်းသော်ချောက်၍ နေသင်းကို ပြန်လေ၏။ ရှိုင်ဘုရင် ထိုင် ရှုမှု၁ မြင်းသော်ထုတ်သည့်ကို မြင်ထွင် ထင်ရှု နေထည့်ပြီးသည်ကို ထက်ဝယ်ဆိုင်၍ ထင်ချော့ကျော်လှင် ဆင် စီးလှုပ်၍ ထင်စီးပြီး စစ်မှုကိုနာ ကြီး နောင့်၏။ စစ်သည်တော် သုံးကြောင်းကို ချောက်လှင် အထည် ပေး ရ၍ ရှုပ်၍ ဖွဲ့ဝင်၍ ထိုက်ပ်လေ၏။ ရှိုင်ဘုရင် ညီ၍ ရှမှု၁ မြင်းထပ် ပြတ်လေ၏။ ဘုရင့်နောင် ကျော်ထင်နော်ရထာသည်၊ မိသုန်ရေ့ချာ သာ ထင်ကို ဝင်စေ၍ ရှိုင်ဘုရင် ညီမှိုရာ၍ ချွန်းပွှင်း၍ လှသ်တော် မှုသည်။ ရှိုင်ဘုရင်ညီ ရှင် လေ့ညီ၍ ဆင်ပြီးလှုပ်၍ ဆင်ကာသည် မြင်းစီး၍ ပြေးလေ၏။ စီးသည် ဆင်ရှိတော်မှုလိုက်၏။ ရှိုင်ဘုရင်ညီ ချောက်လှင် စစ်သုံးကြောင်းကို ထပ်၍ ဖိုက်သည်။ ဆင်စီး အပေါ် ဆင်နှင့်တကွ ထက်ကို ပို ကျော် ရတော်မှု၏။ ဆင်လုပ် သည့် သုံးဆယ်ကျော်ပါ၊ မြင်းလေးရာကျော်ပါ၊ အိုး ၁ ၆၀၊ နစ်ထောင်ကျော် ရတော် မူ၏။ ဒေလေလသည်လည်း မြှော်၏။ ဘုရင့်နောင် ကျော်ထင်နော်ရထာသည် ရတ် တော်၍ ထိုက်လေသည်ကို မုံထုံ ဝေးဆည်ကို ရည်၍ ဝေါ်တော် မှုသည်။ အရောက်ညီလှင် ရှိုင်ထုတ်တော်လှိုကို ခံရ၍ ရုတ်ဖြိုင်တော်မှုသည်။ ရှိုင်ဘုရင်ညီ ကြည့်ရကြောင်း၊ ချိုလာသည့် စစ်မှုကိုကြောင်းကို ရှိုင် ဘုရင်ထားရကြောင်း ချိုလာသည့် ကြားလှင် မုသိန်း ဖြောင့်၍ သိုစေလှ ပြန်လေ၏။

ထိုခေါင် မင်းတရား ရှေ့ထိုးသည်၊ နေ့ခင်တော် ဆင်းပေး သပြတ်လေ သောကြောင့် ရှိုင်ထ ချိုလာသည်ပေးကို အလုံးသာ သေနင်ပေးသည် ရှု မှုတော် ပေါ်တော်လှို အလယ်တွင် ချိုမှုမ်းတော်မှုပြီးမှ ဝင်တော် မှုသော ရွှေရည်ပါ၊ ကျွံပါတော်လုံ၊ လက်တော် နှစ်ဖက်တွင် ဝင်တော် မှုသော ကြွေမြဲ လက်ကောက်၊ ပတ္တမြားလက်စွပ်၊ လက်ဝဲတော်က သိမ်းရွှေငင်လှိုမ် နေရာ ပေးတော် မှုသည်။ မိုးရာ အိုးဝန်းသည်၊ သုံးဆယ် ရွှေကျမ်းရွက် ဖူးမြဲဒိုး၊ ကွမ်းလင်ပန်းလင်၊ ကွမ်းခွက်တွင် တည်မြဲရာ သုတ် သည့် အစု ဆုံ၊ ရွှေထောင်းလိတ် အရေကြာ၊ သောဝါစိရတင် အရေကြာ၊ ရွှေသုံး အရေကြာ၊ ရွှေသုံးပွတ် အုံးနှင့် အရေကြာ၊ ဦးပေါင်းကျွံပါ အမ်းအစု

အနားကို ရှုပြားစက်ဝန်းအပြောက်၊ ယန်းရွှစ်ပွင့်နှင့်တကွ၊ အဆောင် တစ်သက် တစ်ချက်ကို ရွှေခြည်သုံးတန်လိုက်၍၊ သန်လျင်းတလဲကိုးဝန်း၊ ရွှေ ရှုက်နန်းပါ ယီးနီဥဒေါင်းရုပ် သုံးဆင့်၊ ဆင်-ရွှေကြိုး ရွှေကာ ပေါင်းဝန်း၊ မြင်း-ရွှေကြိုး ရွှေကာ၊ စည်ခုနှစ်လုံး၊ ငွေခွဲငါးစင်း၊ ဘုရင့်နောင် ကျော်ထင် နော်ရထာကို ဆုပေးတော်မူသည်။ ။ပွဲလမ်းရသော အမှူးအမတ်တို့ကိုလည်း အမည်အမျိုး အဆောင် အရွက်၊ ကျေးရွာခမိုင် အထိုက် အလျောက် ပေးတော်မူသည်။ ရတော်မူသော ဆင်မြင်း ဗိုလ်ပါတို့ကိုလည်း ရအပ်သော အမှူး အမတ် တို့ကိုပင် ပေးတော်မူသည်။ ရဲမက်တော်တို့ ရသည့် ရွှေ၊ ငွေ၊ ကြေး၊ သံ၊ အဝတ် အထည် တို့ကိုလည်း ရသူသာ ယူကြရသည်။ အမြောက် စိန်ပြောင်း၊ လက်နက် ကရိယာကိုသာ သိမ်းယူတော် မူသည်။

ဘဝရှင် မင်းတရား ရွှေထီးလည်း ရခိုင်က စစ်ကူတို့ကို အောင်မြင်တော် မူကြောင်းကို စာရေး၍ မြို့တွင်းသို့ စေတော်မူသည်။ ရခိုင်အမတ်တစ်ယောက်ကို ထည့်တော်မူလိုက်သည်။ ပြည်ဘုရင်လည်း စော်ဘွားများနှင့် ရခိုင်ဘုရင်ညီတော် သားတော်တို့ စစ်ကူ လာသမျှ ပျက်၍ ပြန်လေ ကြောင်းကို ကြားတော် မူသော်လည်း မိုးလေကျက သူနေနိုင်မည်လောဟူ၍ အရေးအရာ ထွက်၍ မနို မြို့ပြကိုသာ အခိုင်အလုံ စီရင်၍ နေလေ၏။ ဘဝရှင် မင်းတရား ရွှေထီးလည်း အခိုင်နေသော် နေရမည်လောဟူ၍ ရဲမက်တော်တို့ကို မြို့ကို တက်စေသော်လည်း အမြောက်၊ သေနတ်၊ လက်နက် ကရိယာ ထူထပ်လှသောကြောင့် ဗိုလ်ပါ အဆုံး အန အသေအပျောက်သာ များချေသည်၊ ရတော်မမူချေ။ ယင်းသို့လျှင် ဘုရင့် နောင် ကျော်ထင် နော်ရထာကို ခေါ်တော်မူ၍ ပသို့ ကြံရသော် သင့်မည်နည်း ဟူ၍ မိန့်တော်မူသည်ကို ဘုရင့်နောင် ကျော်ထင်နော်ရထာက ပြည်မြို့ကို ရံတော် မူသည်လည်း ငါးလ ခြောက်လခန့် ရှိပြီ၊ ပြည်မြို့သည် မြို့လည်း ငယ်သည်၊ ကျုံး အကျွာလည်း နည်းသည်၊ စားမည်သူ ယောကျ်ားမိန်းမ အကြီး အငယ်လည်း များသည်၊ မြင်က ရိက္ခာကိုလည်း ဟင်းရွက်တစ်ချပ်မျှ မသွင်းရ၊ မြို့တွင်း ငါးကဲ့သို့ရှိလေ ပြီးသည်၊ သို့ကို ရဲမက်တော်တို့ကို အရှအနခံ၍ မြို့ကို လုပ်စီမံမည်၊ ဟံသာဝတီက မျိုးရိက္ခာတို့ကိုလည်း လှေကြီး၊ လှေငယ် အများနှင့် ပို့လာစေမည်၊ ဤကဲ့သို့ ကြံတော်မူလျှင် ပြည်မြို့သည် ငှက်မှု၍ ပျံတက်နိုင်မည်လော၊ နားတော် လျှောက်သည်။ ဘဝရှင် မင်းတရားရွှေထီးလည်း နောင်တော်သည်ငါ့ကိုယ်တော် ဖြစ်တော့သည်။ ရလွယ်မည့် အကြောင်းကို စီရင်ဟူ၍ ရေတပ်၊ ကြည်းတပ်ကို ထပ်၍ နှင်းတော်မူသည်။

ဘုရင့်နောင် ကျော်ထင်နော်ရထာလည်း ညဉ့်နေ့ လုံ့လပြုတော်မူ၍ မြို့တွင်းသို့ ဆင်စာ၊ မြင်းစာ မြက်တစ်ရွက်မျှလည်းကောင်း၊ လူစာ၊ စပါးတစ်လုံး ဆန်တစ်စေ့မျှလည်းကောင်း မသွင်းရအောင် စီရင်တော်မူ၏။ တစ်လခန့်ရှိလျှင် မြို့တွင်းသားတို့ ငတ်မွတ်၍ မြို့တွင်းက မြင်းတပ်သို့ ဝင်လာကုန်၏။ ဝင် ပန် များလတ်သော် မြို့စီး မြို့စီး နည်း၍ ပြည်ဘုရင် မင်းခေါင် ထိတ်လန့်တော်မူ၍၊ ယင်းသို့လျှင် အသက်မသေပ မြည့်အကြောင်းနှင့် လက်ဆောင် လက်နက် အများ ယူ၍ နာဂဝရ ဆင် ကောင်း နှင့် ဆရာတော် ရှင်မေဃပါလဂုရု၊ ရှင်တိဿသန ဘုန်းတော်ကြီးနှစ်ပါးကို ထွက်၍ လျှောက်လာရသည်။ ဘဝရှင် မင်းတရားရွှေထီးလည်း လူ၏အဖြစ် ရခဲကြောင်းကို ထောက်တော်မူ၍ အသက်ကို ခွင့်ပြုတော် မူပြီးလျှင် သက္ကရာဇ် ၉၀၄-ခု၊ နယုန်လဆန်း ငါးရက်နေ့တွင် မှူးတော် မတ်တော်တို့နှင့်တကွ ပြည်ဘုရင် မင်းခေါင် မြို့ကထွက်၍ ဘဝရှင် မင်းတရားရွှေထီးသို့ ကိုယ်ကို ဆောက်နှင်းလာသည်။ ဘဝရှင် မင်းတရားရွှေထီးလည်း မင်းခေါင်နှင့်တကွ မိဖုရား သိရိဘုန်းထွတ်ကို ကေတုမတီမှာ နေရသည်။ မောင်းမ၊ မိသံ၊ မှူးတော်၊ မတ်တော်၊ သူရဲ၊ သူခက်ကောင်း၊ ဆင်ကောင်း၊ မြင်းကောင်းတို့ကို သိမ်းယူတော်မူ၍ ဟံသာဝတီ နေပြည်တော်သို့ ပို့ရသည်။ ပြည်မြို့ကိုမူကား အထိန်းတော် သတိုးဓမ္မရာဇာကို မင်းမြောက်တန်းဆာ ငါးပါးနှင့်တကွ ပေးတော်မူ၍ မင်းပြုရသည်။ ယင်းသို့မှ ပြည်ကျေးရွာလက်တို့ကို ခန့်ထား စီရင်တော်မူ၍ ကင်းတို ကင်းရှည် ထားပြီးမှ၊ ဝါဆိုလ ဟံသာဝတီ နေပြည်တော်သို့ ပြန်တော်မူသည်။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင် ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်း ပယင်းတွင်း စသော ရတနာအပေါင်းတို့၏ အရှင် စတုဒ္ဒ ရတနာဘုရှ မြို့တည် နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများသခင် အသျှင် ဘဝရှင် မင်းတရားကြီးဘုရား လက်ထက်တော် ၁၁၇၁-ခု၊ နယုန် လဆန်း တစ်ရက်နေ့ကစ၍ ရဟန်းပညာရှိ ပုဏ္ဏားပညာရှိ မှူးမတ်ပညာရှိတို့နှင့် အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး နန်းမ စနုဒ္ဒ နှိုင်းညှိ၍ အသင့်ယုတ္တိ ကျမ်းဂန် ဆရာကုံများနှင့်အညီ သုတ်သင် စီရင်တော်မူသော မဟာရာဇဝင်တော်ကြီး ဒသမတွဲ ပြီး၏။

**မှန်နန်း မဟာ ရာဇဝင်တော်ကြီး (၁၀-တွဲ) ဤတွင် ပြီး၏။**

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ၊

---

# ဧကာဒသမတွဲ

## သရေခေတ္တရာ ပြည်မြို့၌ စံနေသော မင်းတို့-အကြောင်း

သရေခေတ္တရာ မည်သော ပြည်မြို့ အကြောင်းကား၊ ပုဂံ နရသီဟပတေ့ တရုတ်ပြေးမင်း သားတော် သီဟသူသည်၊ သက္ကရာဇ် ၆၀၄-ခုတွင်၊ တည်ထောင်စ ပြုသည်။ သီဟသူ စည်းစိမ် လေးဆယ့်နှစ်နှစ်၊ သက္ကရာဇ် ၆၄၆-ခု အနိစ္စရောက်၍ ညီတော် ကျစွာ မင်းပြုတော်မူသည်၊ ကျစွာစည်းစိမ်သုံးဆယ်ကိုး၊ သက္ကရာဇ် ၆၈၅-ခုတွင်၊ အနိစ္စရောက်၍ သင်းတွဲ စောရန်နောင်ကို ပင်းယ စကားနှစ်ကျောင်း ဒါယကာ ပေး၍ မင်းပြုရသည်။ စောရန်နောင် စည်းစိမ် ငါးဆယ့်လေး၊ သက္ကရာဇ် ၇၃၉-ခုတွင်၊ အနိစ္စရောက်၍ ထိုမင်း နောင်တော် မြင်စိုင်း ရွှေနန်းရှင် သားတော် မင်းကြီးမျက်နှာရှည်ကို မင်းကြီးစွာစော်ကဲ ပေးတော်မူ၍မင်းပြုရ၏။ မင်းကြီးမျက်နှာရှည် စည်းစိမ်တစ်ဆယ့်တစ်၊ သက္ကရာဇ် ၇၅၀-ခုတွင်၊ အနိစ္စရောက်၍ မင်းထီးလှိုင်ကို မင်းကြီးစွာစော်ကဲပေးတော်မူသည်၊ မင်း ထီး လှိုင် စည်း စိမ် ငါး နှစ်၊ သက္က ရာဇ် ခု နှစ် ရာ့ ငါး ဆယ့် ငါး ခု တွင်၊ အနိစ္စရောက်၍ မှန် လက်ယာပျံချီကို မင်းကြီးစွာစော်ကဲ ပေးတော် မူသည်၊ လက်ယာပျံချီ စည်းစိမ်နှစ်ဆယ့်နှစ်၊ သက္ကရာဇ် ၇၇၇-ခုတွင်၊ အနိစ္စရောက်၍ ဗုဒ္ဓတေးကို မင်းခေါင်ကြီး ပေးတော်မူသည်။ ဗုဒ္ဓတေး စည်းစိမ် သုံးလ၊ သက္ကရာဇ် ၇၇၇-ခုတွင်၊ မင်းခေါင် သားတော် ဒလသုံး မင်းရဲကျော်စွာကို ခမည်းတော် မင်းခေါင်ကြီး ပေးတော်မူသည်။ မင်းရဲကျော်စွာ စည်းစိမ် ကိုးလ၊ သက္ကရာဇ် ၇၇၈-ခုတွင်၊ ခမည်းတော် မင်းခေါင် ခေါ်၍ ထိမ်ရွှေ ပေးလျှင်

မင်းရဲကျော်စွာ ညီတော် သီဟသူကို ခမည်းတော် ပေးတော်မူပြန်သည်။ သီဟသူ စည်းစိမ် သုံးနှစ်၊ သက္ကရာဇ် ၇၈၁-ခုတွင်၊ ခမည်းတော် ဘုရင်မင်းခေါင် ခေါ်တော်မူ၍ နောင်တော် မရှိလျှင် အိမ်ရှေ့ ပေးတော်မူသည်။

ထို သက္ကရာဇ်တွင်ပင် စောရွှေခက်ကို မင်းရဲကျော်စွာ ဟူသော အမည်နှင့် ပြည်မြို့ကို ပေးတော်မူသည်။ စောရွှေခက် မင်းရဲကျော်စွာခံ စည်းစိမ် ခြောက်နှစ်၊ သက္ကရာဇ် ၇၈၇-ခုတွင်၊ ပြည်စား အရာက နုတ်၍ မင်းမဟာကို အောင်ပင်လယ်သုံး သီဟသူ ပြည်မြို့ကို ပေးတော်မူသည်။ မင်းမဟာ စည်းစိမ် လေးနှစ်၊ သက္ကရာဇ် ၇၉၁-ခုတွင်၊ မင်းမဟာကို စကုကို ပေး၍၊ ထူပါရုံ ဒါယကာ သီဟသူကို ခမည်းတော် မိုးညှင်းမင်းတရား ပေးတော်မူသည်။ သီဟသူစည်းစိမ် တစ်ဆယ့်သုံးနှစ်၊ သက္ကရာဇ် ၈၀၄ ခုတွင်၊ အင်းဝရွှေနန်းကို တက်တော်မူသည်။ သီဟသူ အင်းဝရွှေနန်းကို တက်တော်မူလျှင် ယောက်ဖတော်မင်းရဲကျော်စွာကို ပြည်မြို့ကို ပေးတော်မူပြန်သည်။ မင်းရဲကျော်စွာ စည်းစိမ် သုံးနှစ်၊ သက္ကရာဇ် ၈၀၇-ခုတွင်၊ မင်းရဲကျော်စွာကို သာယာဝတီကို ပေးပြန်၍ သားတော် ဆင်များရှင် မင်းကြီးစွာခံကို ပေးတော်မူပြန်သည်။ မင်းဆင်များရှင်တွင် နိုင်ငံခြားနှင့် မင်းပြုတော်မူသည်။ မင်းဆင်များရှင် စည်းစိမ် သုံးဆယ့်ခုနစ်နှစ်၊ သက္ကရာဇ် ၈၄၄ ခုတွင်၊ အနိစ္စရောက်တော်မူ၍ ညီတော်ဆင်ဖြူရှင် သတိုးမင်းစောသာယာဝတီကလာ၍ မယ်တော်ကို မိဖုရားမြှောက်၍ မင်းပြုတော် မူသည်။ ဆင်ဖြူရှင် သတိုးမင်းစော စည်းစိမ် လေးဆယ့်လေးနှစ်၊ သက္ကရာဇ် ၈၈၈-ခုတွင်၊ အနိစ္စ ရောက်တော် မူ၍ သားတော် ဘုရင်ထွေး မင်းပြုတော်မူသည်။ ဘုရင်ထွေး စည်းစိမ် ခြောက်နှစ်၊ သက္ကရာဇ် ၈၉၄-ခုတွင်၊ အနိစ္စရောက်တော်မူ၍ သားတော် နရပတိ မင်းပြုတော်မူသည်။ နရပတိ စည်းစိမ် ခြောက်နှစ်၊ သက္ကရာဇ် ၉၀၀-ပြည့်တွင်၊ အနိစ္စ ရောက်တော်မူ၍ ညီတော် မင်းခေါင်ခံ ရှင်သရက် မင်းပြုတော်မူသည်။ ညီတော် မင်းခေါင်ခံ ရှင်သရက် စည်းစိမ် လေးနှစ်၊ သက္ကရာဇ် ၉၀၄-ခုတွင်၊ နန်းကျသည်။ ထိုသို့ ဘုန်းလက်ရုံး အာဏာနှင့် ပြည့်စုံသော မင်းတို့၏ နေရာဖြစ်သော သရေခေတ္တရာပြည်ကြီးကို ဘဝရှင် မင်းတရားရွှေထီး လုပ်ကြံတော် မူ၍ အလိုတော် ပြည့်သည်။

(ရာဇဝင်ကြီးတွင် သက္ကရာဇ် ၇၈၁-ခုတွင်၊ စောရွှေခက်ကို မင်းရဲကျော်စွာ ဟူသော အမည်နှင့် ပြည်မြို့ကို ပေးတော်မူသည်။ စောရွှေခက် မင်းရဲကျော်စွာခံ စည်းစိမ် ခြောက်နှစ်၊ သက္ကရာဇ် ၇၈၇-ခုတွင်၊ အနိစ္စ ရောက်သည် ဆိုပြီးမှ သက္ကရာဇ် ၈၀၄-ခုတွင်၊ သီဟသူ အင်းဝ ရွှေနန်းကို

ထက်တော်မူလျှင် ယောက်ဖတော် မင်းရဲကျော်စွာကို ပြည်မြို့ကို ပေးတော်မူသည်ဟု ဆိုပြန်သည်ဖြစ်၍၊ စောဒွေးက မင်းရဲကျော်စွာ အနိုင် ရောက်သည်ဆိုသော စကားသည် မမှုလျှော့ ချွတ်ယွင်းသည့် အရာသာ ဖြစ်သည်။ ။ထို စောဒွေးက မင်းရဲကျော်စွာသည် ဘုရင်မဟာသီဟသူရ ပြည်ရှင်မင်းတရား လက်ထက်တော်တိုင် ရှိကြောင်းများကို ပြည်ရှင် မော်ကွန်း ရာဇဝင်သစ်တို့၌ လာရှိသည်ဖြစ်၍၊ သက္ကရာဇ် ၇၈၇-ခုနှစ် စောဒွေးက မင်းရဲကျော်စွာ အနိုင်ရောက်၍ မင်းမဟာကို ပြည်ကို ပေးတော်မူသည် ဆိုသော စကားသည် မသင့်၊ စောဒွေးက၊ မင်းရဲကျော်စွာကို ပြည်စားအရာက နုတ်၍ မင်းမဟာကို ပြည်ကို ပေးတော်မူသည် ဆိုသောစကားသာ အသင့်ဖြစ်သည်။)

---

## အင်းဝဘုရင် အုန်းဘောင်ခုံမှိုင်းနှင့် မင်းတရားရွှေထီး စစ်ပြိုင်သည့်အကြောင်း

အင်းဝမှာလည်း၊ ထိုသက္ကရာဇ်တွင်၊ သိုဟန်ဘွားကို မင်းကြီး ရန်နောင် လုပ်ကြံ၍ အုန်းဘောင်ခုံမှိုင်းကြီးသား ခုံမှိုင်းငယ်ကို နန်းတင်လေသည်။ အင်းဝဘုရင် ခုံမှိုင်းညီ၊ အုန်းဘောင်စော်ဘွား၊ ပိုးပိတ်စော်ဘွား၊ မိုးညှင်းစော်ဘွား မိုးကောင်းစော်ဘွားတို့လည်း ဤသို့ တိုင်ပင်ကြကုန်၏။ ငါတို့ ပြည်မြို့သို့ စစ်ကူချီသောခါ ဗန်းမော် စော်ဘွား၊ ညောင်ရွှေစော်ဘွားတို့ကို မငုံ့ပဲ အလျင် တဆောချီလေသောကြောင့် အနာအကျင် များစွာ ရလေသည်။ ရေကြောင်း မှာလည်း ငါတို့က လှေငယ်သာဖြစ်ချေသည်။ သူက ဇလားကပင် တိုက်လှေ ကြီးများချေသောကြောင့် ငါတို့က မတိုးမဝှေ့နိုင် ရှိချေသည်။ သို့ဖြစ်သော ကြောင့် စော်ဘွားခုနစ်ပါးလုံး ရုံး၍ ဇလားကပင် ကတ္တူလှေ နှံ့ကြင် အင်းဝမှာ လုပ်မည်။ ပြီးလျှင် ဇလားကပင်တစ်ထောင်ကျော်တွင် သူရဲသူခက်တို့ကို စီးစေ၍ ချီစိမ့်မည်။ ကုန်းလှေ ငါးရာ တွင်လည်း မျိုးရိုးကွာ တင်၍ ယူဆောင်မည်။ ကြည်းကြောင်းမှာလည်း စော်ဘွား ခုနစ်ပါးတွင်ရှိသော ဆင်လုံး မြင်းရင်းနှင့် တကွ ချီမည်။ ငါတို့ရှိမက်ကို သူတို့ရှိမက် ဖိုလိမ့်မလော၊ တနိုင်မည်လော၊ ယင်းသို့ စီရင်၍ ပြည်မြို့ကို အလျင်လုပ်ကြံရမည်။ ရလျှင် ပြည်မြို့တွင် အမိုင် အလုံနေစေ၍ တောင်ငူသို့ ချီ၍ လုပ်ကြံမည်။ တောင်ငူကိုရလျှင် ရေကြောင်း ကြည်း

ကြောင်း၊ ဟံသာဝတီသို့ ချီ၍ လုပ်ကြံမည်။ မင်းတရားရွှေထီး ငါတို့ထက်က လုပ်နိုင်မည်လော ဟူ၍ တိုင်ပင်ကြပြီးလျှင် စော်ဘွား ခုနစ်ပါး၊ အင်းဝသို့ ဆင်း၍ လှေတက်အများ လုပ်ကြသည်။ ပြီးလျှင် မိုးကောင်းစော်ဘွား၊ မိုးမိတ်စော်ဘွား၊ သည် စော်ဘွားနှစ်ဦးမှာ တိုက်လှေကြီး၊ ဖလားသင် သုံးရာ၊ လှော်ကား၊ ကြော့လှေ သုံးရာ၊ ကုန်လှေ ငါးရာ၊ ဗိုလ်တစ်သောင်းနှစ်ထောင်ခန့်နှင့် ရေကြောင်းချီရသည်။ အုန်းဘောင် စော်ဘွားနှင့် စော်ဘွား ငါးဦးမှာကား၊ ကြည်းကြောင်း တိုက်ဆင်တစ်ထောင့်နှစ်ရာ၊ မြင်းတစ်သောင်း၊ စစ်သည် သုံးတစ်သိန်းခြောက်သောင်းနှင့် ရေအားကြည်းအားဖက်၍ သက္ကရာဇ် ၉၀၅-ခု၊ နတ်တော်လဆန်း တစ်ဆယ့်တစ်ရက်နေ့၊ အင်းဝက ပြည်မြို့သို့ ချီတော်မူသည်။ ။ စော်ဘွားခုနစ်ပါး ရေအား ကြည်းအား ဆင်လုံး မြင်းရင်းအများနှင့် ချီလာကြောင်းကို ပြည်စား သတိုးဓမ္မရာဇာက ဘဝရှင် မင်းတရားရွှေထီးသို့ လျှောက်လာရ၏။ မင်းတရား ရွှေထီးလည်း ပြည်မြို့နှင့် နီးသော တလုပ်မော်၊ ကုဆုတ်၊ ဟသ်ဘာ၊ ခနုပြု၊ လှိုင်၊ မော်ဖီ၊ သာယာဝတီ၊ သည်မြို့များကို မြို့သားသူရဲသူခက်နှင့်တကွ အမြောက် သေနတ် စိန်ပြောင်း မြတ်ပူဘို့ကို ယူစေ၍ ပြည်မြို့တွင်းက ပြည်စားနှင့် အတူခံ၍ နေရ၏။ ဒိဂ္ဂသမျိုးဝေ့လည်း အတွင်းသို့ သွင်း၍ နေရ၏။ ။ စော်ဘွား ခုနစ်ပါးလည်း ပြည်မြို့သို့ ရောက်လျှင် ရေအား ကြည်းအား မြို့ကို တက်သည်။ မြို့ထိပ်က အမြောက် သေနတ် စိန်ပြောင်း မြတ်ပူနှင့် လွှတ်လျှင် လူသူ ဆင်မြင်း အသေအပျောက် များလေ၏။ ရေတပ်မှာလည်း မြို့ထိပ်က စိန်ပြောင်း မြတ်ပူနှင့် လွှတ်လျှင် ကွဲနစ်လေ၏။ ဤသို့ အကြိမ်အဖန် များစွာ လုပ်ကြံသော်လည်း မရနိုင်၊ အထိ အပါး အသေအပျောက် များလျှင် မြို့ကခွါ၍ ရေတပ် ကြည်းတပ် ဝန်းရံ၍ နေလေ၏။

ဘဝရှင် မင်းတရားရွှေထီးလည်း စော်ဘွားတို့ ရေတပ်ကြည်းတပ် ဝန်းရံသည် များလှသည် ကြားလျှင် ဘုရင့်နောင် ကျော်ထင် နော်ရထာ စသော မှူးတော် မတ်တော် ဒေါ်ပညာ အပေါင်းတို့ကို ခေါ်တော်မူ၍ တိုင်ပင်တော်မူသည်။ ယင်းသောအခါ မဟ္တာမကို စားသော စောလကွန်းထိန် လျှောက်သည်ကား၊ "ရှေးအထက်က ပြည်မြို့ကို ရုံသောအခါ အုန်းဘောင်စော်ဘွားတို့ အချုံဖြုတ်မှည်ဟူ၍ လာသည်။ သူ့အမှုဖြစ်၍ စစ်ကစား သကဲ့သို့ အမှတ်မဲ့ ဆင်ငယ် မြင်းငယ်နှင့်သာ ချီလာသည်။ ကျွန်တော်တို့က မူကား၊ စစ်သည် ဗိုလ်ပါလည်း စည်းရုံးလာသည်။ ဆင်ကြီး မြင်းကြီး လက်နက် ကိရိယာလည်း ထူထပ်လှသည်"။ သို့သော ကြောင့်သာ အောင်မြင်တော် မူချေသည်။ ယခုမူကား၊

ဓာတ်ဘုရားနှစ်ပါးတင်ချက်တည်းဖြစ်၍ ဆင်မြင်းဗိုလ်ပါ ပါလည်းများလှသည်။ ကြောင်းမှာလည်း လေ့လာမှုများလှသည်ဟူ၍ မြည်က ရောက်သောသူတို့ ဟု ခိုတော်မူလျှင် ကြည်းကြောင်း၊ ခိုတော်မူမှု ကြည်းတပ် အကြောင်း ရေမှာ ခိုတော်မူသကဲ့သို့ ရေကြောင်း၊ ခိုတော်မူလျှင် ရေတပ်သင်္ဘော ကြည်းတပ် အသင့် ရှိရိုးမည်၊ ရေကြောင်း၊ သူ့ကို ကောင်းမြင်သော လည်း ကြည်းကြောင်း ပျက်ခဲ့ရိုးမည် မဟုတ်၊ သူတို့ကြည်းကြောင်း ပျက်သော် မှာသာ ရေကြောင်းသာသော နိုင်မည်မဟုတ်၊ ပျက်ပြီးမည်" ဟူ၍ နားတော် လျှောက်သော၊ ဓာတ်တော်ကျိန်း၏ လျှောက်သည် စကားကို ဘုရင့်နောင် ကျော်ထင် နော်ရထာ ကြားလျှင်၊ ဤသို့ နားတော် လျှောက်ပြန်၏၊ "ဓာတ် ကျိန်း၏ လျှောက်သောအရေးသည်၊ စစ်ရေးပင် ဖြစ်တော့သည်၊ သို့ရာတွင် ဘုန်းတော် ကြီးလှသော ဘုရား ကိုယ်တော် ကြည်းကြောင်းမှ ကြွတော် လျှောက် ရာမှာ အရှင်မင်းတရား ကြည်းကြောင်း၊ ခိုတော်မူလျှင် ကျွန်တော် တို့ အလုပ်အကြံ များရိုးမည်၊ ထို့ကြောင့် သည်စကားကို လျှောက်သည် ဟူသော ရေအသင်္ဘော မြည်မြို့ကို ဖုံတော် မူသောအခါ အနိုင်သော ဓာတ်ဘုရားတို့ အရံမြိတ်မည် ထားသည်။ ဓာတ်ဘုရား ခုနစ်သောင်း အရေး ပြီးသည်နှင့် အနိုင်သော ဓာတ်ဘုရားတို့တွင် ဗိုလ်လည်း နည်းသည်၊ ဆင်မြင်း လည်းနည်းသည်၊ သူ့အမှုဖြစ်၍ ကြိုကြိုးစမ်းလမ်းလည်း မရှိ၊ သို့သောကြောင့် ကျွန်တော်တို့ ထိုက်လျှင် ပျက်လေသည်၊ ထိုသို့ ပျက်လေသည်ကို ထားတော် မူအောင် စိတ်ထား အားသန်၍ ဓာတ်ဘုရား ခုနစ်သောင်း အားလျော်၍ ခိုသော သည်ကို ယခု ရေကြောင်း၊ ကြည်းကြောင်း၊ ခိုသောသည်လည်း ဆင်ကျုံးမြင်းလည်း စစ်သည် ဗိုလ်ပါ ရေအားကြည်းအား များလှသည် ဟူ၍ ကြားသည်ကို ဖြစ် သောကြောင့် ကျွန်တော်တို့ ယုံကြည်အားအောင် ဘုန်းတော်ကြီးလှသော အရှင် မင်းတရားကြီးကိုယ်တော် ရေကြောင်းသို့ခိုမ်တော်မူသည်၊ ဗုလိန်ထုံးသော ကုန် မြှောက်သော မြို့ တံသော ခုံးလော့ရှိမြို့တွင်ရှိသော ဆင်ကြီး မြင်းကြီး အုံ့ ချော် အောင်အုံ့ကို ကြည်းကြောင်း သူ့ကို နိုင်အောင်အောင် စီရင်၍ ကျွန်တော် ရှိသည်၊ ရှမ်းတို့ ထက်လည်းကိုလည်း ကျွန်တော်တို့ သိရပြီ ကျွန်တော်တို့ ထက်လည်းကိုလည်း ရှမ်းတို့ သိရတော့ပြီသည်၊ ကြည်းကြောင်း ရှမ်းတို့ ပျက်လျှင် ရေကြောင်းသော၌ နေနိုင် မည်လော၊ တစ်ကြောင်းမှာလည်း တောင်ငူမြို့ကို ထိုမြို့အောင် ဆင်မြင်းလည်း သူ့တော်အောင်၍ အားရှိရိုးမည်၊ တောင်ငူကြောင်း ထမ်းပုံမှီသော် ပြောလည်း မပြီးနိုင်ဖြစ်သည်" ဟု နားတော် လျှောက်သည်။

ဘုရင့်နောင် ရှေ့တော်သွင်းသော စကားကို [illegible] သမီးမှ ကြားရ၍ နားတော် ရှေ့တော်သွင်းသည်။ "ဘုန်းတော် ကြီးမားလှ—[illegible] ရှေ့တော်သော အရေးသည် [illegible] ဝန်ရုံးသော [illegible] [illegible] ရသည်။ ရှားပါးရှာသည် [illegible] မှာသည် [illegible] ဘိုးတော် ကြီး၍ ထိုက်ရသည်။ [illegible] တော်၍ အရေးအရာ တော်သော [illegible] ထို အရေးကိုသို့ [illegible] ဟူ၍ နားတော် ရှေ့တော်၏။ [illegible] ထော်တော် ကျော်ထင် နော်ရထာကို [illegible] ဘုရင့်နောင်သည်။ [illegible] နှိုးကို ခိုင်ခံ့ရန်တော်မူသည်။ [illegible] တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ [illegible] တစ်တပ်၊ [illegible] တစ်တပ်ပါ ရှိသော [illegible] နှစ်သောင်း ထင်ရသည်။ [illegible] မြို့သော် ၁၀ [illegible] မင်းသောင်း [illegible] လိုက်ရသည်။ [illegible] လိုက်ရသည်။ [illegible] တိုက်တရားတွင် [illegible] လိုက်ရသည်။ [illegible] တောင်းဆို တိုက်ရှင် [illegible] လိုက်ရသည်။ တပ်တော်တွင် နန္ဒကြီးကို [illegible] ခန့်တော်မူသည်။

နောက်တော်က လိုက်ရသည့် တပ်စဉ်တွင်း [illegible] တစ်တပ်၊ [illegible] တစ်တပ်၊ [illegible] တစ်တပ်၊ သာသာကြီး တစ်တပ်၊ မဟာကြီး တစ်တပ်၊ [illegible] နောက်တော်က လိုက်ရသည်။ တပ်တော်နှင့်တကွ [illegible] ပါသည့် စားကမယ် [illegible] ဆော်ဘား [illegible]

ပုံကွာတင် ကုန်ကော ငါးရာ၊ စစ်သည်သူရဲ ကိုးသောင်းနှင့် စည်ကြီး၊ လင်းကွင်း စသော ပုံမောင်း၊ ရေ တီးမှုတ်လျက် မြစ်လုံးပဲ့တင်ထပ်မျှ တင့်တယ် စံပယ်စွာ ချီတော် မူသည်။ ။ကြည်းတပ်မှာ လက်ယာ ရဲတိုင် မြင်း တပ်၊ တင့် ကျော်သူ မြင်းတပ်၊ လက်ယာ ယောဓ မြင်းတပ်၊ ရာဇတမန် မြင်းတပ် သည် မြင်းတပ်လေးတပ်ကို ရှေးဦးစွာချီရသည်။ နောက်သမိန်ပရူတစ်တပ်၊ သမိန် မောခွင်တစ်တပ်၊ သမိန်ပွန်စည်တစ်တပ်၊ စောလကွန်းအိန်တစ်တပ်၊ ရာဇသင်္ကြံ တစ်တပ်၊ နေမျိုးကျော်ထင်တစ်တပ်၊ စတုဂါမဏိတစ်တပ်၊ သမိန်အဲပဲ့တစ်တပ်၊ ဗညားကျန်းတစ်တပ်၊ သည်နောက်မှ ဘုရင့်နောင် ကျော်ထင်နော်ရထာ တပ်မ ဖြင့် ချီတော်မူသည်။ မြင်းတပ် လေးတပ်နှင့် တကွ တပ်ပေါင်း တစ်ဆယ်လေး တပ်တွင် ပါသည့် တိုက်ဆင်ရှစ်ရာ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်း နှစ်သောင်းနှင့် သာယာဝတီကြောင်း ချီတော်မူသည်။ သာယာဝတီသို့ ရောက် တော်မူလျှင် ကြည်း ရေ ဘက်၍ နေတော်မူသည်။ ကုန်းဘောင် စော်ဘွား တို့လည်း မင်းတရားရွှေထီးရေကြောင်း၊ ကြည်းကြောင်း ချီလာသည်။ စစ်ဆင် များလာသည်ဟူ၍ ကြားလျှင် စစ်နှစ်ဘက်ညှပ်ရှိမည်ကို ရည်၍ ပြည်မြို့ကိုရံသော ရေတပ် ကြည်းတပ်ကို ဖြုတ်၍၊ ပြည်မြို့မြောက် တစ်တိုင်ကျော်အရပ်တွင် တပ်မိုး တပ်လုံတည်၍ ကြည်းဘက် ရေဘက်နေ၏။

မင်းတရားရွှေထီးလည်း နောင်တော် ကျော်ထင်နော်ရထာကို အရေးတော် ပြီးအောင် ဝိရင် ဟူ၍ အမိန့်တော် ရှိသည်။ ဘုရင့်နောင်လည်း တိုက်လှေကြီး ဇလာကပင် အစင်း လေးဆယ်တွင် အမြောက်ကြီး မြတပူတို့ကို တင်စေ၍ ရဲမက်တော် လေးထောင်တို့ကို အညာသို့ အနောက်ဘက်ကြောင်း ချီလေစေ၏။ စော်ဘွားတို့ လှေတပ်က မြင်လျှင် တိုက်လှေအများနှင့် အပြင်းခပ်၍ ကူးလာ၏။ မင်းတရားရွှေထီး၊ စစ်သည်တော်တို့လည်း၊ ရှမ်းတို့က ကူး၍ လိုက်လာသည်ကို အမြောက်ကြီး မြတပူနှင့် ပစ်လျှင် ရှမ်းတို့ လှေငယ်သာ ဖြစ်၍ ကွဲနစ်လေ၏၊ ရှမ်းတို့ လှေတပ်ပျက်လျှင် ရဲမက်တော် လှေတပ် အညာသို့ ဆန်၍ မြေထဲ သရက်က အနိုင် အလုံ နေလေ၏။ ရှမ်းတို့က မျိုးရိက္ခာ ပို့လာသမျှကို ဆီးဆို့၍ တိုက်လေ၏။ တစ်လခန့်ရှိလျှင် အညာက ရိက္ခာမရောက်နိုင်၍ ရှမ်းစစ်သည်တို့ ငတ်မွတ်၏။ ယင်းသို့ ငတ်မွတ်၍ ပြည်မြို့ ကျေးစွန်ရွာသက်တွင် ရိက္ခာရှာ သော်လည်း၊ ရဲမက်တော်တို့ အထောက် အထောက် ဆီးဆို့၍ တိုက်လျှင် အဝေးသို့ ပုန်း၍ ရှာမစားဝံ့၊ ယင်းသို့လျှင် မနေနိုင်၍ တပ်ကိုနုတ်၍ ခွါလေ၏၊ ရှမ်းတို့ ခွါလေကြောင်းကို သိတော်မူလျှင် တပ်မှူး စစ်ကဲ ဆင်သည် မြင်းသည်

အပေါင်းတို့ကို စစ်မျက်နှာဖြန့်၍ လိုက်လေ၏။ ဘုရင့်နောင် ကျော်ထင်နော်ရထာလည်း ဧယဒီသာ ဟူသော ဆင်ကို ရွှေကြိုး ရွှေကနှင့် စီးတော်မူ၍ ဆင်ခြေဖုံး သူရဲလူ သွားကိုင် သုံးထောင်၊ ဆင်ကုအစီး သုံးဆယ်နှင့် ရှမ်းတို့ကို အပ် လိုက်တော် မူသည်။ ရှမ်းတို့လည်း ခံယောင်ပြု၍ ခုခံ၏။ ဘုရင့်နောင်ကျော်ထင်နော်ရထာလည်း ရှမ်းတို့ကို မီလျှင် ဆင်ကုအစီး သုံးဆယ်နှင့် ဆင်ချွန်းမှုင့်ကာ လွှတ်ကြလေ၏။ ယင်းသို့လျှင် ရှမ်းတို့ စစ်သည် လေးစုကွဲ၍ ပျက်လေ၏။ ဆင် မြင်း သုံ့ပန်း ရတော်မူသည် များ၏။ သေလေသည်လည်း များ၏။ မင်းတရားရွှေထီးလည်း ရေကြောင်းထပ်၍ လိုက်တော် မူသည်။ စလင်းမြို့ကို စားလေသော စည်သူကျော်ထင်လည်း စလင်းသို့ မကူးနိုင်၍ ရှမ်းတို့နှင့် အတူ အင်းဝသို့ ပါလေ၏။ ပုဂံမြို့ကို စားသော သတိုးလည်း အင်းဝသို့ ပေါင်းလေ၏။ အင်းဝဘုရင် ခုံမှိုင်းက ရေနံ့သာကို ပေး၍ စားရလေ၏။

မင်းတရားရွှေထီးလည်း စလင်းဆိပ်သို့ ရောက်တော် မူလျှင် စလင်းသို့ တက်တော်မူ၍ ရံတော်မူသည်။ ထိုအခါ မြို့တွင်းက ရွှေတန်းဆာဘုရားရှင် ရင်ပြင်တော်တွင် ပတ်ဆိုင်းတင်၍ တီးသည့်အသံကို ကြားတော်မူလျှင် "အဘယ်အသံနည်း" ဟူ၍ မေးတော်မူသည်ကို "ပတ်ဆိုင်းတီးသည့်အသံ" ဟူ၍ လျှောက်လျှင် စလင်းကို အောင်တော်မူလျှင် သည်ပတ်ဆိုင်းတီးသသူတို့ကို လက်ခြေမလွန်စေနှင့် ဟူ၍ မိန့်တော်မူသည်။ ယင်းသောအခါ စလင်းမြို့တွင်းက စည်သူကျော်ထင်သား မင်းကြီးရဲတိုင် ကျုံး မြောင်း မြို့ ပြ ကတုတ် ရင်တား နိုင်ခံ့အောင် စီရင်၍ ခံလေသောကြောင့် အလျှင် အလိုတော် မပြည့်ချေ၊ သုံးရက်မျှ ရဲမက်တော်တို့ အပစ် အခတ် ခံ၍ မြို့ရင်းသို့ ချဉ်းပြီးလျှင် မြို့ကို တူးဖြို၍ မြို့ပျက်ရာက ရဲမက်တော်တို့ ဝင်မိ၍၊ စလင်း မိဖုရားနှင့်တကွ အထက်သားကြီး ရဲတိုင်တို့ တစ်မြို့လုံးကိုရတော်မူ၏။ စလင်းမြို့ကို ရတော် မူလျှင် ထုတ်ယူကောင်းသသူ၊ သူကောင်း၊ စိုးမင်းနှင့် ဆင်ကောင်း၊ မြင်းကောင်းကို ထုတ်ယူတော်မူ၍၊ အထက် သာယာဝတီကို လုပ်ကြံတော် မူသောအခါ ဟိုင်း၊ လောပီတင်ကာငိုနာရှုပ်ကသည် အာသိုမြူအောင် ထိုးသော အထိန်းတော် ငယ်မည် ရှင်သီဟ၊ နောက် စည်သူကျော်ထင် အမည်ခံသော မင်းကို အလုံး အရင်းနှင့်တကွ စလင်းမြို့ကို ပေးတော်မူသည်။ စလင်းကို အလိုတော်ပြည့်လျှင် စလင်းက ပောင်တော်သို့ ဆင်း၍ စလေ၊ ပုခန်း၊ ငယ်၊ ရွှာသာ၊ ပုဂံတိုင်အောင် ဆန်တော်မူ၍ လုပ်ကြံတော်မူသည်။ မြို့စားအပေါင်းတို့လည်း မခံဝံ့၍ အင်းဝသို့ချည်း ပေါင်းလေ၏။ အရေး

တော်ပြီးလျှင် ပုဏ္ဏားတောကို အလုံး အရင်းနှင့် ပေးတော်မူသည်။ သေရေ
တွင်းတိုင်ကို ရှုထွေးတော့ ရာဇတမန်ကို ပေးတော်မူသည်။ စလေ ပုခန်း
ရွာကျွန်းသာ၊ ကျောက်ပန်းတောင်း၊ သည်ငါးခရိုင်ကို သယကျော်သူ အလုံး
အရင်းနှင့် ပေးတော်မူသည်။ စကုမြို့ကို လက်ဝဲယောဓ၊ လယ်ကိုင်း မြို့ကို
ရာဇသူရ၊ မလွန်မြို့ကို ရာဇသင်္ကြံ၊ ဖျင်တမြို့ကို သရေစည်သူ၊ မကွေးမြို့ကို သရေ
ပညာ၊ မြင်ကွန်းမြို့ကို ဇေယျထီးလှိုင်၊ တောင်တွင်းမြို့ကို နာတောင်မျာ
မင်းတုန်း။ တိုင်တာမြို့သစ်၊ မင်းတပ်၊ ရဲလှ ၄ ပါး၊ သည်ခရိုင်ကို မှူးမတ်
စေတညာကို ဆင်စီးချင်းနိုင်သော ပင်းရဲကျော်ထင်ကို အလုံးအရင်းနှင့်
ချည်း ပေးတော်မူသည်။ ထိုမှတစ်ပါး ကျွန်တော် ခံလာသော မြို့စားအပေါင်း
ကိုလည်း သစ္စာတော်ခံစေပြီးလျှင် သူလာဘ်ပေးတော်မူ၍ မိမိတို့ ကျေးစည်ပိုင်
ကိုပင် ပေးတော်မူပြန်သည်။ ရောဝတီအရှေ့ဘက် အနောက်ဘက် တွင် ရှိသော
ကျေးရွာမြို့ အပေါင်းကို ခန့်ထား စီရင်တော်မူ၍ ကင်းတို့ ကင်းရှည် ထားပြီးမှ
သက္ကရာဇ် ၉၀၆-ခု၊ ဝါခေါင်လ၊ ရေအား ကြည်းအား ဟံသာဝတီ နေပြည်
တော်သို့ ပြန်တော်မူသည်။

ထိုသက္ကရာဇ် ၉၀၆-ခု၊ နတ်တော်လ၊ ရွှေနန်းတော်ရှေ့ ဝင်းတော်ရင်ပြင်
ရွှေလှုပ်တော် ဆောက်တော်မူသည်။ ထိုသက္ကရာဇ် နတ်တော်လတွင်ပင် ရှေး
ဘုရားထားသော ပြာသာဒ် နန်းတွင်းတွင်ပင် ဆောက်ရသည်။ ဟံသာဝတီ
အနောက်ဘက် မှန်ကျောင်းရပ်ကို ကျောင်းရံ ခုနစ်ဆယ်နှင့် တကွ ဆောက်
တော်မူ၍ ဆရာတော်ကို မဟာ သံဃရာဇာ ဟူသော တံဆိပ် နှင့် လှူတော်
မူသည်။ သာသနာပိုင်လည်း ထည့်တော်မူသည်။ အရညဝါသီ ပုဂ္ဂိုလ်၊ ဂါမ
ဝါသီ ပုဂ္ဂိုလ်တို့ကိုလည်း ပင့်တော်မူ၍၊ ပရိက္ခရာ ရှစ်ပါးနှင့်တကွ များစွာသော
အလှူဝတ္ထုတို့ကို လှူတော်မူသည်။ ထိုသက္ကရာဇ်တွင်ပင် ဆင်ဖြူ အရပ်၌ ဘုရား
စေတီ တည်တော်မူသည်။ တံတိုင်း လေးမျက်နှာတွင် ရှေ့ကျောင်း၊ လေး
ကျောင်း အရံနှင့်တကွ ဆောက်တော်မူသည်။ သက်တော်စေ့ ပဉ္စင်းနှစ်ဆယ့်
ရှစ်ပါးလည်း ခံတော်မူသည်။ ထိုသက္ကရာဇ်တွင်ပင် မြောင်းမြစား သမိန်ဟူ
လွန်၍ မှန်တို့ ဆံရိတ်ကုန်သည်။

ထိုသက္ကရာဇ်တွင်ပင် စလင်းမြို့ကို စားသော အချီတော် စည်သူ ကျော်ထင်ကို
စလင်းကို အလျင်စားသော စည်သူ ကျော်ထင်ကျွန်၊ လုလင် ကျော်မှုတို့
အလျှောကိုကြည့်၍ ပုန်ကန် သောင်းကျန်းလေ၏။ ရှုံးမိသပျှသော ကျေးကျွ
ဆင်မြင်းနှင့် အပြင်းနှင့် တောင်ငူသို့ ရောက်လာသည်။ လုလင်ကျော်မှုတို့

သည်၊ ပဲခူးစည်သူ ကျော်ထင် ခမြုံးလျှင်၊ မိမိအရှင်ဟောင်း စည်သူ ကျော်ထင်ကို အင်းဝမှာ ချီ၍ စလင်းကို စားမြဲ စားရလေ၏။ သည်အကြောင်းများကို မင်းတရားရွှေထီး ကြားသော်မူလျှင် တောင်ငူမင်းတစ်တပ်၊ ပြည်မင်းတစ်တပ်၊ မြေထဲစားတစ်တပ်၊ စည်သူကျော်ထင်လည်းတစ်တပ်၊ သည်လေးတပ်ကို တိုက်ဆင်တစ်ဆယ့်ငါးမြင်းနှစ်ထောင်၊ စစ်သည် သူရဲ ခုနစ်သောင်းနှင့် စလင်းသို့ ချီရလေသည်။ ရောက်လျှင် ကျောက်စစ် ဟူသော အရပ်တွင် တပ်ချ၍ နေသည်။ စလင်းမင်း စည်သူကျော်ထင်လည်း ဟံသာဝတီက စစ်သည်ရောက်ကြောင်းကို သိလျှင် ဆင်ချစ်မြတ်ကဲကို စီး၍ ဆင်ခြေဖုံး လူသုံးထောင်၊ မြင်း သုံးရာနှင့် မြို့က ထွက်လာ၏။ ပဲခူးစည်သူ ကျော်ထင်လည်း၊ မြင်း သုံးရာကို ရွေးချယ်၍ တပ်က ထွက်လာ၍ ချီ၏။ စလင်း စည်သူ ကျော်ထင် ကျွန်ရှင်မျောက်ကျော် အကြိုးပြု၍ ကြိုလာသည်နှင့် တွေ့၍ တိုက်ကြသည်။

ယင်းသို့စဉ်တွင် ပဲခူး စည်သူ ကျော်ထင် ပေါက်ကျော်ဇေယ ဟူသော ဆင်ကို စီး၍ တိုက်သည်။ စလင်း စည်သူ ကျော်ထင် ခံ၍ တိုက်သည်။ အရပ်အနေမသင့်ချေ၍ ပဲခူး စည်သူ ကျော်ထင် ရှုံးချေသည်။ ပေါက်ကျော်ဇေယ ဆင်ကိုလည်း လှံသုံးဆယ့်ခြောက်ချက် ကျချေ၍ ဆီးထုပ်အပ်သို့ ပြန်လာသည်။ စလင်းမင်း စည်သူ ကျော်ထင်လည်း မြို့တွင်းသို့ ရောက်တော်မူလျှင် ပဲခူးသားတပ်မှာ ညဉ့်ကို လာ၍ ဆိုလာသည်။ "နက်ဖြန် ငါစည်သူ ကျော်ထင် လာ၍ တိုက်မည်။ ကြည်းကြောင်း ပြေးသော်လည်း စလင်းဆိပ်ကြီးတွင်ရှိသော နင်တို့ ပဲခူးသား ပဇာကို ပျံ၍သွားနိုင်မည်နည်း" ဟူ၍ ဟစ်လာရသည်။ ပဲခူး စည်သူ ကျော်ထင်လည်း ကိုယ်တွင် အထိအပါး များသောကြောင့် စကား ကြားစရာ နေရာက အတူ ဟစ်ပြန်ရသည်။ "နက်ဖြန် စည်သူ ကျော်ထင် အမှန်ထွက်လာလှည့်၊ ငါစည်သူ ကျော်ထင်ကို တိုက်မည်။ ရှုံးနိုင်မည်လော" ဟူ၍ ဟစ်ပြန်ရသည်။ ပဲခူး စည်သူ ကျော်ထင် စီးသော ပေါက်ကျော်ဇေယ ဆင်သည် အချက်အရာများသောကြောင့်အသားတို့သည်ယပ်ယပ်ရှိရှိကြေကျချေသည်မိုးသောက်လျှင် ပေါက်ကျော်ဇေယ နာလှသောကြောင့်၊ ရေပွေစား ဆင်ကို ယူ၍ စီးရသည်။ ဆင်ခြေဖုံး လှံရှည်ကိုင် သုံးထောင်၊ မြင်းသုံးရာကျော်နှင့် တပ်က ထွက်သည်။ စလင်း စည်သူကျော်ထင်လည်း ဆင်ချစ်မြတ်ကဲကို စီး၍ ရင်မာန်အောင်ကို ကုန်းလယ်တင်သည်။ ဆင်ခြေဖုံး လှံရှည်ကိုင် သုံးရာ၊ မြင်းသုံးရာနှင့် ထွက်လာ၏။ ဆီးထုပ်အရပ်တွင် စစ်ဆိုင်၍ တိုက်ကြသည်။ ဆင်ခြေဖုံး တစ်ဘက်တစ်ချက် ခုတ်ကြရာတွင် ရှင်မျောက်ကျော်ကို ခုတ်မိ၍ ပွဲတွင် ဆုံးလေသည်။

ဆင်ခြေပုံးတို့လည်း ရှင်မျှော်ကျော် ဆိုးလျှင် ကခဲ့ ကသီ ကုံ့လေ၏။ ဆင်ခြေပုံးတို့ ရှေ့သည်ကို ပဲခူး စည်သူကျော်ထင် မြင်လျှင် ဆင်နှင့် ... တိုး၍ စလင်း စည်သူကျော်ထင်ဆင်ကို တိုက်လေ၏။ စလင်းမင်းလည်း ... တကြိုး ဆီး၍ ခံသည်။ ဆင်အား မဘန်၍ စလင်းမင်းစီးသောဆင် ... ပြေးလေ၏။ ပဲခူး စည်သူကျော်ထင်လည်း ဆင်နှင့်အပြင်းလိုက်လေ၍ ... ပဲခူး စည်သူကျော်ထင် လိုက်သည်ကို စလင်း စည်သူကျော်ထင် ... ပြေးမည်နည်း”ဟူ၍ဆို၏။ ဆင်ချင်းနီးလျှင် စလင်းစည်သူကျော်ထင် ... ရှင်မာန်အောင် ထိုးလေသည်။ ပဲခူး စည်သူကျော်ထင် မောက်ဘို့ ... နဖူးတွင် ပေါ်ထောက်ခန့် ရှိချေ၏။ မျက်နှာတွင် သွေးပြိုကျသဖြင့် ... လည်း မရပ်မနေ လိုက်၍ တိုက်လျှင် စလင်း စည်သူကျော်ထင် ... ပြေးလေ၏။ ကုန်းလယ်စီး ရှင်မာန်အောင်လည်း ဆင်က လျှောကျ၍ ... အလွတ်ခံ့ ခါလေ၏။ ယင်းသို့လျှင် စလင်း စစ်သည် အသုံးပျက်၍ ... မြို့တွင်းသို့ ဝင်၍ တိုက်လေ၏။ စလင်းမင်းလည်း ဆင်တစ်စီးတည်းနှင့် ... ကျေးကျွန် တစ်ရံတစ်ယောက်မျှ မပါ၊ လောင်းရှည်ကြောင်း ပြေးလေ၏။ တောင်အရပ်သို့ ရောက်လျှင် ရေငတ်သောကြောင့် ဆင်ကဆင်း၍ ရေသောက် သည်ကို စီးဆင်ပင် လိုက်၍ ဝေ့လေ၏။ မင်းလည်း ဝါးရုံကြားသို့ ပြေးဝင်၍ လွတ်သည်။ ဆင်ကိုပမ်းသော်လည်း မရ လွတ်လေ၏။ စည်သူကျော်ထင်မှာ ကိုယ်တစ်ခုတည်းတောတွင် နေသည်ကို ချင်းရိုင်းတို့ တွေ့လျှင် ဖမ်း၍ မိုးညှင်း စလုံသို့ ဆက်လေ၏။ မိုးသင်းစော်ဘွားလည်း ငါ သွေးသောက် ဖြစ်ရခလည်း မည်သည်ကိုမျှ မစိုးရိမ်နှင့်၊ အင်းဝကို ရအောင် တိုက်၍ ငါ နန်းတင်မည် ဆို၏။ မင်းတရားရွှေထီးလည်း မှန်ဦးဆံ ဖြတ်တော်မူ၍ မှန်ပင်းတို့အလို သမိန်တင့်တ် ဟူသော ဦးဗောင်းကို ဆောင်းတော်မူသည်။

---

## မှန်ဦးဆံ ဖြတ်သည်ကို ဖော်ပြချက်

ထုံဖြတ်တော်မူသော အကြောင်းကား— ဟံသာဝတီတွင် မှန် သူကြွယ် တစ်ယောက်သည်ရှိ၏။ ထိုသူကြွယ်တွင် နွားငါးထောင်ခန့် ရှိသည်။ ထိုနွား ခြံတွင် နွားမတစ်ခုသည် ပဋိသန္ဓေရှိ၍ နေ့လစေ့လျှင် အဆင်းအင်္ဂါ လက္ခဏာ ကြီးငယ်နှင့် ပြည့်စုံသော သူငယ်မတစ်ယောက်ကို ဖွားသည်။ ယင်းသို့ ဖွားလျှင်

အမိန့်မှားမလည်း အခြားနွားများ ခြံက ထွက်သွားသော်လည်း မထွက်မသွား နေလေ၏။ ထိုအကြောင်းကိုမြင်၍ ကြည့်ရှုသော် အမြင်အလျှာနှင့် ပြည့်စုံသော သူငယ်မကိုမြင်၍ သူကြွယ်ယူ၍ မွေးလေ၏။ အရွယ်သို့ ရောက်လျှင် ဒေဝမနော ဟူသော အမည်ကို သမုတ်၍ သူကြွယ်တွင် သားသမီးမရှိသောကြောင့် သမီးပြု၍ တန်းဆာပလာ အထိုက်အလျောက် ဆင်ယင် ဝတ်စားလျှင် အဆင်းအကျွန် နတ်ကဲ့သို့ ထင်ကုန်၏။ ထိုသူငယ်မ ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ မင်းတရားရွှေထီး ဥယျာဉ်သို့ ထွက်တော်မူရာတွင် မြင်တော်မူ၍ အဘယ်သူ မေးတော် မူသည်ကို မှန် သူကြွယ် မကျိုက်ကို သမီး ဟူ၍ နားတော် လျှောက်၏။ မင်းတရားရွှေထီးလည်း ရွှေပြု ဖူးသောက် ရေစယ်သည်ပြုလ်၍ အလှန် တိမ်းမယ် ခတော်မူသည်။ နန်းတော်သို့ ပြန်တော်မူလျှင် သူကြွယ်သမီးကို ယူ၍ နန်းတင်တော်မူ၏၊ ထိုသူငယ်မကို သနားတော်မူ၍ အပါးတော်တွင် မပြတ် စေပါးတော်မူ၏။ ထိုသူငယ်မလည်း မှန်တို့ လက်တွင် ကြီးသော ကြောင့် မှန်တို့ဘာသာ အပြုအမူကိုသာ ကြိုက်နှစ်သက်သည်ဖြစ်၍ မှန် မင်းကို တန်းဆာ တင့်တယ်သည်၊ မြန်မာမင်းတို့ တန်းဆာ မတင့်တယ် ဟူ၍ လျှောက်ဖန် များလတ်သော် သဘောသား ဗရင်ဂျီကို နန်းတွင်းသို့ မပြတ် ခေါ်တော်မူ၍ စေပါးတော်မူရာတွင် သောက်စားတော်မူချေသည်နှင့် မှန် ဆံဖြတ်တော် မူသည် ဟူ၍ ဆိုသည်။(အချို့သော စာမှာ မှန်ပြည်ကို မြန်မာ မင်းတို့ ဦးစွန်းအထွတ် မပြုရချေ၊ မှန်တို့ မင်းပြုလတ်မည်၊ ကျိန်းခန်းလိုက် နိမိတ်ရှိသည် ဟူ၍ ပညာရှိတို့ လျှောက်သောကြောင့် မှန် ဆံဖြတ်သည် ဟူ၍လည်း ဆိုလေသည်။)

သက္ကရာဇ် ၉၀၇-ခုတွင်၊ တစ်ပင်တိုင်ပြာသာဒ်ဆောက်တော်မူ၍ ရာဇာဘိ သေက ခံတော်မူသည်။ ယင်းသောအခါ ရတနာကိုးပါးဖြင့် ပြီးသော အသွန်း တစ်ထောင်ရှိသော သမိန်တရုတ်ဟူသော မကိုဋ်ကို ဆောင်းတော်မူ၍ တစ်လုံး တည်းသော မြနားတောင်းကိုဝတ်တော်မူသည်။ နဝရတ်ကိုးပါးဖြင့် ပြီးသော မဟာမဏိ ဟူသော ဒုယင်ကိုလည်း ဝတ်တော် မူသည်။ ထီးပြုလက်ယာ လေးစင်း၊ လက်ဝဲ လေးစင်း၊ မင်းခက်ကွင်းမာရဘင် ရွက်သုံးဆင့် ဖြူးဗီလာ၊ အချက် အရိုး အတံ ရတနာအတိ ပြီးသော ထီးဖြူ ရှစ်စင်း၊ အထွတ် အချက် ပတ္တမြားစီသော ရွှေအတိပြီးသော ကျိုင်းချက် ရှစ်စင်း၊ မြန်မာမင်း ကေရာင် တို့၏ အဆောင် အယောင် မင်းခမ်း မင်းနား အကုန်၊ မှန်မင်း ကေရာင် တို့၏ အဆောင် အယောင် မင်းခမ်း မင်းနားအကုန်လက်ဝဲတော်လက်ယာတော်

က ကျင်းပ၍ ထားရသည်။ ။ကျော်ထင်နော်ရထာ ခမည်းတော် တောင်ငူ
ဘုရင် မင်းရဲသီဟသူကိုလည်း မင်းဆောင်၊ မင်းယောင်၊ မင်းခံ၊ မင်းနား၊
ဆစ် ဝေါ်ရွှေချက် လေးစင်းနှင့် ထွက်စည်၊ ဝင်စည် ပေးတော်မူ၏၊ လက်ယာ
တော်က ယှဉ်၍ နေရသည်။ ။ဘုရင့်နောင် ကျော်ထင်နော်ရထာကိုလည်း
ကွမ်းခွက် ရှစ်မြောင့်ပတ္တမြားတစ်ရှစ်စီ၊ ကွမ်းလိပ်၊ ကွမ်းလောင်း၊ ကွမ်းဘူး
ပတ္တမြားစီ သောက်တော် တကောင်းဖုံး၊ ရှစ်မြောင့်၊ ပတ္တမြားစီ ရွှေသောက်
ရေတောင်၊ ရွှေထိုးပျစ်၊ အမြောက်ချည်၊ ဆင်ရွှေကြိုးရွှေကာ၊ ပေါင်းဝန်း၊ မြင်း
ရွှေကြိုး ရွှေကာ ဝေါ်လာ ရွှေချက် နှစ်စင်း၊ စည်ကိုးလုံး၊ ငွေနဲ၊ ငွေခရာ
ငါးစင်း ပေးတော်မူသည်။ ။နေရာလည်း သိမ်ရွှေမင်းတို့၏ နေရာတွင် အုံးဝန်း
သုံးဆင့် ပေးတော်မူ၍ နေရသည်။ ။ကျော်ထင်နော်ရထာ ညီတော် သီရိ
ဇေယကျော်ထင်ကိုလည်း ရွှေကွမ်းခွက်ရှစ်မြောင့်၊ အပွတ်အညှတ်၊ ကွမ်းဘူး
ကွမ်းလိပ်၊ ကွမ်းလောင်း၊ သောက်ရေတောင် တစ်ကောင်းဖုံး ရှစ်မြောင့်၊ ရွှေထွေးခံ၊
သန့်လျင်းတလဲကိုးဝန်း၊ ရွှေချက်တစ်စင်း၊ ဆင်ပေါင်းဝန်း ရွှေထွက်စည်ခုနစ်
လုံး၊ နဲသုံးစင်း၊ ခရာနှစ်စင်းပေးတော်မူသည်။ နေရာလွှတ်လည်းနေရသည်။
ဒွါရာဝတီ အိမ်မြို့ရှင် ဘယနန္ဒမိတ် သားတော် သက်ရှည်ကျော်ထင်ကြီး သမီး
တော်နှင့်လည်း ပုံတော်မူသည်။ ကျော်ထင်နော်ရထာ ညီလတ် နန္ဒယောသ
ကိုလည်း ရွှေကွမ်းခွက်တွင် အပွတ်အညှတ် ကွမ်းလိပ် ကွမ်းဖူးအစုံ၊ တကောင်း
ဖုံး၊ လက်ဖက်အိုး၊ မိုးကြိုးထွေးခံ၊ သန့်လျင်းတလဲ ခုနစ်ဆင့် ပေါင်းဝန်း
ရွှေချက်တစ်စင်း၊ စည် ငါးလုံး၊ နဲ သုံးစင်း၊ ခရာ နှစ်စင်း ပေးတော်မူ၍ နေရာ
လွှတ်နေသည်။ မြည်ဘုရင်ထွေး သမီးတော် စလင်း စည်သူကျော်ထင် မိဖုရား
နှင့်လည်း ပုံတော်မူသည်။

ကျော်ထင်နော်ရထာ ညီတော် ဇေယနန္ဒကို ကွမ်းခွက်၊ လက်ဖက်အိုး၊
တကောင်းဖုံး၊ ထွေးခံ၊ ဆင်ပေါင်းဝန်း၊ ကျိုင်းချက်၊ စည် ငါးလုံး၊ နဲ သုံးစင်း၊
ခရာ နှစ်စင်း ပေးတော်မူ၍ နေရာလွှတ် နေရသည်။ မြည်ဘုရင်ထွေး၊ နောက်
မိဖုရားတွင် မြင်သော သမီးတော် လေးကျွန်း မိဖုရားနှင့်လည်း ပုံတော်
မူသည်။ ။ထိုမှတစ်ပါးမင်းဆွေ၊ မင်းမျိုး၊ မှူးတော်၊ မတ်တော်၊ မှူး
ရှမ်း၊ ဒေါ်ညား၊ အပေါင်းတို့ကိုလည်း အရည် အသွေး အလျောက် ကွမ်းခွက်၊
လက်ဖက်အိုး၊ တကောင်းဖုံး၊ ထွေးခံ၊ သန့်လျင်းတလဲ၊ ငါးဝန်း၊ ခုနစ်ဝန်း
ကိုးဝန်း ထီးဖြောင်ရွက်နှစ်ဆင့်၊ သုံးဆင့်၊ ကျိုင်းချက်၊ ဆင်ပေါင်းဝန်း၊ စည်
အထိုက် အလျောက် သနားတော်မူ၍ လက်ဝဲ လက်ယာ နေရာမှတ် အတိုင်း

နေရသည်။ ဤသို့ ပိုက်ကြိုးသော အဓိကအလျှင်မြန်း ဥကင်သ ရာဇပလ္လင်၌ နေတော်မူသောအခါ လူများ ရတ်သောင်း၌ သိကြားမင်း၏ အသရေကဲ့သို့ အလှန် ထင့်တယ်တော်မူသည်။ ခုနစ်ရက်တိုင်တိုင် အဘင်ခံတော်မူ၍ ဂါမဝါသီပုဂ္ဂိုလ် အရည်ဝါသီပုဂ္ဂိုလ်တို့အား ပေးကမ်းလှူဒါန်းပါနှင့်တကွ လှူဘွယ် လှူခင်းအများ ရတော်မူသည်။ ရတနာ ရွှေဖောင်တော်စီး၍ ဆွမ်းလုပ်ကျွေးတော်မူ၍ ရာဇဘိသေက ခံ၍ ဘုန်းဘုရားရှင်သို့ အလူးအမြင် စစ်အင်္ဂါ လေးပါးနှင့်တကွ တစ်လရှိလျှင် လေးတော်၊ မျက်ပါးခတ်ငွေ ထီးချူရားသိ၊ ထွက်တော်မူသည်၊ ရောက်တော်မူလျှင် ရေအား ကြည်းအား ရွှေထည့်တော်မူသည်။ ရက်လည်အောင် အဘင်ခံတော်မူသည် ကာသည် မြေသို့ ခွာကိုယ် မှန် သုံးရပ်လုံး အလှန် အာယာ စည်ပင်လှသည်။ ထိုသက္ကရာဇ်တွင် ရှိနိုင်ဘုရင် လွှန်၍ သား ထိမ်ရွှေဥပရာဇာ မင်းပြုသည်ကို ရှိနိုင် ဘုရင်ညီ သံတဲ့စားသည် စိတ်မညီ၍ မကျိုး မနွံ ပြုသောကြောင့် ရှိနိုင် ဘုရင့်ညီ အားမတန်၍ ဘဝရှင် မင်းတရားရွှေထီး ရန်စစ်မြစ်ကြသော် လက်ဆောင် လက်နက် အများနှင့် စစ်ကူတော်မူပါ ဟူ၍ အမတ်နှစ်ယောက်တို့ ခြေရင်းတော်သို့ လျှောက်လာရ၏။

ဘဝရှင်မင်းတရားရွှေထီးလည်း စစ်တုရင်သူတစ်တပ်၊ သမိန်မြတ်စတစ်တပ်၊ သမိန်မောဒွင်တစ်တပ်၊ သမိန်အဲပဲ့တစ်တပ်၊ တစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်သူရဲလေးသောင်းနှင့်တကွ စစ်ကူသံတဲ့သို့ ချီ၍ ရှိနိုင်ဘုရင်သား ရေကြောင်း၊ ကြည်းကြောင်း တိုက်လေ၏။ ရဲမက်တော် မရောက်ခင် ရှိနိုင်ဘုရင့်သား ရေကြောင်း၊ ကြည်းကြောင်း သံတဲ့သို့ ချီလာ၍ တိုက်လေသောကြောင့် ရှိနိုင်ဘုရင့်ညီ ရွှေဖဝါးတော် အောက်သို့ ရောက်လာ၏။ ဘဝရှင် မင်းတရားရွှေထီးလည်း ရှိနိုင်ဘုရင့်ညီ သံတဲ့စားကို မစိုးရိမ်နှင့်၊ ငါကိုယ်တော် မ၍ သူကောင်းပြုတော်မူမည် ဟူ၍ မိန့်တော်မူ၏။ စစ်ကူချီရလေသော သမိန်မြတ်စတို့ လေးတပ်သားကိုလည်း လိုက်၍ ခေါ်ရ လေ၏။ ယင်းသို့မှ ဘုရင့်နောင် ကျော်ထင်နော်ရထာ လျှောက်သည်၊ ရေအား ကြည်းအား ချီတော်မူ၍ လုပ်ကြံတော် မူမည်မှာ ကြည်းကြောင်း တောင်ကမ်း ကြီးသည်နှင့် ခရီးကြောင်းလမ်း ခက်လှသည်။ ဘဝရှင် မင်းတရား ကိုယ်တော် ရေကြောင်း ချီတော်မူမှ အရေးတော် သင့်မည်။ တစ်ကြောင်း မှာလည်း ရှိနိုင်သားတို့သည် လှေ အရာ၌ ကျင်လည် လှသည်။ လှေတပ် အားကြီးမှ သင့်မည်" ဟူ၍ နားတော် လျှောက်လျှင် "သင့်အောင် စီရင်လေ" ဟူ၍ မိန့်တော်မူသည်။

ယင်းသောအခါ ရေကြောင်း ချီရသော တပ်စဉ်ကား၊ ပုသိန်စား သမိန်မြသမိုက်တစ်တပ်၊ သံလျင်စား နန္ဒကျော်ထင်တစ်တပ်၊ ဓနုဖြူစား သမိန်ရဲသင်တစ်တပ်၊ ဒလစားသိရိဇေယ နော်ရထာတစ်တပ်၊ ခဲပေါင်စား သမိန်သံကျော်တစ်တပ်၊ လှိုင်မြို့စား သမိန်အဲနုရဲတစ်တပ်၊ သမြင်ထုံးစား နန္ဒယောဓာ တစ်တပ်၊ သည်ခုနစ်တပ်ကို ရှေ့ချီရသည်။ ယင်းကမှ အဝရှင်မင်းတရားရှေ့သီးမှာ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်နှင့်တကွ ရွှေဖောင်တော်စီး၍ ချီတော်မူသည်။ ရွှေဖောင်တော်ကို ရွှေလှော်ကား ရွှေရုပ်စင်း၊ နောက်ရုပ်စင်း၊ ငင်ရသည်။ လှော်ကား စက်ကွင်း နှစ်ဖက်တွင် မင်းဆောင်၊ မင်းယောင်၊ မင်းသမီး မင်းနားတို့ကို တင်၍ ဖောင်ဝန်းကျင် လိုက်ရသည်။ ဇလာကပင် ကျွန်းသမှန်တွင် ရွှေနိုင်း၊ ရွှေလှား၊ ရွှေကား၊ ရွှေလှံ၊ ဆိုက်၍ အမြောက်ကြီး မြတ်ကြီးကို တင်ဆော်ပြီးလျှင် ဝင်းတော် လေးမျက်နှာသားတို့ကို လက်ဝဲ လက်ယာ ရှေ့နောက် လိုက်စေရသည်။ တပ်မတော်တွင် နန္ဒသကြံကို တပ်မှူး၊ အယနန္ဒသူကို စစ်ကဲ ခန့်တော်မူသည်။ ဝင်းမှူး လေးဦးတို့ကိုလည်း မိမိတို့ လှော်ကား လှေမှတ်နှင့် လိုက်စေရသည်။ နောက်တော်က ချီရသော တပ်စဉ်ကား၊ ဇရွှဲမြို့စား သိရိဇေယကျော်ထင်တစ်တပ်—တိုက်ကုလားစား သမိန်ဇော်ကရုတ်တစ်တပ်၊ စစ်တောင်းစား မဟာကြီးတစ်တပ်၊ ယွန်းစလင်းစား သမိန်ဇိတ်ပွန်တစ်တပ်၊ လက်ယာစား အယကျော်ထင်တစ်တပ်၊ ဝင်ယော်စား အဲမွန်တရာတစ်တပ်၊ ယောမြို့စား နန္ဒကျော်ထင်တစ်တပ်၊ သည်ခုနစ်တပ်ကို နောက်ကချီရသည်။ တပ်မတော်နှင့်တကွ တပ်ပေါင်းတစ်ဆယ့်ငါးတပ်တွင် ပါသည့် ဇလာကပင်စသောတိုက်လှေရှစ်ရာ၊ လှော်ကားသံလှေငါးရာ၊ ရိက္ခာတင်ကုန်လှေတစ်ရာ၊ စစ်သည်သူရဲ သုံးသိန်းငါးသောင်းနှင့် စည်ကြီး၊ ခွက်ခွင်း၊ ခရုသင်းတို့ဖြင့် မြစ်လုံးပုံ့တင်ထပ်မျှ ချီတော်မူသည်။

ကြည်းကြောင်းမှာလည်း၊ တုရင်သိန်းစည်း မြင်းတပ်၊ တုရင်ရာဇာ မြင်းတပ်၊ တုရင်ယောဓာ မြင်းတပ်၊ တုရင် ဗလီ မြင်းတပ်၊ သည့်နောက် လင်းပဆေးစား သရေစည်သူတစ်တပ်၊ တရုတ်မော်စားပုံချီတစ်တပ်၊ စလင်းစား စည်သူကျော်ထင်တစ်တပ်၊ မင်းတုန်းတိုင်တားကိုယ်စားသော မင်းကျော်ထင်တစ်တပ်၊ အာယာဇေတီစားနော်ရထာတစ်တပ်၊ ဇရပ်စားသမိန်ပရမ်းတစ်တပ်၊ တော့ဂါမဏီတစ်တပ်၊ လကျွန်းပြည်စားနန္ဒသူရိယတစ်တပ်၊ မြောင်းမြစား တစ်တပ်၊ ဗဂန်မြို့စား ဗညားကျန်းတောတစ်တပ်၊ အစုတ်မြို့စားသမိန်အဲနုရဲ ကျော်ထင်နော်ရထာ တပ်မှူး၍ ချီတော်မူသည်။ သည်နောက်မှ ဘုရင့်နောင် မြင်းတပ်လေးတပ်နှင့်တကွ

တယ်ပေါင်းတစ်သယ့်ငါးတပ်တွင် ပါသည့်တိုက်ဆင်ခြောက်ရာ၊ စစ်သည်သူရဲလေးသောင်းနှင့် လင်းပတေ့ကြောင်း ချီတော်မူသည်။ ဟံသာဝတီနေပြည်တော်ကို အလက် မြင်နှင့် ဗညားအိန်ကို အလုံးအရင်းနှင့် အစောင့်အနေ ခန့်တော်မူသည်။ ဟံသာဝတီ အရှေ့ဘက်တစ်လွှားကိုလည်း မောင်လည်ရှိုင်စား စောဗညားဦးနှင့် အလုံးအရင်းနှင့် အစောင့်အနေ ခန့်တော်မူသည်။ တောင်ငူ မင်းရဲသိဃသူကိုလည်း အရှေ့ရှမ်းနှင့် နီးသည်ကို အကြောင်းပြု၍ တောင်ငူမြို့တွင် အခိုင်အလုံ နေရသည်။ ပုဂံမြို့ကို စားသော ရဲကျော်တေး၊ စလေကို စားသော သမင်ကျော်သူ၊ တောင်တွင်းကြီးကိုစားသော နားတောင်းများ၊ သည့်မင်းများကိုလည်း အင်းဝနှင့် နီးသည်ကို အကြောင်းပြု၍ ၎င်းတို့စားသည့် မြို့တွင် အခိုင်အလုံ နေရသည်။ ပြည်မင်း သတိုးဓမ္မရာဇာလည်း ပြည်မြို့တွင် အခိုင်အလုံ နေရသည်။ ဤသို့ နိုင်ငံတော် အလုံးကို စီရင်ခန့်ထားတော်မူ၍ သက္ကရာဇ် ၉၀၈-ခု၊ တန်ဆောင်မုန်း လဆန်း လေးရက်၊ တနင်္လာနေ့၊ ရေကြောင်း ကြည်းကြောင်း ချီတော်မူသည်။

---

## မင်းတရား ရွှေထီး ရခိုင်မြို့ကို ချီတက်သည့်-အကြောင်း၊

မင်းတရားရွှေထီး ချီလာကြောင်းကို ရခိုင်ဘုရင် ကြားလျှင် သံတွဲတွင် နေစေသော ရဲမက်တို့ကို ကသ္သူလွန်းကြင်နှင့် ကြို၍ တိုက်လာရသည်။ မင်းတရားရွှေထီး ရဲမက်တော် ရွှေဖျားချီသော ပုသိမ်စား၊ မြောင်းမြစားတို့နှင့် တွေ့၍ တိုက်ကြလျှင် ရခိုင်သားတို့ ဖမ်း၍ ရှိလေ၏။ ယင်းသို့ စဉ်တွင် ရဲမက်တော် ရေတပ်သားတို့ ရောက်၍ တိုက်လျှင် ရခိုင်သားတို့ မခံနိုင်၍ သံတွဲသို့ အလျင်ဆုတ်လေ၏။ ရဲမက်တော် ရေတပ်သားတို့ နောက်ထပ်လိုက်၍ တိုက်သည်။ လှေတက် အများ ရတော်မူ၏။ ရခိုင်သားတို့လည်း သံတွဲမြို့က ခံ၍ တိုက်မည် စီရင်စဉ်တွင် ဘုရင့်နောင်တို့ ကြည်းကြောင်း ချီလာသည်။ စစ်သင် များလှသည်ဟူ၍ ကြားလျှင် သံတွဲမြို့တွင် မခံ၍ ရခိုင်မြို့သို့ ဆုတ်လေ၏။ ဘဝရှင်မင်းတရား ရွှေထီးလည်း သံတွဲမြို့ကို ရတော်မူလျှင် သံတွဲ ကျေးလက် ရွာသားတို့ ရွာတွင် မနေဝံ့၍ တောသို့ပြေး၍ နေလေကုန်သော သူတို့ကို ဘဝရှင်မင်းတရား ခြေရင်းတော်တွင် ရခိုင်ဘုရင့်ညီ သံတွဲစား ပါကြောင်းကို စာရေး၍ သံတွဲစား ကျွန်တို့ကိုပင် စေတော်မူ၍ ခေါ်ရလေ၏။ ကျေးလက်သားတို့လည်း သံတွဲစား

ပါကြောင်းကို အထပ် သိလျှင် ဝင်စား လာကုန်၏။ ကျေးလက် သားတို့ ရောက်လျှင် ရခိုင်ဘုရင်ညီ သံတွဲစားနှင့် သံလျင်စား နန္ဒကျော်ထင်ကို ထားခဲ့ သံတွဲတွင် နေရသည်။ ယင်းသို့ စီရင် ခန့်ရန်တော်မူပြီးမှ ရေအား ကြည်းအား ရခိုင်သို့ ချီတော်မူသည်။ ရခိုင်သို့ မရောက်ခင် နှစ်စခန်း လောက်တွင် ရခိုင် ဘုရင်က ရေကြောင်း ကြည်းကြောင်း ဆင်လုံး မြင်းရင်း လှေတက်အများနှင့် ကြိုလာသည်ကို ကြည်းကြောင်းကို ကြည်းကြောင်းချင်း၊ ရေကြောင်းကို ရေကြောင်းချင်း တွေ့ကြလေ၏။ ကြည်းကြောင်းမှာ မြင်းတပ် လေးတပ်နှင့် လင်းပတော့စား ချီရသည်။ တပ်ချင်းချင်း တိုက်မိလျှင် အကြောက် အခွဲ မရှိ ရှုပ်ရှပ်နှံ့နှံ့ လုံးလုံ တိုက်လေ၏။ ရခိုင်သား စစ်သည်တို့လည်း ခံ၍တိုက်သည်။ မနည်းကြာ တိုက်ကြလျှင် ဆင်ခင်း မြင်းခင်း မသာသောကြောင့် မြင်းတော် သည်တို့ လှုပ်လယာသို့ ထုတ်၍နေ၏။ ယင်းသို့စဉ်တွင် လင်းပတော့စားကို ဘုရ စိန်ပြောင်း မြတပုနှင့် လှတ်လိုက်သည်။ ကျည်စေ့ သင့်၍ ဆုံးရှုံးသည်။ လင်းပတော့စား ဆုံးခဲ့လျှင် တပ်သားတို့ ဆုတ်ခွာသည်။ ထိုသို့ဆုတ်ရာတွင် ဘုရင့်နောင် ကျော်ထင်နော်ရထာတို့ အထပ်ထပ် ရောက်လာ၍ တိုက်တော် မူလျှင် ရခိုင်သားတို့ ပျက်လေ၏။ ဆင်မြင်း လူသူ သုံ့ပန်း ရတော်မူသည်များ၏၊ လက်နက် ကိရိယာလည်း များစွာ ရတော်မူ၏။ သေလေသည်လည်း များ၏။ ကြည်းတပ်သားပျက်လျှင် ရေကြောင်းသားမခံ၍ ရခိုင်သို့ အပြင်းဆုတ်လေ၏။

ဘဝရှင် မင်းတရား ရွှေထီးသည်၊ ရခိုင်သို့ အဆက်ချီ၍ ရောက်လျှင် မြို့ကို ရေအား ကြည်းအား ထက်ဝေသည်။ မရချေ။ ရခိုင်မြို့သည် တောင်ထိပ် မှာလည်း ဖြစ်သည်၊ မြို့ကလည်း ခိုင်ခံ့သည်။ ကျုံးမြောင်းလည်း ကျယ်သည်၊ လက်နက် ကိရိယာလည်း ထူထပ်လှသည် ဖြစ်၍ အကြိမ် အဖန် များစွာ လုပ်ကြံတော်မူသော်လည်း မြို့ကို မရချေ။ ယင်းသို့ မရတော်မူလျှင် မြို့ကို ကြည်း ရေ ဝန်းရံ၍ နေတော်မူသည်။ နောက်လျှင် ရုံတပ်ကို သစ်မြို့ စိုက်စေ၍ မြို့ လက်ရှိ ဆောက်စေပြီးလျှင် စိန်ပြောင်း မြတပုတို့ကို ပြ လက်ရန်၊ ထက်ဂ စီရင်၍နေစဉ် မှာ်သက် မီးပေါက်မီး ရွာစေ၏။ ယင်းသို့ လုပ်ကြံကြံမ စီရင် တော်မူလျှင် ရခိုင်ဘုရင်သားသည်း ငါမင်းဖြစ်သည် မကြာချေသေး။ အမှူး အမတ်တို့သည် ငါ့ကို ညီညွတ်သသူလည်း ရှိသည်။ သူ့ကို ညီညွတ် သသူလည်း ရှိသည်။ ယခု မင်းတရား ရွှေထီး ချီလာသည်လည်း ဆင်မြင်း ဗိုလ်ပါ အားကြီး လှသည်။ ရှည်ကြာသော် ခံနိုင်ချိမ့်မည် မဟုတ်၊ အရေးပြီး လွယ်မှ သင့်မည် အကြံရှိ၍ ရှိသော ဆယ်စုသော စကားဖြင့် တခိုင်၍ ပဏ္ဏာကာရ အများနှင့် သမီး နှစ်ယောက်ကို တပ်တော်သို့ ဝေ၍ ထျော့ကာလာရ၏။ ဘဝရှင် မင်း

တရား ရွှေထီးလည်း သံတွဲစားကို ငါမ၍ သုကောင်းပြုမည်၊ အမိန့်တော်ရှင်၊ နှမ်းသည်။ ငါအရေးမပေးသော မိန့်တော် မူပြီးလျှင် ရခိုင်ဘုရင် သံတို့ကို ဆယ်နိုင်း အစီအမံကို လည်း၍ ကြည့်ပေပြီးမှ လွှတ်တော်မူ၍ မြို့တွင်းသို့ ဝင်ရ လေ၏။ သံတို့ ရောက်၍ တပ်တောင်တာ နိုင်လုံကြောင်း၊ ရမက် မိုးပါ များကြောင်း၊ လုပ်ရည်၊ ကြံရည် အစီအမံ ခဲယဉ်းကြောင်းကို ရခိုင်ဘုရင် ကြားတော် မူလေသော်၊ အသားဝေးလတ္တံ့သို့ ကြောက်ရွံ့ခြင်း ဖြစ်ရှာ ဖြစ် လေ၏၊ ဆရာတော် လေးပါးကို အရေး ပြီးလွယ်အောင် မိန့်တော် မူပါ ဟု လျှောက်၏။ ရခိုင်ဘုရင် ဆရာတော် လေးပါးလည်း ပိဋကတ် အဖ် ဟူသနီ သဘာရှာ ဒါသကရာဇ် ဇော်ကရတ် မူရိ စသော အုပ်မျိုးတို့ကို ယူကာ လု ထမ်းဆောင်ကျော်ကိုင်စေ၍ ဆက်လာရသည်။ အလျှင် ဘုရင့်နောင် ကျော်ထင် နော်ရထာဘယ်သို့ သွား၍ မဟာဓမ္မရာဇ် မင်းမြတ်ကို ဖူးတွေ့ချင်ပါသည် ဟု၍ မိန့်တော် မူသည်။ ဘုရင့်နောင် ကျော်ထင် နော်ရထာကသည်၊ အလျှင် မင်းတရားထံသို့ ရောက်၍ အစီအမံကို မြင်လျှင် အံ့ဩကုန်၏။

---

## ရခိုင်ဘုရင်အား ဆရာတော် လေးပါး တရားဟော၍ ဖြန့်ဖြေသည့် အကြောင်း

မင်းတရား ရွှေထီးလည်း ဘုန်းတော်ကြီးတို့ ထွက်လာသော အကြောင်း၊ ကား၊ အဘယ်နည်း ဟူ၍ မေးတော် မူသည်။ ဘုန်းတော်ကြီးတို့ ကလည်း၊ အကြောင်း ငါးပါးနှင့်အညီ ရောက်ပါသည်ဟူ၍ လျှောက်၏။ အကြောင်း၊ ငါးပါး ဟူသည်ကား၊ အဘယ်နည်း ဟူ၍ မေးတော်မူသည်ကို ရခိုင်ဆရာတော် လေးပါး လျှောက်သည်။ ။အကြောင်းငါးပါး ဟူသည်ကား၊ ယခု သာသနာ့ ဒါယကာတော် မဟာ ဓမ္မရာဇ် မင်းမြတ်သည်၊ ရခိုင်ဘုရင့် သားနှင့် ညီ မကြည်ကြ၍ တိုက်လေကြရာတွင် ရခိုင်ဘုရင့် ညီသည် မဟာ ဓမ္မရာဇ် တရား မင်းမြတ် အထံတော်သို့ ဝင်လေ သောကြောင့် အလုံး အရင်း ဆင်မြင်း၊ အများနှင့် ရေအား၊ ကြည်းအားချီ၍ လုပ်ကြံတော်မူသည်။ ရခိုင်ပြည်ကို သား ဆက်၍ မင်းပြုသော ထုံးစံအစဉ်ရှိသည်။ ယခု ရခိုင်ဘုရင် မရှိလျှင် ထုံးစံနှင့် အညီ သား မင်းပြုသည်ကို ရခိုင် ဘုရင့်ညီ သံတွဲစားသည်၊ ထုံးစံကို ဖျက် ၍ သောင်းကျန်း ပုန်ကန်သောကြောင့် ရခိုင်ဘုရင် သားကချည်း အံ့ညီ၍

တိုက်လုံကြသည်နှင့် မဟာ ဓမ္မရာဇ် တရားမင်းမြတ် အထံတော်သို့ [illegible] တိုးဝင်လေသည်ကို ငါမြဲ သူကောင်းပြုမည် အမိန့်တော် ရှိ၍ ယခု ချီတော် မူလာသည်။ ရခိုင် ပြည်ကြီးကို အလိုတော် ပြည့်လျှင် ရခိုင်ဘုရင့် သားကို နန်းချ၍ ရခိုင်ဘုရင့် ညီကို နန်းတင်တော် မူချေသော်၊ ရခိုင်ပြည်ကြီးတွင် အစဉ်အမြဲ ထုံးစံကို ဖျက်တော်မူချေသည် မဖြစ်ချေလော၊ သည်လည်း အရေး တစ်ကြောင်းပင်ဖြစ်သည်။

တစ်ကြောင်းလည်း ဧညဝတီ ပြည်ကြီးသည် ဗိုလ်ပါ ဆင်လုံး မြင်းရင်း များလှသည်။ လက်နက် ကိရိယာလည်း ထူထပ်လှသည်။ အဆောတလျင် လုပ်ကြံတော်မူသော်လည်း ရတော်မူနိုင်ချိမ့်မည်မဟုတ်၊ အရှည် အကြာ လုပ်ကြံရမည်လည်း ရခိုင်ဘုရင်နှင့် မြို့ဘုရင်သည် သမီးယောက်ဖ အရင်းဖြစ်သည်၊ ရခိုင်မြို့ကို ရုံတော်မူသော အကြောင်းကို မြို့ဘုရင် ကြားလေသော် ကြည့်၍ နေမည်မဟုတ်၊ ရေအား၊ ကြည်းအား မြို့ဘုရင် ချီလာ၍ လုပ်ကြံချေသည် ရှိသော်၊ ရဲမက်တော်တို့ စစ်နှစ်ဘက်ညှပ် မရှိချေပြီလော၊ ယင်းသို့ သုံးပြည် ထောင် ရန်စစ် ကြီးစွာဖြစ်၍ များစွာသော သတ္တဝါတို့သည် ဘေးဘယသို့ ရောက်မည်။ သေကြေ ပျက်စီးမည့် အကြောင်းကို ကြားလျက် မြင်လျက် ရဟန်းတော်သို့ မလျှောက် မကြားချေသည် ရှိသော်၊ သဗ္ဗညုတ ဘုရားရှင် ဟောတော် မူအပ်သော ဝိနည်းပရိယတ္တိ၌ လာသော ပညတ်တော်နှင့် မညီ မရှိချေလော၊ သည်လည်း အရေးတစ်ကြောင်းပင်ဖြစ်သည်။

တစ်ကြောင်းလည်း သာသနာ့ ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည် ဟံသာဝတီ ပြည်ကြီး၊ ပုသိမ်၊ မြောင်းမြ ပြည်ကြီး၊ သရေခေတ္တရာ ပြည်ကြီး၊ ဇလင်း ပုဂံပြည်ကြီး၊ သည်ပြည်ကြီးများကို အလိုတော် ပြည့်သည်လည်း မကြာချေသေး၊ ပြည်ရွာသားတို့သည်လည်း မယည် မမိုန်း၊ မငြိမ် မသက်ကြသေး ဖြစ်သည်။ မြောက် ရှမ်းပြည်၊ ယွန်းပြည်ထောင် ပိုးဒယားလည်း အရေးအရာ မပြီးချေသေး၊ ယခု ဧညဝတီ ရခိုင်မြို့သို့ ချီတော်မူလာသော အကြောင်းကို ရှမ်းမင်း၊ ယွန်းမင်းတို့ ကြားလေ၍ နိုင်ငံတော် ရပ်စွန်ပြည်နားကို ထိပါးနှင့်သည် ရှိသော်၊ အလျင်တဆော မြန်တော်မူ၍ ရောက်နိုင်ချိမ့်မည် မဟုတ်သည်လည်း အရေးတစ်ကြောင်းပင်ဖြစ်သည်။

တစ်ကြောင်းလည်း ဝါဆို၊ ဝါခေါင် ရောက်လတ်သော် တောင်လေမုန်တိုင်း လေပွေးသည် ပြင်းမြစွာ လာလတ္တံ့သည်၊ ယင်းသောခါ နိုင်ငံတော်တို့ကို

သူတပါးတို့ လုပ်ကြံမည် ဟူ၍ ကြားတော်မူသော်လည်း၊ ရေကြောင်း မြန်နိုင်ချိန်မည် မဟုတ်၊ မော်ဘက်ရစ်ကြောင်းသည်း တံပိုးတံဝယ် ကြီးလှသည် ဖြစ်သည်။ ရေကြောင်း မြန်တော်မမူနိုင်၍ ကြည်းကြောင်း မြန်တော်မူရမည်သည်၊ ရခိုင် ညောင်ဝတီနှင့် ဟံသာဝတီ နေပြည်တော် အကြား တောင်ကမ်းကြီးလှသည်ဖြစ် သည်။ မိုးသည်းလေထန်ရှိသောခါ ချောင်းမြောင်း ပြည့်လျှံ၍ ဆင်ကြောင်း မြင်းကြောင်း မသာရှိလတ္တံ့သည်။ ယင်းသို့လျှင် မသစ် မသယ် ခဲခဲ့သော၊ သည်လည်း အရေးတစ်ကြောင်းပင်ဖြစ်သည်။ ယင်းသို့ ဖြစ်သောကြောင့် ဘုန်း လက်ရုံး အာဏာ ပညာအမြင်နှင့် ပြည့်စုံတော်မူသော မဟာဓမ္မရာဇ် တရားမင်း မြတ်သည်၊ သဗ္ဗညုတ၊ ဉာဏ်နှင့်တူသော ပညာတော်ဖြင့် ထောက်ရှုတော့ရော် ဆင်ခြင်တော်မူ၍ ရခိုင်ဘုရင့်ညီ သံတွဲစား စည်းစိမ် ဆင် မြင်း တို့ကို ရခိုင် ဘုရင်သား လုယူ၍ ထားလေသည်ကို ရခိုင်ဘုရင့်သားက မဟာဓမ္မရာဇ်တရား မင်းမြတ်ကို ဆက်စေ၍ ရခိုင်ဘုရင့်ညီကို သံတွဲနှင့်တကွ တောင်စဉ် ခုနစ်ခရိုင်ကို ပေးတော်မူသည် ရှိသော်၊ သား၊ ဘထွေး နှစ်ဦးကို ချမ်းကြည်စေတော် မူလျက် သူကောင်း ပြုတော်မူသည် မမည်ပါလော၊ မဟာဓမ္မရာဇ် တရားမင်းမြတ်တွင် အမှုတော် ကောင်းသောအခါလည်း သား၊ ဘထွေး နှစ်ဦးသည် အမှုတော်ကို ကြိုးစား အားထုတ်၍ မထမ်းရလေသေး သည်သည်း အရေး အကြောင်းပင် ဖြစ်သည်။ သည်အကြောင်း ငါးပါးကို မြင်၍ ရဟန်းတော်တို့ မဟာဓမ္မရာဇ် တရားမင်းမြတ်ကို ရပ်ခံပါသည်။ သည်းခံတော်မူပါဟု လျှောက်သည်။

ဘဝရှင် မင်းတရားရွှေထီးလည်း၊ ရဟန်းတော်တို့ လျှောက်သောစကားကို ကြားတော်မူလျှင် ဤသို့ မိန့်တော်မူသည်။ ယခု ဇမ္ဗူဒိပ်မြေအပြင်ဝယ် ကျွန်ုပ် ချိန်၍ လုပ်ကြံသည်ကို ဘယ်မင်းကောင် ည ကျွန်ုပ်လက်က လွတ်နိုင်ရာသော သဘောမရှိ၊ ဆရာတော်တို့ လျှောက်ရာတွင် သား၊ ဘထွေးနှစ်ဦးသည် ရွှေသို့ ကျွန်ုပ်အမှုကိုထမ်းမည်ဆိုသော စကားသာစကားဖြစ်သည်။ ကျွန်ုပ်ထောက်ထား ဆင်ခြင်ဦးမည်။ ယခုဆရာတို့ပြန်လည်ဦးတော့၊ ရွှေတစ်ရက်နှင့်ရက်မှာအရေး ပြီးမပြီးကို သိရမည် ဟူ၍ မိန့်တော်မူသည်။ ရခိုင်ဘုရင် ဆရာတို့ကိုလည်း လက် ဖက်ချောင်း၊ ဒါသ၊ သင်္ကန်းထန်းလျက် လှူတော်မူ၍ ပြန်စေသည်။ ဘဝရှင် မင်းတရားရွှေထီးလည်း ဘုရင့်နောင် အလို့ရှိသော မှူးတော်မတ်တော် အပေါင်း တို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ ယခု ညောင်ဝတီသို့ ငါချီလာ ကြောင်းလည်း၊ ရခိုင်သားတို့သည် ငါတို့ ကျေးစွန်ရွှာနား အနီးတို့ကို တိုက် ဖျက်၍ လူသူ ကျွဲ နွား တို့ကို ဖမ်းဆီး ယူငင် လာသည်၊ အကြိမ်များပြီ၊

ထင်ကြောင်းလည်း ကုလားပန်းသေးသဘော်နှင့် မုသိန် မြောင်းမြသို့ဝင်သော အခါ ပါသီးဆို၍ တိုက်လေသောကြောင့် သဘော်သားတို့ အမှန်ပရောက်မိရသည်။ ဤကာ်၊ မဟုတ် အထက်က မြည်မြို့ကို ငါလုပ်ကြံတော်မူသောအခါ၊ မြည်မင်း ဓေါင်က ကူမည်ဟု၍ သား၊ ဘထွေး နှစ်ယောက် ရေအား ကြည်းအား ချီလာ သည်။ ငါတို့ လုပ်ရည် ကြံရည်ကို မတန်၍သာ အောင်မြင်တော် မူရသည်။ ယခုလည်း ရခိုင်ဘုရင် ဘထွေး သံတွဲစားသည် ငါ့ခြေရင်းတော်သို့ ရောက်လာ လျှင် ငါကိုယ်တော် မ၍ သူကောင်း ပြုတော်မူမည် အမိန့်တော် ရှိချေသည်။ ထမိန့်တော်ရင်း အတိုင်း ရခိုင်မြို့ကို အလိုတော်ပြည့်လျှင် ရခိုင်ဘုရင်ကို နန်းချ ၍ ဘထွေး သံတွဲစားကို နန်းတင်မည် ချီတော်မူလာသည်။ သရာသေး ထက်လာ၍ ရပ်ဝံလာသည်မှာလည်း ရခိုင် ဘုရင်ကို နန်းချ၍ သံတွဲစားကို နန်းတင်လျှင် ရခိုင်မြို့ ထုံးစံကို ဖျက်သည် မည်တော့မည်။ သား၊ ဘထွေး နှင့် အမှုတော်ကို ထမ်းပါစေသည်၊ အမျက်တော်ပြေ၍ ချမ်းသာမည့်အကြောင်းကို ရပ်ဝံသည်။ ငါ့အမှုတော်ကို ထမ်းပါမည်ဆိုသော စကားသာ စကားဖြစ် သည်။ ငါ့ကျက်တော်နှင့် တောက်၍ ထင်မြင်တော် မူဦးမည် ဟု၍ မိန့်တော် မူလိုက်သည်။"

"အကြောင်းမှာကား။ ။ကာဘ မရှိလျှင် သား မင်းပြုသော အစဉ် ထုံးစံရှိသည်ကို သားကို နန်းချ၍ ညီကို နန်းတင်ချေသော်၊ အစဉ်အရိုး ထုံးစံ ကို ငါဖျက်တော်မူသည် မည်ချိမ့်မည်" ဟု မိန့်တော်မူသည်။ အမိန့်တော်ကို နန္ဒယောဓ ကြားလျှင် ဤသို့ နားတော် လျှောက်သည်။" ယခု တပ်မှူးစစ်ကဲ အပေါင်းတို့သည် အမိန့်တော်ကို ဦးထိပ်ရွက်၍ ကြည်းအား ရေအား မြို့သို့ ချဉ်း၍ ပြတောင်တာ လက်ရန်း လုပ်ဆောင်သည် လည်း ခိုင်ခံ့လှုံခြုံလှသည်။ ထိုသို့ လုပ်ရည် ကြံရည်ကို မြင်၍ ရခိုင် ဘုရင်သား ကြောက်ရွံ့သောကြောင့် အစ ဦးလျှောက်လာရသည် ဖြစ်သည်။ အရေးပေးတော် မမူသင့်သေး၊ ရှေ့သို့ အမှုတော်ကို ထမ်းမည်ဟု၍ နှုတ်သောတန်ကျိုးလျှောက်မှ အရေးတော် ပေး သင့်သည် ဟု၍ နားတော် လျှောက်သည်။ ။နန္ဒယောဓ လျှောက်သော စကားကို ဘုရင့်နောင် ကျော်ထင် နော်ရထာ ကြားတော်မူလျှင် ဤသို့ နား တော် လျှောက်ပြန်သည်။" ရခိုင် ဘုရင် ဆရာဘုန်းကြီးတို့ အရေး တောင်းသည် ကို အလှူမ်ကာ အရေးပေးချေသော်၊ ငါကိုယ်တော် မ၍ သူကောင်းပြုတော် မူမည်။ အမိန့်တော် မပျက်ချေပြီလော။ ယခုလည်း လုပ်ရည် ကြံရည်ကို မြင်၍ ကြောက်ရွံ့သောကြောင့် အရေး တောင်းလာသည် ဖြစ်သည်။ သို့ရာတွင် ရခိုင်

ဘုရင်ညီ ညည်းစိမ်းချမ်းသော၊ မပျက် ရှိမည်နှင့် ရွှေသို့ သား ဘတွေး နှစ်ဦး၊ အပူ
တော်ကို ထမ်းမည်၊ လျှောက်သောစကားသော စကားဖြစ်သည်။ သို့ ဖြစ်သော
ကြောင့် ဆင်ကောင်း၊ မြင်းကောင်းတို့ကို အလျင် ထွက်လာစေ၍ ရခိုင်ဘုရင့်
ညီကို အပ်တော်မူပြီးလျှင် မင်းဆောင်၊ မင်းဆောင်၊ အစီအနင်းနှင့်တကွ
သံတဲ့စသော တောင်စဉ် ခုနစ်ခိုင်တို့ကို ပေးတော်မူသည်။ ယင်းသို့ သနား
တော်မူပြီးသည်ဖြစ်မှ ငါကိုယ်တော် မ ၍ သူကောင်းပြုတော်မူမည်။ အမိန့်
တော်ရှိသည့်အတိုင်း တည်မြဲမည်" ဟူ၍ နားတော် လျှောက်သည်။

ဘဝရှင် မင်းတရားရွှေထီးလည်း နေခင်တော် လျှောက်သော အရေးကို
ကြိုက်တော်မူသည်။ နှစ်ရက်၊ သုံးရက်ရှိလျှင် ရခိုင်ဘုရင် ဆရာလေးပါး ထွက်
ပြန်လာ၍ တဲတော်ဦးသို့ ရောက်ပြန်လာ၏။ ဘဝရှင် မင်းတရားရွှေထီးလည်း
ဘုန်းကြီးတို့ ရောက်လာ၍ သာယာစွာသော စကားတို့ကို ပြောဟောတော်
မူပြီးလျှင် "တစ်နေ့က လျှောက်သော စကားမှာ ရွှေသို့ အပူတော်ကို ထမ်းမည်
လျှောက်သော စကားသော စကားဖြစ်သည်။ ကျွန်ုပ်လည်း ဘုရားဆုကို
တောင်းတော်မူသော ကြောင့်ဖြစ်သည်။ ငါဆရာတို့ ရပ်ခံလာရာမှာ သား
ဘတွေး နှစ်ဦး အပူတော်ကို ထမ်းမည်မှန်လျှင် ရခိုင် ဘုရင် ညည်းစိမ်းချမ်းသာ
ကို မပျက်ဆီးပြီ၊ သည်းခံတော်မူတော့သည်" မိန့်တော်မူလျှင်၊ ရခိုင် ဘုရင် ဆရာ
လေးပါးက "ရွှေသို့ အပူတော်ကို ထမ်းမည် မှန်သောကြောင့်သာ ရပ်ခံ
သည်" လျှောက်လျှင် "ယင်းသို့ မှန်လျှင် ရခိုင်မြို့တွင် ရှိသော ဆင်ကောင်း၊
နှစ်စီးနှင့် ရခိုင်သို့ ရောက်လေသော ရှိ၏၊ မြန်မာ၊ ရှမ်း၊ ကျွန်တော်မျိုးတို့ကို
စစ်ကြော၍ အကုန်အစင် ဆက်လာစေ၊ ယင်းသို့မှ ရခိုင် ဘုရင့် ညီ သံတဲ့စား
ကျေးကျွန် ဆင်မြင်း၊ ဥစ္စာ ရွှေငွေ တို့ကို မကြွင်း မကျန်စေဘဲ ဆက်လာစေ၊
ရခိုင် ဘုရင့် ညီ ကိုလည်း သံတဲ့နှင့်တကွ တောင်စဉ် ခုနစ်ခိုင်ကို ပေးစေ
မူသည်" ဟူ၍ မိန့်တော်မူသည်။ ရခိုင် ဘုရင် ဆရာ လေးပါးလည်း ဤသို့
နားတော် လျှောက်သည်။ "သာသနာ့ ဒါယကာ မဟာဓမ္မရာဇ် တရားမင်း
မြတ် အမိန့်တော် ဗွန်းကို ကြားရခြင်းသည်၊ အလွန် ဖြစ်ခဲလှသည်။ မဟာ
ဓမ္မရာဇ် တရားမင်းမြတ်သည်၊ သဗ္ဗညုတ အလောင်းတော် ဖြစ်၍ သုမခံနိုင်
သည်ကို သည်းခံတော်မူသည် ဖြစ်တော့သည်။ မင်း၏ တရား ဆယ်ပါးတွင် ခန္တီ
ပါ၍နှင့် တညီ၊ သည်းခံတော်မူခြင်းသည်ကား - မြတ်သော [illegible] အလျင်
ပြည့်တော်မူမည်" ဟူ၍ နားတော် လျှောက်ပြီးလျှင် မြို့တွင်းသို့ ဝင်လေ၏။
ရခိုင်မင်းဆရာ မြို့တွင်းသို့ ရောက်၍ ဘဝရှင် မင်းတရားရွှေထီး အမိန့်တော်

ညွန်းကို ရခိုင်ဘုရင် ကြားလျှင်၊ အမှူး အမတ် အပေါင်းတို့ကို ခေါ်၍ တိုင်ပင် ကြပြီးလျှင်၊ အထက်က ဟံသာဝတီကို မင်းတရားရွှေထီး လုပ်ကြံတော်မူသော အခါ ပြေးဝင်လာ၍ မှူးအမတ် ဗျတ္တပ၊ သမိန်စည်သူ သည်နှစ်ယောက်ကို မှုန်၊ မြန်မာ၊ ရှမ်း၊ လူငါးထောင်ကျော် ဆင်ကောင်း နှစ်စီး၊ သင်္ဘော မှုရှိဇော်ကရတ်၊ ကရတ်ခါသာ၊ သုကန္ဒရာ၊ သက္ကလတ် စသော လက်ဆောင် တော် အုပ်မျိုး ထည်မျိုးတို့ကို များစွာယူ၍ အမတ် လေးယောက်တို့ကို ဆက် လာရသည်။ ရခိုင်ဘုရင့်ညီ ဆင် မြင်း ကျေးကျွန်တို့ကို အကုန်အစင် ဆက်လာ ရသည်။ ဘဝရှင် မင်းတရားရွှေထီးလည်း ရခိုင်သား စစ်သည် ရသမျှကို စစ်ကြော ၍ လွှတ်တော်မူသည်။

ယင်းသို့မှ ဘုရင့်နောင် ကျော်ထင်နော်ရထာကို ရခိုင်ဘုရင့်နန်းသို့ ဝင်၍ အမိန့်တော် ပြန်ချေ စေတော်မူသည်။ ဘုရင့်နောင်တော်လည်း မင်းဆောင် မင်းယောင် ကျင်းပလျက် ဆင်စီး၍ ရခိုင် မြို့တွင်းသို့ ဝင်တော် မူသည်။ နန်းတော်သို့ ရောက်လျှင် ကော်ဇော၏ အပေါ်တွင် သင်ဖြူးအနား ရွှေချည် ကုပ်တွင် ထက်ဝယ်ဖွဲ့၍ နေတော်မူသည်။ ရခိုင်ဘုရင်လည်း ရွှေသင်ဖြူးတွင် ထက်ဝယ်ဖွဲ့၍ နေတော်မူသည်။ ယင်းသို့မှ ဘုရင့်နောင် ကျော်ထင်နော်ရထာ အမိန့်တော်ပြန်သည်။ "ဘုန်းတော် အလွန် ကြီးမြတ်လှသော ရေမြေသခင် ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော် ရှိသည်။ ရခိုင်တွင် အစဉ် အ မရှိလျှင် သား မင်းပြုသည်၊ အရိုးထုံးစံ ရှိသည်။ ထိုသို့ ရှိသည့် ထုံးစံကို ငါ ဖျက်တော် မမူ၊ ရခိုင်ဘုရင့်သားကိုပင် ငါ ဆောက်နှင်းတော် မူတော့သည်။ ရခိုင်ဘုရင့် ဘ ထွေး သံတွဲစားကို မင်းမြောက် တန်းဆာ ငါးပါးနှင့်တကွ တောင်စဉ် ခုနစ်ခရိုင်ကို ပေးတော်မူသည်။ နောက်နောင် အမှုတော်ကောင်း လျှင် သား၊ ဘ ထွေးနှစ်ဦး ငါ့အမှုတော်ကို ကြိုးစားအားထုတ် ထမ်းရမည်။ သား၊ ဘ ထွေးနှစ်ဦးတွင် အမှုခင်း ထွက်လျှင်လည်း ငါ မ တော် မူမည်။ ကျွန်ဆိုး စကားကို နားခံ၍ အနှောင့်အယှက် မရှိကြစေနှင့်၊ ပြည်ရွာ သာယာ ဆယ်ပါးနှင့် အညီ မင်းပြုကုန် အမိန့်တော်ရှိသည်။" နှုလုံးသွင်း၍ မင်း၏တရား ရခိုင်ဘုရင်ကလည်း "ဦးရီးတော် အမိန့်တော်ပြန်သည်။ အမိန့်တော်ကို တည်အောင် ကျင့်ဆောင် ပါမည်" ဟု၍ လျှောက်သည်။ ယင်းသို့မှ သုခ၊ ဒုက္ခ ပြောဟော ကြပြီးလျှင် ဘုရင့်နောင်တော်ကို ရခိုင်ဘုရင်က ဆင်ပေါက် နှစ်စီး၊ မြင်း နှစ်စီး၊ ပုဆိုးကောင်း

ခါသာစသော အုပ်မျိုးထည်မျိုးများစွာနှင့် ငွေနှစ်ပိဿာ ငွေနှစ်ဆယ့်ငါးပိဿာ ပေးသည်။ ရခိုင်ဘုရင်ကလည်း ဦးရိုးတော် ဟူ၍ ခေါ်သည်။ ဘုရင့်နောင်တော်ကလည်း တူတော် ဟူ၍ ခေါ်ဝေါ်ကြသည်။ မနည်းကြာ ပြောဟောတော်မူကြပြီးလျှင် ရခိုင်ဘုရင်က ဤသို့ ဆိုသည်။ နောင် ဦးရိုး မင်းဖြစ်တော်မူလျှင် တူတော်ကို မစပါ၊ ဦးရိုးတော်တွင် အမှုအခင်းရှိလည်း တူတော် ကူညီပါမည် ဟူ၍ ဆိုလျှင် ဘုရင့်နောင်တော်ကလည်း သည်အချက်အတိုင်း မှန်စေတော့ ဟူ၍ မိန့်တော်မူသည်။ သို့သောကြောင့် ဘုရင့်နောင်တော် မင်းဖြစ်တော်မူလျှင် ရခိုင်ကို လုပ်ကြံတော်မမူ၊ နောက်မှ ရခိုင်သားတို့ ကျေးစုန်ရွာနားကို ဖျက်ဆီးသည် ဟူ၍ လျှောက်လာရာတွင်မှ သားတော် သီဟသူတို့ ချီရသည်နှင့် နတ်ပြည် စံတော်မူသောကြောင့် လိုက်၍ ခေါ်ရလေသည်။

(အချို့ မှတ်ပုံမှာ မင်းတရားရွှေထီး အလျှင် ရခိုင်သို့ ချီတော်မူသော အခါ ဘုရင့်နောင် ကျော်ထင်နော်ရထာကို သူက ဝန်းမိလေရာတွင် ရခိုင်ကို သည့်ပြင် မချီပြီ ဟူ၍ သစ္စာရှိသောကြောင့် အထုတ် အမြတ်သို့ ရောက်တော်မူလျှင် ရခိုင်ကို မလုပ်မကြံ နေတော်မူသည် ဟူ၍လည်း ဆိုလေသည်။)

ဘုရင့်နောင် ကျော်ထင်နော်ရထာလည်း ပြန်တော်မူ၍ တပ်တော်သို့ ရောက်လျှင် ရခိုင်ဘုရင်က ပေးကမ်းကြောင်းကို မင်းတရားရွှေထီးကို လျှောက်လေသော် သင့်ပြီ ဟူ၍ မိန့်တော်မူသည်။ ငါတို့ကို ရခိုင်ဘုရင် ကြောက်လှလေ၏။ အစဉ်ထုံးစံ မပျက်လေကောင်းဖြစ်၍ ငါ သည်းခံတော်မူသည် ဟူ၍ မိန့်တော်မူသည်။ မိုးသောက်လျှင် ရခိုင်ဘုရင်က မြင်းကောင်း နှစ်စီး၊ ကတ္တီပါမည်သရီ၊ သက္ကလတ် အစိမ်း အနီ၊ ပုဆိုးကောင်း ဆုကန္ဒာ၊ ခါသာ ကရတ်ဇော်၊ ကရတ် မှုရီ၊ သဟံပတ္တူနီ စသော အုပ်မျိုး၊ ထည်မျိုး၊ နံ့သာပြူနီ အကျော်ကရမက် စသော အမွှေးမျိုး၊ ဇာတိပ္ပိုလ်၊ လေးညှင်း စသော ပရဆေး၊ ဤသို့ ဆိုခဲ့ပြီးသော များစွာသော ပဏ္ဏာကာရတို့ကို လှတစ်ထောင်ကျော်ကိုင်စေ၍ ရခိုင် ဘုရင် ဦးရိုး နန္ဒသူရိယ ဆက်လာရသည်။ ထိုမှတစ်ပါးရခိုင်တွင်ရှိသော မင်းညီ မင်းသား၊ မှူးကြီး၊ မတ်ကြီး၊ သူဌေး၊ သူကြွယ်၊ ထဲပေါင်းတို့ကလည်း အသီး အသီး လက်ဆောင်ဆက်ရသည်။

ဘဝရှင် မင်းတရားရွှေထီးကလည်း မင်းကောင်းနှင့် ထိုက်တန်သော မင်းဆောင် မင်းယောင် မင်းဝတ် မင်းစား၊ သွန်းပြန်ရလေသည်။ ရခိုင်ဘုရင်ကလည်း

ကြို ဝှဲသော စကားဖြင့် သာယာချောင်စွာ လျှောက်၍ ဧလာကပင်ကြီး နှစ်ပင်ကို တောင်းသောကြောင့် ပေးတော်မူသည်။ အရေးတော် ပြီး၍ သုံးရက်ရှိသော် တပ်ဆွဲအတိုင်း အမြောက်၊ သေနတ် ဖောက်စေ၍ မြေကြီး ဖောက်ထွင်း ပြန်မျှ တဦ့ထုံလဆန်း တစ်ဆယ့်နှစ်ရက်နေ့ ဟံသာဝတီ နေပြည်တော်သို့ ပြန်တော်မူသည်။ သံတို့သို့ရောက်တော်မူလျှင် ရခိုင်ဘုရင့်ညီကျေးကျွန်၊ ဆင်မြင်း တို့ကို အပ်တော်မူ၍ သံတို့မြို့နှင့်တကွ မဟီလမူ စသော တောင်စဉ် ခုနစ်ခုကို ပေးတော်မူသည်။ ကွမ်းချွတ် ရွှေမြောင့်၊ လက်ဖက်အိုး၊ အထူး တင်းပုဆိုး ရွှေသားဆုံ၊ ရွှေချက်နှစ်စင်း၊ ဝေ ါလာ ပေးတော်မူသည်။ မင်းကျော်ထင် တစ်တပ်၊ အဲ့မှန်တရာ တစ်တပ်၊ သည်တပ်များကို ခြံမဝပ်အောင် သံတွဲတွင် သုံးလခန့် နေရစ် ဟူ၍ ထားတော်မူခဲ့သည်။ ယင်းသို့မှ သံတွဲက ပြန်တော်မူ၍ တန်ခူးလဆန်း ငါးရက်နေ့ ဟံသာဝတီ နေပြည်တော်သို့ ရောက်တော်မူသည်။

ယိုးဒယားမင်းလည်း မင်းတရားရွှေထီး ရခိုင်သို့ ချီတော်မူသည် ဟူ၍ ကြားလျှင် သမိန်ကံပုရို၊ သမိန်ဒေါတကာ၊ သည်စစ်သူကြီး၊ နှစ်ယောက်တို့ကို တိုက်ဆင် နှစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်သုံးရဲ ခြောက်သောင်းနှင့် ထားဝယ် မြို့ကို လုပ်ကြံချေဟု စေ၍ ချီလာ၏။ ထားဝယ်စားလည်း ဆင် မြင်း အလုံး အရင်းနှင့် မြို့က ခံသည်။ မခံနိုင်ချေ၍ ယောမြို့သို့ ဆုတ်၍ နေလာ၏။ ထို အကြောင်းများကို မော်လမြိုင်စား၊ ဗညားဦးက လျှောက်လာ၍ ကြားတော် မူလျှင် ဘဝရှင် မင်းတရားရွှေထီးလည်း အရှေ့ဘက်တစ်လွှာအတွင်ရှိသော မြို့စား အပေါင်းတို့ ရှိလေပြီးသည်။ ခြေရင်းတော်က အခြား မခန့်သာပြီ အမိန့်တော် မြို့ဘျင်၊ မှူးမတ်မြို့ကို စားသော စောလကျွန်းအိမ်ကို ဗိုလ်မှူး ခန့်တော်မူ၍ ဧလာက ပင်ကြီးတစ်ရာ၊ ဧလာကပင်ငယ်သုံးရာ၊ စစ်သည်သုံးရဲလေးသောင်းနှင့်ထားဝယ်သို့ ရေကြောင်းချီရသည်။ ကြည်းကြောင်းမှာ သမိန်ရေးတစ်တပ်၊ သမိန် မော်လမြိုင်တစ်တပ်၊ သမိန်လဝန်တစ်တပ်၊ သမိန် တိုက် ကု လား တစ် တပ်၊ သမိန်စစ်တောင်းတစ်တပ်၊ သမိန်အရုတ်တစ်တပ်၊ သမိန်လကျွန်းပျည်းတစ်တပ်၊ သမိန်ကျွန်းတစ်တပ်၊ သည်ရှစ်တပ်ကိုတိုက်ဆင်နှစ်ရာ၊ မြင်းနှစ်ထောင်၊ စစ်သည်သုံးရဲ ရှစ်သောင်းနှင့် ထားဝယ်သို့ ချီရသည်။ ထားဝယ်မြို့တွင် နေသော ယိုးဒယား တို့သည် မင်းတရားရွှေထီးက ရဲမက်တော်တို့ ချီလာသည်။ အလုံး၊ အရင်း၊ ဆင်၊ မြင်း များလှသည် ဟူ၍ ကြားလျှင် ထားဝယ်မြို့တွင် မခံဝံ့၍ တနင်းသာရီ သို့ ဆုတ်၍ နေလေ၏။ ထားဝယ်မြို့ကို ရလျှင် ထားဝယ်စားကိုပင် အလုံး အရင်းနှင့် အခိုင်အလုံ နေရသည်။

သမိန်မပင်းလဲ့ပြင်တို့ ကြည်းကြောင်း ချီရာမှာလည်း ကားဝယ်မြို့ကိုရလျှင် ဘားဝယ်ကသည် တောင်ပယ်သို့ ချီရသည်။ တောင်ပယ်တွင်နေသော သမိန်ကံပုရီ လည်း ဆင် မြင်း အလုံး အရင်းနှင့် မြို့ကထွက်၍ ခံလာ၏။ ယင်းသို့ စစ်တွင် သမိန်ကို စားသော မင်းရဲသင်္ခယာ ဆင်စီး၍ သမိန်ကံပုရီကို တိုက်လေ၏။ ရှေ့ဆုံးကြော တိုက်ကြလျှင် သမိန်ကံပုရီစီးသောဆင် မျက်နှာသုန်၍ ပြေးလေ၏။ မင်းရဲသင်္ခယာ လိုက်ထပ်၍ တိုက်သည်။ မိလျှင် မင်းရဲသင်္ခယာ ကုန်းသယ်လုံးနှင့် ထိုးသည်။ သမိန်ကံပုရီကို ထိုးမိ၍ အနာအကျင် ရှိလေ၏။ စီးသောဆင်ကိုလည်း လုံချက်အများကျ၍ ဟောင်ဟောင် ကျည်ကျည် မြည်၍ ပြေးလေ၏။ သမိန် ကံပုရီလည်း ဆင်ကသည် မြင်းစီး၍ ပြေးလေသောကြောင့် လွတ်လေ၏။ စီးသည့် ဆင်ကို ရလိုက်၏။ ယိုးဒယား အမတ် အောက်ပြလကျွန်းအိန်မာ၊ ဆင်နှင့် ခံလာသည်ကို ဘဝရှင် မင်းတရားကျွန် သမိန်သံလိုက် ဆင်ကို ချွန်းဖွင့်၍ တိုက်သည်။ သံလိုက်စီးသောဆင် မှန်နှင့်ဖြစ်၍ မှန်နံ့ကို ရလျှင် အောက် ပြလကျွန်းအိန်မာ စီးသောဆင် မျက်နှာသုန်၍ ပြေးလေ၏။ ထပ်၍ လိုက်လျှင် ယင်းတွင်ပင် လဲလေ၏။ အောက်ပြလကျွန်းအိန်မာကိုလည်း ရလိုက်၏။ ယင်းသို့လျှင် ယိုးဒယား စစ်သည်တို့ အကုန် ပျက်လေ၏။ ဆင် မြင်း သုံ့ပန်း ရသည်များ၏။ တောင်ပယ်စားကိုပင် အလုံး အရင်းနှင့် အခိုင်နေရ၏။ မင်းတရား ရွှေထီးလည်း ယိုးဒယားတို့ကို အောင်မြင်တော်မူလျှင် တပ်မှူး စစ်ကဲ အပေါင်း တို့ကို ခေါ်တော်မူ၍ ပြန်ရသည်။ ရောက်လျှင် ပွဲသမ်းရသသူတို့ကို အမည် အရည် အဆောင် အယောင် စားကျေး စားလက် အထိုက် အလျောက် ပေးတော်မူသည်။ သက္ကရာဇ်—ကိုးရာ့ကိုးခုတွင် အိမ်တော်မုတ်ဖီ ဆောက်တော် မူသည်။ အနောက်ဘက် တောင်ခြေရင်းမှာလည်း ကျောင်းကြီး လေးရပ် ဆောက်တော်မူသည်။ သကောဘုရားရှင်ကိုလည်း မျှ၍ လုပ်တော်မူပြီးလျှင် ထီးတင်တော်မူသည်။ ပဋ္ဌင်းလည်း သုံးရာ ခံတော်မူသည်။

---

## မင်းတရားရွှေထီး ယိုးဒယားသို့ ချီ၍ လုပ်ကြံတော်မူကြောင်း

သက္ကရာဇ် ကိုးရာ့ တစ်ဆယ်တွင် ယိုးဒယားသို့ ချီမည်ဟု၍ ရဲမက် ဗိုလ်ပါ ရေတွက်တော် မူသည်။ အရှေ့ဘက် တစ်လွှား မြို့စား တို့ကိုလည်း တပ်တော် ပို့ရာ လမ်းထောက် သင့်သည်။ မြို့ရွာသို့ မှာကြား ပို့နှင့်ရသည်။ ယင်းသို့မှ

ဘုရင့်နောင် ကျော်ထင် နော်ရထာလည်း၊ မြို့စား၊ ရွာစား အပေါင်းတို့ကို ခေါ်တော်မူ၍ အရောက်ညီလျှင် ခန့်ရန်တော်မူသည်။ တုရင် ရာဇာ မြင်းတပ်၊ တုရင်ဘောဂ မြင်းတပ်၊ တုရင်ဗလ မြင်းတပ်၊ တုရင် ကျော်သူ မြင်းတပ်၊ သည်မြင်းလေးတပ်ကို ရွေးချိရသည်။ ဆင်တပ်မှာ တောင်ငူမြို့ကို စားသော စောထူးယတစ်တပ်၊ ယော်မြို့ကိုစားသော မင်းရဲသင်္ခယာတစ်တပ်၊ ဝန်မြို့ကိုစားသော သမိန်သံလိုက်တစ်တပ်၊ တိုက်ကုလားမြို့ကိုစားသော သမိန်ဇော်ကရစ်တစ်တပ်၊ ရေမြို့ကိုစားသော သမိန်ပရမ်းတစ်တပ်၊ စစ်တောင်းမြို့ကိုစားသော သမိန်ရဲသင်ရုံတစ်တပ်၊ မုတ္တမမြို့ကိုစားသော စောလကျွန်းအိမ်တစ်တပ်၊ လှိုင်မြို့ကို စားသော ဘုရင့်နောင် ကျော်ထင်နော်ရထာတစ်တပ်၊ မြင်းလေးတပ်နှင့် တပ်ပေါင်း တစ်ဆယ့်နှစ်တပ်ကို တိုက်ဆင်နှစ်ရာ မြင်းရှစ်ထောင် စစ်သည်သူရဲ လေးသောင်းနှင့် ရွေးချိရသည်။ ယင်းကမှ ဘဝရှင်မင်းတရား ရွှေထီး တပ်မတော်တွင် ဝင်းတော် လေးမျက်နှာ သားတို့ကို ဝင်းမှူး လေးဦး စစ်ကဲ လေးဦး၊ အမတ် လေးကိုယ်၊ တိုက်ဆင်ရှစ်ဆယ်၊ မြင်းရှစ်ရာ၊ ကိုးလေးသောင်းနှင့် လက်ဝဲ လက်ယာ ရှေ့နောက် လိုက်ရသည့် တပ်မတော်တွင် ရာဇသင်္ကြံကို ထပ်မှူးအချုပ်၊ နန္ဒကျော်သူကို စစ်ကဲ ခန့်တော် မူသည်။

နောက်ချီရသော တပ်တို့ကား၊ တုရင်မဏိမြင်းတပ်၊ တုရင်ပုညာ မြင်းတပ်၊ လက်ယာရဲတိုင် မြင်းတပ်၊ လက်ဝဲ ရဲတိုင် မြင်းတပ်၊ ဆင်တပ်မှာ ဇင်းမြို့ကို စားသော သိရိဇေယကျော်ထင်တစ်တပ်၊ တောင်ငူမင်းရဲသီဟသူတစ်တပ်၊ မြည် သတိုးဓမ္မရာဇာတစ်တပ်၊ သာယာဝတီကိုစားသော ဥဇနာတစ်တပ်၊ သမြင်းတုံမြို့ကိုစားသော နန္ဒယောဓာတစ်တပ်၊ မြောင်းမြမြို့ကိုစားသော ဗညားလောတစ်တပ်၊ ပုသိမ်မြို့ကိုစားသော သမိန်ဗြသမိုက်တစ်တပ်၊ ခဲပေါင်မြို့ကိုစားသော သမိန်သံကျယ်တစ်တပ်၊ မြင်းတပ်လေးတပ်နှင့် တပ်ပေါင်းတစ်ဆယ့်နှစ် တပ်တွင်ပါသည့် တိုက်ဆင်နှစ်ရာ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲ လေးသောင်းနှင့် နောက်တော်က ချီရသည်။ ဒလမြို့ကို စားသော သိရိဇေယ နော်ရထာနှင့် ပဲခူးမြို့ကို စားသော ဗညားကျန်းတို့ ဟံသာဝတီ နေပြည်တော်ကို စောင့်ရသည်။ လင်းစား၊ ပုဂံစား၊ တောင်တွင်းကြီးစား တို့ကိုလည်း ပိပိတို့ မြို့တွင် အလုံးအရင်းနှင့် တကွ အခိုင်အလုံ နေရသည်။ အရှေ့ဘက်တစ်လွှားကိုလည်း မော်လမြိုင်မြို့ကို စားသော ဗညားဦးကို ဝန်ခန့်၍ ဆင်မြင်း အလုံးအရင်းနှင့် အခိုင်အလုံ နေရသည်။ ဤသို့ နိုင်ငံတော်အလုံးကို အနှံ့အပြား စီရင်တော်မူခဲ့၍၊ သက္ကရာဇ် ကိုးရာ့တစ်ဆယ်ပြည့်၊ တန်ဆောင်မုန်းလဆန်းတစ်ဆယ့်သုံးရက်နေ့ မုတ္တမကြောင်း

ဘဝရှင်မင်းတရား ရွှေထီး ယိုးဒယားသို့ ချီတော်မူသည်။ မုတ္တမသို့ ရောက်တော်မူလျှင် မုတ္တမနှင့် မော်လမြိုင်မြို့ကို လှေတံတား ပစ်စေ၍ ဗိုလ်ပါ မြင်း နွားတို့ကို လျှောက်စေရသည်။ စီးတော်မူသော ဆင်များကိုမူကား ပေါင်နှင့် ကူးရသည်။ အပြင် တိုက်ဆင်များကို မြစ်ညာကျဉ်းရာက ကူးရသည်။ မြင်းဆင် ဗိုလ်ပါတို့ ထိုကမ်းသို့ အကုန်ရောက်မိလျှင် တောင်ပယုံကသည် ကံပုရီကို တိုက်၍ ချီတော်မူသည်။ ကံပုရီကသည် လမြည့်ခရီးကို ချီတော်မူသည်၊ စခန်းချတိုင်း သဘင်ခံတော်မူသည်။ ယိုးဒယားဘုရင်လည်း ဘဝရှင်မင်းတရားကြီး ချီတော်မူလာပြီဟု၍ ကြားလျှင် ဆင်မြင်းအများနှင့် ကြိုလာ၏။

ယိုးဒယားမင်း ကြိုလာကြောင်းကို လဝတို့လျှောက်လာ၍ ကြားတော်မူလျှင် ပြည်မင်း သတိုးမဟာရာဇာတစ်တပ်၊ သီရိဇေယျကျော်ထင်တစ်တပ်၊ သမိန်ဗြဲသမိုက်တစ်တပ်၊ သမိန်မောခွင်တစ်တပ်၊ သမိန်ပရမ်းတစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်ငါးသောင်းနှင့် အလယ်ကြောင်းချီ၍ ကြိုရသည်၊ ဘုရင့်နောင် ကျော်ထင်နော်ရထာတစ်တပ်၊ နန္ဒယော်ဓာတစ်တပ်၊ စောလကျန်းအိန်တစ်တပ်၊ သမိန်ရဲသင်ရဲတစ်တပ်၊ သမိန်သံကျယ်တစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်ငါးသောင်းနှင့် လက်ဝဲဘက်ကို သီး၍ ကြိုရသည်။ ဘဝရှင်မင်းတရား တပ်အောင်နှင့်တကွ တပ်သပေါင်းတို့ မှုကား၊ လက်ယာကြောင်းချီတော်မူသည်။ ဘုရင့်နောင် ကျော်ထင် နော်ရထာကို လက်ဝဲကြောင်း ချီရာမှာ ဗိုလ်ပါ ဆင်မြင်းတို့ကို တောတွင်ချည်းနေရသည်။ အလယ်ကြောင်း ချီသော သတိုး မဟာရာဇာတို့မှာ ဆင်မြင်း ဗိုလ်ပါတို့ကို အနေအထားသင့်အောင် စီရင်၍ မြင်းသည်များကို စစ်ရေး ငင်ရလေသည်။ ယိုးဒယား စစ်သည်တို့သည် ဟံသာဝတီ မြင်းသည်တို့ကို မြင်လျှင် စစ်မျက်နှာဖြန့်၍ ဆင် ချွန်းဖွင့်ကာ တိုက်လာရ၏။ မြင်းတော်သည်တို့လည်း ပြေးသည့် အဟန်နှင့် ဆုတ်လာ၏။ ယိုးဒယား စစ်သည်တို့သည်လည်း ထပ်၍ လိုက်လာ၏။ အလိုက် ကျူးလျှင် ဘုရင့်နောင် ကျော်ထင်နော်ရထာတို့ ငါးတပ်သား တောကထွက်၍ တိုက်လာသည်။ နောက် တပ်မပြု၍ ချီလာသော ယိုးဒယားဘုရင် ဆုတ်လေ၏။ ဘဝရှင် မင်းတရားတို့ တပ်ပေါင်းသား ပီလာ၍ ထပ်၍ တိုက်တော်မူလျှင် ယိုးဒယားစစ် ပျက်လေ၏။ ယိုးဒယား ဘုရင့်သားနှင့် ညီကို ရတော်မူ၏။ သေလေသည်လည်း ဆင် မြင်း သုံ့ပန်းလည်း ကျလာသမျှကို ရတော်မူ၏။ ရုံးမိသမျှသော ရဲမက် ဗိုလ်ပါနှင့် အလျှင် များ၏။ ယိုးဒယားဘုရင်မူကား ဘဝရှင် မင်းတရားရွှေထီးလည်း စစ်သည်တော် ဆုတ်၍ မြို့ကာခံ၍ နေလေ၏။

သုံးကြောင်း၊ သားတို့လည်း ယိုးဒယားမြို့တိုင်အောင် တပ်၍ လိုက်သည်။ ဘဝရှင် မင်းတရားရွှေထီး ရောက်တော်မူလျှင် တပ်မချပဲ မြို့ကို တက်စေသည်။ မြို့လည်း မြင့်သည်။ ရေလည်း မြို့ကို ရစ်လည်ဝန်းရံ၍ ရှိလေသည်။ လက်နက် ကိရိယာ စိန်ပြောင်း၊ မြတပုကိုင်သော ကုလားပန်းသေး၊ မြို့စီး၊ မြစီး တုတ်တင်လေသော ကြောင့် မရချေ၊ ရံ၍သာ နေတော်မူရ ချေသည်။ တစ်လခန့်ရှိလျှင် ဘဝရှင် မင်းတရားလည်း ဘုရင့်နောင်တော် အစရှိသော မှူးတော် မတ်တော် အပေါင်းကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော် ရှိသည်။ "ငါတို့ ယိုးဒယားမြို့ကို အရှည် အကြာနေ၍ လုပ်ကြံချေသော် အလုပ်အကြံ များချိမ့်မည်။ ယိုးဒယားမြို့ကို စွန့်၍ ကမန်ပိုက်၊ သောက္ကတဲ၊ ပိဿလောက်၊ သည်မြို့များကို ချီ၍ လုပ်ကြံဦးမည်။ သည်မြို့များကိုရလျှင် ယိုးဒယားမြို့ လက်တော်က လွတ်ရမည်လော" ဟု၍ မိန့်တော်မူသည်။ ဘုရင့်နောင် ကျော်ထင်နော်ရထာလည်း "သည်အရေး သည် သင့်လှသည်" ဟု၍ နားတော်လျှောက်သည်။ မိုးသောက်လျှင် တပ်တော်ကို နုတ်၍ ကမန်ပိုက်သို့ ချီတော်မူသည်။

ယိုးဒယားဘုရင်လည်း ဘဝရှင် မင်းတရား တပ်ကို နုတ်၍ ချီကြောင်းကို သိလျှင် ယိုးဒယား ဘုရင့်ညီ ဩယာပိဿလောက်နှင့် အောက်ပြစက္ကိုကို ဆင်လုံး မြင်းရင်း အများနှင့် တစ်ကြောင်း လိုက်ရသည်။ ယိုးဒယားဘုရင် သမက် ဩယာလက္ခန်းအိန်မာ၊ ဩယာရံတို့ တစ်ကြောင်းလိုက်ရသည်။ ယိုးဒယားဘုရင် မှာလည်း ဆင်လုံး မြင်းရင်းနှင့် တစ်ကြောင်းလိုက်လာသည်။ ယင်းသို့ စစ် သုံးကြောင်း ခွဲ၍ လိုက်လာကြောင်းကို ကမန်ပိုက်သို့ မရောက်ခင် သုံးစခန်းတွင် ကြားတော်မူလျှင် ယင်းတွင်ပင် တပ်ချ၍ နေတော်မူသည်။ ယင်းသို့မှ မှူးတော် မတ်တော် အပေါင်းတို့နှင့် တိုင်ပင်တော်မူ၍ ဘုရင့်နောင် ကျော်ထင်နော်ရထာ တစ်တပ်၊ မဟာကြီးတစ်တပ်၊ နန္ဒကျော်ထင်တစ်တပ်၊ သမိန်ပရမ်းတစ်တပ်၊ သမိန်အဲပရဲတစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်ပါ ငါးသောင်းနှင့် အလယ်ကြောင်းချီ၍ ကြိုရသည်။ စောလက္ခန်းအိန်တစ် တပ်၊ မင်းရဲသင်္ခယာတစ်တပ်၊ သမိန်အံလိုက်တစ်တပ်၊ သမိန်ဇော်ကရတ်တစ်တပ်၊ ဥပါကောင်းတစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ် ငါးသောင်းနှင့်လက်ယာကြောင်းချီ၍ ကြိုရသည်။ သမိန်ရဲသင်ရံတစ်တပ်၊ နန္ဒ သကြီတစ်တပ်၊ ဗညားလောတစ်တပ်၊ သမိန်သံကျယ်တစ်တပ်၊ သမိန်မောရှင် တစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်ပါ ငါးသောင်းနှင့် လက်ဝဲကြောင်း ချီ၍ ကြိုရသည်။ ယင်းသို့မှ ဘဝရှင်

မင်းတရားရွှေထီးမှာ အရပ် ခုနစ်တောင်ရှိသော ဧရာဝတီသာ ဟူသော ဆင်တော်ကို ရတနာအတိ ပြီးသော ရွှေကြိုး၊ ရွှေနှယ်၊ ရွှေပိုင်း၊ ရွှေမန်း ဆင်ယင်၍ ကိုယ်တော်မှာ ကတ္တီပါခြိမ်းမွမ်းသော နဝရတ်ကုံးပါခြင်း ခြယ်လှယ်ခြိမ်းသော အင်္ကျီ၊ အတိုင်း မသိ ထိုက်သော ပတ္တမြား ထိပ်၌ တပ်သော မောက်တို့ကို ဆောင်းတော်မူ၍ ကတ္တီပါ ခြိမ်းမွမ်းသော ပတ္တမြားအတိစီသော ချပ်ကိုဝတ်တော်မူ၍ ရတနာအတိပြီးသော ချွန်းကို စွဲတော်မူလျက် ဧရာဝတီသာ ဆင်ဦးတွင် စီးတော်မူသည်။ ဇေယနန္ဒသူကို ကုန်းလယ် တင်တော်မူသည်။ ဧရာဝတီကို နောက်တော် ထိုင်ရသည်။ သူကောင်းသား တစ်ရာကို ရွှေစားခွဲ၍ လက်ယာတော်က ငါးကျိပ်၊ လက်ဝဲတော်က ငါးကျိပ်၊ နံပါးနှစ်ဘက်တွင် လိုက်ရသည်။ သူကောင်းသား တစ်ရာကို ရွှေကာကို ကာစေ၍ ဆင်တော်ရှေ့က လိုက်ရသည်။ ကုလားသုံးရာကို ရွှေဦးရန်း ဆောင်းစေ၍ ရွှေနဒန်နှင့် လုံချည် ဝတ်စေ၍ ဆင်တော်ဝန်းကျင် လိုက်ရသည်။ ရွှေဦးရန်း၊ ရွှေဒါ၊ ငွေဒါ ဝတ်စေ၍ ရွှေဒါ ခြမ်းဘက် သေနတ် ကိုင်စေသော ကုလားပန်းသေး သုံးရာတို့ကိုလည်း ဆင်တော်ရှေ့ နောက် နံပါးနှစ်ဘက် လိုက်ရသည်။ ဝင်းတော် စောင့်ကိုင်သား တို့ကို ရွှေပိုင်း လေးထောင်၊ ရွှေကာ လေးထောင်၊ ရွှေလှံ လေးထောင်၊ လုံးသုံးစင်းစီ ကိုင်သော လုံထိုးသား လေးထောင် တို့ကိုလည်း ဆင်တော် လက်ဝဲ၊ လက်ယာ ရှေ့ နောက် လိုက်ရသည်။ ရွှေမောက်ကို ဆောင်းစေ၍ ရွှေချပ်ဝတ်သော ရွှေထိပ် ရွှေကုန်းနှင့် မြင်းတော်သည် လေးရာတို့ကို ဆင်တော် လက်ဝဲ၊ လက်ယာ ရှေ့ နောက် တင့်တယ်စွာ အဲမောင်း လုံတို လုံရှည် ကိုင်၍ လိုက်ရသည်။ ဆင်ကူ လက်ဝဲတော်က နှင်းပိုး၊ လက်ယာတော်က နှင်းစီး၊ ရွှေကြိုး ရွှေကနှင့် အမြောက်တစ်လုံးစီတင်၍ လိုက်ရသည်။ ယင်းသို့မှ ကိုယ်ရံတော်မြင်းသည် နှစ်ရာကို ရွှေလှံ ချီရသည်။ သည့်နောက်မှ မှူးမျိုးမတ်မျိုး၊ ကျေးစား၊ သင်းမှူးရစ်ကျိပ်ကို ရွှေချပ် ရွှေမှူးနှင့် မောက်တို ဆောင်းစေ၍ ကုန်းလယ် နောက်ပဲ့ နှင့်တကွ တိုက်ဆင်ရှစ်ဆယ် ချီရသည်။ ဆင်တပ်စီးတွင် ဆင်ခြေဖုံး မိုးနဲ့ရွှေလုံတစ်ထာစီလိုက်ရသည်။ သည်နောက် ရွှေပိုင်း၊ ရွှေလှံ၊ ရွှေကာ၊ ရွှေလုံ အကြားအကြားတွင် ရွှေစားသားတို့ ဓားရှည်ကို ကိုင်၍ လိုက်ရသည်။ သည်နောက်ရွှေတော်ပြေးအောင်စည်၊ ထုတ်စည်၊ ရွှေကရား၊ ငွေကရား၊ ရွှေနှံ၊ ငွေနှံ၊ အစုံလိုက်ရသည်။ ယင်းကမှ မှူးသား မတ်သား သူကောင်းသားတို့ ရွှေဓားနှင့် လိုက်ရသည်။ ယင်းကမှ ဘဝရှင် မင်းတရားကိုယ်တော် သိကြားမင်း၏ အသရေကဲ့သို့ အလွန်တင့်တယ် စံပယ်စွာ ချီတော်မူသည်။ တောင်ငူမင်းရဲသိင်္ဃသူမှာ နာဂဝရ ဟူသော ဆင်ကို စီး၍ တိုက်ဆင် ငါးဆယ်၊ မြင်း

သုံးထောင်၊ ဗိုလ်တစ်သောင်းနှင့် လက်ဝဲက လိုက်ရသည်။ ပြည် သတိုးမဟာရာဇာ ရဲထွတ်မဂ်လာ ဟူသော ဆင်ကိုစီး၍ တိုက်ဆင် ငါးဆယ်၊ မြင်းသုံးထောင်၊ ဗိုလ်တစ်သောင်းငါးထောင်နှင့် လက်ယာတော်က လိုက်ရသည်။

ဘဝရှင် မင်းတရား နောက်ရင်းတွင်မူကား၊ သမိန်ဗြသပိုက်ကို ယမ်းကာမိ ဟူသော ဆင်ကို စီး၍ တိုက်ဆင် ငါးဆယ်၊ မြင်းသုံးထောင်၊ ဗိုလ်တစ်သောင်းငါးထောင်နှင့် လိုက်ရသည်။ ချီတော်မူ၍ တစ်တိုင်ခန့် ရောက်တော်မူလျှင် ရဲယောဓာကို မြင်းနှင့် "ဘုရင့်နောင် ကျော်ထင် နော်ရထာ ဆိုသသူကို တွေ့လျှင် မတိုက်နှင့် ငါ့ကို ငုံဦး၊ ငါရောက်တော်မူ၍ တိုက်တော်မူမည်" ဟု၍ စေတော်မူသည်။ ရဲယောဓာလည်း မြင်းနှင့် အပြင်းပြေး၍ အမိန့်တော်ကို မြန်သည်၊ ဘုရင့်နောင်တော်တို့ စစ်သုံးကြောင်း လုံးသည်၊ အုင်းကြီး တစ်ခုကို တွေ့လျှင် တိုက်ဆင်များကို ရေတွင်စိမ်၍ ဗိုလ်ပါပြည့်တင်း၍ နေစေ၏။ မြင်းတော်သည် သုံးရာတို့ကိုမူကား၊ သူ့စစ်ကို ငင်ချေ စေတော်မူ၏။ ယိုးဒယားက ရှေ့သွား ချီလာသော မြင်းတပ်နှင့် တွေ့လျှင် တိုက်မည်အဟန် ပြု၍ စစ်ရေး ငင်ခဲ့၏၊ ယိုးဒယားက ချီလာသော စစ်သုံးကြောင်းသားတို့လည်း ထပ်၍ လိုက်လာ၏။ ဘုရင့်နောင် ကျော်ထင်နော်ရထာ စစ်သည်တော်တို့လည်း ဆင်မြင်းကို ရော တက်စေ၍ က ပြီးလျှင် အသင့် အမြောက် သေနတ် စီစဉ်၍ ဘဝရှင် မင်းတရားကို ငုံ၍ နေ၏။ ယိုးဒယားစစ်သည် သုံးကြောင်းသားတို့ ချီလာသည် နီးလျှင် လက်ယာတက်က စောလကျွန်းအိန် မဏိဇော်ကရတ် ဟူသော ဆင်ကို စီးသည်။ မင်းရဲသခ်ယာ စကျွန်ရဲ ဟူသော ဆင်ကို စီးသည်။ သမိန် သံလိုက် ဂဇသုရ ဟူသော ဆင်ကို စီးသည်။ ဥပါကောင်း ကျွန်ဗြလ ဟူသော ဆင်ကို စီးသည်။ ငါးတပ်လုံးကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်ငါးသောင်းနှင့်လက်ယာ ဘက်က ယှဉ်း၍ တက်လေ၏။ လက်ဝဲဘက်ကလည်း သမိန်ရဲသင်ရဲ ရွှေသနိုက်ရဲ ဟူသော ဆင်ကို စီးသည်။ နန္ဒယောဓာ ဆဒ္ဒန်ပြောင်မှန် ဟူသော ဆင်ကို စီးသည်။ နန္ဒသကြံ ငါမြတ်စွာ ဟူသော ဆင်ကို စီးသည်။ သီရိဓမ္မရာဇ် ကျွန်တယော် ဟူသော ဆင်ကို စီးသည်။သည် ငါးတပ်ကိုတိုက်ဆင်တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ်ငါးသောင်းနှင့် လက်ဝဲဘက်က ယှဉ်း၍ တက်စေ၏။

ရဲမက်တော်တို့ လက်ဝဲ လက်ယာ ယှဉ်း၍ တက်ကြသည်ကို ဘုရင့်နောင် ကျော်ထင် နော်ရထာ မြင်တော်မူလျှင် မငဲ့၍ နေသည်ဟူ၍ သူ အမှတ်ရှိလိမ့်မည်ကို လည်းကောင်း၊ သူ ပွဲရလိမ့်မည်ကို လည်းကောင်း၊ နှလုံးထားတော်မူ၍ ဘဝရှင် မင်းတရားကို မင်းဇေယျပဉ္စင် ဟူသော ဆင်ကို စီးတော်မူ၍ စည်တော်

ယိမ်းမပြီးလျှင် ဆင်တော်ကို အပြင်းတို့၍ ဟူးဟူးလွှတ်တော်မူ၏။ မင်းတရား
နောင်တော် ဆင်နှင့်အပြင်း လွှတ်တော်မူလျှင်၊ မဟာမာတင် ပြောင်မွန်ဟူသော
ဆင်ကိုစီး၍၊ နန္ဒကျော်ထင် ဇမ္ဗူတံဆိပ် ဟူသော ဆင်ကို စီး၍၊
ဇေယသဏ္ဍု ဟူသော ဆင်ကို စီး၍၊ သမိန်ဘဲပရဲ ပလ္လင်ရဲ ဟူသော ဆင်ကို စီး၍၊ သမိန်ပရမ်း
ငါးတပ်လုံးကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်ပါ ငါးသောင်းနှင့်
အပြင်းထပ်၍ တိုက်လေ၏။ ဘုရင့်နောင် ရဲမက်တော်တို့ ရွပ်ရွပ်ချွံချွံတိုက်လျှင်
ယိုးဒယား ဘုရင့်သမက် ဩယာလကွန်းအိန်မာ စစ်ဦးပျက်၍ ရှေ့လေ၏။
ဩယာလကွန်းအိန်မာ အရပ် ခုနစ်တောင်ရှိသော ဇေယနုဘတ် ဟူသော ဆင်ကို
စီး၍ အပြင်း လွှတ်လာသည်ကို ဘုရင့်နောင်တော် ဆင် ကုန်းလယ်ထက်က
အမြောက်နှင့်လွှတ်လျှင် ဩယာလကွန်းအိန်မာ ကုန်းလယ်စီးကို မှန်၍ ဆင်ထက်
က ကျလေ၏။ ဘဝရှင် မင်းတရား နောင်တော်သည် ဇေယပလ္လင် ဟူသော
ဆင်ကို စီး၍ တိုက်တော် မူသည်။ ဩယာလကွန်းအိန်မာ စီးသောဆင်
အာပေါင်ကို ထိုးမိလေ၏။ ဆင် အားမတန်၍ ရုပ်သည်ကို ဘုရင့်နောင်တော်
သားတော် ဇေယသိဟ ယင်းသောအခါသက်တော်တစ်ဆယ့်သုံးနှစ်၊ ဟတ္ထိမြား
ကြက်တောင် ရွှေမောက်တိုဖောက်၍ ဆောင်းတော်မူသည်။ ရဲလုလင် ဟူသော
ဆင်ကိုစီး၍ တိုက်တော် မူသည်။ ဩယာလကွန်းအိန်မာ စီးသောဆင် ဇေယနု
ဘတ် မုန်အုံးကို ထိုးမိလျှင် မျက်နှာသုန်၍ ပြေးလေ၏။ ယင်းသို့စဉ်တွင် ဘုရင့်
နောင်တော် ကုန်းလယ်စီးက လှံနှစ်စင်းနှင့် လှုတ်သည်။ ဇေယနုဘတ် နှာတွင်
တန်းရရှန်းငြိ၍ ရှိလေ၏။ ယင်းသို့လျှင် ဇေယနုဘတ် မျက်နှာသုန်၍ ပြေးလေ
၏။ ယိုးဒယားအမတ် ယိုးကရက်တရုံး သုံ့ပန်းဟူသော ဆင်ကိုစီး၍ ဘုရင့်နောင်
တော် ဆင်တော် ဇေယပလ္လင်ကို အပြင်းလွှတ်၍ တိုက်လာသည်ကို မင်းမဟာ
မာတင်ပြောင်မွန်ကို ချွန်းဖွင့်၍ တရုံးသုံ့ပန်းနှင့် မနည်းကြာ ဧ့ကြသည်ကို
မင်းမဟာ ဆင်ခြေဖုံးတို့ လှံနှင့် ထိုးသည်။ တရုံးသုံ့ပန်း အာပေါင်ကို ထိုးမိလေ
၏။ လှံချက်အများ ကျလျှင် တရုံးသုံ့ပန်း မျက်နှာ သုန်လေ၏။ တရုံးသုံ့ပန်း
မျက်နှာ သုန်သည်ကို မြင်၍ စစ်သည်တော်တို့ ထပ်၍ လိုက်လျှင် ဩယာလကွန်း
အိန်မာ စစ်သည်တို့ ပျက်လေ၏။ လက်ဝဲကနေသော ဩယာပိဿလောက်
စစ်သည်တို့သည် ခံ၍ နေလေ၏။ ယင်းသောအခါ ဩယာပိဿလောက် အရပ်
ခုနစ်တောင်ရှိသော ကြိုးစကြာဝတ် ဟူသော ဆင်ကို စီး၍ ခံသည်ကို ဘဝရှင်
မင်းတရား ကျွန်တော် စောလကွန်းအိန် မဏိဇော်ကရုတ် ဟူသော ဆင်ကိုစီး၍
အပြင်းတို့၍ တိုက်သည်ကို ယိုးဒယားအမတ် အောက်ထဲနံ့သည်၊ ပုံစက် ဟူသော
ဆင်ကိုစီး၍ ကြိုလာသည်။ စောလကွန်းအိန် စီးသော မဏိဇော်ကရုတ် ထိုးမိလျှင်

စစ်သည် အများပင် သေလေ၏။ ဆင် မြင်း၊ လှံ၊ ပန်း၊ ရတော်မူသည် များ၏။ ဘုရင့်နောင် ကျော်ထင်နော်ရထာသည်၊ မြင်းသည်တော်တို့ကို လိုက်၍ ခေါ်ရ သေသော် ပိုးချုပ်မှ ရောက်လာ၏။

တစရှင် မင်းတရား ရွှေထီးသည်၊ အမြောက် သေနတ်သံ ကြားတော်မူလျှင် မှတ်လေပြီ ဟူသော အမှတ်ရှိတော်မူ၍ အပြင်ထွက်၍ ရှိတော်မူလာသည်။ မုန်းပွန်းအချိန်သို့ ရောက်တော်မူလျှင် ယင်းတွင်ပင် တပ်ချ၍ နေတော်မူ၏။ ဘုရင့်နောင် ကျော်ထင်နော်ရထာကို စစ်သုံးကြောင်းသားသည်၊ မိမိတို့ရသည့် အမှုအပေါ် ဆင် မြင်း၊ လှံ၊ ပန်း လက်နက် ကိရိယာကို ဆက်ကြသည်။ တစရှင် မင်းတရားရွှေထီးသည်၊ ညတဲ့တော်ဦးသို့ မင်းရဲသိဟသူ၊ သတိုးဓမ္မရာဇာ၊ တစရှင် နောင်တော် စသော မြန်မာ အမတ်၊ မွန် အမတ်၊ ရှမ်း အမတ်တို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော် ရှိသည်။ "သူ့ကိုတွေ့လျှင် မတိုက်နှင့် ငါကို ငဲ့၊ ငါရောက်မှ တိုက်တော်မူမည် ဟူ၍ ရဲမေသာကို စေတော်မူသည်။ ယင်းသောကြောင့် ငါ့လှံကို ဖျက်သနည်း" ဟူ၍ မိန့်တော် မူသည်။ ယင်းသောခါ ဘုရင့်နောင် ကျော်ထင်နော်ရထာ လျှောက်သည်ကား၊ "ကျွန်တော်တို့ အမိန့် တော် အတိုင်း ဆင် မြင်း ဖိုလ်ပါ စီစဉ်၍၊ စစ်အင် ခင်းကျင်းပြီးလျှင် တစရှင် မင်းတရားကို ငံ့၍ နေစဉ်၊ ပိုးတယားစစ်သည် ရောက်လာ၍ လက်ဝဲဘက်က ကျွန်တော် ရဲသင်ရိုနှင့် ငါးတပ်လုံး ယှဉ်၍တက်သည်။ လက်ယာဘက်ကလည်း ကျွန်တော် စောလကျွန်းထိန်နှင့် ငါးတပ်လုံး ယှဉ်၍ တက်သည်။ သို့ လက်ဝဲ လက်ယာတက်သည်ကို ကျွန်တော်မြင်လျှင် (အရှင် အမိန့်တော်ကို ကြောက်၍ ကား နေသည်မဟုတ်၊ မရဲ၍နေသည် ဟူ၍ အများ ဆိုလတ္တံ့သည်ကို စိုး၍ အကျယ်တော်ကို ခံသော်လည်း ခံတော့မည်။ သူ အသုံးသေးကို မပြီ အမှတ် ရှိ၍ ကျွန်တော် တိုက်ပေသည် ဟူ၍ နားတော် လျှောက်သည်။) တစရှင် မင်းတရားရွှေထီးသည်၊ ငါ့အမိန့်တော်ကို ဆန့်လှန်သည်ကား မှန်၏၊ အရေးတော် မလစ်လပ် စစ်လှသည်ကို ငါ အပြစ်တော်တင် ထွက်ရှိသလော" ဟူ၍ မိန့်တော် မူပြီးလျှင် ပတ္တမြားစီသော ဦးဖောင်းသင်ပျစ် လေးမျက်နှာ ပတ္တမြားသုံးရစ်စီ၊ ကွမ်းခွက် ပတ္တမြားစီ၊ လက်ဖက်အိုး ပတ္တမြားစီ၊ တကောင်းလုံး ရွှေချက် လေးစင်း၊ ဝတ်တော်မူသော ဂုဏ်သင်တပ်သော ကတ္တီပါဝတ်လုံ၊ လက်တော် နှစ်ဘက်တွင် ဝတ်တော်မူသော ပတ္တမြားလက်ကောက်၊ ပတ္တမြားလက်စွပ်၊ သဗ္ဗာလီကနှင့်တကွ စီးတော်မူသော သင်နဂါဝရရွှေနှင့် စီးတော်မူသောမြင်း၊ တစရှင် မင်းတရား နောင်တော်ကို ပေးတော်မူသည်။ ဘုရင့်နောင် သားတော်

ဆောက်ပါလျှင် ဖြဲသော ပုံတော် မျက်နှာသုန်မှုန်၍ မြေလေ၏။ ဆောက်ပါလျှင် ပြ ရလိုက်၏။ ဝေဖြိုကို စာဆော မင်းရဲသမီးသော စည့်ဒီပ ဟူသော ဆင်ကို စီး၍ လိုက်သည်ကို ယိုးဒယားအမတ် ပြည်သေဆိုန်နာ ကောတွန်း ဟူသော ဆင်ကို စီး၍ ခံသည်။ ဆင်နှစ်စီး မရည်းကြာ ဝေ့ကြလျှင် မင်းရဲသမီးစီးသော စည့်ဒီပဆောင်ကို ပြည်သေဆိုန်နာစီးသော ကောတွန်းက ထိုးမိ၍ ယင်းတွင်ပင် လည်းဆေသည်။ ယင်းသို့စဉ်တွင် ဘဝရှင်မင်းတရား စစ်သည်တော်တစ်ထောင် အမြောက်နှင့် ပစ်သည်။ ပြည်သေဆိုန်နာ ဆင်ဦးတွင်ပင် ဆုံးလေ၏။ ပြည်သီဟလေသာက်လည်း ဆင်ရှုန်းငင်က လှည့်၍ ဆုတ်လေသ၏။

လက်ဝဲတက်က ယိုးဒယားအမတ် ဆောက်ပြစည့်ရှုတ်ပပါတုံ ဟူသော ဆင်ကို စီး၍ လှုတ်သည်ကို ဘဝရှင် မင်းတရား ကျွန်တော် သမိန်ရဲဆင်ရှုသော်ဏ် ဟူသော ဆင်ကိုစီး၍ ခံသည်။ ရှုတ်ပပါတုံ မုန်နှင့်ပြစ်၍ မုန်နံ့ ကိုရလျှင် ရှုသော်ဏ် မဆိုင်မှ၍ တစ်ကြိမ် နှစ်ကြိမ် မျက်နှာသုန်သည်ကို သမိန်ရဲဆင်ရဲ ရှုန်းနှင့် တစ်ချက် နှစ်ချက် ပေါက်လျှင် ရှုသော်ဏ်ကဲ့ ပြန်၍ ဝေ့ပြန်လေ၏။ ယင်းသို့ စဉ်တွင် နေမျိုးသော ဆွန်ပြောင်မှုန် ဟူသော ဆင်ကို စီး၍ တိုက်သည်။ ရှုတ်ပပါတုံ ယင်းတွင်ပင် လဲလေ၏။ ဆောက်ပြစည့် ဟူသော အမတ်လည်း ဆုံးလေ၏။ ယိုးဒယားအမတ် ပြည်သထိစီ၊ ပြတ်ပိုလ်ဇ ဟူသော ဆင်ကို စီး၍ လှုတ်လာသည်ကို ဘဝရှင် မင်းတရား ကျွန်တော် သီရိမဟူရတ် ကျန်ကျော် ဟူသော ဆင်ကိုစီး၍ တိုက်သည်။ ပြတ်ပိုလ်ဇကို ထိုးမိ၍ နောက်ဆုတ်ရွှေထိုင် ရှိလေ၏။ လိုက်ထပ်၍ တိုက်လျှင် ယောင်ယောင်ကျည်ကျည်မြည်၍ ပြေးလေ၏။ ဘဝရှင် မင်းတရားကြီး၊ ကျွန်တော် နန္ဒသကြံ ရဲမြတ်စွာ ဟူသော ဆင်တော်ကို စီး၍ လှုတ်သည်ကို ယိုးဒယားအမတ် ပြည်သယ်ကြိ စကြဝတ် ဟူသော ဆင်နှင့် ခံသည်။ မခံနိုင်၍ ယင်းတွင်ပင် လဲလေ၏။ ယင်းသို့လျှင် ယိုးဒယား စစ်သုံး ကြောင်း ပျက်၍ ပြေးလေ၏။ ယိုးဒယားဘုရင် သမက် ပြည်သလကွန်းအိန်မာ လည်း ဇေယနုဘတ်ကိုစီး၍ ပြေးလေသည်။ ဆင်းတစ်ခုကိုတွေ့လျှင် ချတ်တိမ်၍ မနိုင်၊ ရေသို့ဆင်း၍ နေလေ၏။ ဘဝရှင်မင်းတရား စစ်သည်တော် မြင်းသည်တို့ မြင်လျှင် ဆင်းကိုဝန်းရံ၍ နေလေ၏။ ပြည်သလကွန်းအိန်မာကား၊ ဆင်မှဆင်း၍ ပြေးမည်ပြုသည်ကို ဖမ်းမိ၍ ဇေယနုဘတ်နှင့်တကွ ရတော်မူ၏။ ပြည်သပီသ လောက်လည်း ဆင်မစီးတဲ ပြေးလေသည် လွတ်လေ၏။ စီးဆင် ကြံစကြဝတ်ကို ရလိုက်၏။ ပြည်သယိုကရတ်လည်း မြင်းစီး၍ ပြေးလေသည် လွတ်လေ၏။ စီးဆင် တချုံးသိုံ့ကို ရလိုက်၏။ ခမက်တော်တို့ လိုက်၍ ထိုးခုတ်ပစ်ခတ်သည်။ ယိုးဒယား

ဧဟေယသိဟ ယင်းသောအခါ သက်တော်တစ်ဆယ့်သုံးနှစ်၊ ခမည်းတော်ကို ဆင်ကူ၍ တိုက်သောကြောင့် ဩယာလက္ခန်းအိန်မဘကို အောင်မြင်တော် မူသည်ဟူ၍ အားရတော် မူသောကြောင့် မင်းရဲကျော်စွာ ဟူသော အမည်နှင့် ရွှေကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ မိုးကြိုးထွေးခံ၊ ရွှေချက်တစ်စင်း ပေါင်းဝန်း ရွှေခွက် ပေးတော်မူသည်။ အမှူး အမတ် ပွဲသမ်းရသောသူများကိုလည်း ကွမ်းခွက် ကျပ်၊ တကောင်းဖုံး၊ လက်ဖက်အိုး၊ ထွေးအင်၊ ကျိုင်းချက်၊ စားလက် တိုင်းခရိုင် အထိုက် အလျောက် ပေးတော်မူသည်။ တိုက်ပွဲတွင် ရသော ဆင် မြင်း၊ အမြောက် သေနတ်ကိုသာ သိမ်းယူတော်မူသည်။ ထိုမှတစ်ပါး၊ လူသူကျွန်များ ရွှေ ငွေ အဝတ် အစား ရသမျှကို ရသသူ ယူရသည်။

---

## မင်းတရားရွှေထီး မပေါင်းတပ်သော ကုလားနှင့် ပေါင်း၍ ပြုတ်သောမင်းအဖြစ်မှ ရွှေလျောရသည့် အကြောင်း

ယင်းသို့ စီရင်တော်မူပြီးလျှင် မှူးတော် မတ်တော် အပေါင်းတို့အား ဤသို့ အမိန့်ရင်တော် ရှိသည်။ "ယခု ယိုးဒယားက ချီလာသော စစ်သုံးကြောင်းကို အလိုတော် ပြည့်သည်။ ယိုးဒယားသို့ ပြန်၍ လုပ်ကြံတော်မူသော်လည်း ဆင်မည်လော၊ ကမန်ပိုက်၊ ပါသလောက်၊ သောဘ္ဘတဲ သည်မြို့များတို ထို၍ ယူသော်လည်း၊ သင့်မည်လော"ဟူ၍ စိုင်းပြင်း ခင်းကျင်းတော် မူသည်ကို မဟာကြီး လျှောက်သည်ကား၊ "အထက်ယိုးဒယားရှင်ဘုရင် ချီလာ၍ ကျွန်တော်တို့ကို တိုက်လာသောအခါ ရာဇသိန် ဟူသော အရပ်တွင် ပျက်ချက် နာလှလေသည်။ ယိုးဒယားဘုရင်လည်း ဆင်မှခြေလျင်ဆင်း၍ပြေးလေသောကြောင့်သာ လွတ်ရလေသည်။ ယိုးဒယားဘုရင် သား ညီတို့နှင့်တကွ အမှူး အမတ် ဗိုလ်ပါ ဆင် မြင်းလည်း အများ ရတော်မူသည်။ အရှ အနာ အသေ အပျောက်လည်း များလှလေသည်။ ယခု ပျက်ရာတွင်လည်း ယိုးဒယားဘုရင် သမက်ကို ဆင်နှင့်တကွ ရတော်မူလိုက်သည်။ ဧ ါဗညား အမှူး အမတ် တို့ကိုလည်း အများပင် ရတော်မူသည်။ ဆင်ကြီး ဆင်နိုင်များကိုလည်း ရတော်မူသည်။ အမှူး အမတ် အစရှိသော ဗိုလ်ပါများလည်း အရှ အနာ အသေ အပျောက် များလှလေသည်။ ယိုးဒယားဘုရင်မှ စ၍ တစ်ပြည်လုံးလည်း ထိပ်တက်သွေးကို သောက်လတ္တံ့ သကဲ့သို့ အလွန် ကြောက်ရွံခြင်း ပြင်းစွာ ဖြစ်လေပြီ။ ယခု ယိုးဒယားမြို့တိုင်

အောင် ချီတော်မူ၍ လုပ်ကြံတော် မူသည်ရှိသော် အလွယ်သာ ရတော်မူမည် ဆင်သည်" ဟူ၍ နားတော် လျှောက်သည်ရှိသော် ဓောလကုန်းအိမ်နှင့် သမိန် ရဲသင်ရုံက "ကျွန်တော် စစ်တောင်းစား မဟာကြီး လျှောက်သည် အရေးလည်း သင့်လှပေသည်" ဟူ၍ နားတော် လျှောက်၏။ ပြည်မင်း သတိုးဓမ္မရာဇာလည်း "ကျွန်တော်တို့ လျှောက်သော အရေးသည် စစ်ရေးရှိသည် မှန်ပေသည်။ သို့ရာတွင် ယိုးဒယားမြို့သည်တစ်ပါးမြို့ကဲ့သို့မဟုတ်၊ ချောင်း မြောင်း မြစ် ပတ်ကုန်း ဝန်းရံ၍ ရှိလေသည်။ မြို့လည်း ခိုင်ခံ့လှသည်။ အမြောက်ကြီးမြတပ်လည်း များလှသည်။ ရမက် ဗိုလ်ပေါ် ဆင်လုံး မြင်းရင်းလည်း များလှသည်။ မြစ်မှာလည်း ကုလားယန်း သေးတို့သဘော်နှင့်ဆီးကာ၍ ခံလေသည်။ ရွှေအထက်ကလည်း တစ်ရံတစ်ဆစ်မျ ပျက် မစီး ဖူးလေ ဖြစ်သည်။ သူမြို့ကို အခိုင်ပြု၍ ခံနေချိမ့်မည်။ ကျွန်ုပ်တို့မြို့ကို အလျင်တိုက်၍ မရလျှင် တပ်တည်၍ ပြ လက်ရန်း ဆောက်စေ၍ လုပ်ကြံကြမ ကြီးစားအားထုတ် ကြံတော်မူမှ ရချိမ့်မည်။ ယင်းသို့လျှင် အရေးတော် ကြာ ချိမ့်မည်။ အရေးတော်ကြာလျှင် ရဲမက်ဗိုလ်ပေါ် များသည်နှင့် ရိက္ခာ မျိုးစေ ဆန့်ရှားချိမ့်မည်။ အဝေးသို့ ခွါ၍ ရှာစားရမည်လည်း သူတို့က ဆီးဆို၍ တိုက်လာလျှင် ခွါ၍ မရှာစားသာ ရှိချိမ့်မည်။ ယင်းသို့ ဖြစ်သောကြောင့် သည်တစ်ကြိမ်ကို နေပြည်တော်သို့ ပြန်တော်မူ၍ အညာတစ်လွား၌ ရှိသော အင်းဝ စစ်ကိုင်း စသော ရှမ်းပြည် တစ်တန်းကို ကိုယ်တော်တိုင် ချီ၍ ယူဦး။ ယင်းသို့မှ မွန်၊ မြန်မာ၊ ရှမ်း လက်နက် နိုင်ငံတော်ဖြစ်မှ တစ်ကြိမ် ချီတော် မူရလျှင် ယိုးဒယားမြို့သည် လက်တော်က မလွတ်နိုင်ပြီ" ဟူ၍ သတိုးဓမ္မရာဇာ နားတော် လျှောက်သည်ကို နန္ဒသကြံ ဤသို့ နားတော် လျှောက်ပြန်သည်။ "သတိုးဓမ္မရာဇာ လျှောက်သော အရေးသည်၊ စစ်ရေး ဖြစ်ပေသည်ပင်၊ ကျွန်တော် စိတ်တွင်မူကား၊ ယိုးဒယားသားတို့ နှစ်ကြိမ်ကြို၍ တိုက်လာရာတွင် စစ်ပျက်သွား နာလှလေသည်။ ယိုးဒယားဘုရင် ယုံကြည်၍ ချစ်မြတ်နိုးလှစွာသော သား၊ သမက်၊ ညီတို့ကိုလည်း ရတော်မူသည်။ ယင်းသို့ ဖြစ်သောကြောင့် ယိုးဒယား ဘုရင်က ချောင်းသာယာစွာ နှိမ့်ချသော စကားဖြင့် နားတော် လျှောက်လာ ရမည် မချွတ်။ ယင်းသို့ပင် မလျှောက် လာသော်လည်း ယခု စစ်ချိန် ကာလ ရှိသေးသည်။ ကမန်ပိုက်၊ သောက္ကတဲ၊ ပိဿလောက် သည် မြို့များကို ချီတော်မူ၍ လုပ်ကြံတော် မူသင့်သေးသည်။ ယိုးဒယား ဘုရင် သား သမက် ညီတို့မှ မခံနိုင်၍ ပျက်လေပြီးသည်ကို ယင်းသည့် မြို့စားတို့ ခံနိုင်ဝံ့မည်လော၊ မခံဝံ့၍ မြို့ကို ရတော်မူလျှင် သင့်တင့်သော အမှုး အမတ်တို့ကို အလုံးအရင်းနှင့် အခိုင် အလုံ နေစေ၍ မျိုး ရိက္ခာ များအောင် သည်တစ်မိုးတွင်းကို လယ်လုပ်

စိမ့်မည်၊ ကမန်ပိုက်တွင်လည်း ရိက္ခာ တင်စရာ လှေ လုပ်စိမ့်မည်၊ ယင်းသို့ စီရင်တော်မူပြီးမှ ပြန်တော်မူ၍ တစ်ကြိမ် ချီတော်မူရလျှင် ယိုးဒယား မြို့သည် လက်တော်က မလွတ်ရပြီ ဟူ၍ နားတော်လျှောက်၏။

ဘုရင့် နေ့ခင်းတော်လည်း နန္ဒသကြံ လျှောက်သော အရေးကို ကြိုက်တော်မူသည်။ ဘဝရှင် မင်းတရား ရွှေထီးလည်း သည်အရေး သင့်လှသည် ဟူ၍ မိန့်တော်မူပြီးလျှင် တပ်တော်ကိုနုတ်၍ ကမန်ပိုက်သို့ ချီတော်မူသည်။ ကမန်ပိုက်စားလည်း မင်းတရား ရွှေထီး ချီတော်မူလာပြီဟူ၍ ကြားလျှင် မြို့တွင် မခံဝံ့၍ အလုံးအရင်းနှင့် တကွ တောသို့ ပြေးလေ၏။ ဘဝရှင်မင်းတရား ကမန်ပိုက်သို့ ရောက်တော်မူလျှင် သောက္ကတဲ၊ ပိသလောက်မြို့တို့ကို တိုက်စိမ့်မည် ဟူ၍ ဝုံမင်းဗိုလ်ပါ ဆင်မြင်းစီရင်ခန့်ထားတော်မူစဉ်တွင် ယိုးဒယားဘုရင်က သဘော ချေငံ့စွာသော လျှောက်စာနှင့်၊ သံအမတ် နှစ်ယောက် ရောက်လာ၏။

> ရာဇသံတွင် ပါသည်ကား။ ။ဒွါရာဝတီ မည်သော ယိုးဒယားမြို့ကို စားသော ပြသာဒ်ရာဇာ သံတော်ဦး တင်ဝံ့သော ဘဝရှင် မင်းတရား ချီလာပြီဟူ၍ ကြားလျှင် ဆင်စီးချင်း တိုက်မှ သင့်မည် ဟူ၍ အလုံးအရင်း ဆင်မြင်း ဗိုလ်ပါ ပြည့်တင်း၍ ကျွန်ုပ်ကျွန် နေသည်။ ဘုန်းကြီးတော်မူသော မင်းဖြစ်တော်မူ၍ ဆင်ချင်းယှဉ်၍ မတိုက်ဝံ့ ရှိသည်။ သား သမက် ညီတို့ကို ဆီးကြို၍ ခံစေသော်လည်း ဘုန်းကြီးသောမင်း၏ မှူးမတ်တော်တို့ကိုမျှ မခံနိုင်ချေ၊ ပျက်စီးခြင်းသို့ ရောက်ရသည်။ ဘုန်းကြီးလှသော ဘဝရှင် ဘုရား သနားတော် မူပါ၍ ကျွန်ုပ်ကျွန် သား သမက် ညီတို့ကို လွှတ်တော်မူပါလျှင် သစ္စာတော်ခံ၍ တစ်နှစ်ကိုတိုက်ဆင် သုံးဆယ် ငွေသုံးရာ၊ တနင်္သာရီ သင်္ဘော အကောက် အခွန်ကို ဆက်ပါမည်၊ ယခုလည်း မြတ်ကြီး မြတ်ငယ် ဆင်ကို ရှိခိုး လက်ဆောင်တော် ဆက်ပါမည် ဟူ၍ စာတွင်ပါသည်။ လက်ဆောင် တော်လည်း ကတ္တီပါ စိမ်း၊ ကတ္တီပါ နီ၊ သက္ကလတ်စိမ်း၊ သက္ကလတ်နီ၊ ပုဆိုးကောင်း ကေနှံ၊ သယံမှုရီ ပတ္တူနီ၊ ဘက်သန့် ဇော်ကရတ် ပိတ်၊ ရမထီ၊ နံ့သာ ကရမက်၊ အကျော် ဖျော၊ နှင်းရည်များစွာ ဆက်လိုက်သည်။

ဘဝရှင် မင်းတရား ရွှေထီးလည်း ယိုးဒယား ဘုရင်က လျှောက်လိုက်သော ရာဇသံစကားကို ကြားတော်မူလျှင် နန္ဒသကြံ ကို မြင်လှပေသည်ဟူ၍ ချီးမွမ်းတော်မူပြီးလျှင် လက်တော် နှစ်ဘက်တွင် ဝတ်တော်မူသော လက်ကောက်

လက်စွပ်ဆင်မတစ်စီးဆုပေးတော်မူသည်။ သောဏ္ဍတဲပါသလောက်သို့ ချီစိမ့်မည်
ဟူ၍ စီရင်တော်မူသော စစ်သည်ကိုလည်း ဖျက်တော်မူသည်။ ယိုးဒယားသံတို့
ကိုလည်း ခေါ်တော်မူ၍ ယိုးဒယားစာက လျှောက်စာတွင် သစ္စာတော်ခံ၍ ငါ
အမှုတော်ကို ထမ်းမည် လျှောက်သည် အရေးသာ ဖြစ်သည်။ ငါလည်း ဘုရား
ဆုကို တောင်းတော် မူသော မင်းဖြစ်သည် မိန့်တော် မူပြီးလျှင်၊ သံတို့ကို
ယိုးဒယားသို့ လွှတ်တော်မူ၍ ပြန်ရလေ၏။ ယိုးဒယားဘုရင်လည်း သံတို့ရောက်၍
ဘုရင်မင်းတရား အမိန့်တော်ခွန်းကို ကြားလျှင် ဖြတ်ကြိုး ဖြတ်ယံ ဆင်နှစ်စီးကို
ရွှေကြိုး ရွှေနွယ်နှင့်တကွ အဖြစ်လွှတ်သော ဆင်ပေါက် နှစ်စီးကိုလည်း၊ သဥ္စာ
ယကနှင့် တကွ လက်ဆောင် လက်နက်အများနှင့် ယိုးဒယားဘုရင့် ညီ ဩယာ
ပီသလောက်နှင့် ဩယာသဝန်ခံလောက်ကို ယိုးဒယားဘုရင့်ကိုယ်စား ဘုရင်
မင်းတရားခြေရင်းတော်သို့လာ၍ လက်ဆောင်ဆက်၍ သစ္စာတော် ခံရ၏။ ဘုရင်
မင်းတရား ရွှေထီးလည်း လက်ဆောင်တော် သိမ်းပြီးလျှင် ယိုးဒယားဘုရင့် ညီ
ဩယာပီသလောက်၊ ဩယာသဝန်ခံလောက် နှစ်ယောက်တို့ကို သစ္စာတော်
ပေးစေ၍၊ ယင်းသို့မှ တိုက်ပွဲတွင် ရတော်မူသော ယိုးဒယားဘုရင့်သား သမက်
ညီအလတ်ကို ထားရာက လွှတ်တော်မူ၍ အဝတ်အစား တန်းဆာပလာ ဆင်ယင်
စေ၍ တဲတော်ဦးသို့ ခေါ်တော်မူပြီးလျှင် ယိုးဒယားဘုရင့် သားကို ရွှေကွမ်း
ခွက်ရှစ်မြောင့်၊ ပတ္တမြားသုံးရစ်စီ ရွှေတကောင်းဖုံး၊ ပတ္တမြားစီ လက်ဖက်အိုး၊
ပတ္တမြားစီ ရွှေတွေးခံ၊ ပတ္တမြားစီ ရွှေကြိုး ရွှေကနှင့် ဆင်ပေါက်တစ်စီးရွှေကြိုး
ရွှေကနှင့်ဆင်မတစ်စီး၊ ရွှေချက်လေးစင်းစည်ကိုးလုံး၊ ငွေနှဲနှစ်၊ ငွေခရာနှစ် ပေး
တော်မူသည်။ ။ယိုးဒယား ဘုရင့် ညီကိုလည်း ရွှေကွမ်းခွက် ခြောက်မြောင့်၊
ပတ္တမြားတစ်ရစ်စီ တကောင်းဖုံး၊ ပတ္တမြားတစ်ရစ်စီ လက်ဖက်အိုး၊ ပတ္တမြား
တစ်ရစ်စီ မိုးကြိုးတွေးခံ၊ ဆင်ပေါက်တစ်စီး၊ ပေါင်းဝန်းရွှေက သဥ္စာယကနှင့်
ဆင်မတစ်စီး၊ ရွှေချက်နှစ်စင်း၊ စည်ခုနစ်လုံး၊ ငွေနှဲသုံး၊ ငွေခရာသုံး ပေးတော်
မူသည်။ ။ယိုးဒယားဘုရင့်သမက်ကိုလည်း ရွှေကွမ်း ခွက် ခြောက် မြောင့်၊
ပတ္တမြားတစ်ရစ်စီ တကောင်းဖုံး၊ ပတ္တမြားတစ်ရစ်စီ လက်ဖက်အိုး၊ ပတ္တမြား
တစ်ရစ်စီ မိုးကြိုးတွေးခံ၊ ဆင်ပေါက်တစ်စီး၊ ပေါင်းဝန်းရွှေက သဥ္စာယကနှင့်
ဆင်မတစ်စီး၊ ရွှေချက်နှစ်စင်း၊ စည်ခုနစ်လုံး၊ ငွေနှဲသုံး၊ ငွေခရာသုံး ပေးတော်မူ
သည်။ ယင်းသို့မှ သစ္စာတော် ခံရသည်။ သစ္စာတော်ခံလာသော ယိုးဒယား
ဘုရင့် ညီ ဩယာပီသလောက်ကိုလည်း ယိုးဒယားဘုရင့် သမက်နည်း အဆောင်
အယောင် ထီး စည် ပေးတော်မူသည်။ ညီတစ်ယောက် ဩယာသဝန်ခံလောက်
ကိုလည်း ရွှေကျပ် လက်ဖက်အိုး၊ မြင်း၊ ကကြိုးအစုံ ပေးတော်မူသည်။ သည့်

မြင် ရတော်မူသော ဓာ ါစည်သားတို့ကိုလည်း လိုသူတို့နှင့် အထိုက် အလျောက် အဆောင်အယောင် စားသုံး စားယောက် ပေးတော်မူသည်။ ယိုးဒယားအမျိုး သည် ရတော်မူသမျှကိုလည်း လွှတ်တော်မူသည်။ ယိုးဒယားသားတို့ မြန်မာပြည် နှစ်ရက်ရှိလျှင် ဘဝရှင် မင်းတရား ကပ်စဉ်အတိုင်း ဒါလောင်ခရီးကို မြန်မာတော် မူသည်။ ခရီးမြင်း၍ မလိုက်နိုင်သော ဗိုလ်ပါ ဆင်မြင်းတို့ကို ပေါ်လမြိုင်စား ပညာညီကို ထပ်၍ ထားတော်မူပြီးမှ ပေါ်လမြိုင်က ချီတော်မူ၍ တန့်ခူးလဆန်း သုံးရက်နေ့ ဟံသာဝတီ နေပြည်တော်သို့ ရောက်တော်မူသည်။

ဤသို့ ဘုန်း လက်ရုံးအာဏာ ပညာ အမြင်တော်နှင့် ပြည့်စုံတော် မူသော မင်းသည် မပေါင်းမပေါ်အပ်သော နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်သော ကုလားဗရင်ဂျီ တစ်ယောက်နှင့် ပေါင်းပေါ်တော် မူချေသောကြောင့် မြတ်သော မင်းငါး တရားမှ ရွေ့လျောတော် မူချေသည်။ ။ထို ကုလား ဗရင်ဂျီ အကြောင်း ကား၊ ပိစ္စရာဇ်မင်း တူဖြစ်သော ကုလားတစ်ယောက်ကို ဦးရီးဖြစ်သော ပိစ္စရာဇ် မင်းသည် သင်္ဘော ခုနစ်စင်းကျွန်ပ်တစ်ရာနှင့်အစည်မြို့ကို တိုက်လေ ဟူ၍ စေ လိုက်၏။ ပိစ္စရာဇ်မင်း တူလည်း မာလကာမြို့သို့ ရောက်လျှင် အမြောက်ခဲ ကျည်ဆံ များစွာ တင်ခဲ့၍ အစည်မြို့ကို တိုက်လေ၏။ အစည်မင်းလည်း သင်္ဘော ကျွန်ပ်များနှင့် ဆီး၍ တိုက်လျှင် ပိစ္စရာဇ်မင်း တူ ပျက်၍ ကျွန်ပ်တစ်ဆယ်၊ လူသုံးရာ ခန့်နှင့် မုတ္တမဆိပ်သို့ ရောက်လာ၏။ မုတ္တမစားလည်း ပိစ္စရာဇ်မင်း တူနှင့် လူသုံးရာခန့်ကို ဖမ်း၍ ဆက်လာ၏၊ ဘဝရှင် မင်းတရား ရွှေထီးလည်း မြင် တော်မူလျှင် အပြင်အလျာ သိမ်မွေ့ နူးညံ့သည်နှင့် သနားတော်မူ၍ နေစရာ အိမ် ကောင်းမွန်စွာ ပေးတော်မူ၍ နေရသည်။ တစ်နေ့သ၌ ဘဝရှင်မင်းတရား တောကစားတော် မူရာသို့ ကုလားကို ခေါ်တော်မူ၍ လိုက်ရသည်။ တောသို့ ရောက်တော်မူလျှင် စက်တိုင်တွင် ကောင်းပွင့်ကို ထား၍ ထိုကုလားကို သေနတ် နှင့် ပစ်နိုင်းသည်။ ချက်တိုင်းပင် မှန်သောဟူ၏။ သို့လျှင် အတိုင်းထက် အလွန် သနားတော်မူ၍ အတွင်းစေ ကိုယ်လုပ်တော်တစ်ယောက်နှင့်စုံဖက်တော်မူသည်။ နေရာလည်း ပေးတော် မူသည်။ ကိုယ်လုပ်ငယ်လည်း ကုလား နှင့် ကြင်လည် ကြလျှင် ကုလားတို့ သုံးဆောင် စားသောက်သော အမဲ အစား အစာ စားဖွယ် သောက်ဖွယ် တို့ကို အပွတ်အညှပ် ကောင်းမွန်စွာ လုပ်၍ ဘဝရှင် မင်း တရားရွှေထီးကို မပြတ်ဆက်သည်။ ထို့မှ တစ်ပါးလည်း ယစ်ဝ စေတတ်သော ပျစ်ရည်ကို စီရင်၍ ဆက်သည်။ ထို ပျစ်ရည်သည်ကား၊ သောက်လျှင် ချိုမြတ် လှသည်။ ဘဝရှင် မင်းတရားလည်း၊ အလွန် နှစ်သိမ့်တော် မူ၍

ကုလားကို နန်းထက်သို့ ခေါ်တော် မူပြီးလျှင် ကုလားကို အပါးတော်တွင် နေစေ၍ သောက်စားရ၏။ ဤသို့ စေစားတော် မူဖန်များလတ်သော် ကုလား ဟူသော အရက်ကို ကောင်းလှအောင် ပြုန်၍ ချက်ပြီးလျှင် ပျားရည်ရော၍ ချက်ပြုန်၏။ ထို အရက်ကို သောက်တော်မူလျှင် အယူတော် ဖောက်ပြန်၍ ဤသူ မယားကို ထိုသူပေး၊ ထိုသူ့ မယားကို ဤသူပေး၊ ဤသို့ မအပ်မရာသော အကြောင်းအရာကို စီရင်တော်မူ၏။ သူမလို၍ ဤသူသည် မအင့်တင့်သော အကြံကို ကြံသည် ဟူ၍ ချောစားလျှောက်သည်ကို ဟုတ်မဟုတ် စိစစ်တော် မမူပဲ ခေါ်ငင်၍သာ ကွပ်မျက်တော်မူ၏။ ထိုသို့ ပြုဖန်များလတ်သော် ဘုရင့်နောင် ကျောင်းထင် နေ့ရာလည်း သည်အကျင့်ကား၊ ကောင်းပင်း ထို၏ အကျင့်မဟုတ်၊ သုံးစွဲတော်မူသည်ကို ပယ်တော်မူမှ သင့်မည် ဟူ၍ အဖန်တလဲလဲ လျှောက်သော်လည်း သေနှင့် အကျွမ်းဝင်ပြီ၊ ပြု၍ ပြည် အလုံးကို ဘုရင့်နောင်တော်သာ စီရင်လေ၊ ငါ့ကို မလျှောက်နှင့်တော့၊ ငါ မူကား ရွှေနန်းတော်တွင် စံပျော်တော်မူ၍ နေတော်မူမည်–မိန့်တော်မူသည်။ ရံဖန် သာ ညီလာခံ ထွက်တော်မူနိုင်သည်။ ရံဖန်လည်း ထွက်တော် မမူနိုင်၊ ဤကဲ့သို့ ပြုဖန်များလတ်သော် ဘုရင့်နောင်တော် ကျောင်းထင်နေ့ရာလည်း အတွင်းတော်တွင် စေတော်မူသော မင်းညီ၊ မင်းသား၊ မင်းမှူး၊ မင်းမတ် တို့ကို ခံညားတော်မူ၍ အပါးတော်တွင် ကိုယ်တော်နှင့်မကွာ ညဉ့်နှစ်ချက် တီးကျော် သုံးချက်တီးအောင် စောင့်၍ နေတော်မူသည်။ စက်တော်ခေါ်၍ ပျော်တော်မူမှ ယုံကြည်ကောင်းသော အမှူး အမတ် တို့ကို အစောင့်အနေ ခန့်တော်မူခဲ့၍ အိမ်သို့ ပြန်တော်မူသည်။ မိုးသောက်လျှင်လည်း ဘဝရှင် မင်းတရား စက်တော်ခေါ်ရာက ပနိုးခင် နန်းတော်သို့ တက်တော်မူ၍ ပြည်ရေး ရွာမှုကို စီရင်တော်မူသည်။

ဤကဲ့သို့ ကိုယ်တော်နှင့်မကွာ ကြပ်မ စီရင်သောကြောင့် အမှူး အမတ် တို့တွင် အပြစ်မရှိ၊ သတ်လေ အမိန့်တော် ရှိသည်များကို ဝှက်ထားတော်မူ၍ အသက်ကို လွတ်စေသည်။ ဘုရင့်နောင်တော် မသိသောသူတို့သာ သေလေ သည်။ ဤကဲ့သို့ ပြုဖန်များလတ်သော် မှူး အမတ်၊ မြန်မာ အမတ်၊ မှူး အမတ် တို့သည် ငိုးရ တိုင်ပင်၍ ဘုရင့်နောင်တော်ကို ဤသို့ လျှောက် ကုန်၏။ "ယခုသည် ပြည်ရွာ ငြိမ်ဝပ်နိုင်မည်အရေး မရှိပြီ၊ ညီတော်ဘုရားကို လုံခြုံအောင် ထားပြီးလျှင် ဘုန်းကြီးသည့် အရှင် နန်းထက်တော် မူတော့၊ ကျွန်တော်တို့ အရှင်အမှုတော်ကို ထမ်းပါတော့မည်" ဟူ၍ လျှောက်ကုန်၏။

မင်းတရား နောင်တော်လည်း "အစ်ကိုတို့ ငါတို့တွင် ဘဝရှင် ကျေးဇူးတော်ကြောင့် သူ့ချွတော်နှစ်ပါး ရှိချေသည်။ သည်စကားကို ငါသာ ကြားစေ။ အခြားမပြောစေနှင့်၊ သူညာသာ တရားတော်မှာလည်း မတော်မမှန် ကျင့်သောသူ ဖြစ်သည့် အနှစ်တစ်ရာပင် နေရှင်းသော်လည်း တော်မှန် ဖြောင့်မတ်သော သူ တစ်နေ့ နေသည်ကို မတန် ဟု၍ ဟောတော်မူသည်။ ငါလည်း ဘဝရှင် မင်းတရားကြွင်း ဝိတ်သော်ကို မျှည်းပျောင်း၍ အကျိုး အကြောင်းကို လျှောက်ပ ပြီးမည် သို့လျှောက်သည်ကို ယူတော်မမူနိုင်သော်လည်း၊ အစ်ကိုတို့ ငါတို့ စောင်မခြင်း အမှုတော်ကို ထမ်းကြရမည်။ မသင့် မတင့်သော အကြံကို ကြံ၍ မသင့်ရာ အစ်ကိုတို့ ကိုယ်ရေးမှာလည်း ငါ ရှိလေပြီးသည်။ မည်သည့်ကိုမျှ မစိုးရိမ်နှင့် အစ်ကိုတို့ စားမြဲသော ကျေးစည်းစိမ်နှင့် ငြိမ်သက်စွာ နေကြ" ဟု၍ မိန့်တော် မူလျှင် မင်းမှူး မင်းမတ် အပေါင်းတို့လည်း အထူး လျှောက်ဝံ့ကုန်၊ ငြိမ်၍ ဆိတ်ဆိတ် နေကြကုန်၏။ ယင်းသို့မှ ဘဝရှင် နောင်တော် ဤသို့ မိန့်တော်မူသည်။ "ဘဝရှင် မင်းတရားသည် ရှေး၌ ပြုပူးသော အကုသိုလ်ကံနှင့် လျော့ရာ မရပ်မတည် ရူးသွပ်၍ပင် ရှိတော်မူသော်လည်း၊ အစ်ကိုတို့ ငါတို့ ကြပ်မျှ ပိတ်ဆို့ ဆီးတားရသည်ကို ပြည်ရွာ စနေဝ့်စနင်း ရှိမည်လော" ဟု မိန့်တော် မူသည်။ မှူးတော် မတ်တော် အပေါင်းတို့လည်း အရှင်မှတစ်ပါး ကိုးကွယ်ရာ မရှိပြီ ဟု လျှောက်ကုန်၏။ ဘုရင့်နောင်တော်လည်း ထိုနေ့မှစ၍ ပြည်ရေးရွာမှု မလစ် မလပ်ရအောင် စီရင်တော်မူသည်။ ပိစ္စရာင်မင်း တူ ကုလား ဗရင်ဂျီကိုလည်း သင်္ဘောတစ်စင်းနှင့်အရင်းအနီးငွေငွေပေး၍ကုလားပြည်သို့ပြန်စေရလေသည်။

သက္ကရာဇ် ၉၁၀-ပြည့်တွင် တောင်ငူကို မင်းပြုသော ဘုရင့်နောင် ခမည်းတော် မင်းရဲသီဟသူ အနိစ္စရောက်တော်မူ၍ သားတော် အလတ်ကို သီဟသူ ဟူသော အမည်နှင့် ကေတုမတီမြို့ကို ပေးတော်မူသည်။ ။ယင်းသောအခါ မှူးတော် မတ်တော် အပေါင်းတို့ "ဘဝရှင် နောင်တော်သည် လိုင်မြို့နှင့်သာ မထိုက်တန်၊ ကေတုမတီမြို့ကို ပေးတော်မူသော် သင့်မည်ထင်သည်" ဟု လျှောက်ကြသည်ကို နောင်တော်ကို လက်ညှိုးညွှန်၍ ပြတော်မူသည်။ "ဘုရင့်နောင် ငါ ကိုယ်တော် ဖြစ်တော့သည်" ဟူ၍လည်း အမိန့်တော် ရှိသည်။

(ထို သီဟသူကား၊ မင်းတရားရွှေထီးလည်း၊ သီဟသူကို ညီလုပ်ပါသည်။ အတူးသဖြင့်လည်း၊ ပါကြည်တော်မူသည်ဖြစ်၍ ကေတုမတီမြို့ကို ပေးတော်မူသည်ဟု မဟာဥပရာဇာ စာချင်းတွင် ဆိုသည်။)

## ရဟန်းအဖြစ်မှ လူထွက်၍ သမိန်ထောရာမ အမည်ခံပြီးလျှင် မင်းတရားရွှေထီး နိုင်ငံကို လုပ်ကြံသည့်အကြောင်း၊

သက္ကရာဇ် ၉၁၁-ခု၊ ဗညားရံမင်း၊ အိမ်နိမ့်တွင် မြင်သော သားတော် ရဟန်းတင်ဦးသည်၊ ဇလွန်အုံမြို့တွင် သက်သိမ် သွေးသောက်ကြီး မတရွပဲ့သို့ သွားလေ၏။ တိုင်ပင်ကြပြီးလျှင် သံလျင်သို့ သွားလေ၍ ဝေါင်းအကြီးတို့နှင့်ရုံးစည်း၍ ဒုန် ဒလဘက် ဟူသော အရပ်တွင် ပရိသတ်ပြုပြီးလျှင် ကျိုက်ပေါ်ဘုရားတွင် သစ္စာပြု၍ သမိန်ထောရာမ ဟူသော အမည်ကို ခံသည်၊ ထင်းသို့မှ ဆင်မြင်းဗိုလ်ပါ ရုံးစု၍ ရေကြောင်း ကြည်းကြောင်း၊ မကောင်းသို့ ချီ၍ တပ်နှင့် နေလေသည်။ ထိုအကြောင်းကို လျှောက်လာ၍ ကြားတော်မူလျှင် ဘုရင့်နောင်တော်ကို ဆင်လုံး မြင်းရင်း စီရင်၍ အလျင် ချီလေစေ၊ အမိန့်တော် ရှိသည်။ ဘုရင့်နောင်တော် ကျော်ထင် နော်ရထာလည်း ဇလွန်အုံမြို့ကို စားသော ညီတော် သီရိကျော်ထင်တစ်တပ်၊ သမြင်တုံးမြို့ကိုစားသော ညီတော်နန္ဒယောဓာတစ်တပ်၊ မြောင်းမြကိုစားသော ဗညားလောတစ်တပ်၊ ပုသိမ်မြို့ကိုစားသော သမိန်ရွှေသမိုက်တစ်တပ်၊ ဇန်ကိုးမြို့ကိုစားသော ဗညားတူနှတစ်တပ်၊ ဒလမြို့ကိုစားသော သိရိဇေယနော်ရထာ တစ်တပ်၊ မနုဖြူမြို့ကိုစားသော သမိန်ရဲသင်ရုံတစ်တပ်၊ ဝန်မြို့ကိုစားသော သမိန်သံလိုက်တစ်တပ်၊ အစုတ်မြို့ကိုစားသော သမိန်အဲပရဲတစ်တပ်၊ ခဲပေါင်မြို့ကိုစားသော သမိန်သံကျုပ်တစ်တပ်၊ သာယာဝတီကိုစားသော ဥဇနာတစ်တပ်၊ သည်တစ်ဆယ့်တစ်တပ်ကို တိုက်ဆင်နှစ်ရာ၊ မြင်းသုံးထောင်၊ ဝမ်းသည် သူရဲခြောက်သောင်းနှင့် ချီရသည်၊ မကောင်းသို့ ရောက်၍ သူ့လူကို တွေ့လျှင် နန္ဒယောဓာ ရဲမြတ်စွာ ဟူသော ဆင်ကိုစီး၍ တိုက်သည်၊ သမိန်ထောရာမ စစ်ဦးပျက်လေ၏။ တပ်မှူးစစ်ကဲ အပေါင်းတို့လည်း အဆီးအတား မရှိ ရှုပ်ရှုပ်ချွံချွံ ဆင်ချွန်းဖွင့်ကာ လွတ်လျှင် ပျက်လေ၏၊ သမိန်ထောရာမလည်း ရုံးမိသမျှသော ဗိုလ်ပါနှင့် အနောက်ဘက်သို့ သွား၍ လူသူ စည်းရုံးပြီးလျှင် ရေကြောင်း ကြည်းကြောင်း၊ သံလျင်သို့ ချီလာ၍ တိုက်လေ၏။ သံလျင်စား နန္ဒကျော်ထင်လည်း ဟံသာဝတီမှာ ရှိခိုက်ဖြစ်၍ မြို့ကိုရလျှင် အနိုင် အလုံ နေလေ၏။ ဘဝရှင် မင်းတရားရွှေထီးလည်း ထိုအကြောင်းကို ကြားတော်မူလျှင် ဘုရင့်နောင် ချီမှသာ အရေးတော်ပြီးလွယ်မည် အမိန့်တော်ရှိသည်ကို ဘုရင့်နောင်တော် ဤသို့ နားတော် လျှောက်သည်။ ယခု သူပုန်တို့သည် ကျေးစုန်ရွာလက်တို့ကို ဖျက်ဆီး၍ တစ်ချက်တစ်လက်တည်း ဖြစ်ကြလျှင်အင်အားကြီး၍ အလုပ်အကြံ ပျားရမည်မှာလည်း၊ အမှန် ဖြစ်တော့သည်။ ဘုရားကိုယ်တော်က

ဤသို့ ကြီးမှူးပုံမှာလည်း၊ အစကပင် ဖြစ်စေတော့သည် ဟူ၍ ကျောက်စာရှိသည်ကို ဘုရား ကို အင်အားကြီးလှသည်ဟူ၍ ကြံ့အတော်မူသည်။ မည်မျှသည် ၆၁၁ ခုနှစ်ကို ရနိုင်တော်မူ၍ အရာတော် အလျှင် မပြီးချေ။ နေ့ခင်းတော် ကြီးမှာ အ... တော်မူကြလေသည်။ ၆၂၅ ခုနှစ်ရောက်သောအခါ၊ ကောင်းမှု၊ ... စောလာ့နန်းမိဖုရား၊ သမီးတော်တို့ ရှိလေကြသည်။ အလျှင်ချို သားတော် ဟူ၍ ရှိတော်မူသည်။

ထုရင်နေ့ခင်းတော် ကျောင်းတင် နေ့ဝိုကာလည်း၊ အဘကကို မောင်နှမ ညီတော် သီလ၊ စောလာ့နန်းမိဖုရား၊ သမီးတော်တို့ကို အရပ် မင်းကတော့ အပါတော်မှ အစောင့်အနေနေလာသတော်မူ၍ သန်လျင်သို့ ချီတော်မူသည်။ စီရင်တော်မူသည်မှာ၊ ညီတော်နှမယောနာတစ်ထပ်၊ ဥစ္စာတစ်ထပ်၊ သမီး သင်္ဘောတစ်ထပ်၊ ညီတော် သမီးတောယကျောင်းတင်တစ်ထပ်၊ သမီးမှူးရတ်တစ်ထပ်၊ သမီးတော်နေ့ခေါ်ယာတစ်ထပ်၊ သမီးပြသိုက်တစ်ထပ်၊ သမီးသံကျယ်တစ်ထပ်၊ နန္ဒကျောင်းတင်တစ်ထပ်၊ သမီးတော်သာရတ်တစ်ထပ်၊ နန္ဒသကြံတစ်ထပ်၊ သမီး သင်္ဃတ်တစ်ထပ်၊ သမီးပရမ်းတစ်ထပ်၊ ဗုဒ္ဓဘကျော့တစ်ထပ်၊ သည်နေ့ကို ထုရင်နေ့ခင်းတော် အရပ်ပုစ်တောင် ရှိသော ဥစ္စာသည်အဆင့်ကို ရွေ၍၊ ရွှေ ထင်၍ စီတော်မူသည်၊ ထပ်အတော်တွင် နန္ဒသကြံကို ထပ်မှ၊ ဗေဒယတ် ဆက်တော်မူသည်။ လက်ဝဲရံတိုင် မြင်းထပ်လက်ယာရံတိုင် မြင်းထပ်၊ ယောဒယ မြင်းထပ်၊ ဧကသူရ မြင်းထပ်—သည် မြင်း၊ လေးတပ်နှင့် ထပ်သပင်၊ တစ်ဆယ့်ကိုးထပ်တွင်ပါသည့် ငိုက်ဆင်နှစ်ရာ၊ မြင်းလေးထောင်၊ ဗိုလ်မှု သောင်းနှင့် ချီတော်မူသည်။ သန်လျင်သို့ ရောက်တော်မူလျှင် စစ်မျက်နှာသုံး ကြောင်းဖြင့်၍ တိုက်တော်မူသည်။ သမီးတော်ရာမဟာ ရမက်ဒိုလ်ဝါသားများ သည် ဆင်မြင်းလက်နက်စီးယာနည်း၍ ပျက်လေ၏။ သမီးတော်ရာမလည်း၊ မှိုင်းမျှသော အလုံအရင်နှင့် အနောက်သတ်ကျေးရွာသို့ ပြေးလေ၏။ ထုရင်နေ့ခင်းတော်လည်း၊ သန်လျင်ကိုအောင်မြင်တော်မူ၍ တစ်ဆယ့်ကိုးထပ်သား နှင့် အတူဝင်နေတော်မူသည်။

## မင်းတရားရွှေထီးကို လက်ဝဲမှူးလုပ်ကြံ၍ လွန်လျှင် ဘုရင့်နောင် ကျော်ထင် နော်ရထာ ဘိသိက်ခံယူသည့်အကြောင်း၊

တစ်ရှင် မင်းတရား ရွှေထီးလည်း၊ သက္ကရာဇ် ကိုးရာတစ်ဆယ့်တစ်ခု၊ တန်ခူးလတွင် ဇာတာဒေဝီမသန့် ယာယီရှိသည် ဟူ၍ ပညာရှိတို့ လျှောက်၍ ဗိုလ်ခင်တစ်ရာ၊ မြင်း၊ နှစ်ထောင်၊ စစ်သည် သွင်း လေးသောင်းနှင့် ဟံသာဝတီသည် ပန်းတနော် တင်သို့ ပြောင်း၍ နေတော်မူသည်၊ ထင်ဒေသဝါ တောင်ငူသား သိဟသူကို ဟံသာဝတီတွင် နေစေသည်။ စစ်တောင်းမြို့ကိုလည်း မင်းမဟာ လွန်၍ သမိန် စောထွတ်ကို ပေးတော်မူသည်။ သမိန်စောထွတ်နှင့် စောလကျွန်းသိမ်ကို အပေါ်တော်တွင် ညှဉ်းဆဲ စောင့်နေရသည်။ သမိန် စောထွတ် ညီနှစ်ယောက် ကိုသည်၊ လက်ဝဲ ဝေးမှူးလက်ယာဝေးမှူး ခန့်တော်မူသည်။ တစ်ရှင် မင်းတရားရွှေထီးလည်း၊ ပန်းတနော် တံတော်တွင် ဆယ်လနေ နေတော်မူသည်။ ပြီးလျှင် ရန်ကုန်သို့ ပြောင်း၍ နေတော်မူသည်။

ရန်ကုန်သို့ ပြောင်း၍ နေတော်မူစဉ် အရှေ့ဘက်ကသော ဟူသော အရပ်တွင် ဆင်ဖြူ ပေါ်သည် ဟူ၍ စစ်ထောင်းစား သမိန် စောထွတ် လျှောက်သည်ကို ယုံတော်မူ၍ ကသာသို့ ကူးတော်မူသည်။ အလိမ်ဘုရား အနီးတွင် တပ်ချ၍ နေတော်မူသည်။ စောလကျွန်းသိမ်ကိုလည်း ငါ့ထံလွှတ်တော် ရမည်။ မှာမှာ ခဲ့ဖက်ဝိုလ်ပေါ် မှုံးစုဝေ့ ဟူ၍ မှာလိုက်သို့ စေတော်မူသည်။ စောလကျွန်းသိမ်လည်း ကိုယ်တော်နှင့် ကျွန်တော်ကို မကွာစေနှင့်၊ ဘုရင့်နောင်တော် မှာတော်မူသည် ဟူ၍ အကြိမ်ကြိမ် လျှောက်သော်လည်း၊ သမိန်စောထွတ်မရှိလေ၍ သွားလေတော့ အမိန့်တော် ရှိလျှင် အဘာကို မဆန့်ငြင်း မှာမည် ဟုရလေသည်။ စောလကျွန်းသိမ် အပေါ်တော်တွင်မရှိလျှင် စစ်ထောင်းစားသမိန်စောထွတ်လည်း၊ ညီလက်ဝဲဝေးမှူးလက်ယာဝေးမှူးတို့နှင့် အကြံတူ တိုင်ပင်ရင်း၊ ရှိ သည့်ကြိမ်၌ သက္ကရာဇ် ၉၁၂-ခု၊ ကဆုန်လပြည့်ကျော်တစ်ရက် ဗုဒ္ဓဟူးနေ့သို့ အဝင် ညဉ့် သုံးချက်တီးကျော်တွင် တစ်ရှင်မင်းတရား ရွှေထီး စက်တော် ခေါ်ရင် လက်ဝဲဝေးမှူးသည်၊ မိမိခဲ့သော ဓားနှင့် လုပ်ကြံလေသည်။ ဦးခေါင်း ဖြတ်၍ သက္ကန်ဝေး အစ်ပြီး စေ့ကျ လေသည်ကို ပိုးဖလားဖြင့် ဖုံးအုပ်၍ ကြိုးဆောင် သက်ရှိသော သူတို့သည် ပျက်တောင် ထပ်ထပ် ရှိသည်။ နေ့ ထမင်းချက်ထီးကျော်မှ ပြီးသော ဟူ၏။

ထိုအကြောင်းကို ဇေတဝန်ကျောင်း ဆရာတော် ကြားလျှင် ဟံသာဝတီပြည်ကြီးကို မှန်ထို့ ဦးစွန်း မပြုရချေ ပြုံးသာ ဦးစွန်း ပြုလေ ဟူ၍ ဇက်လေး

ဘဝရှင် ပင်းတလားရွှေထီး ကလေသင်း ကိုလည်း ဆရာတော်ကြီး တောင်းပန်၍ ကောင်းမှုစွာ သင်္ဂြိုဟ်ပြီးလျှင် အရိုးတော်ကို ရွှေပုံးလျှင် ထည့်၍ ကျိုက်ပွဲသော အရပ်၌ မြှုပ်လေ၏။

မင်းတရား ရွှေထီးကား၊ သက္ကရာဇ် ၈၇၈-ခု၊ ကဆုန်လပြည့်ကျော်တစ်ရက်၊ ဗုဒ္ဓဟူးနေ့ မနက်တစ်ချက်တီးတွင် ဖွားတော်မူသည်။ အိမ်နိမ့်တစ်ဆယ့်ငါး စည်းစိမ် နှစ်ဆယ်သို့ အဝင် သက်တော် သုံးဆဲ့ငါးနှစ်တွင် နတ်ပြည် စံတော်မူချေသည်၊ နံတော် ဗုဒ္ဓဟူးသားတည်း။ စစ်တောင်းစား သမိန်စောထွတ်လည်း ဘဝရှင် ပင်းတလားကို လုပ်ကြံပြီးလျှင် အပါးတော်မှာ ရှိသော အမှုးအမတ် သူကောင်း သားမြေးတို့ကို ဖမ်း၍ သတ်လေ၏။ အချို့လည်း ဟံသာဝတီသို့ ပြေးလေ၏၊ အချို့လည်း တောင်ငူသို့ ပြေးလေ၏။ အချို့လည်း မုတ္တမသို့ ပြေးလေ၏၊ ယင်းသို့မှ မင်းတရား ရွှေထီးတွင် ပါသော ဆင်လုံး မြင်းရင်းတို့ကို သိမ်းယူ၍ မိမိနှင့် အလိုတူသော အမှုးအမတ် ခေါင်းကြီး တို့ကို သစ္စာ ပေးပြီးလျှင် သမိန်စက္ကဝေါ ဟူသော အမည်ကို ခံ၍ စစ်တောင်းမြို့ကို ဝင်၍ မင်းပြုလေ၏၊ နောက်ဟံသာဝတီသို့ ချီ၍ မင်းပြုလေ၏။ ဘဝရှင် မင်းတရား ရွှေထီး နတ်ပြည် စံတော်မူလျှင် အပါးတော်တွင် စေပါးတော်မူသော တုရင် သီဟ အမတ်သည် ထပ်တော်က ပြေးထွက်ခဲ့၍ လှေငယ် တစ်စင်းကို ရလျှင် ကျွန်ရှစ်ယောက်နှင့် လှော်စီး၍ မက္ကုန်းဟူသော အရပ်သို့ကူး၍ ညဥ့်သုံးချက်တီးကျော်ကို ဟံသာဝတီသို့ ရောက်လာသည်။ တုရင် သီဟ ရောက်၍ အကြောင်း မျိုးကို ဘုရင့်နောင်တော် မိဖုရား ကြားတော် မူလျှင် ယင်းသည် အကြောင်း များကို စာရေး၍ မြောက်သားတော်ရှိရာ လေမြို့သို့ တုရင်သီဟကိုပင် စေတော်မူသည်။ ဘုရင့်နောင် ညီတော် သီဟသူ မှကား၊ ဟံသာဝတီတွင် ရှိသော ဆင်လုံး မြင်းရင်းနှင့် လိုက်လိုသော အမှုး အမတ်တို့ကို ခေါ်၍ တောင်ငူမြို့သို့ အပြင်းချီ၍ မြို့ပြ ကျုံး၊ မြောင်း၊ ကတုတ်ရင်တား ပြင်ဆင်ပြီးလျှင် မင်းခေါင်ဟူသော အမည်ကို ခံ၍ ခြားနားလေ၏။ သမိန်စောထွတ်လည်း သမိန်စက္ကဝေါ ဟူသောအမည် ကိုခံ၍ စစ်တောင်းတွင် တစ်လခွဲခန့် နေပြီးလျှင် သီဟသူ ဟံသာဝတီကသည် တောင်ငူသို့ သွားလေပြီကြား၍ ဟံသာဝတီသို့ ချီလာသည်။ ရောက်လျှင် ရွှေနန်းတော်ကို တက်၍ မင်းပြုလေသည်။ မြည်မင်း သတိုးဓမ္မရာဇာ လည်း သတိုးသူဟူသော အမည်ကိုခံ၍ မြည်မြို့ကို ခြားနားလေ၏။ သရက်၊ မြေထဲ၊ စကု၊ စလင်း၊ ဘောင်းလင်း၊ လယ်ကိုင်း၊ ပုခန်းငယ်၊ စဥ့်ကူ၊ စလေ၊ ပုဂံ၊ ငသရောက်၊ တုံးရွှင်းတိုင်၊ ကျောက်ပန်းတောင်း၊ ပဋ္ဌနဂို၊ တောင်တွင်း-သည်

မြို့များလည်း မိမိတို့မြို့ကို အခိုင်အလုံချည်း နေကြလေကုန်၏၊ မွန်မြန်မာ
သူရင်းလည်း အရှုရှု ခြားနားကြလေ၏။

ဘုရင့်နောင် ကျော်ထင် နော်ရထာလည်း ရှင်မိဖုရား စသော ဘုရင်
သေ လောက်၍ အကြောင်းမျိုးကို စေ့ငုစွာ ကြားတော်မူလျှင် သေတွင်ရှိသော
မြန်မာ အမတ်၊ မွန် အမတ်၊ ရှမ်း အမတ် တို့ကို ခေါ်တော် မူ၍
တိုင်ပင်တော် မူသည်။ အချို့သော အမတ်ကလည်း "ဟံသာဝတီကို အလျင်လုပ်
ကြံတော်မူ၍ အခိုင် အလုံ နေတော်မူမှ သင့်မည်" ဟူ၍ လျှောက်ကြသည်။
အချို့သော အမှူး အမတ်ကလည်း "ဟံသာဝတီမှာရှိသော ရှင်မိဖုရားကို ယူတော်
မူ၍ ခလမြို့တွင် အခိုင်အလုံ အရပ်အနေ ပြုတော်မူပြီးမှ ဟံသာဝတီမြို့၊
သရေခေတ္တရာမြို့တို့ကို လုပ်ကြံတော် မူမှ သင့်မည်" ဟူ၍ လျှောက်ကြသည်။
ယင်းသောအခါ၊ ရန်အောင်ဘီလူး ဟူသော အမတ် လျှောက်သည်။ "ယခု
မြည်ရေးကို ထောက်ချေသော် ဝါးအစည်းပြေသကဲ့သို့ ကရဲ ကသီ ကစဉ့်
ကလျား မွန် မြန်မာ ရှမ်းတို့သည် အစုစုရှိချေသည်၊ သို့ရာတွင် ခလမြို့သည်
မွန်တို့အရပ် ဖြစ်ချေသည်။ မွန်တို့ အင်အားကိုထောက်သော် ပျား
အုံကို လက်မထိ စောက်သကဲ့သို့ ရှိချေသည်။ ကျွန်တော်တို့ မြန်မာမှုကား–
နည်းချေသည် ဖြစ်သောကြောင့် မွန် အမတ်ကြီးတို့ကို သစ္စာပေး၍ ဒဂုန်၊
ဒလ၊ မနုပြ၊ ကုသုတ်၊ ဟသာတ၊ လှိုင်–သည်မြို့များကို ကျေးဇူး ခံတော်
မူပြီးမှ သမည်းတော် နေပြည်တော် ကေတုမတီသို့ ချီတော်မူမှသင့်မည်" ဟူ၍
နားတော် လျှောက်သည်။ ဘဝရှင် ပင်းတရား နောင်တော်လည်း "သည်အရေး
သည် သင့်လှသည်" ဟူ၍ မိန့်တော်မူပြီးလျှင် မွန်အမတ်ကြီးတို့ကို သစ္စာတော်
ပေး၍ အနေ့ကဲ့အကဲမြို့တစ်လွှားကို ကျေးဇူးချည်း ထည့်ခဲ့၍ အလုံ အရင်း
ဆင် မြင်း၊ ဗိုလ်ပါများနှင့် ကေတုမတီသို့ ဒဂုန်ကို ကူးတော်မူ၍ အမြင်း ညဉ့်
မဆို ချီတော်မူသည်။

ယင်းကသည် မနုတောသို့ ရောက်တော်မူသည်။ ယင်းကသည် မကော်သို့
ရောက်တော်မူလျှင် ဟံသာဝတီသို့ မဝင်ဘဲ ဒါကျွန်တောင်ကို သန်း၍ ချီတော်
မူသည်။ ဒါကျွန်တောင်တွင် သမိန်ဗရမ္မဝေါက ဗညားလကို ဆင်လုံး မြင်း
ရင်းနှင့် သိုးကြိုး၍ လိုက်လာရသည်။ ထိုသို့ လိုက်လာသော်လည်း ရန်တုံ့ မမူ
ပကတိအားဖြင့် ချီတော်မူသည်။ ယကြင် ဥယျာဉ်ကား၊ တောသုံးတောင်ကို
အစိုးရသော ငယ်သရာဇာ ခြမ်းပင်းသည် မြို့တူးစီးယံသောအခါ မြေခေး
ညောင်ချေးငယ်တို့သည် မှန်ပြုလိုသောငှါ ချင်းတို့အသဖြင့် ယောင်သော်လည်း

မတုန်မလှုပ် မကြောက်မရွံ့ ရဲရင့်ခြင်းနှင့် ပြည့်စုံစွာ တည်တံ့သကဲ့သို့ အနတ်သို့ ချီတော်မူသည်။ ဟင်းခနွေ ဟူသော အရပ်သို့ ရောက်တော်မူလျှင် မှင်စိမ့်ရုပ်ခေါင်လည်း ဟံသာဝတီက အခြွေ အရံ အပေါင်းနှင့် ရွှေဝေါ်စီး၍ ထွက်လာသည်ကို တွေ့တော်မူသည်။ ယင်းသို့ တွေ့တော်မူရာတွင်မှ ညီတော် သီဟသူမင်းခေါင်ခံ၍ တောင်ငူကို သိမ်း၍ ခြားနားလေကြောင်းကို စေ့ငုစွာ သိတော်မူလေသည်။ ဟင်းခနွေတွင် သုံးရက် ရပ်ဆိုင်းတော်မူ၍ ယင်းကမှ ချီတော်မူသည်။ တောင်ငူသို့ မရောက်ခင် ဆယ်တိုင်ကျော်ခန့် ရွာသပ်ကြီး အရှေ့လွင်လယာတွင် နေတော်မူ၍ တပ်ခင်းတပ်ရာ အနေအထားတို့ကို ကြည့်ရှုတော်မူသော်၊ အရှေ့လည်း ပေါင်းလောင်းမြစ်နှင့် နီးသည်။ တောင်ငူမြို့နှင့်လည်း တစ်စခန်းသာခြားသည်။ ဤအရပ်သည် သင့်မြတ်လှသည် ဟူ၍ ပညာရှိတို့ လျှောက်လျှင် မြို့သစ်ရွာတွင် တပ်ချ၍ နေတော်မူသည်။ ယင်းသောအခါ တုရင်တော်ကို ကိုင်စေသော မှန်မတမိ တစ်၊ ဒါကျွန်စားဖြတ္တပ တစ်၊ ရှမ်းအမတ် ဖြတ်စ တစ်–သည်သုံးယောက်သည် ခရီးသို့ ရောက်မှ သားမယားကိုယူမည် ဟူ၍ ဟံသာဝတီသို့ ပြန်လေသည်။

ဘဝရှင် မင်းတရားကြီး နောင်တော်ဘုရားလည်း မြို့သစ် ရေပုပ်တပ်တော်သို့ ဇေယဝတီ ဟူသော အမည်ကို သမုတ်တော်မူ၍ ဆင်လုံး မြင်းရင်းအများနှင့် ဝိုင်းဝင် ခံနေတော်မူသည်။ နှစ်လခန့် ရှိလျှင် ညီတော် သီရိဇေယကျော်ထင်၊ ညီတော်အလတ် နန္ဒယောဓာ စသော မှူးတော် မတ်တော် ဒေါဗညား အပေါင်းတို့ကို ခေါ်တော်မူ၍ တိုင်းပြင်၊ ခင်းကျင်းတော်မူသည်။ “ဟံသာဝတီသို့ ပြန်၍ အရုံးအစု အညီ အညွတ် မရှိခင် လုပ်ကြံတော် မူရသော်တည်း သင့်မည်လော၊ သည်တွင် အနေအထား ကျအောင် စီရင်တော်မူ၍ အနေအထား ကျပြီးမှ ကေတုမတီသို့ ချီတော်မူသော်တည်း သင့်မည်လော” ဟူ၍ “အရေးအရာကို တိုင်ပင်တော်မူသော်၊ အချို့သော အမှူးအမတ် တို့ကလည်း “ဟံသာဝတီသို့ အလျင် ချီ၍ လုပ်ကြံတော်မူမှ သင့်မည် လျှောက်ကြသည်။ အချို့ အမတ်တို့ကလည်း၊ “မှန် မြန်မာ ပြေးပုန်းလေသည်များကိုလည်း သည်တွင် ရုံးစုတော်မူ၍ အနေအထား ကျပြီးမှ ကေတုမတီသို့ ချီတော်မူမှ သင့်မည်” အရေးကို လျှောက်ကြသည်။ ယင်းသောအခါ သီရိဇေယနော်ရထာ ဟူသော အမတ် လျှောက်သည်ကား၊ “ယခုအရေးကို ထောက်သော် နှေးနှေးဖြည်းဖြည်း လုပ်ကြံတော် မူရမည် အရေးမဟုတ်၊ လျှင်လျှင်ဆောဆော စစ်ဦးဘီလူးပေါ် လုပ်ကြံတော် မူရမည်အရေး ဖြစ်သည်။ ညီတော် မင်းခေါင်လည်း၊ တောင်ငူ နေရင်းမဟုတ်၊

ယသီသော ဖြစ်သည်။ အရေး အရာ မညီ မညွတ်ခင် ကေတုမတီသို့ အလျင် ချီတော်မူ၍ လုပ်ကြံတော်မူမှ သင့်မည် ယင်သည်ဟု၍ နားတော် လျှောက်သည်။ ဘဝရှင် မင်းတရားကြီး နောင်တော် ဘုရားလည်း သိရိဇေယနော်ရထာ လျှောက်သော အရေးသည် သင့်လှသည် ဟု၍ မိန့်တော်မူပြီးလျှင် တောင်ငူသို့ ချီတော်မူမည်ကို စီရင် ခန့်ထားတော် မူစဉ်တွင်—

(ဒါပ်မက် မြင်တော် မူသည်ကား၊ သရက်တစ်ပင်တွင် ငါးလုံး သီးသည်။ အကောင်းဆုံး သရက်သီးကို ချွတ်၍ စားတော်ပေါ် မက် သည်။ သည်အိပ်မက် အလိုသော်ကား၊ ညီတော်လည်း မင်းခေါင် ဖမည်ကို ခံ၍ ကေတုပတီကို မင်းပြုသည်။ အခေါင်မှာ သရက်သီးကို စားတော်ခေါ်မက်သည်နှင့်အညီ ညီတော်ကိုယ်နှင့်တကွ ကေတုမတီ၌ အလုံးကို ရတော်မူမည် ဟု၍ ဖတ်တော်မူသည်။)

ယင်းသောခါ ဟံသာဝတီမှာလည်း သမိန်စောထွတ်သည် စစ်တော်က ရှိ၍၊ ဟံသာဝတီမှာ နန်းတက်သည်ကို မူးကြီး မတ်ရိုင်တို့ မညီညွတ်၍ သုံးလခန့် ရှိလျှင် နန်းကချ၍ မုတ္တမမှာရှိသော သမိန်ထောဓမကို ချီပင့်၍ နန်းတင်ကြလေ၏။ ။ဟံသာဝတီတွင် ရှိသော အဲမွန်တရာ တစ်၊ ဓမ္မယောဓ တစ်၊ ရဲယောဓ တစ်၊ တုရင်ဗလ တစ်၊ သာရကာမူး တစ်၊ အပေါက်မူး တစ်၊ ညသားပရွှး တစ်၊ အိတ်မွတ်ထော တစ်— သည်သူတို့သည်၊ မွန်တို့ကျွန်ကို မခံပြီ ဟူ၍၊ သားမယားတို့ကိုယူ၍ အခြွေအရံ အလုံးအရင်း လူသုံးထောင်ကျော် ခန့်နှင့် ဘဝရှင် မင်းတရားကြီး နောင်တော်ဘုရား မြေရင်းတော်သို့ ရောက် လာ၏။ အရှေ့ဘက် မုတ္တမကလည်း အဲပရဲ တစ်၊ စွန္တရာသီ တစ်၊ ပိုက်တမြင်း တစ်— သည်သုံးယောက်နှင့် မူးသား မတ်သား တစ်ကျိပ်ကျော်တို့သည်၊ သား မယား ကျေးကျွန် လူတစ်ထောင်ကျော်ခန့်နှင့် မြေရင်းတော်သို့ ရောက်လာ၏။ တောင်ငူကလည်း ဘယဇေယ တစ်၊ ဆင်မူးဗလကျော် တစ်၊ တောင်ငူသူရဲမူး တစ်၊ အတွင်းသင်းမူး တစ်— သည်သူတို့သည်၊ အထက်က မင်းတရားရွှေထီး မရှိ၍၊ မင်းခေါင် တောင်ငူသို့ ချီတော်မူလာကပင် ပြေးထွက်၍ တောမှာ ပုန်းနေသည်။ နောက် နှစ်လကျော်ခန့် ရှိမှ မြေရင်းတော်သို့ အခြွေ အရံ လူ ခုနစ်ရာကျော် ခန့်နှင့် ရောက်လာသည်။ ဘဝရှင် မင်းတရားကြီး နောင်တော် ဘုရားလည်း ရောက်လာသော အမူး အမတ် ခေါင်းအကြီးတို့ကို ဆုလာဘ် ပေးတော်မူ၍ သစ္စာတော် ခံစေပြီးလျှင် အမှုတော်ကို ထမ်းရသည်။

ယင်းသို့ ကေတုမတီသို့ ချီမည်ကို ခင်းထားတော် မူသည်ကား၊ လက်ယာ ရံတိုင်မြင်းတစ်ထောင်နှင့် တစ်တပ်၊ တုရင်ဗလမြင်းတစ်ထောင်နှင့် တစ်တပ်၊ သည်နှစ်တပ်ကို ရှေ့ချီရသည်။ သည့်နောက် သီရိဇေယကျော်ထင် တစ်တပ်၊ ညီတော်အလတ်နန္ဒယောဓာ တစ်တပ်၊ ညီတော်အငယ်မင်းရဲကျော်ထင် တစ်တပ်၊ သားတော်မင်းရဲကျော်စွာတစ်တပ်၊ သီရိဇေယနော်ရထာတစ်တပ်၊ လက်ဝဲသေနာ တစ်တပ်၊ မြောက်ထောင်မှူး ဘယနန္ဒသူတစ်တပ်၊ အဲမှန်တရာတစ်တပ်၊ သီရိရမ္မ ရတ်တစ်တပ်၊ နန္ဒစည်သူတစ်တပ်၊ ယင်းကမှဘဝရှင်မင်းတရားကြီးနောင်တော် ဘုရား နောက် တပ်မ ပြု၍ ချီတော်မူသည်။ တပ်တော်တွင် နန္ဒသူကို တပ်မှူး ရာဇာမင်းကို စစ်ကဲ ခန့်တော်မူသည်။ မြင်းတပ် နှစ်တပ်နှင့်တကွ တပ်ပေါင်း တစ်ဆယ့်သုံးတပ်တွင်ပါသည့် တိုက်ဆင်နှစ်ရာ၊ မြင်းနှစ်ထောင်၊ စစ်သည်သူရဲ နှစ်သောင်းနှင့် ကြည်းကြောင်း ချီတော်မူသည်။ ရေတပ်ပေါင်း လေး ကြောင်းချီရာမှာ ရာဇဗလတစ်တပ်၊ စန္ဒယောဓာတစ်တပ်၊ ရာဇသင်္ကြံတစ်တပ်၊ နန္ဒရာဇီတစ်တပ်၊ ဇိတ်မြဲတစ်တပ်၊ ဘယသင်္ကြံတစ်တပ်၊ သည်ခြောက်တပ်တွင် ဘယသင်္ကြံကို ဗိုလ်ချုပ် ခန့်တော်မူသည်။ သာရကာမှူးနှင့် တောင်ငူ သူရဲမှူးကို စစ်ကဲ ခန့်တော်မူသည်။ ခြောက်တပ်တွင် ပါသည့် ကတ္တူ လှေနှီးကြင်တစ်ရာ သုံးဆယ်၊ လှော်ကားကြေးလှေ ခုနစ်ဆယ်၊ စစ်သည် သူရဲ ခြောက်ထောင် သည်လှေများတွင် မြို့ပြ အမြောက်ကြီးများကို တင်ခဲ့ရသည်။

ဤသို့ ရေအား ကြည်းအား စီရင်တော်မူ၍၊ သက္ကရာဇ် ၉၁၂-ခုနှစ် တော်သလင်း လပြည့်ကျော် နှစ်ရက်၊ အင်္ဂါနေ့၊ ကေတုမတီသို့ ချီတော်မူသည်။ ရောက်တော်မူလျှင် ညီတော်သီရိဇေယကျော်ထင်တစ်တပ်၊ ညီ တော် အငယ် ဇေယနန္ဒာတစ်တပ်၊ လက်ဝဲသေနာတစ်တပ်၊ သီရိဇေယနော်ရထာတစ်တပ်၊ ဘယနန္ဒ သူတစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင်ခြောက်ဆယ်၊ မြင်းခုနစ်ရာ၊ စစ်သည် သူရဲ နှစ်သောင်း ငါးထောင်နှင့် မြို့ကိုအရပ်က တပ်ခိုင် တပ်လုံ တည်၍ ရံရ သည်။ ညီတော်နန္ဒယောဓာတစ်တပ်၊ အဲမှန်တရာတစ်တပ်၊ နန္ဒသင်္ကြံတစ်တပ်၊ သီရိရမ္မရတ်တစ်တပ်၊ နန္ဒစည်သူတစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင်ခြောက် ဆယ်၊ မြင်း ခုနစ်ရာ၊ ဗိုလ် နှစ်သောင်းငါးထောင်နှင့် ကဲလင်းအရပ်က တပ်ခိုင် တပ်လုံ တည်၍ ရံရသည်။ ယင်းသို့ ရေအား၊ ကြည်းအား ရံတော်မူသည်ကို ဘုရင်မင်းခေါင်က တပ်မတည်ရသောင် သင်္ကြံ့ကြံ၍ ထွက်၍ တိုက်သည်။ မတိုက်မခံနိုင်၍ ဟယ်တည်ရာလျှင် မြို့တွင်းသားတို့ ကျဉ်းမြောင်းလေ၏။ ရံ၍ လေးလခန့်မျှရှိလျှင် မြို့တွင်းက အမှူး အမတ် ခေါင်းအကြီးတို့လည်း မြင်တပ်သို့

ပျံလွှားကျက်လာကုန်၏။ ဖြေရှင်းတော်သို့ ရောက်လာသော သူ့ကိုကိုလည်း မွတ်မှု အစွာတော်ပေး၍ အမှုဒေါက်ကို ထမ်းရသည်။ ယင်းသို့ မိရှင်တော်မှလျှင် မြို့တွင်းသား အမှုထမ်းတို့သည်လည်း မြင်တော်သို့ချည်း ပျံလွှားကျက်လာကုန်၏။ ယင်းသို့လျှင် မြို့တွင်းမှာ အမှုထမ်း နည်းပါးလေ၏။ အမှုထမ်းမရှိလျှင် တောင်ငူ ဘုရင် မင်းခေါင်လည်း ကြောက်ရွံခြင်း ဖြင်းစွာဖြင့် သမည်းတော် ဆာ တော်ကြီးကို တောင်းပန်၍ စည်းစိမ် မပျက်၊ အသက် မသေ၊ နိုင်မည် အကြောင်းကို မြင်တပ်သို့ လှူက်၍ လျှောက်ထားရ၏။ ဘဝရှင် မင်းတရား ကြီး နောင်တော် ဘုရားလည်း သမည်းတော် ဆာတော်ကို ဤသို့ မိန့်တော် မူသည်။ ညီတော် မင်းတရား ရွှေထီး မရှိလျှင် ကျွန်ုပ်တို့ ညီ နောင် ငါးပါး သည် တစ်ချက်တည်းရုံးစု၍ ဟံသာဝတီကို နေရာည်ရှိသော် ခင်သိမ်းသော ရန်သူတို့သည် ဖြစ်ရှမ်းနိုင်မည်မဟုတ်၊ ထိုသို့ သိဟာသူသည် အမှုအားကို ကြံတော သောကြောင့် အလုပ်အကြံ များရသျှသည်။ ယင်းသို့ လူ့၌ မထိမှာ၍ မှား ငြီးသော်လည်း သိဟာသူသည် ကျွန်ုပ် ညီ ဖြစ်သည်။ အပြစ်မှုသောသည် မဟုတ်၊ ကျွန်ုပ်လည်း အထွတ်အမြတ် ရောက်လေပြီးသည်။ ကျွန်ုပ် ကျေးဇူးတော်ကို ခံတိုက်သော ဖြစ်စေတော့သည် ဟု၍ မိန့်တော်မူလျှင် အရေးတူသမျှ ကုန်၍ သက္ကရာဇ် ၉၁၂-ခု၊ တပို့တွဲလဆန်း ခုနစ်ရက်၊ တနင်္ဂနွေနေ့ အရေးတော်ပြီး သည်။ ထိုသို့ အောင်မြင်တော်မူလျှင် အလုံးအယက် နိုင်ထက်စီးက မပြုစေနှင့် ဟု၍ မောင်း ကြေးနင်း ကံမြစ်တော်မူသည်။ ကောဘမတီတွင် ရှိသော မင်းမှူး မင်းမတ် ခေါင်းအကြီး အမှုထမ်းတို့ကို သစ္စာတော်ပေး၍ အမှုတော်ကို ထမ်း ရသည်။ ဤသို့ ပြည်အလုံးကို စီရင်ခန့်ထားတော် မူပြီးမှ ယာယီနန်း ဆောက်၍ သိမ်းကိုက်ခံတော်မူ သည်။

---

## ဆင်ဖြူများရှင် မင်းတရားကြီး အမည်ရသော ဘုရင့်နောင် ကျော်ထင် နော်ရထာ-အကြောင်း

ဆင်ဖြူများရှင် မင်းတရားကြီး အကြောင်းတော်ကား။ တောင်ငူကို မင်းပြု သော မင်းခေါင်ငယ် မြေးတော် မင်းသမီး ကလေးနဝတီကို တောင်ငူ မင်းကြီး နှင့် စုံဖက်တော်မူရာတွင် မြင်သည်။ သားတော် သမီးတော် ကား။ တောင် ဘုရင် မင်းရဲသီဟသူ တစ်ပါး၊ နှမတော် မနော်ဟာ တစ်ပါး၊ အညီနှစ်ပါးကို မြင်

သည်။ ။ပင်းယတစ်စီးရှင်သား ငါးစီးရှင် ညီတော်ဖြစ်သော ကျော်စွာမင်းသားတော် ဦးပါယင်း သက်တော်ရှည်၊ သားတော် အရေပွညာ၊ သားတော်ပုဏ္ဏားကိုစားသည့် သတိုးတစ်ပါး၊ ညီတော်စလင်းကိုစားသည့် စည်သူတစ်ပါး၊ ညီတော်တောင်ငူကြွယ်စစ်မင်းတစ်ပါး၊ မင်းညီနှောင်သုံးပါးတွင် တောင်ငူကြွယ်စစ်မင်း သမီးတော်အကြီးနှင့် တောင်ငူမင်းကြီး သားတော် မင်းရဲသီဟသူနှင့် စုံဖက်ရာတွင် သမီးတော်ဝမ္မဒေဝီ မိဖုရားတစ်ပါး၊ မောင်တော် သင်္ခြာများရှင် မင်းတရားကြီးတစ်ပါး၊ ညီတော် မုတ္တမဘုရင် မင်းရဲစည်သူတစ်ပါး၊ ညီတော် မြည်ဘုရင် သတိုးဓမ္မရာဇာတစ်ပါး၊ ယော်ကလူနှင့်သည်တစ်ပါး၊ပေါင်း ငါးပါးမြင်၍ မယ်တော် မိဖုရား အနိစ္စရောက်တော်မူလျှင် ခယ်မတော် အငယ်ကို မိဖုရားမြှောက်တော်မူသည်တွင် တောင်ငူ ကိုးသိန်းသခင် ဘုရင် မင်းခေါင်တစ်ပါး၊ညီတော် အင်းဝဘုရင် သတိုးမင်းစောတစ်ပါး ၊ပေါင်း-နှစ်ပါးတည်း။ (ကျိုက်သား ဒေဝသုဝဏ္ဏ ဆွေးသား စီရင်သော ရာဇဝင်ချုပ်နှင့် အညီတည်း)။ ။ ဘိသိက်ခံတော် မူပြီးလျှင် ညီတော် သီရိဇေယ ကျော်ထင်ကို မင်းရဲစည်သူ ဟူသော အမည်နှင့် ကွမ်းခွက်ရှစ်မြှောင့်၊ လက်ဖက်အိုး၊ တစ်ကောင်းဖုံး၊ ပတ္တမြား သုံးရစ်စီ ရွှေတွေးခံ၊ ရွှေချက်လေးစင်း၊ ဆင်ပေါင်းဝန်း ရွှေထည့်၊ မြင်း ရွှေကြိုး ရွှေဝေါပလာ၊ ကွက်စည်ကိုးလုံး၊ ငွေနှဲ ငါး၊ ရွှေခရာ ငါး-အစုံပေးတော်မူသည်။

ညီတော် နန္ဒယောဓကို သတိုးဓမ္မရာဇာ ဟူသော အမည်နှင့် ရွှေကွမ်းခွက်ရှစ်မြှောင့်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြား နှစ်ရစ်စီ ရွှေတွေးခံ၊ ရွှေချက်နှစ်စင်း၊ ဆင်ပေါင်းဝန်း ရွှေထည့်၊ မြင်း ရွှေကြိုး ရွှေက ဝေါပလာ၊ စည်ငါးလုံး၊ ငွေနှဲသုံး၊ ငွေခရာသုံး အစုံ ပေးတော်မူသည်။ ညီ သီဟသူကို မင်းခေါင် ဟူသောအမည်ကို ထပ်၍ ပေးတော်မူသည်။ ရွှေကွမ်းခွက်မြောက်မြှောင့်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားနှစ်ရစ်စီ ရွှေတွေးခံ၊ ရွှေချက်နှစ်စင်း၊ ဆင်ပေါင်းဝန်း ရွှေထည့်၊ မြင်း ရွှေကြိုး ရွှေက ဝေါပလာ၊ စည် ငါးလုံး၊ ရွှေနှဲသုံး၊ ငွေ ခရာ-သုံး အစုံ ပေးတော်မူသည်။ ။ညီတော် ဇေယနန္ဒကို မင်းရဲကျော်ထင် ဟူသောအမည်နှင့် ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ရွှေတွေးခံ၊ ရွှေချက်တစ်စင်း၊ ဆင်ပေါင်းဝန်း၊ ရွှေခွက်၊ မြင်း ရွှေကြိုး ရွှေကား စည်ငါးလုံး၊ငွေနှဲသုံး၊ ငွေခရာ နှစ်စင်း ပေးတော်မူသည်။ မင်းဆွေစိုးမျိုးမှူးကြီး ပက်ကြီးတို့ကိုလည်း အမည်အရည် အဆောင်အရွက် အထိုက်အလျောက် ပေးတော်မူသည်။ ဆင်သည် မြင်းသည် သူရဲသူခက် အပေါင်းတို့ကိုလည်း ကျေးရွာ

ငွေ ငွေ အဝတ် ပုဆိုး ပေးတော်မူသည်။ နေတော်မူသော ထဲတော်ကိုလည်း ကျောင်းရုံလေးဆယ်နှင့် တကွ ကျောင်းကြီး ဆောက်တော်မူ၍ ဘုရားတော် သစ္စာဂူဗွားအား လှူတော်မူသည်။ ထိုး တရားတော် အလှူရှိသော ပရိက္ခရာ တို့ကိုလည်း အနံ့ချည်း စီရင်၍ လှူတော်မူသည်။ ဘုရားသည် ဘုရား ညီနောင်ကိုလည်း ထီး ချရားသိကဏ္ဍသည်၊ မြေတိုင်အောင် ရွှေသည့်တော်မူသည်။

ယင်းသို့မှ ကေတုမတီမြို့ကို အခန့်အညား ကျုံးခဲ့ဆင် စီရင်တော် မူ၍ ညီတော် သားတော် မြေးတော် မတ်တော် အသပါင်းတို့ကို ခေါ်တော် မူ၍ "ယခု ဟံသာဝတီသို့ ချီတော်မူရသော်တည်း သင့်မည်လော၊ အရေခေတ္တရာ ပြည်သို့ ချီတော်မူ၍ လုပ်ကြံတော် မူရသော်တည်း သင့်မည်လော၊ ရာနာ ပူရသို့ စမ်းချီ-ချီရသော်တည်း သင့်မည်လော"ဟူ၍ မိန့်တော်မူသည်ကို၊ အချို့ သော မြေးတော် မတ်တော်တို့က "ကေတုမတီတွင် ဘဝရှင် မင်းတရား နေတော် မူ၍ ညီတော် သားတော်တို့ကို အင်းဝသို့ စမ်းချီ-ချီစေသော် သင့်မည်ထင်သည်" ဟူ၍ လျှောက်ကြသည်။ အချို့သော မြေးတော် မတ်တော် တို့ကလည်း "ဟံသာဝတီကို အညီအညွတ် မရှိခင် ချီတော်မူမှ သင့်မည် ထင်သည်" ဟူ၍ လျှောက်ကြသည်။ ယင်းသောခါ နန္ဒစည်သူ လျှောက်သည်ကား၊ "ယခုသည် ကေတုမတီကို အလိုပြည့်ပြီ။ ကေတုမတီတွင် မှန် မြန်မာ ရှမ်း အစုစု ရှိသည်။ မြန်မာကို ထောက်သော် နည်းသေးသည်။ မြန်မာကို များအောင် သည်းပုံးတော် မူရဦးမည်။ ဟံသာဝတီသည် မွန်ပြည်ဖြစ်၍ မွန်တို့ များလှသည်။ ယင်းသို့ ဖြစ်သောကြောင့် သရေခေတ္တရာသို့ အလျင် ချီတော် မူ၍ လုပ်ကြံတော်မူသင့်သေးသည်။ ကြာချေသော်၊ ပြည်စား သတိုးသုသည် အကြံအစည်များ၍ အမိုးအခို ရှာချိမ့်မည်။ ယင်းသို့လျှင် အလုပ်အကြံ များချိမ့် မည်" ဟူ၍ နားတော်လျှောက်သည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း နန္ဒစည်သူလျှောက်သော အရေးကို ကြိုက်တော်မူ၍၊ သရေခေတ္တရာသို့ ချီတော် မူမည်ကို စီရင်တော် မူသည်။ ချီရသော တပ်စဉ်ကား၊ လက်ယာရဲတိုင် မြင်းတပ်၊ ရာဇာဘမန် မြင်းတပ်၊ တရင်ဗလ မြင်းတပ်၊ လက်ယာယောဓာ မြင်းတပ်၊ လက်ဝဲရဲတိုင် မြင်းတပ်— သည်ငါးတပ်ကို ရွေးချီရသည်။ သည်နောက် ညီတော် ပင်းရဲစည်သူ တစ်တပ်၊ ညီတော် သတိုး ဓမ္မရာဇာ တစ်တပ်၊ ညီတော်အငယ် မင်းရဲကျော်ထင် တစ်တပ်၊ သီရိဇေယ နော်ရထာ တစ်တပ်၊ နန္ဒစည်သူ တစ်တပ်၊ သီရိဓမ္မရာဇ် တစ်တပ်၊ အဲမှန်တရာ တစ်တပ်၊ စွန္ဒယောဓာ တစ်တပ်၊ လက်ဝဲဘယ တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊

နေမျိုးကျော်ထင် တစ်တပ်၊ ယင်းကမှ ဘဝရှင် မင်းတရားကြီး တပ်မကြီး ချီတော်မူသည်။ တပ်မတော်တွင် သက်ရှည်ကျော်ထင်ကိုတပ်မှူး၊ ရာဇယောဂကို စစ်ကဲ ခန့်တော်မူသည်။ မြင်း ငါး တပ် နှင့် တကွ ပေါင်း တစ် ဆယ့် ရှစ်တပ်၊ တပ်ပေါင်း တစ်ဆယ့်ခုနစ်တပ်တွင်ပါသည့် တိုက်ဆင်နှစ်ရာ့ငါးဆယ်၊ မြင်း သုံးထောင်၊ စစ်သည်သူရဲ ကိုးသောင်းနှင့် သက္ကရာဇ် ၉၁၂-ခု၊ တန်ခူးလဆန်း ၂-ရက်၊ သောကြာနေ့၊ သရေခေတ္တရာသို့ ချီတော်မူသည်။ သားတော် မဟာ ဥပရာဇာ၊ ညီတော် မင်းခေါင်၊ ဘယသကြံ့ သည်သုံးပါးတို့ ဆင်လုံး မြင်းရင်းအပျားနှင့် ကေတုမတီတွင် အစောင့်အနေ ခန့်တော်မူသည်။

ချီတော်မူ၍ သရေခေတ္တရာသို့ ရောက်လျှင် အကြိမ်ကြိမ် မြို့သို့ချဉ်း၍ လုပ်ကြံတော်မူသည်။ သူက မြို့စီး ပြစီး ထူထပ်လှ၍၊ လက်နက် ကိရိယာ များသည်နှင့် လေ့တပ်က ကူညီ၍ အမြောက် မြထပူနှင့် ပစ်လျှင် အထိအပါ များ၍ အဝေးသို့ ဥါ၍ နေရချေသည်။ ယင်းသို့လျှင် ဘဝရှင် မင်းတရားကြီး ဘုရား ဤသို့ မိန့်တော်မူသည်။ "ယခု ငါတို့ ပြည်မြို့ကို အကြိမ်အဖန်များစွာ လုပ်ကြံတော်မူသည် မရချေ။ ရဲမက် ဗိုလ်ပါ တို့သာ ပင်ပန်း၍ ရှိချေသည် ဖြစ်သောကြောင့် မြေထဲ သရက် အစရှိသော အညာမြို့တစ်လွှားတို့ကို သိမ်းယူ တော် မူဦးမည်။ အညာတစ်လွှား လက်နက်နိုင်ငံတော် ဖြစ်မှ ရေကြောင်း၊ ကြည်းကြောင်း သရေခေတ္တရာသို့ ချီတော်မူမည်" မိန့်တော်မူသည်ကို၊ ညီတော် သတိုးဓမ္မရာဇာက "သည်အရေးသည် သင့်လှသည်" ဟူ၍ နားတော်လျှောက်လျှင် တပ်ကိုနုတ်၍ မြေထဲသို့ ချီတော်မူသည်။ မြေထဲစား မင်းရဲကျော်ထင်၊ လယ်ကိုင်း စား ဘယဓယာခေါ၊ မလွန်စား ဘယသကြံ့၊ စကုစား လက်ဝဲယောခေါ၊ ဝေါစား၊ မြင်ကွန်းစား၊ မင်းတုန်းစား၊ တိုင်တားစား၊ မင်းတပ်စားတို့သည် သားသမီး ဆင်ကြီး မြင်းကြီးတို့ကို လက်ဆောင်တော် ဆက်၍ ခြေတော်ဦးတင် လာ၏။ ယင်းသို့ ဝင်လာသမျှ မြို့စားတို့ကို သစ္စာပေး၍ အမှုတော်ကို ထမ်းရသည်။ မြေထဲမြို့ကိုလည်း နိုင်ခံ့အောင် လုပ်စေ၍ ညီတော် သတိုးဓမ္မရာဇာ၊ ညီတော် အငယ် မင်းရဲကျော်ထင်နှင့် စကုစား၊ စလင်းစား၊ မလွန်စား၊ မကွေးစား၊ ဖျင်တစား၊ ပလဲစား သည်သူများတို့ကို မြေထဲတွင် ဆလုံး အရင်း ဆင် မြင်းနှင့် ထားတော်မူခဲ့၍၊ သက္ကရာဇ် ၉၁၃-ခု၊ ဝါဆိုလပြည့်ကျော် ၅-ရက်၊ ဗုဒ္ဓဟူးနေ့၊ ကေတုပတီသို့ ပြန်တော်မူသည်။ ကေတုမတီသို့ ရောက်၍ တစ်လ ကျော်ခန့် ရှိလျှင် ပြည်သတိုးသူ ကျွန် ရာဇမနော် ဟူသော အမတ်သည် ပြည်မြို့က ပြေးထွက်လာ၍ ကေတုပတီသို့ ရောက်လာသည်။

ဘဝရှင် မင်းတရားကြီး ဘုရားလည်း ရောက်လာသော ရာဇမနော်ကို ခေါ်၍ မေးမြန်းတော် မူသော်၊ မြည်ဘွင် ရှိသော အမူး အမတ်တို့သည် သတိုးသူကို ဤသို့ လျှောက်ကြသည်။ "ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဘုန်း လက်ရုံး အာဏာ ပညာ အမြင်တော်နှင့် ပြည့်စုံသော မင်း ဖြစ်တော်မူသည်။ ဘဝရှင် မင်းတရားရွှေထီး ရှိတော်မူစဉ် ကာလကပင် မြန်မာအမတ်၊ ရှမ်း အမတ် တို့သည် ယုံကြည်ကြသည်ဖြစ်၍ ယခုလည်း၊ အမှုတော်ကို ထမ်းကြသည်။ ထို အမူး အမတ်တို့သည်လည်း၊ အသက်ကို အသက်မမှတ် ထမ်းမည့်သူချည်းဖြစ်၍ အညာတစ်လွှား အောက်တစ်လွှားတွင်ရှိသော မြို့ရွာ အပေါင်းကိုလည်း သိမ်းယူ၍ လက်နက်နိုင်ငံ ဖြစ်လေပြီးသည်။ အညံ့ခံတော်မူမှ သင့်မည်" လျှောက်ကြသည်ကို သတိုးသူက ငါ အညံ့ခံတော့ ကံရှိသလော၊ ငါ့မြို့က နိုင်အောင် ခံမည်။ မခံနိုင်လျှင် သူရဲတစ်သောင်းနှင့် ငါဆင် နာဂဝရကိုစီး၍ ရံတံကို တိုက်ဖောက်ပြီးလျှင် ရခိုင်သို့ ဥယျာဉ်မှကြောင်းချိန်၍ ဝင်မည်ဆိုသည်၊ အမူး အမတ် ခေါင်းအကြီးတို့လည်း မညီညွတ်ရှိပြီ၊ အလျှင် ချီတော်မူလျှင် ရတော်မူမည်"ဟု နားတော် လျှောက်သည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း သဘော သကန်ကို ထောက်ရှုတော်မူသော် ဟုတ်ရာသည်ဟု အယူတော်ရှိပြီးမှ အလျှင် ချီတော်မူမည်ကို စီရင်တော်မူသည်အား၊ လက်ယာ ရံတိုင် မြင်းတပ်၊ တုရင်ဗလ မြင်းတပ်၊ လက်ျာယောဓာ မြင်းတပ်၊ တုရင်ကျော်သူ မြင်းတပ်-သည့်မြင်းတပ် လေးတပ်ကို ရွေးချီရသည်။ သည်နောက် တောင်ငူ ဘုရင် မင်းခေါင်တစ်တပ်၊ နန္ဒစည်သူတစ်တပ်၊ သီရိဓမ္မရတ်တစ်တပ်၊ အိမ့်မှန်တရားတစ်တပ်၊ သီရိဇေယနော်ရထာတစ်တပ်၊ သက်ရှည်ကျော်ထင်တစ်တပ်၊ နန္ဒသူရိယတစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ ယင်းကမူ ဘဝရှင် မင်းတရားကြီးဘုရား တပ်မ ပြု၍ ချီတော် မူသည်။ တပ်မတော်တွင် ရာဇသင်္ကြံ့ကို တပ်မှူး၊ နန္ဒသူကို စစ်ကဲ ခန့်တော်မူသည်။ မြင်းတပ်လေးတပ်နှင့်တကွ တစ်ဆယ်လေးတပ်တွင် ပါသည့် တိုက်ဆင် နှစ်ရာ ငါးဆယ်၊ မြင်း သုံးထောင်၊ ဗိုလ်ကိုးသောင်းနှင့် ချီတော်မူသည်။ ညီတော် မင်းရဲစည်သူ သားတော် ဥပရာဇာကို ကေတုမတီမြို့တွင် အစောင့်အနေ ခန့်တော်မူ၍ သက္ကရာဇ် ၉၁၃-ခု၊ တော်သလင်း လပြည့်ကျော် ခြောက်ရက် ကြာသပတေးနေ့ သရေ ခေတ္တရာသို့ ချီတော်မူသည်။

မြေလဲမြို့မှာ ရှိသော ညီတော် သတိုး ဓမ္မရာဇာ၊ ညီတော် မင်းရဲကျော်ယံ တို့ကိုလည်း၊ အညာ မြို့စား၊ အပေါင်းနှင့် ရေအား၊ ပြည်အား၊ ပြည်သို့ ချီလှည့်ဟု စေတော်မူသည်။ ညီတော် သတိုး ဓမ္မရာဇာတို့လည်း၊ အမိန့်တော်

အတိုင်း ပြည်သို့ရောက်လာသည်။ ရောက်လျှင် ဘဝရှင် မင်းတရားကြီး [illegible] မာန်မလျှော့မူသော အရပ်တွင် ထမ်းချ၍ နေတော်မူသည်။ တော[illegible] မင်းခေါင်နှင့် သိင်္ခပါလ နေ်ရာသော သည့်နှစ်ထပ်သား မှာသား [illegible] ပြည်သို့ ရှိ၍ ဆော်သလင်းလကွယ်နေ့ ညနှစ်ချက်တီး ကျော်တွင် ဝေ[illegible] ခင်နှင့် တောင်တံခါး ရက်ဝေဘက်ကို တိုက်ခေါက်၍ တံခါးဖွင့်[illegible] ဆတိုးသွေးမိုးတိုင်အောင် ဝင်၍ ဖမ်းလေ၏။ ပြီးလျှင် ဘဝရှင် မင်းတရား[illegible] ဘုရားကို ဆက်လေ၏။ ဘဝရှင် မင်းတရားကြီးဘုရားလည်း "ပြည်စား [illegible] သူသည် ငါ့ကျွန်ဘား မခံ၊ ရှိုင်သို့ ပြေးဝင်၍ ရှိုင် ဘုရင် [illegible] အကြံရှိသည် မစောင့် မဟုတ်လော" အမိန့်တော် ရှိပြီးလျှင် ကွပ်မျက်[illegible] မူလေ၏။ နေ့ဘက် နေ့ဝင်ဘ ရှိပြန်တော် မူသည်။ သရေခေတ္တရာကို [illegible] တော်မူလျှင် ပြည်မြို့တွင်ရှိသော အမူးအမတ်မှစ၍ တစ်မြို့လုံးကို အစ္စာပေး[illegible] တော်မူသည်။

ယင်းသို့မှ ညီတော် သတိုးဓမ္မရာဇာကို မင်းဆောင် မင်းယောင်နှင့် [illegible] ရွှေချက်လေးစင်း ထွက်စည် ပေးတော်မူ၍ ပြည်မြို့ကို ဘုရင်ခံမင်း ပြုသည်။ ညီတော် ဘုရင်မင်းခေါင်ကိုလည်း အားရတော်မူ၍ လက်တော် နှစ်ဘက်[illegible] ဝတ်တော်မူသော ပတ္တမြား လက်ကောက်၊ ပတ္တမြား လက်စွပ်၊ ဝတ်တော်[illegible] မူသော ခုံယင်ထပ်သော ဝတ်လုံ၊ ရွှေချက် လေးစင်း—ဆုပေးတော် မူသည်။ ပုံမှ ရသည့် အမူးအမတ် တို့ကိုလည်း အဆောင် အယောင် စားရာ[illegible] တလတ် အလိုက် အလျောက် ဆုပေးတော်မူသည်။ သာယာဝတီစား ဥက္ကာ[illegible] မျှော်စား သမိန် ရဲသင်ရဲတို့လည်း လက်ဆောင် လက်နက် အမှုအနှင့် ခြ[illegible] တော်ဦး တင်လာသည်။ ယင်းသို့မှ သရေခေတ္တရာတွင် ဆယ်ရက်ကျော်[illegible] နေတော်မူ၍ ပြည်အလုံးကို စီရင်တော်မူပြီးမှ ဓလေ၊ ပုခန်းငယ်၊ ပုဂံ အညာ[illegible] မြို့ရွာသို့ ချီတော်မူသည်။ ရောက်တော်မမူခင် ဓလေ၊ ပုခန်းငယ် စားတို့လည်း ဆင်ကြီး မြင်းကြီး သားသမီးတို့ကို လက်ဆောင်တော် ပြု၍ ခစားတော်ဦးတင် လာသည်။ ပုဂံစားမှာသာ၊ အလျင် ချီလာသော ဒဲ့မက်တို့ကို ခံနှင့် သည်ကို ဘဝရှင် မင်းတရားကြီး ဘုရား ရောက်တော်မူ၍ ရေအား ကြည်းအား လုံကြ[illegible] တော်မူလျှင် အင်းဝသား၊ ပုခန်းငယ်သား စစ်ကူတို့ ပြေးထွက်လေ၏။ ယင်းသို့ ပြေးထွက်လျှင် ပုဂံစားသည်။ အသက် သေမည်ကို ကြောက်၍ လက်ဆောင် လက်နက် အမှုအနှင့် ခစားတော်ဦးတင် လာသည်။

ပုဂံသို့ ရောက်တော်မူလျှင် ပုဂံစေတီကို ဖူး၍ ဦးခိုက်တော် မင်းရည်ကျော်ကို ကျေးဇူး ပြုတော်မူ၍ အင်းဝသို့ ရေကြောင်း ကြည်းကြောင်း ချီတော် မူသည်။ ကျောက်တစ်လုံးသို့ရောက်တော်မူလျှင် အင်းဝကို ဝန်း၍ လုပ်ကြံတော်မူသည်။ ရှေ့ဦးစွာ နိုင်ငံတော်ဖြစ်သော ယင်းတော်မြို့ကို ဟံသာဝတီက တိုက်သော အကြောင်း ရဲမက်တော်တို့ ထက်ပြေးရသည့် အကြောင်းကို ကျောက်တလုံး ကြားတော်မူလျှင် ကျောက်တစ်လုံးတပ်တော်ကြည်ပြန်တော်မူ၍ မုံရွာသို့ရောက်တော် မူလျှင် ဆင်ကြီး မြင်းကြီးများကို ဓောင်တွင် ထား၍ ရေကြောင်း အလျင် ချီတော်မူသည်။ ကြည်းတပ်သားတို့ကိုလည်း အလျင် နေ့ ညဉ့်မပြတ် ချီစေ အမိန့်တော်ရှိသည်။ ရုံ့တော်မူ၍ မြေထဲသို့ ရောက်လျှင် ညီတော် အပ် မင်းရဲကျော်ထင်ကို ဆင်လုံး မြင်းရင်းအများနှင့် တော်တွင် အလျင် ချီ စေသည်။ ဘဝရှင် မင်းတရားကြီးဘုရားမှာကား အရေးတွေ့မှ ချီတော် မူ၍ ဟံသာဝတီသို့ ရေကြောင်း ချီစီမံသည်ကို စီရင်တော်မူသည်။ မြင်းစား တစ်တပ်၊ ကျေးစားတစ်တပ်၊ ပုန်းသယ်စားတစ်တပ်၊ ဟံသာဝတီစား ဥဒေါ တစ်တပ်၊ နန္ဒဗစားသမိန်ရဲသင်ရုံ့တစ်တပ်၊ ညီတော်ပြည်သတိုးဓမ္မရာဇာတစ်တပ်၊ ညဉ့်ခြောက်တပ်တွင် ညီတော် သတိုးဓမ္မရာဇာကို ဗိုလ်ချုပ် ခန့်တော်မူသည်။ ပါဘွဲ့ တိုက်လှေ သုံးထောင်၊ တန်ဆာဆင်လှေ တစ်ရာ၊ ဗိုလ်လှေသုံးထောင် တစ်ရာ၊ ဗိုလ်လေးထောင် ချီတော်မူသည်ကို ခန့်ရန်တော်မူသည်။ ထိုသို့ ခန့်ရန်တော်မူစဉ်တွင် အင်းဝကို မင်းရှိသော မိုးညှင်းရသည့် စစ်ကိုင်းစား ညီလုလင်ကျော်ထင်ကို မခံနိုင်၍ သားတော် သမီးတော်နှင့်တကွ ဆင် မြင်း အလုံးအရင်းကို ယူ၍ ကျွန်တော် ခံဝံ၏ ဘဝရှင် မင်းတရားကြီးဘုရား လည်း သနားတော်မူ၍ စိန်ခြံ နန်းမြို့သော ထီးဆောင်း အဆောင်နှင့်တကွ သာယာစွာ နေရ၏။ မြည်မြို့တွင် မြင်းစီးကျွန်း အလုံးများကို မင်းဆောင် လေသည်ကို ဇရပ်သုံးဆောင် ဆောက်စေမည် ဟူ၍ ထားတော်မူသော ပတ္တမြား လက်ကောက်၊ ပတ္တမြားလက်စွပ်၊ ဝဲတော် ထက်တက်ဆိုး၊ သောက်ရေ တကောင်းပုံး များကို လှူတော်မူသည်။

ယင်းသို့မှ အင်းဝ နန်းတော်ကို ဝေါ်ဆောင်၍ ကောင်းမတို့ ချီတော်မူသည်။ ရောက်တော်မူလျှင် ဟံသာဝတီသို့ ချီတော်မူသည်ကို အလျင် စီရင်တော်မူသည်။ ချီရသော တပ်ဦးကား၊ လက်ဝဲရုံ့ဆို မြင်းတစ်ထောင်နှင့် တစ်တပ်၊ လက်ယာနန္ဒ မြင်းတစ်ထောင်နှင့် တစ်တပ်၊ နန္ဒညို မြင်းတစ်ထောင်နှင့် တစ်တပ်၊ ထုရုံ ရာဇာ မြင်းတစ်ထောင်နှင့် တစ်တပ်၊ ထုရုံဗလ မြင်းတစ်ထောင်နှင့် တစ်တပ်

သည်မြင်းငါးတပ် ရွှေချီရသည်။ ယင်းကားမှ ဘယကျော်ထင်တစ်တပ်၊ တရုတ်ဗျူဟာ တစ်တပ်၊ ဒါကျွန်စားတစ်တပ်၊ နန္ဒသူရိယတစ်တပ်၊ သီရိဇေယနော်ရထာ တစ်တပ်၊ မင်းမဟာတစ်တပ်၊ စည်သူကျော်ထင်တစ်တပ်၊ သရေစည်သူတစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ ဘယကျော်သူ တစ်တပ်၊ နားတောင်းမျှားတစ်တပ်၊ ဥဇနာတစ်တပ်၊ ညီတော်အငယ် မင်းရဲကျော်ထင်တပ်တွင် ဘယရန်သူကို စစ်ကဲ၊ ညီတော် တောင်ငူ မင်းခေါင်တပ်တွင် လက်ယာပျံချီကို စစ်ကဲ၊ ညီတော် မင်းရဲစည်သူတပ်တွင် လက်ဝဲယောဓကို စစ်ကဲ၊ သားတော် မဟာဥပရာဇာ တပ်တော်တွင် စုဠတေးကို စစ်ကဲ ခန့်တော်မူသည်။ သည့်နောက်မှ ဘဝရှင် မင်းတရားကြီးဘုရား တပ်မပြု၍ ချီတော်မူသည်။ တပ်မတော်တွင် နန္ဒသင်္ကြံကို တပ်မှူး၊ နန္ဒကျော်သူကို စစ်ကဲ ခန့်တော်မူသည်။ မြင်းတပ် ငါးတပ်နှင့်တကွ တပ်ပေါင်းနှစ်ဆယ့်နှစ်တပ်တွင်ပါသည့် တိုက်ဆင်လေးရာ၊ မြင်း ငါးထောင်၊ ဗိုလ်တစ်သိန်းတစ်သောင်းနှင့်သက္ကရာဇ် ၉၁၃-ခု၊ တန်ခူးလဆန်း၊ ခြောက်ရက်၊ တနင်္ဂနွေနေ့၊ ကေတုမတီက ချီတော်မူ၍၊ ခပေါင်းတောင်ဘက်၌ ရန်လုံအောင်တင် ဟူသော တပ်တော်တွင် ချတော်မူသည်။ ယင်းကသည်၊ ရန်အောင်မြင်သည် ဟူသော တပ်တော်တွင် ချတော်မူသည်။ ယင်းကသည်၊ အောင်ထင်သာစည် ဟူသော တပ်တော်တွင် ချတော်မူသည်။ ယင်းကသည်၊ စဝန်တောင် ဟူသော တပ်တော်တွင် ချတော်မူသည်။ ကေတုမတီကသည်၊ ဟံသာဝတီတိုင် တစ်ဆယ့် သုံးစခန်း ချီတော်မူသည်။ စခန်းတိုင်း အမည် သမုတ်တော်မူသည်။ ရတနာ ဟူသော တပ်တော်သို့ ရောက်တော်မူလျှင် သီရိဇေယ နော်ရထာ လျှောက်သည်၊ "ရာမညတိုင်းကို အစိုးရသော သမိန်ထောရာမမင်းတွင် စဉ်းလဲသော အမှူး အမတ် များလှသည်။ ပရိယာယ် ဝေဂုစ် ဥပါယ်တံမျဉ်ဖြင့် အတွေ့တွေ့ကြံမည်ကို မမြင်နိုင်၊ ရွှေတဲ နောက်တပ် ၌၍ စုံစမ်းစေမှ သင့်မည် ထင်သည်" ဟူ၍ နားတော် လျှောက်သည်။

ဘဝရှင် မင်းတရားကြီး ဘုရားလည်း ရွှေချီစေသော မြင်းငါးတပ်တွင် ဥဇနာကို တပ်မှူးလက်ယာစည်သူကို စစ်ကဲ ထည့်တော်မူ၍၊ မြင်းငါးထောင် နှင့် ချီရလေသည်။ မော်ကစနချောင်း အကူးတွင် သမိန်ထောရာမက စစ်မှူး၍လာသည်နှင့် ရင်ဆိုင် တွေ့လေ၏။ ဥဇနာကိုလည်း ချောင်းအကူးတွင် ဆီး၍ တိုက်သည်။ သူက ဆင်တပ်အများဖြင့် တိုက်လေသောကြောင့် ရဲမက်တော်တို့ ဆုတ်ရချေသည်။ မွန်မင်း သမိန်ထောရာမလည်း တိုက်ဆင် ငါးရာကျော်နှင့် တစ်တပ်ချီလာသည်။ ထိုအကြောင်းကို ဥဇနာက လျှောက်လာ၍ ကြားတော်

လျှင် စစ်ပျက်နာ ဖြန့်၍ အနေ အထား ကျအောင် စီရင်တော် မူပြီးမှ ညီတော် မင်းရဲစည်သူကို အရပ် ခုနစ်ဆောင်ရှိသော ရတနာပြောင်ကျော် ဆင်တော်ကို ရွှေကြိုးရွှေကွန်နှင့်တကွ ထီးဖြူဆောင်းစေ၍၊ ရွှေခိုင်၊ ရွှေလှ၊ ရွှေဘာ ဝန်းရံလျက် လက်ဝဲဆင်ကူတစ်ဆယ်၊ လက်ျာဆင်ကူတစ်ဆယ်နှင့် သမိန်ထောရာမကို ပြိုင်ရသည်။ ဘဝရှင် မင်းတရားကြီး ဘုရားမှာ ရတနာအတိပြီးသော ကြိုးကန့်၊ ပတ္တမြားအတိပြီးသော ချွန်းကို စွဲတော်မူ၍၊ ဥပေါသထ ဆင်ဦးတွင် စီးတော်မူသည်။ စစ်တုရင်သူကို ကုန်းလယ်တင်တော်မူသည်။ ဗေယာကို နောက်ထိုင်ရသည်။ ပိုးနံ့ရွှေလုံ့ သုံးထောင်ကို ဆင်တော်ဝန်းကျင် လိုက်စေရသည်။ ရွှေခိုင်း သုံးထောင်၊ ရွှေလှ သုံးထောင်၊ ရွှေဘာ သုံးထောင်တို့ကိုလည်း ဆင်တော် ဝန်းကျင် လိုက်ရသည်။ ရွှေမောက်တို့ဆောင်း၍ ဖျင်နီဝတ်သော သေနတ်လှလင် လေးရာတို့ကို ဆင်တော် ရှေ့ နောက် နံပါးနှစ်ဘက် လိုက်စေရသည်။ ဆင်ကူလက်ဝဲတော်က တစ်ဆယ့်ငါးစီး လက်ယာတော်က တစ်ဆယ့်ငါးစီး၊ အမြောက်ငယ်တစ်လုံးစီ တင်၍၊ မှူးမျိုးမတ်မျိုးတို့ကိုစီး၍ လိုက်ရသည်။ ညီတော်ဘုရင်မင်းခေါင်၊ ညီတော်မင်းရဲကျော်ထင် အစရှိသောတပ်မှူး၊ စစ်ကဲအပေါင်းတို့ကိုလည်း မိမိတို့အလုံးအရင်းနှင့် တကွ စစ်မျက်နှာ ဖြန့်၍ နေရသည်။

---

## သမိန်ထောရာမ စစ်ပျက်ပုံ-နှစ်နာသည့်-အကြောင်း

ယင်းသောအခါ ဆင်တော် ကုန်းလယ်စီး စစ်တုရင်သူ လျှောက်သည်။ "ယခု သမိန်ထောရာမ ချီလာသည်အခိုက်တွင် မြင်းသည်တော်တို့ကို ခန့်တော်မူ၍၊ ဟံသာဝတီမြို့တွင်းမှာ အိမ်များကို မီးတိုက်စေလေမှ မွန်စစ်သည်တို့ ပျက်နာကြက်မည်" ဟူ၍ နားတော် လျှောက်သည်။ ဘဝရှင် မင်းတရားကြီးလည်း "သည်အရေး သင့်သည်" ဟူ၍ မိန့်တော်မူပြီးလျှင် လက်ဝဲရဲတိုင်နှင့် လက်ဝဲမြင်းတစ်ထောင်တို့ လက်ဝဲကြောင်းဝင်၍ မီးတိုက်သည်။ လက်ယာနန္ဒသူနှင့် လက်ယာမြင်းတစ်ထောင်တို့ လက်ယာကြောင်းဝင်၍ မီးတိုက်ရသည်။ ယင်းသို့ ခန့်တော်မူစဉ်၊ သမိန်ထောရာမသည်၊ ချစ်ချင်းဟူသော ဆင်ကို ရတနာကြီးက တင်ပြီးလျှင် မင်းဆောင် မင်းယောင် ကျင်းပလျက် ရဲမက် ဗိုလ်ပါ အများ ဝန်းရံ၍၊ အပြင်း လွှတ်သတည်း။ ညီတော် မင်းရဲစည်သူသည်၊ သမိန်ထောရာမကို

စီးချင်း တိုက်မည် ဟု၍ ဆီးကြိုနှင့်၏။ သမိန်ထောဘုရားမလည်း မင်းရဲစည်သူကို မြင်လျှင် မတိုက်ပဲ ဘဝရှင် မင်းတရားကြီး ရှိရာသို့ ဆင်ကို အပြင်းတိုက်၍ လာ၏၊ ဘဝရှင် မင်းတရားကြီးဘုရားလည်း သမိန်ထောဘုရားမဆင်နှင့် အပြိုင်းလွတ်လာသည်ကို မြင်လျှင် ရွှေကရားနှင့် ရေကို ယူတော်မူ၍ သာသနာတော် မြတ်စီးပွား၊ ပြည်သူ လူအဘာဘတို့ စီးပွားကို ဆောင်တော်မူနိုင်သော တောရာ မင်းမြတ်ဖြစ်လျှင် သမိန်ထောဘုရားမကိုတစ်ခဏချင်းအောင်မြင်သည်ဖြစ်စေသော ဟု၍ ဆင်တော်ဦးတွင် ဒိဋ္ဌာန်တော်မူ၍၊ ရေစက် သွန်းတော်မူလျှင် အခါ မဟုတ်တဲ့ မိုးလည်း အုံ့သည်၊ လျှပ်စစ်လည်း ပြက်သည်၊ မြေကြီးလျှင်လည်း လှုပ်သည်၊ ကောင်းကင်က ကျေးငှက်တို့သည်လည်း သဲသဲရွတ်ရွတ် ကြွေးကြော်၍ ဆင်တော်ရွှေက ပျံ၍ လိုက်ကြသည်။ ရေစက်သွန်းသော ရွှေကရားလည်း လက်တော်အလွတ်၌ မြေသို့ ကျလေသည်။ ။ဘဝရှင် မင်းတရားကြီး ဘုရားလည်း လက်တော်က ရွှေကရားကျလျှင် မကျန်းမသာ ရှိတော်မူသည်။ ထို အကြောင်းကို သမိန်ပဒ္ဓခံသော မှန်အမတ် မြင်လျှင် ဤသို့ နားတော် လျှောက်သည်။ ယခုပင် တိုက်တော်မူတော့ သမိန်ထောဘုရားမကို အလိုပြည့်၍ ရေနှင့် မြေသို့ အပိုးရမည် ဟု၍ နားတော် လျှောက်သည်။

ဘဝရှင် မင်းတရားကြီး ဘုရားလည်း သမိန်ထောဘုရားမ ဆင်နှင့် လွတ်လာသည်ကို ဆင်တော်ကို တိုက်၍ တိုက်တော်မူသည်။ ဆင်အားချင်းတူ၍ မနည်းကြာ တွေ့ကြသည်။ တစ်ပါးကိုတစ်ပါး မရှေ့နိုင်ရှိသည်တွင် ဆင်တော်ဥပေါသထာကို ဆုတ်စေ၍ အားယူပြီးမှ ချွန်းဖွင့်၍ လွှတ်တော်မူသည်။ သမိန်ထောဘုရားမ စီးသော ဆင်ကို ဥပေါသထာ ထိုးမိသည်။ စွယ်လုံး ကျ်လေ၏။ သမိန်ထောဘုရားမ စီးသောဆင် ချစ်ချင်သည်၊ ယင်းတွင်ပင် လဲလေ၏။ ဆင်တော် ဥပေါသထာ လည်းလက်ယာအစွယ် တစ်ထောင်လေးသစ် ကျိုးချေ၏။ သမိန်ထောဘုရားမလည်း ချွန်းနှင့် ရိုက်တော်မူသည်။ ကျောတွင် အနာအကျင်ရှိလေ၏။ သမိန်ထောဘုရားမ ကျွန်၊ သခိန်ဒိဘ်ပြုလည်း စွယ်သမန်ဟူသော ဆင်နှင့် အပြင်းတိုက်၍၊ ဘဝရှင် မင်းတရားကြီးဘုရားကို တိုက်လာသည်ကို ဆင်တော်ဥပေါသထာနှင့် တိုက်တော် မူပြန်သည်။ သခိန်ဒိဘ်ပြုစီးသောဆင် ယင်းတွင်ပင် လဲလေ၏။ သမိန်အဲနရဲ ခြတ်ကြီး ဟူသော ဆင်ကို ထီးမြှင့်တင်၍ လွှတ်လာပြန်သည်ကို ညီတော် မင်းရဲ ကျော်ထင်၊ ရဲလုလင် ဟူသောဆင် မှန်နှင့် စီး၍ တိုက်တော်မူသည်။ သမိန်အဲနရဲ စီးသောဆင် ခြတ်ကြီး မျက်နှာသုန်၍ ပြေးလေ၏။ ယင်းသို့မှ ရဲမက်တော် ဆင်သည်၊ မြင်းသည်၊ ခြေသည် အပေါင်းတို့ကို လိုက်ထပ်၍တိုက်လျှင် မွန်တို့

စစ်သည်ပျက်၍ ပြေးလေ၏။ ဆင်မြင်း သုံ့ပန်း ရတော်မူသည်များ၏။ သမိန်ထောရာမလည်း ဆင်ကသည်-မြင်းသို့တက်၍ ရုံးမိသမျှသော စစ်သည်ဗိုလ်ပါနှင့် ဟံသာဝတီက ခံမည်ဟူ၍ အပြေးခွါသည်။ ဟံသာဝတီမှာလည်း ရဲမက်တော်တို့ ခိုက်၍ မြို့လုံးကို လောင်သည်နှင့် မြင်းတော်သည်တို့ ဆီးကြို၍ ဟန့်တားလျှင် မြို့တွင်းသို့ မဝင်ဝံ့၊ အနောက်အရပ်သို့ ပြေးလေ၏။

ဘုရင့်နောင် မင်းတရားကြီးလည်း သမိန်ထောရာမကို အလိုတော် ပြည့်လျှင် ပေါက်တိုင် ဘုရားနားတွင် စက်တော်ခေါ်၍ မိုးသောက်မှ ဟံသာဝတီသို့ ဝင်တော်မူ၍ နေတော်မူသည်။ သမိန်ထောရာမ ပြေးလျှင် မှူး အမူး အမတ် အချို့လည်း ကျန်ကွဲပြိုရစ်သော ဆင်မြင်းဗိုလ်ပါတို့ကို ယူ၍ ခြေရင်းတော်သို့ ရောက်လာကုန်၏။ ရောက်လာသသူတို့ကိုလည်း ဆုလာဘ် ပေးတော်မူ၍ သစ္စာတော်ကို ခံစေပြီးလျှင် အမှုတော်ကို ထမ်းရ၏။ အရှေ့ဘက်-မုတ္တမ ကျေးတစ်လွှားကိုစားသော မြို့စားအပေါင်းတို့လည်း ဆင်ကြီး မြင်းကြီး သားသမီးတို့ကို လက်ဆောင်တော် ဆက်၍ ကျွန်တော် ခံလာကုန်၏။ ထိုသူတို့ကိုလည်း သစ္စာတော် ပေး၍ အထိုက် အလျောက် အမည် အရည် အဆောင်အယောင် ပေးတော်မူ၍ မိမိတို့ စားသော ကျေးစည်းစိမ်ကိုလည်း ပေးတော်မူသည်။ သမိန်ထောရာမနှင့် တိုက်ရာတွင် ပွဲလမ်းရသော တပ်မှူး စစ်ကဲ သူရဲသူခက်တို့ကိုလည်း အမည်အရည် အဆောင်အယောင် စားခွက် စားယောက် စားကျေး စားလက် အထိုက်အလျောက် ချီးမြှင့်တော်မူသည်။ ညီတော်မင်းရဲကျော်ထင်ကိုလည်း ကွမ်းခွက်ရှစ်မြှောင့်၊ ပတ္တမြား တစ်ရစ်စီ လက်ဖက်အိုး၊ တကောင်းဖုံး၊ ကျောက်တစ်ရစ်စီ ရွှေချက်နှစ်စင်း၊ ဆင်ပေါင်းဝန်း ရွှေထည်၊ စည်ခုနစ်လုံး ပေးတော်မူသည်။ ယင်းသို့မှ ဟံသာဝတီတွင် သုံးရက် နေတော်မူ၍ သမိန်ထောရာမ ပြေးရာသို့ ဆင်လုံး မြင်းရင်း အများနှင့် လိုက်တော်မူ၍ သမိန်ထောရာမ ပြေးရာသို့ ဆင်လုံး မြင်းရင်း အများနှင့် လိုက်တော်မူသည်။ သမိန်ထောရာမလည်း ဓနုဖြူကို ကူး၍ ပုသိမ်သို့ ပြေးလေ၏။ ပုသိမ်စားသည်။ သမိန်ထောရာမလည်း ဓနုဖြူကို ကူး၍ ပုသိမ်သို့ ပြေးလေ၏။ ပုသိမ်စား သမိန်ဗြသမိုက်လည်း သမိန်ထောရာမတွင် ဆင်လုံး မြင်းရင်း အများ ရှုံး၍ ချီလာသောကြောင့် မဖီမဆန့်ဝံ့ချေ လက်ခံရလေ၏။ ဘုရင့်နောင် မင်းတရားကြီးဘုရားလည်း ဓနုဖြူကို အလျင်ချီသည်။ ကဆုန်လဆန်း ခုနစ်ရက်၊ အတာကြီးဘုရားလည်း ဓနုဖြူကို အလျင်ချီသည်။ ကဆုန်လဆန်း ခုနစ်ရက်၊ စားသနေ့၊ ဓနုဖြူ အရှေ့ဘက်သို့ ရောက်တော်မူသည်။ ပြည်က ချီလာသော ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့မှကား၊ ဒလမြို့တွင် ရေတပ် ကြည်းတပ်နေသည်ကို ဘုရင့်နောင် မင်းတရားကြီးဘုရားက ရေတပ်ကို ခေါ်တော်မူ၍ ဓနုဖြူကို ကူးတော်မူပြီးလျှင် ပုသိမ်သို့ ချီတော်မူသည်။ ညီတော် ပြည်ဘုရင် သတိုး

ဓမ္မရာဇာတို့ လှေတပ်ကိုလည်း ပုသိန်သို့ အလျင်ချီခဲ့ ဟူ၍ ခန့်တော်မူသည်။ ဒလမြို့တွင်မူကား၊ သာယာဝတီစား ဥဇနာ၊ မြေကဲစား မင်းရဲကျော်ထင်၊ တောင်တွင်းကြီးစား နားတောင်းစား၊ ဖျင်တစား သရေစည်သူတို့ကို ဆင်လုံး မြင်းရင်း အများနှင့် အစောင့်အနေ ခန့်တော်မူခဲ့၍ ဘဝရှင် မင်းတရားကြီး ဘုရား ကြည်းကြောင်း၊ ညီတော် သတိုးဓမ္မရာဇာ၊ သမိန်ရဲသင်ရဲတို့ကို မူကား ရေကြောင်း၊ ပုသိန်သို့ ချီတော်မူရသည်။ ပုသိန်သို့ မရောက်ခင် တစ်စခန်း လောက်တွင် သမိန်ထောရာမ မြို့က ထွက်၍ ပြေးလေ၏။ ပုသိန်စား သမိန် ဗြသမိုက်လည်း သမိန်ထောရာမ မယူနိုင်၍ ပစ်ထားခဲ့သော တိုက်ဆင်တစ်ရာ ကျော်နှင့် လက်နက် ကိရိယာကို ယူ၍ ဘဝရှင် မင်းတရားကြီးဘုရားကို ဆီးကြို ၍ လက်ဆောင် ဆက်နှင့်၏။ ဘဝရှင် မင်းတရားကြီးလည်း အားရတော် မူ၍ ဗညားလော ဟူသော အမည်နှင့် ရွှေကွမ်းခွက် ရှစ်မြှောင့်၊ လက်ဖက်ထိုး၊ တကောင်းဖုံး၊ မိုးကြိုးထွေးခံ၊ ဆင်ပေါင်းဝန်း၊ ရွှေချက်လေးစင်း၊ ဒယင်ချင် ပိတ် ရွှေထည်၊ စည်ခုနစ်လုံး၊ ငွေနှဲ သုံးငွေခရာ နှစ်-ပေးတော်မူသည်။ ရွှေတိပ် ငါးဆက်ဆောက်၍ နေဟူ၍လည်း အပိုင်တော် ရှိသည်။ မယားကိုလည်း ပေါင်းပုံ့အရပ်တွင် ပြတင်းရွှေထည့်၍ ရွှေချက်နှစ်စင်း၊ ကွမ်းခွက်၊ လက်ဖက် ဆို။ တကောင်းဖုံး၊ ထွေးအင် ပေးတော်မူသည်။

ဘဝရှင် မင်းတရားကြီး ဘုရားလည်း ပုသိန်မြို့တွင်တစ်လခန့် စံနေတော်မူ သည်။ ညီတော် သတိုးဓမ္မရာဇာ၊ သမိန် ရဲသင်ရဲတို့လည်း ဘဝရှင် မင်းတရား ကြီးဘုရား ပုသိန်သို့ ရောက်တော်မူသည် ဟူ၍ ကြားလျှင် ချောင်းကို လည်၍ နေ့ညဉ့်မဆို လှေတပ်အပေါင်း အလျင်ချီရသည်။ တမကာချောင်းတွင် ရေကျ ၍ လှေသုံးစင်း တင်သည်ကို သမိန်ထောရာမ တွေ့လျှင် တိုက်လေ၍ ရဲလှေ သုံးစင်းစလုံး ဆုံးချေသည်။ သမိန်ထောရာမလည်း ရဲလှေ သုံးစင်းကို နိုင်လျှင် ဒလမြို့မှာ နေစေသော ဥဇနာတို့ကို တိုက်ပြန်လေသည် ပျက်ချေ၏။ ဥဇနာ လည်း ဆုံးချေ၏။ သည်အကြောင်းများကို ဘဝရှင် မင်းတရားကြီး ကြား တော်မူလျှင် ညီတော် တောင်ငူ ဘုရင်မင်းခေါင် တစ်တပ်၊ ပုသိန်စား ဗညား လောတစ်တပ်၊ သီရိဇေယ နော်ရထာ တစ်တပ်၊ နန္ဒသကြံ တစ်တပ် သည်လေး တပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်လေးသောင်းနှင့် ပုသိန်မြို့တွင် အခိုင်အလုံ နေဟူ၍ ခန့်ရန်တော်မူပြီးမှ ညီတော် မင်းရဲ ကျော်ထင် တစ်တပ်၊ သမိန်ပေါခွင် တစ်တပ်-သည်နှစ်တပ်ကို တိုက်ဆင်လေးဆယ်၊ မြင်းတစ်ထောင်၊

ဖိုလ်ဝါးသောင်းနှင့် ရွှေလွှန်း၍ ချီရသည်။ ယင်းကမှ ဘဝရှင် မင်းတရားကြီး ဘုရား မှူးတော် မတ်တော် အပေါင်းနှင့် ချီတော်မူသည်။

သမိန်ထောရာမလည်း ဒလတွင် နေစေသော ရဲမက်တော်တို့ကို နိုင်လျှင် သတိုးမေ့ ရာဇာ သမိန်ရဲသင်ရံတို့ကို တိုက်ပည်ဟု၍ ချီမြန်လာသည်။ သတိုး မေ့ရာဇာ တို့လည်း သံမြို့နှင့် အတူ ကြံကြံခံ၍ နေသည်။ ယင်း သို့စဉ်တွင် ညီတော် ပင်းရဲကျော်ထင်တို့ နှစ်တပ်သား ရောက်လာ၍ ရှုပ်ရှုပ်ချုံချုံ တိုက်လျှင် သမိန်ထောရာမ ပျက်၍ ပြေးလေ၏။ မိဖုရား ယောကျ်ားမတို့နှင့် တကွ လေ့တက် အလုံးစုံကို ရတော်မူ၏။ သမိန်ထောရာမ ပြေးလျှင် ကျွန် အမူး အမတ်တို့လည်း ဆင်မြင်း ဗိုလ်ပါ လက်နက် ကိရိယာကို ယူ၍ ကျွန်ခံလာ၏။ ဘဝရှင် မင်းတရားကြီးဘုရားလည်း စစ်အောင်၍ ငါးရက်ရှိမှ ရောက်တော်မူလာသည်။ နေ့ပြုတွင် ဆယ်ရက် နေတော်မူသည်။ ကျွန်တော် ခံလာသော အမူး အမတ် တို့ကို သစ္စာတော် ပေး၍ အဆောင် အယောင် စားကျေး စားလက် အထိုက် အလျောက် ပေးတော်မူသည်။ ညီတော် ပြည်ဘုရင် သတိုး မေ့ရာဇာကိုလည်း လေ့ သုံးထောင်နှင့် သမိန်ထောရာမကို နိုင်ပေသည်ဟု အားရတော် မူ၍ ဆည်းတော် မင်းရဲ သီဟသူ အဆောင် အယောင်ကို သနားတော် မူသည်။ ယင်းသို့ စီရင် ခန့်ထားတော်မူပြီးမှ ဟံသာဝတီ နေပြည်တော်သို့ ပြန်တော် မူ၍ ဝါဆိုလဆန်းတစ်ရက်နေ့ ရောက်တော်မူသည်။ မှန်မင်း သမိန်ထော ရာမလည်း ရဟန်းပြု၍ အခြွေအရံတစ်ကျိပ်ကျော်ခန့်နှင့် မုတ္တမသို့ ပြေးလေ၏။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဟံသာဝတီသို့ ရောက်တော် မူလျှင် မုတ္တမ သုံးဆဲ့ နှစ်မြို့၊ ပုသိမ် သုံးဆဲ့ နှစ်မြို့တွင် ရှိသည့် အမှုထမ်းတို့ကို အနေ အထား ကျအောင် စီရင် ခန့်ထားတော် မူသည်။ ကျောင်း ဘုရား ပြိုပျက် လေသည် များကိုလည်း ပြင်ဆင် လုပ်ဆောင် ရသည်။ မင်းတရား ရွှေသီး သံချိုင်းတော်ရာ မှာလည်း နန္ဒသူရိယ နှင့် နန္ဒကျော်ထင်တို့ကို ရွှေပန်းခိုင်၊ ငွေပန်းခိုင် ရွှေတန်ဆောင်၊ ငွေတန်ဆောင်နှင့် ပူဇော် ကန်တော့ စေ၍ စေတီ တည်ရလေသည်။

ယင်းသို့ ပြည်အလုံးကို ခန့်ထားတော်မူ၍ သက္ကရာဇ် ကိုးရာ့တစ်ဆယ်လေးခု၊ ဝါဆိုလဆန်း ဆယ်ရက်နေ့ ဝင်းတော်ဟောင်းတွင် အိမ်ဆောက်သည်။ ၎င်း ဝါဆိုလဆန်းတစ်ဆယ့်လေးရက်တနင်္လာနေ့ အိမ်တော်သို့ တက်တော်မူသည်။ ပုသိမ်မြို့မှာ ရှိလေသော ညီတော် မင်းခေါင်၊ ညီတော် သတိုးမေ့ရာဇာ၊ ဒလမြို့မှာ ရှိသော ညီတော် မင်းရဲကျော်ထင် အပေါင်းသား တို့ကိုလည်း

ဒေါ်တော်မူ၍ ဟံသာဝတီသို့ ပြန်ရသည်။ ရောက်တော်မူကြလျှင် ညီတော် မင်းရဲရည်သူကို မင်းမြောက်တန်းဆာ ငါးပါးနှင့်တကွ မုတ္တမမြို့ကို ပေးတော်မူ၍ ဘုရင်ခံမင်း ပြုရသည်။ ညီတော်လက်ပြည် သတိုး ဓမ္မရာဇာ ကိုလည်း မင်းမြောက် တန်းဆာ ငါးပါးနှင့်တကွ ပြည်မြို့ကို ဘုရင်ခံ မင်းပြု စေသည်။ ညီတော်မင်းခေါင်ကိုလည်း မင်းမြောက်တန်းဆာ ငါးပါးနှင့်တကွ တောင်ငူမြို့ကို ဘုရင်ခံမင်း ပြုစေသည်။ ဆိုမှတစ်ပါး မြန်မာ အမတ်၊ မွန် အမတ် ရှမ်းအမတ်တို့ကိုလည်း အမည် အရည် အဆောင် အယောင် စားကျေး စားလက် အထိုက် အလျောက် ပေးတော်မူသည်။ ပုသိမ်မြို့မှာ နေတော်မူသော တဲတော်ကိုလည်း ကျောင်းရံ လေးဆယ်နှင့် တကွ ကျောင်းကြီး ဆောက်တော်မူ၍ ရှင်မဟာဉာဏအား လှူတော်မူသည်။ ဆံတော် ဘုရားကိုလည်း ထီး ချရားသိ ကသည် မြေကိုင်အောင် ရွှေတည်တော်မူသည်။

သမိန်တောရာမလည်း မုတ္တမကျေးမှာ နေသည်ကို မုတ္တမသားတို့ ဖမ်းမည် ပြုလျှင် မုတ္တမတွင် မနေဝံ့၍ ကဝေါသို့ ပြေးလေ၏။ ကဝေါစား သူယုတ် စားတို့သည်လည်း သမိန်တောရာမ ပြေးလာကြောင်းကို သိ၍ ညဉ့်ကို ချောင်းဝပ်ကြသော် သိတင်းသုံးအိမ်တွင် ကျွန် ငါးယောက်နှင့် ချက်ပြုတ် စားသောက်၍ နေသည်ကို တွေ့လျှင် ဖမ်းလေ၏။ လက်လွတ် ထွက်ပြေးရာတွင် သမိန်တောရာမ ကျောကို ဓားခုတ်မိလေသည်။ ခုတ်ရာတွင် သွေးသံ ချင်းချင်း နှင့်ပင် ရွာငယ် တစ်ရွာသို့ပြေးလေ၏။ တောဒေ ရဟန်းတို့ ကျောင်းတွင် အနာ လွတ်ရုံ ကုစားပြီးမှ တိုက်ကုလားသို့ သွား၍ လူသူ ဆင်မြင်း စုရုံး၍ ပြန်သည်။ ထိုအကြောင်းကို အရှင် မင်းတရားကြီးဘုရား ကြားတော်မူလျှင် နန္ဒသကြံ တစ်တပ်၊ နေ်ရထာ တစ်တပ်၊ ဘယကျော်သူ တစ်တပ်၊ ရွှေလေးမှူးတစ်တပ်၊ သည်လေးတပ်ကို ကိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်လေးသောင်းနှင့် ချီရသည်။ သမိန်တောရာမလည်း၊ တိုက်ကုလားမြို့ကလည်း စစ်တောင်းသို့ လာ၍ ကြိုလာ၏။ နန္ဒသကြံ၊ နေ်ရထာ တို့လည်း ဆင်၊ မြင်း လက်နက် ကိရိယာ နည်းသည်ကို သိလျှင် အသီးအသား မရှိ ချွန်းဖွင့်ကာ တိုက်လေ၏။ သမိန်တောရာမလည်း မခံနိုင်၍ ပျက်လေ၏။ ယင်းသို့လျှင် ကျွန်လေးယောက်နှင့်သာ မြင်းစီး၍ ပြေးလေ၏။ စစ်တောင်းကလည်း၊ အနောက် တောင်ခြေရင်းမှာ နေသည်ဟူ၍ တလခွါတို့ လျှောက်လာ၍ ကြားတော်မူလျှင် စစ်တုရင်သူနှင့် လက်ရွေးအမှူးတို့ကို ရအောင်ဖမ်းချေ၊ စေတော်မူသည်။ စစ်တုရင်သူကိုလည်း ရဲမက် သုံးရာခန့်နှင့် ချောင်းဝပ်သော်၊ ညဉ့်ကို လယ်တောထဲတွင် အိပ်သည်ကို

ဖမ်းလေ၏။ သမိန်ထောရာမလည်း အဝတ်ကို ချွတ်၍ ပြေးလေ၏။ ရွှေဘို ကျွန်နှစ်ယောက်နှင့် လက်စွပ်၊ ကျောက်ကောင်း အကုန်း နှစ်သယ်ကျော်၍ ဆက်လေ၏။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဗေဒင်တတ်တို့ကို ခေါ်တော်မူ၍၊ "သမိန်ထောရာမသည် ငါ လုပ်ကြံတော်မူ၍ အကြိမ်ကြိမ် ပျက်လေသော်လည်း လက်မချ။ ယခုလည်း ကိုယ်တစ်ခုတည်းသာ ရှိလေပြီးသည်။ အဘယ်ကာလကို ရတော်မူမည်နည်း" ဟု မေးတော်မူသည်။ ဗေဒင်တတ်အပေါင်းတို့လည်း အထူးထူး အတွေတွေ မည်သည့်ကာလကို ရမည်ဟူ၍ လျှောက်ကြသည်။ ယင်းသောခါ ပြာဟ္မဏ အမည်ရှိသော ပုဏ္ဏား လျှောက်သည်ကား၊ ရွှေ တန်ဆောင်မုန်းလဆန်း သုံးရက်၊ တနင်္ဂနွေနေ့၊ သမိန်ထောရာမကို ရမည် ဟူ၍ လျှောက်သည်။

အထူးထူးသော တိုင်းကြီး၊ ပြည်ကြီး ထီးဆောင်းမင်း များသခင်၊ ရွှေတွင်း ငွေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းတွင်း စသော ရတနာအပေါင်းတို့၏ အရှင်၊ စေတုတ္တ ရတနာပူရ မြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများသခင်၊ အသျှင် ဘဝရှင် မင်းတရားကြီးဘုရား လက်ထက်တော် ၁၁၉၁-ခု၊ နယုန်လဆန်း တစ်ရက်နေ့ကစ၍၊ ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့် အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်းတော်ဆောင်တော်ဦး နန်းမစနှဲ၌၊ နှိုင်းညှိ၍ အသင့်ယုတ္တိ ကျမ်းဂန် အာဂုံများနှင့်အညီ၊ သုတ်သင်စီရင်တော်မူသော မဟာ ရာဇဝင်တော်ကြီး ကောဓသမတ္တဲ ပြီး၏။

မှန်နန်း မဟာ ရာဇဝင်တော်ကြီး (၁၁-တွဲ) ဤတွင် ပြီးပြီ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

---

# ဒွါဒသမတွဲ

## ဘဝရှင် မင်းတရား မွန်သုံးရပ်ကို စီရင်တော်မူကြောင်း

သက္ကရာဇ် ၉၁၄-ခု၊ ပြာသိုလပြည့်ကျော် ၉-ရက် စနေနေ့၊ ဝင်းတော် အသစ် တည်ရသည်။ ကျုံးလည်း တူးရသည်။ ။သက္ကရာဇ် ၉၁၄-ခု၊ တန်ခူး လဆန်းတစ်ဆယ့်သုံးရက်၊ တနင်္ဂနွေနေ့၊ သမိန်ထောရာမကိုတာလခွါတို့ ရ၍ ဆက် လာသည်။ ဖောင်တက် ပုဏ္ဏားကိုလည်း ဟောတိုင်း မှန်ပေသည်ဟူ၍ (မဟာ ဓမ္မရာဇဂုရု) အမည်နှင့် တကောင်းရွာကို ပေးတော်မူသည်။ ရွှေကိုပံ့၍လည်း နှစ်ကြိမ် ကျုံးရသည်။ သားတော် အိမ်ရှေ့မင်း၊ စသော မှူးတော် မတ်တော် အပေါင်းတို့ကလည်း ရွှေ ငွေ အဝတ် အစား ဆုပေးကြရသည်။

သမိန်ထောရာမကို ရတော်မူလျှင် မကောင်းသော အကြံအစည်ကို ကြံသတည်း ဟူ၍၊ မကောင်းသော ကွပ်မျက်ခြင်းဖြင့် ကွပ်မျက်တော်မူသည်။ ယင်းသို့ ရန်သူတော်ကို အောင်မြင်တော်မူလျှင် မွန် သုံးရပ်လုံးကို ရေအပြင်ကဲ့သို့ တစ်ချက်တည်းညီညွတ်အောင် စီရင်တော်မူ၍၊ အလှူ သာယာစည်ပင်သည်။ ပြည်သူ လူအပေါင်းတို့လည်း များစွာသော အလှူကြီးကို ပေးကြသည်။ ဘဝရှင် မင်းတရားကြီး၊ ဘုရားလည်း မွန် သုံးရပ်တွင် ရှိသော အရညဝါသီပုဂ္ဂိုလ် ဂါမဝါသီပုဂ္ဂိုလ်တို့အား ပင့်တော်မူ၍၊ ရွှေမော်ဓောဘုရား၌ ပရိက္ခရာရှစ်ပါးနှင့် တကွ ဆွမ်းလုပ်ကျွေးတော်မူသည်။ ရွှေမော်ဓောဘုရားရှင်ကိုလည်း ထီး၊ ဖျား သီးကသည် မြေတိုင်အောင် ရွှေသည့်တော်မူသည်။ သက်တော်စေ့ ပဉ္စင်း၊ သုံးဆဲ့ ခုနစ်ပါး ခံတော်မူသည်။ ဟံသာဝတီ ဝန်းကျင် ဘုရား ဂူ ကျောင်း၊ တန်ဆောင်း ဇရပ် ပြိုပျက်သည်များကိုလည်း၊ အမှူး အမတ်တို့ကို ခန့်တော်မူ၍ လုပ်ရသည်။ မှူးတော် မတ်တော် မင်းဆွေ စိုးမျိုးတို့ကိုလည်း၊ အကွက်အရပ်ချ၍ နေရသည်။

ပြည်သူ လူတကာတို့ တရားဆိုခွင့်မရ ပါသဖြင့် ဆင်းရဲ၍ မလျှောက်နိုင်သူတို့ကိုလည်း သည်ခေါင်းလောင်းကို ထိုးစေ ဟူ၍ ဝင်းတော်ထဲတွင် ထားတော်မူသည်။ ဘုရင်မင်းခေါင်ခံ ရှင်သချာကိုလည်း အမှုအမတ် အဆက်အဆောင်များသည်ဟူ၍ ကြားတော်မူလျှင် ကေတုမတီကသည်ဟံသာဝတီသို့ ခေါ်တော်မူ၍ ရောက်လျှင် ကွပ်မျက်တော်မူသည်။ မင်းခေါင် မိဖုရား သိရိဘုန်းထွတ်ကိုမူကား၊ စန္ဒာဒေဝီ ဟူသော အမည်နှင့် မိဖုရား မြှောက်တော်မူသည်။

ယင်းသို့မှ မင်းညီ မင်းသား မင်းဆွေ စိုးမျိုး စသော မှူးတော် မတ်တော် ဆေါ်ပညာအပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူသည်။ "ယခု တလိုင်းသုံးရပ်နှင့်တကွ ကေတုမတီ၊ သရေခေတ္တရာ၊ ပုဂံတိုင်အောင် လက်နက် နိုင်ငံတော်ဖြစ်ပြီ၊ ယိုးဒယားသည်လည်း ညီတော် မင်းတရား လက်နက်နိုင်ငံတော်ဖြစ်သည်။ ယခုလည်း အရေးအရာ မလျှောက်ထားလာ၊ ကိုယ်ကို အခိုင်အမာနေသည်။ ယိုးဒယားသို့ အလျင်ချီ၍ လုပ်ကြံတော် မူရသော်တည်း သင့်မည်လော၊ ရတနာပူရစသော ရှမ်းပြည်တစ်တန်းကို ချီ၍ အလျင် သိမ်းယူတော်မူသော်တည်း သင့်မည်လော" ဟူ၍ စိုင်းပြင်း ခင်းကျင်းတော် မူသည်။ ယင်းသောခါ ပုသိန်စား ဗညားလော လျှောက်သည်။ "ယိုးဒယားပြည်သည် အလုပ်အကြံလည်း ခဲခက်သည်။ ဆင်လုံး မြင်းရင်းလည်း များသည်။ ယိုးဒယားမင်းတွင်ဆွေသား မျိုးသား အမှုး အမတ်တို့သည်လည်း အဆက်ကိုရှုန်၍ အမှုကိုထမ်းသည်သူချည်း ဖြစ်သည်။ ညီတော် ဘုရားတွင် အလိုတော် ပြည့်သည်လည်း မြို့ကို လုပ်ကြံတော်မူ၍ ရတော်မူသည် မဟုတ်ချေ။ သီးကြို၍ တိုက်ရာတွင် အရုပ်အနေမသင့်၍ သား သမက် ညီ တို့ကို ရတော်မူသောကြောင့် ယိုးဒယားမင်း အညံ့ခံလာသည် ဖြစ်သည်။ ယိုးဒယားမြို့ကို အလျင် တသော လုပ်ကြံတော်မူ၍ အလိုတော်ပြည့်မည် မဟုတ်၊ အရှည်အကြာ လုပ်ကြံတော် မူရမည်လည်း ရတနာပူရ စသောရှမ်းပြည်တစ်တန်းနှင့် အရေးတော် မပြီးချေသေး ဖြစ်သည်။ ယင်းသို့ ဖြစ်သောကြောင့် ညီတော် သားတော် မှူးတော် မတ်တော်တို့ကို ရတနာပူရသို့ စမ်းချီ-ချီစေသင့်သေးသည်" ဟူ၍ နားတော် လျှောက်သည်။

ဗညားလော လျှောက်သော စကားကို သီရိဇေယ နော်ရထာ ကြားလျှင် "သည်အရေးသည် သင့်လှသည်" ဟူ၍ နားတော် လျှောက်ပြန်သည်။ ဘဝရှင်-မင်းတရားကြီးလည်း ဗညားလော လျှောက်သောအရေးကို ကြိုက်တော်မူ၍ အင်းဝသို့ ရေကြောင်း၊ ကြည်းကြောင်း၊ ချီရမည်ကို ခန့်ရန်တော်မူသည်။ ရေကြောင်းမှာ အဲမွန်တရာ တစ်တပ်၊ ဗညားဟူနှ တစ်တပ်၊ သိရိဓမ္မရာဇ် တစ်တပ်၊ သရေပုညာ

တစ်တပ်၊ သရေစည်သူတစ်တပ်၊ ရာဇသင်္ကြံတစ်တပ်၊ မင်းရဲကျော်ထင်တစ်တပ်၊ ဗညားကျန်းထောတစ်တပ်၊ ညီတော် မြည်ဘုရင် သတိုးမေဃရာဇာတစ်တပ်၊ သားတော် မဟာဥပရာဇာတစ်တပ်၊ သည်ဆယ်တပ်တွင်ပါသည့် ကတ္တူလှေကြီး ငါးရာ၊ လှော်ကား ကြေးလှေ နှစ်ရာ၊ ဒိုက္ခာတင် ကုန်လှေ နှစ်ရာ၊ စစ်သည် သူရဲ ခုနှစ်သောင်းနှင့် ရေကြောင်း ချီရသည်။ ကြည်းကြောင်းမှာ လွတ်ပိုင် မြင်းတပ်၊ ရာဇာမန် မြင်းတပ်၊ လက်ယာယောဓာ မြင်းတပ်၊ နန္ဒသိန်းလည် မြင်းတပ်၊ တုရင်ဗလ မြင်းတပ်-သည်မြင်းတပ် ငါးတပ်တို့ ရှေ့ဗျူးချီရသည်၊ သည့်နောက် သမိန်သံကျယ်တစ်တပ်၊ ဘယကျော်သူတစ်တပ်၊ သမိန်ထံ တစ်တပ်၊ နန္ဒသင်္ကြံတစ်တပ်၊ သမိန်ရဲသင်ရံတစ်တပ်၊ နန္ဒသူရိယတစ်တပ်၊ သမိန်ပုလမ်းတစ်တပ်၊ နော်ရထာတစ်တပ်၊ ညီတော်မင်းရဲကျော်ထင်တစ်တပ်၊ ညီတော် တောင်ငူဘုရင်မင်းခေါင်တစ်တပ်၊ သည်ငါးတပ်နှင့် တပ်ပေါင်းတစ်ဆယ်ငါးတပ်တွင် ပါသည့် တိုက်ဆင် ငါးရာ၊ မြင်းငါးထောင်၊ စစ်သည် သူရဲ ခုနှစ်သောင်းနှင့် သက္ကရာဇ် ၉၁၅-ခု၊ ဝါဆိုလဆန်း ၂-ရက်၊ ဗုဒ္ဓဟူးနေ့၊ ရေအား ကြည်းအား ရတနာပူရသို့ ချီရသည်။

အင်းဝဘုရင် နရပတိစည်သူလည်း ဟံသာဝတီက ချီလာသည်ကို သိ၍ အုန်းဘောင် စော်ဘွား၊ မိုးမိတ်စော်ဘွား၊ ဗန်းမော်စော်ဘွား၊ မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွားတို့သို့ စေ၍ ချီပင့်ရ လေသည်။ စော်ဘွားငါးဦးတို့လည်း ကိုယ်တိုင် ဆင်လုံး မြင်းရင်း အများနှင့် ချီလာ၍ အင်းဝတွင် အခိုင်အလုံ ကြည်းရောက်၍ နေကြသည်။ မြေဒူးစား၊ ငရန်စား၊ စည်ပုတ္တရာစား၊ ညည်သာစား၊ ဒိပယင်းစား၊ ကန်နီစား၊ အမြင့်စား တို့ကိုလည်း အမြင့်တွင် ဆင်လုံးမြင်းရင်း စစ်သည် ဗိုလ်ပါ အများနှင့် ခံ၍ နေကြရသည်။ ရမည်းသင်း၊ ဝတီး၊ ယင်းတော်၊ လှိုင်းတက်၊ ညောင်ရမ်း၊ ညောင်မြင့်၊ သာဂရ၊ ပင်းတလဲ၊ မြင်စည်မြို့သားတို့ကိုလည်း တလုပ်မြို့က ဆင်လုံးမြင်းရင်း၊ စစ်သည် ဗိုလ်ပါနှင့် အခိုင်အလုံ နေရသည်။ ရှမ်းတို့က လှေတပ်လည်း တလုပ်မြို့တွင် ခံ၍ နေရသည်။ ဟံသာဝတီက ချီလာသော သားတော် မဟာဥပရာဇာတို့ ပုဂံသို့ ရောက်တော် မူလျှင် ပုဂံစား မင်းစည်သူလည်း ဤသို့ မဟာဥပရာဇာကို လျှောက်သည်။ "ယခု ချီတော်မူသည့် ရေကြောင်းမှာ အားနည်း၊ လှသည်။ အင်းဝ ဘုရင် နရပတိမှာ ရှမ်းစော်ဘွား ငါးဦး ကူညီ လေသော ကြောင့် ရေအား ကြည်းအား ခိုင်မြဲလှသည်။ ယခုလည်း တလုပ်မြို့တွင် ရေတပ် ကြည်းတပ် အခိုင် အလုံ ခံ၍ နေလေသည်"ဟု လျှောက်သော်၊ မဟာဥပ

နားသည်၊ ခမည်းတော် အမိန့်တော်မှာ သားလျှင်လည်း ထိုက်သေး၊ သားလျှင်လည်း အလျင် ဆုတ်ခဲ့ အမှာတော် ရှိသည်။ အမှာတော် အတိုင်း၊ သားလျှင် ထိုက်မည်။ မသားလျှင်လည်း ခွဲရမည် ဟူ၍ မိန့်တော် မူသည်။ ကြည်းကြောင်း၊ ချီရသော ဘုရင်မင်းခေါင်တို့ ရောက်လာ၍ အရေးအရာကို ငြိမ်၊ ဝင်းကျင်းတော်မူသော်၊ ပတ္တမြားတွင်းသခင် ဖြစ်သော စော်ဘွား ပါသည်၊ ဘဝရှင် မင်းတရားကြီး ဘုရားနှင့် တစ်ပါးတွင် အခင်းအခန့်ရှိလျှင် တစ်ပါးကိုတစ်ပါးကူညီမည် ဟူ၍ ကတိသစ္စာ ရှိသည်ကို၊ မိမိသစ္စာကိုဖျက်၍ အင်းဝဘုရင် နရပတိ ကူညီလေသောကြောင့် အင်းဝက အားကြီးလေသည်။ ယင်းသို့ ဖြစ်သောကြောင့် သည် အကြောင်း၊ အရာများနှင့် ရှိခိုး သံတော်ဦး တင်ရမှ သင့်မည် ဟူ၍ တိုင်ပင်တော်မူကြပြီးလျှင် လျှောက်ရလေ၏။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း သားတော် မဟာဥပရာဇာတို့က လျှောက်လာ၍ ကြားတော်မူလျှင် သားတော်၊ ညီတော် ရေတပ်၊ ကြည်းတပ်ကို ခေါ်တော် မူ၍ ပြန်ရသည်။

သက္ကရာဇ် ၉၁၅-ခု၊ နတ်တော်လဆန်း ၁၃-ရက်၊ သောကြာနေ့ နန်းတော် ဆောက်တော်မူသည်။ နန်းတော် ဆောက်ရာမြေကို ကမ္ဘောဇသာဒီ ဟူသော အမည်ကို သမုတ်တော်မူသည်။ နန်းတော် ဝန်းကျင်ကိုလည်း မင်း မိဖုရားတို့ အိမ်တော်၊ ကိုယ်လုပ်၊ မောင်းမတို့အိမ်၊ ရွှေတိုက်၊ ငွေတိုက်၊ ကြေးတိုက်၊ ပုဆိုးတိုက်တို့ကို လုပ်တော်မူသည်။ ထို သက္ကရာဇ် တပို့တွဲလဆန်း ဆယ်ရက်၊ သောကြာနေ့၊ ခေမာဒွါရ တံခါးက ဝင်တော်မူ၍ နန်းတက်တော်မူသည်။ သိရိသုဓမ္မရာဇာ ဟူသော အမည်ကိုလည်း ခံတော်မူသည်။ မိဖုရားခေါင်မှာ အဂ္ဂမဟေသီ ဟူသော အမည်ကို ခံတော်မူသည်။ မှူးတော် မတ်တော် ဆွေတော် မျိုးတော် အပေါင်းတို့ကိုလည်း အထိုက် အလျောက် ပေးတော် မူသည်။ ကြီးစွာသော သဘင်ကိုလည်း ရက်လည်အောင် ခံတော်မူသည်။ အရညဝါသီ ပုဂ္ဂိုလ်၊ ဂါမဝါသီပုဂ္ဂိုလ် တို့ကိုလည်း နန်းတော်သို့ ပင့်တော်မူ၍ ရက်လည် အောင် ဆွမ်းလုပ်ကျွေးတော်မူသည်။ သီတင်းသုံး သူတော်ကောင်း အစရှိသော မစားရတတ်၊ မဝတ်ရတတ်သော သူတို့အားလည်း၊ ပုဆိုး၊ အင်္ကျီ၊ ကြေးငွေ၊ ဆန် စပါး၊ အသား၊ ငါး တိုက်တော်က များစွာထုတ်၍ အလှူကြီး ပေးတော် မူသည်။ သုံးဆယ့်ခုနစ်လုံးရှိသော ဟင်္သာချပ်၊ ရွှေဖောင်တော်ကိုလည်း တည်တော် မူသည်။ ဇလာကာပင် အစရှိသော တိုက်ခေါ်ကြီးများ ဟောင်းနွမ်းလေသည် တို့ကိုလည်း ပြင်ဆင် လုပ်ဆောင်ရသည်။ အသစ်လည်း ထိုးရပ်လေ့၊ စသမိုရှုပ်

လှေ၊ ကျွဲရုပ်လှေ၊ ဆင်ရုပ်လှေ၊ မြင်းရုပ်လှေ၊ မိကျောင်းရုပ်လှေ၊ ငါးမန်းရုပ်လှေ၊ မကန်းရုပ်လှေများကိုလည်း အစင်းသုံးရာကျော် လုပ်ရသည်၊ ငှက်ကားကြေးလှေ အစင်း နှစ်ရာကျော်ခန့် လုပ်၍ အချို့ကို ရွှေချ ထည့်ရသည်။ အချို့သော လှေကို ရွှေစက်ကွင်း ထည့်ရသည်။ အချို့သော လှေကို အနီဆည်ပြဒါးသုတ်ရသည်။ ယင်းသို့ စီရင်ခန့်ရန်တော်မူပြီးမှ မုတ္တမ သုံးဆယ့်နှစ်မြို့၊ ပုသိမ်သုံးဆယ့်နှစ်မြို့၊ ဟံသာဝတီသုံးဆယ့်နှစ်မြို့၊ ကေတုမတီ သရေခေတ္တရာ၊ စကု၊ စလင်း၊ ပုဂံ နိုင်ငံတော် အလုံး၌ ရှိသော မြို့စား၊ မြို့စား အပေါင်းတို့ကို လက်နက် ကိရိယာ စစ်ဝတ်တန်ဆာ မျိုးရိက္ခာ ပြည့်စုံစေလျက် ဆောင်ယူရသည်။ သရေခေတ္တရာအစ၍၊ ပုဂံတိုင်အောင် ဧရာဝတီမြစ်ကြောင်းတွင် ရှိသော မြို့စား အပေါင်းတို့ကိုလည်း မျိုးရိက္ခာ စုရုံး၍ ထားရသည်။

သက္ကရာဇ် ၉၁၆-ခု၊ ဝါဆိုလ၊ ရခိုင်ဘုရင့်သား ဘထွေးနှစ်ဦး မကြည်ဖြ၍၊ ရခိုင်ဘုရင် အကြီးသားတော် သံတွဲစားသည်၊ တူတော် ရှင်ရဲမျိုးနှင့်တကွ၊ ဆင် မြင်း အလုံး အရင်းကို ယူ၍ ခြေရင်းတော်သို့ ရောက်လာသည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း သံတွဲစားကို သီရိဓမ္မာသောက ဟူသော အမည်ကို သမုတ်တော်မူ၍ ညီတော် မဟူမဘုရင် မင်းရဲစည်သူ သမီးတော် အကြီးနှင့် စုံဖက်တော်မူသည်။ ရခိုင်ဘုရင် တူတော် ရှင်ရဲမျိုးကိုလည်း သမီးတော်မျိုးမြတ်ဘုန်းစည်နှင့် စုံဖက်တော်မူ၍ တခမာမြို့ကို ပေးတော်မူသည်။

---

## ဆင်ဖြူရှင် မင်းတရားကြီး အင်းဝမြို့သို့ ချီတော်မူမည်ကို ခန့်ရန် စီမံတော်မူသည့်အကြောင်း

ယင်းသို့မှ အင်းဝသို့ ချီတော်မူမည်ကို ခန့်ရန်တော်မူသည်ကား၊ ရေတပ်မှာ မြောင်းမြမြို့ကိုစားသော သီရိဓမ္မရာဇာတစ်တပ်ကို ရွှေဖျားချီရသည်။ သည့်နောက် စကုစား လက်ဝဲ ယောဓာတစ်တပ်၊ ပဲခူးမြို့ကိုစားသော ဗညားကျန္တတစ်တပ်၊ ချင်တမြို့ကိုစားသော သရေစည်သူတစ်တပ်၊ ခဲပေါင်မြို့ကိုစားသော သမိန်သံကျယ် တစ်တပ်၊ မကျေးမြို့ကိုစားသော သရေပညာတစ်တပ်၊ အစုတ်မြို့ကို စားသော သမိန်အဲနရဲတစ်တပ်၊ လယ်ကိုင်းမြို့ကိုစားသော ရာဇသူတစ်တပ်၊ တိုက်ကုလားမြို့ကိုစားသော သမိန်ဇော်ကရတ်တစ်တပ်၊ မြင်ကွန်းမြို့ကိုစားသော

...ဘီလိုင်တစ်တပ်— ယင်းကမူ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ တပ်မ၊ ...ချီရသည်။ ဗိုလ်ချုပ်လည်း ခန့်တော်မူသည်။ သည်ဆယ်တပ်အုပ် ပါသည့် ...ကြင် တိုက်လှေ ခြောက်ရာ၊ လှော်ကားကြော့လှေ သုံးရာ၊ ရိက္ခာတင် ...လှေ ငါးရာ၊ စစ်သည်သူရဲ တစ်သိန်းတစ်သောင်းနှင့်ရေကြောင်း ချီရသည်။

ကြည်းကြောင်း ချီရသောတပ်စဉ်ကား၊ လက်ဝဲ ရံထိုင် မြင်းတပ်လက်ယာ ...မြင်းတပ်၊ ဆုဇာတမန် မြင်းတပ်၊ တုရင်ရာဇာ မြင်းတပ်၊ နန္ဒသိန်းစည်း ...တပ်—တုရင်ဗလ မြင်းတပ်၊ စစ်တုရင်သူ မြင်းတပ်၊ တုရင် ယောဓာ မြင်းတပ်၊ သည်မြင်း ရှစ်တပ်ကို ရွေးချယ် ချီရသည်။ ယင်းကမူ မြို့မြို့စား ...သိန်းလိုက် တစ်တပ်၊ မလွန်မြို့စား ရာဇသင်္ကြံ တစ်တပ်၊ နွယ်ရှိစား သမိန် ...ခံ တစ်တပ်၊ ဒလစား သီရိဇေယ နော်ရထာ တစ်တပ်၊ လက်ယာစား ဘယ ...ကျော်သူ တစ်တပ်၊ ပုသိမ်စား ဗညားလော တစ်တပ်၊ စလင်းမြို့ကို စားသော ...သူကျော်ထင်တစ်တပ်၊ စရပ်မြို့ကို စားသော သမိန်ပရမ်းတစ်တပ်၊ သန်လျင် မြို့ကိုစားသော ဘယဂါမဏီတစ်တပ်၊ မော်ဗီမြို့ကို စားသော ဗညားကျန်းတော တစ်တပ်၊ သာယာဝတီမြို့ကိုစားသော နော်ရထာတစ်တပ်၊ ဘောင်းလင်းမြို့ကို စားသော နန္ဒသူရိယ တစ်တပ်၊ လှိုင်မြို့ကို စားသော နန္ဒကျော်ထင် တစ်တပ်၊ ...မြို့ကို စားသော သီရိဇေယျကျော်ထင်တစ်တပ်၊ ညီတော် မင်းရဲကျော်ထင် တစ်တပ်၊ ညီတော် တောင်ငူဘုရင် မင်းခေါင်တစ်တပ်၊ ယင်းကမူ အဝရှင် မင်းတရားကြီး ဘုရား တပ်မပြု၍ ချီတော်မူသည်။ တပ်တော်တွင် ဝင်းတော် လေးမျက်နှာသား၊ လေးသောင်းကို ရွေးလှံ၊ ရွေးကာ၊ ရွေးလုံချည်ကိုင်ရသည်။ ကုလား လေးရာတို့ကိုလည်း ဦးထုပ် ဆောင်းစေ၍ ရွှေနားသန် ဘောင်းဘီနှင့် သေနတ် ကိုင်စေ၍ ဆင်တော် ရှေ့ နောက် နံပါးနှစ်ဘက် လိုက်ရသည်။ ကိုယ်ရံတော် မြင်းသုံးထောင် ကိုလည်း ဆင်တော် ရှေ့နောက် နံပါး နှစ်ဘက် လိုက်ရသည်။ တိုက်ဆင် လေးဆယ်ကိုလည်း အမောက်လေးချိုပ်စီးစေ၍လက်ယာ လက်ဝဲ ရှေ့ နောက် လိုက်ရသည်။ မှူးသား မတ်သား တို့လည်း ရွှေကာ ကိုင်စေ၍ ရှေ့နောက် နံပါးနှစ်ဘက် လိုက်ရသည်။ တပ်တော်တွင် သက်ရှည် ကျော်ထင်ကို တပ်မှူး၊ ရာဇယောဓာကို စစ်ကဲ ခန့်တော် မူသည်။ မြင်းတပ် ရှစ်တပ်နှင့်တကွ တပ်ပေါင်းနှစ်ဆယ့်ငါးတပ်တွင်ပါသည့် တိုက်ဆင် ရှစ်ရာ၊ မြင်းကိုးထောင်၊ စစ်သည် သူရဲ တစ်သိန်းရှစ်သောင်းနှင့် ကြည်းကြောင်း ချီတော်မူသည်။

နေပြည်တော် ဟံသာဝတီတွင် အစောင့် အနေ ခန့်တော် မူသည်။ သားတော် မဟာ ဥပရာဇာနှင့် နန်းသကြီး ကို ခန့်တော် မူသည်။ အရှေ့ ပုဏ္ဏမသုံးဆယ်နှစ်မြို့မှကား၊ ဇင်းမယ်ပြည်ကြီး၊ ယိုးဒယားပြည်ကြီးနှင့် နိုင်ငံ သည်ကို အကြောင်း၊ တောက်တော်မူ၍ ညီတော် ပုဏ္ဏမ မင်းကြီး၊ မင်းရဲကျော်နှင့် မင်းလှမြင်စော၊ ဗညားဦး၊ တောင်ငူစား၊ စောကရက်၊ ဓမ္မရာဇာ မင်းရဲ သမီးသားတို့ကို ဆင်လုံး မြင်းရင်းနှင့် အမိုင်အလုံ စောင့်နေရသည်။ မြို့ သီတို့ စစ်ကိုလည်း၊ လင်းယုတ္တစား၊ ဓမ္မဘုရား ဗိုလ်တို့ကို ဆင် မြင်း၊ အလုံ အရင်းနှင့် အစောင့် အနေခန့်တော်မူသည်။

ဤသို့ ပြည်အလုံးကို စီရင်ခန့်ထားတော်မူပြီးမှ၊ သက္ကရာဇ် ကိုးရာ့တစ်ဆယ့် ခြောက်ခု၊ နတ်တော် လဆန်း လေးရက်၊ ဗုဒ္ဓဟူးနေ့ ဟံသာဝတီ နေပြည်တော်က ချီတော်မူ၍၊ ပြည်လုံးစောင်းဆင် ဟူသော တပ်တော်တွင် ချတော် မူသည်။ ထင်းကသည်၊ တောင်ငူမြို့တိုင် ဆယ်စခန်း ချီတော်မူသည်။ တောင်ငူသို့ ရောက်တော်မူလျှင် ညီတော် ဘုရင့် မင်းခေါင် ဤသို့နားတော် လျှောက်သည်။ "ရာဇဒွန် ဆင်ဝ ပြည်ကြီးသည် ဖမ်းပြည်တစ်ရွာ စော်ဘွားတို့ ကျွန် လေသောကြောင့်၊ အလုံအရင်းဆင်မြင်း များလေသည်။ ယင်းသို့သော မဟုတ် မြို့မှာလည်း ရေလည်း ရှိလည်း ဝန်းရံ၍ ရှိလေသောကြောင့်၊ အလုပ်အကြံ ခက်လေသည်။ ယခုလ ဝါတွင် အရေးတော် ပြီးလွယ်စေသော် မှုမြို့ ရှိ၍ ရပ်ကြံတော်မူမှ သင့်မည်။ မွေ့ဝါဆို၊ ဝါခေါင် ရောက်၍ ရေပြည့်လျှင် တလည်းရှိသော် အလုပ်အကြံ များခဲ့ရှိမည်။ ယင်းသို့သော မဟုတ် ဓမ္မသာရ ဝတီ၊ ယင်းတော် လိုင်းအက် ညောင်ရမ်း စသော မြို့များ တိုင်းသည် အလုံအရင်းနှင့်မျှည်း ဖြစ်သည်။ မြောက်ဘက် တစ်တန်းတွင်ရှိသော မြို့ တိုင်းသည်၊ အလုံအရင်း နှင့်မျှည်း ဖြစ်သည်။ ကြိုက်ကိုး ပယ်ပယ် လုပ်ကြံမှ အရေးတော်ပြီးလွယ်မည်။ ယခု မြို့မှာလည်း သုံးနှစ်ပြည့်ပြီစေမှ တောင်ဘက် ဝယ်ရှိသော မြို့ ဆပေါ်ကိုတို့ကို သိမ်းယူတော်မူမည်" ဟု နားတော် လျှောက်သည်။

ထိုမှ မင်းတရားကြီး သဘောကျ၍ ညီတော် မင်းခေါင် လျှောက်သော အရေးကိုကိုက်တော်မူ၍ နန်းသိမ်းစသော်မြင်းတပ်၊ ဘုရင့်ဆောင်မြင်းတပ်၊ ရဲညွှန့် တော်ဆင် တပ်တပ်၊ အမိန့်ရသော်မုန်တပ်၊ ဘသာ ပါမစ်တပ်တပ်၊ အမိန့် ရသော်တပ်တပ်၊ ညီတော်အောင်ဘုရင့် မင်းခေါင်တပ်တပ်၊ မြင်းတပ်နှစ်တပ် နှင့် တပ်ပေါင်း၊ နှစ်တပ်ကို အလျှောက်ကြောင်း ချီရသည်။ ဖေစ်ကွက်လှ

မြို့တော်၊ ထုတ်ရှင် ယောဒယ မြို့တော်၊ ရာဇာကိုး ထံတော်၊ ရှားအကျန်းတော ထံတော် သို့ဖြစ်စေ နေ့ရာတော်ထံတော်၊ ထမ်းနယ်၊ ထံတော် ညီတော် မင်း၏ ဆွေခင်ထံတော်၊ မြို့တော်နှစ်တော်မှ ထမ်းပေါင်းနှင့်တော်ကို အပြည့်ကြောင်း ကိုးဘည်း အတွင်မင်းတရားကြီးတွေ့ရာ မြို့တော်တော တို့ထမ်းပေါင်း ထံတော်တော်ကို အနောက်ဘက်ကြောင်း မိုးတော်မူသည်။ နေ့မှာပြီး တော်မီတော်မူသည်။ တောင်တွင်ဖြစ်ကြီးသည် လက်ကျန်းတော်မှတ်မှတ်၍ ပုံကို အင်းတော်မူသည်။ ရောက်တော်မူလျှင် ပုံအတွေ့ကြောင်းထံတော် ထံမှုတော်မူ၍ ရွှေစည်းပုံတရားမျက်ကို ပူဇော်တော်မူသည်။ ထုတ်မျက် ထီးတော် ဆက်ဆောင်တော်ဆောင်မှုကို ထုတ် မိန့် မည် ဟု ၍ ညီ ရဲ တော် မင်းညီ သူကို ရှေ့နှစ်ထပ်ခုံပါပြီးသော အင်းတော်သည်။

ညီတော် တောင်ငူရှင် မင်းခေါင်တို့ ရှုနှစ်၊ အခွေကြောင်းပြီးလျှင် ရှည်သင်းကို တိုက်၍ မိုးတော်မူသည်။ ရောက်တော်အား ဝင်အားပေးတော် တော လိုင်းတော်အား၊ ညောင်ရမ်းဆောတွေ့သည် မြို့ရှင် မင်း၍ အဝိ အရပ် ထက္က တုတ်ကြောင်း၍ အင်းဝသို့ ပေါင်းကြောင်း၏ ကုန်မင်းခေါင်တို့ ရှုနှစ် အဓိကပြီး၊ ဆင် မြင်း၊ လူ့ကို ရှုအပြိုကို ဝိမ်ပြီး ရောက်စေကြီး မိုးတော်မူသည်။ မင်းယောတောင် ရှုနှစ်တော်မြို့ ထပ်တော်ရောက်ဖွင့် ထပ်မြိ ထပ်ထဲ အညီ၍ အတွင် မင်းတရားကြီးကို ပုံ၍ ခေတော်မူ၏၊ ညီတော် မင်းရဲကျော်ထင်တို့ အလယ်ကြောင်း၊ ဆိုရာသည်။ မင်းတော်ကို တိုက်၍ မိုးတော်မူသည်။ မင်းတော်အား၊ မြို့စည်းစား တို့ မင်း၍ အဝိ အရပ် ထက္က အင်းဝသို့ ပေါင်းစေ၏၊ မင်းရဲကျော်ထင်တို့ ရှုနှစ်ထားတော်ထွက် ရှေ့ ဆင် မြင်း၊ ရိုင်းပေါ လူတွေအပေါင်းကို ပိမ်းပြီးလှ်၍ ရောက်စေကြီး မိုးသည်။ မင်းယောတောင် ရှုနှစ်တောင်မြို့တော်တို့ ရောက်ဖွင့် ရောက်စေတော် တွေ့၍ ထပ်ချတော်မူသည်။ ညီတော် မင်းရဲကျော်ထင်ရောက်ဖွင့် နောင်တော် ကုန်မင်းခေါင်တော်၊ ထပ်မှု၊ ဓလေ့ အပေါင်းတို့ကို ခေါ်၍ ညီ၍ မိုးတော် မုံ။ "ဟုသည် အတွင် မင်းတရားကြီးတွေ့၊ အနောက်ဘက်ကြောင်း မိုးတော် မူ၍ မှုံ၍ ပုံသို့ အင်းတော် မူသည်။ ညီတော် အပြီးမှုရာတို့ တောင်မှု ပေါင်း၍၊ အနောက်ဘက်တွေ့၊ မြို့ဘက်တွေ့ကို ဆုံခြင်းတော်မူပြီးသည်၊ ငါတို့ နှစ်ကြောင်းသို့ရောက်ကြိုက်သည်၊ ခေါ်တော်မူ၊ အညီတွင်းသည်မှုညီ မြို့သော ကြောင့် ရာနေ့သူ့ မြို့ သို့ ရှေ့၍ ထုတ်ကြ နေမည်မဟုတ်၊ အင်းသို့ ပြန်ဆောင်ကြောင့်

သင့်လည်း လုပ်ကြံရမည်။ ဘဝရှင် မင်းတရားကြီး ဘုရားရှိရာ ချီသင့်လည်း ချီရမည်။ အစ်ကိုတို့စိတ်တွင် ဘယ်သို့ ထင်ကြသနည်း”ဟု မေးတော်မူသည်။

ယင်းသောခါ ညီတော် မင်းရဲကျော်ထင် လျှောက်သည်ကား၊ “ယခု ကျွန်ုပ်တို့ကို ခန့်တော်မူသည်လည်း ရန်သူတို့ကို တိုက်စိမ့်မည် ဟူ၍ ခန့်တော်မူသည်။ နေစိမ့်မည် ဟူ၍ ခန့်တော်မမူ၊ ယင်းသို့ ဖြစ်သောကြောင့် အင်းဝသို့ ချင်း၍ တိုက်ရမှ သင့်မည်” ဟူ၍ လျှောက်သည်။ မင်းရဲကျော်ထင် လျှောက်သော စကားကို ဗညားကျန်းတော ကြားလျှင် ဤသို့ လျှောက်သည်။ “သခင် လျှောက်သော အရေးသည် စစ်ရေးပင် ဖြစ်တော့သည်။ သို့ရာတွင် ယခု လုပ်ကြံတော်မူမည်မှာ အလျင်တဆော စစ်ဦးဘီလူးပါ လုပ်ကြံရမည် အရေး မဟုတ်၊ အင်းဝ နရပတိ စည်သူကလည်း ရှမ်းကိုးပြည်ထောင်ကို အမှီရလေသောကြောင့် ဆင် မြင်း ဗိုလ်ပါကို ရလေသည်။ လက်နက် ကိရိယာလည်း မြို့တွင် ထုထပ်လှသည်။ ဘဝရှင် မင်းတရားကြီးဘုရား ရောက်တော်မူ၍၊ ရေတပ် ကြည်းတပ် ရုံးရုံးစည်းစည်း လုပ်ကြံတော်မူမှ အရေးတော် သင့်မည်။ ယင်းသို့ ဖြစ်သောကြောင့် သည်တွင် တပ်ခိုင် တပ်လုံနှင့် နေမည်။ သူက ထွက်၍ တိုက်လာလျှင်လည်း တိုက်မည်။ သူ မထွက်လာလျှင်လည်း ရဲမက် ဗိုလ်ပါ ဆင် မြင်းကို ပြည့်တင်း၍ နေမည်”ဟူ၍ လျှောက်သည်။ ဗညားကျန်းတော လျှောက်သော စကားကို တပ်မှူး စစ်ကဲ အပေါင်းတို့ ကြိုက်ကြသည်။ ဘုရင်မင်းခေါင်လည်း ကြိုက်တော်မူ၍၊ ယင်းတွင်ပင် နေတော်မူသည်။ ထိုသို့ နေတော်မူသည်ကို အင်းဝဘုရင် နရပတိက တိုက်ဆင် တစ်ရာ၊ မြင်း နှစ်ထောင်၊ စစ်သည် သုံးလေးသောင်းနှင့် ချီလာသည်ကို ညီတော် မင်းရဲကျော်ထင်တို့ ခုနစ်တပ်သား ကြို၍ တိုက်သည်။ အင်းဝ မြင်းတပ် ပျက်လေ၏။ မြင်းတပ် ပျက်လျှင် ဆင်တပ်ကြို၍ ခံသည်ကို မင်းရဲကျော်ထင် သန့်မြန်စွာကို စီးတော်မူ၍ တိုက်တော်မူသည်။ တပ်ဦးပျက်လေ၏။ တပ်ဦး ပျက်လေလျှင် ရာဇသင်္ကြံ၊ ဗညားကျန်းတော၊ သိရိဇေယနော်ရထာ၊ သမိန်ပရမ်းတို့ လေးတပ်သား ဖိ၍ တိုက်သည်။ အင်းဝတပ် အလျင် ခွါလေ၏။ မြင်း သုံးဆယ်ကျော်နှင့် မိုးညှင်း စော်ဘွား အမတ် ပတလုံကို ရတော်မူသည်။ သည့်နောက်တစ်ကြိမ် ဆင်လုံး မြင်းရင်း အများနှင့် ထွက်လာ၏။ ပင်းယ တိုင်အောင် ရောက်လာသည်ကို ဘုရင်မင်းခေါင်၊ မင်းရဲကျော်ထင်တို့ မြင်း သေးတပ်၊ ဆင်တပ် ဆယ်တပ်နှင့် ကြိုတော်မူသည်။ စစ်အင်ကို မြင်လျှင် ရှမ်းတို့ မခံဝံ့၍ အပြင်း ခွါလေ၏။ နောက်ထပ် လိုက်တော်မူသည်။ တံတားဦးကသည် တောဖိပ်လှုတိုင်အောင်

ဆောက်လေ၏။ လက်နက် ကိရိယာ ထူထပ်လှသောကြောင့် မချိုးနိုင်ချေ၊
တပ်တော်သို့ ပြန်၍ နေတော်မူသည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော် သတိုးဓမ္မရာဇာတို့ လှေအပ်
ဆောက်လျှင် မြောင်းတူး ပုခန်းကြီးကို လုပ်ကြံလေ၊ အမိန့်တော်ရှိ၍ လှေအပ်
သားတို့ ဆန်နှင့်ရသည်။ ယင်းသို့မှ ပုဂံကသည် လက်ထုတ်ကို ချီတော်မူ၍
ကွမ်းရွာကို ကူးတော်မူသည်။ ကွမ်းရွာကသည် ပုခန်းကြီးကို ချီတော်မူသည်။
ပုခန်းစားလည်း ဘဝရှင် မင်းတရားကြီး ရေအား ကြည်းအား ချီတော်မူလာ
သည်။ ရဲမက်ဗိုလ်ပါ များလှသည်ဟူ၍ ကြားလျှင် မြို့တွင် မနေဝံ့၍ အလုံး
အရင်းကို မြို့တွင် ခန့်ထားခဲ့ပြီးလျှင် မိုးညှင်းကို ပြေးဝင်လေ၏။ ဘဝရှင်
မင်းတရားကြီးဘုရားလည်း ညီတော် သတိုးဓမ္မရာဇာတို့ လှေအပ်ကို ချင်းတွင်း
သို့ ဝင်၍ အမြင့်၊ ဗဒုံ၊ ကန်နီသည် မြို့များကို လုပ်ကြံချေဟူ၍ စေတော်မူသည်။
ဘဝရှင် မင်းတရားကြီးဘုရားမှကား၊ ပုခန်းကြီးမြို့ကို အဆောတလျင် လုပ်ကြံ
စေ၍ ရတော်မူလျှင် ရန်အောင်ဘီလူးနှင့် ရွှေလေးမှူးကို အလုံးအရင်းနှင့်
အစောင့်အနေ ခန့်တော်မူခဲ့၍၊ ပုခန်းကြီးကသည် ကြခတ်ဝရာသို့ ကူးတော်
မူသည်။ ယင်းကမှ ပရိမ္မတွင် ခုနစ်ရက်ခန့် နေတော်မူ၍ ညီတော်တို့ ရေအပ်ကို
မစတော်မူသည်။

ညီတော် သတိုးဓမ္မရာဇာဘို့လည်း ချင်းတွင်းကိုဝင်၍ အမြင့်ကို လုပ်ကြံမည်
စီရင်တော်မူစဉ်၊ အမြင့်စား သခ်ယသည် ပြေးသော်လည်း မလွတ်ရာ အကြံ
ရှိ၍၊ ဆင်ကြီး မြင်းကြီး သားသမီးတို့ကို လက်ဆောင်တော်ဆက်၍ ကျွန်တော်
ခံလာသည်။ ဗဒုံစား ရာဇသင်္ကြံမူကား၊ အလုံး အရင်းနှင့် မြို့တွင် ခံနှင့်
သည်ကို ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ လှေအပ်ဆောက်၍ ရှုပ်ရှပ်ချုံချုံ
လုပ်ကြံတော်မူလျှင် မြို့စားနှင့်တကွ တစ်မြို့လုံးကိုရတော်မူသည်။ ယင်းသို့လျှင်
သားမယားနှင့်တကွ ရာဇသင်္ကြံကို ဘဝရှင် မင်းတရားကြီးဘုရား တပ်တော်
ပရိမ္မသို့ ဆက်လာသည်။ ယင်းသို့မှ ဗဒုံတွင် အစောင့်အနေခန့်၍ မိုးသောက်လျှင်
ကန်နီသို့ တပြင်း ချီတော်မူသည်။ ကန်နီစားလည်း အသက်သေမည်ကိုကြောက်၍
ဆင်ကြီးနှစ်စီး သားသမီးကို လက်ဆောင်ဆက်၍ ကျွန်တော်ခံလာ၏။ ညီတော်
ပြည်ဘုရင် သတိုးဓမ္မရာဇာလည်း၊ ကန်နီစားနှင့်တကွ သားသမီးတို့ကို ဘဝရှင်
မင်းတရားကြီးဘုရားသို့ အလျင် ဆက်သရသည်။ ယင်းသို့မှ ကန်နီတွင် သရေ
ပုညာနှင့် စန္ဒယောဓတို့ကို အလုံး အရင်းနှင့် အစောင့်အနေ ခန့်တော်မူခဲ့၍
ဘဝရှင် မင်းတရားကြီးဘုရားက ခေါ်တော်မူသည်နှင့် အလျင် လိုက်တော်

မှသည်။ မြောင်မြှာသို့ ရောက်မှ တွေ့တော်မူသည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော်တို့ ပါလာလျှင် ကြည်းရေ ဖက်၍ မြင်းမှုကို တိုက်၍ မြောက်ဘက်ကြောင်း စစ်ကိုင်းသို့ ချီတော်မူသည်။ မြစ်ကို ကူးတော်မူပြီးလျှင် စစ်ကိုင်းစားသည် မခံ၍ မိုးညှင်းသို့ ပြေးလေ၏။ စစ်ကိုင်းသို့ ရောက်တော်မူလျှင် ရေတပ်၊ ကြည်းတပ် အနေအထား သင့်အောင် စီရင်တော် မူပြီးမှ ညီတော်ဘုရင်မင်းခေါင်၊ ညီတော်မင်းရဲကျော်ထင်တို့ တစ်ဆယ့်လေးတပ်သားရှိရာတပ်သို့ စေတော်မူသည်။ စေယန်ကာ၊ မည်သည့်နေ့ရက်ကိုအင်းဝကို ကြည်းရေလုပ်ကြဲတော်မူမည်။ အစ်ကို တစ်ဆယ့်လေးတပ်သား စစ်မျက်နှာမြို့ရှိမြို့ကို တက်စေလှ၍ စေတော်မူသည်။ ညီတော် ဘုရင်မင်းခေါင်၊ ညီတော်မင်းရဲကျော်ထင်တို့လည်း မှာတော်မူသည့် နေ့ရက်ရောက်လျှင် ဆင် မြင်းတပ်၍ စစ်သည် ဗိုလ်ပါအိုကို စီရင်၍ရန်ကော် မူပြီးလျှင် စစ်မျက်နှာမြို့ရှိ အင်းဝသို့ ချီတော်မူကြသည်။

ယင်းသောအခါ ဘုရင်မင်းခေါင်မှာ စောရန်နိုင် ဟူသော ဆင်ကို စီးတော်မူသည်။ သမိန်သံလိုက်မှာ ရေက်နှယ် ဟူသော ဆင်ကို စီးသည်။ ညီရာကျော်ထင်မှာ နာဂဝရ ဟူသော ဆင်ကို စီးသည်။ သမိန့်ရဲသင်ရုံမှာ ရှားလမန် ဟူသော ဆင်ကို စီးသည်။ ဘယကျော်သူမှာ ပာတင်ပြောင်မှန် ဟူသော ဆင်ကို စီးသည်။ မြင်းတပ် နှစ်တပ်နှင့် တပ်ပေါင်း ခုနစ်တပ်မှာ ပင်းယကသည် တံတားဦးကို ချီ၍ အင်းဝသို့ ချဉ်းကြသည်။ ညီတော် မင်းရဲကျော်ထင်မှာ သန်မြန်စွာ ဟူသော ဆင်ကို စီးတော်မူသည်။ သမိန်ပရမ်းမှာ ပလ္လင်စွယ် ဟူသော ဆင်ကို စီးသည်။ သီရိဇေယနော်ရထာမှာ ရတနာပြောင်ကျော် ဟူသော ဆင်ကို စီးသည်။ ဗညားကျန်းတောမှာ ဇေယသတ္တရ ဟူသော ဆင်ကို စီးသည်။ ရာဇသင်္ကြံမှာ ရဲလုလင် ဟူသော ဆင်ကို စီးသည်။ မြင်းတပ် နှစ်တပ်နှင့် သည် ခုနစ်တပ်မှာ အနောက်ကြောင်း ချီ၍ မန်ကျည်းဆင်စဲ ကသည်အင်းဝသို့ ချဉ်းသည်။ ယင်းသို့မှ မြင်းတပ် နှစ်တပ်ကို အလျှင် ချီစေ၍ စစ်ရေးငင်ရသည်။ အင်းဝဘုရင် နရပတိကလည်း တိုက်ဆင် တစ်ရာ၊ မြင်း သုံးထောင်ကျော်ကို မြို့က ထွက်စေ၍၊ မင်းရဲကျော်ထင် မြင်းတပ်သားတို့ကို တိုက်လာရသည်။ မြင်းတော်သည်တို့ကလည်း ခံ၍ မနည်းကြာ တိုက်ကြသည်။ ယင်းသို့စဉ်တွင် သမိန်ပရမ်း ပလ္လင်စွယ် ဟူသော ဆင်ကို စီး၍ လွှတ်သည်၊ ဗညားကျန်းတော ဇေယသတ္တရ ဟူသော ဆင်ကို စီး၍ လွှတ်သည်။ အင်းဝရှမ်းတို့ ဂစ်သည် အပ်း၍ နေလေ၏။

ယင်းသို့စဉ်တွင် မင်းရဲကျော်ထင် ထန်မြန်စွာကို ချွန်းဖွင့်၍ ဆင်မြေပုံ ဂျမ်သည်ကိုင် သုံးထောင်နှင့် အပြင်းတိုက်ခတော်မူသည်။ ရှမ်းတို့စီးသည် နှစ်ရက်လေ၏။ ထိုသို့ နှစ်ရက်ခဲ့သည်ကို မြင်လျှင် သိရိဇေယ နော်ရထာ ရတနာမြောင် ကျော် ဆင်ကို ချွန်းဖွင့်၍ လှုတ်သည်။ ရာဇသင်္ကြံ ရဲလှသင်ဆင်ကို ချွန်းဖွင့်၍ လှုတ်သည်။ ရှမ်းတို့ စစ်ပျက်၍ မြို့တွင်းသို့ ပြေးဝင်လေ၏။ ဆင် ခုနစ်စီး။ မြင်း သုံးဆယ်ကျော်နှင့် လူလေးရာကျော် ရတော်မူ၏။ ယင်းသို့မှ လုံးခေါင်ပေါင်ကို ပတ်၍ တပ်တည်တော်မူသည်။ ဘုရင် မင်းခေါင်တို့မှာလည်း တိုက်ဆင်ရှစ်ဆယ်၊ မြင်း နှစ်ထောင်ခကျော်နှင့် တံတားဦးက ကြိုသောသည်ကို သမိန်သံလိုက် ရေကန်နယ်နှင့်၊ စည်သူ ကျော်ထင် နာဂဝရနှင့် ချွန်းဖွင့်ကာ လှုတ်သည်။ ရှမ်းတို့ မြင်းပုံသို့ ရောက်၍ မြင်း လေး ငါးစီး လဲလေ၏။ ရှမ်းတို့ ဆင်တပ်လည်း ရပ်ခလေ၏။ ထိုသို့ စဉ်တွင် ဘုရင် ပင်းခေါင် စောရန်နှင့်၊ သမိန်ရဲသင်ရံ ရွယ်လမန်ဆင်နှင့်၊ ဘယက ါမကီမှာ မာတင်မြောင်မှုနှင့် ချွန်းဖွင့်ကာ လှုတ်လျှင် ရှမ်းတို့ စစ်သည် ပရမ်းပတာ အစုစု ကွဲလေ၏။ မြင်းတော်သည်တို့ လိုက်ထပ်၍ တိုက်သျှင် ပျက်ပြန်လေ၏။ မြင်း ငါးဆယ်ကျော်၊ သုံ့ပန်း [illegible] နှစ်ရာကျော် ရတော်မူသည်။ ပိုးဘောင်းခေါ်ဘွား အပတ် ကင်းကြီးကိုလည်း ဆင်နှင့်တကွ ရတော်မူသည်။ ယင်းသို့မှ တောင်ဘက် ပရက္ခတိုက်ကို ပတ်၍ တပ်တည်တော်မူသည်။

---

### ဘင်းဝဂ္ဂနန်းကို သိမ်းမြန်း စိုးအုပ်တော်မူသည့်အကြောင်း

ဘဝရှင် မင်းတရားကြီး ဘုန်းလည်း စံကိုင်းကသည် ရွှေကြက်ယက်ကို ပြုတော်မူသည်။ ညီတော် ကုးတော်မူ၍ ဘင်းဝ အရှေ့ဘက်က အရပ်အနေ ပြုတော်မူသည်။ ညီတော်ကုးတော်မူ၍ [illegible] စံကိုင်းက ဘင်းဝသို့ ကူး ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ လေ့တပ်သားများကို စံကိုင်းက ဘင်းဝသို့ ကူးစေ၍ ကြည်း ရေ ဝန်းရံတော်မူသည်။ ယင်းသို့လျှင် ဘင်းဝဘုရင် နရပတိစည်သူ မှုစ၍ တစ်မြို့လုံးသည် မြူးတွင်း ငါးကဲ့သို့ ထိတ်လန့်ခြင်း မြင်းစွာ ဖြစ်လေ၏။ ရဲခြင်းနှင့်ပြည့်စုံသော စစ်သည်တော် အပေါင်းတို့သည် ဘင်းဝမြို့ရင်းသို့ ချဉ်း၍ ဆင်သည်လည်း ဆင်နှင့် မြို့တံခါးကို တိုက်ကုန်၏။ မြင်းသည်လည်း မြင်းနှင့် ချဉ်း၍ လှေကားနှင့် မြို့ကို တက်ကုန်၏။ ခြေသည်လည်း တူးရွင်းကိုင်၍ မြို့ကို

တားကုန်၏။ ယင်းသို့ လုပ်ကြံတော်မူလျှင် ရတနာပူရ အမည်ရှိသော အင်းဝ ပြည်ကြီးသည် မင်းနိုင်၍ သက္ကရာဇ် ၉၁၆-ခု၊ တပို့တွဲလပြည့်ကျော် လေးရက်၊ တနင်္ဂနွေနေ့၊ နေမဝင်ခင်တွင် မြို့အလုံးကို ရတော်မူသည်။ အင်းဝ နရပတိ စည်သူဘသ၊ ည ရီတရောကို ကျွန်ငါးယောက်နှင့် မြို့ကထွက်၍ အုန်းဘောင် စော်ဘွား စစ်ကူလာသည်၊ မရောက်ခင် ဆင်ကောင်းတွင် ချုပ်နေသည် ကြားသောကြောင့် ထိုတပ်သို့ သွားသည်။ မကွေ့ရာတွင် သူဝင်တို့ တွေ့လျှင် ဖမ်း၍ ဘဝရှင် မင်းတရားကြီးဘုရားသို့ ဆက်လာ၏။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း နရပတိစည်သူကို မြင်တော်မူလျှင် သနားတော်မူ၍ သစ္စာတော်ပေးပြီးလျှင် အလုပ်အကျွေး မိန်းမ၊ ယောကျ်ားတို့ သုံးဆယ်ကျော် ပေးတော်မူ၍ ကောင်းမွန်စွာ ထားတော်မူသည်။ နရပတိစည်သူကို ဖမ်း၍ ဆက်လာသော သူဝင်အကြီးကိုလည်း အားရတော်မူ၍ မြင်းသည်လုလင်ဟူသော အမည်နှင့် ပန့်ရွာဝေး ငါးပတ်ခံတင်း ပဆိုးကောင်း၊ ဝတ်လုံ ကျေးစား ပေးတော်မူသည်။ ညီတော် မင်းရဲကျော်ထင်ကို အပ်၍ အမှုတော်ကိုလည်း ထမ်းရသည်။ ယင်းသို့မူ တောင်ပလုအရပ်တွင် အိမ်တော်သောက်၍ နေတော်မူသည်။ အရေးပြီးလျှင် ကြည်းတပ် ရေတပ် တပ်မှူးစစ်ကဲ အပေါင်းတို့ကို ခေါ်တော်မူ၍ ပွဲလမ်းရသသူတို့ကို မေးမြန်းစိစစ်တော်မူ၍ အလိုက်အလျောက် အမည်အရည် စားခွက်စားယော် စားကျေး စားလက် ပေးတော်မူသည်။ ညီတော် မင်းရဲ ကျော်ထင်ကိုလည်း သတိုးမင်းစော ဟူသော အမည်နှင့် အင်းဝမြို့ကို ပေးတော်မူသည်။ ဝေ ပလာ ရွှေချက်လေးစင်း၊ ဆင်ပေါင်းဝန်း ရွှေထည်၊ စည်ခုနစ်လုံး၊ နှဲခရာအစုံပေးတော်မူသည်။ အင်းဝတွင် ရှိသော ဆင်မြင်း ဗိုလ်ပါတို့ကိုလည်း ပေးတော်မူသည်။ ဖျင်တစား သရေစည်သူကိုလည်း မြောက်ဘက်မြင်းနှင့် ထောင်သင်းကို မှူးစေ၍ စစ်ကိုင်းမြို့ကို ပေးတော်မူသည်။

အုန်းဘောင်စော်ဘွားလည်း ဆင်လုံး မြင်းရင်းနှင့် အင်းဝ နရပတိကို စစ်ကူမည်ဟု ချီလာသည်။ မင်းတရားကြီးဘုရား အင်းဝကို ဝန်းရံ၍ လုပ်ကြံသည်၊ ပျက်ပြီဟူ၍ ကြားလျှင် မဆင်းလာဝံ့၍ ဆင်ကောင်း ဝက်ဝင်တွင် တပ်ချ၍ နေလေ၏။ နောက်လည်း ဘဝရှင် မင်းတရားကြီးဘုရား ချီလာတော်မူလာသည်၊ စစ်အင်ပျားလုသည် ဟူ၍ ကြားလျှင် တပ်ကိုနုတ်၍ အုန်းဘောင်သို့ ပြန်လေ၏။ အုန်းဘောင်စော်ဘွားကြီးမြေး ဝံမှိုင်းသားမှကား၊ အလုံးအရင်းနှင့် ဝေဠုကူမြို့ကို စားသည်။ အင်းဝပျက်လျှင် ဝေဠုကူသို့ ပြေး၍ မြို့ပြ ကျုံးမြောင်း ကကုတ်ရင်တား၊ ပြင်ဆင်ပြန်လေ၏။ ထိုအကြောင်းကို ဘဝရှင် မင်းတရားကြီး

ကြွတော်မူလျှင် ညီတော် သတိုးမေ့မှုရာဇာနှင့် ဗညားလော၊ ဗညားရမ်း၊ ဗညားကျန်းတော၊ ဗညားဒလတို့ကို ရေကြောင်း၊ ဆန်စေ၍ စေ့ဦးကူမြို့ကို လုပ်ကြံစေ စေတော်မူသည်။ ညီတော် သတိုး မေ့မှုရာဇာတို့လည်း လှေတပ် အပေါင်းနှင့် မြစ်တွင်းပြည့်မျှ ဆန်၍ စေ့ဦးကူသို့ ရောက်လျှင် လှေတပ်တစ်တက် မြို့ကို ကြည်းသို့ တက်စေ၍ အကြောက်အရွံ့ မရှိ ရှပ်ရှပ်ချုံချုံ ကြည်းရေ လုပ်ကြံတော်မူသည်။ မခံနိုင်၍ ပျက်လေ၏။ စေ့ဦးကူစား မူတားကျွန်စုံရာနှင့် မြို့ထွက်၍ လွတ်လေ၏။ မယားနှင့်တကွ သားနှစ်၊ သမီးနှစ်ကို ရတော်မူသည်။ မြို့အလုံးကို ရတော်မူလျှင် ရဲမက်တော် အပေါင်းတို့လည်း ဆင်၊ မြင်း၊ လူသူ၊ ရွှေ ငွေ ကြေး သံ၊ အဝတ်အစားတို့ကို သိမ်းယူကြသည်။ တစ်ယောက်မျှ လက်ချည်း မရှိဟူ၏။ ထိုသို့ရရာတွင် ဆင်၊ မြင်း၊ လူသူ၊ လက်နက်ကိုသာ သိမ်း ယူတော်မူသည်။ ထိုမှတစ်ပါးရသူယူစေ အမိန့်တော်ရှိ၍ ယူရသည်။ ယင်းသို့မှ သားတော်ညီကို စေ့ဦးကူမြို့ကို အလုံးအရင်းနှင့် တကွ ပေးတော်မူ၍ ညီတော် သတိုးမေ့မှုရာဇာတို့ လှေတပ်ကို ခေါ်တော်မူ၍ အင်းဝသို့ ပြန်ရသည်။

မိုးကောင်း စော်ဘွား၊ မိုးညှင်း စော်ဘွား၊ ကလေး စော်ဘွားတို့လည်း အင်းဝက စစ်ကူမည် ဟူ၍ ဆင်မြင်း ဗိုလ်ပါ အများနှင့် ချီလာသည်။ သာဝတ္ထိမြို့သို့ရောက်လျှင် အင်းဝပျက်ကြောင်းကို ကြား၍ ထို အရပ်တွင်ပင် တပ်ချ၍ နေသည့် အကြောင်းများကို ဘဝရှင် မင်းတရားကြီးဘုရား ကြားတော်မူလျှင် ညီတော် သားတော် မြေးတော် မတ်တော် တို့ကို ခေါ်တော်မူ၍ "စော်ဘွား သုံးဦးတို့ သာဝတ္ထိမြို့တွင် ယခု ခံ၍ နေသည်ကို ကိုယ်တိုင် ချီ၍ လုပ်ကြံသော်လည်း သင့်မည်လော၊ မြေးတော် မတ်တော် တို့ကိုသာ ချီစေ၍လုပ်ကြံ စေရသော်လည်း သင့်မည်လော" ဟူ၍ စိုင်းပြင်း ခင်းကျင်းတော် မူသည်။ ယင်းသောအခါ ပုသိမ်စား ဗညားလော လျှောက်သည်ကား၊ "ယခု စော်ဘွား သုံးဦး စစ်သည်ဗိုလ်ပါအများနှင့် ချီလာ၍ သာဝတ္ထိတွင် နေသည်ကို ညီတော် သားတော်၊ မြေးတော်၊ မတ်တော်တို့ကိုသာ ချီစေ၍ မသင့်ချေ၊ သတို့ အဖို့ အရာလည်း ဖြစ်လေသည်။ မိုး လေ ကျတော့မည်လည်း နီးပြီ၊ ဘုန်းကြီးသည့် ဘုရား ချီတော်မူ၍ ရှပ်ရှပ် ချုံချုံ လုပ်ကြံတော် မူမှ ညီတော်၊ သားတော်၊ တပ်မှူးစစ်ကဲ အပေါင်းတို့ အားတက်သရော အမှုတော်ကို ထမ်းဆောင်မည် အကြောင်းမှာလည်း ရှမ်းတို့ လုပ်ရည် ကြံရည်ကိုလည်း အထက်က မြည်မြို့ကို ညီတော်ဘုရား ရုံတော်မူ သည် ကာလကပင် အကြိမ်ကြိမ် သိရလေပြီးသည်။ ချီတော်မူသော်လည်း စစ်ပွဲနိုင်၍ ခံဝံ့မည်မထင်၊ ယင်းသို့ဖြစ်သောကြောင့် ညီတော်

သတိုးဓမ္မရာဇာတို့ လှေတပ်ကို အထက် ဗပ္ပါနဂိုရ် ကြံညှပ် တိုင်အောင် ဆန်၍ နေစိမ့်မည်။ ယင်းသို့ စီရင်တော်မူလျှင် စော်ဘွားတို့ စပ်မျက်နှာ ကွက်ကိုင်မည်'' ဟူ၍ နားတော်လျှောက်သည်။ ဗညားလော လျှောက်သော စကားကို ညီတော် သတိုး ဓမ္မရာဇာ ကြားတော်မူလျှင် ''သည်အရေးသည် သင့်လှသည်၊ ဘဝရှင် မင်းတရားကြီး ချီတော်မူမှ အရေးတော် ပြီးလွယ်မည်။ ကျွန်တော်တို့ လှေတပ်သားလည်း ဗပ္ပါနဂိုရ် ကြံညှပ် တိုင်အောင် ဆန်၍ အရေးတော် သာလျှင်လည်း လှေတပ်က နေမည်။ အရေးတော် မသာလျှင်လည်း လှေတပ်က တက်၍ ကြည်းတပ်သို့ပေါင်းမည်'' ဟူ၍ နားတော်လျှောက်သည်။

ဘဝရှင် မင်းတရားကြီး ဘုရားထံသို့ ဗညားလောတို့ လျှောက်သော အရေးကို ကြိုက်တော်မူ၍ ဆင်၊ မြင်း၊ ဗိုလ်ပါတို့ကို ဖောင်နှင့် စစ်ကိုင်းဘက်သို့ ကူးရသည်။ ဗိုလ်ပါ၊ ဆင်၊ မြင်း ကူးမိလျှင် ဘုရင် မင်းခေါင်တို့ မြင်းတပ်နှစ်တပ်နှင့် တပ်ပေါင်း ခုနစ်တပ်ကို မှကား အနေအထက်ကြောင်း ချီရသည်။ အင်းဝ ဘုရင် သတိုးမင်းစောတို့မှာ မြင်းတပ်နှစ်တပ်နှင့် ပေါင်းခုနစ်တပ်ကို မှကား အရှေ့ဘက်ကြောင်း ချီရသည်။ ဘဝရှင် မင်းတရားကြီး ဘုရားမှာ မြင်းတပ် လေးတပ်ကို ရှေ့ချီစေသည်။ တပ်မတော်နှင့် တကွ တပ်ပေါင်း ခုနစ်တပ်မှာ အလယ်ကြောင်း ချီတော်မူသည်။ ညီတော် ပြည်သတိုး ဓမ္မရာဇာတို့ လှေတပ် များကိုလည်း အညာသို့ မင်းတရားကြီး ဘုရားနှင့်တစ်နေ့တစ်ခါတည်းသက္ကရာဇ် ၉၁၆-ခု၊ တပေါင်းလဆန်း ကိုးရက် စနေနေ့ ချီတော်မူသည်။ စစ်ကိုင်း ကသည်၊ စာရေးတွင် ချတော်မူသည်။ စာရေးကသည် မြင်းကန်ရွာတွင် ချတော်မူသည်။ မြင်းကန်ကသည် အင်းပဲတွင် ချတော်မူသည်။ အင်းပဲကသည် ဟန်လင်းတွင် ချတော်မူသည်။ ဟန်လင်းကသည်၊ သာဝတ္ထိမြို့ကို ချီတော်မူသည်။ စခန်း ချတိုင်း သဘင် ခံတော်မူသည်။ သာဝတ္ထိသို့မရောက်ခင် တစ်စခန်းတွင်နေတော်မူ၍ လက်ဝဲရံတိုင်တို့ မြင်းတပ်သားကို မြင်းလေးထောင်နှင့် စမ်းချီ-ချီရလေ၏။ စော်ဘွား သုံးဦးတို့ကလည်း မြင်း လေးထောင်ကျော်ခန့်နှင့် ကြိုလာသည်။ သုံးစုခွဲ၍ တိုက်သည်။ ရှမ်းတို့ ကြိုလာသည်ကို တွေ့လျှင် အသီးအတား မရှိ လှသုံးရာကျော် ရလိုက်သည်။ ဆင်ငါးစီး၊ မြင်းတစ်ရာကျော်၊ တို့လည်း သာဝတ္ထိရင်း တိုင်အောင် ထပ်၍ လိုက်လေ၏။ မြင်းတော်သည် တို့လည်း မြင်းတပ် ပျက်လျှင် သာဝတ္ထိမြို့တွင် မခံဝံ့၍၊ မြို့ကထွက်၍ အပြင်း ခွါလေ၏။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ထပ်၍ ချီတော်မူလာသည်နှင့် ညီနောင်နှစ်ပါး အနေ ဘက်ဘက်ကြောင်း ပို့ဆောင်ရာ ရောက်လျှင် စစ်သုံးကြောင်း ချီတော်မူလိုက်တော်မူ၏။ မယ်ချေ့အဆောင် မြင်း လူသူ ကျန်ရစ်သည်များကို သိမ်းယူတော်မူ၍ မင်းတွင်ပင် တပ်ချ၍ နေတော်မူသည်။ ထိုအခါ ပုန်းစား ပြေးလေသော ကုလားဆင်ကြီး မြင်းကြီး သား သမီးတို့ကို လက်ဆောင်တော်ဆက်၍ ကျွန်တော် ခံလာသည်။ မိုးညှင်း စော်ဘွား ယောက်ဖ၊ ဒိုးပင်ဝုန်းစားလည်း သား သမီး ဆင်ကြီး မြင်းကြီးတို့ကို လက်ဆောင်တော် ဆက်၍ ကျွန်တော် ခံလာသည်။ ညီတော်မှူးစားလည်း လက်ဆောင် လက်နက် အများနှင့် သားသမီးတို့ကိုယူ၍ ကျွန်တော် ခံလာသည်။ ပိုးကောင်း စော်ဘွား၊ မိုးညှင်း စော်ဘွား၊ ကလေး စော်ဘွားတို့မှာကား သာဝတ္ထိပြည်က ပြေးထွက်၍ မြေဒူးသို့ ရောက်လျှင် တပ်တောင် တာတည်၍ အခိုင် အလုံခံ၍ နေလေသည်။ မိုးညှင်း စော်ဘွားဟူ ဝန်းသိုစားမှာကား တာတည်ရှာတွင် ဆင်လုံး မြင်းရင်း အများနှင့် ခံ၍ နေသည်။ ထိုအကြောင်းများကို ဘဝရှင် မင်းတရားကြီးဘုရား ကြားတော်မူလျှင် သာဝတ္ထိ တာတည် မြေဒူးသို့ ချီတော်မူသည်။ အင်းပတ်အရပ်သို့ ရောက်တော်မူလျှင် တာတည်တွင် ခံ၍ နေသော ဝန်းသိုစားကို တိုက်လေ ဟူ၍ ညီတော် သတိုးမင်းစောတို့ ခုနစ်တပ်သားကို မိန့်တော်မူသည်။ သတိုးမင်းစောတို့လည်း တာတည်သို့ ရောက်တော်မူလျှင် အသီး အတား မရှိ ရှုပ်ရှုပ်ချ ချ လုပ်ကြတော်မူသည်။ မခံနိုင်၍ ပျက်လျှင် စော်ဘွားသုံးဦးရှိရာ မြေဒူးသို့ ပြေးလေ၏။ ညီတော် အင်းဝဘုရင် သတိုးမင်းစောလည်း တောင်ငူ ဘုရင် မင်းခေါင်တို့ ခုနစ်တပ်သား ရောက်လာသည်နှင့် ထပ်၍ လိုက်တော်မူကြလျှင် စော်ဘွားသုံးဦးတို့သည် ခံယောင်ပြု၍ မြေဒူးက အပြင်းခွါလေ၏။ အင်းဝဘုရင် သတိုးမင်းစောတို့ တစ်ဆယ့်လေးတပ်သားလည်း အမီလိုက်တော်မူ၍ ဆင်ချန်းဖွင့်ကာ တိုက်တော်မူသည်။ စော်ဘွားသုံးဦး ပျက်လေ၏။ ဆင် ခုနစ်စီး၊ မြင်း သုံးရာကျော်၊ လူ သုံးထောင်ကျော် ရတော်မူသည်။ သေလေသည်လည်း များ၏။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ထပ်၍ ချီတော်မူလာသည်။ မြေဒူးသို့ ရောက်တော်မူလျှင် တပ်မချ၍ နေတော်မူ၏။ ညတဲတော်ဦးသို့ ညီတော် ဘုရင် မင်းခေါင် အစရှိသော မှူးတော် မတ်တော် တပ်မှူးစစ်ကဲအပေါင်းကို ခေါ်တော်မူ၍ "မိုးကောင်း၊ မိုးညှင်း၊ ကလေးတိုင်အောင် လိုက်၍ လုပ်ကြတော်မူရသော်လည်း သင့်မည်လော၊ ယခု ငါတို့ မြန်မာပြည်အလုံးကို သိမ်းမိပြီ ဖြစ်သည်။ သိမ်းမိသမျှ မြို့ပြတို့ကို အလုံး အရင်းနှင့် ကျေးစားထည့်၍ အခိုင်အလုံ နေစေ

ပြီးမှ ပြန်တော်မူရသော်လည်း သင့်မည်လော''ဟူ၍ ခိုင်းမြင်း ဝင်းကျင်းတော် မူသည်။ သီရိဇေယနော်ရထာ လျှောက်သည်မှာ''ယခုလည်း ပိုးအဝါ နီးမြဲဖြစ်သည်။ ရှမ်းပြည် တစ်လွှားတို့သည်လည်း တောင်ကမ်း၊ ချောင်းမြောင်း၊ ကြီးသည်။ နီးကျလျှင် ဆင်ကြောင်း မြင်းကြောင်း မသာ၊ ယင်းသို့လျှင် အလုံ အပြ မျှအချိန်မည်။ ယခု အောင်မြင်တော်မူရာမှာလည်း ရတနာသုံးပါး အစရှိသော မြန်မာပြည် အလုံးကို အောင်တော်မူခြင်းသည် အလွန် ဖြစ်ခဲလှသည်။ ယင်းသို့ ဖြစ်သောကြောင့် မြန်မာနိုင်ငံဖြစ်သော မြောက်ဘက်တစ်လွှားတွင်ရှိသော မြို့ ပြကြီးတို့ကို အလုံးအရင်း အခိုင်အခံ့ မြို့စားထည့်တော်မူ၍ သည်တစ်ကြိမ် ပြန်တော်မူသင့်သေးသည်။ ယင်းသို့မူ ပြန်တော်မူ၍ ဆင် မြင်း ရိုလ်ပါကို ပြည့်တင်းတော်မူပြီးမှ၊ ဇမ္ဗူ မိုးစဲလေသာကို ချိတော်မူလျှင် စော်ဘွားသုံးဦး လက်တော်က လွတ်နိုင်မည့် သဘော မရှိ''ဟူ၍ နားတော် လျှောက်သည်။ သီရိဇေယနော်ရထာ လျှောက်သောစကားကို ဗညားဒလ ကြားလျှင်''ကျွန်တော် သီရိဇေယနော်ရထာ လျှောက်သော အရေးသည် သင့်လှပေသည်။ ကျွန်တော်တို့ လက်ရည်ကိုလည်း ရှမ်းတို့ သိကြပြီ၊ ရှမ်းတို့ လက်ရည်ကိုလည်း ကျွန်တော်တို့ သိလေပြီးသည်။ ရွှေ မိုးစဲလင်းပွင့်ကို ချီတော်မူလျှင် စော်ဘွားသုံးဦး လက် တော်က လွတ်ရမည်လော''ဟူ၍ နားတော်လျှောက်သည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း သီရိဇေယနော်ရထာ လျှောက်သော အရေးကို ကြိုက်တော်မူ၍ ဆင် နှစ်ဆယ်၊ မြင်း နှစ်ရာ၊ ဗိုလ်သုံးထောင်နှင့်တကွ သက်ရှည်ကျော်ထင်ကို မြေဒူးမြို့ကို ပေးတော်မူ၍ အခိုင်အလုံ နေရသည်။ မြေဒူး နှင့် နီးစပ်သော မြို့ရွာတို့ကိုလည်း သက်ရှည်ကျော်ထင်နှင့် အရင်းအချာတို့ကို ပေးတော်မူသည်။ မိုးညှင်းစားယောက်ဖ ဗိုလ်ယင်းစားကိုလည်း သစ္စာတော် ပေး ပြီးလျှင် သီဟပတေ့ ဟူသော အမည်နှင့် ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ တွေးခံ၊ ထီးနီ၊ ညောင်ရွက်သုံးဆင့်နှင့်တကွ ပုခန်းမြို့ကို ပေးတော် မူသည်။ ပုခန်းကြီး စားကိုလည်း သစ္စာတော် ပေးပြီးလျှင် ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ တွေးခံ၊ ထီးနီ ညောင်ရွက်နှင့် တကွ ဇေယသင်္ကြံ ဟူသော အမည်ကို သမုတ်တော်မူ၍ မြေထဲမြို့ကို ပေးတော်မူသည်။

မိုးညှင်းစော်ဘွားတူ စည်ပုတ္တရာစားကိုလည်း သစ္စာတော် ပေးပြီးလျှင် သံယာ ဟူသော အမည်နှင့် ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ တွေးခံ ထီးနီညောင်ရွက်နှင့်တကွ ဗန်းမြို့ကို ပေးတော်မူသည်။ စည်ပုတ္တရာမြို့ကို မူကား ဇေယထီးလှိုင်ကို တိုက်ဆင်တစ်ဆယ် မြင်းတစ်ဆယ်၊ ဗိုလ် တစ် ထောင် နှင့်

ပေးတော်မူ၍ အနိုင်အသုံးနေရသည်။ ကန့်ဝေး၊ အမြင့်ဝေး တို့ကို မှကား ဝေးမြကြီး၊ အမြင့်ကို သစ္စာတော် ခံစေ၍ ပေးတော်မူသည်။ ယင်းသို့ နှင်းနှိမ်တော်မူပြီးမှ ညီတော် သတိုး ဓမ္မရာဇာတို့ လေ့တပ်ကို ဝေါ်တော်မူ ညီတော် သတိုးဓမ္မရာဇာတို့လည်း စမ္မနဂိုရ် ကြည့်ပစေသော တကောင်း တကောင်း မြတောင်တို့ကို အပြင်းလုပ်ကြံတော်မူ၍ ထီးချိုင့်သို့ ရောက်လျှင် ထီးချိုင့်စားခံနိုင်သည်ကို လုပ်ကြံတော်မူသည်။ ထီးချိုင့်စားလည်း သေလေ၏။ မြို့လုံးကိုယူခဲ့၍ အင်းဝသို့ ရောက်လျှင် ရခဲ့သည့် ဆင်မြင်း လူသူတို့ကို ဆက် ဆက်တော် သက်သည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း မြေဒူးကသည် ထွက်တော်မူ၍ သက္ကရာဇ် ၉၁၇-ခု၊ ကဆုန်လဆန်း နှစ်ရက်၊ စနေနေ့၊ အင်းဝသို့ ရောက်တော်မူသည်။ တောင်ပလူ တဲတော်တွင် နေတော်မူ၍ ရတပ် ကြည်း တပ်တွင် ပွဲလမ်း ရသသူ အမှူးအမတ်တို့ကို အမည်အရည် အဆောင် အယောင် တကျေးစားလက် အထိုက် အလျောက် ပေးတော်မူသည်။ ယင်းသို့ စီရင် နှင်းနှိမ်တော်မူပြီးမှ ထိုသက္ကရာဇ် ကဆုန်လပြည့်ကျော် နှစ်ရက်၊ တနင်္ဂနွေနေ့ နေ ညည်တော် ဟံသာဝတီသို့ အင်းဝက ပြန်တော်မူသည်။ နယုန် လပြည့်ကျော် တစ်ရက်၊ သောကြာနေ့ ဟံသာဝတီ ရွှေနန်းတော်သို့ ရောက်တော်မူသည်။

(အရေးတော်ပုံတွင်-ဘဝရှင် မင်းတရားကြီး ဘုရား၊ ရတနာပူရကို လုပ်ကြံတော်မူသောအခါ၊ သားတော် မဟာဥပရာဇာ ခမည်းတော် ဘုရားနှင့် အတူပါသည့် အဟန် ဆိုလေသည်။ မပါလေ။ သမိုင်းတော် အကျယ်မှာ မြို့စောင့်ခန့်တော်မူသည် ဟူ၍ ဆိုသည်။ ရတနာပူရကို အလိုတော်ပြည့်လျှင် မင်းတရားရွှေထီး သားတော်မင်းလက်ယာကို မြို့စောင့် ခန့်တော်မူသည် ဟူ၍ ပုဏ္ဏာရာဇပြောဟွာအရာဇဝင်တွင် ဆိုသည် မဟုတ်လေ၊ အောင်မြင်တော် မူလျှင် ညီတော် မင်းရဲ ကျော်ထင်ကို သတိုးမင်းစော အမည်နှင့် သက္ကရာဇ် ၉၁၆-ခု၊ တပို့တွဲ လပြည့်ကျော် တစ်ဆယ့်နှစ်ရက်၊ အင်္ဂါနေ့၊ ရတနာပူရမြို့ကို ပေးတော်မူသည် ဟူ၍ သက္ကရာဇ်ပုံတွင် ဆိုသည်။)

ဘဝရှင် မင်းတရားကြီးဘုရား ဟံသာဝတီသို့ ရောက်တော်မူလျှင် ကေတု မတီမှာ ခမည်းတော် ကောင်းမှုတော် ရတနာမြစည်းခုံ ဘုရားရှင်ကို ထီးတော် တင်စိမ့်မည်ဟူ၍ ရွှေချိန်ငါးပိဿာ သုံးဆယ့်ငါးကျပ် ညီတော်ဘုရင်မင်းခေါင် ကို အပ်တော်မူ၍ လုပ်ရသည်။ ခမည်းတော် ဆရာတော် ရှင်သာဓုပါလကို ဇေတဝန်ရွှေကျောင်း၊ ကျောင်းရံ သုံးဆယ်နှင့်တကွ ဆောက်လှူတော် မူသည်။

ထိုသက္ကရာဇ် တန်ဆောင်မုန်းလတွင် သိန်းခိုကျွန်းကို အစိုးရသော ဓမ္မပါလမင်းက သာသနာတော်ကို ပြုစုတော်မူပါဟူ၍ လက်ဆောင် လက်နက်အများနှင့် လျှောက်လာသောကြောင့် ပိဋကတ်သုံးပုံနှင့်တကွ စွယ်တော်မြတ်ကို ပူဇော်ရာ ရွှေသပိတ်၊ ငွေသပိတ်၊ ရွှေဟင်းခွက်၊ ငွေဟင်းခွက်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပန်း၊ ငွေပန်း၊ ရွှေထီး၊ ငွေထီး၊ ပတ္တမြားပေါက်ပေါက် များစွာသော လှူဘွယ် လှူခင်းတို့ကို သင်္ဘောတွင် တင်၍ အမတ်ရာဇမနုကို ပို့ရလေသည်။ စွယ်တော်မြတ်ကိုလည်း ဆွမ်းဝတ်၊ ဟင်းဝတ်၊ ဆီမီးဝတ်၊ နေ့တိုင်း မပြတ်တင်စေခြင်းငှာ ငွေတစ်ရာဘိုး သိန်းခိုမင်းမှာ မြေဝယ်၍လှူရသည်။ သက္ကရာဇ် ၉၁၇-ခု၊ တပေါင်းလပြည့်ကျော် သုံးရက်၊ အင်္ဂါနေ့၊ ဂူသီယိုဘုရား ထီးတော်ကျသည်ကို ဆင်တော်မူသော ပတ္တမြား ဥဗောင်းတော်ကို ဖျက်၍ ရွှေချိန်သုံးဆယ့်ငါးကျပ်ကို ထီးရွှေစလောင်းလုပ်တော်မူပြီးလျှင် နဝရတ်ကိုးပါး ခြယ်လှယ်စီမံ၍ ဘဝရှင် မင်းတရားကြီးဘုရား စစ်အင်္ဂါ လေးပါးနှင့်တကွ ကြွတော်မူ၍ ထီးတင်တော်မူသည်။ သဘင်ကြီးစွာလည်း ခံတော်မူသည်။

သမိန် ထောရာမကို လုပ်ကြံတော် မူကတည်းက ငါ အောင်မြင်တော်မူလျှင် သည်အရပ်တွင် မြို့တည်မည် အမိန့်တော်ရှိသည် အတိုင်း၊ သက္ကရာဇ် ၉၁၇-ခု၊ ပဉ္စမ သမ်မြို့တည်တော်မူသည်။ ဇေတဝန် ရွှေကျောင်း ကျောင်းရံလေးဆယ်နှင့်တကွ ဆောက်တော်မူ၍ မဟာသယ်ရာဇာအား လှူတော် မူသည်။ ပိဋကတ်သုံးပုံကိုလည်း ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်နှင့်တကွ ရေးကူးစေ၍ မြန်မာဆရာတော်၊ မွန်ဆရာတော်၊ ယွန်းဆရာတော် တို့အား အပ်တော်မူ၍ သင်ကြားပို့သစေတော် မူရစေသည်။ မြန်မာနိုင်ငံဖြစ်သော ပုဂံ၊ ရွာသာ၊ ဝလေ၊ ပုခန်းငယ်၊ သေရကျက်၊ တူးရှင်းတိုင်၊ ကျောက်ပန်းတောင်း သည်အရပ်များတွင် နေသောသူတို့သည်၊ ပုပ္ပါးနတ်ကို ကျွဲ၊ နွား၊ ကြက်၊ သတ်၍ တစ်နှစ်ကို တစ်ကြိမ် ပသပြီးလျှင် ကျွဲခေါင်း၊ နွားခေါင်း၊ ကြက်ခေါင်း၊ ဝက်ခေါင်းတို့ကို ကြိုးနွယ်သီ၍ အိမ်ရှေ့နတ်တိုင်ဆွဲထားကြသည်။ ဤသို့မဟုတ်မရာသော မိစ္ဆာဒိဋ္ဌိအယူကို ယူကြသည်များကိုလည်း အပါယ် လေးပါး၌ ရှည်လျား မြင့်မြဲစွာ ခံရမည်အကြောင်း ဖြစ်သည် ဟူ၍ နိုင်အောင် မြစ်တားရသည်။ ။မြို့ပြီး၍ နန်းတက်တော် မူသောအခါ၊ ဆွေတော် မျိုးတော် မှူးတော် မတ်တော် အပေါင်းတို့ကို အမည်အရည် အဆောင် အယောင် စားခွက် စားယောက် စားကျေး၊ စားလက် အသိုက်အလျောက် ပေးတော်မူသည်။

## ဆင်ဖြူရှင် မင်းတရားကြီး ညီတော် အင်းဝဘုရင် သတိုးမင်းစောနှင့် သမီးတော်တို့ စုံဖက်ထိမ်းမြားလက်ထပ်မည့်အကြောင်း

ထို့ သက္ကရာဇ်တွင် ညီတော် မုတ္တမဘုရင် မင်းရဲစည်သူ အနိစ္စရောက်တော် မူသည်။ မင်းရဲစည်သူ သားတော် သမီးတော်ကား၊ သားတော် မင်းရဲနန္ဒမိတ်မံ ထင်ပါ၏။ နှမတော် ရခိုင်ဘုရင့်ညီတော် သီရိဓမ္မာသောကနှင့် ဆင့်သည်တစ်ပါး။ ညီမတော် လှန်လျှင် ညီမတော်နှင့် ဆင့်ပြန်သည်လည်းတစ်ပါး။ သားတော်နှင့် သမီးတော် နှစ် ပေါင်း သုံးပါး။ ဘဝရှင် မင်းတရားကြီးဘုရားလည်း အယုဒ္ဓယာကိုဝင်မင်းတို့သည် အမျိုးမပြား စေခြင်းငှါ မောင်နှမ မျိုးချင်း ထက်သက်ကို အတုလသိရိ မဟာရာဇာဒေဝီ ရှင်မိဖုရားခေါင်တင် မြင်သော သမီးတော်နှင့် ညီတော် အင်းဝဘုရင် သတိုးမင်းစောကို စုံဖက်တော်မူသည်။ ။ မြတ်သော အစီအရင်ကား၊ နန်းတော်တွင်းတွင် ရွှေမြင့် မြယ်သုယ်ထပ်သော ပြာသာဒ်သုံးဆောင် ဆောက်စေပြီးလျှင် ပြာသာဒ်ကို အမြူချည်၊ မီးသည်။ တိုင်စင်တိုင်ကို ကတ္တီပါပြောက်ရစ်သည်။ သည်ရုံကို ဘေလျှင်ရစ်သည်။ မြင်တိုင်ကို ပိန်းရစ်သည်။ အတွင်းကို အမြူမျက်နှာကြက် ကြက်သည်။ အလယ်တွင် မျက်နှာကြက် ရွှေဖျင်လုံငါ ပွဲသုံးဆင့် ရွှေညောင်ရွက် ဆွဲသည်။ သည့်အောက် ဘဏ္ဍိုင် ရွှေရေးတည်သည်။ ဘဏ္ဍိုင်တွင် ကတ္တီပါမွေ့ရာ အလျား ငါးတောင်နှစ်မိုက်၊ အနံနှစ်တောင်တစ်မိုက်၊ မင်းသမီးမွေ့ရာထက် မင်းသားမွေ့ရာထပ်၍ ခင်းသည်။ မွေ့ရာအောက်တွင် ငွေတပိသာထုပ်၍ ထားသည်။ မွေ့ရာထက် အုံးနှစ်လုံး၊ တစ်လုံးကားအုံးတား၊ တစ်လုံးကားအုံးဇယား၊ သလွန်ကို နေရောင်တင်းတိမ်၊ ကန့်လန့်ကာတင်းတိမ်-ကာရသည်။ ပြာသာဒ်ဝန်းကျင်ကို ကြိုင်ကပ်ပျော ဝိုက်ရသည်။ ဘုန်းသီးခိုင်၊ ငှက်ပျောခိုင်၊ ဆွဲရသည်။ ပြာသာဒ်အောက်၌ နွားမီးသား ပေးတုံထားသည်။ ပြာသာဒ်ထက် ထားသည်ကား၊ အရှေ့ စုံစုံ၌ ဆန်ကင် မီးဖယ်ဖျူးထားသည်။ အရှေ့တောင်၌ ဆင်ချွန်း လေးမြားထားသည်။ တောင် စုံစုံ၌ မဟာပိန္နဲရုပ်၊ ကျောက်ပျဉ်၊ ကျောက်သွေးထားသည်။ အနောက် တောင်ထောင့်၌ ဆင်စွယ်နှစ်ချောင်းထားသည်။ အနောက်စုံစုံ၌ သမီးကညာ ရွှေငွေပိုက်၍ နေရသည်။ အနောက်မြောက်ထောင့်၌ စားဖွယ် သောက်ရာ ပြည့်စုံစွာသော ထမင်းပွဲထားသည်။ မြောက်စုံစုံ၌ ဒရသင်းရေပြည့်ထားသည်။ အရှေ့ မြောက်ထောင့်၌ ရေချမ်းအိုး နှစ်လုံး ရေပြည့်ထားသည်။ အလယ်၌ ဘုရားရုပ်တု ပင့်ကပ်ထားသည်။

ယင်းသို့ ဂိရင်တော်မှုပြီးမှ ရေတော်ခပ်မည့် အစီအရင်ကို ဝိရင်တော်မူသည်ကား၊ ပုဏ္ဏားရှစ်ယောက်တို့ကို ထမ်းစင်နှင့် လိုက်ရသည်။ သည့်နောက်မှ တစ်ဆယ့်နှစ်နှစ်ရွယ်ရှိသော မိဖုံအရုံ အမတ်သမီး ရှနှစ်ယောက်တို့ကို ရုလည်း ကုံးစေ၍ ရွှေကုံးနှင့်လည်မှာ ဘယက် လက်ကောက် လက်ကြပ် ဆင်ယင်စေပြီးလျှင် ပဏ္ဏမြားအနားရှစ်စီသည့် ရွှေမြတာ ပိုက်စေ၍ ထမ်းစင်နှင့် အမတ်ရသည့် အဆောင် အယောင်နှင့်တကွ လုလင်သမဲ့ချားစွာ ခြံရံလျက် ကမ္ဘာ့သိုက်မည်သော မင်္ဂလာရေကန်သို့ ကြီးစဉ်ငယ်လိုက် သွားရသည်။ နန်းတော်ကသည် ရေကန်တိုင် လမ်းနှစ်မြောင်းကို ရာဇမတ်ကာစေပြီးလျှင် ငုက်ပျောပင်၊ ကြံပင် စိုက်ရသည်။ အုန်းနိုင် ကွမ်းသီးခိုင် ယမြားလည်း ဆွဲရသည်၊ ရေအိုးစင် ကြာသုတ်အိုး တည်ရသည်။ ယင်းသို့မှ ရွှေချား စခမြာင်လေးယောက်၊ သည့်နောက် မြင်းတော်သည် မြင်းတစ်ထောင်နှင့် သည့်နောက် မှူးပျိုမတ်ပျိုတစ်ရာ၊ သည့်နောက် သာဘင်၊ သည့်နောက် သေနတ်စု၊ မြင်းတော်သည် ပုဆိုးကောင်း နားတောင်းရွှေနှင့်တစ်ထောင်၊ သည့်နောက် သုခွဲလေးကျိပ်၊ သည့်နောက် ပုဏ္ဏား တစ်ကျိပ်လေး၊ ဆုတောင်းတော်စာကိုင်၊ ဆုတောင်းတော် စာဖတ်၊ သည့်နောက်လုလင်တော် တစ်ရာ့ရှစ်ယောက်ကို မြူတာတစ်ရာ့ရှစ်လုံး ကိုင်စေ၍ လိုက်ရသည်။ သည့်နောက်မှ မင်းညီမင်းသား မှူးတော်မတ်တော် အပေါင်းတို့ အဆောင်အယောင် ကျင်းပလျက် မြင်းနှင့် လိုက်ရသည်။ ရေကန်သို့ ရောက်လျှင် ရေကန်စောင့် နတ်သားသဏ္ဍာန် သန်လျက်ကိုင်၍ စောင့်နှင့်သော သူသည် "မကိုင်မကြား ရေကန်သို့လာ၍ ရေခပ်လာသည်။ အဘယ် မည်သောသူနည်း" ဟူ၍ မေးနှင့်သည်ကို ပုရောဟိတ်ပုဏ္ဏားဘို့က မဟာဓမ္မရာဇ် သမီးတော် မြတ်ကို ထိမ်းမြားမည်။ ခေါင်းဆေးမင်္ဂလာ ရေခပ်လာသည် ဟူ၍ ဆိုပြီးမှ ရွှေဒင့်ပေးသည်။

ယင်းသို့မှ မြတ်သောမင်း၏ သမီးတော် မင်္ဂလာခေါင်းဆေး ရေခပ်စေတော့ ခွင့်ပြုသည်။ သို့ ခွင့်ပြုပြီးလျှင် ပေါက်ခေါက် တန်ဆောင်နှင့် ပုခက်၌ သတို့သမီး ခုနစ်ယောက် သက်၍ ရေကို ခပ်သည်။ ရေရလျှင် အစဉ်အတိုင်း ပြန်ရသည်။ ရောက်လျှင် ပြာသာဒ် ဦးမြည်း၌ ခေါင်းခြံ ငါးထပ်ရံ၍ တစ်ထပ်၌ ရှစ်မျက်နှာနှင်နှင့်၊ ဇာလီနတ်စာ ပြိုက်စာပေးသည်။ သို့မှ ငါးထပ်၌ ဓားထမ်းလုံထမ်း အစောင့်အရှောက်လည်း ထားသည်။ မျက်နှာကြက်တွင် ရေကျသည့် သိကသည်၊ အင်းကွက်လည်း ရေးသည်။ ရတနာကိုးပါး အတိစိ၍ ရွှေပန်းဆိုင်း ဆွဲသည်။ သိကြားရုပ်၊ ဒရှသင်းတွင် ရွှေမြတာနှင့် သွန်း၍၊ မျက်နှာကြက်က

နေကျရသည်။ အောက်က မင်းသမီး နေရသည်။ ရတနာ့ကိုးပေါ်စီသည့် ရွှေခွက်
ပွင့် တရော်ရည်ထည့်၍ နံတော်သင့်သည့် သတိုသမီး မ၍ သွန်းရသည်။
သည့်နောက်မှ ပုဏ္ဏား သွန်းရသည်။ ယင်းတွင် စည်တစ်ချက်တီးရသည်။ မိန်းမ
စောင်း၊ မိန်းမငြင်း တီးရသည်။ ပဒေသာ၌ ဆွတ်၍ ပူဇော်သည်၊ လှူဒါန်း
သည်၊ စောင့်ရှောက်သည်၊ ရှေးနည်းချည်း။ ယင်းသို့မှ နံတော် သင့်သည့်
တော် စိုးမင်းတို့ ဆောင် ယောင် ဝတ်စားလျက် ကိုင်မ၍ ပြာသာဒ်
ဆောင်းသို့ ကူးရသည်။ ထိုတွင်လည်း ပူဇော် လှူဒါန်းရသည်။ အမတ်
သမီးတို့ ခယ်သည့်ရေကို၊ ယင်းတွင် ချီးမှ အဝတ်စုတ်ကိုလဲ၍ အဝတ်ခြောက်
ဝတ်ရသည်။ နံသင့်သသူ ဝတ်လဲတော် ဆက်ရသည်။ အဝတ်လဲသောအခါ
စည်တစ်ချက်တီးရသည်။ ထို၌လည်း ပူဇော်လှူဒါန်းသည်။ ထိုပြာသာဒ်၌ ရတနာ
အတိပြီးသော မြတ်သော အဝတ်ကို နံသင့်သသူ ဆက်ရသည်။ ထို၌လည်း
ရှေးနည်း ပူဇော်လှူဒါန်းပြီးမှ မင်္ဂလာမဏ္ဍပ်သို့ ကူးရသည်။ ပုဏ္ဏားတို့ ရွတ်မန်း၍
အတွင်းသို့ တက်တော်မူသည်။ အထက်တွင် မင်းနှစ်ပါး နေစေသည်။ ယင်းသို့မှ
ပဒေသာပင်၌ ဆွတ်၍ လှူဒါန်း ပူဇော်ပြန်သည်။

လက်ထပ် အစီအရင်ကား၊ မုနောလင်ပန်း၌ ရွှေထမင်းကား၊ ဦးမျိုး
နှစ်ပါးနှင့် ချက်သည်။ ငွေထမင်းကား၊ နွားနို့သောပတ်စသည် မြူမျိုးနှစ်
ပါးနှင့် ချက်သည်။ ထမင်းအပေါ်တွင် ရွှေကြက်ဥသစ်တပတ်ရွှေမှုန်နှင့်တကွ
စားပွဲသစ်တွင်ထားမှ နံတော်သင့်သသူ ခုနစ်လုပ်စေ၍ ခွဲ ရသည်။ ခွဲမည်သောအခါ
ရွှေမိုး၊ ငွေမိုး၊ ပုဆိုး ရှာသည် ဟူ၍ ကြေငြာကြ၍ လှူဒါန်းပူဇော်လျှင် စည်တီး
ရသည်။ အောက်ကလည်း ပတ္တမြားစီ မုနောလင်ပန်းခံသည်။ အထက်ကလည်း
ပတ္တမြားဖလားနှင့် အမတ်သမီးတို့ ခယ်သည့်ရေကို သိရိဇေယနော်ရထာ ကတော်
တလုပ်မိဖုရား၊ မှတ္တာမမိဖုရားတို့ စီရင်၍ သွန်းသည်။ ယင်းသို့မှ ရုပျားရွှေကြိုး
ပယ်သည်။ ပတ်၍ ပြီးလျှင် စည်တီးသည်။ စည်သတ်လျှင် ပုဏ္ဏားလည်း
ကြိုးကြီးအဟန့်ပြု၍ ငါတို့ ကမ္ဘာဦးက ဖြူဟွာမည်သည်၊ မင်းကောင်းမင်းကို
လက်ထပ်လျှင် အသက်တစ်ရာပတ်လုံး လူ့အာကာတိစီးပွားကို ဆောင်၍ ငြိမ်းချမ်း
သကဲ့သို့ ယခု မင်းနှစ်ပါးလည်း သက်တော်တစ်ရာရှည်၍ သာသနာတော်တွင်
လူတကာတို့၏ စီးပွားကို ဆောင်၍ ငြိမ်းချမ်းသာယာစေသောဟူ၍လက်သာရစ်
ချသင်းနှင့် တိသိက်ခြောက်ရသည်။ ယင်းသို့မှ စည်တီးသည်။ ထိုသို့ တိသိက်
ခြောက်သော ချသင်းကို ရတနာပန်းခဲ့စာချစ်တွင် ထည့်၍ သားသမီးနှ
ပြည့်စုံသော သိရိဇေယနော်ရထာကတော် မင်းနှစ်ပါးကို ဆက်ရသည်။ ယင်း

သောအခါ ဆင်ရှဉ့် မြင်းရှဉ့်ရုံမက်စဉ် ဝန်းရံရသည်။ သဘင်စုံ ရက်လည်သောင် ခံရသည်။ ယင်းသို့မှ သမီးတော်နှင့် ညီတော် ကိုယ်စားတော် ကျွန်မျိုး အမတ်သားသမီးတစ်ကျိပ်၊ တိုက်ဆင် နှစ်ဆယ်၊ မြင်း နှစ်ရာ၊ လက်ဆွဲတော်မူသည့် သမီးတော်ကိုလည်း ရွှေဝေါ၊ ရွှေချက်လေးစင်း၊ ပတ္တမြားသုံးရှင်စီ ကျွမ်းဝတ် ရှမ်းမြင့်၊ ပတ္တမြားစီ လက်ကောက်ဆိုး၊ ပတ္တမြားစီ တကောင်းပုံး၊ ရွှေငွေ အထက်သမီးတစ်ကျိပ်ပေးတော်မူသည်။ အင်းဝသို့ ရောက်လျှင် စကြာသုံးပါး ကြမ်းပြတ်အမိုးအမွှေ နေဟူ၍လည်း အမိန့်တော်ရှိသည်။

---

## မှန်သုံးရပ်နှင့်တကွ မြန်မာနိုင်ငံအလုံးကို သိမ်းယူပြီးလျှင် ရှမ်းကိုးပြည်ထောင်သို့ ချီတက်သည့်-အကြောင်း

သက္ကရာဇ် ၉၁၈-ခုတွင်၊ အုန်းဘောင်စော်ဘွားပေါ် သေခဲ့လျှင် ညီဆိုင်ကုံသည် အစ်ကိုအရာ စော်ဘွားပြုသည်ကို စော်ဘွားခံ့မိုင်းကြီးမြေး စော်ကုဘသည် စော်ကုကို ဘုရင့် မင်းတရားကြီးဘုရား လုပ်ကြံတော်မူ၍ စော်ကုမှုက်လျှင် အုန်းဘောင်သို့ ပြေးလေသည်။ အုန်းဘောင်စော်ဘွားပေါ်လည်း စော်ကုဘကို မိုးနဲကိုပေး၍ စော်ဘွားပြုရသည်။ မိုးနဲစော်ဘွားသစ်လည်း အုန်းဘောင်ကို ဆိုင်လုံ မင်းပြုသည်ကို ပြုရမည်လော ဟူ၍ ဆင်လုံး မြင်းရင်း အများနှင့် အုန်းဘောင်သို့ ချီလာ၍ တိုက်လာ၏။ အုန်းဘောင်စော်ဘွား ဆိုင်လုံလည်း ဘုရင့် မင်းတရားကြီးဘုရားသို့ လက်ဆောင် လက်နက်အများနှင့် ခ ယမ်းခိုသ ရှာသော တောကြိုင် စစ်ကူတော်မူပါ ဟူ၍ နားတော် လျှောက်လာ၏။ လျှောက်လာသည့်နောက် မိုးနဲစော်ဘွား တိုက်လေ၍ အုန်းဘောင်လည်း ပျက်ရသည်။ ဆိုင်လုံလည်း ပျက်ရသည်။ ထိုအကြောင်းများကို ဘုရင့် မင်းတရားကြီးဘုရား ကြားတော်မူလျှင် သားတော် မဟာဥပရာဇာ အစရှိသော မှူးတော်မတ်တော်အပေါင်းတို့ကို ခေါ်တော်မူ၍ "ယခုသည် မှန်သုံးရပ်နှင့်တကွ ကေတုမတီ ပြည်ကြီး၊ အရေးဂြဟ ပြည်ကြီး၊ ဖြစ်သော မြန်မာနိုင်ငံ၊ တလိုင်းနိုင်ငံ အလုံးကို သိမ်းယူတော်မူပြီ၊ ရှမ်းစော်ဘွား ကိုးပြည်ထောင်နှင့် ယွန်းပြည်၊ ချမ်းပြည် ရှားပြည်၊ ကသည်းပြည် ဆည်ပြည်များကို လုပ်ကြံတော်မူရမည်၊ အရေးတော်မှာ ပသို့ ဆင်ကြအံ့နည်း" ဟူ၍မိန့်ကျောင်း၊ ဓိုင်းမြင်းတော်မူသည်ကို ပညာအလ

လျှောက်သည်။ "ယခု အနန္တဘောင်ဒေဝ်ဘုရားက လျှောက်လာသည့် အရေး၊ ညီတော် သားတော် မှူးတော် မတ်တော်တို့ကိုသာ ခန့်၍ မဆင့်ချေ၊ ရှမ်းကိုး ပြည်တောင်သည်၊ ဆင်မြင်းလည်း များလှသည်။ ထက်နက် ကိုမြိုသာ စစ်သည် လည်း များလှသည်။ အင်းဝမြည်ကြီးနှင့်လည်း အနီးအစပ်ဖြစ်သည်။ အင်းဝကိုလည်း ရှမ်းတို့က နှိမ်းတင်ပူးလေသည်။ ဖြစ်သောကြောင့်၊ အဝရှင် မင်းတရားကြီးကိုယ်တိုင် ချီတော်မူ၍ လုပ်ကြံတော် မူရသည်ဖြစ်စေ၊ ညီတော် သားတော် မှူးတော် မတ်တော် အပေါင်းတို့သည် အသက်ကိုစွန့်၍ ကြိုးစား အားထုတ် အမှုတော်ကို ရှက်ဆောင်ထမ်းကြမည် ဖြစ်သည်။

တစ်ကြောင်းမှလည်း အနန္တဘောင်ကိုသာ လုပ်ကြံရမည့်မဟုတ် အနန္တဘောင် ကို အလိုတော်ပြည့်လျှင် တစ်နယ်ငင်သော် တစ်ငင်ပါသည် ဆိုသကဲ့သို့ မိုးမိတ်၊ သိန္နီ၊ မိုးကောင်း၊ မိုးညှင်း၊ ကလေး-သည်ရှမ်းပြည်များကို ရန်စွက်တော် မူသည်ဖြစ်မှ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တိုင်အောင် ချမ်းသာကျိုးနှ မည်ဖြစ်သည်" ဟု၍ နားတော်လျှောက်သည်။ ဘုရားလောင်းလျှောက် သော စကားကို ဘုရားလောင်းကြားလျှင် "ကျွန်တော်ဘုရားလောင်းလျှောက်သော အရေးသည် သင့်လှပေသည်။ အဝရှင် မင်းတရားကြီး ဘုရားမှာ နေရကြောင်း ညီတော် သတိုးဓမ္မရာဇာနှင့် သားတော် ဥပရာဇာ၊ ညီတော်ဘုရင်မင်းခေါင်သမတ် တော် သတိုးမင်းစောတို့နှင့် ကျွန်တော် အမှူး အမတ်တို့များ၊ နှစ်ကြောင်း သုံးကြောင်းခွဲ၍ မြေမြင်နှမ့် ချီမည်။ ယင်းသို့ စီရင် ခန့်ခွဲတော်မူ၍ ချီရလျှင် ရှမ်းပြည်စော်ဘွားများကို ထားဦး၊ တရုတ်ပြည် ဥတည်ဘုရားပင် ဖြစ်သော်လည်း ခံနိုင်မည်မဟုတ်" ဟု၍ နားတော်လျှောက်သည်။ သားတော် မဟာဥပရာဇာ အရှိသော မှူးတော် မတ်တော် အပေါင်းတို့လည်း ဝမ်းမြောက် ဝမ်းသာ အသီးအသီး အမှုတော်ကို ကြိုးစား အားထုတ်၍ ထမ်းမည့် အကြောင်းကို လျှောက်ကြသည်။ အဝရှင် မင်းတရားကြီးဘုရားလည်း လျှောက်ကြသည့် အရေး ကို ကြိုက်တော်မူ၍ ဆင်လုံး မြင်းပြုပြင်၍ စီရင် ခန့်ရန်တော်မူသည်။

ယင်းသောအခါ ချီသောတပ်များ၊ လက်ဝဲဘို မြင်းတပ်၊ ရာဇသမန် မြင်းတပ်၊ တရုတ်ရာဇာ မြင်းတပ်၊ နှမ်းသီမြို့စားမြင်းတပ်၊ လက်ယာယောဓ မြင်းတပ်၊ သည့်နေဘက်မှ ဆင်တပ်၊ နန္ဒကျော်ထင်တစ်တပ်၊ ဘုရားရုံတစ်တပ်၊ နန္ဒသူ ရိယတစ်တပ်၊ ဘုရားသံလိုက်တစ်တပ်၊ ဘုရားလက်တစ်တပ်၊ ညီတော် အယကျော်သူတစ်တပ်၊ သမိန်ဗေါ်ကစ်တစ်တပ်၊ နန္ဒကြီးတစ်တပ်၊ မြင်းငါးတပ် တောင်ငူဘုရင် တစ်တပ်၊ သားတော် မတ်တော်တစ်တပ်၊

နှင့်တပ်ပေါင်းတစ်ဆယ့်ခြောက်တပ်တွင်ပါသည့် ဆင်လုံး မြင်းရင်းကား၊ တိုက်ဆင် သုံးရာ၊ မြင်း ခြောက်ထောင်၊ စစ်သည် သူရဲ တစ်သိန်း နှစ်သောင်းနှင့် ဟံသာဝတီကသည် ကေတုမတီသို့ ချီရသည်။ ကေတုမတီကသည် လှိုင်းတက်ကို တိုက်၍ ကင်းတာ၊ ရွာခင်ကြောင်း ချီရသည်။ ။တစ်ကြောင်းမှာလက်ယာ ရဲတိုင် မြင်းတပ်၊ တုရင်ဗလ မြင်းတပ်၊ စစ်ကုရင်သူ မြင်းတပ်၊ ဘယရာဇသူ မြင်းတပ်၊ တုရင် သိဒ္ဓိ မြင်းတပ်-သည့်နောက်မှ ဆင်တပ်၊ ဘယကျော်ထင် တစ်တပ်၊ သမိန်ရဲသင်ရုံတစ်တပ်၊ မင်းမဟာတစ်တပ်၊ ဗညားကျန်းတောတစ်တပ်၊ သိဒ္ဓိ ဓလေကျော်ထင်တစ်တပ်၊ သမိန်သံကျယ်တစ်တပ်၊ သရေစည်သူတစ်တပ်၊ သမိန် အံ့ရဲတစ်တပ်၊ စည်သူကျော်ထင်တစ်တပ်၊ ဗညားလောတစ်တပ်၊ သမက်တော် အင်းဝဘုရင် သတိုးမင်းစောတစ်တပ်၊ မြင်းငါးတပ်နှင့် တပ်ပေါင်းတစ်ဆယ် ခြောက်တပ်တွင်ပါသည့် ဆင်လုံးမြင်းရင်းကား၊ တိုက်ဆင်သုံးရာ၊ မြင်းခြောက် ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ဘဝရှင်မင်းတရားကြီး ဘုရား အင်းဝသို့ လှေတပ်ရောက်တော်မူမှ အင်းဝက သည် ဆင် ကောင်း ကြောင်း အုန်းတောင်သို့ ချီရသည်။

ဘဝရှင်မင်းတရားကြီး ဘုရား ရေကြောင်း ချီတော်မူရာမှာ ချီရသော တပ်စဉ်ကား၊ လက်ဝဲဓလေ ဘစာတစ်တပ်၊ အမှုန်တရာတစ်တပ်၊ ရာဇသူတစ်တပ်၊ သမိန်ဇိပ်မှန်တစ်တပ်၊ ဘုဇသကြီတစ်တပ်၊ သမိန်မောခွင်တစ်တပ်၊ သီဟပတေ့ တစ်တပ်၊ သမိန်လက္ခုန်းအိန်တစ်တပ်၊ နန္ဒကျော်သူတစ်တပ်၊ သမိန်အဲပြိုက် တစ်တပ်၊ သခံယာတပ်တပ်၊ သမိန်ပရွှတစ်တပ်၊ နန္ဒယောခေါတစ်တပ်၊ သမိန်ပြ ပိုက်တစ်တပ်၊ လက်ယာနန္ဒသူတစ်တပ် သည်ကမှ ဘဝရှင်မင်းတရားကြီးဘုရားမှာ ဘိုတစ်ဆယ် တစ်ဆင့်ရှိသော ပြာသာဒ်နှင့်တကွ၊ အလျားသုံးဆယ့်နှစ်လံရှိသော ယသာ ရွှေဖောင်တော်တွင် ရှင်မိဖုရားခေါင်ကြီးနှင့်တကွ သမီးတော် အင်္ဂမိဖုရားတို့ အတူစီးရသည်။ ရွှေဖောင်တော်ကို လှော်ကား ရွှေရှစ်ဆင်း နောက်ရှစ်စင်း ငင်ရသည်။ ရွှေလှော်ကားတစ်ဆယ့်နှစ်စင်းကိုမူကား မင်းဆောင် မင်းယောင် မင်းခမ်းမင်းနားတင်၍ ဖောင်တော်ရင်းတွင် လိုက်ရသည်။ ဝင်းတော် လေးမျက်နှာ သားတို့ကိုလည်း ဆင်ရုပ်လှေ၊ တိုးရုပ်လှေ၊ စသမိ ရုပ်လှေ၊ ကြံရုပ်လှေ၊ မိကျောင်းရုပ်လှေ၊ ငမန်းရုပ်လှေ၊ မကာန်းရုပ်လှေ- သည် လှေနှင့် တိုက်လှေကြီးများတွင် ရွှေဒိုင်း၊ ရွှေလွှား၊ ရွှေကာ၊ ရွှေလုံ့တို့ကို စီစဉ် ခင်းကျင်းပြီးလျှင် အနမြောက်၊ စိန်ပြောင်းတင်၍ စည်မောင်း၊ ပတ်သာ၊ ခရာ၊ ... ပြု မြိမ်လုံး ပုံ့ဟင် ယပ်မျှ တီးမှုတ်စေ၍ ပေက်ဝဲ လက်ယာ ရွှေနေဘယ်

ဆင်းသုံးရာ လိုက်ရသည်။ နောက်တော်က ချီရသော တပ်စဉ်ကား၊ အဘယ တပ်ကြီးတစ်တပ်၊ သမိန်ယိုကရတ်တစ်တပ်၊ ဘယကျော်ထင်တစ်တပ်၊ သိရိမှာ သောကတစ်တပ်၊ လက်ဝဲနန္ဒမိတ်တစ်တပ်၊ ညီတော်ပြည်ဘုရင် သတိုးမင်းစောကို နောက်အုပ်စေသည်။ တပ်မတော်နှင့်တကွ ရေတပ်နှစ်ဆယ့်နှစ်တပ်တွင်ပါသည့် ဆင်ရုပ်၊ မြင်းရုပ် အစရှိသော ကတ္တူ၊ လှေနန်းကြင်၊ ကုလ္လပ်၊ သမ္ဗန်၊ ရဲလှေပေါင်း တစ်ထောင့်ငါးရာ၊ လှော်ကားသုံးလှေသုံးရာ၊ ဗိုက္ကာတင်ကုန်လှေတစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းရှစ်သောင်းပါသည်။ မြန်မာအမတ်၊ မွန်အမတ်၊ ရှမ်းအမတ်တို့ ကတော်ဘို့ကိုလည်း လှေနှင့်ချည်း လိုက်စေရသည်။ ပက်ချည် တောင်းမြင်း၊ ကချေသဘင် တို့ကိုလည်း ပွဲစုံလိုက်ရသည်။

မုတ္တမ သုံးဆယ့်နှစ်မြို့ကိုမူကား၊ မုဏ္ဍမစား၊ မော်လမြိုင်စားတို့ ဆင်လုံး မြင်းရင်းနှင့် အခိုင် အလုံ နေရသည်။ ဟံသာဝတီ နေပြည်တော်ကို မူကား၊ နော်ရထာ၊ သက်ရှည် ကျော်ထင်၊ ဗညားစက်၊ ဗညားရဲ တို့ကို အစောင့် အနေ ခန့်တော်မူသည်။ အနောက် ပုသိမ်သုံးဆယ့်နှစ်မြို့ကိုလည်း ဒဲပေါင်စား၊ ဒေပ ငွယ်စား၊ လင်းပတော့စားတို့ကို ဆင်လုံးမြင်းရင်းနှင့် အစောင့်အနေ ခန့် တော်မူသည်။ ဤသို့ ဆိုခဲ့ပြီးသော တပ်အပေါင်းတွင် ညောင်ကြီး ခုတ်ချင်း ချသင်း တော်မူသည်။ ဤသို့ ဆိုခဲ့ပြီးသော တပ်အပေါင်းတွင် ညီကြီး ... မင်းခေါ် စသော သေနတ်သံ ပြောင်းသံတို့ဖြင့် မြင်လုံး ပုံဘင် ထပ်မျှ သိကြားမင်း၏ အသရေကဲ့သို့ အလွန် တင့်တယ်စွာ သက္ကရာဇ် ၉၁၈-ခု၊ နတ်တော်လဆန်း ရှစ်ရက်၊ တနင်းလာနေ့ နေပြည်တော် ဟံသာဝတီက ချီတော်မူသည်။ ခေန်း ချတိုင်း သဘင်ခံတော်မူသည်။ ဒဂုန်သို့ ရောက်တော်မူလျှင် ဒဂုန် ဆံတော်ရှင် ဘုရားကို မင်းမိဖုရားခေါင် စသော သားတော်၊ သမီးတော်၊ ကိုယ်လုပ် မောင်းမနှင့် တကွ ထက်တော်မူ၍ အထူးထူးသော လှူဖွယ် လှူခင်းတို့ဖြင့် ပူဇော်တော်မူ၍ ဒဂုန်က ချီတော်မူ၍ ... ရောက်တော် မူလျှင် မြသိတင် ရွှေဆံတော်ကို ဝေ မြေသသဝ် စီးတော်မူ၍ ဝှင်မိဖုရားခေါင်နှင့်တကွ သားတော်၊ သမီးတော်၊ ကိုယ်လုပ်မောင်းမ အပေါင်းတို့ကို ခေါ်တော်မူ၍ အဖူးအမြင်တတ်တော်မူသည်။ သက်တော်စေ့ ပွဲ့ငါးလေးဆယ့်ငါးပါးခံတော် မူသည်။ ၇ ကျောင်း ရေပ်၊ မြို့ဖျက်လေသည်များကိုလည်း လုပ်ဆောင်ပြင်ဆင် မိမ့်မည်ဟု ငွေပီဘာ ငါးသယ်နှင့် မြို့စောင့်တို့ကို ခန့်၍ လုပ်ရသည်။ သရေ ခေတ္တရာက ဆန်တော်မူ၍ ပုဂံသို့ ရောက်တော်မူလျှင် ရွှေစည်းခုံ ဘုရားရှင်ကို ဝေါ ပြေသသဝ် စီးတော်မူ၍ မိဖုရားခေါင်နှင့်တကွ အဖူး အမြင် တက်တော် မူသည်။ သက်တော်စေ့ ပွဲငှင်း ခံတော်မူသည်။ သဘင်လည်း ခံတော်မူသည်။

ပုဂံပြည်၌ တလုပ်ဆိပ်သို့ ရောက်လျှင် မိုးညှင်းစား ယောက်ဖ သီပေါမင်းကသည်၊ ပုဂံကြီးကို စားသည်၊ မိုးညှင်းစားတော့ စည်ပတ္တမြားကသည် ဖန်ကို စားသူ ဤသူ နှစ်ယောက်တို့သည်၊ ဘဝရှင် မင်းတရားကြီးသို့ဝင်၍ မိုးညှင်းစားယောက်ဖကြီး ဝန်းသိုစားကို ကျွန်တော်တို့ ဖမ်း၍ လက်ဆောင်တော်ဆက်ပါမည်ဟူ၍ နားတော် လျှောက်သည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ရအောင်ဖမ်းလေ အမိန့်တော်ရှိ၍ ဆုလာဘ်ပေးပြီးလျှင် အင်းဝသို့ အလျင်သန့်တော်မူသည်။ ရောက်လျှင် အင်းဝတောင် တောင်ပြာသို့ အရပ်တွင် သတင်နန်းတော်ဆောက်၍ ရှင်မိဖုရားခေါင် အစရှိသော သားတော် သမီးတော် ကိုယ်လုပ် မောင်းမတို့နှင့် တကွ နေတော်မူသည်။ ကတော် စိုးခင်း အပေါင်းတို့ကိုလည်း နန်းတော်ဝန်းကျင် ထဲအိမ်ချည်းဆောက်၍ နေကြသည်။ ယင်းသောအခါ သုံးဆယ်ကို စားသောသူသည်၊ အင်ကြီး နှစ်စီးနှင့် တကွ သမီးကို လက်ဆောင်ဆက်၍ ကျွန်တော် ခံလာသည်။ အုန်းဘောင် စော်ဘွားကြီးမြေမိုင်းလုံစားလည်း၊ လက်ဆောင် လက်နက် အများနှင့် သမီးကို လက်ဆောင်ဆက်၍ ကျွန်တော် ခံလာသည်။ သားကိုလည်း ခြေရင်းတော်တွင် မြဲပါစေဟူ၍ ဆက်သည်။ ထိုမြို့စားနှစ်ဦးကို သစ္စာတော် ပေးပြီးလျှင် ဆုလာဘ်များစွာ ပေး၍ အမှုထမ်းရသည်။ အင်းဝတွင် နေစဉ် ခစ်ကိုင်း ပုညရှင်ဘုရားကို ထီးချရားသိကသည် မြေဘိုင်အောင် ရွှေထည့်သည်။ သက်တော်စေ့ ပဥ္စင်းခံတော် မူသည်။ ယင်းသို့မှ မဟာဥပရာဇာ၊ ညီတော်ဘုရင်မင်းခေါင်တို့ တစ်ဆယ့်ခြောက်တပ်သား ကင်းတားရှောင်ကြောင်းချီလေသည်ကို သုံးဆယ်စားရွှေဖျားချီစေ အမိန့်တော်ရှိ၍ချီရသည်။ သမက်တော် အင်းဝဘုရင်သတိုးမင်းစောတို့တစ်ဆယ့်ခြောက်တပ်မှာလည်း လက်ဟာရဲတိုင်မြင်းအပ်၊ တုရင်ဗလမြင်းတပ်သည် နှစ်တပ်မှာ ဘယကျော်ထင်တစ်တပ်၊ သမိန်ရဲသင်ရဲတစ်တပ်၊ သီရိဇေယကျော်ထင်တစ်တပ်၊ ဗညားကျန်းတော တစ်တပ် သည် ခြောက်တပ်ကို သုံးဆယ်ကသည်၊ မိုးညှင်းယော်ကိုတိုက်၍ မိုးမိတ်သို့ မိုင်းလုံစားကို ရွှေတည့်၍ ချီလေ အမိန့်တော်ရှိ၍ ချီရသည်။ ဘဝရှင် မင်းတရားကြီးဘုရားသည် စီးတော်ဆင်နှင့် တိုက်ဆင်တစ်ရာငါးဆယ်၊ မြင်းတစ်ထောင်ကို ဘယနန်သူနှင့် ဒေဝကမ္မာတို့ကို အကြီးခန့်တော်မူ၍ ရေကြောင်းဖြစ် အနောက်ဘက်ကြောင်း စမ္ပါနဂိုရ်တိုင် ချီရသည်။ ယင်းသို့မှ ရတနာရွှေအောင်တော်စီး၍ မှူး မတ်အပေါင်း ခြံရံလျက် စည်မောင်း၊ ပတ်သာ၊ ခရု၊ တံပိုး၊ မြမ်လုံး ပဲ တင်ထပ်မျှ တီးမှုတ်၍၊ သိကြားမင်း၏ အသရေကဲ့သို့ အလွန် တင့်တယ် စံပယ်စွာ ရတနာပူရက ချီသည်။ ယင်းသောအခါ ကိုယ်လုပ်တော် သုံးကျိပ် ပါသည်။ ရတနာပူရကသည်၊ ဒိုတောင်တွင် ချတော်

မှူးသည်၊ နိုတောင်ကသည်၊ အုန်းတစည်တွင် ချသည်။ အုန်းတစည်ကသည်၊ ရှေ့ကိုင်တွင် ချသည်။ စေဥ်ကိုင်ကသည်၊ သစ်ဆိမ့်တွင် ချသည်။ ယင်းကသည် ကျော့ဘွတွင် ချသည်။ ယင်းကသည်၊ ကပ္ပတ်တွင် ချသည်။ ယင်းကသည်၊ သီဟတောတွင် ချသည်။ သီဟတော ဘုရားရှင်ကိုလည်း၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပန်း၊ ငွေပန်း ပူဇော်တော်မူသည်။ သီဟတောကသည်၊ မှူးသာချောင်းတွင်ချသည်။ ယင်းကသည် စမ္ဘာနဂိုရ်တစ်အက်မလည်တွင်ချသည်။ မြစ်၌ ဆင်းကူးရာ ဖောင်ပန်းလုပ်ရသည်။ ဆင်မြင်းကူးစေ၍ တစ်ဖက်သို့ ရောက်လျှင် လေ့တပ်စဉ်အတိုင်း ကြည်းတပ် ဖွဲ့တော်မူ၍ စမ္ဘာနဂိုရ်ကသည်၊ မိုးမိတ်သို့ ချီသည်။ မိုးမိတ်သို့ မရောက်ခင် တစ်စခန်းလောက်တွင် မိုးမိတ် စော်ဘွားက တိုက်ဆင် ငါးဆယ်၊ မြင်း နှစ်ထောင်၊ ပိုလ် လေးသောင်းခန့်နှင့် သား၊ သမက်၊ ညီတို့ကို ကြိုလာရသည်။

ဘဝရှင် မင်းတရားကြီးဘုရားက ရှေ့ချီစေသော မြင်းတပ်နှင့်တွေ့၍ တိုက်ကြလျှင် မြင်းတော်သည်တို့ အားမတန်၍ ဒွါရချသည်။ ရှမ်းတို့လည်း အမှီထပ်၍ လိုက်လာသည်။ ယင်းသို့စဉ်တွင် အဲမှန်တရာ စွယ်သမန် ဟူသော ဆင်ကိုစီး၍ ချွန်းဖွင့်ကာ လွှတ်သည်။ ရာဇသကြံ ရတနာတန်ဆောင် ဟူသော ဆင်နှင့် ချွန်းဖွင့်၍ လွှတ်သည်။ သမိန်လကျွန်းအိမ် ရဲလုလင်ဟူသော ဆင်နှင့် ချွန်းဖွင့်၍ လွှတ်သည်။ သမိန် နန္ဒယောဓာ နာဂဝရဆင်နှင့် ချွန်းဖွင့်၍ လွှတ်သည်။ သမိန်မောဒင်၊ တရုံသုံ့ပြည်မိုက် ဇေယနာဘတ်ဆင်နှင့် ချွန်းဖွင့်၍ လွှတ်သည်။ သည်တပ်မှူး ခြောက်ယောက် ဆင်ပန်းဆင်နှင့် ချွန်းဖွင့်ကာ လွှတ်သည်။ သည်တပ်မှူးစစ်ကဲ အပေါင်းတို့ ခြောက်စီးနှင့် စွမ်းစွမ်းတမံ လုပ်၍ လွှတ်လျှင် တပ်မှူးစစ်ကဲ အပေါင်းတို့ ခြောက်စီးနှင့် ရှမ်းတို့ ဆင်အား မတန်၍ ငါးစီး ဆင်နှင့်ချည်း ချွန်းဖွင့်ကာ လိုက်ထပ်သည်နှင့် ရှမ်းတို့ ဆင်သည်၊ မြင်းသည် အပေါင်းတို့ ခြောက်စီး လဲလေ၏။ ယင်းသို့ စဉ်တွင် ဆင်သည်၊ ဆင်လည်း ခြောက်စီး ပျက်လေ၏။ လိုက်၍ တိုက်လျှင် ရှမ်းတို့ စစ်သည် မခံနိုင်၍ ပျက်လေ၏။ သေသေ ရတော်မူသည်။ မြင်း ခုနစ်ဆယ်ကျော်၊ လူရှစ်ဆယ်ကျော် ရတော်မူသည်။ သည်လည်း များ၏။ မိုးမိတ်စော်ဘွားလည်း မြို့ကခံ၍ တိုက်မည် စီရင်စဉ်တွင် ဗညားလော-ဗညားကျန်းတို့ ခြောက်ဘယ်သား မိုးညှင်းနယ်ကသည်၊ မိုးမိတ်ကို ရောက်လာသည်နှင့် မြို့က ခံသော်လည်း မခံနိုင်ရာချေ အမှတ်ရှိ၍ အုန်းဘောင်သို့ ပေါင်းမည်ဟု မြို့ကထွက်၍ ပြေးလေ၏။ ယင်းသို့ စော်ဘွားပြေးလျှင် ဆင် မြင်း လူသူ ရသည်များ၏။

ဘဝရှင် မင်းတရားကြီး ဘုရားလည်း မိုးမိတ်မြို့တွင် အရပ်အနေ မြင်တော်မူ၍ ညီတော် သတိုးဓမ္မရာဇာတစ်တပ်၊ ဗညားလောတစ်တပ်၊ ဗညားကျန်းတော တစ်တပ်၊ စည်သူကျော်ထင်တစ်တပ်၊ လက္ခုန်းအိန်တစ်တပ်၊ နန္ဒယောဓာတစ်တပ်၊ သမိန်ရဲသင်ရုံတစ်တပ်၊ မြင်းတပ်နှစ်တပ်နှင့် တပ်ပေါင်းကိုးတပ်ကို တိုက်ဆင် တစ်ရာ့ငါးဆယ်၊ မြင်းနှစ်ထောင်၊ ဗိုလ်ရှစ်သောင်း စီရင်တော်မူ၍ မိုးမိတ် စော်ဘွား ပြေးလေရာသို့ လိုက်စေ၏။ ။သားတော် မဟာဥပရာဇာ၊ ညီတော် ဘုရင်မင်းခေါင်၊ သမက်တော် အင်းဝဘုရင် သတိုးမင်းစောတို့ အုန်းဘောင်သို့ ချီလေရာမှာ အုန်းဘောင်သို့ မရောက်ခင် နှစ်စခန်းလောက်တွင် ပေါင်းမိတော် မူကြသည်။ ယင်းသောအခါ မဟာဥပရာဇာလည်း ဤသို့ မိန့်တော်မူသည်၊ "ယခုရဲမက်တော် အပေါင်းတို့ တစုတည်း ချီ၍ မသင့်ချေ။ သုံးစုခွဲ၍ ဝင်ရမှ အရေးတော် ပြီးလွယ်မည်" မိန့်တော်မူသည်ကို ဘုရင်မင်းခေါင်က "သည်အရေး သင့်လှသည်။ သုံးစုခွဲ၍ ချီရမှ လမ်းအကြောင်းကြောင်း ဆို့ပိတ်မိမည်" မိန့်တော်မူလျှင် မဟာဥပရာဇာတို့ မြင်းတပ် သုံးတပ်နှင့် တပ်ပေါင်း ရှစ်တပ်မှာ အလယ်ကြောင်း ချီတော်မူသည်။ ဘုရင်မင်းခေါင်တို့ မြင်းတပ် နှစ်တပ်နှင့် တပ်ပေါင်း ရှစ်တပ်မှာ လက်ယာကြောင်း ချီတော်မူသည်။ အင်းဝဘုရင် သတိုးမင်းစောတို့ မြင်း နှစ်တပ်နှင့် တပ်ပေါင်း ကိုးတပ်မှာ လက်ဝဲကြောင်း ချီတော်မူသည်။ အုန်းဘောင်သို့ မရောက်ခင် သုံးတိုင်ကျော်ခန့် အရပ်တွင် အုန်းဘောင်စော်ဘွားက သား၊ သမက် ညီတို့ကို တိုက်ဆင်တစ်ရာ့ငါးဆယ်၊ မြင်း သုံးထောင်၊ စစ်သည် သူရဲ ခုနစ်သောင်းခန့်နှင့် ကြိုလာရသည်။

မဟာ ဥပရာဇာ ရွေးဖျားချီစေသော မြင်းတပ် သုံးတပ်နှင့် တွေ့ကြလျှင် လက်ဝဲရဲတိုင်၊ ရာဇတမန်၊ တုရင်ရာဇာတို့ကိုလည်း မြင်း သုံးထောင်နှင့် အသီး အတားမရှိ ရှပ်ရှပ်ချုံချုံလိုက်၍ တိုက်လေ၏။ ရှမ်းတို့လည်း မြင်း သုံးထောင်နှင့် ခံနှင့်သည်၊ မခံနိုင်၍ ဆုတ်လေ၏။ နောက် ချီလာသော ဆင်တပ်နှင့် ပေါင်းလေ၏။ ရာဇတမန်တို့လည်း ထပ်၍ လိုက်သည်။ ဆင်တပ်ကို တွေ့လျှင် အုန်းဘောင်စော်ဘွား သား၊ သမက်တို့လည်း တိုက်ဆင် ငါးဆယ်ခန့်နှင့် လက်ဝဲ ရဲတိုင် မြင်းတပ်ကို လိုက်ထပ်၍ တိုက်လာသည်။ လက်ဝဲ ရဲတိုင်လည်း မြင်း သုံးထောင်နှင့် ခံ၍ မနည်းကြာ တိုက်ကြသည်။ ယင်းသို့စဉ်တွင် မဟာဥပရာဇာ တို့ မီလာလျှင် မဟာဥပရာဇာမှာ ဇေယျသီဟ ဟူသော ဆင်ကို စီးတော်မူသည်။ နန္ဒသကြံ မှာ ရတနာပြောင်ကျော် ဟူသော ဆင်ကို စီးသည်။ သမိန်ဇော်ကရတ်မှာ ရောက်နွယ် ဟူသော ဆင်ကို စီးသည်။ ဘယကျော်သူမှာ ဇေယျပလ္လင်

ဒွါ ဆင်ကို စီးသည်။ ဗညားဒလမှာ နတ်သာပြောင်ကျော် ဟူသော
ဆင်ကို စီးသည်။ သည်ငါးတပ်လုံး ဆင်ချွန်းမွှင့်ကာ လွှတ်လျှင် ရှမ်းတို့
အင်ယယ်သဘက်ရှမ်း၍ ပျက်နှသုန်လေ၏။ ဥပရာဇာ ထပ်၍ လိုက်လျှင် အုန်းဘောင်
စော်ဘွား စီးသော ဆင်နှင့် တကွ ဆင်သုံးစီး လဲလေ၏။ အုန်းဘောင်
စော်ဘွားသား မြင်းစီး၍ အပြင်းသွါလေ၏။ အုန်းဘောင်စော်ဘွားညီ စီးသော
ဆင်ကို ဗညားဒလ နတ်သာ ပြောင်ကျော်နှင့် တိုက်သည်။ အုန်းဘောင်စော်
ဘွားညီ စီးသောဆင် အာဝေပေါင်ကို ထိုးမိ၍ ယင်းတွင်ပင် လဲလေ၏။
အုန်းဘောင်စော်ဘွား ညီမှုကား၊ မြင်းစီး၍ ပြေးလေသောကြောင့် လွတ်
လေ၏။ ယင်းသို့မှ ဆင်သည် မြင်းသည် ခြေသည် အပေါင်းတို့ ထပ်၍ လိုက်
သည်။ ဘုရင်မင်းခေါင်တို့ ရောက်သည်နှင့် ထပ်၍ လိုက်လျှင် ရှမ်းတို့ စစ်ပျက်
လေ၏။ အင်းဝဘုရင် သတိုးမင်းစောတို့ တပ်သားမှုကား၊ လက်ဝဲကြောင်း
တောသို့ ချီ၍ အုန်းဘောင်မြို့ကို ရှုပ်ရှပ်ချုံချုံ လုပ်ကြံတော်မူသည်။ အုန်းဘောင်
စော်ဘွား မခံနိုင်၍ ပျက်လျှင် စော်ဘွားကိုယ်နှင့်တကွ တစ်မြို့လုံးကို ရတော်
မူသည်။ ။ဘဝရှင် မင်းတရားကြီး မိုးမိတ်တွင် နေတော်မူ၍ ၁ မိုးမိတ်
ကပ်ပေါင်၊ ပိုးလစား၊ မိုးဝန်းစား၊ တောင်စားတို့သည်၊ ဆင်ကြီး၊
မြင်းကြီး သားသမီးတို့ကို လက်ဆောင်တော်သက်၍ ကျွန်တော် ခံလာသည်။
ထိုသူတို့ကို သစ္စာတော် ပေးပြီးလျှင် ဆုလာဘ် ပေးတော်မူ၍ အမှုတော်ကို
ထမ်းရသည်။

မိုးမိတ် စော်ဘွားလည်း၊ မိုးမိတ်က အုန်းဘောင်သို့ ပေါင်းမည် ဟူ၍
ဆင်လုံး မြင်းရင်းနှင့် သားမယားကိုယူ၍ ပြေးလေသည်။ ဗညား ဟူသော
အရပ်သို့ ရောက်လျှင် အုန်းဘောင် ပျက်ကြောင်းကို ကြားသိ၍ ယင်းတွင်
နေသည့်အခိုက် ညီတော် ပြည်ဘုရင် သတိုးမဟာဓမ္မရာဇာတို့ တွေ့လျှင် တိုက်လေ၏။
စော်ဘွားကို ရလျှင် ဆင် မြင်း
မိုးမိတ်စော်ဘွား လက်မလွတ်ပဲ အညှပ်ခံ၍ ။ဘဝရှင် မင်းတရားကြီး
ငုံလ်ပေါ် အလုံးကို သိမ်း၍ မိုးမိတ်သို့ ပြန်လာသည်။ ဗိုလ်ရင် ခံ့ရန်တော် မှုံ့နှ
ဘုရားလည်း၊ မိုးမိတ်မြို့ကို အနေအထားကျအောင် ကျွန်တော် ခံလာသသူကို တပ်ဆိပ်
အုန်းဘောင်စော်ဘွားကြီးမြေ၊ မိုင်းလုံစား ကျွန်တော် ပြုရသည်။ အဆက်က
လက်ရာနှင့်တကွ မိုးမိတ်ကို ပေးတော်မူ၍ စော်ဘွား ပြုရသည်။ သား မယား ယောက်ျား
စေ့ဦးကူကို လုပ်ကြံတော်မူသောအခါ ရတော်မူသည့် သား မယား ယောကျ်ား
တို့ကိုလည်း၊ ဟံသာဝတီမှာ ယူ၍ ပေးအပ်တော် မူသည်။ ။ပဉ္စမြို့အခွန်၊
ရွှေခွန်၊ ငွေခွန်၊ လူနည်းခွန်၊ မိုင်းလုံခွန်၊ မြင်းခွန် တို့ကိုလည်း၊ နှစ်မည်မပြယ်

ဆက်ရသည်။ ထုန်းဘောင်မြို့ကိုလည်း လုံးဆယ်စားကို စော်ဘွားပြုပြီးလျှင် အဆောင် အယောင် တံဆိပ် လက်ဆောင်နှင့်တကွ ပေးတော်မူ၍ စော်ဘွားပြုတော်မူ သည်။ သားတော် မဟာဉပရာဇာ၊ ညီတော် ဘုရင်မင်းခေါင်၊ သမက်တော် သတိုးမင်းစောလွိုင်ကိုလည်း ထုန်းဘောင်ကသည် မိုးမိတ်သို့ ခေါ်တော်မူ၍ ပြန်ရသည်။

ထုန်းဘောင် မိုးမိတ် အစပ်ဖြစ်သော ရှမ်းပြည် တစ်တန်းတွင် မှားသော မိစ္ဆာဒိဋ္ဌိ အယူဖြင့် စော်ဘွားတို့ သေလျှင် စော်ဘွား စီးသည့် ဆင်၊ စော်ဘွား စီးသည့် မြင်း၊ ချစ်သောလူနှစ်ကိုကို သင်္ချိုင်းတွင်းတွင် အတူ ထည့် လိုက်သည်။ ဤသို့ မကောင်းသော အယူဖြင့် အစဉ် သုံးဆောင်ကြသော အကျင့်ကို မကျင့်နှင့် ဟူ၍ မြစ်တော်မူသည်။ ပရိယတ္တိ ပဋိပတ္တိ သာသနာတော် မတည်သေး ဟူ၍လည်း မိုးမိတ်မှာ တစ်ရာ၊ ထုန်းဘောင်မှာ တစ်ရာ၊ စေတီ တည်တော်မူ၍၊ ဝတ္တုကံ မြေ လှူတော် မူသည်။ ကျောင်းလည်း ဝေဠုဝန်သုံးဆယ် ကျောင်းဆုံတစ်ဆယ်နှင့် မိုးမိတ်တွင် တစ်ရပ်၊ ထုန်းဘောင်တွင် တစ်ရပ်ဆောက်တော်မူ၍ ပါဠိ အဋ္ဌကထာ ဋီကာကျနသော အရိယာသော် တို့ကို တောင်းပန်တော်မူ၍ သီတင်းသုံး နေရသည်။ စော်ဘွားမှစ၍ အမှူး အမတ် ခေါင်းအကြီးတို့ကိုလည်း တလ လေးသီတင်း ပဉ္စမီ၊ အဋ္ဌမီ၌ တရားနာရသည်။ ပိဋကတ်သုံးပုံကိုလည်း ထုန်းဘောင်မှာ တစ်စုံ၊ မိုးမိတ်မှာ တစ်စုံ ထားတော်မူသည်။ မြို့သူ ရွာသားတို့ကို စစ်ကဲတော်တို့က ဆော်ဩ၍ တစ်လလေးသီတင်း တရားနာစေသည်။ အသုံးအဆောင်မှာလည်း တင်း၊ ခွဲ၊ စိတ်၊ ခွက်၊ ပြည် အစရှိသည်တို့ကို လည်းကောင်း၊ ပဲ၊ မူး၊ ကျပ်၊ ဆယ်ပိဿာ အရှိသော ရုံးလေးချိန်ခွင်တို့ကို လည်းကောင်း ဟံသာဝတီ ရွှေပြည်တော် နှင့် တစ်ချက်တည်းထားတော်မူသည်။

ဤသို့ ပစ္စုပ္ပန်စီးပွား၊ သံသရာစီးပွားတို့ကို စီရင်တော်မူ၍ အခန့် အထား ကျပြီးလျှင် သားတော် ညီတော် မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ် တော်မူ၍ "မိုးမိတ် မိုးညှင်းသို့ ချီရသော်လည်း သင့်မည်လော၊ မိုးနဲ ညောင်ရွှေ သို့ ပြန်၍ ချီရသော်လည်း သင့်မည်လော" ဟု၍ တိုင်ပင် ခင်းကျင်းတော်မူ သည်။ ထိုအခါ သားတော် မဟာဉပရာဇာ လျှောက်သည်ကား "မိုးနဲ၊ ညောင် ရွှေကို နှိမ်နင်းဦး၊ မိုးကောင်း၊ မိုးညှင်း စော်ဘွားတို့သည် အထက်က မြန်မာ နိုင်ငံအလုံးကို နှိမ်နယ်ကဲ့သို့ ပမာမနေဘဲ ဖျက်ဆီး ဖူးလေသည်။ အင်းဝ ရွှေနန်းကိုလည်း ရှမ်းသား သိုဟန်ဘွားကို နန်းတင် ဖူးလေသည်။ မြန်မာတို့

ကျွန်ုပ်တို့ရှိသည်။ သို့ရာတွင် သင်္ဘောသားတို့ လက်ထက်လည်း တရုတ်ဥက္ကာ ...လက်တွဲ စနစ်တကျ စစ်ပြင်၍ ထိုးဖောက်လေသည်။ ယင်းသို့ ဖြစ်သော ...မိုးကောင်း မိုးညှင်းကို အလျင်ချ၍ ယူသင့်သေးသည်။ မိုးကောင်း ...ရှင်ကို ရစေတော်မူလျှင် မိုးနဲ့ ပြောင်ရွှေ အစရှိသော တောင် ရှမ်းပြည် ...ကြနှင့်သည်လက်တော်ကလွှတ်ရာသည့် သဘောအမှု" ဟုဖြူနားတော်လျှောက် ...သည်။ သားတော် မဟာဥပရာဇာ လျှောက်သောစကားကို ဗညားဒလ ကြား ...လျှင် ဤသို့ နားတော် လျှောက်ပြန်သည်။ "အဝရှင် မင်းတရား သားတော် ...လျှောက်သော အရေးသည် အလွန် သင့်လှပေသည်။ ယခု မိုးလ ကျတော့ ...ညှင်းပြီး အလျင် ချီတော်မူ၍ လုပ်ကြံတော်မူမှ အရေးတော်လှမည်။ မိုးလေ ...ကျလျှင် ချောင်းမြောင်း၊ မြည်လျှံ၍ သင်ကြောင်း၊ မြင်းကြောင်း မသာ ရှိ ...မည်။ ယင်းသို့ အလျင် အလုပ် အကြံများရမည် ဖြစ်သည်" ဟုဖြူနားတော် ...လျှောက်သည်။ ဗညားဒလ လျှောက်သော စကားကို ဗညားလော ကြားလျှင် ဤသို့ နားတော် လျှောက်ပြန်သည်။ "သားတော် မဟာဥပရာဇာနှင့် ဗညားဒလ လျှောက်သော အရေးသည်၊ စစ်ရေးပင် ဖြစ်ပေသည်။ သို့ရာတွင် မိုးညှင်း၊ မိုးကောင်းသည် သင်ကောင်း၊ မြင်းကောင်းလည်း များသည်။ သုံ့သုံ့ခတ် ...ဆုံလာမ်းကောင်းလည်း များသည်။ အကြောင်းမှာမူကား ရှမ်းတို့ လက်ရည် ...ကိုလည်း၊ ကျွန်တော်တို့ သိရပြီ၊ ကျွန်တော်တို့ လက်ရည်ကိုလည်း ရှမ်းတို့ သိမ်းလ ...ပြီးသည်။ ချီတော်မူ၍ လုပ်ကြံတော်မူလျှင် စစ်မျက်နှာသိုင်း၍ ခံမည် မယင်၊ ...ကာသာ အနိုင်အလျှံပြု၍ ခံမည်သင်သည်။ ယင်းသို့ ပြုကခံလျှင် အရေးတော် ...ပြီးခံမည် တစ်ချက်သာ ဖြစ်တော့သည်" ဟုဖြူနားတော် လျှောက်သည်။

အဝရှင် မင်းတရားကြီး ဘုရားလည်း သားတော်တို့ လျှောက်သော အရေး ကို ကြိုက်တော်မူ၍ မိုးကောင်း၊ မိုးညှင်းသို့ ချီတော်မူမည်ကို စီရင် ခန့်ရှန်တော် မူသည်။ လက်ဝဲရံတိုင်မြင်းတပ်၊ ရာဇာမန်မြင်းတပ် သည့်နေ ...ကို နန္ဒကျော်သင် ...တစ်တပ်၊ ဗညားရံတစ်တပ်၊ နန္ဒသုရိယတစ်တပ်၊ သမိန်သက်ကိုက်တစ်တပ်၊ ...တပ် ဂါမဏိတစ်တပ်၊ မဟာဥပရာဇာတစ်တပ် မြင်းတပ်နှစ်တပ်နှင့် တပ်ပေါင်းရှစ်တပ် ကို လက်ယာကြောင်းချီရသည်။ ရာဇ်ရာဇမြင်းတပ်၊ နန္ဒသိန်းစည်မြင်းတပ်၊ ဘယကျော်သူတစ်တပ်၊ သမိန်ဇောဘရုတ် တစ်တပ်၊ နန္ဒသင်္ကြံတစ်တပ်၊ ဘယကျော်ထင်တစ်တပ်၊ သမိန်ရဲသင်နှံတစ်တပ်၊ မင်းမဟာတစ်တပ်၊ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာတစ်တပ် မြင်းတပ်နှစ်တပ်နှင့် တပ်ပေါင်း ကိုးတပ်ကို အလယ်ကြောင်း ချီရသည်။ လက်ယာယာဘမြင်းတပ်၊ တရုတ်ပလ မြင်း

တပ်၊ ဗညားကျန်းထောတစ်တပ်၊ သီရိဇေယကျော်ထင်တစ်တပ်၊ သမိန်သံကျယ်တပ်၊ ဗညားကျန်းထောတစ်တပ်၊ သရေစည်သူတစ်တပ်၊ သမိန်အဲပရဲတစ်တပ်၊ စည်သူ ကျော်ထင်တစ်တပ်၊ ဗညားလောတစ်တပ်၊ သမက်တော်အင်းဝဘုရင် သတိုးမင်းစောတစ်တပ်၊ မြင်းတပ်နှစ်တပ်နှင့် တပ်ပေါင်း သယ်တပ်ကို လက်ဝဲကြောင်းချီရသည်။

ဘဝရှင် မင်းတရားကြီး ဘုရားမှာ လက်ယာရံတိုင် မြင်းတပ်၊ စစ်ဘုရင့်သူမြင်းတပ်၊ ဘယရာဇသူ မြင်းတပ်၊ သည် မြင်းတပ် သုံးတပ်ကို ရှေ့မှာ ချီရသည်။ သည့်နောက် အဲမွန်တရာဆင်တပ်၊ ရာဇသူရတစ်တပ်၊ သမိန်ဇိပ်ပွန်တစ်တပ်၊ ရာဇသင်္ကြံတစ်တပ်၊ သမိန်မောဒွင်တစ်တပ်၊ သီဟပတေ့တစ်တပ်၊ သမိန်လကျွန်းအိန်တစ်တပ်၊ နန္ဒကျော်သူတစ်တပ်၊ သမိန်အဲသမိုက်တစ်တပ်၊ သခံယာ တစ်တပ်၊ သမိန်ပရွတစ်တပ်၊ နန္ဒယောဓတစ်တပ် သည့်နောက်မှဘဝရှင်မင်းတရားကြီးဘုရား တပ်တော်တွင် တိုက်ဆင် လေးရာ၊ မြင်းခလေးထောင်၊ ကိုယ်ရံတော် ဝင်းတော်သား လေးသောင်းကို ရွှေပိုင်း၊ ရွှေလှံ၊ ရွှေဘ၊ ရွှေလုံနှင့် ထိုက်ရသည်။ တပ်တော်တွင် ဘယရန္တသူကို တပ်မှူး၊ ရာဇယောဓကို စစ်ကဲ ခန့်တော်မူသည်။ မြင်းသုံးတပ်နှင့် တပ်ပေါင်း တစ်ဆယ့်ခြောက်တပ်နောက်အပ်၍ ချီတော်မူသည်။ ။တုရင်သိဒ္ဓိမြင်းတပ်၊ တုရင်ပစ္စည်းမြင်းတပ်၊ ဆင်တပ်မှာ သမိန်ပြသမိုက်တစ်တပ်၊ လကျ်ာနန္ဒသူတစ်တပ်၊ ဘယသင်္ကြံတစ်တပ်၊ သမိန်ပိုကရုတ်တစ်တပ်၊ လက်ဝဲနန္ဒမိတ်တစ်တပ်၊ နန္ဒကျော်ထင်တစ်တပ်၊ သီရိဓမ္မာသောကတစ်တပ်၊ ညီတော်တောင်ငူမင်းခေါင်တစ်တပ်၊ မြင်းနှစ်တပ်နှင့်တပ်ပေါင်း သယ်တပ်ကို ဘဝရှင်မင်းတရားကြီးဘုရား နောက်တော်က ချီရသည်။ ဤသို့ ခန့်ရန်တော်မူပြီးမှ အုန်းတောင် စော်ဘွား၊ မိုးမိတ် စော်ဘွားတို့ကိုသည်း သား မယားနှင့်တကွ ဟံသာဝတီသို့ ပို့ရလေသည်။ စမ္ပါနဂိုရ်တွင် လှေဘပ် အပေါင်း တို့ကိုလည်း၊ စမ္ပါနဂိုရ်ကသည် အညာ အင်းမျှ သာဂရသို့ အလျင်ဆန်ရသည်။ ယင်းသို့ စီရင်ခန့်ရံတော်မူ၍ သက္ကရာဇ် ၉၁၈ ခု၊ တပေါင်းလဆန်း တစ်ဆယ့်တစ်ရက်နေ့ မိုးမိတ်ကသည် မိုးကောင်း၊ မိုးညှင်းသို့ ချီတော်မူသည်။ ထီးချုပ်သို့ ရောက်တော်မူလျှင် လှေကို တံတားဖွဲ့၍ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ စစ်သည်ဗိုလ်ပါ ပို့ကို လျှောက်စေ၍ တစ်ဖက်သို့ရောက်လျှင် တပ်စဉ်အတိုင်း ချီရသည်။

မိုးကောင်း စော်ဘွား၊ မိုးညှင်း စော်ဘွားတို့လည်း ဘဝရှင် မင်းတရားကြီး ဘုရား ဆင်လုံး မြင်းရင်း၊ စစ်သည်ဗိုလ်ပါ အများနှင့် မြေပြင်ပြည့်မျှ ချီတော်မူလာပြီဟူ၍ ကြားလျှင် မိုးညှင်းမြို့တွင် မခံဝံ့၍ မိုးညှင်းမြောက် နယ်တို့

ဟူသော တောတွင် စော်ဘွားနှစ်ဦးတွင် ရှိသော ဆင်လုံး မြင်းရင်းနှင့် တပ်နိုင် တပ်လုံ့တည်၍ ခံနှင့်သည်။ ။သားတော် မဟာဥပရာဇာ၊ ညီတော် ပြည် ဘုရင် သတိုးဓမ္မရာဇာ၊ သမက်တော် သတိုးမင်းစော တို့လည်း မိုးကောင်း စော်ဘွား မိုးညှင်းစော်ဘွားတို့သည်၊ မိုးညှင်းမြောက် နယ်ပတ်ရှ တောတွင် ထပ်နိုင် တပ်လုံ တည်၍ ခံသည်ဟူ၍ ကြားတော်မူလျှင် အကြောက် အရှုံ့ရှိ သတ္တိကင်္ဂါ အလျှင်ချီ၍ အင်းဝဘုရင် သတိုးမင်းစော အလျှင် ရောက်လျှင် ရှပ်ရှက်ချုံချုံ အဆီးအတားမရှိ တိုက်လေ၏။ စော်ဘွား တို့လည်း မခံနိုင်၍ ပျက်လေ၏။ ယင်းသို့မှ မဟာဥပရာဇာတို့ ရောက်လာသည်။ ရောက်လာလျှင် သုံ့ပန်း ဆင် မြင်း ဝိုလ်ပါ အများ ရတော်မူ၏။ ဘဝရှင် မင်းတရားကြီး ဘုရား လည်း မြောက်ခရီးကို တက်တော်မူ၍ တောင်ကိုကျော်၍ ချီတော်မူသည်။ ဖိုင်းနောင် အနားတွင် တပ်ချ၍ နေတော် မူသည်။ ညီတော် သားတော်တို့ တိုက်၍ စော်ဘွားနှစ်ဦး ပျက်ကြောင်းကို ကြားတော်မူလျှင် ရဲမက်တော်တို့ကို ဘုံးဆို၍ တိုက်စေသည်၊ ဆင်မြင်း လူသူအများ ရတော်မူသည်။ ညီတော် သားတော် သမက်တော်တို့ကလည်း ရသည့် ဆင်မြင်း လူသူတို့ကို ဆက်ကုန်၏။

ယင်းသောအခါ သားတော် မဟာဥပရာဇာလျှောက်သည်ကား၊ လေးဆယ့် ငါးလုံး၊ မိုင်းကိုအစိုးရသော မိုးကောင်းစော်ဘွား၊ သုံးဆယ့်ငါးလုံးမိုင်းကို အစိုးရသော မိုးညှင်းစော်ဘွားတို့သည် တရုတ်ဥတည်ဘွားကို တစ်ဆယ့်နှစ်နှစ် တိုင် စစ်ပြု၍ ထိုးဖူးသည်ကြားသောကြောင့် ကျွန်တော်တို့ရောက်လျှင် ဆင်စီး ချင်း၊ မြင်းစီးချင်း၊ ဦးလည်စွန့်၍ တိုက်ရမည်သာမှတ်သည်၊ ယင်းသို့ကား မတိုက်ရ၊ စုံရဂုံစေးပျစ် စိန့်မြိုင် ဂနိုင် ပုပ်ပေါင်းတို့ ထူထပ်ရာ ရှောင်လွှဲ ပုန်းလျှိုး၍ နေလေတော့သည် ဟူ၍ နားတော် လျှောက်သည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ငါသို့သော သား ငါပေါ်နှင့် မြင့်ရုံသော မင်းကောရာဇ် ချီတော်မူသည်ကို စော်ဘွားတို့မှာသည်၊ မျက်နှာ ဟူ၍ ခံ မည်လော၊ ယင်းသို့ မခံဝံ့၍ ပြေးပုန်း လျှောသောသည်။ ငါ၏ ရန်သူကို ဇမ္ဗူဒိပ် မြေပြင်ဝယ် ဘယ်ပြည်ထောင် မင်းသည် လက်ခံ ထားဝံ့မည်နည်း၊ အမိန့်တော် ရှိသည်။ ယင်းသို့မှ မဟာဥပရာဇာ၊ ညီတော် ပြည်ဘုရင် သတိုး ဓမ္မရာဇာ၊ သမက်တော် အင်းဝဘုရင် သတိုး မင်းစောတို့ကို စော်ဘွားတို့ ပြေးလေရာသို့ သုံးကြောင်းခွဲ၍ လိုက်လေ အမိန့်တော် ရှိလေသောကြောင့်- မြေပြင်ပြည့်မျှ လိုက်ရလေသည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း နောက် တပ်မပြု၍ တပြည်းပြည်း ချီတော် မူသည်။ ယင်းသော အခါ မိုးကောင်း

စော်ဘွားကို မိမိ အမတ်တို့ ဤသို့ နားတော် လျှောက်ကုန်သည်။ “ယခု ဟံသာဝတီ မင်းတရား ချီတော်မူလာသည်။ ဆင်မြင်း ဗိုလ်ပါလည်း များလှသည်၊ တပ်နက် ကိုရိုလာသည်း ထူထပ်လှသည်။ မင်းတရားကြီးတွင် ညီတော်၊ သားတော်၊ သမက်တော်၊ မွေးတော်၊ မတ်တော် အပေါင်းတို့ သည်လည်း အသက်ကိုစွန့်၍ အမှုထမ်းသူချည်း ဖြစ်သည်။ ဆိုးကြိုး၍ ခံသော်လည်း ခံနိုင်ချိမ့်မည် မဟုတ်၊ မခံနိုင်၍ ပြေးပုန်း ရှောင်လွှဲသော်လည်း လွတ်နိုင်ချိမ့်မည် မဟုတ်၊ ယင်းသို့ ဖြစ်သောကြောင့် ကိုယ်မချိသော် အမိသားကို မတားနိုင် ဆိုသကဲ့သို့ မိုးညှင်းစော်ဘွားကို သားမယားနှင့်တကွ ဖမ်း၍ လက်ဆောင်တော် ဆက်ရမှ စည်းစိမ်မပျက် အသက်မသေ ရှိမည်ထင်သည်”ဟု၍ နားတော် လျှောက်ကြသည်။ မိုးကောင်း စော်ဘွားလည်း အမတ်တို့ လျှောက်သော စကားကို ကြားလျှင် “သည်အရေးသည် သင့်လှပေသည်” ဟု၍ ဆိုပြီးလျှင် မိုးညှင်းစော်ဘွားမှ စ၍ သားမယား ဆင် မြင်း ဗိုလ်ပါတို့ အမှတ်မဲ့ နေသည် အနိုင် ဖမ်း၍ ဆက်လာသည်။ ယင်းသောအခါ အမတ်တို့ လျှောက်သည်ကား၊ “ဘဝရှင် မင်းတရားကြီးဘုရား ချီတော်မူလာ၍၊ မိုးမိတ်ကို လုပ်ကြံကတည်းက သစ္စာတော်ကို ခံ၍ အမှုတော်ကို ထမ်းရမှ သင့်မည်။ ကျွန်တော် ဆိုပါသည်ကို မိုးညှင်းစော်ဘွားသည် သူ ကျွန်ခံတွက် ရှိသလော၊ သူ ချီလာလျှင်လည်း ဆိုး၍ တိုက်မည်ဆိုသောကြောင့် ကျွန်တော်တို့ ပျက်စီးခြင်းသို့ ရောက်ချေသည်၊ ယခု သစ္စာတော်ကို ခံ၍ အမှုတော်ကို ထမ်းပါမည်”ဟု၍ နားတော် လျှောက်သည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ရာဇဂုဏ်နှင့် ပြည့်စုံတော်မူသော မင်း ဖြစ်၍၊ မိုးညှင်းစော်ဘွားကို မည်သို့မျှ အပျက်တော်မရှိ၊ မိုးကောင်းသို့ ချီတော်မူ၍ ရောက်လျှင် ညီတော် သားတော် သမက်တော်တို့ကို ခေါ်တော်မူ၍ မိုးကောင်းသို့ချည်း စုရသည်။ အရောက်ညီလျှင် မိုးကောင်းစော်ဘွား ကိုယ်တိုင်၍ အမွေ အမတ် အပေါင်းတို့ကို သစ္စာတော် ပေးပြီးလျှင် မိုးကောင်းစော်ဘွားကိုပင် တံဆိပ် လက်စွဲနှင့်တကွ မိုးကောင်းမြို့ကို ပေးတော်မူသည်၊ စော်ဘွားသား နှစ်ယောက်၊ သမီးတစ်ယောက်၊ မြေးယောကျ်ားတစ်ယောက်၊ မြေးမိန်းမ တစ်ယောက်ကိုမူကား ယူတော်မူ၍ ခြေရင်းတော်တွင် မြဲရသည်၊ ရွှေခွန်၊ ငွေခွန်၊ ပယင်းခွန်၊ ကတိုးခွန်၊ ဘဲခွန်၊ အောင်းခွန်၊ တင်ရှုးခွန်၊ မြင်းခွန်တို့ကိုလည်း နှစ်စဉ် ဆက်စေသည်။ မိုးညှင်းမြို့ကိုမူကား၊ စော်ဘွားယောက်ဖ အထက်က ကျွန်တော်ခံသောသူ ဒီပဲယင်းစားကို ပေး၍ အမည်နှင့် စော်ဘွားကြီးတို့၏ အဆောင် အယောင်ကိုလည်း အကုန် ပေးတော်မူသည်။

သားနှင့် သမီးကိုမူကား၊ ခြေရင်းတော်တွင် မြဲစေသည်။ ရွှေခွန်၊ ငွေခွန်၊ ကတိုးခွန်၊ ပဲခွန်၊ ဘောင်းခွန်၊ တင်ရန်းခွန်၊ မြင်းခွန် တို့ကိုသည်၊ နှစ်စဉ် စစ်ကဲသော်တို့က ဆော်ဝန်၍ ဆက်ရသည်။ မိုးညှင်းစော်ဘွားကိုမူကား သစ္စာတော်ခံပြီးလျှင် ဝန်စင်ခံဝိတ်ကို ပေး၍ စားရသည်။ မိုးညှင်း စော်ဘွား၊ သားကိုသည်၊ မိုးလဲ ဟူသော အမည်နှင့် ဗိုလ်ယင်းမြို့ကို ပေး၍ စားရသည်။ သားတစ်ယောက်၊ သမီး တစ်ယောက်ကိုလည်းခြေရင်းတော်တွင်မြဲရသည်။

မိုးကောင်း၊ မိုးညှင်း စသော ခြောက်ရှမ်းပြည် တစ်လွှားတို့သည် မိစ္ဆာဒိဋ္ဌိ အယူကို ယူကုန်သည်များကိုသည်၊ သမ္မာဒိဋ္ဌိ ဖြစ်စေ၍ ဂန္ထဓုရ၊ ဝိပဿနာ ဓုရ ဟူ၍ လိင်္ဂိုကို ဆောင်းပန်၍ သိက္ခာ(?)ကျင့် နေရသည်။ ပါဠိ အဋ္ဌကထာ စသော ကျမ်းဂန် တို့ကိုသည်၊ ရေးကူးစေ၍ မိုးကောင်းမှာ တစ်ပုံ၊ မိုးညှင်းမှာတစ်ပုံ ထားတော်မူသည်။ ဘောင်း၊ တင်း၊ အလေး၊ ချိန်ခွင် တို့ကိုလည်း၊ ဟံသာဝတီ နေပြည်တော်နှင့် ဘစ်ချက်တည်း ထားတော်မူသည်။ ယင်းသို့ ပြည်အလုံးကို ပိုင်တော်မူ၍ သက္ကရာဇ် ၉၁၉-ခု၊ ကဆုန်လဆန်း၊ နှစ်ရက်နေ့၊ မိုးကောင်းက ချီတော်မူ၍ကဆုန်လပြည့်ကျော်တစ်ရက်၊ တီချင်းသို့ရောက်တော်မူလျှင် ရတနာ ရွှေဖောင်တော်စီးတော်မူ၍ မြန်တော်မူသည်။ ကဆုန်လပြည့်ကျော်တစ်ဆယ့် လေးရက်နေ့၊ အင်းဝသို့ ရောက်တော်မူသည်။ အင်းဝတောင်၊ တောင်ဖလု နန်းတော်တွင် ခုနစ်ရက် နေတော်မူ၍ ဘုန်းတော်၊ မိုးမိတ်၊ မိုးကောင်း၊ မိုးညှင်းတွင် ပါလာခဲ့သောသူတို့ကို အမည် အရည် အဆောင် အယောင် စားကျေး စားလက် ပေးတော်မူသည်။ ယင်းသို့မှ ဝါဆိုလဆန်း၊ ခြောက်ရက်နေ့၊ အင်းဝက ဟံသာဝတီသို့ ရေအား ကြည်းအား၊ မြန်တော် မူသည်။ ဝါခေါင်လဆန်း သုံးရက်နေ့၊ ဟံသာဝတီ နေပြည်တော်သို့ ရောက်တော်မူသည်။

မိုးနဲ့စော်ဘွားသည် အဝရှင် မင်းတရားကြီးဘုရားနှင့် ကောက်မတ်ကပင် ရွှေတံတစ်၊ ငွေတံတစ် ထား၍ မြဲမြံစွာ သစ္စာပွဲတော် မူကြသည်ကို မိုးနဲ့ စော်ဘွား ကတိကိုဖျက်၍ နိုင်ငံတော်ဖြစ်သော သီပေါကို တိုက်လေ၏။ သီပေါ စော်ဘွား ကတိကိုဖျက်လျှင် စော်ဘွားကို ရ၍ သတ်လေသည်။ သားမယားက ရ၍ ဆင်ကောင်း မြင်းကောင်း တို့ကိုလည်း ယူခဲ့လသည်။ သုံးဆယ်တိုင်အောင် ထိပါးဖျက်ဆီး လာသည်။ ထိုအကြောင်းများကို သမက်တော် အင်းဝဘုရင် သတိုးမင်းစောက လျှောက်လာ၍ ကြားတော်မူလျှင် သားတော် မဟာဥပရာဇာ အစရှိသော ပူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။

"ယခု မိုးနဲ့စော်ဘွားသည် အထက်က ငါနှင့် ဆိုသော ကတိသစ္စာကို ဖျက်၍

ကြည့်လျှင် ငါသည်မင်းဖြစ်သော်လည်း ဝိဒုဋ္ဌဘကို ယုန်၊ ဒရယ်တို့သည် သန်း၍ သွားသကဲ့သို့ ကေသရာဇာ ခြင်္သေ့မင်းဖြစ်သော သီပေါ်သုံးဆယ်ကို ထိပါးဖျက်ဆီးလေ ၃၂ည်။ ညီတော် ငါနိုင်ငံတော်ဖြစ်သော သီပေါသုံးဆယ်ကို ထိပါးဖျက်ဆီးလေသည်။ ညီတော် ငါ့နိုင်ငံတော်ဖြစ်သော သီပေါသုံးဆယ်ကို ထိပါးဖျက်ဆီးလေ၏ ညီတော်တို့ကိုသာ ချီ၍ လုပ်ကြံစေသော်လည်း သင့်မည် သားတော် မှူးတော် မတ်တော် တို့ကိုသာ ချီ၍ လုပ်ကြံစေသော်လည်း သင့်မည် လော၊ ငါကိုယ်တော် ချီ၍ လုပ်ကြံသော်လည်း သင့်မည်လော”ဟူ၍ နိုင်းချင် တော်မူသည်ကို ဗညားရေလာလျှောက်သည်။“ယခု မိုးနဲ ညောင်ရွှေမျှကို ကိုယ်တော် ချီ၍ လုပ်ကြံရမည် မဟုတ်၊ ကျွန်တော်တို့ အမှူး အမတ် ညီတော် သားတော်တို့ကို ခန့်တော် မူသော်လည်း အရေးတော် ပြီးမည်ပင် ဖြစ်သည်”ဟူ၍နားတော် လျှောက်သည်။ ဗညားလော လျှောက်သောစကားကို ဘယကျော်သူ ကြားလျှင် “ဤသို့ နားတော်လျှောက်ပြန်သည်။ မိုးနဲ၊ ညောင်ရွှေ၊ ရောက်စောက်၊ နောင်မွန် သည်၊ ဆင်လုံး မြင်းရင်းလည်း များသည်။ လက်နက် ကိရိယာ သူရဲ သူခက်လည်း ထူထပ်လှသည်။ ဇင်းမယ်ပြည်ကြီး၊ ကျိုင်းတုံပြည်ကြီး၊ သိန္နီပြည်ကြီးလည်း နီးလေသည်။ အမိုသဟဲ မရှိပဲ ကိုယ့်နိုင်ငံတော် ကျေးရွာ ရွာနားကို ထိပါး ဖျက်ဆီးဝံ့မည် မဟုတ်၊ ယင်းသို့ ဖြစ်သောကြောင့် ညီတော် သားတော်တို့ကို သာ ခန့်တော်မူ၍ မသင့်ချေ။ ဆင်လုံး မြင်းရင်း အများနှင့် စီရင်တော် မူ၍ ဘဝရှင် မင်းတရားကြီးဘုရား ကိုယ်တော် ချီတော်မူသည်ဖြစ်မှ အရေးတော် ပြီးလွယ်မည်”ဟူ၍ နားတော် လျှောက်သည်။ သားတော် မဟာဥပရာဇာလည်း ကျွန်တော် ဘယကျော်သူ လျှောက်သော အရေးသည် သင့်လှ ပေသည် ဟု နားတော်လျှောက်သည်။

ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဘယကျော်သူ လျှောက်သော အရေး ကိုကြိုက်တော်မူ၍ ဆင်မြင်း ဗိုလ်ပါတို့ကို စီရင် ခန့်ရန်တော်မူသည်။ ချီရသော တပ်စဉ်ကား၊ လက်ဝဲရဲတိုင် မြင်းတပ်၊ ရာဇတမန် မြင်းတပ်၊ ဆင်တပ်မှာ နန္ဒကျော်ထင်တစ်တပ်၊ ဗညားပရံတစ်တပ်၊ နန္ဒသူရိယတစ်တပ်၊ ဗညားသံလိုက် တစ်တပ်၊ ဘယဂါမဏိတစ်တပ်၊ ဗညားဒလတစ်တပ်၊ ဘယကျော်သူတစ်တပ်၊ သားတော်မဟာဥပရာဇာတစ်တပ်၊ မြင်းတပ်နှစ်တပ်နှင့် တပ်ပေါင်းဆယ်တပ်တွင် ပါသည့် တိုက်ဆင် သုံးရာ၊ မြင်း သုံးထောင်၊ စစ်သည် သူရဲ ရှစ်သောင်းနှင့် လက်ယာကြောင်းချီရသည်။ တုရင်ရာဇာ မြင်းတပ်၊ နန္ဒသိန်းစည်း မြင်းတပ်၊ ဆင်တပ်မှာ ဘယကျော်ထင်တစ်တပ်၊ သမိန်ရဲသင်ရံတစ်တပ်၊ မင်းရဲကျော်ထင် တစ်တပ်၊ ဗညားကျွန်းတောတစ်တပ်၊ သရေစည်သူတစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ နန္ဒသကြံတစ်တပ်၊ ညီတော် တောင်ငူဘုရင်မင်းခေါင်တစ်တပ်၊ မြင်း တပ် နှစ်တပ်နှင့်တပ်ပေါင်း ဆယ်တပ်တွင် ပါသည့် ကိုက်ဆင် သုံးရာ၊ မြင်း

သုံးထောင်၊ စစ်သည် သူရဲ ရှစ်သောင်းနှင့် လက်ဝဲကြောင်း ချီရသည်။ ။ တုရင်ဗလမြင်းတပ်၊ ဘယရာဇသူမြင်းတပ်၊ ဆင်တပ်မှာ ရာဇသကြံတစ်တပ်၊ သမိန်ယိုကရတ်တစ်တပ်၊ နန္ဒကျော်သူတစ်တပ်၊ အဲမွန်တရာတစ်တပ်၊ လက်ဝဲနန္ဒမိတ်တစ်တပ်၊ သမိန်ဇိပ်ပွန်တစ်တပ်၊ မင်းမဟာတစ်တပ်၊ ညီတော်ပြည်ဘုရင်သတိုးဓမ္မရာဇာတစ်တပ်၊ မြင်းတပ် နှစ်တပ်နှင့် တပ်ပေါင်း ဆယ်တပ်တွင် ပါသည့် တိုက်ဆင် သုံးရာ၊ မြင်းသုံးထောင်၊ စစ်သည် သူရဲ ရှစ်သောင်းနှင့် အလယ်ကြောင်း ချီရသည်။ ။တုရင်ဗလ မြင်းတပ်၊ လက်ယာယောဓာ မြင်းတပ်—ဆင်တပ်မှာ နေမျိုးကျော်ထင် တစ်တပ်၊ သီရိဇေယကျော်ထင် တစ်တပ်၊ မိုးညှင်းစော်ဘွား တစ်တပ်၊ မိုးကောင်းစော်ဘွား တစ်တပ်၊ မိုးမိတ် စော်ဘွား တစ်တပ်၊ သမက်တော် အင်းဝ ဘုရင် သတိုးမင်းစောတစ်တပ်၊ မြင်းတပ် နှစ်တပ်နှင့်-တပ်ပေါင်းရှစ်တပ်တွင် ပါသည့် တိုက်ဆင် သုံးရာ၊ မြင်းသုံးထောင်၊ စစ်သည် သူရဲရှစ်သောင်းနှင့် ဆင်ကောင်းကြောင်း ချီစေ၍ သုံးဆယ်ကသည် သိပေါက်ကို ချီရသည်။

ဘဝရှင် မင်းတရားကြီးဘုရားမှာလက်ယာရံတိုင် မြင်းတပ်၊ လက်ဝဲ ဘယမြင်းတပ်၊ စစ်တုရင်္ဂသူ မြင်းတပ်၊ တုရင်သိဒ္ဓိ မြင်းတပ်—ဆင်တပ်မှာ နန္ဒကျော်ထင် တစ်တပ်၊ သမိန်လက္ခန်းအိန်တစ်တပ်၊ သီဟပတေ့တစ်တပ်၊ သမိန် အဲဗြဲပိုက် တစ်တပ်၊ ဘယသကြံ တစ်တပ်၊ သီရိဓမ္မရတ် တစ်တပ်၊လက်ယာရန္တသူတစ်တပ်၊ ယင်းကမှ ဘဝရှင်မင်းတရားကြီးဘုရား တပ်မတော်တွင် တိုက်ဆင် နှစ်ရာကို စော်ဘွား စော်ကန်၊ မှူးပျို၊မတ်ပျို၊ ဆင်စီးလိမ်မာ သသူတို့ကို စီးစေ၍ လက်ဝဲလက်ယာရွေနောက် လိုက်ရသည်။ ကိုယ်ရံတော် မြင်းနှစ်ထောင် တို့ကိုလည်း ရွှေကြိုး ရွှေကနှင့် ရွှေကုံး ရွှေထိပ်ဆင်၍ လက်ဝဲလက်ယာ ရွှေ နောက် လိုက်ရသည်။ ဝင်းတော် လေးမျက်နှာ သားလည်း ရွှေဒိုင်း၊ ရွှေလှံ၊ ရွှေဓား၊ ရွှေလှံနှင့်ချည်း လိုက်ရသည်။ မြင်းတပ် လေးတပ်နှင့်တကွတပ်ပေါင်းတစ်ဆယ့်နှစ်တပ်တွင် ပါသည့် တိုက်ဆင် ငါးရာ၊ မြင်းခြောက်ထောင်၊ စစ်သည် သူရဲတစ်သိန်းငါးသောင်းပါသည့်တပ်မတော်တွင် သက်ရှည် ကျော်ထင် တပ်မှူး ရာဇယောဓာကို စင်ကဲ ခန့်တော်မူသည်။

ဟံသာဝတီ နေပြည်တော်ကို မှကား၊ မင်းရဲ သံ့ဃာနှင့် ဗညားပရွတို့ကို ဆင်လုံး မြင်းရင်းနှင့် အစောင့် အနေ ခန့်တော်မူသည်။ ပုသိမ် မြောင်းမြအစရှိသော မွန်ပြည်တစ်လွှားကို သီရိဇေယ နော်ရထာနှင့် ဗညားလောကို အလုံးအရင်းနှင့် အစောင့်အနေ ခန့်တော်မူသည်။ မုတ္တမ၊ မော်လမြိုင် အစ

ရှိသော မှန်ပြည် အရှေ့တစ်လွှားကိုလည်း ဗညားဦးနှင့် [illegible] အလုံးတရုတ်နှင့် အစောင့်အနေ ခန့်ထားတော်မူသည်။ ။ဤသို့ ဆိုခဲ့ပြီးသော ဆင်လုံး မြင်းရင်းနှင့် သက္ကရာဇ် ၉၁၉–ခု၊ တန်ဆောင်မုန်း လဆန်း ငါးရက်၊ ကြာသပတေးနေ့ ဟံသာဝတီ နေပြည်တော်က ချီတော်မူ၍ လေးကျွန်း ထိပ်နှင်း ဟူသော ဇပ်တော်တွင် ချတော်မူသည်၊ ကေတုမတီတိုင်ရဲ့ တစ်ဆယ်တစ်စခန်း ချီတော်မူသည်။ ကေတုမတီကသည် ဗာရာဏသီ၊ ကသာ၊ လှိုင်းတက်တိုင်အောင် ဆယ်စခန်း ချီရသည်။ လှိုင်းတက်ကသည် ဏင်းတား ရွာငကြောင်း ချီတော်မူသည်။ ရွာငက လွန်လျှင် သားတော် မဟာဥပရာဇာ ညီတော် ပြည်မင်း၊ တောင်ငူမင်း၊ အင်းဝမင်းတို့ အကွဲကွဲ မြေပြင်ပြည့်မျှ ချီရလေသည်။

မိုးနဲ့ စော်ဘွားလည်း ဘဝရှင် မင်းတရားကြီး ဘုရား ချီလာသည် ဟု၍ ကြားလျှင်၊ မိုးပြဲစား၊ စကားစား၊ နောင်မွန် စားတို့ကို ရောက်စောက်စား နှင့်တကွ ဆင်လုံး မြင်းရင်း အများနှင့် ရောက်စောက်တွင် အခိုင်အလုံ ခံ၍ နေရသည်။ ဘဝရှင် မင်းတရားကြီး ဘုရားမူကား၊ အရှေ့ကြောင်း ချီတော်မူ၍ နခုံတောင်တွင် တပ်မှာချ၍ နေတော်မူသည်။ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာလည်း ရောက်စောက်သို့အလျှင်ချီ၍ တိုက်မည် စီရင်စဉ်တွင် မိုးပြဲစား၊ စကားစား၊ ရောက်စောက်စား၊ နောင်မွန်စားတို့သည်၊ မြို့တွင် ခံသော်လည်း မခံနိုင်ရာချေ အမှတ်ရှိ၍ ထွက်ပြေး လေကုန်၏။ ပြည်ဘုရင် သတိုး ဓမ္မရာဇာလည်း ပြေးကြောင်းကို သိလျှင် အပြင်းထပ်၍ လိုက်တော် မူသည်။ မိုးနဲ့ တောင်ခြေရင်းသို့ ရောက်လျှင် မိုးပြဲစား၊ စကားစားတို့လည်း ဆင် မြင်းကို ပစ်၍ မိုးနဲ့သို့ ပြေးလေ၏။ ပစ်ခဲ့သော ဆင်မြင်း လူသူ တို့ကို များစွာ ရတော်မူ၏။ ယင်းသို့ စစ်လေးကြောင်းလုံး ဘဝရှင် မင်းတရားကြီး ရှိရာ ပေါင်းတော်မူကြလေကုန်၏။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ညီတော်၊ သားတော် သမက်တော်တို့ အရောက် ညီလျှင် နခုံတောင်ကို တက်တော်မူ၍ စစ်ငါး ကြောင်းဖြန့်၍ ချီတော်မူသည်။

မိုးနဲ့စော်ဘွားလည်း ဆင်မြင်း၊ ဗိုလ်ပါအများနှင့် ဆီးကြိုလာ၏။ ပြည်ဘုရင် သတိုးဓမ္မရာဇာ ရွှေဖျား မြင်းတပ်နှင့် တောင်ကြားတွင်တွေ့၍ တိုက်ကြသော် မြင်းတော်သည်တို့ အားမတန်၍ ဆုတ်ခဲ့ရ၏။ လွင် လဟာသို့ ရောက်လျှင် ပြည်ဘုရင်သတိုး ဓမ္မရာဇာတို့ ဆင်တပ်ရှစ်တင်လုံး ဆင်ချွန်းဖွင့်ကာ လွတ်ကြလျှင် မိုးနဲ့စော်ဘွားတ ချီလာသော ရှမ်းဟူသမျှ ပျက်၍ ပြေးလေ၏။ ဆင်မြင်း လူသူ ကား၊ ရသည်များ၏။ ယင်းသို့မှ မိုးနဲ့မြို့တိုင် ချီတော်မူ၍ အောင်ထပ် မင်္ဂလာ

ဟူသော တယ်တော်တွင် ချတော်မူသည်။ မိုးနဲ့ စော်ဘွားလည်း ဆင်မြင်းများ သခင် ဘဝရှင် မင်းတရားကြီး ဘုရား ချီတော်မူလာသည်။ ဆင်လုံး မြင်းရင်း စစ်သည်ဗိုလ်ပါ များလှသည်ဟူ၍ ကြားလျှင် မိုးနဲ့မြို့တွင် မခံရဲ၍ ထွက်ပြေး လေ၏။ စစ်သည်တော်တို့လည်း ယပ်၍ လိုက်သည်။ ဆင် မြင်း လူသူ အများ ရတော်မူ၏။ ဘဝရှင်မင်းတရားကြီး ဘုရားလည်း ညီတော် သားတော် အပေါင်း တို့ကို အကွဲကွဲ ရှာရသည်။

မိုးနဲ့ စော်ဘွားလည်း ပြေးသော်လည်း မလွတ်နိုင်ရာ အမှတ်မှိ၍ သား မိုးကိုင်စားကို လက်ဆောင်၊ လက်နက်၊ မိုင်းလုံးဇာ၊ ပယင်း၊ ရွှေဖျင်၊ ဖဲ၊ ကတီး၊ အောင်း၊ တင်ရန်း၊ လက်ဆောင်တော်အများနှင့် "ကျွန်တော် မတတ် မလိမ်မာ၍ ပြစ်မှားမိသည်။ အသက်ကို ခွင့်ပြုပါ" ဟုနားတော်လျှောက်လာရ သည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း မေတ္တာနှင့် ပြည့်စုံတော် မူသော မင်းကောင်း ဖြစ်တော်မူ၍ မိုင်းကိုင်စားကို ပေးပွယ် ကမ်းပွယ် ပေးတော် မူ၍ လွှတ်တော်မူသည်။ မိုင်းကိုင်စား ပြန်၍ အကြောင်းမျိုးကို ကြားလျှင် မိုးနဲ့စော်ဘွားလည်း ဆင်ပေါက် တစ်ဆယ်၊ ရွှေငါးပိဿာ၊ ငွေခွက် ငါးဆယ် လက်ဆောင်တော် ယူခဲ့၍ ခြေရင်း တော်သို့ ရောက်လာသည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း မိုးနဲ့စော်ဘွားကို ရွှေတော်သို့ ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ "မိုးနဲ့စော်ဘွား ငယ်လည်း ငါနိုင်ငံတော်ဖြစ်သော သီပေါ သုံးဆယ်တို့ကို ထိပါးဖျက်ဆီး လေသောကြောင့် မရေတွက်နိုင်သော ဆင်လုံး မြင်းရင်း စစ်သည်ဗိုလ်ပါနှင့် ငါကိုယ်တော်တိုင် ချီတော် မူလာသည်ကို ဖျက်ဆီး ထိပါးသည်နှင့်အညီ ခံ၍မတိုက်၊ ရှောင်လွှဲပြေးပုန်း၍ နေသည်။ ယင်းသို့ ပြေးငြား သော်လည်း ငါ့ရန်သူကို ဧမ္ဗူ မြေပြင်ဝယ်၊ ဘယ်ပြည်ထောင် မင်းသည် လက်ခံဝံ့ မည်နည်း။ ယခု မိုးနဲ့စော်ဘွားငယ်သည်၊ အတတ် အလိမ်မာ ပညာ အမြော် အမြင် မရှိ၍ မှားငြား သော်လည်း ငါဘုရားဆုကို တောင်းတော် မူသော မင်းကောင်း ဖြစ်တော် မူသည်။ မိုးနဲ့ စော်ဘွား၊ စည်းစိမ် အသက် ကို ဖျက်ဆီးတော် မမူပြီ၊ မှားငြား သော်လည်း ငါလွှတ်တော်မူသည်" ဟူ၍ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် ရှေ့တွင် အမိန့်တော် ရှိသည်။ ယင်းသို့မှ မိုးနဲ့စော်ဘွား ကိုယ်မှ စ၍ သားသမက်၊ အမှူး၊ အမတ် တို့ကို သားတော် အစဉ်၊ မြေးတော် အဆက်၊ မဖောက်မပြန်၊ မသွေ မဖီပြီ ဟူ၍ သစ္စာတော် ပေးပြီးလျှင် မိုးနဲ့မြို့ကိုပင် ပေးတော်မူ၍ စော်ဘွား ပြုရသည်။ ညောင်ရွှေ စော်ဘွား၊ ရောက်စောက် စော်ဘွား၊ မိုးဖြ စော်ဘွား၊ ကေားစေား၊

နေ့သင့်မှန်စအတွက်လည်း သင်္ကြီး၊ မြင်းကြီး၊ သားသမီးတို့ကို ဆက်၍ ပသက်ကို ရှုံလေသည်၊ လာကြကုန်သည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ထိုသူတို့ကို သနားတော်ပေး၍ စားမြဲ သော ကျေးရည်းစိမ်ကိုပင် ပေးတော်မူပြန်သည်။ ထိုရှမ်းပြည်တစ်တန်းတွင် မှားသော မိစ္ဆာဒိဋ္ဌိ အယူများကိုလည်း သမ္မာဒိဋ္ဌိဖြစ်အောင် ဆုံးမတော်မူ၍ ကျောင်း၊ ဘုရား တည်ထားရသည်။ ကျွမ်းဂန် ကျနတော်မူသော အရိယာ ပုဂ္ဂိုလ်တို့ကို ထောင်းနန်တော်မူ၍ ပိဋကတ် စာပေနှင့်တကွ သီတင်းသုံး နေရ သည်။ ဝတ္တုကံ မိုးမြေလည်း ရွာတော်မူသည်။

ယင်းသို့ မိုးနဲ့ ညောင်ရွှေ အစရှိသော ရှမ်းပြည် အလုံးကို စိုးရင် ခံ့ထား သော် မှူးမတ် သားတော် မဟာဥပရာဇာ အစရှိသော ညီတော် သားတော် မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူသည်၊ "တမူသလိုင်းဖြစ်သော မိုးနဲ့ ညောင်ရွှေကို အလိုတော် ပြည့်၍ လက်နက် နိုင်ငံတော်ချည်း ဖြစ်ပြီ၊ အဘယ်သို့ စိုးရင်ရသော် သင့်မည်နည်း" ဟူ၍ စိုင်ပြင်း ခင်းကျင်းတော် မူသည်ကို သားတော် မဟာဥပရာဇာ လျှောက်သည်၊ "ယခု သည် သံလွင်မြစ် အနောက်အကျတွင် ရှိသော ရှမ်းပြည်ကြီးများ အလိုတော် ပြည့်၍ လက်နက် နိုင်ငံတော်ချည်း ဖြစ်ပြီ၊ သို့နှင့် တစ်မြို့မကား၊ အရေးအရာ သော်လည်း မလျှောက်လာ၊ တရုတ် ဥတည်ဘွားကို အမှီပြု၍ အနိုင် အလို နေလေသည်ကို လုပ်ကြံတော် မူမှ ရှမ်းကိုးပြည်ထောင်လုံး တစ်ချက်တည်း လက်နက် နိုင်ငံတော်ချည်း ဖြစ်မည်" ဟူ၍ နားတော်လျှောက်သည်၊ မဟာ ဥပရာဇာ လျှောက်သော စကားကို ဗညားပရံ ကြားလျှင် ဤသို့ နားတော် လျှောက်သည်၊ "ဘုရားသားတော် လျှောက်သော အရေးသည် ဝစ်ရောင် ဖြစ်တော့သည်၊ သို့ရာတွင် မိုးနဲ့၊ ညောင်ရွှေ စသော ရှမ်းပြည်ကြီးများကို အလိုတော် ပြည့်လေပြီးသည်၊ သိန္နီမြို့သည် ရွှေသို့ လက်တော်က လွတ်ရသော သဘောရှိ၍ ယင်းသို့ ဖြစ်သောကြောင့် သိန္နီမြို့ကို ရှိနှင့်စေဦး၊ ဟင်္သာဝတီ ဖြစ်သော ငင်းမယ်ပြည်ကြီးသည် မူးကောင်း၊ မတ်ကောင်း၊ သူရဲ၊ သူခက်ကောင်း များရှိသည်၊ ဆင်ကောင်း၊ မြင်းကောင်း၊ လက်နက် ကိရိယာလည်း ထူထပ် လှသည်၊ မြို့ရိုး ကဲ့ဆယ့်ရှစ်မြို့လည်း အလုံး အရင်းနှင့်ချည်း အနိုင်အပိုင် ဖြစ် သည်၊ ကျွန်တော်တို့ မွန်ပြည်နှင့်လည်း ကျေးစပ် ဖြစ်သည်၊ ရှေးကာလ၌ တစ်ကြိမ်တစ်ခါမျှ မဖျက်မဆီးဖူးလေ ဖြစ်သောကြောင့် ယွန်းပြည်ဖြစ်သော ငင်းမယ်သို့ အလျင် ချီတော်မူ၍ သိမ်းယူတော် မူသင့်လေသည်၊ ငင်းမယ်ကို

ရောက်မှုလျှင် ဇင်းမယ်၌ အရပ်အနေ ရှိတော်မူ၍၊ ညီတော် သားတော် မှူးတော် မတ်တော် အပေါင်းတို့ကို မဟာနဂရတိုင်း ဖြစ်သော ကျိုင်းရုံ ခေမာဝရတိုင်း ဖြစ်သော ကျိုင်းတုံ စသော ယွန်းပြည်၊ ဂုံပြည်သို့ အာဏာ ချီစေ၍ ကျွန်တော်တို့ လုပ်ကြံရသည် ရှိသော် လက်နက် နိုင်ငံတော်ချည်း ဖြစ်မည်။ တစ်ကြောင်းမှာလည်း ကျွန်တော်တို့ ချီလျှင် ဆင်စီးချင်း၊ မြင်းစီးချင်း ဟူ၍ တိုက်ခံမည် မထင်၊ ယင်းသို့ ကျွန်တော်တို့ လျှောက်သော အကြောင်း လည်း ဘဝရှင် မင်းတရားကြီး၊ ချီသော ရန်သူအပေါင်းတို့သည် သေကြေ ပျက်စီးကြောင်းကို ဇမ္ဗူဒိပ် မြေပြင်ဝယ် တိုင်းကြီး ပြည်ကြီး အပေါင်း သိစေသောင်း မင်းတကာတို့ ထင်ရှားသိစေသည်'' ဟူ၍ နားတော် လျှောက်သည်။ ဗညားယံ လျှောက်သော စကားကို ဗညားဒလ ကြားလျှင် ''ကျွန်တော် ဗညားယံ လျှောက်သော အရေးသည် သင့်လှပေသည်'' ဟူ၍ နားတော် လျှောက်ပြန်သည်။ ညီတော် ပြည်ဘုရင် အတိုင်ပင်မှူးမတ် စသော မှူးတော် မတ်တော် အပေါင်းတို့သည်း ဗညားယံ လျှောက်သော အရေးကို ကြိုက်ကြ ကုန်သည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း ကြိုက်တော်မူ၍၊ ဇင်းမယ်သို့ ချီတော်မူမည်ကို မြွမြွစီရင်တော်မူသည်။ မိုးနဲစော်ဘွားလည်း ကိုယ်ကျန်း မာ၍ ရှိသောကြောင့် နောက်အဘော် မလိုက်နိုင်၊ ညောင်ရွှေစော်ဘွားလည်း နောက်တော်က လိုက်မည်ဟု တပ်ပေါင်းတို့ကို ရုံးရသည် ဟူ၍ ညောင်ရွှေသို့ ပြန်လေသည်။ မိုးနဲစော်ဘွားသား မိုင်းကိုင်စား၊ ကျိုင်းတောင်းစား၊ သား ထယ် စမော်ခန်း ယောက်ဖ သိုခဲနှင့် လဲချားစား၊ မိုးညှဲစား၊ နောင်မွန်စား တို့မှုကား၊ နောက်တော်တွင် အလုံး အရင်းနှင့် လိုက်ရသည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း သားတော် မဟာဥပရာဇာ ထို့မှာ မြင်းတပ် နှစ်ထောင်နှင့် တပ်ပေါင်း ဆယ်တပ် ချီရသည်။ သည့်နောက် ဘဝရှင် မင်းတရားကြီးဘုရား မြင်းတပ် လေးထောင်နှင့် တပ်ပေါင်းတစ်ဆယ့်နှစ်တပ် ချီတော်မူသည်။ နောက် ညီတော် တောင်ငူ ဘုရင်မင်းခေါင်တို့ မြင်းတပ် နှစ်ထောင်နှင့် တပ်ပေါင်း ဆယ်တပ် ချီရသည်။ မိုးနဲကသည် သံသွင် ထားစင် သိပ်တိုင် နှစ်ဆယ့်လေးစခန်း ချီတော်မူ၍ ဆေယသောသည် ဟူသော တပ်တော် တွင် ချတော်မူသည်။ ထားစင်သိပ်ဘွင် တောင်ပန်းရုံစေ၍ ဆင် မြင်း လူသူ တို့ကို ကူးရသည်။ သံသွင်က တစ်တက်သို့ ရောက်တော်မူလျှင် သားတော် မဟာဥပရာဇာတို့ ဆယ်တပ်လက်ယာ ကြောင်းချီရသည်။ ညီတော်ပြည်ဘုရင်တို့ ဆယ်တပ် အလယ်ကြောင်း ချီရသည်။ သားတော် အင်းဝဘုရင် သတိုး

မင်းစောသို့ ရှစ်တပ် လက်ဝဲကြောင်း ချီရသည်။ ယင်းကမှ ဘဝရှင် မင်းတရားကြီးဘုရား တစ်ဆယ့်နှစ်တပ်နှင့် ချီတော်မူသည်။ နောက်တော်က ညီတော် တောင်ငူဘုရင် မင်းခေါင်တို့ ဆယ်တပ် ချီရသည်၊

ဤသို့ ဆိုခဲ့ပြီးသော မရေတွက်နိုင်သော ဆင်လုံး မြင်းရင်း စစ်သည် ဗိုလ်ပါ ခြေမြင်ပြည့်မျှ ချီတော်မူသည့် အကြောင်းကို ဇင်းမယ်ဘုရင် ကြားကြားလျှင် ဆီးကြို၍ တိုက်စိမ့်မည် ဟူ၍ ဆင် မြင်း ဗိုလ်ပါ စီရင်စေတုံ ဗြာဒေယ်၊ သေညလုံ ဟူသော အမတ်၊ ဇင်းမယ်ဘုရင်ကို ဤသို့ နားတော် လျှောက်သည်။ ယခု ဟံသာဝတီ မင်းတရားတွင်ပါသော ခံမက် ဗိုလ်ပါတို့ကို လောက်သော်၊ အပြည့် ပြည်ထောင်သော ထီးဆောင်းမင်းတို့နှင့်တကွ မြစ်၍ ဆင်လုံး မြင်းရင်း စစ်သည် ဗိုလ်ပါ အလွန်များလှသည်။ သူ့ကျွန် တပ်မှူး စစ်ကဲအပေါင်းတို့သည်လည်း အသက်ကို စွန့်၍ အမှုကို ထမ်းသူချည်း ဖြစ်သည်၊ ဆီးကြို၍ တိုက်သော်လည်း အောင်ချိမ့်မည် မဟုတ်၊ ယင်းသို့ ဖြစ်သောကြောင့် မြို့၊ ပြ၊ ကျုံး၊ မြောင်း၊ ကတုတ်၊ ရင်တား၊ ပြင်ဆင်၍ မြို့ကသာ ခံတော်မူသင့်သည်။ မြို့ကခံ၍ အရေးမလှချေလျှင် အညံ့ခံမှသာ ခယ်သိမ်းသော ပြည်သူနှင့်တကွ ချမ်းသာမည် ထင်သည်ဟူ၍ လျှောက်သည်။ ဇင်းမယ်ဘုရင်လည်း ဗြာဒေယ်၊ သေညလုံ လျှောက်သော စကားကို ကြားလျှင် "ငါ့မြို့ကို ရှိမ်းကြက်မျှ၍ သုတ်နိုင်မည်လော" ဆိုပြီးလျှင် ဆီးကြို၍ တိုက်စိမ့်မည် စီရင်သော တပ်ကို ရုပ်၍ မြို့ပြကို ခိုင်လုံအောင် စီရင်ပြီးလျှင် စိန်ပြောင်း မြတူ မြို့ထိ ဝန်းကျင် စီရင်၍ အသင့် ထားလေ၏။ ဘဝရှင် မင်းတရားကြီးဘုရားလည်း ဤသို့ မိန့်တော်မူသည်။ "ဟရိဘုဥ္စတိုင်း၊ ဇင်းမယ်ပြည်ကြီးကို အစိုးရသော မင်းသည် ငါသို့ အားငေါ်ပေါ်နှင့် ပြည့်စုံတော်မူသော ကျေးဇူး ချီတော်မူသည်ကို အရေးအရာသော်လည်း မလျှောက်လာ၊ မြို့ခိုင်သည်နှင့် အမှူး အမတ် ဆင်လုံး မြင်းရင်းများသည်ကို ယုံကြည်၍ နေသည်။ ဇင်းမယ်မြို့မျက် မဆိုနှင့်၊ ဇရုတ်ဥတည်ဘွားပင် ခံလေသော်လည်း ငါ လုပ်ကြံတော်မူမည်ကို ခံနိုင်မည်လော" ဟုမိန့်တော်မူသည်။ ထားစင်ဆိပ်ကသည် ဇင်းမယ်မြို့သို့ နှစ်ဆယ့်တစ်ခေး ပျိတော်မူ၍၊ ဇင်းမယ်မြောက် ရတနာအောင်သာ တပ်တော်တွင် ချတော်မူ၍ အရပ်အနေ ပြုတော်မူသည်။ သားတော် မဟာဥပရာဇာ၊ ညီတော် ပြည်မင်း၊ တောင်ငူမင်း၊ အင်းဝမင်း၊ စော်ဘွား၊ စော်ကန်၊ အမှူး၊ အမတ် အပေါင်းတို့လည်း မကြောက် မရွံ့ နတ်စစ်သည်ကဲ့သို့ ဇင်းမယ်မြို့ကို ဝန်းရံ၍ နွားကို မြဲလှောင်သကဲ့သို့ တပ်ခိုင် တပ်လုံ တည်၍ ရံလေ၏။ ဇင်းမယ်ဘုင်ရှိသော အမှု

အမတ် ပြည်သူအပေါင်းတို့လည်း အသား စားလစ္ဆံ့သို့ ကြောက်ရွံ့ကုန်၏။ "အညှံ့ခံမှ သင့်တော်မူမည်" ဟူ၍ လျှောက်ကြကုန်၏။ ဇင်းမယ်ဘုရင်လည်း "ငါ အညှံ့ခံဘွက် ရှိသလော၊ ငါ့မြို့ကို ဖျက်မှု၍ လိပ်ယူရမည်လော၊ ငါ့မြို့ရင်ငါးဆယ် နယ်မြို့သားတို့လည်း ယခု မရောက်ကြသေး၊ အရောက်သိလျှင် ငါထွက်၍ တိုက်တော်မူမည်။ မင်းတို့ ကြောင့်ကြသည်လော" ဟူ၍ မိန့်တော်မူသည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ရောက်တော်မူ၍၊ ဆင် မြင်း ဗိုလ်ပါ တို့ကို ပြည့်တင်းပြီးလျှင် ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော်၊ စစ်ကဲ အပေါင်းတို့ကို ခေါ်တော်မူ၍ "နက်ဖြန် ဇင်းမယ်မြို့ကို လုပ်ကြံတော်မူမည်။ ဆင်သည်လည်း ဆင်နှင့် မြို့ရင်းသို့ ရောက်စေ၊ မြင်းသည်လည်း မြင်းနှင့် မြို့ရင်းသို့ ရောက်စေ၊ ခြေသည်လည်း လှေကား တုံးရှင်းကိုင်၍ မြို့ကို တုံးစေ၊ တက်စေ၊ သို့ အမိန့်တော် ရှိလျက် ငါ့အမိန့်တော်ကို မဘည်လျှင် ကြီးစွာသော အကပ် တော်ကို ခံရလိမ့်မည်" ဟူ၍ မိန့်တော်မူသည်။ တပ်မှူး စစ်ကဲ အပေါင်းတို့ လည်း အကြောက် အရွံ့ မရှိ မြို့ရင်းသို့ ချဉ်း၍ အချို့ကို တုံးကုန်သည်။ အချို့ လှေကားထောင်၍ တက်ကုန်သည်။ ဤသို့ လုပ်ကြံတော် မူလျှင် မြို့မှိုင်၍၊ ပြိုလာက ဆင်သည်၊ မြင်းသည်၊ ခြေသည် အပေါင်းတို့ ဝင်မိလျှင် ဇင်းမယ် တစ်မြို့လုံးကို ရတော် မူသည်။ ဤသို့ ဟရိဘုဥ္စတိုင်း ဖြစ်သော ဇင်းမယ် ပြည်ကြီးကို အလိုတော် ပြည့်လျှင် သာသနာတော်၏ တည်ရာ ဖြစ်သည်။ သုံ့ပန်း မဖမ်းစေနှင့်၊ ဖမ်းမိသမျှကို လွှတ်စေ ဟူ၍ မောင်း ကြေးနှင်း ခတ်ရသည်။ ရွှေ၊ ငွေ၊ အဝတ်ပုဆိုးများမှကား ရသူ ယူရသည်။ ဇင်းမယ်ဘုရင်လည်း မြို့တစ်ခြမ်းပျက်လျှင် ထိပ်ဆက်သွေးကို သောက်လစ္ဆံ့သို့ ကြောက်ရွံ့ခြင်း ပြင်းစွာဖြစ်၍ အထူးထူးသော တရုတ်ပုဆိုး၊ မိုင်းလုံးဇာ၊ ပယင်း၊ ဖဲ၊ ကတ္တီး၊ အောင်းတင်ရန်း များစွာ လက်ဆောင်တော်ယူ၍ ဆင်ကြီး နှစ်စီးနှင့် တကွ မြို့က ထွက်၍ ဘသက်ကို ခွင့်ပြုတော် မူပါဟု နားတော် လျှောက်လာသည်။

ဘဝရှင် မင်းတရားကြီး ဘုရားလည်း တဲတော်ဦးသို့ ခေါ်တော်မူ၍၊ ငါ သိုသော မင်းကောင်းရှင် လုပ်ကြံတော်မူသည်ကို ဇင်းမယ် မြို့ပျက်ကို ထား၍၊ တရုတ် ဥတည်ဘုရားပင်၊ ခံသော်လည်း ခံနိုင်မည်လော ဟူ၍ မိန့်တော် မူပြီးလျှင် ဇင်းမယ်ဘုရင်မှစ၍ အမှူး အမတ် သည်လုံး သည်လုံတို့ကို သားတော် အစ ငြီးငြော် အဆက်၊ မြစ်တော် အညွန့်တိုင်အောင် ပေါက်မြန် မာသူမည် ဝံ့ပြီ ဟူ၍ သစ္စာတော်ပေးပြီးလျှင် ကျေးဇူးတော်ကိုလည်း သိစေ၊ သာသနာ

တော်ကိုလည်း ချီးမြှောက်၍ အပိုင်တော် ရှိသည်။ ဇင်းမယ်မြို့ကိုလည်း [illegible]
တော်မူ၍ မင်းပြုမြဲဖြစ်သည်။ အစွန်တော်ကိုလည်း ဆင်တစ်သောင်း မြင်းတစ်ထောင်၊
ရွှေကရာ မိုင်းလုံးဘော၊ ပယင်း၊ ရွှေချင်၊ ဖဲ၊ ဖော်ယော်၊ ဒေါင်း၊ ထင်ရှူး၊
ကတိုး၊ ယွန်းထွေ၊ ယွန်းတော နှစ်စဉ်မပြတ် ဆက်ရသည်။ ဇင်းမယ်တွင် ရှိသော
ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲ သူခက်ကောင်း စသော ပန်းချီ၊ ပန်းပွတ်၊
ပန်းတော့၊ ပန်းပဲ၊ ပန်းထိမ်၊ ပန်းတည်း၊ ပန်းရန်၊ သစ်စေးသမား၊ [illegible]
သမား၊ ဆင်တတ်သသူ၊ မြင်း ဆေးသမား၊ မြင်းတတ်သသူ၊ ပန်းဆိုးနယ်
တတ်သသူ၊ အထုံး အမြိတ် တတ်သသူ၊ အဖုံ့နှံသာ တတ်သသူ၊ အကြော
အလှော် အပေါင်းအကျစ် တတ်သသူ—ဤသူတို့ကို ရွေးတော်မူ၍ အာယမော
နှင့်တကွ ဟံသာဝတီ နေပြည်တော်သို့ အသီးသီး မရောယှက်စေရအောင် ပို့တော်
မူ၍ အကျက် အရပ်ချ၍ နေရသည်။ ဘုရား ဗုဒ္ဓ ကျောင်း မြို့ပျက်သည် များကို
လည်း မြင်ဆင် လုပ်ဆောင်ဟူ၍ ငွေတစ်ရာ ဇင်းမယ်မင်းကို အပ်တော်မူ၍ လုပ်
ဆောင် မြင်ဆင်ရသည်။ လပုံ ဘုရားရှင်ကိုလည်း၊ ထီး ချရားသီးကသည့် မြ
တိုင်အောင် ရွှေထည့်တော်မူသည်။ ဇင်းမယ်မြို့တွင် ပိဋကတ်သုံးပုံ အစုံမရှိလေ
ဟူ၍လည်း၊ ဟံသာဝတီမှာ ယူတော်မူ၍ ကျမ်းဂန် ကျနတော်မူသော အမှုထား
ဟူ၍လတ်တို့အား အပ်၍ ပို့သ သင်ကြားရသည်။ ဇင်းမယ်မြို့ရှိ ငါးသယ်နှုန်းမြို့စား
တို့ကိုလည်း၊ ဒေါ်တော်မူ၍ ရောက်လျှင် သစ္စာတော်ခံစေ၍ မိမိတို့စားမြဲ ကျေး
ရွာ၊ မြို့ပြကိုပင် ပေးတော်မူပြန်သည်။

(ရာဇဝင်တော်ကြီးမှာ ဇင်းမယ်ပြည်ကို သုဝဏ္ဏဘုမ္မိ ဆိုသည်။ ရာဇဝင် သစ်မှာ သောဏထေရ်၊ ဥတ္တရထေရ်တို့ သုဝဏ္ဏဘုမ္မိသို့ ကြွ၍ သယ္ဗာရကလာသည့် ရေစောင့် ဘီလူးတို့ကို ပြေးစေသည် ဟူသော ပါဠိအဋ္ဌကထာနှင့် အညီ၊ ပင်လယ်လည်း နီးစပ်သည်နှင့် သထုံမြို့ကို သုဝဏ္ဏဘုမ္မိ ဖြစ်သင့်သည် ဆိုသည်။ ကလျာဏီ ကျောက်စာ၊ ရွှေမော်ဓော ကျောက်စာ များမှာလည်း သထုံမြို့ကိုသာ သုဝဏ္ဏဘုမ္မိဟု လာသည်ဖြစ်၍ ဇင်းမယ်ပြည်ကို သုဝဏ္ဏ ဘုမ္မိဟု ဆိုသော စကားသည် မသင့်၊ သထုံမြို့ကိုသာ သုဝဏ္ဏဘုမ္မိဖြစ်သည်ဟု ဆိုသော စကား သင့်သည်။)

**ဟရိဘုဉ္စ ဒိုင်းဖြစ်သော ဇင်းမယ်ပြည်ကြီး အကြောင်းကား**

ဘုရားသခင် ထင်ရှားရှိသည် ကာလမှစ၍ ဘုန်းကြီးသော မင်းတို့၏ နေရာ ဖြစ်သည်။ အရိမဒ္ဒနာ ပုဂံရာဇကို အစိုးရသော အနော်ရထာ မင်းစော လုပ်ကြံတော်မူ၍ သက္ကရာဇ် ၃၈၈—ခုတွင်၊ နိဂုံး ဖြစ်လေသည်။ သက္ကရာဇ်

၆၅၆–ခု၊ ပုဂံနန်းကျ ကျော်စွာ လက်ထက် ဗညားစော မိုင်းရဲကွင် နိုင်ငြာ၍ မင်းပြုလေသည်။ ဗညားစော မိုင်းရဲ စည်းစိမ် ၃၇–နှစ်၊ သက္ကရာဇ် ၆၉၃–ခု၊ အနိစ္စရောက်လျှင် သားတော် သေည်ပုချွန်ကြဲမင်းပြုသည်။ သေည်ပုချွန်ကြဲ၊ စည်းစိမ် နှစ်နှစ်၊ သက္ကရာဇ် ၆၉၅–ခု၊ အနိစ္စရောက်လျှင် ဗညားရဲသား ချွန်တရဲ့ မင်းဖြစ်တော်မူသည်။ ချွန်တရဲ့ သုံးနှစ်၊ သက္ကရာဇ် ၆၉၈–ခု၊ အနိစ္စရောက်လျှင် သားတော် နေသုံတရဲ့ မင်းဖြစ်တော်မူသည်။ နေသုံတရဲ့ စည်းစိမ်လေးနှစ်၊ သက္ကရာဇ် ၇၀၂–ခု၊ အနိစ္စရောက်လျှင် သားတော် သေည်ပူ မင်းဖြစ်တော်မူသည်။ သေည်ပူ စည်းစိမ် ၄ နှစ်၊ သက္ကရာဇ် ၇၀၇–ခု၊ အနိစ္စရောက်လျှင် သားတော် ခဲပွ မင်းဖြစ်တော် မူသည်။ ခဲပွ စည်းစိမ် ၁၂–နှစ်၊ သက္ကရာဇ် ၇၁၉–ခု၊ အနိစ္စရောက်လျှင် သားတော် စောဘားယူ မင်းဖြစ်တော်မူသည်။ စောဘားယူ စည်းစိမ် ၁၃–နှစ်၊ သက္ကရာဇ်၇၃၂–ခု၊ အနိစ္စရောက်လျှင် သားတော် စောကဆိုး မင်းဖြစ်တော်မူသည်။ စောကဆိုးမင်း စည်းစိမ် ခုနစ်နှစ်၊ သက္ကရာဇ် ၇၃၉–ခု၊ အနိစ္စ ရောက်လျှင် သမက်တော် သေည်မိုင်း မင်းဖြစ်တော်မူသည်။သေည်မိုင်း စည်းစိမ် သုံးနှစ်၊ သက္ကရာဇ် ၇၄၂–ခု၊ အနိစ္စ ရောက်လျှင် သားတော် သံဘိ မင်းဖြစ်တော် မူသည်။ သံဘိ စည်းစိမ် လေးဆယ်၊ သက္ကရာဇ် ၇၈၂–ခု၊ အနိစ္စရောက်လျှင် သားတော် စောလုံ မင်းဖြစ်တော်မူသည်။ စောလုံ စည်းစိမ် သုံးဆယ့်ငါးနှစ်၊ သက္ကရာဇ် ၈၁၇–ခု၊ အနိစ္စရောက်လျှင် သားတော် စောညတ်၊ မင်းဖြစ်တော်မူသည်။ စောညတ်၊ စည်းစိမ် ရှစ်နှစ်၊ သက္ကရာဇ် ၈၂၅–ခု၊ အနိစ္စ ရောက်လျှင် သားတော် ဗညားကျန်း၊ မင်းဖြစ်တော်မူသည်။ ဗညားကျန်း စည်းစိမ် လေးဆယ်၊ သက္ကရာဇ် ၈၆၅–ခု၊ အနိစ္စရောက်လျှင် သားတော် မိုင်းအဲ မင်းဖြစ်တော်မူသည်။ မိုင်းအဲ စည်းစိမ်သုံးဆယ့်လေးနှစ်၊ သက္ကရာဇ် ၈၉၉–ခု၊ အနိစ္စရောက်လျှင် သားတော် ဗညားစဲ၊ မင်းဖြစ်တော်မူသည်။ ဗညားစဲ စည်းစိမ် ငါးနှစ်၊ သက္ကရာဇ် ၉၀၄–ခု၊ အနိစ္စရောက်လျှင် သားတော် စောမိုင်း၊ မင်းဖြစ်တော်မူသည်။ စောမိုင်း၊ စည်းစိမ် နှစ်နှစ်၊ သက္ကရာဇ် ၉၀၆–ခု၊ အနိစ္စရောက်လျှင် စောမိုင်းမိဖုရား ဇလံပါသီရိသုဓမ္မာ မဟာဒေဝီနှင့် လင်းဇင်းဘုရင် ဖြစ်ဝစ် မင်းဖြစ်တော်မူသည်။ ခုနစ်နှစ် ဇင်းမယ်တွင် နေ၍၊ ဖြစ်ဝစ်၊ လင်းဇင်းသို့ ပြန်လေလျှင် ဗညားကျန်းသား–မြသံကို မဟာဒေဝီ မင်းမြှောက်တော်မူသည်။ မြသံ မင်းဖြစ်၍ ခုနစ်နှစ်၊ သက္ကရာဇ် ၉၂၀–တွင်၊ တိုင်းကြီး ပြည်ကြီးအပေါင်း ထီးဆောင်း မင်းတကာတို့၏ အရှင် ဖြစ်တော်မူသော ရေမြေသခင် ဘဝရှင် မင်းတရားကြီးဘုရား ချီတော်မူ၍ လုပ်ကြံတော်မူလျှင် မြို့ရိုငါးဆယ့်ခုနစ်မြို့နှင့် တကွ ဟရိဘုဥ္စတိုင်း ဇင်းမယ်ပြည်ကို အလိုတော် ပြည့်သည်။

ဇင်းမယ်မြို့ကြီးကို အလိုတော်ပြည့်လျှင် ယိုးဒယား ကျေးစပ်၊ လင်းဇင်း
ကျေးလယ် ဇင်းမျှ ကျေးလယ်သို့ကြင်းတို့ ကင်းရှည် ထားတော်မူသည်။ ဗညားဟ
ထပ်တယ်၊ ဗညားရက်တွဲတပ်၊ သည်နှစ်တပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်
ထောင်၊ ငိုလ်င်ါးသောင်းနှင့် ဇင်းမယ်တွင် အစောင့်အနေထားတော်မူခဲ့၍ မိုး
ကြောင်းရထားဘူးရှည်သို့ တပ်စဉ်အတိုင်း ပြန်တော်မူသည်။ သံလွင်ထားစင်ဆိပ်သို့
ရောက်တော်မူလျှင် မိုးနဲ့စော်ဘွားသည့်၊ ကျေးငှုံးသစ္စာတော်ကို မခံဝင့်နှင့်၍
ထားစင်ဆိပ်တွင် ထားသော တံတားကိုလည်း ဖျက်လေသည်။ မိုးနဲ့တွင်ရှိသော
ရှမ်းမက်တော် သုံးရာကျော်ကိုလည်း သတ်လေသည်။ ယင်းသို့ သောင်းကျန်း၍
ညောင်ရွှေစော်ဘွား၊ ရောက်စောက်မြေနံ့ဘွားတို့သည် နောက်တော်သို့လိုက်မည်
အယုန်နှင့် မိုးနဲ့သို့ ချီလာ၍ ရောက်လျှင် ဇင်းမယ်သို့ဘား နောက်တော်ပါလိုက်
မိုးနဲ့စော်ဘွားနှင့် တစ်ချက်တည်းပြု၍ ပုန်ကန် သောင်းကျန်းလေ၏။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ထားစင်ဆိပ်သို့ ရောက်တော်မူမှ မိုးနဲ့
စော်ဘွား ပုန်ကန်ကြောင်းကို သိတော်မူ၍၊ ထားစင်ဆိပ်ကသည် ကျိုင်းတောင်း
ဆိပ်သို့ ညီတော်၊ သားတော်၊ အပေါင်းတို့နှင့် ချီတော်မူ၍၊ သံလွင်မြစ်ကို
ကူးတော်မူသည်။ တစ်ဘက်သို့ ဆင် မြင်း ဗိုလ်ပါ အကုန် ရောက်လျှင် မိုးနဲ့
စော်ဘွားလည်း လက်ဆောင် လက်နက် အများနှင့် ဘဝရှင် မင်းတရားကြီး
ဘုရားကို ကျွန်တော် ဖဝါးအပြင် လက်ဝါးမကျင့်ပါ၊ ညောင်ရွှေစော်ဘွား၊
ရောက်စောက် စော်ဘွားတို့သာ ရှမ်းမက်တော်တို့ကို သိမ်းထား၍ မနိုင်၊ သတ်ညှစ်၍
တံတားကို ဖျက်လေသည် ဟူ၍ နားတော် လျှောက်လာရသည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း မင်းတို့၏ ဥပါယ်လေးပါးနှင့် ပြည့်စုံ
တော်မူသော မင်းကောင်း ဖြစ်တော်မူ၍၊ မည်သို့မျှ အမိန့်တော် မရှိ၊ နောက်တော်
တွင် ပါသော မိုးနဲ့စော်ဘွား သား၊ ညီ တို့ကို အကြပ်ထား၍ မိုးနဲ့စော်ဘွားကို
ခေါ်ရလေ၏။ မိုးနဲ့စော်ဘွားလည်း ဆင်ကောင်း နှစ်စီး၊ မြင်းကောင်း နှစ်စီး၊
လက်ဆောင်တော် ယူခဲ့၍၊ ခြေရင်းတော်သို့ ရောက်လာသည်။ မိုးနဲ့စော်ဘွား
ရောက်လျှင် အကြပ် ထားတော်မူ၍၊ ကျိုင်းတောင်းဆိပ်ကသည် မိုးနဲ့သို့
အရောက် ချီတော်မူသည်။ ရောက်တော်မူလျှင် ရှမ်းမက်တော်တို့ကို အသူ သတ်ညှစ်
ကြောင်းကို စစ်တော်မူ၍ အတပ် သိတော်မူလျှင် ညောင်ရွှေ စော်ဘွား၊
ရောက်စောက် စော်ဘွားတို့ကို သားမယားနှင့်တကွ ယူချေ ဟူ၍ သားတော်
မဟာဥပရာဇာတို့ ဆယ်တပ်နှင့်တကွ သမက်တော် အင်းဝဘုရင် သတိုးမင်းစော
တို့ ရှစ်တပ်ကို စေတော်မူ၍ ချီရလေသည်။

ညောင်ရွှေစော်ဘွား၊ ရောက်စောက် စော်ဘွားတို့သည်။ သားတော် မဟာဥပရာဇာ၊ သမက်တော်တို့ ချီလာပြီ ဟူ၍ ကြားလျှင် ဘဝရှင် မင်းတရားကြီးကို ချွန်တော်တို့ မပုန်ကန်ပါ၊ မိုးနဲစော်ဘွားသား၊ ရဲမက်တော် တို့ကို သတ်ညှဉ်း၍ ထိတ်ထားကို ဖျက်လေသည်ဟူ၍ လက်ဆောင် ပဏ္ဏာကာရနှင့် ဆိုမှု၍ လျှော်သည်။ သားတော် ပဟာဥပရာဇာ၊ သမက်တော် သတိုးမင်းစောတို့လည်း ညောင်ရွှေ ရောက်စောက်သို့ အရောက် ချီတော်မူ၍၊ စော်ဘွား မြို့စားတို့ ကိုယ်မှ စ၍ သား၊ မယား၊ အမှုး၊ အမတ်၊ ဆင်ကောင်း၊ မြင်းကောင်းတို့ကို အကုန် သိမ်းယူတော်မူ၍၊ မိုးနဲသို့ မြန်တော် မူသည်။ ရောက်တော်မူလျှင် ညောင်ရွှေ စော်ဘွား၊ ရောက်စောက် စော်ဘွား၊ သကြံဖြစ်ညှိကို အတပ် သိတော်မူပြီးလျှင် ဤသို့ မိန့်တော်မူသည်။ "မိုးနဲစော်ဘွား၊ ညောင်ရွှေ စော်ဘွားငယ်တို့သည် ငါ နိုင်ငံတော် ဖြစ်သော သ်ပေါ-သုံးဆယ်တို့ကို ထိပါး ဖျက်ဆီးလေသောကြောင့် မရောက် နိုင်သော ဆင်လုံး မြင်းရင်းနှင့် ငါ ချီတော်မူ၍ လုပ်ကြံတော်မူလျှင် မြို့တွင်းမှ မရပ်မနေဝံ့၊ ပြေးပုန်းရှောင်လွှဲ၍ နေလေသည်။ ငါ တော်မူ၍ ညှီးမိမ် အသက် မပျက်လေကောင်းဟု ငါ သူကောင်း ပြုတော်မူသည်ကို ကျေးဇူး သစ္စာတော်ကို မစောင့်၊ ကေသရာဇာ ခြင်္သေ့မင်းရှေ့ကို ယုန် ဒရယ် တို့သည် သန်း၍ သွားသကဲ့သို့ ငါ့ ရဲမက်တော်တို့ကို ထိပါးလေသည်။ သေကောင်း လှလေပြီ၊ ငါဘုရားဆုကို တောင်းတော်မူသော မင်းဖြစ်တော်မူ၍ အသက်ကို လွှတ်တော်မူသည်" ဟူ၍ အမိန့်တော် ရှိပြီးလျှင် မိုးနဲစော်ဘွား၊ ညောင်ရွှေ စော်ဘွား၊ ရောက်စောက် စော်ဘွား ကိုယ်မှ စ၍၊ သား၊ မယား၊ ညီ၊ သမက် တို့ကို သိမ်းယူတော်မူ၍ နောက်တော်တွင် ပါရသည်။ ဆင်ကောင်း၊ မြင်းကောင်း သူရဲ သူခက်ကောင်းတို့ကိုလည်း ရွေးကောက်၍ သိမ်းယူတော် မူသည်။ မိုးနဲ မြို့ကိုမူကား၊ အထက် စော်ဘွားကြီးသား၊ သိုခဲကို စော်ဘွားကြီးတို့၏ အဆောင် အယောင်နှင့်တကွ ပေးတော်မူ၍ စော်ဘွား ပြုရလေသည်။ ညောင်ရွှေမြို့ကို မူကား၊ စော်ဘွားငယ်သား စမော်ခန်းကို စော်ဘွားကြီးတို့၏ အဆောင် အယောင်နှင့်တကွ ပေးတော်မူ၍ စော်ဘွားပြုရသည်။ နောက်တော်တွင် ဇင်းမယ်သို့ ပါသော မိုးဖြစား၊ စကားစား၊ နောင်မွန်စား၊ လဲချားစား၊ စီကျစ်စား၊ ကျိုင်းတောင်းစား၊ မိုင်းပံစားတို့ကို သစ္စာတော် ခံစေပြီးလျှင် ဆုလာဘ် ပေးတော်မူ၍၊ မိမိတို့ စားမြဲသော မြို့ ကျေးရွာတို့ကိုပင် စားရ စေ၍ ... နောက်တော် သည်။ မိုးနဲစော်ဘွားသား မိုင်းကိုင်စားကိုမူကား ငါ တော်မူ၍ နောက်တော် တွင် ပါရသည်။ မိုင်းကိုင်စား မြို့ကိုမူကား၊ စော်ဘွားကြီးသား၊ သိုခဲညီ၊ စမော်စန်းကို ပေးတော်မူသည်။

အခွန်တော်မှာ ရွှေခွန်၊ ငွေခွန်၊ ကတိုးခွန်၊ အောင်းခွန်၊ တစ်နှစ်ကို မပျက် ဆက် ဟူ၍ စီရင် ခန့်တော် မူပြီး၍၊ ဆင်ကြီး၊ မြင်းကြီး၊ သား၊ သမီးကို ယူတော်မူ၍၊ ညီတော်၊ သားတော်၊ မြေးတော်၊ မတ်တော် အပေါင်း ခြံရံလျက် ရတနာပူရသို့ ပြန်တော်မူသည်။ တီကျစ်သို့ ရောက်လျှင် သိဒ္ဓိစော်ဘွားလည်း အထူးထူးသောတရုတ်ပုဆိုး၊ ကတိုး၊ အောင်း၊ တင်ရှန်း၊ မြင်းကောင်းတစ်ထောင် ဆင်ပေါက် နှစ်စီး၊ လက်ဆောင်တော်ယူ၍ မြေတော်ဦးတင်လာသည်။ ဆင်ဖြူရှင် မင်းတရားကြီးဘုရားလည်း တဲတော်ဦးသို့ ခေါ်၍ သာယာစွာ မြွက်ဆိုတော် မူပြီးလျှင် ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားစီ ရွှေဆေးဆင် ပေးတော်မူသည်။ သိဒ္ဓိကျေးရွာကို မိုးနဲစော်ဘွား အထက်က သိမ်းယူလေသည် များကိုလည်း စစ်ကြော၍ ပေးတော် မူသည်။ ယင်းသို့မှ တီကျစ်ကသည် အင်းဝသို့ ဆင်းတော်မူ၍၊ သက္ကရာဇ် ၉၂၀ ခု ဝါခေါင်လဆန်း တစ်ဆယ် နှစ်ရက်နေ့ အင်းဝသို့ ရောက်တော်မူသည်။ ရောက်တော်မူလျှင် အင်းဝတော် တောင်ပလ္လင်နန်းတော်တွင် တစ်နှစ်ခန့်နေတော်မူ၍စစ်ကိုင်း၊ ပင်းယ၊ အင်းဝတွင် ရှိသော ဘုရား ပုထိုးများကို ရှမ်းတို့ ဖျက်ဆီး၍ ပြိုပျက်လေသည်ကို လုပ်ရွေ့ ထီးတင်တော်မူသည်။ ပုညရှင်ဘုရားတွင် ရွှေဇရပ် ဆောက်တော်မူ၍ ခဲမှု အုတ်ကြွပ် မိုးတော်မူသည်။ စစ်ကိုင်းအရပ်၌ ဆရာတော် (တိသာသနဓဇ) အားလည်း ရွှေကျောင်းဆောက်၍ လှူတော်မူသည်။ ပိဋကတ်သုံးပုံ အဋ္ဌကထာ၊ ဋီကာနှင့်တကွ ဆရာတော်ကို အပ်၍ ကြည့်ရှုသင်ကြား ပို့သစေတော်မူသည်။ ပင်းယမြောက် ဇေသဟန် ဘုရားရှင်တွင်လည်း (ရှင်သဒ္ဓမ္မဒီဝါကရ) အား ရွှေကျောင်း ကျောင်းရံနှင့်တကွ လှူတော်မူသည်။ (မဟာသာမိဝံမှတေး) ဟူသော တံဆိပ်ကိုလည်း အပ်တော်မူသည်။ ပိဋကတ်သုံးပုံကိုလည်း ပါဠိ အဋ္ဌကထာ၊ ဋီကာနှင့်တကွ အပ်တော်မူ၍ ကြည့်ရှု သင်ကြား ပို့သတော် မူစေသည်။ အင်းဝတောင် (ရှင်ဗုဒ္ဓဃောသ) ကိုလည်း စကြာနှစ်ထပ် ကျောင်းရံနှင့်တကွ ဆောက်၍ လှူတော်မူသည်။ ဘုရားဆင်းတု ရုပ်တုတော် ပျက်စီး ကျိုးပဲ့လေသည် များကိုလည်း လုပ်ပြန် ဆက်ပြန်၍ ရွှေထည့်တော် မူသည်။ ကြေးစင်တစ်ထောင်ကိုလည်း ခေါင်းလောင်းကြီး သွန်းစေ၍ ပုဂံ ရွှေစည်းခုံမှာ လှူတော်မူသည်။ ယင်းသို့ အင်းဝတွင် ပစ္စုပ္ပန်စီးပွါး၊ သံသရာ စီးပွါး နှစ်ပါးကို ဆောင်တော်မူစဉ်၊ ဇင်းမယ်မှာ အကြောင်းရှိသည် ဟူ၍ ဇင်းမယ်မင်း လျှောက်လာသည်။ အကြောင်းမှာမူကား။ ။လင်းဇင်းမင်း ပြစ်စစ်သည် ဆင်လုံး မြင်းရင်း အများနှင့် ချီလာ၍ ပြအနန်း၊ လကျွန်း၊ တုရိုင်းဇင်းခေါင်း၊ သည်မြို့စားများ လင်းဇင်းမင်းသို့ ပေါင်းလေသောကြောင့်

ဘဝရှင် မင်းတရားကြီးဘုရား ကျွန်ုပ်ကို သုံးကောင်း ပြုတော်မူသည်၊ နှလုံး မကြွံပါ ဟူ၍ လျှောက်လာသည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော်၊ သားတော်၊ အစရှိသော အမှူး အမတ် အပေါင်းတို့ကို ခေါ်တော်မူ၍၊ "ပသို ထင်ကြသနည်း" ဟူ၍ နှိုင်းပြင်းတော်မူသည်ကို သားတော် မဟာဥပရာဇာ လျှောက်သည်။ "ဇင်းမယ်မြို့တွင် ထားတော်မူသော ဗညားဒလ၊ ဗညားကျန်တို့မှာလည်း အလုံး အရင်းနှင့် ချည်၊ ရှိလေပြီးသည်။ ဇင်းမယ်တွင်လည်း အလုံး အရင်း ဆင် မြင်း ရှိလေသည်။ ခြေရင်းတော်က စုံရာ ခန့်တော်မူ၍ မိုးနဲစော်ဘွားမှာ ညောင်ရွှေစော်ဘွားနှင့် မြို့စားအပေါင်းတို့ကို ခန့်တော်မူသော် သင့်မည်ထင်ပါသည်" ဟု နားတော် လျှောက်သည်။ ဥပရာဇာ လျှောက်သော စကားကို ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ ကြားလျှင် ဤသို့ နားတော် လျှောက်ပြန်သည်။ "ယခု ပြစား၊ အနန်းစားတို့နှင့် တစ်ချက်တည်းပြု၍ လင်းဇင်းဘုရင်နေရာမှာ လင်းဇင်းဘုရင်သည် ထီးဆောင်းမင်း တစ်ပါးပင်ဖြစ်သည်။ ဆင် မြင်း ဗိုလ်ပါလည်း များသည်။ ဇင်းမယ်မြို့ကို အောင်မြင်တော်မူသည် မကြာသေးသေး။ ဇင်းမယ်တွင် ရှိသော အမှူး အမတ် တို့ကိုလည်း မယုံကြည်သာ၊ ခြေရင်းတော်က မှူးတော် မတ်တော် တို့ကို ခန့်ရန်၍ မသင့်ချေ၊ ညီတော် သားတော်တို့ကို အလုံး အရင်း ဆင် မြင်း အများနှင့် အလုံးအပေါ ရှိအောင် ချီစေမှ အရေးတော် သင့်မည်" ဟူ၍ နားတော် လျှောက်သည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော် သတိုးဓမ္မရာဇာ လျှောက်သော အရေးကို ကြိုက်တော်မူ၍၊ ဇင်းမယ်သို့ ချီရမည်ကို စီရင် ခန့်ရန်တော်မူသည်၊ လက်ယာခြေတိုင် မြင်းတပ်၊ ဘုရင်ရာဇာ မြင်းတပ်၊ လက်ယာယောဓ မြင်းတပ်၊ ရာဇတမန် မြင်းတပ်၊ နန္ဒသိန်းစည်း မြင်းတပ်— ဆင်တပ်မှာ ဗညားကျန်းတော တစ်တပ်၊ ဘယကျော်ထင်တစ်တပ်၊ ရာဇသင်္ကြံတစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ သမိန်သံလိုက်တစ်တပ်၊ သီရိဇေယကျော်ထင်တစ်တပ်၊ အဲမွန်တရာ တစ်တပ်၊ နေမျိုးကျော်ထင်တစ်တပ်၊ သမိန်ဗိုလ်ပွန်တစ်တပ်၊ ညောင်ရွှေစော်ဘွား တစ်တပ်၊ မိုးနဲစော်ဘွားတစ်တပ်၊ သမက်တော် အင်းဝဘုရင် သတိုးမင်းစော တစ်တပ်၊ သမက်တော်ကို ဗိုလ်မှူးခန့်တော်မူသည်။ မြင်းတပ်ငါးတပ်နှင့် ဆင် ပေါင်း တစ်ဆယ့်ခုနစ်တပ်တွင်ပါသည့် တိုက်ဆင်ငါးရာ၊ မြင်းခြောက်ထောင်၊ စစ်သည် သူရဲ တစ်သိန်း လေး သောင်းနှင့် သက္ကရာဇ် ၉၂၀ ခု၊ နတ်တော် လဆန်း ခုနစ်ရက်၊ ဗုဒ္ဓဟူးနေ့၊ အင်းဝက ရွှေ့ခ်ကြောင်း ချီရသည်။ ဘဝရှင်

မင်းတရားကြီးဘုရား မူကား၊ အင်းဝတောင် တောင်ပလူ နန်းတော်၌ စကြဝဠာမင်း၏ အသရေကဲ့သို့ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်း ခြံရံလျက် သာသနာတော်မြတ် စီးပွားကို ဆောင်တော်မူ၍ တင့်တယ် စံပယ်လျက် နေတော်မူသည်။

သမက်တော် အင်းဝဘုရင် သတိုးမင်းစောတို့ ချီလေရာမှာ ရွှင်ကသည် ညောင်ရွှေကို တိုက်၍ မိုးနဲ့သို့ ချီတော်မူသည်။ မိုးနဲ့ကသည် ထားစင်ဆိပ်ကို ကူး၍ ဇင်းမယ်သို့ ချီတော်မူသည်။ ရောက်တော်မူလျှင် ဇင်းမယ်တွင် နေစေသော ဗညားဒလ၊ ဗညားစက်တို့နှင့် တိုင်ပင်၍၊ သည်လုံ သံသံအပေါင်း တို့ကို ရုံးရုံး၍၊ ဇင်းမယ်ကသည် တုရိုင်းသို့ ချီတော်မူသည်။ လင်းဇင်းမင်း မူကား၊ ဇင်းသည်တွင် အရပ်အနေပြု၍ အမှူး အမတ်နှင့် တုရိုင်းစားကို တုရိုင်းမြို့တွင်ပင် အခိုင် အလုံ ဆင်လုံး မြင်းရင်း အများနှင့် ခံ၍ နေစေ သည်။ ။အင်းဝဘုရင် သတိုးမင်းစောတို့လည်း တုရိုင်းသို့ ရောက်လျှင် အသီးအတားမဂ္ဂိ၊ ရှုပ်ရှုပ်ချုံချုံ လုပ်ကြံတော်မူသည်။ တုရိုင်းမြို့ ပျက်၍ တုရိုင်းစားနှင့်တကွ တစ်မြို့လုံးကို ရတော်မူသည်။ လင်းဇင်းမင်း စစ်သူကြီး၊ ဗညားကန်နှင့် စစ်ကဲ သည်စုတ်၊ သည်စင်တို့ကိုလည်း အရှင်ပင် ရတော်မူသည်။ ဆင်ကောင်း မြင်းကောင်း လက်နက် ကိရိယာလည်း အများ ရတော်မူလိုက်သည်။ လင်းဇင်းမင်းလည်း တုရိုင်းမြို့ ပျက်လျှင် ဇင်းသည်တွင် မနေနိုင်၍ လင်းဇင်းသို့ ပြေးလေ၏။ အနန်းစား၊ ပြဲစား၊ ဇင်းသည်စား၊ ဇင်းသေါင်းစား တို့လည်း မိမိတို့မြို့ကို ပစ်၍ သားမယားနှင့်တကွ လင်းဇင်းမင်းနှင့် အတူ ပြေး လေ၏။ ယင်းသို့လျှင် ဇင်းမယ် တိုင်းနိုင်ငံအလုံး ညီညွတ်စွာ ဖြစ်လေ၏။

ထိုအကြောင်းများကို အင်းဝဘုရင် သတိုးမင်းစောက လျှောက်လာ၍ ဘဝရှင် မင်းတရားကြီး ကြားလျှင် အနန်းမြို့ကို ဗညားသည်လုံကို ပေးတော် မူသည်။ ဇင်းသည်မြို့ကို ဗညားဆံပိုက်ကို ပေးတော် မူသည်။ ပြဲမြို့ကို ဗညားသဲကို ပေးတော် မူသည်။ တုရိုင်းမြို့ကို ဗညားငသည်ကို ပေးတော် မူသည်။ ဤသို့ စီရင် ခန့်ရန်တော်မူပြီးမှ သမက်တော် သတိုးမင်းစော စသော တပ်မှူး စစ်ကဲ အပေါင်းတို့ကို ခေါ်တော်မူ၍ ပြန်ရသည်။ အင်းဝတွင် နေတော်မူခိုက် မိုးဝန်းစော်ဘွားလည်း အထူးထူးသော တရုတ်ပုဆိုး မိုင်းလုံးစား၊ ပယင်း၊ ရွှေချည်၊ ကတိုး၊ အောင်း၊ တင်ရန်း၊ လက်ဆောင် လက်နက် အများကို ယူ၍ ခြေရင်းတော်သို့ ရောက်လာသည်။ မိုးနဲ့ ဝုံမှိုင်း ကလည်း ဗညားခုံမှိုင်းကို လက်ဆောင် လက်နက် အများနှင့် ရွှေပဝါးတော် ဆောက်

လာ၍ သစ္စာတောင်းလာရသည်။ လာသော စော်ဘွားကသည်၊ ညီ စသိုင်လုံကို လက်ဆောင် လက်နက် အများနှင့် သစ္စာတော်ခံပါမည် ဟူ၍ လျှောက်လာရသည်၊ ဓနွား စော်ဘွားကသည်၊ ညီ မိုးရစ်စားကို လက်ဆောင် ပဏ္ဏာကာရ အများနှင့် ကျွန်တော်ခံပါမည် ဟူ၍ လျှောက်လာရသည်။

ဘဝရှင် မင်းတရားကြီး ဘုရားလည်း ထိုသို့ လျှောက်လာသော ညီ သား တို့ကို သစ္စာတော် ပေးပြီးလျှင် အမည်၊ အရည်၊ အဆောင်၊ အယောင်၊ အထိုက် အလျောက် ပေးတော်မူသည်။ ယင်းသို့မှ သုံးဆယ် စားနှင့် သီရိဓမ္မာသောကို စော်ဘွားညီ သားတို့ကို လိုက်၍ သစ္စာတော် ပေးရလာသည်။ အဆောင် အယောင်လည်း အပ်ရလေသည်။ မိစ္ဆာဒိဋ္ဌိ အယူများ ကိုလည်း သမ္မာဒိဋ္ဌိ ဖြစ်အောင် သုံးမရသည်။ သီတင်းသုံး နေလိုသော အရိယာပုဂ္ဂိုလ် တို့ကိုလည်း တောင်းပန်၍ ပိဋကတ် ကျမ်းဂန်နှင့်တကွ သီတင်းသုံး နေရသည်။ ထိုစော်ဘွား တို့ကလည်း တစ်နှစ် သုံးကြိမ် ရွှေဖလား၊ မြင်း၊ ဖဲ ကန်တော့ရသည်။ သုံးနှစ် တစ်ကြိမ်လည်း စော်ဘွားတို့ကို ဟံသာဝတီ နေပြည်တော်သို့ လာ၍ ခြေတော် ဦးတိုက်ရသည်။ အလေး၊ တောင်း၊ တင်းတို့ကိုလည်း နေပြည်တော်နှင့် တစ်ချက် တည်းထားတော်မူသည်။ စော်ဘွားတို့ကိုလည်း တစ်လလေးသီတင်း သရက်ပုဏ္ဏသီ အဋ္ဌမီ ဆောက်တည် ရသည်။ ပြည်သူ ရွာသား တို့ကိုလည်း တစ်လ လေးသီတင်း တရားနာရသည်။ ဤသို့ ပစ္စုပ္ပန် သံသရာ ၏ပွါး နှစ်ပါးကို ဆောင်တော်မူ၍ သက္ကရာဇ် ၉၂၁ ခု၊ ကဆုန်လဆန်းဆယ့်နှစ်ရက် တနင်းလာနေ့ ရတနာပူရက ပြန်တော်မူ၍ နယုန်လပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့ ဟံသာဝတီ ရွှေနန်းတော်သို့ ရောက်တော်မူသည်။

---

### ဆင်ဖြူရှင် မင်းတရားကြီး ဟံသာဝတီ နေပြည်တော်မှာ မဟာစေတီ တည်တော်မူ၍ ဓာတ်တော်ဌာပနာတော်မူသည့်အကြောင်း

နေပြည် တော်သို့ ရောက်တော် မူလျှင် ကောင်းမှုတော် မဟာ စေတီ တည်တော်မူမည့် အရာတွင် တောအုံတို့ကို ခုတ်ရသည်။ မြေမို၊ မည်ီ မညွှတ် သည်များကို ဖို့ရသည်။ ယင်းသောအခါ ဝန်ပြု၍ စီရင်သည့်ကား၊ ဗညားလော၊ ဗညားဒလ၊ ဗညားပရံ၊ ဗညားကျန်းတော၊ သိရိဇေယ နော်ရထာ၊ သိရိဇေယ

ကျော်ထင်၊ နေမျိုးကျော်ထင်၊ နန္ဒကျော်ထင် သည်အမတ် ရှစ်ယောက် တို့ကို ထယ်သားနှင့်တကွ ဝန်ပြု၍ လုပ်ရသည်။ ကျောက် တူးစိမ့်မည် ဟူ၍ ခရီးတို့ လေးရာ ပေးတော်မူသည်။ အုတ်မှာကား အင်းဝမှာ နေတော်မူစဉ်ကပင် ဖုတ်၍ အပြီး ရှိနှင့်သည်။ မြေမိုး ညီညွတ်၍ ပြီးလျှင် ကောင်းမှုတော် အနေကတွင် ပြာသာဒ် နန်းတော် ဆောက်တော်မူ၍ မပြီးမချင်း နေတော်မူသည်။ သက္ကရာဇ် ၉၂၁—ခု၊ ဝါခေါင်လဆန်း ၈ ရက်၊ ကြာသပတေးနေ့ ကောင်းမှုတော်၊ မဟာစေတီ ဖိနပ်ရာ တွင်းတူးသည်။ ကျောက်ခင်းသည်။ သယ်ခဘောတ်တစ်ထောင်ပင့်၍ ထုမ်းလုပ်ကျွေးတော်မူသည်။ ဝါခေါင် လပြည့်ကျော် နှစ်ရက်၊ ကြာသပတေးနေ့ ကောင်းမှုတော် မဟာစေတီကို ရွှေအုတ်၊ ငွေအုတ်၊ စီတော်မူသည်။ ဇေတဝန်ကျောင်းကိုလည်း ကျောင်းရံ လေးဆယ်နှင့်တကွ ဆောက်တော်မူသည်။

ထိုသက္ကရာဇ်တွင်ပင် ပန်းလှုသဘင် ခံတော်မူမည့်အခါ နေတော်မူရာ ပြာသာဒ်နှင့် တကွ ရွှေအိမ် ဆောက်တော် မူသည်။ ကောတမတိမှာ လည်း ခမည်းတော် ဘုရားကို သင်္ဂြိုဟ်ရာတွင် ဂူ လုပ်တော်မူ၍ ကြေးစင်တစ်ထောင်ကို ပဉ္စလောဟာ ဘုရားသွန်း၍ ထားတော် မူသည်။ ထိုသက္ကရာဇ် နတ်တော် လဆန်းတစ်ဆယ့်လေးရက်၊ တနင်္ဂနွေနေ့ ဓာတ်တော်ကို သဘင်ကြီးစွာ ခံ၍ မင်းညီ၊ မင်းသား၊ မင်းဆွေ၊ မင်းမျိုး၊ မှူးတော်၊ မတ်တော်အပေါင်း ခြံရံ၍ ရွှေနန်းတော် ကသည်၊ ကောင်းမှုတော်သို့ ပို့ရသည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း ကောင်းမှုတော် မဟာစေတီ အခန်းတွင် မင်းတဲ ကြီးစွာ ဆောက်၍ မင်း၊ မိဖုရား၊ ကိုယ်လုပ်တော်၊ မောင်းမ အပေါင်းနှင့် ကြည့်တော် မူသည်။ ယင်းသည်နေ့တွင် ရာဇဒေဝီ၊ ရှင်မိဖုရားမှာ သမီးတော်ကို မျက်နှာ မြင်သည်။ ဓာတ်တော် ပို့သနေ့တွင် ဘွားတော် မူသည်ကို အကြောင်းပြု၍ ဓာတုမာတုကလျာ၊ ဟူသော အမည်ကို သမုတ်တော်မူသည်။ ။ထိုသက္ကရာဇ် နတ်တော် လပြည့်ကျော် နှစ်ရက်၊ ဗုဒ္ဓဟူးနေ့ သဘင်ကြီးစွာခံ၍ ကောင်းမှုတော် မဟာစေတီကို ဌာပနာတော်မူသည်။ အသက်ကိုလည်း နောက်ငါးကြိမ်ဌာပနာ တော်မူသည်။ ခြောက်သနှင့် ပြီးသည်။ ဖိနပ်တော် သံတောင်တစ်ရာ၊ အရပ်တော် တစ်ရာ့ငါးဆယ် ယင်းလတွင်ပင် မိုးမိတ်စော်ဘွားက သမီးကို အခြွေအရံနှင့် တကွ ခြေတော်ရင်းသို့ ဆက်လာသည်။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင်၊ ရွှေတွင်း၊ ငွေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းတွင်း စသော ရတနာအပေါင်းတို့၏ အရှင်၊ စကြာရတနာဘွဲ့ မြင့်တည် နန်းတည် ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများသခင်၊

အချင် ဘဝရှင် မင်းတရားကြီးဘုရား လက်ထက်တော် ၁၁၉၁-ခု၊ နယုန်လဆန်းတစ်ရက်နေ့ကစ၍၊ ရဟန်း ပညာရှိ၊ ပုဏ္ဏား ပညာရှိ၊ မှူးမတ် ပညာရှိတို့နှင့် အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး နန်းမ၊ စနှဲဦး နှိုင်းညှိ၍ အသင့်ယုတ္တိ ကျမ်းဂန် အာဂုံများနှင့် အညီ သုတ်သင်စီရင်တော်မူသော မဟာရာဇဝင်တော်ကြီး ဒွါဒသမတွဲ-ပြီး၏။

မှန်နန်း မဟာ ရာဇဝင်တော်ကြီး (၁၂-တွဲ) ဤတွင် ပြီးပြီ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

---

# တေရသမတွဲ

## မဟာစေတီ၌ဌာပနာတော်မူသော မွေတော်ဓာတ်မြတ် အရေအတွက်ကို ပြဆိုခြင်း

မဟာစေတီတွင် ဌာပနာသော မွေတော်၊ ဓာတ်တော်၊ ရုပ်ပွားတော် အရေအတွက်ကား၊ ရွှေအဆင်းနှင့်တူသော သရီရဓာတ်တော် ခြောက်ဆယ်၊ ပုလဲအဆင်းနှင့် တူသော သရီရဓာတ်တော် ရှစ်ထောင့်နှစ်ရာ့တစ်ဆယ့်ရှစ်ဆူ၊ မြတ်လေးငုံအဆင်းနှင့် တူသော သရီရဓာတ်တော် တစ်သောင်းနှစ်ထောင့်ကိုးရာတစ်ဆယ့်ခြောက်ဆူ၊ ဤသို့ဆိုခဲ့ပြီးသော သရီရဓာတ်တော်ပေါင်း နှစ်သောင်းတစ်ထောင့်တစ်ရာ့ကိုးဆယ့်လေးဆူတို့ကို ပတ္တမြားစေတီတွင် ထည့်တော်မူသည်။ ပတ္တမြားစေတီကို ရွှေစေတီမျိုသည်။ ရွှေစေတီကို မိုးကြိုးစေတီမျိုသည်။ မိုးကြိုးစေတီကို ငွေစေတီမျိုသည်။ ငွေစေတီကို ကြေးနီစေတီမျိုသည်။ ။စွယ်တော်များတစ်ဆူကိုလည်း ပတ္တမြားစေတီတွင် ထည့်တော်မူသည်။ ။မိုးကြိုးအဆင်းနှင့်တူသောဓာတ်တော် လေးဆယ့်တစ်ဆူ၊ ဆံတော်၊ ဓာတ်တော်၊ တစ်ထောင့်ကိုးရာလေးဆယ့်နှစ်ဆူ၊ တကောင်းဓာတ်တော် သုံးသောင်းလေးရာ့လေးဆယ့်ကိုးဆူ၊ ပင်တင်ဓာတ်တော် ခြောက်ရာ့လေးဆယ့်ခြောက်ဆူ၊ ဆပ်သွားဓာတ်တော် ရှစ်ဆယ့်တစ်ဆူ၊ မောဂ္ဂလာန်ဓာတ်တော် ခြောက်ထောင်လေးရာ့တစ်ဆူ၊ ရွှေကူဓာတ်တော် တစ်ဆယ့်လေးဆူ၊ သိန်းခိုဓာတ်တော် တစ်သောင်းနှစ်ထောင့်ခြောက်ရာ့ငါးဆူ၊ ဦးနှောက်ဓာတ်တော် လေးဆယ်၊ အုပင်ဓာတ်တော် လေးဆယ့်ခြောက်ဆူ၊ စဉ့်ကျဲဓာတ်တော် ကိုးဆယ့်တစ်ဆူ၊ အရွှေဓာတ်တော် တစ်သောင်းတစ်ထောင့်တစ်ဆယ့်ကိုးဆူ၊ ဓာတ်တော်ပေါင်း သုံးသောင်းခြောက်ထောင့်သုံးရာ့ခြောက်ဆယ့်ကိုးဆူတို့ကိုလည်း ရွှေကြုတ်၊ မိုးကြိုးကြုတ်၊ ငွေကြုတ်တွင်ချည်း ထည့်သည်။ အရွှေဓာတ်တော် တစ်ဆယ့်ငါး။

ဓေါနနှင့် တနာဥ္စိက၊ တကောင်းဓာတ်တော် သုံး၊ ဓေါနနှင့် တနာဥ္စိက သည်များကိုလည်း ရွှေစေတီ၊ ကြေးနီစေတီတွင် ထည့်တော် မူသည်။ ပတ္တမြားဆင်းတု တစ်ဆယ်သုံးဆူ၊ မြဆင်းတု လေးဆယ့်ငါးဆူ၊ နီလာဆင်းတု ငါးဆူ၊ သန္တာဆင်းတု နှစ်ဆူ၊ နဂါးသွဲ့ဆင်းတု ကိုးဆူ၊ ပယင်းဆင်းတု တစ်ဆယ့် သုံးဆူ၊ ဂေါမိတ်ဆင်းတု နှစ်ဆူ၊ ဖလ်ဆင်းတု ငါးဆယ့်ရှစ်ဆူ၊ ဘုရားမြတ်စွာ ခမည်းတော် သုဒ္ဓေါဒနမင်း၊ မယ်တော် သိရိမဟာမာယာ၊ မိထွေးတော် ဂေါတမီ၊ ယသော်ဓရာ၊ သားတော် ရာဟုလာ၊ လက်ယာရံ ရှင်သာရိပုတ္တရာ၊ လက်ဝဲရံ ရှင်မောဂ္ဂလာန်တို့ ရုပ်တုတော်နှင့်တကွ [illegible] နှစ်ဆယ့်ရှစ်ဆူ၊ သတ္တဋ္ဌာန ခုနစ်ဆူ၊ အသီတိ ရဟန္တာ ရှစ်ဆယ်— ဆင်းတုတော် တို့ကိုလည်း ရွှေကိုယ်သွန်း၍ ရုပ်တုတော်ပေါင်း တစ်သောင်းနှစ်ရာ ငါးဆယ့်ငါးဆူ၊ [illegible] ဆင်းတုတော်ပေါင်း ရှစ်ရာ့သုံးဆယ့်ခြောက်ဆူ၊ မိုးကြိုး ဆင်းတုတော်ပေါင်း လေးဆယ့်ခုနစ်ဆူ၊ ပဉ္စလောဟာ ဆင်းတုပေါင်း ခုနစ်ရာ့ရှစ်ဆယ့်ငါးဆူ၊ ကြေး ဆင်းတု တစ်သောင်းနှစ်ထောင့် သုံးရာ့ငါးဆူ၊ ကျောက်သလင်း ဆင်းတု ရှစ်ဆယ့်နှစ်ဆူ သည့်ပြင် ရဟန္တာပေါင်း ရုပ်တုတော် ကြေးကိုသွန်းသည့် နှစ်ရာ့ သုံးဆယ့်ရှစ်ဆူ၊ ပတ္တမြားစီသော ဓာတ်တော်အိမ် လေးဆယ့်ငါး၊ ဓာတ်တော် ရွှေအိမ် ရှစ်ဆယ်၊ ဓာတ်တော်ငွေအိမ် ကိုးဆယ့်ငါး၊ ဓာတ်တော် ပယင်းစေတီ သုံးဆယ်၊ ဓာတ်တော်မိုးကြိုးအိမ်နှစ်ဆယ်၊ ဓာတ်တော်ကြေးစေတီ ငါးသည် များကို ဌာပနာတော်မူသည်။

ထိုမှတစ်ပါး အဘိဓမ္မာကျမ်းဦး၊ သုတ်ကျမ်းဦး၊ ဝိနည်းကျမ်းဦးတို့ကိုလည်း ရွှေပေ၊ ငွေပေတွင် ရေး၍၊ ရွှေစာတောက်၊ ငွေစာတောက်နှင့်တကွ ထည့်တော် မူသည်။ ဘဝရှင် မင်းတရားကြီးဘုရား၊ ရုပ်တုတော်ကိုလည်း မင်းဆောင် မင်းယောင်နှင့်တကွ တန်ဆောင်တိုင်ကိုင်၍ ရှိခိုးတော်မူဟန် ရွှေကိုယ်သွန်း၍ ထည့်တော်မူသည်။ ခမည်းတော်ဘုရားရုပ်တု၊ မယ်တော်ဘုရား အရုပ်၊ အတုလ သိရိ မဟာရာဇဒေဝီ ရှင်ပိုဘုရား အရုပ်၊ သမီးတော် ဆင်ဝမိဘုရား အရုပ်၊ မြေးတော် နတ်ရှင့်မယ်တော် အရုပ်၊ သားတော် မဟာဥပရာဇာ အရုပ်၊ မြေးတော် မင်းကြီးစွာ အရုပ်၊ ရာဇဒေဝီ ရှင်မိဖုရားကြီး အရုပ်၊ သားတော် မင်းသား[illegible] အရုပ်၊ သမီးတော် ရာဇဓာတုကလျာ အရုပ်၊ [illegible]ဒေဝီ မိဖုရား အရုပ်၊ သမီးတော် ခင်မစာ အရုပ်—သည်များကိုလည်း ရွှေကိုယ်သွန်း၍ တန်ဆောင်တိုင် ကိုင်လျက် ဘုရားကို ရှိခိုးဟန် ထည့်တော်မူသည်။ ထိုမှတစ်ပါး [illegible]တွင် မြင်သော သားတော် သမီးတော် [illegible]၊ ညီတော် သတိုးဓမ္မရာဇာ အရုပ်၊

မိဖုရား အရုပ်၊ သမီးတော် နှစ်ပါး အရုပ်၊ ညီတော် မင်းခေါင် အရုပ်၊ သားတော် နှစ်ပါး၊ သမီးတော် သုံးပါး အရုပ်၊ ညီတော် သတိုးမင်းစော အရုပ်၊ သနားတော်မူသော မှူးကြီး မတ်ကြီးတို့ အရုပ် - သည်များကိုလည်း တန်ဆောင်တိုင်ကိုင်၍ ရှိခိုးဟန် ရေကိုယ်သွန်း၍ ထည့်တော်မူသည်။

သက္ကရာဇ် ၉၂၁-ခုတွင်၊ ရတနာပူရ အင်းဝကျေးလက်ဖြစ်သော မြောက်ဘက် မင်းခင်း အောက် ကျေးလက်များကို ကသည်းစော်ဘွားက ထိပါး ဖျက်ဆီးလာသည် ဟူ၍ ကလေးစော်ဘွားက နားတော် လျှောက်လာသည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း "ငါ့နိုင်ငံတော်ဖြစ်သော ကျေးရွာနှင့် ရွာလက်တို့ကို မျှဉ်းထဲစားမည်သည် ကေသရာဇာ ခြင်္သေ့မင်းကို ပြေခွေးမည်တို့သည် ရန်စ ရှယ်သကဲ့သို့ ထိပါးလာသည်ကို အင်းဝမင်း ကလေး စော်ဘွားတို့က လိုက်လံ၍ မဖမ်းမဆီး နေသလော" ဟူ၍ မိန့်တော်မူသည်ကို အင်းဝဘုရင် ကလေးစော်ဘွားတို့က လျှောက်သည်။ "ကသည်းတို့သည် တောင်ရိုး တောင်ကမ်းတွင်နေ၍၊ တစ်ရာတစ်စု၊ နှစ်ရာတစ်စု တောကြက်၊ တောငှက်ကဲ့သို့ တောအုပ်ကနေ၍၊ ဟင်းရွက်ခူး၊ ထင်းခွေကို ဖမ်းယူလေသည်။ သည်အကြောင်းများကို သိ၍ ကျွန်တော်တို့က လိုက်လံဖမ်းဆီးလျှင် တောအုံ တောင်ကမ်းသို့ ပြေးပုန်းရှောင်လွှ၍ နေလေတော့သည်" ဟူ၍ နားတော် လျှောက်သည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း ကေသရာဇာ ခြင်္သေ့မင်းတို့သည် ကြီးသော သတ္တဝါ၊ ငယ်သော သတ္တဝါ ဟူ၍ အားကို မယုတ်မလွန်စေဘဲ မြဲစွဲသော လုံ့လဖြင့် ဖမ်းစားဘိသကဲ့သို့ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ စိုင်းပြင်း ခင်းကျင်းတော် မူသည်ကို နန္ဒသကြံ ဟူသော အမတ် လျှောက်သည်ကား၊ "ကသည်းမျိုးထဲမှသည် အင်အားကြီးသည် မဟုတ်၊ ရှေးအထက်က မိုးကောင်း ကျေးလက် ဖြစ်၍၊ နန်း မြို့ လုပ်စဉ်မျှသာ ဖြစ်သည်။ ရဲမက်တော်တို့ ပင်ပန်းရမည် အကြောင်းမရှိ။ ယင်းသို့ဖြစ်သောကြောင့် မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွား၊ ဝန္တားစော်ဘွားတို့ကို တပ်ပေါင်း၊ ထားပေါင်း မြို့စားများနှင့် ချီစေလေသော် သင့်မည် ထင်သည်" ဟူ၍ နားတော် လျှောက်သည်။ နန္ဒသကြံ လျှောက်သော စကားကို ဗညားဒလ ကြားလျှင် ဤသို့ နားတော် လျှောက်ပြန်သည်။ ကသည်းမြို့သည် တစ်ရာ့တစ်ပါးသောလူတို့တွင် တစ်ပါးသော လူမျိုးဖြစ်သည်။ ထီးတစ်စင်းဆောင်းပင် ဖြစ်လေသည်။ ယင်းသို့ ဖြစ်သောကြောင့် ရှမ်းစော်ဘွားတို့ကိုသာ ခန့်တော်မူ၍ မသင့်ချေ။ ခြေရင်းတော်က မှူးတော် မတ်တော် တို့ကို အလုံး အရင်းနှင့် ခန့်တော်မူသည် ဖြစ်မှ

အဂုန်အဝါ အကျော် အစော ဖြစ်၍ ရှိသူအပေါင်းတို့ကို အလွန် ကြောက်ရွံ့ခြင်း၊ ပြင်းစွာဖြစ်လိမ့်မည်" ဟူ၍ နားတော် လျှောက်လျှင်၊ အဝရှင် မင်းတရားကြီး ဘုရားလည်း ဗညားဒလ လျှောက်သော အရေးကို ကြိုက်တော်မူ၍ စစ်ကူခါသူ တစ်တပ်၊ ဗညားသိုရွှတ်တစ်တပ်၊ ဗညားလောတစ်တပ်၊ ဗညားကျော်တစ်တပ်၊ ဗညား ဒလတစ်တပ်-သည်ငါးတပ်တွင်ပါသည့်တိုက်ဆင်သုံးရာ၊ မြင်းသုံးထောင်၊ စစ်သည် သူရဲငါးသောင်းနှင့်ကြည်းကြောင်းချီရသည်။ ရေကြောင်းမှာ-စလေစားတစ်တပ်၊ မုက်စား တစ်တပ်၊ တချတ်စား တစ်တပ်၊ မုန်းကြီးစားတစ်တပ်၊ စေ-ကိုင်းစား တစ်တပ်၊ အမြင့်စားတစ်တပ်၊ ပဒုံစား တစ်တပ်၊ ကနီစားတစ်တပ်-သည်ရှစ် တပ်တွင်ပါသည့် ကုလ္လပ်သမ္ဗန်တိုက်လှေ ငါးဆယ်၊ စစ်သည်သူရဲ ငါးသောင်းနှင့် သက္ကရာဇ် ၉၂၁-ခု၊ ပြာသိုလဆန်း ငါးရက်နေ့ ဟံသာဝတီက ကသည်းသို့ ချီရ လေသည်။ မိုးကောင်း စော်ဘွား၊ မိုးညှင်းစော်ဘွား၊ မိုးမိတ်စော်ဘွား တို့ကို လည်း တပ်ပေါင်းနှင့်တကွ ချီ၍ စန္ဒားကြောင်း ဝင်ရသည်။ ဟံသာဝတီက ချီသော ရေတပ် ကြည်းတပ် အော်သို့ ရောက်လျှင် လှေတပ်က ရဲမက်တို့ကို ကြည်းတပ်ဖွဲ့၍ ကလေးစော်ဘွားနှင့်တကွ ကလေးကြောင်းတစ်ရ၊ အော်စားကို ရွှာည်၍ ရွှေကြောင်းတစ်ရ၊ စော်ဘွားတို့စန္ဒားကြောင်းမှာလည်း သောင်သွပ် သို့ ဝင်ရသည်။ သုံးကြောင်းသုံးဝင်၍ မျဉ်းတဲ့ပို့ အနီးတွင် ခရီးကျဉ်းသည်နှင့် တပ်တည်၍ နေရသည်။

ဗညားဒလတို့ ရှုးကြောင်းချီရာက ကသည်းစော်ဘွားသို့ သံခစသည်။ ထုဇသံတွင် မှာသည်ကား၊ "ရေနှင့်မြေကို အစိုးရတော်မူသော အဝရှင် မင်း တရားကြီး ဘုရားသည်၊ ဇမ္ဗူဒိပ်မြေပြင်ဝယ် အတုမရှိသော ဘုန်းလက်ရုံး အာဏာတော်နှင့် ပြည့်စုံတော်မူသော မင်းကောင်း ဖြစ်တော်မူသည်။ ယခု အဝရှင် မင်းတရားကြီးဘုရားက အဂ္ဂမဟာသေနာပတိတို့ မြေကြီးအထုနှင့် တူ သော ဆင်မြင်းဗိုလ်ပါနှင့် အမျက်တော်ရှိ၍ ချီလာရသည်ကို ကသည်းစော်ဘွား သည် အရေးအရာသော်လည်း မလျှောက်လာ၊ မြို့ခိုင်သည်ကို အကြောင်းပြု၍ ဂန္ဓာလတိုင်းဖြစ်သော တရုတ်ဥတည် နေသည်။ ကသည်းမြို့မျှကို ထားဦး၊ ဂန္ဓာလတိုင်း ဖြစ်သော်လည်း ငါတို့ရုပ်ကြံသည်ကို ခံနိုင်မည် မဟုတ်၊ စည်းစိမ် ဘွားမြို့ပင် ဖြစ်သော်လည်း ငါတို့ရုပ်ကြံသည်ကို ခံနိုင်မည် မဟုတ်၊ ဆင်ကြီး မြင်းကြီး သားသမီးတို့ကို လက်ဆောင် ပပျက် အသက်မသေလိုလျှင် ဆင်ကြီး မြင်းကြီး သားသမီးတို့ကို လက်ဆောင် မပျက် အသက်မသေလိုလျှင် ဆင်ကြီး မြင်းကြီး သားသမီးတို့ကို လက်ဆောင် တော်ဆက်၍ ကျွန်တော်ခံလာသည်ဖြစ်မှ ပြည်သူအပေါင်းနှင့်တကွ ချမ်းသာရ မည်" ဟု စေသည်။

ကသည်းစော်ဘွားလည်း ဘဝရှင် မင်းတရားကြီးဘုရားက မရေတွက်နိုင်သော ရဲမက်ဗိုလ်ပါတို့ကို ခန့်တော်မူ၍ ချီလာပြီ ကြားလျှင် မြို့တွင်းက ခံသော်လည်း မခံနိုင်ရာချေ။ ပင်လယ်သိမ် တစ်ဖက်သို့ ကူး၍ နေမှသင့်မည် အကြံရှိ၍ လေ့တက်စီရင်သည်တွင် သံရောက်လာ၍ ဘဝရှင် မင်းတရားကြီး ဘုရားကို ကျွန်ုပ် အန်မတုပါ။ ရှာစွန် ပြည်နား၌ နေသော ကချင် အရိုင်းတို့သာ ကျူးနှားကို နှိုးယူလေသည်။ ယင်းသို့ ဖြစ်သောကြောင့် သစ္စာတော်ကိုခံ၍ ကျွန်ုပ်သမီးကို လက်ဆောင်တော် ဆက်ပါမည်။ ကျွန်ုပ်မြို့သို့ ရဲမက်တော် အပေါင်း အရောက်ချီလျှင် ပျက်စီး ကြေမွလေတော့မည် ဟူ၍ ကသည်းစော်ဘွားက လက်ဆောင် လက်နက် အများနှင့် စော်ဘွားယောက်ဖ ခုံခဲကမ္မာ ဟူသော အမတ်ကို ဗညားဒလသို့ စေလာသည်။ ဗညားဒလလည်း သည်ကဲ့သို့ မျိုးထဲ စော်ဘွား လျှောက်သည့် အရေးသည်၊ စည်းစိမ်မပျက် အသက် မသေမည့် အကြောင်းကို ဖြစ်တော့သည် ဟူ၍ ဆိုပြီးမှ ထီးဆောင်းတကာတို့၏ သခင် ဖြစ်တော်မူသော ငါတို့ အရှင် မင်းတရားကြီးသို့ အမျက်တော် ပြေမည့် အကြောင်း ဆက်ခင်း၊ ကပ်ဖွယ်တို့ကို အလျင်စီရင်ဟူ၍ မှာလိုက်သည်။ ကသည်းစော်ဘွားယောက်ဖ ခုံခဲကမ္မာပြန်လေ၍ အရေးပြီးကြောင်းကို ကသည်းစော်ဘွား ကြားလျှင် ချစ်လှစွာသော သမီးကို အဆောင်အယောင်နှင့်တကွ အခြွေအရံ ပေးစေ၍ စီရင်ဆဲတွင် ဗညားဒလလည်း တပ်သားနှင့် တကွ ခုနစ် တပ်လုံး ရှုကြောင်းဝင်၍ ကသည်းမြို့တိုင် ချီလေ၏။

ရောက်လျှင် ကသည်း စော်ဘွားကို ခေါ်၍ သစ္စာတော် ခံရသည်။ မည်သည့် နေ့ ရက်ကို ဆက်ပါမည် ဟူ၍ လည်း ဆိုရသည်။ တစ်မြို့လုံးကို ထိတ်လန့် ရှုံ့ရှားအောင် ဆင်ရေး၊ မြင်းရေး၊ ဗိုင်းရေး၊ လွှားရေး၊ ကစားရသည်။ အမြောက် သေနတ်ဘို့ကိုလည်း မြို့လုံးပဲ့ တင်ထပ်မျှ ပစ်ရသည်။ ကသည်းမြို့တွင် မကောင်းသော မိစ္ဆာဒိဋ္ဌိအယူတို့ကို ပယ်စေ၍ သမ္မာဒိဋ္ဌိဖြစ်အောင်ဆုံးမပြီးမှ လက်ဆောင် ပဏ္ဏာခံ၍ ကသည်းကပြန်၍ အောင်သို့ ရောက်လျှင်၊ လော်ကားနှစ်စင်းကို ဖောင်လုပ်စေပြီးလျှင် သာယာလှစွာသော ထားဝယ်ဆောင်တဲ့တော် ဆောက်စေ၍စစ်တရုတ်သူ တစ်ထောင်၊ ဗညားစက်တစ်တပ်၊ ကလေး စော်ဘွားတစ်တပ်-သည်သုံးတပ်ကို အောင်တွင် နေစေ၍ စပ်သည်ဗိုလ်ပါ အပေါင်းတို့သည် အစားအသောက် ခဲ့ခက်သောကြောင့် ကန္ဒီ၊ ဗဒုံ၊ အမြင့်သို့ ဆုတ်၍ နေကြသည်။ စော်ဘွားလည်း ချိန်းချက်သည့် နေ့ ရောက်လျှင် သမီးကို အခြွေအရံ များစွာ ဝန်းရံလျက် အဆောင် အယောင် ကျင်းပ၍ အောင်သို့

ရှိလာသည်။ ကသည်း အမတ် လေးယောက် တို့ကိုလည်း လက်ဆောင် လက်နက် အများနှင့် ဟံသာဝတီ တိုင်အောင် လိုက်၍ ဆက်ရသည်။ ယင်းသို့ ရောက် ကြည်းတပ် ပြန်ခဲ့၍ သက္ကရာဇ် ၉၂၂-ခု၊ ဝါဆိုလဆန်း လေးရက် နေ့၊ ဟံသာဝတီသို့ ရောက်သည်။

ဘဝရှင် မင်းတရားကြီး ဘုရားလည်း ကသည်းစော်ဘွား သမီးကို နန်း တွင်းတွင် သာယာလှစွာသော အိမ်နှင့် အထိန်း အချို ပေးတော်မူ၍ နေရသည်။ ကသည်း စော်ဘွားသို့လည်း သာသနာတော် တည့်စေခြင်းငှါ ရွှေလိပ်တု၊ ငွေ လိပ်တု၊ ပဉ္စလောဟာ ရုပ်တုဘိုကို မပြတ်ကိုးကွယ် ဖူး၍ ဓာတုတမန်နှင့် ပေးသင့်ရာကို ပို့ရလေသည်။ အထူးထူးသော ပုဆိုးကောင်းစသောအထည်ပစ္စည်းတော်တို့ကိုလည်း လက်ဆောင်တော်တို့၍ ကသည်းသံတို့ကို လွှတ်တော် မူသည်။ ။သက္ကရာဇ် ၉၂၂-ခု၊ ပြာသိုလပြည့်ကျော် နှစ်ရက်နေ့၊ ကောင်းမှုတော် မဟာစေတီကို ထီးတင်တော် မူသည်။ ဆောင်းတော်မူသော မကိုဋ်တော်ကိုသည်း လှူတော်မူ သည်။ ယင်းသောအခါ အပြည့်ပြည့်တောင်သော မင်းနှင့်တကွ များစွာသော အလှူဝတ္ထု တို့ကို လှူတော် မူသည်။ ကြေးစင် အစ်သောင်းကိုလည်း ကြေး ပို့ရွာသည့် သတ္တုခါန် ကြဲ၍ လှူတော်မူသည်။ သာဘင်ပြီးလျှင် ကောင်းမှုတော် မဟာစေတီ အရှေ့တွင် ဥယျာဉ် လုပ်တော်မူ၍ တာဝတိံသာဟုသော အမည်ကို သမုတ်တော်မူသည်။ ။ယင်းသည့် နှစ်တွင် အုန်းဘောင် သုံမိုင်းသား၊ အမေး မကြည်ရှိကြ၍ ထီးဖြူမကိုဋ်နှင့်တကွ ခြေရင်းတော်သို့ နှစ်ယောက်လုံးပင် ရောက် လာသည်။ ။ယင်းသည့် နှစ်တွင် သေညပ်စီစော်ဘွားက ချစ်ကြည် လေးမြတ် လှစွာသော သမီးကို အဆောင်အယောင်နှင့် တကွ၊ သားအိမ်ရှမင်း ခြေရင်း တော်သို့ လာ၍ ဆက်လာရသည်။ဘဝရှင် မင်းတရားကြီးဘုရားလည်း နန်းတော် တွင်းတွင် ကောင်းမွန်လှစွာသော အိမ်အဆောင်ပေး၍ ထားတော်မူသည်။

ထိုသက္ကရာဇ်တွင် ရွှေနန်းတော်ကို ဖျက်၍ ကောင်းမှုတော် မဟာစေတီတွင် ဇေတဝန်ကျောင်းကြီး လေးကျောင်း၊ ကျောင်းရံ တစ်ဆယ်နှင့်တကွ ဆောက်တော် မူ၍ ကျောင်းမ၊ လေးကျောင်းကို ရွှေအပြည့် ထည့်တော်မူသည်။ ပိဋကတ် သုံးပုံ ကိုလည်း ပါဠိ အဋ္ဌကထာ ဋီကာနှင့်တကွ အပ်တော်မူ၍ ကြည့်ရှု သင်ကြား ပို့သရသည်။ မဟာစေတီ ဝန်းကျင်ကိုလည်း ဇရပ် ဆောက်တော်မူ၍ ဒိန်ကို အုတ်ကြွပ် မိုးတော်မူသည်။ ဝန်းကျင်နံရံတွင်လည်း ငါးရာ့ ငါးသယ် ဇာတ်ကို ရေးစေရသည်။ မဟာစေတီ အရှေ့ တံခါးတွင်းတွင်လည်း ရွှေဇရပ် ဆောက် တော် မူ၍ ဘုရားကျောင်း၊ ဝန်းကျင် သည်မှုပ၊ ရွှေသည့်ရေ၊ ကိုယ်လေးတော်

ရွှေငါးဆယ့်သုံးပိဿာငါးကျပ်တစ်မတ် လှူတော်မူသည်။ ရွှေနန်းတော်ဝင်းတော်တွင်းတွင် နေတော် မူစရာ ရွှေအိမ် ဆောက်စေပြီးလျှင် ထိုအခါ၌ ထက်တော်မူ၍ ရွှေအိမ် ထက်တော်မူသည်။ ကောင်းမှုတော် မဟာစေတီ လုပ်သောအခါ နေတော်မူသော ပြာသာဒ် သုံးဆောင် နန်းတော်ကို ကျောင်းနှင့်တကွ ကျောင်းကြီး ဆောက်တော်မူ၍ မဟာရံ လုပ်တော်မူသည်။ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးသော ဂုဏဝန် ပုဂ္ဂိုလ်အား လှူတော်မူသည်။ ပိဋကတ်သုံးပုံကိုလည်း အပ်တော်မူသည်။

သက္ကရာဇ် ၉၂၃–ခုတွင်၊ ပုဂံမှာ မိုးညှင်း မင်းတရား ကောင်းမှုတော် ကုလားကျောင်း ပြိုပျက် လေသည် ကိုလည်း ဥမင် ရွှေကျောင်း၊ သုံးဆယ် ဆောက်၍ လှူတော် မူသည်။ ကောင်းမှုတော် မဟာစေတီသို့ ခတ်တော် ပို့သောခါ နေတော်မူသော ထဲတော်ရာတွင်လည်း ဘုရားရုပ်ပွားတော် အပေါင်း ထားစရာ ရွှေရုပ်ကြီး ဆောက်တော်မူ၍ ဘုရား ရုပ်ပွား သုံးဆောင်၊ လုပ်၍ ပြီးလျှင် ထားတော်မူသည်။ ရောက်လည်း တူးရသည်။ ရွှေနန်းတော်မြောက် အတောင်တစ်ရာတွင် ဆန်းကြယ်လှ စွာသော ရွှေအိမ်တော်နှင့် တကွ ဆင်ကျုံး တည်တော်မူသည်။ ပြီးလျှင် သံဃာတော် ခြောက်ရာ ပင့်တော်မူ၍ ထဲတော် ဝန်းကျင် လေးမျက်နှာတွင် ဆွမ်းလုပ် ကျွေးတော်မူသည်။ တရားတော်လည်း နာတော်မူသည်။ လူ ဖွယ် လှူခင်းလည်း များစွာ လှူတော်မူသည်။ ဆရာတော်တို့အား ဗျတ္တိဗလနှင့် ပြည့်စုံသော သာမဏေတို့ကို တောင်းတော်မူ၍ သက္ကရာဇ် ၉၂၃–ခု၊ တန်ခူးလပြည့်ကျော် ခြောက်ရက် အင်္ဂါနေ့ပဉ္စင်းတစ်ထောင် ခံတော်မူသည်။ ထိုနေ့ နေထက်တစ်ပ ခါတ်တွင် ရာဇဒေဝီ ရှင်မိပုရား သားတော်ကို မျက်နှာမြင်သည်။ သံဃာတော်တို့ စည်းဝေးခိုက် မျက်နှာ မြင်သည်ကို အကြောင်းပြုတော် မူ၍ သားတော်ကို သယံဘူ ဟူသော အမည်ကို သမုတ်တော် မူသည်။ ယင်းသည့်နေ့ပင် ကိုယ်လေးတော် ရွှေငါးဆယ့်သုံးပိဿာ လေးဆယ် ကောင်းမှုတော် မဟာ စေတီကို ရွှေမျက်ပါး ထည့်စဆု လှူတော် မူသည်။ ယင်းသည့် လပင် ဘုရားသုံးဆောင်၊ ထားသော ဇရပ်သည်၊ လောင်မီးသင့်၍ လောင်လေသည်။

သက္ကရာဇ် ၉၂၄–ခု၊ ဝါဆို လပြည့် ဗုဒ္ဓဟူးနေ့၊ ထားဝယ်မြို့ကို ထည့်ခတော်မူသည်။ ထိုလတွင် မွန်ပြည်၊ မြန်မာပြည် အလုံးတွင်ရှိသော ရုပ်ပွားဆင်းတု ပျက်စီး လေသည် များကိုလည်း ဆက်လုပ်တော် မူ၍ စေတော်

ကွမ်းခွက်၊ စားတော် လက်ဖက်အိုး၊ သောက်ရေတော်၊ တကောင်းလုံးကို မျက်ပါးခတ်စေ၍ ရွှေအပြည့် ထည့်တော်မူသည်။

ဝါခေါင်လတွင် မိုးမိတ်စော်ဘွားက ကျေးရွာ ရွာလက်ကို မိုင်းမောစည်ခွင်၊ ဟိုသာလာသာ၊ မိုးနား၊ စနွားက ယူပါး မျက်ဆီးလာသည် ဟု၍ လျှောက်လာသည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ "မိုင်းမော စည်ခွင် စသော မြို့များသည်၊ တရုတ် ဥတည်ဘွားကို အမှီပြု၍ ယခု ယူပါးလာလတ်သည်။ မည်သို့ သင့်မည်နည်း" ဟု၍ စိုင်းပြင်း ခင်းကျင်းတော် မူသည်။ ယင်းသို့ လုပ်ကြံ ဗညားဒလ လျှောက်သည်။ "မိုင်းမော စည်ခွင် အစရှိသော ဤမြို့များသည် ပုဂံ ကောင်းသည်ကာလ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ချည်း ဖြစ်သည်။ ပုဂံ ပြည်သို့တရုတ်ရောက်လျှင် ပြည်ရွာ မငြိမ်မဝပ် ရှိရာတွင်မှ မကျိုးမနဲ့ နိုင်းမြို့ "လင်းနှို့ခွန် တောင်းလျှင် ကြွက်၊ ကြွက်ခွန် တောင်းလျှင် လင်းနို့" ဆိုဘိသကဲ့သို့ ကျင့်နေလေသည်သာ ဖြစ်သည်။ သည်မြို့များကို သိမ်းယူတော်မူ၍ လက်နက် နိုင်ငံတော် ပြုရသည်ဖြစ်မှ ရှေး ပုဂံ ကောင်းသည် ကာလကဲ့သို့ နိုင်ငံတော် အစ်ချက်တည်း ဖြစ်မည်။ ကျွန်တော်တို့ နိုင်ငံတော် ဖြစ်ဖူး၍ သိမ်းယူတော် မူသည်ကို တရုတ်ဥတည်ဘွားကကူညီ၍ တိုက်မည်ဆိုလျှင် ကျွန်တော်တို့ နိုင်ငံ ဖြစ်ဖူးကြောင်းကို သံစေမည်။ သံစေလျက်ကိုပင် ကူညီ၍ တိုက်လျှင် အရှုတ် ကိုပင် နိုင်အောင် လုပ်ကြံမည်" ဟု၍ နားတော် လျှောက်သည်။ ဗညားဒလ လျှောက်သော စကားကို ကြားတော်မူလျှင် "ငါကိုယ်တော်နှင့်ထက္ခ ချီတော် မူရသော်လည်း သင့်မည်လော၊ ညီတော်၊ သားတော်၊ မှူးတော် မတ်တော် တို့ကိုသာ ချီစေရသော်လည်း သင့်မည်လော" ဟု၍ မိန့်တော်မူသည်ကို ဗညားဒလ လျှောက်ပြန်သည်။ "ဘဝရှင် မင်းတရားကြီးကိုယ်တော် ရွှေနန်းတော်တွင် စကြဝတေးမန္ဓာတ်မင်း၏ အသရေကဲ့သို့ တင့်တယ် စံပယ်စွာ နေတော်မူပါ၊ ကျွန်တော်တို့ အမှူး၊ အမတ်တို့နှင့် ညီတော်၊ သားတော် ချီရလျှင် အရေးတော် လုလိမ့်မည်" ဟု နားတော်လျှောက်ပြန်သည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ဗညားဒလ လျှောက်သော အရေးကို ကြိုက်တော်မူ၍၊ ဆင်လုံး မြင်းရင်း ခန့်တော်မူသည်ကား၊ မိုးကောင်းစော်ဘွား တစ်တပ်၊ မိုးညှင်းစော်ဘွားတစ်တပ်၊ မိုးမိတ်စော်ဘွားတစ်တပ်၊ ယန်းပေါ်စော်ဘွား တစ်တပ်၊ သီပေါစော်ဘွားတစ်တပ်၊ မိုးနဲ စော်ဘွားတစ်တပ်၊ ညောင်ရွှေစော်ဘွား တစ်တပ်၊ မင်းရဲကျော်ထင် တစ်တပ်၊ ဗညားစက် တစ်တပ်၊ အက်ရှည်ကျော်ထင်

တစ်တပ်၊ ဗညားဖြတ်စတစ်တပ်၊ သမက်တော်အင်းဝဘုရင် သတိုးမင်းစော တစ်တပ်-သည်တပ်ပေါင်း တစ်ဆယ့်နှစ်တပ်တွင်ပါသည့် တိုက်ဆင်လေးရာ၊ မြင်းငါးထောင်၊ စစ်သည်သူရဲတစ်သိန်းနှစ်သောင်းနှင့်မိုးမိတ်ကြောင်းချီရသည်။ နန္ဒကျော်ထင်တစ်တပ်၊ သမိန်ရဲသင်ရံတစ်တပ်၊ နန္ဒသူရိယတစ်တပ်၊ ဗညားပဲ တစ်တပ်၊ ဘယကျော်ထင်တစ်တပ်၊ သမိန်ဇိပ်ပွန်တစ်တပ်၊ သမိန်အဲပရဲတစ်တပ်၊ လက်ယာနန္ဒသူ တစ်တပ်၊ အဲမွန်တစ်ရာ တစ်တပ်၊ သီရိဓမ္မာသောက တစ်တပ်၊ ညီတော် တောင်ငူဘုရင်မင်းခေါင်တစ်တပ်-သည်တစ်ဆယ့်နှစ်တပ်တွင် ပါသည့် တိုက်ဆင်လေးရာ၊ မြင်းငါးထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ရွှာင်ကြောင်းသီပေါကို တိုက်၍ချီရသည်။ ။ဘယကျော်သူတစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ နန္ဒသူကြီးတစ်တပ်၊ ဗညားကျန်းတောတစ်တပ်၊ သီရိဇေယနော်ရထာ တစ်တပ်၊ သမိန်သံလိုက် တစ်တပ်၊ သဇ်ယာ တစ်တပ်၊ သမိန်မောဍင် တစ်တပ်၊ အရေစည်သူတစ်တပ်၊ ဗညားလော တစ်တပ်၊ သီရိဓမ္မရတ် တစ်တပ်၊ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ တစ်တပ်–သည် တစ်ဆယ့်နှစ်တပ်တွင် ပါသည့် တိုက်ဆင်လေးရာ၊ မြင်းငါးထောင်၊ စစ်သည်သူရဲ တစ်သိန်း နှစ်သောင်းနှင့် ရွှာင်ကြောင်း သီပေါကိုတိုက်၍ ချီသည်။ ။ရာဇသင်္ကြံ တစ်တပ်၊ သမိန်ယံ ထရုတ်တစ်တပ်၊ ဘယာဂါမဏိတစ်တပ်၊ နေမျိုးကျော်ထင်တစ်တပ်၊ ဗညားယဲ တစ်တပ်၊ မင်းမဟာတစ်တပ်၊ သမိန်ပရူတစ်တပ်၊ စည်သူကျော်ထင်တစ်တပ်၊ သမိန်ဖြုအမိုက်တစ်တပ်၊ လက်ဝဲနန္ဒမိတ်တစ်တပ်၊ ဗညားဒလတစ်တပ်၊ သားတော် မဟာဥပရာဇာ တစ်တပ်-သည် တစ်ဆယ့်နှစ်တပ်တွင်ပါသည့် တိုက်ဆင်လေးရာ၊ မြင်း ငါးထောင်၊ စစ်သည် သူရဲတစ်သိန်း နှစ်သောင်းနှင့် သက္ကရာဇ် ၉၂၄-ခု တပေါင်းလဆန်း လေးရက်၊ သောကြာနေ့၊ ဟံသာဝတီက မိုးမိတ်ကြောင်း ချီရသည်။ မိုးမိတ်ကသည် မိုးဝန်းပြင်သို့ ရောက်လျှင် ရဲမက်တော် လေးကြောင်း သားတို့ ပေါင်းမိ၍၊ သားတော် မဟာဥပရာဇာ၊ ညီတော် ပြည်မင်း၊ တောင်ငူမင်း၊ အင်းဝမင်း၊ စော်ဘွား၊ စော်ကန်၊ မှူးတော်၊ မတ်တော် အပေါင်းတို့ တိုင်ပင်ကြသည်။

ယင်းသောအခါ ဗညားဒလ လျှောက်သည်ကား၊ “ယခု ရဲမက်တော် လေးကြောင်းလုံး ပေါင်း၍ လုပ်ကြံချသည် ရှိသော် အလုပ် အကြံ များချိမ့်မည်။ အစာအသောက် ဆွုံ့ရှားချိမ့်မည်ဖြစ်သောကြောင့် လေးသွယ်ခွဲ၍ ရှုပ်ရှုပ် လုပ်ကြံရသည်ဖြစ်မှ အရေးတော်ပြီးလွယ်မည်”ဟူ၍ လျှောက်သည်။ မင်းတရား ပါလည်း ဗညားဒလ လျှောက်သော အရေးကို ကြိုက်တော်မူ၍ မဟာ

ဥပရာဇာတို့ တစ်ဆယ့်နှစ်တပ်မှာ မိုးနှားသို့ချီတော်မူသည်။ အင်းဝဘုရင် သတိုး မင်းစောတို့ တစ်ဆယ့်နှစ်တပ်မှာ စနှားသို့ ချီတော်မူသည်။ မိုင်းမော စည်ခွင်၊ ဟိုသာ၊လာသာ၊ မိုးနှား၊စနှား၊ မိုးဝန်း၊မိုင်းလျှို ဓော်ဘွားတို့လည်း အဝရှင် မင်းတရားကြီး ဘုရားက ညီတော်၊ သားတော်တို့ကို မပရာကျိနိုင်အောင် ဆင်လုံး မြင်းရင်းနှင့် မြေပြင်ပြည့်မျှ ချီလာသည်ဟူ၍ ကြားလျှင် မိုင်းဆည်သို့ အောင် စီရင်၍ နေကြသည်။ မဟာဥပရာဇာတို့ တစ်ဆယ့်နှစ်တပ် မိုင်းမောသို့ ရောက်လျှင် မကြောက်မရွံ့ ရဲရင့်ခြင်းနှင့် ပြည့်စုံသော ရဲမက်တော်တို့ ကျေးလက် ရွာလက် အပေါင်းတို့ကို မီးထင်းတိုက်၍ သုံ့ပန်းယူလေ၏။ လက်ခြေလူသမျှ ကိုလည်း တစ်ယောက်မလွတ် သတ်လေ၏။ ယင်းသို့ လုပ်ကြံတော်မူ၍ နှားကို ဖြ လှောင်သကဲ့သို့ မြို့ကို ဝန်းရံ၍ နေတော်မူလျှင် မိုင်းမောတစ်မြို့လုံး အသားစား လတ္တုကဲ့သို့ ကြောက်ရွံ့ကုန်သည်။ ပြည်ဘုရင်၊ တောင်ငူဘုရင်၊ အင်းဝဘုရင် တို့လည်း ရောက်တော်မူလျှင် စည်ခွင် မိုးနှား၊စနှားမြို့ကို နေ့ညဉ့်မသိ အပြင်း ချီတော်မူကြ၍ ဝန်းရံတော်မူကြသည်။

ယင်းသောအခါ စော်ဘွားတို့က မိုင်းဆည်သို့ စေသောသံကို အင်းဝဘုရင် သတိုးမင်းစောတို့ တပ်သားတို့ တွေ့လျှင် ဖမ်း၍ ဆက်လေ၏။ သတိုး မင်းစော လည်း စာနှင့်သံကိုမဟာဥပရာဇာတပ်သို့ ပို့ရသည်။ ရောက်၍ စာကို ကြည့်စေ သော် ဥတည်ဘွားက အလျှင် စစ်ကူရောက်မှ ကျွန်တော်တို့ သူ့ကျွန် မဖြစ်ပါ ပည် ဟူ၍ စာတွင်ပါကြောင်းကို ကြားလျှင် ဗညားလေ၊ မဟာဥပရာဇာကို ဤသို့ နားတော် လျှောက်သည်။ "ဥတည်ဘွားကို ကြောက်၍ သံတို့ကို ချုပ် ထားသကဲ့သို့ ရှိမည်။ သံတို့ကို ယခု လွှတ်တော်မူ၍ မိုင်းဆည်သို့ သွားလေစေ၍ မိုင်းဆည်စား တရုတ်ဥတည်ဘွားသို့ လျှောက်ပစေ၊ ယင်းသို့မှ ဘုန်းလက်ရုံး အာဏာနှင့် လုပ်ရည် ကြံရည်ကို သိကြရမည်"ဟူ၍ နားတော် လျှောက်သည်။ မဟာဥပရာဇာလည်း စော်ဘွားတို့ သံကို မိုင်းဆည်သို့ လွှတ်တော်မူသည်။ သံတို့ ရောက်လျှင် မိုင်းဆည် တရုတ်ဥတည်ဘွားသို့ အကြောင်းကို လျှောက်ရလေ သည်။ ဥတည်ဘွားလည်း မိုင်းမော စည်ခွင်၊ ဟိုသာ၊လာသာ၊ မိုးနှား၊ စနှား၊ မိုင်းဝန်း၊ ကိုင်းမား၊ မိုင်းလျှို-သည်မြို့များကို ပုဂံကောင်းသည် ကာလကပင် ပုဂံကပိုင်၍ သူ့လက်နက်နိုင်ငံ ဖြစ်ပလေသည်။ သို့ သူ့နိုင်ငံရှင်ဖြစ်၍ သိမ်းယူ သည်ကို ငါတို့က သူ့ကို ရန်ပြုရာက် ယျှိ၊ ယုခွင့် ယူသင့်သယ်။ လဲနွေးစေ။ မိုင်း ဆည်မြို့တို့ကို ထိပါးပျက်ဆီး လာသော်မူကား၊ အလျှင် အလျှောက် လာစေ ဟူ၍ ဥတည်ဘွားက စာတို့သော ဟူ၏။

မိုင်းနောင်စော်ဘွားသည်။ ခံ၍ ဆယ်ရက်ကျော်ခန့် ရှိလျှင် လက်ဆောင် လက်နက် မိုင်းနောင်မှ ယောင်းရွှေလျှင်းသိုးကတိုး၊ ဆောင်းတင်ရန်း၊ အများနှင့် သစ္စာတော်ကို ခံ၍ ကျွန်တော်အဖြစ် အမှုတော်ကို ထမ်းပါမည်ဟူ၍ မဟာဥပရာဇာသို့ လျှောက်လာရသည်။ မဟာဥပရာဇာသည်း စော်ဘွားကို ထုံးဥပရာဇာသို့ လျှောက်လာ သစ္စာတော်ပေးပြီးလျှင် သားနှင့်သမီးကို ဝန်ဆောင် စေ၍ အမှုအမော်နှင့်တကွ သစ္စာတော်ပေးပြီးလျှင် သားနှင့်သမီးကို ဝန်ဆောင် လက်ဆောင် လက်နက် အများနှင့် စော်ဘွား သမီးကို တွင် ဆောင်လုပ်စေ၍ ဟံသာဝတီသို့ ပို့ရလေသည်။ မိုင်းမော စော်ဘွား အမြဲအရေ ဝန်ခံ၍ သားသမီးတို့ကို လက်ဆောင်တော်ဆက်ကြောင်းကို စနှင့် သစ္စာတော်ကို ခံ၍ သားသမီးတို့ကို လက်ဆောင်တော်ဆက်ကြောင်းကို ညောင်ရွှေ့သို့ စေတော်မူသည်။ မိုးနားသို့လည်း စေတော်မူသည်။ ရွှေဘိုသို့လည်း စေတော်မူသည်။ မိုင်းမောဝေး၊ အမတ် သုံးယောက်တို့ကိုလည်း ညောင်ရွှေသို့ တစ်ယောက် မိုးနားသို့တစ်ယောက် ရွှေဘိုသို့တစ်ယောက် သည့်တော် မူသည်။ သုတို့ရောက်၍ မိုင်းမောစော်ဘွား သစ္စာတော်ခံ၍ သားသမီး ဆက်ကြောင်း စော်ဘွားသုံးဦးတို့ ထိတ်လန့်ခြင်း ပြင်းစွာဖြစ်၍ ဆင်ကြီး၊ မြင်းကြီး၊ သားသမီး တို့ကို လက်ဆောင်တော်ဆက်၍ အသက်ကို ခွင့်တောင်းလာကုန်သည်။ ပြည် ဘုရင်၊ တောင်ငူဘုရင်၊ အင်းဝဘုရင်တို့လည်း အမှုအမတ်နှင့်တကွ စော်ဘွား တို့ကို ထုတ်စေ၍ သစ္စာတော်ပေးပြီးလျှင် သား သမီးတို့ကို ယူ၍ မဟာဥပရာဇာ ထံသို့ ပို့လာရသည်။ မဟာဥပရာဇာသည်။ စော်ဘွားတို့ သား သမီးကို ဝန်အမော် ဆိပ်တွင် သာယာလှစွာသော ဖောင်လုပ်စေ၍ အခြွေအရံ လေ့တက် အများဝန်ခံ၍ ဟံသာဝတီသို့ အသီးအသီး ပို့ရလေသည်။ ဘဝရှင်မင်းတရား ကြီးဘုရားလည်း ထိုးဆောင်း စော်ဘွားတို့ သမီး တုမကို နန်းတော်တွင်းတွင် သာယာလှစွာသော အိမ်ဆောက်၍ နေရသည်။

မဟာဥပရာဇာ ပြည်မင်း၊ တောင်ငူမင်း၊ အင်းဝမင်းတို့လည်း မိုင်းမော ညောင်ရွှေ မိုးနား၊ ရွှေဘို-ကျိုင်းတုံ မြို့တို့ကို အောင်မြင်တော်မူလျှင် ဟိုသာ၊ လာသာ မိုင်းဝန်း၊ ကိုင်းမား၊ မိုင်းလျှော်သို့ ချီး၍ လုပ်ကြံတော် မူမည်ကို တိုင်ပင် တော်မူကြသည်။ "ယခု စေးမြို့လုံးကို အလိုတော်ပြည့်ပြီ၊ ဟိုသာ၊ လာသာ မှူးတော်တို့သည်၊ တရုတ်ဥတည်ဘွားကို အမှီပြု၍ လင်းနို့ခွန် တောင်းလျှင် ကြွက်၊ ကြွက်ခွန် တောင်းလျှင် လင်းနို့ ဆိုသကဲ့သို့ နေလေသည်။ "တစ်နှစ်င် တစ်စင်ပါ" လုပ်ကြံရသည် ဖြစ်မှ မိုင်းမော ညောင်ရွှေ စသော အလျှင် အောင် မြင် ပြီးသောမြို့တို့လည်း ပျပ်ဝပ်ကျိုးနွံမည်"ဟု ပြည်ဘုရင် အတိုး လျှောက် မိန့်လျှင် သည်အရေးသည် သင့်လှသည်ဟူ၍ ဟိုသာသို့ မဟာဥပရာဇာ ချီတော်

ရသည်။ လာဘာသို့လည်း ပြည်ဘုရင် သတိုးဓမ္မရာဇာ ချီတော်မူသည်။ ကိုင်းမဘာသို့လည်း တောင်ငူဘုရင် ချီတော်မူသည်။ မိုင်းလျှို့သို့လည်း အင်းဝဘုရင် သတိုးမင်းစော ချီတော်မူသည်။ မိုင်းဝန်းစော်ဘွားများအား လက်ဆောင်နှင့် အများနှင့် သစ္စာတော်ခံ၍ အမှုတော်ကို ထမ်းပါစေတော့မည်ဟု လက်ဆောင် လက်နက် ဆောင်ကြောင့် သစ္စာတော်ပေးသည်။ စော်ဘွား ဆောင်ကြိုးရှုသော လျှောက်လာ ချီလာပြီးလျှင် ကြားလျှင် မြို့တွင် မခံဝံ့၍ တောသို့ဝင်ကြသော ရဲမက်တော်တို့ ကြုံလေ၏။ ရဲမက်တော်တို့သည်လည်း ရောက်လျှင် တောသို့ တောင်ထိပ် ကြိုးစားသို့ပြေးဝင် ရသည်။ ထိုသို့ရှာကြံခြင်းကို စော်ဘွားတို့ကြားလျှင် ဟိုသော စော်ဘွားက ဆင်ကြီးနှစ်စီး၊ မြင်းကောင်း နှစ်စီး၊ မိုင်းလုံးစော၊ ဖုံ၊ ထတ်ိ များစွာ လက်ဆောင်ယူ၍ ကျွန်တော် သစ္စာတော်ခံ၍ အမှုတော်ကို ထမ်းပါမည်ဟု သားကို ဆီးကြို၍ လျှောက်လာရသည်။

မဟာဥပရာဇာသည်း ဤသို့ မိန့်တော်မူသည်။ သည်ကဲ့သို့ လျှောက်ခြင်း သည်၊ စော်ဘွား ဝန်းစိမ်းချက် အသက်မသေသည် ဖြစ်တော့သည် ဟု၍ မိန့်တော်မူပြီးလျှင် စော်ဘွားသားကို ဆုလာဘ်ပေး၍ အဘစော်ဘွားကို ခေါ်ရ လေသည်။ စော်ဘွားလည်း သား မယားနှင့် အငြို အရုံတို့ကို ယူ၍ ရောက်လာသည်။ မဟာဥပရာဇာသည်း စော်ဘွားကို သစ္စာတော်ပေးပြီးလျှင် သစ္စာခံကြောင်းကို ဟိုသာ စော်ဘွားက လာဘာ စော်ဘွား၊ ကိုင်းမဘာ စော်ဘွား၊ မိုင်းလျှို့စော်ဘွားသို့ စာနှင့် စေရသည်။ လာဘာ စော်ဘွားလည်း ဟိုသာစော်ဘွား သစ္စာခံကြောင်းကို ကြားလျှင် ပြေးသော်လည်း မလွတ်သာချေ၊ ဆင်ကြီးနှစ်စီး၊ မြင်းနှစ်စီး၊ မိုင်းလုံးစော၊ ယင်းထတ်ိများစွာ လက်ဆောင်နှင့် သစ္စာတော်ခံ၍ အမှုတော်ကို ထမ်းပါတော့မည်ဟု၍ သားနှင့်သို့ကို လျှောက်လာသည်။ သတိုးဓမ္မရာဇာသည်း စော်ဘွားသားတို့ကို ဆုလာဘ် များစွာ ပေးတော်မူ၍ အဖ စော်ဘွားကို ခေါ်ရသည်။ စော်ဘွားလည်း သားမယား အရုံအရုံကို ယူ၍ ရောက်လျှင် သစ္စာတော်ကို ခံစေသည်။ ကိုင်းမဘာစော်ဘွား၊ မိုင်းလျှို့ စော်ဘွားတို့လည်း ပြေးသော်လည်းမလွတ်နိုင်ချေ၊ အယူ၍ ဆင်ကြီး မြင်းကြီး သားသမီးတို့ကို လက်ဆောင်တော်သက်၍ ကျွန်တော် ခံလာသည်။ မဟာဥပ ရာဇာ၊ ပြည်မင်း၊ အင်းဝမင်း၊ တောင်ငူမင်းတို့လည်း စော်ဘွားတို့ သား သမီးတို့ကို ပန်းမော်ဆိပ်တွင် တောင်းမှု သာယာလှစွာသော လောင်းလှံစေ၍ ထိုဖောင်နှင့် အငြိမ်အရံ လှေထက်အများ ဝန်းရံစေ၍ ထိုသာဝထီသို့ ပို့ရ သည်။ ရောက်လျှင် ထိုထိုသော စော်ဘွားတို့ သမီးကို တောင်းမှု သာယာစွာ

ထိမ်သောက်၍ စော်ဘွားတို့ ညီ သား၊ သမက်တို့ကိုလည်း အကွက်အရပ် ထိမ်ထု ပေးတော်မူ၍ မပြတ်မြဲစွဲရသည်။

မဟာဥပရာဇာ၊ ပြည်မင်း၊ အင်းဝမင်း၊ တောင်ငူ မင်းတို့လည်း ဟိုသား၊ လာသား၊ မိုင်းဝန်း၊ ကိုင်းမား၊ မိုင်းလျဉ်၊ သည်မြို့စားတို့ကို သစ္စာတော် ပေး၍ အနေအထားသင့်အောင် စီရင်တော်မူပြီးလျှင် မကောင်းသော မိစ္ဆာ ဒိဋ္ဌိအယူကို ပယ်စေ၍၊ ကောင်းသော သမ္မာဒိဋ္ဌိ အယူ၌ တည်စေသည်။ ထိုထို သော မြို့ပြတို့၌ ကျောင်းဘုရားကောင်းမှု ပြုပြီးလျှင် ပိဋကတ်ကျမ်းဂန်နှင့်တကွ အရိယာ သံဃာတို့အား တောင်းပန်၍ သီတင်းသုံး နေရသည်။ တစ်လလေး သီတင်းလည်း သရဏဂုံ ပဥ္စသီ အဋ္ဌဒသီ ဆောက်တည်စေ၍ တရား နာရသည်။ မပြတ်လည်း သွန်သင် ဆုံးမရသည်။ အခွန်တော်မှာ ဖျင်၊ မိုင်းလုံးဇာ၊ ပယင်း၊ ကတိုး၊ အောင်း တင်ရန်း-တစ်နှစ်သုံးကြိမ်ဆက်ရသည်။ သုံးနှစ်တစ်ကြိမ်လည်း စော်ဘွားတို့ကို တပ်ကူ၊ ပျပ်ဝပ် ကျိုးနွံစွာ ခြေရင်းတော်သို့လာ၍ လက်ဆောင် တော် ဆက်ရသည်။ နေပြည်တော်မှာလည်း ဘုရား သုံးဆောင်း ထားသော ဇရပ်ကို လောင်မီးကျ၍ လောင်လေသည်ကို စားတော်မူသော လက်ဖက်အိုးကို ဖျက်၍ သက္ကရာဇ် ၉၂၄–ခု၊ နတ်တော်လဆန်း ၄ ါးရက်နေ့ ဇရပ်ဆောက်တော် မူသည်။ ။ငင်းသက္ကရာဇ် နတ်တော် လပြည့်ကျော် ခြောက်ရက်နေ့ ကျိုင်းတုံ စော်ဘွား သမီးကို အခြွေအရံနှင့် တကွ ဆက်လာ၍ ဟံသာဝတီသို့ ရောက် လာသည်။ ထိုမင်းသမီးကို မြို့မြောက်တွင် အနေအထား ပြုစေ၏။ ပေါင်း မြတင်း ရွှေထည်နှင့် မှူးတော် မတ်တော်အပေါင်း ဝန်းရံ၍ ယူရသည်။ နန်း တွင်းသို့ ရောက်လျှင် သာယာလှစွာသောအိမ်နှင့် အထိန်း၊ အချီ ပေးတော်မူ၍ နေရသည်။ အကျိုင်းတုံစားကိုလည်း ထီးဖြူမကိုင်ရှင့်နှင့်တကွ မင်းမြောက်တန်ဆာ ငါးပါး ပေးတော်မူသည်။ ။ဆရာတော် ရှင်ဓမ္မပါလ တောဝင်ဖော် မှူ၍ သီတင်းသုံးနေသော အရပ်တွင်လည်း ဇေတဝန် ကျောင်းစည် ထုတ်ကြွပ်မိုး၍ ကျောင်းရံ လေးဆယ်လည်း နှစ်ထပ်လည်ပေါ် ဆောက်စေ၍ လှူတော်မူသည်။ သက္ကရာဇ် ၉၂၄–ခု၊ တပေါင်း လပြည့်ကျော် ငါးရက်၊ ဗုဒ္ဓဟူးနေ့ ရွှေနန်း ကြော့ရှင် နရပတိ ကုမတော် ရှင်ထွေးလုကို ရာဇဒေဝီ ဟူသော အမည်နှင့် မိဖုရားတို့၏ အဆောင် အယောင် ပေးတော်မူ၍၊ ရွှေအိမ် နေရသည်။

ယင်းသည့် သက္ကရာဇ်တွင် ရာဇဒေဝီ ရှင်မိဖုရား ကောင်းမှု စည်းခုံတော်ကို လုပ်တော်မူ၍ ပြီးလျှင် ရတနာမှုနိ ဟူ၍ သမုတ်တော်မူသည်။ ဘုရားတွင်းတွင် လည်း သုဓမ္မာဇရပ်ကြီး ဆောက်၍ လှူတော်မူသည်။ တံတိုင်းဝန်းကျင်ကိုလည်း

စေတဝန် ရွှေကျောင်း ကျောင်းရံနှင့်တကွ ဆောက်၍ လှူတော် မူသည်။ ပယ္ပင်းလည်း ငါးဆယ့်လေးပါး ခံတော်မူ၍၊ များမြတ်သော အလှူကြီးကို ပေးတော်မူသည်။ ။ဟံသာဝတီ၊ ကေတုမတီ၊ အရေခေတ္တရာ၊ ပုဂံ၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ဇင်းမယ်၊ ကျိုင်းတုံ၊ ဤသို့ နိုင်ငံတော် အလုံးတွင် ရှိသော ဘုရား၊ ပုထိုး၊ ဂူကျောင်း၊ ပြိုပျက်လေသည်များကို လုပ်ဆောင်စီမံသည် ဟူ၍ ငွေပေါင်း— ငါးရာ့နှစ်ဆယ့်ခုနစ်ပိဿာ လှူတော်မူသည်။ ။ယင်းသည့်နှစ်တွင် ပန်းတရော်မြစ်ကို တူးရသည်။ ။သားတော် မဟာဥပရာဇာ၊ ညီတော် ပြည်မင်း၊ တောင်ငူမင်း၊ အင်းဝမင်း ချီလေရာမှာလည်း ခြောက်ရှမ်းပြည်တစ်လွှား အလိုတော် ပြည့်လျှင် အနေ အထား သင့်အောင် စီရင် ပြီးစီးကြောင်းကို လျှောက်လာ၍ ကြားတော်မူလျှင် သားတော်၊ ညီတော်တို့ကို ခေါ်တော်မူ၍ ပြန်ရသည်။ ။သက္ကရာဇ် ၉၁၅-ခု၊ ဝါဆိုလပြည့်ကျော် တစ်ဆယ့်နှစ်ရက်၊ သောကြာနေ့၊ ဟံသာဝတီ နေပြည်တော်သို့ ရောက်တော်မူသည်။ ဆင်ဖြူများ သခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ပွဲလမ်း ရသသူ တို့ကို အထိုက် အလျောက် အဆောင်၊ အယောင် စားကျေး၊ စားလက် ပေးတော်မူသည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ယိုးဒယားသည် ညီတော် မင်းတရားလက်ထက်ကပင် လက်နက်နိုင်ငံ ဖြစ်ပေးသည်။ ယခုလည်း ဆင်ဖြူ လေးစီးကိုတစ်စီးမျှဆက်လျှင် ရေနှင့် မြေကဲ့သို့ ဖြစ်ရမည်ဟု အောက်မေ့ တော် မူ၍၊ ဗညားဒလကို ခေါ်၍ ငါ မြတ်သော ဘုရားဆုကို တောင်းတော် မူသည်။ စစ်မက်ကို အလိုတော် မရှိပြီ၊ ငါ့ ရဲမက်သားတော်တို့ကိုလည်း မပင်မပန်း စေနှင့်၊ ယိုးဒယားမင်းဝယ် ဆင်ဖြူ လေးစီး ရှိသည်ကို တစ်စီးမျှ ငါ့ကို ဆက် သော် ယိုးဒယားပြည်နှင့် ငါတို့ ဟံသာဝတီ ပြည်ကြီးသည် ခရီးအကြား၌ မီးပသေ ရေမနောက် ဖြစ်လိမ့်မည် ဟူ၍ မိန့်တော်မူ၏။

ဗညားဒလလည်း သံတော်ဦးတင်ပြီဘုရားဟု ရွှေပေတွင် အက္ခရာစီရင်၍ ခုန်ပြန်၊ ရာဇမန္တရီ၊ ဥပထုပ်၊ ရာဇထုပ်၊ တြိသုပ်၊ ကျငါးယောက်တို့ကို ယိုးဒယားသို့ စေ၏။ ရောက်လျှင် စာကို ယိုးဒယားမင်းကြားသော် ငါ့ကို ဟံသာဝတီဘုရင် သည် ဆင်ဖြူတစ်စီးကို လို၏ဟူ၍ တောင်းသော် ငါပေးမည် သူကား လှယ်၏။ ရှေးအလောင်းမင်းတို့သည် ဆင်ဖြူကို လိုပါ ငါ့အပေး ခံမည်သူကား ခက်၏။ ငါသည် မြတ်သောဆုကို တောင်းသည်။ ၏ဟု တောင်းလျှင် ဆင်ဖြူကို ပေး၏။ ငါသည် မြတ်သောဆုကို တောင်းသည်။ ဟံသာဝတီ ဘုရင်သည် တနားဆယ်ပါးစောင့်က ငါ ဆင်ဖြူတစ်စီး ပေးမည် ဟူ၍ မင်းသံတို့ကို လွှတ်လိုက်၏။ မင်းသံတို့လည်း ဟံသာဝတီသို့ ရောက်လျှင်

အကြောင်းမျိုးကို ဗညားဒလ သံတော်ဦးတင်လေသော် အနော်ရထာမင်းစော မနုဟာမင်းကို ယူ၍ သည်းခံတော်မူ၏။ အခုရားလည်း လှမည်။ ရဲမက်ဖိုလ်ပါလည်း ဟင်းမဟန်းစေနှင့် ဝါယုမင်းကို ယိုးဒယားမင်းသည် ဆင်ဖြူ ပေးရှုးသည်။ ရာဇဝင်ရာဇ်တွင်လည်း ဂန္ဓယော် ဟူသော ဆင်ကို ဆက်ဖူးသည်။ သီဟိုဠ် မင်းတရားတွင်လည်း ဓေယျဘာတ်နှင့် ဗျက်ကြီးကို ဆက်ဖူးတော့သည် ဖြစ်သော ကြောင့်၊ ငါ့ ဘုန်းလက်ရုံးတော်ကြောင့် ကက်သည် ဟူ၍သာ တွင်လိမ့်မည် မိန့်တော်မူပြီးမှ ဆင်ဖြူယူမည် သွားဖြန့်ရလေ၏။ ရောက်သော် ဟံသာဝတီ ဘုရင်သည် တရားသယ်ပါးကို စောင့်က ငါ့ဆင်ဖြူတစ်စီး ပေးမည် ဟူ၍ ဆို၏၊ တရားသယ်ပါ၊ စောင့်ကြောင်းကို စာမပါ၊ ဘုန်းလက်ရုံးကို ကိုး၍ ယူ တောင်းရာ ရောက်လက်သည် ဖြစ်သောကြောင့် ငါမပေးပြီ ဟူ၍ ဆိုလေ၏၊ အက္ခရာရွှေပလည်း ရေး၍ ပေးလိုက်၏။ မှာစာအဘုံး၌ ပါသော အက္ခရာကား ဂဏန်းခြေ အစ်၊ ဟူသော အက္ခရာတစ်လုံးကို ရေးလိုက်၏။

ဟံသာဝတီမင်း သံတော်ဦးရောက်၍ ဘဝရှင် မင်းတရားကြီးကို ဆက်သော မှာစာအဆုံး၌ အစ်ဟူသော ဂဏန်းခြေတစ်လုံးကို မြင်တော်မူမှ ဗညားဒလကို ခေါ်၍ တိုင်ပင်တော်မူ၏။ ဗညားဒလ သံတော်ဦးတင်သည်ကား၊ သည်အက္ခရာကို ဘုရားရှင် တရားတော်ဝယ် ကေဟူ၍ ဆိုသည်။ ဗေဒင်ဝယ်ကား— အစ် ဟူ၍ ဆိုသည်။ ကျွန်ုပ် ကျွန်မှန်တို့ အလိုသော်ကား၊ သည် အက္ခရာကို— အိုက် ဟူ၍ ခေါ်သည်။ အိုက်ဟူသည့် အလိုသော်ကား၊ အိုက်ဟု ဖွယ်-ဖွယ်ဟုပိုက်- ငါမကြောက် ဆိုလိုသည်" ဟူ၍သံတော်ဦးတင်၏။ ကြားတော်မူလျှင် ဗညားဒလ ကို အားရတော်မူ၍ ချီးမွမ်းတော်မူ၏။ "ဗညားဒလ—ငါသို့သော မင်းကို ဖွယ် ဟု ဖိုက်ယူ၍ ဆိုသော်၊ ငါချီတော်မမူမီ ဘယ်သို့စေရမည်နည်း" ဟူ၍ မေးတော် မူ၏။ ဗညားဒလ သံတော်ဦး၊ တင်သည်ကား၊ "ယိုးဒယားမင်းသည်၊ အစ်ဟူ သော ဂဏန်းခြေကို ပေးသော်၊ ဒွေးဟူသော အက္ခရာကို ပေးမည်၊ ဒွေးဟူသော ဂဏန်းခြေ အလိုသော်ကား၊ တရားတော်ဝယ် ဒွေးဟူ၍ ဆိုသည်၊ ဗေဒင်ဝယ် မူကား၊ စန္ဒရဟု ခေါ်သည်။ မြန်မာတို့ဝယ်ကား၊ နှစ်ဟူ၍ ရေတွက်သည်၊ ကျွန်ုပ် ကျွန်မှန်တို့အလို၊ မွန် တို့ဝယ် ဒွိတ်ဟူ၍ ခေါ်သည်။ ဒွိတ် ဟူသည့် အလိုကား၊ ဒွိတ်တလက် ဒွက်တလိတ်ဟူ၍ ဆိုလေသည်။ မကြောက်က ကြိုးနှင့် ချည်မည် ဆိုလိုသည်" ဟူ၍ သံတော်ဦးတင်မှ ဒွေးဟူသော ဂဏန်းခြေး ယိုးဒယားသို့ စေပြန်၏။ ကြားသော်၊ ယိုးဒယား မင်းလည်း ငါတို့ အလိုကို ဟံသာဝတီဘုရင် သိလေ၏ ဟူ၍ ထိတ်လန့်၏။ ယိုးဒယားက ထိတ်လန့်ကြ

သောအဖြစ်၊ မကျိုးမနွံ့သောစကားကို ဆိုသောအဖြစ်ကို သိတို့ရောက်၍ ကြားတော်မူလျှင် ယိုးဒယားမင်းသည် ပျက်စီးလို၍ ဤစကားကို ဆိုသည် ဖြစ်တော့ သည် အမိန့်တော်ရှိပြီးလျှင်၊ ညီတော်၊ သားတော်၊ မြေးတော်၊ မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍၊ ယခု ယိုးဒယားသို့ ပညာဒလက အစုံအစမ်း စေသည်ကို မြို့ခိုင်လုံသည်နှင့် ဆင်မြင်းဗိုလ်ပါ လက်နက် ကိရိယာများသည်ကို ယုံ၍ မယုံ မဝပ် မကျိုးမနွံ့ ပြုလေသည်။

ယိုးဒယားမြို့ကို ဘယ်သို့ လုပ်ကြံရသော် အလိုတော် ပြည့်လွယ် ပြည်နည်း ဟူ၍ အမိန့်တော်ရှိသည်ကို သီရိဇေယကျော်ထင် လျှောက်သည်။ "အရှေ့မြည် တစ်လွှားတွင်ယိုးဒယားတစ်မြို့၊လင်းဇင်တစ်မြို့၊ လဝိုက်တစ်မြို့ သည်မြို့ကြီးတို့သည် ဆင်ကောင်း၊ မြင်းကောင်းလည်း များလေသည်။ လက်နက် ကိရိယာလည်း ထူထပ်လှသည်။ အသက်ကို အသက်မမှတ်၊ အမှုကို ထမ်းမည့်သူ သူရဲသူခက်နှင့် လည်း ပြည့်စုံလေသည်။ ရှမ်းပြည်၊ ယွန်းပြည်ကို ချီတော်မူသကဲ့သို့ မလောက် မလား မလေးမစား လုပ်ကြံတော်မမူသင့်ချေ။ အလုံးအရင်း အခိုင်အမြဲ စီရင် ခန့်ရန်တော်မူ၍ စည်းစည်း ကြပ်ကြပ် ချီတော်မူသည်ဖြစ်မှ အရေးတော်ပြီး လွယ်မည်" ဟူ၍ နားတော် လျှောက်သည်။ သီရိဇေယကျော်ထင် လျှောက်သော စကားကို ပညာဒလ ကြားလျှင် "ကျွန်တော် သီရိဇေယကျော်ထင် လျှောက် သော အရေးသည် စစ်ရေးပင် ဖြစ်ပေသည်။ သို့ရာတွင် ဘဝရှင် မင်းတရားကြီး နိုင်ငံတော် အလုံးတွင်ရှိသော ထီးဆောင်းမင်းအကာနှင့် တကွ ချီတော်မူ၍ လုပ်ကြံတော်မူသည်ကို ယိုးဒယား လင်းဇင်းမြို့မျှကို ထားဘိ၍ တရုတ်ဥတည် ဘွားပင် ဖြစ်သော်လည်း ခံနိုင်မည် မဟုတ်" ဟူ၍နားတော် လျှောက်သည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ပညာဒလ လျှောက်သော အရေးကို ကြိုက်တော်မူ၍ နိုင်ငံတော်အလုံးတွင်ရှိသော ထီးဆောင်းမင်း အပေါင်းတို့ကို အလုံးအရင်းနှင့်တကွ အလျှင်ရောက်စေဟူ၍ စေတော်မူသည်။

ယင်းသောခါ သောက်တော်ရေ တကောင်းဖုံး၊ စားတော် လက်ဖက်အိုး၊ သောက်ရေတော် ပတ္တမြားစီသော ဖလားကို ရွှေမျက်ပါးခပ်ဖေ့၍ တံခွန်ကြီး လေးတိုင်တွင် အပြည့်ထည့်တော်မူသည်။ ပြီးလျှင် ကောင်းမှုတော် မဟာစေတီ မှာ လှူတော်မူသည်။ သီလဝန် ဂုဏဝန်တို့နှင့်ပြည့်စုံသော သံဃာတော်တစ်ရာ တစ်ပါးတို့ကိုပင့်၍ ဆွမ်း လုပ်ကျွေးတော် မူသည်။ ပရိက္ခရာ ရှစ်ပါးနှင့်တကွ လှူဖွယ် ကျွဲခင်းလည်း လှူတော်မူသည်။ ယင်းသို့မှ ယိုးဒယားသို့ ချီတော်မူမည် ကို စီရင် ခန့်ရန်တော်မူသည်။ ဇင်းမယ်မြို့တွင် ရှိသော တိုက်လှေ၊ ကုန်လှေတို့ကို

ပြင်ဆင်လုပ်ဆောင်စေဟူ၍ စေတော်မူသည်။ ငင်းမယ်မင်းလည်း အမိန့်တော်အတိုင်း ဟူနှင်ရိစားနှင့် ဘုမ္မဂ်ရိစား နှစ်ယောက်ကို တပ်သားနှင့်တကွ အလျှင်လုပ်ဆောင် ပြင်ဆင်ရသည်။ ယင်းသို့မှ ယိုးဒယားသို့ ချီတော်မူမည်ကို ခန့်ရုံတော်မူသည်။ တပ်စဉ်ကား၊ လက်ဝဲရဲတိုက်မြင်းတစ်တပ်၊ တုရင်ရာဇာမြင်းတစ်တပ်၊ ရာဇတမန်မြင်းတစ်တပ်၊ နန္ဒသိန်းစည်းမြင်းတစ်တပ်၊ ဆင်တပ်မှာ နေမျိုးကျော်ထင်တစ်တပ်၊ ဗညားကျန်းတောတစ်တပ်၊ နန္ဒသကြံတစ်တပ်၊ သမိန်အဲပဲ့တစ်တပ်၊ သီရိဇေယနော်ရထာတစ်တပ်၊ နန္ဒကျော်ထင်တစ်တပ်၊ ဗညားပရဲ့တစ်တပ်၊ မိုးမိတ်စော်ဘွားတစ်တပ်၊ သီပေါစော်ဘွားတစ်တပ်၊ သမက်တော်အင်းဝဘုရင်သတိုးမင်းစောတစ်တပ်၊ မြင်းတပ်လေးတပ်နှင့် တပ်ပေါင်းတင်ဆယ်လေးတပ်တွင်ပါသည့် တိုက်ဆင်လေးရာ၊ မြင်းငါးထောင်၊ စစ်သည်သူရဲတစ်သိန်းလေးသောင်းနှင့် ရွေးဖျားချီရသည်။ လက်ယာယောဓာမြင်းတစ်တပ်၊ တုရင်ဗလ မြင်းတစ်တပ်၊ တုရင်သိဒ္ဓိမြင်းတစ်တပ်၊ စစ်တုရင်္ဂသူမြင်းတစ်တပ်၊ ဆင်တပ်မှာဘယကျော်ထင်တစ်တပ်၊ သမိန်သံလိုက်တစ်တပ်၊ မင်းမဟာတစ်တပ် သမိန်သံကျယ်တစ်တပ်၊ သရေစည်သူတစ်တပ်၊ သမိန်ရဲသင်ရုံတစ်တပ်၊ သီရိဇေယကျော်ထင်တစ်တပ်၊ မိုးညှင်းစော်ဘွားတစ်တပ်၊ မိုးကောင်းစော်ဘွားတစ်တပ်၊ ညီတော် တောင်ငူဘုရင်မင်းခေါင်တစ်တပ်၊ မြင်းတပ်လေးတပ်နှင့်တကွတပ်ပေါင်းတစ်ဆယ့်လေးတစ်တွင်ပါသည့် တိုက်ဆင်လေးရာ၊ မြင်းငါးထောင် စစ်သည်သူရဲတစ်သိန်းလေးသောင်းနှင့်ချီရသည်။ ။ လက်ယာရဲတိုင်မြင်းတစ်တပ်၊ ဘယရာဇာမြင်းတစ်တပ်၊ တုရင်ပုညာမြင်းတစ်တပ်၊ ဆင်တပ်မှာ မင်းရဲကျော်ထင်တစ်တပ်၊ သမိန်ရှိကရုတ်တစ်တပ်၊ နန္ဒကျော်ထင်တစ်တပ်၊ အဲမွန်တရာတစ်တပ်၊ လက်ဝဲနန္ဒမိတ်တစ်တပ်၊ သမိန်ဇိပ်ပွန်တစ်တပ်၊ ဇေယသကြံတစ်တပ်၊ အုန်းဘောင်စော်ပွားတစ်တပ်၊ မိုးနဲစော်ဘွားတစ်တပ်၊ ညီတော်ပြည်ဘုရင်သတိုးဓမ္မရာဇာတစ်တပ်၊ မြင်းတပ်လေးတပ်နှင့် တပ်ပေါင်းတစ်ဆယ့်လေးတပ်တွင်ပါသည့် တိုက်ဆင်လေးရာ၊ မြင်းငါးထောင်၊ စစ်သည်သူရဲ တစ်သိန်းလေးသောင်းနှင့် တစ်ကြောင်းချီရသည်။ လက်ယာတုရင်မြင်းတပ်၊ ဇေယတမန် မြင်းတပ်၊ တုရင်သိန်းစည်းမြင်းတပ်၊ တုရင်ယောဓာ မြင်းတပ်၊ ဆင်တပ်မှာ—ဇေယကျော်ထင် တစ်တပ်၊ ဗညားဒလ တစ်တပ်၊ စည်သူကျော်ထင် တစ်တပ်၊ ဗညားပရဲ့တစ်တပ်၊ ဘယကျော်ထင် တစ်တပ်၊ သမိန်မောခွင်တစ်တပ်၊ သခံယာတစ်တပ်၊ ညောင်ရွှေစော်ဘွားတစ်တပ်၊ သိန္နီစော်ဘွားတစ်တပ်၊ သားတော် မဟာဥပရာဇာတစ်တပ်၊ မြင်း လေးတပ်နှင့် တပ်ပေါင်းတစ်ဆယ့်လေးတပ်တွင် ပါသည့်

တိုက်ဆင်လေးရာ၊ မြင်းတစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းလေးသောင်းနှင့် ချီရသည်။

ဤသို့ ညီတော် သားတော်တို့ကို လေးစုပြု၍ ချီပေပြီးမှ တုရင်ဓေဝ မြင်းတစ်တပ်၊ ဒေဝသူရမြင်းတစ်တပ်၊ သူရိယကမ္မာမြင်းတစ်တပ်၊ တုရင်ယောဓာမြင်းတစ်တပ်၊ ဆင်တပ်မှာ ရာဇသကြံတစ်တပ်၊ ဗညားစက်တစ်တပ်၊ လက်ယာနန္ဒသူတစ်တပ်၊ သမိန်လကွန်းအိန် တစ်တပ်၊ သီဟပတေ့ တစ်တပ်၊ ယင်းကမူ ဘဝရှင်မင်းတရားကြီးဘုရားမှာ ဝင်းတော် လေးမျက်နှာတွင် ရှေ့တော်က တိုက်ဆင်တစ်ရာ၊ မြင်း တစ်ထောင်၊ စစ်သည်သူရဲ တစ်သောင်းတွင် နန္ဒယောဓာ တပ်မှူး၊ ရာဇယောဓာ စစ်ကဲ ခန့်တော် မူသည်။ လက်ယာတော်က တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်း-သက်ရှည်ကျော်ထင်ကို တပ်မှူး၊ဇေယရန္တမိတ်ကို စစ်ကဲ ခန့်တော်မူသည်။ လက်ဝဲတော်က တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်း--ဥဗိန်ကျော်ထင်ကို တပ်မှူး၊ နန္ဒသူကို စစ်ကဲ ခန့်တော်မူသည်။ နောက်တော်က တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်း၊လက်ယာဇေယသကြံကို တပ်မှူး၊ နန္ဒသီဟကို စစ်ကဲ ခန့်တော်မူသည်။ တပ်တော်တွင် ဝင်းတော် လေးမျက်နှာသားကို ရွှေဝိုင်း၊ ရွှေလှား၊ ရွှေကာ၊ ရွှေလုံနှင့်ချည်းလိုက်ရသည်။ ဗညားလောတစ်တပ်၊ ဘယသကြံ တစ်တပ်၊ သီရိဓမ္မာသောကတစ်တပ်၊သည်သုံးတပ်ကို ဟံသာဝတီတွင် အစောင့်အနေ ခန့်တော်မူသည်။ ။မင်းရဲသင်္ချာ တစ်တပ်၊ ဗညားဦးတစ်တပ်၊ သည်နှစ်တပ်ကို အရှေ့ဘက် မုတ္တမသုံးဆယ့်နှစ်မြို့ကို အစောင့်အနေ ခန့်တော်မူသည်။ ။စတုဂါမဏိ တစ်တပ်၊ သီရိဓမ္မရတ်တစ်တပ်-- သည်နှစ်တပ်ကို အနောက်ပုသိမ်သုံးဆယ့်နှစ်မြို့ကိုအစောင့်အနေ ခန့်တော်မူသည်။ ။သမိန်ဇော်ကရတ်တစ်တပ်၊ လက်ဝဲနန္ဒသူ တစ်တပ်၊ သည်နှစ်တပ်ကိုမူကား၊ ကောင်းမှုတော် မဟာစေတီ ပြုသည်ကို လုပ်ရစ်ရသည်။

ဤသို့ ပြည်အလုံးကို စီရင်ခန့်ရန်တော်မူ၍၊ သက္ကရာဇ် ၉၂၅-၃ တန်ဆောင်မုန်းလပြည့်ကျော်တစ်ဆယ့်နှစ်ရက်၊တနင်္လာနေ့၊ ယိုးဒယားသို့ ဟံသာဝတီက ချီတော်မူ၍၊ အောင်တင်သာစည် ဟူသော တပ်တော်တွင် ချတော်မူသည်။ အောင်တင်သာစည် တပ်တော်ကသည် ကမန်းပိုက်တိုင်သုံးဆယ့်နှစ်ခန်းချီတော်မူသည်။ကမန်းပိုက်တွင် တပ်တော်ကို အောင်ချာနဂိုရ် ဟူ၍ သမုတ်တော်မူသည်။ ဇင်းမယ်မင်းကား၊ နောက်တော် မလိုက်ဘဲ သောင်းကျန်း၍ နေရစ်လေသည်။ ဇင်းမယ်တွင် ရှိသော တိုက်လှေ သုံးရာကျော်ကိုမူကား၊ ဟူဂိရိစား၊ ဘုမ္မဂိရိစားတို့ ဇင်းမယ်က ချီခဲ့၍ လုပ်သောကြောင့် ဇင်းမယ်က မသိမ်းမယူ ရတော်မူသည်။

ကျန်လေ့တို့တွင် ဆန်စပါးတင်၍ ဆောင်ယူခဲ့ရသည်။ ကမန်း၊ ထိုတိုက်လေ့၊ ကမန်းပိုက်စားလည်း မြို့ပြ ကျုံးမြောင်း ကတုတ်၊ ပိုက်သို့ ရောက်တော်မူလျှင် ကမန်းပိုက်စားလည်း ရင်တား၊ မြင်းဆင်၍ လက်နက် ကိရိယာ စီစဉ်၍၊ မြို့က အခိုင် အလုံ ခံနေသည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း ရောက်တော်မူ၍ မိုးသောက်လျှင် ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့ကို ယခုပင် ကမန်းပိုက်မြို့ကို လုပ်ကြံတော်မူမည်။ ဆင်သည်လည်း ဆင်နှင့် မြို့ရင်းသို့ ရောက်စေ၊ မြင်းသည်လည်း မြင်းနှင့် မြို့ရင်းသို့ ရောက်စေ၊ ခြေသည်လည်း လှေကား တူးရွင်းကိုင်၍ မြို့ရင်းသို့ ချဉ်း၍ မြို့ကို တူးစေ အမိန့်တော် ရှိသည်။ တပ်မှူး စစ်ကဲ အပေါင်း တို့လည်း အမိန့်တော်အတိုင်း တည်အောင် စီရင်ကြသည်။ ဆင်သည် မြင်းသည် ခြေသည် အပေါင်းတို့လည်း အကြောက် မရှိ၊ မြို့ရင်းသို့ ချဉ်း၍ အချို့ မြို့တံခါးကို ဆင်နှင့် တိုက်သည်။ အချို့မြို့ကို တူးကုန်သည်။ အချို့ မြို့ကို တူးကုန်သည်။ ဤသို့လုပ်ကြံ ဝါးလှေကားထောင်၍ တက်သည်။ အချို့ မြို့ကို တူးကုန်သည်။ ဤသို့လုပ်ကြံ တော်မူလျှင် ထောင် တခဏချင်း လျှပ်တစ်ပြက်ကဲ့သို့ လက်ဝါးပြကာ အောင်မြင်တော်မူသည်။ ကမန်းပိုက်မြို့ ပျက်လျှင် ရဲမက်တော် အပေါင်းတို့ သုံ့ပန်းဖမ်းယူကြသည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဆင် မြင်း လက်နက် ကိရိယာကိုသာ သိမ်းယူတော်မူသည်။ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ အဝတ်အစားတို့ကို ရသသူ ယူရသည်။ ကမန်းပိုက်စားကိုလည်း သား ပယား အခြွေအရံနှင့်တကွ သိမ်းယူတော်မူ၍ အကြပ် ထားတော်မူသည်။ ဘယနန္ဒမိတ်နှင့် လက်ယာဝဇယသူကို အစောင့် အနေ ခန့်တော်မူသည်။ ယင်းသို့မှ ပညာဒလ ဤသို့ နားတော် လျှောက်သည်။ ယခု ယိုးဒယားမြို့ကို ဖျက်နိုင်စေ၍ သောဏ္ဍုတဲ၊ ပိသလောက်၊ သုဝဏ္ဏလောက်၊ ပိတ်စိ၊ တနသာရီသို့ ချီတော် မူ၍ သိမ်းယူတော် မူပြီးမှ ယိုးဒယား မင်းသည်၊ အတောင်ကျွတ်သော ငှက်ကဲ့သို့ ရှိမည် ဟူ၍ နားတော် လျှောက်သည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ပညာဒလ လျှောက်သောအရေးကို ကြိုက်တော်မူ၍ သားတော် မဟာဥပရာဇာနှင့် ညီတော် ဘုရင် မင်းခေါင်တို့ နှစ်ဆယ့်ရှစ်တပ်ကို သောဏ္ဍုတဲသို့ ချီ၍ လုပ်ကြံရသည်။ ညီတော် ပြည်ဘုရင် သတို့ဓမ္မရာဇာနှင့် သမက်တော် အင်းဝဘုရင်မင်းစောတို့နှစ်ဆယ့် ရှစ်တပ်သားကို ပိသလောက်သို့ချီ၍ လုပ်ကြံရသည်။ ။ဘဝရှင် မင်းတရားကြီး ဘုရားလည်းဆယ်တပ်နှင့် သုဝဏ္ဏလောက်သို့ ချီတော်မူသည်။

သားတော် မဟာဥပရာဇာတို့ ချီမှမှာ သောဏ္ဍုတဲ စားလည်း ဆင်လုံ မြင်းရင်း အများနှင့် မြို့ကထွက်၍ ကြိုလာသည်ကို တွေ့တော်မူလျှင် အသ

အတားမရှိ ဆင်ချွန်းဖွင့်ကာ လွှတ်ကြသည်။ သောကွတဲစား၊ အားမတန်၍ ထွက်လေ၏။ ရဲမက်တော်တို့လည်း နောက်ထပ်လိုက်၍ တိုက်သည်။ မြို့ရင်းသို့ ရောက်လျှင် မြို့ကိုတက်ဘိ၍ တစ်မြို့လုံးကို မြို့စားနှင့်တကွ ရတော်မူသည်။ ယင်းသို့မှ သောကွတဲစားနှင့်တကွ တစ်မြို့လုံးကို သိမ်းယူတော် မူခဲ့၍ ဘဝရှင် မင်းတရားကြီး ရှိရာသို့ ပေါင်းလာ၏။ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ ချီရာမှာ ပိသုလောကစားသည်၊ မြို့၊ မြို၊ ကျုံးမြောင်း၊ ကကုတ်၊ ရင်တား မြင်ဆင်၍ မြို့က ခံနိုင်သည်ကို ညီတော် သတိုးဓမ္မရာဇာတို့ ရောက်တော်မူလျှင် မြို့ကို ဝန်းရံ၍ ငါးရက်ခန့် ဆင် မြင်း ဗိုလ်ပါ တို့ကို ပြင့်တင်၊ မြို့လျှင် အမြောက်ကြီး ပြတပ္ပနှင့် မီးပေါက်မိုး ရွာစေပြီးမှ မြို့ကို ချဉ်း၍ ဆင်သည်၊ မြင်းသည်၊ ခြေသည် အပေါင်းတို့ လုပ်ကြံကြသည်။ မခံနိုင်၍ ပျက်လေ၏။ ပိသုလောကမြို့ကို ရတော်မူလျှင် မြို့စားနှင့်တကွ တစ်မြို့လုံးကို သိမ်းယူတော် မူခဲ့၍ ဘဝရှင် မင်းတရားကြီးဘုရား ရှိရာသို့ ပေါင်းလာသည်။

ဘဝရှင် မင်းတရားကြီး၊ ချီတော်မူရာမှာ သုဝဏ္ဏလောကစားလည်း ဘဝရှင် မင်းတရားကြီးဘုရား ချီတော်မူလာသည်။ ဆင်လုံး မြင်းရင်း စစ်သည် ဗိုလ်ပါ များလှသည် ဟူ၍ ကြားလျှင် လက်ဆောင် လက်နက် အများနှင့် ဆီးကြို၍ ကျွန်တော် ဘဝရှင် မင်းတရားကြီး ဘုရားကို အနိမတုံပါ၊ ယိုးဒယားမြို့ကို အလိုတော် ပြည့်လျှင် ကျွန်တော်မှာ ပင်ပန်းတော်မူရမည် အခွင်းမရှိပါဟူ၍ နားတော် လျှောက်သည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း သုဝဏ္ဏ လောကသို့ အရောက် ချီတော်မူ၍ ညီတော် သားတော် အပေါင်းကို ငံ့၍ နေ တော်မူသည်။ ယင်းသို့ စဉ်တွင် ဩယာ ပိတ်စိက လက်ဆောင် လက်နက် အများနှင့် ကျွန်တော်ခံလာသည်။ ညီတော် သားတော်တို့ အရောက်ညီလျှင် ဩယာ ဓမ္မရာဇာ၊ ဩယာ သုဝဏ္ဏလောက၊ ဩယာ ပိတ်စိတို့ကို ခေါ်ဆောင်မူ၍ ယိုးဒယားသို့ ချီတော်မူသည်။ သဝန်ခလောကသို့ ရောက်တော်မူလျှင် ညီတော် ပြည်ဘုရင် သတိုး ဓမ္မရာဇာကို ရေကြောင်း၊ တိုက်လှေ အများနှင့် ချီရသည်။ ဘဝရှင် မင်းတရားကြီး ဘုရားမှာ သားတော် မဟာ ဥပရာဇာတို့ မြင်းတပ် လေးတပ်နှင့် တပ်ပေါင်း၊ တစ်ဆယ့်လေးတပ်ကိုလက်ယာကြောင်း ချီရသည်၊ ညီတော် တောင်ငူဘုရင်မင်းခေါင်တို့ မြင်းတပ် လေး တပ် နှင့် တပ် ပေါင်း တစ်ဆယ့်လေးတပ်ကိုအလယ်ကြောင်းချီရသည်။ သမက်တော်အင်းဝဘုရင်သတိုး မင်းစောမြင်းတပ်နှင့်တကွ တပ်ပေါင်းတစ်ဆယ့်လေးတပ်ကို လက်ဝဲကြောင်း ချီရသည်။ ဘဝရှင် မင်းတရားကြီးမှာ မြင်းတပ် လေးတပ်နှင့်တကွ တပ်ပေါင်း

ဆယ်တပ် နောက်တုပ်၍ ချီတော် မူသည်။ သဝန် ခလောက်က ချီတော်မူ၍ တစ်စခန်း ရောက်တော် မူလျှင် ယိုးဒယားမင်း သမက် နောက်တော်တွင် ပါသော ဩယာဓမ္မရာဇာ လျှောက်သည်။ "အရေးတော်ပြီးမည် အကြောင်းကို ယိုးဒယားမင်းသို့ ကျွန်တော် စေပါမည်၊ ခွင့်ပြုတော် မူပါ" ဟူ၍ နားတော် လျှောက်သည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း "ဩယာ ဓမ္မရာဇာက ယိုးဒယားမင်းသို့ စေသည် လျှောက်ရာမှာ အလျှောက် စေရ လိမ့်မည်။ ငါလုပ်ကြံတော်" မူရသည်ကို ဇမ္ဗူဒိပ် မြေပြင်ဝယ် ခံနိုင်မည့် ပြည်ထောင်မင်း ရှိမည်လော" ဟူ၍ အမိန့်တော်ရှိသည်။ ဩယာဓမ္မရာဇာလည်း အမိန့်တော်ကို ကြားလျှင် ယိုးဒယားမင်းသို့ ဤသို့ စေသည်။ ဘဝရှင် မင်းတရားကြီးဘုရား ယခု ချီတော်မူလာရာမှာ "ညီတော်၊ သားတော် အစရှိသော ထီးဆောင်းမင်း အပေါင်းနှင့်ဖြစ်၍ ဆင် မြင်း ဗိုလ်ပါသည်း များလှသည်။ ညီတော်၊သားတော်၊ မှူးတော် မတ်တော် အပေါင်းတို့ သည်လည်း အသက်ကို စွန့်၍ အမှုကို ထမ်းမည်သူချည်း ဖြစ်သည်။ ယင်းသို့ ဖြစ်သောကြောင့် အရေးပြီးမည် အကြောင်းကို အလျှင် သိကြ၍ လျှောက်လေသည် ဖြစ်မှ စည်းစိမ် မပျက်၊ အသက်မသေ ရှိမည်" ဟူ၍ စေလိုက်သည်။

ယိုးဒယားဘုရင်လည်း အရေးအရာ လျှောက်လာ စေသသူကို ချုပ်၍ ထားပြီးလျှင် ယိုးဒယားဘုရင်သား ပြဓာဟိန် ဟူသော အိမ်ရှေ့မင်းကို တိုက်လှေ သုံးရာတွင် စိန်ပြောင်းမြတပူ လက်နက်ကိရိယာအများတင်၍ ကုလားဗရင်ဂျီ လှိုင်းကားအပေါင်းနှင့် ဆီးကြို၍ခံရသည်။ ခံလာကြောင်းကို ကြားတော်မူလျှင် နေမျိုးကျော်ထင်ကို မြင်းလေးတပ်တွင် အကြီးပြုစေ၍တစ်ကြောင်း၊ အယာကျော်ထင်ကို မြင်းလေးတပ်တွင် အကြီးပြုစေ၍တစ်ကြောင်း၊ နန္ဒကျော်ထင်ကို မြင်းလေးတပ်တွင် အကြီးပြုစေ၍ တစ်ကြောင်း သည်မြင်းတပ်တစ်ဆယ့်နှစ်တပ်နှင့် အမတ်ကြီးသုံးဦး ရှေ့လွှန်၍ အစုံအစမ်းချီရလေသည်။ ယိုးဒယားမင်း သား အိမ်ရှေ့မင်း ရေကြောင်း ချီလာသည်နှင့် တွေ့ကြလျှင် လှေက ကုလားတို့ ကြည်းသို့တက်၍ စိန်ပြောင်းမြတပူနှင့် ပစ်သည်။ မြင်းတော်သည်တို့ အသီအပါး အရှအန များလှချေသည်။ ယင်းသို့စဉ်တွင် သားတော် မဟာဥပရာဇာ၊ ညီတော် တောင်ငူမင်း၊ သမက်တော် အင်းဝမင်းတို့ ရောက်၍ ဆင်တပ်ဖိ၍ တိုက်လျှင် ယိုးဒယားသားတို့ မခံနိုင်၊ ပျက်၍ လှေတပ်သို့ ပေါင်းလေ၏။ ယင်းသို့စဉ်တွင် ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ လှေတပ် ရောက်လာ၍ တိုက်သည်။ယိုးဒယားက ဂိုလာသော လှေတပ် ပျက်၍ ကရဲကသီ

ကစဥ့်ကလျှား ရှိလေ၏။ တိုက်လေ့ တစ်ရာကျော်၊ လက်နက် ကိရိယာနှင့်တကွ ရတော်မူလိုက်၏။ သုံ့ပန်းလူ နှစ်ရာကျော်လည်း ရတော်မူသည်၊ သေလေသည်လည်း များ၏။ ယိုးဒယားဘုရင်သား အိမ်ရှေ့မင်းမှာကား လေ့လျှင်နှင့် အမြင်းဒါလေသောကြောင့် လွတ်လေသည်။ ယိုးဒယားဘုရင်လည်း အိမ်ရှေ့မင်း ရောက်လာလျှင် သားနှင့် ညီကို တိုက်ဆင် ၉ စီးရှာ၊ မြင်း ခြောက်ထောင်၊ စစ်သည်သူရဲ ခြောက်သောင်း စီရင်၍ အလျှင် ချီရသည်။ သားတော်မှာကား၊ တိုက်ဆင် သုံးရှာ၊ မြင်း ရှစ်ထောင်၊ စစ်သည်သူ ရှစ်သောင်းနှင့် နောက် တပ်မပြု၍ ချီရသည်။ လုံကာလိ ဟူသော အရပ်သို့ ရောက်လျှင် တပ်ခိုင်တပ်လုံ တည်၍ နေသည်။ သားနှင့် ညီကို ကြိုလာရသည်။

ဘဝရှင် မင်းတရားကြီးဘုရားက ရွှေလှနန်း၍ ချီစေသော မြင်းတပ်နှင့် တွေ့ကြလျှင် မြင်းတော်သည်တို့ လိုက်၍ တိုက်သည်၊ ယိုးဒယားမင်းတပ် အားမတန်၍ ရှေ့လေ၏။ ယင်းသို့စဥ့်တွင် ဆင်တပ်ရောက်၍ မနည်းကြာခံ၍ ပစ်ခတ်ကြသည်နှင့် စစ်ရေး ငင်ခဲ့၏။ ယိုးဒယားသားတို့လည်း ဆင်ပါ မြင်းပါပြိ၍ တိုက်လာသည်ကို နီးလျှင် သားတော် မဟာဥပရာဇာ၊ ညီတော် တောင်ငူမင်း၊ အင်းဝမင်းတို့လည်း အကြောက် အရွံ့မရှိ၊ ဆင်ချွန်းဖွင့်ကာ လွှတ်တော်မူကြသည်။ စော်ဘွား၊ စော်ကန်၊ တပ်မှူး၊ စစ်ကဲ အပေါင်းတို့လည်း သူ့ထက်ငါ ပွဲခအောင် ဆင်ချွန်းဖွင့်ကာ လွှတ်ကြသည်။ ယိုးဒယားမင်း သား၊ သမက်တို့ မခံနိုင်၍ ပျက်လေ၏။ စီးသည့် ဆင်နှင့်သာ လုံကာလိတပ်သို့ ပြေးဝင်လေ၏။ မဟာဥပရာဇာ၊ တောင်ငူမင်း၊ အင်းဝမင်း စသော စော်ဘွား၊ စော်ကန်၊ အမှူး၊ အမတ် အပေါင်းတို့လည်း ဆင်ပါ မြင်းပါ လိုက်၍ တိုက်သည်၊ တပ်ရင်းသို့ ရောက်လေ၏၊ ဆင် မြင်း လူ သူ ရသည် များ၏။

ယင်းသို့မှ ဘဝရှင် မင်းတရားကြီးဘုရား ရောက်တော်မူလျှင် တပ်မှူး စစ်ကဲ အပေါင်းတို့ကို ယခုပင် လုံကာလိတပ်ကို ငါ လုပ်ကြံတော်မူမည်၊ ဆင်သည်၊ မြင်းသည်၊ ခြေသည် အပေါင်းတို့ တပ်ရင်းသို့ ချဥ်း၍၊ ဆင်သည်လည်း ဆင်နှင့် တပ်ကို တိုက်စေ၊ မြင်းသည်လည်း မြင်းနှင့် တပ်ကိုချဥ်း၍ ကိုက်စေ၊ ခြေသည်လည်း လှေကား၊ တူးရွင်းနှင့် အချို တပ်ကို တူးစေ၊ အမိန့်တော်အတိုင်း မတည်ကြလျှင် ကြီးစွာသော အကျပ်ကို ခံရမည် ဟူ၍ တပ်တိုင်း အမိန့်တော် ပြန်ရသည်၊ တပ်မှူး စစ်ကဲ အပေါင်းတို့သည် အမိန့်တော်အတိုင်း တည်အောင် အသီးအသားမရှိ၊ သူ့ထက်ငါ တပ်ကို ပန်းရံ၍ လုပ်ကြံကြသည်။ တပ်ထဲလယ်ညှိကျော် သယ်တစ်ရက်၊ တနင်းလာနေ့၊ သင်္ဘောသုံးစင်းနှင့်တကွ လုံကာလိတပ်ကို ရတော်

မှသည်။ ယိုးဒယားဘုရင်လည်း မြင်းစီး၍ သား၊ သမက်တို့နှင့် မြို့ကွင်းသို့ ပြေးဝင်၍ လွတ်လေသည်။ ရဲမက်တော် အပေါင်းတို့လည်း လိုက်လံ၍ သုံ့ပန်း ယမ်းလု လေး၊ ဆင် မြင်း လူသူအများ ရတော်မူသည်။

ယင်းသို့ လိုက်လံတယ်တွင် ဘဝရှင် မင်းတရားကြီးဘုရား နေတော်မူ၍ ညီတော်၊ သားတော် မူးတော်၊ မတ်တော်တို့ကို ယိုးဒယားမြို့ကို မြဲကွင်းသို့ ဝန်းရံ၍ တပ်နှင့်ချည်း နေရလေသည်။ ဤသို့ ဝန်းရံတော်မူ၍ အချိန်ကြာမြင့်ပွန်း မြိုပေါက်ဖိုး ရွာစေလျှင် ယိုးဒယားတစ်မြို့လုံး အသား အမြောက်ကြီး မြူနှင့် မီးပေါက်မိုး ရွာစေလျှင် ယိုးဒယားတစ်မြို့လုံး အသား ဘေးတွေ့သို့ ကြောက်ရွံ့ကြကုန်၏။ အညွှန်ခံမည်အကြောင်းကို ယိုးဒယားမင်း အား လျှောက်ကြကုန်၏။ ယိုးဒယားဘုရင်လည်း သား၊ သမက်တို့နှင့် တိုင်ပင် မြို့လျှင်ဆင်ဖြူတစ်စီးကိုလက်ဆောင်ပြု၍ အမှူး အမတ်နှင့်တကွ အရာတော်သို့ ယိုးဒယားမင်း လျှောက်လာသည်။ လျှောက်ဟန်ကား "စည်းစိမ်မပျက်၊ အသက် မသေ ရှိပါမည်အကြောင်းကို ခွင့်ပြုတော်မူပါလျှင် ကျွန်ုပ် သစ္စာတော်ကိုခံ၍ ခြေရင်းတော်မှာ နေပါမည်။ ကျွန်ုပ်သား ကြမဟိန်ကိုမူကား၊ ယိုးဒယားမြို့ကို သနားတော်မူ၍ အစဉ်မပျက် မင်းပြုပါစေ" ဟူ၍ နားတော်လျှောက်လာသည်။ ဆင်ဖြူများသခင် ဖြစ်တော်မူသော ဘဝရှင် မင်းတရားကြီး ဘုရားသည်၊ ယိုးဒယားမင်းလျှောက်သော စကားကို ကြားတော်မူလျှင် ညီတော်၊ သားတော် မူးတော်၊ မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော် ရှိသည်။ "ယိုးဒယားမြို့လည်း သာသနာတော်မြတ် တည်ရာဖြစ်၍ ဘုရား၊ ဂူ ကျောင်း၊ အရိယာသံဃာများ ရှိသည်။ ထိုအရိယာသံဃာတို့သည် ယိုးဒယား မြို့ကို ဝေါဝန်းရံတော်မူသည်မှစ၍ အလွန် ကျဉ်းမြောင်းလှပေသည်။ ယင်းသို့ ဖြစ်သောကြောင့် ယိုးဒယားမင်းက လျှောက်လာသည်အတိုင်း ငါ ခွင့်ပြုတော် မူမည် အကြံတော်ရှိသည်။ ပသို့ ထင်ကြသနည်း" ဟူ၍ ခင်းကျင်း စိုင်းပြင်းတော် မူသည်။ ယင်းသောအခါ ဗညားဒလ လျှောက်သည်။ "ယိုးဒယားမင်းသည် အသက်ဆ သံစေတော်မူသောအခါ သောင်းကျန်း ရှိုင်းပြသော စကားကို ဆိုလေ သောကြောင့် မြို့ကြီးအထုနှင့် တူသော ဆင်လုံး မြင်းရင်း အပေါင်းနှင့် ချီတော်မူ၍၊ ယိုးဒယားကျေးလက် အပေါင်းတို့ကို သိမ်းယူတော် မူလျှင် ယိုးဒယားမင်းသည် အတောင်ကျွတ်သော ငှက်ကဲ့သို့ မထောင်ထားနိုင်၍ အသနားတော်ခံလာသည့် အရာမှာ သစ္စာတော်ကိုခံ၍ အမှုတော်ကို ထမ်းမည် ဆိုလျှင်ပင် အရေးတော် ပြီးတော့သည်။ သို့ရာတွင် ယိုးဒယားမင်းအကြီးနှင့် သား၊ သမီး၊ ဆင်ဖြူလေးစီးကို သိမ်းယူတော်မူမှ ပျပ်ဝပ်ကျိုးနွံမည် ဖြစ်သည်

ဟူ၍ နားတော် လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဗညားဒလလျှောက်သော စကားကို ကြားတော်မူလျှင် ယိုးဒယား မင်းနှင့် သား အိမ်ရှေ့ကို စီးမြဲနင်းမြဲ အစီးအနင်း၊ ဆောင်ယောင်မြဲ အဆောင် အယောင်နှင့်တကွ လာစေ ဟူ၍ အမိန့်တော်ရှိသည်။ ယိုးဒယားမင်း ဆရာတို့ မြန်လေ၍ အမိန့်တော်ကို ကြားလျှင် ယိုးဒယားမင်းနှင့် သား အိမ်ရှေ့ မြဲတို့ လည်း ဆင်ဖြူပေါက် နှစ်စီး၊ ဆင်ဖြူမတစ်စီး— ပေါင်း ဆင်ဖြူ သုံးစီးနှင့်တကွ အထူးထူးသော ပုဆိုးကောင်း၊ သက္ကလတ် အစိမ်း အနီ၊ ပတ္တမြား၊ ခါသပင်းဘာ၊ ဇော်ကရတ်ပုရိ၊ သင်္ကြီ၊ ဖဲ၊ မော်ယော်၊ နံ့သာနီ၊ နံ့သာဖြူ၊ ကရမက်၊ အကျော်၊ စပူ၊ ဘုမ္မသိန်၊ အန်ဘတ်၊ နှင်းရည်၊ ပရ ဆေး—များစွာ လက်ဆောင်တော် ယူ၍ စီးမြဲသော အစီးအနင်း၊ ဆောင်မြဲသော အဆောင် အယောင်နှင့် အမူ အမတ်အပေါင်း ဝန်းရံ၍၊ သက္ကရာဇ် ၉၂၅-ခု၊ တပေါင်းလဆန်း ၈-ရက် သောကြာနေ့၊ မြို့တွင်းက ထွက်သည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ထဲတော်ဦး မာရာဇင် တွင် ကျည်းရှည်တံခါးထားတော်မူ၍ မာရာဇင်တံခါးမြင် ထစ်ဆယ့်ငါးတောင် ခန့်တွင် နိုးခေါက်ဖျာထက် သင်ဖြူး အနားမှုမ်းခင်း၍ ထားသည်။ သား အိမ်ရှေ့မင်း နေရာကိုလည်း ယိုးဒယားမင်းနှင့် ငါးတောင်ခန့်ခွာ၍ ခင်းရသည်။ ယင်းကမှ သားတော် မဟာဥပရာဇာ၊ ညီတော် ပြည်ဘုရင်၊ တောင်ငူဘုရင်၊ အင်းဝဘုရင် စသော စော်ဘွား၊ စော်ကန်၊ မှူးတော်၊ မတ်တော် ဝေါ်ညား အပေါင်းတို့ကို နေရာစဉ်အတိုင်း ချတော်မူ၍ နေစေပြီးမှ ယိုးဒယားဘုရင်ကို ဝင်းတော်တံခါးမြင် ဝေါ်ယှဉ်၍ သက်ရသည်။ ရာဇသကြီးနှင့် နေ့ရာသီကြမ်းမှ တဲတော်ဦး နေရာတိုင် လိုက်ရသည်။ သား အိမ်ရှေ့မင်းမူကား ဝေါ်မယှဉ်ရ ဝင်းတော်မြင်ကသည် တဲတော်ဦးတိုင် ရာဇကမန်နှင့် ပုညယောသတို့ ကြမ်း ရသည်။ ယိုးဒယားဘုရင် အဆောင် အယောင် မူကား၊ အဆောင်ကိုင်တို့ တက်၍ မတည်ရ၊ ဝင်းတော်တွင်း တဲတော် အောက်ကနွားတွင် နေရသည်။ မြန်မာ မှူးသား၊ မတ်သားတို့ အဆောင် အယောင်ကို ယူ၍၊ ယိုးဒယားမင်း နေရာမှာ တည်ရသည်။ ယိုးဒယားမင်းကိုလည်း နေရာတွင် ထက်ဝယ်ဖွဲ့၍ နေရသည်။ ယင်းသို့ စီရင်ခန့်ရန်တော်မူပြီးမှ မာရာဇင်တံခါးကို ဖွင့်တော်မူ၍ တံခါးတွင်းက သလွန်တော်နှင့် နေတော်မူသည်။ ထွက်တော် မူသောခါ ယိုးဒယားမင်း ရှိမခိုးရ၊ လက်ယုက်၍သာ နေရသည်။

ယင်းသို့မှ ကြာ၍ အမိန့်တော်ရှိသည်။ "ငါသို့မသော အား ငါ၏ ပါနှင့်ပြိုင်သော မင်းကောင်း လုပ်ကြံရသည်ကို ဇမ္ဗူဒိပ် မြေပြင်ဝယ် ဘယ် ပြည်သော မင်းသည် ခံမည်နည်းဟူ၍ မိန့်တော်မူသည်။ ယိုးဒယားမင်းသည်လည်း ဘုန်းတော် တန်ခိုးတော် ကြီးမြတ်တော်မူသော မင်းဖြစ်တော်မူ၍ မျက်နှာသိုင်း၍ မတိုက် ဝံ့ဝိုင်းဘူးသည်ဟူ၍ နားတော်လျှောက်သည်။ ယင်းသို့မှ လက်ဆောင်တော်ကို သိမ်းစေ၍ ယိုးဒယားမင်း ကိုယ်မှစ၍ သားသမက် ညီအမွှာအဆွေတို့ကို အမွှာ တော်ပေးရသည်။ အမွှာတော် ပေးပြီးလျှင် ထိုးဒယားဘုရင့်သား ပြမဟိန်ကို ယိုးဒယားမြို့ကို ပေးတော်မူသည်။ ယိုးဒယားမင်း သမက် ပိသာလောက် သားကို လည်း ပိသာလောက်မြို့ကိုပင် ပေးတော်မူသည်။ သောက္ခတဲမြို့ကို စားသော ယိုးဒယားမင်း ညီကိုလည်း စားမြဲစားဟူ၍ အဆောင် အယောင်နှင့်တကွ ပေး တော်မူသည်။ ပိတ်စမြို့ကိုလည်း ယိုးဒယားမင်း ညီ အငယ်ကို စားမြဲစားဟူ၍ အဆောင်အယောင်နှင့်တကွ ပေးတော်မူသည်။

---

## ဒွါရာဝတီမည်သော ယိုးဒယားပြည်ကြီး၏ အကြောင်း

သက္ကရာဇ် ၇၁၀-တွင်၊ ဖြရာဇာဓိပတိ အမည်ရှိသော မင်းသည် တည်တော် မူသည်။ ဖြရာဇာဓိပတိ စည်းစိမ် နှစ်ဆယ်၊ သက္ကရာဇ် ၇၃၀-တွင်၊ အနိစ္စရောက် ၍ သားတော် ဖြရာဇာမသွန် မင်းဖြစ်တော်မူသည်။ ဖြရာဇာမသွန် မင်းစည်းစိမ် တစ်ဆယ်၊ သက္ကရာဇ် ၇၄၀ တွင်၊ အနိစ္စရောက်၍ သားတော် ပရမရာဇာ မင်း ဖြစ်တော်မူသည်။ ပရမရာဇာ မင်းစည်းစိမ် ကိုးနှစ်၊ သက္ကရာဇ် ၇၄၉-၌၊ အနိစ္စ ရောက်လျှင် သားတော်မဟာဓမ္မရာဇာ မင်းဖြစ်တော်မူသည်။ မဟာဓမ္မရာဇာ စည်းစိမ်တစ်ဆယ်ကိုးနှစ်၊ သက္ကရာဇ် ၇၆၈-၌၊ အနိစ္စ ရောက်လျှင် သားတော် ဖြစက္ကပတ် မင်းဖြစ်တော်မူသည်။ ဖြစက္ကပတ် စည်းစိမ် ခြောက်နှစ်၊ သက္ကရာဇ် ၇၇၄-၌၊ အနိစ္စရောက်လျှင် သားတော် ပေါရာဟံသ မင်းဖြစ်တော်မူသည်။ ပေါရာဟံသ စည်းစိမ်သုံးဆယ့်ခုနစ်၊ သက္ကရာဇ် ၈၁၁-ခုတွင်၊ အနိစ္စ ရောက်၍ သားတော် ပရမ ရာဇာဓိရာဇာ မင်းဖြစ်တော် မူသည်။ ပရမ ရာဇာဓိရာဇာ စည်းစိမ်သုံးဆယ့်ရှစ်၊ သက္ကရာဇ် ၈၄၉-ခုတွင်၊ အနိစ္စရောက်လျှင် သားတော် ပရမတိလောက မင်းဖြစ်တော်မူသည်။ ပရမတိလောက စည်းစိမ်လေး၊ သက္ကရာဇ် ၈၅၃-၌၊ အနိစ္စရောက်လျှင် သားတော် ဖြရာမာဓိပတိ မင်းဖြစ်တော် မူသည်။

ဖြူမာဒီဝတီ စည်းစိမ်တစ်ဆယ်ခုနစ်၊ သက္ကရာဇ် ၈၇၀ တွင်၊ အနိုင့်စရောက်၍ သားတော်ဖြူသာဓိရာဇာ မင်းဖြစ်တော်မူသည်။ ဖြူသာဓိရာဇာ စည်းစိမ်သုံးဆယ် သုံး၊ သက္ကရာဇ် ၉၀၃ ခုတွင်၊ အနိုင့်စရောက်၍ သားဖြူသိရိဒုရမ်မင်းဖြစ်တော်မူသည်။ ဖြူသိရိဒုရမ်စည်းစိမ်တစ်နှစ်၊ သက္ကရာဇ် ၉၀၄ ခုတွင်၊ အနိုင့်စရောက်၍ မယ်တော် မိဖုရား မင်းပြုတော်မူသည်။ မိဖုရားစည်းစိမ်တစ်နှစ်၊ သက္ကရာဇ် ၉၀၅ ခုတွင်၊ အနိုင့်စရောက်လျှင် သားတော် ဖြူသာဓိရာဇာမင်းဖြစ်တော်မူသည်။ ဖြူသာဓိရာဇာ မင်း နန်းတက်၍ ငါးနှစ်၊ သက္ကရာဇ် ၉၁၀ တွင်၊ ဟံသာဝတီက မင်းတရား ရွှေထီး ချီတော်မူ၍ လုပ်ကြံတော်မူသည်။ အရေးတော် မပြီး၍ တစ်နှစ်ရှိလျှင် မင်းတရားရွှေထီး အနိုင့်စရောက်တော်မူ၍ ခြားနားလေသည်ကို သက္ကရာဇ် ၉၂၅ ခုတွင်၊ ဆင်ဖြူ ဆင်နီများသခင် ဘဝရှင် မင်းတရားကြီး ဘုရားသည်၊ တိုင်းကြီး ပြည်ကြီးအပေါင်း ထီးဆောင်းမင်းတကာတို့နှင့် တကွ ချီတော်မူ၍ လုပ်ကြံ တော်မူလျှင် ဘုန်းလက်ရုံး အာဏာနှင့် ပြည့်စုံတော်မူသော မင်းတို့၏ နေရာ ဖြစ်သော ဒွါရာဝတီ အမည်ရှိသော ယိုးဒယားမြို့ကို ထက်ဝန်းကျင် ဆောင် မြင်တော်မူသည်။

ယင်းသို့မှ ယိုးဒယားမင်း အကြီး သားတော် မဟိန်ကို ထိန်ဖြူ မကိုဋ် မင်းမြောက်တန်းဆာ ငါးပါးနှင့်တကွ မင်းဆောင် မင်းဆောင် မင်းခမ်း မင်းနား ပေးတော်မူ၍ ယိုးဒယားမြို့ကို မင်းပြုတော်မူရသည်။ ယိုးဒယားမင်း အကြီးနှင့် သားအငယ် ဖြူရာမသွန်၊ အမတ်ကြီးအောက်ဖြစ်၍ ဆင်ဖြူ လေးစီး ကိုကား ယူတော်မူခဲ့၍ ခြေရင်းတော်မှာ ဖြူရသည်။ ယိုးဒယား မြို့နှံမှာ တစ်နှစ်ကိုတိုက်ဆင် သုံးဆယ်၊ ငွေသုံးရာ၊ တနင်္သာရီ သဘော်အခကော် အခွန် ကို နှစ်စဉ် ဆက်ရသည်။ ယိုးဒယားမြို့တွင်ရှိသော ပန်းထိမ်၊ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းသယာ၊ သောင် သည်၊ ဆင်ဆေးသမား၊ မြင်းဆေးသမား၊ လက်သမား၊ ဗိသုကာ၊ ဆံထုံးသောင် သည်၊ အငြိမ့်အငြောင့် တတ်သသူ၊ အထုံ နှံ့သာတတ်သသူ၊ ပန်းဆိုး နယ်နှံတတ်သသူ၊ အကြော်အလော် တတ်သသူ- သည်သူတို့ကို ရွေးယူတော်မူ၍ သား မယားနှင့် အပေါင်းအကျစ် ထတ်သသူ- သည်သူတို့ကို ရွေးယူတော်မူ၍ အကျက်အရပ် ချတော်မူ၍ နေရ တကူ အသီးအသီး ဟံသာဝတီသို့ ပို့တော်မူ၍ အကျက်အရပ် ချတော်မူ၍ နေရ တကူ အသီးအသီး ဟံသာဝတီသို့ ပို့တော်မူ၍ အကျက်အရပ် ချတော်မူ၍ နေရ သည်။ ယိုးဒယားမြို့တွင် ရှိသော ဘုရား၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်တောင်း တို့ကိုလည်း လုပ်ဆောင် ပြင်ဆင်စိုက်ပျိုး၍ ရေသုံးရာ နှမ်းပြီး ပျက်လေသည်များကိုလည်း လုပ်ဆောင် ပြင်ဆင်စိမ့်မည်ဟူ၍ ရေသုံးရာ ယိုးဒယားမင်းကို အပ်တော်မူသည်။ ပဌင်းလည်း၊ ဆက်တော်ခေါ် ခံတော်မူ၍ သထုံလည်းတစ်ရာပင့်၍ရှုမ်းလုပ်ကျွေးတော်မူသည်။ ပရိက္ခရာရှစ်ပါးလည်းအစုံ

လှူတော်မူသည်။ ယင်းသို့မှ ယိုးဒယားမင်းက ချစ်ကြည် လေးမြတ်လှစွာသော သမီးနှင့်တကွ ရွှေပိသာ၁တစ်ရာ လုပ်သော မင်းဆောင်၊ မင်းယောင်၊ မင်းခမ်း၊ မင်းနား၊ ငွေတစ်ရာ၊ ဆင်ကောင်းတစ်ဆယ် ဆက်ပြန်သည်။ သားတော် မဟာဥပရာဇာ၊ ညီတော် တောင်ငူမင်း၊ ပြည်မင်း၊ အင်းဝမင်း တို့ကိုလည်း ဆင်၊ မြင်း၊ ရွှေ၊ ငွေ၊ အဝတ်အစား၊ အသိုက်အခလျှောက် ပေးသည်။ ဤသို့ ယိုးဒယား တစ်မြို့လုံးကိုစီရင် ခန့်ရန်တော်မူ၍ တန်ခူး လပြည့်ကျော် နှစ်ရက်၊ အင်္ဂါနေ့ ယိုးဒယားက ပြန်တော်မူသည်။ သက္ကရာဇ် ၉၂၆-ခု၊ နယုန်လဆန်း ခြောက်ရက်၊ ဗုဒ္ဓဟူးနေ့၊ ဟံသာဝတီနေပြည်တော်သို့ ရောက်တော်မူသည်။ ။သီဘင်းကျွတ်လဆန်း ကိုးရက်၊ ဗုဒ္ဓဟူးနေ့၊ ရာဇဒေဝီမိဖုရား နတ်ပြည် စံတော်မူသည်။ ရှင်မိဖုရား နတ်ပြည်စံတော်မူလိုသော် ခုနစ်ရက်တိုင်တိုင် မြေကြီးလျှောင် မြင်းစွာ လှုပ်၍၊ ဒဂုန် ဆံတော်ရှင်၊ ရွှေမော်ဓော၊ မဟာစေတီ၊ ကျိုက်ကို အစရှိသော မွန်ပြည်တွင် ဘုရား၊ ဂူ၊ ကျောင်း ပြိုပျက်သည် များ၏။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ပြိုပျက်လေသော ဘုရား၊ ဂူ၊ ကျောင်းတို့ကို လုပ်စိမ့်မည် ဟူ၍ ဗညားကျန်း၊ ဗညားပရံ၊ ဘယသကြံ၊ တာနေ၁၊ တရဖျား သည်အမတ် ငါးယောက်တို့ကို တိုက်တော်က ငွေတစ်ရာထုတ်၍ အုတ်ဖိုးစရိတ် အပ်တော်မူသည်။ ဇင်းမယ်သို့ ချီတော်မမူခင် ဒဂုန် ဆံတော်ရှင်၊ မဟာစေတီ အည်ဘုရားရှစ်ဆူကို လုပ်ရသည်။

ယင်းသို့မှ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း သားတော် မဟာဥပရာဇာ၊ အစရှိသော မှူးတော်၊ မတ်တော် အပေါင်းတို့ကို ခေါ်တော် မူ၍၊ "ယခု ဇင်းမယ်မင်းသည် ငါ့ လက်နက်နိုင်ငံ ဖြစ်ပြီးမှ သောင်းကျန်း ပုန်ကန်လေသည့် အရေးမှာ အစ်ကိုတို့စိတ်တွင် ပသို့ထင်သနည်း" ဟူ၍ အမိန့်တော် ရှိသည်။ ယင်းသောခါ သားတော် မဟာဥပရာဇာ လျှောက်သည်။ "ဇင်းမယ် မင်းသည် ယိုးဒယားသို့ နောက်တော်မလိုက်နေရာမှာ ယိုးဒယားမြို့ကို လုပ်ကြံ တော်မူသော်လည်း ရနိုင်မည်မဟုတ်၊ ယိုးဒယားမြို့ကို မရလျှင် ယိုးဒယား မင်းသည် ငါနှင့်တစ်ချက်တည်းငါ့အဆွေ ခင်ပွန်းရင်း ဖြစ်သည်။ ငါခြားနား၍ ဟံသာဝတီက ချီလာလျှင် ယိုးဒယားမင်းသည် ငါ့က ကူညီလတ်မည်။ လင်းဇင်း မင်းလည်း ကူညီလတ်မည်။ ဤသို့ ထင်သောကြောင့် ခြားနားမိလေသည်။ ယခု ချီတော်မူလျှင် ခံဝံ့မည်မထင်" ဟူ၍ နားတော် လျှောက်သည်။ မဟာ ဥပရာဇာ လျှောက်သော စကားကို ရုက္ခတေး ကြားလျှင် ဤသို့ လျှောက်ပြန် သည်။ "ဇင်းမယ်မင်းသည် အထက်က လုပ်ကြံတော်မူ၍ လက်နက် နိုင်ငံတော်

ဖြစ်သည်မှ စ၍၊ သောင်းကျန်း ပုန်ကန်မည့် အကြံကိုသာ ကြံ၍ နေလေသည်။ ယိုးဒယားမြို့ကို လုပ်ကြံတော်မူ၍ လက်နက် နိုင်ငံတော် ဖြစ်သော်လည်း လင်းဇင်းပြည်ကြီး၊ လဝိုက်ပြည်ကြီးတို့သည် သူနှင့်တစ်ချက်တည်းဖြစ်လေသည်။ လင်းဇင်းပြည်၊ လဝိုက်ပြည်ကြီးတို့သည်လည်း၊ ဆင်ကောင်း၊ မြင်းကောင်း၊ သူ၏ သူခက်ကောင်း များလှသည်။ ပေါပေါ် လျှော့လျှော့ မလေးမစား ချီတော်မမူသင့်ချေ။ ယိုးဒယားမြို့ကို လုပ်ကြံတော်မူသကဲ့သို့ ဆင်လုံး မြင်းရင်း အများနှင့် စည်းစည်းကြပ်ကြပ် ချီတော်မူမှ သင့်မည် ထင်သည်" ဟူ၍ နားတော် လျှောက်သည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း စစ်ကဲလျှောက်သော အရေးကို ကြိုက်တော်မူ၍ ဇင်းမယ်သို့ ချီတော်မူမည်ကို ခန့်ရန်တော်မူသည်ကား–ပိုးကောင်းစော်ဘွားတစ်တပ်၊ မိုးညှင်းစော်ဘွားတစ်တပ်၊ မိုးမိတ်စော်ဘွားတစ်တပ်၊ အုန်းဘောင်စော်ဘွားတစ်တပ်၊ သီပေါစော်ဘွားတစ်တပ်၊ ညောင်ရွှေစော်ဘွား တစ်တပ်၊ ပိုးနဲ့စော်ဘွား တစ်တပ်၊ သီဟပတေ့ တစ်တပ်၊ မင်းရဲကျော်ထင် တစ်တပ်၊ သမက်တော် အင်းဝဘုရင် သတိုးမင်းစော တစ်တပ် သည် ဆယ်တပ်တွင် ပါသည့် တိုက်ဆင် ငါးရာ၊ မြင်း ခြောက်ထောင်၊ စစ်သည် သူရဲ တစ်သိန်းနှစ်သောင်းနှင့် သတိုးမင်းစောကို ဗိုလ်ချုပ် ခန့်တော်မူ၍ မိုးနဲ့ကြောင်း ဇင်းမယ်သို့ ချီရသည်။ မြေရင်းတော်က ချီရသော တပ်စဉ်ကား လက်ဝဲရဲတိုင် မြင်းတပ်၊ ရာဇဘယန် မြင်းတပ်၊ တုရင်ရာဇာ မြင်းတပ်၊ နန္ဒသိန်စည်၊ မြင်းတပ်၊ တုရင်ဗလ မြင်းဘတ်၊ ဆင်တပ်မှာ–နေမျိုးကျော်ထင် တစ်တပ်၊ သမိန်ရဲသင်ရုံ တစ်တပ်၊ နန္ဒသကြံ တစ်တပ်၊ ဗညားကျန်းဘော တစ်တပ်၊ သရေစည်သူ တစ်တပ်၊ ဗညားဒလတစ်တပ်၊ သီရိဇေယကျော်ထင်တစ်တပ်၊ ဗညားစက်တစ်တပ်၊ စည်သူကျော်ထင် တစ်တပ်၊ သားတော် မဟာဥပရာဇာ တစ်တပ်၊ မြင်း ငါးတပ်နှင့် တပ်ပေါင်း တစ်ဆယ့်ငါးတပ်တွင်ပါသည့် တိုက်ဆင် ငါးရာ၊ မြင်း ခြောက်ထောင်၊ စစ်အည်သူရဲ တစ်သိန်း နှစ်သောင်းနှင့် လက်ယာကြောင်း ချီရသည်။ ။လက်ယာယောခ မြင်းတပ်၊ ဘယရာဇာ မြင်းတပ်၊ တုရင်သိဒ္ဓိ မြင်းတပ်၊ တုရင်ဗညားမြင်းတပ်၊ စစ်ဘုရင်သူ မြင်းတပ်၊ ဆင်တပ်မှာ နန္ဒကျော်ထင်တစ်တပ်၊ သမိန်သံကျယ်တစ်တပ်၊ သခ်ယာတစ်တပ်၊ သမိန်ပုဂိုရဇ် တစ်တပ်၊ မင်းမဟာတစ်တပ်၊ အမွန်တရာတစ်တပ်၊ နန္ဒကျော်သူတစ်တပ်၊ သမိန်သံလိုက်တစ်တပ်၊ ဘယကျော်ထင်တစ်တပ်၊ ညီတော်ပြည်ဘုရင် သတိုးဓမ္မရာဇာ တစ်တပ်၊ မြင်းတပ်ငါးတပ်နှင့် တပ်ပေါင်းတစ်ဆယ့်ငါးတပ်တွင်ပါသည့် တိုက်ဆင်

ငါးရာ၊ မြင်း ခြောက်ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် အသယ် ကြောင်း ချီရသည်။

လက်ယာရဲတိုင် မြင်းတပ်၊ လက်ဝဲဘယ မြင်းတပ်၊ ဇေယဘခန် မြင်းတပ်၊ လက်ယာတုရင်မြင်းတပ်၊တုရင်ယောဓာ မြင်းတပ်၊ဆင်တပ်မှာ–ဇေယကျော်ထင် တစ်တပ်၊သမိန်ဇိပ်မှန် တစ်တပ်၊ ဘယကျော်သူ တစ်တပ်၊ သမိန်မောခွင်တစ်တပ်၊ ရာဇသင်္ကြံ တစ်တပ်၊ ဗညားပတ် တစ်တပ်၊ သက်ရှည် ကျော်ထင် တစ်တပ်၊ ဗညားလော တစ်တပ်၊ နန္ဒယောဓာ တစ်တပ်၊ညီတော် ဘောင်ဒုတုရင်မင်းခေါင် တစ်တပ်၊ မြင်းငါးတပ်နှင့် တကွ တပ်ပေါင်းတစ်ဆယ့်ငါးတပ်တွင်ပါသည့်တိုက်ဆင် ငါးရာ၊ မြင်းခြောက်ထောင်၊ ဗိုလ်တစ်သိန်းနှစ်သောင်းနှင့် လက်ဝဲကြောင်းချီရသည်။ တုရင် သိန်းစည်း မြင်းတပ်၊ တုရင် ဒေဝမြင်းတပ်၊ ဒေဝသူရိမြင်းတပ်၊ သူရကမ္ဘာ မြင်းတပ်၊ ဂဇသီရိ မြင်းတပ်၊ ဆင်တပ်မှာ–ယိုးဒယားမင်း သမက် ဇေယသင်္ကြံတစ်တပ်၊ ဩယာသုဝဏ္ဏလောက်တစ်တပ်၊ ဩယာမနုရာဇာတစ်တပ်၊ ဩယာသောဘ္ဘတတစ်တပ်၊ သီရိ ဇေယ နော်ရထာ သက်တော်ရှည်တစ်တပ်၊ ဩယာပိတ်စိတစ်တပ်၊ စတုဂ ါမဏိတစ်တပ်၊ မင်းရဲသခ်ယာတစ်တပ်၊ တုတော် သဒ္ဓါဝတီ မင်းရဲကျော်ထင် တစ်တပ်၊ မြင်းတပ် ငါးတပ်နှင့် တကွ တပ်ပေါင်း တစ်ဆယ့်ငါးတပ်တွင်ပါသည့် တိုက်ဆင် ငါးရာ၊ မြင်း ခြောက်ထောင်၊ စစ်သည်သူရဲတစ်သိန်းနှစ်သောင်းနှင့်ဣန္ဒဂိရိကသည်ဇင်းမယ်သို့ ချီရသည်။ ဒေဝသာရ မြင်းတပ်၊ ဇေယတုရင်မြင်းတပ်၊ ဒေဝဘယ မြင်းတပ်၊ တုရင်ကျော် မြင်းတပ်၊ ဒေဝသီရိမြင်းတပ်ဆင်တပ်မှာလက်ယာရန်သူတစ်တပ်၊ သမိန်လကွန်းအိန် တစ်တပ်၊ ဘယဂ ါမဏိ တစ်တပ်၊ သမိန်ဇော်အရတ်တစ်တပ်၊ နေမျိုးသခ်ယာ တစ်တပ်၊ မင်းရဲ လုလင်တစ်တပ်၊နန္ဒမိတ် ကျော်ထင်တစ်တပ်၊ သမိန် အဲပရဲ တစ်တပ်၊ ဇေယဂ ါမဏိတစ်တပ်၊မြင်း ငါးတပ်နှင့် တကွ အဝရှင် မင်းတရားကြီး တပ်မတော်နှင့် တပ်ပေါင်းတစ်ဆယ့်ငါးတပ်တွင် ပါသည့် တိုက်ဆင် ခုနစ်ရာ၊ မြင်း ငါးထောင်၊ စစ်သည်သူရဲ တစ်သိန်းငါးသောင်း ပါသည်။ တပ်မတော်တွင် ဝင်းတော် လေးမျက်နှာသသားကို ရွှေဂိုင်း၊ ရွှေလှား ရွှေအာ၊ ရွှေလုံနှင့်ချည်း စုံရသည်။ ရွှေတော်ကဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် နန္ဒကျော်ထင်ကို တပ်မှူး၊ ဘယနန်သူကို ခင်းကဲခန့်တော်မူသည်။ ။လက်ယာတော်က တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်ပါ တစ်သောင်း၊ သက်ရှည်ကျော်ထင်ကို တပ်မှူး၊ ဇေယရန္တမိတ်ကို စစ်ကဲခန့်တော်မူသည်။ ။လက်ဝဲတော်ကတိုက်ဆင်တစ်ရာ၊မြင်းတစ်ထောင်၊ဗိုလ်တစ်သောင်း၊

ဥဒိန် ကျော်ထင်ကို တပ်မှူး၊ ဘယရန္တမိတ်ကို စစ်ကဲ ခန့်တော် မူသည်။ နောက်တော်က တိုက်ဆင် တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်း၊ လက်ယာ ဇေယျသင်္ကြံကို တပ်မှူး၊ နန္ဒသိင်္ဃကို စစ်ကဲခန့်တော်မူသည်။ ကုလားတစ်ထောင်ကိုလည်း ဦးရစ် ခါးစည်း စည်းစေ ပြီးလျှင် သေနတ် စွဲစေ၍ ဆင်တော် ရှေ့နောက် နံပါးနှစ်ဘက် လိုက်ရသည်။ ကုလား၊ ဗရင်ဂျီ လေးဆူ တို့ကိုလည်း ဝိန်ပြောင်းစွဲစေ၍ လက်ဝဲလက်ယာရှေ့နောက်လိုက်ရသည်။ ဗညားပရုတ်တစ်တပ်၊ တရဗျား တစ်တပ်၊ တခနေ တစ်တပ်၊ ဘယသင်္ကြံ တစ်တပ်၊ သည်ငါးတပ်ကို အလုံးအရင်းနှင့်တကွ ဟံသာဝတီ ရွှေမြို့တော်ကို အစောင့်အနေ ခန့်တော်မူ၍ ရွှေမော်ဓောဘုရား၊ မဟာစေတီဘုရား ပြီးမျက်လေသည်များကို လုပ်ရစ်ရသည်။

ဤသို့ စီရင် ခန့်ရန်တော်မူ၍ သက္ကရာဇ် ၉၂၆–ခု၊ တန်ဆောင်မုန်း လပြည့်ကျော် လေးရက်၊ တနင်္လာနေ့- ဟံသာဝတီက ချီတော်မူ၍ ဇေယ ဘာဇည်ဟူသောတပ်တော်တွင် ချတော်မူသည်။ ယင်းကသည် ထုန်းတလင်တိုင် တစ်ဆယ် တစ်ခန်းချီတော်မူသည်။ ယင်းကသည် လပုန်းတိုင်အောင် နှစ်ဆယ်နှစ်ခန်း ချီတော်မူ၍ ရန်မြစ်ဘွင်ဟူသော တပ်တော်တွင် ချတော်မူသည်။ ဤသို့ မြေကြီး အထုနှင့် တူသော ဆင်လုံး မြင်းရင်းနှင့် ချီသာကြောင်းကို ဇင်းမယ်မင်းက ကြားလျှင် ဇင်းမယ်မင်း၊ အမတ်၊ ဇင်းငသည်စား၊ သည်သုံခံသူ လကွန်းစား၊ သံလံခံသူ အနန်းစား၊ တုဗိုင်းစားတို့သည် သားမယားကိုသူ၍ ဇင်းမယ်မြို့က တွက်ပြေးလေ၏။ ဇင်းမယ်မင်းလည်း အသက်သေမည်ကို ကြောက်၍ ဆင်ကောင်း လေးစီးနှင့် အထူးထူးသော တရုတ်ပုဆိုး၊ ကတ္တီပါအစရှိ လက်ဆောင်ဆော်ယူ၍ ဆင်ဖြူများသခင် ဘုရင့် မင်းတရားကြီးကို ကျွန်တော် အထူးအဆမရှိပါ။ ဇင်းငသည်စား၊ လကွန်းစား၊ အနန်းစား၊ တုဗိုင်းစားတို့သာ ကျေးဇူးသခွာ တော်ကို ဖောက်ပြန်လေသည်။ ယခုလည်း ချီတော်မူလာပြီကြောင်း ကြားလျှင် မိမိတို့ အလုံးအရင်းနှင့်တကွ လင်းဇင်းသို့ ဝင်မည်ဟူ၍ ပြေးလေသည် အကြောင်းကို သိကြို၍ လျှောက်လာသည်။ ဆင်ဖြူများသခင် ဘုရင့်မင်းတရားကြီးသည်း ဖူးဇာတ်နှင့် ပြည့်စုံတော်မူသော ဇာတ်ချင်းဖြစ်တော်မူ၍ မည်သို့မျှ မိန့်တော်မမူ လပုန်းသို့ အရောက် ချီတော်မူ၍ မိုးနဲ့ခြင်း၊ ချီသာသော အင်းဝဘုရင် သတိုးမင်းစောကို ပုံတော်မူသည်။ ငါးရက်ခန့်ရှိ၍ သမက်တော် အင်းဝဘုရင် ရောက်လျှင် အင်းဝဘုရင် သတိုးမင်းစောတို့ ဆယ်ဆယ်အနက် မိုးမိတ်စော်ဘွား၊ မိုးကောင်း စော်ဘွား၊ မိုးညှင်း စော်ဘွားတို့ သုံးဆယ်လုံးကို နတ်တော်မူ၍ သမိန်လကျွန်းအိမ်တစ်တပ်၊ ဘယဂါမဏီတစ်တပ်၊ မင်းရဲလုလင်တစ်တပ် သည်

သုံးထပ်ကို အမက်တော်တို့မှာ ဆယ်တပ်ပြည့်အောင်ဖြည့်၍ တစ်ကြောင်း၊ သားတော် မဟာဥပရာဇာတို့ တစ်ဆယ့်ငါးတပ်မှာ တစ်ကြောင်း၊ တူတော် သာယာဝတီ မင်းရဲကျော်ထင်တို့ တစ်ဆယ့်ငါးတပ်မှာ တစ်ကြောင်း၊ ဇင်းသည်စား၊ လကွန်းစား၊ အနန်းစား၊ တုရိုင်းစားတို့မြေးရာသို့ သုံးကြောင်းခွဲ၍ လိုက်ရသည်။ မှာတော်မူသည်ကား "လင်းဇင်းသို့ ဝင်လေသည့် ငါ့ကျွန်ကို လင်းဇင်းမင်းတို့ကို ရအောင်တောင်း၊ မပေးလျှင် လင်းဇင်းမြို့ကိုရအောင် လုပ်ကြလေ"ဟု၍ မိန့်တော်မူသည်။

ဆင်ဖြူများသခင် ဘုရင် မင်းတရားကြီးဘုရားလည်း ညီတော်ပြည်မင်းတို့ တစ်ဆယ့်ငါးတပ်ကိုလက်ယာကြောင်း၊ ညီတော်တောင်ငူမင်းတစ်ဆယ့်ငါးတပ်ကို လက်ဝဲကြောင်း၊ ဘုရင်မင်းတရားကြီးဘုရားနှင့် ဆယ့်ငါးတပ်မှာ အလယ်ကြောင်း၊ ဇင်းမယ်သို့ ချီတော်မူသည်။ ဇင်းသည်စားလည်း မိုးလုံးတောသို့ ရောက်လျှင် လင်းဇင်းသို့ မပေါက်နိုင်၍ သား မယား အလုံး အရင်းနှင့်တကွ တောတွင်ပုန်း၍ နေသည်ကို သူကျိုတို့ လျှောက်လာ၍ ကြားတော်မူလျှင် ညီတော်တောင်ငူဘုရင် မင်းခေါင်တို့ တစ်ဆယ့်ငါးတပ်ကို မိုးလုံးတောသို့ အလျှင်ချီ၍ ဖမ်းရလေသည်။ ဇင်းသည်စားလည်း မလွတ်နိုင်ရာအမှတ်ရှိ၍ ဆင်ကောင်းနှစ်စီး၊ သမီးကို လက်ဆောင်ပူ၍ "ဘုရင် မင်းတရားကြီးကို ကျွန်တော် အထွေအရာမရှိပါ၊ ကြောက်လှသောကြောင့်သာ ပုန်း၍ နေပါသည်"ဟု နားတော် လျှောက်သည်။

ဆင်ဖြူများသခင် ဘုရင် မင်းတရားကြီး ဘုရားလည်း မင်း၏ တရားဆယ်ပါးတွင် အကောဓ ဟူသော ပါဠိတော်နှင့်အညီ အမျက်တော်ကို ချုပ်တော်မူ၍၊ ခန္တီ ဟူသော ပါဠိတော်နှင့်အညီ သည်းခံတော်မူ၍ ဇင်းသည်စား အသက်ကို လွှတ်တော်မူသည်။ အခြွေအရံကို မူကား၊ အစုစုခွဲ၍ ထားတော်မူပြီးလျှင် ဇင်းသည်စားကို သား မယားနှင့်တကွ ခြေရင်းတော်တွင် အစွာတော်ပေး၍ ထားတော်မူသည်။ ယင်းသို့မှ ဇင်းငသည်သို့ အရောက် ချီတော်မူ၍ ရန်လုံးထိပ်နင်း ဟူသော တပ်တော်တွင် ချရပ်နေတော်မူသည်။ ယင်းသို့မှ ညီတော် ပြည်ဘုရင်တို့ တစ်ဆယ့်ငါးတပ်ကို ဇင်းရုံသို့ ချီရသည်၊ ငါးခန်း ရောက်လျှင် အစွာကိုလည်း ခံမည်လော၊ စစ်ဘည်း ပြိုင်မည်လော ဟူ၍ ဇင်းရုံသို့ စာနှင့် စေတော်မူသည်။ ဇင်းရုံစားလည်း စာကိုကြားလျှင် စေသူတို့ကို သတ်၍ ပစ်လေ၏။ ထိုအကြောင်းကို သတိုးဓမ္မရာဇာ ကြားတော်မူလျှင် ဇင်းရုံသို့ နေ့ညဉ့်မဆိုင်း ချီ၍ ရောက်တော်မူလျှင် အဆီးအတားမရှိ ခွပ်ချပ်ချုံ၍

လုပ်ကြံတော်မူသည်။ ငင်းချီ၍ မခံနိုင်၍ ပျက်လျှင် ငင်းရုံစားလည်း ယိုးဒယားနှင့်တကွ လွှက်ပြေးလေ၏၊ ဆင်ကောင်း၊ မြင်းကောင်း၊ သားမောင်းနှင့်တကွ တစ်မြို့လုံးကို ရတော်မူသည်။ ယင်းသို့ရလျှင် ရာဇပုလ္လင်ကို သိမ်းယူတော်မူ၍၊ ငင်းဒေသည်သို့ ပြန်တော်မူကြသည်။ ရောက်လျှင် ရသည့် ဆင်မြင်း လူသူအပေါင်းတို့ကို လက်ဆောင်ဘော် ဆက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း အားရတော်မူ၍၊ ညီတော် ပြည်ဘုရင် စသောတစ်ဆယ့်ငါးတပ်လုံးတပ်မှူး၊ စစ်ကဲ အပေါင်းတို့ကို အဆောင် အယောင် စားကျေး စားလက် အထိုက်အလျောက် ပေးတော်မူသည်။

ယင်းသို့ ငင်းဒေသည်တွင် နေတော်မူခိုက်၊ သိန္နီစော်ဘွားသည် စော်ဘွားအပေါင်းတို့ နောက်တော် လိုက်ရသည်။ ငါသည် သစ္စာတော်နှင့် ဖြစ်သည်။ မနေကောင်းချေ အမှတ်ရှိ၍ တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် နောက်တော် လိုက်လာ၍ ငင်းဒေသည်သို့ ရောက်လာသည်။ ကျိုင်းတုံစားလည်း သိန္နီစော်ဘွား နောက်တော်သို့ လိုက်လာကြောင်းကို ကြားလျှင် ငါလည်း မနေကောင်းချေ အယူရှိ၍ တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် နောက်တော်လိုက်မည်ဟူ၍ ငင်းဒေသည်သို့ ရောက်လာသည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း စော်ဘွားနှစ်ဦး ရောက်လာကြောင်းကို မေးတော်မူလျှင် ကျွန်တော်တို့သည် ကျေးဇူး သစ္စာတော်နှင့် ဖြစ်၍ ဘဝရှင် မင်းတရားကြီးဘုရား ချီတော်မူသည် ဟူ၍ ကြားလျှင် မနေဝံ့၍ အလုံးအရင်းနှင့်တကွ အသက်ကို စွန့်၍ အမှုတော်ကို ထမ်းပါမည်။ ရွှေဘဝါးတော်အောက်သို့ ရောက်ပါသည် ဟူ၍ နားတော်လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း အစ်ကိုတို့ ဖြည့်ရှာသည့် တရုတ်တို့ ကျေးစပ်ဖြစ်၍ နောက်တော်လိုက်မခေါ်မချသည်။ ယခုသည်း မြေကြီး အထူနှင့် တူသော ရဲမက်အပေါင်းနှင့် ငါချီတော်မူလျှင် ငင်းမယ်စားကို ထား၍ ငင်းရုံစားတို့သည် မြို့ကသည်စား၊ လကွန်းစား၊ အနန်းစား၊ တရိုင်းစား၊ ငင်းရုံစားတို့သည် မြို့ကသည်စား၊ လကွန်းစား၊ အနန်းစား၊ ငင်းမယ်စားနှင့် ငင်းသည်စားကို မှကား၊ ငါ ထွက်၍ ပြေးကြလေသည်။ ငင်းမယ်စားနှင့် ငင်းသည်စားကို မှကား၊ ငါ ထွက်၍ ပြေးကြလေသည်။ ဆုလာဘ် အဆောင် အယောင် ပေးတော်ရတော်မူသည်ဟု မိန့်တော်မူပြီးလျှင် ဆုလာဘ် အဆောင် အယောင် ပေးတော် ရတော်မူသည်ဟု မိန့်တော်မူပြီးလျှင် ဆုလာဘ် အဆောင် အယောင် ပေးတော်မူ၍၊ အစ်ကိုတို့မြို့သည် နိုင်ငံတော် ကျေးရွာနှ ဖြစ်သည်။ အလျင် ပြန်ကြလေ၊ ပြည်ရေး ရွာမှုရှိလျှင် လျှောက်လာစေ ဟူ၍ မှာတော် မူပြီးလျှင် သိန္နီစော်ဘွား၊ ကျိုင်းတုံစော်ဘွားတို့ကို လွှတ်တော်မူ၍ ပြန်ရသည်။

ယင်းသို့ ဇင်းသေည်၊ ဇင်းမယ်သို့ ပြန်တော်မူ၍၊ ယွန်းပြည် အလုံးတွင် ပြည်ရေး ရွာသူတို့ကို စီရင် ခန့်ရန်တော်မူစဉ်၊ နေပြည်တော် ဟံသာဝတီမှာ ရှမ်းပြည် အရပ်ရပ်က ယူခဲ့သော သုံ့ပန်းလူ အပေါင်းတို့သည်တစ်ချက်တည်း ရုံးရုံး၍၊ ရှမ်းအကြီးတစ်ယောက်ကို ဗညားကျန်း ဟူသော အမည်ကို သမုတ်၍ သောင်းကျန်း ပုန်ကန်လေ၏။ ဗညားကျန်း ခံသည့်သူလည်း ဆင်၊ မြင်း လက်နက် ကိရိယာ ရသမျှကို သိမ်းယူ၍၊ ရပ်စွန်ပြည်နား ကျေးစွန်ရွာလက် တို့ကို တိုက်ဖျက်ပြီးလျှင် စည်းစိမ်ဥစ္စာ လူသူတို့ကို သိမ်းယူ၍ အင်အား နှစ်သောင်းကျော် သုံးသောင်းခန့် ရှိလျှင် ဟံသာဝတီသို့ ချီလာ၍ မြို့ကို တိုက်မည် စီရင်ကြသည်။ ဟံသာဝတီ မြို့ဝန်းကျင်တွင် ရှိသော လူ ရဟန်း အပေါင်းတို့ သည်လည်း သူပုန်တို့ အားကြီးသည်ကို သိလျှင် မြို့ပြင်တွင် မနေဝံ့ကြ၊ မြို့တွင်းသို့ချည်းဝင်၍ နေလာသောကြောင့် အစား အသောက် ရှုံ့ရှား၍ အနာအဖျား များကုန်၏။

ယင်းသောခါ ဟံသာဝတီတွင် စောင့်နေသော ပညားကူး၊ ဗညားပရံ၊ တလျား၊ မင်းတာနေ၊ အယသကြဲ တို့ အမတ်တစ်စုလည်းစည်းဝေး၍ တိုင်ပင်ကြသည်။ "ယခု သူပုန်တို့သည် အလုံးစုံ တစ်ချက်တစ်လက်တည်း ဖြစ်၍ မြို့ကို တိုက်မည် ယခု ချီလာသည်။ အင်အားလည်း များလှသည် ကြားသည်။ ဆင်လုံး မြင်းရင်း စီရင်၍ အလျင် တိုက်ရသော် သင့်မည်လော၊ ရှင်မိဖုရား စသော သမီးတော်၊ သားတော်၊ ကိုယ်လုပ်၊ မောင်းမတို့ကို ကေတုမတီသို့ ပို့ပြီးမှ ဖြန့်၍ တိုက်ရသော် သင့်မည်လော" ဟူ၍ တိုင်ပင် နှိုင်းရှည့်ကြသည် ရှိသော်၊ ယင်းသောခါ တာနေ၊ ဟူသော အမတ် ဤသို့ ဆိုသည်။ "အရှင် မင်းတရားကြီးဘုရား—အင်းဝကို အောင်မြင်တော်မူလျှင် အင်းဝဘုရင် နရပတိ စည်သူကို ယူတော်မူခဲ့၍ ခြေရင်းတော်မှာ မြဲရသည်။ ထိုမင်းကို နှုတ်ရေးဖြင့် လည်းကောင်း၊ လက်ရေးဖြင့် လည်းကောင်း၊ မြန်မာအပေါင်း၊ ရှမ်းအပေါင်းတို့ ယုံကြည်ကုန်သည်။ ထိုမင်းကို ခေါ်၍ တိုင်ပင်သော် သင့်မည်ထင်သည်" ဟူ၍ ဆိုသည်။ အမူး အမတ် အပေါင်းတို့လည်း သဘောတူ၍ နရပတိစည်သူကို လွှတ်တော်သို့ ချီပင့်ပြီးလျှင် ဗညားပရံ ဤသို့ ဆိုသည်။ "ငါတို့သခင် အရှင် မင်းတရားကြီးဘုရားလည်း ဟံသာဝတီမှာ အကြောင်းကို သိတော်မမူလော၊ ယခု ရှမ်းသူပုန်တို့သည် အင်အားကြီးလှသည်။ နက်ဖြန် မြို့ကို တက်လာမည် ဟူ၍ ကြားသည်။ ဆင်လုံး မြင်းရင်း စီရင်၍ အနိုင်တိုက်ရသော်လည်း သင့်မည်လော၊ ရှင်မိဖုရား အစရှိသော သားတော်၊ သမီးတော်၊ ကိုယ်လုပ်၊ မောင်းမ အပေါင်း

တို့ကို ကေတုမတီသို့ ပို့ပြီးမှ မြန်၍ တိုက်ရာသော်လည်း၊ ဆင်မည်သော" ဟူ၍ ဆင်းမြင်း ခင်းကျင်းသည်ကို နရပတီကည်သူက ဤသို့ မိန့်တော်မူသည်။" သည်မျှ အခန့်ကို မင်းများ ချုံကြကုန်သလော၊ မင်းတရားမွေထီး လက်ထက်တော်၌သည်၊ ကေရာဇ်မင်း မိုလျက်ကိုပင် သည်ကဲ့သို့ သူ့နှိ မြစ်ခဲ့ဖူးလေပြီးသည်။ ယခု ဆင်းတို့သည် သူပုန်မဟုတ်၊ မုဒိမ်းသူကျွန်များသာ ဖြစ်သည်၊ သူတို့၏ သဘောကား၊ ဆင်ချင်းတွေ့သော်လည်း ဆင်ချင်းနိုင်အောင် တိုက်သည်။ မြို့ကခံသော်လည်း မြို့ကို နိုင်အောင် တိုက်သည်။ သူတို့ မြို့က ခံသောခါလည်း အသက်ကို စွန့်၍ ခံသည်။ ဤသို့သော အင်္ဂါနှင့် ပြည့်စုံသော သူကိုသာ သူပုန်ဟူ၍ ဆိုသည်။

ရှင်မိဖုရား စသော သားတော်၊ သမီးတော်တို့ကို ကေတုမတီမြို့သို့ ပို့ပြီးမှ မြန်၍ တိုက်မည် ဆိုရာမှာ မင်းတရား ကိုယ်တော်လည်း မရို၊ ရာဇဝင်ကြောင်းလည်း မသင့်ချေ" ဟူ၍ မိန့်တော်မူသည်။ ပညာရှိ၊ တာခနောတို့လည်း မင်းကြီး သင့်အောင် စီရင်တော်မူပါ ဟူ၍ ဆိုကြကုန်၏။ နရပတီစည်သူလည်း ဤသို့ မိန့်တော်မူပြန်သည်။" သူပုန်တို့ကို တိုက်မည်လာသောခါ ခြေသက်ညံ့သော ဆင် မြင်းတို့ကို ရွေးပြု၍ ထားပြီးလျှင် ရှေ့ရှုမည့် ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲ သူခက် ကောင်းတို့ကို တောကနေစေ၍ ငါတို့ ဆီးကြို၍ တိုက်လျှင် ဆင်းတို့ ခံနိုင်မည်လော" ဟူ၍ မိန့်တော်မူသည်။ ယင်းသို့မှ တရုတ်များ ဟူသော အမတ်ကို ဆင်ညံ့ မြင်းညံ့နှင့် မေဒဝရဝေယ ဟူသော အရပ်သို့ ချီစေ၍ ခံဟန်ပြုရသည်။ နရပတိစည်သူတစ်တပ်၊ တာခနောတစ်တပ်- သည်နှစ်တပ်မှုကား ဆင်ကောင်း၊ မြင်းကောင်း သူရဲ သူခက် ကောင်းနှင့် မေဘသမာ ဟူသော အရပ်ကသည် တုံပ ဟူသော အရပ်ခရီးကို ကြို၍ တောက နေလေ၏။ သူပုန်တို့လည်း တရုတ်များ ကို တိုက်မည် ဟူ၍ ချီလာသည်ကို နရပတိစည်သူ ရတနာပြောင်ကျော် ဟူသော ဆင်ကို စီး၍ တိုက်သည်။ တာခနော၊ နတ်အဓိပတိ ဟူသော ဆင်ကို စီး၍ တိုက်သည်။ သူပုန်တို့လည်း အစုရကွဲ၍ ပျက်လေ၏။ ပြေးသည်၊ လေးရာကျော် ငါးရာခန့် သေလေ၏။ အရှင်လည်း တစ်ထောင်ကျော်ရသည်။ သူပုန်တို့လည်း ဘဘူးကိုး အရပ်၊ ဘုရားကိုးသောင်း အရပ်၊ ဝေဝတ်လောင်း အရပ်- သည် အရပ်များ၌ သစ်တပ်နှင့်ချည်း အစုစု နေလေကုန်သည်။ နရပတိစည်သူနှင့် တာခနောလည်း ဆင်လုံး မြင်းရင်းနှင့် မြို့ကထွက်၍ တိုက်ပြန်သည်။ သူပုန်တို့ ပျက်၍ တောသို့ ပြေးလေ၏။

ယင်းသောခါ သူပုန်တို့ ဆီးကာ၍ ရှိသောကြောင့် ဟံသာဝတီက ဘဝရှင် မင်းတရားကြီးဘုရားသို့ သံမရောက်နိုင် ရှိချေသည်။ မြို့မြို့ကို ဝါးသော

ဘုတ်မယားသည် သူပုန်တို့ကို ကြောက်၍ ငင်းမယ်ကျွန်းသို့ ပြေး၍ နေသည်၊ ထိုအ လျောက်၍ ဆင်ဖြူများသခင် အဝရှင် မင်းတရားကြီးဘုရား ကြားတော်မူလျှင် မန္တြီကို စားသော အဲလောက်ငံ ဟူသော အမတ်ကို ဆင် မြောက်စီး၊ လူ ရှစ်ရာနှင့် အလျင် စုံစမ်းချေ ဟူ၍ စေတော်မူသည်။ အဲလောက်ငံကို ဟိုက်ကုလားသို့ ရောက်လျှင် တိုက်ကုလားတွင် နေသော သူပုန်တို့ တိုက်သည်၊ အဲလောက်ငံလည်း သုံးချေသည်။ ဆင် မြောက်စီး၊ လူ ရှစ်ရာကိုလည်း သူပုန်တို့ ရလေသည်။ အဲလောက်ငံကို စေတော်မူသော အကြောင်းကို ကြားတော်မူရ၍ သင်္ကာမြို့ကို စားသော စစ်တုရင်ဂ်သူကို တိုက်ဆင် သုံးရာ၊ မြင်း ငါးဆယ်နှင့် စေတော်မူပြန်သည်။ စစ်တုရင်ဂ်သူလည်း စမ်းဘင်းကို မကူးရချေ၊ ဗညားကျန်း အမည်ရှိသော သူပုန်အကြီး အိုးကြိုး၍ တိုက်လေသောကြောင့် ထိုသေ ဟူသော အရပ်က ကူးသည်ကို အိုးကြိုး၍ တိုက်ပြန်လာသောကြောင့် ဆင်သင်း သုံးဆယ်ကို ချွန်းသွင်းလာ လွှတ်၍ တိုက်သည်။ သူပုန်အကြီး ဗညားကျန်း အမည်ရှိသူ သေလေ၏၊ အခြင်လည်း ငါးရာခန့်ကျဆုံး ရသည်။ မင်းသို့မှ ထိုမှ ပေါက်၍ စစ်တုရင်ဂ်သူ ဟံသာဝတီသို့ ရောက်နိုင်သည်။ သူပုန်တို့လည်း ပြေးပြန်၍၊ မကောင်းတွင် တည်၍ နေပြန်သည်။ ထို အကြောင်းများကို ဟံသာဝတီ မင်းမှူး ကြားလျှင် စစ်တုရင်ဂ်သူ တစ်တပ်၊ တာနေ့သ တစ်တပ်၊ နှုတ်တိရည်သူ တစ်တပ်—သည် သုံးတပ်ကိုချီ၍ တိုက်ပြန်သည်။ အတိုက်မခံနိုင် ဘဲသို့ ပြေးလေ၏။

ဆင်ဖြူများသခင် အဝရှင် မင်းတရားကြီးဘုရားလည်း ငင်းမယ်မြို့တွင် ရှိသော အမှုး၊ အမတ်တို့ကို ဆုလာဘ်တော်ပေးပြီးလျှင် ငင်းမယ်မြို့ကို မဟာဒေဝီကို ပေးတော်မူသည်။ ဗညားသံလဲကို ဗညားသေည်လုံ အရာကို ပေးတော်မူသည်၊ ဗညားမြို့ကိုလည်း ဗညားသံလဲအရာကို ပေးတော်မူသည်။ မြေရင်းတော်ပ ဒုလ်မှုသင်ရုံကိုလည်း ဗညားပန်အရာကို ပေးတော်မူသည်။ ယိုးဒယားမင်း သားကို ဖြူသားမရမှုဆာကိုလည်း လွှတ်တော်မူ၍၊ ပိဿလောက်သို့ ပြန်ရလေသည်။ ငင်းမယ်မင်းနှင့် ငင်းငသည်စားကို မှုကား၊ သားမယားနှင့် တကွ မြေရင်းတော်သို့ ခေါ်တော်မူသည်။ ငင်းမယ်တွင် ရှိသော ဆင်ကောင်း၊ မြင်းကောင်း၊ သုရဲသူခက်ကောင်းတို့ကို စီစစ်၍ သိမ်းယူတော်မူသည်။ ဤသို့ ငင်းမယ်မြို့အလုံးကို စီရင် ခန့်ထားတော်မူ၍၊ သက္ကရာဇ် ၉၂၇-ခု၊ ကဆုန်လဆန်း တစ်ဆယ့်နှစ်ရက်၊ အင်္ဂါနေ့ ငင်းမယ်က ဟံသာဝတီ နေပြည်တော်သို့ ပြန်တော်မူသည်။ နယုန်လဆန်း ၁၀-ရက်၊ အင်္ဂါနေ့၊ ဟံသာဝတီသို့ ရောက်တော်

မှုသည်။ မိုးမိတ်စော်ဘွားလည်း "ဘယကွင် သူပုန်တို့ရှိသည်ကို ကျွန်တော်တို့ တိုက်၍ အက်ပါမည်" လျှောက်သည်ကို သင်းတို့သည် သူပုန်မဟုတ်ဟု ရဲ့သော သူ့ကျေး၊ သူ့ကျွန်တို့သည် လုပ်ဝန်ဘဏ္ဍာ မခံ့သောကြောင့် မကောင်းသော အကြံအစည်ကို ကြံစည်လေသည်သာ ဖြစ်သည် ဟု၍ မိန့်တော်မူသည်။ သူပုန်တို့ မီးတိုက်လေသည်ကား၊ ပဟာဒေဝီ ကောင်းမှုတော်တွင် ရွှေရုပ်နှစ်ဆောင်၊ ဝန်းကျင်သိမ်ဇရပ်၊ အဓွတောင်ဆောင်က ကျောင်းရံနှစ်ဆယ်နှင့် ရွှေကျောင်း၊ ရှင်သဗ္ဗမုနိ တစ်ကျောင်း၊ ရှင်သာသနဝံသ မဟာသာမိ တစ်ကျောင်း၊ ရှင်အတိကဓေ တစ်ကျောင်း၊ ဇောတိယာရုံတစ်ကျောင်း—သည် ကျောင်းများကိုလည်း၊ ကျောင်းရံနှင့်တကွ မီးတိုက်လေသည်၊ ဓမ္မစေတီမင်း ကောင်းမှုတော်ဘုရား တန်ဆောင်းကိုလည်း၊ မီးတိုက်လေသည်၊ ရေသဘင် စံတော်မူခါ နေတော်မူသော ရွှေပြာသာဒ်ကိုလည်း မီးတိုက်လေသည်၊ သည် များကို မြင်တော်မူလျှင် အမျက်တော် ပြင်းစွာ ထွက်တော်မူ၍ မြို့တွင်း ရွှေနန်းတော်သို့ ဝင်တော်မမူပဲ ဒလသို့ ရေအား၊ ကြည်းအား ချီတော်မူသည်။ ဒလသို့ ရောက်တော်မူလျှင် ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာကို ရေကြောင်း ချီလေဟု ခန့်တော်မူသည်။

ယင်းသောခါ ဘုရင် မင်းတရားကြီး ကိုယ်တော်ပင် ရေနဲ့တွင် ပဏ္ဍမြား ခြေနင်းနှင့် ရပ်၍ စီရင်တော်မူသည်။ ညီတော် ပြည်ဘုရင်တို့သည်၊ ဒလ တစ်ဘက်သို့ ရောက်လျှင် ယင်းသည် ရေကပင် တိုက်တော် မူသည်၊ သူပုန်ကို ပျက်၍ ပြေးလေ၏။ ရဲမက်တော် ကြည်းအပ်သားတို့ ဆီးဆို့၍ တိုက်သည်၊ အကုန် ပျက်လေ၏။ လူခုနစ်ထောင်ကျော်ခန့် သေလေ၏။ အရှင်လည်း ခုနစ်ထောင် ကျော် ရတော်မူသည်။ ယင်းသို့ အရေးတော် ဟူသမျှ ကုန်စင်ပြီးလျှင် သို့ပန်းလှ ခုနစ်ထောင်ကျော်ကို သိမ်းယူတော်မူ၍ ယံသာဝတီသို့ ပြန်တော်မူသည်။ ရောက်တော် မူလျှင် ညီတော် သတိုးဓမ္မရာဇာကို အားရတော် မူ၍ ဆောင်တော် မူသော စားတော်ကွမ်းခွက်၊ ဓားတော် လက်ပတ်ဆိုး၊ သောက်တော်ရေ တကောင်းပုံး အစုံ ဆုပေးတော် မူသည်။ သူပုန် အကြီးကို အတ်ရသော မြင်းတော်သည် ကိုလည်း၊ နန္ဒသူဟုသော အမည်နှင့် ကျပ် လက်ပတ်ဆိုး၊ ကုန်းသာယာ ဟူသော မြို့ကို ပေးတော်မူသည်။ ပုဆိုးကောင်း ဝတ်လုံ၊ ရွှေ ငါးပိသော၊ မြင်းကြိုးဘာ၊ အစုံလည်း ပေးတော်မူသည်။ ငွေကို ပုံ၍ နှစ်ကြိမ် ကျုံးရသည်။ ထိုမှတစ်ပါး ပဲ့သမ်းရသသူတို့ကိုလည်း၊ အထိုက် အလျောက်၊ အမည် ထရည်၊ တဆောင်အရွှတ် ကျေးရွာမြို့ ပေးတော် မူသည်၊ နရပတိစည်သူ

ကိုလည်း၊ စောင့်လှ ပေသည် ဟူ၍ ချီးမွမ်းတော် မူပြီးလျှင် မင်းဆောင်၊ မင်းယောင်နှင့် တကွ ဆင် ရွှေကြိုး၊ ရွှေဘ၊ မြင်းရွှေကြိုး၊ ရွှေဘ အစုံ ငွေပီသော သုံးဆယ် ဆုပေးတော် မူသည်။ မိုးမိတ် စော်ဘွားကိုလည်း၊ ဆုခံ စေပြီးလျှင် သားကိုတိုက်ဆင်တစ်ဆယ်၊ မြင်းတစ်ရာ အခြေအရံ ဗိုလ်တစ်ထောင်နှင့် ခြေရင်း တော်တွင် မြဲရသည်။ မိုးကောင်းစော်ဘွား၊ မိုးညှင်း စော်ဘွား တို့လည်း ဆုလာဘ်တော် ခံပြီးလျှင် မိမိတို့မြို့ကို ပြန်ကြလေသည်။

ဆင်ဖြူများသခင် အဝရှင် မင်းတရားကြီး ဘုရားလည်း သူပုန်တစ်ထောင်း ကျော်ကို စပ်ကြီး ငါးစပ်နှင့် လှောင်၍ ထားတော်မူသည်။ သူပုန်မယားတို့ ကိုလည်း စီစစ်တော်မူ၍ ရလျှင် စပ်မှာ သွင်းရသည်။ ထိုသူပုန်ဘို့ကို ဟံသာ ဝတီတွင် ရှိသော မြန်မာ ဆရာတော်၊ မွန်ဆရာတော်၊ ယွန်း ဆရာတော် အပေါင်းတို့ ဂေါစရဂါမ်ဖြင့် ခံ၍ ရသည့် ဆွမ်းတို့သာ ပေး၍ စားရသည်။ တစ်နေ့သ၌သယ်ာတော် တစ်ရာပင့်၍ ရွှေမော်ဓော ဘုရားမှာ ဆွမ်းလုပ် ကျွေး တော်မူသည်။ ယင်းသောအခါ သားတော် ကျောင်း၌ သိတင်း သုံးသော အရာကုဓာဝန်ပုဂ္ဂိုလ် ဤသို့ တရားဟောတော်မူသည်။

ရှေးလွန်လေပြီးသော အခါ၌ ပုဏ္ဏားတစ်ယောက်သည် မိမိလယ်အနီးသော နွားပျောက်၍ ရှာရာတွင် ထမင်း မှတ်သိ၍ တောအုပ်တစ်ခု၌ တည်ပင်ကို တွေ့သော် တက်၍ စားလေ၏။ ထိုပုဏ္ဏားသည် တည်ပင်ထက်က လျှောကျ၍ ချောက်တစ်ခုသို့ကျလေ၏။ ကမ်းမြင့်၍ မတက်နိုင်ရှိလျှင် မြင်းစွာ ဟစ်ခေါ်၍ ငိုမြည်တမ်း၏။ ထိုအခါ မျောက်ကြီး တစ်ခုသည်၊ ဤသူကို ငါမတယ်လျှင် ပျက်စီးခြင်းသို့ ရောက်လေအံ့ဟူသည် အကြံရှိ၍ နက်စွာသော ကမ်းကို ဆင်း ပြီးလျှင် ထိုပုဏ္ဏားကို ကျော၌ ပိုး၍ ကမ်းထိပ်သို့ ရောက်အောင် ကြိုးဆောင် လေ၏။ ကမ်းထိပ်သို့ ရောက်လျှင် ထိုမျောက် ပင်ပန်းလှသောကြောင့် အဆွေ ပုဏ္ဏား-ငါပင်ပန်းလှသည်။ အဆွေရင်ခွင်၌ တစ်ခဏအိပ်ပါရစေ၊ အဆွေ စောင့် ပါဟု၍ ဆို၏။ ပုဏ္ဏားလည်း အဆွေ အိပ်တော့၊ ငါစောင့်မည် ဆိုပြီးလျှင် မျောက်မင်းသည် ရင်ခွင်၌ အိပ်လေ၏။ အိပ်ပျော်ကြောင်းကို သိလျှင် ပုဏ္ဏား ဤသို့ ကြံ၏။ ယခု နွားပျောက်၍ ရှာသော် နွားသော်လည်း မရ၊ အိမ်သို့ ရောက်လျှင် ငါ့ယား စိတ်ဆိုးလတ္တံ့သည်။ ငါ့မယားကို မျက်နှာ ပြုစရာ မရှိ ဤမျောက်သည်၊ ကြီးလည်း ကြီးလှသည်။ အသားများစွာ ရမည်။ ဤမျောက် ကိုသတ်၍ မယားကို မျက်နှာပြုစရာ ယူတော့မည် ကြံပြီးလျှင် အုတ်ခဲကို ကောက်၍ မျောက်မင်း နှာယောင်ကို ရှပ်ရှပ် ကျိုးအောင် ထုလေ၏။

မျောက်မင်း သွေးသံ ဖြင်းဖြင်းနှင့် ထ၍ ကြည့်သော် အခြားရန်သူကို မမြင်၊ ပုဏ္ဏားကို မြင်လေ၏။ ယင်းသို့မှ သစ်ပင်ထက်သို့ ပြေးတက်လေ၍ ပုဏ္ဏားကား-သူ၏ ကျေးဇူးကိုမသိ၊ သိုင်းတိုင်အောင် ပြုသည့် အဘေ လည်း၊ မိမိအရပ်သို့ ပြန်လျှင် ခရီးကို မသိ၊ ညွှန်ပြ၍ ပို့၏။ ပုဏ္ဏား စားလတ္တံ့သည်ကို စိုးရိမ် သောကြောင့် အလှမ်း ဝေး၍ လိုက်လျှင် ကျွန်ုပ်အကြောင်းကို မျောက်မင်း မြင်လျှင် "သည် ပုဏ္ဏားသည် ပညာမမြင် နည်း သူဖြစ်၍ မှားမိလေသည်ကို ငါ ခရီး မချသည် ရှိသော် ပျက်စီး ခြင်းသို့ ရောက်လေတော့မည်" ဟု၍ အကြံရှိပြီးလျှင် အသူပုဏ္ဏား-ငါ၏ သွေးပေါက် ကျရာ အရပ်ကို မှတ်၍ လာလတ်သော၊ မင်းနိမ်သင့်၊ သင့်ကို ငါ ခရီး ချွန်းသည် ဟု၍ ပုဏ္ဏား နှလုံးကို ခိုင်စေ ပြီးလျှင် သစ်တစ်ပင် ကသည် တစ်ပင်သို့ ခုန်၍ သွေးပေါက် အစဉ်ဖြင့် ခရီးချ၍ ခရီးမှသို့ ရောက်သော်၏။ ဤသို့ အသက် သေကျေကြောင်းကို ပြုလေသော်လည်း အာဃာတစိတ် မရှိ မူ၍ ကရုဏာ စိတ်ဖြင့်သာ တိုက်တွန်း ဘူးလေ၏။ ထိုမျောက်မင်းကို အကြောင်းထောက် တော်မူ၍ သာသနာ့ဒါယကာတော် မဟာရာဇာ မင်းမြတ်သည် သုံးဆယ့် ခုနစ်ပါးသော အလောင်းတော်တို့ ပွင့်ရာဖြစ်သော ဗောဓိပက္ခိယ တရားကို အလိုရှိ၍ အံ့ဘွယ်သရဲသော သူမခံနိုင်သော အညာကို ခံရသည်ရှိသော် သဗ္ဗညုတ ဉာဏ်အထွတ်သို့ မချွတ်မလွဲ ပြည့်တော်မူမည်" ဟု၍ ဟောတော်မူသည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားသည်၊ ဆရာတော်တို့ ဟော တော်မူသော တရားတော်ကို ကြားတော်မူလျှင် ဤသို့ အကြံတော် ရှိ၍ ရှုံး သော ဤသူ အပေါင်းတို့သည် အလုံးစုံ သုံ့နှံမဟုတ်၊ သုံ့နှံအရှင်တို့ အင်အားနှင့် ရောက်လာ၍ ခေါ်ယူကာ ညှဉ်းဆဲလျှင် သေမည်ကိုကြောက်၍ အချို့ သောသူသည် အပေါ်အပေါင်း ပြုရသည်သာ ဖြစ်သည်။ အလုံးစုံသောသူတို့ ကို မစိမစစ်ဘဲ ငါကွပ်မျက်တော် မူခဲ့သော် လာလတ္တံ့သော သူတို့သည် မစစ်ပကြော ကွပ်မျက်တော် မူသွယ်လေသည် ဟု၍ ကမ္ဘာ ကျေ၍ ဥ ... မော်ကွန်းဖြစ်အောင် ဆိုရစ်လေတော့မည် ဖြစ်သည်။ သဗ္ဗညုတ ဘုရားလောင်း ဟောတော်မူသော တရားတော်၌လည်း လူ၏ အဖြစ်သည် အလွန် ရခဲလှသည်၊ လူ၏ အဖြစ်ကို ရငြားသော်လည်း သာသနာတော်၌ ကြုံကြိုက် ဖြစ်ငြားရမည် လည်း၊ အလွန်ခဲလှသည် ဟု၍ အကြံတော် ရှိပြီးလျှင် သုံ့နှံ အပေါင်းတို့တွင် အကြီးခေါင်းပြု၍ အမည် အရည်ပါသော ကျေးရွာအာ ... ကျွန်ခံသော မဲ့ အကြီးအကဲ သူတို့ကို စစ်ကြောလေ ဟု၍ ဝန်ရှင်တော်တို့ကို အမိန့်တော်ရှိ၍ စေခိုင်း

ရသည်။ ဝန်တို့ စစ်ကြော၍ ခေါင်းအကြီး ဒုနစ်ကျိပ်ခကျော် ရသည်ကိုသာ ကုန်မျက်တော်မူသည်။ ထိုမှတစ်ပါး သူပုန်တစ်သောင်းကျော်ကို မှုကာ၊ ထုံးနှင့် အညီ မီးတိုက်မည် အခြင်းအရာကို ပြုစေပြီးလျှင် မြန်မာ ဆရာတော်၊ ယွန်း ဆရာတော်၊ မွန် ဆရာတော်တို့အား စကားထားတော်မူ၍ လွှတ်ရသည်။ ဤသို့ မင်းတကာတို့ ပြုခဲ့လှူခဲ့သော အမှုကိုပြုပြီးမှ သူပုန်တို့ မီးထင်းတိုက်၍ ပျက်စီး လေသောဘုရား၊ ဂူ၊ ကျောင်းတို့ကို အမူးအမတ်တို့အား အသီးအသီး ဝန်ခံ တော်မူ၍ လုပ်ဆောင်ရသည်။ နန္ဒဝန် ဥယျာဉ်လည်း တည်တော်မူသည်။

---

## ရွှေမော်ဓောဘုရား ပြိုပျက်သည်ကို ထပ်မံပြုပြင်တော်မူသည့်အကြောင်း

သက္ကရာဇ် ၉၂၇-ခု၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့ ရွှေမော်ဓောဘုရားကို လုပ်စပြုရသည်။ မဟာစေတီ အရွှေ မန္ဒရမာချောင်းနား က အုတ်ဖိုများတွင် အုတ်ကို ရွှေမော်ဓော ဘုရားတိုင်အောင် လမ်းနှစ်ဘက် တစ်ဘက်တစ်မြောင်း လူများကိုနေစေ၍ လက်ဆင့်ကမ်းရသည်။ ပန်းတနော် တွင် အုတ်များကိုလည်း လမ်းနှစ်ဘက်တစ်ဘက်တစ်မြောင်းစီနေ၍ရွှေမော်ဓော ဘုရားတိုင်အောင် လက်ဆင့်ကမ်းရသည်။ ဘုရား၊ ဂူ၊ ကျောင်း၊ သိမ်၊ ဇရပ် ပျက်သည်များကို လုပ်၍ ပြီးလျှင် ရွှေထည့်စရာ စားတော်ခေါ်သော အဆောင် အယောင်၊ မင်းခမ်းမင်းနားတို့ကို ဖျက်၍ ရွှေကို ကိုယ်လေးတော် ငါးဆယ့်သုံး ပိဿာ လှူတော်မူသည်။ သားတော် သယ်ဒတ္တ ကိုယ်လေး ရွှေ နှစ်ဆယ်၊ ရွှေ မော်ဓောမြတ်စွာဘုရားမှာ ရွှေထည့်စရာ လှူတော်မူသည်။ သူပုန်တို့ မီးတိုက် လေသောရေသဘင် ရွှေပြာသာဒ်နှင့်တကွ ဆင်ကျုံးကိုလည်း လုပ်တော်မူသည်။

သားတော် မဟာဥပရာဇာ၊ သမက်တော် အင်းဝဘုရင် သတိုးမင်းစော၊ တူတော် မင်းရဲကျော်ထင်တို့ မြင်းတပ် ဆယ်တပ်နှင့်တပ်ပေါင်းလေးဆယ့်နှစ် တပ်၊ ဗညားသုံးဦး ပြေးလေရာသို့ လိုက်ရာမှာ ဗညားသုံးဦးသည် လင်းဇင်းသို့ ရောက်လျှင်လင်းဇင်းမင်း ဖြစ်စစ်နှင့် တစ်ချက်တည်းသစ္စာခံ၍ တိုက်ဆင်တစ်ရာ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲနှစ်သောင်းခန့်နှင့် မိုင်းစံဟူသောမြို့တွင် အမိုးအလုံ ခံ၍ နေလေသည်။ မဟာဥပရာဇာတို့လည်း ဇင်းမယ်မြို့က သုံးဆယ့်နှစ်ခေး ချီ၍ မိုင်းစံသို့ ရောက်တော်မူလျှင် "ယခု ငါတို့ကျွန် ပြေးလေသောကြောင့်

လိုက်သည်ကို လင်းဇင်း ပြဲဝစ်သည် အရေးအရာ သော်လည်း မဆို၊ ငါတို့ ကျွန်ကို သော်လည်း မပေး၊ လက်တွင်ထား၍ အနိုင်နေသည်။ ငါတို့က အရေး အရာဆိုသော်လည်း သင့်မည်လော၊ ယင်းသို့မဟုတ် အနိုင်တိုက်ရသော်လည်း သင့်မည်လော” ဟူ၍ မိန့်တော်မူသည်ကို ဗညားဒလ ဤသို့ နားတော် လျှောက်သည်။ “ယခု ငင်းမယ်က ချီးတော်မူသည်။ တစ်လကျော်သန့်ရှိပြီ၊ ဖြစ်၍ ဆင်မြင်း ဗိုလ်ပါ ပင်ပန်းလှသေးသည်။ ယခုလည်း ရဲမက်တော်တို့ အညီအညွတ် မ-ရောက် ကြသေးဖြစ်၍ အရေးကို ထောက်သော်၊ ဆောဆော လျင်လျင် လုပ်ကြံရမည် အရေး မဟုတ်၊ ရပ်ရပ်နေနေ စည်းစည်းကြပ်ကြပ် အရေးတော် မလစ်မလပ် ရအောင် လုပ်ကြံရမည် အရေး ဖြစ်သည်။ ကျွန်ုပ်တို့မှာ ညွှန်သည်သာ ဖြစ်၍ အရပ်ရာ အစည်းအဝေးကိုလည်း မသိရသေး။ လင်းဇင်းမင်းနှင့် ညီ ဥပရာဇာ တို့ မိုင်းစံမြို့တွင် ခံနေရာမှာ ဆင်မြင်း ဗိုလ်ပါ နည်းကြောင်းများ ကိုလည်း စုံစမ်းရဦးမည်” ဟူ၍ လျှောက်သည်။

ဗညားဒလ လျှောက်သော အရေးကို အင်းဝဘုရင် သတိုးမင်းစော ကြားလျှင် ဤသို့ မိန့်တော်မူသည်။ “ယခု ဗညားဒလ လျှောက်သော အရေး သည် စစ်ရေးပင် ဖြစ်သည်။ သို့ရာတွင် ယခု မိုင်းစံတွင်ခံသော လင်းဇင်းမင်းကို ယခု နေ့ ထိုက်မှသာ၊ မိုးသောက်မှ တိုက်မည် ဆိုလျှင် မတိုက်ရမျှ၊ ညဉ့်ကို တိုက်ရလေတော့မည်။ အထက်ကလည်း ငင်းသောသည်တွင် ခံ၍ နေသော ၊ တို့ ချီလာသည် ကြားလျှင် အတိုက်မခံ၊ ထွက်၍ ပြေးပုန်းပြီ ဖြစ်သည်။ ယင်းသို့ ဖြစ်သောကြောင့် ယခု သုံးချက်ထီး အချိန်သာ ဖြစ်လေသည်။ မိုင်းစံမြို့ကို လုပ်ကြံသော်လည်း လုပ်ကြံမိသေးသည်။ ယခုပင် ငါ တိုက်တော်မူမည်” မိန့်တော် မူပြီးလျှင် စီရင်တော်မူ၍ စော်ဘွား စော်ကန်တို့ ဆယ်တပ်သားကို ယခုနေ့ပင် ဆင်မြင်း ကျစေ မိန့်တော်မူ၍၊ ဆင်မြင်း ချုပ်ထီးသကဲ့သို့ က ရသည်။ သတိုး မင်းစောမှာ ဆင်တော် သန်မြန်စွာကို ဆန်းတေ့တေ့ သုတ်ပြီးလျှင် ရွှေကြိုး ရွှေကတင်၍ စီးတော်မူပြီးမှ စစ်မျက်နှာဖြန့်၍ အနောက်မျက်နှာက နေတော် မူသည်။ မဟာဥပရာဇာ၊ မင်းရဲကျော်ထင်တို့ အတပ်အပ်လည်း မနေသာပြီ ဖြစ်၍၊ ဆင်မြင်းကျပြီးလျှင် စစ်မျက်နှာဖြန့်၍ မိုင်းစံကို ဝန်းရံလေ၏။ ယင်းသို့ အမြောက်သေနတ် ပျော်ပျော်ကြမျှ မီးပေါက်မိ ရွာစေပြီးလျှင် ဆင်သည် လည်း ဆင်နှင့် မြို့ကို တိုက်သည်။ မြင်းသည်လည်း မြင်းနှင့် မြို့ရင်းသို့ ချဉ်း၍ တိုက်ကုန်၏။ ခြေသည်လည်း လှေကား၊ တူးရှင်းကိုင်၍ မြို့ကို တူးကုန်၏။ ယင်းသို့လျှင် အင်းဝဘုရင် သတိုးမင်းစောလည်း ဆင်တော် သန်မြန်စွာနှင့်

မြို့သစ်တပ်ကို တိုက်တော်မူသည်။ မြို့ထိပ်က လှံနှင့် ချလေသည်။ လက်ယာ ပေါင်တော်ကို ထိ၍ ဆင်တော်သို့ သုံးသစ်ဝင်သော ဟူ၏။ ထိုသို့ စူးတော်မသော်လည်း လှံကို နုတ်တော်မမူ၊ လှံရိုးကို လက်သုံးတော်စုံ ဓားနှင့် ဖြတ်၍ မြို့ကို တိုက်တော်မူသည်။ သစ်တပ်တိုင် နှစ်တိုင် သုံးတိုင် လဲ၍ ဆင်နှင့်တကွ ဝင်တော်မူနိုင်လေ၏။ ဆင်သည် မြင်းသည်တို့လည်း တိုင်လဲရာက ဝင်ကုန်၏။ လင်းဇင်းမင်း အမတ်တို့ မြို့တွင်းက ဆီးကြို၍ ဆင်နှင့် ခံသည်ကို တိုက်တော်မူသည်။ ဆင်တစ်စီးနှစ်စီး လဲလေ၏။

ယင်းသို့မှ ရဲမက်တော်တို့ အလုံး ဝင်မိလျှင် လင်းဇင်းမင်း ဖြုံမစ်သည် မုံမိသမျှသော ဆင်လုံး မြင်းရင်းနှင့် မြို့ကထွက်၍ ပြေးလေ၏။ လင်းဇင်းမင်းညီ မိုင်းစံစား ဥပရာဇာနှင့်တကွ အမတ် သုံးကျိပ်ကျော်ကိုလည်း ရတော်မူသည်။ လင်းဇင်းမင်း မိဖုရား ဖြူကြည်၊ ရင်းမိဖုရား ယိုးဒယားမင်းသမီး မနုရာ၊ ရင်းပိဖုရား ကျိုင်းတုံ စော်ဘွားသမီး သီရိမာ၊ လင်းဇင်းမင်းတူမ သီရိလုတာနှင့် တကွ ကိုယ်လုပ် နှစ်ကျိပ်ကျော် ရတော်မူသည်။ ဆင် လေးရာကျော်၊ မြင်းတစ်ထောင်ကျော်၊ မိန်းမ၊ ယောကျ်ား လူ ငါးထောင်ကျော်ကိုလည်း ရတော်မူသည်။ ဤသို့ဆင်တစ်သိန်းရှင်ဖြစ်တော်မူသောလင်းဇင်းဘုရင် ခံနှင့်သည်ကို သားတော် သမက်တော်တို့ လုပ်ကြံတော် မူသည်။ တဒင်္ဂတစ်ခဏချင်း လက်ဝါးမြကာ အောင်မြင်တော်မူ၍၊ မိုင်းစံတစ်မြို့လုံးကိုရတော်မူသည်။ ယင်းသို့ နေမဝင်ခင် အောင်မြင်တော်မူလျှင် ရဲမက်တော် အပေါင်းတို့လည်း မိုင်းစံမြို့တွင် ရှိသော ရွှေ၊ ငွေ၊ ကြေး၊ သံ၊ အဝတ်အစား၊ စပါးဆန်ရေ များစွာ ရကုန်သည်ဖြစ်၍၊ ဝမ်းမြောက် ဝမ်းသာ ပတ်စည်၊ စောင်းငြင်း၊ တီးမှုတ်၍ တစ်ညဉ့်လုံး ပွဲခံကုန်သည်။ အင်းဝဘုရင် သတိုးမင်းစောလည်း ပေါင်တွင် ထိသော လှံကို စစ်အောင်မြင်တော်မူမှ နုတ်၍ ဆေးဝါး ကုစေတော်မူသည်။

ယင်းသောအခါ ဥပဟာဥပရာဇာ မိန့်တော်မူသည်ကား "ဆင်တစ်သိန်းရှင်ဖြစ်သော လင်းဇင်းမင်းသည် ငါတို့ကျွန် ပြေးဝင်လေသောကြောင့် လိုက်လံ တောင်းသည်ကို အရေးအရာသော်လည်း မဆို၊ ငါတို့ ကျွန်ကိုသော်လည်း မပေး၊ ခံသော်လည်း ဦးလည်စွန့်၍ မတိုက်၊ မြို့က ထွက်ပြေးလေသည် အရာမှာ ပသို လုပ်ကြံရသော် သင့်မည်နည်း" ဟူ၍ တပ်မှူး စစ်ကဲ အပေါင်းတို့ကို ခေါ်၍ အမိန့်တော် ရှိသည်ကို သိရိဇေယကျော်ထင် လျှောက်သည်။ လင်းဇင်းမင်း ဖြုံစစ်သည် ဆင်၊ မြင်း ဗိုလ်ပါ များသည်ကို ယုံ၍ ဗညားလကွန်း၊ ဗညားနန့်၊ ဗညားတုရိုင်းတို့ကို လက်ခံထားလေသည်။ ယခု လုပ်ကြံတော်မူ၍ ပျက်လျှင်

နလုံးဝမ်းယယ်၍ ဗညားသုံးဦးကို ပို့လာမည် မျှော်၊ ယခုလည်း ရဲမက်တော်တို့သည် ခရီးမြေတာဝေးသောကြောင့် ပင်ပန်း လက်နက် ရှိကြသည်။ ဆင်မြင်းလည်း ပင်ပန်းသေးသည်။ ခုနစ်ရက်၊ ရှစ်ရက်ခန့် ဆင်မြင်း ဗိုလ်ပါတို့ကို ဖြည့်တင်းပြီးမှ ချီတော်မူလျှင် သင့်မည့် အကြောင်းနှင့် သိန်ဇေယျာကျော်ထင် လျှောက်သည့်အရေးကို ကြိုက်တော်မူ၍၊ ခုနစ်ရက်၊ ရှစ်ရက်ခန့် ဆင်၊ မြင်း၊ ဗိုလ်ပါတို့ကို ဖြည့်တင်းပြီးလျှင် လူနာ၊ လူအိုများ၊ မစွမ်း၊ မမာ သသူတို့ကို ဗညားကျန်းတစ်တပ်ကို အစောင့်အနေနှင့်၍ စစ်နှစ်ကြောင်း ခွဲ၍ လင်းဇင်းမင်းပြေးလေရာသို့ လိုက်တော်မူကြသည်။ မိုင်းစံက ချီတော်မူ၍ တစ်ဆယ့်နှစ်ခန်းရောက်လျှင် လင်းဇင်းမင်းနေရပ်ကို အတပ်မသိသောကြောင့် တပ်ချ၍ နေတော်မူကြသည်။

ယင်းသောခါ ဗညားလကျွန်း၊ ဗညားနန်း၊ ဗညားကျိုင်းတို့သည် လင်းဇင်းမင်းကို ဤသို့ နားတော် လျှောက်ကုန်သည်။ ကျွန်တော်တို့ ဇင်းမယ်သားအပေါင်းတို့သည်တစ်ချက်တစ်လက်တည်းတိုင်ပင်၍ တစ်စိတ်တစ်ဝမ်းတည်းရှိပြီးမှ မင်းတရားကို ပုန်စားသည်။ သို့ကို ဇင်းမယ်မင်းသည် နလုံးဝမ်းယယ်၍ သူ့ကျွန်ခံလေသည်။ ကျွန်တော်တို့မှုကား၊ ဘုန်းကြီးသည့် အရှင်သို့ ပြေးဝင်မှ အသက်လွတ်ပါသည်ကို ရည်၍ ကျွန်တော် ခံပါသည်။ ယခု မဟာဥပရာဇာ၊ သတိုးမင်းစောတို့လည်း ကျွန်တော်တို့ကို တောင်းမည် လိုက်လာသည်။ ကျွန်တော်တို့ကြောင့် ဘုန်းကြီးသည့်အရှင် တိုင်းနိုင်ငံတော်အလုံး ပျက်စီး၍ ရှိရသည်။ ယခုလည်း ကျွန်တော်တို့ကို မရသဲကို သူ မပြန်ပေ၊ ယင်းသို့ ဖြစ်သောကြောင့် ဆင်၊ မြင်း အလုံးအရင်းသာ ပေးတော်မူပါ၊ အသက်ကို စွန့်၍ ဆင်မီးချင်း ကျွန်တော်တို့ တိုက်ပါမည်” ဟူ၍ လျှောက်ကုန်သည်။

လင်းဇင်းမင်းလည်း၊ ဗညားသုံးဦး လျှောက်သော စကားကို ကြားလျှင် တိုက်ဆင် နှစ်ရာ၊ ဗိုလ် လေးသောင်းထည့်၍ အသယ်တပ်ကို အလျင် တိုက်မည်နည်း ဟူ၍ ပေးတော်မူသည်ကို၊ ဗညားသုံးဦးတို့က နောင်ဟံအရပ်တွင် နေသော အင်းဝဘုရင် သတိုးမင်းစောတပ်ကို တိုက်မည် ဟူ၍ လျှောက်သည်။ ယင်းသို့ နောင်ဟံအရပ်သို့ အလုံး အရင်းနှင့် ချီလာသည်။ အင်းဝဘုရင် သတိုးမင်းစောသည် လင်းဇင်းသားတို့ ချီလာသည် နီးပြီဟု ကြားတော်မူလျှင် ဆင်မြင်း ကဲစေ၍ မြင်းတပ် ငါးထပ်နှင့် တပ်ပေါင်းတစ်ဆယ့်ရှစ်တပ်လုံး စစ်မျက်နှာဖြန့်၍ နေရသည်။ လင်းဇင်းမင်းက ချီလာသည့်တပ် နီးလျှင် တပ်မှူး စစ်ကဲ ဆင်စီးသူရဲ အပေါင်းတို့သည် အကြောက်အရွံ့မရှိ၊ ဆင်ချွန်းဖွင့်ကာ

သူပုန်သို့ လွှတ်လေ၏။ ယင်းသောခါ ပလင်းမင်းကျော်ထင်နှင့် ဗညားနန်းရင်ဆိုင်တွေ့၍ မနည်းကြာ တိုက်ကြသည်။ ဗညားနန်းစီးသောဆင် အားမတန်၍ ယင်းတွင်ပင် လဲလေ၏။ ဗညားနန်းလည်း မိမိဆင် လဲ၍ မြင်းသို့ တက်သည်ကို မင်းကျော်ထင် ဆင်ခြေဖုံး လှံနှင့် တုပ်သည်၊ ဓါးကို တုပ်မိ၍ ယင်းတွင်ပင် သုံးလေ၏။ ဆင်းဝဘုရင် သတိုးမင်းစောလည်း ဆင်တော်သန်မြန်စွာနှင့် ဗညားလကွန်းကို တိုက်မည် ဟူ၍ သူပုန်သို့ လွှတ်သည်ကို ဗညားလကွန်း မခံနိုင်၍ ဆင်ကသည် မြင်းစီး၍ ပြေးလေသောကြောင့် လွှတ်လေ၏။ တပ်မှူး၊ စစ်ကဲ၊ ဆင်သည်၊ မြင်းသည် အပေါင်းတို့သည်သည် သူပုန်သို့ ရောက်လျှင် ဦးယှဉ်မိသမျှကို တိုက်သည်။ လင်းဇင်းသားတို့ အစုစုကွဲ၍ ပျက်လေ၏။ ယင်းသို့ ပျက်လျှင် သုံ့ပန်း ဖမ်းသည်။ ဆင် ခြောက်ဆယ်၊ လူ သုံးထောင်ကျော်ခန့် ရတော်မူသည်။ သေလေ သည့်လည်း များ၏။ ယင်းသို့မှ နောင်ဟံတပ်သို့ ပြန်၍ နေသည်။ မဟာဥပရာဇာတို့ နေတော်မူသည်နှင့် နှစ်တိုင်ကျော်ခန့် ကွာ၍ ရှိသည်။ အမြောက် သေနတ်သံကြားမှ သူတိုက်လာသည်လော ဟူ၍ မြင်းလျှင်နှင့် မေးလာရသည်ကို သူတိုက်လာသည်ကို အောင်လေပြီ၊ ဗညားနန်းကိုလည်း သတ်လိုက်ရသည်။ ဆင်၊ မြင်း၊ လူသူ အများ ရတော်မူသည် ဟူ၍ မှာတော်မူသည်။

လင်းဇင်း စစ်သည်တို့ ပျက်၍ ပြန်လျှင် လင်းဇင်းမင်း အဂ္ဂမဟာသေနာပတိ ဖြစ်သော သည်လို့ ရာဇဝတ် အမတ်လည်း သူ့အရှင် လင်းဇင်းမင်းကို ဤသို့ နားတော် လျှောက်ပြန်သည်။ “သူ အဝေးကလာ၍ ကျွန်တော်တို့ နိုင်ငံအလုံးကို ထောင်းထောင်းကြေအောင် ဖျက်ဆီးရလေသည်။ ကျွန်တော်တို့ ယောကျ်ားမဟုတ်ပါသည်လော၊ ယင်းသို့ ဖြစ်သောကြောင့် ကျွန်တော်တို့က အလုံး အရင်း အများ စီရင်၍ ဆင်သည်၊ မြင်းသည်၊ ခြေသည် အပေါင်းတို့ အသက်ကို စွန့်၍ သူ့ကို တိုက်မည်။ နိုင်လျှင်လည်း နိုင်စေ၊ မနိုင်လျှင်လည်း သေပစေတော့” နားတော် လျှောက်သည်ကို လင်းဇင်းမင်း ဖြစ်စေ ဤသို့ ဆိုသည်။ “သူတို့ တပ်မှူး၊ စစ်ကဲမှ စ၍၊ ဆင်သည်၊ မြင်းသည်၊ ခြေသည် အပေါင်းတို့သည် ရန်သူကို တွေ့သောခါ ပကြောက်မရွံ့ မတုန်မလှုပ် အသက်ကိုစွန့်၍ အမှုကို ထမ်းသည့်သူချည်း ဖြစ်သည်။ ယခု သူ့ကို တိုက်၍ သင့်မည်မထင်၊ ရှည်ကြာ၍ ဆင်၊ မြင်း၊ ဗိုလ်ပါ ကေတ်ပွတ် ပင်ပန်းမှ တိုက်ရသော် သင့်မည်ထင်သည်။ ယခု ဗညားသုံးဦး လိုက်လံ လေသည်လည်း ဆင်၊ မြင်း၊ ဗိုလ်ပါသာ ပျောက်ပျက် ဆုံးရှုံးချေသည်။ သူတို့ကို မအောင်နိုင်ချေ” ဟူ၍မိန့်တော်မူသည်။

သည်လုံ ရာဇဝတ်လည်း "ကျွန်တော်တို့ ကြိုက်သော အမွှေး၊ အမတ်၊ ဆင်၊ မြင်း ကိုသာ ပေးတော်မူပါ၊ နိုင်အောင် တိုက်ပါမည်။ ဘုန်းကြီးသည့် အရှင်လည်း ကျွန်တော်တို့ ချီသည့်နောက် တစ်တိုင်ကျော်က နောက်အုပ်၍ ချီတော်မူ၍ သာလျှင်လည်း တိုက်တော်မူစေတော့၊ မသာလျှင်လည်း အလျင် ခွါတော့" ဟု၍ လျှောက်သည်။ လင်းဇင်းမင်းလည်း သေည်လုံ ရာဇဝတ် လျှောက်သော အရေးသို့ လိုက်၍ တိုက်ဆင် လေးရာ၊ မိုလ် ခုနစ်သောင်းနှင့် အလျင် ချီရသည်။ သည်လုံရာဇဝတ်မှာ အရပ် ခုနစ်တောင်ရှိသော ဖြူလုံ ဟူသော ဆင်မှန်နှင့် ဖပ်ဖပ်ကို စီးသည်။ ယင်းကမှ လင်းဇင်းမင်း ဖြစ်စဉ်မှာ တိုက်ဆင် လေးရာ၊ မိုလ် တစ်သောင်းခန့်နှင့်နောက် တပ်မပြု၍ ချီသည်။ အင်းကြီးတစ်ခုကို တွေ့လျှင် ဆင်များကို ရေစိမ်၍ နေရသည်။

အင်းဝဘုရင် သတိုးမင်းစောလည်း လင်းဇင်းမင်း ချီလာကြောင်းကို ကင်းတိုစေသော မြင်းတော်သည်တို့ လျှောက်၍ ကြားလျှင်၊ မြင်းတပ် ငါးတပ်နှင့် တကွ တပ်ပေါင်း ရှစ်တပ်လုံး၊ စစ်မျက်နှာပြင်၍ ကြိုရသည်။ သူ့ လူနှင့် နီးလျှင် တပ်မှူးစစ်ကဲ ဆင်စီး အပေါင်းတို့သည်လည်း အဆီးအတားမရှိ ဆင် ချွန်းဖွင့်ကာ လွှတ်ကြလေ၏။ သတိုးမင်းစောလည်း ဆင်တော် သန်မြန်စွာကို ဆုန်းတွေးတွေး သုတ်ပြီးလျှင် စီးတော်မူ၍ သူပုန်သို့ လွှတ်သည်။ သေည်လုံ ရာဇဝတ် ဆင်နှင့် ဆိုင်မိ၍ တိုက်တော်မူသည်။ သေည်လုံ ရာဇဝတ် စီးသော ဆင် ဖုန်နှင့်ဖြစ်၍ အခြားဆင်ကူများ မုန်နံ့ကိုရလျှင် မချဉ်းဝံ့ချေ။ သန်မြန်စွာ တစ်စီးသာဝေ့ဝံ့ချေသည်။ မနည်းကြာဝေ့၍ အကြောင်းကို သိတော်မူလျှင် နောက်သို့ ဆုတ်၍ အားယူပြီးမှ ချွန်းဖွင့်၍ တိုက်တော်မူသည်။ သေည်လုံ ရာဇဝတ် စီးသော ဖြူလုံ အာဝေဝါကို ထိုးမိလျှင် ဟောင်းဟောင်း ကျည် ကျည် မြည်၍ ပြေးလေ၏။ လိုက်ထပ်၍ တိုက်တော်မူသည်။ မှီလျှင် ကုန်းလယ် စီးကာ လုံနှင့် လှတ်သည်။ သေည်လုံ ရာဇဝတ်သည် လုံသင့်၍ ဆုံးလေ၏။ စီးသည့် ဆင်ကိုလည်း ရတော်မူ၏။ ယင်းသို့ သေည်လုံ ရာဇဝတ် ဆုံးလျှင် အမတ် အဆီးအတား မရှိ ပျက်လေ၏။ ငဲမက်တော်တို့ ထပ်၍ လိုက်သည်။ အမတ် တစ်ကျိပ်နှစ်ယောက်နှင့် တကွ ဆင်ငါးဆယ်၊ လူ နှစ်ထောင်ကျော် ရတော်မူသည်။ သေလေသည်လည်း များလှ၏။ သတိုး မင်းစောလည်း တစ်တိုင် ကျော်ခန့် လိုက်တော်မူသည်။ ညမိုးချုပ်နှင့် လင်းဇင်းကို မတွေ့၍ တပ်တော်သို့ ပြန်တော်မူသည်။

ယင်းသည့်နေ့မှစ၍ လင်းဇင်းသားတို့ ပျက်နှာ မပြုံ့ပြီ၊ တစ်လခန့် ရှိလျှင် မဟာဥပရာဇာ ဤသို့ မိန့်တော်မူသည်။ "ယခု ငါတို့ နောင်ဟံအရပ်တွင် နေချေသော်၊ လင်းဇင်းမင်းသည် မြို့ရှာသို့ ချဉ်း၍ နေဝံ့မည် မဟုတ်၊ ယင်းသို့ ဖြစ်သောကြောင့် မိုင်းစံသို့ ဆုတ်၍ သည်တစ်မိုးတွင်းတွင် ရဲမက်တော် အပေါင်းတို့ကို လယ်လုပ်စေ၍ ဆင်မြင်း ဗိုလ်ပါ ဖြည့်တင်းရမှ သင့်မည်ထင်သည်"ဟု၍ မိန့်တော်မူလျှင် အင်းဝဘုရင် သတိုးမင်းစော အစရှိသော စော်ဘွား၊ စော်ကန်း၊ ထပ်မှူး၊ စစ်ကဲအပေါင်းတို့ တစ်စိတ်တစ်ဝမ်းတည်း နှလုံးညီကြ၍ မိုင်းစံမြို့သို့ ဆုတ်၍ နေတော်မူကြသည်။ ယင်းသို့မှ မိုင်းစံမြို့တွင် နေချေသော် နာဖျား၏ အပေါင်းတို့ကို မစ၊စေ၍ ဗညားကျန်း မှူးသည့် မွန်၊ မြန်မာ၊ ရှမ်း တစ်တပ်ကို တိုက်ဆင်ငါးဆယ်၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် ဟံသာဝတီသို့ ပို့ရ လေသည်။ ထိုသို့ ပို့ရကြောင်းကို လင်းဇင်းမင်း ကြားလျှင် လက်ရုံး လက်ပေါင်းကိုတန်း၍ ဤသို့ ကြိမ်းဝါးသည်၊ "မဟာဥပရာဇာကို ငါ အလျင်ခံ၍ မတိုက်ဘဲ နေသော အကြောင်းကား၊ ကြောက်၍ နေသည် မဟုတ်၊ ငါတိုင်း ငါနိုင်ငံသို့ ရောက်လျှင် နာဖျား တော်မှတ်၍ ခြေလက် ပင်ပန်းပလေစေဦး၊ ယင်းသို့ ပင်ပန်း နွမ်းနယ်မှ ငါတိုက်မည် ဟူ၍ ရှောင်ရှား ကွယ်ထောင်၍ ငါနေသည်။ ယခု ငါတို့ပွဲ" ဟူ၍ ဆိုပြီးလျှင် ဗညား သေသည် ဟူသော အမတ်ကို တိုက်ဆင်တစ်ရာ၊ ဗိုလ်နှစ်သောင်းခန့်နှင့် တောကို ချိစေ၍ လူနာ လူဖျားတို့ကို ပို့စေသော ဗညားကျန်းကို တိုက်လေဟူ၍ လင်းဇင်းမင်းက ခန့်သည့် ဗညားသေသည်လည်း၊ တောကိုချိ၍ ဗညားကျန်းအလာကို တိုက်မည်ဟု စောင့်နှင့်သည်။

ဗညားကျန်းလည်း အပြိုက်ဟူသောဆင်ကို စီး၍ ချီသည်နှင့် ဗညားသေသည် တောက ထွက်၍ တိုက်လျှင် နင့်ကိုပင် ရှာသည်ဆို၍ တိုက်လေ၏။ မနည်းကြာ ရွေ့လျှင် လင်းဇင်းမင်းအမတ် ဗညားသေသည်နာ ဆင်ကျ၍ တိုက်မည် လှတ်သည်ကို ဗညားကျန်းတူ စန္ဒရသိဟူသော အမတ် ကန်တရော်ဟူသော ဆင်ကို စီး၍ တိုက်သည်။ လင်းဇင်း အမတ် ဗညားသေသည်နာ စီးသောဆင် လည်၍ ပြေးလေ၏။ လိုက်ထပ်၍ တိုက်လျှင် ဆင်နှင့်တကွ ဗညားသေသည်နာကို အရှင်ပင် ရလိုက်သည်။ ဗညားကျန်းလည်း ဗညားသေသည် စီးသော ဆင်ကို ထိုးမိသည်။ ခွေးထိုင် လဲလေ၏။ ။ယင်းသို့ စဉ်တွင် ရဲမက်တော်တစ်ယောက် လှံနှင့် ထိုးမိ၍ ဗညားသေသည် ဆင်ဦးတွင် သေလေ၏။ ဗညားသေသည် သေလျှင် လင်းဇင်းသားတို့သည် အဆီးအတားမရှိ ပျက်လေ၏။ ဗညားသေသည် စီးသော ဆင်နှင့်တကွ ဆင်သုံးဆယ်ကျော်၊ လူငါးရာကျော် ရလိုက်၏။ သေလေသည်လည်း၊

များ၏။ ယင်းသို့မှ လူနာ လူများ မတွမ်းမမှာ သသုတ္တိကို သိမ်းဆည်း ပြည့်တင်း၍ ဟံသာဝတီသို့ ဖြည်းဖြည်း ပြန်ရောက်လျှင် ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း အားရတော်မူ၍ ကွမ်းခွက် ရှစ်မြှောင့်၊ လက်ပက်အိုး၊ တကောင်းဖိုး ထွေးအင်၊ ဝတ်လုံ၊ ပုဆိုးကောင်း ပေးတော်မူသည်။ စန္ဒရာသီကိုလည်း ဇာဂရိ ရှာနှင့်အကွ ကျပ် လက်ပက်ထိုး၊ ဝတ်လုံ၊ပုဆိုးကောင်း ဆုပေးတော်မူသည်။

သားတော် မဟာ ဥပရာဇာ၊ သမက်တော် သတိုးမင်းစောတို့လည်း မိုင်းစံမြို့တွင် လယ်ချောင်းလုပ်၍ တစ်မိုးတွင်းနေတော်မူမည် အကြံတော် ရှိကြသည်။ လင်းဇင်းမင်းလည်း မျက်နှာမပြ၍ တောအုံ တောင်ကမ်းကြီးမှာ ရှောင်ရှားပုန်း၍သာ နေလေ၏။ ။မဟာ ဥပရာဇာတို့က အသွယ်သွယ်ကို လိုက်လံ၍ စုံစမ်းစေသော်လည်း မတွေ့ မရချေ။ ယင်းသို့လျှင် မဟာဥပရာဇာ တို့လည်း တပ်မှူးစစ်ကဲ အာပေါင်းတို့ကို ခေါ်၍ တိုင်ပင်တော်မူသည်။ ယင်းသောအခါ ဗညားဒလ လျှောက်သည်။ "ယခုသည် လင်းဇင်းမင်း ဖြစ်စစ်ကို လိုက်လံ၍ ရှာဖွေစေသော်လည်း မရ၊ ကျွန်တော်တို့ မိုင်းစံတွင် နေသမျှကို မျက်နှာပြမည့် အကြောင်းမဟုတ်ပြီ၊ ယင်းသို့ဖြစ်သောကြောင့် ပြန်ရမည် အကြောင်းကို ရှိခိုးသံတော်ဦးတင်၍ ပြန်ရသည်ဖြစ်မှ လင်းဇင်းမင်း ဖြစ်စစ် မြို့ရွာသို့ ချဉ်း၍ နေဝံ့မည်ဖြစ်သည်။ ကျွန်တော်တို့လည်း တစ်နှစ်တစ်ခါ ဆင်မြင်း ဗိုလ်ပါတို့ကို ပြည့်အင်း၍ တစ်ကြိမ် ချီပြန်ရမှ လင်းဇင်းမင်း ဖြစ်စစ်ကို ရအံ့မူသည်" ဟူ၍ နားတော် လျှောက်သည်။ မဟာဥပရာဇာသည်း သည်အရေးသည် သင့်လှပြီ ဟူ၍ မိန့်တော်မူပြီးလျှင် ခမည်းတော် ဘဝရှင် မင်းတရားကြီးဘုရားသို့ သံကမည်စာကို ဗညားဒလကို စီကုံးစေ၍ လျှောက်သည်စာကား၊—

သားတော်မဟာဥပရာဇာနှင့် ဗိုလ်မှူး တပ်မှူး အာပေါင်းတို့ ရှိခိုးသံတော်ဦး တင်ဝံ့သည်၊ အရှင်ဘဝရှင် မင်းတရားကြီးဘုရား—ဗညားသုံးဦးတို့ ပြေးလေရာ ရအောင်ဖမ်းလေ အမိန့်တော်ရှိ၍ အမိန့်တော်ကို ဦးထိပ်ခွက်၍ ကျွန်တော်တို့ လိုက်ရာမှာ မိုင်းစံတွင် လင်းဇင်းမင်း ညီနောင်နှင့် ဗညားသုံးဦး အလုံးအရင်း ဆင်မြင်း အများနှင့် ခံသည်ကို ကျွန်တော်တို့ ဆောက်၍ ဝဲခြင်းနှင့်ပြည့်စုံသော ရဲမက်တော် အတပ်တပ်သားတို့ ဝန်းရံ၍ လုပ်ကြံလျှင် ဘုန်းတော်ကြောင့် ဆင်တစ်သိန်းရှင်ဖြစ်သော လင်းဇင်းမင်းဖြစ်စစ်သည် ပျက်စီးကြေမွ၍ ရုံးမိသမျှ သော ရဲမက်နှင့် မြို့က ထွက်ပြေး၍ လွတ်လေသည်။ ညီဥပရာဇာနှင့်တကွ မိဖုရားသုံးဦး၊ ကိုယ်လုပ်နှစ်ကျိပ်၊ အမတ် သုံးကျိပ်၊ ဆင် လေးရာ၊ မြင်းတစ်ထောင်

ငါးဆောင်ကျော် ရပါသည်။ နောက် ကျွန်ကျော်၊ သုံ့ပန်းလူ အကြီးအငယ် လိုက်သော်၊ ဆင်မြင်း ဗိုလ်ပါနှင့်ခံ သည်ကို အင်းဝမင်းတော်တို့ မိုင်းစံက ချီ၍ လိုက်လသော်၊ ဆင်မြင်း ဗိုလ်ပါနှင့်ခံ သည်ကို အင်းဝမင်း လိုက်သည်။ ဗညားနန်းကိုလည်း သတ်လိုက်ရသည်။ ဆင် ခြောက်ဆယ်၊ လူ သုံးဆောင်ကျော် ရပါသည်။ နောက်တစ်ကြိမ် ငသည်လုံရာဇဝတ် ခံ၍ တိုက်လာသည်။ ငသည်လုံ ရာဇဝတ်ကိုလည်း သတ်လိုက်ရသည်။ အမတ် တစ်ကျိပ် နှစ်ယောက်နှင့်တကွ ဆင်နှစ်ဆယ်၊ လူ သုံးထောင်ကျော်ကို ရသည်။ ယင်းသည် နေမှစ၍ လင်းဇင်းမင်း ဖြစ်စစ်သည် မျက်နှာမပြဝံ့ပြီ၊ နတ်စစ်သည်နှင့်တူသော ရဲမက်တော် အပေါင်းတို့ လိုက်သော်၊ တောသုံးထောင်ကို အစိုးရသော တောသ ရာဇာ ဖြစ်သောမင်းသည် ပတ္တမြားဂူမှ ထွက်၍ စမွယ် ကွန်မြူးသောခါ ပေး၊ ရွှေ၊ ပထတ်၊ လိပ်၊ ဖွတ်၊ ဒရယ်၊ ယန်ငယ် စသော သတ္တဝါတို့သည် တွင်းထဲ လိုက် ခေါင်း ပုန်းအောင်း လေသကဲ့သို့ လင်းဇင်းမင်း ဖြစ်စစ်သည် တောအုံတောင် ကမ်းကြီးရာ အသက်လွတ်ကြောင်း ပုန်းလျှိုး၍ နေလေသည်။ အစိရဝတီ၊ မဟီ၊ သရဘူ၊ ယမုန၊ ဂင်္ဂါဟူသော အမည်ဖြင့် ကျော်စော ထင်ရှားစွာ အယဉ်တွေတွေစီးသော မြစ်ကြီး ငါးသွယ်တို့သည် မဟာသမုဒ္ဒရာသို့ စီးဝင်လေ သောခါ မိမိတို့၏ အမည်ကို စွန့်၍ မဟာသမုဒ္ဒရာ သာ လွှမ်းမိုး ထင်ရှားလေ သကဲ့သို့ လင်းဇင်းမင်း နိုင်ငံအလုံးကို ရဲခြင်းနှင့် ပြည့်စုံသော စစ်သည်အပေါင်း တို့ လွှမ်းမိုးလျက် လိုက်လံရှာကြသော်လည်း စုံ၊ ရဂုံ၊ စေးပျစ်၊ စိန့်၊ မြိုင်၊ ဂနိုင်၊ ပုပ်အပေါင်း၊ နွာမောင်း၊ ချုံနွယ်၊ စက်စယ်၊ ကိုင်း၊ ပန်းပြားနှင့် ပြည့်စုံ သော တောတောင်လည်း အလွန်ကျယ်ဝန်းလှသည်။ အကြောင်းမှာ ခြသေ့ မင်းနှင့် ယုန်၊ ဂဠုန်မင်းနှင့် ပျံလွှား၊ နဂါးမင်းနှင့် တီပွတ် ဖြစ်ကြောင်းကို ရှိခိုး သံတော်ဦး တင်ဝံ့ပါသည် ဘုရား—ဟူ၍ စီကုံးပြီးလျှင် လျှောက်စာကို မြင်းလျှင် တစ်ဆယ့်နှစ်တပ်နှင့် ဆက်ရလေ၏။

ဟံသာဝတီသို့ ရောက်၍ ဆက်စာကို ကြားတော်မူလျှင်၊ ခေါ်တော်မူ၍ သက္ကရာဇ် ၉၂၄-ခု၊ ဝါခေါင်လဆန်း ငါးရက်နေ့၊ မိုင်းစံက ပြန်တော်မူသည်၊ သီတင်းကျွတ်လဆန်း တစ်ဆယ့်တစ်ရက်၊ သောကြာနေ့၊ ဟံသာဝတီ ရွှေပြည် တော်သို့ ရောက်တော်မူကြသည်။ ရောက်သနေ့ပင် ရခဲ့သည့် လင်းဇင်းမင်းမိဖုရား၊ သား၊ သမီး၊ ကိုယ်လုပ်မောင်းမနှင့် အမှူးအမတ်၊ ဆင်မြင်းဗိုလ်ပါတို့ကိုဆက်လေ ၏။ ခမည်းတော်ဘုရားလည်း အားရတော်မူ၍ ရွှေဝါကို ပေးတော်မူသည်။ သမက်တော် သတိုးမင်းစောကိုလည်း ရွှေခင်ဝယင် ပေးတော်မူသည်။ စော်ဘွား စော်ကန် အမှူးအမတ် ပွဲလမ်းရသသူကိုလည်း အဆောင်အယောင် စားကျေး

ခါးလက် အထိုက် အလျောက် ပေးတော်မူသည်။ ရခဲသော လင်းဇင်းမင်း မိဖုရား ပြကြည်လည်းကောင်း၊ မိဖုရား ယိုးဒယားမင်းသမီး မနုရာသည်းကောင်း၊ ကျိုင်းတုံစော်ဘွား သမီး သီရိမာ၊ လင်းဇင်းမင်း တူမ သီရိလှုတာ၊ လင်းဇင်း မင်းကိုယ်လုပ် အမတ်သမီး နှစ်ကျိပ်ကျော်—သည်များကိုလည်း အသုံးအဆောင် အဝတ်အစား အစေအပါး ပေးတော်မူ၍ နန်းတော်တွင်းတွင် ကောင်းမွန်စွာ နေရသည်။ လင်းဇင်းမင်းညီ မိုင်းစံဘား ဥပရာဇ်၊ ယင်းသောခါ အသက် တစ်ဆယ့်ခြောက်နှစ်ရှိယ်ကိုလည်းမရွတ်မချ၊ အဆောင် အယောင် အခြံအရံ အိမ်ရာ ပေးတော်မူ၍၊ အပါးတော်တွင် မပြတ် မြဲစေရသည်။ လင်းဇင်းက ရခဲသောလူတစ်ထောင်ကျော်ကိုလည်းအကြီးနှင့် အစုအကွက်ချ၍ အမှုတော်ကို ထမ်းရသည်။

တိုင်းကြီး၊ ပြည်ကြီး အပေါင်း၊ ထီးဆောင်းမင်းတကာတို့၏အရှင် ဖြစ်တော် မူသော ဆင်ဖြူ၊ ဆင်နီများသခင် ဖြစ်တော်မူသော ဘဝရှင် မင်းတရားကြီး ဘုရားသည် သားတော် မဟာဥပရာဇာ အစရှိသော မှူးတော်၊ မတ်တော် ဒေါဇညား အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ "ငါ၏ တိုင်းကား နိုင်ငံတော်တို့သည် အလွန် ကျယ်ဝန်းလှသည်။ ထိုသို့ ကျယ်ဝန်း သော တိုင်းကား နိုင်ငံတော်အတွင်းတွင် တစ်ပါးပါးသော နိုင်ငံတော်သည် တစ်စုံတစ်ခုသော အခင်းအခန့်ထွက်လတ်သည်ရှိသော် ငါကိုယ်တော်ပင် ချီရ သောခါ ချီတော်မူရသည်။ ယင်းသို့ ချီရတော်မူသောခါ မြို့ပြမရှိသည်ရှိသော် လူသွမ်း၊ လူပျက်တို့သည် မကောင်းသောအကြံအစည်ဖြင့် တစ်ချက်တစ်လက် တည်း ပေါင်းစည်း၍ သောင်းကျန်း ပုန်ကန်လေသည် ရှိသော် ပြည်သူလူ အပေါင်းတို့သည် ချောက်ချား၍ နလုံးနှောင့်ယှက်လေရာသည်။ ထိုသို့ ပြည်သူ နှောင့်ယှက်သည်ရှိသော် ပြည်ကိုမှီ၍ သီတင်းသုံးသော စာရိတ္တသီလ၊ ဝါရိတ္တ သီလ ရဟန်းတို့သည် ပရိယတ္တိ၊ ပဋိပတ္တိမှ လျော့၍ သာသနာတော် ယုတ်လေ ရာသည်။ တစ်ကြောင်းလည်း ထိုသို့ မကောင်းကျင့်သောသူတို့အား ကွပ်ညှပ် ဆုံးမခြင်းကြောင့် ငါ့အား မကောင်းမှု ပွါးများရာသည်။ တိုင်းကား နိုင်ငံ၌ လည်း မငြိမ်မဝပ်သော အားဖြင့် အခွန်အတုတ်တို့သည် ယုတ်လေရာသည်။ ယင်းသို့ ဖြစ်သောကြောင့် ခပ်သိမ်းသော ရန်သူအပေါင်းတို့သည် မလှုပ်မရှား နိုင်သော ကေတုမတီ ဟူသော တောင်ငူမြို့နှင့်အမျှ မြို့ကိုတည်ပြီးလျှင် သူဌေး သူကြွယ် အစရှိသော ပြည်သူ၊ လူရဟန်း၊ အပေါင်းတို့အား ထိုမြို့ကို အမှီပြု၍ နေစေပြီးမှ အရေးတော်ရှိရာ ငါကိုယ်တိုင်ချီ၍ လုပ်ကြံတော်မူသော် မကောင်း၊

သော လူသီး လုလှမ်းတို့သည် မကြံ့ခိုင်ကုန်၊ ထိုသို့ မကောင်းသော အမူအရာကို ကျင့်သည် ဖြစ်မှ ပြည်ထဲ ရည်ပင်သာယာသည်။ ပြည်ရွာ ရည်ပင် ဝပြောသည် ဖြစ်မှ ဆင်းရဲမဲ့သော လူရဟန်း အပေါင်းတို့သည် အလှူပဲ၊ ပရဟိတကို ဆောင်နိုင်၍ ကုသိုလ်ကောင်းမှု ပွားများရာသည်။ ဤသို့ ပြည်သူ လူရဟန်းတို့ ကုသိုလ်ကောင်းမှု ပွားများသည်ဖြစ်မှ သာသနာတော်ကို ချီးမြှောက်သော ငါ ဆုတောင်းသည် ပြည့်စုံသော ဆုကို ပြည့်စုံရာသည်" ဟူ၍ မိန့်တော်မူသည်။

---

ဟံသာဝတီ မဟာရာဇဝင်ဒွာ မြို့ကြီး တည်တော်မူသည့်အကြောင်း

သာသနာတော် မဟာဥပရာဇာလည်း ဤသို့ နားတော် လျှောက်ဖြန်သည်။ "ဘုန်းကြီးလှသော ဘဝရှင် မင်းတရားကြီး၊ ဘုန်းလက်ရုံး အာဏာတော်သည် ဇမ္ဗူဒိပ် တစ်ကျွန်းလုံး ကျော်စော ထင်ရှားပြီးသည်။ ထိုထိုသို့သော ပြည်တို့က သံကြီး၊ တမန်ကြီး ရောက်လာသောခါ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော မြို့ကျုံးမြောင်း မရှိသည်မှုသော် မသင့်ချေ။ ယင်းသို့ ဖြစ်သောကြောင့် အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော မြို့ကို တည်တော်မူမှ သင့်မည်" ဟူ၍ နားတော် လျှောက်သည်။ မှူးတော်၊ မတ်တော် အပေါင်းတို့လည်း သင့်မြတ်ကြောင်းကို အသီးသီး လျှောက်ကြသည်။ ယင်းသို့မှ ပညာရှိ ဗေဒင်တတ်အပေါင်းတို့ကို တက်ချက် ဆေးကြောစေပြီးမှ ဟံသာဝတီ ဝန်းကျင်တွင် ရှိသော လူအပေါင်းတို့ကို တစ်အိမ်တစ်ယောက်တောင်းတော်မူ၍၊ သက္ကရာဇ် ၉၂၈-ခု၊ တန်ဆောင်မုန်း လဆန်း ဆယ်ရက်၊ ကြာသပတေးနေ့၊ မြို့ရွာက တောင်ကို တူးစေ၍ အနောက် ချိုင့်ဝှမ်းရာသို့ချည်း၊ ဖိုရသည်၊ ဗိုလ်ပ များသောကြောင့် မြို့ကိုးရွ ကုံသို့ချည်း ဖြစ်လေ၏။

သက္ကရာဇ် ၉၂၈-ခု၊ ပြာသိုလ်လဆန်း ခြောက်ရက်၊ သောကြာနေ့ ညီတော် မဟူမင်း သမီးတော် လုန်လျှင် သမီးတော် အငယ်နှင့် ရခိုင်ဘုရင် ညီတော် သင်္ဂိုဟ်မှာသေသကို စုံဖက်တော်မူမြန်သည်။ ၎င်းတပို့တွဲလပြည့်ကျော် ၄ ရက်၊ သောကြာနေ့ ဒဂုန် ဆံတော်ရှင်ဘုရားကို ထီးတင်တော်မူသည်။ မကိုဋ်တော်ကို လည်း လှူတော်မူသည်။ အာင်လည်း ရက်လည်အောင် ခံတော်မူသည်။ သမီး တော် ခုနစ်ရာကို ဆွမ်းလုပ် ကျွေးတော်မူသည်။ ပရိက္ခရာရှစ်ပါးနှင့်တကွ လှူဒှယ်

လွှင်းများစွာ လှူတော်မူသည်။ ယင်းသည်နှင့် တပေါင်းလဆန်း ၉ ရက်၊ သောကြာနေ့၊ မဟာစေတီ ကောင်းမှုတော်ကို ထီးဆောင်တော်မူသည်။ ငါးရက် တော် ခုနစ်ရာပင်၌ ဂေါက်ထည့်ဆောင်း ဆွမ်းလုပ် ကျွေးတော်မူသည်။ သယ်ာ ရှစ်ပါးနှင့်တကွ လူစွယ် လွှင်းများစွာ လှူတော်မူသည်။ ဖိုးရှား လည်း သင်္ကန်း ခံတော်မူသည်။ ထိုနေ့တွင်ပင် ဟံသာဝတီ မြို့ဝန်ကျွန်ကို ကျိုး တုံး၀ ပြုသည်။ ကျိုး တုံးရာတွင် မြို့ထဲတွင်နေသောသူ ဆော်ကို နှသည်။ ရွှေ ရှင်းက ပေါ်လျှင် မှူးမတ်များ သေလေသည်။ ထိုနှစ် တပေါင်း လပြည့်ကျော် ၆ ရက်၊ စနေနေ့ ရွှေမော်ဓောဘုရားကို ဌာပနာ တော်မူသည်။ ကျည်းမင်းက လက်ဆောင်တော် ဆက်လာသော ပတ္တမြားစီ သော ပယင်းနားတောင်းတစ်ရန်၊ အဖိုးရွှေကုဋ်တစ်သိန်း၊ မိဘုရားကြီးအား သိရိ မဟာရာဇဒေဝီ ဆင်ယင်တော် မူသော ပတ္တမြားစီ မြင့်သော နားတောင်းတစ်ရန်၊ အဖိုးငွေတစ်သောင်း၊ ပတ္တမြားစီသော ဆံကျင်တော်အစိုး ဘုရားမြတ်စွာ နေသစ်မြို့ ပွင့်သော၌ အညွှန်ကို ထံကျွန်၍ လာလတ္တ သော မင်းတို့သည် လုပ်ခစေသော ရွှေတော်စာချွန်၍ ဌာပနာတော်မူသည်။ ဒေဝဒေဘက် ရွှေဘုရားမြတ်စွာကိုလည်း ဌာပနာတော်မူသည်။ ရွှေနန်းတော် အဆွေက သံတော်ရှင် ဘုရားကိုလည်း ဌာပနာတော်မူသည်။ ဘုရားပြီးလျှင် ဝတ် တော်မူသော ဝတ်လဲတော်များကို ဆောင်၍ ထီး ခုရားသိမ်းသည် မြင်ကိုင် အောင် ရွှေထည့်တော် မူသည်။ အစည်မင်းက ပြာသာဒ် ဆောင်တော်မူပါလျှင် သင်္ဘောတွင်တင်၍ လက်ဆောင်းတော် ဆက်လာသော ဘုရားရှိနှစ်ဆူကိုလည်း လူးဆန်းလှစွာသော ဇလုပ်ဆောက်တော်မူ၍ လှူတော်မူသည်။ လုပ်တုံ ထည့် လော ရွှေရှိန်နှစ်ပိဿာသုံးဆယ်ရှိ၍ ကျပ်လှူတော်မူသည်။ မိမိတို့မှာ စောင်း မှတော် ဆုတောင်းပြည့်ဘုရား ပြီးစွက်လေသည် များကိုလည်း ထပ်၍ လုပ် တော်မူပြီးလျှင် ထီးရုရားသိမ်းသည် မြင်ကိုင်အောင် ရွှေထည့်တော်မူသည်။ သက္ကရာဇ် ၉၂၈-ခု၊ တော်သလင်း လဆန်း-သယ်ရက်၊ သောကြာနေ့ ရွှေမော် ဓောဘုရားတွင် သက်တော်ခုနစ်ဆယ်ရှိ ဦးခေါင်းနှစ်ဆူကိုလည်း လုပ်တော်မူသည်။

---

## ဟံသာဝတီ ရွှေမြို့တော်နှင့်တကွ သုံးဌာနကို
## တည်တော်မူခြင်း အကြောင်း

သက္ကရာဇ် ၉၂၇ ခု၊ နတ်တော်လဆန်း ၁ ရက်၊ သောကြာနေ့ ထိုသီတော နှစ်သည်ကိုးလှေ၊ နက္ခတ်နှစ်ဆယ့်နှစ်၊ မြေပြင်တုလာ၊ နေညည်တွင် လေ့ချိန်

ဆတာ သုံးထောင် လေးရာ ရှိသော ဟံသာဝတီမဟာရာဇဌာနီ ရွှေမြို့တော်၊ ရွှေမော်ဓောမဟာစေတီ၊ ပိဋကတ်တိုက်-သည်သုံးဌာနကိုတစ်ချိန်တစ်ခါတည်းတည် တော်မူသည်။ နတ်တော်လပြည့်ကျော် သုံးရက် ကြာသပတေးနေ့၊ မြို့တော် တစ်ခါတိုင်ခိုက်သည်။ ဘုရားကြီးလေးဆူ သွန်းသည်။ တစ်ချိန်တစ်ခါတည်း- ကကုသန်ဘုရားရှင်ရုပ်ပွားတော်သွန်းသည်။ ပလ္လင်တော်နှင့်တကွ ငွေတစ်ဆယ့်ငါး ပိဿာခုနစ်ဆယ့်ခြောက်ကျပ် မကိုဋ်တော်လုပ်သည်။ ရွှေတစ်ဆယ့်ကိုးကျပ် တစ်မတ် မကိုဋ်တော်စီသည်။ ဝတ်တော်မူသော မြလက်စွပ်တစ်၊ ဝတ်တော်မူ သောနီလာလက်စွပ်တစ်၊ စားတော်ကွမ်းခွက်တွင်စီ သည့် ပတ္တမြား အလုံး သုံးထောင်၊ မကိုဋ်တော်လုပ်သည့် ရွှေခြောက်ဆယ့်လေးကျပ်၊ ပတ္တမြားအလုံး ခြောက်ဆယ့်သုံးလုံး စီတော်မူသည်။

ကောဏာဂုံမြတ်စွာဘုရားရုပ်တုတော်မှာ ပလ္လင်နှင့်တကွ ငွေတစ်ဆယ့်ငါး ပိဿာခုနစ်ဆယ့်ခြောက်ကျပ် မကိုဋ်တော် ရွှေချိန်တစ်ပိဿာကိုးဆယ့်နှစ်ကျပ် သုံးမတ်၊ မကိုဋ်ကိုစီသည့်ကျောက် ဝတ်တော်မူသော နီလာလက်စွပ်တစ်၊ ကွမ်းခွက်တော်တွင်စီသော ပတ္တမြားနှစ်ရာ့လေးဆယ့်ရှစ်လုံး၊ မကိုဋ်တော် လုပ်တော်မူသည့်ရွှေချိန် ခြောက်ဆယ့်နှစ်ကျပ်နှစ်မတ်၊ မကိုဋ်တော်တွင်စီသည့် ဝတ်တော်မူသောပတ္တမြား လက်စွပ်တစ်နှင့်၊ ၎င်းစီသည့်ကျောက်နှစ်ထောင် ခြောက်ရာ့ ခုနစ်ဆယ့်ရှစ်လုံးစီတော်မူသည်။

ကဿပဘုရားရှင် ရုပ်တုတော်မှာ ပလ္လင်တော်နှင့်တကွ ငွေချိန်တစ်ဆယ့်ငါး ပိဿာခုနစ်ဆယ့်ကျပ် မကိုဋ်တော်လုပ်သည်။ ရွှေတစ်ပိဿာကိုးဆယ့်ရှစ်ကျပ် မကိုဋ်တော်တွင်စီသည့် ဝတ်တော်မူသော ကြောင်လက်စွပ်တစ်၊ ကွမ်းခွက်တော် တွင်စီသည့်ပတ္တမြားကျောက်၊ သုံးထောင်ကိုးရာ့တစ်ဆယ့်တစ်လုံး၊ မကိုဋ်တော် လည်းလုပ်သည်။ ရွှေချိန်ခြောက်ဆယ့်နှစ်ကျပ်နှစ်မတ်၊ မကိုဋ်တော်ကိုစီသည့် ပတ္တမြားကျောက် တစ်ထောင့်နှစ်ရာ့တစ်ဆယ့် စီတော်မူသည်။

ဂေါတမဘုရားရှင်ရုပ်တုတော်မှာ ပလ္လင်တော်နှင့်တကွ ငွေချိန်တစ်ဆယ့်ခုနစ် ပိဿာ ခုနစ်ဆယ့်ခုနစ်ကျပ်၊ မကိုဋ်တော်လုပ်သည့် ရွှေချိန်တစ်ပိဿာသုံးဆယ့် ခုနစ်ကျပ်၊ မကိုဋ်တော်စီသည့် ဝတ်တော်မူသော ပတ္တမြားလက်စွပ်တစ်၊ ကွမ်း ခွက်တော်တွင်စီသော ပတ္တမြားနှစ်ထောင့်ကိုးရာ့ကိုးဆယ့်လေးလုံး၊ မကိုဋ်တော် လုပ်သည့်ရွှေချိန် ခြောက်ဆယ့်လေးကျပ်တစ်မတ်၊ မကိုဋ်တော်တွင်စီသည့် ဝတ်တော်မူသော ပတ္တမြားလက်စွပ်တစ်၊ ကျောက်လွတ် ပတ္တမြား

တစ်ထောင့်လေးရာ့သုံးဆယ် ဤဘုရားမြတ်စွာ လေးဆူ အတိုင်း အဆွာကား ထက်ဝယ်ခေါ် နှစ်ထောင့်လေးသယ်၊ ပလ္လင်တော်ကသည် မကိုဋ်တော် တိုင် ဆောင် လေးတောင် နှမ်းဖိုက်ခလေးသယ်၊ ထိုရုပ်တုခေါ် လေးဆူကို လှူတော်မူ သည်။ ရွှေသပိတ် လေးလုံး၊ ငွေ သပိတ်လေးလုံး၊ ရွှေ ဟင်းခွက်လေး၊ ငွေဟင်း ခွက်လေး၊ ရွှေကွမ်းလေး၊ ငွေကွမ်းလေး- သည်များနှင့်ပြင်၍ နေ့တိုင်း၊ လှူတော် မူသည်။ ဤသို့ သံသရာ စီးပွါးကို များစွာ ဆောင်တော်မူ၍ ရွှေမှိုတော် ဝန်း ကျင်ကို စော်ဘွား၊ စော်ကန်မြို့စား အပေါင်းတို့ကို လုပ်ရသည်။

---

## တံခါးနှစ်ဆယ် တည်ထားတော်မူခြင်း-အကြောင်း

တံခါးနှစ်ဆယ်တွင် မြောက်မျက်နှာတံခါး အမည်ကား။—အနောက် မြောက်ထောင့် တံခါးကို တနင်္သာရီမင်းကို ဆောက်စေ၍၊ တနင်္သာရီ တံခါးဟု မှည့်တော်မူသည်။ ယင်းသည့် အရှေ့တံခါးကို ယိုးဒယား မင်းကို ဆောက်စေ၍၊ ယိုးဒယား တံခါးဟု မှည့်တော်မူသည်။ ယင်း သည့် အရှေ့တံခါးကို မုတ္တမ မင်းကို ဆောက်စေ၍ မုတ္တမ တံခါးဟု မှည့်တော်မူသည်။ ယင်းသည့် အရှေ့တံခါးကို ပုသိမ်မင်းကို ဆောက် စေ၍ ပုသိမ်တံခါးဟု မှည့်တော်မူသည်။ ယင်းသည့် အရှေ့တံခါးကို ပုသိန်မင်းကို ဆောက်စေ၍ ပုသိန် တံခါးဟု မှည့်တော်မူသည်။ ယင်း သည်ကား—မြောက်မျက်နှာ တံခါးအမည်တည်း။

### အရှေ့မျက်နှာ တံခါး အမည်ကား

အရှေ့မြောက်ထောင့် တံခါးကို ပြည်မင်းကို ဆောက်စေ၍ ပြည် တံခါးဟု မှည့်တော်မူသည်။ ယင်းသည့် တောင်တံခါးကို အင်းဝမင်းကို ဆောက်စေ၍ အင်းဝတံခါးဟု မှည့်တော်မူသည်။ ယင်းသည့် တောင် တံခါးကို တောင်ငူမင်းကို ဆောက်စေ၍ တောင်ငူတံခါးဟု မှည့်တော် မူသည်။ ယင်းသည့် တောင်တံခါးကို လင်းဇင်းမင်းကို ဆောက်စေ၍ လင်းဇင်းတံခါးဟု မှည့်တော်မူသည်။ ယင်းသည့် တောင်တံခါးကို ဒလမင်းကို ဆောက်စေ၍ ဒလ တံခါးဟု မှည့်တော်မူသည်။ ယင်း သည်ကား—အရှေ့မျက်နှာ တံခါး အမည်တည်း။

### တောင်မျက်နှာ တံခါး အမည်ကား

အရှေ့ တောင်ထောင့် တံခါးကို ဇင်းမယ်မင်းကို ဆောက်စေ၍ ဇင်းမယ် တံခါးဟု မှည့်တော်မူသည်။ ယင်းသည့် အနောက်တံခါးကို အုန်းဘောင် စော်ဘွားကို ဆောက်စေ၍ အုန်းဘောင် တံခါးဟု မှည့်တော်မူသည်။ ယင်းသည့် အနောက်တံခါးကို မိုးညှင်း စော်ဘွားကို ဆောက်စေ၍ မိုးညှင်းတံခါးဟု မှည့်တော်မူသည်။ ယင်းသည့် အနောက် တံခါးကို မိုးကောင်း စော်ဘွားကို ဆောက်စေ၍ မိုးကောင်းတံခါးဟု မှည့်တော်မူသည်။ ယင်းသည့် အနောက် တံခါးကို ထားဝယ်မင်းကို ဆောက်စေ၍ ထားဝယ်တံခါးဟု မှည့်တော်မူသည်။ ယင်းသည်ကား- တောင်မျက်နှာ တံခါး အမည်တည်း။

### အနောက်မျက်နှာ တံခါး အမည်ကား

အနောက် တောင်ထောင့် တံခါးကို ကလေး စော်ဘွားကို ဆောက်စေ၍ ကလေးတံခါးဟု မှည့်တော်မူသည်။ ယင်းသည့် မြောက်တံခါးကို မိုးနဲ စော်ဘွားကို ဆောက်စေ၍ မိုးနဲ တံခါးဟု မှည့်တော် မူသည်။ ယင်းသည့် မြောက်တံခါးကို ညောင်ရွှေ စော်ဘွားကို ဆောက်စေ၍ ညောင်ရွှေ တံခါးဟု မှည့်တော်မူသည်။ ယင်းသည့် မြောက်တံခါးကို သားတော် သာယာဝတီမင်းကို ဆောက်စေ၍ သာယာဝတီ တံခါးဟု မှည့်တော်မူသည်။ ယင်းသည့် မြောက်တံခါးကို သိန္နီ စော်ဘွားကို ဆောက်စေ၍ သိန္နီတံခါးဟု မှည့်တော် မူသည်။ ယင်းသည်ကား- အနောက် မျက်နှာတံခါး အမည်တည်း။

ယခု ဆိုသော တံခါး အရပ် အမည်တို့သည်၊ ဟံသာဝတီမြို့ တံခါးတည်သည့် ကာလ၊ သိမ်းသူနှင့်စေး ဝယ်ဆိုသည့် စာနှင့် အညီတည်း။

(ရာဇဝင်ကြီးမှာ အုန်းဘောင်တံခါးကို မိုးမိတ်တံခါး၊ တနင်္သာရီ တံခါးကို ယိုးဒယား တံခါး၊ ယိုးဒယား တံခါးကို တနင်္သာရီ တံခါး၊ လင်းဇင်း တံခါးကို ဒလတံခါး၊ ဒလ တံခါးကို လင်းဇင်းတံခါးဟူ၍ အစီအစဉ် အရပ် အမည်ကို ဆိုသည်။ နှစ်စေး ဝယ်ဆိုသည့် စာနှင့် မညီချေ။ တံခါးနှစ်ဆယ်ကို ပြာသာဒ်ချည်း ဆောက်စေ၍ ရွှေအပြည့် ထည့်တော်မူသည်။ ရင်တား နှစ်ထပ် ,တံခါးရွက်ကိုလည်း ရွှေအပြည့် ထည့်တော်မူသည်။)

သက္ကရာဇ် ၉၁၈ ခု၊ တပို့တွဲလဆန်း တစ်ဆယ့်သုံးရက် တနင်္ဂနွေနေ့ ပဲခူးလောက်မြို့ကိုစားသော ယိုးဒယားမင်းအကြီး သမက်ကြေးသာမှုရှာ၊ ပြီးကြွလေပြီ၊ သိန္နီစော်ဘွားသမီး၊ ဝင်ရုံစော်ဘွားသမီးသည် စော်ဘွားသုံးဦး သမီးတို့ကို အဆောင်၊ အယောင်၊ အခြွေအရံနှင့်တကွ ဆက်လာ၍ တစ်ခေါ်တည်း နန်းတွင်းသို့ သွင်းတော်မူသည်။ သာ ယာ လှ စွာ သော အိမ်ဆောက်၍ နေရသည်။ အဆောင် အယောင်တည်း အဆိုက်အလျောက် ပေးတော်မူသည်။ ထိုသက္ကရာဇ်တွင် ထင်ဆင်မင်း အကြီးအကဲ မိုင်းယတ်ကိုစားသော သူသည်၊ တိုက်ဆင်တစ်ရူး၊ အခြွေအရံ လူနှစ်ထောင်ကျော်နှင့် ရွှေနန်းတော်သို့ ရောက်လာ၍ ကျွန်တော် ခံသောသည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း သစ္စာတော် ပေးပြီးလျှင် အဆောင်အယောင်ပေးတော်မူ၍ အာဏာ အချုပ်ချ၍ နေရသည်။ အပါးတွင်သည်း မပြတ် မြဲရသည်။ ဤအကြောင်း ဟံသာဝတီ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရား အတိုင်းမသိးသာ မြေကြီးအထူနှင့် တူသော ဝိမာန်တော် အပေါင်းတို့နှင့် ယိုးဒယားမြို့ကို လုပ်ကြံတော်မူ၍ ယိုးဒယားမင်း ကိုယ်ရံ ရ၍ သား အိမ်အမှုန်နှင့် တကွ သစ္စာပေးကြောင်း ဆင်ဖြူ လေးစီးကို ယိုးဒယားမင်း၊ သား အိမ်အမှုန်း ကိုယ်နှင့်အတူ ဆက်လာ ရကြောင်းများကို ဆိုသည်။

အထူးထူးသော တိုင်းကြီး၊ ပြည်ကြီး ထီးဆောင်မင်းများသခင်၊ ရွှေတွင်း၊ ငွေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းတွင်း စသော ရတနာအပေါင်းတို့၏ အရှင်၊ ဝေဠုရိယာ ရတနာဘုံ၊ မြို့တည်နန်းတည်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများသခင်၊ အသျှင် ဘဝရှင် မင်းတရားကြီးဘုရား၊ ထက်ထက်တော် ၁၁၉၁ ခု၊ နယုန်လဆန်းဆယ်ရက်နေ့ကစ၍၊ ရဟန်း ပညာရှိ၊ ပုဏ္ဏား ပညာရှိ၊ မှူးမတ် ပညာရှိတို့နှင့် အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး၊ နန်းမဝေနဲ့ ခိုင်းညှိ၍ အသင့်ယူ၍ ကျမ်းဂန် အသုံးများနှင့် အညီ သုတ်သင်စီရင်တော်မူသော မဟာ ရာဇဝင်တော်ကြီး ဆေရှသကုဲ့ပြီး၏။

မှန်နန်း မဟာ ရာဇဝင်တော်ကြီး (၁၃-၁၄) တွဲ့တွင် ပြီးပြီ။

ဝ၀၀႐ိုင္ဝ၀

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

---

# ဝုဋ္ဌ သမဝဲ

## ရွှေမော်ဓောစေတီတော်ကြီးကို ထီး-အထွတ်
## တင်လှူတော်မူခြင်း-အကြောင်း

သက္ကရာဇ်ကိုးရာ့နှစ်ဆယ့်ကိုးခုနှယုန် လပြည့်ကျော် နှစ်ရက်၊ ကြာသပတေးနေ့၊ ရွှေမော်ဓောမြတ်စွာဘုရားကို စေတီရှင် ါးဆယ့်နှစ်ဆူနှင့်တကွ ထီးတင်တော်မူသည်။ ဆင်တော်မူသော မကိုဋ်တော်ကိုသည်၊ လှူတော်မူသည်။ အရညာ ါသီ ပုဂ္ဂိုလ်၊ ဂါမဝါသီပုဂ္ဂိုလ် ခုနစ်ရာ ပင့်တော်မူ၍၊ ရက်လည်အောင် ဆွမ်းလုပ်ကျွေးတော်မူသည်။ ပရိက္ခရာရှစ်ပါးနှင့်တကွ လှူဖွယ် လှူခင်းများစွာ လှူတော်မူသည်။ ကျိုက်ပွန်ဘုရားရှင်ကိုလည်း ထီးတင်တော်မူသည်။ ယင်းသည့်နေ့ပင် နန်းတော်သစ်ကို စ၍ ရွှေးရသည်။ နေတော်မူစရာ ရွှေအိမ်နှင့်တကွ ပြာသာဒ်ကိုလည်း ဆောက်တော် မူသည်။ ပြီး၍ ဝါခေါင်လဆန်းတစ်ဆယ့်လေးရက်၊ သောကြာနေ့၊ ရွှေအိမ်နှင့် ပြာသာဒ်ကို တက်တော်မူသည်။ ။ရွှေနန်းတော်ကို ဆောက်သောအခါ ဗြာဒလကို ဝန်ပြု၍ စီရင်ရသည်။ နန်းတော်နှင့် ပြာသာဒ်တော်မကို မှူးတော်၊ မတ်တော်တို့က သစ်တလုံးစီထည့်၍ ဆောက်ရသည်။ ထို့ပြင် အဆောင် ဆောင်သောနန်း၊ အဆောင် ဆောင်သော ကိုယ်လုပ်မောင်းမတို့ နေရာကို မှူးကား၊ ထီးဆောင်းမင်း အပေါင်းတို့ ကိုယ်တာချည်း ဝေ၍ လုပ်ရသည်။

ယင်းသည့် သက္ကရာဇ် ဟံသာဝတီတွင် အတိုင်းတိုင်း၊ အနိုင်နိုင်ငံက သိမ်းယူတော်မူခဲ့သော လူသူ ထုမျှားသည်နှင့် ကြေးပိုး ထွန့်ရှားသောကြောင့် ရဟန်းသံဃာတို့အား ဆွမ်းဆန်များစွာ လှူတော်မူသည်။ မစားရတတ်၊ မဂုတ်ရတတ်

သော သူတို့အားလည်း တိုက်တော်၊ ကျီတော်က ထုတ်၍၊ အဝတ်အစား၊ ဆန် ပေါ်များစွာ ခွင့်ကြဲတော်မူသည်။ ယင်းသည့် သက္ကရာဇ် ပြာသို လပြည့်ကျော် ငါးရက်၊ စနေနေ့၊ နန်းတော်ရာတွင် ကနားကြီးဆောက်၍ အရိယာ သံဃာ တို့အား ပင့်တော်မူ၍၊ ဆွမ်းလုပ် ကျွေးတော်မူသည်။ တရားလည်း နာတော် မူသည်။ လှူဖွယ် လှူခင်းလည်း များစွာ လှူတော်မူသည်။ ၎င်း တပို့တွဲလဆန်း လေးရက်၊ တနင်္ဂနွေနေ့၊ မိုးကောင်းစော်ဘွားက ဆင်ပြူတစ်စီးရသည်။ ဆင်ပြူနှင့် မြင်းက၊ လုပ်ရလောက်သော ပယင်းခဲကြီး– သည့်များကို လက်ဆောင်တော် ဆက်သည်။ ထိုပယင်းခဲကြီးသည် ထက်ဝယ်တော် တစ်တောင်ပြည့်ဘုရားရုပ်တု ထုစေ၍ ကိုးကွယ်တော်မူသည်။

ပီသလောက်မြို့ကို လုပ်ကြံမည် ဟူ၍ လင်းဇင်းမင်း၊ အလုံ၊ အရင်းနှင့် ချီလာသည် ကြားသောကြောင့် ပီသလောက်စားက အကြောင်းကို လျှောက် လာ၍၊ မိုးညှင်းစော်ဘွား၊ မိုးကောင်းစော်ဘွား၊ မိုးမိတ်စော်ဘွား၊ အုန်းဘောင် စော်ဘွား၊ ညောင်ရွှေစော်ဘွား၊ မိုးနဲစော်ဘွား၊ သည်ခြောက်တပ်ကို တိုက်ဆင် ခြောက်ရာ၊ မြင်း ခြောက်ထောင်၊ စစ်သည်အရှုံ ခြောက်သောင်းနှင့် မိုးနဲ ကြောင်း ဇင်းမယ်ကို တိုက်၍ ချီရသည်။ ဇင်းမယ်ကျေး မိုင်းဟေညည်သို့ ရောက်လျှင် လင်းဇင်းမင်းသည် ဟံသာဝတီက ရဲမက်တော်တို့ ချီလာကြောင်း ကို သိ၍ အလျင် ခွါလေ၏။ ဆင်ပြူများသခင် ဘဝရှင် မင်းတရားကြီးဘုရား လည်း လင်းဇင်းမင်း ခွါကြောင်းကို ကြားတော်မူလျှင် စော်ဘွားခြောက်တပ် ပြန်ရသည်။ စော်ဘွားတို့ ဣန္ဒဂိရိသို့ ရောက်လျှင် မိုးကောင်းစော်ဘွား၊ မိုးမိတ်စော်ဘွား၊ မိုးညှင်းစော်ဘွားတို့ သုံးဦးကို ခေါ်တော်မူ၍ ဟံသာဝတီသို့ ချီလာရသည်။ ရောက်လျှင် စော်ဘွားသုံးဦးတို့ကို ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားစီခွါး ပေးတော်မူသည်။ ကုလားပြည်က ဖြစ်သော ပုဆိုးကောင်း၊ ခါသာ၊ ပင်ကာ၊ ဇော်ကရတ် မှိုရ်၊ ပတ္တူနီ၊ သက္ကလတ်–သည် များကိုလည်း ဆုပေးတော်မူသည်။ ဇင်းမယ်ကြောင်း ပြန်လေသော မိုးနဲ စော်ဘွား၊ ညောင်ရွှေစော်ဘွား၊ အုန်းဘောင်စော်ဘွားတို့ကိုလည်း ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားစီခွါး၊ အထူးထူးသော အဝတ်ပုဆိုး တို့ကိုလည်း အထိုက်အလျောက် ဆုပေးတော်မူသည်။ စော်ဘွားခြောက်တပ် တွင် မှူး၊ မြန်မာအမတ် စစ်ကဲအပေါင်းတို့ကိုလည်း၊ အဆောင် အယောင် အထိုက်အလျောက် ဆုပေးတော်မူသည်။ ပီသလောက်စားကိုလည်း ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ အဝတ်အစား ဆုပေးတော်မူသည်။

သက္ကရာဇ် ၉၂၉-ခု၊ တပေါင်း လပြည့်ကျော် သုံးရက်၊ သောကြာနေ့ ရွှေပြာသာဒ်နှင့်တကွ ရွှေနန်းတော် ခြောက်ဆောင် ဝန်းကျင်ကို မောင်းမ နေရာ၊ ဆင်တင်းကုပ် သည်များကို တစ်နေ့တစ်ခါတည်းဆောက်တော်မူသည်။ ယင်းသည့်နေ့ပင် ထံခါနန်းဆယ် စသော တန်ဆောင်း၊ ပြအိုး တည်ရာတို့၌ အရှိယာ သဃ်၊ တစ်ထောင်ကိုပင့်တော်မူ၍ ဆွမ်းလုပ်ကျွေးတော် မူသည်။ အသွေလေဘက်လာနှင့်တကွ ပရိတ်ကြီး၊ ရှစ်စောင်ကိုလည်း ရွတ်ရသည်။ ဒါသာ သုံ၊ ပိတ်သုံ၊ လက် ဖက်ချောင်းလည်း၊ လှူတော်မူသည်။ ။တန်ခူး လပြည့် ကျော်တစ်ရက်၊ သောကြာနေ့၊ သည်ဝီစော်ဘွားသား အိမ်ရှေ့နေရသသူသည်၊ အသေစာဘွား ရှန့်လျှင် အဆ အဆောင် အယောင်၊ စားခွက်၊ စားယောက် နှင့်တကွ ဆင်ပေါင်းမ၊ မြင်းသည်များကို ယူ၍ ရွှေဝ ဝါးတော်အောက် ဆက် လာ၏။ ဆင်မြင်းများသင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ဆက်သည့် အဆောင် အယောင်ကို သိမ်းယူတော်မူ၍၊ သုံးရက်ရှိမှ သည်ဝီစော်ဘွား သားကိုပင် ပေးတော်မူပြန်၍၊ သည်ဝီမြို့ကိုပင် စော်ဘွားပြုရသည်။

ထို သက္ကရာဇ် တန်ခူး လပြည့်ကျော် လေးရက်၊ တနင်းလာနေ့၊ ရထား ပြာသာဒ် စီးတော်မူ၍၊ တောင်ခေမာဒ္ဒါရ၊ တံခါးက ဝင်တော်မူပြီးလျှင် အနောက်ကို လှည့်၍ နန်းတက်တော်မူသည်။ နန်းမြို့ကိုလည်း ကမ္ဘောဇသာဒိ၊ ဟူ၍ သမုတ်တော်မူသည်။ ။ရွှေနန်းတော် သက်သနေ့ မင်းညီ၊ မင်းသား၊ ဆွေတော်၊ မျိုးတော်၊ မှူးတော်၊ မတ်တော်၊ ကျေးစား၊ သင်းမှူး အပေါင်း တို့ကို အမည်၊ အရည်၊ အဆောင်၊ အခွက် စားကျေး၊ စားလက် အထိုက်၊ အလျောက် ပေးတော်မူသည်။ ကိုယ်ရံတော် ခေါင်းအကြီး အဝန်တို့ကိုလည်း ကျေးရွာ၊ ရွှေငွေ အဝတ်အစား၊ ဆုပေးတော်မူသည်။ ။နန်းတက်တော် မူ၍၊ တန်ခူးလပြည့်ကျော် ငါးရက်၊ အင်္ဂါနေ့၊ ဖြကိုက်သို့ ထွက်တော်မူ၍ မင်းညီ၊ မင်းသား၊ မှူးမတ်၊ ဗိုလ်ပါတို့ကို အိမ်ပေးတော်မူသည်။ ။မုတ္တမ မိဖုရား၊ ပြည် မိဖုရား၊ တောင်ငူ မိဖုရား၊ အင်းဝ မိဖုရား၊ သင်းတွဲ မိဖုရား– သည် ငါးပါးကို စကြာသုံးသပ် ကြမ်းဖြတ်လေသာစနန်းနှင့်တကွ မိဖုရားတို့ စီးသည့် ဝေါ၊ ကွမ်းခွက် ရှစ်မြှောင့်၊ ပတ္တမြားစီ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားစီ ကျိုင်းကြီး၊ ရွှေချက်နှစ်ဝင်း ပေးတော်မူသည်။ သီရိဓမ္မာသောက ကတော်၊ နေမျိုးကျော်ထင် ကတော်၊ မင်းလှကျော်ထင် ကတော်၊ ရာဇသင်္ကြံ ကတော်၊ ထရာ့ဗျား ကတော်၊ သီရိဇေယျကျော်ထင် ကတော်၊ မင်းမဟာ ကတော်၊ ပညာဒေလ ကတော်၊ ပညာဒေဝ ကတော်၊ ပညာရံ ကတော်၊

အဲမှန်တာရ ကဒေါ် — သည်ကဒေါ်ကြီးတစ်ဆယ့်နှစ်ပါးကို မင်းမျိုး မင်းနွယ် ဖြစ်၍ ပတ္တမြားပြွတ်ရစ်၊ ပြွတ်ခုံနှင့်တကွ ကွမ်းရွက်၊ လက်ဖက်အိုး၊ ရွှေမြူတာ၊ ရွှေအင် ပေးတော်မူသည်။ မိုးပြိုနေရာတီ၊ အင်း၀ နေရာတီစည်သူ၊ ဝင်းမယ် မင်း ဖြူသံ၊ ယိုးဒယားမင်း ဖြူသင်ရာဇာ — သည်မင်းလေးပါးကိုလည်း ကြေ နှစ်ထပ် အိမ်ပြု နေရသည်။

အဆောင်နေရာ ပေးတော်မူသည်ကား၊ ဘုရားအလက် နေရာ လက်ဝဲ တော်ဦး၊ ဗောင်းကတ္တီပါမှန်း၊ အဆောင်း၊ ကတ္တီပါ၊ ရွှေပြောက်မှန်း၊ အလျား ကတောင်၊ ရွှေမသား လေးမတ်၊ သင်ချပ် လေးမျက်နှာ၊ စိန်တောင် လွှယ်ကိုးသွယ်၊ သက္ကလတ်၊ အပုံနှင့်တကွ ရွှေလှေ၊ ရွှေမြူတာ၊ ရွှေအင်၊ ရွှေလင်ပန်း၊ ပတ္တမြား တောင်ဝှေး၊ ပတ္တမြား ပန်းခြွ၊ ဓမ္မစုံ၊ လက်မစုံ၊ မှိုသုံး၊ လက်ဆေးအင်၊ ထီးနီဒေါင်းရွက် သုံးဆင့်၊ ထီးနီ၊ ထီးလက်ရွှေ၊ သန် လျင်းတလဲ ခုနစ်ဝင်း၊ ရည်ခုနစ်လုံး၊ နှဲသုံး၊ ခရာ သုံး၊ အိမ်ငါးဆက်၊ ကြက် နင်းငါးတန်၊ လေသာကလာကငေါက်နှင့် လေှခင်းဖုတ် ချင်ပိတ်နီ ဝံပေါင်း အစိမ်း မိုးတော်မူသည်။ ရုံးလည်းရသည်၊ ဘုရားလက်နှင့်တကွ လက်ဝဲတော်နေ ဗညားကျန်းတော၊ ဥတ္တမသိင်္ဂီ လေးသွယ်၊ နန္ဒသူ၊ ဗညားစက်၊ နန္ဒကျော်ထင်၊ တရဖျား၊ မင်းမဟာ၊ ဗညားပရူ၊ သမိန်မောဒွင်၊ ဖြူသံကိတ်၊ သမိန်အဲပုံကူနွယ်၊ သိင်္ဂီဖြတမန်း၊ ဘယသကြီး၊ ဖြူတမန်-သည် တစ်ဆယ့်ခြောက်ယောက်သည်၊ အဆောင်အိမ်လေ့မှတ် ယုတ်ထက် ရှိကြသည်။

သိင်္ဂီခမ္မာသေတာနေရာ လက်ယာတော် ဦးနေ၊ ဘောင်းခံနား၊ ရည်သင့်ရွှေ တစ်ပြားတစ်မတ်၊ ရွှေပုံနှံးသုံးတစ်မတ်၊ အမတတ်၊ နီမှန်း၊ ပန်းရွက်လှုံ၊ မြိမ်ချမ်း နှင့် ပြင်းနားနှစ်တက်ရှိ၊ သင်ချပ်လေးမျက်နှာ၊ လွှယ်ကိုးသွယ်၊ ကွမ်းရွက်၊ ကွမ်းလိပ်၊ လက်ဖက်အိုး၊ တကောင်းအုံး၊ ရွှေလှေအင်၊ ပတ္တမြားတောင်ဝှေး၊ ပတ္တမြားပန်းခြွင်း၊ ထီးနီဒေါင်းရွက်သုံးဆင့်၊ ထီးနီထီးလက်ရွှေ၊ ရည်နီခုနစ်လုံး၊ နှဲသုံး၊ ခရာသုံး၊ အိမ်ငါးဆက်၊ ကြက်နင်းငါးတန်၊ ဖုတ်လုံးတန်း၊ လေသာ ကဲလားကငေါက်နှင့်၊ လှေခင်းဖုတ် ချင်ပိတ်နီ၊ ဝံပေါင်းအစိမ်းမိုးပေးတော် မူသည်။ ရုံးလည်းရသည်။ သိင်္ဂီခမ္မာသေတာနှင့် တကွ လက်ယာတော်နေ ဗညားလေ၊ ဗညားလူ၊ ဗညားသင်၊ ဗညားပယ်၊ ဗညားဈွဲ၊ စော်ဘရုတ်၊ သိင်္ဂီ ပိုက်ညဲ၊ သမိန်ပရဲ၊ နေမျိုး၊ ကျော်ထင်၊ သမိန်ဖြတ်၊ သမိန်ယောကရတ်၊ မဟာရတ်၊ အဲမှုန်တာရ၊ ဓေလာကျွန်းအိမ်ပိုက်သင်ရုံသည် အမတ်တစ်ဆယ့်ခြောက် ယောက်၊ အဆောင်အိမ် လေ့မှတ် ယုတ်ထက် ရှိကြသည်။ လက်ဝဲတော်ရှု ဦးသည် အဆောင်အိမ် လေ့မှတ် ယုတ်ထက် ရှိကြသည်။

နေရာဦး ပျံ့ချီဖောင်းပဲနား၊ ရွှေဖျင်ပုံပန်းဆိုး၊ ရွှေဝတ်ဆံနှင့် သုံးမတ်၊ အမတရတ်နီမွမ်း၊ ရွှေကျပ်၊ ထီးနီညောင်ရွက် သုံးဆင့်၊ လှေခင် ဒုယင် အဖြူ မိုးပေးတော်မူသည်။ ပျံ့ချီနှင့်တကွ လက်ဝဲတော်ဒူးနေ၊ လက်ယာပြစ်၊ မင်းသခံယာ၊ ရဲသင်ရဲ၊ စောဘိအဂ္ဂရတ်၊ ဘယကျော်သူ၊ လက်ယာသံချို၊ ကော်တော်ရန္တမိဘ်၊ ဂြဝတေ၊ ရဲကမန်၊ ပုညဒေဝ၊ နန္ဒကျော်သူ၊ နိဗလယောဓ၊ အဲကွန်းပိန်၊ စောနုသိန်-သည် အမတ်တစ်ဆယ့်ငါးဦးသည်အဆောင်အိမ် လှေမှတ် ယုတ်တက် ရှိကြသည်။

လက်ယာတော်ဒူးနေရာဦးနေ- နန္ဒယောဓ၊ ဖောင်းမဲနား၊ ရွှေဖျင်ပုံပန်းဆိုး၊ ရွှေဝတ်ဆံနှင့် သုံးမတ်၊ အမတရတ်နီမွမ်း၊ ပန်းရှစ်ပွင့်၊ ရွှေကျပ်၊ ထီးနီညောင်ရွက်၊ လှေခင်ဒုယင် အဖြူမိုးပေးတော်မူသည်။ ။နန္ဒယောဓနှင့်တကွ လက်ယာတော်ဒူးနေ၊ သမိန်ဗြ၊ ဓမ္မရဲကမန်၊ ဇေယျာဂါမဏိ၊ ရှတ်သင်ရဲ၊ တာနော၊ ဘယဘုမ္မိ၊ ဥပုတ်၊ ညီသိန်စဲ၊ လက်ဝဲရန္တသူ၊ ဇိတ်သင်ရဲ၊ လက်ယာသီရိရန္တရတ်၊ ဒေါင်မကန်၊ စောမနုရတ်၊ ဗြပိုက်သည် အမတ် တစ်ဆယ့်ခြောက်ဦးသည် အဆောင်အိမ်လှေ မှတ်ယုတ်တက်ရှိသည်။ ။လက်ယာတော်ဥဿရော၊ လက်ဝဲတော်စနည်းနေရာဦးနေ၊ ဖောင်းမဲနား၊ ရွှေဖျင်၊ ခါးတွင် နဝရတ်စီသည့်။ လ။ ငါးကနွားပေးတော်မူသည်။ ။လက်ယာတော် ဥဿရောနှင့်တကွ ရမ္မယောဓ၊ သုဒ္ဓရာဇ၊ နန္ဒသကြံ၊ လက်ဝဲရွှေတောင်၊ နန္ဒဗလ၊ ဇေယျယောဓ၊ တိက္ကစန္ဒ၊ သူရိယကမ္မာ၊ သူရိယရာဇာ၊ ပိုက်ကမ္မာ၊ ရဲကမ္မာ၊ သီရိနန္ဒ၊ သံပုံ၊ စန္ဒရာသီ-သည်အမတ်တစ်ဆယ့်ငါးဦးသည် လက်ဝဲတော်စနည်းနေ၊ အဆောင်အိမ် လှေမှတ် ယုတ်တက် ရှိကြသည်။ ။ဗြကလင်သုံး၊ လကျ်ာတော် စနည်း နေရာဦးနေ၊ ဖောင်းမဲနား၊ ရွှေဖျင်ပုံပန်းဆိုး၊ ရွှေဝတ်ဆံနှင့် လေးမတ်၊အမတရတ်နီမွမ်း၊ အကာက်လှေမှတ် ပေးတော်မူသည်။ ။ဗြကလင်သုံးနှင့်တကွ မေါင်သရာဇာအထနသူ၊ ဗြုံးစံသူ၊ ရိသုကမ္မ၊ သီရိကမ္မ၊ သီရိကမန်၊ သီရိမနုရတ်၊ ဗြုံးကမ္မာစောတပုတ်၊ စော်ကွန်သာ၊ လိုက်ကမန်၊ နန္ဒဘယ၊ သိန်ကမ္မာ၊ ညီ ကံကောင်း၊ စက္ကရတ္တ-သည် အမတ်တစ်ဆယ့်ငါးဦးသည်၊ လကျ်ာတော် စနည်းနေ၊ အဆောင်လှေမှတ် ယုတ်တက် ရှိကြသည်။

ထောမိုင်းရဲ၊ လက်ဝဲတော် အတွင်း ဘဝေါနေရာဦးနေ၊ ဖောင်းပဲနား၊ ရွှေမဲနား၊ ရွှေဖျင်ပုံပန်းဆိုး၊ ရွှေဝတ်ဆံနှင့် လေးမတ်၊ အမတရတ်နီမွမ်း၊ ပန်းလေးပွင့်၊ ရွှေကျပ်၊ လက်ပက်အိုး၊ လှေခင် ဒုယင် အဖြူ မိုးပေးတော်မူသည်။ ထောမိုင်းရဲနှင့်တကွ ရဲတိုင်ဂါမဏိ၊ ရာဇယောဓ၊ လကျ်ာရွှေတောင်၊ စော

ဒေါင်ရတ်၊ ညီ ကောင်းသိန်၊ ရမ္မရဲသူ၊ လက်ယာခင်မှန် ပင်ကံကောင်း၊ ဗလသူရ၊ စက္ကုယောဓာ၊ သိခ်ရာဇာ၊ အသီကျော်၊ ဘွားပေသင်၊ ဘယဒေဝသည် အမတ် တစ်ဆယ့်ခြောက်ဦးသည် လက်ဝဲတော်အတွင်း ဘဝေါနေ၊ အဆောင်ယုတ်တက် ရှိသည်။ စန္ဒကမ္မာ၊ လက်ယာတော်အတွင်းဘဝေါဦးနေ၊ ဇောင်းမဲနာ၊ ရွှေဖျင်ပုံ ပန်းဆိုး၊ ရွှေဝတ်ဆံနှင့်လေးမတ်၊ အမတရစ် နီမွန်း၊ ပန်းလေးဖွင့်၊ ရွှေကျုပ်၊ လက်ဖက်အိုး၊ လှေခင်ဒုယင်၊ အဖြူမိုးပေးတော်မူသည်။ ။ရွှေနကမ္မာနှင့်တကွ လက်ယာတော်အတွင်းဘဝေါနေ၊ လက်ယာရန္တမိတ်၊ သိုက်နေအိမ်၊ ငွယ်ရာဇာ၊ လိုက်ကမန်း၊ မဏိဒေဝ၊ အဇိတ်ပရတ်၊ သဝန်သာမ၊ အတကုန်းပိုက်၊ ကောင်းရံရ သီရိ၊ ကမန်ဖြူ၊ ဥပေသင်၊ ဥပ္ပိဒေဝ သည်တစ်ဆယ့်လေးဦးသည်လက်ယာတော် အတွင်း ဘဝေါနေ၊ အဆောင် ယုတ်တက် ရှိသည်။ ။ဥဇိန် ရာဇာနှင့်တကွ လက်ဝဲတော် အတွင်း ဘဝေါနေ၊ ကက်သူ၊ နန္ဒပကြံ၊ ဇိတ်ပရံ၊ လက်ယာနန္ဒ ပစ္စည်း၊ ရာဇာသ သီဟ၊ ဘယဇေယ၊ နန္ဒဇေယ၊ ဖြူသီရိ၊ အသဝက်၊ ရွှေတ် ပမန်၊ အာကုန်—သည် တစ်ဆယ့်နှစ်ဦးသည်၊ လက်ဝဲတော် ပြင်ဘဝေါနေ၊ အဆောင် ယုတ်တက်ရှိကြသည်။

လက်ယာတော် ပြင်ဘဝေါနေကို စာရင်းမရ။ ။နေရာငါးသွယ်သို့ မရောက်၊ လက်ဝဲတော်က ပန်းဆိုးခေါင်းထုပ်နှင့် ခစားရသော အမတ်ကား၊ ဇိတ်ကျိုး၊ သီရိဝရတ်၊ ရန်ပြပုံ၊ ပုညယောဓာ၊ ဒေဝဓမ္မ၊ သီရိရာဇာ၊ ပိုက်ကံကျိုး၊ ဒေတ္တသေန၊ ဓမ္မဒယောဓာ၊ အသိုက်င်၊ ပုညကမ္မာ၊ သိခ်ယောဓာ၊ သီဟဒေဝ၊ ပုညဓမ္မ၊ ဇလဒယောဓာ၊ မဏိသူရ၊ လိုက်ကံထိရ၊ သုဒ္ဒဝ၊ မနုဒေမ၊ ကြပ္ပအိန်၊ ရမဒေဝ၊ ဇိတ်ခဘာ၊ စွန်မနသိခါ၊ စွယ်ကမ္မာ၊ ပိုက်အသူ သိင်္ခကြအုန်း၊ ပိုက်ကံခကောင်း၊ ပုညမဏိ၊ စက္ကုဒေဝ၊ အဲသီဒေဝ၊ ဇလဘယ၊ စက္ကုဘယ၊ ဇိတ်လကန်၊ သုဒ္ဓကမ္မ၊ အဲပသိတ်၊ ပိုက်ပအိန်၊ ဣန္ဒသီရိ၊ စက္ကုသီဟ၊ သမန္တရိတ်—သည်အမတ်သုံးဆယ့် ကိုးဦးသည်၊ နေရာငါးသွယ်သို့ မရောက်၊ လက်ဝဲတော်က ပန်းဆိုး ခေါင်း ထုပ်နှင့် ခစားရသည်။ ။နေရာငါးသွယ်သို့ မရောက်၊ လက်ျာတော်က ခစား ရသည့် အမတ်ကား—ပိတ်ကရတ်၊ ဣန္ဒရာမ၊ ရဲယောဓာ၊ သုဒိန္ဒသာ၊ ဇိတ်ကမန်၊ အဲသီတရာ၊ သေဉ်ဘယာ၊ ဣန္ဒကမ္မာ၊ ဇိတ်ကံကောင်း၊ ရာဇဗလ၊ ပုညသီဟ၊ အက္ကယောဓာ၊ ဓမ္မဒေဝ၊ ပြည့်ခုတ်သူရဲ၊ ဖြနရဲ၊ သူရယောဓာ၊ သံပရံ၊ ဒေဝ ယောဓာ၊ ဇေယဓမ္မ၊ ဘယသိခ်၊ ဝါသုဘယန္တသူရ၊ ကြခေါင်းရတ်၊ ဣန္ဒဒေဝ၊ သူရကမ္မာ၊ စက္ကုသေန၊ သီရိပရတ်၊ စွန်မနယောဓာ၊ လိုက်ကံပိုက်၊ ဖြူကမန်၊ အဲသီပုံ၊ ပိုက်လက်၊ အာဘိန္ဒရာဇာ၊ ဇိတ်ပသိုက်၊ သိခ်ဓမ္မ၊ ဘောဂဒေဝ၊ ရွှေ ယောဓာ—သည်အမတ် သုံးဆယ့်ကိုးဦးသည်၊ နေရာငါးသွယ်သို့ မရောက်

လက်ယာတော်က ပန်းဆိုးခေါင်းတုန်နှင့် ခေါ်ရသည်။ ။မင်းညီ မင်းသား
ရွှေတော်ပျိုးတော် နေရာလွတ်နေသော မှူးကြီးမတ်နိုင်လည်း အများရှိသည်။

ယင်းသောအခါ ဟံသာဝတီ မြည်ကြီး၌ မြတ်သော အရည်နှင့် ပြည့်စုံသော ရွှေနန်းတော် ပြာသာဒ်၏ ထင့်တယ်ခြင်း၊ ရွှေမှိုတော်၏ တင့်တယ်ခြင်းကို နှသည်ရှိသော်၊ အာဒေသာက စမွရာဇာ မည်သော မင်း၏ နေရာ ဖြစ်သော ဝဠုမိုလ်မြည်ကြီး၏ ထင့်တယ်သော မြတ်သော အသခေ ကဲ့သို့ အလွန် တင့်တယ်လှသည်။ ဆင်သံ၊ မြင်းသံ၊ လူသံ၊ စည်ကြီးခွက်ခွင်း၊ ခရုသင်း အသံ တို့ဖြင့် မဟာ သမုဒ္ဒရာ လှိုင်းထသော အသံကဲ့သို့ အုတ်အုတ် ကျက်ကျက် မသိမည် ဖြစ်လေ၏။ ထိုအခါ ဟံသာဝတီ မဟာရာဇ ဌာနီ မြည်ကြီး၌၊ လူသူများလှသောကြောင့် ကြေးစိုးဆွန်၍ စပါးတစ်တင်းကို ကြေးငါး ငါး ပိသာ ပွါးသည်။ ဆင်ဖြူဆင်နီများသခင် အဝရှင် မင်းတရားကြီးဘုရားသည်၊ ပုဂံမင်းကို တပ်မှူး မဟာယောဓကို စစ်ကဲ ခန့်တော်မူ၍ ထိုက်ဆင်တစ်ရာ မြင်းတစ်ထောင်၊ ဗိုလ်နှစ် သောင်းနှင့် လင်းဇင်းကျေးမှာ စပါးများကို သိမ်း ယူချေဟု၍ စေတော် မူသည်။ ပုဂံမင်းတို့ လင်းဇင်းကျေးသို့ ရောက်လျှင် မလေး မစား ပြုလေသောကြောင့်၊ လင်းဇင်းသားတို့ ဆင်မြင်းဗိုလ်ပါ ရုံးစု၍ တိုက်လေသည်။ မဟာယောဓ ဟူသော စစ်ကဲကိုလည်း ရသည်။ ပုဂံမင်းလည်း ပျက်လေ၍ တပ်သားနှင့်တကွ ပြန်လာ၏။ ဟံသာဝတီသို့ ရောက်လျှင် ဆင်ဖြူ များသခင် အဝရှင် မင်းတရားကြီး ဘုရားလည်း အမျက်တော် ပြင်းစွာ ရှိ၍ သတန် ပညာဟူသော အရပ်၌ စပ်ကြီး လုပ်စေပြီးသော်၊ တပ်သားနှင့် တကွ ပုဂံမင်းကို စပ်တွင် လှောင်၍ မီးတိုက်မည့် အခြင်းအရာကို ပြုသည်။ ယင်းသော အခါ မြန်မာဆရာတော်၊ မွန်ဆရာတော်၊ ယွန်းဆရာတော် အပေါင်းတို့လည်း ညီညွတ်တော်မူကြ၍ မျှဉ်စပ်တင်းကို ဖျက်ပြီးသော်၊ မီးကို သတ်၍ ပုဂံမင်းနှင့် တပ်သား အပေါင်းတို့ကို စပ်က လွှတ်၍ ကျောင်းသို့ချည်း ယူ၍ ကြွတော် မူသည်။ ယင်းသို့ ဆရာတော်အပေါင်းတို့ လျှာ်တော်မူကြသော်လည်း အမျက် တော် အထုံးမျှ၊ သုမခံနိုင်သော သည်းကို ခံနိုင်တော်မူသည်။

---

## ယိုးဒယားမင်း ပုန်ကန်ခြင်း—အကြောင်း

ယိုးဒယားမင်း အကြီးကို အထက်က ခေါ်တော် မူခဲ့၍ ဟံသာဝတီမှာ မကြာနှစ်လယ် ဆိပ်ရှုပေး၍ နေရသသူသည်၊ ရဟန်း ပြုတော့မည် လျှောက်

သည်။ ထိုအခါ ဘဝရှင် မင်းတရားကြီးဘုရား ယုံတော်မူ၍ အထူးကျူးသော ပိယ်ရပသီ၊ ပရိသယ စသော ရဟန်းပရိက္ခရာတို့ကို အပ်တော်မူ၍ ရဟန်းပြုလေသည်။ ထိုယိုးဒယားမင်း ရဟန်း ပြုသည့်သည်၊ ယိုးဒယားသို့ ဘုရားပုသိမ် အထူးအမြင်· လျှောက်၍ သွားလေသည်။ ထိုသို့ ယိုးဒယားမင်း ရဟန်းပြု သည့်၊ သားအငယ် ပြည်မသွန်သည် အထက်က ဇင်းမယ် ဆောင်းကျန်၍ မြို့တော် မှုသောခါ၊ နေ့ကဲတော်တွင် ပါသည်နှင့် နေ၍ လွန်လေသည်။ ပြည်မသွန် သားမယားလည်း ယိုးဒယားသို့ သွား၍ နေပါမည် လျှောက်သော ကြောင့် ပစ္စည်း ပစ္စယ်နှင့်တကွ ပြည်မသွန် သားမယားတို့ကို ရာဇမနုဟူသော အမတ်ကြီးက ယိုးဒယားသို့ ပို့ရလေသည်။ ရာဇမနုလည်း ယိုးဒယားသို့ မရောက်ခင် ပြည်မသွန်မယားနှင့် အယည်အပါ၊ ရှိလေသည်။ ထိုအကြောင်းကို ယိုးဒယားမင်း သိလျှင် ရာဇမနုသည် မကျစ်မလစ် မခချမ်း ပြုကျင့်ကြောင်းကို ရွှေပေါ်တော် အောက်သို့ စာဆက်လိုက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ယိုးဒယားမင်းက ဆက်လိုက်သော စာကို ကြားတော်မူလျှင် အမျက်တော် ပြင်းစွာထွက်၍ ရာဇမနုကို ကွပ်မျက်စေတော်မူလေ၏။ ထင်းသို့မှ ရာဇမနုငယ်သည် ရာဇဝတ်တော်ကို လွန်ကျူး၍ ကျင့်သောကြောင့် အမှမ်အလျောက် ကွပ်မျက်တော် မူသည် ဟူ၍ ဇလသင်ရုံ ဟူသော အမည်ကို ပေးတော်မူသည်။ ယိုးဒယားမင်း ရဟန်းပြုသည်လည်း လူထွက်၍ သား ယိုးဒယားမင်းနှင့် တစ်ချက်တည်းတိုင်ပင်၍ ဇလသင်ရုံလာကြောင်းကို ကြားလျှင် ဆီးက ကြို၍ ဇလသင်ရုံကို ကွပ်လေ၏။ ထို အကြောင်းကို ယိုးဒယားမင်း၊ အကြီး သမက် သြယာဝိသာလေဘက်စား ကြားလျှင် ဤသို့ ဆို၏။ "ယိုးဒယားမင်း သမီးသည် ကိုယ်ကို အမျက်ရှ၍ မကြံရာသော အကြံကို ကြံသည်။ ယိုးဒယား မင်းကဲ့သို့ ငါ့ကိုယ်ကို ငါ အမျက်မရှာကောင်းချေ၊ ရွှေပေါ်တော် အောက်သို့ အလျင် သွား၍ မြို့ခွဲရမှ သင့်မည်" ဟူ၍ ဆိုပြီးလျှင်၊ အလုံးအရင်း ဆင်မြင်းနှင့် တကွ ဟံသာဝတီသို့ ချီလာ၍ သက္ကရာဇ် ၉၃၀-ခု နယုန်လပြည့်ကျော် နှစ်ရက်၊ သောကြာနေ့၊ ရွှေပေါ်တော်အောက်သို့ ရောက်လာသည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း အာဇာနည်မူ၍ ဝေဘူးသောသင်ကျည် ဟူသော အမည်နှင့်တကွ မကိုင်ထိုး ပြု ပေးတော်မူသည်။

ယိုးဒယားမင်းလည်း သြယာဝိသာလေဘက်စား ဟံသာဝတီသို့ ဝင်လေပြီ ဟူ၍ ကြားလျှင် အလုံးအရင်း ဆင်မြင်း အများနှင့် ပိဿလောက်သို့ ချီလာ၍ မြို့တွင်ရှိသော သမီးနှင့်တကွ သူဌေး သူကြွယ်တို့ကိုယူ၍ ယိုးဒယားသို့ သွားလေ

၏။ ထိုအကြောင်းများကို ဘဝရှင် မင်းတရားကြီးဘုရား၊ ကြားတော်မူလျှင် ဤသို့ အမိန့်တော်ရှိသည်။ "ယိုးဒယားစားသည် ကျေးဇူးသစ္စာတော်နှစ်ပါးကို မစောင့်၊ ဤသို့ သောင်းကျန်း ပုန်ကန်မည့် အကြံကို ကြံခြင်းသည်ကား၊ စော်ဘွားသောင်ကျည် ယိုးဒယားပြည်ကို မင်းပြုရမည်၊ ကံ အကျိုးပေးချိန်သို့ ရောက်၍ သောင်းကျန်း ပုန်ကန် မိလေသည် ဖြစ်တော့သည်" ဟူ၍ မိန့်တော်မူသည်။ ယင်းသို့ သားတော်မဟာဥပရာဇာ အစရှိသော မှူးတော်မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ "ယိုးဒယားသို့ ချီမည်မှာ ပသို့ ထင်ကြသနည်း" ဟူ၍ တိုင်ပင်၍ ခင်းကျင်းတော်မူသည်။ ယင်းသောခါ ဗညားဒလ လျှောက်သည်။ "ယခု ယိုးဒယားအကြီးသည် ရဟန်းက လူပြန်၍ သားနှင့်တစ်ချက်တည်း ကြံရာမှာ—ယိုးဒယား တစ်ပြည်သာ ကြံသည်မဟုတ်၊ လင်းဇင်းတစ်ပြည်ထောင်၊ လဝိုက် တစ်ပြည်ထောင်၊ ဤ သုံးပြည်ထောင် ပေါင်း၍ ကြံစည်သည်အဟန် ရှိသည်။ တစ်ခြားပြည်ခွာကို လုပ်ကြံသကဲ့သို့ ပေါ့ပေါ့ လျော့လျော့ မလေး မစား ချီတော်မူ၍ မသင့်ချေ၊ နိုင်ငံတော် အလုံးတွင် ရှိသော ထီးဆောင်း မင်းတကာ အပေါင်းနှင့်တကွ ဆင်လုံး မြင်းရင်း စစ်သည် ဗိုလ်ပါ စီရင်တော်မူ၍ ဖုံဖုံရရ ချီတော်မူ၍ ရပ်ရပ်နေနေ လုပ်ကြံတော်မူသည်ဖြစ်မှ ယိုးဒယားပြည်ကို အလိုတော် ပြည့်လွယ်မည်။ တစ်ပါး တိုင်းနိုင်ငံက ကူညီသသော်လည်း ခွဲခြမ်း၍ လုပ်ကြံရစေ" ဟူ၍ နားတော် လျှောက်သည်။ ဗညားဒလ လျှောက်သော စကားကို ဥတ္တမသိင်္ဃိဇေယျသူရ ကြားလျှင် ဤသို့ နားတော် လျှောက်သည်။ "ကျွန်တော် ဗညားဒလ လျှောက်သော အရေးသည် သင့်လှပေသည်။ သို့ရာတွင် ယခု အရေးသည် လျင်လျင် လျှားလျှား မလို၊ မြေဘင်း ထောက်ရှုတော်မူ၍ မိုးစဲလသာမှ စည်းစည်း ကြပ်ကြပ် ချီတော် မူသင့်သည်။ ယခုကြောင်းမှာလည်း ယိုးဒယား၊ လင်းဇင်း၊ လဝိုက်သားတို့ လုပ်ရည် ကြံရည်ကိုလည်း ကျွန်တော်တို့ သိရပြီ၊ ကျွန်တော်တို့ လုပ်ရည် ကြံရည်ကိုလည်း မိမိတို့ သိရပြီးသည်။ ။ယင်းသို့ ဖြစ်သောကြောင့် ယိုးဒယားမင်း သမက် စော်ဘွားသောင်ကျည်နှင့်တကွ ခြေဖဝါးတော်အောက်က တပ်မှူး၊ စစ်ကဲ ခန့်တော်မူ၍ အသုံးအဆောင်နှင့် ပီအလောက်မြို့သို့ ချီစေ၍ အခိုင် အလုံ နေစေမှ သင့်မည် ထင်သည်" ဟူ၍ နားတော် လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဥတ္တမသိင်္ဃိဇေယျသူရ လျှောက်သော အရေးကို ကြိုက်တော်မူ၍ ယိုးဒယားမင်း သမက် စော်ဘွားသောင်ကျည် တစ်တပ်၊ ဗညားလော တစ်တပ်၊ ဗညားကျန်းတော တစ်တပ်၊ ဗညားပရံ တစ်တပ်၊ သည် လေးတပ်ကို တိုက်ဆင် သုံးရာ၊ မြင်း သုံးသောင်းလေးထောင်၊ ဗိုလ် ခြောက်သောင်းနှင့်

ပီဿလောက်သို့ ဝါဆိုလဆန်း ငါးရက်နေ့ အရောက် ချီရသည်။ ပိဿလောက်သို့ ရောက်လျှင် မြို့ပြ ကျုံးမြောင်း၊ ပွင့်၊ ရင်လျောက် မကောင်းသည် များကို ပြင်ဆင်လုပ်ဆောင်၍ ကျေးရွာ ရှာလက်တွင်ရှိသော ဓပါများကို မြို့တွင်းသို့ ချည်း သွင်း၍ ကျီဆောက်၍ ထားကုန်သည်။

ဟံသာဝတီမှာလည်း ဝါဆိုလတွင် သိန်းနိုင်းက ဓတုမဟာရှင် နှင့် မင်းကြီး လေးပါး လွှဲသာ အနုရုဒ် လေးရပ်ရှိသော ကျောက်သင်္ဘိကို ဆရာတော်ဘုန်းကြီးနှင့်တကွ အမှူး၊ အမတ်တို့ သင်္ဘော်တွင် တင်၍ ဆင်လာ သည်။ ရှိသောခယမ်းစွာသော စကားဖြင့် ချောင်းစွာ လျှောက်လိုက်သော ဓာတ်သ ဝလည်း ပါသည်။ သပိတ်ဘော်တင်သော သင်္ဘောရောက်ကြောင်းကို ပုသိမ်က လျှောက်၍ ကြားတော်မူလျှင် အတော်ဆိပ်သို့ ရွှေလှေဘားတွင် ဝေါ ပြသာဒ်တင်၍ လှေရုံးလှော်ကား ကြေးလ အစင်းသုံးရာကျော်တို့ကို ပတ်၊ ညီ၊ စောင်းငြင်း၊ နှဲ၊ ခရာ၊ တံပိုး၊ မြစ်လုံး ပဲ့တင်ထပ်မျှ တီးမှုတ်စေ၍ မင်းညီ မင်းသား၊ မှူးတော်၊ မတ်တော် အပေါင်းတို့ ဆောင်ယူရသည်။ ဟံသာဝတီသို့ ဆောင်ယူ၍ ရောက်လျှင် သပိတ်ဘော်ကို ရွှေချိုင့်အရံနှင့်တကွ လုပ်ဘော်မူ၍ နဝရတ်ကိုးပါး ခြယ်လှယ်စီ၍ နန်းတော်တွင် ကိုးကွယ်တော်မူသည်။ သိန်းနိုင် မင်း ဆရာတော် မဟာထေရ်ကိုလည်း နန်းဝန်ဥယျာဉ်တွင် သာယာလှစွာသော ကျောင်းဆောက်တော်မူ၍ သီတင်းသုံးနေရသည်။ ပ ငို့ အငွှာထော ငြိကာကျွန တော်မူသော မြန်မာဆရာတော်၊ မွန်ဆရာတော်၊ ယွန်းဆရာတော်တို့နှင့်လည်း မပြတ် ပြောဟောတော်မူကြသည်။ ပစ္စည်းသေးပါသည်။ တောက်ပုံ သည်။

ပဥ္စမ ဝါဆိုလပြည့်ကျော် ခုနစ်ရက်၊ အင်္ဂါနေ့၊ အတူသ သိမ်မဟာရာဇဒေဝီ ရှင်ပိဖုရား နတ်ပြည် စံတော်မူချေသည်။ ရှင်မိဖုရား နတ်ပြည် စံတော်မူရာတွင် ဘဝရှင် မင်းတရားကြီးဘုရားလည်း အလွန် ကျေကွဲတော်မူသည်။ စေတွေး သောင်ကျည်နှင့် ပညာသုံးဦး ပိဿလောက်မြို့ကို လုပ်ဆောင် ပြင်ဆင်၍ ခံနေ ကြောင်းကို ယိုးဒယားမင်း ကြားလျှင် လင်းငင်သို့ နေ၍ လင်းငင်မင်းလည်း ယိုးဒယားမင်းက ကူညီမည်ဟူ၍ ဆင်လုံး မြင်းရင်းအများနှင့် ပိဿလောက်သို့ ချီလာသည်။ ယိုးဒယားမင်းမှုကား— တိုက်စေလှ ငါးရာ၊ လှော်ကားသံလှေ ချီလာသည်။ ယိုးဒယားမင်းမှုကား ပိဿလောက်သို့ ချီလာသည်။ ထိုအကြောင်းကို သုံးဆောင်းခန့်နှင့် ရေကြောင်း ပိဿလောက်သို့ ချီလာသည်။ ထိုအကြောင်းကို သုံးဆောင်းခန့်နှင့် ရေကြောင်း ပိဿလောက်သို့ ချီလာသည်။ ယိုးဒယား ပညာသုံးဦးက လျှောက်လာ၍ ကြားတော်မူလျှင် ဤသို့ မှာသည်။ ယိုးဒယား မင်းနှင့် လင်းငင်မင်းလာသည်ကို တင်ဦးဦးကိုမလွှတ်စေနှင့် ရအောင်ဖမ်းလော ငါမူကား ဝါကျွတ်၍ မိုးခဲလင်းပွင့်မှ ထီးဆောင်းမင်း ထောာ အပေါင်းတို့နှင့်

ချီတော်မူမည်"ဟု၍ မှာတော်မူသည်။ စော်ဘွားသောင်ကျည်နှင့် ဗညားသုံးဦးတို့လည်း အမိန့်တော်အတိုင်း၊ မယုတ်မလျော့ရအောင် စီရင်ကျင်းသည်။ ယိုးဒယားမင်းလည်း ရေကြောင်းချီ၍ ကမန်ပိုက်သို့ ရောက်လာသည်။ လကျွန်းသိမ်မာစားလည်း တိုက်ဆင်တစ်ရာ၊ ဗိုလ်ပါသုံးသောင်းခန့်နှင့် ကမန်ပိုက်သို့ ရောက်လာသည်။ လင်းဇင်းမင်းကား ခရီးဝေးသည်နှင့် မရောက်လာသေး။ ယိုးဒယားမင်းသည် လကျွန်းသိမ်မာစား ရောက်လျှင် ပီသလောက်သို့ ချီလာ၍ မြို့ရင်းသို့ ကြပ်ကြပ် ချဉ်း၍ ထပ်နိုင် ထပ်လုံ တည်၍ နေသည်။ စော်ဘွားသောင်ကျည်နှင့် ဗညားသုံးဦးတို့လည်း တိုင်ပင်ကြပြီးလျှင် ဗညားကျန်းတော တူဖြစ်သော ရွှေနန်းရာသီနှင့် ဗညားသမိုး ညီ ဖြစ်သော သမန္တရုတ်ကို တိုက်ဆင် ရှစ်ဆယ်၊ စစ်သည် သူရဲ နှစ်သောင်းခန့်နှင့် တံခါးကိုဖွင့်၍ လကျွန်းသိမ်မာစားတပ်ကို တိုက်စေသည်။ လကျွန်းသိမ်မာစား တပ်မျက်၍ လကျွန်းသိမ်မာစားလည်း ဆုံးလေ၏။ လူလည်း သုံးထောင်နှစ်ရာ သေလေ၏။ ကျန်လေသည့် သူတို့လည်း ယိုးဒယားမင်းရှိရာ ရေကြောင်း ပြေးလေ၍ ပေါင်းလေသည်။ ရွှေနန်းရာသီ၊ သမန္တရုတ်တို့လည်း ရေဘပ်တိုင်အောင် လိုက်ထပ်၍ တိုက်လေသည်။

ယိုးဒယား ရှေ့တော်သားတို့လည်း၊ စိန်ပြောင်း မြှားလှံကြီးများစွာနှင့် ထိုး၍ ပစ်လျှင် ရဲမက်တော်တို့ ထိပါးချေသည်နှင့် ရသည် ဆင် သုံးဆယ်၊ လူငါးရာ ကျော်ကို ယူ၍ မြို့တွင်းသို့ ဝင်သည်။ ယင်းကမှ ငါးရက်ခန့်ရှိလျှင် လင်းဇင်းမင်း ရောက်လာ၍၊ မြို့ကျုံးနား တိုင်အောင် တပ်ချ၍ နေလာသည်။ စော်ဘွားသောင်ကျည်နှင့် ဗညားသုံးဦးလည်း နိုင်းချည်၍ တိုင်ပင်ပြီးလျှင် တိုက်ဆင် နှစ်ရာ၊ ဗိုလ် နှစ်သောင်းခန့်နှင့် တံခါးကိုဖွင့်၍ တိုက်သည်။ လင်းဇင်းမင်း မခံနိုင်၍ မြို့နားက ဆုတ်၍ နေလေ၏။ တပ်ကိုလည်း မီးတိုက်ရလေ၏။ ယင်းသို့မှ ယိုးဒယားမင်းလည်း ကြည်းတပ်ဆုတ်လျှင် မြို့ရင်းတွင် မနေဝံ့၍ ငါးရာတွင်းခန့် အရပ်သို့ ဆုတ်၍ နေလေ၏။ သုံးရက်ရှိလျှင် ယိုးဒယားမင်းနှင့် လင်းဇင်းမင်း တိုင်ပင်၍ မြစ်ညာမှာ သစ်ကြီးများကို ခုတ်စေပြီးလျှင် ဖောင်အလံ သုံးရာခန့် လုပ်၍၊ ထိုဖောင်အထက်တွင် ထင်းအမှိုက်များစွာ ပုံ၍ မျှောချပြီးသော် ပီသလောက် အညာက ထား၍ ညဉ့် မိုးသောက်ထ အချိန်တွင် မီးတိုက်၍ ဖောင်ကို မျှောလိုက်ပြီးလျှင် ယိုးဒယားမင်းလည်း လှေနှစ်ရာကျော်၊ ဗိုလ် ငါးသောင်းနှင့် ပြောင်းသေနတ် ပျော်ပျော်ပစ်၍ ရေကြောင်း တိုက်လာသည်။ လင်းဇင်းမင်းလည်း ဆင်မြင်း ဗိုလ်ပါ အများနှင့် ကြည်းကြောင်း တိုက်သည်။ စော်ဘွားသောင်ကျည်နှင့် ဗညားကျန်းတောလည်း၊ တိုက်ဆင် တစ်ရာ၊ ဗိုလ်

သုံးထောင်းခန့်နှင့် ဟံသာဝတီမှ၍ လှံလက်နက်ဖြင့် တိုက်သည်။ ထင်းဇင်းမင်း ပျိုက ပျော့လိုက်သည့် မီးလုံးထောင်ကိုလည်း [illegible] သတ်စေသည်။ မီးသော်၍ မောင်းတက်တုန်ပါမှ [illegible] သားတို့ကို သတ်ရသည်။ ကြည်းကြောင်း ထင်းဇင်း[illegible] ပိုးဒယာ ကိုလည်း မြို့ထိပ်က မိန်းပြောင်း မြားလွှတ်ကြသည့် ပစ်လျှင် ထင်းဇင်းသားတို့ မခံနိုင်၍ ရှောင်သို့ ပေါ်ကြလေ၏။ စော်ဘွားသောင်ကျည်နှင့် ဗညားကျန်း တောလည်း တပ်၍ တိုက်သည်။ ထင်းဇင်းမင်း တပ်မှုက်၍ ဆုတ်လေ၏။ လိုက်တပ်၍ တိုက်ပြန်သည်။ ဆင် ခုနစ်ရာကျော်နှင့် လူ သုံးရာကျော် ရလိုက်သည်။ သောလေသည်လည်း များ၏။ ယင်းသို့ ရသည့် ဆင် မြင်း လူသူ တို့ကို သိမ်းယူ၍ မြို့သို့ ပြန်သည်။

ပိုးဒယာမင်းလည်း ရေကြောင်း မြို့သို့ ချဉ်း၍ တိုက်လာသည်ကိုလည်း ဗညားကျန်းတောနှင့် ဗညားပေါ်ခုံ၍ မိန်းပြောင်း မြားလွှတ်ကြနှင့် ပစ်သည်။ အချို့သော လှေ နစ်လေ၏။ အချို့သော လှေလည်း ကျိုးပဲ့ ကြလေ၏။ ယင်းသို့တွင် ပိုးဒယာတို့ မခံနိုင်၍ ဆုတ်လေ၏။ ဗညားနော်တို့လည်း တိုက်ရေ မဖို့ သောကြောင့် လိုက်၍ မတိုက်ရသေး။ ကျွန်ုပ် သခင်ရင်ကြောင့် အတော့တကြိမ် လုပ်ကြံပြောဆောင်လည်း တောင်ခြင်းကို မကောင်းလျှင် မြို့နှင့် မနီးမဝေးချဉ်း ပြန်လာ၍ တပ်နှင့်ချည်း နေပြီးလျှင် လင်းဇင်းမင်းအမတ်၊ ဗညားကျန်းနှင့် ဗညားကျန်းတောကို ဆင်စီးချင်း တိုက်မည် ဟူ၍ ဟစ်၍ ဆိုလာရသည်။ ယိုစကားကို ဗညားကျန်းတော ကြားလျှင် ကျွန်ုပ် ဆိုပြန်ရသည်။ ဆင်ချင်းလည်း စီးချင်း၊ မြင်းချင်းလည်း စီးချင်း၊ ခြေလျှင်လည်း တစ်ယောက်ချင်း၊ ဖမ္မုဒိပ် မြေပြင်ဝယ် ငါ့ကို အဘယ်သူ ပုံမည်နည်း ဟူ၍ ဆိုပြန်ရသည်။ စော်ဘွားသောင်ကျည်လည်း ဗညားပေါ်တို့လည်း သူ အကျော် အကောင် ကြံသည်ကို သိနိုင်မည်လော။ စီးချင်းတိုက်၍ မသင့်၊ ယင်းသို့ ဖြစ်သောကြောင့် ငါတို့က ဟစ်၍ ဆိုစေချင် ဟူ၍ ဆိုသည်။ ဟစ်ပြန်သည်ကား ဗညားကျန်း တောသည်၊ တိုင်းကြီး ပြည်ကြီး အပေါ် ထီးဆောင်းမင်း တကာတို့၏သခင် ဖြစ်တော်မူသော ဘုရင့် မင်းအရေးကြီးဘုရား ကျွန်တော် ဖြစ်သည်။ ဗညား လက္ခဏ်ကျန်းသည်ကား လင်းဇင်းမင်း ကျွန်မှ သာ ဖြစ်သည်။ ဆင်တို့ ဘက်မတန်၊ လင်းဇင်း၊ ဆင်စီးချင်း တိုက်သော်မူကား ဗညားကျန်းတောကို ထုတ်လော်မ့် မည် ဟူ၍ ဆိုပြန်သည်။ ပိုးဒယာမင်း၊ လင်းဇင်းမင်းတို့သည်လည်း မြို့တွင်းက

ဟန်သော စကားကို ကြားလျှင် မြို့ကိုရှင်ရှိနေသော်လည်း မဟိဝင်း အလေအလာ ထင်ရှား ထင်ရှားသည့် အနေအထားကိုသော်လည်း အရှိအတိုင်း မြဲမြဲသာ နေသည်။ ဒုဋ္ဌ အလုံး ၁ ဝ ၀ ကို သောသည် ...

---

## အလောင်း မင်းတရားကြီး မိုးလယာသို့ ထိုးတော်မူခြင်း အကြောင်း

အလောင်း မင်းတရားကြီး ဘုရားသည်လည်း ခေတ်ကုသ၊ ခေတ်ကန် သက္ကရာဇ်သင် အလောင်း မင်းတရားကြီး နေ့တစ်တော်တိုက် ဝေါ မြန်းတော်မူသည်။ မြို့ အလေ ပိုင်းကို အထက်သင် နေ့တစ်တော်တိုက် မိုးကြိုး ဖြစ်လျှင် ဟုံးလယာသို့ ထိုးတော်မူသည်ကို သိတော်မူသော သည်အညှင် မေ့တော်ကြီးလျှင် အနေကို အလုံးအရင်းနှင့်တကွ စိုင် ခန့်ခန့်တော်မူသည်။ ထရှုရှာသည်သော အစေကို အလေ့အထနှင့် ခန့်တော်မူသည်။ သံကျွယ် ဟုသော ပါသာဝင် နေ့ပြီးတော်ကို အလေ့အထနှင့် ခန့်တော်မူသည်။ ပြောင်း၍ အစဉ်သော အနေ ဘင်္ဂလို အမင်ကို အလုံး အရင်းနှင့်တကွ ပုသိမ် မြောင်း၍ အစဉ်သော အနေကို အလေ့အထနှင့် ခန့်တော်မူသည်။ နေ့တွင်အဝေါ ဘုရားတွင် သမှုသ တက်ပြန်အထောက်အနေ ခန့်တော်မူသည်။ ... ၁၀ မိတ်ကိုလည်း အမှုအကိုင်သည်။ ထရှုရာကို စေ့တော်မူ၍ ဆောက်လုပ် နေသည်။ ဝန်ကြီးကုန် ဘုရားမြင့်ရှာ ပလ်လော် ဘိုးတော်တို့လုပ်သော အလေ ပြုလုပ် သည့်အမှုတို့သည်။ အစဉ်ကား၊ ထပ်မံနေသည်။ ပယင်းသို့မှ မြင်းတော်၊ ဆင် တော်၊ ဗိုလ်၊ ပိုတို့ မရှုက် စုဆောင်းစေတော်မူ၍ ပိုမိုညီညာကို စိုင် ခန့်ခန့် တော်မူသည်။

မိုးကောင်း ခေတ်ကုသတစ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ် တစ်သောင်းနှင့်တကွစစ်ကျောင်းကို စစ်ကဲခန့်တော်မူသည်။ မိုးမိတ်ခေတ်ကုသ တပ်တွင်တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် ဝေဝကျော်ကို စစ်ကဲခန့်တော်မူသည်။ မိုးညှင်းတပ်တွင်တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် စစ်သူကြီးကို စစ်ကဲခန့်တော်မူသည်။ မိုးမိတ်ပြန်သော တပ်တွင်တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် အသေတင်ကို စစ်ကဲခန့်တော်မူသည်။ မိုးညှင်းနွယ်တပ်တွင်တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့်တပ်သားလုလင်ကိုစစ်ကဲခန့်တော်မူသည်။ ပုဇွန်ကြီးတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့်ကျော်ထင်ရာကို စစ်ကဲ ခန့်တော်မူသည်။ နေ့ဝေ့လှတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊

ဒိုင်းတစ်ထောင်နှင့် ပုပ္ပားသားကို စစ်ကဲ ခန့်တော်မူသည်။ ... တွင် တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင်နှင့် ... ကို စစ်ကဲ ခန့်တော်မူသည်။ ... မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင်နှင့် ... တစ်ကျိပ်တို့ စစ်ကဲ ခန့်တော်မူသည်။ ... တွင် တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင်နှင့် ... ကို စစ်ကဲ ခန့်တော်မူသည်။

သာယာဝတီ မဟာဥပရာဇာကိုလည်းကောင်း တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင်နှင့် ... ကို စစ်ကဲခန့်တော်မူသည်။ ... တစ်ထောင်ကို မဟာဥပရာဇာ၏ ... ခန့်တော်မူသည်။ ... တွင် တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင်နှင့် ... ကို စစ်ကဲခန့်တော်မူသည်။ ... တွင် တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင်နှင့် ... ကို စစ်ကဲခန့်တော်မူသည်။ ... တွင် တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင်နှင့် ... ကို စစ်ကဲခန့်တော်မူသည်။ ... တွင် တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းနှစ်ထောင်နှင့် ... ကို စစ်ကဲခန့်တော်မူသည်။ ... တွင် တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင်နှင့် ... ကိုစစ်ကဲ ခန့်တော်မူသည်။ ... တွင် တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင်နှင့် ... ကို စစ်ကဲခန့်တော်မူသည်။ ... တွင် တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင်နှင့် ... ကိုစစ်ကဲခန့်တော်မူသည်။ ... တွင် တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင်နှင့် ... ကို စစ်ကဲခန့်တော်မူသည်။ ... တွင် တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင်နှင့် ... ကို စစ်ကဲခန့်တော်မူသည်။ ... တွင် တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင်နှင့် ... ကို စစ်ကဲခန့်တော်မူသည်။

ညီတော်မြို့စားနှင့် သတိုးမင်းစော တပ်ဆောင်တွင် တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင်နှင့် ... ကို စစ်ကဲခန့်တော် မူသည်။ ... တစ်ထောင်ကို သတိုးမင်းစော၏ ... ခန့်တော်မူသည်။ ... တွင် တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင် ... တွင် တိုက်ဆင်နှင့် ... ကို စစ်ကဲခန့်တော်မူသည်။ ... တွင် တိုက်ဆင်တစ်စီး၊ မြင်းတစ်ကောင်၊ ဒိုင်းတစ်ထောင်နှင့် ... ကို စစ်ကဲခန့်တော်

မူသည်။ ။ဘယာဂါမဏီတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် သိဒ္ဓိမနုရတ်ကို စစ်ကဲခန့်တော်မူသည်။ ။ဗညားဖြူတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် တုရင်ယောဓာကို စစ်ကဲခန့်တော်မူသည်။ သက်တော်ရှည်တပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် မြူးကမ္ဘာကို စစ်ကဲခန့်တော်မူသည်။ ။သမိန်ပရံတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် ဇေယယောဓာကို စစ်ကဲခန့်တော်မူသည်။ ။ဘယကျော်သူတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် ပိုက်ကမ္ဘာကို စစ်ကဲခန့်တော်မူသည်။ ။သမိန်မောခွင်တပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် တုရင်ဗလကို စစ်ကဲခန့်တော်မူသည်။ ။နန္ဒသူရိယတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် သီရိကျော်ရတ်ကို စစ်ကဲခန့်တော်မူသည်။ ။နန္ဒသကြံတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် သီရိဓမ္မရတ်ကို စစ်ကဲခန့်တော်မူသည်။

ညီတော်တောင်ငူဘုရင်မင်းခေါင်တပ်တော်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့်ဇေယရန္တမိတ်ကို စစ်ကဲခန့်တော်မူ၍၊ သည့်တစ်ဆယ့်တစ်တပ်ကို ဘုရင်မင်းခေါင်ကိုဗိုလ်မှူး ခန့်တော်မူသည်။ ။အုန်းတောင်စော်ဘွားတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် လက်ဝဲနန္ဒမိတ်ကို စစ်ကဲခန့်တော်မူသည်။ ။ညောင်ရွှေစော်ဘွားတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် တုရင်သီရိကို စစ်ကဲခန့်တော်မူသည်။ ။မိုးနဲစော်ဘွားတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့်လက်ယာကျော်သူကို စစ်ကဲခန့်တော်မူသည်။ ။ဥတ္တမသီရိဇေယသူရတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် စက္ကဒေဝကို စစ်ကဲခန့်တော်မူသည်။ ။ယောကရတ်တပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် ဘုရင်သိဒ္ဓိကို စစ်ကဲခန့်တော်မူသည်။ ။မင်းရဲကျော်ထင်တပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် စန္ဒယောဓာကို စစ်ကဲခန့်တော်မူသည်။ ။သမိန်သံလိုက်တပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် သီရိယောဓာကို စစ်ကဲခန့်တော်မူသည်။ ။ဗညားပရုံတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် ပုညဒေဝကို စစ်ကဲခန့်တော်မူသည်။ ။သမိန်လကွန်းအိန်တပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် ပုညယောဓာကို စစ်ကဲခန့်တော်မူသည်။ ။

နန္ဒယေယတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင် ဗိုလ်တစ်သောင်းနှင့် သီရိဇေယကို စစ်ကဲခန့်တော်မူသည်။

သမက်တော် အင်းဝဘုရင် သတိုးမင်းစော တပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင် ဗိုလ်တစ်သောင်းနှင့် လက်ယာနန္ဒမိတ်ကို စစ်ကဲခန့်တော်မူသည်။ မြင်းသည်တစ်ဆယ့်တစ်တပ်ကို သတိုးမင်းစောကို ဗိုလ်ချုပ်ခန့်တော်မူသည်။ ။မယ်ဇညားသေသည်လုံတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်ဗိုလ်တစ်သောင်းနှင့် တုရင်ရာဇာကို စစ်ကဲခန့်တော်မူသည်။ ။ဇင်းမယ်ဇညားသံလုံတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် တုရင် ပစ္စည်းကို စစ်ကဲခန့်တော်မူသည်။ ။ဇင်းမယ် ဇညားနန်းတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် ဘောဂသေနကို စစ်ကဲခန့်တော်မူသည်။ ။ကျိုင်းတုံစော်ဘွားတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် စုန္ဒရာဇာကို စစ်ကဲခန့်တော်မူသည်။ ။ဘုတော် မင်းရဲကျော်ထင် တပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် နန္ဒသိင်္ဂိ စစ်ကဲခန့်တော်မူသည်။ ။သည့်ငါးတပ်ကို မင်းရဲကျော်ထင်ကို ဗိုလ်မှူးခန့်တော်မူသည်။ ။

ယင်းကမှ ဆင်ဖြူ ဆင်နီများသခင် ဘဝရှင် မင်းတရားကြီး တပ်တော်တွင် ဝင်းတော် လေးမျက်နှာသား လေးထောင်ကို ရှေ့ဂိုင်း၊ ရှေ့လှား၊ ရှေ့ဘား၊ ရှေ့လုံ ခွဲစေ၍လက်ဝဲ၊လက်ယာခြေနောက် တစ်ထောင်လိုက်ရသည်။ ကုလား ဗရင်ဂျီ လေးထောင်တို့ကိုလည်း ရွှေဦးထုပ် ဘောင်းဘီဝတ်စေ၍ ဝိန်မြောင်း လေးထောင် ခွဲစေ၍ လက်ဝဲ၊လက်ယာ ခြေနောက် တစ်ထောင်စီ လိုက်ရသည်။ ကုလားပသီ လေးထောင်တို့ကိုလည်း သံခမောက်အိုဘောင်းဘီ ဝတ်စေပြီးလျှင် သေနတ်ခွဲစေ၍ လက်ဝဲ၊လက်ယာခြေနောက် တစ်ထောင်စီ လိုက်ရသည်။ ရွှေ ခမောက်တိုက်ကွင် ရွှေပန်းပန်စေ၍ ရွှေဒါးကာ၊ ကတ္တီပါဝတ်သော မြင်းတော်သည် လေးထောင်တို့ကိုလည်း မြင်း လေးထောင်နှင့်လက်ဝဲ၊လက်ယာခြေနောက်လိုက်ရသည်။ ရွှေလုံကိုင် လေးထောင်တို့ကိုလည်း ခမောက်ထိုး မည်းနက် ဝတ်စေ၍ ဆင်တစ်တပ်၊ အကြားအကြားတွင် လိုက်ရသည်။ ပန်းဆိုးနီ ခေါင်းထုပ် တွင် ရွှေခမောက်ရှ ဆောင်းစေ၍ ရွှေဒါးလည်း စည်းစေသော ရွှေဓားသား လေး ထောင်တို့ကိုလည်း လက်ဝဲ၊လက်ယာခြေနောက် လိုက်ရသည်။ စော်ဘွား၊ စော် ကန့်၊ မှူးကြီး၊ မတ်ကြီးသား လေးရာတို့ကိုလည်း တိုက်ဆင် လေးရာနှင့် လက်ဝဲ လက်ယာခြေနောက်လိုက်ရသည်။ တပ်မအတော်တွင် ရွှေတော်က သိန်္ခဝေယ ကျော်ထင်ကို တပ်မှူး၊ လက်ဝဲဥဿုသာကို စစ်ကဲ ခန့်တော်မူသည်။ ။လက်ယာ

ကျော်ထင်ကို တပ်မှူး၊ လက်ယာရန္တသူကို စစ်ကဲ ခန့်တော်မူ တော်က သက်ရှည် ကျော်ထင်ကို တပ်မှူး၊ လက်ဝဲရန္တမိတ်ကို စစ်ကဲ သည်။ ။လက်ဝဲတော်က နန္ဒကျော်ထင်ကို တပ်မှူး၊ မွေသိရိကို ခန့်တော်မူသည်။ ။နောက်တော်က ဘယကျော်ထင်ကို တပ်မှူး၊ မြင်း စစ်ကဲ ခန့်တော်မူသည်။ ။တပ်မတော်တွင် ပါသည့် တိုက်ဆင် လေးရာ၊ မြင်း လေးထောင်၊ လက်နက်ကိုင် ငါးသောင်း ခြောက်ထောင်၊ တပ်မတော်နှင့်တကွ တပ်ပေါင်း ငါးဆယ်တွင် ပါသည့် တိုက်ဆင်ပေါင်း ငါးထောင် သုံးရာ၊ မြင်း ပေါင်း ငါးသောင်း သုံးထောင်၊ စစ်သည် သူရဲပေါင်း ငါးသိန်း လေးသောင်း ခြောက်ထောင်နှင့် ကြေဝဝေး မန္ဓာတ်မင်း၏ အသွင်ကဲ့သို့ အလွန် တင့်တယ် စံပယ်တော်မူလျက် သက္ကရာဇ် ၉၃၀-သီတင်းကျွတ် လပြည့်ကျော် ခြောက်ရက် တနင်္ဂနွေနေ့၊ ဟံသာဝတီ နေပြည်တော်က ချီတော်မူ၍ မာလ်ရိအောင်သာ ဟူသော တပ်တော်တွင် ချတော်မူသည်။

(ကြံသို့ ယိုးဒယားချီပုံ၌ တပ်မတော်နှင့်တကွ တပ်ပေါင်းငါးဆယ် တွင် တိုက်ဆင် ငါးထောင့်သုံးရာ၊ မြင်း ငါးသောင်းသုံးထောင်၊ စစ် သည် သူရဲ ငါးသိန်း လေးသောင်းသာ ပါသည်ကို ရာဇဝင်ကြီး။ ရာဇဝင် လတ်တို့၌ တပ်ပေါင်း၊ ငါးဆယ်၊ ဗိုလ်ပါ ကိုးသိန်း ဟူ၍ လည်းကောင်း၊ တသန်း ဟူ၍ လည်းကောင်း-ရေးသားလေ၏။ "သောင်းစီ ပြောကျယ်၊ တပ်လေးဆယ်နှင့်၊ ပင်လယ်ပတ်လည်၊ ဂျွမ်းတို့ပြည်ကို၊ မတည်ပုန်ကန်၊ ချီတုံပြန်သော်" ဟူ၍၊ မင်းရဲဒိဗ္ဗ ချင်းတွင် စပ်ဆိုသည်နှင့်မညီဟု၊ တွင်း သင်းဝန်စီသည့် ရာဇဝင်သစ်တွင် ဆိုလေသည်မှာ- အရေးအသား ပျက် သည့်စာကို ကြည့်ရှုမိ၍သာ ဆိုလေသည်။ ရာဇဝင်ကြီး မှုဟောင်းစာမှန် များ၌ ဗိုလ်ပါ ငါးသိန်း လေးသောင်း ခြောက်ထောင်ဟု အညီအညွတ် ရှိသည်။ တပ်မတော်နှင့်တကွ တပ်ပေါင်းငါးဆယ်တွင် ပါသည်ဆိုသော ဆင်မြင်း သူရဲတို့ကို ထုတ်နုတ် ရေတွက်လျှင်လည်း ငါးသိန်း လေး သောင်း ခြောက်ထောင်ပင် တွက်ရှိသည်။ ယိုးဒယားနိုင်မော်ကွန်းတွင် လည်း ရာဇဝင်ကြီးနှင့် အညီပင် ဆိုသည်။ မင်းရဲဒိဗ္ဗ ချင်းတွင် ဆား တော် မဟာဥပရာဇာ၊ ညီတော် ပြည်ဘုရင်၊ တောင်ငူဘုရင်၊ သမက် တော် အင်းဝဘုရင်တို့ ချုပ်အုပ်သည့် သောင်းတပ် လေးဆယ်၊ ကိုသာ ရည်၍ "သောင်းစီ ပြောကျယ်၊ တပ်လေးဆယ်နှင့်" ဟု စပ်ဆိုသည်ကို တပ်မတော်နှင့်တကွ တပ်ပေါင်း ငါးဆယ်တွင် ပါသော သူရဲကို ဆို သည်ဟု ယူချေလျှင် သောင်းတပ် လေးဆယ်သည် ဗိုလ်ပါလေးသိန်းမျှ

ရသည်ဖြစ်၍ ရာဇဝင်ကြီးနှင့်သာ မညီသည် မဟုတ်။ ရာဇဝင်သစ်တို့၌ တပ်မတော်နှင့်တကွ တပ်ပေါင်း၊ ငါးသောင်းတွင် သုံးငါးသိန်း လေး သောင်းပေါ်သည် ဆိုသော စကားနှင့်လည်း မညီလေ။)

မာရ်အောင်သာ ဟူသော တပ်တော်ကသည်၊ ယိုးဒယားမြောက် ဆင်းတော် ဟူသော အရပ်သို့ လေးဆယ့်ခုနစ်စခန်း ချီတော်မူသည်။ ပိဿလောက်မြို့မှာ ရှိလေသော ခေါ်ဘူးသောင်ကျည်၊ ဗညားလော၊ ဗညားကျန်းတော၊ ဗညား ပရုံတို့ကို ခေါ်တော်မူ၍ တိုက်ဆင် သုံးရာ၊ မြင်း လေးထောင်၊ ဗိုလ် ခြောက် သောင်းနှင့် ပိဿလောက်ကသည် ယိုးဒယားသို့ နောက်တော် လိုက်လာသည်။ ရောက်လျှင် မိမိတို့ရသည့် လက်နက်ကိရိယာ လူသူ ဆင်မြင်းတို့ကို လက်ဆောင် တော် ဆက်ကုန်သည်။ ဆင်ဖြူ၊ ဆင်နီများ သခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း၊ ခေါ်ဘူးသောင်ကျည်နှင့် ဗညားကျန်းတောကို အားရတော် မူ၍၊ အဆောင် အယောင် အဝတ်အစား များစွာ ဆုပေးတော် မူသည်။ ဗညားလောနှင့် ဗညားပရုံကိုမူကား၊ ယိုးဒယားမင်း၊ ပိဿလောက်မြို့ကို တိုက် လာသောအခါ မြို့တွင်းက နေ၍သာ ခံသည်။ လိုက်၍ မတိုက်၊ လိုက်၍ တိုက်ရ သည်ရှိသော် ယိုးဒယားမင်း၊ လွတ်မည်လော ဟု၍ အမိန့်တော် ရှိပြီးလျှင် တပ်သားနှင့်တကွ ကျေးကျွန် သင်းပင်း ဟူသမျှကို ချုပ်တော်မူသည်။ ယိုးဒယား မင်းလည်း၊ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး စစ်သည်၊ ဗိုလ်ပါ၊ ဆင်လုံး၊ မြင်းရင်း၊ အများနှင့် မြေပြင်ပြည့်မျှ ချီလာသည် ဟု၍ ကြားလျှင် သီးကြို၍ မတိုက်ဝံ့၊ မြို့ပြ၊ ကျုံးမြောင်း၊ ပစ္စင်၊ ရင်လျှောက်တို့ကိုသာ ခိုင်လုံ အောင် စီရင်၍ အမြောက်ကြီး မြတာပူတို့ကို မြို့ထိပ်ဝန်းကျင် စီစဉ်၍ ကျေးလက်၊ ရွာလက်တွင် ရှိသော သူရဲ၊ သူခက်ကောင်း တို့ကို မြို့သို့ သွင်း၍ အခိုင် အလုံ ခံ၍ နေလေ၏။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း၊ ပိဿလောက်မြို့မှာ ရှိလေသော တိုက်လှေ အပေါင်းတို့ကို ဆောင်ယူချေ ဟု၍ ရှုနှုရာသီနှင့် သမန္တရတ်ကို စေတော်မူသည်။ ရှုနှုရာသီနှင့် သမန္တပုတ်လည်း ပိဿလောက်သို့ ရောက်လျှင် ငင်းမယ်ကပါသည့် တိုက်လှေများကို စပါးဆန်ရေ တင်ပြီးလျှင် လူနာ၊ လူများ ပင်ပန်း သည်သူတို့ကို ဆောင်ယူခဲ့၍ အလျင် ရောက်လာ၏။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ရှုနှုရာသီကို အထက်က ပိဿလောက်တွင် ပုံလမ်းရသည်နှင့် အားရတော်မူ၍ ဖြုသိုက်ဟူသော အမည်နှင့်

တကွ ကျပ် လက်ဖက်အိုး ပေးတော်မူသည်။ ။သမန္တရုတ်ကိုလည်း ပိုက်နရဲ
ဟူသော အမည်နှင့် ကျပ် လက်ဖက်အိုး ပေးတော်မူသည်။

ယင်းသို့မှ သားတော် မဟာဥပရာဇာ၊ အစရှိသော တပ်မှူး၊ စစ်ကဲ အပေါင်းတို့ကို ခေါ်တော်မူ၍၊ "ယခု ယိုးဒယားမြို့ကို အဘယ်သို့ လုပ်ကြံရသော် သင့်မည်နည်း"ဟူ၍ တိုင်ပင် ခင်းကျင်းတော်မူသည်ကို မဟာဥပရာဇာ ဤသို့ နားတော် လျှောက်သည်။ "ယခု ယိုးဒယားမင်းသည် မြို့က ထွက်၍ သော်လည်း မတိုက်၊ မြို့ကို အခိုင်အလုံ နေသည်။ ယိုးဒယားမြို့သည် ရေပတ်လည် ဝန်းရံ၍ ရှိသောကြောင့် အလုပ်အကြံ ခက်ခဲလှသည်။ အရှည်အကြာ ဝန်းရံတော်မူရမည်လည်း၊ နောက်တော်တွင် ပါသော ရဲမက်တော် တစ်သန်းခံနိုင် ဖြစ်သည်။ အစားအသောက် ခဲခက်လှချေသည်။ ယင်းသို့ ဖြစ်သောကြောင့် ရှည်ရှည် ချဲ့ချဲ့ စစ်ဦးတိုက်လှပါ လုပ်ကြံတော်မူမှ အရေးတော် ပြီးလွယ်မည်"ဟူ၍ နားတော် လျှောက်လေသည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဤသို့ အမိန့်တော် ရှိပြန်သည်။ "ယိုးဒယားမြို့သည် ရေမြစ်ရစ်လည် ဝန်းရံ၍ အလုပ်အကြံ ခဲခက် ငြားသော်လည်း ငါ့ ရဲမက်တော်အပေါင်းနှင့် ကြည်းရေ ဝန်းရံ၍ လုပ်ကြံတော်မူရသည်ကို ယိုးဒယားမြို့မျှသည် ခံနိုင်ရာသည့်သဘော ရှိသလော၊ ယခုလည်း ကမန်းပိုက်၊ သုဝဏ္ဏလောက၊ သောက္ကတဲ၊ ပိတ်စိမ့်မြို့တွင် ရှိသော စပါးဆန်ရေတို့ကို ရဲမက်တော်တို့ သယ်ယူစေ၍၊ ကျီကြဲဆောက်၍ ထားစိမ့်မည်။ မိုးကျလျှင် ရဲမက်တော်တို့ကို လယ်လုပ်စိမ့်မည်။ အခြား တိုင်းနိုင်ငံက ကူညီသော်လည်း ရဲမက်တော်တို့ ခံ့ခြမ်း ဆီးကြ၍ လုပ်ကြံစိမ့်မည်။ အလျင် တသော လုပ်ကြံ၍ မသင့်"ဟူ၍ အမိန့်တော် ရှိပြီးလျှင် ယိုးဒယားမြို့သို့ ငါးဆယ့်လေးတပ်လုံးချဉ်း၍ နွားကို ခြံလှောင်သကဲ့သို့ ကြည်း ဝန်းရံတော်မူသည်။

ယင်းသို့မှ ယိုးဒယား ကျေးလက် များတွင် ရှိသော စပါးကို ယူစေ၍ ကျီနှင့်ချည်း ထားရသည်။ ရဲမက်တော်တို့ကိုလည်း တပ်ဖွဲ့စေ၍ မြစ်ညာမှာ သုံးဆုပ်၊ လေးဆုပ်၊ တစ်ဆယ့်ငါးတောင်၊ တစ်ဆယ့်ခြောက်တောင်၊ သစ်ခုတ်ရသည်။ သစ်ရောက်လျှင် ပြတန်ဆောင်းနှင့်တကွ သစ်တပ်မြို့ကိုလုပ်ရသည်။ နတ်ဖန်ဆင်းသကဲ့သို့ အလျင်ပြီးသော်။ အရှေ့နှင့်တောင်မျက်နှာမှကား၊ ချောင်းငယ်သောကြောင့် သစ်တပ်ချဉ်း၍ရံသည်။ နောက်တစ်မျက်နှာကိုမူကား ချောင်းမြစ်ကျယ်သောကြောင့် သစ်တပ်ချဉ်း၍ မတည်သာချေ၊ ယင်းတို့လျှင် မှူးသား၊ မတ်သားတို့ကိုအကြီးပြု၍စေ၍မြစ်တစ်ဘက်သို့လှေနှင့်ကူးစေပြီးလျှင်ပြတန်ဆောင်းနှင့်တကွ

သစ်တပ်တည်၍ အလုံနေရသည်မြို့ တန့်ဆောင်း သစ်တပ်တညီအညွတ်ပြိုလျှင် အမြောက်၊ သေနတ်၊ မြှားပုန့် ဝင်၍ မီးပေါက်သီး ရွာစေသည်။ ယိုးဒယား မြို့တွင် နေသော သူတို့သည် မိုးကြိုး ကျသကဲ့သို့ ပြတန်ဆောင်း အိမ်ရာ ကျိုးပျက်၍ ထိတ်လန့်ခြင်း ပြင်းစွာ ဖြစ်လေ၏။ ယင်းသောအခါ စစ်ကဲတော် အပေါင်းတို့သည်၊ ဗိုလ်မင်း၊ တပ်မင်းတို့ကို ခါးချွတ်၍ ကိုယ်ကဲ ဆော်ရန် ကုန်သည်။ ဗိုလ်မင်း၊ တပ်မင်း အပေါင်းတို့သည်း အလွန် ကြောက်ရွံ့ကုန်သည် ဖြစ်၍ ပြတန်ဆောင်းထက်သို့ တက်၍ အသက်ကို အသက်မမှတ် စီရင် ဆော်ရန် ကုန်သည်။ သူရဲသူခက် အပေါင်းတို့သည်း သူတပ်စသော ပြောင်းသေနတ်ကို မမှားစေမူ၊ မြို့ကို လှေကားထောင်၍ တက်မည် အခြင်းအရာကို ပြုကုန်၏။ ထိုသို့ လုပ်ကြံစေသော်လည်း ယိုးဒယားမြို့ထိပ်က စိန်ပြောင်း၊ မြှားပု လွှတ်လျှင် အထိအပါး အသေအပျောက်များ၍ အောင်မြင်းသို့ မရောက်နိုင်ချေ၊ တပ်သို့ ဆုတ်၍ နေပြန်ရချေသည်။ ယင်းသို့မှ ယိုးဒယား မြို့နှင့် အပ မြေတောင် တပ်ကို ဖို့စေ၍ ထို မြေတောင်ထက်က အမြောက်၊ သေနတ်၊ မြှားပုကြီး တင်၍ နေ့စဉ် ရက်ဆက် လွှတ်စေသည်။ မြို့ပြ ခိုင်သည်နှင့် မြို့စီးမြင်း ထုထည် လှသောကြောင့် မပျက်နိုင်ချေ။ ဤသို့ အထူးထူးသော စီရင်ခြင်း တို့ဖြင့် စီရင်တော်မူ၍ လုပ်ကြံစေသော်လည်း မရနိုင်ချေ။

ယင်းသို့လျှင် ဆင်ဖြူများ သခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း အမျက်တော်ရှိ၍ ဤသို့ အမိန့်တော်ရှိသည်။ "ညီတော်၊ သားတော်မှစ၍ တပ်မှူး စစ်ကဲအပေါင်းတို့သည် ငါ့ ကျေးဇူးတော်ကိုသာ ခံစား၍ အမှုတော်ကို ကြိုးစား အားထုတ်၍ မထမ်းသောကြောင့် အရေးတော် ပြီးခဲ့သည်။ ယနေ့မှ စ၍ ကြိုးစားအားထုတ်၍ အမှုတော်ကို ထမ်းရလိမ့်မည်၊ ယင်းသို့ မထမ်းသသူ သည် ကြီးစွာသော အကျပ်တော်ကို ခံရလိမ့်မည်" ဟု၍ အမိန့်တော် ရှိသည်။ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့လည်း အမိန့်တော်ကို ကြားလျှင် မိမိတို့ တပ်တောင်တာကို လုံ၍ မြဲမြဲအောင် စီရင်၍ အသက်ကို အသက်မမှတ် ညဉ့်နေ့ မပြတ် လုပ်ကြံကုန်သည်။ ထိုသို့ လုပ်ကြံသော အခါ ယိုးဒယားက ပစ်၍ မှန်သော လူကောင်သည် တကြိမ်မှစ်ကြိမ် မြို့ကိုတက်လျှင် တတပ်ကို သုံးရာ၊ လေးရာ ထိပါး၍ လူကောင်ကိုသာ တပ်ဖြင့် ကျယ်ကား ရသည်။ ယင်းသောအခါ ဗညားစက်တပ်မှူး၊ စောကိုင်ခံ စစ်ကဲ ပြုသည်။ တပ်သည် ချောင်းနှာ၊ နီးသည်နှင့် တပ် မနိုင်ကြောင်းကို ယိုးဒယားသားတို့ သိလျှင်၊ လှေယဉ် လှေစင်း၊ ငါးစင်းနှင့် ထွက်လာ၍ တပ်သားတို့ ဖင်ချ

ထင်းခွေ သွားခိုက် လှေ၌ ရှိသော အမြောက်၊ သေနတ်တို့ကို ယူ၍တစ်တဲ၊ နှစ်တဲ မီးတိုက် လေသည်။ ထိုအကြောင်းကို ပြည်ဘုရင် သတိုးဓမ္မရာဇာ ကျွန်တို့မြင်လျှင် လိုက်၍ တိုက်လေ၏။ယိုးဒယားသားတို့လည်း ရသည့်လက်နက် ကရိယာတို့ကို ယူ၍ ပြေးဝင်လေ၏။ ထိုအကြောင်းကို နာခံတို့ လျှောက်၍ ကြားတော်မူလျှင် ကိုယ်တိုင်တော်လာ၍ ကြည့်တော်မူသည်။ထိုအခါ ဗညားစက် နှင့် စောတိုင်ခံ ပြေးလေ၏။ ထိုတပ်သည် သတိုးဓမ္မရာဇာ စီရင်နက်ဖြစ် သောကြောင့် ညီတော်ကို အမျက်တော်ရှိ၍ လက်မရှဲတို့ကို ကွပ်လေ အမိန့်တော် ရှိသည်။ လက်မရှဲတို့လည်း ညီတော် ပြည်ဘုရင် အင်္ကျီစွန်ကို ကိုင်ခလေ၏။ ထို အခိုက်တွင် ဗညားစက်နှင့် စောတိုင်ခံကို ပြည်ဘုရင် ကျွန်ဘော်တို့ ရ၍ ဆက် လေ၏။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း အမျက်ခတော် ပြင်းစွာရှိ၍ မည်သူမျှ မလျှောက်ဝံ့၊ ဗညားစက်နှင့် စောဘိုင်ခံကို ကွပ်မျက်တော် မူလေ၏။တပ်မှူးစစ်ကဲ အပေါင်းတို့လည်း အသားစားလတ္တံ့သို့ ကြောက်ကုန်၏။

သားတော် မဟာဥပရာဇာလည်း စီရင်တော် မူနက် တပ်သားအပေါင်း တို့ကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူသည်။"ဟယ်....ယောကျာ်းတို့၊ သည် ငါ ကိုင်တော်မူသည့် လှင်ကန်ကို ထင်းပြု၍ ထမင်း ချက်သည်ရှိသော်၊ ကျက်မည် လောဟု၍ မေးတော်မူသည်။ ကျွန်တော် တို့ကသည်း ဘုန်းကြီးသည့် အရှင် ကိုင်တော်မူသော လှင်ကန်သည် ယော်လှသည် ဖြစ်၍ ထမင်း ချက်သော်သည်း မကျက်ရာ" ဟူ၍ နားတော်လျှောက်ကုန်သည်။ ထိုစကားကို ကြားတော်မူလျှင် ဤသို့ မိန့်တော်မူသည်။"ဟယ်....ယောကျာ်းတို့ ဗညားစက်တပ်တွင် အမြောက် သေနတ်တို့ကို သူရလေသောကြောင့် တပ်မှူး စစ်ကဲ နှစ်ယောက်လုံး သေကြ လေသည်။ ယခုလည်း အမြောက်၊ သေနတ်ကို ထားဘိ၍ သည် လှင်ကန် တခုမျှ ယိုးဒယားသားတို့ ယူ၍ မြို့တွင်းသို့ သွင်းရလျှင် အသက်ရမည် နင်တို့ မမှတ်ကြနှင့်"ဟူ၍ သားတော် မဟာ ဥပရာဇာ မိန့်တော် မူသည်။ ဗိုလ်မင်း၊ တပ်မင်း၊ စစ်ကဲ၊ စစ်ကွပ် အပေါင်းတို့ ကြားလျှင် အသက် သေမည် ဟူ၍ မကြောက်မရွံ့ကုန်၊ အမှုတော်ကို ညဉ့်နေ့ ကြိုးစား အားထုတ် ထမ်းကုန်သည်။ ဘဝရှင် မင်းတရားကြီးဘုရား ယိုးဒယားမြို့ကို ရံတော်မူသည်။ သေးလခန့်ရှိ၍ သက္ကရာဇ် ၉၃၁–ခုကဆုန်လဆန်း နှံရက်၊ သောကြာနေ့တွင် ယိုးဒယားမင်း အကြီး ရဟန်းကသည် ဟူပြု၍ သောင်းကျွန်း ပုန်ကန်သည့် ပြသာမံရာဇာသည် သစ္စာတော် ရောက်၍ သေလေသည်။ သေလေသော် ယိုးဒယားမင်း အကောင်ကို စပ်မက် ရှိသည်နှင့် ဝိတက်ပျာပါ၊ ပျားသောကြောင့် မသင်္ဂြိုဟ်ပဲ မြှား သွတ်၍ ထားလေသည်။

ယင်းသို့မှ ယိုးဒယားမင်း အငယ် ဤသို့အမူး အမတ်တို့ကိုဆိုသည်။ "ဘဝရှင် မင်းတရားကြီး ချီသာ၍ ငါတို့မြို့ကို ရုံတော်မူသည်ကို ငါတို့က အမြောက် သေနတ်တို့ဖြင့် ပစ်၍ သေပျောက်သည်လည်း မရေတွက်နိုင် ရှိလေပြီးသည်။ သာ ငြိမ်းပြု၍ မြေတောင်ကိုသာ မပြတ်ဖို့ရသည်။ အမျက်တော် ကြီးလှသော ကြောင့် ထိုကဲ့သို့ အလုပ်အကြံကို လုပ်ကြံတော်မူသည်။ အလုပ်အကြံကိုတစ်နေ့မျှ မလျော့၊ သူကောင်ကို လည်း မကြာချေသေး။ ယိုးဒယားမြို့တွင် ရှိသော မှူးမတ်တို့သည်၊ ယခု မင်းပြုသည် ငါကို နှစ်သက်မည်။ အချို့လည်း ငါကို မနှစ်သက် ရှိမည်။ အချို့လည်း ကြောင့်အခိုင်အလုံ အတောင့်အတင်းနေ၍ မသင့်ချေ။ ယင်းသို့ ဖြစ်သော အကြောင်းကို လျှောက်၍ ပြန်တော်မူသည်ဖြစ်မူ ငါတို့ ကြံကြိုက်သမျှ ကြံရ မည်"ဟူ၍ ဆွေသား၊ မျိုးသား အပေါင်းတို့နှင့် တိုင်ပင်ပြီးလျှင် "ဘဝရှင် မင်းတရားကြီးဘုရားကို ကျွန်တော်တို့ မပုန်စားပါ" ဩဘာဝရံ ဟူသော အမတ် သည်၊ ကျွန်တော်ပ၊ ခြေရင်းတော်မှာ ရဟန်းပြု၍ နေသည်ကို လှုပ်၍ ခြား နားတော့ အခင်းရှိ မဲ့ကို ကျွန်ုပ်ဖို့ထားဟူ၍ အထွေထွေ ပြားယောင်းသွန်သင် သည်ကို လိုက်နာ၍ သောင်းကျန်းလေသည်နှင့် ကျွန်တော်ပ၊ သစ္စာတော် ရောက်၍ အနီးစု ရောက်လေသည်။ ကျွန်တော် ဆက်ပြီ လက်ဆောင်တော်ကို အစဉ်အတိုင်းဆက်၍ အမှုတော်ကို ထမ်းပါမည်"ဟူ၍ ရွှေပေတွင် ရေးပြီးလျှင် ဩယာဝရံ ဟူသော အမတ်ကို သံခြေကျဉ်းခတ်၍ လက်ဆောင် လက်နက်အများ နှင့် ဆက်လာရသည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ရာဇဂုဏ်နှင့် ပြည့်စုံတော်မူသော ကေရာင် ဖြစ်တော်မူ၍ လျှောက်သည်စာကို ကြားတော်မူလျှင် မည်သို့မျှ မိန့်တော်မရှိ၊ ဩယာဝရံကို အကျဉ်းထားရာက လွှတ်တော်မူ၍ အဝတ်အစား၊ ဆုလာဘ် ပေးတော်မူပြီးလျှင် မှူးတကာ၊ မတ် တကာနည်း မပြတ် မြဲစွဲရသည်။

ယိုးဒယားမင်းသည် အထက်ကပင် လင်းဇင်းသို့ စစ်ကူခေါ် လေသည်။ လင်းဇင်းမင်းလည်း သစ္စာရှိသောကြောင့် မနေသာ၍ တိုက်ဆင်တစ်ထောင်၊ မြင်း ရှစ်ထောင်၊ စစ်သည်သူရဲ သုံးသောင်းခန့် ချီလာသည်။ ထို အကြောင်းကို ကြားတော်မူလျှင် ဆီးကြို၍ စုံစမ်းမည်ဟူ၍ ကင်းထိုးစေသည့် သူတို့ လျှောက်၍ ကြားတော်မူလျှင် ဆီးကြို၍ စုံစမ်းမည်ဟူ၍ ယောမြို့ကို စားသော မင်းရဲလုလင်ကို တပ်မှူး၊ ဝဂါရမြို့ကိုစားသော သက်ယာဇြိမ် ကို စစ်ကဲ ခန့်တော်မူ၍ တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည် သူရဲ လေး ထောင်နှင့် နာလတို့ ဟူသောအရပ်တိုင်အောင် ချီရလေသည်။ မင်းရဲလုလင်၊

လက်ယာခြေဖြစ်တို့လည်းနှာလသဘိအရပ်သို့ ရောက်လျှင် တပ်တည်၍ မလေး မစား နေလေသည်။ ငါးရက်ခန့်ရှိလျှင် လင်းဇင်းမင်း ရောက်လာ၍ တိုက်လေသည်။ အင်အား မတန်၍ ပျက်ချေသည်။ တပ်သားနှင့်တကွ မင်းရဲလုလင်ကို သူရလေသည်။ စစ်ကဲလက်ယာခြေဖြစ် မှကား၊ မြင်းစီး၍ ကျွန်တစ်ကျိပ်ကိုးယောက်ခန့်နှင့် သူ့ပုန်က ပြေးထွက်လာ၍ တပ်တော်သို့ ရောက်လာသည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော်တို့ကို ခေါ်တော်မူ၍ မှူးမတ် အလယ်တွင်လက်ယာခြေဖြစ်ကို ဤသို့အမိန့်တော်ရှိသည်။ "နင့်ကို စစ်ကဲခန့်တော်မူသည်လည်း သူအမှုမထမ်းလျှင် သူ့ကိုကွပ်စီ‌ရမည်ဟူ၍ ငါခန့်တော်မူသည်။ သို့ကို တပ်မှူး မင်းရဲလုလင်နှင့် တပ်သား အပေါင်းတို့မှကား၊ ငါ့ကျေးဇူးတော်၊ သစ္စာတော်ကို စောင့်၍ အသက်ကို အသေခံသည်။ နင်မှကား၊ ကျေးဇူး သစ္စာတော်ကို မစောင့်သော ကြောင့်မြင်းစီး၍ ပြေးလာသည်၊ လင်းဇင်းသားတို့ ဘေးကိုကား၊ နင်ကြောက်သည်။ နင့်ကိုယ်က စ၍ သား မယားနှင့်တကွ ငါသတ်မည့် ဘေးကိုကား—နင်မကြောက်၊ ယင်းသို့ ဖြစ်သောကြောင့် သင့်ကို သားမယားနှင့်ဘကွ ကွပ်လေ" ဟူ၍ အမိန့်တော်ရှိသည်။ ထိုအမိန့်တော်ကို ကြားလျှင်လက်ယာခြေဖြစ်သည် ဦးချ၍ ဤသို့ နားတော်လျှောက်သည်။ "ကျွန်တော်သည် မသေဝံ့၍ ရှိခိုးနားတော်လျှောက်သည်မဟုတ်၊ အကြောင်းမှာ တစ်ယောက်နှင့် တစ်ကျိပ်၊ တစ်ကျိပ်နှင့် တစ်ရာဖြစ်သော ရန်သူကိုသော်ကား၊ အသေခံဝံ့သာသည်။ တစ်ယောက်နှင့် တစ်ထောင်၊ တစ်သောင်းဖြစ်သောအမှုကို အသေခံခြင်းသည်ကား အကျိုးမရှိ၊ အရှင့်ရွှေဖဝါးတော်အောက်၌ အကျွပ်တော်ကိုခံ၍ သေရခြင်းသည် မြတ်၏ဟူ၍ အယူရှိသောကြောင့် ကျွန်တော်ရန်သူပုန်က ထွက်လာပေသည်" ဟူ၍နားတော်လျှောက်သည်။ လက်ယာခြေဖြစ်လျှောက်သောစကားကို ကြားတော်မူလျှင် ဤသို့ အမိန့်တော် ရှိပြန်သည်။ "သို့ သည်စကားကို နင် လျှောက်သည်ကား၊ ကိုယ်ကို အလွတ်ခွင့်ရ၍ လျှောက်သည်မဟုတ်လော၊ မှန်ကို ငါ တပ်မှူးခန့်သသူကား၊ အသက်ကို စွန့်၍ ငါ့ အမှုတော်ကို ကြိုးစား အားထုတ်ထမ်းသည်။ နင်မှကား ငါ့ကျေးဇူးတော်၊ သစ္စာတော် နှစ်ပါးကို သွေဖည်၍ ပြေးလာပြီးလျှင် စကားလှနှင့် လျှောက်သည် မဟုတ်လော" ဟူ၍ အမိန့်တော်ရှိသည်။ ထို စကားကို အထိန်းတော် သီရိဇေယ ကျော်ထင် ကြားလျှင် ဤသို့ နားတော် လျှောက်သည်။ "ကျွန်တော်လက်ယာခြေဖြစ်ငယ် ကိုယ်ကို

အလွတ်ခုနှ၍ ပြေးရောက်ခြင်းသည်ကား။ လွတ်ခြင်း ကောင်းလှပေသည်။ လက်ယာဖြစ်ကိုအလွတ် မခုနှ၍ တပ်မှူး၊ စစ်ကဲနှင့်အတူ အားလုံးကို သူခုလ သည် ရှိသော် ကျွန်တော်တို့ မျက်နှာထားစရာ မရှိချေပြီ" ဟူ၍ နားတော် လျှောက်သည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း"အကြောင်း ဘယ်သို့ ဖြစ်သနည်း"ဟု မေးတော် မူပြန်သည်။ သိရိဇေယ ကျော်ထင်လည်း ဤသို့ နားတော် လျှောက်သည်။"ရွှေဖဝါးတော်အောက်က ချီလေသော ကျွန်တော် တို့ကို တပ်မှူး၊ စစ်ကဲနှင့် တကွ တစ်ယောက်မျှမကျန် သူခုလေသည် ဟူ၍ ပုံသကဲ့သို့ ရှိသည်။ ယခုမူကား လက်ယာဖြစ်သည် ကျွန်တစ်ကျိပ်နှင့် ရန်သူပုန်က ထွက်၍ ခြေရင်းတော်သို့ ထွက်လာပေသောကြောင့် ကျွန်တော်တို့ မျက်နှာ ရချေသည်"ဟု နားတော် လျှောက်သည်။ သိရိဇေယကျော်ထင် လျှောက်သော စကားကို ဗညားကျန်းတော ကြားလျှင်"သည်အရေး သင့်လှပေသည်" ဟူ၍ နားတော် လျှောက်ပြန်သည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း"အကြောင်းဘယ်သို့ နည်း"ဟူ၍ မေးတော်မူပြန်သည်။ ဗညားကျန်းတောလည်း ဤသို့ နားတော် လျှောက်ပြန်သည်။"လင်းဇင်းမင်းသည် ကျွန်တော်တို့နှင့် တွေ့သမျှပင် မျက် လေတော့သည်သာ၊ မည်သည့်ကာလတွင်မျှ အောင်ခြင်းကို မရ၊ ယခုမူကား- တစ်ယောက်နှင့် တစ်ထောင်၊ တစ်ကျိပ်နှင့် တစ်သောင်းဖြစ်၍ အောင်နိုင်ရလေ သည်။ ယခုချီလာကြောင်းကိုလည်း ယိုးဒယားမင်းနှင့်သစ္စာကတိရှိသောကြောင့် သာ ဝတ်ကုန်ဆန်းသာ ချီလာသည်။ ဘုန်းတော်ရှင် ကျွန်တော်တို့ ချီရလျှင် မျက်နှာချင်းဆိုင်၍ တိုက်ဝံ့မည်မဟုတ်"ဟူ၍နားတော် လျှောက်သည်။ ဗညား ကျန်းတော လျှောက်သော စကားကို ဗညားဒလ ကြားလျှင် ဤသို့ နားတော် လျှောက်ပြန်သည်။"ကျွန်တော် သိရိဇေယကျော်ထင်၊ ဗညားကျန်းတောတို့ လျှောက်သော အရေးသည် သင့်သော အရေးပင် ဖြစ်ပေသည်။ ကျွန်တော် လျှောက်သော အရေးသည် သင့်သော အရေးပင် ဖြစ်ပေသည်။ ကျွန်တော် လက်ယာဖြစ်သည် ရွှေဖဝါးတော် အောက်သို့ ရောက်လာပေသောကြောင့် လင်းဇင်းမင်း ချီလာသည်-အင်နည်း၊ အားများကို သိရပေသည်။ ကျွန်တော် လက်ယာဖြစ်လည်း ယောကျ်ားဟုတ်လှသည့် ဖြစ်၍ သူပုန်က ခုနိုင်ပေသည်။ ကျွန်တော်ငယ်အသက်ကို ငှက်ငယ်တစ်ကောင်ကဲ့သို့မှတ်တော်မူ၍ အသက်အလှူ ပေးတော်မူသည်ဖြစ်မှ ကျွန်တော် ချမ်းသာပါမည်"ဟူ၍ နားတော် လျှောက်

သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားသည်း မှူးတော် မတ်တော် အပေါင်းတို့ လျှောက်ကျင် ရွှေနှလုံးတော်မြေ၍ လက်ယာမြစ်ကို လွှတ်တော်မူသည်။

ယင်းသို့မှ "လင်းဇင်းမင်း၊ ချီလာသည်ကို အရံပြု၍ လုပ်ကြံသော်လည်း အသင့်မည်လော၊ အရံမပြုတ်ပဲ အချို့ကို ရံစေ၍၊ အချို့ကို ဆီးကြို၍ လုပ်ကြံ ရသော်လည်း သင့်မည်လော" ဟူ၍ အမိန့်တော်ရှိသည်ကို ဗညားဒလ လျှောက် သည်။ "ယခု ယိုးဒယားမြို့ကို ရံတော်မူသည်လည်း လေးလ၊ ငါးလခန့် ရှိပြီ၊ ယိုးဒယားမင်းလည်း သတ္တဝါတော်ရောက်၍ သေလေပြီးသည်။ ယင်းသို့လျှင် ယိုးဒယား မြို့တွင်းသားတို့သည် နှလုံးကျိုးမြောင်း၍ ရှိလေပြီးသည်။ အရံကို ဖြုတ်တော်မူချေလျှင် လင်းဇင်းမင်းကို အောင်မြင်တော်မူ၍ လုပ်ကြံတော် မူသော်လည်း အသစ် လုပ်ကြံဘော် မမူရချေလော၊ ယင်းသို့ ဖြစ်ခသောကြောင့် ရံမက်တော် တစ်ဝက်ကို ရံတပ်တွင် အခိုင် အသုံ့ နေစိမ့်သည်၊ တစ်ဝက်သော ရံမက်တော် ပိုလ်ပါနှင့် ဆီးကြို၍ ကျွန်တော်တို့ လုပ်ကြံမည်။ လင်းဇင်းမင်း မျက်နှာ ဆိုင်၍ တိုက်ဝံ့မည်မဟုတ်၊ သို့ရာတွင် လင်းဇင်းမင်းသည် မချဉ်းဝံ့ဘဲ အဝေးက နေ၍ မျိုး ရိက္ခာ ရှာသော ရံမက်တော်တို့ကို ထိပါးချေသော် အလုပ် အကြံ များချိမ့်မည် ဖြစ်သည်။ လင်းဇင်းမင်းကို အလျင် ချီလာအောင် ယိုးဒယား မင်းက ဆက်လာသော သြယာခရံကို စေတော်မူ၍ လင်းဇင်းမင်း ချီလာ၍ အနီးတွင် လုပ်ကြံရမှ ရံတပ်နှင့် မဝေး၊ အလိုတော် ပြည့်လွယ်မည်" ဟူ၍ နားတော် လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရား လည်း ဗညားဒလ လျှောက်သော အရေးကို ကြိုက်တော်မူ၍ သြယာခရံကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ "သြယာခရံ—အမှုတော်ကို ကြိုးစား၍ ထမ်း၊ အရေးတော်ပြီးလျှင် ငါ သူကောင်း ပြုတော်မူမည်" ဟူ၍ အမိန့်တော် ရှိသည်ကို သြယာခရံ ဤသို့ နားတော် လျှောက်သည်။ "ယိုးဒယားမင်းသည် ကျွန်တော်ကို ကွပ်ပလေစေ ဟူ၍ ရွှေဖဝါးတော် အောက်သို့ ဆက်လာသည်။ ကျွန်တော် မျက်နှာကို မြင်တော်မူလျှင် ဘုရားဆုကို တောင်းတော်မူသော မင်းကောင်း ဖြစ်တော်မူ၍ ကွပ်မျက်တော်မမူ၊ အသက်ကို လွှတ်တော်မူ၍ မှူးတော်၊ မတ်တော်တို့နည်း မပြတ် ခစားရပေသည်။ ကျေးဇူးတော်သည် ဤဘဝမှ စ၍ နိဗ္ဗာန်သို့ မရောက်ခသေးသော ကာလပတ်လုံး ဆပ်သော်လည်း မပိုင်နိုင် ဖြစ်သည်။ ကျေးဇူးတော်ကို အသက်ကို စွန့်၍ အရေးကို မလပ် မလပ် ရအောင် ထမ်းပါမည်" ဟူ၍ နားတော် လျှောက်သည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားတည်း လင်းဇင်း မင်းသို့ ပေးမည့်စာကို ဗညားဒလနှင့် ဩယာရုံတို့ စီကုံးရသည်။ စာတွင် မှာသည်ကား၊ "တူတော် ဖြတ်နန်းသူ၏ ကြားရောက်သည့် ဦးရိုးတော် လင်းဇင်းမင်း--ဟံသာဝတီ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ချီလာ၍ မြို့ကို ဝန်းရံ ထားသည်။ လေးသောင်း ငါးထောင်နှင့်ရှိပြီ၊ ခုမက်ဖိုလ် ၁ ကြိမ် နှာချွဲ၍ သေသလောက်သည်လည်း များ လေပြီ။ မြို့ကို တက်လာ၍ မြို့ထိပ်က စိန်-ပြောင်း၊ သေနတ်နှင့် ပစ်ခတ်၍ သေ ပျောက်သည်လည်း များလှလေပြီ။ သို့ပင် သေပျောက် ပျင်းယို သော်လည်း မသားကို မလျှော့ ဝန်းရံ၍ နေသည်။ ဦးရိုးတော် မရောက်သောကြောင့် မြို့က တုက်၍ မတိုက်၊ အရေးကို မြော်တင်း၍ နေသည်။ ယင်းသို့ ဖြစ်သောကြောင့် ဦးရိုးတော် အလျင်ချီ၍ လုပ်ကြံတော်မူပါ၊ ကျွန်ုပ်တည်း မြို့တွင်းက တွက်၍ လုပ်ကြံမည်။ ဆင်ဖြူများရှင် ခံနိုင်မည်လော၊ ပျက်လေတော့မည်" ဟု၍ စာရေး မှလေသည်။ ဩယာရုံသည်း ယိုးယား မြို့တွင်းက ထွက်လာသသူ ဖြစ်၍ မြို့တွင်းမှ အကြောင်းမျိုးကို ပြောလျှင် လင်းဇင်းမင်း ယုံကြည်၍ အလျင် ချီလာသည်။ ဩယာရုံကိုလည်း မည်သည့် နေ့ရက်ကို အရောက် ချီလာမည် ချိန်းချက်ပြီးလျှင် လွှတ်၍ ပြန်လာသည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားသည်း လင်းဇင်းမင်းကို ဆီးကြို၍တိုက်မည် စီရင်ခန့်ရန်တော်မူသည်ကား၊ မိုးကောင်းစော်ဘွားတစ်တပ်၊ မိုးမိတ်စော်ဘွားတစ်တပ်၊ ဗညားဒလတစ်တပ်၊ သိရိမ္မာသောကတစ်တပ်၊ ဗညား ဂျမ္ဗုတစ်တပ်၊ ရာဇသင်္ကြံတစ်တပ်၊ သားတော် မဟာဥပရာဇာတစ်တပ် သည် ခုနစ်တပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်သူရဲ ငါးသောင်းနှင့် အလယ်ကြောင်း၌ရသည်။ သီပေါစော်ဘွားတစ်တပ်၊ သိန္နီစော်ဘွားတစ်တပ်၊ ဘယဂါမဏိတစ်တပ်၊ ဗညားမြတစ်တပ်၊ သက်တော်ရှည်တစ်တပ်၊ ဗညားကျန်း တောတစ်တပ်၊ ညီတော်တောင်ငူဘုရင် မင်းခေါင်တစ်တပ် သည်ခုနစ်တပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်သူရဲငါးသောင်းနှင့် လက်ဝဲကြောင်း ချီရသည်။ အုန်းဘောင်စော်ဘွားတစ်တပ်၊ ညောင်ရွှေစော်ဘွားတစ်တပ်၊ ဥတ္တမသိင်္ဃဗျူဟသူရတစ်တပ်၊ သမိန်လက္ခုန်းအိမ်တစ်တပ်၊ မင်းရဲကျော်ထင် တစ်တပ်၊ သမိန်သံလိုက်တစ်တပ်၊ သမက်တော်အင်းဝဘုရင် သတိုးမင်းစောတစ်တပ် သည်ခုနစ်တပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်သူရဲငါးသောင်းနှင့် လက်ယာကြောင်းချီရသည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး တပ်တော်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်သုံး ငါးသောင်းနှင့် နောက်တပ်မ၊ ပြု၍ သက္ကရာဇ် ၉၃၁-ခု၊ ကဆုန်လဆန်း ကိုးရက်၊ သောကြာနေ့၊ ယိုးဒယားမြို့က လင်းဇင်းမင်းကို ဆီးကြို၍ တိုက်မည် ချီတော်မူသည်။ ယိုးဒယား မြို့ကွင်မှုကား၊ ညီတော် မြည်တုရှင် သတိုးဓမ္မရာဇာကို ဗိုလ်ချုပ် ခန့်တော်မူသည်။ သားတော် မဟာဥပရာဇာ၊ ညီတော် တောင်ငူမင်း၊ အင်းဝမင်းတို့လည်း ယိုးဒယားမြို့က ချီ၍ ခုနစ်တိုင်ခန့် အရပ်သို့ ရောက်လျှင် ဆင်မြင်းဗိုလ်ပါကို ဖြည့်တင်း၍ တစ်ညဉ့်နေတော်မူကြ၍ မိုးသောက်လျှင် လင်းဇင်းမင်းလည်း ဆင်လုံးမြင်းရင်း အများနှင့် ကြုံးဝါးသံပြု၍ နောက်ကို အရပ်က ချီလာ၍ မဟာဥပရာဇာတို့ သုံးကြောင်းသားတို့ကလည်း မြင်း သုံးထောင်နှင့် ဆီးကြို၍ စုံမိလေသည်နှင့် လင်းဇင်းမင်းက စစ်များချီလာသည့် မြင်းတပ်နှင့် တွေ့လျှင် ဆိုင်၍ မနည်းကြာ ပစ်ခတ်ကြလျှင် မြင်းတော်သည်တို့ စစ်ရေးငင်ခဲ့၍ နီးကြောင်းကို လျှောက်လာရ၏။ မဟာဥပရာဇာ၊ တောင်ငူမင်း၊ အင်းဝ မင်းတို့လည်း ဆင်မြင်း က၊ စေ၍ အမြောက် သေနတ် စီစဉ်၍ အသင့်နေတော်မူကြသည်။ အင်းဝဘုရင် သတိုးမင်းစောလည်း ခရီးကွေ့ ရှိသည်ကို ကျွ လာမှ တိုက်မည်ဟူ၍ ဆင်မြင်း ဗိုလ်ပါတို့ကို တောက အသင့်နေစေသည်။ လင်းဇင်းမင်းလည်း တိုက်ဆင်တစ်ထောင်၊ ဝန်တင် ဆင်တစ်ရာ၊ မြင်း ရှစ်ထောင်၊ ဗိုလ်သုံးသောင်းနှင့် မကြောက် မရွံ့ ကြုံးဝါး၍ ချီလာသည်။ ရဲမက်တော်တို့နှင့် နီးလျှင် စိန်ပြောင်းမြတပ္ပတစ်ဘက်တစ်ချက်လွှတ်ကြသည်နှင့် လင်းဇင်းစစ်သည်တို့လိုက်၍ တိုက်လာသည်။ ခရီးကွေ့လွန်လျှင် သမက်တော် သတိုးမင်းစောလည်း တောကထွက်၍ တိုက်တော်မူလေသည်။ လင်းဇင်းအမတ်တို့ ခံ၍ တိုက်သည်။ ဆင်သုံးစီး၊ လေးစီးလဲလျှင် မခံနိုင်၍ ဆုတ်လေ၏။ သတိုး မင်းစောလည်း လိုက်ထပ်၍ တိုက်တော်မူပြန်သည်။ အုန်းဘောင်စော်ဘွား၊ ညောင်ရွှေ စော်ဘွား-ခြောက်တပ်သားတို့လည်း ဆင်ချွန်းဖွင့်ကာ လိုက်ထပ်၍ တိုက်သည်။ လင်းဇင်းသားတို့ စစ်နှစ်ကွဲရှိလေ၏။ မဟာဥပရာဇာနှင့် တောင်ငူ မင်းတို့လည်း ဆင်ပါ မြင်းပါ ဖိ၍ တိုက်လျှင် လင်းဇင်းမင်း စစ်သည်တို့ ပျက်၍ ပရမ်းပတာ ပြေးလေ၏။ လင်းဇင်းမင်းလည်း ရှုံးမိသမျှသော စစ်သည် နှစ်သောင်းခန့်နှင့် ပြေးလေ၏။ ။

ကိုးရာ့သုံးဆယ့်တစ်ခု၊ ကဆုန်လဆန်းရှစ်ရက်၊ သောကြာနေ့၊ လင်းဇင်းမင်းက၊ ချီလာသည်ကိုတိုက်၍ အောင်မြင်တော်မူသည်။

## လင်းဇင်းမင်း ပရိယာယ်ဉာဏ် ကြံဆောင်ခြင်းအကြောင်း

ယင်ပြုမှုများသခင် ဘဝရှင် မင်းတရားကြီးဘုရားသည်၊ အမြောက်သေနတ်သံကို ကြားတော်မူလျှင် လင်းဇင်း သားတို့နှင့် တွေ့၍ တိုက်ကြပြီ အမှတ်ရှိတော်မူ၍၊ နောက်က သိပ်၍ တိုက်မည် အမိန့်တော် မြွက်လျှင် ခရီးအကွေ့ကို ဖြတ်၍ ချီတော်မူသည်နှင့် လင်းဇင်းမင်း ပြေးလာသည်ကို တွေ့တော်မူလျှင် လိုက်ထပ်၍ တိုက်တော်မူသည်။ လင်းဇင်းမင်းသည်း ကြံ၍ ဝါးတောသို့ ဝင်၍ ပြေးလေသည်။ ခရီးအမီ ငါးတိုင်ခန့် တိုင်အောင် နောက်ထပ်၍ လိုက်တော်မူသည်။ ယင်းသို့ လိုက်တော်မူ၍ နီးလျှင် လင်းဇင်းမင်းလည်း၊ ငါ ပြေးသော်လည်း မလွတ်နိုင် အမှတ်ရှိ၍ တပ်ချပြီးလျှင် ဘဝရှင် မင်းတရားကြီးဘုရားသို့ ဤသို့ နားတော် လျှောက်သည်။

“ ဖြစ်စဉ် မည်သော လင်းဇင်းဝေး ရှိခိုးနားတော်လျှောက်ခဲ့သော ကျောင်းတကာ အပေါင်းတို့၏ အရှင် ဖြစ်တော်မူသော ဘဝရှင် မင်းတရားကြီး–ဇင်းမယ်မြို့ကို လုပ်ကြံတော်မူသောခါ သားတော် မဟာဥပရာဇာ၊ သမက်တော် သတိုးမင်းစော၊ ကျွန်ုပ်တို့ ကျေးလက်သို့ ချီလာ၍ များစွာသော ပြည်သူ လူအပေါင်းတို့သည် ပျက်စီးကြေမွ ဘေးဘယာသို့ ရောက်လေသည်။ ယင်းသောခါ ကျွန်ုပ် မြို့တွင် မရှိ၊ ယိုးဒယား မင်းသမီးကို သွား၍ ကြည့်သည့်နောက် ဖြစ်၍ ပျက်စီးရလေသည်။ ယခုလည်း ဘဝရှင် မင်းတရားကြီးဘုရား ယိုးဒယားမြို့ကို ရုံတော်မူသည်။ လေးလခန့် ရှိ၍ ဆင်မြင်းဗိုလ်ပါ အစုအန များ၍ ပင်ပန်းနွမ်းလှသည် အကြောင်းကို ယိုးဒယားမင်းက သိလေသောကြောင့် ဆင်မြင်း ဗိုလ်ပါနှင့်တကွ မခံနိုင်အောင် ယန္တရားဖြင့် ထင်သော မီးရှူး မီးပန်း အစရှိသော မီးမျိုးတို့ကို များစွာ စီရင်၍ ပါသည်။ ယင်းသို့ ပါသော မီးတို့ကို လွှတ်ရသည်ရှိသော် သိန်းသန်းကုဋေ ဗိုလ်ခြေပင် ဖြစ်သော်လည်း မခံနိုင်ရာ၊ ယခုမူကား–ဘုန်းကြီးတော်မူလှသော မင်းကောင်း ဖြစ်တော်မူ၍ ညှို့ချင်း သည်းစွာ မိုးရွာဘိသောကြောင့် စီရင်ခဲ့သော မီးရှူး မီးပန်းအလုပ် အကြံပျက်၍ အဆိပ်မဲ့သည့်မြေကဲ့သို့ ကျွန်ုပ်စစ်သည်တို့ ပျက်စီးချေသည်။ ထိုသို့ပျက်စီးသည်ကား၊ တစ်ပါးသောသူသည် ကြံပြားသော်လည်း မဖြစ်နိုင်ရာ၊ နတ်သိကြားတို့သည် မျှနေသောကြောင့် မဖြစ်ရာသော အခင်းတို့သည် ညှို့ချင်း ဖြစ်ရသည်။ အထက်က သားတော် မဟာဥပရာဇာ၊ သမက်တော် သတိုးမင်းစောတို့ ရောက်လာသောအခါ လင်းဇင်း ကျေးစုန် ရွာလက်ကို ဖျက်လေသည်များလည်း ယခုတိုင်အောင်မျှ မြို့ရွာ မဖြစ်ပါသော၊ ယခု ဘုန်းကြီးလှသော ဘဝရှင် မင်းတရား

ကိုယ်ဘိုင်တော် လင်းဇင်းသို့ အရောက်ချီသည့် ရှိသော် ကျွန်ုပ် နိုင်ငံအလုံး ရပ် နေရ်မည် မဟုတ်ပြီ၊ ယင်းသို့ ဖြစ်သောကြောင့် ယနေ့မှ စ၍ ရွှေနလုံးတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သော အကျင့်ကို မကျင့်ပါပြီ၊ သစ္စာတော်ကိုခံ၍ အမှုတော်ကို ထမ်းပါတော့မည် အကြံရှိ၍ မပြေးဘဲ တပ်ချ၍ ကျွန်ုပ် နေသည်။ ယခုဇေ့ မှကား ပိုးချုပ်ပြီးဖြစ်၍ ခြေတော်ဦးနိုက် မရောက်ပါရသည်။ နက်ဖြန်စောစော ကျွန်တော် အဖြစ်ဖြင့် ခြေရင်းတော်သို့ ရောက်ပါမည် အကြောင်းကို ရှိခိုး နားတော် လျှောက်ပ်ပါသည် ဟူ၍ ပွှေပေတွင် ရေးသောစာကို အမတ် တစ်ယောက်ဆက်လာရသည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း လင်းဇင်းမင်းက ဆက်လာသော ရာဇသံကို ကြားတော်မူလျှင် ယုံကြည်တော်မူ၍၊ ပိုးချုပ်သည် နှင့် တပ်ချ၍ နေတော်မူသည်။ လင်းဇင်းမင်းလည်း ဘဝရှင် မင်းတရားကြီး ဘုရား တပ်ချ၍ နေတော် မူကြောင်းကို သိလျှင် တစ်ညဥ့်လုံး ပြေးလေ၏။ မိုးသောက်လျှင် လင်းဇင်းသားတို့ တပ်တွင် ကျီးသောသော ရှိသည်ကို မြင်၍ လျှောက်လျှင် လက်ခုပ်တစ်ဖက်တီး၍ ရယ်တော်မူသည်။ ဤသို့လည်း အမိန့် တော် ရှိသည်။ "လင်းဇင်းမင်း ဖြစ်စစ်ငယ်သည် ငါ့ သစ္စာတော်ကို ခံညား သော်လည်း သစ္စာတော် ခံပါတော့မည် လျှောက်သည့် အရာသည် ခံလေပြီးနှင့် အဟု မဟုတ်လော၊ ယင်းသို့ ဖြစ်သောကြောင့် ပြေးနှင့်လေစေဦး၊ ယိုးဒယား မြို့ကို အလိုတော်ပြည့်မှ လင်းဇင်းသို့ ငါ ချီတော်မူမည်။ ဖြစ်စစ်ငယ် လွတ်ရ မည်လော" ဟူ၍ အမိန့်တော် ရှိပြီးလျှင် ရတော်မူသည့် လင်းဇင်း ကိုယ်လုပ် မနုရောမိတ္တာနှင့် တကွ တစ်ကျိပ်ကျော်ကို ယူ၍ ပိန့်တော်မူသည်။ ယိုးဒယား တပ်တော်သို့ ရောက်တော် မူလျှင် ညီတော်၊ သားတော်၊ တပ်မှူး၊ စစ်ကဲ အပေါင်းတို့ ရသည့် အမတ် တစ်ကျိပ်ကျော်၊ ဆင် သုံးရာကျော်၊ သုံ့ပန်းလူ ငါးထောင်ကျော်ကို ဆက်သည်။ လင်းဇင်းသား စစ်သည်တို့ သေလေသည် လည်း များ၏။ နောက်ကို အရပ်တွင် သူက ရလေသော ရဲမက်တော်တို့လည်း အချို့ ပြေးလာ၍ ခြေရင်းတော်သို့ ရောက်လာကုန်သည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း "လင်းဇင်းမင်းကို အဘယ်သူ တိုက်၍ ပျက်လေသနည်း" ဟူ၍ မေးတော် မူသည်ကို သားတော် မဟာ ဥပရာဇာ လျှောက်သည်။ ကျွန်တော်နှင့် စစ်မျက်နှာ ဆိုင်၍ တိုက် မှုဟူ၍ ကျွန်တော် လိုက်သိမ်း၍ တိုက်သောကြောင့် လင်းဇင်းမင်း စစ်ပျက် သည် ဟူ၍ လျှောက်သည်။ ညီတော် တောင်ငူ ဘုရင် မင်းခေါင်ကလည်း

သားတော် မဟာ ဥပရာဇာနှင့် စစ်မျက်နှာ ဆိုင်၍ ရှိကြစဉ်၊ ကျွန်တော်
လက်ဝဲကြောင်း၊ ဝင်၍ တိုက်ရာတွင်မှ လင်းဇင်းမင်း ပျက်သည် ဟု၍
နားတော် လျှောက်သည်။ စော်ဘွား၊ စော်ကန်းမှူးတော်၊ မတ်တော်အပေါင်း
တို့လည်း အသီးအသီး ကျွန်တော် တိုက်ရာတွင် ပျက်သည်"ဟု၍ နားတော်
လျှောက်ကြသည်။ ယင်းသောခါ အင်းဝဘုရင် သတိုးမင်းစော လျှောက်
သည်ကား၊ "သူတိုက်၍ ပျက်ကြောင်း၊ ကျွန်တော်တို့ တိုက်၍ ပျက်ကြောင်းကို
လင်းဇင်းမင်း အမတ် ရသသူတို့ ရှိတော့သည်။ ကျွန်ုပ် အခြား မလျှောက်
သာပြီ၊ စစ်တော်မူတော့"ဟု၍ နားတော် လျှောက်သည်။ ဆင်ဖြူများ သခင်
ဘဝရှင် မင်းတရားကြီး ဘုရားလည်း "ငါသည်ပင်တော် မပူသာသေး။ လင်းဇင်း
အမတ်တို့ကို စစ်မေးဦးမည်"ဟု၍ ညီတော် ပြည်ဘုရင် သတိုး မဟူရာဇာကို
အမိန့်တော်ရှိသည်။ သတိုး မဟူရာဇာလည်း လင်းဇင်းမင်း အမတ်တို့ကိုခေါ်၍
မေးသော် ကျွန်တော်တို့ကို ပျက်အောင် တိုက်သောသူ၏ အသွင် အပြင်ကား
အသားခပ်ညိုညို နှာရောင် ခပ်စင်းစင်းနှင့် ဆင်နီကိုစီး၍ တိုက်ရာတွင် လင်းဇင်း
မင်း စစ်သည် လေးစုကွဲ၍ ပျက်ချေသည် ဟု၍ နားတော် လျှောက်သည်။
သတိုး မဟူရာဇာလည်း ထိုသူကို မြင်သော် သိမည်လောဟု၍ မေးတော် မူပြန်
သည်။ လင်းဇင်း အမတ်တို့ကလည်း ကျွန်တော်တို့မြင်လျှင် အမှတ်ရ၏ဟု၍
နားတော် လျှောက်သည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော်၊ သားတော်
စော်ဘွား၊ စော်ကန်၊ တပ်မှူး၊ စစ်ကဲအပေါင်းတို့ကို တိုက်ပွဲမှာကဲ့သို့ စစ်ဝတ်
တန်းဆာတို့နှင့် ဆင်စီး၍ တဲတော်ဦးသို့ တက်စေ၊ လင်းဇင်းအမတ်တို့ကိုသည်း
ကြည့်၍ နေစေ အမိန့်တော်ရှိသည်။ ညီတော် သတိုးမဟူရာဇာလည်း လင်းဇင်း
အမတ်တို့ကို တဲတော်ဦးနှင့် ယှဉ်တည့် ဝင်းတော်ပြင်တွင် နေစေ၍ ညီတော်၊
သားတော်၊ စော်ဘွား၊ စော်ကန်၊ တပ်မှူး၊ စစ်ကဲ အပေါင်းတို့ကို ဆင်စီး၍
ချည်းတက်ရသည်။ လင်းဇင်းမင်း အမတ်တို့ကိုလည်း ကြည့်စေ၍ မဟာဥပ
ရာဇာကစ၍ သည်သူလော၊ သည်သူလော မေးသည်ကို မဟုတ် ဟု၍ ချည်း
ဆိုသည်။ မင်းတကာ နောက်မှ ဆင်တော် သန်မြန်စွာကို သန်းတွေးတွေး
သုတ်ပြီးလျှင် စီးတော်မူ၍ အင်းဝဘုရင် လာသည်ကိုမြင်လျှင် ကြောက်ရွံ့ရင်း
ရှိသည်နှင့် "သည်သူ"ဟု၍ မပြုံ့ပြီ၊ တဲကြား အုံကြား လျှိုးငုံ့၍ ပြေးဝင်ကြ
လေသည်။ ထိုအကြောင်းကို ဘဝရှင် မင်းတရားကြီးဘုရား မြင်တော်မူလျှင်
"မောင်အင်းဝ မင်းပွဲပေ"ဟု၍ အမိန့်တော် ရှိပြီးမှ စားတော်ခေါ်သည့် ကွမ်းခွက်၊

စားတော် ခေါ်သည့် လက်ဖက်ထိုး၊ သောက်ရေတော် ထကောင်းဖုံး၊ လက်တော်နှစ်ဘက်တွင်ဝတ်သော လက်ကောက်၊ လက်စွပ်၊ ဝတ်တော်မူသော ဝတ်လုံ၊ ဆင် တစ်ဆယ်၊ မြင်း နှစ်ဆယ်၊ လင်းဇင်းသားရသည့် တစ်ရာ ဆုပေးတော်မူသည်။ သားတော် မဟာဥပရာဇာ ညီတော် တောင်ငူမင်းစသော တပ်မှူးစစ်ကဲ အပေါင်းတို့ကိုသည်း စားကျေး၊ စားသက်၊ အဆောင် အချက် အဝတ်အစား ပေးတော် မူသည်။ ထိုမှတစ်ပါး ခေါင်းအရှန်း၊ သူရဲ၊ သူခက် တို့ကိုသည်း အလိုက်အလျောက် အဝတ် အစား၊ ရွှေ၊ ငွေ ဆုချပေးတော်မူသည်။

ယင်းသို့မှ ယိုးဒယားမြို့ကို အလျင် ရတော်မူမည် အကြောင်းကို အာဏာတော်ပေး၍ စီရင်တော် မူသည်။ ယင်းသို့ စဉ်တွင် သန့်လျင်မြို့ကို စားသော ကျွန်တော်ရင်း ဘယဂါမဏိသည် လင်းဇင်းမြို့သို့ ချီတော်မူ၍ လုပ်ကြံတော်မူသည်နောက် ယိုးဒယားမြို့ကို လုပ်ကြံရာတွင် စစ်သည်တို့သည် မြို့ရင်းသို့ မချဉ်းသာသူတို့ကို ဓားချွတ်၍ စစ်ကဲတို့ ကြပ်သည်ကို မြင်လျှင် ဓားသွားချည်း စစ်ကဲတို့ကို ခုတ်မည် လိုက်လေ၏။ စစ်ကဲတို့သည်း ဘယဂါမဏိ ပြုကျင့်ကြောင်းကို နားတော်လျှောက်လေ၏။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော် သတိုးဓမ္မရာဇာကို လျှောက်သည်အတိုင်း မှန်၊ မမှန်ကို စစ်ဘိဟူ၍ အမိန့်တော်ရှိသည်။ ။သတိုးဓမ္မ ရာဇာလည်း စစ်ကြော၍ စစ်ကဲတို့ လျှောက်သည်အတိုင်း မှန်လျှင် အမျက်တော် ညှဲ့စေလို၍ ဤသို့ နားတော်လျှောက်သည်။ "ဘုန်းတော် ကြီးလှသော ဘဝရှင် မင်းတရားကြီးဘုရား--ကျွန်တော် ဘယဂါမဏိသည် ဆင်းရဲတော်မူ ဖက်၊ ကောင်းစားတော်မူ ဖက် အတူဘကွ အထံတော်တွင် မကွာသော ကျွန်တော်မျိုးဖြစ်၍ ကျွန်တော်တို့ကို တွေ့သော်သည်း ခုတ်မည်၊ ထစ်မည်အဟန် ပြုမြဲဖြစ်သည်။ ဘယဂါမဏိ အသက်ကို ငှက်ငယ်တစ်ကောင်ကဲ့သို့ မှတ်တော်မူ၍ လွှတ်တော်မူပါသည်ဖြစ်မှ ကျွန်တော် ချမ်းသာရပါမည်"ဟူ၍ နားတော် လျှောက်သည်။ သတိုးဓမ္မရာဇာ လျှောက်သော စကားကို ကြားတော် မူလျှင် "သင်းသည်--ငါ့ ကျွန်တော်ရင်း ဖြစ်စေကာမူ တစ်ပါးတစ်ခြားသော အပြစ်ကိုသာ ငါသည်းခံတော်မူရမည်။ စစ်ရေး စစ်မှု၌ ဖြစ်သော အပြစ်ကို သည်းခံတော် မမူသာ၊ ပြည်စား သင့်ကို နှမြှာလျှင် သင့်ကိုယ်စား အသတ် ခံတော့လော"ဟူ၍အမိန့်တော်ရှိသည်။ ထိုအမိန့်တော်ကို ကြားလျှင် ပြည်မင်းကာစ၍ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့သည်၊ အမျက်တော် ကြီးကြောင်းကို သိ၍ မည်သို့မျှ မလျှောက်ဝံ့ကုန် မျက်နှာကို အောက်ချ၍ချည်း နေကြကုန်သည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း "နင်သည် ငါ့အမိန့်တော်ကို လွန်ဆန်၍ ကျင့်သသူ ဖြစ်သည်။ ရှိသည်။ လက်မရှိလည်း ယခု သတ်စေ အမိန့်တော်တွင်ပင် ကျွပ်စေလော့။ ဘယဂ ါမဏိကို ကိုင်ယူ၍ ပြည်ဘုရင် ထံရင်းသွားသည်၊ အဖခေါင်ရင်းတွင် ငို၍ နေ၏။ ဘယဂ ါမဏိကို ကျပ်မျက်တော်မူလျှင် ဘယဂ ါမဏိမူလျှင် သားကို သတ်ပြန်ရသည်။ သားအား နှစ်ယောက်ကို ကျွန်လာ၍ ပုဆိုးလွှမ်းလာသည်။ ထိုကျွန်ကို သတ်ပြန်ရလေ၏။ သား၊ အဖ၊ ကျွန် အရှင်သုံးယောက် အကောင်ကို ဗိုလ်မှူး၊ တပ်မှူး၊ စစ်ကဲ အပေါင်းတို့ မြင်လျှင်ကြောက်ရွံ့ခြင်း ပြင်းစွာဖြစ်၍ အသက်ကို မငဲ့တာမူ၍၊ မြို့နားမြေတောင်၌နေ့ညဉ့်မပြတ် နေ၍ မြို့တွင်းက ပစ်သော မီးပေါက်သေနတ်စရာကို သေသော်ဟူ၍ မမှတ်ဝံ့ကြ၊ မြို့တံတိုင်း၌နေ၍ လုပ်ကြံကြကုန်၏။

ဘယဂ ါမဏိ အကြောင်းကား–(ကျွန်တော်ရင်းဖြစ်၍ ၉၁၃-ခု၊ သမိန်ထောရာမကို စီးချင်း တိုက်တော်မူသော အခါ ကျန်းလယ်တင်တော်မူသည်။ မဟာစေတီကောင်းမှုတော်ကို ဌာပနာတော်မူသောအခါလည်း မင်းတရားကြီးဘုရား အရုပ်၊ ဘယဂ ါမဏိ အရုပ်၊ ရွှေကိုယ်သွန်း၍ဌာပနာတော်မူပြီးလျှင်ကျောက်စာ ရေးသွင်း၍ မော်ကွန်းထင်သည်။ ထိုသို့ သနားတော်မူလှသော ဘယဂ ါမဏိ အမတ်သည် ငါ့ အရှင်ကျွန်တော်ရင်းကိုကား၊ ဟူ၍ မထေးမဓား အမှတ်မဲ့ ပြုချေသောကြောင့် စစ်ရေးနှင့် ကြံ၍ သနားတော်မူလျှင်သင့် ကျပ်မျက်တော်မူသည်။)

ယိုးဒယားမြို့ကို လုပ်ကြံတော်မူရာမှာလည်း ရဲမက်တော်တစ်သောင်းကျော်ခန့် ယိုယွင်းအောင် မြို့ကိုထက်စေသော်လည်း မြို့ကိုမရချေ။ ယင်းသို့မရနိုင်လျှင်ဤသို့ အကြံတော်ရှိသည်။ အထက်က ယိုးဒယားမြို့ကို လုပ်ကြံတော်မူသောအခါ ယူတော်မူခဲ့သော အမတ်ကြီး အောက်ဖြစ္စကို အမျက်တော်ရှိ၍ လေးလ၊ ငါးလ သံခြေကျဉ်းနှင့် ထားတော်မူသည်။ ထို အောက်ဖြစ္စကို ထားရာကလွှတ်၍ မြို့တွင်းသို့ ဝင်စေ၍ တံခါးကို ဖွင့်စေရသော် သင့်မည် ထင်သည်။ အောက်ဖြစ္စကိုငယ်ပင် မစောင့်ကျင့်၍ ယိုးဒယားမင်းနှင့် တစ်ချက်တည်းပင်ဖြစ်သော်လည်း ငါ့အား အကျိုးတော် မနည်းသင့်၊ တစ်ယောက်သာ သင့်မြတ်သည်ရှိသော် အကျိုးကို မရတတ်နိုင် အကြံတော်ရှိ၍ အောက်ဖြစ္စကို "မင်းကို ငါ့ မြို့တွင်းသို့ လွှတ်တော်မူမည်။ အကျဉ်းထားရာက လွှတ်တော်မူ၍ ... အရေးတော်ပြီးလျှင် ပိဿလောက် ငါ့အမှုတော်ကို ကြီးစွားအားကျ ...

မြို့နှင့် တကွ အဆောင် အယောင် ပေးတော်မူ၍ ငါ သွားကောင်း မြို့တော်
မူမည်။ မြို့တွင်းသို့ ရောက်လျှင် ညဥ့်အခါ တံခါးကို ဖွင့်လေ" ဟု၍ အမှတ်
ပေးတော်မူသည်။ အောက်ဖြစ်ကို့လည်း အမှုတော်ကို မလစ်ရအောင် ကြိုးစား
အားထုတ်၍ ထမ်းပါမည် ဟု၍ နားတော် လျှောက်သည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း အောက်ဖြစ်ကို့ကို "သစ္စာတော် ခံစေပြီးလျှင် ဆုလာဘ် ပေးတော်မူ၍ သံခြေကျင်းခတ်၍ ညဥ့်အခါကို လှေငယ်တစ်စင်း၊ ကျွန် နှစ်ယောက်နှင့် ပြေးခဲ့၍ ဝင်လာသည်အဟန် သွားရလေသည်။ မြို့တွင်းသို့ ရောက်လျှင် ယိုးဒယားမင်း ပြမဟိန်လည်း အဖကို တွေ့ရသည်နှင့် အတူ အမှတ်ရှိ၍ ဝမ်းမြောက်ဝမ်းသာ တစ်မြို့လုံးကို ဝန်ချုပ် ခန့်လေ၏။ အောက်ဖြစ်ကို့လည်း မှူးကောင်း၊ မတ်ကောင်းတို့ကို မဝင်သာသည့် အရာက အစောင့် ထားလေ၏။ မိမိတို့ အဆွေသားချင်း၊ မြေးတော်တို့ကို မှကား၊ ဝင်သာသည့် အရပ်က အစောင့်အနေ ထားလေ၏။ ယင်းသို့ စီရင် ခန့်ရန်ပြီးမှ ထိုအကြောင်းကို စာရေး၍ ညဥ့်အခါကျွန်တစ်ယောက်ကို ဆက်လာ ရသည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ဝမ်းမြောက် တော် မူ၍ အောက်ဖြစ်ကို့ သားချင်း၊ မြေးတော်ကို စောင့်နေရာ တံခါးက ဗိုလ်မှူး၊ တပ်မှူး၊ စစ်ကဲ၊ စစ်ကွပ်၊ အပေါင်းတို့ကို ဝင်ရမည် အမိန့်တော်ရှိ၍ ညဥ့်ကို ဝင်ရသည်။ မြို့တွင်းသား စစ်သည်တို့လည်း ဝင်လာသော ရဲမက်တော် တို့ကို တစ်ကြိမ်၊ နှစ်ကြိမ်ဆီးကြို၍ တိုက်သည်။ ဆင်ပုံ၊ မြင်းပုံ ဝင်မိ၍ တိုက်လျှင် မခံနိုင်၍၊ သက္ကရာဇ် ၉၃၁-ခု၊ ဝါခေါင် လပြည့်ကျော် လေးရက်၊ အင်္ဂါနေ့၊ ယိုးဒယားမြို့ ပျက်သည်။ ယိုးဒယားမြို့ကို အလိုတော် ပြည့်လျှင် ရဲမက်တော် ငါးဆယ့်လေးတပ်သားလုံး မြို့သို့ဝင်၍ ဖျက်ဆီးလုယက်ကြသည်။ တစ်ယောက်မျှ လက်ချည်းမရှိ၊ ရွှေ၊ ငွေ၊ ဝတ်ကောင်း၊ စားကောင်း၊ တစ်ထမ်း၊ နှစ်ထမ်းရကြ သည်ချည်း။ ယိုးဒယားမြို့ကို အောင်မြင်တော်မူပြီးလျှင် ယိုးဒယားမင်းပြမဟိန်နှင့် တကွ အမှူး အမတ် အပေါင်းတို့ကို ခေါ်တော်မူ၍ သစ္စာတော် တိုက်ပြီးလျှင် သံသုရာကို ထောက်ရှုတော်မူ၍ ယိုးဒယားမင်း ပြသာဓိရာဇာအကောင်ကို နောက် တော်တွင်ပါသည့် ဩယာဓမ္မရာဇာ သည်ပိုဟ်ရရှာသည်။ ယင်းသို့မှ ပြမဟိန် အစ ရှိသော အမှူး၊ အမတ်၊ သူရဲ၊ သူခက်ကောင်း၊ ဆင်ကောင်း၊ မြင်းကောင်း၊ အမြောက်၊ သေနတ်တို့ကို ယူတော်မူသည်၊ ထားကောင်းသော အမှူး၊ အမတ် တို့ကိုလည်း ထားတော်မူသည်။ မိဘနှင့် ကွဲ၍ ရှိလေသော သူ၊ သားငယ်၊ မြေးငယ် တို့ကိုလည်း စီစစ်တော် မူသည်။ ယင်းသော်ခါ ရေကြီး၍ ယိုးဒယားမြို့ အလုံး

သည်၊ သမုဒ္ဒရာကဲ့သို့ ဖြစ်လေ၏၊ ဗိုလ်မှူး၊ တပ်မှူး၊ စစ်ကဲ၊ စစ်ကူပ် အစရှိသော ရဲမက်တော် အပေါင်းတို့သည်လည်း ယိုးဒယားမြို့ကို အောင်မြင်သည် နေ့မှစ၍ ဝမ်းမြောက် ဝမ်းသာ ရွှင်လန်းစွာ အတပ်တပ်တိုင်း စည်၊ မောင်း၊ နှဲ၊ ခရာ ပတ်သာတီးမှုတ်၍ ပွဲလမ်းခံကုန်သည်။ ယိုးဒယားမြို့ရှိ ကျေးစား၊ ရွာစားတို့လည်း ဆင်ကောင်း၊ မြင်းကောင်း၊ သားသမီးတို့ကို လက်ဆောင်ဆက်၍ ကျွန်တော် ခံလာကုန်သည်။ ထိုသူတို့ကို သစ္စာတော် ပေးပြီးလျှင် ခေါ်ကောင်း၊ သူ့ကို ခေါ်တော်မူခဲ့သည်။ သစ္စာတော်ကို စောင့်သသူတို့ကို မိမိစားမြဲသော ကျေးရွာ မြို့ပြတို့ကိုပင် ပေးတော်မူသည်။

ယင်းသို့ ပြည်အလုံးကို စီရင် ခန့်ရန်တော်မူပြီးမှ သီတင်းကျွတ် လပြည့်ကျော် ငါးရက်၊ ဗုဒ္ဓဟူးနေ့၊ စော်ဘွားသောင်ကျည်ကို မင်းမြောက် တန်းဆာ ငါးပါး နှင့်တကွ ယိုးဒယားမြို့ကို ပေးတော်မူ၍ မင်းပြုရသည်။ ပုထိုး ဘုရား ပြိုပျက် လေသည်များကိုလည်း လုပ်စိမ့်မည်ဟူ၍ ငွေတစ်ရာ ရွှေတစ်ဆယ်သုံးပိဿာ စော်ဘွားသောင်ကျည်ကို အပ်တော်မူသည်။ ထိုသို့စဉ်တွင် လဝိုက်မင်းကလည်း လက်ဆောင်လက်နက်အများနှင့် သာသနာတော်ကို မစတော်မူပါဟူ၍ အမတ် တစ်ယောက်ကို လျှောက်လာရသည်။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရား ကြီးဘုရားလည်း လက္ခန်းလုံးတွင် ဘုရားပုထိုး ပြိုပျက်လေသည်များကို လုပ်စိမ့်မည်ဟူ၍ ငွေကျစေ ပိဿာသုံးဆယ် လှူတော်မူသည်။ ယင်းသို့ယိုးဒယား မြို့ အလုံးကို စီရင် ခန့်ရန်တော်မူပြီးလျှင် သားတော် မဟာဥပရာဇာ၊ ညီတော် ပြည်မင်း၊ တောင်ငူမင်း၊ အင်းဝမင်း၊ စော်ဘွား၊ စော်ကန်း၊ တပ်မှူး၊ စစ်ကဲ အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ "လင်းဇင်းမင်းဖြစ်စေ သည် ဆင်မြင်း ဗိုလ်ပါလည်း များလှသည်။ အမှူး အမတ်၊ သူရဲ သူခက်ကောင်း လည်းများလှသည်။ ကျေးလက်၌ နေသော သူအပေါင်းတို့သည်လည်း ထိုမင်း ကို ကြောက်ရွံ့ခဲ့ညားကြကုန်သည်။ အရှေ့တစ်လွှား၌နေသော သူအပေါင်းတို့ တွင် ထိုသူတစ်ယောက်သည် အလွန်ထင်ပေါ်လှသည်" ဟူ၍ အမိန့်တော် ရှိသည် ကို ဗညားကျန်းထော ဟူသော အမတ် ဤသို့ နားတော် လျှောက်သည်။ ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော အရှင်ဘုရား—အမိန့်တော် အတိုင်း လင်းဇင်းမင်းသည် အဆိပ်ထန်သော မြွေနှင့်တူ၏။ သည်မြွေ၏ သဘောကား၊ အမြီးမြတ်ခြားသော်လည်း ခေါင်းရှိက မကိုက်သော်ကား အခင်းမရှိ၊ ကိုက်မိလျှင် ကြီးစွာသော ဘေးဘယသို့ ရောက်ချေသည်။ သားတော် မဟာဥပရာဇာ၊ သတိုးမင်းစောတို့ ချီသောခါ ဗိုင်းစံမြို့တွင် လင်းဇင်းမင်း ခံနေလေသည်ကို

လုပ်ကြံ၍ အမှူး အမတ်တို့ သေလေသည်လည်း များလှပြီ၊ ယင်းကသည်၊ အင်သကောတွင် စစ်တွေ့၍ သေလေသည်လည်း များလှပြီ၊ ထိုသို့ သေကြွေး သော်လည်း အမြဲနှင့်တူသော အမတ်ဟူ၍သာ ဖြစ်၍ အရေးတော် မပြီးချေ။ မြွေခေါင်းကို ဖြတ်သကဲ့သို့ လင်းဇင်းမင်းကို အောင်မြင်တော်မူ၍ သိမ်းယူတော် မူရသည်ဖြစ်မှ ယိုးဒယားနှင့် လင်းဇင်းသည် မျှပ်ဝပ်ကျိုးနွံ၍ ကျေးစွန် ရွာလက် ချမ်းသာမည်"ဟူ၍ နားတော် လျှောက်သည်။

ဗညားကျန်းတော လျှောက်သော စကားကို မိုးမိတ်စော်ဘွား ကြားလျှင် ဤသို့ နားတော် လျှောက်ပြန်သည်။ "အလက်က ယိုးဒယားသို့ ချီတော်မူသော ခါ ယိုးဒယားမင်းသည် ကြီးစွာအားထုတ် မြို့တစ်မည်ဟူ၍ လွန်ကဲသောအခ အရင်တို့ကို စီရင်၍ ခံပြားသော်လည်း ဘုရားကျွန်တော် ကြီးလှသည် ဖြစ်၍ ယိုးဒယားမင်းသည် မခံနိုင်။ ဆင်မြူသေးစီး၊ သမီးနှင့်တကွ လက်ဆောင်တော် ဆက်၍ ကျွန်တော်အဖြစ် သစ္စာတော်ကို ခံသည်။ ယင်းသို့ခံပြီးမှ လင်းဇင်းကို အားပြုရလေသောကြောင့် သစ္စာတော်ကိုမစောင့် သွေဖည်ရလေသည်။ ယင်း သို့ ကျေးဇူးတော်ကို မသိ၍ သောင်းကျန်း ပုန်ကန်လေသော်လည်း နေ လနှင့် တူသော ဘုန်းတော် လွန်ကဲသောကြောင့် မရှိုင်းမပြုနိုင်၊ ကျွန်တော် အဖြစ်သို့ ရောက်ပြန်ရသည်။ ယိုးဒယား အရေးမှာ ကုန်လေပြီ၊ ယိုးဒယားကို ပုန်စား ချေခြင်းငှါ တိုက်တွန်းသသူ ရှိလေသေးသည်။ ထိုသူကို ရမည့်အကြောင်းကို လင်းဇင်းသို့သာ ချီတော်မူတော့၊ အမှုတော်ကို ကြီးစွာအားထုတ် အသက်ကို ရှုံ၍ ထမ်းပါမည်"ဟူ၍ နားတော် လျှောက်သည်။

မိုးမိတ်စော်ဘွား လျှောက်သော စကားကို မိုးညှင်း စလုံသား မိုးနဲမြို့ကို နေ့ခက်စော်ဘွား ပြုသောသူ ကြားလျှင် ဤသို့ နားတော် လျှောက်ပြန်သည်။ "ဘုန်းတော်ကြီးလှသော အရှင်ဘုရား—မိုးညှင်းကို လုပ်ကြံတော်မူ၍ ကျွန် တော်ကို ရတော်မူလျှင် မရှုတ်မချ သနားတော်မူ၍ မိုးနဲမြို့ကို ပေးတော်မူသည်။ ထိုသို့ ပေးတော်မူခြင်းသည်၊ စစ်ရေး စစ်ရာ လိမ္မာသောကြောင့် သူကောင်းပြု သည်လည်း မဟုတ်၊ သနားတော် မူသည့် မိုးနဲလည်း မြို့ဖြစ်ဆန်း မဟုတ်ပေ၊ ကေရာဇ်တို့၏နေရာ ဖြစ်ပေသည်။ သို့ သည်ကျေးဇူးတော်ကို မည်သည့်ကာလ တွင်မျှ ရန်သူကို တွေ့၍ ဆင်စီးချင်းတိုက်၍ မဆက်ပါရသေး၊ ယခု လင်းဇင်း သို့ ချီရာတွင်မှ အသက်ကို ပန်းတစ်ပွင့်မျှ မှတ်၍အမှုတော်ကိုထမ်းပါမည်" ဟူ၍ နားတော် လျှောက်သည့် စကားကို စော်ဘွား၊ စော်ကန်၊ တပ်မှူး၊ စစ်ကဲ

သပေါင်း ကြားလျှင် ကြီးစွာသောအားယုတ် အသက်ကို ရှုံ၍ အမှုတော်ကို ထမ်းပါသည် အကြောင်းကို အသီးသီး လျှောက်ကြကုန်သည်။

ယင်းသောအခါ ဗညားလော လျှောက်သည်။ "လင်းဇင်းမင်းသည် အသက်ကာ ေါ အကြိမ်ကြိမ်ခံ၍ တိုက်ကြသည်။ မည်သည့်တွင်မျှ အောင်ခြင်းကို မရ၊ မိမိ သေးကို သောက်လက်တွံ့သို့ ကြောက်ရွံ့ခြင်း၊ မြင်းစွာ ဖြစ်လေပြီးသည်။ ထိုသို့ မနေသာ၍ ယခု ချီပြန်လာရသည်လည်း၊ အနှာ အကျင့် ပျက်စီး၍ အမှုး၊ အမတ်၊ ဆင်၊ မြင်း၊ ဗိုလ်ပါအများ သေပျောက် ရှုံးလေပြီးသည်။ ယခု ချီ၍ အရာ ယှဉ်မိအောင် ခံ၍မည် မဟုတ်၊ တောသို့ ပြေး၍ နေလျှင် အလုပ်အကြံ များ၍ ရှည်ကြာမည်ကိုသာ စိုးရိမ်သည်" ဟု၍ နားတော် လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း၊ ဤသို့ အမိန့်တော် ရှိသည်။ "ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော်၊ အခြံအရံ အပေါင်းနှင့် ပြည့်စုံသော ငါသို့သော မင်းကောင်း ချီတော်မူသည်ကို လင်းဇင်းမင်း ဖြစ်စေသည် ဦးစွန်း၍ ခံ၍မည်လော" ဟု၍ အမိန့်တော်ရှိသည်။ "ယိုးဒယားမြို့ကို ငါ အောင်မြင်တော်မူလျှင် စော်ဘွားသောင်ကျည်ကို ငါ ပေးတော်မူသည်။ ယိုးဒယား အမတ်တို့ အချို့လည်း အလိုရှိမည်။ အချို့လည်း အလိုမရှိရာ၊ စော်ဘွားသောင်ကျည် ပြုစုသော အမှူး၊ အမတ်လည်း မရှိချေသေး။ ယခု ယိုးဒယားမြို့တွင်ရှိသော အမြောက်၊ သေနတ်၊ ဝိန်ပြောင်း၊ မြားပု တို့ကိုလည်း သိမ်းယူတော်မူ၍ မရှိလေ၊ လင်းဇင်းမင်းသည် ယိုးဒယားသို့ ချီ၍ လုပ်ကြံသည် ရှိသော် စော်ဘွားသောင်ကျည်ကို အလိုမရှိသော အမှူး၊ အမတ် တို့သည် လင်းဇင်းမင်းနှင့် တစ်ချက်တည်း ဖြစ်လေရာသည်။ ယင်းသို့ ဖြစ်လျှင် အလုပ် အကြံ မများရချေလော၊ သည်အရေးကို ငါ မြင်တော်မူ၍ ယိုးဒယား ရန်သူ ဖြစ်သော လင်းဇင်းမင်းသို့ ချီရ၍ အလိုတော် ပြည့်သည်ဖြစ်မှ ဟံသာဝတီ နေပြည်တော်သို့ ပြန်တော်မူရမည်" ဟု၍ အမိန့်တော်ရှိသည်။

ထိုအမိန့်တော်ကို ဗညားဒလ ကြားလျှင် ဤသို့ နားတော် လျှောက်သည်။ "ဘုန်းတော် ကြီးလှသော ဘဝရှင်ဘုရား— အမိန့်တော်အတိုင်းကို ရွေးကမင် ကျွန်တော်တို့ ကြံမိလျက် သာဝကဉာဏ်မျှ ဖြစ်သောကြောင့် စေနိ ကျကျ

နှလုံးချ၍ မကြံပြီသည်။ တန်ခိုးကြီးလှသော အရှင်ဘုရား ဉာဏ်တော်သည်ကား အနန္တ ဉာဏ်၏ ပွင့်ရာ ဖြစ်သော ယသော်၊ ဖြစ်တော်မူသောကြောင့် သို့သည်အကြံကို ကြံတော်မူမိသည်။ ရန်သူ၏ အမြစ်အကျယ်ဖြစ်သော လင်းဖင်း မင်းကို မတွေ့ရချေသည် မှိုသော် ခေနာင်းအခါရလျှင် အညွှန့်၊ အခက်၊ အရွက်၊ ပေါက်၍ အပင်ဖြစ်က မခက်ချေလော၊ အညွှန့်အရွက် မပေါက်ခင် ရန်မြစ်ကို တူးတော်မူသည်ဖြစ်မှ သင့်မည်။ ကျွန်တော်သည်၊ ရှေးအခါက လင်းဖင်းကို တွေ့သောအခါ ဆင်းဝင်း၊ အလျှံ ပျက်အောင် တိုက်လေသောကြောင့် ဆင်စီးချင်း၊ မတိုက်ရ ဖြစ်လေသည်။ ယခု ငြိတော်မူ၍ လင်းဖင်းမင်း၊ မိန့်ချင် အသက်ကို ပန်းတက်ပွင့်အမှတ်ဆင်စီးချင်းတိုက်၍ ကျေးဇူးတော်ကို ဆပ်ပါမည်" ဟု၍ နားတော်လျှောက်သည်။ ထိုသို့ လျှောက်သော စကားကို မိုးညှင်း စော်ဘွားကြားလျှင် ဤသို့ နားတော် လျှောက်သည်။ "ဘုန်းတော်ကြီးလှသော အရှင်ဘုရားက နောက်တော်လိုက် ခေါ်တော်မူလျှင် အမှုတော်ကို ကြိုးစား အားထုတ်ထမ်းမည်ဟူ၍ မြို့တစ်ဆောင်အနက် ငါ့ရာသောမြို့ကို တစ်စီး တစ်စီးလျှင် ငွေနှစ်ပိဿာ ဆိုပါသော ကုန်ဆောင် ရွှေကြိုး ရွှေကနင်တကွ တန်ဆာ စီရင်ခဲ့ပါသည်။ အမှုတော်ကို မထမ်းပါရသေး။ ပျိုးလောအမြို့တွင် တစ်ဆောင် ခန်းတော်မှ၍ နေရသည်။ ကျွန်တော် ဦးရိုးနှင့် ကျွန်တော် သားမှာကား လင်းဖင်းမင်းကို ထိုးကြတော် မူသောအခါ နောက်တိုင် ပါ၍ အစွမ်း၊ အလျှောက် အမှုတော်ကို ထမ်းရလေသောကြောင့် ပွဲလမ်းရလေကုန်သည်။ ယခု လင်းဖင်းကို မိရာတွင်မှ အမှုတော်ကို အသက်ကို စွန့်၍ ထမ်းပါမည်" ဟူ၍ နားတော် လျှောက်သည်။

ဆင်ဖြူများရှင် အရှင် မင်းတရားကြီးဘုရားလည်း "အောက်ပြည်သို့ကို ဘေနာကတ်တို့၏ အဆောင်၊ အယောင်နှင့်တကွ ပိဿလောက်မြို့ကို ပေးတော်မူသည်" ဟူ၍အမိန့်တော်ရှိသည်။ ထိုအမိန့်တော်ကို ကြားတော်မူလျှင် အောက်ပြည် စော်ဘွားလည်း ဤသို့ နားတော် လျှောက်ပြန်သည်။ "ဘုရားကျွန်တော်သည် ပိဿလောက်မြို့တွင်နေ၍ အမှုတော်ကို မထမ်းပါပြီ။ ရွှေပါလီတော်အောက်တွင် နေ၍ အမှုတော်ကို ထမ်းပါတော့မည်" ဟူ၍ နားတော် လျှောက်သည်။ ဆင်ဖြူများရှင် အရှင် မင်းတရားကြီးဘုရားလည်း အောက်ပြည်သို့ကို ဗညားဟူသော အမည်နှင့် ဘွဲ့မြို့ကို ပေးတော် မူသည်။ ပညာဖော် အမှုနှင့် တကွ တန်ဆာ ဟူသမျှကိုလည်း ပေးတော်မူသည်။ ယင်းသို့ စီရင် ခန့်ရုံတော် မူပြီးမှ နေ့ခါသီ မိုးရွာ အရှိသော မောင်းမမိသံ အပေါင်းနှင့် နာချား

[illegible]

ညီတော်၊ သားတော်၊ မြေးတော်၊ မယ်တော် [illegible]

[illegible]

နေသည့် အရာသည် အနေထူးလှသည်။ သူတို့ အရပ်လည်း ဖြစ်ချေသည်။ အကြောင်းရှိမည်။ ယင်းသို့ ဖြစ်သောကြောင့် မစုံ မစမ်းဦးပဲ အမှတ်မဲ့ လုပ်ကြံတော်မူ၍ မသင့်ချေ။ သူတို့မှာလည်း ကြည်းတပ်သာ မဟုတ်၊ ရေတပ်လည်း အားကြီးလှသည်။ ညီတော်၊ သားတော်တို့ လက္ခန်းကလေးကဲ့သို့ ချီလေသည်လည်း ယခု မရောက်ကြသေး ဖြစ်သည်။ ကျွန်တော်တို့မှာလည်း ကြည်းတပ်သာ အားကြီး ချေသည်။ လှေတပ် မရှိချေသေး ဖြစ်သည်။ ယင်းသို့ ဖြစ်သောကြောင့် သစ်ဝါးခုတ်၍ တိုက်လှေ စီရင်မှ သင့်မည် ထင်သည်" ဟု၍ နားတော်လျှောက်သည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း မင်းမဟာ လျှောက်သော အရေးကို ကြိုက်တော်မူ၍ အတပ်တပ်သားတို့ကို ချောင်းတစ်ခုသို့ဝင်၍ သစ်တောကို ရှာရလေသည်။ ထိုသူတို့လည်း လက်ပံတောတစ်ခုကို တွေ့လေ၍ အကြောင်းကို လျှောက်သော်၊ နတ်ပန်ဆင်းသကဲ့သို့ တပ်တိုင် စီရင် ခန့်ရန်တော်မူ၍ သစ်ခုတ်ရလေသည်။ သစ်ရောက်လျှင် လှခွဲစေ၍ တိုက်လှေကြီးအစင်း သုံးရာ၊ လှော်ကား ကြော့လှေ နှစ်ရာ၊ နေ့ ညဉ့်မသိ လုပ်ရသည်။ ပြီးလျှင် ဟင်းသပြဒါးသုတ်ကောင်းသည့် လှေများကို သုတ်ရသည်။ ရွှေထည့်ကောင်းသော ကြော့လှေ လှော်ကားတို့ကိုလည်း ရွှေထည့်ရသည်။ ယင်းသို့ နတ်စီရင်သကဲ့သို့ စီရင်တော်မူလျှင်နှစ်ဆယ့်တစ်ရက်နှင့်ပြီးသည်။ပြီးလျှင်ရွှေလှေမှုးတို့ကို လှော်ကားကြော့လှေတို့ကို စီရင်ရသည်။ တိုက်လှေကြီးများကိုလည်း ကြည်းတပ်က သူရဲသူခက်နှင့် အမှူး အမတ်တို့ကို နုတ်ယူတော်မူ၍ တပ်မှူးစစ်ကဲ ခန့်တော်မူသည်။ ဗညားကျန်းတောကို လှေတပ်ဝန် ခန့်တော်မူသည်။ လင်းဇင်းက ခံသော လှေတပ်ကို တိုက်ရသည်။ ကြည်းတပ်ကလည်း မြင်းတစ်သောင်းငါးထောင်ခန့် လိုက်၍ မရသည်။ လင်းဇင်း သားတို့လည်း ကြုံးဝါးသံပ၍ ဗညားခွါမည်သော စစ်သူကြီး ခံနိုင်သည်ကို ရဲမက်တော် လှေသားအပေါင်းတို့ အကြောက်အရွံ့ မရှိ ရှုပ်ရှုပ်ချုံချုံ တိုက်လျှင် မြစ်ညာကပစ်သည်နှင့် လင်းဇင်းသားတို့ မခံနိုင်၍ အကုန်ပျက်လေ၏။ စစ်သူကြီး ဗညားခွါကိုလည်း သတ်ရသည်။ လူသည်း သုံးထောင်ကျော်ခန့် သေလေသည်။ တိုက်လှေ နှစ်ရာကျော်နှင့် လူနှစ်ထောင် ရတော်မူသည်။ ယင်းသို့ လှေတပ်ပျက်လျှင် လင်းဇင်းမင်းလည်း ကြောက်ရွံ့ခြင်း ပြင်းစွာ ဖြစ်သော်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း တိုက်လှေအပေါင်းတို့ကို တံတားဖွဲ့၍ မြစ်ကို ကူးတော်မူသည်။ မြစ်တစ်ဘက်သို့ ရောက်တော်မူ

လျှင် လင်းဇင်းမင်းလည်း ကြောက်ရွံ့ခြင်း ပြင်းစွာဖြစ်လေမှ မိုင်းစံဘုင် မခံဝံ့၍ အလုံးအရင်းနှင့်တကွ တောသို့ ပြေးလေ၏၊ လင်းဇင်းမင်း ပြေးလေပြီ ဟူ၍ ကြားတော်မူလျှင် မိုင်းစံသို့ ဝင်၍ နေတော်မူသည်၊ တပ်မှူး စစ်ကဲ အပေါင်းတို့လည်း အားရဝမ်းသာ ပတ်၊ စည်၊ ခရာ၊ ခြင်း၊ တီးမှုတ်၍ တက်ကြွ ပွဲသဘင် ခံကုန်သည်။

သားတော် မဟာဥပရာဇာ၊ ညီတော် ပြည်မင်း၊ အင်းဝမင်းတို့သည် လကျွန်း ကလလာက်ကြောင်း သုံးဆယ်သုံးတပ်ချီရာမှာ ဆင် မြင်း ဗိုလ်ပါ များသည်နှင့် အစားအသောက် ရှားပါး၍ တဖြည်းဖြည်း ချီရသည်။ လကျွန်းကလလာက်သို့ ရောက်လျှင် ချောင်းကြီးတစ်ခုကိုတွေ့၍ ရေတိမ်သည်၊ နက်သည်ကို စမ်းစေသော် ဆင်ကျောက်ကုန်း နစ်ရုံသာ ဖြစ်သည်။ တံတားမခွဲမူ၍ မြစ်ကာသာ ကူးကြသည်။ မြစ်တစ်ဘက်သို့ ရောက်လျှင် လကျွန်းကလလာက်တွင် ခံ၍ နေသော လင်းဇင်းမင်း အမတ် သုံးရာကျော်နှင့် စစ်သည် သုံးရာ ငါးသောင်းကျော်သည် မခံဝံ့၍ တောသို့ ပြေးလေ၏။ မဟာဥပရာဇာသည် လကျွန်းကလလာက်မြို့ကို ရတော်မူလျှင် ဗညားပရံတစ်တပ်ကို အစောင့်အနေ ခန့်ထားတော်မူခဲ့၍၊ ဆင်ဖြူ များသခင် ဘုရင့်နောင် မင်းတရားကြီးဘုရား သဘင်းစကားကို သုံးလခန့် မကြားရသည်နှင့် လင်းဇင်းမင်း မည်သည့် အရပ်ကွင်ခံ၍ နေကြောင်းကို မသိရသော ကြောင့် လကျွန်းကလလာက်ကသည်၊ မိုင်းစံသို့ စစ်မျက်နှာဖြန့်၍ ချီတော်မူသည်။ (ဗညားပရံ အကြောင်းကား၊ ယိုးဒယားသို့ ချီတော်မူစဉ်က အမျက်တော်ရှိ၍ ကျေးကျွန်နှင့်တကွ တပ်သား၊ အပေါင်းတို့ကို သိမ်းယူတော်မူသည်။ လင်းဇင်းသို့ ချီတော်မူရာဘွင်မှ ကျေးကျွန်၊ တပ်သား၊ အပေါင်းတို့ကို ပေးတော်မူပြန်၍ သားတော် မဟာဥပရာဇာနှင့်အတူ ချီပြန်ရသည်။)

ဆင်ဖြူများသခင် ဘုရင့်နောင်မင်းတရားကြီး ဘုရားလည်း မိုင်းစံကို အလိုတော် ပြည့်၍ ငါးရက်ခန့်ရှိလျှင် လူနာလူမျှား၊ ခြေလက် ကုန်သသူဘိုကို မိုင်းစံမြို့တွင် နေရသည်။ ညီတော် သောင်ငူဘုရင် မင်းခေါင် ကိုလည်း ရဲမက်တော် ငါးသောင်းခန့်နှင့် အစောင့်အနေ ခန့်တော်မူခဲ့၍ တပ်မတော်နှင့်အတူ တပ်နှစ်ဆယ်၊ လင်းဇင်းမင်း ပြေးလေရာသို့ လိုက်တော်မူသည်၊ မိုင်းစံက ချီတော်မူ၍ ဆယ်၊ ... ထိုအခါ ဇင်းမယ်မင်း သုံးစခန်းတွင် အင်းကြီးတစ်ခုကို တွေ့တော်မူသည်။ "ဘုန်းတော် ကြီးလှ အမတ်ဗညား၊ သေည်လုံ့ဤသို့ နားတော်လျှောက်သည်။ ကျွန်တော်ကို လင်းဇင်းမြို့တွင် အသိ သော ဘုရင့်မင်းတရားကြီးဘုရားသည် ... အဆောင်အရွက် သနားတော် မူရာမှာလည်း အမြင်ဟူ၍ ထားတော်မူသည်။

ကောင်းသော ယိုမှတစ်ပါးကြီးစွာသောအထောင် အခေါင်
စကျော်အထောင်တွင်ရှိသော ပိုမှတစ်ပါး ပို၍သော ကျေးရွာတော် တို့သည်၊
အဝင်အနေကို အနေအထက်မှာသည်၊ ထို၍သော ထမ်း၍ မထပ် ပါရစေ။
ပဉ္စမ်းလေးတွင်ရှိမှတ်မှတ်သော အထူးအောက်တော်ကို ထမ်း၍ ဆင်နှင့်၊ တိုက်ရေး ကျေးရွာ
တရ ရှင်ဘုရင်တော်ကို လျှောက်၍ အဆက်ကိုမှ ဆင်နှင့်ဖြစ်သော လင်းဖင်၊
တော်ကို ဆပ်ဆည်းနေသည်၊ လေးလည်း ရန်သူ့တော်ကြီးနေသော လင်းဖင်၊
မင်းသည် နေလမ်းကူသော အခွင့် ဘုန်းတော် ကြီးမြတ် ရှေ့သောကြောင့်
ဆည်းကပ်သော မင်း၏ တော်သို့ ပြေးလေသည်။ ပို့ရာတွင်မှာလာ၊ လင်းဖင်မင်း၊
ရှင်တော်မှ ဒေါသ ပြုရာသည်။ ဤသည်တွင် အရှင် အရာ တကြိမ်ပြန်
ဆည် ပုံနှိပ်ဝေရန် မှာလာသည်။ ဘုန်းတော်ကြီးသောကြောင့်၊ မင်း၏ ပါဝင်သော
သည်။ ဘုန်းကြီးသည့်အခွင့် ဘုန်းတော်ကြီးသောကြောင့်၊ ဂုဏ်ကြီးဝင်သော
သည်။ ဘုန်းကြီးသည့်အခွင့် ပြန်တော်မူသောအခါ အဓမ္မ လျှောက်ကြီး
ထိုက်မည်မဟုတ် ဟူ၍ နားတော် လျှောက်သည်။

ထင်ပြန်မှ အခင် အရှင် မင်းတရားကြီး ဘုရားသည် ဗုဒ္ဓဘာသာသည်ကို
လျှောက်သော စကားကို ကြားတော်မူလျှင် ထိုအရပ်၌ တပ်ချတော်မူ၍
ကျေးရွာတော် မရသောကြောင့် ဖောင်ပန်းအများဆွဲ၍ အမြောက်
တော့ကို ရှာစေတော် မရသောကြောင့် ထင်းသွင်းပ၍ အတွက် ရှာရလေသည်။ ထင်းအတယ်
တောရက် တင်ဆေးပြီးလျှင် ဆင်းသွင်း၍ အတွက် ရှာရလေသည်။ ထင်းအတယ်
တိုင် ကျွန်းတစ်ခု၌ ပေးကျော်၊ မိန်းမ အကြီးအငယ် သုံးထောင်ခန့် ရခဲ့၍ ဆက်
သည်။ ပင်းသို့မှ ထိုအင်းကို မှီ၍ ချီတော်မူသည်။ လေးစေခန်းခန့် ရောက်
တော်မူလျှင် အာဘော် မဟာဥပရာဇာတို့ ချီလာသည်နှင့် တွေ့တော်မူကြ
သည်။ လင်းဖင်မင်းသည်၊ ချောင်း၌ တိုက်မည်၊ တောအ ပုန်း၍ နေသည်။
အာဘော် မဟာဥပရာဇာတို့ ချီလာကြောင်းကို သိလျှင် မခံရ၊ တောသို့
ဝင်၍ ပြေးလေသည်။ မဟာ ဥပရာဇာတို့မှာလာ။ ချောင်းနားဝရိုးကို ချီတော်
မူကြ သောကြောင့် တောခြား၍ လင်းဖင်ကို မတွေ့သိုက်ရချေ။ အရှင်
မင်းတရားကြီးဘုရားသည်။ ညီတော် အာဘော် အပေါင်း၊ အရောက်ညီကြလျှင်
တစ်ပေါင်း၊ ဝါးဆယ်နှစ်တော်သားနှင့်တကွ မြေပြင်ပြည့်မှ လင်းဖင်မင်း ပြေးရာ
သို့ လိုက်တော်မူသည်။ လင်းဖင် မင်းသည်၊ အလုံအရင်းနှင့်တကွ တောသုံး
တောင်ကမ်းကို တက်သက်၍ မြို့ကျယ်သည့်အတိုင်း ပြေးလေ၏။

ထင်ပြန်မှအခင် အရှင် မင်းတရားသည်၊ စစ်မျက်နှာ ပြန်၍ လိုက်တော်
မူသည်။ မြို့ပြင်ရောလေသည်နှင့် ရုံးပါ ရွာပြည် တွေ့သည်ဖြစ်၍ မျိုး၊ ဒိုက္ခာ
ရသောကြောင့် စားရသည်။ ရုံးပါ တောသော ဖြစ်၍ မျိုး၊ ဒိုက္ခာ မရသော
ကြောင့် မှက်တော် အပေါင်းတို့သည်၊ ဝက်မှတ် ရှာပေါင်း၍ ပင်ပန်းကြီးစွာ

ရှေးသည်။ ယင်းသို့ အထိအမှန်နှင့် ထိုက်တော် မှုသည်ဟည်။ ထင်းဝင်းမင်း ရောက်တော်သည့် အရပ်ကို မင်းသားကြီး မှူး မတ်များ ရှုံ့တော်သော ထင်းမြင့်ပိုင်းပါ ရှာ၍ နေထိုင်ရာ ထိုအရပ်၌ ပေါ်ထွန်းသည့် ဘောင်ကြီး ပြောသော အရပ်၌ ရောက်တော်မူလျှင် ထင်းဝင်းမင်း ရှိနေသည်။ ဆင်ပေါင်း ရှိသည် ဟု၍ ကြားတော်သည်ကို ထင်းဝင်းမင်းကို တွေ့မြင်ရမည် မြို့ ရှိရာ ထင်းဝင်းမင်းကို အတိအကျ ထိုရပ်ကို စောင့်ရှောက်၍ အထူး ဆည်၍ မြို့။ ရှိရာ ဆုံးမှုအသည်နှင့် ရှာ၍ ထိုက်တော် ရှင်တော် အထူး ပိုတွင်းနေသည် ဟု၍ တွေ့ကြသော်။ ထင်းဝင်းမင်းသည် ဝမ်းမြောက် ဝမ်းသာ ထက်မှ၊ ထက်အောင်ကို ဆန်၍ ဤသို့ ဆိုသည်။ "ငါ့အမျိုး မင်းတရားကြီး ရောက်သောအခါ ငါတည်း ထီးဖြူမိုးဆောင်းရန် ကြောက်၍ နေသည်မဟုတ်၊ အမျက် ရှိနိုင်ငံတော် ပေးရ၊ နတ်ရွာ ပြောင်းပြန်ရာ ထိုက်မည်ဟု ကြောက်၍ နေသည်။ အတူတကွ ငါ ရောက်၍ ဖြစ်သောကြောင့် ငါ ကိုးကွယ်မည် ဟု ဆိုသော်၊ အပေါင်း ဟူသော အမိန့် ငါတို့ ခြားသော အရပ်တွင် အခြား သစ်တော် တည်၍ ကျူးကျော်သည်။ တ၍ ဆင်းရဲ၊ မြင်းရဲ၊ ထိုက်သင့် လောက စံသည်ဟု ရှိသောင်းနှင့် ပဲ၍ နေ၏။

အင်ကြွေမှုအသစ် အဝရှင် မင်းတရားကြီးတရှုံးသည်။ တောအရပ်တစ်ခုတွင် ထင်းဝင်းမင်းသည် နေသည် အကြောင်းကို ကြားတော် မူလျှင် ညီတော် သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့ကို ခေါ်၍ ငါ မိတ်တော်မူသည်။ ထပ်မှူး၊ စစ်ကဲ အပေါင်းတို့ ခေါ်ယူစေလော အမိန့်တော်ရှိသည်။ ယင်းသော ခါ ရဲမက်တော် အပေါင်းတို့သည် မြို့။ မိုးရွာကျနေ၍ တော၌ စားသောက်စ သော သစ်သီး၊ သစ်မှုန်တို့ကိုသာ စားရသည်။ နေ့တိုင်း စားသောက်စ သော သစ်သီး၊ သစ်ရွက် မရသောကြောင့် အပျိုကညာ သုံးရာ၊ လေးရာ၊ ထမင်း မစားရ၊ ပန်းမျှသာပင်၊ တောင်းဆိုကို ယူ၍ စားကုန်လျက် အရှင် အမှုတော်ကို ထမ်းကုန်သည်။ ယင်းသို့ ရဲမက်တော် အပေါင်းတို့ ပေါ်မှတ် လျက်ပင် ဖျိုတော်မူ၍၊ ထင်းဝင်းမင်းနေသည်နှင့်တစ်တိုင်ကျော်ခန့် အရပ်သို့ ရောက်တော်မူလျှင် အတပ်တပ်တွင် ပါသော တိုက်သင်းအပေါင်းတို့ကို အနီ ချည်၊ သုတ်ဖျော် စမ်းမှတ်နှုတ်ကျင်း၍ ထောင့် နေကုန်သည်။ ယင်းသောခါ "ကိုတို့သည် ညီတော်၊ သားတော် အပေါင်းတို့ကို ဤသို့ အမိန့်တော်ရှိသည်။ "ကိုတို့သည် ငါ လူပျို ရွှယ် ဖြစ်သောကြောင့် ရှေ့သို့ ပုံလယ်တွေ့မည် မျှားလေသည်။ ငါ

မှုကား၊ အသက်အရွယ် ကြီးတော်မူပြီ၊ ယခု အခါ၌သာ ငါ့ပြိုင် ဖြစ်တော့သည်။ ယင်းသို့ ဖြစ်သောကြောင့် လင်းဇင်းမင်းကို ငါ စီးချင်း တိုက်တော်မူမည်” ဟူ၍ အမိန့်တော်ရှိသည်၊ ထိုသို့ အမိန့်တော်ကို ညီတော်၊ သားတော်တို့ ကြားလျှင် ဤသို့ နားတော် လျှောက်ကုန်၏။ “ဘုန်းတော် ကြီးလှသော အဝရှင်ဘုရား— ကျွန်တော်တို့ ရှိလျက်ကို သူနှင့် ဆင်စီးချင်းယှဉ်၍ တိုက်တော်မူမည် အမိန့်တော် ရှိသည်မှာ ကျွန်တော်တို့ မျက်နှာသာပေးရာ မရှိပြီ၊ သည်အရာသည် ဘုန်းတော် ကြီးလှသော အဝရှင် အရာတော် မဟုတ်၊ ကျွန်တော်တို့ အရေးသာ ဖြစ်သည်” ဟူ၍ နားတော် လျှောက်ကုန်သည်။

ယင်းသို့မှ ညီတော်၊ သားတော် အစရှိသော တပ်မှူး၊ စစ်ကဲ အပေါင်းတို့သည် လင်းဇင်းမင်းကို ဆင်စီးချင်းတိုက်ရအောင် အားသန်လျက် နေကုန်၏။ ထိုအခါ ဗညားဒလသည် ပြည်ဘုရင်တပ်သို့ ဆင်စီး၍ သွားသည်။ ရောက်လျှင် ဤသို့ လျှောက်သည်။ ယခု ရဲမက်တော် အပေါင်းတို့သည် ထမင်းမစားရသည် သုံးရက်၊ လေးရက်ရှိ၍ မိမိတို့ လက်နက်ကိုမျှ မစွဲမကိုင်နိုင် ရှိသည်။ အချို့သော ရဲမက်တော်တို့လည်း ငတ်မွတ် ပင်ပန်းလှသောကြောင့် မိအောင် မလိုက်နိုင်၍ မရောက်ကြသေး၊ သို့ကို အလျှင် တိုက်တော်မူမည် ယခု စိရင်တော် မူသည်၊ သင့်မည်မထင်” ဟူ၍ နားတော် လျှောက်သည်။ ဗညားဒလ လျှောက်သော စကားကို ပြည်ဘုရင် သတိုးမေ့ဓာ ကြားလျှင် ဤသို့ မိန့်တော် မူသည်။ “ဗညားဒလဆိုသော စကားသည် အမှန်ဖြစ်တော့သည်။ သူများ မစားရသည်ကို ထား၍ ငါမှု စားတော်မခေါ်ရသည် တစ်နပ်ရှိပြီး ထမင်းငတ်သောကြောင့် စားတော်ချက်ကို ငွေငါးဆယ် ပေး၍ ဆန်ဝယ်စေရသည်။ ဆန်တစလယ်ကို ငွေငါးဆယ်ပေး၍ မရသောကြောင့် စားတော် ချက်တို့ကို ငါ အပြစ်တော် တင်သည်၊ ဆန်မရှိကြောင်းကို ယမန်နေ့က နင် ငါ့ကို မလျှောက်၊ မရှိကြောင်းကို သိပြီးကား၊ မဟာဥပရာဇာ၊ ညီတော် အင်းဝမင်းတို့သို့ မှာစေ၍ မတောင်း ရလေ၊ ယခု ငါ ဆင်စီးချင်း တိုက်တော်မူမည် ပြုမှ ထမင်းမစားရသည်” ဟူ၍ စားတော်ချက်ကို ကျွပ်မျက်တော် မူသည်။ ငါတို့မှ ထမင်းမစားရ ရှိသည်။ ဆင်းရဲသားတို့မှာကား၊ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း ဟူ၍ မိန့်တော်မူပြီးလျှင်၊ ဘုရင်သိဒ္ဓိ ဟူသော အမတ်တစ်ယောက်ကို ဗညားဒလနှင့်အတူ ထည့်လိုက်၍ အဝရှင်ဘုရား တပ်တော်သို့ သွားလေသည်။

ဆင်ပြွမ်းမျှားသခင် အဝရှင် မင်းတရားလည်း ဗညားဒလ လာသည်ကို မြင်တော်မူလျှင် အပါးတော်သို့ ခေါ်တော်မူ၍၊ “ယခု ငါ တိုက်တော်မူမည်ကို

ပသို့ ထင်သနည်း"ဟူ၍ မေးတော်မူသည်။ ဗညားဒလလည်း သုံးကြိမ် ဦးချ၍ ဤသို့ နားတော်လျှောက်သည်။ "လင်းဇင်းမင်း ဤအရပ်၌ တပ်တောင်တာ တည်၍ နေခြင်းသည်ကား၊ အကြောင်းသုံးပါးနှင့် ပြည့်စုံလေသည်။ ဘုန်းတော်ကြီးလှသောဘဝရှင်ဘုရား ဤအရပ်၌နေတော်မူခြင်းသည်ကား၊ တစ်ပါးသော အကြောင်းကိုမျှ ကျွန်တော်မမြင်ဟူ၍ နားတော်လျှောက်သည်ကို၊ လင်းဇင်းမင်းနေခြင်း၌ အကြောင်းသုံးပါးဟူသည် အဘယ်နည်းဟူ၍ မေးတော်မူသည်။ ဗညားဒလလည်း ဤ သို့ နား တော် လျှောက် သည်။ (၁) လင်း ဇင်း မင်း သည် အရပ်၌ တပ်နိုင် တပ်လုံ တည်၍ နေခြင်းသည်ကား၊ ဘုန်းတော်ကြီး လှသော ဘဝရှင်ဘုရား ချီတော်မူက ရဲမက်တော် အပေါင်းတို့သည် ကောင်း ကင်၌ ပြည့်သော ဆီးနှင်းပေါက်ကဲ့သို့ အလွန် များလှသည်။ ဆီးနှင်းပေါက်ကို နေရောင်ရောက်သည်ရှိသော် လွင့်ပျောက်သကဲ့သို့ ဆင်းမြင်းဗိုလ်ပါ ယိုတွင်း လေပြီးသည် ဟူ၍ အမှတ်ရှိရလေသည်လည်း၊ အကြောင်းတစ်ပါးဖြစ်သည်။ (၂) လင်းဇင်းမင်းသည် သူ့မြို့ သူ့ရွာ ဖြစ်သောကြောင့် မျိုး၊ ရိက္ခာ များစွာ သိုမှီးရလေသည်လည်း၊ အကြောင်းတစ်ပါးဖြစ်သည်။ (၃) တို့ရွာ တို့ပြည်ကို နှမ်းနယ်သကဲ့သို့ အကြိမ်ကြိမ် တိုက်လဲ ဖျက်ဆီးလေသည် များပြီ၊ ယခု ငတ်မွတ်၊ ဖျားနာ ရှိသည့်အခိုက် အသက်ကို စွန့်၍ တိုက်တော့မည်ဟု အားသန်လျက် ရှိနေခြင်းသည် အကြောင်းတစ်ပါးဖြစ်သည်။ ဤအကြောင်း သုံးပါးနှင့်ပြည့်စုံလေသည်။ ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရားနေတော်မူ ခြင်း၌ အကြောင်းတစ်ပါးမျှ မထင်လျှောက်ရာမှာ တိုင်းကြီးပြည်ကြီးအပေါင်း ထီးဆောင်းမင်း တကာတို့၏ အရှင် ဖြစ်တော် မူသည်။ လင်းဇင်းမင်းနှင့် ဆင်တိုက်ပက် ပြုတော်မူမည် အမိန့်တော်ရှိရာမှာ လင်းဇင်းမင်းရှုံး၍ အသက် သေသော်လည်း သေသင့်သည်။ ပြည်တောင်ဖက်ချင်းမင်းတို့ ကြားလေသော် လည်း လင်းဇင်းမင်း တန်းခိုးကို ပံ့သကဲ့သို့ ရှိရာသည်။ ထိုအကြောင်းများကို မြင်၍ ရှိခိုး နားတော် လျှောက်ဝံ့သည်။ ယခုလည်း မိုးချုပ်လေပြီ၊ ယနေ့ သည်တွင် တပ်ချတော်မူ၍ မိုးသောက်မှ စစ်အင်ကိုကြည့်၍ လုပ်ကြံရမှ သင့်မည် ထင်သည်"ဟူ၍ နားတော် လျှောက်သည်။

—ညီတော် သတိုးမေ့ဃာဇလည်း ဆင်မှုစီး၍ တပ်တော်သို့ လာသည်။ ရောက်လျှင် ဤသို့ နားတော် လျှောက်သည်။ "လင်းဇင်းမင်းသည် အရပ်တွင် မိုးသောက်အောင် နေလျှင် ရအောင်ဖမ်း၍ ကျွန်တော် ဆက်ပါမည်"ဟူ၍ နားတော် လျှောက်သည်။ ဆင်မြင်းများသခင် ဘဝရှင် မင်းတရားကြီး ဘုရား

လည်း၊ ညီတော် ပြည်ဘုရင်နှင့် ဗညားဒလလျှောက်သော အရေးကို ကြိုက်တော်မူ၍၊ ထိုနေ့ တပ်ချ၍ နေတော်မူသည်။ တပ်ချသည်ကို သားတော် မဟာဥပရာဇာ မြင်လျှင် ဆင်မနှင့် လာ၍ ဤသို့ နားတော် လျှောက်သည်။ "လင်းဇင်းမင်းကို ယနေ့ တိုက်ရမှ ရတော်မူမည်။ မိုးသောက်မှ တိုက်မည် အကြံတော်ရှိလျှင် ညဉ့်ကို ပြေးလေတော့မည်" ဟူ၍ လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း၊ "လင်းဇင်းမင်း ပြေးလေသည်ကို အမောင် အလိုမရှိသလော" ဟူ၍ အမိန့်တော်ရှိသည်။ မဟာဥပရာဇာလည်း၊ အမှူးအမတ်တို့ကို အလျှောက် ဤသို့ မိန့်တော်မူသည်။ "ရှင်ဘုရင်စိတ်တော်နှင့် ငါ့စိတ်တော် မတူ၊ ယိုးဒယားသို့ ချိတက ရောက်လျှင် မြို့ကို ရှုပ်ရှပ်ချုံချုံ တက်ရသည်ရှိသော် အလျင် တောင်မြင်၍ လူသူ အသေအပျောက် အပယ်ငြင်းအယို နည်းလိမ့်မည် ထင်သည်။ ယင်းသို့ မလုပ် မကြံရ၊ မြေတောင်ကိုသာ အားပြုသောကြောင့် အလုပ် အကြံ ရှည်ကြာ၍ ဆင်မြင်းဗိုလ်ပါ အပယ်ငြင်းအယို များလှလေသည်။ ယခုလည်း လင်းဇင်းမင်း ကျေးသို့ ရောက်လျှင် လင်းဇင်းကို ဘယ်နှံ့ တွေ့ရပါမည် ဟူ၍ ဆုတောင်း ပတ္တနာပြုသည်။ ယခုတွေ့လျှင် တိုက်ရပါမည်ကို မတိုက်ပဲ တပ်ချ၍ နေတော်မူပြန်သည်။ လင်းဇင်းမင်း ပြေးပြန်လေသော် ရအောင်လိုက်လေ ဟူ၍ တပ်မှူး၊ စစ်ကဲ၊ သူရဲ၊ သူခက်တို့ကို အပန်းရှာတော့မည် မချွတ်ပြီ" ဟူ၍ မသက်မသာသော စကားကို မိန့်တော် မူသည်။ ယင်းသောခါ တင်မဲ့တော်တွင် လက်ရွေးရှမ်း တစ်ယောက်သည် သုံးရက်တိုင်အောင် ထမင်းမစားရသောကြောင့် သက်ကယ် ချောင်းကို နုတ်၍ စားသည်ကို မြင်တော်မူ၍ မေးတော်မူသော်၊ သုံးရက်တိုင်တိုင် ထမင်းမစားရသောကြောင့် သက်ကယ်ချောင်းကို စားသည် ဟူ၍ နားတော် လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း တိုက်စိုး၌ ရှိသော ထမင်းခြောက်မှုန့်ကိုယူစေ၍ ဝင်းတော် လေးမျက်နှာသားနှင့် မှူးတော်၊ မတ်တော် အပေါင်းတို့ကို အစေ့အငှ ပေးစေတော်မူသည်။ ဆင်စာ၊ မြင်းစာ တို့ကိုလည်း ဝအောင်ရှာ၍ ကျွေးရသည်။ ။လင်းဇင်းမင်းလည်း ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားသည် တပ်ချ၍ နေတော်မူသောအဖြစ်ကို သိသောကြောင့် မိုးသောက်လျှင် တိုက်မည် အစီ အရင်ကို ကြုံးဝါးသံပ၍ နေလေ၏။

ထိုအခါ ပညားသော်ဦးဟူသော ဗမဟံသည်၊ သူ့အရှင် လင်းဇင်းမင်းကို ဤသို့ လျှောက်သည်။ "ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရား ချီတော်မူလာသည့် စစ်သည် အပေါင်းကား၊ ငါးသိန်း ငါးသောင်း၊ တိုက်ဆင်

အပေါင်းကား— ငါးတောင့် သုံးရာ၊ မြင်း အပေါင်း ကား— ငါးဆောင်၊ သုံးထောင်ပါသည်ကို ကျွန်တော်တို့မှာ တိုက်ဆင် လေးရာ၊ ဗိုလ်ရှစ်ထောင်၊ ခန့်နှင့်သာ သူ့ကို ရန်ပြုချေသော် ကျွန်တော်တို့က တစ်ယောက်အလေအခဲ့ သူ တပ်မှူး စစ်ကဲအပေါင်းတို့သည်၊ အသက် အသေခံ၍ တိုက်မည် သူချည်း ဖြစ်သည်။ သို့ကို တိုက်တော်မူမည် ဟူ၍ စီရင်တော် မူသည်၊ မသင့်ချေ" ဟူ၍ လျှောက်လေ၏။ ဘုရားသော် လျှောက်သောစကားကို လင်းဇင်းမင်းကြားလျှင် ဤသို့ မိန့်တော်မူသည်။ "ဆင်မြင်းများသော် မင်းတရား စစ်သည် သူရဲကား များသည်မှန်၏။ များနှာ ငတ်မွတ်၍ ယှဉ်းယိုသည်လည်း များလု ခြေလက်ကုန်၍ ငတ်မွတ် ပင်ပန်းသည် အခိုက်၊ တိုက်ရသည်ဖြစ်မှ အောင်မည်" ဟု မိန့်တော်မူသည်။

ထိုစကားကို ဗညားသော် ကြားလျှင် ဤသို့ နားတော် လျှောက်ပြန်သည်။ "သူတို့ကို ငတ်မွတ် ဖျားနာသည်ဟူ၍ အမိန့်တော် ရှိရာမှာ သူတို့က ဆင်စီး သူ့ရဲ အပေါင်းတို့သည်၊ ထမင်းမစားရပဲ ရှိရာသည်လော၊ ငါတို့အခင်မင်းသည် သူ့စကားကို ယုံလွယ်ချေသောကြောင့် ရှေးအခါ မဟာဥပရာဇာတို့ ချီလာ၍ နေခြင်းဟံသို့ ရောက်လာရာတွင် ဗညားနန်း စကားကို ယုံကြည်၍ ခံချေ သောကြောင့် ဗညားနန်းလည်းသုံး၊ သည်လုံ ရာဇဝတ်သည်းသုံး၊ ငါတို့ အခင် လည်း ပင်ပန်းချေသည်။ ထိုမှတစ်ပါးလည်း ပီအာစလောက်တွင် ဆင်မြို့ အခင် အမတ် ဗညားသုံးပါး ခံ၍ နေသည်ကို ယိုးယားမင်းနှင့် ငါတို့အခင် မင်း ကေရာဇ် နှစ်ပါး၊ သွား၍ လုပ်ကြံလသည်။ အမတ် သုံးပါးတို့မျှ မနိုင်ချေ။ အလွန်ပင်ပန်းကြချေသည်။ ယိုးယားအမတ်ဖြူသုံးစကားကို ယုံကြည်တော် မူချေသောကြောင့် ဆင်သခောတွင် ဆင်မြင်းတိုလိုပါ အများ ဆုံးရှုံးချေသည်။ ယခုလည်း ဖမ်း၍ရသော သူ့ကျွန် စကားကိုနာ၍ သူ့ကိုတိုက်မည် အကြံတော် ရှိသည်။ စိတ်တော်က ရှိသည် အတိုင်း ဖြစ်နိုင်သော်ကား ကောင်း၏။ မဖြစ် သည်ရှိသော် အရေးတော် မသက် ချေပြီလော။ ယင်းသို့ ဖြစ်သောကြောင့် ကျွန်တော်တို့ အရပ်လည်း မြေမြို့ကျယ်သည်။ အနိုက်အတန့်ကို ရှောင်ရှား၍ နေတော်မူသည် ရှိသော်၊ ကျွန်တော်တို့မြို့ကို ဖျားမှု၍ လိုပ်ယူနိုင်မည်လော။ သူ ပြန်လေက ကြံကြိုက်ရာ မကြံရလော။ ရှေးမင်း တကာတို့ သည်လည်း ရန်သူရောက်လာသော ဥပါယ်သလေပါးနှင့် ကြံကြကုန်သည်" ဟူ၍ လျှောက် သည်။ လင်းဇင်းမင်းလည်း ထိုစကားကို ကြားလျှင် ခံ၍ တိုက်သော်လည်း မအောင်နိုင်ရာ အယူရှိ၏။ ထိုညဥ့်တွင်ပင် တပ်ကို နုတ်၍ ပြေးလေ၏။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း လင်းဇင်းမင်း ပြေးလေ
သည် အကြောင်းကို ကြားတော်မူလျှင် လင်းဇင်းမင်း တပ်တွင်ရှိသော စပါး
ဆန်ရေ စားကောင်း သောက်ဘွယ် တို့ကို ရဲမက်တော် အပေါင်းတို့အား
ဝေငှတော်မူ၍ ဝပြောစွာ ဖြစ်ကုန်သည်။ ယင်းသို့မှ ညီတော်၊ မှူးတော်၊ မတ်တော်
အပေါင်းတို့ကို ခေါ်တော်မူ၍ ယခု လင်းဇင်းမင်း ဖြစ်စစ်သည် ခံ၍ တိုက်မည်
အဟန်နှင့် ခံ၍ကား မတိုက်၊ ထွက်၍ ပြေးလေသည်ကို ဘယ်သို့ ထင်သနည်းဟု
မေးတော်မူသည်။ ယင်းသောခါ မဟာဥပရာဇာ လျှောက်သည်ကား၊ "လင်းဇင်း
မင်းကို ညဦးက စစ်ဦးဘီလူးပေါ် တိုက်ရသည် ရှိသော် ဆင်မြင်း ဗိုလ်ပါနှင့်
တကွ သိမ်းယူ ရလိမ့်မည်ကို မိုးသောက်မှ တိုက်သင့်သည်ဟူ၍ လျှောက်ကြ
သောကြောင့် တပ်ချ၍ နေပြန်ရာတွင်၊ လင်းဇင်းမင်း ပြေးထွက်ခွင့် ရခလ
သည်။ ယခုမှ လိုက်သော်လည်း တွေ့နိုင်မည် မဟုတ်ပြီ၊ ယခုသည်း မိုးလေ
ကျတော့မည် နီးပြီ၊ ဆင်မြင်း ဗိုလ်ပါလည်း ညှိုးလှသည်။ သည်တစ်ကြိမ်ကို
ပြန်တော်မူ၍ ဆင်မြင်းဗိုလ်ပါ ဖြည့်တင်းတော်မူ၍ ရွှေမိုးဖဲလင်းပွင့်ကိုမှ ချီတော်
မူလျှင် လင်းဇင်းမင်းကို ရတော်မူမည်" ဟူ၍နားတော် လျှောက်သည်။ မဟာ
ဥပရာဇာ လျှောက်သော စကားကို ပြည်ဘုရင် သတိုးဓမ္မရာဇာ ကြားတော်
မူလျှင် ဤသို့ နားတော် လျှောက်ပြန်သည်။ "လင်းဇင်းမင်းသည်၊ ကျွန်တော်
တို့နှင့် တွေ့သမျှပင် မည်သည့်ကာလဘွင်မျှ မဘျက် မစီး မရှိ၊ ပျက်စီး၍ ဆင်
မြင်း ဗိုလ်ပါဆုံးရှုံး။ ယင်းယိုသည်လည်း များလှလေပြီ၊ သို့သောကြောင့် ဆင်မြင်း
ယုတ်၍ မတိုက်ဝံ့၊ တောအုံ၊ တောင်ကမ်း ကျယ်သည် အတိုင်း ရှောင်လွှဲပုန်းကွယ်၍
နေတော့မည် အကြံရှိ၍ ပြေးလေသည်။ သည်တစ်ကြိမ်ကို ပြန်တော်မူ၍ လင်းဇင်း
မြို့သို့ အချိန်၊ အနေကို ချောင်း၍ တိုက်လံရသည် ဖြစ်မှ ရတော်မူမည်" ဟူ၍
လျှောက်လျှင်၊ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဆင်
မြင်း ဗိုလ်ပါ ပင်ပန်းညှိုးနွမ်းသည်နှင့် တန့်ခူးလ ပြန်တော် မူသည်။ မိုင်းစံသို့
ရောက်တော် မူလျှင် ဗညားပရံလည်း နာ၍ လွန်လေသည်။ ကောင်းမှုစွာ
အဆောင် အယောင် ကျင်းပ၍ သဂြိုဟ်တော်မူပြီးလျှင်၊ အသက် ဗညားလောကို
အမျက်တော် ထွက်၍ တပ်သားတို့ကို ရုပ်ယူတော်မူသည်။ အမျက်တော် ပြေ၍
ပေးမြဲသော အဆောင် အယောင်နှင့် တကွ တပ်သားများကို ပေးတော်မူပြန်
သည်။ ဗညားပရံ သားကိုလည်း ဗညားစက် ဟူသော အမည်နှင့် အဖတပ်သား
များကို ပေးတော်မူပြန်သည်။ ယင်းသို့မှ မိုင်းစံက ပြန်တော်မူ၍ နယုန်လ
ပိသာလောက်သို့ ရောက်တော်မူသည်။ ပိသာလောက်မြို့တွင် ငါးရက် နေတော်
မူ၍ ယိုးဒယား ကျေးလက်၊ မြို့ရွာ အပေါင်းတို့ကို စီရင် ခန့်ရန်တော်မူ၍

ငင်း နယုန်လဆန်း ခုနစ်ရက်၊ ပိဿာလောက်က မြန်တော်မူသည်၊ ဝန်မြို့သို့ ရောက်တော်မူလျှင် ဘီလူးတို့ လုပ်သော ဆံတော် ဘုရားမြတ်စွာတွင် စေတဝန် ရွှေကျောင်း၊ ကျောင်းရံ နှစ်ဆယ်နှင့်တကွ ဆောက်စေ အမိန့်တော် ရှိခဲ့၍ ပြန်တော်မူသည်။

သက္ကရာဇ် ၉၃၂-ခု၊ ဝါဆိုလဆန်း ဆယ်ရက်၊ စနေနေ့၊ ဟံသာဝတီ ရွှေနန်းတော်သို့ ရောက်တော်မူသည်၊ ဝါခေါင်လဆန်း လေးရက်၊ ဗုဒ္ဓဟူးနေ့၊ ကသည်းစော်ဘွားဟုံက သမီးငယ်ကို သားကို စေ၍ ခြေရင်းတော်သို့ လက်ဆောင်တော်အများနှင့် ဆက်လာရသည်။ ယိုးဒယားသို့ ချီတော်မူသည်။ နောက်နန်းတော်ကို ဖျက်၍ ထားသောသစ်ကို သပိတ်တော်ရွှေ ဘုရား ထားစရာ ရွှေဇရပ်ဆောက်စေ၍ မြေကိုမြင့်အောင် ဖို့ရသည်။ ။ဝါခေါင် လပြည့်ကျော် ကိုးရက်၊ တနင်္လာနေ့၊ ကိုယ်လေးတော် ငွေသုံးဆယ့်ငါးပိဿာ အကျပ် သုံးဆယ်ကို ကောင်းမှုတော် မဟာစေတီမှာ ရွှေမပြည့်သည်ကို ထည့်လှူ ရွှေဖိုးလှူသည်။ ။သီတင်းကျွတ် လပြည့်ကျော် နှစ်ရက်၊ ဗုဒ္ဓဟူးနေ့၊ ရွှေမော်ဓော ဘုရားမြတ်စွာ ပြိုပျက်သည်ကို လုပ်စေ၊ ပြုရသည်။ ယင်းသည့်နေ့ပင် ကျိုက်ကိုးမြတ်စွာ ဘုရားပြိုပျက်သည်ကို ဥပနာတော်မူသည်။ ။ယင်းသည့်နေ့ပင် ရွှေဘုရားကြီး မိုးကြိုးဘုရားကြီး၊ ငွေ ဘုရားကြီး၊ ပဒ္မလောဟာ ဘုရားကြီး သည်ဘုရားကြီး လေးဆူတို့ကိုတစ်နေ့တစ်ခါ ကြည်းသွန်းလုပ်တော်မူသည်။ ။နတ်တော် လပြည့်ကျော် သုံးရက်၊ တနင်္လာနေ့၊ ရွှေလှုတ်တော် ဆောက်တော်မူသည်။ ။တပို့တွဲ လဆန်းတစ်ရက်၊ ဗုဒ္ဓဟူးနေ့၊ လွှတ်တော်ကိုတက်တော်မူသည်။ ။ငင်းတပို့တွဲ လပြည့်ကျော် နှစ်ရက်၊ ကြာသပတေးနေ့၊ ရွှေဘုရားကြီး အချိန် ငါးရာသုံးဆယ်ကို သွန်းပြီးလျှင် မကိုဋ်တော်မှ စ၍ သင်္ကန်းဒုကုဋ်တော်ကို ပတ္တမြား စီတော်မူသည်။ နန်းတက်တော်မူသော ခါ ဆောင်းတော်မူသော အဖိုး အတိုင်း မသိ ထိုက်သော မကိုဋ်တော်၊ ပန်တော်မူသော ပတ္တမြားကုံး၊ ဝတ်တော်မူသော ပတ္တမြားစိန်၊ မြဖြင့်ပြီးသော လက်ကောက်၊ လက်စွပ်တို့ကို ဖျက်၍ စီတော်မူသည်။ ။အတုလသီရိ မဟာရာဇဒေဝီ ရှင်မိဖုရားကြီး စားတော်ခေါ်သည့် ပတ္တမြားခွက် အုပ်ကိုလည်း ဖျက်၍ စီတော်မူသည်။ သားတော်၊ သမီးတော်၊ ကိုယ်လုပ် မောင်းမတို့ ဆင်ဝတ်သော တန်ဆာကိုလည်း ခြယ်လှယ် စီမံတော်မူသည်။

သက္ကရာဇ် ၉၃၃-ခု၊ နယုန် လဆန်း ခုနစ် ရက်၊ စနေနေ့၊ စန္ဒာဒေဝီ ရှင်မိဖုရားတွင် မြင်သော သမီးတော် မင်းခင်စောနှင့် ညီတော် တောင်ငူ ဘုရင်

မင်းခေါင် သားတော် မင်းရဲကျော်ထင်နှင့် နန်းတွင်းတွင် စုံဖက်တော်မူသည်။ (လက်ထပ် အစီရင်ကို ကျယ်မည်စိုး၍ မဆိုသည်။) ၀၁ဆိုလဆန်း ခုနစ် ရက်၊ ဝနေ့၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ-ဘုရားရှင် ရုပ်တုတော် လေးဆူတို့ကို ရွှေဇရပ်သို့ သွင်းတော်မူသည်။ ယိုးဒယားက ပင့်ခဲ့သော ရွှေဆင်းတု၊ ငွေဆင်းတု၊ ပဉ္စလောဟာဆင်းတုတို့ကိုလည်း ကောင်းမှုတော် ရွှေဇရပ် ဝန်းကျင် သိတင်းသုံးနေတော်မူရသည်။ ထိုနေ့၌ သမိန်အဲပရဲ ဟူသော အမတ်ကို ဗညားပရံ ဟူသော အမည်နှင့် လွှန်လေသည့် ဗညားပရံ တပ်သားတို့ကို ဗညား ၏ လက်မှာ နှတ်၍ ပေးတော်မူသည်။ ။၀၊ခေါင် လဆန်း ငါး ရက်နေ့၊ တရဖျားတစ်တပ်၊ သမိန်သံကျယ်တစ်တပ်၊ သမိန်သံလိုက်တစ်တပ်၊ အဲပရဲ တစ်တပ်၊ သည်လေးတပ်ကိုတိုက်ဆင်သုံးရာ၊ မြင်းလေးထောင်၊ စစ်သည်သူရဲလေး သောင်းနှင့် အင်းတယော်စား သောင်းကျန်း ပုန်ကန်ရာသို့ ချီရသည်။ အင်းတယော်သို့ ရောက်လျှင် စော်ဘွားနှင့်တကွတစ်မြို့လုံးအတိုက် အလံ မခံဝံ့၊ တော သို့ ပြေးလေ၏။ လိုက်လံရှာဖွေလျှင် သစ္စာတော်ကို မသွေမလွန် အမှုတော်ကို ထမ်းပါတော့မည်၊ လျှောက်လာ၍ အရေးတော်ပြီးလျှင် ပြန်ကြရသည်။ ၎င်း သက္ကရာဇ်တွင် မိုးကောင်း၊ မိုးညှင်း စော်ဘွားတို့နှင့်တကွ မိုင်းကျိုင်းစား၊ အော်စား၊ကရားစား၊ မိုင်းညောင်းစား၊ ဝန်းသိုစား၊ မိုးစစ်စားတို့သည်တစ်ချက် တည်း တိုင်ပင်၍ သောင်းကျန်း ပုန်ကန်လေသည်။ထို အကြောင်းကို မြေဒူးစား၊ ရေနံစားတို့က လျှောက်လာ၍ ကြားတော်မူလျှင် မဟာဥပရာဇာ အစရှိသော မှူးတော်၊ မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ “မိုးကောင်းစော်ဘွား၊ မိုးညှင်း စော်ဘွားငယ်တို့သည် ငါ သူကောင်းပြုတော် မူ၍ သူကောင်းပြုပြီးလျှင် ငါ၏ကျေးဇူးတော်၊ သစ္စာတော်နှစ်ပါးကို သွေဖည်၍ ကျင့်သည်။ သင်းတို့ ပျက်စီးလို၍ ပြုကျင့်မိလေသည် ဖြစ်တော့မည်”ဟူ၍အမိန့် တော်ရှိသည်။

ထိုအမိန့်တော်ကို ကြားလျှင် ဗညားဒလ ဦးချ၍ ဤသို့ နားတော် လျှောက် သည်။ မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွားတို့သည် ဘုန်းတော် ကြီးလှသော ဘဝရှင်ဘုရား ကျေးဇူးတော်၊ သစ္စာတော် နှစ်ပါးကို သွေဖည်၍ ကျင့်သည် အရာမှာ ကောသရာဇာ ခြသေ့်မင်းရှေ ယုန်၊ ဒရယ်တို့သည် သန်း၍ သွားလေ သကဲ့သို့ ကြံမှားလေသည်သာ ဖြစ်တော့သည်။ ရွှေဖဝါးတော် အောက်က ချီစေသော်လည်း အတိုက် အလံ ခံဝံ့မည် မဟုတ်၊ တောအုံ၊ တောင်ကမ်းသို့ ပြေးလေတော့မည်။ ယင်းသို့ ဖြစ်သောကြောင့် ညီတော်၊ သားတော်တို့ကိုသာ

ချီစေသင့်သည်"ဟု၍ နားတော် လျှောက်သည်။ ဆင်ဖြူများသခင် တဝရှင် မင်းတရားကြီးဘုရားလည်း မိုးညှင်း၊ မိုးကောင်းသို့ ချီတော်မူပည့်ကို ခန့်ရန် တော် မူသည်။

လှေတပ်မှာ သာယာဝတီစားတစ်တပ်၊ မြေထဲစားတစ်တပ်၊ စကုစားတစ်တပ်၊ စလင်းစားတစ်တပ်၊ ပန်းဝယ်စားတစ်တပ်၊ စလေစားတစ်တပ်၊ ပုဂံစားတစ်တပ်၊ တလုပ်စားတစ်တပ်၊ ပန်းကြီးစားတစ်တပ်၊ အမြင့်စားတစ်တပ်၊ ဗျံစားတစ်တပ်၊ ကန္နီစားတစ်တပ်၊ စဥ့်ကူစားတစ်တပ်၊ တကောင်းစားတစ်တပ်၊ ညီတော်မြည်တုရင် သတိုးမေ့ရာဇာကို ဗိုလ်ချုပ်ခန့်တော်မူသည်။ သည်တစ်ဆယ့်ငါးတပ်တွင် ပါသည့် ကတ္တူလှေနှံကြင် ကုရှပ်ရဲလှေ တစ်ထောင်တစ်ရာ လှေ သုံးရာ၊ စစ်သည် သူရဲ တစ်သိန်းနှစ်သောင်းနှင့် ရေကြောင်း ချီရသည်။ ကြည်းကြောင်းမှာ— သမိန့်ဖြတ်စ တစ်တပ်၊ နန္ဒသူရိယ တစ်တပ်၊ အမိန့်ယိုကရတ် တစ်တပ်၊ နန္ဒယောဓ တစ်တပ်၊ သီရိမေ့ရတ် တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ ပညာသပုံ တစ်တပ်၊ နန္ဒသင်္ကြံ တစ်တပ်၊ နေမျိုးကျော်ထင် တစ်တပ်၊ သားတော် မဟာဥပရာဇာကို တပ်မပြု၍ချီရသည်။ သည်ဆယ်တပ်တွင်ပါသည့် တိုက်ဆင်တစ်ထောင့်ငါးရာ၊ မြင်းတစ်သောင်းတစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ကြည်းကြောင်းချီရသည်။ မိုးထား၊ လက်ပံသို့ရောက်လျှင် လှေတပ်ကသည်၊ ကြည်းတပ်မှ၍ မိုးညှင်းသို့တက်သည်။ မဟာဥပရာဇာတို့သည် ဝန်းသိုကိုချီ၍ သတိုးမေ့ရာဇာတို့နှင့် မိုင်းသာတွင်ဆုံမိကြလျှင် မိုးညှင်းသို့ ချီတော်မူကြသည်။ မိုးညှင်းစော်ဘွား၊ မိုးကောင်း စော်ဘွားတို့လည်း ဟံသာဝတီက ရေကြောင်း ချီလာသည်။ ဆင်အား များလှသည် ဟူ၍ ကြားလျှင် မြို့တွင်းက မခံဝံ့၍၊ တောင်ကမ်းကြီးရာ တောအုံနက်ရာသို့ ပြေး၍ နေလေသည်။ မဟာဥပရာဇာ၊ သတိုးမေ့ရာဇာတို့ ရောက်၍ မိုးညှင်းစော်ဘွား မြို့က ထွက်ပြေးကြောင်းကို သိတော်မူလျှင် နန္ဒသူရိယတပ်ကို မိုးညှင်းမြို့တွင် အစောင့်အနေ ခန့်တော်မူ၍ မိုးကောင်းသို့ ချီတော်မူကြသည်။ ရောက်၍ မိုးကောင်းစော်ဘွားတို့ ပြေးထွက်ကြသော အကြောင်းကို သိတော်မူလျှင် သမိန့်ဖြတ်စတစ်တပ်၊ မိုးကောင်းမြို့တွင် အစောင့် အနေ ခန့်တော်မူပြီး၍ စော်ဘွားနှစ်ဦး ပြေးလေရာသို့ လိုက်တော်မူကြ၏။ လေးလ ငါးလခန့် ရှာဖွေစေသော်လည်း စော်ဘွားနှစ်ဦးတို့ နေသည်ကို အထပ် မသိ သောကြောင့် မရချေ။ ထိုအကြောင်းကို လျှောက်စေသော် မိုးလနီးသည်နှင့် အစားအသောက် ဆုံးရှုံးသောကြောင့် ခေါ်တော်မူသည်။ မဟာဥပရာဇာ တို့လည်း၊ ရတော်မူသည့် ဆင်မြင်း လူသူတို့ကို သိမ်းယူတော်မူ၍ ပြန်တော်

မူရသည်။ ယင်းသို့ ပြသိုသာ ကန်းတစ်ဆယ့်နှစ်ရက်၊ဗုဒ္ဓဟူးနေ့ကျွိ ဘ်ကိုး ဘုရား မြတ်စွာကို သပိတ်မှောက်တွင် မေ့တော်၊ မောတ်တော်၊ ချိုဂ်တုတော်၊ ဆင်းတုတော် တို့ကို ဌာပနာတော်မူသည်။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင်၊ ရွှေတွင်း၊ ငွေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းတွင်း စသော ရတနာအပေါင်းတို့၏ အရှင်၊ စတုက္ခ ရတနာပူရ မြို့တည် နန်းတည် ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများသခင်၊ အလျှင် ဘဝရှင် မင်းတရားကြီးဘုရား လက်ထက်တော် ၁၁၉၁-ခု၊ နယုန် လဆန်းတစ်ရက်နေ့ကစ၍၊ ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့် အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး နန်းမစန္ဒ္ဒ နှိုင်းညှိ၍ အသင့်ယုတ္တိ ကျမ်းဂန် အဘိုးများနှင့်အညီ သုတ်သင် စီရင်တော်မူသော မဟာ ရာဇဝင်တော်ကြီး စုဒ္ဒသမံတွဲ ပြီး၏။

မှန်နန်း မဟာ ရာဇဝင်တော်ကြီး (၁၄-တွဲ) ဤတွင် ပြီးပြီ။

---

သာသနာတော် ၂၄၂၈- ကောဇာသက္ကရာဇ် ၁၂၄၆-ခု၊ ကဆုန် လဆန်း ၁၄-ရက်၊ ကြာသပတေးနေ့၊ အင်းဝမြို့ ပထမမင်းဝေါင် လက်ထက်က ဟံသာဝတီ ဆင်ဖြူရှင် မင်းတရားကြီး လက်ထက်တိုင် မင်းစဉ် မင်းဆက် အတ္ထုပ္ပတ္တိတို့ကို ပြဆိုသော—

မှန်နန်းမဟာ ရာဇဝင်တော်ကြီး ဒုတိယတွဲကို ရတနာပုံ နေပြည်တော် နန်းမြို့တော်ကြီးအတွင်း၊ ရွှေလှုတ်တော်ရှေ့ စာပုံနှိပ်စက် ရုံတော်တွင် စက်တင် ပုံနှိပ်သည်ကို ထပ်မံ ပြင်ဆင်၍ ၁၃၁၉-ခုနှစ်၊ မိတ္ထီလာမြို့ မိဘဂုဏ် ပိဋကတ်စာပုံနှိပ်တိုက်တွင် ပုံနှိပ်ခဲ့သော စာမူကို ရန်ကုန်မြို့ ပြည်ကြီးမဏ္ဍိုင် ပိဋကတ် ပုံနှိပ်တိုက်မှ ပါဠိဆရာ အဖွဲ့က ထပ်မံ ပြင်ဆင် တည်းဖြတ်၍ ၁၃၂၉-ခုနှစ်တွင် ကောင်းမွန် သေသပ်စွာ စက်ဘင် ပုံနှိပ်ပါသတည်း။

